
မြန်မာ့ စွယ်စုံကျမ်း

ဒုတိယတွဲ



၁၉၉၀



ဝဗဝင
ဂူဃိုဋ်ကုံး
ဒုယိဓံဂ်ကဒိ
ဇံကန်ဂ်

၁၅၂၈

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၉၀ ပြည့်နှစ်၊ အုပ်ရေ ၁၀,၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးဿန်က
(မှတ်ပုံတင်အမှတ် ၀၂၀၁၉) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍
(မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် မရပ်မနား ပြောင်းလဲလျှောနေလေသည်။ ၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၈၉ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၈၈ ခုနှစ်က ပဋိပက္ခဖြစ်ခဲ့ကြရာမှ ၁၉၈၉ ခုနှစ်တွင် ငြိမ်းချမ်းရေးသို့ ရွေးရွှေ့လာကြသည့် နိုင်ငံများလည်းရှိသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစ အခါနှိမ့်စ၍ အရှိန်မြင့်လာခဲ့သော စစ်အေးတိုက်ပွဲသည် ပင်လျှင် သမိုင်းအလှည့်အပြောင်းတစ်ရပ်သို့ ဦးတည်နေပြီဖြစ်သည်။ အရှေ့နှင့်အနောက်ကို ပိုင်းခြားထားသည့် 'သံကန့်လန့်ကာ' အစိတ်အပိုင်း အချို့ ပွင့်လာကြပြီဖြစ်သည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေး မညီမျှမှုကြောင့် အပြန်အလှန် ပိတ်ဆို့တုံ့ပြန်နေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များရှိသည့်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တံခါးဖွင့်မူဝါဒ ကျင့်သုံးလာကြသည့် ဖြစ်ရပ်များလည်းရှိသည်။ စီးပွားရေးနှင့် နိုင်ငံရေးသည် သဟဇာတဖြစ်ရသည့် သဘောရှိသည့်အလျောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလည်း ၁၉၈၉ ခုနှစ်တွင် ထူးထူးခြားခြားဖြစ်ထွန်းသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့် နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၀ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကားလိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။ ။

စာပေဗိမာန်

ဤကျမ်းကို မရှုစားမီ

ပေဒ်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်မျာသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းမျာ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၀ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၉ ပါ အကြောင်းရပ်မျာနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ် ပြုစုထာပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင်မပါဝင်သေးသော အကြောင်းရပ်သစ်မျာလည်း အမျာအပြာ ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာမျာကို ၁၉၉၀ ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်အတွင်း အဖြစ်အပျက်မျာကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၁ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူမျာ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်း ခွဲခြား၍ တင်ပြထာပါသည်။ ပထမပိုင်းတွင် ၁၉၀၉ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်မျာကို မြန်မာ့သတင်းစဉ် သတင်းလွှာမျာနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထာပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူး ဆောင်းပါးသုံးပုဒ် ပါဝင်ပါသည်။ တတိယပိုင်းတွင် သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါး ခုနစ်ပုဒ်ကို တင်ပြထာပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထာသော ဆောင်းပါးမျာကို ပညာရပ်အလိုက် ကျမ်းကျင်ရာ ပညာရှင်မျာက လေ့လာသုတေသနပြု၍ ရေးသားထာခြင်းဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထာသော အကြောင်းရပ်မျာသည် ၁၉၀၉ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းမျာ ဖြစ်ပါသည်။ အကြောင်းရပ်မျာကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထာပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်မျာကို အလွယ်တကူ ရှာဖွေ ဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထာပါသည်။

အတ္ထုပ္ပတ္တိမျာကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်မျာ၏ အတ္ထုပ္ပတ္တိမျာကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်မျာတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်မျာ၏ အတ္ထုပ္ပတ္တိမျာကိုလည်းကောင်း၊ နိုင်ငံတကာရေးရာမျာတွင် ထင်ရှားလာသော ပုဂ္ဂိုလ်မျာ၏ အတ္ထုပ္ပတ္တိမျာကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခု ထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၀၉ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်မျာ၏ အတ္ထုပ္ပတ္တိမျာကိုလည်းကောင်း၊ ၁၉၀၉ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်မျာ၏ အတ္ထုပ္ပတ္တိမျာကိုလည်းကောင်း ထည့်သွင်းဖော်ပြထာပါသည်။

အကြောင်းရပ်မျာတွင် အညွှန်းမျာကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မျာကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ၊ စွယ်စုံနှစ်ချုပ် ၁၉၀၇) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၀ ပါ အကြောင်းရပ်မျာ၊ ဆောင်းပါးမျာကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထာပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၇၉ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

— ကမ္ဘာ့မိုးလေဝသ ပြောင်းလဲမှုများ ၂၇

— ဆေးပညာ တိုးတက်မှုများ ၃၈

— နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ ၅၀

အပိုင်း သုံး

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးများ

— ဂန္ထဝင် မြန်မာ့ပန်းချီမိတ်ဆက် ၆၄

— နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ဥပဒေနှင့် နည်းဥပဒေများ ၇၀

— သခ်ၤာသစ်၏ အနှစ်သာရ ၈၅

— စိတ်နယ်လွှန်ပညာ ၉၆

— မျိုးရိုးဗီဇပညာ တိုးတက်မှု ၁၁၃

— လွှန်ကဲလျှပ်ကူးသတ္တိ ၁၂၁

— အာရှစာအုပ်ထုတ်ဝေရေး ၁၃၂

အပိုင်း လေး

၁၉၇၉ ခုနှစ် အကြောင်းရပ်များ ၁၄၀

အက္ခရာစဉ်အညွှန်း ၃၄၁


အာပိုင်းတစ်

၁၉၇၉ ခုနှစ် ဖြစ်ရပ်များ

၁၉၇၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ့ ဖြစ်ရပ်အချို့ကို နှစ်ဉ် သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစု ဖော်ပြထားသည်။



၃၀




၃၀

၃၀၅


မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ် (၁၉၉၀)

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ



၃၀၂





၃၀၁



၃၀၀



၃၀၄

၁၉၀၉ ခုနှစ် ဖြစ်ရပ်များ

ဇာနည်ဝါရိုလ်

ပီဆာမျော်စင်ကြီးသည် ၁၉၀၀ ခုနှစ်တွင် နောက်ထပ် ၁ ဒသမ ၂၉ မီလီမီတာ (၀ ဒသမ ၀၅ လက်မ) တိမ်းစောင်းသွားသည်ဟု ဘဏ္ဍာထိန်း ပါမောက္ခ ဂီယူဆက် တိုနီယိုလိုက ကြေညာသည်။ အီတလီနိုင်ငံတွင် ၁၂ ရာစုက တည်ဆောက်ခဲ့သော ၅၆ မီတာ (၁၈၇ ပေ) အမြင့်ရှိ ပီဆာမျော်စင်သို့ ၁၉၀၀ ခုနှစ် အတွင်း လူပေါင်း ၇,၅၀,၀၀၀ အလည်အပတ် လာရောက်ခဲ့သည်။

ကွယ်လွန်သူ အမျိုးသား ခေါင်းဆောင်ကြီး၊ တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ ရုပ်ကလာပ်ကို ဆရာကြီး သခင်ကိုယ်တော်မိုင်း၏ ဂူဗိမာန်နှင့် သီပေါမင်း မိဖုရားခေါင်ကြီးစုဖုရားလတ်၏ ဂူဗိမာန်အကြား မြေကွက်လပ်ရှိ ဂူဗိမာန်တွင် ဂူသွင်းသင်္ဂြိဟ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ၄၁ နှစ် မြောက် လွတ် လပ် ရေး နေ့ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည်များကို အမိန့်ကြော်ငြာစာ အမှတ် ၁/၇၉ ဖြင့် လည်းကောင်း၊ နိုင်ငံဂုဏ်ရည်ဘွဲ့ ပထမဆင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၂/၇၉ ဖြင့်လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းခြင်းခံရသည့် စစ်မှုထမ်းများ၊ အခြားဝန်ထမ်းများနှင့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၃/၇၉ ဖြင့်လည်းကောင်း၊ စစ်မှုထမ်းကောင်း တံဆိပ်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၄/၇၉ ဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၅/၇၉ ဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များ၏အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် ၆/၇၉ ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာသည်။

အမေရိကန် ရေတပ်၏ လေယာဉ်များသည် မြေထဲပင်လယ်ပေါ်တွင် လစ်ဗျ ဂျက်တိုက်လေယာဉ်နှစ်စင်းကို ပစ်ချလိုက်သည်။ ၁၉၀၆ ခုနှစ်က လစ်ဗျနိုင်ငံ ထရီပိုလီမြို့တော်ကို အမေရိကန် ဂျက်လေယာဉ်တို့ ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန်နှင့် လစ်ဗျနိုင်ငံတို့ ပထမဦးဆုံး စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ဆေးလိပ်သောက်မှု အလေ့အထသည် ပညာရေး အဆင့်နိမ့်သူများအတွက် အပျင်းပြေအချိန်ဖြုန်းစရာ တစ်ရပ် အဖြစ် ရောက်ရှိလာနေကြောင်း၊ တက္ကသိုလ်သို့ လာရောက် ပညာသင်ကြားခြင်း မရှိသူများအနေဖြင့် အဆိုပါ အလေ့အထကို ရရှိရန် အလားအလာ ပိုမိုများကြောင်း သုတေသီများက ပြောသည်။

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံပိုင် မဟုတ်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ မူဝါဒသစ် ကြေညာခဲ့ပြီးနောက် ဟိုချီမင်းမြို့တော်၌ လွန်ခဲ့သည့်ငါးလအတွင်း ပုဂ္ဂလိက ကုမ္ပဏီနှင့်လုပ်ငန်း ၂၂ ခု တည်ထောင်ကာ စတင်ဆောင်ရွက်လျက်ရှိကြောင်း ဗီအင်အေသတင်းဌာနက ဖော်ပြသည်။

ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး မဟာသီရိ သုဓမ္မ ဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနား



ဘုရားဖြူ ဂုဏ်ဝိသေသများ



ကမ္ဘာ့ စစ်တုရင် အိုလင်းပီယက် ပြိုင်ပွဲ၌ ဟန်ဂေရီနိုင်ငံအသင်းကို ရွှေတံဆိပ်ဆွတ်ခူး စေခဲ့သော အသက် ၁၇ နှစ်နှင့် ၁၂ နှစ် အရွယ်ရှိ ဇိုပီနှင့် ဂျူးဒစ်ပိုလဂါ ညီအစ်မ နှစ်ဦး

နိုင်ငံ ၁၅၀ တက်ရောက်သော ဓာတု ဗေဒ လက်နက်များဆိုင်ရာ နိုင်ငံတကာ ညီလာခံကို ပါရီတွင် ကျင်းပသည်။

ကိုလုံးဗီးယားနိုင်ငံ မူးယစ်ဆေးဝါး မှောင်ခိုကိုဏ်းဝင် ၁၁ ဦးအပါအဝင် ဒွေသားဒေါ်လာသန်း ၂၀ နီးပါးကို ရဲအဖွဲ့က ဖမ်းဆီး သိမ်းပိုက်ခဲ့ရာ ယင်းသည် ကမ္ဘာ့ မူးယစ်ဆေးဝါး တိုက်ဖျက်မှုများ အနက် ဒွေသား အများဆုံး သိမ်းဆည်းရမိမှု ဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

ဟောစတင်စစ်တုရင် စိန်ခေါ်ပြိုင်ပွဲတွင် ဟန်ဂေရီနိုင်ငံမှ အသက် ၁၂ နှစ် အရွယ်ရှိ ဂျူးဒစ်ပိုလဂါက နောက်ဆုံး ဗိုလ်လုပွဲစဉ်တွင် စစ်တုရင် အကျော်အမော် ဖြတိန်မှ ဂရင်းမာစတာ ဂလင်ဖလီးယားကို အနိုင်ရ ဗိုလ်စွဲသည်။

ပညာရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံကို ယူနက်စကိုအဖွဲ့က ကြီးမှူး၍ ဂျီနီဗာမြို့တွင် ကျင်းပသည်။ နိုင်ငံ ၁၀၀ ကျော်မှ ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် ခေါင်းဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဘဌေး ခေါင်းဆောင်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ ပြည် သူ လူထု တော်ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း) နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်သည်။

မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသော ကျောင်းသားလူငယ်များနှင့် တွေ့ဆုံမေးမြန်းရန်အတွက် ထိုင်းနိုင်ငံမှ ပြည်တွင်း ပြည်ပ သတင်းစာဆရာ ၃၂ ဦးတို့သည် ထိုင်းအထူးလေယာဉ်ဖြင့် ရောက်ရှိကြပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် စုပေါင်းရိပ်သာရှိကြိုဆိုရေးစခန်းတွင် ကျောင်းသားများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

စပိန်၊ ဗဲလ်ဂျီယမ်နှင့် နယ်သာလန် တို့မှ မူးယစ်ဆေးဝါး နှိမ်နင်းရေး အဖွဲ့ဝင်များက လက်တွဲ ဖော်ထုတ် ဖမ်းဆီးခဲ့ရာ ယခုချက်ပိုင်းအတွင်း ဥရောပ၏ အကြီးဆုံး ဘိန်းဖြူဖမ်းဆီးရမိမှုတစ်ခုအဖြစ် ဘိန်းဖြူ ၆၆ ကီလိုဂရမ် (၁၃၆ ပေါင်) နှင့် လူ ၁၁ ဦးကို ဖမ်းဆီး အရေးယူခဲ့သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၆ နှင့်အညီ မှတ်ပုံတင်ရန် ကော်မရှင် သို့ လျှောက်ထား ရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန်ကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မွန်းတည့် ၁၂ နာရီ အထိ သတ်မှတ်ကြောင်း ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ကြေညာချက်အမှတ် ၁၀၇ ဖြင့် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁/၈၉ အဖြစ် အစုစပ်လုပ်ငန်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ကြေညာသည်။

ငါးမြွှာပူးနှင့် လေးမြွှာပူး ဖန်ပြန် သန္ဓေသား ကလေးငယ်များကို သြစတြေးလျ အနောက် ပိုင်း ဆေး ရုံ တစ်ရုံတွင် တစ်နေ့တည်း မွေးဖွားပေးခဲ့သည်။

တပ်မတော် စစ် ကြောင်းများသည် ကေအင်ယူ သောင်းကျန်းသူ မဲထရီ စခန်းကို အပြီးအပိုင် သိမ်းပိုက်ရရှိသည်။

ပိုလန်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂကို တရားဝင်ဖွဲ့စည်းလှုပ်ရှားခွင့်ပေးရန် အလုပ်သမား သမဂ္ဂများဆိုင်ရာ ဥပဒေ (၁၉၈၂) ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်များကို ရုပ် သိမ်း ပေး မည် ဟု ကြေ ညာ သည်။ သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂကို ၁၉၈၁ ခုနှစ်မှစ၍ ပိတ်ပင်ထားခဲ့ခြင်း ဖြစ်သည်။

မောရစ်သျှ နိုင်ငံ ကုန်သွယ်ရေးနှင့် သဘော်လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ဒီဂန်ဂါး ခေါင်းဆောင်၍ အဖွဲ့ဝင် ငါးဦး ပါဝင်သော ကုန် သွယ် ရေး ကိုယ် စား လှယ် အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိသည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေး အဖွဲ့သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂/၈၉ အဖြစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့သည် နိုင် ငံ တော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၃/၈၉ အဖြစ် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ထုတ်ပြန် ကြေညာသည်။

နိုင်ငံရေးပါတီအချို့သည် ဖြည့်ဆက် ပညာသင်ကြားရေး အမည် ဖြင့် လှုပ်ရှား ဆောင်ရွက် နေကြ ကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးအတွက် အစိုးရတွင် အစီအမံများရှိကြောင်း၊ ယာယီ ပိတ်ထားသော ပညာသင်ကြား ရေး ကို ဆန့်ကျင်လှုပ်ဆောင်လျှင် အရေးယူမည်ဖြစ် ကြောင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ယနေ့အထိ နယ်စပ်ဒေသမှ ပြန်လည် ရောက်ရှိလာပြီး ဖြစ်သော ကျောင်းသား ဦးရေမှာ ၂,၂၀၀ ဦး ဖြစ်ကြောင်း နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့က ကြေညာသည်။

၂၉ အီ ရန် မြို့ ကြီးများတွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူ ၂၂ ဦးကို လွန်ခဲ့သည့် သုံးရက်က ပြည် သူ လူ ထု ရှေ့ မှောက် တွင် ကွပ် မျက် ခဲ့ ရာ သီတင်းပတ် အတွင်း ကွပ်မျက်ခံရသူ ၁၁၃ ဦး ရှိသွားပြီး ဖြစ်ကြောင်း တီဟီရန် အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

အစိုးရအဖွဲ့က ကြေညာချက်အမှတ် ၁/၇၉ ကို ထုတ်ပြန်သည်။

ဂျပန်နိုင်ငံတွင် ၁၉၇၈ ခုနှစ်အတွင်း ကင်ဆာရောဂါဖြင့် သေဆုံးသူ ၂,၀၆၂,၀၀၀ ဦး ရှိခဲ့ရာ ဂျ ပန် ဆေး ပ ညာ သ မိုင်းတွင် ကင် ဆာ ရော ဂါကြောင့် သေဆုံးသူဦးရေ ၂,၀၀,၀၀၀ အထက်သို့ ပ ထ မဆုံးအကြိမ် ရောက် သွား ခြင်း ဖြစ် ကြောင်း ဂျ ပန် ကျန်းမာရေးနှင့် စောင့်ရှောက်ရေး ဝန်ကြီး ဌာနက ကြေညာသည်။

၂၆ ဆိုဗီယက် ဘိုင်လိုရုရှ သမ္မတနိုင်ငံမှ အာဏာပိုင်များသည် စတာလင်၏ လုံခြုံရေးတပ်သားများလက်ချက်ဖြင့် ၁၉၃၀ ပြည့်လွန် နှစ်များအတွင်း မင့်စ်မြို့ အနီးရှိ ကူ ရတ် တီ သစ်တောတွင် ထောင်နှင့်ချီ၍ ပစ်သတ်ခံခဲ့ရသည့် ပြည် သူ များ အ တွက် အ ထိမ်း အ မှတ် ကျောက် တိုင် တစ် ခု တည်ဆောက်ရန် သဘောတူညီလိုက်ပြီဟု တာ့စ် သတင်းဌာနက ကြေညာသည်။

၂၆ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည် ဆောက် ရေး အ ဖွဲ့ သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၄/၇၉ အဖြစ် ၁၉၅၃ ခုနှစ်၊ အ ကောက် တော် ခွန်နှုန်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ထုတ်ပြန် ကြေညာသည်။

ဖေဖော်ဝါရီလ

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုမ္ပဏီများ မှတ်ပုံတင်ရုံးသည် ကုမ္ပဏီ ရှစ်ခုနှင့် အစုစပ်လုပ်ငန်း လေးခုကို သတင်းကြေညာချက်အမှတ် ၁/၇၉ ဖြင့် စတင် မှတ်ပုံတင်ခွင့် ပြုသည်။

၂ လူနာတစ်ဦးအား ကင် ဆာ ရော ဂါ ရှိမရှိကို လျင်မြန်လွယ်ကူစွာ စမ်းသပ် ရှာ ဖွေ ပေး နိုင် သည့် ကွန်ပျူတာ ရောဂါ ရှာဖွေရေး ကိရိယာတစ်မျိုးကို တရုတ် သိပ္ပံ ပညာရှင်များက တီထွင်သည်။

ဗင် နီ ဇွဲ လား နိုင်ငံတွင် ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်ထိ စတုတ္ထမြောက် သမ္မတအဖြစ် တာ ဝန် ထမ်း ဆောင် ခဲ့ ဖူး သော ကာလ်စ်အန် ဒ ရက် ပီ ရက်ဇ် သည် သတ္တမမြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဒီမိုကရေစီကျင့်သုံးလာသည့် နှစ်ပေါင်း ၃၀ ကာလအတွင်း ဒုတိယအကြိမ် ပြန်လည် ရွေးချယ် တင်မြှောက်ခံရသော ပထမဆုံး သမ္မတဖြစ်သည်။

၃ သြ စ တြေး လျ နိုင် ငံ အထက်လွှတ်တော် အမတ် မစ္စတာ ခရစ္စတိုဖာ ကရိလန်ရှိခဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံးသို့ သွားရောက်၍ ကော်မရှင် ဥက္ကဋ္ဌ ဦးဘဒ္ဒေးနှင့်အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းမှ ဖော်ကာလေယာဉ်အမှတ် XY–AEK သည် နံနက် ၇ နာရီ ၄၂ မိနစ်တွင် မင်္ဂလာဒုံမှ ကျိုင်းတုံသို့ ပျံသန်းရာ လေယာဉ်ကွင်းမှ အတက် စက်ချွတ်ယွင်းပြီး မင်္ဂလာဒုံလေတပ် စခန်းရှိ အကြပ်ကြီးရိပ်သာဘေး ကွက်လပ် ထဲသို့ကျပြီး ပျက်စီးသွားသဖြင့် ခရီးသည် ၂၅ ဦးနှင့် လေယာဉ်အမှုထမ်း ၄ ဦးအနက် ၂၆ ဦး အသက်ဆုံးရှုံးသည်။

၂ ပါရာဂွေးနိုင်ငံတွင် လွန်ခဲ့သော ၃၄ နှစ်မှစ၍ အုပ်စိုးခဲ့သော အာဏာရှင် အဲလဖရက်ဒို စ ထ ရို အက် စ နာ ကို ဗိုလ်ချုပ်ကြီး အန်ဒရက်စ် ရိုဒရိဂွက်ဇ်က ဖြုတ် ချ၍ အာ ဏာ သိမ်း ယူ လိုက် သည်။ ဗိုလ်ချုပ်ကြီး ရိုဒရိဂွက်ဇ်က သုံးလအတွင်း ရွေးကောက်ပွဲများ ကျင်းပပေးမည်ဟု ကတိ ပြုသည်။

၆ ပြည် တွင်း အ ခွန် များ ဦး စီး ဌာ န၊ အောင်ဘာလေ သိန်းဆုဌာနခွဲ (၁) ကြိမ်မြောက် ငါးကျပ်တန် အောင်ဘာလေ သိန်း ဆု ဖွင့် ပွဲ ကို ကျင်းပရာ ဆုမဲနံပါတ် (မ–၅၉၃၂၆၇) ဖြင့် ပထမ သုံးသိန်းဆု ထွက်ပေါ် သည်။

၇ ပါကစ္စတန်နိုင်ငံသည် အကာအဝေး ၃၀၀ ကီလိုမီတာနှင့် ဂ၀ ကီလိုမီတာ သို့ ပစ်ခတ်နိုင်သော မြေပြင်မှ မြေပြင်ပစ် ဒုံးကျည်နှစ်မျိုးကို ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ် ပစ်ခတ်ခဲ့ပြီး ဖြစ်ကြောင်း ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မီဇာ အက်စလမ်ဘက်က ပြောကြားသည်။


၉ နိုင် ငံ တော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အ ဖွဲ့ ကြေ ညာ ချက် အမှတ် ၁/၇၉ ကို အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့်က လက်မှတ်ရေးထိုး ထုတ်ပြန်ရာ ဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်မောင်မောင်ခင်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်မှူးချုပ် အောင်ရဲကျော်၊ ဗိုလ်ချုပ် ချစ်ဆွေ၊ ဗိုလ် မှူး ကြီး အေ ဘယ်လ် နှင့် ဒေါက်တာ ဖေသိန်းတို့၏ တာဝန်ယူချမည့် ဝန်ကြီးဌာန များကို ပြင်ဆင် ပြောင်းလဲသည်။

၁၉၇၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂,၀၃၂ မှု၊ဖမ်းဆီး တရားခံပေါင်း ၃,၇၁၈ ယောက်၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ တန်ဖိုး စုစုပေါင်း ကျပ် ၄၉ သန်းကျော်၊ ဟောင်ကောင် ဒေါ်လာ ၆၁ သန်းကျော်နှင့် အမေရိကန် ဒေါ်လာ ၇ သန်း ဂ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

အစိုးရဝန်ထမ်းများ အာဏာလုံးကို ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ လစာနှုန်းထားများ တိုးမြှင့် သတ်မှတ်ပေးမည် ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ကြေညာသည်။

၁၂ ၁၉၈၉ ခုနှစ် ၄၂ နှစ်မြောက် ပြည် ထောင်စုနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားကို ရန်ကုန် မြို့တော် ခန်းမ၌ ကျင်းပသည်။

၁၄ ဗြိတိန်နိုင်ငံတွင် ပင်းဂွင်းစာပေတိုက်က ထုတ်ဝေလိုက်သော စာမျက်နှာ ၅၄၇ မျက်နှာရှိ မိစ္ဆာဆန်သောလက်ရာများ ဝတ္ထုစာအုပ်သည် အ စွ လာမ် ဘာ သာ ကို



မိစ္ဆာဆန်သောလက်ဝများ ဝတ္ထုစာအုပ်ကို ရေးသားသော ဆော်လမွန် ရပ်ရှဒီ

မြေငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ရှာဘယ် ၁၀ ဘီလီယံမျှရှိ၍ မြို့ ၂၀ ကျော်နှင့် ကျေးရွာ ၃၄၂ ရွာ ထိခိုက်ဆုံးရှုံးခဲ့ကြောင်း၊ သေဆုံးသူအလောင်း ၂၅,၀၀၀ နှင့် အသက်ရှင်သူ ၁၅,၀၀၀ ကို အပျက်အစီးများကြားမှ တူးဖော်ယူခဲ့ရကြောင်း ကော့ကေးရှသမ္မတနိုင်ငံ စာရင်းအင်းကော်မတီ၏ အစီရင်ခံစာက ဖော်ပြသည်။

အမေရိကန် ပြည်ထောင်စု နယူးယောက် မြို့တွင် တစ် ကြိမ်တည်း အများဆုံး ဖမ်းမိခြင်းအဖြစ် ဒေါ်လာသန်း ၁၀၀၀ ဖိုးမျှရှိသော ဘိန်းဖြူပေါင် ၁၂၀ နှင့် အတူ ဥရောပသားဒေါ်လာ သုံးသန်းကို ဖမ်းဆီးရမိသည်။

အမေရိကန် ပြည်ထောင်စု တွင် အထက်လွှတ်တော် အမတ်အဖြစ် ၂၄ နှစ်တာမျှ ထမ်းဆောင်ခဲ့ပြီး ကာကွယ်ရေးဆိုင်ရာပါရဂူအဖြစ် အသိအမှတ်ပြုခံရသူ ဂျွန် တာဝါကို သမ္မတ ဂျော့ ဘုရှ်က ကာကွယ်ရေးဝန်ကြီး ရာထူးအတွက် လျာထားခဲ့ရာ ယင်းလျာထားချက်ကို အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များရေးရာ ကော်မတီက ကန့်ကွက်မဲ ၁၁ မဲ၊ ထောက်ခံမဲ ကိုးမဲဖြင့် ပယ်ချလိုက်သည်။ တာဝါသည် အရက်အလွန်အကျွံသောက်ကာ မြာပွေသူဖြစ်သည်ဟူသော သတင်းများ ထွက်ပေါ်လာရာမှ ထိုသို့ပယ်ချခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ မိုက်တိုက်ဆင်သည် စိန်ခေါ်သူ ဖရန့် ဘရူနိုကို ပဉ္စမအချီတွင် အလဲထိုး၍ အနိုင်ယူသည်။ ရှုံးပွဲမရှိသော မိုက်တိုက်ဆင်အဖို့ ၃၆ ကြိမ်မြောက်အောင်ပွဲဖြစ်ပြီး ၃၂ ကြိမ်မြောက် အလဲထိုးပွဲဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက မိမိတို့သည် ကျူးကျော် ဝင်ရောက် တိုက်ခိုက်ခဲ့သူများ ဖြစ်ခဲ့သည်ကို ငြင်းဆိုနိုင်ဖွယ် မရှိကြောင်း ဂျပန်ဝန်ကြီးချုပ် နိုဘိုရု တာကေရှိတာက ပါလီမန်တွင် ဝန်ခံ ပြောကြားသည်။

တိုက်ခိုက်သော စာအုပ်ဖြစ်၍ ယင်းစာအုပ်ကိုရေးသားသူ ဆော်လမွန် ရပ်ရှဒီနှင့် ထုတ်ဝေသူတို့အား သေဒဏ်ချမှတ်ကြောင်းဖြင့် အီရန်နိုင်ငံ ခေါင်းဆောင် အယာတိုလာရှဟိုလာ ခိုမေနီက အမိန့်ကြေညာချက် ထုတ်ပြန်သည်။ စာရေးဆရာကမူ အစ္စလာမ်ဘာသာကို မတိုက်ခိုက်ကြောင်း၊ မည်သူကိုမျှ ထိခိုက်စေရန် မရည်ရွယ်ကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ကြေညာချက် အမှတ် (၁၉၄) အဖြစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေး ကောက်ပွဲ ကျင်းပရေး အတွက် လုပ်ငန်းအစီအစဉ်နှင့် အချိန်ဇယားကို ထုတ်ပြန်ကြေညာသည်။

မြို့တော်မြို့တွင် မွန်းလွဲ ၃ နာရီခွဲမှ ညသန်း ခေါင်ကျော် ၁၂ နာရီ ၁၅ မိနစ်အထိ မီးလောင်ကျမ်းရာ နိုင်ငံတော်ပိုင် အဆောက်အအုံပစ္စည်း ကျပ် ၅၆ ဒသမ ၅သိန်းဖိုး၊ သမဝါယမပိုင် အဆောက်အအုံပစ္စည်း ကျပ် သိန်း ၂၀ ဖိုး၊ ပုဂ္ဂလိကပိုင် အဆောက်အအုံပစ္စည်း ကျပ်သိန်း ၂,၉၇၀ ဖိုး စုစုပေါင်းကျပ် ၃,၀၄၆ ဒသမ ၅ သိန်းဖိုး ဆုံးရှုံး၍ ကံကြီးရပ်ကွက်၊ မြစ်ငယ်ရပ်ကွက်၊ ထားဝယ်စုရပ်ကွက်၊ ရေကန်ဘောင်ရပ်၊ အလယ်ကျွန်းရပ်၊ ကြောင်ငယ်ရပ်နှင့် ပါရမီချပ်တို့မှ အိမ် ၂,၀၅၉ လုံး မီးလောင်ကျမ်းပြီး အိမ်ထောင်စု ၃,၇၀၀ မှ လူဦးရေ ၂,၂၀,၀၀၀ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်သွားသည်။

ကမ္ဘာကြီးကို အကာအကွယ်ပေးထားသော ကမ္ဘာ့လေထု အိုဇုန်းလွှာသည် အာတိတ်ဒေသ၌ ပြိုကွဲနေပြီဟု ယူဆရကြောင်း အဖွဲ့ဝင် ၁၅၀ ပါဝင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့က အော့စလိုမြို့၌ ပြောကြားသည်။

ဆိုဗီယက်ပြည်ထောင်စု အာမေးနီးယားဒေသတွင် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလက ဖြစ်ပေါ်ခဲ့သော ပြင်းထန်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်က ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွဲ့ဖြိုးရေးသိပ္ပံ သင်တန်း အမှတ် စဉ် (၂၀) နောက်ဆုံးနှစ် သင်တန်းသား သင်တန်းသူများအား ပြည် သူ့လွှတ် တော် အဆောက်အအုံတွင် နံနက်ပိုင်း၌ ဩဝါဒ အမှာစကား ပြောကြားပြီး ညနေပိုင်းတွင် ညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

အစိုးရဝန်ထမ်းများအတွက် ပြင်ဆင်သတ်မှတ်သော လုပ်ခနှင့် လစာနှုန်းသစ်ကို ၁၉၇၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ခံစားခွင့်ရှိမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၄ ဖြင့် ထုတ်ပြန်သည်။

ကမ္ဘာ့ အိုဇုန်းလွှာကို အန္တရာယ်ပြုသော ဓာတုပစ္စည်းများ ထုတ်လုပ်အသုံးပြုခြင်းကို လျှော့ချရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် ညီလာခံတစ်ရပ်ကို လန်ဒန်မြို့၌ကျင်းပရာ နိုင်ငံပေါင်း ၁၂၃ နိုင်ငံ တက်ရောက်သည်။ ယင်းဓာတုပစ္စည်းသုံးစွဲမှုကို ခရစ်နှစ် ၂၀၀၀ တွင် ငါးဆယ် ရာခိုင်နှုန်းထိ လျှော့ချမည့် သဘောတူညီချက်ကို နိုင်ငံပေါင်း ၂၀ က ချက်ချင်း လက်မှတ်ရေးထိုးလိုက်ကြသည်။

အဓိက နိုင်ငံရေးအပြောင်းအလဲများနှင့် စပ်လျဉ်း၍ သဘောတူညီမှု ရရှိကြောင်း ပိုလန်အစိုးရနှင့် အတိုက်အခံတို့က ကြေညာလိုက်ပြီး ပိုလန်နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် သို့ စတင် လျှောက်လှမ်းနေပြီဖြစ်ကြောင်း သွေးစည်းညီညွတ်ရေးအလုပ်သမား သမဂ္ဂက ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ နဂါစကီမြို့ကို ၁၉၄၅ ခုနှစ်က အဏုမြူဗုံးကြဲချတွင် အဓိက တာဝန်ယူခဲ့သူ အမေရိကန်လူမျိုး ကာမစ်ဘီဟန် (၇၀ နှစ်) သည် အမေရိကန်ပြည်ထောင်စု စိန့်ဂျွန် ဆေးရုံ၌ ကွယ်လွန်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၈၉ ဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

လူရှင်တော် ဘီလ် ကော့စဘီ ပါဝင်သော ရုပ်မြင် သံကြား ဇာတ် လမ်း "ရိုဆီဇင်း" နှင့် ရုပ်ရှင်ကား "ရိန်းမင်း" တို့ကို ပြသပြီးနောက် ဘီလ်ကော့စဘီအား လူထုဆန္ဒမဲဖြင့် ငါးနှစ်ဆက်တိုက် ပြည်သူအကြိုက် သရုပ်ဆောင်ဆုကို ဂယ်လပ်အဖွဲ့က ချီးမြှင့်လိုက်သည်။

မွေးဖွားစဉ်က အမျိုးသား၊ အမျိုးသမီး အင်္ဂါရုပ် နှစ်ခု ပူးတွဲပါရှိပြီး အမျိုးသမီး သဘာဝ ပိုမိုထင်ရှားသော



ချူကလီးယားစွမ်းအင်ကို ဖျူးရှင်းနည်းဖြင့် ထုတ် နိုင် ပြီ ဖြစ် ကြောင်း ကြေညာသော ဘီစတန်လီပွန်စ်(ဝဲ)နှင့် မာတင်ဖလိုက်ရှ်မန်း

အုတ်ဖိုမြို့နေ ကျောင်းဆရာမ ဒေါ်ကြည်ကြည်ဝင်းသည် ရန်ကုန်ဆေးရုံကြီး တွင် ခွဲစိတ်ကုသမှု ခံယူပြီးနောက် ယောကျ်ားဘဝသို့ ပြောင်းလဲရောက်ရှိသွားသည်။

အယ်ဆာဗေဒိုနိုင်ငံ သမ္မတ ရွေးကောက်ပွဲတွင် လက်ယာဝါဒီ အမျိုးသား ရိုပတ်ဗလစ်ကန် မဟာမိတ်ပါတီ (အရိနာ) ၏ သမ္မတလောင်း အဲလဖရက်ဒို ခရစ်တီယန်နိုက အနိုင်ရရှိသည်။

မိမိ၏ လုပ်ငန်း စွမ်းဆောင်ရည်အပေါ် ပြည်သူတို့ မည်ရွေမည်မျှ လက်ခံမှုရှိသည်ကို သိရှိရန် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပေးမည်ဟု ၁၉၇၇ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စဉ်က ကတိပေးခဲ့သော တောင်ကိုရီးယားသမ္မတ နိုတေဝူးက အဆိုပါ ပြည်သူ့ဆန္ဒခံယူပွဲကို ဧပြီဆိုင်းထားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုဗဲဆုငွေကို ၂၀ ရာခိုင်နှုန်းမြှင့်တင်၍ နိုဗဲဆုရသူများအား ဆွီဒင်ကရောင်းငွေ ၃၀,၀၀,၀၀၀ (ဒေါ်လာ ၄,၇၀,၀၀၀) တိုးချီးမြှင့်မည် ဖြစ်ကြောင်း နိုဗဲဆုဖောင်ဒေးရှင်းအဖွဲ့က ကြေညာလိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နည်းဥပဒေ အမှတ် (၁/၈၉) ဝင်ငွေခွန် နည်းဥပဒေ

များကို ပြင်ဆင်သည့် နည်းဥပဒေများကို လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၆/၈၉) ဝင်ငွေခွန် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၇/၈၉) အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၈/၈၉) ၁၉၀၉ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကိုလည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်သည်။

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ပြခန်းဦးပြသသည့် (၄၄) ကြိမ်မြောက် တပ်မတော်နေ့ပြပွဲကို ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေနှင့်အဖွဲ့ ကြည့်ရှုလေ့လာသည်။

ဖြိုတိန်နိုင်ငံ ဆောက်သမ်တန် တက္ကသိုလ်မှ မာတင် ဖလိုက်ရှ်မန်းနှင့် အမေရိကန်ပြည်ထောင်စု ဥတာတက္ကသိုလ်မှ ဘီစတန်လီပွန်စ်တို့က အက် တမ် များကို ပေါင်းစည်းခြင်း (ဖျူးရှင်းနည်း) ဖြင့် ချူကလီးယား စွမ်းအင်ကို ထုတ်နိုင်ပြီဖြစ်ကြောင်း ကြေညာသည်။

ဒုတိယ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ ကုန်သည်သဘော်ဘာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဥပဒေအမှတ် ၁၀/၈၉ အဖြစ် ပြဋ္ဌာန်းသည်။

ကုန်သွယ်ရေးဝန်ကြီးဌာန စားသောက်ဆိုင်နှင့် အဖျော်ယမကာလုပ်ငန်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အမှတ် ၁၈၁/၁၈၉ ၌ ဝန်ထမ်းစားသောက်ဆိုင် ဖွင့်လှစ်သည်။

အောက်စဖို့ အဘိဓာန်သစ် ထုတ်ဝေသည်။ အဆိုပါ အဘိဓာန်သည် အတွဲ ၂၀ ရှိပြီး စကားလုံး ငါးသိန်းကျော်ကို အဓိပ္ပာယ်ဖွင့်ဆို ထားသည်။ စာမျက်နှာ စုစုပေါင်း ၂၂,၀၀၀ နီးပါး ရှိပြီး အတွဲအားလုံးပေါင်း ၁၃၇ ဒသမ ၇ ပေါင်လေးချိန် ဒေါ်လာ ၂,၅၀၀ တန်ဖိုးရှိသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကို ဥပဒေအမှတ် ၁၁/၈၉ အဖြစ် ပြဋ္ဌာန်းသည်။

ဟေတီနိုင်ငံတွင် စစ်အုပ်ချုပ်ရေး ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပရော့စပါး အက်ဗရီကို ဖြုတ်ချရှိ အာဏာသိမ်းယူရန် စစ်အရာရှိအချို့က ကြံစည်ခဲ့ရာ ဗိုလ်ချုပ်ကြီး အက်ဗရီ၏ သစ္စာခံတပ်များက နှိမ်နင်းနိုင်ခဲ့သည်။ လူသုံးဦး သေဆုံးခဲ့သော ယင်းပုန်ကန်မှုကို ၁၉၈၆ ခုနှစ်က ပြုတ်ကျခဲ့သူ အာဏာရှင် ယွန် ကလောက်ဒီ ဒူဗလီယာ၏ အစိုးရအဖွဲ့ဝင်ဟောင်းများက ကြိုးကိုင်ခဲ့သည်ဟု ပြန်ကြားရေးဝန်ကြီးရုံးက ကြေညာသည်။

နိုင်ငံတော်ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီး ဒေါ်အေးရီတို့က (၄၄) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ညှဉ့်ခဲ့ပွဲနှင့်ညစာစားပွဲကို အလုံလမ်း သမ္မတအိမ်တော်၌ ကျင်းပသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေကို ဥပဒေအမှတ် ၉/၈၉ အဖြစ် ပြဋ္ဌာန်းသည်။

နိုင်ငံခြားရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်လျက်ရှိသော လောနိုင်ငံသည် ကွန်မြူနစ်များ အာဏာရသည့် ၁၃ နှစ် ကာလအတွင်း ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပလိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးလင်းသင်တန်းအမှတ်စဉ်(၃၀)ဆင်းပွဲကျင်းပသည်။ တပ်မတော် (လေ) အမှတ်စဉ် (၅၀) လေယာဉ်မောင်း သင်တန်းဆင်းပွဲနှင့် တောင်ပံအပ်နှင်းပွဲ ကျင်းပသည်။


မြန်မာနှင့်ထိုင်းနှစ်နိုင်ငံ ကုန်သွယ်ရေး ၁၂ သဘောတူစာချုပ် ချုပ်ဆို သည်။ ချုပ်ဆိုပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးအောဘယ်လ်နှင့် ထိုင်း နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး မစ္စတာ ပဏာပတ်စ်လင်ပါဘန်ဒုတို့ တက်ရောက်သည်။

ဘောဂိလုံခေတ်နှင့် အပြိုင် ထွန်းကားခဲ့သော ရွှေနှစ်ပေါင်း ၄၀၀၀ ခန့်က မက်ဆိုပိုတေးမီးယားခေတ် မြို့ဟောင်း တစ်မြို့ကို အီရတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးအောဘယ်လ် ခေါင်းဆောင်သော မြန်မာ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ချောင်မြို့တွင် ကျင်းပမည့် (၆၀) ကြိမ်မြောက် နွေဦးထွက်ကုန် ကုန်စည် ပြပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသည်။

ချင်းနိုင်ငံတွင် ကာကွယ်ရေးဦးစီးချုပ် ဟတ်ဆန် ဂျာမတ်စ်နှင့် ပြည်ထဲရေးဝန်ကြီး အီဗရာဟင် မဟာမက် အစ်တနီတို့ ဦးဆောင်၍ အာဏာသိမ်းရန် ကြံစည်သည်ကို သမ္မတ ဟစ်ဆန်နီ ဟာဗရေး၏ သစ္စာခံတပ်များက နှိမ်နင်းနိုင်ခဲ့သည်။ အစ်တနီသည် ဇန်နဝါရီလက နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ သူပုန် ခေါင်းဆောင်ဟောင်း အရှိတ် အီဗင် အွန်မာနှင့် ၁၉၇၇ ခုနှစ်က ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရာတွင် ညှိနှိုင်းပေးခဲ့ဖူးသည်။

ကမ္ဘာ့ရည် ညွှန်း စာ ပေ လော က တွင် ထင်ရှားသည့် အောက်စဖို့အဘိဓာန်ကို ကွန်ပျူတာ နည်းပညာ အကူအညီဖြင့် တည်းဖြတ်မွမ်းမံ ထုတ်ဝေခဲ့သည်။





ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသစ်ဖွင့်ပွဲ

၁၈ ကြည့်မြင်တိုင် ကမ်းနားလမ်း၌ သီရိမင်္ဂလာဈေးသစ် ဖွင့်လှစ်သည်။

ပထမဆုံး အလင်းဖန်မျှင်သုံး ပစိဖိတ် သမုဒ္ဒရာဖြတ် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်း စတင်သည်။ ၎င်းသည် ကာလီဖိုးနီးယားမှ ဂူအမ်ကျွန်းနှင့် ဂျပန်သို့ နှစ်လိုင်းခွဲ ဆက်သွယ်ထားပြီး ဂ,၂၇၁ မိုင် ရှည်လျားသည်။

၂၁ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်း၊အသင်းတိုက်ကို ရန်ကုန်မြို့ ကျူးကြီးလမ်း အမှတ် ၂၄၃/၂၄၇ ၌ ဖွင့်လှစ်သည်။

ကာလကြာမြင့်စွာ ဖြစ်ပေါ်နေသော အရှုပ်တော်ပုံကို အကြောင်းပြု၍ ဂျပန်ဝန်ကြီးချုပ် တာကေရှီတာက ရာထူးမှနုတ်ထွက်ရန် ကမ်းလှမ်းလိုက်ရာ ယင်းကမ်းလှမ်းချက်ကို အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ခေါင်းဆောင်များက လက်ခံလိုက်ကြသည်။

၂၆ ပြည်ထောင်စု မြန်မာနိုင်ငံ ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၁)လီမိတက်ကို ကုန်သွယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ် ၁/၇၉ ဖြင့် ဖွဲ့စည်းသည်။

၂၇ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဥပဒေအမှတ် ၁၂/၇၉ အဖြစ် ပြဋ္ဌာန်းသည်။

၂၈ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ ခေါင်းဆောင်သည့် စစ်ဘက်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်တပ်မတော် ယာယီစစ်သေနာပတိချုပ်နှင့် ထိုင်း ကြည်းတပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

၈ ဂွာတီမာလာနိုင်ငံတွင် သမ္မတ ဗီနီစီယို ဆီရေဇိုး ခေါင်းဆောင်သော အရပ်သား အစိုးရကို လေတပ် အရာရှိနှင့် တပ်သားအချို့က ဖြုတ်ချ၍ အာဏာသိမ်းယူရန် ကြံစည်ဆု အစိုးရ၏ သစ္စာခံတပ်များက ဟန့်တားနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ် မေလကလည်း အလားတူဖြစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။

၉ ဗိုလ်စိုးယားနိုင်ငံတွင် သမ္မတ ရွှေးကောက်ပွဲ ပထမအဆင့်ကိုကျင်းပရာ လက်ရှိအစိုးရ၏ သမ္မတလောင်း ဂွန်ဇာလိုဆန်ရွေးဇ် ဒီ လိုဇာဒါက စစ်အုပ်ချုပ်ရေးမှူး ဟောင်း ဗိုလ်ချုပ်ကြီး ဟူးဂိုး ဘင်ဇာကို အနိုင်ရရှိခဲ့သည်။

ပနားမားနိုင်ငံသမ္မတရွေးကောက်ပွဲတွင် စစ်ခေါင်းဆောင်ဗိုလ်ချုပ်ကြီးမင်ရှယ်အန်တိုနီယို နိုရီယေးဂါး ထောက်ခံသော သမ္မတလောင်း ကာလို့စ် ဒူကေးနှင့် အတိုက်အခံ သမ္မတလောင်း ဂီလာမို အာဒါရာတို့သည် အနိုင်ရရှိကြောင်း အပြန်အလှန်ကြေညာခဲ့ကြပြီးနောက် ရွေးကောက်ပွဲ ခုံသမာဓိ

မေလ

၁ ပါရာဂွေးနိုင်ငံတွင် အာဏာရှင် အဲလဖရက်ဒို စထရိုး အက်စနာကို လွှန်ခဲ့သော သုံးလက ဖြုတ်ချခဲ့သော ဗိုလ်ချုပ်ကြီး အန်ဒရက် ရိုဒရီဂွက်ဇ်သည် သမ္မတ ရွေးကောက်ပွဲ၌ ဆောက်ခံမဲ ၇၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။

ကမ်ပူးချား ပြည်သူ သမ္မတနိုင်ငံကို ကမ္ဘောဒီးယားနိုင်ငံဟု ပြောင်းလဲခေါ်ဝေါ်ရန် အမျိုးသား လွှတ်တော်က ဆုံးဖြတ်သည်။ မင်းသားကြီး သီဟာနု၏ ဦးဆောင်မှုဖြင့် ၁၉၅၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ လက်အောက်မှ လွတ်လပ်ရေးရခဲ့စဉ်က ကမ္ဘောဒီးယားဘုရင့်နိုင်ငံဟု လည်းကောင်း၊ မာရှယ်လုန်နိုး ဦးဆောင်သော စစ်တပ်က သီဟာနုကို ဖြုတ်ချ၍ အာဏာသိမ်းယူခဲ့စဉ်က ခမာ သမ္မတနိုင်ငံဟုလည်းကောင်း၊ ၁၉၇၅ ခုနှစ် ဧပြီလတွင် ခမာနီတို့က လုန်နိုး အစိုးရကို ဖြုတ်ချခဲ့စဉ်က ဒီမိုကရက်တစ် ကမ်ပူးချားနိုင်ငံဟု လည်းကောင်း အသီးသီးခေါ်ဝေါ်ခဲ့ဖူးသည်။

၃ အီဂျစ်နိုင်ငံ ဆေလာမြို့အနီး သန့်ရှင်းတစ်ခု၏ ထုံးကျောက်တန်းအောက်မှ အဖိုးမဖြတ်နိုင်သော ရွှေမျက်နှာဖုံးစွပ်ကို ဆင်မြန်းထားသည့် ပကတိအတိုင်းရှိအောင် ဆေးစိမ်ထားသော ခရစ်မပေါ်မီနှစ် ၁၀၀ ခန့်က အမျိုးသမီးရုပ် အလောင်း တစ်လောင်းကို တူးဖော်တွေ့ရှိခဲ့ကြောင်း ဘရစ်ဟန်ယန်တက္ကသိုလ်၊ ရွှေးဟောင်းသုတေသန ပညာရှင်များအဖွဲ့မှ ပါမောက္ခ ဝီးလ် ဖရက် ဂရစ်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်က မြန်မာ့သမိုင်းဖြစ်ရပ်အမှန် ရေးသားပြုစုရေးကိစ္စကို မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြသည်။ အစိုးရအဖွဲ့အစည်းအဝေးက ပညာရေးဝန်ကြီးဌာနကိုတာဝန်ပေးအပ်၍ လေ့လာရေးသားပြုစုရန် ဆုံးဖြတ်သည်။

ရုံးက ရွေးကောက်ပွဲကို ဖျက်သိမ်းကြောင်း ကြေညာသည်။

၁၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း၊ တပ်မတော်နည်း ဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ကိုလည်းကောင်း ပြဋ္ဌာန်းလိုက်သည်။

၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ရာ ပြည်တွင်း ပြည်ပ သတင်းစာ ဆရာများ၏ မေးမြန်းချက်များ နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ဆန်စပါး သည် ပြည်တွင်း၌ အလုံအလောက်ရှိပြီး စျေးနှုန်း ကြီးမြင့်ခြင်းမှာ ကုန်သည်များနှင့် တောင်သူလယ်သမား အကြား စျေးကစား နေခြင်းကြောင့် ဖြစ်သည်ဟု ထည့်သွင်း ဖြေကြားခဲ့သည်။

၁၉၂၁ ခုနှစ်တွင် တည်ထောင်ခဲ့သည့် နိုင်ငံတကာစာရေးဆရာအသင်း(ပင်)ဥက္ကဋ္ဌ အဖြစ် သုံးနှစ်ထမ်းဆောင်ခဲ့သော ဗြိတိသျ စာရေးဆရာ ဖရန့်စစ် ကင်း၏ နေရာကို ဆက်ခံရန် ပြင်သစ်ကဗျာဆရာ ရေနီတာ ဗာ းနီး ယား အား ရွေး ချယ် တင် မြှောက်သည်။

ကလေးများတွင် အ ဖြစ် များ သည့် အော်တစ်ဇင်ခေါ် စိတ်ကွန့်မြူးသည့်ဝေဒနာ သည် စိတ်ထောဂါ တစ်ရပ် မဟုတ်ကြောင်း၊ ဦးနှောက်ထိခိုက်ပျက်စီးမှုကြောင့် ဖြစ်ပေါ် ရသော ဝေဒနာဖြစ်ကြောင်းဖြင့် စတော့ ဟုမ်းမြို့တွင် ကျင်းပသော အော်တစ်ဇင် ထောဂါဆိုင်ရာ ကမ္ဘာ့ညီလာခံ၌ ကလေးစိတ် ထောဂါ အထူးကု ပါမောက္ခ ဂီးလဗတ်က ပြောကြားသည်။

၁၄ အာ ဂျင်တီး နာ း နိုင် ငံ သမ္မတ ရွေးကောက်ပွဲ၌ ပီ ရွန် ဝါ ဒီ ပါ တီ ၏ သမ္မတလောင်း ကာလို့စ် ဆော မေနမ်က အာဏာရ ရက်ဒီကယ် စီဗစ် ယူနီယန်ပါတီ၏ သမ္မတလောင်း အက်ဒွာဒို အန်ဂေလော့ဇ်ကို အနိုင်ရရှိခဲ့သည်။

၁၅ ယူကိုစလားဗီးယားနိုင်ငံတွင်အနောက် နိုင် ငံ ရွေးချယ် တင်မြှောက်ပုံ စနစ် အရ ပထမဆုံး ရွေးချယ် တင်မြှောက် ခံရ သော သမ္မတ ယာနက် ဒါနိုဆက် (၃၉ နှစ်) သည် ကျမ်းသစ္စာ ကျိန်ဆိုသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်အား ထိုင်းဘုရင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဒုတိယ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ပတ်အက်ကာနိဘွတ် တွေ့ဆုံနှုတ်ဆက်စဉ်

၁၆ နိုင်ငံတော် ငြိမ်ဝပ် ပိပြား မှု တည်ဆောက်ရေး အဖွဲ့၏ သတင်း ထုတ်ပြန်ရေးအဖွဲ့က ကာကွယ်ရေးဝန်ကြီး ဌာန ညှိနှိုင်းမှု ၃၉ ကြိမ်မြောက် သတင်း စာ ရှင်းလင်းပွဲ ပြုလုပ်ရာ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများ၏ မေးမြန်းချက် များကို ဖြေကြားရာတွင် အစိုးရက ဆန်စျေး

၁၇ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံး ကျင်းပသည့် ဆိုဗီယက်–တရုတ် ထိပ် သီးဆွေးနွေးပွဲအတွက် ပီကင်းသို့ ရောက်ရှိ လာသော ဆိုဗီယက်ပြည်ထောင်စု သမ္မတ မိခါယီး ဂေါ် ဘာချော့ တရုတ်နိုင်ငံ သမ္မတ ယန်ရှန်ကွန်းနှင့် တရုတ် ပြည်သူ ခန်းမ၌ တွေ့ဆုံ ဆွေးနွေးသည်။



အာရပ်အဖွဲ့ချုပ်ထိပ်သီးအစည်းအဝေးသို့ ၁၉၇၉ ခုနှစ် မေလနောက်ပိုင်းတွင် ပထမဆုံး တက်ရောက်လာသော အီဂျစ်နိုင်ငံ သမ္မတ ဟော့စနီ မူဘာရက် (ဝဲစွန်)နှင့် အိမ်ရှင် မိုရော့ကိုနိုင်ငံဘုရင် ဟတ်ဆန်

၂၀ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်၍ ၂၃ ထိုင်းအစိုးရ ဌာနဆိုင်ရာမှ ပုဂ္ဂိုလ် ၂၁ ဦး၊ ပုဂ္ဂလိက လုပ်ငန်းရှင်ကြီး ၁၇ ဦး နှင့် သတင်းစာဆရာ နှစ်ဦး ပါဝင်သော ထိုင်း ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်သည်။

၂၁ အီဂျစ်နိုင်ငံသည် အာရပ်အဖွဲ့ချုပ်သို့ ပြန်လည် ဝင်ရောက်ခွင့် ရရှိသည်။ အစ္စရေး နိုင်ငံနှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုခဲ့သောကြောင့် ၁၉၇၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် လစ်ဗျနိုင်ငံ၊ ဆီးရီးယား နိုင်ငံနှင့် ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) တို့၏ တောင်းဆိုချက် အရ အာရပ် အဖွဲ့ချုပ်က အီဂျစ်နိုင်ငံကို ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

၂၁ နေအိမ်တွင်ပင် ဖခင်က ပညာသင် ကြားပေးခဲ့ပြီး အသက် ၁၁ နှစ်သမီး အရွယ်၌ အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားခွင့် ရခဲ့၍ ၁၃ နှစ် အရွယ်၌ အောက်စဖို့မှ ဘွဲ့ရခဲ့သော ဗြိတိန်နိုင်ငံမှ အသက် ၁၇ နှစ် အရွယ်ရှိ သခင်္ဂါ ပါရမီရှင် အမျိုးသမီးကလေး ရှယ် လောရင့်စ်သည် အမေရိကန် ပြည်ထောင်စု ဟားဗတ် တက္ကသိုလ်၌ ဥယျာဉ်ကထိကရာထူး ထမ်းဆောင်ရန် လက်ခံလိုက်သည်။


၂၂ အမေရိကန် ပြည်ထောင်စု ကျန်းမာရေး သုတေသနအဖွဲ့မှ ဒေါက်တာ စတီဗင် အေ ရိုဆင်းဗဲ့ ခေါင်းဆောင်သော ကင်ဆာရောဂါသုတေသနပညာရှင်အဖွဲ့သည် လူသား မဟုတ်သော မျိုးဗီဇကို လူသား ကင်ဆာရောဂါရှင်၏ ကိုယ်တွင်းသို့ပထမဆုံး အကြိမ် အောင်မြင်စွာထိုးသွင်းနိုင်ခဲ့သည်။

ခန္ဓာကိုယ်ပြင်ပ မျိုးစပ် သန္ဓေတည်ခြင်း (အိုင်ဗီအက်ဖ်) ခေါ် ဖန်ပြုန် သန္ဓေသား နည်းပညာဖြင့် မွေးဖွားသော ကလေးငယ် ၆၀၀ ခန့်သည် အင်္ဂလန်နိုင်ငံ ဘုန်းမြို့တွင် ကျင်းပသော မိတ်ဆုံပွဲသို့ တက်ရောက်ကြသည်။ ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၌ ပထမဆုံး ဖန်ပြုန်သန္ဓေသား လူစီ ဘရောင်းကို မွေးဖွားခဲ့ပြီးနောက် ပိုင်းတွင် ကမ္ဘာတစ်ဝန်းလုံး၌ ဖန်ပြုန်သန္ဓေသား နည်းပညာဖြင့် ကလေး ၁၀,၀၀၀ ခန့်ကို မွေးဖွားခဲ့ပြီး ဖြစ်သည်။

၂၃ ထိုင်း–မြန်မာ နယ်စပ်တစ်လျှောက် ဖြစ်ပေါ် တိုးတက်မှုများနှင့် ပတ်သက်၍ တပ်မတော်အကြီးအကဲများနှင့်ဆွေးနွေးညှိနှိုင်းရန် ထိုင်းဘုရင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဒုတိယစစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ပတ်အက်ကာနီဘွတ်နှင့်အဖွဲ့မြန်မာနိုင်ငံသို့ရောက်ရှိသည်။ ည့ွှေသည်ဗိုလ်ချုပ်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ တွေ့ဆုံနှုတ်ဆက်သည်။

၂၅ ဗိုလ်ချုပ်ကြီးစောမောင် ဦးဆောင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ဦးဘဌေး ဦးဆောင်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တို့သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ (ဒုတိယမူကြမ်း)နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ တွေ့ဆုံဆွေးနွေးကြသည်။

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရုံးခန်း၌ ပြုလုပ်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် မြန်မာ့သမိုင်း ဖြစ်ရပ်မှန်ရေးသားပြုစုရေး ကော်မတီတို့၏ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ



အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်၌ ဥယျာဉ်ကထိက ဖြစ်လာသော အသက် ၁၇ နှစ်အရွယ်ရှိ သခင်္ဂါပါရမီရှင် ဗြိတိန်အမျိုးသမီးလေး ရှယ် လောရင့်စ်

ဗိုလ်ချုပ်ကြီး စောမောင်က အမှာစကား ပြောကြားသည်။

မော်စကိုမြို့တွင်ကျင်းပသော ဆိုဗီယက် ပြည်သူကိုယ်စားလှယ်များ၏ ကွန်ဂရက်က ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မိခါယီး ဂေါ်ဘာချေ့အား ဆိုဗီယက်သမ္မတအဖြစ် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ် တင်မြှောက်လိုက်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေး အဖွဲ့က ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ခန်းမဌာန အကြိမ် (၄၀) မြောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ မြန်မာအခေါ်အဝေါ် အရေးအသားတို့ကို မှန်မှန်ကန်ကန် ရေးသားရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ Burma အသံထွက်မှာ မှားယွင်းနေ၍ Myanmar သာဖြစ်သင့်သောကြောင့် နောင်တွင် Union of Myanmar ဟု ခေါ်ဝေါ်ရေး သားမည် ဖြစ်ကြောင်း ဆည့် သွင်း ရှင်းလင်းသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ၂၉ တည်ဆောက်ရေး အဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ခန်းမဌာန (၄၁) ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ရာ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဖြေကြားရာတွင် ဒေကြေးများကို တန်ပိုးလျော့ချခြင်း၊ တရားမဝင်ကြေညာခြင်း ပြုလုပ်မည် မဟုတ်ကြောင်း ထည့်သွင်း ရှင်းလင်း ဖြေကြားသည်။

ဖြိုတီသျှ ကိုလိုနီ နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲတွင် ထင်ရှားခဲ့သော ပါကစ္စတန် ခေါင်းဆောင် အမှဒူ ဂဖားခန် အထိမ်းအမှတ် ငြိမ်းချမ်းရေးဆုတံဆိပ်ကို ဆိုဗီယက် ခေါင်းဆောင် ဂေါ်ဘာချေ့အား ချီးမြှင့်ရန် ပါကစ္စတန် ပြည်သူအမျိုးသားပါတီညီလာခံက ဆုံးဖြတ်ထောက်ခံလိုက်သည်။

ဆိုဗီယက် ပြည်သူလွှတ်တော်က အနာတိုလီ လူကီယာနေ့အား ဒုတိယ သမ္မတအဖြစ် အမျှားစု ဆန္ဒမဲဖြင့် ရွေးချယ် တင်မြှောက်လိုက်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု ၃၀ တည်ဆောက်ရေး အဖွဲ့သည် ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၈၉ ဖြင့် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ပဋိပက္ခ တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

၄နှိုလ

၁ စိမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဌိုလ်မှူးကြီးအောဘယ်လ် ခေါင်းဆောင်သော အဖွဲ့နှင့် ရန်ကုန်မြို့တွင် ထောက်ရှုနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အတွင်းဝန်မစ္စတာ ကိုရွတ်အာလမ် ခေါင်းဆောင်သော အဖွဲ့သည် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို အပြီးသတ် ညှိနှိုင်းဆွေးနွေးကြသည်။

၂ ဂျပန်နိုင်ငံ၏ ၁၈ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ဆိုဆူကီ အူနို ရွေးချယ် တင်မြှောက်ခြင်း ခံရသည်။ ၂၁ ဦး ပါဝင်သော အစိုးရသစ်ကို ဖွဲ့စည်းသည်။

၃ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းတပ်မတော်မှ ဒေသ ဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး နရွဒွန် ဒက်ဂျပရာဒီယု နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

၄ ပညာရေး ဝန်ကြီးဌာန အောက် ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ အခြေခံပညာ မူလတန်းများကို ၁၉၈၉–၉၀ ပညာသင်နှစ် အတွက် ၁၉၈၉ ခုနှစ် ဇွန်လ ၁၉ ရက် (တနလ်ာနေ့)မှ စ၍ ဖွင့်လှစ် ခွင့် ပြုကြောင်း ပညာရေးဝန်ကြီးဌာနက ကြေညာသည်။

မြန်မာ–ထိုင်း နှစ်နိုင်ငံ ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး ပြုလုပ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ဖက်စပ် ကော်ပိုရေးရှင်း အမှတ် (၂) လီမိတက်ကို ကုန်သွယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၂/၈၉ ဖြင့် ပွဲစည်းသည်။

၁၃ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဌာန၏ အနာပေါက်ကူသမ္မ သုတေသနယူနစ် ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ဗဟန်း ငါးထပ်ကြီးဘုရားလမ်း အမှတ် ၉၀ ရှိ ပြည်သူ့ဆေးရုံ (တိုင်းရင်းဆေး) ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး တက်ရောက်သည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ ဆူပါမစ်ဒယ်ဝိတ် သရဖူကာကွယ်ပွဲတွင် ရှူးဂါးရေးလီယို နတ်နှင့် စိန်ခေါ်သူ သောမတ်စ်ဟန်းစ်တို့ ၁၂ ချီ ယှဉ်ပြိုင် ထိုးသတ်ရာ သရေပွဲဖြစ်သွားသဖြင့် လီယိုနတ်က ချန်ပီယံဘွဲ့ကို ဆက်လက် ထိန်းသိမ်းသွားသည်။

တိုင်တန်းနစ် သဘော်ကို ၁၉၈၆ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သော အဏ္ဏဝါသိပ္ပံပညာရှင် ရောဗတ် ဘောလတ်က ပြင်သစ်နိုင်ငံ ဘရစ်တန်နီ ကမ်းခြေမှ မိုင် ၆၀၀ အကွာရှိ ပေပေါင်း ၁၅,၀၀၀ နက်သော နေထွတ်ငှာ ဘစ္စမတ်အမည်ရှိ ဂျာမန်စစ်သင်္ဘောကြီးကို တွေ့ရှိကြောင်း ကြေညာသည်။ ၄၁,၇၀၀ တန်ရှိ ယင်းစစ်သင်္ဘောကြီးကို ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ဗြိတိသျှရေတပ်သင်္ဘောများက ပစ်ခတ်နှစ်မြှုပ်ခဲ့ခြင်းဖြစ်သည်။

၁၄–၁၆ ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေဦး ကျင်းပသည်။ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် ဩဂါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များအား ကာကွယ်ရေး ဝန်ကြီးဌာနက ပထမနေ့တွင် တစ်နေ့တာ ဆွမ်း၊ ကွမ်း၊ အဖျော်ရည်များ ဆက်ကပ် လှူ ဒါန်း ရာ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်ကိုယ်တိုင် လှူ ပွဲယ် ဝတ္ထု များ ဆက်ကပ်ပြီး ရေစက်ချ အမျှပေးဝေသည်။

၁၇ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက် ရှိသော ၇၆ ကြိမ် မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က မိန့်ခွန်းပြောကြားသည်။



ဟန်ဂေရီနိုင်ငံတွင် ၁၉၅၆ ခုနှစ်က သေဒဏ်စီရင်ခံရသည့် ဝန်ကြီးချုပ် အင်မရီနာဂီ(အတွင်းပုံ)၏ ဓာတပနအခမ်းအနား

၁၆–၁၇ ဟန်ဂေရီနိုင်ငံ၌ ၁၉၅၆ ခုနှစ် နိုဝင်ဘာလတွင် လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးအုံကြွမှုကို ဆိုဗီယက်တပ်များ ဝင်ရောက် ချေမှုန်းခဲ့စဉ် ဝန်ကြီးချုပ်အဖြစ်မှ ဖယ်ရှားခံရပြီး ၁၉၅၈ ခုနှစ်တွင် လျှို့ဝှက်ခုံရုံးတစ်ရပ်က သေဒဏ် စီရင်ခြင်းခံရသူ ဝန်ကြီးချုပ်ဟောင်း အင်မရီ နာဂီကို ပြန်လည် ဂုဏ်ပြုသည့် ဓာတပနအခမ်းအနားကို ဟန်ဂေရီအစိုးရက ကြီးမှူးကျင်းပသည်။ နောက်တစ်နေ့တွင် ဟန်ဂေရီ ပါလီမန်သည် နိုင်ငံတော်ကိုဆန့်ကျင်သော နိုင်ငံရေးပြစ်မှုများအတွက် သေဒဏ် စီရင်ခြင်းကို ပျက်သိမ်းသည်။

၁၈ အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရန် ကုန် မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေကို ဥပဒေအမှတ် ၁၅/၁၉ ဖြင့် လည်းကောင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ဥပဒေအမှတ် ၁၆/၁၉ ဖြင့်လည်းကောင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သီချင်းပါ "ဗမာ" ဟူသော စကားရပ်ကို "မြန်မာ" ဟူသည့် စကားရပ်ဖြင့် ပြောင်းလဲရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၂/၁၉ ကို အတွင်းရေးမှူး (၁) လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာသည်။

အင်္ဂလိပ် အသံထွက်ဖြင့် မြန်မာအမည်များကို မြန်မာအသံထွက်အတိုင်း ရေးသားခေါ်ဝေါ်သုံးနှုန်းရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် ၅/၁၉ ကို ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့ လူဦးရေသည် ၁၉၁၀ ခုနှစ်လယ်တွင် ၅ ဒသမ ၁ ဘီလီယံ (သန်းပေါင်း ၅,၁၀၀) ရှိပြီး နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်းတိုး တက် လျက် ရှိ ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

ဆိုဗီယက် စစ်ဘက်ဆိုင်ရာ စက် ရုံ များသည် လူသုံးပစ္စည်းများပြောင်းလဲထုတ်လုပ်ခဲ့ရာ လူသုံးကုန်ပစ္စည်း ၄၀ ရာခိုင်နှုန်းကို ၁၉၁၀ ခုနှစ်တွင်ထုတ်လုပ်ခဲ့ပြီး ၁၉၅၁ ခုနှစ် အရောက်တွင် ၄၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ဆိုဗီယက် ကာ ကွယ် ရေး ဝန်ကြီးဌာနက ပြောကြားသည်။

JP ဖွံ့ဖြိုးဆဲ ၇၇ နိုင်ငံအုပ်စု၏ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ စ တင် ဖွင့် လှစ်သည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇၇) သင်တန်းဆင်းပွဲ ကျင်းပသည်။

(၁၅) ကြိမ်မြောက် အရွေတောင်အာရှအားကစားပြိုင်ပွဲအတွက် ပြေးခုန်ပစ် လူရွေးပွဲများ ကျင်းပရာတွင် အမျိုးသား မီတာ ၄၀၀၊ အမျိုးသမီး ၅ ကီလိုမီတာ လမ်းလျှောက်နှင့် အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲများတွင် မြန်မာပြည် စံချိန်ဟောင်းသုံးခု တင်နိုင်သည်။

၂၆ အိပ်ရေးပျက်ခြင်းကြောင့် မှတ်ဉာဏ်ထိခိုက် နိုင် ကြောင်း အမေရိကန် ပြည်ထောင်စု အွန်တေရီယိုပြည်နယ် ပီတာ

ဘာရာမြို့၊ ထရန့် တက္ကသိုလ်မှ စိတ် ပညာ ပါမောက္ခ ကလိုင်းစမစ်သ်က ပြောကြား သည်။

၂၇ ဖလော်ရီဒါကီးစ်ကမ်းခြေအလွန်တွင် ပေ ၁,၅၀၀ အနက်၌ ၁၇ ထပ် စုနှစ် စပိန် ရွက်သင်္ဘောကြီးတစ်စင်းကို ခေတ်မီ ရေငုပ်စက်ရွယ်များ၏ အကူအညီဖြင့် ရှာဖွေ တွေ့ရှိသည်။ ၁၉၀၅ ခုနှစ်က လှေဝမ်းအပြည့် ရတနာများနှင့်အတူတွေ့ရှိခဲ့သော နူယက်စ ထရာ ဆီနိုရာ ဒီ အာတိုချာ သင်္ဘောကြီး နှင့် တစ်အုပ်စုတည်းဝင်သင်္ဘောဖြစ်သည်ဟု ယူဆရသည်။ သင်္ဘော ၁၆ စင်းပါဝင်သော ရတနာတင်သင်္ဘောအုပ်စုသည် ၁၆၂၂ ခုနှစ် က မုန်တိုင်းမိ၍ နစ်မြုပ်ခဲ့သည်။

၂၇ စာရွက် စာတမ်းများကို တရားမဝင် ထုတ်ပြန်နေသော အဖွဲ့အစည်းများ အား အ ရေး ယူ ခြင်း နှင့် ဆိုင်သော နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၃/၈၉ ကို အတွင်းရေးမှူး (၁) က လက်မှတ်ရေးထိုး၍ ထုတ်ပြန်သည်။

ဆိုဗီယက် ပြည် ထောင်စု ဘူဏ္ဍယတ် ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ အူလန်အူဒေ မြို့တော်တွင် အာရှဗုဒ္ဓဘာသာငြိမ်းချမ်းရေး ညီ လာ ခံ အ လုပ် အ မှူ ဆောင် ကောင် စီ အစည်းအဝေး ကျင်းပရာ ဘင်္ဂလားဒေ့ရှ်၊ ဗီ ယက် နမ်၊ အိ နို္ဒ ယ၊ ကမ်ပူး ချား၊ တောင်ကိုရီးယား၊ လော၊ မွန်ဂိုလီးယား၊ နီပေါ၊ ဆိုဗီယက်၊ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန် နှင့် တိဗက် ကိုယ် စား လှယ် များ တက်ရောက်သည်။

၄ လိုင်လ


၅ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ် ချုပ်ကြီး စောမောင်နှင့် ပြည်တွင်း ပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ တွေ့ဆုံသည့် အခမ်းအနားကို ကာကွယ်ရေးဝန်ကြီး ဌာန ညွှေ့ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ဗိုလ်ချုပ်ကြီးစောမောင်က မိန့်ခွန်းပြော ကြားသည်။

၆ ကုလသမဂ္ဂ အ တွင်း ရေး မှူး ချုပ် ဟာဗီးယား ပဲရက်စ် ဒေကွေးလျား သည် အီရန်–အီရတ်စစ်ပွဲပြီးဆုံးရေးအတွက် ၎င်း၏ ငြိမ်းချမ်းရေး အားထုတ်ကြိုးပမ်းမှု အခန်းကဏ္ဍကို ဂုဏ်ပြုချီးမြှင့်သည့် ရွှေချိုး ငြိမ်းချမ်းရေးဆုကို ရောမမြို့၌ လက်ခံရယူ သည်။ အ ဆို ပါ ဆု ကို အီ တ လီ နိုင် ငံ လက်နက် ဖျက်သိမ်းရေးအဖွဲ့နှင့် အီတလီ နိုင်ငံလုံးဆိုင်ရာ စားသုံးသူသမဝါယမအသင်း တို့က တီထွင် ချီးမြှင့်ခြင်းဖြစ်သည်။

၈ ပြည်နယ် အုပ် ချုပ် ရေး မှူး အဖြစ် သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံရေး အကျဉ်းသားတစ်ဦးလည်းဖြစ်ခဲ့ရသူ ကာလိုစ် မေနမ်သည် အာဂျင်တီးနားနိုင်ငံ၏ ၎၆ ဆက် မြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆို သည်။ မေနမ်၏ ပီဂျန်ဝါဒီ ပါတီသည် ၁၉၇၆ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် လည်းကောင်း၊ ၁၉၅၆ ခုနှစ် နောက်ပိုင်းတွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း အာဏာ ပြန်လည်ရရှိခြင်း ဖြစ်သည်။

ကမ္ဘာ့တင်းနစ်ချန်ပီယံ စတက်ဖီဂရပ်ဖ်နှင့် ဘောရစ်ဘက်ကာ





ရေဒါစက်ကွင်းကိုရှောင်နိုင်သော ဘီ – ၂ စတဲ့လ်သ် ဗုံးကြဲလေယာဉ် ပထမဆုံး စမ်းသပ်ပျံသန်းစဉ်

၈ ဝင် ဘယ်လ် တန် တင်း နစ် ဖ လား ဗို လ်လုပ္ငံတွင် အမျိုးသားတစ်ဦးချင်း ဗို လ်လုပ္ငံ၌ ဘောရစ် ဘက်ကာက လက်ရှိ ချန်ပီယန် စတီဖင် အက် ဗဲ ရ်ဂ် ကို လည်း ကောင်း၊ အမျိုးသမီး တစ်ဦးချင်း ဗို လ်လုပ္ငံ၌ လက်ရှိချန်ပီယန် စတက်ဖီဂရပ်ဖ်က မာတီနာ နာဗရာတီလိုဗာကို လည်းကောင်း အနိုင် ရ ရှိ သည်။ ဘက်ကာ သည် ဒေါ် လာ ၃,၁၃,၅၀၀ ကိုရရှိ၍ ဂရပ်ဖ် သည် ဒေါ် လာ ၂,၀၂,၁၅၀ ကို ရရှိသည်။

၁၂ ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး ၅ ဦး ၏ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (ယူအင်ဒီပီ) နှင့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံအဖွဲ့ (အန်တက်) ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောက်အခွန် ဆိုင်ရာ ယေဘုယျ အခွင့်အရေးပေးမှုစနစ် (ဂျီအက်စ်ပီ) နှင့် ပတ်သက်သည့် ဆွေးနွေး ပွဲကို ရန်ကုန်မြို့ရှိ ကုန်သွယ်ရေး ဦးစီးဌာန အဆောက်အအုံတွင် ကျင်းပသည်။

၁၃ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး စစ်တရားခံ ဖြစ်ခဲ့၍ ၁၉၄၈ ခုနှစ်တွင် နိုင်ငံတကာစစ်ခုံရုံး ၏ တစ်သက်တစ်ကျွန်းအပြစ်ဒဏ် ချမှတ်ခံခဲ့ ရပြီး ၁၉၅၅ ခုနှစ်တွင် တိုကျိုမြို့ရှိ ဆူဂါမို စစ်အကျဉ်းထောင်မှ ခံဝန်ချုပ်ဖြင့် လွှတ်ခဲ့ သော ဂျပန် ဘုရင့် ကြည်း တပ် ဒုတိယ ဗို လ်ချုပ်ကြီး တိုင်အီချိ ဆူဇူကီး (၁၀၀ နှစ်) သည် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

၁၄ ကမ္ဘာ့ ပထမဆုံး အမျိုးသမီးအဖြစ် ၁၉၆၃ ခုနှစ်က အာကာသသို့ တက် ရောက်ခဲ့သူ ဆိုဗီယက် အာကာသယာဉ်မှူး ဗလင်တီနာ ထရက်ရှ်ကိုဗာအား မော်စကို မြို့တွင် ရောက်ရှိနေသည့် ထိုင်း မင်းသမီး ကလျာဏီ ဝတ္တနာက သွားရောက် တွေ့ဆုံ သည်။

၁၅ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ၁၆ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်း မှူး၊ အနောက် မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့အား မိ မိ တို့ ကြီး ကြပ် ကွပ် ကဲ ရသော စစ်တိုင်း နယ်မြေအတွင်း ကျင့်သုံး နိုင်ရန် စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေး ဆိုင်ရာ မာရှယ်လောအာကာကို အပ်နှင်း ကြောင်းဖြင့် နိုင်ငံတော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေး အဖွဲ့က မာ ရှယ် လော အမိန့် အမှတ် ၁/၈၉ ကို ထုတ်ပြန်သည်။

ရေဒါစက်ကွင်းကို ရှောင်ရှား ပျံသန်းနိုင် သည့် အမေရိကန် ဘီ–၂ စတဲ့လ်သ် ဗုံးကြဲ လေယာဉ်ကြီးကို ပထမဆုံးအကြိမ် စမ်းသပ် ပျံသန်းသည်။ ဒေါ် လာသန်းပေါင်း ၂၃,၀၀၀ အကုန်အကျခံ၍ ရှစ်နှစ်ကြာ တည်ဆောက် ခဲ့ရသော ဗုံးကြဲလေယာဉ်ဖြစ်သည်။

၁၉ (၄၂) နှစ် မြောက် အာဇာနည်နေ့ အခမ်းအနားကို အာဇာနည် ဗိမာန်၌ ကျင်းပရာ နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား နိုင်ငံ တော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ယဉ် ကျေး မှု ဝန် ကြီး ဌာ န နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗို လ်ချုပ် ဘုန်းမြင့် တက်ရောက်သည်။

၁၉–၂၀ ပို လန်နိုင်ငံ အမျိုးသားလွှတ်တော်က ပထမဦးဆုံး သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရသော ဗို လ်ချုပ်ကြီး ဗို စီယက် ယာရူဇယ်စကီးသည် ပို လန်ကွန်မြူ နစ်ပါတီ ပထမ အတွင်းရေးမှူး ရာထူးကို စွန့်လွှတ်ရာ ဝန်ကြီးချုပ် မိယက်ဇီဆလော ရာကောစကီးက ယင်းပါတီရာထူးကို ဆက်ခံ သည်။ သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂကိုချေမှုန်းရန် မာရှယ်လောမပြဋ္ဌာန်းမီ နှစ်လအလို ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှစ၍ ယာ ရူ ဇယ် စ ကီး သည် ကွန် မြူ နစ် ပါ တီ ကို ဦးဆောင်လာခဲ့ခြင်း ဖြစ်သည်။

နိုင် ငံ တော် ငြိမ် ဝပ် ပိ ပြား မှု ၂၀ တည်ဆောက်ရေး အဖွဲ့သည် သက် ဆိုင်ရာ တရားရုံးကချမှတ်ထားသော စီရင် ချက်အရ ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသား များအား ပြစ်ဒဏ် ပြောင်းလဲလျော့ပေါ့ရန် လည်းကောင်း၊ ၁၈–၉–၈၈ နေ့နှင့် ထိုနေ့ မတိုင်မီ ပြစ်မှု တစ်ခုခုနှင့် စပ်လျဉ်း၍ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အများကို ပိတ်သိမ်းစေရန် လည်းကောင်း အမိန့် အမှတ် ၄/၈၉ ကိုထုတ်ပြန်သည်။ နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ မတရားအသင်း အက်ဥပဒေအရ စွဲဆိုထားသော အမှုနှင့် အရေးပေါ် စီမံမှု အက်ဥပဒေအရ စွဲဆိုထား သော အမှုများနှင့် လည်းကောင်း၊ တရားရုံး များတွင် ဦးတိုက်လျှောက်ထား စွဲဆိုသော ပြစ် မှု ဆိုင် ရာ အ မှု များ နှင့် သော် လည်း ကောင်း သက်ဆိုင်ခြင်း မရှိစေရဟု ယင်း အမိန့်တွင် ဖော်ပြထားသည်။

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည့် နိုင်ငံ တော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက် သည့်ဥပဒေ ပုဒ်မ ၁၀(ခ) အရ လုပ်ပိုင်ခွင့် များကို ကျင့်သုံးပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေ အတွင်းရေးမှူး ဒေါ် အောင်ဆန်းစုကြည်တို့ အား တားဆီးမှုပြုလုပ်ထားကြောင်း နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းပြောကြားသည်။

ဘင်္ကာ့ ဒေါ်လာသန်း ၂၀၀ အလွဲသုံးစားမှုတွင် ပါဝင်ဖွယ်ရှိသော ဝန်ကြီးချုပ်ဟောင်း ပါပန်ဒရီယိုအား စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဂရိနိုင်ငံ ပါလီမန်လွှတ်တော်က မဲဖြင့်ဆုံးဖြတ်သည်။

၂၁ ဆိုဗီယက်အစိုးရအဖွဲ့သစ်သည် ယခင်အစိုးရ အဖွဲ့ဝင်များထက် အသက်အရွယ် ငယ်ရွယ်သောသူများဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားကြောင်း၊ အစိုးရအဖွဲ့တွင် ပါရဂူဘွဲ့ရ အသိပညာ အတတ်ပညာရှင်များ၊ သိပ္ပံပညာရှင်များ ပါဝင်လာမှုသည် ဆိုဗီယက်အစိုးရ အဖွဲ့သစ်၏ ထူးခြားချက် ဖြစ်ကြောင်း ဆိုဗီယက်အစိုးရ အဖွဲ့ ဝန်ကြီးချုပ် နီကိုလိုင် ရစ်ဇကော့ကပြောကြားသည်။

၂၄ ဂျပန်ဝန်ကြီးချုပ် ဆိုဆူကီ အူနိုသည် အထက်လွှတ်တော် ရွေးကောက်ပွဲ၌ အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ရှုံးနိမ့်မှုနှင့် ပတ်သက်၍ ၎င်းတွင် တာဝန်ရှိသည်ဟု ယူဆသောကြောင့် ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်မည် ဖြစ်ကြောင်း ကြေညာသည်။

၂၆ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးကော်ပိုရေးရှင်း ပစ္စည်းအရောင်းခန်းမ ဖွင့်ပွဲ အခမ်းအနားကို ပြည်သူ့ကုန်တိုက် တတိယထပ်၌ ကျင်းပသည်။



ရန်ကုန်မြို့ ပြည်သူ့ကုန်တိုက်တွင် ဖွင့်လှစ်သော ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးကော်ပိုရေးရှင်း ပစ္စည်းအရောင်းခန်းမ

၂၆ မန္တလေး အနောက်မြောက်မြို့နယ် မေဃဂီရိရပ်၊ အကွက် (၁၄၅) မှစ၍ မီးလောင်ကျွမ်းရာ အိမ်ခြေပေါင်း ၁,၅၅၄ အိမ် မီးလောင်ကျွမ်းခံရပြီး ငွေကျပ် ၂၃ ကုဋေဖိုး ဆုံးရှုံးခဲ့သည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ကာကွယ်ရေးဝန်ကြီးဌာန ညှိနှိုင်းမှုဖြင့် ပြည်တွင်း ပြည်ပသတင်းစာဆရာများနှင့် တွေ့ဆုံ၍ (၅၁) ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာ မြန်မာနိုင်ငံတွင် လူဦးရေ ၃၉ သန်းခန့် ရှိသည့်အနက် ၁၉၉၀ ပြည့်နှစ်မေလ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ၂၂ သန်းခန့် မဲပေးပိုင်ခွင့်ရှိကြောင်း ထည့်သွင်းရှင်းလင်းသည်။

၃၀ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အဖွဲ့၏ အမိန့်အမှတ် ၄/၈၉ အရ အကျဉ်းသားနှင့် အချုပ်သားပေါင်း ၈,၁၀၃ ဦး လွှတ်ပေးပြီးကြောင်း မြန်မာ့သတင်းစဉ်က သတင်းထုတ်ပြန်သည်။

သြဂုတ်လ

၁– ၁ ချီလီနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက် ၅၄ ချက်နှင့် စပ်လျဉ်း၍ ပြည်သူဆန္ဒခံယူပွဲ ကျင်းပရာ ထောက်ခံမဲ ၈၅ ဒသမ ၆ ရာခိုင်နှုန်း၊ ကန့်ကွက်မဲ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အတည်ပြုခြင်း ခံရသည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဦးတည်သော ယင်း ပြင်ဆင်ချက်များတွင် မဲ့ကာစ်စ်ဝါဒကို တရားဝင် ခွင့်ပြုခြင်း၊ သမ္မတသက်တမ်းကို ရှစ်နှစ်မှ လေးနှစ်သို့ လျှော့ချ၍ လုပ်ပိုင်ခွင့် အာဏာများကိုလည်း လျှော့ချခြင်း စသည်တို့ ပါဝင်သည်။


၁– ၂ အရှေ့ဂျာမနီ နိုင်ငံသားများသည် နိုင်ငံကိုထွက်ခွာ၍လာခဲ့ကြရာ ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ ထွက်ခွာလာသူပေါင်း ၅၀၀၀ ကျော်ပြီဟု အနောက်ဂျာမနီ နိုင်ငံက သတင်း ထုတ်ပြန်သည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေသော ဟန်ဂေရီနိုင်ငံက သြစတြီးယားနယ်စပ်တစ်လျှောက်ရှိ ကီလိုမီတာ ၂၆၀ ရှည်လျားသည့် သံဆူးကြိုး အတားအဆီးများ၏ ထက်ဝက်ကို ဖျက်သိမ်း ပေးခဲ့ပြီးနောက် အရှေ့ဂျာမနီ နိုင်ငံသားများသည် သြစတြီးယားနိုင်ငံကို ဖြတ်၍ ထွက်ပြေးနိုင်ခြင်းဖြစ်သည်။

၂ ပိုလန် နိုင်ငံ ပြည်ထဲရေး ဝန်ကြီးဗိုလ်ချုပ်ကြီး ချက်စလောကီးစ်ရှက်ခ်ကို ပိုလန် ပါလီမန် အောက်လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်သည်။ ထောက်ခံမဲ ၂၃၇ မဲ၊ ကန့်ကွက်မဲ ၁၇၃ မဲ၊ ပျက်ကွက်မဲ ၁၀ မဲဖြင့် ရွေးချယ်ခံရခြင်းဖြစ်သည်။

၃ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ အခြေခံပညာ အလယ်တန်း ကျောင်းများနှင့် အထက်တန်းကျောင်းများရှိ အလယ်တန်းဆင့်များကို သြဂုတ်လ ၁၄ ရက်နေ့မှစ၍ စတင် ဖွင့်လှစ်ခွင့်ပြုကြောင်း ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးက ကြေညာသည်။

ဆရာအတတ်သင်သိပ္ပံနှင့် ကျောင်းများ၊ မူလတန်း ဆရာဖြစ် စာပေးစာယူသင်တန်းများကို သြဂုတ်လ ၂၁ ရက်နေ့မှစ၍ စတင် ဖွင့်လှစ်ခွင့်ပြုကြောင်း ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးက ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်



ဗိုင်ယေကျော – ၂ အာကာသယာဉ်က နက်ပက်ျွန်းကြိုဟ်၏ အကြီးဆုံးလ ထရိုင်တန်ကို ရိုက်ကူးပေးပို့သောစောတ်ပုံ

ရေး အပ္ခဲ့၏ အမိန့်အမှတ် ၄/၁၉ အရ အင်းစိန် ဗဟို အကျဉ်းထောင်နှင့် နယ် အကျဉ်းထောင်များ၊ အလုပ်စခန်း များမှ အကျဉ်းသားများ၊ အချုပ်သား များကို လည်းကောင်း၊ မြို့နယ် ရဲအချုပ်စခန်းများ နှင့် ရဲအချုပ်ထောင်အသီးသီးမှ အချုပ်ခန်း များကိုလည်းကောင်း လွှတ်ပေးခဲ့ရာ တရား ရုံးများက အာမခံ ပေးထားပြီး အမှုပိတ်၍ လွှတ် ပေး သူ များ အပါအဝင် စုစုပေါင်း ၁၇,၆၅၇ ဦးကို လွှတ်ပေးပြီးကြောင်း မြန်မာ့ သတင်းစဉ်က ကြေညာသည်။

အလုပ်လုပ်သော အမျိုးသမီး သည် အလုပ်လုပ်သော အမျိုးသားထက် တစ်ည လျှင် အိပ်ချိန် ၂၅ မိနစ် လျော့နည်း ကြောင်း၊ အလုပ်လုပ်သူသည် အလုပ်မလုပ် သူထက် အိပ်ချိန်နည်းကြောင်း၊ အလုပ်ချိန် တစ်နာရီပိုလုပ်တိုင်း အိပ်ပျော်ချိန် ၁၅ မိနစ် လျော့ကျ သွားတတ်ကြောင်းဖြင့် အမေရိ ကန် ပြည် ထောင် စု မီ ရှိ ဂန် ပြည် နယ် တက္ကသိုလ် သုတေသန ပညာရှင် တစ်စု၏ စာတမ်းတွင် ဖော်ပြသည်။

၃ အီရန်နိုင်ငံ သမ္မတသစ် အလီ အက္ကဘာ ဟာရှီမီ ရာဗ်ဆန်ကျာနီသည် ၂၂ ကျမ်းသစ္စာ ကျိန်ဆိုသည်။ ပြင်သစ် နိုင်ငံတွင် ပညာဆည်းပူးခဲ့ပြီး အီရန် တရား ရေးဝန်ကြီးဖြစ်ခဲ့ဖူးသူ ဟတ်ဆန် အီဗရာဟင် ဟာဘီဘီကို ပထမ ဒုတိယသမ္မတအဖြစ် ခန့်အပ်သည်။

၅ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည် ဆောက် ရေး အပ္ခဲ့ အတွင်း ရေး မှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့်သည် ကာကွယ် ရေးဝန်ကြီးဌာန အမှတ်(၂) ညွှန်ရိပ်သာ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပဂ္ဂိုလ် များနှင့် တွေ့ဆုံ၍ အထူး သတင်း စာ ရှင်းလင်းပွဲ ပြုလုပ်သည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လမ်း ကြောင်းပေါ် သို့ ရောက်ရှိနေသော ဟန်ဂေရီ နိုင်ငံတွင် ၁၉၄၇ ခုနှစ်နောက်ပိုင်း၌ ပထမ ဆုံးသော လွတ်လပ်သည့် ရွေးကောက်ပွဲ တစ်ရပ်ကို ဒုတိယအသုတ် ကျင်းပရာ ဟန် ဂေရီ ဒီမိုကရက်တစ် ပိုရမ်ပါတီ အမတ် လောင်းများက အာကာသ ကွန်မြူနစ်ပါတီ အမတ်လောင်း များ ကို အနိုင်ရရှိသည်။ ဇူလိုင်လ ၂၂ ရက်နေ့က ပထမအသုတ် ရွေးကောက်ပွဲ ကျင်းပစဉ်ကလည်း အတိုက် အခံတို့က ပထမဆုံး သော ပါလီမန် လွှတ်တော်နေရာကို ရရှိခဲ့သည်။

ကမ္ဘာပေါ်တွင် မူလ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းစေရာ (အော်စ်) သည် ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကာ ၁,၇၂,၁၄၃ ဦး ရှိလာပြီဟု ကမ္ဘာ့ကျန်းမာ ရေးအပ္ခဲ့ချုပ်က ကြေညာသည်။ ဆန်မာရီနို နှင့် ဘရူနိုင်းနိုင်ငံတို့က ရောဂါသည် တစ်ဦးစီ ရှိနေကြောင်း စာရင်းပေးပို့၍ ကမ္ဘာပေါ် တွင် အော်စ်ရောဂါ ပျံ့နှံ့သော နိုင်ငံပေါင်း ၁၅၁ နိုင်ငံ ရှိနေပြီဖြစ်သည်။ ဖြစ်ပွားနှုန်း အများဆုံးမှာ ယူဂန္ဒာနိုင်ငံဖြစ်၍ လူ တစ်သိန်းတွင် အော်စ်ရောဂါသည် ၂၆၆ ဒသမ ၃ ဦး ရှိသည်။

ဗိုလ်စံဗီးယား နိုင်ငံတွင် ဆိုရှယ် ဒီမို ကရက်ဝါဒီ ဂျိမ်းပက်ဇ် ဇာမိုရာသည် ၆၀ ဦးမြောက် သမ္မတ အဖြစ် ရွေး ချယ် ဟင် မြောက်ခံရ၍ ဦးရီး တော်စပ်သူ သမ္မတ ဗစ်တာ ပက်အက်စတင်းဆိုရို၏ အရိုက်အရာ ကို ဆက်ခံခွင့် ရရှိသည်။

ကမ္ဘာထက် အဆ ၃၀၀ ကြီးမား သော နက်ပက်ျွန်းကြိုဟ်ပတ်လည်တွင် လရှစ်စင်းရှိကြောင်း ဗိုင်ယေကျော–၂ အာကာသယာဉ်က တွေ့ရှိသည်။ အကြီး ဆုံးလ ထရိုင်တန်၏ ဓာတ်ပုံများကို ပေးပို့ ရာ ထရိုင်တန်သည် အပူချိန် ၃၈၀ ဒီဂရီ ဆဲလ်စီးယပ် ရှိမည်ဟု ယူဆရ၍ နေအပ္ခဲ့ ဘူစည်းအတွင်း အအေးဆုံး အရာဝတ္ထုဟု ဆိုနိုင်ကြောင်း သိရှိရသည်။ ဗိုင်ယေကျော–၂ ကို ၁၉၇၇ ခုနှစ်က လွှတ်တင်ခဲ့ရာ ၁၉၇၉ ခုနှစ်တွင် ကြာသပတေး ကြိုဟ် ကို လည်း ကောင်း၊ ၁၉၈၁ ခုနှစ်တွင် စနေကြိုဟ်ကိုလည်း

ကောင်း၊ ၁၉၇၆ ခုနှစ်တွင် ယူရေးနတ်ကြိုဟ် ကိုလည်းကောင်း လေ့လာခဲ့သည်။

၈– ၁၁ စီးပွားရေးမူဝါဒများနှင့် စပ်လျဉ်း၍ နယူးဇီလန် နိုင်ငံ၏ အာဏာရ လေဘာပါတီအတွင်း တစ်နှစ်ကြာမျှ မကျေမလည် ဝေဖန်မှုများ ပေါ်ထွက်ခဲ့ပြီး နောက် ဝန်ကြီးချုပ် ဒေးဗစ်လန်ဂီ နုတ်ထွက် သွားပြီး ဒုတိယ ဝန်ကြီးချုပ် ဂျော့ဖရီ ပါးလမားက ဆက်ခံသည်။ လန်ဂီသည် ရွှေနေချုပ်တာဝန် ယူလိုက်သည်။

၁၀ ဂျပန်ဝန်ကြီးချုပ်သစ် တိုရှိကီ ကိုင်ဖူး သည် ဂျပန်ကေရုင် အာခီဟီတို၏ ရွှေမှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၁၂ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြားမှု တည် ဆောက်ရေးအဖွဲ့သည် ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်း သည်။

၁၄– ၁၅ တောင်အာဖရိက နိုင်ငံ သမ္မတ ပီ ဒဗလျူ ဘိုသာ ရာထူးမှ နုတ်ထွက် သွား၍ အက်ပ် ဒဗလျူ ဒီ ကလပ်က ဆက်ခံသည်။

၁၈ မြန်မာ–စင်ကာပူ အင်တာနေရှင်နယ် လိမိတက် ဖွဲ့စည်းကြောင်း ကုန်သွယ် ရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် ၁၀/၇၉ ဖြင့် ထုတ်ပြန်သည်။

၂၁ အဆင့်မြင့်ပညာဦးစီးဌာန ပညာရေး တက္ကသိုလ်ရှိ သင် တန်း များ ကို အောက်တိုဘာလ ၂ ရက်နေ့မှစ၍ ဖွင့်လှစ် ခွင့်ပြုကြောင်းဖြင့် ပညာရေး ဝန်ကြီးဌာန ဝန်ကြီးက ကြေညာသည်။

၂၃ ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ)တွင် မိ သား တစ်စုလျှင် အာဘီခာန်စွယ်စုံကျမ်း လက်စွဲစာအုပ်စသည့် ရည်ညွှန်းကျမ်း ငါးအုပ် ထား၍ကြပြီး လူငယ် များသည် ကလေးလူငယ် စွယ်စုံကျမ်းများ သိုးသန့် ကိုင်ဆောင်ကြသည်ဟု အေဒီအင် သတင်းစဉ်က ဖော်ပြသည်။

၂၈ ပနားမားနိုင်ငံ အစိုးရသည် အတိုက် အခံ နိုင်ငံရေးပါတီများ၏ သတင်း စာ သုံးစောင်ကို ပိတ်ပင်ပစ်လိုက်သည်။

၃၁ နိုင်ငံတော် ငြိမ် ဝပ် ပိပြားမှု တည် ဆောက်ရေးအဖွဲ့သည် တရားရုံးချုပ် ရှေနေများကောင်စီ အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကို ထုတ်ပြန် ကြေညာသည်။ အဆိုပါ အက်ဥပဒေအရ လက်ရှိ တရားရုံး ချုပ် ရှေနေများကောင်စီကို ဖျက်သိမ်း လိုက်ပြီး တရားရုံးချုပ် ရှေနေများ ကောင်စီ အသစ်ကို ဖွဲ့စည်းသည်။

စက်တင်ဘာလ

၁ ပိုလန် နိုင်ငံတွင် အစိုးရအဖွဲ့ကို ဦးဆောင်ခွင့်ရသည့် ကွန်မြူနစ်မဟုတ် သော သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂအဖွဲ့ဝင် ဝန်ကြီးချုပ် တာဒေအုဇ် မာဇို ဗီယက်စကီးအား တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီဖုန်က ဝမ်းမြောက် ချီးကျူး ကြောင်း သဝဏ်လွှာ ပို့ပေးခဲ့သည်။ ၁၉၇၆ ခုနှစ်က ပိုလန် ကွန်မြူနစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဗိုဆီယက် ယာရူဇယ်စကီး တရုတ်နိုင်ငံသို့ အလည်အပတ် လာရောက်စဉ်က ပိုလန် ပြည်တွင်းရေးရာ ကိုင်တွယ် ဖြေရှင်းမှုကို တရုတ် ခေါင်းဆောင် တိန့်ရှောင်ဖိန်က ချီးကျူးခဲ့သည်။ ထိုစဉ်က ယာရူဇယ်စကီး အစိုးရသည် ၁၉၇၁ ခုနှစ်မှစ၍ မာရှယ်လော ပြဋ္ဌာန်းကာ သွေးစည်း ခိုင်မာရေး အလုပ် သမားသမဂ္ဂကို နှိပ်ကွပ်နေချိန် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု အမျိုးသား တိရစ္ဆာန် ဥယျာဉ်တွင် လင်လင်း အမည်ရှိ ပန်ဒါသည် လေး အောင် စ လေး သော ရင်သွေးလေး မွေးဖွားသည်။ ကမ္ဘာပေါ်တွင် ၁၀၀၀ နီးပါးခန့်သာ ကျန်ရှိတော့၍ ပန်ဒါသည် မျိုးတုံးမည့် အန္တရာယ်ရှိသော တိရစ္ဆာန် ဖြစ်သည်။

ပနားမားနိုင်ငံတွင် ယာယီ သမ္မတ ဖရန်စစ္စကို ရိုဒရီဂွက်ဇ်သည် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စက်တင်ဘာလ ၁ ရက်တွင် အစိုးရအဖွဲ့ သစ်နှင့် အဟောင်းတို့ အာဏာလွှဲပြောင်းရ မည်ဖြစ်သော်လည်း နိုင်ငံရေး အကျပ် အတည်း ဆိုက်ကာ မေလ ၇ ရက်နေ့ ရွေးကောက်ပွဲ၌ မသမာမှုများ ရှိသည် ဟူသောစွပ်စွဲချက်များကြောင့် ရွေးကောက် ပွဲကို ဖျက်သိမ်းခဲ့ရသဖြင့် ယာယီအစိုးရ ဖွဲ့စည်းရခြင်း ဖြစ်သည်။

၄ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းသည်။

၇ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းသည်။

၉ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့သည် ငါးမွေး မြူခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းသည်။


အာဂျင်တီးနားနိုင်ငံ၏ လစဉ်ငွေဖောင်း ပမာဏနှုန်းသည် ဩဂုတ်လတွင် ထိုးကျသွား သည်။ သမ္မတသစ် ကာလိုစ် မေနမ်သည် သမ္မတသက်တမ်း နှစ်လမျှအတွင်း နိုင်ငံကို စီးပွားရေးနာလန်ထူမည့် လမ်းကြောင်းပေါ် သို့ တွန်းတင်လိုက်ပြီဟု ဆိုသည်။

ထိုင်းနိုင်ငံ အမျိုးသား ကာကွယ်ရေး တက္ကသိုလ်ကျောင်းအုပ်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထန်နယပ်တပ်ဘ် မန်းနိုး ဦးဆောင်သော ထိုင်းနိုင်ငံ အမျိုးသား ကာကွယ်ရေးတက္ကသိုလ် လေ့လာရေးအဖွဲ့ မြန်မာနိုင်ငံသို့ အလည်အပတ် လာရောက် သည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၊ ဝါဆောစာချုပ်အဖွဲ့နှင့် ဥရောပ ကြားနေနိုင်ငံများသည် စစ်တပ်ဖွဲ့များ၊ လက်နက်များနှင့် ပတ်သက်သည့် အသေး စိတ်သတင်းအချက်အလက်များနှင့် စစ်ရေး ဆိုင်ရာ အသိပညာများကို ဦးဦးဖျားဖျား ဖလှယ်မှုပြုကြရန် သဘောတူညီချက် ရပြီဟု အမေရိကန် ထိပ်တန်းကိုယ်စား လှယ် ဂျွန်ဂျေ မာရက်စကာက ပြောကြားသည်။ ဥရောပလုံခြုံရေးဆိုင်ရာ ညီလာခံကို ၁၉၇၃ ခုနှစ် မတ်လမှစ၍ ဗီယင်နာမြို့၌ ကျင်းပရာ နိုင်ငံ ၃၅ နိုင်ငံတက်ရောက်ဆွေးနွေးညှိနှိုင်း ကြ၍ ထိုသို့ အကျိုးဖြစ်ထွန်းလာခြင်း ဖြစ်သည်။

၆ နိုင်ငံတော် ငြိမ် ဝပ် ပိ ပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)ဗိုလ်မှူးချုပ် ခင်ညွန့်သည် ကာကွယ်ရေး ဝန်ကြီးဌာန အမှတ် (၂) ညေ့ ရိပ် သာ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ် များနှင့် တွေ့ဆုံ၍ အထူး သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။

ဖိလစ်ပိုင်နိုင်ငံ သမ္မတ၏ ပိုင်ဆိုင်ပစ္စည်း သည် ငွေသားနှင့် ဘဏ်လက်မှတ်များအရ



ဒေါ်လာ ၅,၉၀,၆၀၀၊ ရင်းနှီးမြှုပ်နှံမှုစာရင်း အရ ဒေါ်လာ ၂,၇၂,၅၀၀ ဖိုး၊ ရတနာပန်းချီကားနှင့် ပရိဘောဂစာရင်း အရ ဒေါ်လာ ၄၅,၀၀၀ ဖိုးရှိ၍ စုစုပေါင်း ဒေါ်လာ ဂ,၀၉,၆၀၀ (ပီဆို ၁၇ သန်း) ဖိုးရှိကြောင်း တရားဝင် ကြေညာသည်။ ပေးရန် တာဝန် တန်ဖိုးသည် ဒေါ်လာ ၃,၀၅,၀၀၀ (ပီဆို ၆ ဒသမ ၇ သန်း) ဖိုးရှိသည်ဟု ဆိုသည်။ မစ္စက်အာကီနို ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာရခဲ့စဉ်က ရိုးသားသန့်ရှင်းသော အစိုးရအဖွဲ့ ဖြစ်စေရမည်ဟူ၍ ကတိထားခဲ့သည်နှင့်အညီ မှန်ကန်ပွင့်လင်းစွာကြေညာခြင်းဖြစ်သည်ဟု ဆိုသည်။

၁၁ နိုင်ငံခြားဘာသာသိပ္ပံရှိ သင်တန်းများကို အောက်တိုဘာလ ၂ ရက် နေ့မှစ၍ ဖွင့်လှစ်ခွင့်ပြုကြောင်း ပညာရေးဝန်ကြီးက ကြေညာသည်။

၁၂ ကျပန်နိုင်ငံတွင် အသက်ရာကျော်ရှိသူ ဦးရေသည် ၃,၀၇၈ ဦးရှိ၍ ၁၉၈၈ ခုနှစ်ကထက် ၄၁၀ တိုးလာကြောင်းဖြင့် ကျန်းမာရေးနှင့် လူမှုဝန်ထမ်း ဌာနက ကြေညာသည်။

ဩစတြေးလျနိုင်ငံ၏ တတိယအကြီးဆုံး မြို့ ဘရစ္စဘိန်းတွင် ဇွန် ၁၂ လက်မ၊ အလေးချိန် ခြောက် ပေါင် ခန့် ရှိ အဆိပ်ရှိသော ဖားပြုပ်များ ကျရောက်သည်။ လူဦးရေ တစ်သန်းရှိ ဘရစ္စဘိန်း မြို့အား ဖားပြုပ်ကြီးများ၏ အန္တရာယ် ကင်းရှင်းစေရန် ငါးနှစ်အတွင်း ဆောင်ရွက်သွားမည်ဟု မြို့တော် အုပ်ချုပ်ရေးအဖွဲ့က ကတိပြုသည်။

၁၃ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် မြန်မာစာအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းသည်။

နမီးဗီးယား လူမည်း အမျိုးသားရေး ဝါဒီခေါင်း ဆောင် ဆန် နု ကျို မာ သည် နမီးဗီးယားဒေသရှိ ဝင်းဟုတ်ခ်လေဆိပ်သို့ ပြန်လည် ရောက်ရှိသည်။ ၁၉၅၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလက တောင်အာဖရိက ထောက်ခံသော အစိုးရကို ဆန့်ကျင်ပြီး ပြည်ပသို့ ထွက်သွားခဲ့ခြင်း ဖြစ်သည်။ နမီးဗီးယားသည် ၁၉၉၀ ပြည့်နှစ်တွင် လွတ်လပ်ရေး ရရှိတော့မည်ဖြစ်သည်။

၁၄ အမေရိကန် ပြည်ထောင်စု၏ အရှေ့တောင်ဘက် အတ္တလန္တိတ်သမုဒ္ဒရာ အတွင်းတွင် ၁၈၅၇ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့က နစ်မြုပ်ခဲ့သော အက်စ်အက်စ် စင်ထရယ် အမေရိက အမည်ရှိ သဘော်ပျက်ကြီးမှ ခန့်မှန်းခြေဒေါ်လာသန်း ၁၀၀၀ ဖိုးရှိ ရွှေများကို ဆယ်ယူရရှိသည်။

၁၅ ရန်ကုန်မြို့ဦးဝိစာရလမ်းရှိတပ်မတော် ပြခန်းတွင် ပြသသည့် နိုင်ငံတော်

မျိုးရိုးဗီဇပြောင်းလဲထားသော ကျူး မာစိပ် ဝင် ပြန် ရည် ဆဲလ် များ (တီ အိုင် အယ်) ကို
ဒေါက်တာစတီဗင် အေ ရိုဆင်းဗဲ့ (ဝဲစ္စန်)
ဦးဆောင်သော သုတေသနအဖွဲ့က ကင်ဆာရောဂါရှင်၏ ကိုယ်တွင်းသို့ အောင်မြင်စွာ ထိုးသွင်းကုသပေးနိုင်ခဲ့သည်။



နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ပုံပြိုးတိုးတက်ရေး

နိုင်ငံတော်သမိုင်းဝင်မှတ်တမ်းများပြုပဲ့၏ ပြကွက်တစ်ကွက်

သမိုင်းဝင်မှတ်တမ်းများပြုပဲ့သို့နိုင်ငံရေးပါတီ အသီးသီးမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များ အား နံနက် ၉ နာရီတွင် လည်းကောင်း၊ နိုင်ငံခြားသံတမန်များအား မွန်းလွဲ ၂ နာရီ တွင် လည်းကောင်း ဖိတ်ကြားပြသသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်
၁၈ ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် (၃၆/၇၉) ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့ နှင့် ဂုဏ်ထူးဆောင်တံဆိပ် အပ်နှင်းခြင်းခံ ရသူ ပုဂ္ဂိုလ်များစာရင်းကို ကြေညာသည်။

၁၉၇၉–၈၀ ပညာသင်နှစ် အတွက် အခြေခံပညာအထက်တန်းများကို စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ ဖွင့်လှစ်ခွင့်ပြုကြောင်း ပညာရေးဝန်ကြီးဌာနက ကြေညာသည်။

အိန္ဒိယနိုင်ငံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များသည် တမီးသူပုန်များ နှင့် စစ်ဆင်နွှဲနေခြင်းကို တစ်ဖက်သတ် အပစ် အခတ် ရပ်စဲပြီး ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ သီရိလင်္ကာ နိုင်ငံမှ ထွက်ခွာရန် နှစ်နိုင်ငံ သဘောတူ စာချုပ် လက်မှတ်ရေးထိုးလိုက်ကြသည်။

ဒေါက်တာ စတီဗင် ရိုဆင်းဗဲ့ရ်ဂ် ဦးဆောင်သော အမေရိကန် အမျိုးသား ကင်ဆာသုတေသနအဖွဲ့ သိပ္ပံပညာရှင်များသည် မျိုးရိုးဗီဇပြောင်းလဲထားသော ဆဲလ်များကို လူသားတစ်ဦး၏ ကိုယ်ခန္ဓာထဲသို့ ပထမဆုံးအကြိမ်အစားထိုးကြည့်ရာ အောင်မြင်မှုရရှိသည်။ ယင်းပြောင်းလဲထားသော ကျူးမာစိမ့်ဝင်ပြန်ရည်ဆဲလ်များ (တီအိုင် အယ်များ) သည် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်သည်။

အမျိုးသားနိုင်ငံရေး တပ်ပေါင်းစု
၁၇ (မနတ)၊ ပြည်သူ့တိုးတက်ရေးပါတီ၊ အမြဲစိမ်းလူငယ်များအဖွဲ့တို့ကိုမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၆) အရ ကော်မရှင်တွင် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်လိုက်ကြောင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ကြေညာသည်။

သက်မွေး ပညာသင်ကျောင်းများကို
၂၀ အောက်တိုဘာလ ၉ ရက်နေ့မှစ၍ ဖွင့်လှစ်ခွင့်ပြုကြောင်းဖြင့် ပညာရေးဝန်ကြီး ဌာနက ကြေညာသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်
၂၂ ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်သည် ရန်ကုန်မြို့တွင် ရောက်ရှိ နေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး မစွတာ ဗန်ဟန်စီလ်ပါအာချာကို ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုရိပ်သာ၌ လက်ခံ တွေ့ဆုံသည်။

စကြဝဠာ၏ ဗဟိုချက်မသည် ကမ္ဘာ
၂၆ မဟုတ်၊ နေသာဖြစ်သည်ဟု နီကိုလပ် ကောပါးနီး၏ အဆိုကို ထောက်ခံ တင်ပြခဲ့သည့် ဂယ်လီလီယို ဂယ်လီလေကို ၁၆၃၃ ခုနှစ်တွင် ရိုမန်ကက်သလစ်ကျောင်း

အမျိုးသားနိုင်ငံရေး တပ်ပေါင်းစု (မနတ)၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်သည် တောင်ကမိစ္ဆာဒိဋ္ဌိအဖြစ် ရှုတ်ချခဲ့ခြင်းသည် မတရား ပြုမူခဲ့ခြင်း ဖြစ်သည်ဟု ပုပ်ရဟန်းမင်းကြီး ဂျန်ပေါလ်က ပီဆာမြို့၌ပြောကြားသည်။ ပုပ်ရဟန်းမင်းကြီးသည် ဂယ်လီလီယို၏ အမှုကိစ္စကို ပြန်လည်သုံးသပ်ရန် ၁၉၇၉ ခုနှစ်တွင် ကော်မရှင်တစ်ရပ်အား တာဝန်ပေးခဲ့၍ ကော်မရှင်က ၁၉၈၃ ခုနှစ်တွင် ရှေ့ပြေးအစီရင်ခံစာတစ်စောင်ကို ပုပ်ရဟန်းမင်းကြီးထံ တင်ပြခဲ့သည်။

ဘီယာနှေစဉ် သောက်သုံးသူများ
၂၅ တွင် ဘီယာသောက်သုံးခြင်း မရှိသူများထက် အူမကြီး ကင်ဆာ ဖြစ်မည့် အန္တရာယ် ၁၂ ဆ ပိုမို ကြီးမားသည်ဟု ဗြိတိသျှ ဆေးပညာဂျာနယ် လန်းဆက်က ဂျပန် သုတေသီများ၏ တွေ့ရှိချက်ကို ကိုးကား ဖော်ပြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု
၂၈ တည်ဆောက်ရေးအဖွဲ့က စစ်ဘက် ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းသည်။

စက်မှုလက်မှု အထက်တန်းကျောင်းနှင့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများကို ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်ခွင့် ပြုကြောင်းဖြင့် ပညာရေးဝန်ကြီးဌာနက ကြေညာသည်။

အောက်တိုဘာလ

၇ ပြည်ထောင်စု မြန်မာ နိုင် ငံ တော် ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ ရှာဖွေ ထုတ်လုပ်ရေး လုပ်ငန်းကွက် (ဂ) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ ရှာဖွေရေး လုပ်ငန်းကို ဖက်စပ် လုပ်ကိုင်ရန် အတွက် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေလုပ်ငန်းနှင့်ကိုရီးယားသမ္မတနိုင်ငံမှ "ယူကောင်း" လီမိတက်တို့ ထုတ်လုပ်ခြင်းအပေါ် ခွဲဝေခံစားမှုစာချုပ်ချုပ်ဆိုပွဲကို စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

ပနားမားနိုင်ငံတွင် စစ်ဘက် ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနိုရီယေးဂါးအား ဖြုတ်ချရန် ကြိုးပမ်းသည့် မအောင်မြင်သော အာဏာသိမ်းမှု ဖြစ်ပွားသည်။

၆ ရန်ကုန်လေဆိပ်မှ ရန်ကုန် – မြိတ် – ရန်ကုန် ခရီးစဉ်အတိုင်း ထွက်ခွာ

၇ သွားသော မြန်မာ့လေကြောင်းပိုင် အက်ဖ် – ၂၇ လေယာဉ်အမှတ် XY / ADW သည် မြိတ်လေဆိပ်မှ ရန်ကုန်သို့ ညနေ ၃ နာရီ မိနစ် ၅၀ အချိန်တွင်ပြန်လည်ထွက်ခွာလာရာ ထားဝယ်မြို့အနီးသို့အရောက် ညနေ ၄ နာရီ ၁၀ မိနစ်အချိန်တွင် ပြန်ပေးဆွဲခံရ၍ ထိုင်းနိုင်ငံဘက်သို့ရောက်ရှိသွားသည်။ ၇ ရက်နေ့တွင် ပြန်ပေးဆွဲ ခံရသည့် လေယာဉ်သည် လေယာဉ်အမှုထမ်းလေးဦး၊ ခရီးသည် ၇၉ ဦး လိုက်ပါလျက် ရန်ကုန် လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

၉ နိုင် ငံ တော် ငြိမ် ဝပ် ပိပြား မှု တည်ဆောက်ရေး အဖွဲ့နှင့် မြန်မာ့ သမိုင်းဖြစ်ရပ်အမှုန်များ ရေးသားပြုစုရေး အဖွဲ့တို့ဒုတိယအကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၀ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ ဥယျာဉ် ဖွင့်ပွဲ အခမ်းအနားကို ပြည်လမ်း ပြည်သူ့ရင်ပြင် မျက်နှာစာ၌ ကျင်းပသည်။

သြစတြိုးယားနိုင်ငံ (I A E G) ကုမ္ပဏီနှင့် မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတို့ ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များတွင် ဟိုတယ်သစ်များ ဆောက်လုပ်ရေး ဖက်စပ် လုပ်ကိုင်ရန်ကိစ္စနှင့်ပတ်သက်၍ သဘောတူ စာချုပ်တစ်ရပ်ကို သြစတြိုးယားနိုင်ငံ ဗီယင်နာမြို့တွင် လက်မှတ်ရေးထိုးကြသည်။

၁၁– ၁၃ နိုင် ငံ တော် ငြိမ် ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁)၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၁၁– ၂၂ လက်တင် အမေရိက ခုနစ်နိုင်ငံမှ သမ္မတများ၏ ထိပ်သီးဆွေးနွေးပွဲကို ပီရူးနိုင်ငံ အီကာမြို့တွင် ကျင်းပသည်။

၁၆ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း အလုပ် သင် ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) ဆင်းပွဲအခမ်းအနားကိုမှော်ဘီဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ တက်ရောက် အမှာစကား ပြောကြားသည်။

၂၅ နိုင် ငံ မှ ကိုယ် စား လှယ် များ တက် ရောက် ကြ သည့် ပတ် ဝန်း ကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ညီလာခံ တစ်ရပ်ကို ဗူလဂေးရီးယားနိုင်ငံဆိုဖီယာမြို့၌ စတင်ဖွင့်လှစ်သည်။

၁၇ ဆန်ဖရန်စစ္စကို မြို့တွင် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၉ ရှိသည့် ငလျင်လှုပ်သွားရာ လူ ၂၇၀ ထက်မနည်း သေဆုံးပြီး ၆၅၀ ခန့် ဒဏ်ရာရရှိသွားသည်။ ငလျင်လှုပ်မှုကြောင့် မိုင် ၁၀၀ နီးပါးရှိ ဒေသတစ်ကြောတွင် အဆောက်အအုံများ ပြိုကျ ပျက်စီးခဲ့ပြီး ပင်လယ်အော်တံတားကြီး၏ အစိတ်အပိုင်းတစ်ခုနှင့် ဆန်တာခရုဇ်ဘက်ပိုင်းရှိ တံတား အစိတ်အပိုင်းအနည်းဆုံးနှစ်ခု ပြိုကျပျက်စီးသည်။

၁၈– ၂၀ နိုင် ငံ တော် ငြိမ် ဝပ် ပိပြား မှု တည်ဆောက်ရေးအဖွဲ့ဝင်နှင့်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးထွက်ခွာ သွားသည်။ ၃၀ ရက် နေ့တွင် ပြန်လည်ရောက်ရှိသည်။

၁၈ ကြာ သပ တေး ဂြိုဟ် လေ့လာရေး အာကာသယာဉ်ငယ် ဂလီလီယိုအား အာကာသ အတွင်းသို့ ပို့ဆောင်ပေးမည့် အာကာသလွှန်းပြန်ယာဉ် အတ္တလန်တစ်ကို အမေရိကန် ပြည်ထောင်စု ကိပ်ကာနေဗာရယ်မှ အောင်မြင်စွာ လွှတ်တင်လိုက်သည်။ လွှန်းပြန်ယာဉ် အာကာသအတွင်းရောက်ရှိပြီး ခြောက်နာရီအကြာတွင် ပေါင် ၂,၅၀၀ လေးသော ဂလီလီယို အာကာသယာဉ်ငယ်ကို အာကာသ၌ချ၍ လွှတ်တင်ပေးသည်။

ဟန်ဂေရီနိုင်ငံကို ၄၁ နှစ်ကြာ ကွန်မြူနစ်စနစ်ဖြင့် အုပ်စိုးပြီးနောက် ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံး ဖော်ဆောင်ရေးကို ဦးတည်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက်များကို ဟန်ဂေရီ ပါလီမန်က တစ်ခဲနက် အတည်ပြု ပေးလိုက်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တရားဥပဒေကို လေးစား လိုက်နာခြင်းဖြင့် နိုင်ငံရေးပါတီများကို လွှတ်လပ်စွာ ထူထောင်နိုင်ပြီး အချုပ်အချယ် ကင်းစွာ လှုပ်ရှားနိုင်ကြောင်းဖြင့် အခြေခံဥပဒေ ပြင်ဆင်ချက် တစ်ရပ်တွင် ဖော်ပြထားသည်။

၂၁ ဆူးလေ စေတီတော် ဘက်စုံ မွမ်းမံပြန်လည် တည်ဆောက်ရေး အောင်မြင်ခြင်း အထိမ်းအမှတ်နှင့် ရေစက်ချ မဟာမင်္ဂလာအခမ်းအနားကို ဆူးလေစေတီရင်ပြင်ရှိ ကျက်သရေဆောင် ခန်းမတွင် ကျင်းပသည်။

၂၃ ဟန်ဂေရီနိုင်ငံ ယာယီ အကြီးအကဲ မတ် ယာ့စ် ဇူးရော့စ်က ဟန်ဂေရီ ပါလီမန် ရင်ပြင်တွင် ထောင်ပေါင်းများစွာသော ပြည်သူတို့အား မိန့်ခွန်း ပြောကြားကာ ဟန်ဂေရီနိုင်ငံအား သမိုင်းသစ်တစ်ခေတ် စတင်မည့် လွှတ်လပ်သော



အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင် လျှင်ဘေးဒဏ်သင့်ပုံ

ဟန်ဂေရီသမ္မတနိုင်ငံအဖြစ် ကြေညာလိုက်သည်။

၄၄ (၄၄) ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် အခမ်းအနားကို ပြည်သူလွှတ်တော် အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

၄၇ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြီးစောမောင်က ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင် အာရှဒေသဆိုင်ရာ ပထမဌာနကြီး ညွှန်ကြားရေးမှူး မစ္စတာ မတ် ဆူ ဟာ ရူ ကို ဦး နိုး ကို ကာကွယ်ရေး ဝန်ကြီးဌာန ဒုံရုံပ်သာဒ္ဒိ လက်ခံ တွေ့ဆုံသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်းနှင့် နယ်သာလန်နိုင်ငံ ရှဲလ် ရေနံ ရှာဖွေရေး ကုမ္ပဏီတို့ ထုတ်လုပ်ခြင်းအပေါ် ခွဲဝေခံစားမှုစာချုပ်ချုပ်ဆိုပွဲကို စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

၅၀ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်းနှင့် ဂျပန်နိုင်ငံ အိဒဲမစ်ဆု ရေနံဖွံ့ဖြိုးရေးကုမ္ပဏီ လီမိတက်တို့ ထုတ်လုပ်ခြင်းအပေါ် ခွဲဝေခံစားမှုစာချုပ်ချုပ်ဆိုပွဲကို စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

၅၁ တူရကီ ပါလီမန်က ဝန်ကြီးချုပ် တာဂတ် အိုဇယ်အား တူရကီသမ္မတသစ်အဖြစ် ခုနစ်နှစ် သက်တမ်း တာဝန်ထမ်းဆောင်ရန် ရွေးချယ်လိုက်သည်။

နိဝင်ဘာလ

၃ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၃/၇၉ ဖြင့် ရှမ်းပြည်နယ်မှ မဘိမ်းမြို့နယ်၊ မကွေးတိုင်းမှ ဂန့်ဂေါ၊ ဆောနှင့် ထီးလင်းမြို့နယ်များ၊ ချင်းပြည်နယ်မှ တွန်းဇံ၊ ထန်တလန်၊ ကန်ပက်လက်နှင့် မတူပီမြို့နယ်များတွင် မဂ္ဂဖယ်လောအာဏာ ရုပ်သိမ်းသည်။

ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃/၇၉ ဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့၊ ကရင် အမျိုးသားအစည်းအရုံး၊ မွန်ပြည်သစ်ပါတီနှင့် ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ တို့အား မတရားသင်း ကြေညာသည်။

၅ ကမ္ဘာကျော် စွန့်ရှား ဆရာကြီး ဗလာဒီမီယာ ဟိုရိုးဝင် (ဂ၅ နှစ်) သည် နယူးယောက်မြို့နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

လက်ဗန္ဓနှ ပါလီမန်က လက်ဗန္ဓနသမ္မတသစ်အဖြစ် ဆီးရီးယား ထောက်ခံသော အလယ်အလတ်ဝါဒီ ရီနီမူအာဝပ်အား ရွေးချယ် တင်မြှောက်သည်။

၆ ဗိုလ်ချုပ်ကြီး စောမောင် ခေါင်းဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များနှင့် ဦးဘဌေး ခေါင်းဆောင်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ဝင်များသည် ၁၉၉၀ ပြည့်နှစ် မေလအတွင်း ရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

သမ္မတသစ်က ဝန်ကြီးချုပ်သစ်နှင့် ဝန်ကြီးအဖွဲ့သစ်ကို ရွေးချယ်နိုင်ရန် လမ်းဖွင့်ပေးသောအားဖြင့် လက်ဗန္ဓန် ယာယီဝန်ကြီးချုပ်သစ် ဆလင်ဟော့စ်သည် ရာထူးမှ နုတ်ထွက်၍ ၎င်း၏ ဝန်ကြီးအဖွဲ့ကိုလည်း ဖျက်သိမ်းသည်။

၇ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့ ကုန်လှောင်ရုံ တစ်ခုအတွင်းမှ ဒေါ်လာ သန်း ၁၀၀၀ ဖိုးခန့် ရှိသည့် ကိုကင်း ခြောက်တန်ခန့် ဖမ်းဆီးရမိရာ နယူးယောက်မြို့၌ အမျှားဆုံးဖမ်းဆီးရမိခြင်းဖြစ်သည်။

နက်ရှိုင်းလာသော နိုင်ငံရေး အကျပ်အတည်းကြောင့် ကွန်မြူနစ်မျှား ကြီးစိုးသော အရှေ့ဂျာမနီ အစိုးရ အဖွဲ့သည် နုတ်ထွက်ပေးလိုက်ရသည်။

၈ နိုင်ငံတော် သမိုင်းဝင် မှတ်တမ်းများပြုပုံကို အထူးညွှန်သည်တော်များနှင့် မန္တလေးမြို့ရှိ နိုင်ငံရေးပါတီ အသီးသီးမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များအား ပြသသည်။ အများပြည်သူ လေ့လာနိုင်ရန် ၁၁ ရက်မှ ၂၄ ရက်နေ့အထိ ပြသသည်။

အာရပ်ကမ္ဘာတွင် လွတ်လပ်မှုအရှိဆုံးဟု ရှုမြင် သဘောထားကြသည့် ဂျော်ဒန် ရွေးကောက်ပွဲ ကျင်းပပြီးစီးသည်။

၉ တရုတ်ခေါင်းဆောင် တိန့်ရှောင်ဖိန်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟို စစ်ကော်မရှင် ဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ခဲ့ပြီး ဖြစ်ကြောင်း တရုတ်နိုင်ငံက ကြေညာသည်။

၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အထူးချန်ဆုံး အမျိုးသားအားကစားသမားအဖြစ် အာဂျင်တီးနား ဘောလုံးသမား မာရာဒိုနာ အားလည်းကောင်း၊ အထူးချန်ဆုံး အမျိုးသမီးအားကစားသမားအဖြစ် ဝါရင့်တင်းနစ်မယ် နာဗရာ တီလိုဗာအား လည်းကောင်း ဗြိတိသျှ သတင်းစာ ဆရာများက ရွေးချယ်လိုက်သည်။

တင်ပါးချင်း ဆက်နေသော ယိုးဒယားအမျိုးသမီး ကလေးငယ်နှစ်ဦးကို ဆရာဝန် ၇၀ ပါဝင်သော အဖွဲ့တစ်ဖွဲ့က အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့ ဆေးရုံကြီးတွင် အောင်မြင်စွာခွဲစိတ် ခွဲခြားပေးလိုက်သည်။

၂၇ နှစ်တာ ပိတ်ပင်တားဆီးထားခဲ့သည့် ဘာလင်တံတိုင်းကြီးအား ပထမဆုံးအကြိမ် အစိတ်အဆေး အဟန့်အတား မရှိဘဲ လွတ်လပ်စွာ ကူးလူးဖြတ်သန်းခွင့် ပေးလိုက်သဖြင့် အရှေ့ အနောက် ဘာလင်သားများသည် ဝမ်းသာရှင်မြူးစွာ ကူးလူး ဖြတ်ကျော်ကြသည်။

၁၀ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပသည့် နေ့ရက်ကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်၊ ပြည်သူ့လွတ်တော် မဲဆန္ဒနယ်အသီးသီး အတက် လွတ်တော် ကိုယ်စားလှယ်လောင်း အမည်စတင် တင်သွင်းနိုင်သည့်နေ့နှင့် နောက်ဆုံးနေ့ရက်ကို ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်အထိ၊ လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလှဘမျှားကို စိစစ်မည့် နေ့ရက်ကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်မှ ၉ ရက်အထိ၊ လွတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလှဘကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်ကို ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက် ရုံးချိန်အတွင်း ဖြစ်ကြောင်း နေ့ရက်သတ်မှတ်ချက်များကို ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်က ကြေညာချက် အမှတ်(၃/၆) ဖြင့် ထုတ်ပြန်ကြေညာသည်။

စစ်ဦးစီးတက္ကသိုလ် သင်တန်း အမှတ်စဉ် (၄၀)သင်တန်းဆင်းပွဲကျင်းပရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

အရှေ့ဥရောပတွင် ခေါင်းဆောင်သက်တမ်း အကြာအမြင့်ဆုံး ဖြစ်သည့် ဗူလဂေးရီးယားနိုင်ငံ ခေါင်းဆောင် တိုဒေါ်ဇီးကော့သည် ကွန်မြူနစ်ပါတီအကြီးအကဲနှင့် နိုင်ငံအကြီးအကဲအဖြစ်မှ နုတ်ထွက်သည်။ ဇီးကော့၏ ပါတီအကြီးအကဲနေရာတွင် နိုင်ငံခြားရေးဝန်ကြီး ပီတာဗလာဒီနေ့အား အစားထိုး ခန့်အပ်ကြောင်း ပါတီဗဟိုကော်မတီ အစည်းအဝေး၌ ထုတ်ပြန်ကြေညာသည်။

၁၃ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်းနှင့် အမေရိကန် ပြည်ထောင်စုယူနိုကယ်လ် မြန်မာလီမိတက်တို့ ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ ရှာဖွေထုတ်လုပ်ရေးလုပ်ငန်း စာချုပ် ချုပ်ဆိုသည်။

ဖခင်၏ အသည်း တစ်စိတ်တစ်ဒေသကို လှီးဖြတ်၍ သားငယ်၏ မကောင်းသော အသည်းနေရာတွင် အစားထိုးလဲလှယ်ပေးမှု တစ်ရပ်ကို ဂျပန်အနောက်ပိုင်း ဆရာဝန်များ အဖွဲ့တစ်ဖွဲ့က အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သည်းခြေပြန် ပိတ်ဆို့သည့် ရောဂါ ခံစားနေရသော အသက်တစ်နှစ်အရွယ်ရှိ သားငယ်အတွက် အသက် ၂၆ နှစ်အရွယ်ရှိ ဖခင်၏ ကျန်းမာကောင်းမွန်သော အသည်း တစ်စိတ်တစ်ဒေသကိုယူ၍ ခွဲစိတ်တပ်ဆင်ပေးရာတွင် စုစုပေါင်း ၁၅ နာရီမှ၊



နှစ်ပေါင်း ၃၀ နီးပါး ပိုင်းခြားထားသော ဘာလင်တံတိုင်းကို ဖြိုချ ဖွင့်လှစ်ပေးလိုက်၍ အနောက်ဘာလင်မြို့သို့ အဆီးအတားမရှိ ဖြတ်ကူးနေကြသော အရှေ့ဂျာမနီ နိုင်ငံသားများ

ကြာမြင့်သည်။ ယင်းသို့ အသက်ရှင်လျက်ရှိသူ နှစ်ဦးအား အသည်း အစားထိုး လဲလှယ် တပ်ဆင်ပေးမှုသည် ဂျပန်နိုင်ငံ၌ ပထမဆုံး ဖြစ်၍ ကမ္ဘာပေါ်၌ စတုတ္ထမြောက် ဖြစ်သည်။

၁၇ ရှစ်ကြိမ်မြောက် အာရှ ပြေးခုန်ပစ်
၁၈ ပြိုင်ပွဲကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့
၁၉ တွင် ကျင်းပသည်။

ကမ္ဘာ့ဖလား အမျိုးသမီး ဘော်လီ
၂၀ ဘော ပြိုင်ပွဲ၌ ကျူးဗား အသင်းက ပွဲစဉ်တစ်လျှောက် ခုနစ်ပွဲကစား၍ ခုနစ်ပွဲ စလုံးနိုင်ကာ ဗိုလ်စွဲသွားသည်။

မြန်မာ့ ရေနံနှင့် သဘာဝ ဓာတ်ငွေ့
၂၇ လုပ်ငန်းနှင့် ပြိတိန်နိုင်ငံ ခရေဉ့ဖ ရေနံရှာဖွေရေး မြန်မာ လီမိတက်တို့ ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းစာချုပ် ချုပ်ဆိုသည်။

ဗုလဂေးရီးယား ပါလီမန်သည် မာလာဒီနော့ဗ်အား နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ (သမ္မတ) အဖြစ် ရွေးချယ် တင်မြှောက်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေ
၂၀ ရွေးကောက်ပွဲတွင် နိုင်ငံရေး ပါတီ အဖွဲ့အစည်းများကို ကိုယ်စားပြု သည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် တစ်သီး ပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ် လောင်းများ အသုံးပြုရန် သင်္ကေတများကို ရွေး ကောက်ပွဲကျင်း ပရေး ကော်မရှင်က ကြေညာချက်အမှတ် ၃၃၀ ဖြင့် ထုတ်ပြန် ကြေညာသည်။

၆၉ ကြိမ်မြောက် အမျိုးသားနေ
၂၂ အခမ်းအနားကို ပြည်သူ ရင်ပြင်၌ ကျင်းပသည်။

အိန္ဒိယနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ များ စတင်ကျင်းပသည်။

အမျိုးသား ပြတိုက် အဆောက် အအုံ အသစ်ဆောက်လုပ်ရန် အုတ်မြစ်ချပွဲ အခမ်း အနားကို ဒဂုံမြို့နယ်၊ ပြည်လမ်းနှင့် အလုံ လမ်းထောင့်ရှိ ပြည်သူ့ရင်ပြင်အနီး မြေနေရာ ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ် ဘုန်းမြင့် အုတ်မြစ်ချပေးသည်။

တပ်မတော် စစ်သမိုင်းပြတိုက် အုတ်မြစ်ချ အခမ်းအနားကို ဦးဝိစာရလမ်းနှင့် အလုံလမ်းထောင့်ရှိ ပြတိုက် တည် ဆောက် မည့် လုပ်ငန်းခွင်အနီး ယာယီမဏ္ဍပ်၌ ကျင်းပ ချစစ်ရေး ချုပ် ဗိုလ်ချုပ် အောင်ရဲကျော် အုတ်မြစ်ချပေးသည်။

အတ္တလန်တာဌ်၌ အခြေ စိုက်ထားသည့် ၂၄ နာရီ ရပ်မြင်သံကြားသတင်း ဖြန့်ချိရေး "ကေဘယ်လ်နယူးစ်နက်ဝပ်" လုပ်ငန်းပိုင်ရှင် တက်တာနာသည် ကမ္ဘာ့ရေးရာပြဿနာများကို အပြုသဘော ဖြေရှင်းရေးသားထားသည့် ဝတ္ထုစာပေဆု ချီးမြှင့်ရန် ကြေညာသည်။ ဝတ္ထု စာအုပ်သစ် ငါးအုပ်ကို ရွေးချယ်မည် ဖြစ်ပြီး အကောင်းဆုံး စာအုပ်ကို ဒေါ်လာ ငါးသိန်း ချီးမြှင့်မည်ဖြစ်၍ ကျန်လေးအုပ်ကို ဒေါ်လာငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

အီတလီနိုင်ငံတွင် အခြေ စိုက်ထားသော နိုင်ငံတကာ ငြိမ်းချမ်းရေး ဌာနချုပ်က ဆိုဗီယက် သမ္မတ မိခါယီး ဂေါ်ဘာချော့ အား ငြိမ်းချမ်းရေးခရီးသည်ဆု (၁၉၈၉) ချီး မြှင့် လိုက်သည်။

၂၄ မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း နှင့် ဩစတြေး လျ နိုင်ငံ ဘိအိပ်ချိပီ ရေနံကုမ္ပဏီတို့ ကုန်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ ထုတ် လုပ် ရေး လုပ်ငန်းစာချုပ် ချုပ်ဆိုသည်။

၂၅ သိမ်ကြီးစျေး စတုဂံ လူကူးတံတား ဖွင့်လှစ်သည်။ ကျပ် သိန်း ငါးဆယ် ကုန်၍ ငါးလအတွင်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ လေးဘက်လေးတန်မှ တက်နိုင်ရန် လှေကားရှစ်စင်း တပ်ဆင်ထားသည်။

ချက်ကိုစလိုဗက် ကွန်မြူနစ် ပါတီသည် ပါတီသဘာပတိအဖွဲ့ဝင် ခုနစ်ဦးကို တာဝန်မှ ဖယ်ရှားလိုက်သည်။

၂၇ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ ကို ပြင် ဆင် သည့် ဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂၇/၈၉ ဖြင့် ပြဋ္ဌာန်းသည်။

မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ကျင်းပသည်။ ဒီဇင်ဘာလ ၃ ရက်နေ့ အထိ ပြသသည်။

၂၇ မွေးစကပင် အသည်းဝေဒနာ ခံစားနေရသော အသက် ၂၁ လအရွယ် မိန်းကလေးငယ် တစ်ဦးအား မိခင်၏ အသည်း တစ်စိတ်တစ်ပိုင်းဖြင့် အစားထိုး ကုသပေးမှုကို အမေရိကန် ရှိကာဂို တက္ကသိုလ်ဆေးရုံတွင် ပြုလုပ်သည်။ မိခင်မှာ အသက် ၂၉ နှစ်ရှိ၍ သမီးငယ်မှာ အသက် ၂၁ လအရွယ်ရှိသည်။ ယင်းကဲ့သို့ အသက်ရှင်လျက်ရှိသူနှစ်ဦး၏အသည်းကို အစားထိုးခဲ့စိတ် ကုသမှုသည် အမေရိကန်နိုင်ငံ၌ ပထမဆုံး အကြိမ်ဖြစ်သည်။

၂၉ အိန္ဒိယ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီသည် အိန္ဒိယ ပါလီမန်သစ် ရွေးကောက်ပွဲတွင် ၎င်း၏ ကွန်ဂရက်ပါတီ အပြတ်အသတ် အနိုင်ရရှိရန် ဦးဆောင်နိုင်ခဲ့ခြင်း မရှိသဖြင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သည်။

ဒီဇင်ဘာလ

၁– ၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားမြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ကန်တော်ကြီး ကရဝိက်ကျွန်း၌ ကျင်းပသည်။ ၃ ရက်နေ့တွင် လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင် တက်ရောက်၍ ကြည့်ရှုအားပေးသည်။

၁– ၃ ဖိလစ်ပိုင်နိုင်ငံတွင် စစ်တပ်၏ အစိုက် အပိုင်း တစ်ခုမှ အာဏာသိမ်းရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အစိုးရ သစ္စာခံ တပ်ဖွဲ့များနှင့် အာဏာသိမ်းတပ်ဖွဲ့ တို့ကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားပြီး နောက်ဆုံးတွင် အာဏာသိမ်း တပ်ဖွဲ့တို့ လက်နက်ချခဲ့ကြသည်။

၁– ၄ အိန္ဒိယနိုင်ငံသမ္မတ ရာမာ ဆွာမီ ဗင်ကာတာရာမန်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်သွားသော ရာဂျစ် ဂန္ဒီ၏ နေရာတွင် ဝန်ကြီးချုပ်အဖြစ် ဗီပီ ဆင်းအား ခန့်အပ် တာဝန်ပေးအပ်လိုက်သည်။ ဆင်းသည် ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ဒီဇင်ဘာလ

၁– ၁ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလားမြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ကန်တော်ကြီး ကရဝိက်ကျွန်း၌ ကျင်းပသည်။ ၃ ရက်နေ့တွင် လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင် တက်ရောက်၍ ကြည့်ရှုအားပေးသည်။

၁– ၂ ဖိလစ်ပိုင်နိုင်ငံတွင် စစ်တပ်၏ အစိုက် အပိုင်း တစ်ခုမှ အာဏာသိမ်းရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အစိုးရ သစ္စာခံ တပ်ဖွဲ့များနှင့် အာဏာသိမ်းတပ်ဖွဲ့ တို့ကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားပြီး နောက်ဆုံးတွင် အာဏာသိမ်း တပ်ဖွဲ့တို့ လက်နက်ချခဲ့ကြသည်။


၁– ၄ အိန္ဒိယနိုင်ငံသမ္မတ ရာမာ ဆွာမီ ဗင်ကာတာရာမန်က အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်သွားသော ရာဂျစ် ဂန္ဒီ၏ နေရာတွင် ဝန်ကြီးချုပ်အဖြစ် ဗီပီ ဆင်းအား ခန့်အပ် တာဝန်ပေးအပ်

၂– ၂ အမေရိကန်သမ္မတ ဂျော့ ဘုရှ်နှင့် ဆိုဗီယက် ခေါင်းဆောင် မိခါယီး ဂေါ်ဘာချော့တို့၏ အင်အားကြီး နှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲကို မော်လတာ နိုင်ငံကမ်းလွန်တွင် ကျင်းပသည်။

၂– ၃ အမေရိကန် ပြည်ထောင်စု ပစ်စဘတ်ခ်မြို့ ပရက်စ်ဘိုင်တေးရီးယန်း ဆေးရုံတွင် အသက် ၂၆ နှစ် အရွယ် ရှိ ဆင်ဒီမာတင်ဆိုသူ အမျိုးသမီးတစ်ဦး အား နှလုံး၊ အသည်းနှင့် ကျောက်ကပ် တို့ကို တစ်ပြိုင်တည်း အစားထိုး တပ်ဆင် ပေးလိုက်သည်။ ယင်းသို့ အင်္ဂါသုံးခုစလုံး အစားထိုး တပ်ဆင်မှုမှာ ပထမဆုံးအကြိမ် ဖြစ်သည်။ ခဲ့စိတ်တပ်ဆင်မှုကို ၂ ရက်နေ့ ညက စတင်ခဲ့ပြီး ၃ ရက်နေ့ ညနေအထိ နာရီ ၂၀ ကြာမြင့်သည်။

၂– ၄ ကုလသမဂ္ဂ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး ရန်ပုံငွေအဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူး မစ္စတာ ဂျီ ဒီ ဂျင်နားရိုး ရန်ကုန်မြို့သို့ ရောက်ရှိလာကာ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး လုပ်ငန်းများကို လေ့လာ ဆွေးနွေးပြီးနောက် ပြန်လည် ထွက်ခွာသွားသည်။

၂– ၃ အရှေ့ဂျာမနီ ကွန်မြူနစ်ပါတီ ခေါင်းဆောင် အဲဂွန် ခရင့်ဇ်နှင့် ၎င်း၏ ပေါ်လစ်ဗျူရို အဖွဲ့ဝင်များသည် ဗဟိုကော်မတီဝင် အားလုံးတို့နှင့် အတူ နုတ်ထွက်လိုက်ကြသည်။ ယခု နုတ်ထွက်မှုသည် တစ်လမပြည့်မီအတွင်း ပါတီခေါင်းဆောင် အများအပြား ဒုတိယ အကြိမ် မြောက် နုတ်ထွက်ခြင်းဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံတွင် အာဏာသိမ်းရန် ကြံစည်သော စစ်သားများ ဗိလာမာလေတပ်အခြေစိုက်စခန်း၌ နေရာယူထားပုံ



ပုန်ကန်သူစစ်သားများကို တာဝန်အရနှိမ်နင်းပြီးနောက်ကြေကွဲ ဝမ်းနည်းနေသော ဖိလစ်ပိုင် အစိုးရသစ္စာခံစစ်သည်နှစ်ဦး

၄- စင်ကာပူ နိုင်ငံ ကုန် သွယ် ရေး နှင့် စက်မှုလက်မှု ဝန်ကြီးဌာနနှင့် ဆက် ၇ သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး မစ္စတာ မာဘိုတန် ခေါင်း ဆောင်၍ အဖွဲဝင် ၄၀ ဦး ပါဝင်သော ကိုယ် စား လှယ် အ ဖွဲ့ သည် ရန်ကုန်မြို့သို့ ရောက်ရှိကာ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ် ရေးနှင့် စက် မှု လုပ် ငန်း များ ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေး ကြပြီးနောက် ပြန်လည်ထွက်ခွာသွားသည်။

၆ ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီ ဒီ အာ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် အမျိုးသားကာကွယ်ရေးကောင်စီ ဥက္ကဋ္ဌ အဲဂွန်ခရင့်ဇ် နုတ်ထွက်သွားရာ ၎င်း၏ နေရာတွင် ဥပဒေပညာရှင်တစ်ဦးဖြစ်သူ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ဥက္ကဋ္ဌ ပါမောက္ခ မန်း ဖရက် ဂါလက်အား ယာယီခန့်ထားလိုက်သည်။


၇ ၁၉၇၇ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်အတွက် အ မျိုး သား စာ ပေ ဆု နှင့် ၁၉၇၇ ခုနှစ် စာ ပေ ဗိ မာန် စာမူဆုနှင်းသဘင် အခမ်းအနားကို စာပေဗိမာန် စာကြည့် တိုက်ခန်းမ၌ ကျင်းပသည်။

၈ ပုသိမ်အနောက်မြို့နယ် ချောင်းသာ ကမ်းခြေရှိ ကုန်သွယ်ရေး ဝန်ကြီး ဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ချောင်းသာကမ်းခြေဟိုတယ် ဖွင့်ပွဲ အခမ်း အနား ကျင်းပသည်။

၁၀ ပို့ဆောင် ဆက်သွယ်ရေး ဝန်ကြီး ဌာန မြန်မာ့မီးရထား ဆူးလေ ခုံးကျော်တံတားသစ် ဖွင့်ပွဲ အခမ်းအနားကို ယင်းတံတားသစ်၌ ကျင်းပသည်။ တံတား သစ်ကြီးသည် လက်ရှိ တံတားဟောင်း၏ အရှေ့ဘက်တွင် ၅၆ ပေရှိ ခန်းဖွင့်နှစ်ခုနှင့် ၄၆ ပေရှိခန်းဖွင့်တစ်ခု စုစုပေါင်းအလျားပေ ၁၅၀ ပေ ရှည်လျားသည်။ တံတား အမြင့်မှာ ၁၅ ပေနှင့် အကျယ်ပေ ၅၀ ရှိသည်။ အရှေ့ဘက်တွင် ရှစ်ပေ အကျယ်

ဆူးလေခုံးကျော်တံတား ဖွင့်လှစ်ပြီးနောက်တွေ့မြင်ရပုံ







အခြား အရှေ့ရောပနိုင်ငံအများအပြားနည်းတူ
တစ်ပါတီစနစ်ကို ဖျက်သိမ်းပေးရန် တောင်း
ဆိုသော ရှုမေးနီးယားပြည်သူလူထုနှင့်ရှုမေးနီးယား
ကွန်မြူနစ်ပါတီခေါင်းဆောင် ချောင်ရှက်စကူး

လူသွားစကြံ ပါရှိပြီး အနောက်ဘက်တွင် နှစ်ပေအကျယ် ယာဉ်အတား‌အဆီး‌ခုံ ပါရှိသည်။ ယာဉ်သွားလမ်း လေးလမ်းရှိပြီး ယာဉ်အလေးချိန် ၃၆ တန်အထိ ဖြတ်သန်း သွားလာနိုင်သည်။ တံတားကြီး တည်ဆောက်ရာတွင် တံတား၏ ချဉ်းကပ်လမ်းများမပါ မြန်မာ့မီးရထားမှ ငွေကျပ် ၅၀ သိန်းခွဲကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး သတ်မှတ်ရက်ထက် ငါးလစောပြီး တည်ဆောက်နိုင်ခဲ့သည်။

၁၄ မော်စကိုမြို့ ကရင်မလင် နန်းတော် အတွင်း၌ ကျင်းပသည့် အထူး အစည်းအဝေး တစ်ရပ်တွင် သဘောထား တင်းမာသော ပြည်သူ့လွှတ်တော် ကိုယ် စားလှယ် ၂၀၀ ခန့်က ဆိုဗီယက် ပါလီမန် ၏ ပထမဦးဆုံး အတိုက် အခံ အုပ်စု ထူ ထောင်ရေးနှင့် စပ်လျဉ်းသော အပြီးသတ် အခြေခံမူများကို ချမှတ်လိုက်ကြသည်။

၁၅ နိုင်ငံခြားတိုင်းပြည်များတွင် တပ်စွဲ ထားသည့် ဆိုဗီယက် တပ်သားဦးရေ မှာ ၆,၂၇,၅၀၀ ဦးရှိကြောင်းနှင့် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်အရောက်တွင် ၎င်းတို့အား ၎ခနေသို့ ပြန်လည်ခေါ်ယူရန် ရည်ရွယ် ထား‌ကြောင်းဖြင့် ဆိုဗီယက် ပြည်ထောင်စု က ပထမဆုံး‌အကြိမ် ကြေညာလိုက်သည်။

၁၆ ရူမေးနီးယားနိုင်ငံ တိမိဆိုယာရာမြို့ နှင့် အခြားမြို့များတွင် လူထုအုံကြွ ဆန္ဒပြမှုများ ဖြစ်ပွားသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နှိမ်နင်းရာ ဆန္ဒပြသူ ထောင် ပေါင်း များ စွာ သေ ဆုံး သည်။ အနည်းဆုံး လူ ၄၀၀၀ အထိ သေဆုံး သည်ဟု ဆိုသည်။

၁၇–၂၂ ဆေးသိပ္ပံပညာရပ်ဆိုင်ရာသုတေသန စာတမ်း ဖတ်ပွဲကို ဆေးသုတေသန ဦးစီး၎ခန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

၂၀ ပနားမား စစ် ဘက် ခေါင်းဆောင် ဗိုလ်ချုပ်ကြီး နိုရီယေးဂါးအား ဖြုတ် ချရန်အတွက် အမေရိကန် သမ္မတ ကျော့ ဘုရှ်က အမိန့်တစ်ရပ် ထုတ်ပြန်လိုက်ပြီး နောက် အမေရိကန်တပ်ဖွဲ့များသည် ပနား မားမြို့တော်သို့ ဝင်ရောက်ကာ ပနားမား စစ်၎ခနချုပ်ကို တိုက်ခိုက်သည်။ တိုက်ခိုက် ခြင်းမပြုမီ တစ်နာရီအလိုတွင် အမေရိကန် ကို ထောက်ခံအားပေးသော အတိုက်အခံ ခေါင်းဆောင် ဂူလာမို အင်ဒါရာ ဦးဆောင် သည့် အစိုးရအဖွဲ့က ကျမ်းကျိန်ဆိုသည်။

၂၁ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးတင်ဦးအား အလုပ် နှင့် ထောင်ဒဏ်သုံးနှစ် ကျခံစေရန် အထူး စစ်ခုံရုံး အမှတ် ၅ မှ ပြစ်ဒဏ်ချမှတ်လိုက် သည်။

၂၂–၂၆ ရူမေးနီးယားနိုင်ငံတွင် လူထု၏ တစ်ခဲနက် အုံကြွ တော်လှန်မှုဖြင့် သမ္မတ နီကိုလိုင် ချောင်ရွက်စကူး အား ဖြုတ်ချလိုက်သည်။ သမ္မတ၏သစ္စာခံ လျှို့ဝှက် လုံခြုံရေး ရဲတပ်ဖွဲ့နှင့် စစ်တပ်တို့ အ ကြား တိုက် ပွဲ များ ဖြစ် ပွား သည်။ နောက်ဆုံးတွင် နိုင်ငံမှ ထွက်ပြေး တိမ်း ရှောင်ရန် ကြိုးစားသည့် သမ္မတ ချောင် ရှက် စကူးနှင့် ဇနီးအား ဖမ်းဆီးရမိပြီး စစ်ခုံရုံးဖြင့် အကျဉ်းချုံး စစ်ဆေးကာ ၂၅ ရက်နေ့တွင် ကွပ်မျက်လိုက်သည်။ ၂၆ ရက် နေ့တွင် အမျိုးသားကယ်တင်ရေးတပ်ဦးက သမ္မတ အိယွန်အီလီယက်ဆူ ခေါင်းဆောင် သည့် အစိုးရအဖွဲ့သစ်ကိုဖွဲ့စည်းလိုက်သည်။

၂၄–၂၅ ရာထူးမှ ဖယ်ရှားခြင်းခံရသူ ပနား မား စစ်ဘက် ခေါင်းဆောင် ဗိုလ် ချုပ်ကြီး နိုရီယေးဂါးသည် ပနား မားမြို့တော်ရှိ ဗာတီကန်သံရုံးသို့ဝင်ရောက် ၍ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသည်။ အမေ ရိကန် တပ်သားများနှင့် သံချပ်ကာ ကား များက ဗာတီကန် သံရုံးအား ၂၅ ရက် နေ့မှစ၍ ဝိုင်းရံထားကာ နိုရီယေးဂါးအား ၎ငင်းတို့လက်သို့ အပ်နှင်းရန် တောင်းဆို သည်။

၂၇ တရုတ်–မြန်မာ့ယဉ်ကျေးမှု ပူးပေါင်း ဖလှယ်ရေး အစီအစဉ်အရ မြန်မာ နိုင်ငံတွင် ၁၅ ရက် လေ့ လာ ရေး အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ မစ္စတာ ရှီပုခေါင်း ဆောင် သည့် တရုတ် စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီး ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၂၈ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည် ဆောက်ရေးအဖွဲ့၏ သဘင်းထုတ်ပြန် ရေးအဖွဲ့က ၇၁ ကြိမ်မြောက် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။ ယင်းသတင်းစာ ရှင်း လင်း ပွဲ တွင် ဦးနု၏ စင်ပြိုင်အစိုးရ မဖျက်သိမ်းဘဲ ထားရှိခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ အဓိကထားပြီး ရှင်းလင်းတင်ပြထာ နဝတ အနေဖြင့် ဆွေးနွေးခဲ့သော်လည်း စင်ပြိုင်အစိုးရ ဖျက်သိမ်းမပေးနိုင်ကြောင်း စာဖြင့်ဦးနုကပြန်ကြားကြောင်း၊ ဦးနုသည် ဒီဇင်ဘာလ ၂၆ ရက်နေ့၌ သတင်းစာ ရှင်းလင်းပွဲ ခေါ်ယူပြီး ၎င်း၏ စင်ပြိုင် အစိုးရကို မဖျက်နိုင်ကြောင်း ကြေညာ ပြန်ကြောင်း၊ မိမိတို့အနေဖြင့် ဗိုလ်ချုပ်ကြီး နေဝင်း (အငြိမ်းစား) ကို ကာကွယ်ပြီး မ ပြော ကြောင်း၊ ဗိုလ် ချုပ် ကြီး နေဝင်း (အငြိမ်းစား)က မိမိအမှားကို တောင်းပန် ရမည်၊ သို့မှသာ စင်ပြိုင်အစိုးရကို ဖျက် သိမ်းပေးနိုင်မည်ဆိုသည့် ကိစ္စရပ်များသည် နိုင်ငံရေးအကျပ်ကိုင်ခြင်းသာ ဖြစ်ကြောင်း၊ မိ မိ တို့ သည် ဒိုင် လူ ကြီး ဖြစ်ကြောင်း၊ ပြစ်ဒဏ် ပြုလုပ်သူကို အပြစ်ပေးရမှာ ဖြစ် ကြောင်း၊ ဤကဲ့သို့ သမာသမတ်ကျကျ ဆောင် ရွက် မှု သာ ပ ရိ သတ် က လည်း ကျေနပ်မှာဖြစ်ကြောင်း ရှင်းလင်း တင်ပြ သွားသည်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် နာယကကြီး ဦးနုသည် ၎င်းဖွဲ့စည်းထား သော စင်ပြိုင်အစိုးရအဖွဲ့ကို ဖျက်သိမ်းခြင်း၊ နုတ်ထွက်ခြင်းများမရှိသဖြင့်ဦးနုအပါအဝင် ဖြစ်သည့် စင်ပြိုင်အစိုးရ အဖွဲ့ဝင် ဝန်ကြီး များစာရင်းတွင် ပါဝင်ကြသော ပုဂ္ဂိုလ် ၁၄ ဦးအား နိုင်ငံတော်အား နှောင့်ယှက်ဖျက် ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့်ဥပဒေပုဒ်မ၁၀(ခ) အရ တားဆီးမိန့် ထုတ်ပြန်ပြီး တားဆီးလိုက် ကြောင်းဖြင့် သတင်းထုတ်ပြန်သည်။

ချက်ကိုစလိုဗက်ကီးယား ပါလီမန်က အကျဉ်း ချထားခြင်း ခံခဲ့ရသူ အတိုက်အခံ ခေါင်းဆောင် ပြဇာတ်ရေးဆရာ ဗက်ကလပ် ဟာဗဲအား ချက်ကိုစလိုဗက်ကီးယား နိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက် လိုက်သည်။ ဟာဗဲသည် ၎၁ နှစ်အတွင်း ပထမဆုံးသော ကွန်မြူနစ် မဟုတ်သည့် သမ္မတဖြစ်သည်။

ပိုလန်နိုင်ငံ၏ တရားဝင် အခေါ်အဝေါ် ဖြစ်သော ပိုလန်ပြည်သူ့သမ္မတနိုင်ငံ အမည် ကို ပိုလန်သမ္မတနိုင်ငံ အဖြစ် ပါလီမန်က မဲခဲ့ဆုံးဖြတ် ပြောင်းလဲလိုက်သည်။ ထို့ပြင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၌ ကွန်မြူနစ်ပါတီ အား ဦးဆောင်ပါတီအဖြစ် ဖော်ပြထား သောအပိုဒ်ကိုလည်း ဖျက်သိမ်းလိုက်သည်။

အာပိုင်း နှစ်

နှစ်ချုပ် အထူးဆောင်းပါးများ

ကမ္ဘာ့မိုးလေဝသပြောင်းလဲမှု နိုင်ရှိမိုး ၂၀

ဆေးပညာတိုးတက်မှုများ

ဒေါက်တာ မောင်မောင်ညို ၃၈

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ဆောင်ရွက်ချက်များ ဦးစိုးအောင် ၅၀


20
40
0
60
-20
80
-40
100
-60
120
C
°F

ကမ္ဘာ့မိုးလေဝသပြောင်းလဲမှုများ

ကျွန်ုပ်တို့ကမ္ဘာနှင့် အိုဇုန်းလွှာ

ကျွန်ုပ်တို့ကမ္ဘာကို လွှမ်းခြုံဝိုင်းပတ်ထားသည့် လေထုတွင် အိုဇုန်းလွှာဟူသော အလွှာတစ်ခုပါရှိ၏။ ဤအလွှာသည် ကမ္ဘာမြေပြင်အထက် အမြင့် ၁၅ ကီလိုမီတာမှ ၅၀ ကီလိုမီတာအတွင်းတည်ရှိပြီး အိုဇုန်းဓာတ်ငွေ့အများအပြား ပါရှိလေသည်။ အိုဇုန်း ပါဝင်မှု ပမာဏသည် အောက်ဆီဂျင်၊ နိုက်ထရိုဂျင်ဓာတ်ငွေ့နှင့် နှိုင်းစာပါက အလွန်ပင် နည်းပါးလှသော်လည်း ဤအလွှာအတွင်း အိုဇုန်း ပါဝင်နှုန်းမှာ လေထုအတွင်းရှိ အခြားဒေသများထက် များစွာ ပိုမိုလျက်ရှိသည့်အပြင် သဘာဝ အလျောက် စဉ်ဆက်မပြတ် အိုဇုန်း ဖြစ်ပေါ်စေသည့် ဖြစ်စဉ်တစ်ခုလည်း ရှိနေခြင်းကြောင့် အိုဇုန်း ဖြစ် လွှာသို့မဟုတ် အိုဇုန်းလွှာဟု ခေါ်ကြခြင်းဖြစ်သည်။

အိုဇုန်းလွှာသည် ကမ္ဘာ့မြောက်ဘက်ခြမ်းအထက်တွင်ထက် တောင်ဘက်ခြမ်းအထက်၌ အိုဇုန်း ပါဝင်မှုပမာဏ ပိုမိုများပြား၏။ ထို့အတူပင် တောင်ဝင်ရိုးစွန်း အထက်သည် မြောက်ဝင်ရိုးစွန်း အထက်မှာထက် အိုဇုန်း ပို၍ များပေသည်။ အီကွေတာပိုင်းနှင့် ဝင်ရိုးစွန်းပိုင်းများကို နှိုင်းယှဉ်ကြည့်ပါက အိုဇုန်းလွှာသည် ဝင်ရိုးစွန်းမှာထက် အီကွေတာပိုင်းတွင် ပိုမိုပါးလှသည်ကို တွေ့ကြရ၏။

ဤအလွှာသို့ အိုဇုန်း ဓာတ်ငွေ့များ စုပြုံဖြစ်ပေါ်ရောက်ရှိနေရခြင်းမှာ အောက်ဆီဂျင်ဓာတ်ငွေ့၏ အလင်းမှီဓာတ်ပြိုကွဲမှုကြောင့်ပင်ဖြစ်သည်။ အမြင့်ကီလိုမီတာ ၄၀ အထက်၌ လေတွင်ပါရှိသောအောက်ဆီဂျင်ဓာတ်ငွေ့သည် နေရောင်ခြည်၌ ပါလာသည့် ခရမ်းလွန်ရောင်ခြည်ကြောင့် ဓာတ်ပြိုကွဲကာ အောက်ဆီဂျင်အက်တမ်နှစ်ခု ကွဲသွား၏။ ထို့နောက် အက်တမ်တစ်ခုစီသည် ဓာတ်ပြိုကွဲခြင်းမပြုသေးသော အခြား အောက်ဆီဂျင် မော်လီကျူးများနှင့် ပေါင်းစပ်မိပြီး အောက်ဆီဂျင်အက်တမ် သုံးခုစီ ပါဝင်သည့် အိုဇုန်းဓာတ်ငွေ့များ ဖြစ်လာကြလေသည်။ တစ်ဖန် ခရမ်းလွန်ရောင်ခြည်ကို အိုဇုန်းဓာတ်ငွေ့က စုပ်ယူပြန်ရာ ဓာတ်ပြိုကွဲပြီး အောက်ဆီဂျင် ပြန်ဖြစ်သွား၏။ ထို အောက်ဆီဂျင်မှ တစ်ခါ ဓာတ်ပြိုကွဲပြီး အိုဇုန်းဓာတ်ငွေ့ ဖြစ်ပေါ်စေပြန်ရာ အိုဇုန်းဓာတ်ငွေ့များ တိုးပွားလာကြတော့၏။ ဤသို့ အမြင့် ကီလိုမီတာ ၄၀ အထက်တွင် ဖြစ်ပေါ်သော အိုဇုန်းဓာတ်ငွေ့များသည် အောက်ဘက်သို့ ကျဆင်းလာကြပြီး အမြင့်ကီလိုမီတာ ၂၀ နှင့် ၃၅ အကြား၌ အများဆုံး စုပြုံနေကြလေသည်။

ခရမ်းလွန်ရောင်ခြည်တွင် လူတို့၏ ဒီအင်အေခေါ် မျိုးရိုးဗီဇပစ္စည်းကို ပျက်စီးစေနိုင်လောက်သည့် စွမ်းအင် ပါရှိသောကြောင့် ကမ္ဘာမြေပေါ်သို့ အနည်းငယ် ပိုမို ရောက်ရှိရုံမျှဖြင့် လူတို့အား နေလောင်မှုဖြစ်ပေါ်စေကာ အရေပြားကင်ဆာ ဖြစ်သည်အထိ ဆိုးကျိုးပေးနိုင်၏။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိအတွင်းတိမ်ရောဂါဖြစ်ပေါ်စေနိုင်သည်သာမက လူနှင့် အခြားသတ္တဝါများ၏ ရောဂါပြီးစနစ်များကို အင်အား လျော့ပါးစေနိုင်၏။ ရေအောက်ရှိ အဏုဇီဝ အပင်ငယ် ကလေးများကိုလည်း ပျက်စီးစေနိုင်သဖြင့် ရေသတ္တဝါများ၏အစာကွင်းဆက်ကို ဖျက်ဆီးပစ်နိုင်စွမ်းရှိပေသည်။ အစာကွင်းဆက်ပျက်သုဉ်းသွားပါက ရေသတ္တဝါများသည်လည်း သတ္တလောကမှ ကွယ်ပျောက်သွားရပေလိမ့်မည်။ ဤမျှ သက်ရှိကမ္ဘာအား ဒုက္ခပေးနိုင်စွမ်းသည့် ခရမ်းလွန် ရောင်ခြည်ကို အိုဇုန်းလွှာအား နေရောင်ခြည် ဖြတ်သန်းစဉ်၌ အိုဇုန်းဓာတ်ငွေ့များက စုပ်ယူထားလိုက်ကြ၏။ သို့အတွက်ကမ္ဘာမြေပေါ်သို့ နေရောင်ခြည်ကျရောက်သောအခါ ယင်းတွင် ခရမ်းလွန်ရောင်ခြည် ကင်းစင်သလောက်နီးနီး ဖြစ်သွားကာ လူနှင့် အခြားသက်ရှိတို့အား ဖော်ပြခဲ့သော ဘေးဒုက္ခ အန္တရာယ်တို့မှ ကင်းဝေးစေသည်။

ယိုယွင်းလာသော အိုဇုန်းလွှာ

အိုဇုန်းလွှာတွင် စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးပွားနေသည့် အိုဇုန်းဓာတ်ငွေ့ အလွန်အမင်း များပြားလာခြင်း မရှိစေရန် သဘာဝမှ ဖန်တီးပေးထား၏။ လူတိရစ္ဆာန်တို့၏ စွန့်ပစ်ပစ္စည်းများကို အဏုဇီဝရုပ်များက စားသုံးချေဖျက်ရာမှ ထုတ်ပေါ်လာသော မီသိုင်းဓာတ်ငွေ့နှင့် နိုက်ထရပ်အောက်ဆိုဒ်ဓာတ်ငွေ့တို့သည် နှစ်ကာလ ရှည်ကြာသော် အထက်တက်လေစီးကြောင်းများဖြင့်လည်းကောင်း၊ အပူပိုင်းဒေသ မုန်တိုင်းများ၏ ပင့်တင်ပေးမှုကြောင့်လည်းကောင်း လွှာထပ်လေထုအတွင်းသို့ ရောက်ရှိသွား



၁၉၇၉ ခုနှစ် ပေဖော်ဝါရီလက အာတိတ်ဒေသ၏အထက်တွင် အိုဇုန်းလွှာအပေါက်ကြီးကို လေ့လာတွေ့ရှိသော အမေရိကန် သုတေသန လေယာဉ်မှူး

ကြလေသည်။ ဤသို့ ရောက်ရှိသွားပြီးနောက် ခရမ်းလွန်ရောင်ခြည်ကြောင့်ပင် ဓာတ်ပြုကွဲသွားကြပြီး အိုဇုန်းအားပြုကွဲ ပျက်စီးစေနိုင်သည့် ဓာတ်စုများ ဖြစ်သွားကြလေ၏။ ယင်းဓာတ်စုများက အိုဇုန်းလွှာရှိ အိုဇုန်းများအား ပြုကွဲ ပျက်စီးစေခြင်းအားဖြင့် အလွန်အမင်း တိုးပွား များပြားလာမှု မရှိတော့ဘဲ နှစ်ထောင်ပေါင်း များစွာ အိုဇုန်းဖြစ်ပေါ်မှုနှင့် ပျက်စီးပြုကွဲမှုတို့သည် မျှတနေခဲ့ကြ၏။

၁၉၆၀ ပြည့်လွန်နှစ်များတွင် မြင့်မားစွာ ပံ့သန်းသော လေယာဉ်များ၏ အိပ်ဇောမှ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရစ်အောက်ဆိုဒ် ဓာတ်ငွေ့များထုတ်လွှင့်မှုကြောင့် အိုဇုန်းလွှာ ပျက်စီးနိုင်ကြောင်း စိုးရိမ်ပူပန်မှုများ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် ၁၉၆၁ ခုနှစ်မှ စတင်၍ ၁၉၇၀ ပြည့်နှစ်အထိ ပီရူးနိုင်ငံဟွန်ကာရို၊ အိန္ဒိယနိုင်ငံ ကော့ဒိုင်ရာကာနယ်မြို့၊ ဟာဝိုင်ရီကျန်းစု မအူနာလိုအာမြို့၊ ဩစတြေးလျနိုင်ငံ ဘရစ်ဘိန်း၊ အမေရိကန်ပြည်ထောင်စု နက်စ်ဗီးလ်မြို့၊ အီတလီနိုင်ငံ အာရိုဆာမြို့နှင့် ဗြိတိန်နိုင်ငံ အော့စဖို့ စသည့်မြို့များ၌ အိုဇုန်းလွှာကို တိုင်းထွာကြည့်ခဲ့ကြရာ အိုဇုန်းများ တိုးပွားလာသည်ကိုသာ တွေ့ခဲ့ကြရလေသည်။ ဆယ်နှစ်တာအတွင်း တိုးပွားမှုအများဆုံးမှာ ကော့ဒိုင်ရာကာနယ်မြို့တွင်ဖြစ်၍ ၁၀ ရာခိုင်နှုန်းအထိ ရှိသည်။ တိုးပွားမှု အနည်းဆုံးမှာ မအူနာလိုအာမြို့ဖြစ်ပြီး ၂ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိလေ၏။

၁၉၇၀ ပြည့်လွန်နှစ်များတွင်မူ အိုဇုန်းလွှာအား တိုင်းတာရာ၌ ကမ္ဘာ့မြောက်ခြမ်း လတ္တီတွဒ် ၃၀ မှ ၆၄ ဒီဂရီ အကြားရှိဒေသ၌ ဆောင်းဥတုနှင့် နွေဦးဥတုများအတွင်း အိုဇုန်းဓာတ်ငွေ့ လေးထုခိုင်နှုန်းကျော် လျော့နည်းလာသည်ကို တွေ့ကြရလေသည်။ နွေဥတု၌ တစ်ရာခိုင်နှုန်းခန့်သာ လျော့နည်းပြီး မိုးကာလ၌ လျော့နည်းမှု လုံးဝမရှိချေ။ အန္တာတိကဒေသမှအပ ကမ္ဘာ့တောင်ဘက်ခြမ်းတစ်ခုလုံးနှင့် အီကွေတာဒေသများအတွက်မှာမူ တိုင်းတာရေးစခန်း နည်းပါးမှုကြောင့် တိကျစွာ မပြောနိုင်သော်လည်း ရရှိသည့် တိုင်းတာချက် အနည်းငယ်မှာပင် အလားတူ လျော့နည်းမှုများကို တွေ့ခဲ့ကြရလေ၏။

၁၉၇၃ ခုနှစ်တွင် တောင်ဝင်ရိုးစွန်း အန္တာတိကတိုက်အထက်ရှိ အိုဇုန်းလွှာ၌ ဆောင်းဥတုတွင် အိုဇုန်းများအလွန်အမင်းယုတ်လျော့ပြီး အပေါက်တစ်ခုသဖွယ် ဖြစ်နေကြောင်းကို အန္တာတိကစူးစမ်းလေ့လာရေးအဖွဲ့မှ ဗြိတိသျှသိပ္ပံပညာရှင်များက စတင်တွေ့ရှိခဲ့ကြ၏။ ယင်းပညာရှင်များ စတင်တွေ့ရှိချိန်၌ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြရပြီး ၁၉၇၅ ခုနှစ်ရောက်မှသာ ၁၉၇၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အောက်တိုဘာလ၌ အန္တာတိကအထက်ရှိ အိုဇုန်းလွှာတွင် အိုဇုန်းပါဝင်မှုမှာ ၅၀ ရာခိုင်နှုန်းအထိပင် လျော့ကျသွားတတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြ၏။ ထိုအခါမှစတင်၍ တောင်ဝင်ရိုးစွန်းပေါ်၌ အိုဇုန်းအပေါက်တစ်ခုသည် နှစ်စဉ်ဆောင်းဥတု ကုန်ဆုံး

ချိန်ဆော်တိုင်း ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် ထိုအပေါက်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးထွားလျက်ရှိကြောင်း သိရှိလာခဲ့ကြ၏။

၁၉၀၆ ခုနှစ် အောက်တိုဘာလလယ်တွင် တိုင်းထွာချက်များအရ တောင်ဝင်ရိုးစွန်းဒေသအထက်ရှိ အိုဇုန်းလွှာ၏အောက်ဘက်ပိုင်းမှာ လုံးဝနီးနီးပျောက်ပျက်လျက်ရှိကြောင်း၊ ပျောက်ပျက်လျက်ရှိသော အကျယ်အဝန်းမှာ ဧရိယာစတုရန်းကီလိုမီတာ ၁၀ သန်းခန့်ရှိရာ အမေရိကန်ပြည်ထောင်စုတမျှ ကျယ်ဝန်းကြောင်း တွေ့ရှိခဲ့ကြရလေသည်။ အောက်ဘက်ပိုင်းမှာ မူလကပင်အိုဇုန်းပါဝင်မှုအများဆုံး အပိုင်းဖြစ်ရာ ဤသို့ပျောက်ပျက်သွားခြင်းအားဖြင့် အိုဇုန်းလွှာသည် အပေါက်သဖွယ်ဖြစ်သွားရလေ၏။ ထိုကဲ့သို့ အပေါက်သဖွယ် ဖြစ်သွားခြင်းကြောင့် နေမှကျရောက်လာသော ခရမ်းလွန်ရောင်ခြည် မကင်းစင်သည့် နေရောင်ခြည် သက်ရောက်နိုင်သောဧရိယာမှာ ယခုအခါ ကမ္ဘာ့တောင်ခြမ်းတစ်ခုလုံးအား အီကွေတာနားရောက်လုနီးအထိ ဖုံးလွှမ်းထားနိုင်ပေ၏။


နောက်ဆုံးတိုင်းထွာချက်များအရ မြောက်ဝင်ရိုးစွန်းအာတိတ်ဒေသအထက်ရှိ အိုဇုန်းလွှာ၌လည်း နှစ်စဉ်ဇန်နဝါရီလမှ မတ်လအတွင်း အိုဇုန်းများယုတ်လျော့ပြီး အပေါက်သဖွယ် ဖြစ်လေ့ရှိကြောင်း သိရှိကြရပေသည်။ ဤအပေါက်သည် တောင်ဝင်ရိုးစွန်းအထက်ရှိ အိုဇုန်းအပေါက်ကဲ့သို့ မကျယ်ဝန်းလှသော်လည်း လူနေထူထပ်သောအပိုင်းနှင့် နီးကပ်သဖြင့် ပို၍အန္တရာယ်ရှိကြောင်း နော်ဝေးနိုင်ငံ ဆိုလာလေ့လာရေးစခန်းမှ ပညာရှင်များက ၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဖော်ပြောကြားခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စု ဂေဒတ် အာကာသလေ့လာရေးဌာနမှ ပညာရှင်များကလည်း အန္တာတိကကောင်းကင်ယံအထက်ရှိ အိုဇုန်းလွှာတွင် ဖြစ်ပေါ်နေသော အပေါက်သည် ကြီးထွားလျက်ရှိရာ စက်တင်ဘာလအတွင်း၌ နေ့စဉ် အိုဇုန်းပမာဏ ၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ၁၉၈၉ ခုနှစ် အောက်တိုဘာလဆန်းတွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။


သဘာဝအလျောက် စဉ်ဆက်မပြတ် အိုဇုန်းဖြစ်ပေါ်စေသည့် ဖြစ်စဉ်တစ်ခု ရှိနေပါလျက်နှင့် အိုဇုန်းလွှာတွင် အဘယ်ကြောင့် အိုဇုန်းများ ယုတ်လျော့သွားရသနည်း။ ဤမေးခွန်း၏အဖြေကို အမေရိကန် ဓာတုပညာရှင်များဖြစ်သော ရှားဝုဒ်ရိုလန်နှင့် မာရီရိုမော်လီနာတို့က ၁၉၇၄ ခုနှစ်ကပင် စတင်တွေ့ရှိခဲ့ကြပါသည်။ ထိုပညာရှင်နှစ်ဦးက ကလိုရင်း၊ ဖလိုရင်းနှင့် ကာဗွန်အက်တမ်များပါဝင်သော ကလိုရို ဖလူအိုရိုကာဗွန် အမည်ရှိ ဓာတ်ပေါင်းများသည် အိုဇုန်းအား ပြိုကွဲပျက်စီးစေနိုင်သဖြင့် အိုဇုန်းလွှာကို အားနည်းစေနိုင်ကြောင်း၊ ဤသို့ အားနည်းသွားစေခြင်းဖြင့် ကမ္ဘာတွင် အရေပြားကင်ဆာ ဖြစ်ပွားနှုန်းတိုးလာစေပြီး လွှာထပ် လေထုလွှာအတွင်း အပူချိန်ပြောင်းလဲစေခြင်း အားဖြင့် ကမ္ဘာ့ ရာသီဥတုကိုပါ ပြောင်းလဲစေနိုင်ကြောင်း ထုတ်ဖော် ပြောကြားခဲ့ကြသည်။

ကလိုရို ဖလူအိုရို ကာဗွန် ဓာတ်ပေါင်းမျိုးကို အမေရိကန်နိုင်ငံ ဂျင်နရယ်မော်တော်(စ)မှ ဓာတုပညာရှင်များက ၁၉၂၈ ခုနှစ်၌ စတင်တီထွင်ခဲ့ပြီး ရေခဲသေတ္တာတွင် အအေးကူပစ္စည်းအဖြစ် စတင်အသုံးပြုခဲ့ကြ၏။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကလိုရိုဖလူအိုရို ကာဗွန်ဓာတ်ပေါင်းအမျိုးမျိုးကို ရေမွှေး၊ အနှံအသက် ပျောက်ဆေးနှင့် သင်္ဘောဆေးများ ထည့်သွင်းအသုံးပြုသော စပရေးယာခေါ် အခိုးမှုတ်ဘူးများနှင့် လေအေးစက်များတွင် ထည့်သွင်းသုံးစွဲလာကြ၏။ ယခုအချိန်တွင် ကလိုရို ဖလူအိုရို ကာဗွန်အမျိုးမျိုးအနက် အသုံးများဆုံးမှာ ဖရီယွန်ဖြစ်ပြီး အထက်ပါပစ္စည်းများတွင်သာမက ထုပ်ပိုးပစ္စည်းအဖြစ်သုံးသော ပလတ်စတစ်ဖောင်ပြားများ၊ ကွန်ပျူတာနှင့် အခြားအီလက်ထရွန်နစ် ကိရိယာ သန့်ရှင်းရေးသုံးပစ္စည်းများ၌ပါ ထည့်သွင်း အသုံးပြုလာခဲ့ကြ၏။ နှစ်စဉ် တန်ချိန် သိန်းပေါင်းများစွာ ထုတ်လုပ် သုံးစွဲလျက်ရှိရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၂,၂၀၀ ခန့် ရှိလေသည်။


ကလိုရိုဖလူအိုရိုကာဗွန်များသည် အခိုးမှုတ်ဘူးများမှ တိုက်ရိုက်အားဖြင့် လည်းကောင်း၊ ရေခဲသေတ္တာများ ပျက်စီးရာမှ ပျံလွှင့်၍လည်းကောင်း၊ သန့်ရှင်းရေးသုံးဆေးရည်များမှ အငွေ့ပျံခြင်းအားဖြင့် လည်းကောင်း၊ စွန့်ပစ်ထားသော ပလတ်စတစ်ဖောင်ပြားများ ဆွေးမြည့်ပြီး တဖြည်းဖြည်း ပျံလွှင့်ခြင်းအားဖြင့် လည်းကောင်း လေထုအတွင်းသို့ ရောက်ရှိသွားကြလေသည်။ လေထု၏ အောက်ဆုံးလွှာဖြစ်သော မြေစပ်လေထုလွှာ အတွင်း၌ ကလိုရိုဖလူအိုရိုကာဗွန်ဓာတ်ငွေ့များသည် အလွန်ခိုင်မြဲပြီး ပြိုကွဲ ပျက်စီးမှုကင်းကာ အထက်သို့သာ တစ်စတစ်စ ပျံလွှင့်သွားလေသည်။ မြေစပ်လေထုလွှာ၏ အထက်တွင် ရှိသည့် လွှာထပ်လေထုလွှာသို့ ရောက်သောအခါ၌မူ ခရမ်းလွန်ရောင်ခြည်ကြောင့် လွယ်ကူစွာ ပြိုကွဲသွားပြီး ကလိုရင်း မိုနောက်ဆိုဒ် (ClO) နှင့် အောက်ဆီဂျင်မော်လီကျူး (O_2)တို့ ဖြစ်သွားကြလေ၏။ ကလိုရင်းမိုနောက်ဆိုဒ်မှ အောက်ဆီဂျင်အက်တမ်သည် ကင်းလွတ်နေသော အောက်ဆီဂျင်အက်တမ် (O) တစ်ခုနှင့် ပေါင်းစပ်ကာ အောက်ဆီဂျင်မော်လီကျူး(O_2)ဖြစ်သွား




(၁) ကမ္ဘာနှင့်လေထု၏ တစ်နှစ်တာပျမ်းမျှစွမ်းအင် ညီမျှမှုစနစ်



(၂) ကမ္ဘာ့လေထု၏ မှန်လုံအိမ် အာနိသင် ဖြစ်ပေါ်ပုံ


၁၉၀၀
၁၉၂၀
၁၉၄၀
၁၉၆၀
၁၉၈၀
၂၀၀၀
၂၀၂၀
ကုန်ကျစရိတ်အညွှန်းကိန်း
(၃) ကုန်ကျစရိတ်အညွှန်းကိန်းနှင့် ကုန်ဈေးနှုန်းအညွှန်းကိန်းတို့၏ ပြောင်းလဲမှုနှုန်းများ


၁၉၀၀
၁၉၂၀
၁၉၄၀
၁၉၆၀
၁၉၈၀
၂၀၀၀
၂၀၂၀
ကုန်ကျစရိတ်အညွှန်းကိန်း
(၄) ကုန်ကျစရိတ်အညွှန်းကိန်းနှင့် ကုန်ဈေးနှုန်းအညွှန်းကိန်းတို့၏ ပြောင်းလဲမှုနှုန်းများ

ဒေါက်တာမြင့်သိန်းလှိုင်

ပြန်ရာ ကလိုရင်းအက်တမ်(Cl)တစ်ခုသာ ကျန်တော့၏။ ဤသို့သော ကလိုရင်းအက်တမ် (Cl) တစ်ခုစီသည် အိုဇုန်းမော်လီကျူး (O_3) တစ်သိန်းကို အိုဇုန်းလွှာအတွင်းမှ ဖယ်ရှားပစ်နိုင်ကြောင်း ယနေ့သိပ္ပံပညာရှင်အများက လက်ခံယုံကြည်လျက်ရှိကြသည်။

လေထု၏ မှန်လုံအိမ် အာနိသင်

နေသည် အာကာသအတွင်းသို့ နေစွမ်းအင်အဖြစ် နေရိုန်ကို လျှပ်စစ်သံလိုက်လှိုင်းတို့ ရောင်ခြည်များဖြင့် ထုတ်လွှင့်လျက်ရှိ၏။ ဤသို့ ထုတ်လွှင့်ရာမှ ကမ္ဘာမြေဘက်သို့ ဦးတည်လာသော နေရိုန်၏ ၁၉ ရာခိုင်နှုန်းသည် လေထုမှစုပ်ယူလိုက်ခြင်းဖြင့်လည်းကောင်း၊ ၂၄ ရာခိုင်နှုန်းသည် တိမ်ထိပ်ဖျားများနှင့် ကမ္ဘာမြေမှ အာကာသအတွင်းသို့ အလင်းပြန်စေခြင်းအားဖြင့် လည်းကောင်း၊ ခြောက်ရာခိုင်နှုန်းသည် အလင်းပြန့်ကျဲခြင်းအားဖြင့် လည်းကောင်း ကမ္ဘာမြေပေါ်သို့ မကျရောက်ကြတော့ပေ။ ကျန်ရှိသော ၅၁ ရာခိုင်နှုန်းသာလျှင် ကမ္ဘာမြေပေါ်သို့ ကျရောက်လေသည်။

ကမ္ဘာမြေကြီးက ဤသို့ကျရောက်လာသည့် ၅၁ ရာခိုင်နှုန်းဖြစ်သော နေရိုန်ကို အပူအဖြစ် ပြောင်းလဲစေပြီး လှိုင်းရှည်ရောင်ခြည်ဖြင့် ၂၁ ရာခိုင်နှုန်းကို ဖြာထွက်ထုတ်လွှင့်စေခြင်းဖြင့်လည်းကောင်း၊ ၂၃ ရာခိုင်နှုန်းကို လေထုအတွင်း အငွေ့ပျံစေခြင်းအားဖြင့် လည်းကောင်း၊ ခုနစ် ရာခိုင်နှုန်းကို လေထုသို့ အပူစီးကူးစေခြင်းဖြင့် လည်းကောင်း ပြန်လည်ထုတ်ပေးသည်။ ဤသို့ နေမှ လက်ခံရရှိသည့် နေရိုန်အားလုံးနှင့် ညီမျှသော အပူကို ပြန်လည် ထုတ်လွှင့်ပေးခြင်းအားဖြင့် ကမ္ဘာမြေကြီးသည် အပူမျှတလျက် ရှိပေသည်။

ကမ္ဘာမြေမှ လှိုင်းရှည်ရောင်ခြည်ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလိုက်သော အပူရိုန်ကို အငွေ့ပျံခြင်းအားဖြင့် ၂၃ ရာခိုင်နှုန်းကိုလည်းကောင်း၊ အပူစီးကူးခြင်းဖြင့် ခုနစ် ရာခိုင်နှုန်းကို လည်းကောင်း လေထုက လက်ခံရရှိသည့် အပြင် ကမ္ဘာမြေမှ ထုတ်လွှင့်ဖြာထွက်လာသော အပူရိုန် ၂၁ ရာခိုင်နှုန်းအနက် ၁၅ ရာခိုင်နှုန်းကို လေထုအတွင်းမှ ရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တို့က စုပ်ယူလိုက်ခြင်းဖြင့် ရရှိပေသေး၏။ ထို့အပြင် နေမှလာသော နေရိုန် ၁၉ ရာခိုင်နှုန်းကိုလည်း တိုက်ရိုက် စုပ်ယူထားရာ လေထုသည် အပူရိုန်စုစုပေါင်း ၆၄ ရာခိုင်နှုန်း လက်ခံရရှိလေသည်။ ယင်းသို့ လက်ခံရရှိသော အပူရိုန်များကို အာကာသအတွင်းသို့ လေထုအတွင်းမှ တိမ်များက ၂၆ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေများက ၃၈ ရာခိုင်နှုန်းကို လည်းကောင်း ပြန်လည် ထုတ်လွှင့် ပေးလေ၏။ ဤသို့အားဖြင့် ကမ္ဘာ့လေထုသည် လက်ခံရရှိသော အပူရိုန်အား အာကာသတွင်းသို့ အားလုံးပြန်လည်ထုတ်လွှင့်နိုင်ခြင်းဖြင့် အပူမျှတလျက် ရှိပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာမြေမှ လှိုင်းရှည်ရောင်ခြည်ဖြင့် ပြန်လည်ထုတ်လွှင့် ဖြာထွက်စေသော အပူရိုန် ၂၁ ရာခိုင်နှုန်းအနက် ခြောက်ရာခိုင်နှုန်းသာလျှင် အာကာသအတွင်းသို့ တိုက်ရိုက်ရောက်ရှိသွားပြီး ကျန် ၁၅ ရာခိုင်နှုန်းမှာ လေထုအတွင်းရှိ ရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေများကို မကျော်ဖြတ်နိုင်ဘဲ ယင်းတို့၏စုပ်ယူခြင်းကို ခံလိုက်ရသည်။ ဤသို့ လေထုမှစုပ်ယူလိုက်သော အပူသည် အာကာသအတွင်းသို့ ချက်ချင်း မရောက်ရှိသွားဘဲ ကမ္ဘာမြေအထက် ကပ်လျက်ရှိသော လေထုလွှာအတွင်း၌ အတန်ကြာ တည်ရှိနေခြင်းကြောင့် ကမ္ဘာမြေအား ပူနွေးစေသည်။ ဤဖြစ်စဉ်သည် သမပိုင်းနှင့် အအေးပိုင်းနိုင်ငံများ၌ သီးနှံပင်ငယ်များ စိုက်ပျိုးသည့် မှန်လုံအိမ်များတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်နှင့် အလားတူသောကြောင့် လေထု၏မှန်လုံအိမ်အာနိသင်ဟု ခေါ်ဆိုကြသည်။

မှန်လုံအိမ်များကို အမိုးရော ဘေးအကာများကိုပါ မှန်များဖြင့် မိုးကာထားပြီး ဆောင်းရာသီ၌ သီးနှံပင်ငယ်များ စိုက်ပျိုးလေ့ရှိသည်။ နေမှလာသော လှိုင်းတို့ နေရောင်ခြည်သည် မှန်များကို ဖြတ်ကျော်ဝင်ရောက်လာပြီး မှန်လုံအိမ်အတွင်း အပင်များနှင့် မြေကြီးပေါ်သို့ ကျရောက်လေသည်။ မြေကြီးမှ နေရောင်ခြည်ကို လက်ခံရရှိပြီးနောက် အပူကို လှိုင်းရှည်ရောင်ခြည်ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလေသည်။ သို့သော် လှိုင်းရှည်ရောင်ခြည်သည် မှန်များကို ဖောက်ထွင်းမသွားနိုင်သဖြင့် အပူသည် အပြင်သို့ မထွက်ဘဲ မှန်လုံအိမ်အတွင်း၌သာ တည်ရှိနေသည်။ သို့အတွက် ပြင်ပနှင့်နှိုင်းစာလျှင် မှန်လုံအိမ်အတွင်း ပူနွေးလျက်ရှိပေသည်။ နေမှလာသော နေရောင်ခြည်ကို ကျွန်ုပ်တို့ မြင်တွေ့ရသော်လည်း မြေကြီးမှ ပြန်လည် ထုတ်လွှင့်ပေးသော လှိုင်းရှည်ရောင်ခြည် (အနီအောက်ရောင်ခြည်) ကိုမူ မမြင်တွေ့ရဘဲ ပူနွေးမှုကိုသာ ခံစားကြရ၏။

အလားတူ ဥပမာတစ်ခုမှာ နေအတန်ငယ်သာသည့် အခါမျိုးတွင် ဆီဒင်ခေါ် မှန်လုံကားအတွင်း၌ မှန်များအားလုံးတင်ပြီး နေကြည့်ခြင်းပင် ဖြစ်ပါသည်။ နေရောင်သည် ကားအတွင်းသို့ မှန်ကိုဖြတ်ပြီး ဝင်လာသော်လည်း လူခန္ဓာကိုယ်မှ ထွက်သော အပူငွေ့နှင့် ကားအတွင်းမှ ပြန်ထွက်သော လှိုင်းရှည်ရောင်ခြည်တို့သည် ကားမှန်များကို ဖောက်ထွက်ခြင်းမပြုနိုင်သဖြင့် ကားအတွင်းနေသူများ

မှာ ပူအိုက်လာသည်ကို ခံစားကြရကြောင်း တွေ့ရပေမည်။

သို့ရာတွင် လေထုအနေဖြင့် မြေကြီးမှ အနီအောက်ရောင်ခြည်ဖြင့် ထုတ်လွှင့်လိုက်သော အပူရှိန်ကို ကမ္ဘာမြေသို့ ပြန်လည်သက်ရောက်စေသည်သာမက ကမ္ဘာမြေနှင့် အပူစီးကူးခြင်းနှင့် အငွေ့ပျံခြင်း စသည့်နည်းလမ်းများဖြင့် အပူဖလှယ်မှုရှိလေသည်။ မှန်လုံအိမ်အနေဖြင့်မူ မှန်လုံအိမ်ပြင်ပနှင့် အပူဖလှယ်မှု မရှိသလောက်ပင် ဖြစ်သည်။ သို့အတွက် လေထုတွင် မှန်လုံအိမ် အာနိသင် ရှိသည်ဟု ဆိုခြင်းမှာ မှန်လုံအိမ်တွင်းဖြစ်စဉ်နှင့် လုံးလုံးလျားလျား တူသည်ဟု မဆိုနိုင်ပါ။ ဤသို့ ကမ္ဘာမြေမှ လှိုင်းရှည်ရောင်ခြည်ဖြင့် ပြန်လည်ထုတ်လွှင့်လိုက်သော အပူရှိန်၏ ၈၅ ရာခိုင်နှုန်းကို လေထုမှ လက်ခံရယူပြီး ကမ္ဘာမြေကို ပြန်လည်ပူနွေးစေသည့် ဖြစ်စဉ်ကို မှန်လုံအိမ် အာနိသင်ဟု ခေါ်ဆိုမည့်အစား လေထုအာနိသင်ဟု ခေါ်ဆိုပါက ပိုမိုသင့်တော်ပေသည်။

မှန်လုံအိမ် အာနိသင် တိုးမြင့်လာမှု

လေထုတွင် မှန်လုံအိမ်အာနိသင်သာမရှိပါက ကျွန်ုပ်တို့ ကမ္ဘာကြီး၏ ပျမ်းမျှ မြေပြင် အပူချိန်သည် သုည ဒီဂရီ ဖာရင်ဟိုက်သာ ရှိပေမည်။ ယခုမူ လေထု၏ မှန်လုံအိမ် အာနိသင်ကြောင့် ၅၉ ဒီဂရီဖာရင်ဟိုက် ဖြစ်နေကာ လူသတ္တဝါ သစ်ပင်ပန်းမန်တို့ ရှင်သန် နေထိုင်ရေးအတွက် လိုအပ်သော ပူနွေးမှုကိုပေးလျက်ရှိနေ၏။

သို့ရာတွင် လေထုအတွင်းရှိ မှန်လုံအိမ်အာနိသင်အား ဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားဓာတ်ငွေ့များ တိုးပွားလာမှုကြောင့် မှန်လုံအိမ် အာနိသင် တိုးလာပြီး ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်လာမည့် အလားအလာများကို သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားလျက်ရှိပေသည်။ စက်မှုတော်လှန်ရေးမတိုင်မီ အချိန်က ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ပါဝင်မှုသည် ထုထည်အားဖြင့် လေထုယူနစ် တစ်သန်းတွင် ယူနစ် ၂၈၀ မှ ၂၉၀ အထိသာဖြစ်၏။ စက်မှုတော်လှန်ရေး နောက်ပိုင်းကာလများတွင် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စသည့် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများ သုံးစွဲမှု များပြားလာခြင်းကြောင့် လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု တိုးတက်မြင့်မားလာပေသည်။ ၁၉၅၈ ခုနှစ်၌ လေထုယူနစ်တစ်သန်းတွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှုသည် ၃၁၅ ယူနစ်ဖြစ်၍ ယခုအချိန်တွင် ၃၅၀ ယူနစ် အထိရှိလာ၏။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု တိုးပွားလာစေသည့် အခြားအကြောင်းတစ်ခုမှာ သစ်တောများပြုန်းတီးမှုပင်ဖြစ်သည်။ သစ်ပင်များသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အစာချက်လုပ်သဖြင့် သစ်တောများပြားသည့် ဒေသတွင် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် လျော့ပါးလေ၏။ သစ်ပင်များကို ခုတ်လှဲပြီး မီးဆိုက်ခြင်းဖြင့် စုပ်ယူထားသော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လေထုထဲသို့ ပြန်လည်ထွေက်စေ၏။

မှန်လုံအိမ် အာနိသင် တိုးလာမှုမှာ လေထုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှု တိုးလာခြင်းအပေါ် လုံးလုံးလျားလျား မူတည်သည်ဟု ယနေ့ကယူဆခဲ့ကြသော်လည်း ယခုမူ ၅၀ ရာခိုင်နှုန်းသာ မူတည်ကြောင်း သိရှိလာခဲ့ကြ၏။ ကျန် ၅၀ ရာခိုင်နှုန်းမှာ လေထုအတွင်းအခြားဓာတ်ငွေ့များ တိုးပွားထွက်ရှိလာမှုအပေါ်တွင် မူတည်ကြောင်း တွေ့ရှိလာခဲ့ကြသည်။ ကလိုရီဖလူအိုရိုကာဗွန်ဓာတ်ပေါင်းများသည် အိုဇုန်းဓာတ်ငွေ့ကို ပြုန်းတီးစေနိုင်သည်သာမက မော်လီကျူး တစ်ခုချင်းအလိုက်နှိုင်းယှဉ်ပါက မှန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေရန် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထက် အဆ ၁၀,၀၀၀ ပိုမိုအကျိုးသက်ရောက်နိုင်ကြောင်း တွေ့ရှိကြရလေသည်။ မော်တော်ကားအင်ဂျင်နှင့် စက်ရုံမီးခိုးခေါင်းတိုင်များမှ ထုတ်လွှင့်ခြင်းဖြင့် လည်းကောင်း၊ အကာအဝါပစ္စည်းများကို စားသုံးခြေဖျက်မှုမှ ထွက်ပေါ်လာခြင်းဖြင့်လည်းကောင်း လေထုအတွင်း ရောက်ရှိလာသည့် နိုက်ထရပ်အောက်ဆိုဒ်သည်လည်းကမ္ဘာမြေမှအနီအောက်ရောင်ခြည်ဖြင့် ထုတ်လွှင့်ပေးသော အပူကို စုပ်ယူထားနိုင်စွမ်းရှိပေ၏။ မှန်လုံအိမ် အာနိသင်ကို ဖြစ်ပေါ်စေသည့် အခြားဓာတ်ငွေ့တစ်ခုမှာ မီသိုင်း သဘာဝဓာတ်ငွေ့ဖြစ်ပါသည်။ မီသိုင်းဓာတ်ငွေ့သည် အကာအဝါပစ္စည်းများက လူနှင့်တိရစ္ဆာန်တို့၏ စွန့်ပစ်ညစ်းများကို စားသုံးခြေဖျက်ရာမှ လည်းကောင်း၊ စပါးစိုက်ခင်းများရှိရာအောက် ဘက်တီးရီးယားများမှ လည်းကောင်း၊ ခြတောင်ပို့များမှလည်းကောင်း ထွက်ရှိလာပြီး လေထုအတွင်းရောက်ရှိလေသည်။ ယင်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထက် အဆ ၂၀ မျှ မှန်လုံအိမ်အာနိသင်ကို ပိုမိုဖြစ်ပေါ်စေ၏။ ဖော်ပြပါ ကလိုရိုဖလူအိုရိုကာဗွန်၊ နိုက်ထရပ်အောက်ဆိုဒ်နှင့်မီသိုင်းဓာတ်ငွေ့များသည်လည်း လေထုအတွင်း တိုးပွားလာမှုကြောင့် ကမ္ဘာမြေမှ လှိုင်းရှည်ရောင်ခြည်ဖြင့် ပြန်လည် ထုတ်လွှင့်လိုက်သည့် အပူကို လေထုမှ ပိုမိုစုပ်ယူထားနိုင်ပြီး ကမ္ဘာမြေနှင့် ထိကပ်နေသော လေထုအား ပိုမိုပူနွေးလာစေသည်။ သို့အတွက် လေထု၏ မှန်လုံအိမ် အာနိသင်သည် ပိုမိုမြင့်မားလာရ၏။

ကမ္ဘာ့မိုးလေဝသ ပြောင်းလဲမှုများ

ဤသို့ မှန်လုံအိမ် အာနိသင် တိုးမြင့်လာမှုကြောင့် ကမ္ဘာကြီး၏ မိုးလေဝသနှင့် ရာသီဥတုအခြေအနေများကို သိသိသာသာ ပြောင်းလဲစေနိုင်ကြောင်းကို ပညာရှင်အများက အဆင့်မြင့် နည်းပညာများ အသုံးပြုဆန်းစစ်ပြီး ထုတ်ဖော်ပြောကြားခဲ့ကြစေသည်။ ယင်းတို့၏ ပြောကြားချက်အရ ယခုကဲ့သို့ မှန်လုံအိမ် အာနိသင် ဆက်လက်တိုးမြင့်နေပါက သက္ကရာဇ် ၂၀၃၀ တွင် လေထု၏ ပျမ်းမျှအပူချိန်သည် ကမ္ဘာမြေပြင်၌ ယခုလက်ရှိ အပူချိန်ထက် သုံးဒီဂရီဖာရင်ဟိုက်မှ ရှစ် ဒီဂရီဖာရင်ဟိုက် အထိ တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ဤသို့တိုးမြင့်ရာတွင် ဝင်ရိုးစွန်းဒေသဘက်၌ ပိုမိုတိုးမြင့်မည်ဖြစ်ရာ တိုးမြင့်နှုန်းသည် တစ်ကမ္ဘာလုံးပျမ်းမျှထက် နှစ်ဆမှ သုံးဆအထိ ရှိနိုင်ကြောင်း၊ သို့အတွက် ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်များ၊ ရေခဲကုန်းမြင့်များ အရည်ပျော်ပြီး ကမ္ဘာ့ပင်လယ်ရေပြင်သည် လက်ရှိထက် တစ်ပေခွဲမှ ခြောက်ပေခွဲအထိ မြင့်တက်လာနိုင်ကြောင်းနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို သိရှိကြရလေသည်။

ဤသို့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်လာပါက လာမည့်နှစ် ၃၀ အတွင်း နွေစဉ် အပင်နှင့် တိရစ္ဆာန်မျိုးစု ၅၀ ခန့် သေကျေပျက်စီး ပျောက်ကွယ်သွားနိုင်ကြောင်း၊ သစ်တောပြုန်းတီးမှု၊ ရေအခက်အခဲနှင့် လယ်ယာထွက်ကုန် ကျဆင်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ အပူပိုင်းဒေသ၌ ဖြစ်ပွားတတ်သော ရောဂါဘယများ ကမ္ဘာအနှံ့ ပေါ်ပေါက်လာနိုင်ပြီး ကမ္ဘာ့ပင်လယ်ရေပြင်မြင့်တက်လာမှုကြောင့် ကျွန်းနိုင်ငံ အများအပြား ရေအောက်သို့ ရောက်သွားနိုင်သည့်အပြင် ကမ္ဘာ့မြို့ကြီးများစွာသည် ရေလွှမ်းခြင်းခံရမည်ဖြစ်ကြောင်း၊ သမုဒ္ဒရာရေစီးကြောင်းများလည်း ပြောင်းလဲသွားမည့် အပြင် မိုးရွာသွန်းမှုပုံသဏ္ဌာန် ပြောင်းလဲပြီး ကမ်းရိုးတန်းဒေသများ ပင်လယ်ဆားငန်ရေဝင်ကာ ရေလွှမ်းခံနေရသည့် အချိန်၌ ကုန်းတွင်းဒေသများတွင် မိုးခေါင်သည့်ဒဏ်ကို ခံကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းများ၏ ဘေးအန္တရာယ်ကို ယခင်ကထက် ပိုမိုကြီးမားစွာ ခံစားကြရမည် ဖြစ်ကြောင်း ရာသီဥတု ပညာရှင် အများစုက လက်ခံယုံကြည်ပြီး ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ယင်းပညာရှင်များက မှန်လုံအိမ် အာနိသင် တိုးမြင့်လာမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် အိုဇုန်းလွှာယိုယွင်းမှုထက်ပင် ဆိုးကျိုးပိုမိုဖြစ်စေနိုင်ပြီး ထိန်းချုပ်ရန် ပိုမိုခက်ခဲသည်ဟု ယူဆကြလေသည်။

သို့ရာတွင် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ကနေဒါနိုင်ငံ၊ အော့တဝါမြို့၌ ကျင်းပသည့် ညီလာခံတစ်ရပ်၌



စီအက်ဖ်စီအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်နေပုံ

အာတိတ်ဒေသရာသီဥတု လေ့လာမှုဆိုင်ရာ စီမံခန့်ခွဲရေးမှူးမက်ဝဲလ်က ကမ္ဘာကြီး ပူနွေးလာမှုသည် အာတိတ်ဒေသအတွက် အပြုသဘောဆောင်သည့် လက္ခဏာများလည်း ရှိကြောင်း၊ ရေခဲများ အရည်ပျော်ကျမှုကြောင့် ရေနံတူးဖော်ရေး၌ ပျက်စီးဆုံးရှုံးမှု နည်းပါးစေပြီး သဘော်သွားလာနိုင်သည့် ကာလမှာ ရက်သတ္တာ ခြောက်ပတ်မှ ရှစ်ပတ်အထိ ပိုမိုကြာညောင်းလာနိုင်ကြောင်း၊ ပိုမိုနွေးထွေးလာ၍ တောရိုင်းတိရစ္ဆာန်အချို့ သေကျေပျက်စီးနိုင်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ပြုလုပ်လာနိုင်ကြောင်းစသည်ဖြင့် ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတကာမှ အရေးယူဆောင်ရွက်မှုများ

၁၉၇၄ ခုနှစ်ကပင်စတင်၍ ပညာရှင်ရိုလန်နှင့် မော်လီနာတို့က စီအက်ဖ်စီခေါ် ကလိုရို ဖလူအိုရိုကာဗွန်များ၏ အိုဇုန်းလွှာအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်ကို ထုတ်ဖော်ပြောကြားခဲ့ကြသော်လည်း ယင်းဓာတ်ပေါင်းများထုတ်လုပ်သည့် စီးပွားရေးသမားများ၏ ကန့်ကွက်မှုကြောင့် ကျယ်ကျယ်ပြန့်ပြန့် အရေးယူဆောင်ရွက်မှုများ မရှိခဲ့ကြပေ။ ၁၉၇၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု

မှ စီအက်ဖ်စီများ လေထုအတွင်း တိုက်ရိုက်ရောက်စေနိုင်သည့် အခိုးမှုတ်ဘူးများတွင် ထည့်သွင်း အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်ခဲ့လေသည်။ သို့သော် အခြားလုပ်ငန်းများတွင် သုံးစွဲခြင်းကို ပိတ်ပင်မှုမပြုဘဲ ဥရောပနိုင်ငံများတွင်မူ အခိုးမှုတ်ဘူးများ၌ပါ ထည့်သွင်းအသုံးပြုကြဆဲဖြစ်လေသည်။

ထို့အတူပင် မှန်လုံအိမ် အာနိသင်နှင့် ပတ်သက်၍ ၁၈၉၀ ပြည့်နှစ်များကပင် ဆွီဒင်နိုင်ငံမှ ဓာတုပညာရှင် စဗန်တီ အာရင်းနီးရပ်စ် ဆိုသူက စတင် သတိပေးခဲ့ဖူးသည်။ အာရင်းနီးရပ်စ်က စက်မှုတော်လှန်ရေးကြောင့် ကျောက်မီးသွေး လောင်စာအများအပြား သုံးစွဲလာမှုကို သတိပြုရန်နှင့် ဤသို့သုံးစွဲမှုသည် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှု တိုးပွားလာစေကြောင်း ထောက်ပြခဲ့သည်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှုနှစ်ဆ ဖြစ်လာပါက ကမ္ဘာမြေပြင်အပူချိန်သည် ကိုးဒီဂရီဖာရင်ဟိုက် တိုးလာပြီး ကမ္ဘာကြီးအား ပူပြင်းစေမည်ဖြစ်ကြောင်းကိုတင်သတိပေးခဲ့သည်။ ယင်း၏သတိပေးချက်ကို သတိမမူခဲ့ကြသော်လည်း ယခုအချိန်တွင် အလွန်မှန်ကန်ကြောင်း တွေ့ရှိလာခဲ့ကြ၏။ အာရင်းနီးရပ်စ် သတိပေးချိန်၌ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှုသည် လေထုယူနစ် တစ်သန်းတွင် ယူနစ် ၂၈၀ မှ ၂၉၀ အထိ ဖြစ်သော်လည်း ယခုအချိန်၌ ယူနစ် ၃၅၀ ဖြစ်နေပြီဖြစ်၏။

ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများကို ယခုကဲ့သို့ ဆက်လက်သုံးစွဲနေပါက နောင်လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ယင်း၏သတိပေးချက်အတိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ပါဝင်မှုမှာ နှစ်ဆ ဖြစ်လာနိုင်ပြီး ကမ္ဘာမြေပြင်အပူချိန်သည် ၉ ဒီဂရီဖာရင်ဟိုက် တိုးမြင့်လာမည်မှာ မလွဲမသွေဖြစ်ကြောင်း ပညာရှင်အများစုက လက်ခံယုံကြည်လာကြပြီ ဖြစ်သည်။

၁၉၀၇ ခုနှစ် စက်တင်ဘာလ၌ ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် ကျင်းပခဲ့သော ညီလာခံတစ်ရပ်၌ ၆၂ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး စီအက်ဖ်စီ သုံးစွဲမှုကို ၁၉၉၀ ပြည့်နှစ် အကုန်တွင် ထက်ဝက် လျှော့ချပစ်ရန် သဘောတူညီခဲ့ကြ၏။ ၁၉၀၉ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ပြည်ထောင်စုမှ သုတေသီ စတန်လီ အေချန်နန်က ၁၉၀၀ ခုနှစ်၌ အမေရိကန်နိုင်ငံအဖို့ အဆိုးဝါးဆုံးမိုးခေါင်မှု ဖြစ်ပွားခဲ့ရာ စိုက်ပျိုးရေးကဏ္ဍတွင် ဒေါ်လာဘီလီယံ ၃၀ ဖိုးခန့် ဆုံးရှုံးခဲ့ပြီး အပူလှိုင်းကျမှုကြောင့် လူတစ်သောင်းခန့်အထိ သေဆုံးခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ဇရိယာ ၇၀ ရာခိုင်နှုန်းသည် ပူနွေးခြောက်သွေ့သော အခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ဇရိယာ ၁၃ ရာခိုင်နှုန်းသည် အပူချိန် စံချိန်တင်မြင့်မားခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့လေသည်။ သို့အတွက် ကမ္ဘာကြီးသည် လေထု၏ မှန်လုံအိမ် အာနိသင်ကို တိုးမြှင့်ခံစားနေရပြီဖြစ်ကြောင်း ပညာရှင်အများက လက်ခံယုံဆကြပြီးလန်ဒန်၊ ဒါကာ၊ နိုင်ရိုဗီ၊ ပါရီ၊ ဗရပ်ဆဲ၊ မာရှယ်ကျွန်းစုနှင့် တိုကျိုမြို့များတွင် နိုင်ငံတကာ အစည်းအဝေးများ ကျင်းပပြီး လိုအပ်သော အစီအစဉ်များကို ညှိနှိုင်းခဲ့ကြသည်။


သို့ရာတွင် အိုဇုန်းလွှာကို ပျက်စီးစေသည့် ဓာတုပစ္စည်းမှန်သမျှကို တားမြစ်ပိတ်ပင်မှုကို မနက်ဖြန်မှ စတင်ဆောင်ရွက်သည့်တိုင် အိုဇုန်းလွှာသည် ယခုရာစုနှစ်ကုန်အထိ ဆက်လက် ယိုယွင်းနေလိမ့်မည် ဖြစ်ကြောင်းကို စီအက်ဖ်စီကို စတင်တီထွင် ထုတ်လုပ်ရာ၌ ပါဝင်သူတစ်ဦးဖြစ်သည့် အမေရိကန်နိုင်ငံမှ ပညာရှင် ရှယ်ရီ ကိုလန်က ၁၉၇၉ ခုနှစ် မတ်လအတွင်း လန်ဒန်မြို့၌ ကျင်းပသည့် နိုင်ငံတကာအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့၏။ ၁၉၇၉ ခုနှစ် ဧပြီလ၌ ဥရောပစီအက်ဖ်စီထုတ်လုပ်သူများက စီအက်ဖ်စီများကို ၁၉၉၀ ပြည့် နှစ်ကုန်ပိုင်းတွင် ၉၀ ရာခိုင်နှုန်း လျှော့ချပစ်ရန် သဘောတူညီခဲ့ကြ၏။ ဥရောပဘုံစျေးအဖွဲဝင် နိုင်ငံများကလည်း ခရစ်နှစ် ၂၀၀၀ အရောက်၌ စီအက်ဖ်စီ ထုတ်လုပ်မှုကို လုံးဝ ရပ်ဆိုင်းပစ်ရန် သဘောတူညီခဲ့ကြလေသည်။

စီအက်ဖ်စီ သုံးစွဲမှုကို ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင် လုံးဝရပ်ဆိုင်းပစ်နိုင်ရန် ဆောင်ရွက်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ လာမည့် ၁၀ နှစ်တာ ကာလအတွင်း ဒေါ်လာသန်း ၄၀၀၀ ကုန်ကျနိုင်ကြောင်း၊ သို့အတွက် အနောက်အုပ်စုနိုင်ငံများမှ ငွေကြေးနှင့် နည်းပညာရပ်များ တောင်းခံလျက်ရှိကြောင်းကို ၁၉၇၉ ခုနှစ် စက်တင်ဘာလ၌ ကင်ညာနိုင်ငံ နိုင်ရိုဗီမြို့၌ ကျင်းပသော ကုလသမဂ္ဂမှ ကြီးမှူးသည့် အိုဇုန်းလွှာဆိုင်ရာ ညီလာခံတွင် အိန္ဒိယ ကိုယ်စားလှယ် မက်ဟာဗာဆာက ထုတ်ဖော်ပြောကြားခဲ့၏။ ၁၉၇၇ ခုနှစ် မွန်ထရီရယ် စာချုပ်ကို ဖွံ့ဖြိုးဆဲနိုင်ငံ ၁၃ နိုင်ငံကသာ အတည်ပြု လက်မှတ်ရေးထိုးထား၏။

၁၉၇၉ ခုနှစ် ဇွန်လကုန်၌ နိုင်ရိုဗီမြို့တွင် ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (ယူနက်) က ကြီးမှူး ကျင်းပခဲ့သော အစည်းအဝေးတစ်ရပ်၌ အမှုဆောင် ဒါရိုက်တာတိုလဘာက ကမ္ဘာကြီး၏ အပူရှိန်ပြင်းပြလာမှု တားဆီးရေး နိုင်ငံတကာ သဘောတူစာချုပ်တစ်ရပ်ကို ၁၉၉၂ ခုနှစ်တွင် ချုပ်ဆိုနိုင်လိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ရွှေမိုး





ဆေးပညာတိုးတက်မှုများး

ဆေးပညာ အပါအဝင် သိပ္ပံပညာအားလုံး တိုးတက်လျက်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ က ခဲ့စိတ်ကုသ၍ မရနိုင်ဟု ထင်ရသော ခန္ဓာကိုယ် အင်္ဂါများကို ခဲ့စိတ်ကုသ၍ရနေပေပြီ။ ထို့ပြင် လုံးဝပျက်စီးသွားသော နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ ပန်ကရိယ အပါအဝင် ကိုယ်တွင်းအင်္ဂါအသီးသီးကို အစားထိုးကုသ၍ရနေပေပြီ။ အခြို့သော ဦးနှောက်အစိတ်အပိုင်းများနှင့် အသည်းကိုပင် အစားထိုး ကုသ၍ ရနေပေပြီ။

လွန်ခဲ့သော ဆယ်စုနှစ်အထိ ကင်ဆာရောဂါကို ကာကွယ်၍မရ၊ ကုသ၍မရဟု ယူဆခဲ့ကြရာမှ ဆေးပညာသုတေသန တိုးတက်မှုကြောင့် ယခုအခါ အခြို့သော ကင်ဆာရောဂါများကို ကာကွယ်နိုင်မည့် နည်းလမ်းများ တွေ့ရှိထားပြီး အခြို့သောကင်ဆာရောဂါများကို ပျောက်ကင်းစေနိုင်ပြီဖြစ်သည်။

ရောဂါ ရှာဖွေ ကုသရာ၌ အခြား သိပ္ပံပညာများ၏ တိုးတက်မှုသည် ဆေးပညာအတွက် အထောက်အကူဖြစ်သည်။ ဥပမာ– လေဆာရောင်ခြည်နည်းပညာသည် ရူပဗေဒပညာနှင့် ဗီသုကာ အင်ဂျင်နီယာပညာနယ်ပယ်တွင် သာမက ဆေးပညာနယ်ပယ်တွင် အထူးအသုံးဝင်လာပြီဖြစ်သည်။

ထို့အတူ သွေးတွင်း ကိုလက်စထရော အဆီဓာတ်ကို လျော့ချခြင်းဖြင့် နှလုံးသွေးကြောကျဉ်း ရောဂါကို ကာကွယ်ကုသ၍ ရလာသည်။ ကိုလက်စထရော အဆီဓာတ်သည် နှလုံးနာကျင်ရောဂါ၊ နှလုံးကြွက်သားပုပ်ရောဂါတို့နှင့်လည်း ဆက်စပ်နေကြောင်း ညွှန်ပြနိုင်ခဲ့၍ အသက်ရှည် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ခဲ့သည်။

မျိုးဗီဇ နည်းပညာလည်း ထွန်းကားလာသည့် အလျောက် လူ၏မျိုးရိုးဗီဇကို ခွဲခြမ်းစိတ်ဖြာနိုင်ပြီး အခြို့သော မျိုးရိုးလိုက်ရောဂါများ၏ ဗီဇမျိုးစဉ် (Gene) များကို ကိတိပပ သိကြရပြီ။

ဆေးပညာ တိုးတက်ထွန်းကားမှုကို အန်တုလာသော ရောဂါဆိုးကြီး တစ်ခုသည်လည်း ကမ္ဘာ့လူသားများကို ဖိစီးနှိပ်စက်စပြုနေပြီဖြစ်သည်။ ယင်းရောဂါသည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကူးစက်ဖြစ်ပွားနေသည့် မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ ဖြစ်သည်။

အသည်းနှင့်ကိုယ်အင်္ဂါများ အစားထိုးကုသခြင်း

လူတို့တွင်အသည်းသည် ခန္ဓာကိုယ်၏အကြီးဆုံး အင်္ဂါအစိတ်အပိုင်းဖြစ်ပြီး ၁,၅၀၀ ဂရမ် သို့မဟုတ် ကိုယ်ခန္ဓာအလေးချိန်၏ ၂၀ ရာခိုင်နှုန်းရှိသည်။ အသည်းသည် သွေးသိုလှောင်ရာဌာနအဖြစ်လည်းကောင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သော အင်အား သိုလှောင် ထုတ်ဝေရာဌာနအဖြစ်လည်းကောင်း၊ ခန္ဓာကိုယ်အတွက် အဆိပ်အတောက်များကို တားဆီးပယ်ဖျက်ရာဌာနအဖြစ်လည်းကောင်း တည်ရှိသကဲ့သို့ အသားဓာတ်၊ အဆီဓာတ်နှင့် သကြားဓာတ် (ကစီဓာတ်) တို့ကို ခန္ဓာကိုယ်အတွက် လိုအပ်သော ဓာတ်သဘာဝအဖြစ်သို့ ပြောင်းလဲပေးရာ ဌာနကြီးလည်း ဖြစ်သည်။ ထို့အပြင် အစာခြေရာတွင် လိုအပ်သော သည်းခြေရည်ကိုလည်း ထုတ်ပေးလေသည်။

လူသားတို့၏အနေအထိုင် အစားအသောက် မဆင်ခြင်မှုကြောင့် အသည်းရောဂါ ကူးစက်မှု၊ ဖြစ်ပွားမှုများပြားလာသည်။ အသားဝါရောဂါပိုး ရှိသော အစားအသောက်များမှ အသည်းရောင်ရောဂါ ကူးစက်ခြင်း၊ အရက်အလွန်အကျွံ သောက်ရာမှ အသည်းကြွပ်ရောဂါ ဝေဒနာရှင်များ ပေါ်ပေါက်လာသည်။ ထိုရောဂါများကို အခြေခံ၍သော် လည်းကောင်း၊ မွှိတက်နေသော အစားအစာများ၊ ဆိုးဆေးပါသော အစားအစာများကို စားသုံးမိ၍သော်လည်းကောင်း အသည်းကင်ဆာ ရောဂါများ ဖြစ်ပေါ်လာပေသည်။

အရက်ကို စဲစဲလမ်းလမ်းနှင့် နှစ်ရှည်လများ အလွန်အကျွံသောက်ခြင်း၊ အသားဓာတ်နည်းသောအာဟာရကို နှစ်ရှည်လများစားသုံးခြင်းဖြင့် အသည်း၏လုပ်ငန်းများကို ထိခိုက်စေနိုင်သည်။ ကနဦးတွင် အသည်း၏ကလာပ်စည်းများသည် အဆီလွန်ကဲမှုဒဏ်ကို ခံစားကြရပြီးနောက် ပျက်စီးသောအဆင့်သို့ ရောက်ရှိ၍ အသည်းကလာပ်စည်းများနေရာတွင် အမာရွတ်ဘဝသို့ပြောင်းလဲကာ အသည်းကြွပ်သည့်အဆင့်သို့ တဖြည်းဖြည်း ရောက်ရှိသွားတတ်လေသည်။ အသည်းရောင် အသားဝါ ရောဂါသည်များ၏





အမေရိကန်ပြည်ထောင်စု ရှီကာဂိုတက္ကသိုလ်ဆေးပညာဗဟိုဌာနတွင် ၁၉၇၉ ခုနှစ် နိုဝင်ဘာလက မိခင်၏အသည်း သုံးပုံတစ်ပုံကို ၂၂ လသားအရွယ် သမီးငယ်အား အောင်မြင်စွာ အစားထိုးကုသနိုင်ခဲ့သည်။

အသည်းသည်လည်း လုံလောက်သော စစ်ဆေးကုသမှုမျိုး မခံယူဘဲ မဆင်မခြင် နေထိုင်စား သောက်ခဲ့လျှင် အသည်းကြေပ်ရောဂါအဆင့်သို့ ပြောင်းလဲသွားတတ်သည်ကို တွေ့ရသည်။ ထို့အတူ အသည်းကြေပ်ရောဂါသည်များအနက် အချို့သည် အသည်းကင်ဆာအဖြစ်သို့ ပြောင်းလဲသွားတတ်ကြောင်းကို ယနေ့ ဆေးပညာရှင်များက လေ့လာရှာဖွေတွေ့ရှိထားပြီဖြစ်လေသည်။ အသည်းရောင် အသားဝါ ဘီ အမျိုးအစား (Hepatitis B Virus infection) ရောဂါဖြစ်ဖူးသူ ၅၀ ရာခိုင်နှုန်းကို အသည်းကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သည်ဟုလည်း ဆိုကြသည်။

အသည်းကြေပ် ရောဂါသည် အရက် အလွန်အကျံ့ သောက်သောသူတွင် အဖြစ်များသော်လည်း အရက် အလွန်အကျံ့ သောက်တိုင်းလည်း အသည်းမကြေပ်ပေ။ အရက်အလွန်အကျံ့ သောက်သုံးသူများ၏ အသည်းစံနမူနာယူ၍ စစ်ဆေးရာတွင် အဆီလွန်အဆင့် ၂၅ ရာခိုင်နှုန်း၊ အသည်းကြေပ်အဆင့် ၂၅ ရာခိုင်နှုန်းနှင့် ကြားအဆင့် ၅၀ ရာခိုင်နှုန်းတွေ့ရှိခဲ့သည်။ သို့ဖြစ်၍ အရက်ကို အလွန်အကျံ့ သောက်သုံးသူများသည် ရိုးရိုး အဆီလွန် အဆင့်ကပင် တတ်ကျွမ်းနားလည်သော ဆေးပညာရှင်များနှင့် ညှိနှိုင်း တိုင်ပင်ကာ အသည်းကြေပ်သည့် အဆင့်သို့ မရောက်အောင် ကာကွယ်သင့်ပေသည်။

ယခုအခါ အသည်းရောင် အသားဝါရောဂါ ကာကွယ်ရန်ဆေးများ (Hepatitis B Vaccine) ပေါ်ပေါက်နေပြီဖြစ်သဖြင့် ရောဂါရှိသူနှင့်အတူ နေထိုင်သူများအား မကူးစက်စေရန် တားဆီးနိုင်ပြီဖြစ်သည်။ အသည်းရောင် နေပြီးသော ဝေဒနာရှင်များအားလည်း ဆေးဝါးကုသမှု ခံယူခြင်း၊ ကောင်းမွန်စွာ အနားယူစေခြင်းဖြင့် ရောဂါ

ပျော်ကင်းစေနိုင်ပါသည်။ အသည်းရောင်သောဝေဒနာရှင်များအား အသည်းကြပ်ရောဂါသို့ ကူးပြောင်းခြင်းအန္တရာယ်ကို ကာကွယ်နိုင်ရန် ကိုလ်ချီဆင်း(Colchicine) ခေါ် ဆေးဝါးကို မှီဝဲနိုင်ကြောင်း ဆေးပညာရှင်များလက်တွေ့ အသုံးချ စမ်းသပ် အောင်မြင်ပြီးပြီဖြစ်သည်။ ကိုလ်ချီဆင်းသည် အသည်းကလာပ်စည်းများ၌ အမာရွတ်တည်ခြင်းကို ဖျက်ဆီးခြင်းဖြင့် အသည်းကလာပ်စည်းများ မပျက်စီးအောင် ကာကွယ်ပေးသည်ဟု ဆိုကြသည်။

ထိုသို့မဟုတ်ဘဲ ရောဂါဗာဇ်မြစ်ကို စောစီးစွာ မသိ၍ သော်လည်းကောင်း၊ ကုသမှု ခံယူခြင်း စနစ်မကျသောကြောင့်လည်းကောင်း အသည်းကြပ်ရောဂါ ရလာသော အဆင့်တွင်မူ ဆေးဝါးဖြင့်ကုသ၍ မရတော့ပြီ။ ထိုအချိန်တွင် အသည်းကို အစားထိုးကုသသောနည်းမှလွဲ၍ အခြားသော ကုထုံးနည်း မရှိတော့ပေ။ ထို့အတူ အသည်းကင်ဆာဖြစ်လျှင်လည်း ရိုးရိုးကုထုံးမရှိ။ အစားထိုး ကုသရန်သာ ရှိသည်။


အသည်းကင်ဆာ ဖြစ်မဖြစ် စောစီးစွာ သိနိုင်ရန်မှာ သွေးကိုဖောက်ယူ၍ အသည်းကင်ဆာဖြစ်ခြင်း၏လက္ခဏာတစ်ရပ်ဖြစ်သော အယ်လဖာဖီတိုပရိုတင်း (Alpha Phetoprotein) ရှိ မရှိ စမ်းသပ်စစ်ဆေးခြင်းဖြစ်သည်။ အနည်းဆုံး ခြောက်လတစ်ကြိမ် ရှာဖွေခြင်းဖြင့် အသည်းကြပ်ရောဂါရှင်များသည် မိမိတို့၏အသည်းမှာ ကင်ဆာရောဂါရ မရ သိရှိနိုင်ပေသည်။ အသည်းကြပ် ရောဂါရှင်၏သွေးထဲတွင် ယင်းအယ်လဖာဖီတိုပရိုတင်း (Alpha Phetoprotein) ကို တွေ့သည်နှင့်တစ်ပြိုင်နက် ထိုသူ၌ အသည်းကင်ဆာရောဂါ စတင်ဖြစ်ပေါ်နေပြီဟု သိရပေသည်။


အသည်း အစားထိုး ကုထုံးကို အသည်းကြပ်ရောဂါသမားများနှင့် အသည်းကင်ဆာနှင့်သော အဆင့်ရှိသူများအတွက် အသက်ကယ်ဆေး ကုထုံးအဖြစ် အသုံးပြုနိုင်သည်။ ကမ္ဘာပေါ်တွင် အသည်းအစားထိုး ကုသခြင်းကို ပထမဆုံး လုပ်ဆောင်သူမှာ အမေရိကန်ပြည် ကိုလိုရာဒို တက္ကသိုလ်မှ ဒေါက်တာ သောမတ်စ်အီးစတားဇ် ပင်ဖြစ်သည်။ လွန်ခဲ့သော ၂၅ နှစ်က အီးစတားဇ်သည် ကမ္ဘာပေါ်တွင် ပထမဦးဆုံးအဖြစ် အသက် သုံးနှစ်အရွယ် ယောကျ်ားလေးတစ်ဦးကိုအသည်းအစားထိုးကုသခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ချေ။ အီးစတားဇ်နှင့် အဖွဲ့သည် အားမလျှော့ဘဲ နည်းလမ်းသစ်များနှင့်ဆက်လက်ကြိုးစားခဲ့ရာ မကြာမီအတွင်းမှာပင် အသည်းအစားထိုး ကုသခံလူနာများ ဆေးရုံမှဆင်းနိုင်သော အဆင့်သို့ ရောက်ရှိခဲ့ကြသည်။ ယခုအခါတွင် အသည်းအစားထိုး ခွဲစိတ်ကုသမှု ခံယူပြီးနောက် ဝေဒနာရှင်များသည် အသည်းသစ်ဖြင့် အနည်းဆုံး တစ်နှစ်ခန့် အသက်ရှင် နေထိုင်နိုင်ကြပြီဟုဆိုသည်။ အမေရိကန်ပြည်တွင် ၁၉၇၁ ခုနှစ်တွင် ၂၆ ဦးသာ ကုသမှုခံယူခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အသည်း အစားထိုး ကုသမှုခံယူသူ လူနာပေါင်း ၁,၂၀၀ ရှိခဲ့သည်။

အမေရိကန် ပြည်ဥသာမက ကိန်းဗရစ်နှင့် အခြားအင်္ဂလန်ဆေးရုံများတွင် ၁၉ နှစ်အတွင်း အသည်း အစားထိုးကုသသူပေါင်း ၃၁၀၀၊ ဟာနိုဗာနှင့် အနောက်ဂျာမနီတွင် ၁၄ နှစ်အတွင်း ၂၇၃ ယောက် ရှိကြောင်းကိုလည်း သိရှိရသည်။ ထိုတိုင်းပြည်များတွင် အသည်းအစားထိုးကုသခြင်းကို ၁၉၆၈ ခုနှစ်ကပင် စတင်ပြုလုပ်ခဲ့သော်လည်း အမေရိကန်တွင် လုပ်ဆောင်မှုလောက် အရေအတွက် မများကြောင်း တွေ့ရသည်။

အသည်းအစားထိုး ကုသပြီးနောက် အသည်းသစ်ကို လက်ခံသော ကိုယ်ခန္ဓာက မပယ်ရန် အပယ်ခံတားဆေးများ ဆက်လက် သုံးစွဲကြရသည်ဟု ဆိုလေသည်။ ဤအပယ်ခံတားဆေးများကို တာရှည်သုံးစွဲပါက ကိုယ်ခန္ဓာ၏ခုခံစွမ်းအားကို ကျစေသဖြင့် ပိုးမွှားအန္တရာယ်ကို စိုးရိမ်ရသည်။ ထိုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ယခုအခါ စမ်းသပ်ခံ တိရစ္ဆာန်များအား ခန္ဓာအစိတ်အပိုင်း

လေဆာရောင်ခြည်ကိုသုံး၍ မျက်စိခွဲစိတ်ကုသပုံ





လူနာများ၏ထိုအပ်ချက်နှင့်အညီ ရောဂါရှာဖွေ စမ်းသပ်ပေးနိုင်မည့် အလိုအလျောက် သုတေသနခန်းများကို အသုံးပြုခြင်းဖြင့် ရောဂါကူးစက်မှုကို ထိရောက်စွာကာကွယ်နိုင်ပြီဖြစ်သည်။

အစားထိုး ကုသချိန်တွင် မိုနိုကလိုးနဲ့ ပဋိပစ္စည်း (Monoclonal Antibodies) ပေးခြင်းဖြင့် အစားထိုး ကုသပြီးနောက် နှစ်နှစ်အထိ အပယ်ခံတားဆေးကို အသုံးမပြုဘဲ ထားနိုင်လေသည်။

သြစတြေးလျ ခွဲစိတ်ဆရာဝန်ကြီးများက ယခုအခါ အသည်းအစားထိုး ကုသခြင်းအတွက် အသည်းကို လတ်တလော သေဆုံးသူပုဂ္ဂိုလ်ထံမှ မယူဘဲ သက်ရှိလူကြီးတစ်ဦး၏ အသည်း တစ်စိတ်တစ်ဒေသကို အလောတော်ဖြတ်တောက်၍ ကလေးသူငယ်များတွင် အစားထိုး အသုံးပြုသောနည်းသစ် တွေ့ထားပြီဟုဆို၏။ ခန္ဓာကိုယ်အရွယ် အစား တူသော အသည်း အလှူရှင်ကို ရှာဖွေရသည့် အခက်အခဲ ပြဿနာကို ဖြေရှင်းပေးလိုက်လေသည်။ အသည်း အလှူရှင်ထံမှ အသည်း တစ်စိတ်တစ်ဒေသကို အလောတော် ဖြတ်တောက်ခြင်းသည် မိနစ် ၉၀ မျှသာ ကြာမြင့်၍ ထိုသို့ခွဲစိတ်ရာတွင် လိုအပ်သော သွေးကြောမျှား ပြည့်စုံစွာပါရှိစေရန် မျှားစွာဂရုစိုက်ရသည်ဟု ဆိုကြသည်။ ဤနည်းကို ၁၉၇၄ ခုနှစ်ကတည်းက စတင် အသုံးပြုခဲ့၍ ယခုအခါ မျှားစွာအောင်မြင်မှု ရရှိနေပြီဖြစ်သည်ဟု သိရလေသည်။

အသည်းကို တစ်စိတ်တစ်ပိုင်း ယူ၍ အစားထိုး ကုသသကဲ့သို့ အခြားသော အင်္ဂါအစိတ်အပိုင်းများကိုလည်း တစ်စိတ်တစ်ပိုင်းယူ၍ အစားထိုးကုသမှုပြုနေရာတွင်လည်း အောင်မြင်မှုရနေကြပေသည်။

ယင်းနည်းမှာ သန္ဓေသား၏ ဆဲလ်ကလာပ်စည်းများကို အသုံးပြု၍လည်းကောင်း၊ သန္ဓေသား၏ အင်္ဂါအစိတ်အပိုင်းများကို အသုံးပြု၍လည်းကောင်း လူသားတို့၏ ရောဂါများကို ကုသခြင်းဖြစ်သည်။

သန္ဓေသား၏ ဆဲလ်များကို ထိုးနှံကုသခြင်း

သန်ရည်အကျိတ်ကလာပ်စည်းရောဂါလက္ခဏာစု (Bare Lymphocyte Syndrome) ဟူသော မွေးရုပါ ရောဂါသည် ခန္ဓာကိုယ်ခုခံနိုင်အား ကင်းမဲ့စေရကား မွေးကင်းစမှ လပိုင်း အနည်းငယ် အတွင်းမှာပင် အသက်ဆုံးရှုံးစေသဖြင့် မျှော်လင့်ချက်မရှိသော ရောဂါဟု သတ်မှတ်ခံခဲ့ရသည်။ ယခင်က ဤရောဂါရှိသော ကလေးကို ကိုယ်ဝန်ဆောင်ထားရသော မိခင်သည် ကလေးကို ဖျက်ချရခြင်း သို့မဟုတ် မွေးဖွားလာသော ကလေးငယ်ကို သွေးဖြူဥ အစားထိုးကုသခြင်းဖြင့်သာ ပြုနိုင်သည်။ ယခုမူ အခြားသန္ဓေသား၏ ဆဲလ်ကလာပ်စည်းများကို ကိုယ်ဝန်ဆောင်နေစဉ် ဝမ်းထဲရှိကလေးကို အထူးထိုးပေးခြင်းဖြင့် ကုသနိုင်ကြောင်း တွေ့ရှိရသည်။

ဤနောက်ဆုံးနည်းဖြစ်သော သန္ဓေသားဆဲလ်များ အမိဝမ်းတွင်းရှိ ကလေးအား တိုက်ရိုက် ထိုးပေးခြင်းကို မကြာသေးမီကာလ ၁၉၇၈ ခုနှစ် ဇွန်လအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့တွင်ကျင်းပသော ဆေးပညာနှိုးနှောဖလှယ်ပွဲ၌ တင်ပြခဲ့လေသည်။ ဤနည်းကို အသုံးပြု၍ ဒေးဗစ် ဆိုသော ကလေးငယ် မိခင်ဝမ်းအတွင်း၌ ရှိစဉ် သီတင်းပတ် ၃၀ ကာလတွင် စမ်းသပ် ထိုးပေးခဲ့ခြင်းဖြစ်သည်။ မမွေးဖွားမီ ကုသပေးခြင်းသည် အောင်မြင်မှုပိုရှိသည်ဟု ဆရာဝန်ကြီးများက ယူဆ၍ ကိုယ်ဝန်ပျက်ကျရာမှ ရရှိသော သန္ဓေသား နှစ်ဦး၏ အသည်းနှင့် ရင်ခေါင်းအထက်ပိုင်း ပင့်အကျိတ်တစ်ခုဖြစ်သော သိုင်းမတ်စ်တို့မှ ၁၆ သန်းရှိသော ခုခံအားဆဲလ်ပါသော အရည် ခုနစ်စီစီခန့်ကို ဒေးဗစ်၏ ချက်ကြိုးအတွင်းသို့ မိခင်၏ဝမ်းပိုက်ကို ဖောက်၍ ထိုးပေးခဲ့ကြသည်။ ဒေးဗစ် မွေးဖွားပြီးနောက်တွင်လည်း ဤသို့ပင် ဆဲလ်များထပ်မံထိုးပေးခဲ့ကြသည်။ ဒေးဗစ်၏သွေးကို စစ်ကြည့်ခြင်းဖြင့် ထိုးပေးလိုက်သော ဆဲလ်များသည် အသည်း၊ သရက်ရွက်နှင့် ရိုးတွင်းချဉ်ဆီတို့တွင် ပွားများနေကြောင်း တွေ့ရှိရသည်ဟု ဆို၏။ ဤသို့တွေ့ရှိရသည်မှာ ဒေးဗစ်၏ခုခံအားစနစ် ပုံမှန်

အနေအထား ဖြစ်လာနိုင်ကြောင်း လက္ခဏာဖြစ်သည်ဟု ယူဆကြသည်။

သန္ဓေသား၏ ဆဲလ်များကို အသုံးပြုရာတွင် ပျက်ကျရာမှ ရသော သန္ဓေသားကိုသာလျှင် အသုံးပြုခွင့်ရှိလေသည်။ ပျက်ကျရာမှရသော သန္ဓေသား၏ ဆဲလ်အမျိုးမျိုးကို အစားထိုးအသုံးပြု၍ကုသခြင်းဖြင့် အခြို့သော မွေးရာပါရောဂါဖြင့် အရှင်မွေးလာသောကလေးငယ်တို့၏ ရောဂါများကိုလည်း ပျောက်ကင်းစေနိုင်သည်။ ယင်းရောဂါများမှာ ကျောက်ကပ်အထက်အင်္ဂါရောဂါ၊ ပန်ကရိယအကျိတ်ရောဂါနှင့် ဆီးချိုရောဂါ စသည်တို့ ဖြစ်သည်။ အသက်အိုမင်းသော သူများတွင် ဖြစ်ပွားသည့် ခြေတုန်လက်တုန် ပါကင်ဆန်ရောဂါအတွက် သန္ဓေသား၏ ဦးနှောက် ကလာပ်စည်းများကို လူကြီး၏ ဦးနှောက်ထဲ အစားထိုး ကုပေးခြင်းဖြင့် ရောဂါကို သက်သာစေနိုင်ကြောင်း တွေ့ရှိရပေသည်။

ကင်ဆာရောဂါ ကာကွယ်ကုသခြင်း

ကင်ဆာရောဂါသည် လူကို သေစေသော အဓိက အကြောင်းရင်း တစ်ရပ် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ကင်ဆာကြောင့် သေဆုံးမှုသည် နှစ်စဉ် ငါးထောခိုင်နှုန်းခန့် မြင့်တက်နေသည်။ ဂျပန်နိုင်ငံတွင်လည်း ၁၉၇၁ ခုနှစ်မှစ၍ ကင်ဆာသည် လူသေစေသော အဓိက အကျဆုံး အကြောင်းရင်း ဖြစ်လာသည်။ ဂျပန်နိုင်ငံ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက ၁၉၇၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်သောစာရင်းအရ ၁၉၇၈ ခုနှစ်တွင် ကင်ဆာကြောင့် လူ ၂၀၆,၀၀၀ သေဆုံးခဲ့၍ လူတစ်သိန်းလျှင် ကင်ဆာဖြစ်သူ ၁၆၈ ဒသမ ၈ ဦးနှုန်း ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဆေးပညာရှင်တို့သည် ကင်ဆာ ကာကွယ်ရေးအတွက် ပညာပေးနိုင်ရန်လည်းကောင်း၊ ကုသမှု ထက်မြက်ရန်လည်းကောင်း ကြိုးပမ်းလျက်ရှိရာ အောင်မြင်မှုများရရှိနေသည်။


အစာအိမ်ကင်ဆာကို ကြက်သွန်ဖြူ၊ ကြက်သွန်နီ စားသုံးခြင်းဖြင့် ဟန့်တားနိုင်မှု အခြေအနေ၊ သားမြတ်ကင်ဆာကို ကြိုတင် သိရှိ ကာကွယ်နိုင်ရန် သားမြတ်ဓာတ်မှန်ရိုက်ခြင်း ခံယူသင့်သည့် အချိန်အပိုင်းအခြား၊ သားမြတ်ကင်ဆာကို ကုသနိုင်မည့် ဟော်မုန်းအတု၏ အကျိုးအာနိသင် အတိုင်းအတာ၊ ကင်ဆာရောဂါရှင်ကို ကိုယ်ခန္ဓာ အစားထိုးကုသလျှင် ဖြတ်တောက်အစားထိုး

မျက်မမြင်တို့စာဖတ်နိုင်ရန် ဆေးပညာနှင့်ကွန်ပျူတာနည်းပညာတို့ ပေါင်းစပ်တီထွင်ထားသည့်ကိရိယာ





ဆိုဗီယက်ပြည်ထောင်စုတွင် ဖန်ပြန်သန္ဓေနည်းပညာဖြင့် မွေးဖွားသော ကလေးငယ်တစ်ဦးကို ပုံရိပ်ပေါ် စေသော နည်းပညာသစ်ဖြင့် ဆေးစစ်နေပုံ



ဆေးပညာတွင် ခွဲစိတ်ခြင်းနှင့်တွင် လေဆာရောင်ခြည်က အစားထိုးဝင်ရောက်နေပြီဖြစ်သည်။

နိုင်မည့် အရွယ်အစား၊ လူသား၏ ကင်ဆာခွဲပရိုတင်းကို ရှာဖွေ၍ သန့်စင်ပေးနိုင်မည့် မျိုးဗီဇနည်းပညာ၏ အတိမ်အနက် စသည်တို့ကို သုတေသနပြုကြသည်။ ထို့ကြောင့် ဆေးပညာရှင်တို့၏ သုတေသနလုပ်ငန်းများအရ ဖော်ထုတ်သိရှိထားသော လိုက်နာအပ်သည့်အချက်များကို မှတ်သားလိုက်နာလျှင် ကင်ဆာရောဂါနှင့် ကင်းဝေးနိုင်ပေသည်။ (ကင်ဆာရောဂါ—ရှု။)

လေဆာကို အသုံးချ၍ ဆေးကုသခြင်း

လေဆာဆိုသည်မှာ "ထိန်းချုပ်အလင်းရောင်" (ဝါ) L . A . S . E . R (Light Augmented Special Emitted Rays) ပင် ဖြစ်သည်။ အလွယ်ဆုံးနှင့် အရှင်းဆုံးပြောရလျှင် လေဆာ ဆိုသည်မှာ အလွန်သန့်စင်သည့် တစ်ခုတည်းသော အရောင်မှ ထွန်းလင်း တောက်ပပြီး အင်အားအလွန်ပြင်းထန်သော ရောင်ခြည်တန်း ထုတ်လွှာခြင်းပင်ဖြစ်သည်။ ယင်းလေဆာကို အစဖော်ပေးခဲ့သူမှာ အဲလဗတ် အိုင်းစတိုင်း ဖြစ်ပြီး အိုင်းစတိုင်း၏ အဆိုပြုချက်ကို သိပ္ပံပညာရှင်များ သဘောပေါက် နားလည်ကြသော်လည်း နှစ်ပေါင်း ၃၀ ကြာသည့်တိုင် အကောင်အထည် မဖော်နိုင်ခဲ့ကြချေ။

လက်တွေ့ အကောင်အထည်ဖော်ပေးသူ သို့မဟုတ် ရှေ့ဆောင် လမ်းပြခဲ့သူမှာ ကာလီဖိုးနီးယား တက္ကသိုလ်မှ ရူပဗေဒ ပါမောက္ခနှင့် နိုဗဲဆုရှင် ဒေါက်တာ ချားလ်အိပ်ချ်တောင်းနီးစီးဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မေလတွင် ဟူးသုတေသနစခန်းမှ ဒေါက်တာ သီအိုဒိုအိပ်ချ်မေမန်းက ပတ္တမြားကျောက်အတုကို အသုံးပြု၍ ပထမဦးဆုံးသော လေဆာကိရိယာကို ထုတ်လုပ်နိုင်ခဲ့လေသည်။ နောက်ပိုင်းတွင် နီလာ၊ မြ၊ ပတ္တမြားတို့မှ လေဆာကို ထုတ်ယူခဲ့ကြသည်။ ယခုအချိန်တွင်ပင် အပ်ခေါင်းထက် ပို၍မကြီးသော လေဆာများပင် တီထွင် ထုတ်လုပ်နေကြပြီဟု ဆိုသည်။

လေဆာ၏ အသုံးဝင်ပုံမှာ အသခေါ် အနန္တဟု ဆိုရမည်ဖြစ်၏။ နေရာတိုင်း လုပ်ငန်းတိုင်းတွင် လေဆာနှင့် မကင်းလွှသဖြင့် လေဆာ၏အသုံးမှာ အဆုံးမရှိဟုပင် ဆိုရမလောက်ပင် ဖြစ်သည်။


လေဆာရောင်ခြည်သည် လွန်ခဲ့သော နှစ်အနည်းငယ် ခန့်ကတည်းက ဆေးဝါး ကုသမှုဆိုင်ရာ ထူးဆန်းသော သာမန် အခြင်းအရာအဖြစ်မှ အထူးကုသမှု နယ်ပယ် အတော်များများအတွက် အားထားလောက်သောနည်း တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့သည်။


လေဆာရောင်ခြည်ကို ဆေးဝါးကုသရေး နယ်ပယ် အသီးသီးတွင် ကုသနည်းတစ်ခုအဖြစ် တွင်ကျယ်စွာ အသုံးချလျက်ရှိသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် လေဆာ (Carbon Dioxide Laser) မှာ အားကောင်းသော လေဆာရောင်ခြည်တန်းဖြစ်ပြီးအရေပြားကို ထွင်းဖောက်ရာတွင် ခွဲစိတ်ဓားသဖွယ်တိကျထက်မြက်ပြီး ပတ်ဝန်းကျင်ရှိ သွေးကြောမျှင်များကို ပိတ်စေသဖြင့် သွေးထွက်နည်းစေသည်။ အာဂွန်လေဆာ (Argon Laser) မှာ ကာဗွန်ဒိုင်အောက်ဆိုဒ် လေဆာထက် အားပိုနည်းသော်လည်း မွေးရာပါ အမှတ်ကြွေးများကို ဖျောက်ဖျက်ရာ၌ ပို၍အသုံးကျသည်ဟုဆို၏။ အသစ်လွှင်ဆုံးသော ဆေးဝါးကုသမှုဆိုင်ရာ လေဆာကို အီဘရစ်ယမ် အလူမီနမ် ဂါးနက် လေဆာ (ဝိုင် အေ ဂျီ) (Yttrium-aluminum-garnet crystalds) (Y A G) ဟုခေါ်သည်။ ယင်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ် လေဆာ ရောင်ခြည် နီးပါး အားကောင်းသည်ဟု ဆိုသည်။

လေဆာဖြင့် မျက်စိ ခွဲစိတ်ကုသမှု

လေဆာရောင်ခြည်ကို အထိရောက်ဆုံးနှင့် အများဆုံး အကျိုးပြုနေသည့် ဆေးဝါးကုသရေး နယ်ပယ်တစ်ခုမှာ မျက်စိရောဂါ ကုသရေး နယ်ပယ် ဖြစ်သည်။ မျက်စိကို ဆရာဝန်များသည် အလွန်နူးညံ့လှသော အသားမျှင်များတည်ရှိရာ မျက်စိကို ခွဲစိတ် ကုသရာတွင် လေဆာသည် တန်ဖိုး မဖြတ်နိုင်လောက်အောင် အဖိုးတန်ပေသည်။ လေဆာဖြင့် ပြုလုပ်ထားသော "သွေးမဲ့ ခွဲစိတ်ဓား" (Bloodless Scapel) သည် အသားများ သို့မဟုတ် ဆဲလ်များကို ဖျက်ဆီးပစ်ခြင်းအားဖြင့် အလွန်ထိရောက်ကောင်းမွန်သော ခွဲစိတ်မှုကို လုပ်နိုင်သည်။ လေဆာမှ ထုတ်သောစွမ်းအင်ကို ကလာပ်စည်းဆဲလ်များ၊ အသားမျှင်များက စုပ်ယူပြီး အလိုအလျောက် ပျက်စီးသွားခြင်း သို့မဟုတ် အခိုးအငွေ့များအဖြစ် လွှင့်ပျောက်သွားသည်ဟု ဆိုသည်။ မျက်စိ ခွဲစိတ် ကုသရေးတွင် တိကျမှု ရှိသောကြောင့် မျက်စိ ခွဲစိတ် ကုသမှုများတွင် ခွဲစိတ်ဓားအစား လေဆာရောင်ခြည်ကို အစားထိုး အသုံးပြုလေပြီ။ အချို့မှာ စမ်းသပ်ဆဲဖြစ်သော်လည်း ယခင်က မည်သို့မျှ မစွမ်းဆောင်နိုင်ခဲ့သော ခွဲစိတ်ကုသမှုများကို လေဆာဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ကြပေပြီ။

လူအတော်များများသည် အသက်အရွယ်မရွေး စက္ခုအာရုံ ချို့ယွင်းချက်ကို ခံစားကြရသည်။ ဆီးချို့ရောဂါရှင်များနှင့် သက်ကြီးရွယ်အို့များ မျက်စိ တဖြည်းဖြည်း ကွယ်သွားစေသည့် မျက်တွင်းမြင်လွှာ သွေးကြောမျှင်ကလေးများ အဆမတန် ကြီးထွားလာမှုကို သွေးများယိုစီးကျမသွားအောင် သွေးကြောများကို လေဆာဖြင့် ပိတ်ဆို့ တားလိုက်နိုင်သဖြင့် မျက်စိ ကွယ်သည့် ဘေးမှ





ဆံခြည်မျှင်နှစ်မျှင်အရွယ် မိုက်ကရိုမော်တာ (၀) နှင့် အပ်ခေါင်း၏ သုံးပုံတစ်ပုံမျှသာ ရှိသော မိုက်ကရို အာရုံခံ ကိရိယာ စသည့် မိုက်ကရိုစက်မှုနည်းပညာ တီထွင်မှုများကြောင့် လူ့ ခန္ဓာအတွင်း ဈာဂါရှာဖွေကုသမှု နည်းပညာသည် တစ်ရှိန်ထိုး တိုးတက်လာပြီဖြစ်သည်။

ကင်းဝေး လွတ်မြောက်ကြရသည်။ ထို့ပြင် မျက်လုံးအိမ်အတွင်း အရည် စုစည်းမှု များပြားရာမှ မျက်ကြောများ ထိခိုက်ကာ မျက်စိကွယ်သွားစေနိုင်သည့် မျက်တွင်းဖိအား လွန်ရောဂါ (glaucoma) ကုသရေးတွင် လေဆာကို ကျယ်ပြန့်စွာသုံးစွဲလျက်ရှိသကဲ့သို့အတွင်းတိမ် (catariact) ခဲ့ထုတ်ပြီးနောက် ချန်ထားခဲ့ရသော အမြွေးပါးသည် မှုန်ဝါးလာပါက မျက်စိ တစ်ဖန်ပြန်၍ ကွယ်သွားနိုင်ရာ လေဆာသည် ယင်း အမြွေးပါး ကို မိနစ်ပိုင်းအတွင်း ထွင်းဖောက်၍ ကြည်လင်စေနိုင်သည်ဟုဆိုသည်။

မျက်ကြည်လွှာသည် သဘာဝအားဖြင့် ခုံးနေသော မျက်စိ၏ အလင်းဝင်တံခါးပေါက်ဖြစ်ပြီး ယင်းမျက်ကြည်လွှာ၏ ခုံးနေသော အနေအထား ပုံပန်းမမှန်ပါက ပုံရိပ်ထင်ရှားမှုကို ထိခိုက်လေရာ အဝေးမှုန် (myopia)၊ အနီးမှုန် (hyperopia) နှင့် မျက်စိမှုန်မျက်နှာပြင် မညီညာမှု (Astigmatism) တို့ ဖြစ်လာနိုင်လေသည်။ ယခင်က အဝေးမှုန်သူများအား မျက်ကြည်လွှာပုံသွင်းခဲ့စိတ် ကုသပေးခဲ့သော်လည်း (Radial Keratotomy) တိကျမှန်ကန်မှု အားနည်းပြီး လုပ်ကိုင်ရာတွင် တစ်ရှူးများ ပျက်စီးမှုများ၍ ကျယ်ပြန့်ခြင်း (Invasive) ဖြစ်လှသည်။ ယခုမူ အိတ်စိမာလေဆာ (Excimer Laser) ဖြင့် မျက်စိ၏ အကြည်လွှာကို ပြန်လည်ပုံသွင်းနိုင်သည်။ ယင်း လေဆာဖြင့် ပုံသွင်းခြင်းသည် တိကျမှန်ကန်မှု အပြည့်အဝ ရရှိသည့်အပြင် ခဲ့စိတ်ချိန်မှာ လူနာတစ်ဦးလျှင် စက္ကန့် ၃၀ သာလျှင် ကြာမြင့်လေသည်။ လေဆာဓားသွားသည် အပူ မထုတ် သည့် အတွက် မျက်ကြည်လွှာကဲ့သို့သော အရွတ်တက်လွယ်သော တစ်ရှူးအတွက် များစွာအကျိုးရှိလေသည်။ ထို့အပြင် လေဆာရောင်ခြည်သည် နာကျင်ခြင်း မရှိသည့်အပြင် အနီးနားရှိ ဆဲလ်တစ်ရှူးကို ထိခိုက်ပျက်စီးခြင်းလည်း မရှိဟု ဆိုသည်။

ဤကဲ့သို့ လေဆာရောင်ခြည်ဖြင့် အဝေးမှုန်၊ အနီးမှုန် သူများကို တွင်တွင်ကျယ်ကျယ်၊ ကျယ်ကျယ်ပြန့်ပြန့် ကုသ အသုံးပြုလာသည်နှင့်အမျှ မျက်မှန်တပ်ခြင်း၊ မျက်ကပ်မှန် တပ်ခြင်း ဒုက္ခမှ ကင်းဝေးနိုင်ပေတော့မည်။ ထို့အပြင် မျက်စိလုံးဝကွယ်သူများအဖို့ပင် စက္ခုအာရုံကို ပြန်လည် ခံစားနိုင်သည်ဟုဆိုသည်။

လေဆာဖြင့် အရေပြားရောဂါများကို ကုသခြင်း

အရေပြားရောဂါ ကုသရေးဌာနလည်း လေဆာရောင်ခြည် အသုံးပြုမှု ပိုမိုများပြားလာလေသည်။ ယခုအခါ အရေပြားရောဂါ အထူးကု ဆရာဝန်များသည် ရက်သတ္တပတ် ပေါင်းများစွာအတွင်း သို့မဟုတ် လအနည်းငယ်အတွင်း ဆက်တိုက်ကုသပေးသွားခြင်းဖြင့် မွေးရာပါ အမှတ်များကို အထိုက်အလျောက် ပျောက်အောင် ဖယ်ရှားပေးနိုင်ကြသည်။ ထို့အပြင် အကျည်းတန်သော ကြွက်နို့ (Warts) နှင့် အသားမာ (Corns) များကို သမားရိုးကျ နည်းများနှင့် လုံးဝ မပျောက်ကင်းပါက လေဆာဖြင့် တစ်ကြိမ် ကုသပေးလိုက်ရုံနှင့် ခုနစ်ဆယ်ရာခိုင်နှုန်း ပျောက်ကင်းသွားကြသည်ဟု ဆိုသည်။ ထို့အတူ ထိုးကွင်းမင်ကြောင်များကိုလည်း လေဆာဖြင့် တစ်ကြိမ် ကုသပေးရုံမျှဖြင့် လုံးဝ ပျောက်သွားအောင် ကုသနိုင်ကြပေပြီ။ ထိခိုက်ဒဏ်ရာ သို့မဟုတ် ခဲ့စိတ်ကုသမှုကြောင့် ကျန်ရစ်လေ့ရှိသော အမာရွတ်ရှင်၊ ကျောက်ဆေး သို့မဟုတ် ကာကွယ်ဆေး ထိုးရာမှ ဖြစ်ပေါ်လာတတ်သော အမာရွတ်ရှင် (Keloid) များကိုလည်း လေဆာဖြင့် ဖြတ်ထုတ်ပစ်နိုင်သည်။

လေဆာနှင့် ကင်ဆာ

အရေပြားကင်ဆာရောဂါများကို ပျောက်ကင်းအောင် ကုသရာတွင် လေဆာသည် နည်းလမ်းသစ် တစ်ခုအဖြစ်

ထင်ရှားနေလေပြီ။ တစ်ချိန်တည်းမှာပင် အသက်ရှူပြွန်ကင်ဆာ၊ အစာပြွန်လမ်းကြောင်းကင်ဆာ၊ သားမြွတ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ စသည့် ကင်ဆာရောဂါအမျိုးအပြား ကာကွယ်ကုသရေးတွင် ကျယ်ပြန့်စွာအသုံးပြုနေသည်။

လေဆာဖြင့် အထွေထွေရောဂါများကို ကုသခြင်း

ဆိုဗီယက်ပြည်ထောင်စုတွင် အစာအိမ် အချဉ်ပေါက်အနာရောဂါ (Gastric Ulcer) ကို ခွဲစိတ်ရန် မလိုဘဲ လေဆာဖြင့် ကုသပေးနိုင်ကြောင်းနှင့် အသစ် တီထွင်ထားသော ယင်း လေဆာကိရိယာဖြင့် ထိပ်ခတ်နာ (Maxillary sinusitis)၊ အာသီးယောင်နာ (Tonsillitis)၊ ဆီးအိမ်အောက်အကျိတ်နာ (Prostatitis) စသော ရောဂါတော်တော်များများကို ကုသပေးလျက်ရှိသည်။ ထို့အပြင် ဆိုဗီယက်–တရုတ် ဖက်စပ်၍ လေဆာဓာတ် အပ်စိုက်ကုသနည်းကို ဆက်လက်၍ တီထွင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာပြည်တွင်လည်း မင်္ဂလာဒုံ တပ်မတော် ဆေးရုံကြီးနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆေးရုံကြီးတွင် လေဆာဖြင့် ရောဂါအချို့ကိုကုသပေးလျက်ရှိသည်။

လေဆာဖြင့် ကုသခြင်း၏ အကျိုးကျေးဇူးများ

လေဆာရောင်ခြည်ဖြင့် ကုသခြင်း၏ အကျိုးများမှာ အချိန်ကုန်သက်သာခြင်း၊ နာကျင်မှုကင်းခြင်း၊ သွေးထွက်နည်းခြင်း သို့မဟုတ် လုံးဝ သွေးမထွက်ခြင်း၊ အမာရွတ်ထင်မကျန်ခြင်း သို့မဟုတ် ရေးရေးသာ ကျန်ခြင်းနှင့် ရောဂါပျောက်ကင်းခြင်းတို့ပင် ဖြစ်သည်။

လေဆာရောင်ခြည်၏ ပြိုင်ဖက်ကင်းသော အစွမ်းသတ္တိတစ်ခုမှာ သွေးလွတ်ကြောရောဂါ ကုသရေးတွင် အလွန်တရာ အသုံးဝင်ခြင်းဖြစ်သည်။ သွေးကြောများ ပိတ်ဆို့ပြီး နှလုံးရောဂါနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဖြတ်တောက်ကုသရသည်အထိ ဒုက္ခပေးနိုင်သောအဆိပ်များကို လေဆာဖြင့် လောင်မြိုက် ရှင်းလင်းစေခြင်းအားဖြင့် သွေးကြောများကို ပြုပြင်ကုသပေးနိုင်သည်ဟု သိရသည်။

ကိုလက်စထရော အဆီဓာတ် လျှော့ချခြင်းဖြင့် နှလုံးရောဂါ ကာကွယ်ကုသခြင်း

ကိုလက်စထရောအဆီဓာတ်နှင့် နှလုံးသွေးကြောကျဉ်းရောဂါတို့သည် ဆက်စပ်နေကြောင်းကို ၁၉၀၈ ခုနှစ်တွင် စတင် တွေ့ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် ကိုလက်စထရော အဆီဓာတ်များလျှင် နှလုံးရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာကြောင်းနှင့် ကိုလက်စထရော အဆီဓာတ်ကို လျှော့စားသူများတွင် နှလုံးရောဂါ ဖြစ်ပွားမှု လျှော့နည်းလာကြောင်းကို ဖင်းလန်၊ အမေရိကန်၊ နော်ဝေးနှင့် ဂျပန်နိုင်ငံတို့မှ သိပ္ပံနည်းကျ လေ့လာမှုများက အတိအကျ ဖော်ထုတ် ပြသနိုင်ခဲ့သည်။ စီးကရက်သောက်သော အလေ့အထကို စွန့်လွှတ်ခြင်း၊ ကိုလက်စထရော အဆီဓာတ် လျှော့ချခြင်းတို့ကြောင့် အမေရိကန် ပြည်ထောင်စုတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှလုံးနှင့် သွေးကြောရောဂါကြောင့် သေဆုံးမှု ၂၄ ရာခိုင်နှုန်း လျှော့ကျသွားပြီဟု အမေရိကန်နှလုံးအသင်းကြီးက ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းရောဂါကြောင့် ၃၂ စက္ကန့်လျှင် တစ်ယောက်နှုန်းသေဆုံးနေသော အမေရိကန်နိုင်ငံအတွက် ထူးခြားသော ရလဒ်ပင် ဖြစ်သည်။ (ကိုလက်စထရော အဆီဓာတ် — ရှု။)

မူလကိုယ်ခံစွမ်းအား လျှော့နည်း ကျဆင်းရောဂါ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (ဒဗလျူအိပ်ချ်အို) က ထုတ်ပြန်သောကြေညာချက်အရ ၁၉၈၈ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ မူလကိုယ်ခံစွမ်းအား လျှော့နည်းကျဆင်းရောဂါ (အေ့ဒ်စ်) စွဲကပ်သူပေါင်း ၁,၃၅,၀၀၀ ရှိသည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စုတွင် ဂဝ,၅၃၈ ဦးရှိ၍ အများဆုံးဖြစ်သည်။ ယူဂန္ဒာနိုင်ငံတွင် ဒုတိယအများဆုံး ရှိ၍ ၅,၅၀၈ ဦးဖြစ်သည်။ တတိယအများဆုံးသည် ပြင်သစ်နိုင်ငံဖြစ်၍ ၄,၈၇၄ ဦးရှိသည်။ ယင်းရောဂါကို လုံးဝ ပျောက်ကင်းအောင် ကုသနိုင်သော ဆေးဝါးနှင့် ကုထုံးကို တွေ့ရှိရန် ဆေးပညာသုတေသီတို့ စွမ်းစွမ်းတမံ ကြိုးပမ်းလျက် ရှိပေသည်။ ယင်းရောဂါ မကူးစက်ရန် လိုက်နာအပ်သည့်အချက်များကို ဖော်ထုတ်၍ ကမ္ဘာတစ်ဝန်း၌ ပညာပေးလျက်ရှိသည်။ (မူလ ကိုယ်ခံစွမ်းအား လျှော့နည်းကျဆင်းရောဂါ — ရှု။)

ရှေ့တွင် ဆေးပညာတိုးတက်မှုအလားအလာများနှင့် အကျိုးသက်ရောက်မှုများ

နှစ်ဆယ်ရာစုနှစ်နောက်ပိုင်း၌ကမ္ဘာပေါ်တွင် မွေးကင်းစကလေးများ၏ သက်တမ်းသည် ၁၉ ရာစုဦးပိုင်းနှင့် စာလျှင် နှစ်ဆနီးပါး တက်လာကြောင်း တွေ့ရှိရသည်။ သို့သော် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်း၏ သက်တမ်းမှာ ၁၉၆၀ ပြည့်လွန်နှစ်များအထိ တိုးတက်လာခြင်းမရှိသည်ကို တွေ့ရှိရပေသည်။ မွေးကင်းစကလေးများ၏ သက်တမ်း

တိုးမြင့်လာရခြင်း အကြောင်းရင်းမှာ နုနယ်သောကလေးများ၏ အသက်အန္တရာယ်ဖေးသော ရောဂါများကို ဆေးပညာ တိုးတက်မှုကြောင့် ကာကွယ်ကုသ တွန်းလှန်နိုင်၍ ဖြစ်သည်။ သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းတို့တွင်မူ နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါတို့၏ နှိပ်စက်ခြင်းကို ခံနေရသေးသောကြောင့် ဖြစ်သည်။ ထိုရောဂါများကို ယခင်က ထိထိရောက်ရောက် မတွန်းလှန်နိုင်ခဲ့သော်လည်း ယခုအခါ ရှေပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း သိပ္ပံပညာရှင်များနှင့် ဆေးပညာရှင်များ၏ သုတေသန စူးစမ်းလေ့လာ ဆောင်ရွက်ချက်များကြောင့် တွန်းလှန်နိုင်တော့မည်ဖြစ်သည်။ နောင်တွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်တော့မည်ဟု ခန့်မှန်းရသည်။

(၁) ရောဂါတစ်ခုကို လုံးဝမဖြစ်အောင် ကာကွယ်နိုင်ခြင်း။
(၂) ရောဂါကို ထိထိရောက်ရောက် ပျောက်ကင်းသည်အထိ ကုသနိုင်ခြင်း။
(၃) ရောဂါမရင့်မီဆောလျင်စွာ ရှာဖွေနိုင်ခြင်း။
(၄) မ ပျောက် ကင်း နိုင်သော ရောဂါရှိသူများကို သက်သောင့်သက်သာဖြစ်စေပြီး အသက်ရှည်နိုင်သလောက် ရှည်စေခြင်းတို့ဖြစ်သည်။

ထိုသို့ဖြစ်နိုင်အောင် အဓိက တိုးတက်ပြောင်းလဲမှုကြီးလေးရပ် ရှိနေပြီဖြစ်သည်။ ယင်းတို့မှာ –

၁။ ပုံရိပ်ပေါ်စေသော နည်းပညာသစ် (New Imaging Technologies) များ တီထွင်လာနိုင်ခြင်း။

ယခင်က ဓာတ်မှန် ရိုက် ခြင်း ပ ညာ တစ် ခု နှင့် သာ လူသားတို့၏ ခန္ဓာတွင်း မာသောတစ်သျှူးများကို အဓိက ထား၍ မြင်တွေ့နိုင်သော်လည်း ယခုအခါ သံလိုက်လှိုင်းသံပုံ ရိပ် ထင် နည်း (Magnetic Resonance Imaging) ဖြင့် မာသော တစ်သျှူးသာမက နူးညံ့သော တစ်သျှူး (Soft tissue) ကိုပါ တွေ့မြင်နိုင်ကြပြီဖြစ်သဖြင့် မခဲမစိတ်၊ မဖြတ်မတောက်ရဘဲ ကင်ဆာနှင့် အခြားရောဂါအလုံးများ (Tumour) ကို ထင်ထင်ရှားရှား တွေ့မြင်ရပေသည်။ သို့ဖြင့် ရောဂါနုစဉ်တွင်ပင် ရောဂါပျောက်အောင် ကုသခံနိုင်ကြ၍ အသက်ရှည်ကြမည် ဖြစ်သည်။

၂။ မျိုးရိုးဗီဇနည်းပညာများ (Genetic technologies) တိုးတက်လာခြင်း။

မျိုးရိုးပညာ သုတေသနပညာရှင်များ၏ တွေ့ရှိချက်များအရ အွန်ကိုဂျင်းဗီဇ (Oncogenes) သည် မူမမှန်သော မျိုးရိုးဗီဇ (Genes) ဖြစ်ပြီး ယင်းသည် အချို့သောကင်ဆာရောဂါတို့ကိုဖြစ်စေနိုင်သော သင်္ကေတဖြစ်သည်ဟု ဆို၏။ ထို့အပြင် မျိုးရိုးပညာစမ်းသပ်ချက်ဖြင့် လူသားတို့၏ ဟော်မုန်းများ၊ အင်ဇိုင်းများ အထူးသဖြင့် အင်ဆူလင်ကို ခန္ဓာကိုယ်ပြင်ပတွင် ထုတ်လုပ် နိုင် သည့် အ ထိ စွမ်းဆောင်နိုင်ပြီဖြစ်၍ ဟော်မုန်းနှင့် အင်ဇိုင်းကြောင့် ဖြစ်သော ရောဂါအမြောက်အမြား (ဥပမာ ဆီးချို ရောဂါ၊ သွေးတိုးရောဂါ) တို့ကို ပျောက်အောင် ကုသပေးနိုင်ပေမည်။

ထို့ပြင် နောက်ဆုံးပေါ် တီထွင်ချက်များအရ လူသားတို့သည် မိမိရောဂါ မိမိရှာဖွေနိုင်ရန်အတွက် အိမ်သုံးဆေးစစ်ကိရိယာများ (at-home medical test kits) အလွယ်တကူ ဝယ်ယူရရှိလာသဖြင့် အချိန်မပေးနိုင်သူများ၊ ဆေးရုံ ဆေးခန်းများသို့ လာရောက်ဆေးစစ်ခံခြင်း မပြုနိုင်သူများမှာ မိမိအိမ်တွင် မိမိရောဂါရှာဖွေ၍ လိုအပ်သလို ကာကွယ်ကုသနိုင်ကြမည် ဖြစ်ပေသည်။

၃။ အစွမ်းထက်သော ဆေးဝါးကုသနည်းနှင့် ကျွမ်းကျင်သူများ တိုးတက်ပွားများလာခြင်း။

ဆေး ပ ညာ ရှင် များ၏ ဆေး ဝါး ကု သနည်းနှင့် ကျွမ်းကျင်မှုစွမ်းရည်တိုးတက်လာပုံမှာ ယခင်ကသွေးလမ်းကြောင်း ပြောင်း ကု သပေးရ သော နှ လုံး ရော ဂါ များ (Heart by-pass surgery) နှင့် လူငယ်လူလတ်ပိုင်းတို့တွင် ဖြစ်သော ဟော့ခ်ျကင်းရောဂါ (Hodgkin's Disease) ဟူသော ကင်ဆာရောဂါ ကုသရေးနယ်ပယ်တွင် သိသာလှပေသည်။ အကြောင်းမူ လွန်ခဲ့သော ၁၀ နှစ်ကထက် ယခုအခါ ယင်းလမ်းကြောင်းပြောင်း ကုသရသော နှလုံးရောဂါ ခွဲစိတ်ခြင်းကို လေးဆပို၍ ပြုလုပ်ပေးနိုင်သည့်ပြင် ခွဲစိတ်ပြီးနောက် ငါးနှစ်ကျော် အသက်ရှင်နိုင်သောလူနာများမှာ ၅၅ ရာနှုန်းခန့် ရှိနေပြီဖြစ်သောကြောင့်ပင်။

ထို့အတူ ယခင်က မျော်လင့်ချက်နည်းသော ဟော့ခ်ျကင်းရောဂါသည် တိုးတက်သော ကုထုံးနည်းနှင့် ဆေးဝါးများကြောင့် ယခုအခါ ငါးနှစ်ထက်ပို၍ အသက်ရှင်သောလူနာနှုန်းမှာ ၉၀ ရာနှုန်းကျော်နေပြီဖြစ်သည်။

နောင်တွင် အသုံးချနိုင်မည့် ဆေးဝါးကုသနည်းများကြောင့် ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါအတွက် အနုစိတ် သွေးကြောခွဲစိတ်ခြင်းများ ပြုလုပ်ရန် မလိုအပ်သကဲ့သို့ ကင်ဆာရောဂါအတွက် ဆေးဝါးကုသနည်းများမှာလည်း အားရစဖွယ် တိုး တက် လာ မည် ဖြစ်သည်။ သို့နှင့် ယင်းရောဂါရှင်များမှာ အများကြီး ဝေဒနာပျောက်ကင်း အသက်ရှည်လာကြမည် ဖြစ်သည်။

၄။ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအစဉ်အလာ ပြောင်းလဲ တိုးတက်မှုများ ဖြစ်ပေါ်နေခြင်း။

ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် ဦးနှောက်သွေးကြော ဆိုင်ရာ ရောဂါများ မဖြစ်ရန်နှင့် ကာကွယ်ခန်အတွက် အဓိကကျသော လူအကျင့်စရိုက်မှာ ဆေးလိပ်သောက် ခြင်းနှင့် အစားအသောက် စားသုံးပုံတို့ကို ပြုပြင်ရန်ပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဆေးလိပ် လျှော့သောက် ခြင်းဖြင့် အထက်ပါ ရောဂါ သုံးခုစလုံးကြောင့် သေဆုံး ရန္ဟန်းမှာ သိသိသာသာ ကျဆင်းသွားကြောင်း တွေ့ရှိရ ပေသည်။ ဆေးလိပ်သောက်သူများ၏ သေဆုံးမှုန္ဟန်းသည် ဆေးလိပ်လုံးဝမသောက်သူများ၏ သေဆုံးမှုန္ဟန်းထက်ပို၍ များပြားကြောင်း တွေ့ရှိရသည်။ ဆေးလိပ်သောက်သော အမျိုးသားများတွင် သေန္ဟန်း နှစ်ဆမြင့်မားပြီးဆေးလိပ် သောက်သော အမျိုးသမီးများတွင် သေန္ဟန်း ၃၀ ရာခိုင် နှုန်းပို၍ မြင့်မားသည်ဟု ဆိုသည်။

အစားအသောက်နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားရပုံကို လေ့လာရာတွင် ဗီတာမင်စီ၊ အီးနှင့် ဘီတာကယ်ရိုတင်း (Beta - carotene) တို့သည် ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သည်ဟု ယူဆကြသည်။ အဆိုခါတ် နည်းသော အစားအစာများကလည်း သားမြတ်ကင်ဆာ ဖြစ်ခြင်းမှ ကာကွယ်သည်ဟု အဆိုပြုချက်ရှိသည်။

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု အမျိုးသားသိပ္ပံ အကယ်ဒမီက အစားအသောက်နှင့် ကင်ဆာရောဂါ ဆက်နွယ်ပုံကို ယုံကြည်သဖြင့် အဆီလျှော့စားခြင်း၊ အမျှင်များသောအစားအစာများနှင့် ဘီတာကယ်ရိုတင်း ဓာတ်များသော အစားအစာများ (ဟင်းနုန္ဒယ်၊ ဥဝါ၊ ဖရုံသီး၊ မက်မန်းသီးနှင့် သစ်တော်သီးစသဖြင့်)ပိုစားခြင်း နှင့် ဆားဓာတ်များသော အစားအစာများ၊ ယမ်းစိမ်းပါ သော အစာများနှင့် မှိုင်းတိုက်ထားသော (ဝါ) ကျပ်ကင် ထားသော အစားအစာများလျှော့စားခြင်းဖြင့် ကင်ဆာ ရောဂါကို ကာကွယ်နိုင်လိမ့်မည်ဟု ကြေညာသည်။

သို့ဖြစ်၍ သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်းတွင် ကြုံတွေ့ ကြရသည့် ရောဂါများကို လေ့လာ ထောက်ရှုရသော် နောင်လာမည့်နှစ်များတွင် အထူးသဖြင့် သက္ကရာဇ် ၂၀၁၀ လောက်တွင် နှလုံးရောဂါနှင့် ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါများကြောင့် သေဆုံးရသူဦးရေမှာ ကျဆင်းသွားပြီး ကင်ဆာရောဂါကြောင့် သေဆုံးရသူ ဦးရေမှာလည်း ပြောင်းလဲလာဖွယ်ရှိသည်ဟု မျှော်မှန်းထားကြသည်။

ဆေးပညာရှင်တို့က သက္ကရာဇ် ၂၀၁၀ လောက်တွင် နှလုံးရောဂါကြောင့် သေဆုံးရသူများအနက် အသက် ၇၅ နှစ်အောက် နှလုံးရောဂါသည်များသည် ယခုသန္ဟန်း၏ ၅၀ ရာန္ဟန်းအထိ လျော့ဆင်းသွားမည်ဟု ဆိုသည်။ ဦးနှောက်သွေးကြောပြတ် ရောဂါသည်များ အတွက် သေန္ဟန်းသည် အသက်အရွယ်မရွေး ယခုလက်ရှိသေန္ဟန်း၏ ၅၀ ရာန္ဟန်းထိ လျော့ဆင်းသွားမည် ဖြစ်သည်။ ကင်ဆာ ရောဂါနှင့်ပတ်သက်၍မူ အသက် ၅၅ နှစ်အောက် ကင်ဆာ ရောဂါရှင်များတွင် ၂၅ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်းအထိ သေန္ဟန်းကျဆင်းသွားမည်ဟု ယူဆကြသော်လည်း အသက် ၆၅ နှင့် ၇၄ နှစ် အရွယ်များတွင်မူ သေန္ဟန်းမှာ ၂၀ ရာန္ဟန်းပို၍ တက်လာနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ ဤသည် မှာ အသက်အရွယ်ကြီးသူ အချို့အစား မြင့်မားလာ၍ ဖြစ်သည်။


ခြုံငုံ၍ကြည့်ပါက အသက် ၆၅ နှစ်နှင့်အထက် သေဆုံး သူများ၏ ၅၅ ရာခိုင်နှုန်းသည် ဤနှလုံးရောဂါ၊ ကင်ဆာ ရောဂါနှင့် ဦးနှောက်သွေးကြောပြတ်ရောဂါ သုံးခုကြောင့် ဖြစ်ရသည်ဟု သိရသည်။ ဤရောဂါတစ်ခုခုကို ကာကွယ် ကုသနိုင်ရုံဖြင့် လူတို့၏ သက်တမ်းမှာ ပို၍ရှည်လာမည် ဖြစ်သည်။

အမေရိကန် အမျိုးသား ကျန်းမာရေး စာရင်းအင်း ပညာဗဟိုဌာန၏ အဆိုပြုချက်အရ နှလုံးနှင့် ဆက်စပ် နေသော နှလုံးရောဂါ၊ သွေးကြောရောဂါနှင့် ကျောက် ကပ်ရောဂါများကို ပပျောက်အောင် ပြုလုပ်နိုင်ခြင်းဖြင့် ယခု အသက် ၆၅ နှစ်အရွယ်ရှိသူတို့၏ သက်တမ်းမှာ နောက်ထပ် ၁၁ ဒသမ ၅ နှစ်အထိ ပို၍ တိုးလာနိုင်လိမ့် မည်ဟုသိရသည်။ ဆိုလိုသည်မှာ အသက် ၇၆ နှစ်ခွဲအထိ နေနိုင်လာမည်ဖြစ်သည်။ ဤသည်မှာ သက်တမ်းအားလုံး အတွက်ဖြစ်၍ လူတိုင်းအသက် ၉၀ အထိ ရှည်နိုင်ကြမည် ဖြစ်ပါသည်။

အမေရိကန် သန်းခေါင်စာရင်းအင်းဌာန အလိုအရ သက္ကရာဇ် ၂၀၅၀ တွင် အမေရိကန် လူဦးရေသည် ယခု သန်း ၂၄၀ ကျော်သာရှိရာမှ သန်း ၃၀၀ ကျော်အထိ တိုးတက်လာမည်ဟုလည်းကောင်း၊ အသက် ၁၀၀ ကျော် နေရသူများသည် ယခုထက် ပိုမိုများပြားလာမည်ဟု လည်းကောင်း သိရသည်။ ယခုအချိန်၌ ကမ္ဘာတွင် အသက်အရွယ်ရည်ဆုံးလူမျိုးမှာ ဂျပန်လူမျိုးများဖြစ်၍ အသက် ၇၀ ကျော်အထက် သက်တမ်းရှိသော နိုင်ငံများ မှာ ဂျပန်၊ အမေရိကန်၊ အစ္စရေး၊ ဆိုဗီယက်၊ ဆွီဒင် နှင့် ဖင်းလန် စသောနိုင်ငံများဖြစ်သည်။

မြန်မာလူမျိုးတို့၏ သက်တမ်းကို ထိုနိုင်ငံများ၏ သက်တမ်းလောက် မြင့်တက်လာစေရန်အတွက် အထူး ကြိုးစားရဦးမည် ဖြစ်ပေသည်။

ဒေါက်တာ မောင်မောင်ညို



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၇၉ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဆောင်ရွက်ခဲ့သည်တို့ကို အကျဉ်းချုံး ဖော်ပြသည်။

ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ကြေညာချက်များ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ နှင့် ကြေညာချက်များကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ထုတ်ပြန်ခြင်း၊ ကြေညာခြင်းများ ပြုလုပ်ခဲ့သည်။ ဥပဒေများ ပြဋ္ဌာန်းခဲ့ရာတွင် ဥပဒေအမှတ် ၁/၇၉ မှ ဥပဒေအမှတ် ၂၇/၇၉ အထိ ဥပဒေပေါင်း ၂၇ ရပ်ကို ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ပြဋ္ဌာန်းခဲ့သည်။ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ရာတွင် နည်းဥပဒေ အမှတ် ၁/၇၉ မှ ၃/၇၉ ထိ နည်းဥပဒေသုံးရပ် ပြဋ္ဌာန်းခဲ့သည်။ အမိန့်များ ထုတ်ပြန်ရာတွင် အမိန့်အမှတ် ၁/၇၉ မှ အမိန့်အမှတ် ၄/၇၉ ထိ အမိန့်လေးရပ်အပြင် မာရှယ်လော (Martial Law) အမိန့်ကို မာရှယ်လော (Martial Law) အမိန့်အမှတ် ၁/၇၉ ဖြင့် ၁၇–၇–၇၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ တစ်ဖန် ၁၈–၇–၇၉ ရက်နေ့တွင် မာရှယ်လော (Martial Law) အမိန့်အမှတ် ၂/၇၉ ကိုလည်းကောင်း၊ ၃–၁၁–၇၉ ရက်နေ့တွင် ၃/၇၉ ကိုလည်းကောင်း ဆက်လက်ထုတ်ပြန်ခဲ့သည်။ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ — ၌။)

အောက်ဖော်ပြပါ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ၎င်းတို့၏ အမည်နှင့်ယှဉ်တွဲ ဖော်ပြထားသော ဝန်ကြီးဌာန အသီးသီးကို တာဝန်ယူ ဆောင်ရွက်ကြရန် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ ပြင်ဆင် သတ်မှတ်ကြောင်းကိုလည်း ကြေညာချက်အမှတ် ၁/၇၉ ဖြင့် ထုတ်ပြန်ခဲ့သည်။

(က) ဗိုလ်ချုပ်မောင်မောင်ခင်
- စွမ်းအင်ဝန်ကြီးဌာန
- သတ္တုတွင်းဝန်ကြီးဌာန

(ခ) ဗိုလ်ချုပ်တင်ထွန်း
- ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန
- လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးဌာန

(ဂ) ဗိုလ်မှူးချုပ်အောင်ရဲကျော်
- ဆောက်လုပ်ရေးဝန်ကြီးဌာန
- သမဝါယမဝန်ကြီးဌာန

(ဃ) ဗိုလ်ချုပ်ချစ်ဆွေ
- မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
- လယ်ယာနှင့်သစ်တောဝန်ကြီးဌာန

(င) ဒေါက်တာဖေသိန်း
- ကျန်းမာရေးဝန်ကြီးဌာန
- ပညာရေးဝန်ကြီးဌာန

သတင်းစာရှင်းလင်းပွဲများ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းစာရှင်းလင်းပွဲများ ဆက်လက်ပြုလုပ်ခဲ့ရာ ၁၉၇၉ ခုနှစ်အတွင်း သတင်းစာရှင်းလင်းပွဲ အကြိမ် ၂၀ မြောက်မှ ၆၆ ကြိမ်မြောက်အထိ ပုံမှန်ပြုလုပ်ခဲ့ပြီး အထူးသတင်းစာရှင်းလင်းပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်သည် ဩဂုတ်လ ၅ ရက်နေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အမှတ် (၂) ဧည့်ရိပ်သာ၌ ပြည်တွင်း ပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ အထူးသတင်းစာ ရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့သည်။ ထိုနောက် အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့်သည် စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အမှတ် (၂) ဧည့်ရိပ်သာ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ အထူးသတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်ခဲ့ပြန်သည်။ ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အေဘယ်လ်ကလည်း စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကုန်သွယ်ရေးဝန်ကြီးဌာန ခန်းမ၌ ပြည်တွင်း ပြည်ပ သတင်းစာ ဆရာများအား တွေ့ဆုံ၍ အထူး သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ကျောင်းသားလူငယ်များနှင့် တွေ့ဆုံ မေးမြန်းရန်အတွက်



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် ခေါင်းဆောင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များနှင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးဘငြေး ခေါင်းဆောင်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ ပြည်သူလွှတ်တော်ရွေးကောက်ပွဲဥပဒေ(ပူကြမ်း)နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးစဉ်

ထိုင်းနိုင်ငံမှ ပြည်တွင်းပြည်ပ သတင်းစာဆရာ ၃၂ ဦးတို့သည် ဇန်နဝါရီလ ၁၄ ရက်နေ့က ထိုင်းအထူးလေယာဉ်ဖြင့်ရောက်ရှိလာကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းရိပ်သာရှိ ကြိုဆိုရေးစခန်းတွင် ကျောင်းသားများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်ခင်ညွန့်၊ သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့်လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ချစ်ဆွေ၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အောဘယ်လ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးညွန့်တို့ကလည်း ဇန်နဝါရီလ ၂၀ ရက်နေ့ ညနေပိုင်းတွင် မဂ်လာဒုံ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ကြိုဆိုရေးစခန်း ညှိနှိုင်းမှု ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ နိုင်ငံခြား သတင်းစာဆရာအသင်းမှ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ရန်ကုန်မြို့ရှိ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ထို့နောက် ဇန်နဝါရီလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကြသော ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ နိုင်ငံခြား သတင်းစာဆရာအသင်းမှ သတင်းစာဆရာ ၄၆ ဦး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ကျောင်းသားများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများတို့၏ တွေ့ဆုံ သတင်းစာရှင်းလင်းပွဲကို မဂ်လာဒုံရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကြိုဆိုရေးစခန်း ညှိနှိုင်းမှု ပြုလုပ်ခဲ့သည်။

စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်နှင့် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ တွေ့ဆုံသည့် အခမ်းအနားကို ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာနညှိရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လုပ်ခလစာတိုးမြှင့်ခြင်း

အစိုးရဝန်ထမ်းများ၏လစာနှင့် လုပ်ခများကို ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်သတ်မှတ်ခဲ့သည်။ (လစာနှုန်းသစ်၊ လုပ်ခနှုန်းသစ်—ဤ။)

တက္ကသိုလ်သင်တန်းအခွင့်ရှိနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြေခံပညာ မူလတန်းဆင့်များကို ၁၉၈၉ ခုနှစ် ဇွန်လ ၁၉ ရက်နေ့မှစ၍

လည်းကောင်း၊ အလယ်တန်းဆင့်များကို သြဂုတ်လ ၁၄ ရက်နေ့မှစ၍ လည်းကောင်း၊ အထက်တန်းဆင့်များကို စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍လည်းကောင်း အသီးသီး ဖွင့်လှစ်ခဲ့သည်။ ဆရာအတတ်သင်သိပ္ပံနှင့် ကျောင်းများ၊ မူလတန်းဆရာဖြစ်စာပေးစာယူသင်တန်းများကိုသြဂုတ်လ ၂၁ ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့သည်။ ပညာရေး တက္ကသိုလ်ရှိ သင်တန်းများကို အောက်တိုဘာလ ၂ ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့သည်။ သွက်မွေးပညာသင် ကျောင်းများကို အောက်တိုဘာလ ၉ ရက်မှစ၍ လည်းကောင်း၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေး အထက်တန်းကျောင်းများကို အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ လည်းကောင်း ဖွင့်လှစ်သည်။

ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး နှစ်ပတ်လည် ဧအောင်ပွဲနေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များ၊ စစ်မှုထမ်းကောင်း တံဆိပ်၊ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်း တရားဥပဒေ စိုးမိုးရေးတံဆိပ် အပ်နှင်းခြင်းများ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မတ်လ ၂၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်း ပြုလုပ်ခဲ့သည်။ စက်တင်ဘာလ ၁၈ ရက်နေ့တွင်လည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်း ပြုလုပ်ခဲ့သည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင်လည်း အမိန့်ကြော်ငြာစာတို့ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်သည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် ညှိနှိုင်းဆွေးနွေးခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် ခေါင်းဆောင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဝင်များနှင့် ဦးဘဌေး ခေါင်းဆောင်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေ

မြန်မာ – စင်ကာပူ အင်တာနေရှင်နယ် လီမိတက် အရောင်းခန်းမ



ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲဝင်များသည် ပြည်သူလွှတ်တော် ရွေးကောက်ပွဲဥပဒေ (မူကြမ်း) နှင့် ပတ်သက်၍ ဇန်နဝါရီလ ၁၂ ရက်နေ့၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့နှင့် မေလ ၂၅ ရက်နေ့တို့တွင် ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် ရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ၂၀၁၀ မြင့်စွာ ကျင်းပနိုင်ရေးအတွက် ဩဂုတ်လ ၁၀ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ရွေးကောက်ပွဲ ကျင်းပရေးအတွက် ရက်သတ်မှတ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အခြားလိုအပ်သော အချက်အလက်များကို နိုဝင်ဘာလ ၆ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲသည် မေလ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

နိုင်ငံကော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲသည် မေလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသား ပြုစုရေး အဖွဲနှင့် ညှိနှိုင်းဆွေးနွေးခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲနှင့် မြန်မာ့သမိုင်း ဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲတို့ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲများကို မေလ ၂၅ ရက်နေ့နှင့် အောက်တိုဘာလ ၉ ရက်နေ့တို့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် အဖွင့်အမှာစကား နှင့် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ပန်းမန်ဥယျာဉ် ပြုပြင်တည်ဆောက်မှု လုပ်ငန်းများ

ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် ရွှေတိဂုံဘုရားလမ်းရှိ မြေကွက်လပ်ကို ဒဂုံပန်းခြံအဖြစ် ဖော်ထုတ်လုပ်ဆောင်မှုအား ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လုပ်ငန်းများ ပြီးစီးခဲ့ပြီး ဖြစ်သဖြင့် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပန်းခြံဖွင့်လှစ်ပွဲ ပြုလုပ်ခဲ့သည်။

သာကေတမြို့နယ်၊ ၅ ရပ်ကွက်၊ မြင်တော်သာလမ်းမကြီး၏ အရှေ့ဘက်ရှိ စိမ်းလဲ့သာယာမြကန်သာပန်းဥယျာဉ်ဖွင့်ပွဲကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ယင်းဥယျာဉ်မှာ အလျားပေ ၅၀၀၊ အနံပေ ၃၀၀ ရှိပြီး ၃ ဒသမ ၀၉၉ ကေခန့် ကျယ်ဝန်းသည်။

တောင်ကြီးမြို့ ညောင်ရွှေအောင်ကုန်းရပ်ရှိ မြကန်သာပန်းခြံဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ အဆိုပါပန်းခြံတွင် ကိုးကျင်းပါ ဂေါက်ကွင်းငယ်တစ်ကွင်း၊ စားသောက်ဆိုင် နှစ်ဆိုင်၊ စကိတ်စီးကွင်း၊ သုံးဘီးစက်ဘီးကွင်း၊ ချား၊ ဒန်း၊ စီးဆော စသည့် ကလေးကစားစရာများ ပါရှိသည်။

သခင်မြ ပန်းခြံ၊ အင်းစိန် ပန်းခြံနှင့် ဗဟန်းမြို့နယ် ရတနာဥယျာဉ် ပန်းခြံဖွင့်ပွဲများကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အဆိုပါ ပန်းခြံအသီးသီး၌ ကျင်းပခဲ့သည်။

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် အပန်းဖြေပန်းခြံ ဖွင့်လှစ်ပွဲကို မတ်လ ၂ ရက်နေ့တွင် အဆိုပါပန်းခြံ၌ ပြုလုပ်ခဲ့သည်။

မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံတွင် တည်ဆောက်ပြီးစီးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဖွင့်လှစ်ပွဲကို မတ်လ ၂၅ ရက်နေ့တွင် အဆိုပါပန်းခြံ၌ ကျင်းပခဲ့သည်။ ရုပ်တု ဖြစ်မြောက်ရေးအတွက် ဌာနဆိုင်ရာ အသီးသီးနှင့် မြောက်ဥက္ကလာပမြို့နယ် ပြည်သူလူထုက မတည်အလှူငွေ ကျပ်နှစ်သိန်းခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရုပ်တုမှာ အလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၂၅ ပေရှိသည်။

ပုသိမ်မြို့ ပုသိမ်– မုံရွာကားလမ်း ကန်သာယာပန်းခြံဥယျာဉ်ထိပ်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ ပခုက္ကူမြို့ အမှတ် ၁၅ ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ ကန်တော်မင်ပန်းခြံ၊ သန်လျင်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ



ရန်ကုန်တိုင်း တာမွေမြို့နယ်တွင် တိုးချဲ့ပြင်ဆင်ပြီးစီးသွားသော သမိန်ဗရမ်းလမ်းမကြီး (ယခင် မဂျစ်လမ်းမကြီး)

ပန်းခြံ၊ ကျိုက်လတ်မြို့ ဗိုလ် ချုပ် အောင် ဆန်း လမ်း ရှိ ရွှေလတ်ထော ပြည်သူ့ အပန်းဖြေဥယျာဉ် ဖွင့်ပွဲများကို မတ်လ ၂၇ ရက်နေ့က အသီးသီးကျင်းပခဲ့သည်။

မုံရွာမြို့ မြို့မကန်တော်ကြီး အပန်းဖြေပန်းခြံ ဖွင့်ပွဲကို မတ်လ ၂၉ ရက်နေ့ ကျင်းပခဲ့သည်။ ကန်တော်ကြီး ပန်းခြံသည် ဧရိယာ ခုနစ်ကေရိုပြီး အချက်အချာကျသော ဘုရားကြီးရပ်ကွက်အတွင်းတွင် တည်ရှိသည်။

ရန်ကင်းမြို့နယ် ဆရာစံလမ်းနှင့် ရန်ကင်းလမ်းထောင့်ရှိ ရန်ကင်းအပန်းဖြေပန်းခြံဖွင့်ပွဲကို ဧပြီလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရန်ကင်းအပန်းဖြေပန်းခြံသည် အလျား ၂၇၁ ပေ၊ အနံ ၁၂၂ ပေရှိသည်။

တောင်ငူမြို့ ကန်တော်ကြီးပန်းဥယျာဉ်ဖွင့်ပွဲကို မေလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

သီပေါမြို့နယ် စမ်းမဘလာ ပန်းဥယျာဉ်ဖွင့်ပွဲကို မေလ ၂၈ ရက်နေ့က မန္တလေး – လားရှိုး ကားလမ်းဘေးရှိ အဆိုပါ ဥယျာဉ်၌ ကျင်းပခဲ့သည်။ ဥယျာဉ်အတွင်း ကျွန်းပတ်လည်ကျုံးရေကန်၌ အပျော်စီးလှေများ၊ ရေပန်းများ၊ ရေသူမ အင်္ကတေ ရုပ်တုပုံများ၊ ကစားစရာဒန်း၊ စီးဆော၊ လွှဲကြိုး၊ ရေကန်နှင့် လူသွားလမ်းများ တည်ဆောက်ထားပြီး သစ်ခွမျိုးစုံဥယျာဉ်၊ ကျောက်ပန်းပင်များ၊ ရာသီအလိုက် ပန်းမျိုးစုံများကို လှပစွာ မွမ်းမံတည်ဆောက်ထားသည်။

. ကန်တော်ကြီး ဗိုလ် ချုပ် အောင် ဆန်း ပန်း ခြံ တွင် အပျော်စီးရေယာဉ်၊ ကျွန်းကူးတံတားနှင့် လေထီးစင်မြင့် ဖွင့်ပွဲအခမ်းအနားများကို ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ အပျော်စီးရေယာဉ်မှာ တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်ဘက်ကမ်းရှိ မန်ကျည်းတန်းကျွန်းမှ ပေ ၁,၂၃၀ အကွာ တစ်ဘက်ကမ်း ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံသို့ သံမဏိကြိုးဖြင့် သွယ်တန်းကာ ကူးနိုင်ရန် စီစဉ်ထားပြီး တန်ဖိုးငွေ ကျပ်ငါးသောင်းခန့် ကုန်ကျခဲ့သည်။ ကျွန်းကူးတံတားမှာ ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံနှင့် မြေပဒေသာဥယျာဉ်ကို ဆက်သွယ်ရန်အတွက် ကန်တော်ကြီးရေပြင်ကို ဖြတ်သန်းဆောက်လုပ်ထားခြင်းဖြစ်ပြီး အရှည် ၂၇၁ ပေ၊ အကျယ်ရှစ်ပေရှိသည်။ တံတားတန်ဖိုးငွေကျပ် ၃,၈၃,၈၀၀

ခန့် ဖြစ်သည်။ လေထီးစင်မြင့်မှာ တစ်ကြိမ်လျှင် ခြောက်ဦး တစ်ပြိုင်တည်း လေ့ကျင့်နိုင်သည်။

ဟားခါးမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံနှင့် ကလေး ကစားကွင်းဖွင့်ပွဲကို ဇွန်လ ၂၄ ရက်နေ့က ကျင်းပခဲ့သည်။

ထားဝယ်မြို့ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ် ဖွင့်ပွဲကို ဇူလိုင်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။

မဟာဗန္ဓုလ မြင်းစီးရုပ်တုဖွင့်ပွဲကို မြောက်ဥက္ကလာပ မြို့နယ် ဝေဘာဂီမြို့သစ် မြရည်နန္ဒာ ပန်းခြံအတွင်းရှိ ယာယီမဏ္ဍပ်၌ စက်တင်ဘာလ ၉ ရက်နေ့က ကျင်းပခဲ့သည်။ မဟာဗန္ဓုလ မြင်းစီးရုပ်တုမှာ အင်္ဂတေရုပ်တု ဖြစ်ပြီး ဇူလိုင်လ ၁၄ ရက်နေ့မှစတင်၍ ၄၅ ရက်ဖြင့်အပြီး ထုလုပ်ခဲ့ခြင်း ဖြစ်သည်။ ရုပ်တု၏အမြင့် ၁၇ ပေ၊ အလျား ၁၇ ပေရှိပြီး ကုန်ကျငွေ စုစုပေါင်းမှာ ကျပ်တစ်သိန်း ခြောက်သောင်းဖြစ်သည်။

မရမ်းကုန်းမြို့နယ်တွင် တည်ဆောက် ပြီးစီးသည့် မြို့ဝင်ဟောန် ပန်းဥယျာဉ်ဖွင့်ပွဲကို နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပန်းဥယျာဉ်ကြီးသည် ကော ၂၀ ဒဿမ ၃၆၂ ကေရှိပြီး ဧပြီလ ၂၀ ရက်နေ့မှ စတင် တည်ဆောက်ခဲ့ရာ နိုဝင်ဘာလ ၉ ရက်နေ့တွင် လုပ်ငန်း အားလုံး ပြီးစီးခဲ့သည့်အတွက် ခြောက်လနှင့် ၂၀ ရက် ကြာခဲ့သည်။

ထို့ပြင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၊ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်နှင့် လှော်ကားဥယျာဉ်တို့ကို လည်း တည်ဆောက်ခဲ့သည်။


ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် – ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ပြည်လမ်း ပြည်သူ့ရင်ပြင် မျက်နှာစာ၌ ကျင်းပခဲ့သည်။ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ ကိုးလဖြင့် အပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ကို ရည်ရွယ်ချက် သုံးရပ်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ပထမ ရည်ရွယ်ချက်မှာ ပြည်သူများကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်နှင့် အများပြည်သူအတွက် တည်ဆောက်သော ပြည်သူ့ရင်ပြင်တို့ တွဲဖက်တည်ရှိနေခြင်းအားဖြင့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူတို့မှာ အစဉ်အမြဲ စည်းလုံးညီညွတ်စွာ အတူရပ်တည်နေခြင်းကို အဓိက လက္ခဏာအဖြစ် ပြဆိုဖော်ကျူးထားခြင်းဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ ရွှေတိဂုံစေတီတော်ကြီးရှိ ခေတ်ဟောင်းဗိသုကာလက်ရာနှင့် ပြည်သူ့လွှတ်တော်ရှိ မျက်မှောက်ခေတ် ဗိသုကာ လက်ရာတို့အား ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တို့ကို ဆက်စပ်ပေးထားခြင်းဖြစ်သည်။ တတိယ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့တော်တွင် တစ်နေ့တခြား တိုးတက်လာသည့် လူဦးရေ လေးသန်းကျော်အတွက် အနားယူအပန်းဖြေနိုင်ရန်ဖြစ်သည်။

ရတနာပုံ တိရစ္ဆာန်ဥယျာဉ် – မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၈ ရက်နေ့တွင် မန္တလေး တောင်ခြေရှိ အဆိုပါဥယျာဉ်၌ ကျင်းပခဲ့သည်။ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကို ၄၁ ရက်ဖြင့် အပြီးတည် ဆောက်ခဲ့ပြီး ကုန်ကျငွေ စုစုပေါင်းမှာ ၁,၀၂,၀၈,၀၄၂ ကျပ် ဖြစ်သည်။ တစ်ရက်လျှင် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားနှင့် ဌာနပေါင်းစုံမှပူးပေါင်းအင်အား ၁၈,၀၀၄ ဦး ပါဝင် လုပ်အားပေးခဲ့ကြသည်။ အဆိုပါ ဥယျာဉ်တွင် အဆောက်အအုံ ၅၁ လုံး၊ ရေကန်ငါးခု၊ တောင်ကုန်းငါးကုန်း၊ လူသွားလမ်း ပေ ၂၀,၀၀၀၊ ယာဉ်သွားလမ်း ပေ ၅,၈၀၀၊ တံတားခြောက်ခု၊ သစ်ပင်ကြီး၊ လတ်၊ ငယ် ၅၀,၂၅၀ ပင်၊ ရထားလမ်းပေ ၄,၀၈၀ ဆောက်လုပ်ပြီးစီးခဲ့သည်။ ယခုအခါ တိရစ္ဆာန် ၄၂ မျိုးရှိပြီး အရေအတွက် အားဖြင့် ၁၉၆ ကောင် ရှိသည်။

လှော်ကားဥယျာဉ် – လယ်ယာနှင့် သစ်တောဝန်ကြီးဌာန သစ်တောဦးစီးဌာန လှော်ကား ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ လှော်ကားဥယျာဉ်ကို ၁၉၈၁–၈၂ ခုနှစ်မှ စတင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ လှော်ကားဥယျာဉ်သည် မင်္ဂလာဒုံမြို့နယ်အတွင်း တည်ရှိပြီး ရန်ကုန်မြို့မှ ၂၃ မိုင်ခန့် ကွာဝေးသည်။ ဧရိယာ ဧက ၈၀၀ ခန့် ရှိသည့် အနက် ဧက ၆၀ ကျော်မှာ တိရစ္ဆာန် ဥယျာဉ်ငယ်အဖြစ် သီးသန့်ထားရှိပြီး ဧရိယာ ၈၀၀ ကျော်ကို ဘေးမဲ့တော ဥယျာဉ် အဖြစ် ပြုစုထားသည်။ တိရစ္ဆာန်ဥယျာဉ်ငယ်အတွင်း ပညာပေးပြခန်းနှင့် ကျားကျုံး၊ ကျားသစ်ကျုံး၊ ဝက်ဝံကျုံး၊ ငှက်လှောင်အိမ်၊ နို့တိုက်သတ္တဝါ စသည်တို့ကို သီးခြား အဆောက်အအုံများတွင် မွေးမြူပြသထားသည်။ ဘေးမဲ့တော ဥယျာဉ်တွင် သစ်တောနှင့် ရေကန်များကို သဘာဝအတိုင်း ထိန်းသိမ်းထားရှိပြီး သမင်၊ ဒရယ်၊ ချေ၊ ဆတ်၊ နွားနောက် စသည့် သားကောင် ၅၀၀ ကျော်ကို သဘာဝအနေအထားအတိုင်း လွှတ်လပ်စွာကျက်စားနေနိုင်ရန်အတွက် ထိန်းသိမ်းမွေးမြူ ပြသထားသည်။ ထို့အပြင် ဥယျာဉ်အတွင်း ညောင်လင့်စင်တစ်ခုကို တည်ဆောက်ထားပြီး ယင်းလင့်စင်မှ သားတိရစ္ဆာန်များ၏ လှုပ်ရှားသွားလာ နေထိုင်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။

မြေပဒေသာဥယျာဉ် – လယ်ယာနှင့် သစ်တော ဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း မြေပဒေသာ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ



သိမ်ကြီးစေ့း စတုဂံ လူကူးတံတားကြီး

ဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၉ ရက်နေ့ နံနက် ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မြေပဒေသာ ဥယျာဉ်၌ ကျင်းပခဲ့သည်။ မြေပဒေသာ ဥယျာဉ်တွင် ကလေးကစားကွင်း၊ ရေတံခွန်၊ ရေပန်းနှင့် စိုက်ပျိုးခင်း စသည့် အကွက်ပေါင်း ၃၁ ကွက် ပြသထားသည်။

လမ်းတံတား ပြုပြင်တည်ဆောက်မှု လုပ်ငန်းများ

တာမွေမြို့နယ် မဂျစ်လမ်းမကြီးကို ပြုပြင်မွန်းမံပြီး ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြန်လည် ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါ လမ်းမကြီးမှာ ယခင်က ယာဉ်ကြော တစ်ဘက်စီတွင် ယာဉ်တစ်စီးသာ သွားနိုင်ပြီး ယခု လမ်း အကျယ် ၆၆ ပေရှိရာ ယာဉ်ကြောတစ်ဘက်စီတွင် ယာဉ် သုံးစီးနှုန်းဖြင့် ယာဉ်ခြောက်စီး သွားလာနိုင်ပြီဖြစ်သည်။

မန္တလေးတိုင်း ပျော်ဘွယ်–ဘုရားငါးဆူရွာ မော်တော် ကားလမ်းဖွင့်ပွဲကို ပျော်ဘွယ်မြို့နယ် ကြပ်တိတံတားအနီး၌ ဇန်နဝါရီလ ၆ ရက်နေ့က ကျင်းပခဲ့သည်။ ထိုလမ်း ဖောက်လုပ်ခြင်းအားဖြင့် ခရီးမိုင် ၃၉ မိုင် တိုသွားပြီး ရန်ကုန်မှ တောင်ကြီးသို့သွားသော ကားများသည် မိတ္ထီလာ သာစည်သို့သွားရန် မလိုတော့ဘဲ ပျော်ဘွယ်မြို့မှ ဘုရားငါးဆူရွာသို့ တောက်လျှောက် မောင်းသွားနိုင်ပြီဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းစေ့း လူကူး ခုံးကျော် တံတားဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့က အဆိုပါတံတား၌ ကျင်းပခဲ့သည်။ ထိုတံတားမှာ ခန်းဖွင့်သုံးခန်းရှိပြီး အမြင့်မှာ ကတ္တရာလမ်းမှ ၁၅ ပေရှိသည်။ ပင်မခန်းဖွင့်မှာ ပေ ၇၀၊ ဒုတိယအခန်းမှာ ပေ ၄၀ နှင့် တတိယ အခန်းမှာ ပေ ၃၀ ရှိသည်။ ပထမခန်းဖွင့်ကို ကြိုတင် အားဖြည့် ကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး ဒုတိယ အခန်းကို သာမန်ကွန်ကရစ်ဖြင့် လည်းကောင်း၊ တတိယအခန်းမှာ သံပေါင်ဖြင့် လည်းကောင်း တည် ဆောက် ထား သည်။ လူသွားလမ်းမှာ ၁၀ ပေရှိသည်။ တံတားကို ဇန်နဝါရီလ ၇ ရက်နေ့က စတင်တည်ဆောက်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြီးစီး၍ ဆောက်လုပ်ချိန် တစ်လနှင့် ခြောက် ရက်ဖြစ်သည်။ တံတားတည်ဆောက်ထုတွင် ကျပ် သိန်း ၂၀ ကုန်ကျသည်။

မြင်းခြံမြို့ ထနောင်းတိုင် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ လမ်းသစ်မှာ မြင်းခြံမှ မကျည်းပင်အထိသုံးမိုင် လေးဖာလုံ ရှည်လျား၍ ဇန်နဝါရီလ ၁၆ ရက်မှ ၃၁ ရက်အထိ ၁၆ ရက်အတွင်း အသစ်ပြုပြင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းလမ်းသစ် ဖောက်လုပ်ခြင်းဖြင့် မြင်းခြံမြို့သို့ လမ်းဘေးရှိ ကျေးရွာ ပေါင်း ၂၃ ရွာမှ ကျေးရွာလူထုများသည် ရာသီမရွေး ကား၊ စက်ဘီးတို့ဖြင့် သွားလာနိုင်မည်ဖြစ်သည်။

မန္တလေးတိုင်း အမရပူရမြို့နယ် အမရပူရ – တံတားဦး ကားလမ်းသစ်ဖွင့်ပွဲကို ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ အဆိုပါ လမ်းသစ်ကြီးကို မေလ ၇ ရက်နေ့က စတင်တည်ဆောက် ဖောက်လုပ်ခဲ့၍ ဇွန်လ ၂၁ ရက်နေ့တွင် လုပ်ငန်းပြီးဆုံးခဲ့ရာ ၄၅ ရက်သာ ကြာမြင့်ခဲ့သည်။ လမ်း အရှည်မှာ ၃,၇၇၆ ပေ၊ လမ်းအောက်ခြေ အကျယ်ပေ ၆၀၊ လမ်းမျက်နှာပြင်အကျယ် ၁၈ ပေ၊ လမ်းအမြင့် ၁၂ ပေ ရှိသည်။ ထိုလမ်းတွင် ရေထွက်ပြွန်ကွန်ကရစ်နှစ်ခုတွဲနှစ်ခု၊ ရေထွက်မှုတ်တံတားနှစ်ခုတွဲ ရှစ်ခုပါရှိသည်။ လမ်းဖောက် လုပ်မှု အသားတင် ကုန်ကျငွေမှာ ကျပ် ရှစ်သိန်း လေး သောင်းဖြစ်သည်။

မွန်ပြည်နယ် သထုံမြို့နယ်စု အတွင်းရှိ ဘီးလင်း–တောင်စွန်း – ကျိုက်ထို ကိုယ်ထူကိုယ်ထ လမ်းသစ်ဖွင့်ပွဲကို ဩဂုတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။

ရောဝတီတိုင်း ပုသိမ် – သလပ်ခွာ ကားလမ်းဖွင့်ပွဲကို မတ်လ ၁၄ ရက်နေ့တွင် ပုသိမ်မြို့တစ်ဖက်ကမ်း ကားလမ်းအစ ကံကုန်းရွာတွင် ပြုလုပ်ခဲ့သည်။ အဆိုပါကားလမ်းမှာ ရှစ်မိုင် လေးဖာလုံ ရှည်လျားပြီး လမ်းမျက်နှာပြင် အကျယ် ၁၆ ပေ ရှိပြီး ကျေးရွာအုပ်စု ၁၄ အုပ်စုမှ လူထုအင်အား ၃၀၀၀ ကျော်ဖြင့် လုပ်အားပေး ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မြို့ ဆူးလေဘုရားလမ်း တောင်ဝင်တံတား ဖွင့်လှစ်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ တောင်ဝင်တံတားကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ စတင် တည်ဆောက်ခဲ့ရာ မတ်လ ၂၆ ရက်နေ့တွင် ပြီးစီးခဲ့သည်။ တံတား အတိုင်းအတာမှာ အလယ်ခန်း ၇၂ ပေ၊ ဘေး တစ် ဘက် တစ် ချက် ခန်း ဖွင့် ၄၄ ပေစီ ရှိ၍ စုစုပေါင်း အခန်းဖွင့် သုံးခုရှိ တံတားအရှည်မှာ ပေ ၁၆၀ ဖြစ်ပြီး ယာဉ်သွားလမ်းပေါ်မှ အမြင့် ၁၇ ပေ ရှိသည်။ တံတား အကျယ်မှာ ၁၀ ပေ ရှိ၍ ရဲရင့်ရုပ်ရှင်ရုံနှင့် ပဝဝင်းရုပ်ရှင်ရုံ ရှေ့သို့ ကူးကျော် ဖြတ်သန်းနိုင်ပြီး လေ ကား လေး စင်း



ရန်ကုန်တိုင်း ဝေဘာဂီမြို့သစ်



ရန်ကုန်တိုင်း ရွှေပြည်သာမြို့သစ်

တပ်ဆင်ထားသည်။ တံတားသစ်၏ ကုန် ကျ စ ရိတ် မှာ ကျပ် သိန်း ၂၀ ဖြစ်သည်။

တာမွေမြို့နယ် သမိန်ဗရမ်းလမ်း (မကျစ်လမ်း) နှင့် ဗညားဒလလမ်း(ဘိုလိန်းလမ်း)အကြားရှိ ကျိုက္ကဆံလမ်း ဖွင့်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ လမ်းသည် ပေရှည် ၂,၆၀၀ ခန့် ရှိပြီး မူလက လမ်းအကျယ် ၄၄ ပေ ဖြစ်ပြီး ယာဉ်ကြော လေးခုသာ ရှိခဲ့သော်လည်း ယခုအခါ လမ်းအကျယ် ပေ ၇၀၊ ယာဉ်ကြော ခြောက်ခု၊ စက်ဘီးလမ်း နှစ်ခု ဖြစ်လာ၍ ယာဉ်သွားလာမှု လွယ်ကူ အဆင်ပြေလာမည် ဖြစ်သည်။

သိမ်ကြီးစျေး စတုဂံ လူကူးတံတားဖွင့်ပွဲကို နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ အဆိုပါ လူကူးတံတားကြီးကို ငွေကျပ် သိန်း ၅၀ အကုန်အကျခံကာ ဇွန်လ ၆ ရက် နေ့ မှ နိုဝင်ဘာလ ၅ ရက် နေ့ အ ထိ တည်ဆောက်ရေးကာလ ငါးလဖြင့် အပြီး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားကြီးတွင် ခန်းဖွင့် လေးခု ပါရှိ၍ ခန်းဖွင့် (၁)နှင့် (၃)တို့သည် ၂ ဒသမ ၅ မိတာစီ ရှည်ပြီး ခန်းဖွင့် (၂)နှင့် (၄)တို့သည် ၂၁ မိတာစီရှည်ကာ လူသွားလမ်းအကျယ် ၁၀ ပေစီ ကျယ်ဝန်းသည်။ တံတားကြီး ပေါ်သို့ လေးဘက်လေးတန်မှ ခရီးသွားများ တက်နိုင်ရန် လှေကား ရှစ်စင်း တပ်ဆင်ပေးထားပြီး လှေကားတစ်စင်းစီ၏ အကျယ်သည် ခြောက်ပေစီရှိ၍ လမ်းမျက်နှာပြင်မှ ရက်မပေါင်အထိ အမြင့် ၁၇ ပေ ရှိသည်။

ဘုရင့်နောင်လမ်း ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ကျင်းပခဲ့သည်။ ဘုရင့်နောင်လမ်းမကြီးသည် အရှည် ငါးမိုင်ခန့် ရှိ၍ အကျယ် ၁၈ ပေ ရှိသည်။ ၁၀ လမ်းဖြစ်ပြီး ကမာရွတ်မြို့နယ် ဆင်မလိုက်မှ အင်းစိန်မြို့နယ် ပေါက်တောလမ်း၀ရှိ လှိုင်မြစ်လမ်းအထိ ဖောက်လုပ်ဆက်သွယ်ထားသည့်လမ်း ဖြစ်သည်။

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ

တောင်ငူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲကို မတ်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ စက်ရုံဆောက်လုပ်ရေး စီမံကိန်းကို ၁၉၇၇–၇၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းခွင့်ပြုငွေ ချထားပေးခဲ့ပြီး ၁၉၇၈–၇၉ ခုနှစ်ဘဏ္ဍာရေး နှစ်မှ စတင်တည်ဆောက်ခဲ့သည်။ လုပ်ငန်းပြီးစီးသည်အထိ တည်ဆောက်ရေးအပိုင်း၌ ကျပ် ၂၇ သိန်း ကုန်ကျခဲ့သည်။ စက်ရုံအတွင်း အစိတ်အပိုင်းများကို ဂျပန်နိုင်ငံမှ မှာယူတင်သွင်းခဲ့ရာ တန်ဖိုးငွေမှာ မြန်မာငွေကျပ် ၆၆ သိန်း ဖြစ်သည်။ ရန်ကုန်မြို့ရှိ ပင်မစက်ရုံအပြင် ယင်းစက်ရုံမျိုးကို စစ်ကိုင်း၊ မော်လမြိုင်၊ ကျောင်းကုန်း၊ မင်းဘူး၊ စစ်တွေ၊ ပြည်၊ တောင်ကြီးတို့တွင် တည်ဆောက်ခဲ့ရာ တောင်ငူမြို့တွင် အင်္ဂမမြောက်စက်ရုံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအမည်သို့ ပြောင်းလဲခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နိုင်ငံခြားအမည်ရှိသော လမ်းများ၏ အမည်ကို မတ်လ ၂၇ ရက်နေ့မှစ၍ မြန်မာအမည်သို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နိုင်ငံခြား အမည်ရှိသော လမ်းများ၊ ရပ်ကွက်များ၊ ကွင်းများ၊ ပန်းခြံများ၊ ရိပ်သာနှင့် ကျွန်းများ၏ အမည်များကို ဇူလိုင်လ ၁၉ ရက်နေ့မှစ၍ မြန်မာအမည်များသို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ (မြန်မာ့ အမည်များ —ရှု။)

ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်လုပ်ငန်း တည်ဆောက်ခြင်းများ

မေမြို့ မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်လုပ်ငန်းကို တည်ဆောက်ခဲ့ရာ စက်တင်ဘာလ ၂၁ ရက်၌ ပြီးစီး၍ ဖွင့်ပွဲ ကျင်းပခဲ့သည်။ ထိုကျေးရွာ ရေအားလျှပ်စစ်လုပ်ငန်းမှ ကီလိုဝပ် ၂၀ ရရှိပြီး မိုးကြိုးပစ်ကျေးရွာရှိ အိမ်ခြေ ၄၂၀ အား လျှပ်စစ်မီးပေးနိုင်မည် ဖြစ်သည်။

မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေအားလျှပ်စစ် စက်ရုံကိုလည်း ဇွန်လ ၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုစက်ရုံသည် စက်တပ်ဆင် အင်အား ၁၂ ဒသမ ၅ မဂ္ဂါဝပ် နှစ်လုံး၊ စုစုပေါင်း ၂၅ မဂ္ဂါဝပ် ရှိပြီး တစ်နှစ်လျှင် ဓာတ်အားယူနစ် ၁၃၄ သန်း ထုတ်လုပ်နိုင်မည် ဖြစ်သည်။

စျေးများတည်ဆောက်ခြင်း

တာမွေမြို့နယ်တွင် ယာယီစံပြစျေးကို တည်ဆောက်ပြီးစီးခဲ့၍ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တာမွေမြို့နယ် (ခ)ရပ်ကွက် အရှေ့မြင်းပြိုင်ကွင်း လမ်းနှင့် ၁၆၆ လမ်း ထောင့်ရှိ ရာ ပြည့် ကွင်း တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ အလျားကိုက် ၁၄၀၊

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်ချက်များ



ရွှမ်းပြည်နယ် ထုံးဖိုမြို့သစ်

အနုံ ၄၂ ကိုက် ကျယ်ဝန်း၍ ဆိုင်ခန်းပေါင်း ၆၇၀၊ စျေးရုံ တစ်ခုနှင့် အိမ်သာ ခြောက်ခန်း ပါဝင်သည်။

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ တိုးချဲ့မြို့သစ်တွင် ကိုယ်ထူကိုယ်ထစျေးသစ်ကိုလည်း တည်ဆောက်ခဲ့ရာ ပြီးစီး၍ မတ်လ ဂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဆိုင်ခန်းပေါင်း ၄၀၀ ကျော်ရှိပြီး ၎င်းစျေးသစ်ကို မြို့သစ်တည်ဆောက်ချိန် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလမှစ၍ တစ်ပြိုင် တည်း တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

သီရိမင်္ဂလာ စျေးသစ်ကြီးကိုလည်း ကြည့်မြင် တိုင် ကမ်းနားလမ်းတွင် တည်ဆောက်ခဲ့ပြီး ဧပြီလ ၁၈ ရက်နေ့၌ ဖွင့်ပွဲ ပြုလုပ်နိုင်ခဲ့သည်။ ဆိုင်ခန်းပေါင်း ၅၃၂ ခန်း ရှိပြီး အထည်၊ ကုန်မျိုးစုံနှင့် ကုန်ခြောက်ဆိုင်များကို ဖွင့်လှစ် ထားသည်။

ထို့ပြင် ရွှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွင်လည်း မန်ဆူ စျေးသစ်ကြီးကို တည်ဆောက်ခဲ့ရာ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ စျေးကြီးကို မတ်လ ၁၉ ရက်နေ့မှ စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်အထိခုနှစ်လနှင့် ၁၃ ရက်အတွင်း အပြီး တည်ဆောက်နိုင်ခဲ့သည်။ စျေးရုံတစ်ရုံလျှင် အခန်း ၁၂၀ ပါ စျေးရုံ ၁၂ ရုံ ရှိသည်။ စျေးသစ်ကြီးတည်ဆောက် မှု ကုန်ကျငွေမှာ ၁၉၂ သိန်း လေးသောင်း ဖြစ်သည်။

စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်တွင်းရှိ စီးပွားရေးနှင့် ငွေရေးကြေးရေး အင်အားစု အရပ်ရပ်ပေါ် အခြေခံလျက် ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် လိုက်လျောညီထွေ ရှိသည့် စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ် ခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ၎င်း၏ တာဝန်ကြီး လေးရပ်တွင် ပြည်သူများ၏ စားဝတ် နေရေး ချောင်လည်စေရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် ပေးရန်နှင့် ပဂ္ဂလိက၊ သမဝါယမတို့ ဆောင်ရွက်နိုင်အောင် လည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ရေးဟူသော တတိယ လုပ်ငန်းတာဝန် တစ်ရပ်ကို ထည့်သွင်း ကြေညာ ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ပြုပြင်ပြောင်းလဲရန် အစပျိုးခဲ့သည်။

ထို့နောက်ပိုင်း ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက် နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ပိုင်ခွင့်ကို ပိတ်ပင်ခဲ့သော ကြေညာချက်များအား ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၈၈) ကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ပဂ္ဂလိကနှင့် သမဝါယမတို့က စီးပွားရေးလုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက် နိုင်ရေးအတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေး အဖွဲ့သည် ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက် နေ့စွဲပါ ဥပဒေအမှတ် ၉/၈၉ ဖြင့် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေကို ရုပ်သိမ်းခဲ့သည်။

ပြုပြင် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ



သိဂုံတွင်ရှ ဥယျာဉ်တော်

ရွှေတိဂုံစေတီတော် အနောက်ဘက်တွင် တည်ရှိပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားမြတ်စွာတို့ အမျိုသဟဲပြု၍ ပွင့်တော်မူရာ ဗောဓိပင်များ၊ ပဒ္မိစ္ဆသမုပ္ပါဒ် ဝက်ပါ၊ ကနုတ် ပန်းကွက်များ၊ စိန်ထောင် ပန်းကွက်များ၊ သိကြားမင်း ရုပ်တုပါသော ပဋ္ဌာန်း (၂၄) ပစ္စည်း ရောကန်ငယ်နှင့် နဂါးမင်းရုပ်တုများဖြင့် လျှပ်စစ်မီးပန်းဆိုင်းများ၊ မြကမ္မလာ မြက်ခင်းများဖြင့် တန်ဆာဆင် မှုမ်းမံ ထားပါသည်။

ဦးပါကဦးနှင်္ဂဝတီစေတီတော်

ပြည်ပ ပို့ကုန်လုပ်ငန်း လုပ်ကိုင်သူများ ပိုမို လွယ်ကူစွာ မှတ်ပုံတင် လျှောက်ထားနိုင်ရန်အတွက် ပြည်ပပို့ကုန် လုပ်ငန်း လုပ်ကိုင်သူများ မှတ်ပုံတင်ခြင်းနှင့် ပို့ကုန်လိုင်စင် လျှောက်ထားခြင်းဆိုင်ရာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၁၉၈၈ ခုနှစ် မတ်လ ၁၈ ရက် နွေစပါ အမိန့်ကြော်ငြာစာအမှတ် ၂/၈၈ ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၈၈ ဖြင့် ရုပ်သိမ်းပြီး ကုန်သွယ်မှုလုပ်ငန်းအခွင့်ရပ်ကို မည်သူမဆို လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။


ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ရာတွင် အစိုးရနှင့် ကုန်သည်များအကြား ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးမည့် မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်း၊ စက်မှုလုပ်ငန်း ကုန်သည်ကြီးများအသင်းနှင့် ကုန်ပစ္စည်း ဆိုင်ရာ ကုန်သည်ကြီးများအသင်းတို့၏ အခန်းကဏ္ဍကို ပြန်လည်ဖော်ထုတ်ပေးခဲ့သည်။


ထို့ပြင် ပဂ္ဂလိက လုပ်ငန်းရှင်များ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်လည်း စနစ်တကျ ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ် ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် တင်ပို့သည့် ကုန်ပစ္စည်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ပဂ္ဂလိကလုပ်ငန်းရှင်များသို့လည်းကောင်း၊ ၅၅ ရာနှုန်းကို သမဝါယမ အသင်းများသို့လည်းကောင်း တစ်ဖက် နိုင်ငံမှ အလိုရှိသည့် ပစ္စည်းများကို ပြန်လည်တင်သွင်းခွင့် ပြုပြီး ကျန်ရာခိုင်နှုန်းများကို မြန်မာငွေဖြင့် ပေးချေ ဆောင်ရွက်ရန် သတ်မှတ်ချက်များ ပြဋ္ဌာန်းခဲ့သည်။

ပဂ္ဂလိက လုပ်ငန်းရှင်များသည် တံခါးဖွင့် စီးပွားရေး ဝါဒအရ သွင်းကုန် ထုတ်ကုန်လုပ်ငန်းနှင့် ကော်မရှင် ကိုယ်စားလှယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခဲ့ကြရာ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ထိ ထုတ်ကုန် လုပ်ငန်းရှင်ပေါင်း ၄၇၉ ဦးအထိ မှတ်ပုံတင်ခဲ့ကြပြီး သွင်းကုန် လုပ်ငန်းရှင်ပေါင်း ၁၂၉ ဦးနှင့် စီးပွားရေး အကျိုးဆောင်ပေါင်း ၂၄ ဦး မှတ်ပုံတင်ခဲ့ကြသည်။ ထုတ်ကုန် လိုင်စင်ရရှိပြီးသူပေါင်းမှာ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ထိ ၆၃ ဦးရှိသည်။ ၁၉၈၉ ခုနှစ် နိုဝင်ဘာလအထိ အဆိုပါ ထုတ်ကုန် လုပ်ငန်းရှင်များက တင်ပို့ရောင်းချခဲ့သည့် ကုန်ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်းဖိုး ရှိပေသည်။

ကိုရီးယားသမ္မတနိုင်ငံ ဒေဝူး ကော်ပို ရေး ရှင်း မှ ထုတ်ကုန်ပစ္စည်းများကို ရောင်းချမည့် အရောင်းခန်းမ

ပြည်သူ့ရင်ပြင်ရှိ ရှုခင်းတစ်ကွက်





ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ

ဖွင့်လှစ်ပွဲကို ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြည်သူ့ကုန်တိုက် တတိယထပ်၌ ကျင်းပခဲ့သည်။ ဒေဝူး အရောင်းခန်းမတွင် အရောင်းကောင်တာ လေးခု ဖွင့်လှစ်ပြီး တီဗွီ၊ ဗွီဒီယို၊ ရေဒီယိုကက်ဆက် စသည့် ရုပ်သံ ပစ္စည်းများ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ လျှပ်စစ် ထမင်းအိုး၊ မီးပူ၊ ပန်ကာ စသည့် အိမ်သုံး လျှပ်စစ်ပစ္စည်းများ၊ အပ်ချုပ်စက်၊ မော်တာ၊ ဘက်ထရီအားသွင်းစက်၊ ရေစုပ်စက်၊ စက်ဘီး စသည့် စက်ကိရိယာ ပစ္စည်းများ၊ ယာဉ်နှင့် စက်ကိရိယာ အပိုပစ္စည်းများ၊ အလှကုန်များ၊ တူရိယာ ပစ္စည်းများ၊ ကင်မရာများ၊ အားကစား ပစ္စည်းများနှင့် ကစားစရာပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စာရေးကိရိယာ၊ ဓာတ်ပုံ ဆေးကူး ပစ္စည်းနှင့် အထွေထွေ ကုန်ပစ္စည်းများ ရောင်းချသည်။

မြန်မာ–စင်ကာပူ အင်တာနေရှင်နယ် လီမိတက်၏ အရောင်းခန်းမဖွင့်လှစ်ပွဲကို စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပန်းဆိုးတန်းလမ်း ကုန်တိုက် (၁) ပထမထပ်တွင် ကျင်းပခဲ့သည်။ အရောင်းခန်းမတွင် အရောင်းကောင်တာ ခြောက်ခု ဖွင့်လှစ်ထားပြီး ဓာတ်ပုံပစ္စည်းများ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယို၊ ကက်ဆက် ပစ္စည်းများ၊ မီးသီး၊ မီးချောင်း၊ မီးကြိုး၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ မီးဖို၊ ရေခဲသေတ္တာ စသည့်အသေးစားနှင့် အကြီးစား အိမ်သုံး လျှပ်စစ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ရောင်းချမည့်အပြင် ဓာတ်ပုံကူး လုပ်ငန်း ကောင်တာ၌ နာရီပိုင်းအတွင်း ကူး ဆေး ပေးနိုင်အောင် စီစဉ်ထားကြောင်း သိရှိရသည်။

ကုန်သွယ်ရေးဝန်ကြီးဌာနက ၁၉၇၉ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ဖွဲ့စည်းထူထောင်သော ဖက်စပ်ကော်ပိုရေးရှင်းပေါင်း ခြောက်ခု ရှိပြီဖြစ်သည်။ ထို့ပြင် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရ ရှမ်းပြည်နယ်မြောက်ပိုင်း ဖက်စပ်ကုမ္ပဏီ လီမိတက်ကိုလည်း ဖွဲ့စည်းပြီးဖြစ်သည်။

ကုန်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး လုပ်ငန်းကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး လုပ်ငန်းကို ဖက်စပ် လုပ်ကိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် နိုင်ငံခြား ရေနံကုမ္ပဏီတို့က ထုတ်လုပ်ခြင်း အပေါ် ခွဲဝေခံစားမှု စာချုပ်ချုပ်ဆိုသည့် နိုင်ငံခြား ရေနံကုမ္ပဏီပေါင်းမှာ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့အထိ ရှစ်ခုရှိပြီ ဖြစ်သည်။ ၎င်းတို့မှာ–

(၁) ကိုရီးယားသမ္မတနိုင်ငံ ယူကောင်းလီမိတက်
(၂) နယ်သာလန်နိုင်ငံ ရွဲလ်ရေနံရှာဖွေရေးကုမ္ပဏီ
(၃) ဂျပန်နိုင်ငံ အိဒဲမစ်ဆု ရေနံဖွံ့ဖြိုးရေး ကုမ္ပဏီ လီမိတက်
(၄) ကနေဒါနိုင်ငံ ပက်ထရို ကနေဒါကုမ္ပဏီ
(၅) အမေရိကန်ပြည်ထောင်စု အမိုကို–မြန်မာရေနံ ကုမ္ပဏီ
(၆) အမေရိကန်ပြည်ထောင်စု ယူနိကယ် (လ်)–မြန်မာလီမိတက်
(၇) ဗြိတိန်နိုင်ငံ ခရော့ဖ် ရေနံရှာဖွေရေး မြန်မာလီမိတက်
(၈) ဩစတြေးလျနိုင်ငံ ဘီအိပ်ချ်ပီ ရေနံကုမ္ပဏီတို့ ဖြစ်ကြသည်။

ဦးစိုးအောင်

အပိုင်း သုံး

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြား သုတဆောင်းပါးများ

ဂန္ဆင်မြန်မာ့ပန်းချီမိတ်ဆက် ဦးမင်းနိုင် .... ၆၎
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ဥပဒေနှင့် နည်းဥပဒေများ ဦးအေးချို
(တရားရုံးချုပ်ရှေနေ) ၇၀
သခ်ၤာသစ်၏ အနှစ်သာရ
ဒေါက်တာ ခင်မောင်ဝင်း ၈၅
စိတ်နယ်လွှန်ပညာ ဒေါက်တာ ကျော်စိန် ၉၆
မျိုးရိုးဗီဇပညာတိုးတက်မှု ဆရာဝန်တင်ရှေ ၁၁၃
လွှန်ကဲလျှပ်ကူးသတ္တိ ဒေါက်တာ စိန်ထွန်း ၁၂၁
အာရှစာအုပ်ထုတ်ဝေရေး မောင်ဆုရှင် ၁၃၂



ဂန္ဓဝင်မြန်မာ့ပန်းချီမိတ်ဆက်

ပန်းအာနုပညာ

မြန်မာနိုင်ငံ၌ ပန်းချီဆေးရေးခြယ်မှုအတတ် ထွန်းကားခဲ့သည်မှာ ကြာပေပြီ။ ပန်းချီဟူသည် ဆေးစုတ်တို့ဖြင့် ရေးခြယ်၍ အလင်္ကာတန်ဆာဆင်မှု တစ်ရပ်ဖြစ်သည်။ လောကလူဘောင်ကို သာယာစိုပြည်အောင် တန်ဆာဆင် ရာ၌ မြန်မာ့ပန်းချီသည် မြန်မာ့လူဘောင်အတွက် ပဓာန ကျသည့်အခန်းမှ ပါဝင်ခဲ့ပေသည်။ နှစ်ပေါင်းရာထောင် မက ကြာမြင့်ခဲ့ပြီဖြစ်သော မြန်မာ့သမိုင်းကြောင်းနှင့်အတူ မြန်မာ့ပန်းချီသက်တမ်းသည်လည်း ကြာမြင့်ခဲ့ပေပြီ။

ထို့ထက်တစ်ဆင့်တက်၍ ခြေရာကောက်လျှင် နှစ်ပေါင်း ၆၀၀၀ ကျော်ကာလ ကျောက် ခေတ် သစ် လူသားတို့ ရေးခြယ်ခဲ့သည့် ပြဒါးလင်းဂူမှ နံရံပန်းချီများကို တွေ့နိုင် သည်။ ဘဝကို ရှုနှုးရင်းကန်ရင်းဖြင့် ကျောက်ခေတ်သစ် လူသားသည် မိမိတို့ကျင်လည်ကြရသည့်ဘဝကို မှတ်တမ်း တင်ခဲ့သည်။ ထိုသဘောတို့ကို ဂူနံရံတွင် သင်္ကေတသဘော မျိုး ရေးသည့်အခါရေးသည်။ ထွင်းသည့်အခါထွင်းသည်။ ဆေးရေးခြယ် သည့် အခါ ရေးခြယ်သည်။ ဤနည်းဖြင့် ကျောက်ခေတ် လူသားတို့၏ မှတ် တမ်း လက် ရာ များ ကြွင်းကျန်သလောက် ကြွင်းကျန်ရစ်သည်။

နှစ်ပေါင်း ၆၀၀၀ အတွင်း မြန်မာနိုင်ငံသည် အမျိုး မျိုး ပြောင်းလဲခဲ့ပြီး ကျောက်ခေတ်မှသည် ထွန်ယက်စိုက် ပျိုးသည့်ခေတ်သို့ ပြောင်းလဲလာခဲ့သည်။ ယင်ဟူဇော်မှမှ တစ်ဆင့်တက်၍ နေ၊ နတ်၊ နဂါး စသည်တို့အား ကိုးကွယ် မှုသို့ ပြောင်းလဲလာခဲ့သည်။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံ၌မူ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားလျက်ရှိပေပြီ။ အေဒီ သုံးရာစု၌ သရေခေတ္တရာတွင် ပျူတို့ အခြေတည်ကာစ မွန်တို့သည် ထိုင်းနိုင်ငံအတွင်းသို့ရောက်ရှိကာစ နောင်အခါ မြန်မာဖြစ်မည့် တိုင်းရင်းသားတို့သည် မြန်မာပြည် အလယ်ပိုင်းတွင် အခြေချကာစ ကာလဖြစ်သည်။ နယ်စပ် နေ တိုင်းရင်းသားတို့သည် တောင် ကြား လမ်း များ ဖြင့် လည်းကောင်း၊ ပင်လယ်ခရီးဖြင့်လည်းကောင်း အိန္ဒိယ၊ တရုတ်၊ မလေး၊ ထိုင်း စသည့်နိုင်ငံတို့နှင့် တစ်စတစ်စ ဆက်သွယ်မိလာကြသည်။ တိုနိုင်ငံတို့မှ ကုန်သည်များ၊ စွန့်စားသွားလာသူများ၊ သာသနာပြုသူများနှင့် စေတမန် များလည်း တစ်စတစ်စ ရောက်ရှိလာကြသည်။

ဗုဒ္ဓ ခေတ် မတိုင် မီ ကတည်း က အိန္ဒိယ နှင့် မြန်မာ (သထုံနှင့် သရေခေတ္တရာ)၊ ဘင်္ဂလားနှင့် ရခိုင် ဆက်ဆံမှု ရှိ သင့် သ လောက် ရှိခဲ့သည်။ အေဒီ လေးရာစုတွင် မဟာယာန ဗုဒ္ဓဘာသာသည် အိန္ဒိယကျွန်းဆွယ်အရှေ့ပိုင်း အမရဝတီ ပြည်မှတစ်ဆင့် သထုံနှင့် သရေခေတ္တရာသို့ ရောက်သည်။ သည့်နောက် အိန္ဒိယအရှေ့ကမ်းခြေမြောက်

ပိုင်းတွင် သာသနာကွယ်ခဲ့ရာ သီဟိုဠ်သို့ ကူးပြောင်းသည်။ သီဟိုဠ်မှတစ်ဆင့် သထုံနှင့် သရေခေတ္တရာသို့ ထေရဝါဒ ဗုဒ္ဓဘာသာ ရောက်ရှိလာသည်။ ပုဂံခေတ်အစောဦးပိုင်းတွင် အိန္ဒိယမြောက်ပိုင်း ဘင်္ဂလားပြည်နယ်မှ "တန္တြ" ဗုဒ္ဓဘာသာဂိုဏ်း ကူးစက်လာသည်။ ထိုသို့ကူးလူးဆက်ဆံကြသည်တွင် အနောက်မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓသာသနာ ရောက်ရှိလာခြင်းသည် ထူးခြားချက်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။

ဗုဒ္ဓသာသနာကို အကြောင်းပြု၍ ဗုဒ္ဓစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စသည်တို့ တဖြည်းဖြည်း ပြန့်ပွားလာသည်။ ဆင်းတု၊ရုပ်တု၊ပန်းချီ၊ပန်းပု၊ ကျောက်ဆစ်၊ ကြေးသွန်း၊ ပန်းရန်၊ ဗိသုကာ စသည့်မွမ်းမံဆင်ယင်မှုအတတ်ပညာရပ်တို့သည်လည်း တစ်စတစ်စကူးဆက်ပြန့်ပွားလာသည်။ ရှေးမြန်မာတိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာလုပ်ငန်းသည် တစ်ဆင့်တက်လာခြင်းဖြစ်ပေသည်။ သမားရိုးကျ အိုးလုပ်ငန်းမှ ဒီဇိုင်းရေးခြယ်မှုသည် လည်းကောင်း၊ စဉ့်လုပ်ငန်းမှ ဆေးရောင်ဖော်စပ်မှုသည် လည်းကောင်း၊ ရက်ကန်းလုပ်ငန်းမှ အဆင်အသွေးဒီဇိုင်း ရေးဆွဲမှု အတတ်သည်လည်းကောင်း၊ အိန္ဒိယ ပညာရှင်များထံမှ နည်းနိဿယများနှင့် ပေါင်းစပ်မိသည့်အခါ တစ်ဆင့်တက်လာသည်ဟု ဆိုရပေမည်။ ထို့အတူ ဒုမင်္ဂလ၊ သုမင်္ဂလဆိုင်ရာ မွမ်းမံဆင်ယင်မှု "ယာယီ" ခေါ် "စပ်" လုပ်ငန်းသည်လည်း တဖြည်းဖြည်း တိုးတက်လာဖွယ်ရာရှိပေသည်။ ကျေးလက်ဒေသနှင့် ဘုန်းတော်ကြီးကျောင်းများတွင် သံကညစ်ကိုအသုံးပြု၍ ပေရွက်၊ ထန်းရွက်များပေါ်တွင် ရက်ချုပ်ဇာတာ ခွင်မှအစ ပုံကြမ်း ရေးခြစ်မှတ်တမ်းတင်သည့် အခြေခံပုံဆွဲနှင့် "ပေရေးပန်းချီ" အတတ်သည်လည်း တစ်စတစ်စ အရှိန်ရလာဖွယ်ရှိပေသည်။

၁၀ ရာစုသို့ ရောက်လေသော် အိန္ဒိယနိုင်ငံ၏ ဘုရား၊ ပုထိုး၊ ဂူကျောင်းတို့တွင် နံရံပန်းချီများဖြင့် ဝေဆာလျက်ရှိပေပြီ။ နံရံပန်းချီသာမက ပေရွက်၊ ထန်းရွက်နှင့် ပျဉ်ချပ်များပေါ်တွင် ဗုဒ္ဓဝင်များကို ရေးခြယ်ကြသည်။ ထိုအချိန်၌ မြန်မာနိုင်ငံတွင် တောင်သူကြီးမင်း နန်းတက်လေပြီ။ ပုသိမ်၊ မုတ္တမ၊ သထုံ၊ ဟံသာဝတီ စသည့် အောက်ရပ် အောက်ပြည်တွင် မွန်တို့ အားကောင်းဆဲဖြစ်သည်။ တောင်သူကြီးမင်းသည် သထုံပြည်မှ စည်းခုံပုထိုးများကို အတုယူပြီး ပုထိုးငါးလုံးကို တည်သည်။ ပညာသည်များကို ခေါ်ယူပြီး အတွင်းအပြင် မွမ်းမံစေသည်။ နံရံပန်းချီများကိုလည်းအဆန်းတကြယ်ရေးခြယ်စေသည်။ ယင်းပုထိုး ငါးလုံး အနက် ယခုအခါ "ပုထိုးသားများ" တစ်ဆူသာ ကျန်ရှိတော့သည်။ ပုထိုးသားများသည် ပုဂံခေတ်ဦးတွင် တည်ခဲ့သော စေတီပုထိုးများအနက် ရှေးအကျဆုံးဟု ဆိုရပေမည်။

ပုဂံခေတ်ကား နံရံပန်းချီခေတ်ဟု ဆိုရမည်။ ဘုရားကျောင်းကန် ဂူဘုရားတို့ကို အများဆုံး တည်ဆောက်ကိုးကွယ်သည့်အတွက် နံရံပန်းချီများ ရေးခြယ်ရန် အခွင့်သာပေသည်။ ရေးခြယ်သမျှတွင် ဗုဒ္ဓဝင်ရုပ်ပွားတော်များနှင့် ငါးရာ့ငါးဆယ်ဇာတ်တော်လာ အကြောင်းအရာတို့က အများဆုံး လွှမ်းမိုးလျက်ရှိသည့်အတွက် ပန်းချီဆရာတို့သည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကို ရေးခြယ်ဖွဲ့ဆိုကြသည်ဟုဆိုရပေမည်။ ရေးခြယ်သည့်နည်းစနစ်ကား ကောက်ကြောင်းဖြင့် အနားကွပ်ပြီး အလုံးအထည်မရှိ ဆေးရောင်ကို ပြားလိုက်ရေးခြယ်ရသည့် အာဂျန်တာလိုဏ်ဂူ ရေးခြယ်နည်းအတိုင်းပင်ဖြစ်သည်။ (အာဂျန်တာလိုဏ်ဂူ သို့မဟုတ် အဇန္တလိုဏ်ဂူသည် အိန္ဒိယနိုင်ငံ မဟာရဋ္ဌ ပြည်နယ်တွင် တည်ရှိသည်။ ခရစ်မပေါ်မီ နှစ်ရာစုမှ ခရစ်နှစ် ရှစ်ရာစု ခန့်အတွင်း ဗိသုကာ၊ ပန်းတမော့နှင့် ပန်းချီလက်ရာများကိုတွေ့နိုင်သည်။ အဇန္တလိုဏ်ဂူ၊ မြန်မာ့စွယ်စုံကျမ်းအတွဲ–၁၄—ရှု။)

ပုဂံ ပျက်သုဉ်းလေသော် အင်းဝခေတ် ဖြစ်ထွန်း လာသည်။ ထူးခြားသည်မှာကား အင်းဝခေတ်သည် စာပေ




ပုထိုးသားများစေတီမှ နံရံပန်းချီ (၁၁ ရာစုလက်ရာ)



နေမိဇာတ်တော်တစ်ကွက်ကို ခြယ်မှုန်းထားသော ဦးချစ်မြဲ၏ ဂန္ဆဝင်ပန်းချီလက်ရာ

အနေဖြင့် "ပျို" များထွန်းကားလာသည့်ခေတ်ဖြစ်သကဲ့သို့ ပန်းချီအနေဖြင့် ပုရပိုက်ပန်းချီများ ထွန်းကားလာသည့် ခေတ်ဖြစ်သည်။ ပန်းချီလက်ရာတို့တွင် ဗုဒ္ဓဝင်၊ မဟာဝင် ထက် မင်း၊ မှူးမတ်တို့၏ နန်းတော်၊ အိမ်တော်အဆောင် ဆောင် အခန်းခန်းနှင့် နန်းမူနန်းရာ၊ နန်းဓလေ့တို့က ကဲလျက်ရှိရာ ပန်းချီဆရာတို့သည် ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော် ကို ဖွဲ့ဆိုကြရာမှ မင်းကောရာဇ်တို့၏ဘုန်းတော်ကိုပြောင်းလဲ ဖွဲ့ဆို ရေးကခြယ်ကြပြီဟု ယူဆရပေမည်။ ရေးခြယ်ပုံ စနစ်မှာ ပုဂံခေတ်အတိုင်းပင် ဖြစ်သည်။ ရေးဆွဲသည့် အရုပ်များ မြန်မာဆန်၍လာခြင်းသည် အင်းဝခေတ်၏ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

တတိယ ခေတ်ကား ကုန်းဘောင်ခေတ် ဖြစ်သည်။ ပြည်ပနှင့်ဆက်ဆံရေးများ ရှေးကထက် များပြားလာခဲ့ရာ မြန်မာပန်းချီဆရာများ ရှေးကထက်ပို၍ အမြင်ကျယ်လာ ပြီဟု ဆိုရမည်။ ၁၅ နှင့် ၁၆ ရာစု တရုတ်နှင့် ဂျပန် နိုင်ငံတို့တွင် ထွန်းကားခဲ့သည့် အပေါ်စီး ၄၅ ဒီဂရီ မြင်ကွင်းကျယ် ရေးဆွဲနည်းကို မြန်မာ ပန်းချီဆရာများ လက်တည့်စမ်းစပြုချိန် ဖြစ်သည်။ နန်းတွင်း ပန်းချီတော်



နန်းတွင်း ပုရပိုက်တွင် တွေ့ရသော ဦးကြာညွန့်၏ ဂန္ဆဝင် ပန်းချီလက်ရာ

ဦးကြာညွှန့်နှင့် ဆရာချုံတို့၏ ပုရပိုက် ပန်းချီများတွင် ယင်းလက်ရာတို့ကို အထင်အရှား တွေ့နိုင်ပေသည်။

ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် "ဟန်" ပန်းချီကားများ ပေါ်ထွက်လာခြင်းမှာ ထူးခြားချက် တစ်ရပ်ဖြစ်သည်။ "ဟန်" ပန်းချီဆိုသည်မှာ နန်းတွင်းမိသားစုများနှင့် မင်းသား မင်းသမီးများအား ရုံရွေ့တော်များ၊ သက်တော်စောင့်များက ခစားနေဟန်ပုံများကို ဆိုလိုပေသည်။ ယင်း "ဟန်" ကားများကို အများဆုံးရေးဆွဲသူ ပန်းချီဆရာများမှာ ဆရာချုံ၊ ဆရာပုံ၊ ဆရာသူ၊ ဆရာမြိုး၊ ဆရာသောင်၊ ဆရာစော အစရှိသည့် ကုန်းဘောင်ခေတ်နှောင်း ရတနာပုံခေတ် ပန်းချီကျော်များ ဖြစ်ကြပေသည်။ ယင်း "ဟန်"



အလင်္ကာကျော်စွာ ဦးငွေကိုင်၏ ဂန္ဆင်မြောက် ဆီဆေးပန်းချီကားတစ်ချပ်ဖြစ်သည့် ကချေသည်

ပန်းချီလက်ရာများသည် အိန္ဒိယနိုင်ငံတွင် ၁၈ ရာစုဦး ထွန်းကားခဲ့သည့် "မဂိုး" ပန်းချီ၏ အငွေ့အသက်များ လွှမ်းခြုံလျက်ရှိသည်ကို တွေ့ရပေသည်။

တစ်နည်းအားဖြင့် "ဟန်" ပန်းချီ လက်ရာများသည် ပုံတူပန်းချီ၏ ရှေ့ပြေးသဖွယ်လည်း ဖြစ်ပေသည်။ ရှေးရိုးမြန်မာပန်းချီတွင် ပုံတူရေးခြယ်သည့် အလေ့အထမရှိပေ။ မျက်မြင်နှင့်အတွေးကို ပေါင်းစပ်ရေးခြယ်နည်းမျိုး ဖြစ်ရာ မျက်မြင်သဘာဝနှင့် ထပ်တူ ထပ်မျှ တူအောင်လည်း ရေးခြယ်လေ့မရှိကြပေ။ "ဟန်" ပန်းချီကားများကိုရေးဆွဲနေကြသည့်ခေတ်တွင် အနောက်ဥရောပမှ သဘာဝပန်းချီနည်းစနစ်ကိုလည်း မြန်မာပန်းချီဆရာများ လေ့ကျင့်ရေးဆွဲနေကြပေပြီ။ "ဟန်" ပန်းချီခေါ် နန်းတွင်းမိသားစုပုံမှ နောက်ခံအိုးအိမ်တိုက်တာတို့ကို ရေးခြယ်ရာ၌ ဥရောပသဘာဝပန်းချီ၏ အနီးအဝေးစနစ်တို့ကို တွေ့ရပေသည်။ အထူးသဖြင့် နိပါတ်ပန်းချီကားများတွင် ယင်းနည်းစနစ်ကို အများဆုံးတွေ့ရပေသည်။

အချုပ်အားဖြင့် မြန်မာ့ပန်းချီသည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်နှောင်းအထိ ပေရေးပန်းချီ၊ နံရံပန်းချီ၊ ပုရပိုက်ပန်းချီနှင့် နိပါတ်ပန်းချီ ဟူ၍ လေးမျိုးလေးဘဝ ပြောင်းလဲလာခဲ့ပြီး ရေးခြယ်မှု စနစ်အနေဖြင့် ကောက်ကြောင်း စနစ်မှ သဘာဝပန်းချီ နည်းစနစ်သို့ ပြောင်းလဲလာခဲ့ပေသည်။ ကုန်းဘောင်ခေတ် ကုန်ဆုံး၍ ရတနာပုံခေတ်ဦးတိုင်အောင် နံရံ ပန်းချီနှင့် ပုရပိုက် ပန်းချီများ အထိုက်အလျောက် ထွန်းကားလာခဲ့သော်လည်း "ဟန်" ပန်းချီကိုရတနာပုံခေတ်တွင်သာအများဆုံးတွေ့ရပေသည်။ "ဟန်" ပန်းချီသည် မင်းမိဖုရားတို့ နေထိုင်မှုကိုသာ ဖော်ကျူးခဲ့ပေရာ ပဒေသရာဇ်ကေရာဇ်တို့၏ ခေတ်ကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် "ဟန်" ပန်းချီလည်း ပျောက်ကွယ်လေတော့သည်။ သို့သော် "ဟန်" ပန်းချီကို မြန်မာ့ပုံတူပန်းချီ၏ ခေတ်ဦးဟု မှတ်တမ်းတင်ရဖွယ် ရှိပေသည်။

"ဟန်" ပန်းချီကို အကြောင်းပြု၍ ပုံတူ ရေးခြယ်မှုများ တစ်စတစ်စ ထွန်းကားလာသကဲ့သို့ စစ်သူကြီး၊ မင်း၊ မှူးမတ်၊ သူဌေး၊ သူကြွယ်တို့၏ ဝတ်စား ဆင်ယင်မှု၊ နေထိုင်မှုတို့ကို သရုပ်ဖော်သည့် ပန်းချီ ကားများလည်း ပေါ်ထွက် လာခဲ့ပေသည်။ ယင်းပုံတို့ကို ဘုန်းကြီးပျံ၊ ဘတော်ပျံ၊ မယ်တော်ပျံများ ကျင်းပသည်နှင့် ကြုံသည့် အခါ တလားကြီးလောင်တိုက်တို့အနီးတွင် မဏ္ဍပ်များထိုး၍ ပြပွဲပြခန်းသဖွယ် ချိတ်ဆွဲ ပြသလေ့ ရှိပေသည်။ ထိုကားများကို ငွေကြေး တတ်နိုင်သူများက ဝယ်ယူ၍ အချို့ကို အိမ်မှာချိတ်ဆွဲပြီးအချို့ကိုဘုန်းတော်ကြီးကျောင်းများသို့ ပေးပို့လှူဒါန်းလေ့ရှိကြပေသည်။ ယင်းဓလေ့သည် မြန်မာနိုင်ငံ၌ ပြပွဲများမပေါ်ပေါက်မီ (၁၉၁၅ ခုနှစ်မတိုင်



ဦးဘကြည်၏ ဂန္ဓဝင်မြောက်လက်ရာတစ်ခုဖြစ်သည့် ရန်ကုန်လေဆိပ် နံရံပန်းချီ

မီက) ထွန်းကားခဲ့ပြီး ထိုခေတ် ပန်းချီဆရာများ၏ ထွက်ပေါက်သဖွယ်လည်း ဖြစ်ပေသည်။

၁၉၀၀ ပြည့်နှစ် နောက်ပိုင်းခန့်မှစ၍ မြန်မာ့ပန်းချီလောကသည် တစ်စတစ်စ တိုးတက်ပြောင်းလဲလာသည်ဟု ဆိုရပေမည်။ သဘာဝပန်းချီစနစ်ကို အခြေပြုရေးဆွဲသည့် နိပါတ်ပန်းချီများသည် ဘုရားကျောင်းကန် ဇရပ်တို့တွင် ထွန်းကား နေသကဲ့သို့ ကြော်ငြာ၊ ပိုစတာ၊ ဒီဇိုင်း၊ ရုပ်ပြောင် စသည့် ကုန်သွယ်ရေး ပန်းချီများလည်း ထွန်းကားစ ပြုလာသည်။ ပန်းချီအသင်းအဖွဲများနှင့် အပျော်တမ်း သင်တန်းများလည်း ပေါ်ပေါက်လာခဲ့ပြီး ၁၉၁၅ ခုနှစ်မှစ၍ နိုင်ငံလုံးဆိုင်ရာ လက်မှုအနုပညာပြပွဲ အဲ့ပွဲကြီးများကိုလည်း ကျင်းပလာခဲ့ရာ ပန်းချီ၊ ပန်းပု အနုပညာလောက အရှိန်ရလာသည်ဟု ဆိုရပေမည်။

ပုံဆွဲပညာရပ်ကို အလယ်တန်းနှင့်အထက်တန်းကျောင်းများတွင် စတင်သင်ကြားပေးလာပြီး ၁၉၂၀ ပြည့်နှစ်နှင့် ၁၉၂၆ ခုနှစ်များတွင် ဦးဘဥာဏ်နှင့် ဦးဘဇော်တို့အား အစိုးရက ပန်းချီပညာတော်သင်အဖြစ် ဘိလပ်သို့စေလွှတ်ခဲ့သည်။ ကမ္ဘာသုံး သဘာဝပန်းချီနည်းစနစ်ကို မြန်မာများ စနစ်တကျ လေ့လာသင်ယူခွင့် ရရှိခြင်းပင် ဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် ပန်းချီကျောင်းကို တူရိယာကျောင်းနှင့် ပူးတွဲဖွင့်လှစ်ပေးသည်။ ဆရာအတတ်သင် ကောလိပ်တွင် ပန်းချီကထိက ရာထူးကို တီထွင်ခန့်အပ်သည်။ ပုံဆွဲဆရာများကို ကြီးကြပ်ရန် ပန်းချီပညာအုပ် ရာထူးကိုလည်း တီထွင်ခန့်အပ်ပေးသည်။ မြန်မာပန်းချီဆရာများအတွက် ဆီဆေး၊ ရေဆေးကို ကမ္ဘာနှင့် ရင်ပေါင်တန်း ယှဉ်နိုင်ရန် အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်းပင် ဖြစ်သည်။ မြန်မာပန်းချီအသင်း၊ မြန်မာပညာသည်များ အဖွဲ့ချုပ် စသည်တို့လည်း ပေါ်ထွန်းလာရာ မြန်မာပန်းချီဆရာများသည် စုစုဝေးဝေးနှင့် ပူးပေါင်းလေ့လာသည့် အလေ့ကို ကျင့်သုံးလာကြသည်။

ဂျပန်ခေတ်၌ ပန်းချီသိပ္ပံနှင့် တပ်မတော် စစ်ပန်းချီဌာနများကို ထူထောင်ပေးခဲ့သော်လည်း သက်တမ်းမရှည်ကြာခဲ့ပေ။ ဒုတိယကမ္ဘာစစ်ပြီးစကာလမှစ၍ ပြပွဲကြီးများ အရှိန်ရလာခဲ့ပြီး ပန်းချီဆရာများကလည်း စစ်အတွင်း အတွေ့အကြုံများကို ပြည်သူသို့ ပြန်လည်တင်ပြကြသည်။ လွတ်လပ်ရေးခေတ်ဦးတွင် ပြဇာတ်ဆက်တင် ရေးခြယ်မှုများ ခေတ်စားလာသည်။ ငွေစက္ကူ၊ တံဆိပ်ခေါင်း၊ စာချုပ်ခေါင်း၊ ထီလက်မှတ်၊ ကြော်ငြာ၊ ဒီဇိုင်း၊ ပိုစတာ စသည့် ကုန်သွယ်ရေးပန်းချီ လုပ်ငန်းများ ကျယ်ပြန့်လာသည်။ ဦးဘကြည်၊ ဦးစံဝင်းနှင့် ဦးခင်မောင် တို့အား ပြင်သစ်နှင့်အင်္ဂလန်သို့ ပန်းချီပညာတော်သင်စေလွှတ်ခဲ့ရာ မြန်မာ့ပန်းချီလောက တိုးတက်ထွန်းကားရေးကို အားသစ်လောင်းပေးသကဲ့သို့ ရှိသည်။ ၁၉၅၂ ခုနှစ်မှစ၍ ပန်းချီပန်းပုကျောင်းကို ဖွင့်လှစ်ပေးခဲ့ရာ စနစ်တကျ လေ့လာလိုသူ လူငယ်များအတွက် အခွင့်သာခဲ့သည်။

စာပေဗိမာန်နှင့် ပန်းချီပန်းပု ကောင်စီတို့ကလည်း ပြပွဲကြီးများကို နှစ်စဉ်လိုလို ကျင်းပပေးခဲ့ရာ ဆီဆေး၊ ရေဆေး၊ ခဲ၊ မင်၊ ကလောင်လက်ရာစုံတို့ကို ပြည်သူများ မြင်တွေ့ကြရပေသည်။ ပြပွဲများတွင် ပြောင်းလဲလာမှု တစ်ရပ်မှာ ရေဆေးထက် ဆီဆေး ပန်းချီ လက်ရာများ တစ်စတစ်စ လွှမ်းမိုးလာခြင်းပင် ဖြစ်သည်။ ဆီဆေးကို ရှေးကထက် မြန်မာပန်းချီဆရာအများ ကိုင်တွယ်မှု ကျွမ်းကျင်လာသည့် သဘောပင်ဖြစ်သည်။

မြန်မာပန်းချီဆရာများ၏ ကြိုးပမ်း အားထုတ်မှုအရ ထူးခြားသည့်လက်ရာများ ပေါ်ထွက်လာခဲ့ရာ ယင်းတို့ကို မြန်မာ့ပန်းချီ သမိုင်းအတွက် မှတ်တမ်း တင်ရပေမည်။ ဆရာကြီးဦးဥေကိုင်၏ "ရွှေတောင်တိုက်ပွဲ"၊ "လွတ်လပ်ရေးအလင်္ကာအနား" အစရှိသည့် မော်ကွန်းဝင်ကားများနည်းတူ ဆရာကြီး ဦးဘကြည်၏ "ရန်ကုန်လေဆိပ်" ပန်းချီကားသည် ထူးခြားသည်။ "မြူရယ်" ခေါ် နံရံပန်းချီတစ်မျိုးကို ကမ္ဘာသုံးနည်းဖြင့် ခြယ်မှုန်းထားပြီး မြန်မာ့ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကို ဖော်ထုတ်တင်ပြသူ အချို့လည်းရှိရာ ထူးခြားဆန်းသစ်မှုတစ်ရပ်ပင် ဖြစ်သည်။

ရိုးရာနည်း၊ သဘာဝနည်း၊ ခေတ်သစ်နည်း စသည်များဖြင့် ရေးခြယ်တင်ပြကြရာ၌ မြန်မာ့ရေမြေဓလေ့စရိုက်နှင့် မြန်မာမှု မြန်မာ့ရနံ့များ သင်းထုံနေသည့် လက်ရာများ ပေါ်ထွက်လာခြင်းမှာ အလားအလာ ကောင်းသည်ဟု ဆိုရပါမည်။

မင်းနိုင်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေ၊ နည်းဥပဒေများ

ဥပဒေရေးရာ

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်အမှတ် ၁/၈၈ ဖြင့် ဖွဲ့စည်းလိုက်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် နေ့စွဲပါ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် တပ်မတော်သည် ယင်းနေ့မှစ၍ နိုင်ငံတော် အာဏာ အရပ်ရပ်ကို လုံးဝ တာဝန်ယူလိုက်ကြောင်း ကြေညာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉—စာ၊ ၁၈၇—ရှ။)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဥပဒေ၊ နည်းဥပဒေများကို အခါအားလျော်စွာ ထုတ်ပြန် ပြဋ္ဌာန်းခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဥပဒေများနှင့် နည်းဥပဒေများ

ဥပဒေများ

ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥပဒေ

(ဥပဒေအမှတ် ၁/၈၈)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ကြေညာချက်အမှတ် ၁/၈၈၊ အပိုဒ်(၂)ဖြင့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်း အကောင်အထည် ဖော်နိုင်ရန် ယခင် နိုင်ငံတော်ကောင်စီက ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် (စွယ်စုံနှစ်ချုပ် ၁၉၈၉—စာ၊ ၁၈၈—ရှ။) ကို ဆက်လက် ထားရှိကြောင်း ကြေညာခဲ့ပြီး ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေတွင် အခန်းပေါင်း လေးခန်း ပါဝင်သည်။ အခန်း (၂) ဖွဲ့စည်းခြင်းအခန်း၊ ပုဒ်မ (၃)တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ယင်း ကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာ တွင် အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်း ထားသည်။ အခန်း(၃)သည် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး အခန်း (၄) သည် အထွေထွေ ဖြစ်သည်။ ဤဥပဒေဖြင့် "ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေ" (၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၅) ကို ရုပ်သိမ်းထား သည်။

တရားစီရင်ရေးဥပဒေ

(ဥပဒေအမှတ် ၂/၈၈)

ဤဥပဒေတွင် အခန်းပေါင်း ရှစ်ခန်း ပါဝင်သည်။ အခန်း (၂) တွင် တရားစီရင်ရေးဆိုင်ရာမူ ခုနစ်ချက်ကို ပြဋ္ဌာန်းထားသည်။ အခန်း (၃) တွင် တရားရုံးချုပ်ကို တရားသူကြီးချုပ်တစ်ဦးနှင့် ငါးဦးထက် မပိုသော တရား သူကြီးများဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထား သည်။ အခန်း (၄) တွင် တရားရုံးချုပ်၏ စီရင်ပိုင်ခွင့် အာဏာများကို ပြဋ္ဌာန်းထားပြီး အခန်း (၅) တွင် တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။

အခန်း (၆) တွင် ပြည်နယ် သို့မဟုတ် တိုင်းတရားရုံးများနှင့် မြို့နယ်တရားရုံးများ ဖွဲ့စည်းခြင်းဖြစ်သည်။ အခန်း (၇) တွင် တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ အခန်း (၈) တွင် အထွေထွေပြဋ္ဌာန်းချက်များကို ဖော်ပြထားသည်။ ယင်း အခန်း ပုဒ်မ ၂၀ တွင် တရားရုံးချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများကို ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၁ ဖြင့် "ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေ" (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် – ၁၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းထားသည်။

ရွှေနေချုပ်ဥပဒေ
(ဥပဒေအမှတ် ၃/၈၈)

ဤဥပဒေတွင် အခန်းသုံးခန်းပါဝင်သည်။ အခန်း(၂) တွင် ရွှေနေချုပ်ခန့်ထားခြင်းနှင့် ရွှေနေချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂ တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ရွှေနေချုပ်တစ်ဦးနှင့် ဒုတိယရွှေနေချုပ်တစ်ဦးကို ခန့်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ရွှေနေချုပ်၏ တာဝန်များအနက် ပုဒ်မ ၃ (က) တွင် ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းထားသည်။

အခန်း (၃) အထွေထွေအခန်း ပုဒ်မ ၅ တွင် "ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေ" (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်– ၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းထားသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ
(ဥပဒေအမှတ် ၄/၈၈)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၈၈ တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဆောင်ရွက်မည့် လက်ငင်းလုပ်ငန်းတာဝန်ကြီး လေးရပ်အနက် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးလုပ်ငန်းလည်း ပါဝင်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် အမှတ် ၁/၈၈ ဖြင့် ၁၉၆၄ ခုနှစ် "အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေ"(၁၉၆၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် – ၄) ကို ပယ်ဖျက်လိုက်ပြီး နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့် ပေးခဲ့သည်။ ဖွဲ့စည်းပြီးသော နိုင်ငံရေးပါတီများ မှတ်ပုံတင်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေတွင် အခန်းလေးခန်း ပါဝင်သည်။ အခန်း(၁)သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်သည်။ အဓိပ္ပာယ်ဖော်ပြချက်တွင် "နိုင်ငံရေးပါတီ" ဆိုသည်မှာ စစ်မှန်သော ပါတီစုံ ဒီမိုကရေစီကို လက်ခံ ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အခန်း (၂) တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃ တွင် **ရွေးကောက်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအသီးသီး**သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရန် ကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် မှတ်ပုံတင်ရန် လျှောက်ထားခွင့် မရှိသော အဖွဲ့အစည်းများကို ဖော်ပြထားသည်။ ပုဒ်မ ၄ တွင် မည်သည့်နိုင်ငံရေးပါတီမဆို မှတ်ပုံတင်ခွင့် ရရှိပြီးမှသာလျှင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၃) တွင် ကော်မရှင်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၆ တွင် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီတစ်ခုသည် ပုဒ်မ ၃ ၌ ဖော်ပြထားသော မှတ်ပုံတင်ရန် လျှောက်ထားခွင့် မရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ကော်မရှင်က တွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရန် ပြဋ္ဌာန်းထားသည်။

အခန်း (၄) သည် အထွေထွေ ပြဋ္ဌာန်းချက်ဖြစ်ပြီး ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

စာရင်းစစ်ချုပ်ဥပဒေ
(ဥပဒေအမှတ် ၅/၈၈)

ဤဥပဒေတွင် အခန်းပေါင်း သုံးခန်း ပါဝင်သည်။ အခန်း (၂) တွင် စာရင်းစစ်ချုပ် ခန့်ထားခြင်းနှင့် စာရင်းစစ်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂ တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် စာရင်းစစ်ချုပ် တစ်ဦးနှင့် ဒုတိယ စာရင်းစစ်ချုပ် တစ်ဦးကို ခန့်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၃) သည် အထွေထွေပြဋ္ဌာန်းချက်ဖြစ်ပြီး "ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥပဒေ" (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် – ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းထားသည်။

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ
(ဥပဒေအမှတ် ၆/၈၈)

ဤဥပဒေတွင် အခန်းပေါင်း ငါးခန်းပါဝင်သည်။ အခန်း (၁)သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပြီး ပုဒ်မ ၂ တွင် "အသင်းအဖွဲ့" နှင့် "နိုင်ငံရေးအသင်းအဖွဲ့" များကို အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ အခန်း (၂) တွင် ဖွဲ့စည်းခွင့်ရရှိရန် လျှောက်ထားခြင်းများကို ပြဋ္ဌာန်းထားသည်။ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ရရန် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသို့ သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း လျှောက်ထားရမည်။ ဖွဲ့စည်းပြီးသော အသင်းအဖွဲ့သည် ဤဥပဒေ ပြဋ္ဌာန်းသော နေ့ရက်မှ ရက်ပေါင်း သုံးဆယ်အတွင်း လျှောက်ထားရမည်။ ခွင့်ပြုချက်မရသော အသင်းအဖွဲ့ကို ဖွဲ့ခြင်း သို့မဟုတ် ဆက်လက်ရပ်တည်လှုပ်ရှားခြင်း မပြုရဟူသော အချက်များကို ပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄ သည် ဤဥပဒေအရ ဖွဲ့စည်းခွင့်လျှောက်ထားရန် မလိုသော အသင်းအဖွဲ့များကို ဖော်ပြထားသည်။ ဤဥပဒေအရ ဖွဲ့စည်းခွင့် လျှောက်ထားရန် မလိုသော အသင်းအဖွဲ့ စာရင်းတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်မှ မှတ်ပုံတင်ခွင့် ရရှိပြီးသော သို့မဟုတ် ယင်းကော်မရှင်သို့ မှတ်ပုံတင်ရန်လျှောက်ထားပြီး သို့မဟုတ် လျှောက်ထားရန် ပြင်ဆင်လျက်ရှိကြောင်း တင်ပြပြီးသော နိုင်ငံရေး အသင်းအဖွဲ့များလည်း ပါဝင်သည်။

အခန်း (၃)သည် ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ အခန်း ဖြစ်ပြီး ပုဒ်မ ၅ တွင် ဖွဲ့စည်းခွင့် မရှိသော အသင်းအဖွဲ့များ စာရင်းကို ဖော်ပြထားပြီး ယင်းအသင်းအဖွဲ့များသည် ဖွဲ့စည်းထားပြီးဖြစ်လျှင်လည်း လှုပ်ရှားခြင်း မပြုရ၊ ဆက်လက်တည်ရှိခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များ စာရင်းတွင် ၁၉၀၈ ခုနှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ မှတ်ပုံတင်ခွင့်မရသော အသင်းအဖွဲ့၊ မှတ်ပုံတင်ခွင့်ရသော်လည်း ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းခံရသော အသင်းအဖွဲ့များလည်း ပါဝင်သည်။

အခန်း (၄) သည် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသော အခန်းဖြစ်သည်။ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များကို ဖွဲ့စည်းပြီး ဆက်လက်လှုပ်ရှားသူများနှင့် ယင်းအသင်းအဖွဲ့တွင် ပါဝင်သူ၊ အားပေးကူညီသူများကို ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ချမှတ်နိုင်သည့်ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။

အခန်း (၅) သည် အထွေထွေအခန်း ဖြစ်သည်။ မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့အနေဖြင့် မှတ်ပုံတင်စဉ်က ဖော်ပြထားသောရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ပြောင်းလဲ၍ လှုပ်ရှားကြောင်း စိစစ်တွေ့ရှိလျှင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်နိုင်ကြောင်း ပုဒ်မ ၈ တွင် ပြဋ္ဌာန်းထားသည်။

၁၉၅၉ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေအမှတ် ၇/၈၈)

၁၉၅၉ ခုနှစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၄) ကို အစားထိုးပြင်ဆင်ထားသည်။အစားထိုးပြင်ဆင်ရာတွင် "ကြက်ခြေနီဗဟိုကောင်စီတစ်ခု ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်းဖြစ်ရမည်"ဟူသော စကားရပ်များ ပါဝင်ပြီး ကောင်စီတွင်ပါဝင်ရမည့် ပုဂ္ဂိုလ်များ၏ စာရင်းကို ထုတ်ူးအလျှောက် ဖော်ပြထားသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉ – စာ၊ ၂၄၀ — ရှု။)

စကားရပ်များအစားထိုးသည့်ဥပဒေ
(ဥပဒေအမှတ် ၈/၈၈)

ဤဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (၁) တွင် ဤဥပဒေသည် ၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း (၈) ရက်၊ ၁၉၀၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့မှ စတင်၍ အာဏာတည်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၂ တွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် စသည်တို့တွင် ပါရှိသော တည်ဆဲစကားရပ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် စကားရပ်များဖြင့် ဆီလျော်သလို အစားထိုးပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မ ၂ တွင်ပင် တည်ဆဲ စကားရပ်များနှင့် အစားထိုးသည့် စကားရပ်များကို ယှဉ်တွဲဖော်ပြထားသည်။ ပုဒ်မခွဲ (က) တွင် "ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်" ဆိုသော စကားရပ်ကို "ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဆိုသော စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ခ) တွင် "နိုင်ငံတော်ကောင်စီ" ဆိုသော စကားရပ်ကို "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့" ဆိုသော စကားရပ်ဖြင့် လည်းကောင်း စသည်ဖြင့် စကားရပ် တစ်ဆယ့်လေးလုံးကို အစားထိုးထားသည်။

အထူးကာလစည်းကမ်းသတ်ဥပဒေ
(ဥပဒေအမှတ် ၉/၈၈)

၁၉၈၈ ခုနှစ် သြဂုတ်လအရေးအခင်းကြောင့် တရားရုံးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ခြင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က တရားစီရင်ရေးဥပဒေ (ဥပဒေအမှတ် ၂/၈၈) ကို ပြဋ္ဌာန်းပြီးနောက် တရားရုံးများ ပြန်လည်ဖွဲ့စည်းခဲ့ရာ တရားစီရင်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်သည်အထိ အချိန်ယူရန်လိုအပ်ခြင်းတို့ကြောင့် အမှုသည်များ မနစ်နာစေရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဤဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ဤဥပဒေပုဒ်မ ၂ တွင် တရားရုံးများသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပာယ်အရ ၁၉၈၈ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ ပိတ်ထားသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ
(ဥပဒေအမှတ် ၁၀/၈၈)

ဤဥပဒေတွင် အခန်းပေါင်း ၁၅ ခန်း ပါဝင်သည်။ အခန်း (၁) သည် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ ဖြစ်သည်။ အခန်း (၂) တွင် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားသည်။ အစိုးရ၏ ကြိုတင်သဘောတူညီချက်ဖြင့် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ထားသော စီးပွားရေး လုပ်ငန်းများသည် ဤဥပဒေနှင့် သက်ဆိုင်သည့် စီးပွားရေး လုပ်ငန်းများ ဖြစ်သည်။

အခန်း (၃) တွင် အခြေခံမူဥနစ်ချက်ကို ပြဋ္ဌာန်းထားသည်။ (က) ပြည်ပပို့ကုန်တိုးခဲ့ျတင်ပို့နိုင်ရေး (ခ) ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သည့် သယံဇာတပစ္စည်းများ ဖော်ထုတ်ရေး စသည်တို့သည် အခြေခံမူ ဥနစ်ချက်တွင် အပါအဝင်ဖြစ်သည်။ အခန်း (၄) တွင်ဖွဲ့စည်းပုံကို ပြဋ္ဌာန်းထားသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်နိုင်သည့် ဖွဲ့စည်းပုံများကို ဖော်ပြထားသည်။ အခန်း (၅) တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို အစိုးရက ဖွဲ့စည်းပေးရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၆) တွင် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ယင်းအခန်း ပုဒ်မ ၁၂ တွင် ရင်းနှီးမြှုပ်နှံသူများက ဤဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝ မရရှိကြောင်း တိုင်ကြား လျှင် ကော်မရှင်သည် လိုအပ်သလို အမြန်အရေးယူ ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

အခန်း (၇) သည် ခွင့်ပြုမိန့်ဖြင့် စီးပွားရေးလုပ်ငန်း ဖွဲ့စည်းရာတွင် ပဋိညာဉ်စာချုပ်ကို လိုအပ်သလို ချုပ်ဆိုရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အခန်း (၈) တွင် အာမခံ ထားရှိခြင်းနှင့် အခန်း (၉) တွင် အမှုထမ်းများ ခန့်ထားခြင်းတို့ကို ပြဋ္ဌာန်းထားသည်။

အခန်း (၁၀) တွင် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂၂ တွင် အစိုးရသည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသည့် စီးပွားရေး လုပ်ငန်းကို ပဋိညာဉ်စာချုပ်ပါ သက်တမ်း၊ ယင်းသက်တမ်းကို တိုးမြှင့်ပေးသည့် သက်တမ်းအတွင်း ပြည်သူပိုင် ပြုလုပ်ခြင်း မပြုကြောင်း အာမခံထားသည်။ အခန်း (၁၂) သည် နိုင်ငံခြား မတည်ငွေရင်းများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ ဖြစ်သည်။ အခန်း (၁၃) သည် နိုင်ငံခြားငွေလဲပြောင်းနိုင်ခွင့်များအတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၁၄) သည် နိုင်ငံခြား ငွေရေးကြေးရေး ကိစ္စများကို ပြဋ္ဌာန်းထားပြီး အခန်း (၁၅) သည် အထွေထွေ ပြဋ္ဌာန်းချက်များ ဖြစ်သည်။ ယင်းအခန်း ပုဒ်မ ၃ တွင် ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၊ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ပြည်သူဝန်ထမ်း တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှု ကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရဟု အကာကွယ်ပေးထားသည်။

၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ
သမဝါယမ အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေ အမှတ် ၁၁/၈၈)

ဤဥပဒေ ပုဒ်မ ၂ (က) ဖြင့် ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေတွင် ပါဝင်သော နိဒါန်း၊ ပုဒ်မ ၃ ဦးတည်ချက်၊ ပုဒ်မ ၄ (၂)၊ ပုဒ်မ ၂၆ (၁)၊ ပုဒ်မ ၂၇ (၃) (၅)၊ ပုဒ်မ ၂၈ (၂)နှင့် ပုဒ်မ ၃၇ (၄) တို့ကို ပယ်ဖျက်သည်။ ပယ်ဖျက်သောပုဒ်မများ၏ ယေဘုယျသဘောမှာ ဆိုရှယ်လစ်စနစ်သို့ ဦးတည်ရမည်ဟူသော ဦးတည်ချက်များနှင့် သက်ဆိုင်သမျှသော လုပ်ဆောင်ချက်၊ ပြဋ္ဌာန်းချက်၊ ဆိုရှယ်လစ် စီးပွားရေး ပညာပေးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ဖြစ်သည်။

ဤဥပဒေ ပုဒ်မ ၂ (ခ) ဖြင့် မူလဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ပြီး ပုဒ်မ ၁၉၊ ပုဒ်မခွဲ

(၁) ကို ပုဒ်မ ၁၉ အဖြစ် ပြင်ဆင်သည်။ ပယ်ဖျက်သော ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၂) မှာ သမဝါယမအသင်းများအား ပုဂ္ဂလိကငွေပင်ငွေရင်းများ လက်မခံရန် တားမြစ်ချက်များ ဖြစ်သည်။

နည်းဥပဒေများ

၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

(နည်းဥပဒေများအမှတ် ၁ / ၈၈)

ဤနည်းဥပဒေ ၂ ဖြင့် ယခင် နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ (၁)ကို လည်းကောင်း၊ နည်းဥပဒေ ၆၅၊ နည်း ဥပဒေခွဲ (၃) ကို လည်းကောင်း၊ နည်းဥပဒေ ၆၆၊ နည်းဥပဒေခွဲ (၄) ကို လည်းကောင်း၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (၁) ကို လည်းကောင်း အစားထိုး ပြင်ဆင်ထားသည်။ ပြင်ဆင်ထားသော နည်းဥပဒေများ၏ ယေဘုယျသဘောမှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် သက်ဆိုင်သမျှသော ပြဋ္ဌာန်းချက်များနှင့် ဆိုရှယ်လစ် စီးပွားရေးစနစ်နှင့် သက်ဆိုင်သမျှသော ပြဋ္ဌာန်းချက်များကို နုတ်ပယ်၍ ပြင်ဆင်အစားထိုးထားခြင်း ဖြစ်သည်။

၁၉၇၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဥပဒေများနှင့် နည်းဥပဒေများ

ဥပဒေများ

အစုစပ်လုပ်ငန်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(ဥပဒေအမှတ် ၁/၈၉)

အစုစပ်လုပ်ငန်း အက်ဥပဒေအရ ပြဋ္ဌာန်း ထား သော ဇယားကို ပြင်ဆင်အစားထိုးထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(ဥပဒေအမှတ် ၂/၈၉)

ဤဥပဒေ ပုဒ်မ ၂ (က)ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၅၊ ၃၆၊ ၈၂၊ ၈၃၊ ၈၇၊ ၁၁၂၊ ၁၂၄၊ ၁၂၅၊ ၁၃၅၊ ၁၃၆ နှင့် ၂၄၈ တို့တွင် အသီးသီးပါရှိသော one kyat ဆိုသည့်စကားရပ်ကို fifteen kyats ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ three kyats ဆိုသည့်စကား ရပ်ကို forty-five kyats ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ thirty-eight pyas ဆိုသည့် စကားရပ်ကို six kyats ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ fifty pyas ဆိုသည့် စကားရပ်ကို eight kyats ဆိုသည့် စကားရပ်ဖြင့်လည်းကောင်းအသီးသီးအစားထိုးထားသည်။

ဤဥပဒေပုဒ်မ ၂ (ခ)ဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ The First Schedule Table B ပါ I နှင့် II တို့တွင်အသီးသီးပါရှိသော 1 Kyatဆိုသည့်စကား ရပ်ကို 15 Kyats ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ 5 Kyats ဆိုသည့်စကားရပ်ကို 75 Kyats ဆိုသည့် စကား ရပ်ဖြင့် လည်းကောင်း၊ 20 Kyats ဆိုသည့် စကားရပ်ကို 300 Kyats ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ 40 Kyats, forty Kyats ဆိုသည့် စကားရပ်များကို 600 Kyats, Six hundred Kyats ဆိုသည့်စကားရပ်အသီး သီးဖြင့်လည်းကောင်း၊ 100 Kyats ဆိုသည့်စကားရပ်ကို 1500 Kyats ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ 400 Kyats ဆိုသည့်စကားရပ်ကို 6000 Kyats ဆိုသည့်စကား ရပ်ဖြင့်လည်းကောင်း၊ 1000 Kyats ဆိုသည့်စကားရပ်ကို 15,000 Kyats ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီး သီး အစားထိုးထားသည်။

၁၉၇၇ ခုနှစ် မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(ဥပဒေအမှတ် ၃/၈၉)

၁၉၇၇ ခုနှစ် မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "သားအိမ်ရောဂါကုသသည့်အတတ်" ဆိုသည့် စကားရပ်ကို "မီးယပ်ရောဂါ ကုသသည့်အတတ်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "ကောင်စီလူကြီး ၁၅ ဦး"ဆိုသည့် စကားရပ်ကို "ကောင်စီ လူကြီး ၁၁ ဦး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (ခ) တွင် ပါရှိသော "ကောင်စီလူကြီး လေးဦး"ဆိုသည့်စကားရပ်ကို "ကောင်စီ လူကြီး ငါးဦး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (ဃ) တွင် ပါရှိသော "ကောင်စီလူကြီး ၁၀ ဦး"ဆိုသည့် စကားရပ်ကို "ကောင်စီ လူကြီးငါးဦး"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော "ရာထူး သက်တမ်းစေ့ ကုန်သည့်အခါ ပြန်လည်ခန့်ထားနိုင်ခွင့် ရှိရမည်" ဆိုသည့် စကားရပ်ကို "ရာထူးသက်တမ်း တစ်ဆက်တည်း သုံးကြိမ် အထိသာ ရွေးချယ်ခန့်ထားခံနိုင်ခွင့်ရှိသည်"ဆိုသည့် စကား ရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၅၊ ခြွင်းချက်တွင်ပါရှိသော "မှတ်ပုံတင်အရာရှိက"ဆိုသည့်စကားရပ်ကို "ကောင်စီဥက္ကဋ္ဌ က" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဇယား အပိုဒ် ၁ တွင် ပါရှိသော "တက္ကသိုလ်မှ" ဆိုသည့် စကားရပ်ကို "ဆေးတက္ကသိုလ် တစ်ခုခုမှ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးသည်။

၁၉၅၃ ခုနှစ် အကောက်တော်ခွန်နှုန်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေအမှတ် ၄/၈၉)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကုန်သွယ်မှုဌ် တံခါးဖွင့် ဝါဒ ကျင့်သုံးသွားရန် ရည်ရွယ်ထားသည်နှင့်လျော်ညီစွာ စီးပွားရေး ကုန်သွယ်ရေးလုပ်ငန်းများအတွက် သင့်လျော်သော ပြင်ဆင်မှုများ တိုးခဲ့ဆောင်ရွက်မှုများ ပြုလုပ်ရလေသည်။ ထိုသို့ဆောင်ရွက်သောလုပ်ငန်းများအနက် နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်လည်း ပါဝင်သည်။ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းမှာလည်း မျှတစွာ အကောက်ခွန် ကောက်ခံရန် လိုအပ်လာသည်။ ၁၉၅၃ ခုနှစ် အကောက်တော်ခွန်နှုန်း အက်ဥပဒေတွင် သွင်း ကုန် အကောက်တော်ခွန်နှုန်းများကို ပြည့်ပြည့်စုံစုံပြဋ္ဌာန်းထား ပြီး ဖြစ်သော်လည်း ထုတ်ကုန် အကောက်တော်ခွန်နှုန်း များကိုမူ နယ်စပ်ဒေသ ကုန်သွယ်မှုတွင် ပြည်ပသို့ ရောင်းချရန် တိုးခဲ့ ခွင့်ပြုထားသည့် ပစ္စည်းများအတွက် ပြဋ္ဌာန်းထားခြင်း မရှိသေးသဖြင့် ယင်းပစ္စည်းများအတွက် အကောက်တော်ခွန် စည်းကြပ်ကောက်ခံနိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်သည်။

မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "ပထမဇယားနှင့်ဒုတိယဇယားများ"ဆိုသည့်စကားရပ်ကို "ပထမ၊ဒုတိယနှင့် တတိယဇယားများ"ဆိုသည့်စကားရပ် ဖြင့် အစားထိုးသည်။ "နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်း များတွင် ပြည်ထောင်စု မြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် တတိယဇယားတွင် ဖော်ပြထား သည့်နှုန်းများဖြင့် အကောက်တော်ခွန် စည်းကြပ်ကောက် ခံရမည်"ဟူသော စကားရပ်ကို မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၂) အဖြစ် ဖြည့်စွက်ထားသည်။ မူလဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "တတိယဇယား" ဆိုသည့် စကားရပ်ကို "စတုတ္ထဇယား"ဆိုသည့် စကားရပ် ဖြင့် အစားထိုးပြီး တည်ဆဲ တတိယဇယားကို စတုတ္ထ ဇယားအဖြစ် ပြန်လည်သတ်မှတ်ထားသည်။ နယ်စပ်ဒေသ တင်ပို့ကုန် အကောက်တော်ခွန်နှုန်း ဇယားကို တတိယ ဇယားအဖြစ်ဖော်ပြထားပြီး ယင်းဇယားတွင် ကုန်ပစ္စည်း အမျိုးအစားအလိုက် ကောက်ခံထားသည့် အကောက် တော်ခွန်နှုန်းကို ရာခိုင်နှုန်းများဖြင့် ဖော်ပြထားသည်။

သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ
(ဥပဒေအမှတ် ၅/၈၉)

ဤဥပဒေတွင် အခန်းခုနစ်ခန်း ပါဝင်သည်။ အခန်း (၁) သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်သည်။ အခန်း (၂) တွင် ကောင်စီဖွဲ့စည်းခြင်းကို ပြဋ္ဌာန်းထား သည်။ ယင်းကောင်စီတွင် ကောင်စီဝင် ၁၁ ဦး ပါဝင် သည်။ အစိုးရအဖွဲ့က ခန့်ထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးက ကောင်စီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အစိုးရအဖွဲ့က ခန့်ထားသည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် လေးဦး၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက မိမိတို့ အနက်မှ ရွေးကောက်တင်မြှောက်သူငါးဦးတို့က ကောင်စီ ဝင်များအဖြစ် လည်းကောင်း၊ ယင်းဥပဒေအရ ခန့်ထား သည့် မှတ်ပုံတင်အရာရှိက အတွင်းရေးမှူးအဖြစ် လည်း ကောင်း ဆောင်ရွက်ကြသည်။ ကောင်စီဝင်သက်တမ်း သည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် လေးနှစ် ဖြစ်သည်။ ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင် သက်တမ်းတစ်ဆက်တည်း သုံးကြိမ်အထိ ခန့်ထားခံနိုင်ခွင့် ရှိမဟုတ် ရွေးကောက်တင်မြှောက်ခံနိုင်ခွင့် ရှိသည်။ အခန်း (၃) တွင် ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို ပြဋ္ဌာန်းထားသည်။ ယင်းအခန်းတွင် သွားနှင့်ခံတွင်း ဆိုင်ရာ ဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း၊ ငြင်းပယ် ခြင်း၊ ပယ်ဖျက်နိုင်ခြင်းများကို ကောင်စီအား အပ်နှင်း ထားသည်။ ကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်မှ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ဒီဂရီများကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေး၊ နိုင်ငံခြား တိုင်းပြည်များမှ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များနှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီဂရီနှင့် ဒီပလိုမာ များကို အသိအမှတ်ပြုရေး ကိစ္စများလည်း ပြဋ္ဌာန်းထား သည်။

အခန်း (၄) တွင် မှတ်ပုံတင်ခြင်းကိစ္စများကို ပြဋ္ဌာန်း ထား သည်။ ယင်းအခန်းတွင် သွားနှင့် ခံ တွင်း ဆိုင် ရာ ဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရန် လျှောက်ထားခွင့်ရှိသူ များ၊ မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည့်အချက်အလက်များ၊ မှတ်ပုံတင်ထားခြင်းမှ အမြဲတမ်းဖြစ်စေ၊ သတ်မှတ်သော ကာလအပိုင်းအခြားဖြစ်စေ ပယ်ဖျက် နိုင် သည့် အချက် အလက်များကို ဖော်ပြထားသည်။

အခန်း (၅) တွင် အယူခံခြင်း အတွက် ပြဋ္ဌာန်းထား သည်။ အယူခံအဖွဲ့ကို သုံးဦးဖြင့် ဖွဲ့စည်းထားပြီး ကျန်းမာ ရေးဝန်ကြီးဌာန ဝန်ကြီးက တာဝန် ပေး အပ် သူ သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။ အခန်း (၆) တွင် ပြစ်ဒဏ်များ အတွက် ပြဋ္ဌာန်းထားသည်။ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မဟုတ်ဘဲ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အယောင်ဆောင်သူများ၊ ဤဥပဒေအရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် မှတ်ပုံတင်ဘဲ သွားနှင့် ခံတွင်းဆိုင်ရာဆေးပညာကို အသုံးချ လုပ်ကိုင်ဆောင်ရွက် သူများကို အရေးယူရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အခန်း (၇) သည် အထွေထွေပြဋ္ဌာန်းချက် ဖြစ်သည်။

ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့် ရှိသော တရားဝင်အဖွဲ့ဖြစ်ပြီး ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ဤဥပဒေဖြင့် ၁၉၇၀ ပြည့်နှစ် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များဥပဒေကို ရုပ်သိမ်းထားသည်။

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေအမှတ် ၆/၈၉)

ဤဥပဒေသည် ၁၉၇၄ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၇ အဖြစ် ပြဋ္ဌာန်းခဲ့သော ဝင်ငွေခွန် ဥပဒေကို ပြင် ဆင် ခြင်း ဖြစ်သည်။

ဤဥပဒေတွင် ပုဒ်မပေါင်း ၂၇ ခု ပါဝင်သည်။ ပုဒ်မ ၂ အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၈၉ – ၉၀ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက် စေရမည် ဖြစ်သည်။ ပုဒ်မ ၃ အရ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ၏နိဒါန်းကို ပယ်ဖျက်ထားသည်။ ပုဒ်မ ၄ ဖြင့် မူလဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ည) ပါ "ပုဂ္ဂိုလ် ၃ " နှင့် ပုဒ်မခွဲ(ဋ္ဌ) ပါ "ပြည်တွင်းနေနိုင်ငံခြားသား" စကားရပ်များကို ပြင်ဆင် အစားထိုးထားသည်။ ပုဒ်မ ၆ ဖြင့် မူလဥပဒေပုဒ်မ ၃ တွင် ပုဒ်မခွဲ (ဏ) အဖြစ် "ကုမ္ပဏီ"၊ ပုဒ်မခွဲ (တ) အဖြစ် "နိုင်ငံသား"၊ ပုဒ်မခွဲ(ထ) အဖြစ် "အခြေပစ္စည်း"၊ ပုဒ်မခွဲ (ဒ) အဖြစ် "အခြေပစ္စည်းမှမြတ်စွန်းငွေ" ဆိုသောစကားရပ်များကို ဖြည့်စွက် အစားထိုးထားသည်။ ပုဒ်မ ၇ ဖြင့် မူလဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို အစားထိုးထားပြီး ပုဒ်မ ဂ ဖြင့် မူလဥပဒေပုဒ်မ ၅ တွင် ပုဒ်မခွဲ (ဃ) ကို ဖြည့်စွက်ထား သည်။ ပုဒ်မ ၉ ဖြင့် မူလဥပဒေပုဒ်မ ဂ ကို လည်းကောင်း၊ ပုဒ်မ ၁၀ ဖြင့် မူလဥပဒေပုဒ်မ ၁၃ တို့ကို လည်းကောင်း ပြင်ဆင်အစားထိုးထားသည်။ ပုဒ်မ ၁၁ ဖြင့် မူလဥပဒေတွင် ပုဒ်မ ၁၄ (က) ကိုလည်းကောင်း၊ ပုဒ်မ ၁၂ ဖြင့် မူလ ဥပဒေတွင် ပုဒ်မ ၁၄ (ခ) ကို လည်းကောင်း ဖြည့်စွက်ထားသည်။ ပုဒ်မ ၁၄ (က) သည် ဖော်ပြထားပြီးဖြစ်သော ဝင်ငွေခေါင်းစဉ်များနှင့် အကျုံးမဝင်သော ဝင်ငွေကို အခြားရလမ်းများမှ ဝင်ငွေခေါင်းစဉ်ဖြင့် ထမ်း ဆောင် ရ မည် ဖြစ် ကြောင်း ဖော်ပြထားသည်။ ပုဒ်မ ၁၄ (ခ) သည် အခွန်ထမ်းက လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ ဇနီးနှင့် အိမ်ထောင်မကျသေးသည့် သားသမီးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းပေးသည့် ပစ္စည်းမှရရှိသည့် ဝင်ငွေ၊ လုပ်ငန်းမှရရှိသည့်ဝင်ငွေကို ထည့်သွင်း၍ အခွန် စည်းကြပ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၁၆ ဖြင့် ပုဒ်မ ၃၃ (က)ကိုဖြည့်စွက်ထားသည်။ ပုဒ်မ ၃၃ (က) မှာ အခွန်သည် ကျပ်ငါးရာအထိဖြစ်လျှင် စည်းကြပ်မှုအဖွဲ့၏ အမိန့်သည်လည်းကောင်း၊ အခွန်သည် ကျပ်တစ်သောင်းအထိဖြစ်လျှင် ပထမ အ ယူ ခံ အ ဖွဲ့ ၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်သည် ကျပ် တစ်သောင်း အထက်ဖြစ်ပြီး ဥပဒေရေးရာပြဿနာ မပေါ်ပေါက်လျှင် ဒုတိယအယူခံအဖွဲ့၏ အ ဆုံး အ ဖြတ် သည် လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေအမှတ် ၇/၈၉)

ဤ ဥပဒေသည် ၁၉၇၆ ခုနှစ် ပြည် သူ့ လွှတ် တော် ဥပဒေအမှတ်(၄)ဖြစ်သည့် "အမြတ်ခွန်ဥပဒေ"ကိုပြင်ဆင် ခြင်းဖြစ်သည်။ ဤဥပဒေတွင် ပုဒ်မခြောက်ခုပါဝင်သည်။

ဤ ဥပဒေပုဒ်မ ၂ အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၈၉ – ၉၀ စည်းကြပ်နှစ် အတွက်မှစတင်၍ အကျိုးသက်ရောက်စေရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ဤဥပဒေ ပုဒ်မ ၃ အရ မူလအမြတ်ခွန်ဥပဒေ၏နိဒါန်းကို ပယ်ဖျက်ထားသည်။ ဤဥပဒေ ပုဒ်မ ၄ အရ မူလ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) တွင် ပုဒ်မခွဲငယ် (၇) ကုမ္ပဏီ၊ (ဂ) ပြည်တွင်းနေ နိုင်ငံခြားသား၊ (၉) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၅)၊ (၇) သို့မဟုတ် (ဂ) တို့နှင့်အစုစပ်သို့မဟုတ် ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်းတို့ကို ဖြည့်စွက်ထားသည်။ ဤဥပဒေ ပုဒ်မ ၅ အရ မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (ဂ) တွင် မူလရှိပြီးသား လုပ်ငန်းအဖွဲ့အစည်းများတွင် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းကို ထပ်မံဖြည့်စွက်ထားသည်။ ဤဥပဒေ ပုဒ်မ ၆ ဖြင့် မူလဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဃ) အဖြစ် "အစိုးရအဖွဲ့သည် အယူခံများကို လက်ခံဆောင်ရွက်ရန် ပုဂ္ဂိုလ်သုံးဦးစီ ပါဝင်သော ဗဟို အယူခံ အဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်ရမည်" ဟူသော စကားရပ်ကို ဖြည့်စွက်အစားထိုးထားသည်။

၁၉၈၉ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ
(ဥပဒေအမှတ် ၈/၈၉)

ဤဥပဒေကို အပိုင်းငါးပိုင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) တွင် ဤဥပဒေ အာဏာ စတည်သည့် နေ့ရက်ကို ပြဋ္ဌာန်းထားသည်။ ဝင် ငွေ ခွန် နှင့် သက် ဆိုင် သော ပြဋ္ဌာန်းချက်များသည် ၁၉၈၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်သည်ဟု မှတ်ယူရမည်ဖြင့်ပြီး လစာခေါင်း

စဉ်မှ ဝင်ငွေနှင့်စပ်လျဉ်း၍မူ ၁၉၇၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ရရှိသောငွေအတွက် ၁၉၇၉ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင် အ ကျိုး သက် ရောက် ကြောင်း ပြဋ္ဌာန်းထားသည်။

အပိုင်း(၂) အခန်း(၁)တွင် ရငွေများနှင့် သုံးငွေများကို ပြဋ္ဌာန်းထားသည်။ အခန်း (၂)တွင် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းများ၊ အခန်း (၃)တွင် ငွေချေးယူခြင်းများ ပြဋ္ဌာန်းထားသည်။

အပိုင်း(၃)တွင် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ ရငွေသုံးငွေများပေးသွင်းခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းများကို ပြဋ္ဌာန်းထားသည်။ အပိုင်း (၄) တွင် စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေသုံးငွေများ ပေးသွင်းခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းကို ပြဋ္ဌာန်းထားသည်။ အပိုင်း(၅)တွင် ဝင်ငွေခွန်များနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ ဇနီးအတွက် သက်သာခွင့်၊ သားသမီးများအတွက် သက်သာခွင့်များကို သတ်မှတ်ဖော်ပြထားသည်။

ဤဥပဒေအရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ ရငွေမှာ ကျပ် ၃ ဒသမ ၆ ကုဋေဖြစ်ပြီး သုံးငွေမှာ ကျပ် ၃၁ ဒသမ ၃ ကုဋေဖြစ်သည်။ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေမှာ ကျပ် ၈၅၈ ဒသမ ၂ ကုဋေဖြစ်ပြီး သုံးငွေမှာ ကျပ် ၉၄၄ ဒသမ ၉၁ ကုဋေဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေမှာ ကျပ် ၂,၅၄၄ ဒသမ ဂ ကုဋေဖြစ်ပြီး သုံးငွေမှာ ကျပ် ၂,၉၇၆ ဒသမ ၃ ကုဋေဖြစ်သည်။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ
(ဥပဒေအမှတ် ၉/၈၉)

ဤဥပဒေတွင် အခန်း ငါးခန်း ပါဝင်သည်။ အခန်း (၁)သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်သည်။ အခန်း(၂)တွင် အစိုးရကသာ လုပ်ကိုင် ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃ ဖြင့် အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားသည်။ ကျန်းသစ် ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်း၊ သစ်တောစိုက်ခင်း ပြုစု ပျိုးထောင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ ထုတ်လုပ်၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက် ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက် ကျောက်မျက်ရတနာ ပစ္စည်းများ ရှာဖွေ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ ရောင်းချခြင်းလုပ်ငန်း၊ အစိုးရက သုတေသနပြုလုပ်ရန် သတ်မှတ်ထားသောအင်းများ၌ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း၊ စာ တိုက် နှင့် ကြေး နန်း ဆက် သွယ် ရေး လုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း၊ အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်း၊ သတ္တု ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ ရောင်းချခြင်းလုပ်ငန်း၊ ဥပဒေအရ ပဂ္ဂလိကနှင့် သမဝါယမတို့အား သတ်မှတ် ခွင့်ပြုသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြား လျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်း၊ အစိုးရက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်သည်။ ပုဒ်မ ၄ ဖြင့် ယင်းလုပ်ငန်းများကို အစိုးရနှင့် ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ အစိုးရက အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၅ ဖြင့် ယင်းလုပ်ငန်းများမှ ထွက်ရှိသည့် သို့မဟုတ် ထုတ်လုပ်သည့် သို့မဟုတ် ယင်းလုပ်ငန်းများတွင် အသုံးပြုသည့် ပစ္စည်းများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လဲပြောင်းပေးခြင်းတို့နှင့် စပ်လျဉ်းပြီး အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စည်းကမ်းသတ်မှတ်နိုင်၊ တားမြစ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၃) တွင် အခြား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၆ တွင် အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော လုပ်ငန်းများမှအပ မည်သူမဆို အခြား မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို လုပ်ကိုင် ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၇ ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ လိုအပ်သည်ဟု ယူဆပါက အစိုးရသည် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေဘဲ အခြားစီးပွားရေး လုပ်ငန်း တစ်ရပ်ရပ်ကို လည်းလုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၄) တွင် အဖွဲ့အစည်းများ ဖွဲ့စည်းပိုင်ခွင့်ကို ပြဋ္ဌာန်းထားပြီး အခန်း (၅)တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၉ တွင် အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထောင်

ဒဏ် ငါးနှစ်အထိ ချမှတ်ခံရမည့်ပြင် ငွေဒဏ်လည်းချမှတ် နိုင်ကြောင်းပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၀ ဖြင့် ဤဥပဒေ အရ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် ထုတ်ပြန်ထားသော အမိန့်၊ စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ထင်ရှား စီရင်ခံရလျှင် ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ခံရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင် ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၆) သည် အထွေထွေ ပြဋ္ဌာန်းချက်ဖြစ်ပြီး ပုဒ်မ ၁၂ ဖြင့် ၁၉၆၅ ခုနှစ် "ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေကို" ရုပ်သိမ်းထားသည်။

မြန်မာနိုင်ငံ ကုန်သည်သဘော်ဘအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေအမှတ် ၁၀ / ၇၉)

ဤဥပဒေသည် မြန်မာနိုင်ငံ ကုန်သည်သဘော်ဘအက်ဥပဒေ (The Burma Merchant Shipping Act 1st May, 1923) ကို ပြင်ဆင်ထားခြင်းဖြစ်သည်။

ဤဥပဒေပုဒ်မ ၂(က) ဖြင့် မူလဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (၁) နှင့် (၂) တို့ကို အစားထိုးထားသည်။ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) ဖြင့် မူလဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (၄) အရ ချမှတ်သောငွေဒဏ်တွင် "One hundred kyats" ဆိုသည့် စကားရပ်ကို "ten thousand kyats" ဆိုသည့် စကားရပ် ဖြင့်အစားထိုးထားသည်။ ပုဒ်မခွဲ ၂(ဂ) ဖြင့် မူလဥပဒေ ပုဒ်မ ၂၆ ပုဒ်မခွဲ(၂)အရ ချမှတ်ထားသည့် ပြစ်ဒဏ်တွင် မူလဥပဒေ၌ ငွေဒဏ်သာ ချမှတ်ထားသည်ကို ထောင်ဒဏ် သုံးနှစ်အထိနှင့် ငွေဒဏ်ကိုလည်း မူလက ကျပ်ငါးဆယ် ပြဋ္ဌာန်းထားသည်မှ ကျပ်ငါးသောင်းအထိ ချမှတ်နိုင် ကြောင်း အစားထိုးထားသည်။ အစားထိုး ပြင်ဆင်ချက် များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြဋ္ဌာန်းထားသည်။

နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ
(ဥပဒေအမှတ် ၁၁/၇၉)

ဤဥပဒေတွင် အခန်းပေါင်း (၁၁) ခန်း ပါဝင်ပြီး ပုဒ်မပေါင်း ၅၇ ခု ပါဝင်သည်။အခန်း(၁)သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်သည်။ အဓိပ္ပာယ်ဖော်ပြချက်တွင် "ငါး" ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ရေထဲ၌ နေထိုင် ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ဥများ၊ သားလောင်းများ၊ သားပေါက်လောင်းများ၊ မျိုးစေ့များအပြင် ရေတွင် ပေါက်ဖွားသည့်အပင်များ အပင်ပေါက်များ၊ မျိုးစေ့များ ပါထည့်သွင်းထားသည်။ "ငါးလုပ်ငန်း" ကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်းတို့ကိုပါ ထည့်သွင်းထားသည်။

အခန်း (၂) သည် အခွန်အခများ ပေးဆောင်ခြင်း ဖြစ်သည်။ အခွန်အခများမှာ လိုင်စင်ခ၊ ငါးစိုခွန်၊ အာမခံကြေး၊ မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများဖြစ် သည်။ အခန်း (၃) သည် လုပ်ငန်းဂျင်၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များဖြစ်သည်။ ပြည်ပနေ ပုဂ္ဂိုလ်တစ်ဦး ဦးကဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်ကဖြစ်စေ မြန်မာနိုင်ငံ၏ ပိုင်နက် ပင်လယ် ပြင်ပရှိ သီးသန့် စီးပွားရေးဇုန်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုကလျှောက်ထားရမည်။ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိပါက လိုင်စင်ရယူခြင်းနှင့် မှတ်ပုံတင်ခြင်း ပြုရမည်။ လုပ်ငန်းဂျင်သည် ပေးဆောင်ရမည့် အခွန်အခ များကို သတ်မှတ်ထားသော နိုင်ငံခြားငွေနှင့်ပေးဆောင် ရမည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာ ရမည်ဖြစ်သည်။ ပြည်တွင်းတွင် ငါးလုပ်ငန်းနှင့်သက်ဆိုင် သော ပစ္စည်းကိရိယာ တန်ဆာပလာများ ဝယ်ယူခြင်း၊ ငါးများကို တင်ခြင်း၊ ချခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ လဲပြောင်းခြင်းတို့အတွက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ထံ ခွင့်ပြုချက် တောင်းခံနိုင်သည်။ ပြည်တွင်း ဆိပ်ကမ်းတစ်ခုခုတွင် နိုင်ငံခြားငါးဖမ်းရေယာဉ်များအား ပြင်ဆင်နိုင်ခွင့်လည်း ခွင့်ပြုထားသည်။ ညွှန်ကြားရေးမှူး ချုပ်၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ဝန်ကြီးထံ အယူခံ နိုင်ခွင့်လည်း ခွင့်ပြုထားသည်။

အခန်း(၄)တွင် ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ညွှန်ကြားရေးမှူး ချုပ်သည် လိုင်စင်များ ထုတ်ပေးခြင်း၊ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းပမာဏ သတ်မှတ်ခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကိုပြုလုပ်နိုင်သည်။ လိုင်စင် တွင် သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုနိုင်သည်။ နိုင်ငံတော်၏ အကျိုးငှာ လိုအပ်ပါကလည်း ဝန်ကြီး၏သဘောတူညီချက် ဖြင့် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်လျှင် လိုင်စင် ထုတ်ပေးထားသော်လည်း ထုတ်ပေးသည့် နေ့မှ သုံးလ ပြည့်မြောက်သည့်တိုင် ခိုင်လုံသော အကြောင်းမရှိဘဲ လုပ်ငန်း မလုပ်နိုင်လျှင်၊ မိမိအား ထုတ်ပေးထားသော လိုင်စင်ကို အခြားသူ တစ်ဦးတစ်ယောက်အား လဲပြောင်း လျှင် ညွှန်ကြားရေးမှူးချုပ်က မည်ကဲ့သို့ ဆောင်ရွက်နိုင် ကြောင်း ဖော်ပြသည့် လုပ်ပိုင်ခွင့်များကိုလည်း ပြဋ္ဌာန်း ထားသည်။

အခန်း(၅)တွင် စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၆) တွင် ရေယာဉ်မှူး၏ တာဝန်များ၊ အခန်း(၇)တွင် လိုင်စင် ပျက်ပြယ်ခြင်းများကို ပြဋ္ဌာန်းထားသည်။ အခန်း(၈)တွင် အယူခံခြင်းကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၂၈ အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်ပါက ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။ ပုဒ်မ ၃၀ အရ ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း(၉) တွင် တားမြစ်ချက်များကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၁ အရ မည်သည့် နိုင်ငံခြား ငါးဖမ်းရေယာဉ်မဆို ခွင့်ပြုချက် သို့မဟုတ် လိုင်စင်မရှိဘဲ မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင်အတွင်းသို့ဝင်ရောက်ခွင့်မပြုကြောင်းနှင့် ပုဒ်မ ၃၂ အရ ခွင့်ပြုချက်မရှိဘဲ လုပ်ခွင့်မရှိသော လုပ်ငန်းများကို ပြဋ္ဌာန်းတားမြစ်ထားသည်။

ရေယာဉ်မှူးအား တားမြစ်ချက်များ၊ စစ်ဆေးရေးမှူးများလုပ်ငန်းဆောင်ရွက်စဉ် မနှောင့်ယှက်ရန်များကိုလည်း တားမြစ်ထားသည်။

အခန်း(၁၀)တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ တားမြစ်ချက်အခန်းပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ပါက ချမှတ်ရမည့် ပြစ်ဒဏ်များဖြစ်သည်။ ဤဥပဒေအရ ချမှတ်သော ပြစ်ဒဏ်များမှာ ငွေဒဏ်များဖြစ်ပြီး ပြစ်မှုတစ်ရပ်စီအလိုက် ငွေဒဏ်အနည်းဆုံးနှင့် အများဆုံးကို သတ်မှတ်ထားသည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်မှ ထောင်ဒဏ်ကျခံစေရန် ပြဋ္ဌာန်းထားသည်။

အခန်း(၁၁)သည် အဆွေထွေခန်းဖြစ်သည်။ ပုဒ်မ ၄၇ တွင် ဤ ဥပဒေအရ ဝန်ကြီးသည် မိမိသဘောအလျောက် ငါးလုပ်ငန်းလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ချမှတ်နိုင်သော အမိန့်များကို ပြဋ္ဌာန်းထားသည်။ သက်သေခံပစ္စည်းများ တရားရုံးတင်ပို့ရေး ကိစ္စရပ်များကို ပုဒ်မ ၄၈ ဖြင့် ပြဋ္ဌာန်းထားသည်။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးခြင်းမပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မ ခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေ ပုဒ်မ ၁၆ အရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူ ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရဟု ပုဒ်မ ၅၀ တွင် ပြဋ္ဌာန်းသည်။

ဤ ဥပဒေ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည် လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၉၅၄ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းဆိုင်ရာ ဒေသများ လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရေး အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းထားသည်။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(ဥပဒေအမှတ် ၁၂/၈၉)

၁၉၈၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော "ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေ" (၁၉၈၅ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂) (စွယ်စုံနှစ်ချုပ် ၁၉၈၉–စ၁၊ ၈၄–၈၅ — ရှု။) ကို ပြင်ဆင်ခြင်းဖြစ်သည်။

မူလဥပဒေ ပုဒ်မ ၄၃ အရ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့် ပြုနိုင်သည့် အဖွဲ့အစည်းများတွင် "(က) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ပါတီ၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထုလူတန်းစား အဖွဲ့အစည်းများ" ဟူ၍ပါဝင်နေရာ ဤပြင်ဆင်သည့် ဥပဒေဖြင့် ယင်းစကားရပ်များကို ပယ်ဖျက်ထားသည်။

၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ဥပဒေအမှတ် ၁၃/၈၉)

၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေတွင် ပါရှိသည့် "ကာကွယ်ရေးဦးစီးချုပ်" ဆိုသည့် စကားရပ် အစား "တပ်မတော် ကာကွယ်ရေးဦးစီးချုပ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ
(ဥပဒေအမှတ် ၁၄/၈၉)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဤဥပဒေကို ၁၉၈၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ (ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေ — ရှု။)

စကားရပ်များ ပြောင်းလဲ သတ်မှတ်သည့် ဥပဒေ
(ဥပဒေအမှတ် ၁၅/၈၉)

ဤဥပဒေပုဒ်မ ၂ ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေများပါ Union of Burma ဆိုသည့် စကားရပ်အစား Union of Myanmar ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ Burma သို့မဟုတ် Burman သို့မဟုတ် Burmese ဆိုသည့် စကားရပ်အစား Myanmar ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃ (က) အရ အင်္ဂလိပ်ဘာသာဖြင့် လက်ရှိ

ရေးသား သုံးစွဲလျက်ရှိသည့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သို့မဟုတ် ကျေးရွာ တစ်ခုခု အမည် အခေါ်အဝေါ်၊ မြစ်၊ ချောင်း၊ ဘောတောင် သို့မဟုတ် ကျွန်းတစ်ခုခု၏ အမည်အခေါ်အဝေါ်များကို မြန်မာအသံထွက်နှင့် ကိုက်ညီအောင် အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ရေးသားရန် လိုအပ်လျှင် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်ကြောင်းနှင့် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော အမည် တစ်ခုခုသည် အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် ပါဝင်နေလျှင်လည်း အမိန့် ကြော်ငြာစာတွင် အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင် ရေးသားထားသည့် အတိုင်း ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။

၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၁၆/၈၉)

မူလဥပဒေ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၈ တို့တွင် ပါရှိသော "သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ နှစ်ထောင်ကျပ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ" ဆိုသောစကားအစား "အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ် ၂၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၂၀,၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးထားသည်။ မူလဥပဒေ ပုဒ်မ ၁၇၊ ၁၉ နှင့် ၂၀ တို့တွင်ပါရှိသော "သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်များ အစား "အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် ၃၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၃၀,၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ" ဆိုသည့်စကားရပ်များဖြင့် အစားထိုးထားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေ (ဥပဒေအမှတ် ၁၇/၈၉)

ဤဥပဒေတွင် အခန်း ကိုးခန်း ပါဝင်သည်။ အခန်း (၁) သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်သည်။ အခန်း (၂) တွင် ရည်ရွယ်ချက်နှင့် အခြေခံလုပ်ငန်းစဉ်များ ဖော်ပြထားသည်။

အခန်း (၃) သည် အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီ ကာလတွင် ဖြစ်စေ၊ လွတ်လပ်ရေး ကိုးပမ်းစဉ် ကာလတွင်ဖြစ်စေ၊ လွတ်လပ်ရေး ကာလတွင်ဖြစ်စေ ဖွဲ့စည်းတည်ထောင်ခဲ့သည့် စစ်တပ် သို့မဟုတ် တပ်မတော် တစ်မျိုးမျိုးတွင် တပ်မတော်သားအဖြစ် ပါဝင်ထမ်းဆောင်ခဲ့သူ စစ်မှုထမ်းဟောင်းများသည် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးပါတီ တစ်ခုခု၏ ပါတီဝင်ဖြစ်သူ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည့် သို့မဟုတ် နိုင်ငံတော်အား လက်နက်ကိုင် ဆန့်ကျင် တိုက်ခိုက်သည့် အသင်းအဖွဲ့တစ်ခုခု အသင်းဝင်ဖြစ်သူ သို့မဟုတ် အသင်းဝင်ဖြစ်ခဲ့ဖူးသူများသည် အဖွဲ့ဝင်အဖြစ် ဝင်ခွင့် မရှိချေ။ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် တပ်မတော် အိမ်ထောင်စုဝင် အငြိမ်းစားလစာ ဆက်ခံ ခံစားခွင့်ရှိသူများလည်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ခွင့်ရှိသည်။ ဤဥပဒေ မပြဋ္ဌာန်းမီက ဖွဲ့စည်းထားသော စစ်မှုတမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင် အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၄) သည် ဖွဲ့စည်းခြင်းဖြစ်သည်။ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုကောင်စီနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဟူ၍ အဆင့် နှစ်ဆင့်ဖြင့် ဖွဲ့စည်းထားပြီး ငါးနှစ်လျှင် တစ်ကြိမ် တင်မြှောက်ရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ အခန်း (၅) တွင် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ အခန်း (၆) တွင် စီးပွားရေး လုပ်ကိုင်ခွင့်ကို ပြဋ္ဌာန်းထားပြီး အခန်း (၇) တွင် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းအင်းစစ်ဆေးခြင်းများကို ပြဋ္ဌာန်းထားသည်။ အခန်း (၈) တွင် တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ မည်သူမျှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကဲ့သို့ အလားတူ အဖွဲ့အစည်းမျိုးကို ယှဉ်ပြိုင်ဖွဲ့စည်းခြင်းမပြုရကြောင်း ပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသည်။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံးကျပ်တစ်သောင်းထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အခန်း (၉) သည် အထွေထွေ ပြဋ္ဌာန်းချက်များ ဖြစ်သည်။ စစ်မှုထမ်းဟောင်းအဖွဲ့သည် ကိုယ်ပိုင်အမည်၊ အလံနှင့်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်များရှိကြောင်း ပုဒ်မ ၃၆ တွင် ပြဋ္ဌာန်းထားသည်။ ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပထမအကြိမ် ညီလာခံ မကျင်းပမီကာလအတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရန် ရှိသည်များကို ဤဥပဒေ

မပြဋ္ဌာန်းမီက ဖွဲ့စည်းထားသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ အသီးသီးက ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပုဒ်မ ၃၀ တွင် ပြဋ္ဌာန်းထားသည်။

၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၈/၈၉)

၁၉၇၃ ခုနှစ် အောက်တိုဘာလ (၂၉) ရက်နေ့တွင် ထုတ်ပြန် ကြေညာသော တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၄ ကို ပြင်ဆင်ခြင်းဖြစ်သည်။

မူလဥပဒေနိဒါန်း အပါအဝင် ပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသော အခြေခံ ပညာရေး၏ အဓိက ရည်မှန်းချက်များတွင် ပါဝင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သဘောတရားများ သိရှိနားလည်ရန်နှင့် ဆိုရှယ်လစ်လူဘောင်ကို တည်ဆောက်ထိန်းသိမ်းသွားနိုင်ရန် ရည်ရွယ်ချက်များကို ပယ်ဖျက်ထားသည်။ မူလဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (၁) ဖြင့် ဖွဲ့စည်းထားသော အခြေခံပညာရေးကောင်စီဝင်များတွင်လည်းကောင်း၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) ဖြင့် ဖွဲ့စည်းထားသော အခြေခံပညာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မတီတွင်လည်းကောင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ် ပါဝင် ဖွဲ့စည်းထားသည်တို့ကို ပယ်ဖျက်ထားသည်။

မူလ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ဖြင့် ဖွဲ့စည်းထားသော အခြေခံပညာရေးကောင်စီဝင်များ စာရင်း ပုဒ်မခွဲငယ် (ဂ)၊ (၁၀)၊ (၁၂) နှင့် (၁၃) တို့တွင် ရာထူးအလျောက် အဖွဲ့ဝင်များဖြင့် အစားထိုး ဖွဲ့စည်းထားသည်။ မူလဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) ဖြင့် ဖွဲ့စည်းထားသော အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် ကော်မတီ စာရင်း ပုဒ်မခွဲငယ် (၅)၊ (၆) နှင့် (၉) တို့တွင်လည်း ရာထူးအလျောက် အဖွဲ့ဝင်များဖြင့် အစားထိုး ဖွဲ့စည်းထားသည်။

၁၉၇၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၉/၈၉)

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန် ကြေညာသော တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် (၁၃) ကို ပြင်ဆင်ခြင်းဖြစ်သည်။

မူလ ဥပဒေ နိဒါန်း အပါအဝင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ သဘောတရားများ သိရှိစေရန်၊ ဆိုရှယ်လစ်လူဘောင်နှင့်ဟပ်မိစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော မူများနှင့် သက်ဆိုင်သမျှ ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ထားသည်။ မူလဥပဒေ ပုဒ်မ ၆ ဖြင့် ပြဋ္ဌာန်းထားသော တက္ကသိုလ် ပညာရေး ရည်မှန်းချက်များတွင်လည်း ပုဒ်မခွဲငယ် (က)၊ (ခ)၊ (ဃ) နှင့် (စ) တို့ကို ဤပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲငယ် (ခ) ဖြင့် အစားထိုး ပြင်ဆင်ထားသည်။

မူလ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) ဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ်များဗဟိုကောင်စီဝင် ပုဂ္ဂိုလ်များစာရင်းနှင့် မူလဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)ဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ် ပညာရေးအဖွဲ့များ ကောင်စီဝင် ပုဂ္ဂိုလ်များစာရင်းတို့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားသည်များကို ပယ်ဖျက်ထားသည်။

မူလဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) ဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့အသီးသီးတွင်ပါဝင်ရမည့် အဖွဲ့ဝင်များကို အစားထိုးပြင်ဆင်ထားသည်။ ထိုနည်းတူ မူလဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) ဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးတွင် ပါဝင်ရမည့် အဖွဲ့ဝင်များကိုလည်း အစားထိုး ပြင်ဆင်ထားသည်။

၁၉၇၄ ခုနှစ် စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၂၀/၈၉)

မူလဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄/၇၄ ဖြစ်သည်။

မူလဥပဒေ၏ နိဒါန်းနှင့် မူလဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်သုံးဦးကို စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာရေး ကောင်စီတွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားသည့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ထားသည်။ မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ဖြင့် ပြဋ္ဌာန်းထားသော ရည်မှန်းချက်များအနက် "အတတ်ပညာရှင်များနှင့် ကျွမ်းကျင် သူများကို ပြုစုပျိုးထောင်ရာတွင် ဆိုရှယ်လစ် အသိစိတ်ဓာတ်နှင့် ခံယူချက်များပါ ပြည့်ဝစေရန် အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ပေးရန်" ဆိုသော ပုဒ်မခွဲတွင် "နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် အသိစိတ်ဓာတ်နှင့် ခံယူချက်များ ပြည့်ဝသော အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများကို ပြုစု

ပျိုးထောင်ပေးရန်” ဆိုသော ပုဒ်မခွဲဖြင့် အစားထိုးထားသည်။

ကောင်စီ၏ လုပ်ငန်း တာဝန်များကို ပြဋ္ဌာန်းထားသော မူလဥပဒေပုဒ်မ ၇ မှ ပုဒ်မခွဲ(က)တွင် ပါရှိသည့် ‘‘မြန်မာနိုင်ငံ၏စီးပွားရေးစီမံကိန်းနှင့် စပ်ဟပ်မှုရှိစေရန်နှင့် မြန်မာ့ဆိုရှယ်လစ် လူဘောင် တည်ဆောက် ထိန်းသိမ်းမှု အတွက် သင့်တော်သည့် လမ်းညွှန်မှုများ ချမှတ်ပေးရန်’’ ပြဋ္ဌာန်းချက်များကို ပယ်ဖျက်၍ ‘‘နိုင်ငံအကျိုးကို ရှေ့ရှုလျက် စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာသင်ကျောင်းနှင့် သိပ္ပံအသီးသီးရှိ သင်တန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများ ချမှတ်ပေးခြင်း’’ ဟူသော ပုဒ်မခွဲဖြင့် အစားထိုးထားသည်။

၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသန ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၂၁/၈၉)

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် (၁၅) ကို ပြင်ဆင်ခြင်း ဖြစ်သည်။

မူလဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသန မူဝါဒ ညွှန်ကြားရေး ကော်မတီတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားသည်ကို ပယ်ဖျက်ထားသည်။

ယင်းကော်မတီတွင် ယခင် ညွှန်ကြားရေးမှူး ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသန အဖွဲ့နှင့် ညွှန်ကြားရေးမှူးချုပ်၊ စက်မှု သက်မွေးပညာ ဦးစီးဌာနတို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားသည်ကို ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသန အဖွဲ့နှင့် ညွှန်ကြားရေးမှူးချုပ်၊ စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာ ဦးစီးဌာနတို့ကို အဖွဲ့ဝင်အဖြစ် အစားထိုးထားသည်။

တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၂၂/၈၉)

ဤဥပဒေ ပုဒ်မ ၂ ဖြင့် တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းထားသော လက်ရှိ တရားရုံးချုပ်ရှေ့နေများကောင်စီကို ဖျက်သိမ်းလိုက်သည်။ မူလဥပဒေပုဒ်မ ၄ တွင် တရားရုံးချုပ် ရှေ့နေများကောင်စီကို တစ်ဆယ့်ငါးဦးနှင့် ဖွဲ့စည်းထားသည်။ ပါဝင်သော ပုဂ္ဂိုလ်များမှာ ရှေ့နေချုပ်တစ်ဦး၊ တရားရုံးချုပ်မှ ရွေးချယ်သူလေးဦးနှင့် တရားရုံးချုပ် ရှေ့နေများက မိမိတို့ထဲမှ ရွေးချယ်တင်မြှောက်သူ ဆယ်ဦး ဖြစ်သည်။ မူလပုဒ်မ ၄ ကို ဤဥပဒေပုဒ်မ ၃ ဖြင့် အစားထိုး ပြင်ဆင်ပြီး တရားရုံးချုပ် ရှေ့နေများကောင်စီကို ရှေ့နေချုပ်သည် ဥက္ကဋ္ဌ၊ ဒုတိယရှေ့နေချုပ်သည် ဒုတိယဥက္ကဋ္ဌ အသီးသီးဖြစ်ကြပြီး တရားသူကြီးချုပ်က ရွေးချယ်သော တရားရုံးချုပ် တရားသူကြီးတစ်ဦး၊ တရားရုံးချုပ်က ရွေးချယ်သော တရားရုံးချုပ်ရှေ့နေ ခြောက်ဦးနှင့် ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်တို့က အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံးက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။

မူလ ဥပဒေ ပုဒ်မ ၆ ကိုလည်း ပယ်ဖျက်ထားသည်။

၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၂၃/၈၉)

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန် ကြေညာသော တော်လှန်ရေးကောင်စီ ဥပဒေ အမှတ်(၁၆) ကို ပြင်ဆင်ခြင်းဖြစ်သည်။

မူလဥပဒေနိဒါန်းတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ ဆိုရှယ်လစ်စီးပွားရေးနှင့် စီမံကိန်းများကို အထောက်အကူ ပြုစေရန်ဟူသော ရည်မှန်းချက်များ ပါဝင်နေသဖြင့် ယင်း နိဒါန်းကို ပယ်ဖျက်သည်။

မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(၁)ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံ စာစစ်အဖွဲ့ဝင် ပုဂ္ဂိုလ်များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်သော ညွှန်ကြားရေးမှူးချုပ်၊ စက်မှု သက်မွေးပညာဦးစီးဌာနနှင့်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့တို့အား ညွှန်ကြားရေးမှူးချုပ်၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနနှင့် ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသန အဖွဲ့တို့ကို အစားထိုး ပြင်ဆင်ထားသည်။

ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၂၄/၈၉)

ဤဥပဒေတွင် အခန်း (၁၀) ခန်း၊ ပုဒ်မပေါင်း ၃၉ ခု ပါဝင်သည်။ အခန်း (၁) သည် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက် ဖြစ်သည်။ ‘‘ငါး’’ ဆိုသော စကားရပ်တွင် ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံးအပြင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် မျိုးစေ့များပါ ထည့်သွင်းထားပြီး ‘‘ငါးလုပ်ငန်း’’ ဆိုသော စကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်းတို့ အပြင်

စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်းတို့ကိုပါ ထည့်သွင်းထားသည်။

အခန်း (၂) သည် အင်္ဂါဒရန် သို့မဟုတ် လိုင်စင်လျှောက်ထားခြင်းတို့ကို ပြဋ္ဌာန်းထားသည်။ မြေတွင်းဖြစ်စေ၊ ရေတွင်းဖြစ်စေ ငါးမွေးမြူခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အင်္ဂါဒရန် ရရှိရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနသို့ လျှောက်ထားရမည်။ အင်္ဂါဒရန်ရရှိသူ သို့မဟုတ် ငါး မွေး မြူ လို သူ သည် လိုင် စင် ရ ရှိ ရေး အတွက်လည်း လျှောက်ထားရမည်။ လိုင်စင်ရရှိပြီးမှသာ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ငါးမွေးမြူခြင်းကို လုပ်ကိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း(၃)သည် အခွန်အခ ပေးဆောင်ခြင်း အတွက် ပြဋ္ဌာန်းထားသည်။

အခန်း(၄)တွင် ဦးစီးဌာနနှင့် ညှိနှိုင်းရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ယင်းအခန်းတွင် ငါးမွေးမြူမြေအဖြစ် အင်္ဂါဒရန်ချထားနိုင်ခွင့်၊ ငါးမွေးမြူလိုသူများအား လိုင်စင် ထုတ်ပေးနိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ဦး စီး ဌာ န ၏ ညှိနှိုင်းရေးမှူးချုပ်သည် အင်္ဂါဒရန်ကို ဖြစ်စေ၊ လိုင်စင်ကို ဖြစ်စေ ထုတ်ပေးနိုင်ကြောင်း၊ အင်္ဂါဒရန် သို့မဟုတ် လိုင်စင်တွင် သတ်မှတ်သော စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အင်္ဂါဒရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံနိုင်ပယ်ဖျက်နိုင်ကြောင်းများ ထည့်သွင်း ပြဋ္ဌာန်းထားသည်။

အခန်း (၅) တွင် အင်္ဂါဒရန် သို့မဟုတ် လိုင်စင်ပျက်ပြယ်ခြင်းတို့ကို ပြဋ္ဌာန်းထားပြီး အခန်း (၆) တွင် စစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ကို ပြဋ္ဌာန်းထားသည်။ အခန်း (၇) တွင် အယူခံခြင်း ကိစ္စရပ်များကို ပြဋ္ဌာန်းထားသည်။ ညှိနှိုင်းရေးမှူးချုပ် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို မကျေနပ်ပါက မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၈) တွင် တားမြစ်ချက်များကို ပြဋ္ဌာန်းထားသည်။ လိုင်စင် မရှိဘဲ ငါးမွေးမြူခြင်း၊ ရေကြောင်းသွားလာမှုနှင့် ရေစီးရေလာများကို အဟန့်အတားဖြစ်စေခြင်း၊ ရေကိုညစ်ညမ်းစေခြင်း၊ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်း၊ တားမြစ်သောငါးကို မွေးမြူခြင်းများ မပြုရကြောင်း တားမြစ်ထားသည်။ အခန်း (၉) တွင် ပြစ်မှုနှင့်ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ အခန်း (၈) ပါ တားမြစ်ချက်များ ဖောက်ဖျက်လျှင် ပြစ်ဒဏ်ပေးရန် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

အခန်း (၁၀) သည် အထွေထွေ ပြဋ္ဌာန်းချက်များဖြစ်သည်။ မိသားစု တစ်အိမ်ထောင်စာ သုံးရန် အလို့ငှာ ရေပြင်တွင် ၂၅ ပေ×၅၀ ပေ တစ်ကန်ထက် မပိုသော ငါးမွေးမြူခြင်းများကို ဤဥပဒေအရ လိုင်စင် ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်ကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

မြန်မာစာအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(ဥပဒေ အမှတ် ၂၅/၈၉)

ဤဥပဒေသည် "မြန်မာစာအဖွဲ့ဥပဒေ" (၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၁) ကို ပြင်ဆင်ခြင်း ဖြစ်သည်။

မူလဥပဒေ ပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသော အဖွဲ့၏ လုပ်ပိုင်ခွင့်များအနက် ပုဒ်မခွဲ (ခ) ပါ "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ နိုင်ငံတော်အဖွဲ့အစည်းများ၊ အခြား အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း" ဆိုသောအပိုဒ်တွင် "နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း" ဟူသော အပိုဒ်ဖြင့် အစားထိုးထားသည်။

စစ်ဘက် ရာထူးနှင့် အဆင့် အခေါ်အဝေါ်များ
သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေ
(ဥပဒေအမှတ် ၂၆/၈၉)

ဤဥပဒေတွင် အခန်း ငါးခန်း၊ ပုဒ်မ ၁၀ ခု ပြဋ္ဌာန်းထားသည်။ အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြဋ္ဌာန်းထားသည်။ အခန်း (၂) တွင် စစ်ဘက် အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ပြဋ္ဌာန်းထားသည်။ တပ်မတော်အိုင်ရာ စွမ်းရည်သတ္တိဘွဲ့ကို ချီးမြှင့် အပ်နှင်းခြင်း ခံရသူ ဖြစ်ပါက ယင်းဘွဲ့အမည်ကို စစ်ဘက်အဆင့် အခေါ်အဝေါ်၏နောက် မိမိအမည်၏ ရှေ့၌ ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။ အထက်ပါတို့အတိုင်း မိမိအမည်ကို သုံးစွဲရာတွင် "ဦး" ဆိုသည့် စကားရပ်ကို ထည့်သွင်းသုံးစွဲခြင်း မပြုရကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၃) တွင် တားမြစ်ချက်များကို ပြဋ္ဌာန်းထား

နိုင်ငံတော်အလံ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ
(နည်းဥပဒေများ အမှတ် ၂/၈၉)

၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော "နိုင်ငံတော် အလံ နည်းဥပဒေများ" (၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ်– ၁) ကို ပြင်ဆင်ထားခြင်း ဖြစ်သည်။

မူလနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ) ပါ ပြဋ္ဌာန်း ချက်များအနက် "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ယင်းက ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်း များ၏ အဆောက်အအုံများ" ဟူသော စကားရပ်များကို နုတ်ပယ်၍ "နိုင်ငံတော်အလံကို အစိုးရအဖွဲ့အစည်းများ၏ ရုံး အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် စာသင် ကျောင်းများ၊ အခမ်းအနား ကျင်းပသည့် နေရာများ ပေါ်တွင် အလုပ်လုပ်ရက်အားလုံး၌ လွှင့်ထူနိုင်သည်" ဟု အစားထိုး ပြင်ဆင်ထားသည်။

တပ်မတော် နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ
(နည်းဥပဒေများ အမှတ် ၃/၈၉)

မူလ တပ်မတော် နည်းဥပဒေများတွင် ပါရှိသည့် "ကာကွယ်ရေး ဦးစီးချုပ်" ဆိုသည့် စကားရပ်အစား "တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်"၊ "သက်ဆိုင်ရာ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်" ဆိုသည့်စကားရပ်အစား "သက်ဆိုင်ရာကာကွယ်ရေးဦးစီးချုပ်"၊ "ဒုတိယကာကွယ် ရေးဦးစီးချုပ် (ကြည်းတပ်)" ဆိုသည့် စကားရပ်အစား "ကာကွယ်ရေးဦးစီးချုပ် (ကြည်း)"၊ "ဒုတိယ ကာကွယ် ရေး ဦးစီးချုပ် (ရေတပ်)" ဆိုသည့် စကားရပ်အစား "ကာကွယ်ရေးဦးစီးချုပ် (ရေ)"၊ "ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (လေတပ်)" ဆိုသည့် စကားရပ်အစား "ကာကွယ်ရေးဦးစီးချုပ် (လေ)" ဆိုသည့် စကားရပ်များ ဖြင့် အစားထိုး ပြင်ဆင်ထားသည်။

နိဂုံး

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှ ဒီဇင်ဘာ လ ၃၁ ရက်နေ့အထိ ဥပဒေ ၁၁ ခုနှင့် နည်းဥပဒေများ တစ်ခုပြဋ္ဌာန်းခဲ့ပြီး ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့ထိ ဥပဒေ ၂၆ ခုနှင့် နည်းဥပဒေများ သုံးခု ပြဋ္ဌာန်းခဲ့လေသည်။

ဦးအေးချို (တရားရုံးချုပ်ရှေနေ)

သည်။ စစ်မှုထမ်းခြင်းမှ နုတ်ပယ်ခြင်းခံရသူ၊ စစ်မှုထမ်း ခြင်းမှ ထုတ်ပစ်ခြင်းခံရသူ၊ ရှုတ်ချ၍ အမြဲတမ်း ထုတ်ပစ် ခြင်းခံရသူ၊ စစ်မှုထမ်းသက် ဆုကြေးသာရရှိသူ၊ ကာကွယ် ရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထား သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် သက်ဆိုင်ရာတရားရုံးက ပြစ်မှု ထင်ရှား တွေ့ရှိ၍ ထောင်ဒဏ် စီရင်ခြင်း ခံရသူများသည် စစ်ဘက်အဆင့် အ ခေါ် အ ဝေါ် ကို လည်းကောင်း၊ "အငြိမ်းစား" ဟူသော စကားရပ်ကိုလည်းကောင်း မိမိ အမည်နှင့် ယှဉ်တွဲ၍ သုံးစွဲခွင့်မရှိကြောင်း တားမြစ်ထား သည်။ အခန်း (၄) သည် ပြစ်ဒဏ်များ ဖြစ်သည်။ အခန်း (၃) ပါ တားမြစ်ချက်များကို ကျူးလွန်လျှင် ချမှတ်ရမည့် ပြစ်ဒဏ်များ ဖြစ်သည်။


အခန်း (၅) သည် အထွေထွေ ပြဋ္ဌာန်းချက်များဖြစ် သည်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့များ ချီးမြှင့် အပ်နှင်းခြင်း ခံရသော၊ လွတ်လပ်ရေးမော်ကွန်းဝင်အဖြစ် အသိအမှတ်ပြုခြင်း ခံရ သော တပ်မတော် အငြိမ်းစားတစ်ဦးက စည်းမျဉ်း စည်းကမ်းများနှင့်အညီ ယင်းဘွဲ့တံဆိပ်အမည်၊ လွတ်လပ် ရေးမော်ကွန်းဝင် အဆင့်တို့ကို မိမိတို့အမည်နှင့်တွဲ၍ သုံးစွဲ ခြင်းနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ပြဋ္ဌာန်းထားသည်။

ဤဥပဒေအရ အရေးယူရန်လိုအပ်လျှင် ကာကွယ်ရေး ဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုချက်ဖြင့် တရားစွဲဆိုနိုင် သည်။

နည်းဥပဒေများ
ဝင်ငွေခွန် နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ
(နည်းဥပဒေများ အမှတ် ၁/၈၉)

ဤဥပဒေသည် ၁၉၇၃ ခုနှစ် ဝင်ငွေခွန် ဥပဒေအရ ပြဋ္ဌာန်းထားသော "ဝင်ငွေခွန်နည်းဥပဒေများ"ကိုပြင်ဆင် ထားခြင်းဖြစ်သည်။

ဤပြင်ဆင်ချက်ပါ နည်းဥပဒေပြဋ္ဌာန်းချက်များသည် ၁၉၈၉–၉၀ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက် စေရမည် ဖြစ်ကြောင်း နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်း ထားသည်။ မူလနည်းဥပဒေ အခန်း (၄) အခြေပစ္စည်းမှ အမြတ်စွန်းငွေ တွက်ချက်ခြင်း နည်းဥပဒေ ၅ တွင် နည်းဥပဒေခွဲ (က) မှ (ဃ)အထိ ပြဋ္ဌာန်းထားချက်များ အစား နည်းဥပဒေခွဲ (က) မှ နည်းဥပဒေခွဲ (ဇ) အထိ တိုးခွဲ၍ အစားထိုး ပြင်ဆင်ထားသည်။



သချိၤသစ်၏ အနှစ်သာရများး

သခ်ၤာပညာ

သခ်ၤာသစ်ဟူသည်

သခ်ၤာသစ်သည် အများထင်သလို ယခင်က သင်ခဲ့ဖူးသော သခ်ၤာများကို ပစ်ပယ်ပြီး ၎င်းတို့နှင့် မတူသော သခ်ၤာအမျိုးအစားတစ်ခုကို အစားထိုးခြင်း မဟုတ်ပါ။ သခ်ၤာသစ်တွင် သုံးနေသော ဝေါဟာရ တော်တော်များများနှင့် သင်္ကေတတော်တော်များများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ပေါ်ပေါက်ခဲ့ပြီးသား ဖြစ်ကြသည်။ အလေးပေးပုံပေးနည်းချင်းသာ ကွာခြားသည်။


သခ်ၤာသင်ရိုးများ၏ရည်ရွယ်ချက်မှာ အကြောင်းအကျိုး ဆက်စပ်စဉ်းစားတတ်ခြင်း (reasoning) နှင့် အချက်အလက်များကို မှတ်မိအောင် မှတ်သားခြင်း (fact maintenance) ကို သင့်တော်သည့် အရွယ်တွင် သင့်တော်သလောက် ပေါင်းစပ်ပေးရန် ဖြစ်သည်။ ဤအချက်သည် အလွန်အရေးကြီး၏။ အရွယ်ကိုလိုက်၍ စဉ်းစားသင့်သလောက် စဉ်းစားတွေးခေါ်သည့် အလေ့အကျင့် လုပ်ပေးရမည်။ တတ်နိုင်သည်ထက် ပို၍စဉ်းစားခိုင်းလျှင် ဦးနှောက်က မခံနိုင်ဖြစ်၍ လိုချင်သော အတွေးအခေါ်ကို မရဘဲ ဖြစ်တတ်သည်။ တွေးခေါ်သည့်အပိုင်း မရှိဘဲ အချက်အလက်များကို အလွတ်မှတ်သားခြင်းသည်လည်း အတိုင်းအတာတစ်ခုအထိသာ အကျိုးရှိနိုင်သည်။

ထို့ကြောင့် သခ်ၤာသစ်၏ရည်ရွယ်ချက်သည် တွေးခေါ်ခြင်းနှင့် မှတ်သားခြင်းကို သင့်တော်သည့် အချိုးအစားဖြင့် ရောစပ်ရန်ဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

သခ်ၤာသစ်၏ ဝိသေသ လက္ခဏာတစ်ခုမှာ သာမန်စကားလုံးများကို တိကျသော အဓိပ္ပာယ်များပေး၍ သုံးခြင်း ဖြစ်သည်။ ဥပမာ အားလုံး (All)၊ အချို့ (Some)၊ နှင့် (and)၊ သို့မဟုတ် (or) အစရှိသော သာမန်ဝေါဟာရများကို သခ်ၤာသစ်တွင် တိကျသော အဓိပ္ပာယ်များဖြင့် သုံးရသည်။


သို့သော် စကားလုံးဟူသည်ကား တစ်ခါတစ်ရံ အဓိပ္ပာယ် မပြည့်စုံတတ်သကဲ့သို့ တစ်ခါတစ်ရံလည်း အဓိပ္ပာယ်သည် လိုအပ်သည်ထက် ပိုနေတတ်သည်။ ဥပမာ 'ချမ်းသာခြင်း' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို လူငါးဦးကိုမေးလျှင် အဓိပ္ပာယ် ကောက်ပုံကောက်နည်း ငါးမျိုး

ထုတ်လာနိုင်သည်။ ထို့ကြောင့် အဆင့်မြင့်သခ်ၤာသစ်တွင် စကားလုံးများ ကိုယ်စား သင်္ကေတများ (Notations) ကို အသုံးပြုလာရပြန်သည်။ သင်္ကေတများကို အသုံးပြုခြင်းသည် ရုပ်ပုံကားချပ်များကို အသုံးပြုသကဲ့သို့ ဖြစ်သည်။ ဘာသာပြန်စရာမလိုဘဲ နားလည်နိုင်သည်။ ဥပမာ ပုံ (၁) တွင် ဖော်ပြထားသော သင်္ကေတများကဲ့သို့ ဖြစ်သည်။



လူတိုင်း အဓိပ္ပာယ် နားလည်သော ရုပ်ပုံသင်္ကေတများ

သခ်ၤာသစ်တွင်သုံးသောအစု (Set) သင်္ကေတများ နှင့် ယုတ္တိဗေဒ (Logic) သင်္ကေတများသည်လည်း ဤသဘောအတိုင်း ဖြစ်သည်။ ဥပမာ – အောက်ပါ သခ်ၤာသင်္ကေတများသည် မည် သည့် ဘာသာစကားတွင်မဆို အဓိပ္ပာယ်အတူတူ ဖြစ်သည်။




မည်သည့် ဘာသာစကားတွင်မဆို အဓိပ္ပာယ်အတူတူဖြစ်သော သခ်ၤာသင်္ကေတများ

အဓိပ္ပာယ် သတ်မှတ်ချက်

နောက်ပိုင်းတွင်သုံးရမည့် ဝေါဟာရများ၊ စကားလုံးများ၊ စကားစုများတို့၏ အဓိပ္ပာယ် သတ်မှတ်ချက် (definition) များကို အသေအချာ နားလည်ခြင်းသည် သခ်ၤာသစ်တွင်သာမက ဘာသာရပ်တိုင်းမှာအရေးအကြီးဆုံး ဖြစ်သည်။ သို့မှသာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် အဆင်ပြေလိမ့်မည်။ အဓိပ္ပာယ်သတ်မှတ်ချက်၏ အရေးကြီးပုံနှင့် ပတ်သက်သော ပုံပြင်လေးတစ်ခုရှိသည်။

ဖိုးတေ အမည်ရှိ ကျောင်း သား လေး တစ် ဦး သည် ကျောင်း သို့ သွား တိုင်း တော အုပ် ကလေး တစ် ခု ကို ဖြတ်သွားရသည်။ ထိုတောအုပ်ကလေးထဲတွင် အမြီးတို ယုန်ကလေး တစ်ကောင် ရှိသည်ဟု သူ ကြား ဖူး သည်။ တစ်နေ့ သူကျောင်းသွားစဉ် ထိုတောအုပ်ကလေးကို ဖြတ်သွားရာ သစ်ပင်တစ်ပင်အောက်တွင် ယုန်ကလေးတစ်ကောင်ကိုတွေ့သည်။ သို့သော် သူအမြီးသည် သစ်ပင်နှင့် ကွယ်နေ၍ အမြီးကို မမြင်ရ ဖြစ်နေသည်။ ထို့ကြောင့် ဖိုးတေသည် ယုန်ကလေး၏အမြီးကို မြင်ရအောင် ခပ်လှမ်းလှမ်းမှနေ၍ သစ်ပင်ကို လှည့်ပတ်၍ကြည့်သည်။ သို့သော် သူသည် သစ်ပင်ကို လေးပတ်သာပတ်၍ ပြီးသွားသည့် အချိန်တွင် ယုန်ကလေးသည်လည်း လိုက်လှည့်နေသဖြင့် ယုန်ကလေး၏ အမြီးကို မမြင်ရသေးပေ။ ဖိုးတေသည် ယုန်ကလေးကို ဆက်လက်၍ လိုက်လှည့်နေသည်။ ယုန်ကလေးကလည်း ဖိုးတေကို လိုက်လှည့်နေသည်။ ဤသို့ဖြင့် ဖိုးတေသည် ယုန်ကလေး၏ အမြီးကို မမြင်ရသေးပေ။



သစ်ပင်ကို တစ်ပတ်ပတ်တိုင်း ယုန်ကလေးကို တစ်ပတ်ပတ်ရောက်ပါ့မလား ?

ယုန်ကလေး၏ မျက်နှာကိုသာမြင်ရသည်။ အမြီးကိုမမြင်ခဲ့ရချေ။

ထိုအကြောင်းကို သူ့သူငယ်ချင်း ညီညီကို ပြန်ပြောပြရာတွင် သူသည် သစ်ပင်ကိုသာ လေးပတ်ပတ်ခဲ့သည်။ ယုန်ကလေးကို တစ်ပတ်မှ မပတ်မိသဖြင့် ယုန်ကလေး၏ အမြီးကို မမြင်ခဲ့ရကြောင်း ပြောပြသည်။

ထိုအခါ ညီညီက ယုန်ကလေးသည် သစ်ပင်အောက်၌ ရှိသဖြင့် သစ်ပင်ကို လေးပတ်ပတ်လျှင် ယုန်ကလေးကိုလည်း လေးပတ်ပတ်ခြင်းနှင့်အတူတူဖြစ်မည်ဟု ဆိုသည်။ သို့သော် ဖိုးတေက ယုန်ကလေးသည် အမြဲတမ်း သူ့ဘက်ကို လှည့်နေသည့်အတွက် ယုန်ကလေးကို ပတ်ရာမရောက်ဟု ဆိုပြန်သည်။

သူတို့နှစ်ဦး မည်သူက မှန်သနည်း။

သခ္ဓါသစ်နည်းဖြင့်ကြည့်သော် ဤပြဿနာ၏ အဖြေသည် ''အရာဝတ္ထုတစ်ခုကို တစ်ပတ်ပတ်ခြင်း'' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ် သတ်မှတ်ချက်အပေါ် တည်နေသည်။ 'အရာဝတ္ထု တစ်ခုကို တစ်ပတ်ပတ်ခြင်း' ၏ အဓိပ္ပာယ် သတ်မှတ်ချက်ကို နှစ်မျိုး ပေးနိုင်သည်။ ၎င်းတို့မှာ–

(၁) အရာဝတ္ထုတစ်ခုကို အဘက်ဘက်မှ ဘက်စုံမြင်ရအောင် လှည့်ပတ်ခြင်း၊

(၂) အရာဝတ္ထုတစ်ခုကို ဗဟိုတွင်ထားပြီး ကိုယ်ကိုယ် တိုင်က စက်ဝိုင်းပမာ တစ်ပတ် ပြည့်အောင် ပတ်ခြင်းတို့ ဖြစ်သည်။

အဓိပ္ပာယ်သတ်မှတ်ချက် (၁) ကို လက်ခံလျှင် ဖိုးတေပြောသည့်အတိုင်း မှန်သည်။ အကယ်၍ အဓိပ္ပာယ် သတ်မှတ်ချက် (၂) ကို လက်ခံလျှင် ညီညီမှန်သည်။

လူအများလက်ခံသော အဓိပ္ပာယ် သတ်မှတ်ချက်မှာ အဓိပ္ပာယ်သတ်မှတ်ချက် (၂) ဖြစ်သည်။ အကြောင်းမှာမူ ဤသို့ဖြစ်၏။

ကမ္ဘာသည် နေကိုကစ်ပတ်ပတ်ရန်အတွက် ကြာသော အချိန်မှာ (၃၆၅) ရက်ဟု အားလုံးက လက်ခံထားကြသည်။ ဤတွင် နေကိုယ်တိုင်သည်လည်း သူ့ဘာသာသူ လည်နေသည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားခြင်း မရှိကြောင်း တွေ့ရသည်။ ဤတွင် ကမ္ဘာသည် နေကို ဗဟိုပြုပြီး စက်ဝိုင်းပမာ တစ်ပတ်ပြည့်အောင် ပတ်သော အချိန်ကိုသာ ထည့်သွင်း စဉ်းစားထားသည်။ (ဤတွင် စက်ဝိုင်းပမာ ပတ်ခြင်းဟူသည် စသည့် နေရာသို့ နောက်တစ်ဘက်မှ ပြန်ရောက်လာခြင်းကို ဆိုလိုသည်။)

ဤသည်ကား တစ်ဦးနှင့် တစ်ဦး ဆက်ဆံရာတွင် အဓိပ္ပာယ်သတ်မှတ်ချက်၏ အရေးကြီးပုံကို ဖော်ပြခြင်း ဖြစ်သည်။ အဓိပ္ပာယ် သတ်မှတ်ချက်များကို ပေးသော အခါ ပေးပုံပေးနည်း သုံးမျိုးရှိသည်။

ပထမတစ်မျိုးမှာ – အဓိပ္ပာယ် သတ်မှတ်နေသော ဝေါဟာရတွင် အကျမ်းဝင်သည့်အရာဝတ္ထုများကို ဥပမာ ပေးခြင်း ဖြစ်သည်။ ဥပမာ – စာရေးကိရိယာ ဟူသော ဝေါဟာရကို ဤသို့ အဓိပ္ပာယ် ပေးနိုင်သည်။

စာရေးကိရိယာ ဟူသည် စက္ကူ၊ ခဲတံ၊ ဖောင်တိန်၊ ပေတံ စသည့်ပစ္စည်းများကို ခေါ်သည်။

ဤအဓိပ္ပာယ် သတ်မှတ်ချက်၏ ကောင်းကျိုးမှာ သိပြီးသား အရာဝတ္ထုများဖြင့် ဥပမာ ပေးခြင်းကြောင့် နားလည်လွယ်ခြင်းဖြစ်၏။ ၎င်း၏ ဆိုးကျိုးမှာ အားလုံးသော အရာဝတ္ထုများကို အပြည့်အစုံ မဖော်ပြနိုင်ခြင်း ဖြစ်၏။

ဒုတိယ အဓိပ္ပာယ် သတ်မှတ်ချက် ပေးနည်းမှာ အဓိပ္ပာယ် သတ်မှတ်လိုသော ဝေါဟာရနှင့် အဓိပ္ပာယ်တူသော အခြားဝေါဟာရတစ်ခုခုကို ဖော်ပြခြင်း ဖြစ်၏။

ဥပမာ–'ဒုက္ခ' ဟူသည်ကား 'ဆင်းရဲခြင်း' ဖြစ်သည်ဟု အဓိပ္ပာယ်ပေးနိုင်သည်။ ဤတွင် 'ဒုက္ခ' ဟူသော ဝေါဟာရကို 'ဆင်းရဲခြင်း' ဟူသော ဝေါဟာရ အသစ်တစ်ခုဖြင့် အစားထိုး ဖော်ပြလိုက်သည်။

ထိုနည်းတူစွာ 'အဝိဇ္ဇာ' ဟူသည်ကား 'မသိခြင်း' ဖြစ်သည်။ 'သမာဓိ' ဟူသည် 'တည်ငြိမ်ခြင်း' ဖြစ်သည် ဟူ၍ အဓိပ္ပာယ် သတ်မှတ်နိုင်သည်။

ဤအဓိပ္ပာယ် သတ်မှတ်ချက်ပေးနည်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးမှာ အစားထိုး ဖော်ပြသော ဝေါဟာရ အပေါ် တည်သည်။ အစားထိုး ဖော်ပြလိုက်သော ဝေါဟာရ၏ မှန်ကန်မှု၊ တိကျမှု၊ နားလည်လွယ်မှုတို့ အပေါ် တည်နေသည်။

တတိယ အဓိပ္ပာယ် သတ်မှတ်ချက် ပေးနည်းမှာ အောက်ပါအရည်အချင်းများဖြင့် ညီညွတ်အောင်ပေးခြင်း ဖြစ်သည်။

(က) အဓိပ္ပာယ် သတ်မှတ်လိုသော ဝေါဟာရ၏ အမည်ပါရှိခြင်း၊

(ခ) အဓိပ္ပာယ်သတ်မှတ်ချက်ထဲတွင် သုံးထားသော စကားလုံးများသည် ယခင်က သိခဲ့ပြီးသော စကားလုံးများ ဖြစ်ခြင်း၊

(ဂ) အဓိပ္ပာယ် သတ်မှတ်နေသော အရာသည် မည်သည့် အမျိုးအစားထဲတွင် ပါဝင်သည်ကို ဖော်ပြခြင်း၊

(ဃ) ထိုအမျိုးအစားထဲတွင် ရှိသော အခြားအရာဝတ္ထုများနှင့် မည်ကဲ့သို့ ကွာခြားသည်ကို ဖော်ပြခြင်း၊

(c) အပြန်အလှန် မှန်ကန်ခြင်း၊
(စ) အချက်အလက်အပို မပါခြင်း။

ဤကဲ့သို့အဓိပ္ပာယ်သတ်မှတ်ချက်ပေးသောနည်းသည် သခ်ၤာရှုထောင့်မှ အတိကျဆုံး အ မှန် ဆုံး ဖြစ် သည်။ ဤအဓိပ္ပာယ်သတ်မှတ်ချက်မျိုး၏ ကောင်းကျိုးမှာ ယုတ္တိဗေဒနည်းဖြင့် အတိကျဆုံးနှင့် အပြည့်စုံဆုံး ဖြစ်ခြင်း ဖြစ်သည်။ သို့သော် သင်ကြားရေးရှုထောင့်မှ ဆိုးကျိုးမှာ နားလည်ရန် ခက်ခဲခြင်း အတွေးအခေါ် နုနယ်သူများအဖို့ ဘာမျအကျိုးထူး မရရှိနိုင်ခြင်းတို့ ဖြစ်သည်။

ခက်ခဲနက်နဲသော သခ်ၤာသစ်အတွေးအခေါ်များကို လွယ်ကူသော ဥပမာများဖြင့် သင်ကြားခြင်း

သခ်ၤာသစ် အတွေးအခေါ်များသည် ခက်ခဲနက်နဲပါသည်။ သို့သော် သာမန်လူများ လိုက် မ မီ နိုင် လောက် အောင် မဟုတ်ပါ။ လွယ်ကူသော ဥပမာများဖြင့် ကလေး သူငယ်များကိုပင် သင်နိုင်သော နည်းများ ရှိပါသည်။ နည်းတစ်ခုမှာ သခ်ၤာကစားနည်းများ (mathematical games) ဖြင့် သင်ခြင်းဖြစ်သည်။

ဥပမာတစ်ခု ပြပါအုံ။

ဤပုံတွင် လေးထောင့်ကွက်ကလေး (၁၂) ကွက်ကို တွေ့ရမည်။ (ပုံ ၄—ရှု။)

ဘယ်နှင့်ညာတန်းထားသော အကွက်များကို အတန်းများ (rows) ဟု ခေါ်သည်။ အထက်အောက်တန်းထားသော အကွက်များကို တိုင်များ (columns) ဟု ခေါ်သည်။ ပုံ (၄) တွင် အတန်း (၃) တန်းနှင့် တိုင် (၄) တိုင် ရှိသည်။ အတန်းများကို ရောမဂဏန်း I, II, III ဟု အမည်ပေးထားသည်။ တိုင်များကို အင်္ဂလိပ်အက္ခရာ A, B, C, D ဟု အမည်ပေးထားသည်။ ထို့အခါ အကွက်များကို (A,I) (B,I) (C,I) (D,I)၊ (A,II) (B,II) (C,II) (D,II)၊ (A,III) (B,III) (C,III) (D,III) ဟူ၍ အမည်ပေးနိုင်သည်။

ဥပမာ တိုင် B နှင့် အတန်း II တွင်ရှိသော အကွက်၏ အမည်သည် (B,II) ဖြစ်၏။ တိုင် D နှင့် အတန်း III တွင် ရှိသော အကွက်၏ အမည်သည် (D,III) ဖြစ်၏။

ယခုဆက်လက်၍ အကွက်ထဲတွင် 1,2,3,4....12 ဟူသော ဂဏန်းများကို ပုံ (၅) တွင် ပြထားသည့်အတိုင်း ထည့်လိုက်ပါ။


ပုံ (၅) တွင် ရှိသော ဂဏန်းများသည် မည်ကဲ့သို့သော ပုံစံ (Pattern) မျိုးကို ပြေလည်နေသနည်းဟု မေးလျှင် ဖြေနိုင်မည့်သူ ရှားမည်။ မေးခွန်း၏ အဓိပ္ပာယ်ကိုပင် နားလည်မည် မဟုတ်ပေ။ မှန်ပါသည်။ ဤမေးခွန်းသည် အလွန် ယေဘုယျကျလွန်းသဖြင့် ဘာကို ဆိုလိုသည်ကို မသိနိုင်ချေ။ အဓိပ္ပာယ် အမျိုးမျိုး ကောက်နိုင်သည့် သဘောလည်း ရှိနေသည်။ သခ်ၤာသစ်တွင် ဤမေးခွန်းမျိုးကို ရှောင်သင့်ပါသည်။

ပုံ (၅) တွင် ရှိသော ဂဏန်းများနှင့် ပတ်သက်၍ ဘာသတိထားမိသနည်းဟု မေးလျှင်လည်း တိကျမှု မရှိသေးချေ။ ဤကဲ့သို့ မေးမည့်အစား အောက်ပါမေးခွန်းမျိုးကို မေးသင့်သည်။


မေးခွန်း(၁)။ ။ အကွက်(A, II) ထဲရှိ ဂဏန်းသည် အကွက် (A, I) ထဲက ဂဏန်းထက် မည်မျှပိုကြီးသနည်း။

အဖြေ။ ။ 5 − 1 = 4

လေးခု ပို၍ကြီးပါသည်။



အတန်းများကို I, II, III ဟု အမည်ပေးပြီး တိုင်များကို A, B, C, D ဟု အမည်ပေးခြင်းအားဖြင့် အကွက်များကို အလွယ်တကူ ကိုးကားနိုင်သည်။



စူးစမ်းခြင်း၊ ပုံစံမှတ်မိခြင်းနှင့် စမ်းသပ်ခြင်း သဘောတရားတို့ကို ဤကဲ့သို့ လွယ်ကူသော ဂဏန်းများသုံး၍ သင်ကြားနိုင်သည်။

မေးခွန်း(၂)။ ။ အကွက် (A, III) ထဲရှိ ဂဏန်းသည် အကွက် (A, II) ထဲရှိ ဂဏန်းထက် မည်မျှ ပိုကြီးသနည်း။

အဖြေ။ ။ $9 - 5 = 4$

လေးခု ပိုရှိကြီးပါသည်။

မေးခွန်း(၃)။ ။ မေးခွန်း (၁) နှင့် (၂) ၏ အဖြေများအရ တိုင် A ရှိ ဂဏန်းနှင့် ပတ်သက်၍ ဘာ သတိထားမိသနည်း။ (ပိုမို၍တိတိကျကျမေးလျှင် အောက်သို့ တစ်ကွက် ဆင်းသွားတိုင်း ဂဏန်းများသည် မည်မျှ ကြီးသွားသနည်းဟု မေးနိုင်သည်။)

အဖြေ။ ။ အောက်သို့ တစ်ကွက် ဆင်းသွား တိုင်း လေးခုစီကြီးလာသည်ကို သတိတားမိသည်။

မေးခွန်း(၄)။ ။ ယခု တိုင် B ရှိ ဂဏန်းများကို လေ့လာကြည့်ပါ။ တိုင် A မှာ ရှိသော ဂဏန်းများ၏ ပုံစံမျိုးအတိုင်း ဖြစ်နေပါသလား။ (ပိုမို၍ တိတိကျကျ မေးလျှင် တိုင် B ရှိ ဂဏန်းများသည်လည်း တိုင် A မှာကဲ့သို့ အောက်သို့ တစ်ကွက်ဆင်းသွားတိုင်း လေးခု ကြီးလာသလားဟု မေးနိုင်သည်။)

အဖြေ။ ။ $6 - 2 = 4$

$10 - 6 = 4$

အောက်အကွက်ထဲရှိ ဂဏန်းထဲမှ အထက်အကွက်ထဲရှိ ဂဏန်းကို နုတ်ကြည့်သော် လေးခုချည်း ရသည်။ ထို့ကြောင့် တိုင် A မှာရှိသော ဂဏန်းများ၏ ပုံစံမျိုး ဖြစ်နေသည်။

မေးခွန်း(၅)။ ။ တိုင် C နှင့် တိုင် D ရှိ ဂဏန်းများ သည်လည်း ဤပုံစံအတိုင်း ဖြစ်နေပါသလား။

အဖြေ။ ။ တိုင် C

$7 - 3 = 4$

$11 - 7 = 4$

တိုင် D

$8 - 4 = 4$

$12 - 8 = 4$

တိုင် C နှင့် တိုင် D ရှိ ဂဏန်းများသည်လည်း ဤပုံစံအတိုင်း ဖြစ်နေသည်။

ဤဥပမာထဲတွင် သခ်ၤာသစ် သဘောတရား လေးခု ပါသွားသည်။ ယင်းသခ်ၤာသဘောတရားများမှာ –

(၁) စူးစမ်းခြင်း (inquring)

(၂) ပုံစံမှတ်မိခြင်း (recognizing patterns)

(၃) ယူဆကြည့်ခြင်း (hypothesis making)

(၄) မှန်မမှန် စမ်းသပ်ခြင်း (testing) တို့ ဖြစ်သည်။

ရှေးဦးစွာ တိုင် A ထဲမှ ဂဏန်းများကို အောက်မှ အထက်သို့ နုတ်ကြည့်ခြင်းသည် စူးစမ်းခြင်းဖြစ်သည်။ ထိုအခါ အောက် အကွက်ထဲက ဂဏန်းသည် အထက်က ဂဏန်းထက် လေးခု ကြီးနေသည်ကို တွေ့ရှိခြင်း (သတိထားမိခြင်း) သည် ပုံစံမှတ်မိခြင်းဖြစ်သည်။ ထိုအခါ အခြား တိုင်များရှိ ဂဏန်းများသည်လည်း ဤပုံစံအတိုင်း ဖြစ်နေမည်လားဟု ဖြစ်ပေါ်လာခြင်းသည် ယူဆကြည့်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ယူဆသည့်အတိုင်း မှန်မမှန် အခြားတိုင်မှ ဂဏန်းများကို အောက်မှအထက် နုတ်ကြည့်ခြင်းသည် စမ်းသပ်ခြင်းပင် ဖြစ်သည်။


ဤသခ်ၤာသစ် အတွေးအခေါ် သဘောတရားများကို ပုံ (၆) အတိုင်း ဂဏန်းများထည့်၍ မေးခဲ့ပြီးသား မေးခွန်းများ မေးခြင်း၊ ဖြေခြင်းအားဖြင့် သင်ကြားနိုင်သည်။

သို့သော် ပုံ (၆) တွင် ထည့်ထားသော ဂဏန်းများကို သုံး၍ သင်ကြားသော် ကြီးမားလှသော ဂဏန်းများ

	A	B	C	D
I	1958	2372	2786	3200
II	2096	2510	2924	3338
III	2234	2648	3062	3476

ဤကဲ့သို့ ခက်ခဲသော ဂဏန်းကြီးများကို သုံးလျှင် ဂဏန်းရှင်းရသည့် အလုပ်ကြောင့် အတွေးအခေါ် အားနည်းသွားနိုင်သည်။

ဖြင့် ရွန်းကန်နေရသောကြောင့် လိုအပ်သည့် သခ်ၤာသစ် သဘောတရားကို မရနိုင်ဘဲ ဖြစ်သည်။ ဂဏန်းများက အတွေးအခေါ်ကို အနှောင့်အယှက် ပေးနေသည်။



ဒှက်ပျော်သီးရောင်းသူနှင့် ဝယ်သူ သခ်ၤာဆရာ

လူတိုင်း အမှတ်မထင် သုံးနေကြသော သခ်ၤာသစ် ဥပဒေသတစ်ခု

ဤသခ်ၤာ ဥပဒေသ (mathematical law) ကို ရွေးအခါက ပုံသေနည်း (formula) ဟုလည်း ခေါ်ကြသည်။ မှန်လည်း မှန်ပါသည်။ ဤဥပဒေသကို အမည်အားဖြင့် ဖြန့်ဝေ ဥ ပ ဒေ သ (distributive law) ဟု ခေါ်ပြီး အက္ခရာသခ်ၤာ ပုံသေနည်းပုံစံဖြင့် ဤသို့ရေးသည်။

$$a.(b + c) = a.b + a.c$$

ဤပုံသေနည်းကို ရှစ်တန်းကျောင်းသားမှအစ သိကြသည်။ သို့သော် သခ်ၤာကို လေ့လာရာတွင်လည်းကောင်း၊ လက်တွေ့ အသုံးချရာတွင် လည်းကောင်း ဤဥပဒေသ (ပုံသေနည်း) သည် မည်မျှ အကျိုးသက်ရောက်မှု ရှိနေသည်ကိုမူ သိသောသူ တော်တော်နည်းသည်။ ထို့ကြောင့် သခ်ၤာသစ်၏ ရည်ရွယ်ချက်တစ်ခုမှာ သခ်ၤာတည်ဆောက်ပုံတစ်ခုလုံးအတွက် အုတ်မြစ်ပမာ အခြေခံအကျဆုံးသော ပုံသေနည်းများကို ဥပဒေသများဟု အမည်ပေးပြီး ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို လေ့လာရန်ဖြစ်သည်။ ယင်းဥပဒေသများအနက် တစ်ခုမှာ ဆိုခဲ့ပြီးသော ဖြန့်ဝေဥပဒေသ ဖြစ်သည်။

ဖြန့်ဝေဥပဒေသကို လက်တွေ့ အသုံးပြုနေကြသူများစွာရှိသည်။ သို့သော် အသုံးပြုနေသူ တော်တော်များများသည် ဤဥပဒေသ၏ အမည်ကိုပင် မသိကြချေ။ ယင်းအကြောင်းကို ဥပမာတစ်ခုဖြင့် ရှင်းပြပါမည်။

ဒှက်ပျော်သီးစျေးနှုန်းသည် သူရာသီအလိုက်၊ အမျိုးအစား အလိုက် အတက်အကျ ရှိသည်။ ထို့ကြောင့် ဤဥပမာတွင် ပေးမည့်စျေးနှုန်းကို အမှန်ဟု မယူဆသင့်ပါ။ သခ်ၤာပုစ္ဆာတစ်ခုဟုသာ ယူဆနိုင်ပါသည်။

ဒှက်ပျော်သီးတစ်ဖီး၏ စျေးနှုန်းသည် ၇ ကျပ်၊ ပြား ၅၀ ဖြစ်လျှင် ဒှက်ပျော်သီး ၁၅ ဖီး၏ စျေးနှုန်းသည် အဘယ်နည်း။

ဤပုစ္ဆာ၏ အဖြေကို လက်တွေ့တွက်ရာတွင် သခ်ၤာသမား တွက်သောနည်းနှင့် ဒှက်ပျော်သီးရောင်းသူ တွက်သောနည်း ကွာခြားသည်။ သခ်ၤာသမားတော်တော်များများကား ဤသို့တွက်မည်။

ဒှက်ပျော်သီး ၁ ဖီး .... ၇ ကျပ် ၅၀ ပြား
" ၁၅ " .... ၇ ကျပ် ၅၀ ပြား × ၁၅
= ၁၁၂ ကျပ် ၅၀ ပြား

သခ်ၤာသမား တော်တော်များများသည် ဖြန့်ဝေဥပဒေသကို ကောင်းစွာသိကြ၏။ ပုံသေနည်းကိုလည်း ရေးတတ်၏။ သို့သော် လက်တွေ့ အသုံးပြုရာတွင် အားနည်း၏။ ဒှက်ပျော်သီး ရောင်းသူများမူ ဖြန့်ဝေဂုဏ်သတ္တိ၏ အမည်ကိုလည်းမသိ၊ ပုံသေနည်းကို ရေးတတ်ဖို့ဝေးလေစ။ သို့သော်အသုံးပြုရာတွင် သခ်ၤာသမားထက် များစွာသာ၏။

ဒှက်ပျော်သီးသည်ကား ဤသို့တွက်သည်။ ဒှက်ပျော်သီး ၁ ဖီးကို ၇ ကျပ် ၅၀ ပြား ကျ၏။

ဒှက်ပျော်သီး ၁၀ ဖီး = ၇၅ ကျပ်
ဒှက်ပျော်သီး ၅ ဖီး = ၃၇ ကျပ် ၅၀ ပြား

ဒှက်ပျော်သီး ၁၅ ဖီး = ၁၁၂ ကျပ် ၅၀ ပြား

ဤတွက်နည်းသည် ဖြန့်ဝေဥပဒေသကို အမှတ်မထင် သုံးလိုက်ခြင်းပင်ဖြစ်သည်။ ဒှက်ပျော်သီးရောင်းသူသည် ဖြန့်ဝေဥပဒေသကို ကောင်းစွာသုံးတတ်သည်။ သို့သော် သခ်ၤာသမားသာလျှင် မည်ကဲ့သို့သုံးထားသည်ကို ရှင်းပြတတ်ပေမည်။

အမှတ်မထင် သုံးထားပုံကား ဤသို့ဖြစ်၏။ ဒှက်ပျော်သီး ၁၅ ဖီး၏ တန်ဖိုးကိုရှာရန် တစ်ဖီး၏ တန်ဖိုးကို ၁၅ နှင့် မြှောက်ရမည်။

၇ ကျပ် ၅၀ ပြား × ၁၅ = ?

သို့သော် ၁၅ ကို (၁၀ + ၅) ဟူ၍ ခွဲရေးနိုင်သည်။ ထို့ကြောင့်–

၇ ကျပ် ၅၀ ပြား × ၁၅ = ၇ ကျပ် ၅၀ ပြား × (၁၀ + ၅) ရသည်။

ဤတွင် ဖြန့်ဝေဥပဒေသဖြစ်သော
a.(b+c)=a.b+a.c ကိုသုံးသော်
၇ ကျပ် ၅၀ ပြား × (၁၀+၅)=
၇ ကျပ် ၅၀ ပြား × ၁၀ + ၇ ကျပ် ၅၀ ပြား × ၅
=၇၅ ကျပ်+ ၃၇ ကျပ် ၅၀ ပြား
=၁၁၂ ကျပ် ၅၀ ပြား

ဤသည်ကား ငှက်ပျောသီးရောင်းသူ အမှတ်မထင် အသုံးပြုလိုက်သော ဖြန့်ဝေဥပဒေသ၏ အကျိုးသက်ရောက်မှုဖြစ်လေသည်။ ထို့ကြောင့် ယင်းဥပဒေသကို လူတိုင်း အမှတ်မထင် သုံးနေကြသော သခ်ၤာဥပဒေသ တစ်ခုဟု ဆိုထားခြင်းဖြစ်သည်။

သခ်ၤာသစ်နည်းကို အင်္ဂလိပ်စာ သင်ကြားရာတွင် အသုံးပြုပုံ

သခ်ၤာသစ်နည်းကို Active Voice နှင့် Passive Voice လေ့လာရာတွင် အသုံးပြုပုံကို ယခုဖော်ပြပါမည်။ သခ်ၤာသစ် တည်ဆောက်ပုံတွင် အကြောင်းနှင့် အကျိုးဟူ၍ အပိုင်းနှစ်ပိုင်း ခွဲခြားထားသည်။ အကြောင်း၏ အောက်တွင် သိပြီးဝေါဟာရများ၊ အဓိပ္ပာယ် သတ်မှတ်ချက်များ၊ မှန်သည်ဟု ယူဆထားရမည့် အချက်အလက်များပါဝင်သည်။ အကျိုးဟူသည်ကား အကြောင်းကို အခြေခံ၍ဖြစ်ပေါ်လာသော အချက်အလက်များ ပါဝင်သည်။ မည်သည့်အကြောင်းများကြောင့် မည်သည့် အကျိုးဖြစ်မည်ကို လေ့လာခြင်းသည်လည်း သခ်ၤာသစ်၏ ရည်ရွယ်ချက်ဖြစ်သည်။

Active Voice နှင့် Passive Voice ကို လေ့လာရန် အတွက် ရှေးဦးစွာ သိရှိထားရမည့် ဝေါဟာရများမှာ –

Subject
Predicate
Object
Verb Form, (Present, Past, Past Participle Continuous)
Tense (Present, Past, Future)

တို့ဖြစ်ကြသည်။

Active Voice မှ Passive Voice သို့ ပြောင်းသော အခါ အောက်ပါ အချက်အလက်များကို ပြေလည်စေရမည်။

(၁) Active Voic ပုံစံ ဝါကျမှ Object သည် Passive Voice တွင် Subject ဖြစ်ရမည်။
(၂) Verb to be + Past Participle လိုက်ရမည်။
(၃) နံပါတ် (၂) တွင်လိုက်သော Verb to be ၏ ပုံစံသည် ပြောင်းသွားသော Subject နှင့် လိုက်လျောညီထွေ ဖြစ်ရမည်။
(၄) ယင်း Verb to be ၏ Verb Form နှင့် Tense သည် မူလဝါကျအတိုင်း ဖြစ်ရမည်။
(၅) Past Participle သည် မူလဝါကျမှ အဓိက Verb ၏ Past Participle ပုံစံဖြစ်ရမည်။
(၆) by + မူလဝါကျ၏ Subject လိုက်ရမည်။

ဤ အချက် အလက် များ သည် Active Voice မှ Passive Voice ပြောင်းရာတွင် လိုက်နာရမည့် ဥပဒေသ များဖြစ်သည်။ သခ်ၤာသစ် တည် ဆောက် ပုံ အ တိုင်း ယင်းဥပဒေသများ၏ အကျိုးဆက်များကို ဥပမာများဖြင့် လေ့လာကြည့်ကြမည်။

I am teaching Mathematics. ဟူသော ဝါကျကို Passive Voice ပြောင်းကြည့်မည်။ ဥပဒေသ (၁) မှ (၆) ကို အစဉ်လိုက် အသုံးပြုကြည့်မည်။

(၁) Object ဖြစ်သော Mathematics သည် ယခု Subject နေရာရောက်မည်။
(၂) Mathematics + Verb to be + Past Participle ဟူသောပုံစံမျိုး ဖြစ်ရမည်။
(၃) ပြောင်းသွားသော Subject နှင့်လိုက်လျောညီထွေဖြစ်မည့် Verb to be ၏ပုံစံမှာ 'is' ဖြစ်သည်။
(၄) သို့သော် မူလဝါကျ၏ Verb Form မှာ Continuous Form ဖြစ်ပြီး Present Tense ဖြစ်၏။
ထို့ကြောင့် 'is being' ဖြစ်ရမည်။
Mathematics is being + Past Participle ဖြစ်လာသည်။
(၅) မူလဝါကျ၏ အဓိက Verb မှာ 'teach' ဖြစ်၏။ ၎င်း၏ Past Participle ပုံစံမှာ 'taught' ဖြစ်၏။
ထို့ကြောင့် Mathematics is being taught. ဖြစ်လာသည်။
(၆) နောက်ဆုံးတွင်
Mathematics is being taught by me. ဖြစ်လာသည်။

နောက် ဥပမာတစ်ခု –
We had seen the lions. ကို Passive Voice ပြောင်းကြည့်မည်။
(၁) Object ဖြစ်သော the lions သည် Subject ဖြစ်လာမည်။
(၂) The lions + Verb to be + Past participle ပုံစံမျိုးဖြစ်ရမည်။

(၃) ပြောင်းသွားသော Subject နှင့် လိုက်လျော ညီထွေဖြစ်သော Verb to be ၏ပုံစံမှာ "are" ဖြစ်သည်။

(၄) သို့သော် မူလ ဝါကျ တွင် သုံး ထား သော Verb Form မှာ Past Participle Form ဖြစ်ပြီး Tense မှာ Past Tense ဖြစ်၏။
ထို့ကြောင့် Verb Form နှင့် Tense တူစေ ရန် are အစား 'had been' သုံးမှသာ Past Participle Form လည်းဖြစ်မည်၊ Past Tense လည်း ဖြစ်မည်။
ထို့ကြောင့်–
The lions had been + Past Participle ဖြစ်လာပြန်သည်။

(၅) မူလဝါကျ၏ အဓိက Verb မှာ 'see' ဖြစ်သည်။ ၎င်း၏ Past Participle ပုံစံမှာ 'seen' ဖြစ်၏။ ထို့ကြောင့်
The lions had been seen ဖြစ် လာ သည်။

(၆) နောက်ဆုံးတွင်
The lions had been seen by us. ဖြစ်လာသည်။

ဤသည်ကား Active Voice မှ Passive Voice သို့ ပြောင်းနည်းကို သင်ကြားရာတွင် သခ်ၤာသစ်တည်ဆောက်ပုံကို အသုံးပြုခြင်းဖြစ်သည်။

သခ်ၤာစစ်စစ်နှင့် အသုံးချသခ်ၤာ

သခ်ၤာသစ်ကို လေ့လာနည်း နှစ်မျိုးရှိသည်။ တစ်မျိုးမှာ ရှေးဂရိ သခ်ၤာ ပညာရှင်ကြီးများ ဖြစ် ကြ သော သေးလိစ် (Thales)၊ ပိုက်သာဂိုရ (Pythagoras)၊ ယူကလစ် (Euclid)၊ အာခီးမီးဒီး (Archimedes) တို့၏အစဉ် အလာအတိုင်း အတွေးအခေါ်ပညာရပ်အဖြစ် ဒဿနိက ဆန်ဆန် လေ့လာသောနည်းဖြစ်သည်။ ဤလေ့လာနည်းမှ သခ်ၤာစစ်စစ် (Pure Mathematics) ဘာသာရပ်များ ပေါက်ပွားလာသည်။ သခ်ၤာသမား စစ်စစ်များသည် ယင်းသခ်ၤာစစ်စစ် ဘာသာများကိုသာ သခ်ၤာဟု အသိအမှတ်ပြုကြသည်။

သို့သော် သခ်ၤာသစ်ကို လေ့လာနည်း နောက်တစ်မျိုး ရှိသေးသည်။ ၎င်းမှာ သခ်ၤာသစ်ကိုလက်တွေ့အသုံးချသည့် ရှုထောင့်မှ လေ့လာခြင်း ဖြစ်၏။ ဤလေ့လာနည်းမှ အသုံးချသခ်ၤာ (Applied Mathematics) ဘာသာရပ်များ ပေါ်ပေါက်လာသည်။

အသုံးချ သခ်ၤာဘာသာများသည် သခ်ၤာစစ်စစ် ဘာသာများနှင့် နှိုင်းယှဉ်လျှင် ပေါ့လျော့သည့်သဘော ရှိ၏။ ထို့ကြောင့် သခ်ၤာစစ်စစ် ဘာသာရပ်များကို သခ်ၤာပညာရှင်စစ်စစ်များ ဖြစ်ကြသော လူနည်းစုသာလျှင် အသေအချာ လေ့လာနိုင်စွမ်းရှိသည်။

အသုံးချသခ်ၤာဘာသာရပ်များကိုမူကား လူအများက ပိုမို၍ စိတ်ဝင်စားသည်။ လက်တွေ့အားဖြင့်လည်း ပို၍အသုံးဝင်သည်ဟု ဆိုရမည်။ ထို့ကြောင့် ခေတ်ပေါ် အသုံးချသခ်ၤာဘာသာရပ်တစ်ခု အကြောင်းကို ဖော်ပြပါမည်။

အသုံးချသခ်ၤာ ဘာသာရပ်တစ်ခုအကြောင်း

ဤအခန်းတွင်ဖော်ပြမည့် အသုံးချသခ်ၤာဘာသာကို အကောင်းဆုံး တွဲနည်းရှာခြင်း (Combinational Optimization) ဟု ခေါ်ဆိုနိုင်သည်။ ရှေးဦးစွာ သခ်ၤာသစ်တွင် အကောင်းဆုံး (Optimum) ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို အမျိုးမျိုးသတ်မှတ်ပုံတို့ကို ရှင်းပြရန် လိုပေမည်။


အချို့သောအခြေအနေများအောက်တွင် အကောင်းဆုံးဟူသော အဓိပ္ပာယ်မှာ အငယ်ဆုံး (Minimum)၊ အသေးဆုံး၊ အနည်းဆုံးကိုဆိုလိုသည်။ အချို့သော အခြေအနေများအောက်တွင် အကောင်းဆုံးဟူသည် အကြီးဆုံး (Maximum)၊ အများဆုံးဖြစ်သည်။

ဤတွင် ဝေါဟာရတစ်ခုတည်း၏ အဓိပ္ပာယ်သတ်မှတ်ချက်သည် ဆန့်ကျင်ဘက်နှစ်မျိုး ဖြစ်နေသည့် သဘော သက်ရောက်နေသည်။ သို့သော် လက်တွေ့အားဖြင့် ဤဖြစ်ရပ်သည် ပိုမို၍ သဘာဝကျကြောင်း တွေ့ရမည်။

ဥပမာ – စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ရာတွင် အလေအလွင့် ရှုထောင့်ဘက်မှကြည့်လျှင် အလေအလွင့် အနည်းဆုံးသည် အကောင်းဆုံးဖြစ်သည်။ အကယ်၍ အကျိုးအမြတ်ရှုထောင့်ဘက်မှကြည့်လျှင် အကျိုးအမြတ် အများဆုံးသည် အကောင်းဆုံးဖြစ်သည်။

အကောင်းဆုံးတွဲနည်းရှာခြင်း ဘာသာရပ်ကို အသုံးချသည့် နယ်ပယ်တစ်ခုမှာ အလုပ်ခွဲဝေခြင်း ပြဿနာ (Assignment Problem) ဖြစ်သည်။ ဤပြဿနာမျိုးကို အုပ်ချုပ်မှုပိုင်း၊ စီမံခန့်ခွဲရေးပိုင်းတို့တွင် တွေ့ရတတ်သည်။ ဥပမာတစ်ခုပြပါအံ့–

လူငါးယောက်နှင့် အလုပ်ငါးခုရှိသည် ဆိုကြပါစို့။ ယင်းလူငါးယောက်အား တစ်ဦးစီကို အလုပ်တစ်ခုစီ ခွဲဝေပေးမည်။ သို့ရာတွင် အလုပ်ခွဲဝေအပ်နှိုင်သည့် နည်းလမ်းများအနက် အကောင်းဆုံးသောနည်းကို ရွေးချယ်ရန် ဖြစ်သည်။ ဤပြဿနာတွင် နည်းလမ်းတစ်ခုစီ၏ အကျိုးအမြတ်ကို တွက်ချက်၍ အကောင်းဆုံးကိုရွာရမည်။
(ပုံ (၈) — ရှု။)



လူငါးယောက်ကို အလုပ်ငါးခု ခွဲဝေသတ်မှတ်နည်းပေါင်း ၁၂၀ ရှိသည့်အနက် နည်းတစ်နည်း

လူငါးယောက်ကို အလုပ်ငါးခု၊ တစ်ခုစီ တာဝန်ခွဲဝေပေးနည်း အားလုံးစုစုပေါင်းမှာ ၁×၂×၃×၄×၅=၁၂၀ နည်းဖြစ်သည်။ နည်း (၁၂၀) စလုံးကို စမ်းသပ်ခြင်းဖြင့် အကောင်းဆုံးနည်းကို ရှာဖွေနိုင်သည်။ သို့သော် အကောင်းဆုံးတွဲနည်းရှာခြင်း ဘာသာရပ်ကို သုံးပါက ဆယ် နည်း လောက် ကို သာ စမ်း သပ် ကြည့် ခြင်း ဖြင့် အကောင်းဆုံးကို ရှာဖွေနိုင်သည်။ အကယ်၍ လူနှစ်ဆယ်ကို အလုပ်ပေါင်း နှစ်ဆယ် တစ်ခုစီ ခွဲဝေပါက ခွဲဝေနိုင်သောနည်းပေါင်း ၂,၄၃၂,၉၀၂,၀၀၀,၁၇၆,၆၄၀,၀၀၀ ရှိသည်။ အကယ်၍ တစ်စက္ကန့်လျှင် နည်းပေါင်း သန်း (၁၀၀၀) ၏ အကျိုးအမြတ်များကို တွက်ချက်ပေးနိုင်သော ကွန်ပျူတာကိုသုံး၍ တွက်လျှင်ပင်လျှင် နှစ်ပေါင်း ၈၀၀ ကြာမှ အကောင်းဆုံးနည်းကို ရနိုင်သည်။ သို့သော် သခ်ၤာပုံစံ (Mathematical Model) သွင်း၍ အကောင်းဆုံးတွဲနည်း ဘာသာရပ်ကို သုံးလျှင် နည်းပေါင်း ၈၀ လောက်ကိုသာ တွက်ချက်ကြည့်ခြင်းဖြင့် အကောင်းဆုံးနည်းကို ရှာနိုင်ပေသည်။

ယခုဆက်လက်၍ ကျွန်ုပ်တို့မြန်မာနိုင်ငံနှင့် တိုက်ရိုက်သက် ဆိုင် နေ သော ကိစ္စတစ်ခုတွင် သခ်ၤာသစ်နည်းအသုံးပြုပုံတစ်ခုကို ဖော်ပြလိုပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နှစ်စဉ် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုအလံ ခရီးဆန္ဒသည်ကို အားလုံးသိကြသည်။ သို့ရာတွင် ရန်ကုန်မြို့မှ ခရီးစရှိ တိုင်းနှင့် ပြည်နယ် ၁၄ ခု၏ မြို့တော်အသီးသီးဘွင် တစ်ကြိမ် အတိအကျ ရပ်နားပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိရသည်။ ဤတွင် သခ်ၤာရှုထောင့်မှ စိတ်ဝင်စားစရာ ပြဿနာတစ်ခုမှာ အလံတော် သွားရောက်ခဲ့ရသော ခရီး အတိုဆုံးဖြစ်စေရန် အလံတော်၏ခရီးစဉ်ကို ရေးဆွဲရန် ဖြစ်သည်။

ဤပြဿနာကို ၁၉၇၅ ခုနှစ်လောက်က ကျောမနိုင်ငံ

အောဒစာတ်တက္ကသိုလ်တွင် မြန်မာနိုင်ငံမှ သခ်ၤာပညာတော်သင်တစ်ဦးနှင့် ထိုတက္ကသိုလ်မှ ပါမောက္ခများပူးပေါင်း၍ တွက်ချက်ခဲ့ကြသည်။

တွက်ချက်ရာတွင် ပြည်ထောင်စုအလံတော် ဖြတ်သန်းသွားရမည့် မြို့ ၁၄ မြို့တို့၏ တစ်ခုနှင့်တစ်ခုကြား အကွာအဝေးများကို သိရှိရန်လိုသည်။ ယင်းအကွာအဝေးများကို သိရှိရန်အတွက် ကမ္ဘာ့မြေပုံမှနေ၍ လိုအပ်သည့် မြို့ ၁၄ မြို့တို့၏ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်တို့ကို ရှာသည်။ ထိုမှတစ်ဆင့် အနာလစ်တစ် ဂျီသြမေတြီ (Analytic Geometry) ပုံသေနည်းများကိုသုံးကာ လိုအပ်သော အကွာအဝေးများကို ရှာသည်။ ရှာ၍ရရှိသော အကွာအဝေးများကို ကီလိုမီတာဖြင့် ဇယား (၁) တွင် ပေးထားသည်။ (၁ ကီလိုမီတာ = $\frac{5}{8}$ မိုင်)

အလံတော်သည် ရန်ကုန်မှစ၍ ရန်ကုန်သို့ ပြန်ရောက်အောင် သတ်မှတ်ထားသော်မြို့ ၁၄ မြို့ကို ခရီးဆန့်နိုင်သော နည်းလမ်းပေါင်းမှာ ၃,၁၁,၃၅,၁၀,၄၀၀ (သန်းသုံးထောင်ကျော်)ရှိသည်။ သို့သော် ဤပြဿနာကို သခ်ၤာပုံစံသွင်း၍ အကောင်းဆုံးတွေ့နည်းရှာခြင်း ဘာသာရပ်ကို သုံးလျှင် နည်းလမ်းခြောက်ဆယ်လောက်ကို တွက်ကြည့်ရုံဖြင့် အကောင်းဆုံးခရီးစဉ်ကို ရရှိလေသည်။

သို့ရာတွင် သခ်ၤာသစ်နည်းဖြင့် တွက်ချက်၍ ရခဲ့သော အတိုဆုံးခရီးစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။


ရန်ကုန်→ ပုသိမ်→ မကွေး→ စစ်တွေ→ ဟားခါး→ မြစ်ကြီးနား→ မန္တလေး→ စစ်ကိုင်း→ တောင်ကြီး→ လွိုင်ကော်→ ပဲခူး→ ဘားအံ→ မော်လမြိုင်→ ထားဝယ်→ ရန်ကုန်။

အတိုဆုံးခရီးစဉ်၏ အလျားမှာ ၃,၃၂၂ ကီလိုမီတာဖြစ်သည်။

ဤခရီးစဉ်သည် သခ်ၤာနည်းဖြင့်တွက်၍ရရှိသော အတိုဆုံး ခရီးစဉ်ဖြစ်သည်။ သို့သော် လက်တွေ့သုံးသင့် မသုံးသင့်ကိုမူ သီးခြားစဉ်းစားရမည်။ မည်ကဲ့သို့သော အခြေအနေများအောက်တွင် သခ်ၤာနည်းဖြင့် တွက်ချက်ခဲ့သည်ကို ပြန်ကြည့်ရမည်။

သခ်ၤာနည်းတွင် ကမ္ဘာ့မြေပုံမှ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်တို့ကိုသုံး၍ အနာလစ်တစ် ဂျီသြမေတြီ ပုံသေနည်းများဖြင့် တွက်ခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် မြို့များ၏ ဆက်သွယ်ရေးလမ်းကြောင်းများ (လေလမ်း၊ ရေလမ်း၊ ကုန်းလမ်း) တို့ကို ထည့်သွင်း စဉ်းစားထားခြင်း မရှိကြောင်းကို တွေ့ရမည်။ လက်တွေ့တွင်မူ အနီးဆုံး အကွာ

	ရန်ကုန်	ပုသိမ်	စစ်တွေ	ဟားခါး	မြစ်ကြီးနား	မန္တလေး	တောင်ကြီး	ပဲခူး	မော်လမြိုင်	ထားဝယ်	ဖားအံ	စစ်ကိုင်း	လွိုင်ကော်	မကွေး
ရန်ကုန်		153	510	706	966	581	455	70	160	372	157	567	342	398
ပုသိမ်			422	664	997	598	507	197	311	479	310	581	417	376
စစ်တွေ				289	744	390	437	491	645	880	618	374	455	211
ဟားခါး					491	265	410	664	804	1070	768	259	499	310
မြစ်ကြီးနား						400	514	902	990	1261	947	418	635	636
မန္တလေး							168	522	634	910	593	18	284	239
တောင်ကြီး								389	482	757	439	163	124	232
ပဲခူး									154	406	133	508	273	355
မော်လမြိုင်										276	43	623	358	498
ထားဝယ်											318	898	633	761
ဖားအံ												582	315	464
စစ်ကိုင်း													275	221
လွိုင်ကော်														247
မကွေး														



အဝေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းတို့ အမြဲမတူကြောင်း တွေ့ရမည်။

ထို့ကြောင့် သခ်ၤာနည်းဖြင့် ရရှိသော အဖြေတိုင်းကို လက်တွေ့သုံးသင့်၊ မသင့်ကို သီးခြားစဉ်းစားရမည်ဟု ဆိုခြင်းဖြစ်သည်။

နိဂုံး

ဤဆောင်းပါးတွင် ဖော်ပြခဲ့သော သခ်ၤာသစ်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) တွေးခေါ်ခြင်းနှင့် အလွတ် မှတ် သားခြင်း တို့ကို သင့်တော်သော အချိုးအစားဖြင့် ရောစပ်တတ်ရန်။

(၂) စကားလုံးများအစား သင်္ကေတများကို အသုံးပြုတတ်ရန်။

(၃) အဓိပ္ပာယ်သတ်မှတ်ချက်၏ အရေးကြီးပုံကို နားလည်သဘောပေါက်ရန်။

(၄) စူးစမ်းခြင်း၊ ပုံစံ မှတ်မိခြင်း၊ ယူဆကြည့်ခြင်း၊ စမ်းသပ်ခြင်း တို့ကို အလေ့အကျင့်လုပ်တတ်ရန်။

(၅) သခ်ၤာတည်ဆောက်ပုံ တစ်ခုလုံးအတွက် အုတ်မြစ်ပမာ အခြေခံအကျဆုံးသော ဥပဒေသများကိုရှာဖွေပြီး ၎င်းတို့၏ အကျိုးဆက်များကို လေ့လာတတ်ရန် တို့ ဖြစ်ကြပေသည်။

ဒေါက်တာ ခင်မောင်ဝင်း

ကျမ်းကိုးစာရင်း

Ginther and Henderson: Strategies for teaching concepts using definitions.

Montgomery, Brown:Geometry–plane and solid.

Ratnaike, J: Mathematical games for primary level: 1988.

Lawler, E.L: Combinational Optimization Networks and Matroids- 1976.

Lawler, E.E, Lenstra, J.K, Rinnooy Kan and Shmoys, D.B:, The travelling salesman · problem 1985.

Dr. Zaw Win: Contribution to routing problems 1987.

ဒေါက်တာ ခင်မောင်ဝင်း –သခ်ၤာသစ်၊ စာပေဗိမာန်။ ၁၉၇၆၊

ဒေါက်တာ ခင်မောင်ဝင်း –သခ်ၤာသစ်နှင့် ခေတ်သစ်သခ်ၤာသမိုင်း၊ စွယ်စုံကျမ်းနှစ်ချုပ်၊ ၁၉၇၉၊

ဒေါက်တာ ခင်မောင်ဝင်း –လောကကြီး၏ အဖြေကိုရှာခြင်း၊ အတွေးအမြင်၊ ဧပြီလ ၁၉၇၉၊

ဒေါက်တာ ခင်မောင်ဝင်း –သခ်ၤာပညာတော်သင်ဘဝ၊ အတွေးအမြင်၊ ဇူလိုင်လ–အောက်တိုဘာလ ၁၉၇၉၊



စိတ်နယ်လွန်ပညာ

လှမြရေးသိပ္ပံပညာ

နိဒါန်း

၁၉၇၅ ခုနှစ်က ထုတ်ဝေသည့် စိတ်ပညာစွယ်စုံကျမ်း (Encyclopaedia of Psychology) တွင် ဒေါက်တာအိုင်းဆင့်နှင့်အဖွဲ့က "စိတ်နယ်လွန်ပညာ (Parapsychology) ဆိုသည်မှာ သဘာဝနယ်ပယ်ထက် လွန်ကဲသော ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျလေ့လာရန် ကြိုးပမ်းမှုဖြစ်သည်။ တစ်ခါတစ်ရံတွင် စိတ်စွမ်းအင် သုတေသန (Psychical Research) ဟုလည်း ခေါ်သေးသည်" ဟု အဓိပ္ပာယ်ဖွင့်ခဲ့သည်။

ဟယ်ရိမန် (၁၉၄၇) ၏ စိတ်ပညာအဘိဓာန်တွင်မူ "စိတ်နယ်လွန်ပညာဆိုသည်မှာ ထူးဆန်းသောဖြစ်ရပ်များကို စိတ်ပညာ သုတေသန နည်းထူးတို့ဖြင့် လေ့လာခြင်းဖြစ်၏" ဟု အနက်ပေးခဲ့၏။

၁၉၆၁ ခုနှစ်က ထုတ်ဝေသည့် အင်းဂလစ်ရှ်နှင့် အင်းဂလစ်ရှ်တို့ တည်းဖြတ်သော "စိတ်ပညာနှင့် စိတ်ခဲ့ပညာ ဝေါဟာရ အဘိဓာန်ချုပ်" တွင်မူ "စိတ်နယ်လွန်ပညာဆိုသည်မှာ လက်ရှိသဘာဝခြားနားတွင် သဘာဝနိယာမများ၏ ထိန်းချုပ်မှုဘာမှအတွင်း မရှိသော စိတ်ပိုင်းဖြစ်ရပ်များကို လေ့လာသည့် စိတ်ပညာ၏နယ်ပယ် တစ်စိတ်တစ်ဒေသ ဖြစ်သည်။ ဤပညာသည် ပုံမှန်မဟုတ်သော စိတ်ကူးယဉ်ဆန်သော၊ သဘာဝတရားထက် လွန်ကဲသော ဖြစ်ရပ်များကို လေ့လာသည်။ နတ်ဝင်ခြင်း၊ အကြားအမြင်ပေါက်ခြင်း၊ ဝိညာဉ်ပူးခြင်း ခွာခြင်း၊ ဝေးနေစိတ်ချင်းဆက်သွယ်မှု စသည့် ထူးဆန်းဖြစ်ရပ်များ ပါဝင်၏။ စိတ်နယ်လွန်ပညာသည် အဆိုပါဖြစ်ရပ်များကို သဘာဝနိယာမ နယ်ပယ်အတွင်း ရှင်းလင်းရန် ကြိုးပမ်းသည်။ လိုအပ်ပါက သဘာဝ နိယာမ နယ်ပယ်ကို ချဲ့ထွင်ရန်ပင် ရည်ရွယ်သည်" ဟု ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်ဆိုခဲ့ပေသည်။

စိတ်နယ်လွန်ပညာကို နှစ်ရှည်လများ လေ့လာခဲ့သူ ဂါးထရူ ရှမိုက်ဒလားကမူ "စိတ်နယ်လွန်ပညာ သို့မဟုတ် စိတ်စွမ်းအင်သုတေသနဟူသည် သိပ္ပံပညာ၏ နယ်မြေတစ်စိတ်တစ်ဒေသဖြစ်၍ တယ်လီပက်သီ (Telepathy) ခေါ် အဝေးသို့ စိတ်ချင်းဆက်သွယ်မှု၊ အကြားအမြင် ပေါက်ခြင်း၊ နိမိတ်ဖတ်မြင်ခြင်း၊ စိတ်စွမ်းအင်ဖြင့် နှိုးဆွခြင်း၊ သေပြီးဝိညာဉ်တို့ ရှင်သန်ထမြောက်ခြင်း စသည့် အကြောင်းရပ်များကို စိတ်ဝင်တစား လေ့လာခြင်းဖြစ်ပေသည်။ ယင်းသုတေသနမှ ရလဒ်တို့သည် ဖြစ်တောင့်ဖြစ်ခဲ့ထူးဆန်းသည့် ဖြစ်ရပ်သဘာဝတို့ကို ဖော်ထုတ် ညွှန်ပြသည်ဖြစ်ရာ အချို့လူများသည် အာရုံကို လှုံ့ဆော်မှုမရှိဘဲ တုံ့ပြန်နိုင်စွမ်းရှိခြင်း၊ မဖြစ်သေးသည့် အနာဂတ်ဖြစ်ရပ်

များအကြောင်းကို သိရှိပြောဆိုနိုင်ခြင်း၊ စိတ်စွမ်းအင် သက်သက်ဖြင့် ရုပ်ဝတ္ထုပစ္စည်းများ လှုပ်ရှားအောင် ပြုမူနိုင်ခြင်း စသည့်ထူးဆန်းသော စွမ်းရည်များရှိနိုင်ကြောင်း ဖော်ထုတ် လေ့လာခဲ့ကြ၏" ဟု ကျယ်ကျယ် ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပေသည်။

ထိုပုဂ္ဂိုလ်တို့၏ စိတ်စွမ်းအင်များသည် ရုပ်ပိုင်းအခြေအနေအရပ်ရပ်နှင့် မည်သို့မျှ ဆက်စပ်ခြင်း မရှိပေ။ ထို့ကြောင့် ယင်းစွမ်းအင်တို့နှင့်ပတ်သက်သည့် သုတေသနရလဒ်များကိုလည်း အထူးဂရုပြု၍ စစ်ဆေးရန်လိုပေသည်။ ထိုသုတေသနရလဒ်တို့ကိုလက်ခံခဲ့သော် ဤကမ္ဘာလောကတွင် ရူပဗေဒသိပ္ပံပညာရှင်တို့ စူးစမ်းလေ့လာမှုမပြုရသေးသော သို့မဟုတ် စူးစမ်း လေ့လာနိုင်စွမ်း မရှိသော "စွမ်းအင်"များ "အင်အား" များနှင့် "ဆက်နွယ်မှု"များ ရှိနေသည်ဟုနိုဂုံးဆွဲရမည်ဖြစ်၏။ ထို့အတူပင်ကျွန်ုပ်တို့သည် လူသားအပါအဝင် သက်ရှိသတ္တဝါအားလုံး၏ စွမ်းအင်ပုန်း (Potentials) များနှင့် ပတ်သက်သောအယူအဆကိုလည်း ချဲ့ထွင်ရန် လိုအပ်လာပေသည်။ သာမန်အာရုံခံမှုယန္တရားနှင့် မပတ်သက်သော လှုံ့မိုးမှုများကြောင့် သက်ရှိတို့၏ အပြုအမူများ ပြောင်းလဲနိုင်သည်ဖြစ်ရာ အခြားလူများ၊ အခြားလောကမှ သက်ရှိ သက်မဲ့များနှင့် ပတ်သက်သည့် ဆက်နွယ်မှုများ အကြောင်းကိုလည်း အကျယ်တဝင့် လေ့လာရန် လိုအပ်လာပေသည်။

စိတ်တန်ခိုး သို့မဟုတ် စိတ်စွမ်းအင်နှင့်ပတ်သက်သော အယူအဆများမှာ လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ ယင်းသို့ စိတ်ဝင်စားဖွယ် ဖြစ်သည်နှင့်အမျှ ဆန့်ကျင် ကန့်ကွက်သူဦးရေလည်း မနည်းလှပေ။ ချားလ် ဒါဝင်၏ "သက်ရှိတို့၏အစ" (The Origin of Species) အယူအဆ နောက်ပိုင်းတွင် ဤစိတ်စွမ်းအင်သုတေသနသည် သိပ္ပံပညာရှင်တို့၏ ဆန့်ကျင် ကန့်ကွက်မှုကို အများဆုံး ခံရသော သီအိုရီဖြစ်ပေသည်။

အချို့ပုဂ္ဂိုလ်တို့က ပြင်းပြင်းထန်ထန် ကန့်ကွက်သကဲ့သို့ အချို့ပုဂ္ဂိုလ်တို့ကလည်း အကြီးအကျယ် ထောက်ခံခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ တကယ်တမ်း ပြုလုပ်သင့်သည်ကား နှိုင်းနှိုင်းချိန်ချိန် သုခမိန် ဆိုသကဲ့သို့ သုတေသီတို့တင်ပြသမျှ အထောက်အထားတို့ကို နှိုင်းယှဉ် စဉ်းစားကာ လက်ခံခြင်း၊ ငြင်းပယ်ခြင်းပြုမှသာ တရား မျှတရာ ရောက်နိုင်ပေလိမ့်မည်။

အဓိပ္ပာယ်ဖွင့်ဆိုချက်များ

စိတ်နယ်လွန်ပညာ၏ သုတေသနအချို့မှာ အခြားပညာရပ်များနှင့်မတူအောင် ထူးခြား နက်နဲသည်ဖြစ်ရာ ထိုပညာရှင်တို့သုံးစွဲသော ဝေါဟာရတို့မှာလည်း ရှုပ်ထွေးခက်ခဲ၍ အသစ်အဆန်းများစွာ ပါဝင်၏။ ထို့ကဲ့သို့ ဝေါဟာရဗေဒ ရှုပ်ထွေးမှုပြဿနာကို ရှင်းလင်းရန်အတွက် ရှေးဦးစွာ စိတ်နယ်လွန် ပညာရှင်တို့ လေ့လာသော အကြောင်းရပ်များပါ ဝေါဟာရတို့ကို ရှင်းလင်း အဓိပ္ပာယ် ဖွင့်ဆိုရန် လိုအပ်ပေ၏။

ရှေးဦးစွာ ထူးကဲအာရုံသိမှု (ထကအ) (Extrasensory Perception: ESP)ဟူသောဝေါဟာရကိုသိထားရန်လို၏။ လူတို့၏ အာရုံသိမှုဟူသည် အာရုံခံအင်္ဂါများမှ တစ်ဆင့်ခံရရှိသည်ဖြစ်ရာ ထူးကဲအာရုံသိမှု (ထကအ) တွင်မူ မည်သည့်အာရုံခံအင်္ဂါကိုမျှ သုံးစွဲခြင်း မပြုဘဲ အာရုံခံသိခြင်းဖြစ်၏။ ထူးကဲအာရုံသိမှုတွင် အကြားအမြင်ပေါက်ခြင်း (Clairvoyance) နှင့် ဝေးနေစိတ်ချင်း ဆက်သွယ်မှု (Telepathy) တို့အပြင် ကြိုတင်နိမိတ်မြင်မှု (Precognition) တို့လည်း ပါဝင်ပေသည်။ အကြား အမြင်ပေါက်ခြင်းဆိုရာ၌ ယေဘုယျအားဖြင့် အာရုံသိမှုဖြစ်စဉ်တို့ မပါဝင်ဘဲ အာရုံသိမှုဖြစ်ပေါ်ခြင်းအမျိုးမျိုးကို ဆိုလိုသည်ဟု အဓိပ္ပာယ်ကောက်နှင့် အဓိပ္ပာယ်ကို၏ အဘိဓာန်ကဖွင့်ဆို၏။ အထူးသဖြင့် မျက်စိ၊ နား စသည့် အာရုံခံအင်္ဂါရပ်တို့ကို သုံးစွဲခြင်းမပြုဘဲ ဓမ္မဓိဋ္ဌာန်ဖြစ်ရပ်များကို မြင်နိုင်ကြားနိုင်သည့် စွမ်းရည်ပင်ဖြစ်၏။ မြန်မာ့အယူ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတမျိုး ဖြစ်နိုင်ပေသည်။

တယ်လီပက်သီခေါ် ဝေးနေစိတ်ချင်း ဆက်သွယ်မှုမှာ အခြားသူတစ်ဦး၏ စိတ်တွင်းဖြစ်စဉ်များကို အာရုံသိမှု အင်္ဂါရပ်တို့၏ အကူအညီမပါဘဲ သိနိုင်သော စွမ်းရည်ဖြစ်၏။ တစ်နည်းအားဖြင့် အာရုံခံစွမ်းရည်တစ်စုံတစ်ရာကိုမျှ သုံးစွဲခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက အခြားပုဂ္ဂိုလ်တစ်ဦးထံ မိမိ၏စိတ်ကူးအကြံအစည်များကို ပို့လွှတ်ခြင်းဖြစ်၏။

ကြိုတင်နိမိတ်မြင်မှုကား သာမန်ယုတ္တိဆင်ခြင်မှုဖြင့် မသိနိုင်သော အနာဂတ်ဖြစ်ရပ်တို့ကို ကြိုတင်သိမြင်ခြင်း ဖြစ်သည်ဟု အဘိဓာန်က ဖွင့်၏။ တစ်နည်းအားဖြင့် နောင်ရက်လအတန်ကြာမှ ဖြစ်ပေါ်မည့် ဖြစ်ရပ်များကို အာရုံတွင် အသေးစိတ်ထင်မြင်လာ၍ ယင်းဖြစ်ရပ်များကို အတိအကျ ပြောဆိုနိုင်စွမ်းရှိခြင်း ဖြစ်၏။

စိတ်နယ်လွန်ပညာရှင်တို့ စိတ်ဝင်စားသော အခြားအကြောင်းရပ် တစ်ခုကား ဆိုက်ကိုကိုင်နက်ဆစ် (Psychokinesis : PK) ခေါ် စိတ်စွမ်းအင်ဖြင့် လှုပ်ရှားစေခြင်းဖြစ်၏။ ကြားခံရုပ်ပိုင်းစွမ်းအင် သို့မဟုတ် စက်ကိရိယာ တန်ဆာပလာတို့၏ အကူအညီ အထောက်အပံ့ မပါဝင်ဘဲ တစ်စုံတစ်ဦးက ရုပ်ပိုင်းဖြစ်ရပ် သို့မဟုတ် ရုပ်ပိုင်းစနစ် တစ်ခုအပေါ် တိုက်ရိုက် လှုံ့မိုးနိုင်သည်ဟူသောစွမ်းရည်တစ်ရပ်ဖြစ်သည်။ ဥပမာအားဖြင့် စိတ်အလို

ဆန္ဒသက်သက်ဖြင့် အန်စာတုံးတစ်ခုကို မိမိလိုရာအပွင့်ကျ စေရန် စိတ်စွမ်းအင်ဖြင့် လှုံ့ဆော် ခြင်း မျိုး ဖြစ် သည် ဟု အဘိဓာန်က ဖွင့်ဆို၏။

ဂါးထရုဂျမဲလဒါးကမူ စိတ်နယ်လွန်ပညာ၏ သုတေသန ဆောင်ရွက်စဉ်နှင့် ဝေါဟာရ သင်ယူခြင်း (Verbal Learning) သုတေသန ဆောင် ရွက် စဉ် တို့ ကို နှိုင်းယှဉ် တင်ပြရှင်းလင်းခဲ့၏။ ဝေါဟာရသင်ယူခြင်းကို လေ့လာရန် အတွက် စမ်းသပ်သူသည် "ဝေါဟာရစာရင်းစု" တစ်ခုကို လှုံ့ဆော်မှု (Stimulus) အဖြစ် သတ် မှတ် ၍ စမ်းသပ်ခံ အား တင်ပြကာ စမ်းသပ်ခံ၏ တုံ့ပြန်မှု (Response) များကို စာရင်းတင်၍ မှုရင်း "ဝေါဟာရစာရင်းစု" နှင့် တိုက်ဆိုင်ကာ မှန်၊ မမှန် စစ်ဆေးအမှတ်ပေး၏။ မှုရင်းက စကားလုံး ၂၀ တင်ပြ၍ စမ်းသပ်ခံ၏ တုံ့ပြန်မှုအရ ၂၀ စလုံးမှန်က အမှတ်ပြည့်ရ၏။ စကားလုံး ၁၀ လုံးသာ မှန်က အမှတ်တစ်ဝက်ရ၏။ စိတ်နယ်လွန် သုတေသနတွင် လည်း စမ်းသပ်သူသည် လှုံ့ဆော်မှုစာရင်းတစ်ခုပြုလုပ်၏။ သို့သော် ယင်းလှုံ့ဆော်မှုစာရင်းကို စမ်းသပ်ခံအား လုံးဝ တင်ပြခြင်းမပြုဘဲ တုံ့ပြန်စေ၏။ စမ်းသပ်ခံ၏တုံ့ပြန်မှုနှင့် မှုရင်းလှုံ့ဆော်မှုတို့ မည်ရွေမည်မျှ ကိုက်ညီမှုရှိကြောင်းကို စာရင်းတင်စစ်ဆေး၏။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့ သတိပြု ရ မည့် အချက်ကား "စိတ်နယ်လွန်" ဖြစ်သော ကြောင့် "လှုံ့ဆော်မှု" ကိုတင်ပြခြင်းမပြုခဲ့ပေရာ ယင်းကို "လှုံ့ဆော်မှု" ဟုခေါ်ခြင်းသည် မှန်ကန်သဘာဝကျပါ၏ လောဟု ဝေဖန်နိုင်၏။ ထို့ကြောင့် "လှုံ့ဆော်မှု"ဟူသော စကားလုံး နေရာတွင် "ပစ်မှတ်" (Target) ဟူသော စကားလုံးဖြင့် အချို့သုတေသီတို့က အစားထိုးလိုကြ၏။ ထို့ကြောင့် အကယ်၍ စမ်းသပ်ခံ၏တုံ့ပြန်မှုသည် "ပစ်မှတ်" နှင့်ထပ်တူဖြစ်ခဲ့သော် ယင်းကို "ထိ–ရမှတ်" (Hit Score) ဟု သတ်မှတ်၍ ပစ်မှတ်နှင့်မတူညီခဲ့သော် "လွဲ–ရမှတ်" (Miss Score)ဟုသတ်မှတ်၏။ ဤတွင် "စိတ်–ထိရမှတ်" (Psy - hitting) "စိတ်–လွဲရမှတ်" (Psy - missing) စသည့် ဝေါဟာရများကို တီထွင်သုံးစွဲကြ၏။ ဥပမာ ပြရသော် အခြားအခန်းတစ်ခုထဲရှိ စမ်းသပ်သူ၏ လက်ထဲတွင် အနီရောင်စက်ဝိုင်း ငါးခု ပါဝင်သော ကတ်ပြားတစ်ခုကို ကိုင်ထား၍ စမ်းသပ်ခန်းတွင်းရှိ စမ်းသပ်ခံက "အနီရောင်စက်ဝိုင်း ငါးခု" ဟု တုံ့ပြန်ခဲ့သော် ပစ်မှတ်ကို ထိသည်ဟုဆိုနိုင်၍ ယင်းမှလွဲသော အခြားတုံ့ပြန်မှုတို့ကိုမူ ပစ်မှတ်လွဲသည်ဟုသတ်မှတ်နိုင်၏။ ဤတွင်စမ်းသပ်ခံသည် ကတ်ပြားကိုလုံးဝမမြင်ရဘဲ အဖြေမှန်ပေးနိုင်ခြင်းကြောင့် ထူးကဲအာရုံသိမှုဟု ခေါ်ခြင်းဖြစ်၏။ သို့သော် အခြို့သုတေသီတို့ကမူ အာရုံသိမှုမှန်လျှင် ရုပ်ပိုင်းဆိုင်ရာလှုံ့ဆော်မှု ပါဝင်ရမည်ဖြစ်ရာ ယခုစမ်းသပ်မှု တွင်မူ မည်သည့်လှုံ့ဆော်မှုမျိုးမှမပါသောကြောင့် "မနော အာရုံသိမှု" သက်သက်သာဖြစ်သည်ဟု ဝေဖန်ကြကုန်၏။

ထူးကဲအာရုံသိမှု(ထကအ)အမျိုးအစားကို စမ်းသပ်မှု အစီအစဉ်၏ သဘာဝပေါ် အခြေခံ၍ သုံးမျိုးခွဲခြား ထား၏။ ပစ်မှတ်သည် တစ်စုံတစ်ဦး၏ စိတ်ကူးအကြံ အစည်တို့နှင့် သက်ဆိုင်သောအခါ ယင်းကို စိတ်ချင်းဆက် သွယ်မှု (တယ်လီပက်သီ) ဟု ခေါ်၏။ ပစ်မှတ် သည် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထု သို့မဟုတ် ဖြစ်ရပ်များ ဖြစ်သော အခါ အကြားအမြင်ပေါက်ခြင်းဟု သုံး၏။ ပစ်မှတ်သည် စမ်းသပ်ခံက ပြောဆိုပြီးသည့်နောက်တွင်မှ ဖြစ်ပေါ် သည့် အကြောင်းရပ်များနှင့် ပတ်သက်သောအခါတွင် နိမိတ် မြင်ခြင်း(ကြိုတင်သိခြင်း)ဟူသော ဝေါဟာရကို သုံးစွဲ၏။

အခြား ထူးခြားသည့် စမ်းသပ်မှုအစီအစဉ်တစ်ခုကား အန်စာတုံးတစ်တုံး သို့မဟုတ် ပိုက် ဆံ ပြား တစ်ပြားကို လည်ပတ်စေ၍ အန်စာတုံး၏ မည် သည့် အ ပွင့် ပေါ် မည် သို့မဟုတ် ပိုက်ဆံပြားတွင် ခေါင်း၊ ပန်း မည်သို့ကျမည်ကို စိတ်တန်ခိုးဖြင့် လှမ်းမိုးခြင်း ဖြစ်၏။ စမ်းသပ်ခံသည် ရုပ်ပိုင်းဆိုင်ရာ မည်သည့်နည်းလမ်းမျိုးမှမသုံးစွဲဘဲ စိတ်စွမ်းအင် (၎) စိတ်တန်ခိုးသက်သက်ဖြင့် အန်စာတုံး၏ (၆) အပွင့်ကျအောင်၊ ပိုက်ဆံပြား၏ ခေါင်းဘက် ကျအောင် ပြုလုပ်နိုင်စွမ်းဖြစ်၍ ယင်းကို ဆိုက်ကိုကိုင်နက်ဆစ်ဟု ခေါ်၏။

စိတ်နယ်လွန်ပညာ ဖွံ့ဖြိုးမှုသမိုင်း

သမိုင်းကြောင်းကို လေ့လာသော် ခေတ်အဆက်ဆက်တွင် သာမန်ထက် လွန်ကဲသော ဖြစ်ရပ်များကို ဘာသာရေး တန်ခိုးပြမှုများတွင် တွေ့ရသကဲ့သို့ ကမ္ဘာ့နေရာအနှံ့ အပြားတွင်လည်း စုန်း၊ ကဝေ၊ မှော်ပညာ၊ ပဉ္စလက်နှင့် ဂန္ဓာရီလမ်းစဉ် အသီးသီးတွင် ခြေ ရာ ကောက် မိ နိုင် ပေ သည်။ ၁၉ ရာစုနှစ်တွင် ထပ်မံ ပေါ် ပေါက် လာ သည် တို့ ကား (က) မက်စမား (Mesmer, F.A.) ၏ ဖန်လုံးကြည့် စိတ်ညှိခြင်းနှင့် ဆက်စပ်သော ဖြစ်ရပ်များ၊ (ခ) ဝိညာဉ် ကိုးကွယ်မှုနှင့် ဆက်စပ်ပတ်သက်သော လိပ်ပြာပူးကပ်မှု၊ ဝိညာဉ်ခေါ်မှု၊ ဓာတ်စီးမှု စသည့်ဖြစ်ရပ်များဖြစ်၏။

စိတ်နယ်လွန်ပညာ ဖွံ့ဖြိုးမှုသမိုင်းတွင် ထင်ရှားသော မှတ်တိုင်ကြီးနှစ်တိုင် ရှိခဲ့၏။ ပထမမှတ်တိုင်ကား ၁၈၈၂ ခုနှစ်တွင် ကိန်းဗရစ်တက္ကသိုလ်မှ သုခမိန်တစ်စုက လန်ဒန်မြို့တွင် စိတ်စွမ်းအင်သုတေသနအသင်းကြီး (Society for Psychical Research) ကို ဖွဲ့စည်းလိုက်ခြင်းဖြစ်၏။ ယင်း အသင်းကြီးက ထုတ်ဝေသော ဂျာနယ်၏ အတွင်းဖုံးတွင် အသင်းကြီး၏ရည်ရွယ်ချက်ကို ဤသို့ဖော်ပြခဲ့၏။ "ယေဘုယျအားဖြင့် လက်ခံထားသော သာမန်တွေးဆချက်တို့ဖြင့်

ရှင်းလင်းဖော်ပြရန် မတတ်နိုင်စွမ်းသော လူစိတ်စွမ်းအင်၏ သဘာဝကို တစ်ဖက်သတ်အစွဲကင်းကင်း၊ သိပ္ပံနည်းကျကျ ရှင်းလင်းတင်ပြရန် ဤဂျာနယ်ကို ထုတ်ဝေသည်''

စိတ်စွမ်းအင်သုတေသနအသင်းသည် ကဏ္ဍကြီးသုံးရပ် ခွဲခြား၍ သုတေသနပြုရန် ရည်ရွယ်ချက် ရှိပေသည်။ ယင်းတို့မှာ (က) တယ်လီပက်သီခေါ် ဝေးနေစိတ်ချင်း ဆက်သွယ်မှုနှင့် သေသူဝိညာဉ်တို့၏ ခြောက်လှန့်ခြင်းနှင့် ပတ်သက်သော ဖြစ်ရပ်များကို လေ့လာသည့်ကဏ္ဍ (ခ) နတ်ဝင်သည်များ၊ ဝိညာဉ် ပူးခြင်း ခွာခြင်း ပြုလုပ်နိုင်သူများကိုလေ့လာ၍ ယင်းတို့၏ ပြောချက်များသည် မည်ရွေ့မည်မျှ မှန်ကန်ကြောင်းနှင့် ဝိညာဉ်ပူးခြင်း၊ ခွာခြင်းကို မည်သို့မည်ပုံ ပြုလုပ်ကြောင်း လေ့လာသည့်ကဏ္ဍနှင့် (ဂ) စိတ်နယ်လွန်ဖြစ်ရပ်များနှင့်ပတ်သက်၍ စမ်းသပ်မှု သုတေသနပြုလုပ်သည့်ကဏ္ဍ ဟူ၍ဖြစ်ပေသည်။ အသင်းကြီးတည်ထောင်ကာစအခါန်ကမူ လေ့လာတွေ့ရှိချက်များကို တိတိကျကျဝေဖန်ခြင်း၊ စနစ်တကျ အကဲဖြတ်ခြင်းနှင့် အလွယ်တကူ လက်မခံခြင်း စသည်ဖြင့် ''စံထားမှု'' မြင့်မားခဲ့၏။ ထိုအခါန်ကာလက ထင်ရှားခဲ့သော သိပ္ပံပညာရှင်၊ စိတ်ပညာရှင်နှင့် လူမှုရေးပညာရှင်အများအပြား အသင်းသားများအဖြစ် ပါဝင်ခဲ့ရာ ဘဲလဖိုး မြို့စားကြီး ဟင်နရီ ဆစ်ဒဂ်စ်၊ စိတ်ပညာရှင် ဝီလျံ ဂျိမ်း၊ ဂါဒနာမာဖီနှင့် သိပ္ပံပညာရှင်များဖြစ်ကြသည့် အင်ဒရူးလင်း၊ ဟင်နရီဘာ့ဂဆန်နှင့် ဂစ်လဗတ်မာရေး စသူတို့ ပါဝင်ကြ၏။ အသင်းကြီးသည် ပုံမှန်ဂျာနယ်တစ်စောင်အပြင် နှစ်ပတ်လည်စာစောင်များနှင့် စိတ်စွမ်းအင်နှင့် ပတ်သက်သော စာအုပ်စာတမ်းများလည်း ထုတ်ဝေခဲ့၏၊ စိတ်စွမ်းအင် သုတေသန ပြုလုပ်ရန် အဖွဲ့ခွဲများကိုလည်း ဟော်လန်၊ ဆွီဒင်၊ ပြင်သစ်၊ ဂရိစသည့် တိုင်းပြည်တို့၌ ဖွဲ့စည်းပေးခဲ့၏။ အမေရိကန်ပြည်ထောင်စုတွင်မူ အမေရိကန် စိတ်စွမ်းအင်သုတေသနအသင်းကြီးကို ၁၈၈၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ ပထမဦးဆုံးဥက္ကဋ္ဌမှာ ဆိုင်မွန်နယူးကုမ်း ဖြစ်ပေသည်။

စိတ်နယ်လွန်ပညာ ဖွံ့ဖြိုးမှုသမိုင်းတွင် ထင်ရှားသည့် ဒုတိယမှတ်တိုင်ကား ၁၉၂၇ ခုနှစ်တွင် စိတ်ပညာရှင် ဝီလျံမက်ဒူးဂဲနှင့် သူမိတ်ဆွေ စိတ်ပညာရှင် ဂျေ ဘီ ရိုင်းတို့ ပူးပေါင်း၍ အမေရိကန်ပြည်ထောင်စုရှိ ဒျူးတက္ကသိုလ်တွင် စိတ်စွမ်းအင်သုတေသနစမ်းသပ်ခန်း (Laboratory for Psychical Research) တစ်ခုတည်ထောင်လိုက်ခြင်းပင် ဖြစ်၏။ ရိုင်း၏ အခြေခံဆောင်ရွက်စဉ်ကား ဖုံးကွယ်ထားသည့် ဖဲချပ်များ၏ အစီအစဉ်ကို မှန်းဆခိုင်းခြင်း ဖြစ်၏။ စမ်းသပ်ခံ၏ မှန်းဆ ပြောဆိုချက်များသည် စာရင်းအင်း သခ်ၤာနည်းအရ သာမန် ဖြစ်နိုင် ခြေထက် မည်ရွေ့မည်မျှ သာလွန်ကြောင်း စနစ်တကျ စိစစ်ကြည့်ခြင်း ဖြစ်၏။ ရိုင်းသည် သူ့ခေတ်အခါနှင့်အညီ သိပ္ပံနည်းကျစမ်းသပ်မှုများ ပြုလုပ်ခဲ့ရုံသာမက အခြားသူများကိုလည်း စနစ်တကျ သုတေသနပြုလုပ်တတ်ရန် လေ့ကျင့်ပေးသည့်အပြင် သိပ္ပံနည်းကျ စာအုပ်စာတမ်းများနှင့် လူအများ စိတ်ဝင်စားမည့် စိတ်စွမ်းအင်နှင့် ပတ်သက်သော ဖြစ်ရပ်စာတမ်းများကိုလည်း ရေးသားထုတ်ဝေကာ လူအများစု၏ စိတ်ဝင်စားမှုကို နှိုးဆော်ခဲ့၏။

ထို့ကြောင့်ပင် အိုင်းဆင့်နှင့်အဖွဲ့က သူတို့၏ စိတ်ပညာစွယ်စုံကျမ်း၌ ဤသို့ရေးသား တင်ပြခဲ့ကြ၏။ ''စိတ်နယ်လွန်ပညာ၏ ဒုတိယသက်တမ်းမှာ ၁၉၃၀ မှ ယနေ့အထိ ဖြစ်၏။ ရိုင်းနှင့် ဂျေဂျီပရက်တို့ ဦးဆောင်မှုဖြင့် စမ်းသပ်မှုသုတေသနအများအပြား ပြုလုပ်ခဲ့ကြ၏။ သူတို့၏အခြေခံယူဆချက်ကား ထူးကဲအာရုံသိမှုသည် လူတိုင်းနှင့် အကျုံးဝင်သော စိတ်စွမ်းအင်တစ်ရပ်ဖြစ်၍ စံပြုထားသော ဝတ္ထုပစ္စည်းများနှင့် တိကျသော စာရင်းအင်းသခ်ၤာနည်းကို သုံးစွဲကာ ကျား–မ မရွေး စစ်ဆေးကြည့်ပါက ယင်းစွမ်းအင်အကြောင်း သိရှိနိုင်သည်ဟူ၍ဖြစ်၏။ ၁၉၃၄ ခုနှစ်က ထုတ်ဝေခဲ့သော ရိုင်း၏ ''ထူးကဲအာရုံသိမှု'' အမည်ရှိစာအုပ်သည် ယခင်အခါန်မှ ယခုအခါန်ထိ သိပ္ပံနည်းကျ စာအုပ်တစ်အုပ်ဖြစ်ကြောင်း ပညာရှင်များက အသိအမှတ်ပြုကြရ၏။ ဤသို့ဖြစ်ရခြင်းမှာ သူ၏စမ်းသပ်မှုဟူသမျှကို ''ထပ်မံပြုလုပ်နိုင်စွမ်း'' (Replicability) ရှိအောင် စနစ်တကျ မှတ်တမ်းတင်ထားခြင်းနှင့် ပီးယားစ်ကဲ့သို့ ထူးကဲအာရုံသိမှုရမှတ် မြင့်မားသည့် စမ်းသပ်ခံအတော်များများ ရရှိထားခြင်းတို့ကြောင့် ဖြစ်ပေသည်။ ၁၀ နှစ်ခန့်ကြာသောအခါ ရိုင်းက သူ၏စမ်းသပ်ခံများသည် စိတ်စွမ်းအင်ကိုသုံးစွဲ၍ အန်စာတုံးတစ်တုံးကို လိုရာအပွင့်ဖော်၍ ကျအောင် စွမ်းဆောင်နိုင်သည်ဟု ဆို၍ ဆိုက်ကို ကိုင်နက်ဆစ်အကြောင်း ကမ္ဘာသိ ကြေညာခဲ့၏။ ဗြိတိန်နိုင်ငံတွင်မူ ထူးကဲအာရုံသိမှု သုတေသနများကို သခ်ၤာပညာရှင် အက်စ်၊ ဂျီ၊ ဆိုးလ်က ပြုလုပ်ခဲ့၏။ နှစ်အတော်ကြာ မည်သည့်အောင်မြင်မှုမျှ မရရှိခဲ့သော်လည်း နောက်ဆုံးတွင် ရှက်ကဲလ်တန်နှင့်ဂလိုရီယာစတီးဝပ်ဟူသော စိတ်စွမ်းအင် မြင့်မားသည့် စမ်းသပ်ခံနှစ်ဦး ရရှိခဲ့၏။ ကမ္ဘာစစ်ကာလအတွင်း ထိုစမ်းသပ်ခံနှစ်ဦးနှင့် စိတ်စွမ်းအင် စမ်းသပ်မှု အတော်များများ ပြုလုပ်ခဲ့ရာ စိတ်နယ်လွန်ပညာနှင့် ပတ်သက်သော အရေးပါသည့် ရလဒ်များပေါ်ထွက်ခဲ့သည်ဟု စိတ်ပညာသမိုင်းဆရာတို့က မှတ်တမ်းတင်ခဲ့ကြ၏။

ရိုင်းစတင်တည်ထောင်ခဲ့သော စိတ်စွမ်းအင်သုတေသနစမ်းသပ်ခန်းသည် ၁၉၆၅ ခုနှစ် သြဂုတ်လနောက်ပိုင်းတွင်

"လူသဘာဝ သုတေသန ဖောင်ဒေးရှင်း" (Foundation for Research on one Nature of Man) အမည်ဖြင့် ဆက်လက်တည်ရှိခဲ့၏။ ယင်း ဖောင် ဒေး ရှင်း မှ စိတ်နယ်လွန် သုတေသနဂျာနယ်တစ်စောင် မှန်မှန်ထုတ်ဝေလျက်ရှိပေသည်။

ထူးကဲအာရုံသိခြင်းနှင့်ပတ်သက်သည့် သာဓကများ

ထူးကဲအာရုံသိခြင်းနှင့် ပတ်သက်၍ တင်ပြခဲ့သော အထောက်အထားများကို (က) စနစ်မကျသော သာဓကများနှင့် (ခ) စနစ်ကျသော သာဓကများဟူ၍ နှစ်ပိုင်းခဲ့နိုင်၏။ စနစ်မကျသော သာဓကဟူသည် ကြိုတင်သတ်မှတ်ထားသည့် စည်းမျဉ်းများအတိုင်း မဟုတ်ဘဲ အဆင်သင့်သလို ကောက်ယူရရှိထားသော ဖြစ်ရပ်များ အကြောင်းဖြစ်၏။ ဥပမာ မိခင်တစ်ဦးက သားဖြစ်သူ မိုင်ပေါင်းများစွာ ကွာဝေးသည့် တစ်နေရာတွင် ကားတိုက်မှု ဖြစ်ရပ်နှင့် ပတ်သက်၍ ထိုအချိန်တွင် သားဖြစ်သူ၏ ကြောက်လန့်တကြား အော်ခေါ်သည့်အသံကို ကြားရသည် ဟူသော ဖြစ်ရပ်မျိုးဖြစ်၏။ ယင်းကိစ္စရပ်များကို စနစ်တကျလေ့လာကြည့်သောအခါ ခဲ့ချထွင်ခြင်း၊ မှတ်ဉာဏ်ပြောင်းလဲခြင်း စသည်တို့ပါဝင်ကြောင်း တွေ့ရ၏။ သို့သော် အခြို့ဖြစ်ရပ်များတွင်မူ အထောက်အထား လုံလောက်ကြောင်း တွေ့ရ၏။ ဥပမာ အခြို့ပုဂ္ဂိုလ်များသည် မတော်တဆဖြစ်မှုတစ်ခုအကြောင်းကို အသေးစိတ် ကြိုတင်ပြောဆိုကြရာ ကွင်းဆင်းစစ်ဆေးကြည့်သောအခါတွင်လည်း သူ တင်ကြိုပြောသကဲ့သို့ပင်ဖြစ်ကြောင်း တွေ့ရ၏။ အခြို့ တင်ပြချက်များတွင် အံ့သြဖွယ်ကောင်းလောက်အောင် အသေးစိတ်အချက်အလက်များ ပါဝင်ကြောင်း တွေ့ရသော်လည်း အခြို့ ဖြစ်ရပ်များမှာမူ တိုက်ဆိုင်မှုသာ ဖြစ်နိုင်ကြောင်း တွေ့ရပေသည်။ ထို့ကြောင့် ယင်းသို့သော ဖြစ်ရပ်များကို ကောက်ယူ စုဆောင်း တင်ပြ နိုင်ရုံမျှဖြင့် သာဓက လုံလောက်ပြီဟု မယူဆနိုင်ကြောင်း ထင်ရှားသိသာပေသည်။

စနစ်ကျသော သာဓကများမှာကား ထိန်းချုပ်ထားသော စမ်းသပ်ခန်း အခြေအနေတွင် ကောက်ယူထားသည့် ရလဒ်တို့ကို စာရင်းအင်းသင်္ချာနည်းဖြင့် စိစစ်အကဲဖြတ်တင်ပြထားသော သာဓကများဖြစ်၏။ ယင်းတို့အနက် ထင်ရှားသော သာဓကနှစ်ခုကို တင်ပြမည်ဖြစ်၏။

ပထမသာဓကမှာ အင်္ဂလန်မှ သာဓကဖြစ်၏။ လန်ဒန် တက္ကသိုလ်မှ သင်္ချာပါမောက္ခ အက်စ်၊ ဂျီ၊ ဆိုးလ်သည် ဖဲချပ်များပေါ်ရှိ အပွင့်၏သဘာဝနှင့် ဦးရေတို့ကို (ဥပမာ ဒိုင်းမွန်းအနီ ၁၀) လှုံ့ဆော်မှု မပါဘဲ ထူးကဲအာရုံသိမှု အကြောင်းလေ့လာခဲ့၏။ စမ်းသပ်ခံသည် မိမိလက်ထဲရှိဖဲချပ်ပေါ်မှအပွင့်တို့ကို မည်ရွေမည်မျှ မှန်ကန်စွာဖြေဆိုနိုင်ကြောင်း စိစစ်ခဲ့၏။ မစ္စစ်စတီးဝပ် ဆိုသူအမျိုးသမီးတစ်ဦးကို လေးနှစ်တာကာလအတွင်း အကြိမ်ပေါင်း ၁၃၀ ကျော် တွေ့ဆုံ၍ ကျပန်းနည်းဖြင့် စီစဉ်ထားသော ဖဲချပ်ပေါင်း ၃၇,၁၀၀ ကို လှုံ့ဆော်မှုမပါဘဲ ဖော်ပြောစေ၏။ ယင်းစမ်းသပ်မှုတွင် သာမန်တိုက်ဆိုင်မှုအရ မှန်ကန်ရန် ဖြစ်နိုင်ခြေမှာ ငါးချီတွင် တစ်ချီဖြစ်၏။ ထို့ကြောင့် ယခုစမ်းသပ်မှုတွင် သာမန်တိုက်ဆိုင်မှုအရ အကြိမ်ပေါင်း ၇,၄၂၀ မှန်ကန်နိုင်ပေသည်။ သို့သော် မစ္စစ်စတီးဝပ်က အကြိမ်ပေါင်း ၉,၄၁၀ မှန်ကန်သည်ဖြစ်ရာ ဤရမှတ်မျိုးသည် သာမန်တိုက်ဆိုင်မှုအရ ၁၀ ချီတွင် တစ်ချီသာ ဖြစ်နိုင်ခြေရှိရာ ရမှတ် လွန်စွာမြင့်မားသည်ဟု ဆိုနိုင်၏။ တစ်ခါတွင် မစ္စက်စတီးဝပ်သည် ဗဲလကျိယမ်နိုင်ငံ အင်တွပ်မြို့အနီးတစ်ဝိုက်၌ရှိနေစဉ် စမ်းသပ်သူများက လန်ဒန်မြို့မှနေ၍ ဖဲချပ်များကို ကျပန်းအစီအစဉ်ပြုကာ ထူးကဲအာရုံသိမှုကို စစ်ဆေး၏။ ထိုအခါ မစ္စက်စတီးဝပ်သည် သာမန်ဖြစ်နိုင်ခြေ ၂၄၀ ထက်ပို၍ ၃၄၅ ကြိမ် မှန်ကန်ကြောင်း တွေ့ရသည်ဖြစ်ရာ ယင်းမှန်ကန်မှုသည် ပျမ်းမျှအားဖြင့် ၂၈ ဒသမ ၇၅ ရာခိုင်နှုန်း ဖြစ်ပေသည်။

ဒုတိယ သာဓကမှာ အမ်စတာဒမ်မြို့မှ ပညာရေးမှူးတစ်ဦး၏ လေ့လာမှုဖြစ်၏။ သူသည် ၁၉၅၆ ခုနှစ်ခန့်က ပဉ္စမတန်းနှင့် အဋ္ဌမတန်းမှ ကျောင်းသားကလေးများကို စမ်းသပ်ခံအဖြစ် အသုံးပြု၍ ထူးကဲအာရုံသိမှုအကြောင်း လေ့လာခဲ့၏။ ပစ်မှတ်အဖြစ်အသုံးပြုသော အရာဝတ္ထုတို့မှာ သင်္ကေတငါးမျိုး သို့မဟုတ် အရောင်ငါးမျိုး သို့မဟုတ် စကားလုံးငါးမျိုးတို့ ဖြစ်၏။ ဆရာတစ်ဦးက အခန်းငယ်တစ်ခုအတွင်းရှိ စားပွဲပေါ်တွင် ကျပန်းအစီအစဉ်အတိုင်း ပစ်မှတ်တို့ကို တင်ပြ၍ အတော်အတန် ကွာဝေးသော အခြားအခန်းတစ်ခုအတွင်း၌ စမ်းသပ်ခံ ကျောင်းသားတို့က သူတို့၏ တုံ့ပြန်မှုများကို ရေးပြကြ၏။ အကြိမ်ပေါင်း ၂၀,၁၉၀ ပြုလုပ်ခဲ့ရာ သာမန် ဖြစ်နိုင်ခြေထက် ၁၇၄ ကြိမ် ပိုမို မှန်ကန်ကြောင်း တွေ့ရ၏။ ဤဖြစ်နိုင်ခြေမှာ အကြိမ် ၁၀၀၀ တွင် တစ်ကြိမ်သာ ဖြစ်နိုင်ကြောင်း တွေ့ရပေသည်။

ထူးကဲအာရုံသိမှုနှင့် ဆက်နွယ်နေသော - ကိန်းရှင်များ

ထူးကဲအာရုံသိမှုသည် (က) ရုပ်ပိုင်းဆိုင်ရာ ကိန်းရှင်များ (Physical variables)၊ (ခ) ဇီဝကမ္မဆိုင်ရာ

ကိန်းရှင်များ (Physiological variables) နှင့် (ဂ) စိတ်ပိုင်းဆိုင်ရာ ကိန်းရှင်များ (Psychological variables) နှင့် မည်သို့မည်ပုံ ဆက်စပ်ကြောင်းကိုလည်း သုတေသီတို့ စမ်းသပ်လေ့လာခဲ့ကြပေ၏။

ရုပ်ပိုင်းဆိုင်ရာ ကိန်းရှင်များအနက် (က) ဖြာထွက်ရောင်ခြည် (Radiation)၊ (ခ) အကွာအဝေး၊ (ဂ) ပစ်မှတ်ပမာဏ၊ (ဃ) အချိန်တို့နှင့် ပတ်သက်သော စမ်းသပ်မှု ရလဒ်များအရသော် ထူးကဲအာရုံသိမှုသည် အထက်ဖော်ပြပါ ရုပ်ပိုင်းဆိုင်ရာ ကိန်းရှင်များနှင့် မည်သို့မျှ ဆက်စပ်မှုမရှိကြောင်း တွေ့ရ၏။ ၁၉၆၂ ခုနှစ်က ဆိုဗီယက် စိတ်ပညာရှင် ဗာဆီလီယက်သည် လျှပ်စစ်သံလိုက်လှိုင်းတို့ ဖြတ်သန်းခြင်း မပြုနိုင်သော အလုံပိတ်အခန်းတွင်းသို့ စမ်းသပ်ခံကို ထည့်သွင်းကာ စိတ်ခြင်းဆက်သွယ်မှုကို လေ့လာကြည့်၏။ လျှပ်စစ်သံလိုက်လှိုင်းတို့ကို အဟန့်အတားပြုထားစေကာမူ စိတ်ခြင်းဆက်သွယ်မှုကိုအောင်မြင်စွာပြုနိုင်သောကြောင့် ဖြာထွက်ရောင်ခြည်နှင့်ထူးကဲအာရုံသိမှုတို့ ဆက်စပ်ခြင်းမရှိဟုဆိုခဲ့၏။ အထက်က တင်ပြခဲ့သော မစ္စက် စတီး ဝပ်၏ လန်ဒန်နှင့် ဗဲလဂျီယမ် ပြည်နှစ်ပြည် အကြားတွင်ပင် ထူးကဲအာရုံသိမှုကို ဖော်ပြနိုင်စွမ်းရှိခြင်းကြောင့် ပေ ၅၀ ကွာသည်ဖြစ်စေ၊ မိုင် ၂၀၀ ကွာသည်ဖြစ်စေ ထူးကဲအာရုံသိမှုနှင့် မည်သို့မျှ ဆက်စပ်ခြင်း မရှိကြောင်း သိရ၏။ ပရက်နှင့် ဝုဒ်ရပ် (၁၉၃၉) တို့သည် ပစ်မှတ်၏ပမာဏကို အကြီး၊ အလတ်၊ အသေးဟု သုံးမျိုးခွဲခြားကာ ထူးကဲအာရုံသိမှု အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်ပုံကို စမ်းသပ်မှုပြုလုပ်ကြည့်၏။ ပစ်မှတ်အားလုံးအတွက် တူညီသော ထူးကဲအာရုံသိမှု ရမှတ်များသာ ပေါ်ထွက်လာခြင်းကြောင့် ပမာဏသည်လည်း အရေးပါသော ကိန်းရှင်မဟုတ်ကြောင်း သိရ၏။ ထို့အပြင် အင်ဒါဆန် (၁၉၅၉) ၏ စမ်းသပ်မှုအရ အချိန်ကာလ တိုတောင်းသည်ဖြစ်စေ၊ ရှည်လျားသည်ဖြစ်စေ ထူးကဲအာရုံသိမှုအပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိကြောင်း တင်ပြခဲ့၏။

အထက်ပါ စမ်းသပ်မှု အထောက်အထားများအရ ထူးကဲအာရုံသိမှုသည် ဖြာထွက်ရောင်ခြည်၊ အချိန်၊ နေထုနှင့် ပစ်မှတ်ပမာဏ စသော ရုပ်ပိုင်းကိန်းရှင်များနှင့် ဆက်စပ်ခြင်းမရှိဟု ဆိုရမည် ဖြစ်ပေသည်။

ဇီဝကမ္မကိန်းရှင်များအနက် အာသက်၊ လိင်၊ လူမျိုးနှင့် ကိုယ်ခန္ဓာတွင်း ပြောင်းလဲမှုများသည် ထူးကဲအာရုံသိမှုနှင့် မည်သို့မည်ပုံ ဆက်စပ်ကြောင်း လေ့လာခဲ့၏။ ထူးကဲအာရုံသိမှု ရမှတ်မြင့်သူများကို ကလေး၊ လူရွယ်၊ လူကြီးအရွယ်သုံးပါးစလုံးတွင် လည်းကောင်း၊ ကျားနှင့်မတို့တွင် လည်းကောင်း၊ လူမျိုးအားလုံးတွင် လည်းကောင်း တွေ့ရ၏။ အသက်၊ လိင်၊ လူမျိုးတို့နှင့် ပတ်သက်၍ နှိုင်းယှဉ်လေ့လာမှုမျိုး မပြုလုပ်နိုင်စေကာမူ ယေဘုယျအားဖြင့်ကား အဆိုပါ ကိန်းရှင်များသည် ထူးကဲအာရုံသိမှုနှင့် မဆက်စပ်ဟု ဆိုနိုင်၏။ အထူးသဖြင့် ကျား/မ မရွေး လူကြီး လူငယ် အတော်များများကို လေ့လာပြီးသော အခါတွင်မူ ထူးကဲအာရုံသိမှုသည် အချို့လူများတွင် လွန်ကဲစွာသာလွန်သည့် ဒီဂရီဖြင့်ရှိနေကြောင်း တွေ့ရ၏။

ထူးကဲအာရုံသိမှုနှင့် ကိုယ်ခန္ဓာဆိုင်ရာ ပြောင်းလဲမှုတို့၏ ဆက်စပ်ပုံနှင့် ပတ်သက်၍လည်း သုတေသနအထောက်အထား ပြည့်ပြည့်စုံစုံ မရှိသေးပေ။ ဟူဘီနှင့် ဝီလဆင် (၁၉၆၁) တို့၏ သုတေသနအရ ဆိုဒီယမ် အမစ်တဲ (Sodium Amytal) ကဲ့သို့သော စိတ်ကျဆေးများသည် ထူးကဲအာရုံသိမှုရမှတ်ကို လျော့ပါးစေကြောင်း တွေ့ရ၏။ အောက်ဆီဂျင်ဓာတ် နည်းပါးပြီး အပူအအေးမမျှတသော အခြေအနေတွင် ထူးကဲအာရုံသိမှုရမှတ် လျော့ပါးတတ်ကြောင်း ဝုဒ်ရပ်ဖ် (၁၉၄၃) ၏ စာတမ်းတွင် တွေ့ရ၏။ မတော်တဆ ဖြစ်မှုကြောင့် ဆေးရုံတင်ထားရသော လူနာများကို လေ့လာရာတွင် ဦးနှောက်ပိုင်းတွင် ထိခိုက်ခံရသူ လူနာများသည် ဦးနှောက် မထိခိုက်သူ လူနာများထက် ထူးကဲအာရုံသိမှု ရမှတ်တွင် ပိုလွန်ကြောင်း တွေ့ရ၏။ သို့သော် အသေးစိတ် စိစစ်ကြည့်သည့်အခါတွင်မူ ဇီဝကမ္မ ပြောင်းလဲမှု၊ ဦးနှောက် ထိခိုက်မှုတို့ထက် ယာယီစိတ်အခြေအနေကသာ ထူးကဲအာရုံသိမှုကို လွှမ်းမိုးနိုင်ဟန်ရှိသည်ဟု သုတေသီတို့ ယူဆခဲ့ကြ၏။

သွေးဖိအား၊ လျှပ်စစ်ဦးနှောက်လှိုင်း (Electro Encephlogram: E, E, G)၊ လျှပ်စစ်အရေပြားတုံ့ပြန်မှု (Galvanic Skin Response) နှင့် ထူးကဲအာရုံသိမှုတို့ ဆက်စပ်ပုံကို လေ့လာသော သုတေသနတို့မှာလည်း ထပ်မံပြုလုပ်ရန် ခက်ခဲသော သုတေသနမျိုးဖြစ်ပေရာ တွေ့ရှိချက်တို့၏ ကိုးစားနိုင်မှုမှာလည်း သံသယဖြစ်ဖွယ်ပင် ရှိနေသေး၏။ ထို့ကြောင့်ပင် ဝေဖန်သူတို့က "ထူးကဲအာရုံသိမှုနှင့် ကိုယ်ခန္ဓာဆိုင်ရာ ပြောင်းလဲမှုများဆက်စပ်ကြောင်း တင်ပြသည့် စမ်းသပ်မှု အတော်အတန် ရှိသော်လည်း ယင်းတို့ကို ထိန်းချုပ်အခြေအနေတွင် ထပ်မံပြုလုပ်ရန်ကား လိုအပ်နေပေသေးသည်" ဟု ရေးခဲ့ခြင်းဖြစ်၏။

စိတ်ပိုင်းဆိုင်ရာ ကိန်းရှင်များ

ထူးကဲအာရုံသိမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကိန်းရှင်တို့ ဆက်နွယ်မှုနှင့်ပတ်သက်သည့် စမ်းသပ်မှု သာဓကအချို့ကို

တင်ပြလိုပေသည်။ ယင်းစမ်းသပ်မှုမျာ၏ ရလဒ်ကို အကျဉ်းချုပ်၍ တင်ပြရသော် ထူးကဲအာရုံသိမှုရမှတ် မြင့်မားရခြင်းမှာ သက်သောင့်သက်သာရှိခြင်း၊ စိတ်ဖြေလျော့ခြင်း၊ မိတ်ဖက်အခြေအနေတင်ရှိခြင်း စသည့် ယာယီ စိတ်အခြေအနေတို့ကြောင့် ဖြစ်ကြောင်း၊ ထူးကဲအာရုံသိမှုရမှတ်နိမ့်ရခြင်းမှာမူ မယုံကြည်ခြင်း၊ စိတ်ပျက်ခြင်း၊ ထိန်းချုပ်လွန်းခြင်း စသော အဖျက်သဘော ယာယီစိတ်အခြေအနေတို့နှင့် ပတ်သက်ကြောင်း တွေ့ရပေသည်။

အင်ဒါဆင်နှင့် ဝိုက်တို့သည် ဆရာ ၁၈ ယောက်၊ ကျောင်းသား ၅၄၆ ယောက်နှင့် ထူးကဲအာရုံသိ တုံ့ပြန်မှုပေါင်း ၆၅,၂၇၅ တို့ကို အကျဉ်းချုပ် တင်ပြခဲ့ကြ၏။ လွှန်စ္စာထင်ရှားသည့် တွေ့ရှိချက်တစ်ရပ်ကား ဆရာတို့အပေါ် လိုလားနှစ်သက်သော သဘောထားရှိ၍ ဆရာတို့ကလည်း စံပြအတန်းတွင်ထားသင့်ကြောင်း ဆန္ဒပေးခြင်း ခံရသည့် ကျောင်းသားတို့၏ ထူးကဲအာရုံသိမှု ရမှတ်သည် ဆရာတို့အပေါ် မလိုလားမနှစ်သက်သော သဘောထားရှိ၍ ဆရာတို့ကလည်း စံပြအတန်းတွင် မထားသင့်ဟု ဆန္ဒပေးခြင်းခံရသော ကျောင်းသားတို့၏ ထူးကဲအာရုံသိမှုရမှတ်ထက် သိသာထင်ရှားစွာ မြင့်မားခြင်း ဖြစ်၏။ အတိအကျဆိုရသော် ဆရာတို့နှင့် အပြန်အလှန် နှစ်သက်လိုလားမှုရှိသော ကျောင်းသားအုပ်စု၏ သမတ်ကိန်းရမှတ်မှာ (ဖြစ်တန်ရာသော ၂၅ မှတ်အနက်) ၅ ဒသမ ၃၁ ဖြစ်၍ ဆရာတို့နှင့် အပြန်အလှန် မနှစ်သက်သောအုပ်စု၏ သမတ်ကိန်းရမှတ်မှာ ၄ ဒသမ ၅၄ ဖြစ်ပြီး ယင်း သမတ်ကိန်းနှစ်ခု၏ ခြားနားချက်သည် စာရင်းအင်းပညာနည်းအရ ထူးခြားမှုအဆင့် (Level of significance) (.၀၀၁) တွင် ရှိသည်ဟူသော အချက်ဖြစ်၏။ သို့သော် ဤစမ်းသပ်မှုမျိုးကို ထပ်မံ ပြုလုပ်ကြည့်သူများအနက် ယင်းကဲ့သို့သော ရမှတ် ခြားနားချက်မျိုးကို တွေ့သူက တွေ့၍ မတွေ့သူက မတွေ့ဖြစ်သောကြောင့် ရလဒ်တို့၏ တစ်သမတ်တည်းဖြစ်မှုမှာ အားနည်းလှကြောင်း သိသာထင်ရှားပေသည်။

အင်ဒါဆင်နှင့် ဝိုက်တို့၏ သုတေသနမှ တစ်ဆင့်ခံ တွေ့ရှိချက်ကား ထူးကဲအာရုံသိမှု ရမှတ်နှင့် ကျောင်းသင်ခန်းစာ ထမြောက်မှုရမှတ်တို့၏ ဆက်စပ်ပုံပင်ဖြစ်၏။ ကျောင်းသင်ခန်းစာတွင် (ကောင်း) (အလွန်ကောင်း)ဟု အဆင့်သတ်မှတ်ခြင်းခံရသော ကျောင်းသားတို့၏ ထူးကဲအာရုံသိမှုရမှတ်သည် (ညံ့) (အလွန်ညံ့) ဟု အဆင့်သတ်မှတ်ခြင်းခံရသော ကျောင်းသားတို့၏ ထူးကဲအာရုံသိမှုရမှတ်ထက် သိသိသာသာ မြင့်မားသည့် အချက်ဖြစ်၏။ စာရင်းအင်း သခ်္ချာနည်းအရ ထူးခြားစွာ ခြားနားမှုအဆင့်မှာ (.၀၀၁) ဖြစ်ပေသည်။ ထို့ကြောင့် သုတေသီတို့က အတန်းတွင်း စိတ်ဓာတ်တက်ကြွမှု (Classroom Morale) သည် ထူးကဲအာရုံသိမှုရမှတ်ကို မြင့်မားစေနိုင်သည်ဟု ကောက်ချက်ချခဲ့ကြ၏။

ပြုလုပ်ရမည့် အလုပ်အပေါ် ထားရှိသော သဘောထားသည် စိတ်ဓာတ်ရေးရာနှင့် ပတ်သက်၏။ လုပ်ရမည့် အလုပ်ကို မဖြစ်နိုင်ဟု သဘောထားခဲ့သော် စိတ်ဓာတ်နိမ့်ကျမည်ဖြစ်၏။ ရှမိုက်ဒလားနှင့် မက်ကောနဲ့(၁၉၅၈) တို့သည် စိတ်ဓာတ်နှင့် ပတ်သက်သည့် ထူးကဲအာရုံသိမှု စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့၏။ စမ်းသပ်ခံတို့ကို ထူးကဲအာရုံသိမှုသည် ဖြစ်နိုင်သည်ဟု ယုံကြည်၍ စိတ်ဓာတ်မြင့်မားသော အုပ်စုနှင့် ထူးကဲအာရုံသိမှုသည် မဖြစ်နိုင်ဟု ယုံကြည်၍ စိတ်ဓာတ်နိမ့်ကျသော အုပ်စု နှစ်စုခွဲခြားကာ ယင်းတို့၏ ထူးကဲအာရုံသိမှုရမှတ် သမတ်ကိန်းများကို စာရင်းအင်း သခ်္ချာနည်းဖြင့် နှိုင်းယှဉ် စစ်ဆေး၏။ စိတ်ဓာတ် မြင့်မားသူ အုပ်စု၏ ထူးကဲအာရုံသိမှု ရမှတ် သမတ်ကိန်းမှာ ၅ ဒသမ ၁၂ ဖြစ်၍ စိတ်ဓာတ်နိမ့်သူ အုပ်စု၏ ရမှတ်သမတ်ကိန်းမှာ ၄ ဒသမ ၉၂ ဖြစ်ပြီး ယင်းတို့၏ ထူးခြားစွာ ခြားနားမှု အဆင့်မှာ ဒသမ ၀၀၁ ဖြစ်ကြောင်း တွေ့ရ၏။ သို့သော် အခြားသူများက ယင်းစမ်းသပ်မှုမျိုး ထပ်မံပြုလုပ်ကြည့်ရာ တစ်ခါနှင့် တစ်ခါ မတူညီသော ရလဒ်တို့ ပေါ်ထွက်လာကြောင်း တွေ့ရသဖြင့် ယင်းအဆိုကို လွှန်စ္စာ အားကိုး၍ မဖြစ်သေးကြောင်း တွေ့ရ၏။

၁၉၅၅ ခုနှစ်က နစ်ကိုးနှင့် ဟန်ဖရီ (၁၉၅၅)တို့သည် ထူးကဲအာရုံသိမှု ရမှတ်နှင့် ကိုယ်ရည် ကိုယ်သွေး တို့၏ ဆက်စပ်ပုံကို လေ့လာခဲ့ရာ ထူးကဲအာရုံသိမှု ရမှတ်နှင့် အပြုသဘော ဆက်စပ်နေသော အင်္ဂါရပ်များမှာ ပျော်ပျော်နေတတ်ခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ ယုံကြည်စိတ်ချမှုရှိခြင်း၊ အလွယ်တကူ စိတ်မထိခိုက်တတ်ခြင်း၊ စိတ်ကျမှုနှင့် စိတ်တင်းအားတို့ နည်းပါးခြင်း စသည့် အင်္ဂါရပ်တို့ ဖြစ်ကြောင်း တင်ပြခဲ့ကြ၏။ ယင်းကို သုတေသီ အတော်များများကလည်း ထောက်ခံခဲ့ကြ၏။ ၁၉၆၀ ပြည့်နှစ်တွင် ရှမိုက်ဒလား(၁၉၆၀) သည် စမ်းသပ်ခံ ၁,၀၀၄ ဦးအား ရောရှပ်မင်ကုက် စစ်ဆေးလွှာ (Rorschach Inkblot Test) ပေး၍ စစ်ဆေးကြည့်ရာ ထူးကဲအာရုံသိမှုရမှတ် မြင့်မားသူတို့သည် "လှုပ်ရှားမှု" နှင့် "အရောင်" တို့ပြန်မှုများကြောင်း တွေ့ရ၏။ ရောရှပ် စစ်ဆေးလွှာ အလိုအရ လှုပ်ရှားမှုနှင့် အရောင်တို့ပြန်မှု မြင့်မားသူတို့သည် စိတ်ဘဝင် တည်ငြိမ်၍ စိတ်လှုပ်ရှားတို့ပြန်မှု ပုံမှန်ဖြစ်သည်ဟု ဆိုနိုင်၏။ ထို့အပြင် ထူးကဲအာရုံသိမှု ရမှတ်နိမ့်သူတို့မှာ အသိဉာဏ်ထက်မြက်လွန်းသူ လွှန်စ္စာ ချုပ်တီးတတ်သူ သို့မဟုတ် လွှန်စ္စာ စိတ်ဆတ်သူ

ဟူ၍ တစ်ဖက်စွန်းထောက်သူများဖြစ်ကြောင်း သုတေသနရလဒ်တို့က ညွှန်ပြလျက်ရှိပေ၏။

စမ်းသပ်မှု အတော်များများတွင် ကင်းလွတ်ကိန်းရှင်မှာ ပစ်မှတ်၏ သဘာဝနှင့် စစ်ဆေးမှု အခြေအနေတို့ ဖြစ်ကြ၏။ စစ်ဆေးမှု အခြေအနေဆိုသည်မှာ လင်းခြင်း၊ မှောင်ခြင်း၊ ရမ္မတ်ကို သိခြင်း၊ မသိခြင်းတို့နှင့် ပတ်သက်၏။ ဓမ္မဓိဋ္ဌာန်ကျကျ သတ်မှတ်ထားသော ကိန်းရှင်များဖြစ်သည့် စမ်းသပ်သူ၏ ကျား/မဖြစ်ခြင်းနှင့် ပစ်မှတ်တို့၏ ပါရှိချက်နှင့် ပတ်သက်၍ကား သုတေသနရလဒ်တို့မှာ စမ်းသပ်မှု တစ်ခုနှင့် တစ်ခု မတူကြပေ။

သို့သော် ပုဂ္ဂလဓိဋ္ဌာန်ကျသော စမ်းသပ်ခံ၏ ခံစားမှုနှင့် ဆက်စပ်၍ အတွင်းပိုင်း ကိန်းရှင်နှင့် ပတ်သက်၍ကား ထူးခြားအာရုံသိမှုသည် အသစ်အဆန်းဖြစ်၍ တက်ကြွစိတ်ဝင်စားခြင်းနှင့် နွေးထွေးသော ဆက်ဆံရေးအခြေအနေတို့နှင့် ဆက်စပ်မှုရှိသည်ဟူသော တွေ့ရှိချက်သည် ထင်ရှား၏။ ပရက်နှင့် ဝုဒ်ရပ် (၁၉၃၉) တို့၏ စမ်းသပ်မှုတွင် စမ်းသပ်မှု၏ အစပိုင်းအချိန်တို့၌ အခြေအနေ အသစ်အဆန်းနှင့် ရင်ဆိုင်ရ၍ စမ်းသပ်သူ၏ လှုံ့ဆော်သံ နားထဲတွင် တရစ်ဝဲဝဲနေသော အချိန်တွင် ထူးကဲအာရုံသိမှုရမ္မတ် မြင့်မားကြောင်း တွေ့ရပေသည်။

ထို့အတူပင် ရှားရူး (၁၉၄၈) ၏ ဂေါလိလုံးလှိမ့် စမ်းသပ်မှုတွင်လည်း မည်သည့်အရောင်ရှိသော ဂေါလီလုံး ထွက်လာမည်ကို ကြိုတင်ခန့်မှန်းခိုင်းရာ တစ်နေ့လျှင် နှစ်ခါသာ ခန့်မှန်းစေသည့်အခါ ထူးကဲအာရုံသိမှုရမ္မတ် လွှန်စွာမြင့်မားကြောင်း တွေ့ရ၏။ သို့သော် ဆက်လက်၍ ထပ်ခါ ထပ်ခါ အကြိမ်များစွာ ခန့်မှန်းခိုင်းသောအခါ ထူးကဲအာရုံသိမှုရမ္မတ်သည် တဖြည်းဖြည်းလျော့နည်းသွားကြောင်း တွေ့ရသဖြင့် "စိတ်အခြေအနေ" သည် အရေးပါသော အတွင်းကိန်းရှင်ဖြစ်သည်ဟု သုတေသီတို့က သဘောတူညီခဲ့ကြ၏။

စမ်းသပ်မှုတစ်ခုတည်းတွင် စမ်းသပ်ခံတို့ အကြိုက်ချင်း မတူညီသော ပစ်မှတ်နှစ်ခု သို့မဟုတ် စစ်ဆေးအခြေအနေနှစ်ရပ်ကို သုံးစွဲသည့်အခါ စမ်းသပ်ခံတို့ ပိုမိုကြိုက်နှစ်သက်လိုလားသော ပစ်မှတ် သို့မဟုတ် အခြေအနေတွင် ထူးကဲအာရုံသိမှုရမ္မတ် ပိုမိုမြင့်မားကြောင်း တွေ့ရပေ၏။ ကေ အာ ရောင်း (၁၉၆၅)က ယင်းကဲ့သို့ အကြိုက်ချင်း မတူညီသည့် အခြေအနေတွင် မတူညီသော ထူးကဲအာရုံသိမှုရမ္မတ်တို့ ဖြစ်ပေါ်ပုံကို ထောက်ခံထားသည့် စမ်းသပ်မှု သာဓကအတော်များများကို စုစည်းတင်ပြခဲ့၏။ ရောင်းက ဂျေ ဘီ ရိုင်း၏ အဆိုအမိန့်များကို ကိုးကား၍ "အခြေအနေတစ်ရပ်ကို မကြိုက်မနှစ်သက်ခြင်းသည် ထူးကဲအာရုံသိမှုရမ္မတ်ကို လျော့ပါးစေ၍ ကြိုက်နှစ်သက်သည့် အခြေအနေအတွက် ရမ္မတ်တိုးပွားစေရန် အားဖြည့်ပေးသည်" ဟု ဆိုခဲ့၏။ သုတေသီအချို့ကမူ "ပိုမိုနှစ်သက်မှုဟူသည် ဓမ္မဓိဋ္ဌာန်ဖြစ်သော ပစ်မှတ်၏ သဘာဝနှင့် မပတ်သက်ဘဲ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်သော စမ်းသပ်ခံ၏ စေ့ဆော်မှု အခြေအနေနှင့်သာ သက်ဆိုင်သည်" ဟု ဝေဖန်ခဲ့ကြ၏။

ယေဘုယျအားဖြင့် ထူးကဲအာရုံသိမှုရမ္မတ် မြင့်မားရခြင်းမှာ ယာယီစိတ်နေ (Mood)နှင့် စိတ်ဓာတ်မြင့်မားမှုအပေါ် အခြေတည်ပြီး ရမ္မတ်နိမ့်ရခြင်းမှာမူ အဖျက်သဘောထားရှိခြင်းနှင့် လက်လျော့ နောက်ဆုတ်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပေ၏။

စိတ်ပိုင်းဆိုင်ရာကိန်းရှင်များနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ရာတွင် အခက်အခဲ သုံးခုရှိ၏။ ယင်းတို့မှာ (က) ယာယီစိတ်နေကို တိုက်ရိုက်တိုင်းတာရန် မဖြစ်နိုင်ခြင်း၊ (ခ) ထူးကဲအာရုံသိမှုအတွက် အထောက်အကူပြုသော ယာယီစိတ်နေမှာ စမ်းသပ်သူနှင့် စမ်းသပ်ခံတို့၏ သဘောထားပေါ်တွင် တည်ခြင်းနှင့် (ဂ) ထူးကဲအာရုံသိမှုနှင့်ပတ်သက်၍ ပုဂ္ဂိုလ်လိုက်ခြားနားမှု (Individual difference)ရှိခြင်း (အချို့စမ်းသပ်ခံတို့မှာ အခက်အခဲအတိုက်အခံ အခြေအနေတွင် ရမ္မတ်မြင့်မား၍ အချို့စမ်းသပ်ခံတို့မှာမူ သက်သောင့်သက်သာ အေးဆေးညင်သာ အခြေအနေတွင် ရမ္မတ်မြင့်မားခြင်း မျိုးဖြစ်သည်။) စသော အခက်အခဲများကြောင့် ရလဒ်တို့၏ သဘာဝမှာလည်း မတည်ငြိမ်ဘဲ ကိုးစားနိုင်မှု လျော့ပါးခဲ့ရပေသည်။

အင်ဒါဆင်နှင့် ဝိုက် (၁၉၅၇) တို့သည် စာသင်ခန်းတွင် ထူးကဲအာရုံသိခြင်းနှင့် ပတ်သက်သည့် စမ်းသပ်မှု အတော်များများ ပြုလုပ်ခဲ့၏။ ပစ်မှတ်အဖြစ် ကျပန်းစီစဉ်ထားသော ထူးကဲအာရုံသိမှု သင်္ကေတများကို သုံးစွဲ၏။ ယင်းတို့မှာ ကျပန်းနံပါတ်ငယ်းမှ ထုတ်နုတ်ထားသော နံပါတ်များဖြစ်၍ ယင်းတို့ကို ကတ်ထူ စာအိတ်ထဲတွင် ထည့်ထားပြီး တုံ့ပြန်အဖြေစာရွက်ကို စာအိတ်ပေါ်တွင် ကပ်ထား၏။ စမ်းသပ်သူအဖြစ်ဆောင်ရွက်မည့် အတန်းပိုင်ဆရာသည် ယင်းပစ်မှတ်စာရင်းကို လုံးဝမမြင်ဖူးပေ။ ထို့နောက် ဆရာတို့က ကျောင်းသားများအား အထက်ပါ ထူးကဲအာရုံသိမှုစစ်ဆေးလှာ ညွှန်ကြားချက်ပေး၍ တုံ့ပြန်စေ၏။ နောက်ဆုံးတွင် ဆရာ့အပေါ် ထားရှိသည့် ကျောင်းသားတို့၏ သဘောထား မေးခွန်းလှာကိုပေး၍ ဖြေဆိုစေ၏။ ထိုမေးခွန်းလှာတို့ကို ဆရာများ ကြည့်ရှုခွင့် မရှိပေ။ ထို့နောက် မည်သည့်ကျောင်းသားတို့ကို စံပြအတန်းတွင် ထားသင့်ကြောင်း ဆရာတို့၏ ဆန္ဒကို မေးမြန်း၏။

ထူးကဲအာရုံသိ စမ်းသပ်မှုတို့၏ ထပ်မံပြုလုပ်နိုင်မှု

ထူးကဲအာရုံသိ စမ်းသပ်မှုများအနက် ထပ်ကာ ထပ်ကာ ပြုလုပ်နိုင်၍ ဆင်တူသောရလဒ်များ ထွက်ပေါ်သည်ဟု ဆိုနိုင်လောက်သော စမ်းသပ်မှု မယ်မယ်ရရ မရှိပေ။ အဘယ်ကြောင့် ယင်းသို့ဖြစ်ရသည်ကို သုတေသီတို့ အတော်ပင် ဂရုတစိုက် လေ့လာခဲ့ကြ၏။ ထိုလေ့လာမှုများအရ ဖြစ်တန်ရာသောအကြောင်းသုံးရပ် ပေါ်ထွက်ခဲ့၏။ ယင်းတို့မှာ –

(က) သာမန် ဖြစ်ရိုးဖြစ်စဉ်ထက် ကျော်လွန်၍ ထူးခြားသည်ဟု ယူဆရသော ဖြစ်ရပ်တို့မှာ ကြုံကြိုက်တိုက်ဆိုင်မှု၊ မတော်တဆ မှားယွင်းမှုမှတ်မှုများကြောင့် ဖြစ်သည်ဟု ဆိုနိုင်ခြင်း။

(ခ) ထူးကဲအာရုံသိစမ်းရည် အပြုသဘောပေါ်ထွက်မည် သို့မဟုတ် အဖျက်သဘော ပေါ်ထွက်မည်ဟူသော ဖြစ်ရပ်ကို ပြဋ္ဌာန်းသည့် ကိန်းရှင်များကို ပြည့်စုံလုံလောက်စွာ မဖော်ထုတ်နိုင်သေးခြင်း၊ ယင်းသို့ မဖော်ထုတ်နိုင်သည့် အတွက် စနစ်တကျ ထိန်းချုပ်မှုကို မပြုနိုင်ဖြစ်ရာ ရလဒ်တို့မှာလည်း သုတေသနတစ်ခုနှင့် တစ်ခု ကွဲလွဲမှုများစွာ ရှိနေခြင်း။

(ဂ) ထူးကဲအာရုံသိ စမ်းသပ်မှုအခြေအနေများတွင် စမ်းသပ်သူ၏ အာခန်းကဏ္ဍသည် လွန်စွာ အရေးပါ၍ စမ်းသပ်သူ တက်ကြွ ကျွမ်းကျင်သည်နှင့်အမျှ ထူးကဲအာရုံသိမှုရမှတ် မြင့်မားတတ်၏။ သို့သော် မည်သည့် စမ်းသပ်သူမှ တစ်သမတ်တည်း တက်ကြွစိတ်ဝင်စားနေသည် မဟုတ်သည့်အလျောက် စမ်းသပ်သူ တစ်ဦးနှင့် တစ်ဦး မတူညီ၍ ရလဒ် ခြားနားမှု ရှိသကဲ့သို့ စမ်းသပ်သူ တစ်ဦးတည်းအဖို့ပင် စမ်းသပ်မှု တစ်ကြိမ်တွင် မတူညီခြင်းတို့ကြောင့် ဖြစ်နိုင်ပေသည်။

ဆိုက်ကို ကိုင်နက်ဆစ် (စိတ်စွမ်းအင်ဖြင့် လှုပ်ရှားစေခြင်း)

ဆိုက်ကိုကိုင်နက်ဆစ်ဟူသောအင်္ဂလိပ်ဝေါဟာရကို (PK) ဟု အတိုကောက်သုံးစွဲသကဲ့သို့ စိတ်စွမ်းအင်ဖြင့် လှုပ်ရှားစေခြင်းဟူသော မြန်မာဝေါဟာရကို အတိုကောက်အားဖြင့် "စိတ်စွမ်းအင်" ဟု ဆက်လက်သုံးစွဲသွားပါမည်။

ခေတ်သစ် စိတ်စွမ်းအင် စမ်းသပ်မှုများကို ကျော်ဝိုင်းက စတင်ပြုလုပ်ခဲ့၏။ လှုပ်ရှားနေသော အရာဝတ္ထုများကို တစ်စုံတစ်ဦး၏ စိတ်ဆန္ဒ၊ စိတ်စွမ်းအင်ဖြင့် ရပ်နားစေနိုင်ခြင်းရှိမရှိကို ထိန်းချုပ်စမ်းသပ်လေ့လာခြင်း ဖြစ်၏။ ပုံမှန်ဆောင်ရွက်စဉ်တွင် အန်စာတုံးတစ်တုံးကို လှိမ့်၍ လိုသော အပွင့်ပေါ်စေရန် စမ်းသပ်ခံအား စိတ်စွမ်းအားဖြင့်ပြုလုပ်စေခြင်းဖြစ်၏။ ဤစမ်းသပ်မှုမျိုးတွင် ရုပ်ပိုင်းဆိုင်ရာ ကိန်းရှင်ဖြစ်သော အန်စာတုံးနှင့် ပတ်သက်သည့် အချက်အလက်တို့ကို ထိန်းချုပ်ရန်လို၏။ ယင်းတို့မှာ အန်စာတုံးတွင်ပါဝင်သော "အပွင့်" တို့၏ ညီမျှသောဖြစ်နိုင်ခြေရှိမှု (Equal probability)၊ အန်စာတုံးလှိမ့်သည့် မျက်နှာပြင် ညီညာမှု၊ အန်စာတုံးလှိမ့်သူ၏ ကျွမ်းကျင်မှု စသည်တို့ ဖြစ်၏။ ယေဘုယျအားဖြင့်ကား လက်ဖြင့်မလှဲဘဲ စက်ဖြင့် လှဲခြင်းဖြင့် တစ်သမတ်တည်းတူညီသည့် အခြေအနေတွင် ထိန်းချုပ်ပြီး ဖြစ်သွားနိုင်၏။

ထူးကဲအာရုံသိ စမ်းသပ်မှုများမှာကဲ့သို့ပင် စုစုပေါင်း အမှန်ဦးရေအစား အမှန် / အမှား အဆင် (Pattern of success and failure) (အခြေအနေ တစ်ခုချင်းအလိုက် ခြားနားမှု) ကို မှီခိုကိန်းရှင်အဖြစ် အသုံးပြုတိုင်းတာ၏။ စိတ်စွမ်းအင် သုတေသနတွင် တွေ့ရသည်ကား စမ်းသပ်ခံ တစ်ဦးသည် အန်စာတုံးမည်သည့်အပွင့်ကျမည်ကို စိတ်စွမ်းအင်ဖြင့် ၂၄ ကြိမ်ပြုလုပ်ခဲ့သော် ပထမခြောက်ကြိမ်တွင် အမှန်များ၍ နောက်ဆုံး ခြောက်ကြိမ်တွင် အမှန်နည်းကြောင်း တွေ့ရ၏။ ယင်းကို တဖြည်းဖြည်း လျော့ပါးအကျိုးသက်ရောက်မှု (Regression Effect) ဟု ခေါ်၏။

ထူးကဲအာရုံသိမှု သုတေသနများတွင် ပစ်မှတ်အကြောင်း မသိသူက ရလဒ်ကောက်ယူသည်။ တစ်နည်းဆိုရသော် ပစ်မှတ်ကို မှတ်တမ်းတင်သူသည် စမ်းသပ်ခံက ပစ်မှတ်ကို မည်သို့တုံ့ပြန်မည်ကို မသိသူဖြစ်၏။ သို့သော် စိတ်စွမ်းအင် စမ်းသပ်မှုများတွင်ကား ရလဒ် ကောက်ယူသည့် စမ်းသပ်သူသည် စမ်းသပ်ခံက မည်သို့တုံ့ပြန်မည်ကို သိသူဖြစ်နေ၏။ ထို့ကြောင့် စမ်းသပ်သူ၏ တစ်ဖက်သတ် အစဲ၊ မှတ်တမ်းတင်သူတို့၏ အမှားတို့ကြောင့် သာမန်ဖြစ်နိုင်ခြေထက် ပိုလွန်သည့် အောင်မြင်မှုများ ရရှိခဲ့သည်ဟု ဝေဖန်သူအချို့ကဆို၏။ သို့သော် စမ်းသပ်သူ နှစ်ဦးက ရလဒ်တို့ကို တသီးတခြားစီ မှတ်တမ်းတင်ခဲ့သော် ပို၍ ခိုင်လုံတိကျနိုင်ပေသည်။

စမ်းသပ်မှုလေးခုတွင်မူ ပစ်မှတ်ဘာဖြစ်မည်ကို မသိသူတို့က ရလဒ်ကောက်ယူခဲ့ကြ၏။ တစ်နည်းဆိုသော် အန်စာတုံး၏ အပွင့်ခြောက်ပွင့်အနက် မည်သည့်အပွင့်ကျလျှင် မှန်သည်ဟူသောအချက်ကို ရလဒ်ကောက်ယူသူက မသိခြင်းဖြစ်၏။ ဤစမ်းသပ်မှု လေးခုအနက် နှစ်ခုတွင်

ပစ်မှတ်၏အစီအစဉ်ကို ကျပန်းသဘောဖြစ်စေ၍ စမ်းသပ်ခံတို့အား အသိမပေးဘဲထား၏။ ထို့နောက် စမ်းသပ်ခံတို့အား လည်နေသော အန်စာတုံးကို (သူမသိသော) ကြိုတင် သတ်မှတ်ထားသည့် အစီအစဉ်ပါ အပျင့်များအတိုင်း ကျအောင် စိတ်စွမ်းအင်ဖြင့်ပြုလုပ်စေ၏။ ထို့နောက် ရလဒ်ကောက်ယူသူက ယင်းတို့ကို အစီအစဉ်နှင့် တိုက်ဆိုင်၍ မှန်၊ မှား အမှတ်ပေးရန် စမ်းသပ်သူထံ တင်ပြ၏။ ရလဒ်တို့ကို စာရင်းအင်းသခ်ၤာနည်းဖြင့် စီစစ်ကြည့်ရာ ထူးခြားမှုအဆင့် (.၀၀၁) ဖြစ်သောကြောင့် စိတ်စွမ်းအင်အတွက် အထောက်အထား ခိုင်လုံသည်ဟု ဆိုရမည်ဖြစ်၏။

စိတ်စွမ်းအင်အောင်မြင်မှုနှင့် လှုပ်ရှားသည့်အရာဝတ္ထုတို့၏ အလေးချိန်နှင့် အကွာအဝေး ဆက်စပ်မှု ရှိမရှိဟူသော အချက်နှင့်ပတ်သက်၍မူ တိကျသောအဖြေမရှိပေ။ ဂျေဖာလာ (၁၉၅၉) သည် စမ်းသပ်ခံ ကိုးဦးတို့အား အကြိမ် ၆၀ စီ အန်စာတုံးပစ်ခိုင်းကာ "အကွာအဝေး" နှင့် ဆက်စပ်မှု ရှိမရှိ လေ့လာခဲ့၏။ ဤသို့ လေ့လာရာတွင် ထိန်းချုပ်မှု ကောင်းမွန်စေရန် စမ်းသပ်ခံတစ်ဦးလျှင် အန်စာတုံး ခြောက်တုံးပေး၍ ၁၀ ကြိမ်ပစ်ခိုင်းပြီး ငါးကြိမ်တွင် စားပွဲ၏လက်ယာဘက်ခြမ်းသို့ ကျစေရန်နှင့် ကျန်ငါးကြိမ်တွင် စားပွဲ၏ လက်ဝဲဘက်ခြမ်းသို့ ကျစေရန်သတ်မှတ်ညွှန်ကြားထား၏။ စမ်းသပ်ခံနှင့် စမ်းသပ်သူတို့သည် အန်စာတုံးလှိမ့်သည့်စားပွဲရှိရာ အခန်းနှင့် ၂၇ ကိုက်အကွာတွင် ရှိကြ၏။ အန်စာတုံးကိုလျှပ်စစ်ဓာတ်အားဖြင့်လှိမ့်၍ လိုရာအပျင့်ပေါ်စေရန် စမ်းသပ်ခံက စိတ်စွမ်းအင်ဖြင့် ပြုလုပ်၏။ ရလဒ်ကို မှတ်တမ်းတင်ရာတွင် မူလစမ်းသပ်သူ ဖာလာနှင့် အခြား တဲ့ဖက်စမ်းသပ်သူတစ်ဦးတို့က တသီးတခြားစီ မှတ်တမ်းတင်ကြ၏။ နှစ်ဦးစလုံးသည် ပစ်မှတ်မည်သို့ဖြစ်မည် (အန်စာတုံး မည်သည့်အပျင့်ပေါ်မည်)ကို သိရှိသူများဖြစ်ကြ၏။ ရလဒ်တို့ကို စာရင်းအင်းနည်းဖြင့် စီစစ်ကြည့်ရာ ထူးခြားမှုအဆင့် (.၀၀၁) တွင် ရှိကြောင်း တွေ့ရ၏။ အခြားစမ်းသပ်မှု တစ်ခုတွင်မူ စမ်းသပ်ခံ၊ စမ်းသပ်သူနှင့် အန်စာတုံးလှိမ့်သည့်စားပွဲတို့ကို တစ်ခန်းထဲတွင် အတူထားရှိသောအခါ ရလဒ်တို့ ပိုမိုကောင်းမွန်ကြောင်း တွေ့ရ၏။

အခြားသောစမ်းသပ်မှုများတွင် ပေါ်သောအန်စာတုံးနှင့် လေးသောအန်စာတုံးတို့ကို နှိုင်းယှဉ်ခြင်း၊ အန်စာတုံးတစ်ခုတည်းသုံးခြင်းနှင့် အန်စာတုံးအများ သုံးခြင်းတို့၏ နှိုင်းယှဉ်အကျိုးသက်ရောက်မှုကို လေ့လာခြင်း ပြုလုပ်ကြ၏။ ယေဘုယျအားဖြင့်မူ အန်စာတုံးတစ်တုံးတည်းကိုသာ သုံးစွဲခြင်းသည် စိတ်စွမ်းအင်ရမှတ်ကို နိမ့်စေ၏။ အချုပ်ဆိုရသော် စိတ်စွမ်းအင်ရမှတ်မြင့်ခြင်းသည် ရုပ်ပိုင်းကိန်းရှင်များနှင့် မသက်ဆိုင်ဘဲ စမ်းသပ်ခံ စိတ်ဝင်စားသည့် အခြေအနေတို့ကသာ ရမှတ်ကို မြင့်စေနိုင်သည်ဟု သုတေသီတို့ လက်ခံခဲ့ကြ၏။

စမ်းသပ်သူ တော်တော်များများက စိတ်လှုပ်ရှားခြင်းနှင့် ယှဉ်ပြိုင်လိုခြင်းတို့သည် စိတ်စွမ်းအင် အောင်မြင်မှုကို ဖြစ်ပေါ်စေ၍ ငြီးငွေ့ခြင်းသည် စိတ်စွမ်းအင် အောင်မြင်မှုကို လျော့ပါးစေသည်ဟု မကြာခဏ မှတ်ချက်ချခဲ့ကြ၏။ ၁၉၅၈ ခုနှစ်က ဗင်ဒီ ကာဆဲ (၁၉၅၈) ပြုလုပ်ခဲ့သော စူးစမ်းရှာဖွေ သုတေသနတွင် "စိတ် လွှတ် လပ် ခွင့် ပေးထားသူ" များသည် စိတ်ချုပ်တည်းသူများထက် စိတ်စွမ်းအင်ရမှတ်တွင် ပိုမိုမြင့်မားသည်ဟု ဆို၏။ ရော့ရှပ်မင်ကွက်စစ်ဆေးလှာပေး၍ "လွှတ်လပ်စွာပြုမူတတ်သူ" နှင့် "ဟန့်တားချုပ်တီးမှုများသူ" အုပ်စုနှစ်စုခွဲ၍ စိတ်စွမ်းအင်ရမှတ်ကို နှိုင်းယှဉ်ကြည့်ရာ လွှတ်လပ်စွာ ပြုမူတတ်သူတို့၏ စိတ်စွမ်းအင်ရမှတ်သည် သာမန်တိုက်ဆိုင်မှု ဖြစ်နိုင်ခြေထက် ပိုမိုမြင့်မား၍ ဟန့်တားချုပ်တီးမှုများသူတို့၏ စိတ်စွမ်းအင်ရမှတ်မှာမူ သာမန်တိုက်ဆိုင်မှု ဖြစ်နိုင်ခြေအောက် နိမ့်ပါးကြောင်း တွေ့ရ၏။ ဤစမ်းသပ်မှုမှအပ စိတ်စွမ်းအင်နှင့် ဆက်စပ်သည့် စိတ်ပိုင်းဆိုင်ရာ ကိန်းရှင်များကို လေ့လာသည့် အခြားစမ်းသပ်မှုများကို မတွေ့ရှိရပေ။

ဝေးနေစိတ်ချင်း ဆက်သွယ်မှု (တယ်လီပက်သီ)

ကြိုတင်သတ်မှတ်၍ ကျပန်းအစီအစဉ်ဖြင့် ပြုလုပ်ထားသော တစ်စုံတစ်ဦးက ထုတ်လွှင့်သည့်ပစ်မှတ်တို့ကို အာရုံသိရန် ကြိုးပမ်းရာ၌ ပစ်မှတ်သည် စိတ်ကူးစိတ်သန်းကြံစည်မှုများဖြစ်ခဲ့သော် ဝေးနေစိတ်ချင်း ဆက်သွယ်မှု (တယ်လီပက်သီ)ဟုခေါ်၍ ပစ်မှတ်သည် ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုများဖြစ်ခဲ့သော် ယင်းကို "အမြင်ပေါက်ခြင်း" ဟုခေါ်၏။ ဝေးနေစိတ်ချင်း ဆက်သွယ်မှုသန့်သန့်ကို စနစ်တကျ လေ့လာထားသော သုတေသနအတော်များများရှိ၏။ မက်မဟန် (၁၉၄၆) သည် အခြားသူများ မသုံးစွဲဖူးသေးသော သင်္ကေတ စကားဝှက်တို့ကိုသုံးစွဲ၍ ကျပန်းနံပါတ်ဇယားမှ နံပါတ်တို့၏အစီအစဉ်ကို ထူးကဲအာရုံသိမှု သင်္ကေတများအဖြစ် ပြောင်းလဲလိုက်၏။ ထို့နောက် စမ်းသပ်ခံများအား ယင်းသင်္ကေတတို့ကို ထုတ်ဖော်စေသောအခါ အောင်မြင်မှုရလဒ်သည် သာမန်ဖြစ်နိုင်ခြေထက် သိသာစွာ ပိုလွန်ကြောင်းတွေ့ရ၏။ ဤစမ်းသပ်မှုနှင့် ပတ်သက်၍ အချို့ပညာရှင်တို့က ထူးကဲအာရုံသိမှု သင်္ကေတများကို အမြင်ပေါက်ခြင်းလော၊ စမ်းသပ်သူ၏ စိတ်မှတစ်ဆင့် "အတွေးသဘော" ရရှိခြင်းလောဟု စစ်ကြောဝေဖန်ခဲ့ကြ၏။ တစ်နည်းဆိုရသော် "အမြင်ပေါက်ခြင်းလော" "စိတ်ချင်းဆက်သွယ်ခြင်းလော" ဟူသော ဝိဝါဒပင်ဖြစ်၏။ သိပ္ပံ

ရှုထောင့်မှမူ အမြင်ပေါက်ခြင်းနှင့် စိတ်ချင်းဆက်သွယ်မှုတို့ကို ခွဲခြားရန် ကြိုးပမ်းခြင်းသည် အဓိပ္ပာယ်မရှိဟု ဆိုကြ၏။

သာမန်အားဖြင့်ကား စိတ်ချင်းဆက်သွယ်တုံ့ပြန်မှုနှင့် ပတ်သက်၍ အတော်အတန်လုံလောက်သော အထောက်အထားတို့ရှိ၏။ အရေအတွက် နည်း (Quantitative methods)ကို သုံးစွဲသော လက်ရှိ အိပ်မက်သုတေသနများသည် စိတ်ချင်းဆက်သွယ်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စစ်ဆေးရန်နှင့် ကိန်းရှင်များကို ကိုင်တွယ် ပြုပြင်ရန်နည်းလမ်းတို့ကို ပေးနိုင်ကြောင်း အူးလမင်း (၁၉၆၆) နှင့် အဖွဲ့ ပြုလုပ်ထားသည့် စမ်းသပ်မှုများက ညွှန်းဆိုလျက်ရှိပေသည်။ ဤစမ်းသပ်မှုများတွင် သုံးစွဲသည့် ပစ်မှတ်တို့မှာ ရုပ်ပုံကားများကို ပြန်လည်ဖော်ထုတ်ခြင်း (Reproduction)ဖြစ်ပေ၏။ စမ်းသပ်မှုနှင့်လုံးဝမပတ်သက်သူတစ်ဦးက ပြင်ပမှ လုံးဝမမြင်ရသော စာအိတ်ထူထဲသို့ ထိုရုပ်ပုံကားများကို ထည့်သွင်း၏။ စမ်းသပ်ခံ အိပ်ပျော်သည့်အခါတွင် မှတ်တမ်းတင်တိုင်းတာနိုင်ရန် မျက်စိသူငယ်အိမ် အမြန်လှုပ်ရှားမှု (Rapid Eye Movement) တိုင်းကိရိယာနှင့် ဦးနှောက်လျှပ်စစ်လှိုင်းတိုင်း ကိရိယာများတပ်ဆင်ထား၏။ထို့နောက် စိတ်ချင်းဆက်သွယ်မည့်ပုဂ္ဂိုလ်အား အခန်းတစ်ခန်းထဲတွင်ထား၍ ရုပ်ပုံပါ စာအိတ်များပေး၏။ စမ်းသပ်ခံအိပ်ပျော်သွားသည့် သတ်မှတ်ချိန်တွင် စိတ်ချင်းဆက်သွယ်မည့် ပုဂ္ဂိုလ်သည် စာအိတ်များထဲမှ စာအိတ်တစ်အိတ်ကို ရွေးချယ်ကာ အတွင်းမှရုပ်ပုံကိုကြည့်၍ ရုပ်ပုံပါ အကြောင်းအရာများကို အခြားခန်းတစ်ခုတွင် အိပ်ပျော်နေသော စမ်းသပ်ခံအား စိတ်ဖြင့်ပြောပြကာ အိပ်မက် မက်စေ၏။ စမ်းသပ်ခံ၏ မျက်စိသူငယ်အိမ် လှုပ်ရှားမှုနှင့် ဦးနှောက်လျှပ်စစ် လှိုင်းတို့က အိပ်မက်မက်နေကြောင်း ဖော်ပြသည့် အချိန်အနည်းငယ်အကြာတွင် စမ်းသပ်သူက စမ်းသပ်ခံအား အိပ်ရာမှနှိုးပြီး အိပ်မက်အကြောင်း ပြောစေ၏။ စမ်းသပ်ခံ ပြောသမျှ အသံဖမ်းစက်ဖြင့် ဖမ်းထား၏။ နောက်တစ်နေ့ နံနက်တွင်လည်း စမ်းသပ်ခံ ပြောသမျှ ပြောစေရန် ခွင့်ပြု၍ မှတ်တမ်းယူထား၏။ ပြုရိုးပြုစဉ် စမ်းသပ်မှုတို့တွင် အကြိမ်ပေါင်း ၁၂ကြိမ်ပြုလုပ်၍ တစ်ကြိမ်လျှင် ရုပ်ပုံတစ်ခုစီနှင့် စမ်းသပ်ခံတစ်ဦးစီ သုံးစွဲ၏။ စမ်းသပ်ခံ၊ စမ်းသပ်သူနှင့် စိတ်ချင်းဆက်သွယ်သူ (အိပ်မက်စေလွှတ်သူ) တို့ တစ်ဦးနှင့်တစ်ဦး မည်သည့် ရုပ်ပိုင်းဆက်သွယ်မှုမျိုးမှ မရှိအောင် ထိန်းချုပ်ထား၏။ ရုပ်ပုံပါ အကြောင်းအရာများနှင့် စမ်းသပ်ခံတို့ ပြောသည့် အကြောင်းအရာတို့ မည်ရွေမည်မျှ ကိုက်ညီကြောင်းကို အကဲဖြတ်နည်း (Rating) အဆင့်ခွဲနည်း (Ranking) တို့ သုံးစွဲမှတ်တမ်းတင်၏။

သုတေသနရလဒ်တို့ကို စိစစ်ကြည့်သည့်အခါ စမ်းသပ်မှုတွင် ဆက်လက်ပါဝင်ချင်အောင် စိတ်ဝင်စားမှုရှိသည့် ပုဂ္ဂိုလ်များသည် အောင်မြင်မှုရမှတ် မြင့်မားကြောင်း တွေ့ရ၏။ ထူးခြားစွာအောင်မြင်သော ပုဂ္ဂိုလ်တစ်ဦးမှာ ခုနစ်ညတိုင်တိုင် အိပ်မက်စမ်းသပ်မှုတွင် ပါဝင်ခဲ့ပြီး လွှန်စွာ ရမှတ်မြင့်မားကြောင်း တွေ့ရ၏။ အိပ်မက်တွင် အရောင်စုံမြင်သူတို့သည် ဝေးနေစိတ်ချင်း ဆက်သွယ်မှုစွမ်းရည် မြင့်မားကြောင်း ရလဒ်အချို့က ညွှန်ပြနေသည်မှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။

အီး ဒီ ဒီးန် (၁၉၆၄) သည် သူ၏ ဝေးနေစိတ်ချင်းဆက်သွယ်မှုနှင့် ထူးကဲအာရုံသိမှု သုတေသနများတွင် မျက်စိသူငယ်အိမ် အမြန်လှုပ်ရှားမှုနှင့် ဦးနှောက်လျှပ်စစ်လှိုင်းတို့ကို မှီခိုကိန်းရှင်အဖြစ်ထားကာ စမ်းသပ်မှုပြုခဲ့၏။ မျက်စိသူငယ်အိမ် လျင်မြန်လှုပ်ရှားမှုနှင့် ဦးနှောက်လျှပ်စစ်လှိုင်းတို့က စမ်းသပ်ခံ "အိပ်မက်" မက်နေပြီဟု ညွှန်ပြသောအချိန်တွင် စမ်းသပ်သူသည် အလျားလိုက် ဖွဲ့စည်းထားသော ရုပ်ပုံကားချပ် သို့မဟုတ် မည်သည့်အရာမျှ ရေးဆွဲထားခြင်းမရှိသော ဗလာကားချပ်တစ်ခုကို ကြည့်ရှု၏။ ဤကားချပ်များမှာ ပစ်မှတ်များဖြစ်၍ ကျပန်းသဘော ကြိုတင်စီစဉ်ထား၏။ တွေ့ရှိချက်ကား စမ်းသပ်သူသည် ဗလာကားချပ်ကို ကြည့်သည့်အခါထက် အလျားလိုက် ဖွဲ့စည်းထားသော ရုပ်ပုံကားချပ်ကို ကြည့်ရှုသည့်အခါတွင် မျက်စိသူငယ်အိမ် လျင်မြန်လှုပ်ရှားမှုသည် အလျားလိုက်ဖြစ်ပေါ်မှု များကြောင်းတွေ့ရ၏။ သို့သော် ဤစမ်းသပ်မှုမျိုး အခြားသုတေသီတို့ ထပ်မံပြုလုပ်ကြောင်း မကြားသိရပေ။

အမြင်အာရုံပေါက်ခြင်း

စမ်းသပ်ခံတစ်ဦးသည် မည်သူတစ်စုံတစ်ယောက်မျှမသိသေးသော "ပစ်မှတ်" အကြောင်း ပြောဆိုနိုင်ပါက ယင်းကို "အမြင်အာရုံပေါက်သည်" ဟု ဆိုနိုင်၏။ သို့သော် ယင်းပစ်မှတ်ကို တစ်စုံတစ်ဦးက သိပြီးဖြစ်ပါမူ "နိမိတ်မြင် စိတ်ချင်းဆက်သွယ်မှု" (Pre-cogntive Telepathy) ဟု ခေါ်ရမည်ဖြစ်၏။

ရှမိုက်ဒလား (၁၉၆၄) ၏ စမ်းသပ်မှုတစ်ခုတွင် ကောလိပ်ကျောင်းသားများကို စမ်းသပ်ခံအဖြစ် သုံးစွဲ၍ ကျပန်းနံပါတ်များကို ကွန်ပျူတာစက်ဖြင့် ထုတ်ယူကာ ပစ်မှတ်အဖြစ် အသုံးပြု၏။ ထို့နောက် စမ်းသပ်ခံတို့၏ ဖြေဆိုချက်များကိုလည်း ကွန်ပျူတာစက်ကပင် မှန်/မှား ဆုံးဖြတ်ကာ မှတ်တမ်းတင်၏။ ထို့ကြောင့် ဤစမ်းသပ်မှု

သည် အမြင်အာရုံပေါက်ခြင်းသက်သက်ကိုသာ တိုင်းတာသည်ဟု ဆိုနိုင်၏။ ဤစမ်းသပ်မှုတွင် ပစ်မှတ်ကိုထိသည့် အောင်မြင်မှုဦးရေမှာ သာမန်ဖြစ်နိုင်ခြေထက် သိသာထင်ရှားစွာ ပိုလွန်ကြောင်း တွေ့ရ၏။ စာရင်းအင်းသခ်ျာနည်းအရ ထူးခြားမှုအဆင့်မှာ (.၀၀၁) ဖြစ်ပေသည်။

နိမိတ်မြင်ခြင်း

ကျပန်းသဘောမျိုး စီစဉ်ထားသော ပစ်မှတ်တို့ကို မရွေးချယ်မီသိရှိခြင်းသည် နိမိတ်မြင်ခြင်း(Precognition) ဟု ဆိုနိုင်၏။ သို့သော် "ရွေးချယ်မှု"ကို စိတ်စွမ်းအင်ကလည်း လွှမ်းမိုးနိုင်သည်ဟု ဆိုကြပြန်၏။ ထို့ကြောင့် နိမိတ်မြင်စမ်းသပ်မှုတွင် "ပစ်မှတ်"များကို မည်သို့မည်ပုံ ရွေးချယ်ကြောင်း သိထားရန်လို၏။ ထို့ကြောင့် ၁၉၅၉ မှ ၁၉၆၄ ခုနှစ်အတွင်း ထုတ်ဝေသော စိတ်နယ်လွှန်ပညာဂျာနယ်မှ နိမိတ်မြင်ခြင်းနှင့် ပတ်သက်သည့် စမ်းသပ်မှုကိုးခုကို ရွေးထုတ်တင်ပြမည် ဖြစ်၏။ စမ်းသပ်မှုနှစ်ခုတွင် ကွန်ပျူတာဖြင့် တွက်ချက် ရွေးချယ်ထားသော နံပါတ်များပါဝင်၏။ စမ်းသပ်မှုတစ်ခုတွင် ဒေါ်ကျုံး စတော့ရှယ်ရာများ၏ ပျမ်းမျှကိုတွက်၍ ကျပန်းနံပါတ်ဇယားနှင့် ညီကာ ပစ်မှတ်အဖြစ် အသုံးပြု၏။ ကျန်စမ်းသပ်မှုခြောက်ခုတွင် ကျပန်းနံပါတ်ဇယား အစီအစဉ်အတိုင်း အန်စာတုံးပစ်ခြင်း၊ ခေါင်းပန်း လှန်ခြင်းတို့ ပါဝင်၏။ အများဆုံးအသုံးပြုသည့် ဆောင်ရွက်စဉ်ကား အပွင့် ၁၀ ပွင့်ပါသော အန်စာတုံးကိုကြိုတင်စီစဉ်တွက်ချက်ထားသော ကျပန်းအစီအစဉ်အတိုင်းကျအောင် ပြုလုပ်ခြင်းဖြစ်၏။

နိမိတ်မြင်ခြင်းနှင့် ပတ်သက်သည့် စိတ်ပိုင်းဆိုင်ရာ ကိန်းရှင်များအကြောင်း နွိုင်းယှဉ်လေ့လာမှု နည်းပါးသေး၏။ စမ်းသပ်မှု အထောက်အထားများအရသော် ယာယီစိတ်အခြေအနေနှင့် သဘောထားတို့သည် နိမိတ်မြင်ခြင်းကို အရေးပါစွာ လွှမ်းမိုးသည်ဟု ဆိုနိုင်၏။ ထို့အပြင် တွေ့ရှိရသည့် အထောက်အထားများအရ နိမိတ်မြင်ခြင်းသည် နိုးကြားနေသည့်အချိန်ထက် အိပ်မက်မက်နေသည့် အချိန်တွင် ပိုမိုဖြစ်ပေါ်ကြောင်း၊ သို့သော် အမြင်ပေါက်ခြင်းနှင့် စိတ်ချင်း ဆက်သွယ်မှုတို့မှာ အိပ်မက် မက်နေစဉ်ထက် နိုးကြားသည့် အချိန်တွင် ပိုမိုတက်ကြွ ဖြစ်ပေါ်ကြောင်း တွေ့ရပေ၏။

သေပြီးနောက် ဝိညာဉ်ဆက်ခြင်း

သေပြီးနောက် ဝိညာဉ် ဆက်လက် တည်ရှိနေသည်ဟူသော အယူအဆနှင့် ပတ်သက်၍ ရလဒ်ကောက်ယူရန် မလွယ်ကူသကဲ့သို့ သေပြီးနောက် မည်သို့ဖြစ်ပျက်သည်နှင့် ပတ်သက်၍လည်း စမ်းသပ်မှုပြုရန် မဖြစ်နိုင်ပေ။ သို့သော် သုတေသီအချို့ကမူ သေပြီးနောက် တစ်စုံတစ်ရာ ဖြစ်သလော ဟူသော တွေးဆချက်ကို ဖော်ထုတ်ခံရန် သို့မဟုတ် ချေဖျက်ရန်အတွက် သုတေသန ပြုလုပ်နိုင်သည့် နည်းလမ်းအချို့ကို တင်ပြခဲ့၏။ သေပြီးနောက် ဝိညာဉ် ဆက်လက် လှုပ်ရှား ဖြစ်ပေါ်နေသည် ဟူသော တွေးဆချက်နှင့်ပတ်သက်၍ အထောက်အကူ ပြုနိုင်သော လမ်းစဉ်ငါးရပ်ကို အောက်တွင် အကျဉ်းချုံး ဖော်ပြမည် ဖြစ်၏။

(က) လိုလျောက်ဖြစ်ရပ်များ

သေသူ၏ဝိညာဉ်က အသက်ရှိသူ တစ်စုံတစ်ဦးမျှ မသိသေးသော သတင်း အချက်အလက်များကို တစ်ခါတစ်ရံ ပေးတတ်သည် ဟူသောအချက်မှာ အထောက်အထား ရှိကြောင်း တွေ့ရ၏။ ထင်ရှားသည့် ဖြစ်ရပ်တစ်ခုကား ၁၉၂၁ ခုနှစ်က အင်္ဂလန်ပြည်တွင် လယ်သမားတစ်ဦး ဖြစ်သူ ချပ်ဖင် ကွယ်လွန်ခဲ့ရာ သူ၏သေတမ်းစာတွင် သူအမွေအနှစ် အတော်များများကို သားလေးယောက် အနက် တတိယမြောက် သားကို ပေးရန် သေတမ်းစာ ရေးခဲ့၏။ ၁၉၂၅ ခုနှစ်တွင် အမွေမရသူ သားသုံးယောက် အနက် တစ်ဦးသည် ဖခင်အား အိပ်မက်မက်၏။ ယင်း အိပ်မက်ထဲတွင် ဖခင် ချပ်ဖင်သည် ကုတ်အင်္ကျီဟောင်း တစ်ထည် ငှေ်ဆင်ထားပြီး ဤကုတ်အင်္ကျီအိတ်ထဲတွင် ငါ၏သေတမ်းစာအသစ် ရှိသည်ဟုပြော၏။ နောက်တစ်နေ့တွင် ရှာဖွေသောအခါ ယင်းကုတ်အင်္ကျီအဟောင်းကို တွေ့၍ ထပ်မံ၍ ချုပ်ရိုးများဖြေပြီး စစ်ဆေးကြည့်ရာ ကုတ်အင်္ကျီအတွင်းသားတွင် ထည့်သွင်းပြန်ချုပ်ထားသော သေတမ်းစာအသစ်ကို တွေ့ရ၏။ ယင်းသေတမ်းစာမှာ ဖခင်ကိုယ်တိုင် လက်ရေးနှင့် ရေးသားထားသောကြောင့် တရားဝင်ပေသည်။

ဤဖြစ်ရပ်နှင့်ပတ်သက်၍ ရှင်းလင်းချက်သုံးမျိုး ပေါ်ထွက်လာသည်။ (က) ဖခင်၏ ဝိညာဉ်သည် သေပြီးသည့်နောက် အခြားဘဝသို့ ကူးပြောင်းခြင်းမရှိဘဲ သားဖြစ်သူကို အိပ်မက်ပေးသည်။ (ခ) သေတမ်းစာကုတ်အင်္ကျီထဲတွင် ထည့်ချုပ်ထား ကြောင်း အမြင်အာရုံပေါက်၍ သိသည်။ (ဂ) သားဖြစ်သူသည် သေတမ်းစာအသစ် ကုတ်အင်္ကျီထဲတွင် ထည့်ချုပ်ထားမှန်း သိလျက်နှင့် အတန်ကြာ မျိုသိပ်ဖုံးဖိထားပြီးမှ လူအများ စိတ်ဝင်စားစေရန် အိပ်မက်တွင် မြင်မက်ကြောင်း ပြောဆိုသည်ဟူ၍ဖြစ်၏။

ထူးကဲ အာရုံသိမှုကြောင့် ဖြစ်သည်၊ စိတ်စွမ်းအင်ကြောင့် ဖြစ်သည်၊ မှတ်ဉာဏ်ကို ဖိနှိပ်ထားမှုကြောင့် ဖြစ်သည်ဟူသော တန်ပြန် တွေးဆချက်နှင့် ပတ်သက်၍ မဖြစ်နိုင်ဟု မည်သူမျှ မငြင်းနိုင်ပေ။ ယင်း တန်ပြန် တွေးဆချက်များသည် "ဓသူ၏ ဝိညာဉ်ကပြောသည်" ဟူသော တွေးဆချက်ထက် ပိုမိုယုတ္တိတန်၏။ ထူးကဲအာရုံသိမှုနှင့် စိတ်စွမ်းအင်တို့ကြောင့် ဖြစ်သည်မဟုတ် ဟူ၍ လုံလောက်သော အထောက်အထားတို့ မတင်ပြနိုင်သမျှ ကာလပတ်လုံး သေသူဝိညာဉ်တစ်ခုတည်းက စေ့ဆော်သည်ဟူသော အဆိုကို သုတေသီတို့ အလွယ်တကူ လက်ခံကြမည် မဟုတ်ပေ။

(ခ) ဝိညာဉ်ပူးကပ်ခြင်း

ဝိညာဉ်ပူးကပ်ခြင်းဆိုသည်မှာ နာဂိဝင်သည်ဟဲ့သို့သော ပုဂ္ဂိုလ်များက သေဆုံးသူတို့၏ ဝိညာဉ်နှင့် စကားပြောဆို ဆက်သွယ်နိုင်ကြသည်ဟူသော အယူအဆဖြစ်၏။ ယင်းကို စုံစမ်းပကျွေးလှောရန်အတွက် သေဆုံးသူနှင့်ဆွေမျိုးနီးစပ်သူများအစား ကြားနေပုဂ္ဂိုလ်တစ်ဦးထား၍ မေးမြန်းမှုသော မပွမိဌာန်ကျသော အဖြေများရရှိနိုင်မည်ဟု အခြေခံယူဆထား၏။ ထို့ကြောင့် စမ်းသပ်သူက ကြားခံပုဂ္ဂိုလ်မှ ဘစ်ဆင့် ဝိညာဉ်ပူးကပ်သူနှင့် တွေ့ဆုံ၍ သတင်းအချက်အလက်တို့ကို ကောက်ယူ၏။ ထို့နောက် စမ်းသပ်သူက သတင်းအချက်အလက်တို့ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်ထံ ပေးပြီးနောက် သက်ဝေတမျာအဖြစ် ပြောင်းလဲကာ မှန် မမှန် စာရင်းအင်းနည်းဖြင့် စစ်ဆေးကြည့်၏။ ခေတ်သစ် သုတေသနများတွင် ကြားခံပုဂ္ဂိုလ်တစ်ဦးဝယ်လျှင် ဝိညာဉ်ပေါင်းများစွာထံမှ ရရှိသည်ဆိုသော "ဝိညာဉ်ပူးကပ်သူ"၏ပြောကြားချက်များကို မှတ်သားကာ သက်ဆိုင်ရာပုဂ္ဂိုလ်များထံ စမ်းသပ်သူမှတစ်ဆင့် ပေးပို့ခြင်းကြောင့် ထိန်းချုပ်မှုပြတ်သားကောင်းမွန်သည်ဟု ဆိုနိုင်၏။

ရှေးဦးလေ့လာမှုများတွင်မူ ကြားခံပုဂ္ဂိုလ်ကို မသုံးစွဲခဲ့သော်လည်း ရလဒ်တို့မှာမူ အံ့သြဖွယ် ကောင်းလောက်အောင် ခိုင်လုံကြောင်း တွေ့ရပေသည်။ ဥပမာ – ၁၉၃၅ ခုနှစ်လောက်က သေမတ် ဆိုသူသည် လူစိမ်းတစ်ဦးထံမှ စာတစ်စောင် ရခဲ့သည်။ ယင်းစာတွင် မကြာမီက သေဆုံးခဲ့သော သေမတ်၏ မြေးဖြစ်သူ ဘော်ဘီ၏ ဝိညာဉ်နှင့်ဆက်သွယ်ပါဟု တိုက်တွန်းထား၏။ သေမတ်သည် ဝိညာဉ်ပူးကပ်သူမှတစ်ဆင့် မြေးဖြစ်သူ၏ဝိညာဉ်နှင့် ၁၁ ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ရာ ကွယ်လွန်သူ၏ ကလေးကစားစရာများ၊ အပြုအမူစရိုက်လက္ခဏာများနှင့်ပတ်သက်သည့် အကြောင်းအရာတို့မှာ မှန်ကန်ကြောင်း တွေ့ရ၏။ သို့သော် ဤဖြစ်ရပ်တွင် ကြားခံပုဂ္ဂိုလ်မရှိဘဲ ဝိညာဉ်ပူးကပ်သူနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်တို့ တိုက်ရိုက်တွေ့ဆုံသည်ဖြစ်ရာ သက်ဆိုင်ရာပုဂ္ဂိုလ်၏ အမူအရာကို ကြည့်၍လည်း ဝိညာဉ်ပူးကပ်သူအဖို့ အခြေအနေနှင့် လိုက်လျောညီထွေသော အဖြေများ ပေးနိုင်တန်ရာသည်ဟု ဝေဖန်သူတို့က ဆိုခဲ့ကြ၏။

ဤတွင် စိတ်ဝင်စားဖွယ်ကောင်းသည့် အချက် တစ်ချက်ကား သက်ရှိထင်ရှားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ မသိသေးသော အချက်တစ်ချက်ကို သိလာရခြင်းဖြစ်၏။ အဘိုးဖြစ်သူက ဘော်ဘီ ဘာကြောင့်သေဆုံးရသနည်းဟု ဝိညာဉ် ပူးကပ်သူကို မေးရာ တောင်ကုန်းတစ်ခု အနီးရှိ ရေပိုက်မှ ရေကိုသောက်မိ၍ အဆိပ်သင့်ပြီးသေဆုံးရသည်ဟု ဝိညာဉ်ကဖြေ၏။ ထို့ကြောင့် အနီးတစ်ဝိုက်ရှိနေရာများကို စုံစမ်းရှာဖွေသောအခါ ဝိညာဉ်ပူးကပ်သူ ပြောဆိုသည့် အချက်တို့နှင့် ကိုက်ညီသော တောင်ကုန်းတစ်ခုကို တွေ့ရ၏။ ထိုနေရာတွင် စမ်းချောင်းမှ ရေကို သွယ်ယူထားသော ရေပိုက်လိုင်းများလည်း ရှိပေသည်။ ဘော်ဘီ၏ သူငယ်ချင်းများကလည်း ထိုနေရာတစ်ဝိုက်တွင် ဘော်ဘီနှင့်အတူ မိမိတို့ကစားလေ့ရှိကြောင်း ပြောကြ၏။ ဤတွင် အဘိုးဖြစ်သူသည် ရေပိုက်မှရေကို နမူနာယူ၍ ကျန်းမာရေးဌာနရှိတို့ထံ ပေးပို့စစ်ဆေးကြည့်ရာ ထိုရေတွင် ဓာတုပိုးမွှားများ ပါဝင် နေ၍ သောက် သုံး ရန် မသင့်ကြောင်း တွေ့ရှိရ၏။ ဖြစ်ရပ်တွင် အဘိုးဖြစ်သူ သိသော အချက် (ဘော်ဘီသေဆုံးသည့်အချက်)၊ အဘိုးဖြစ်သူ မသိသော်လည်း ဘော်ဘီ၏ သူငယ်ချင်းများ သိသော အချက် (ဘော်ဘီ ကစားသည့် တောင်ကုန်းနေရာနှင့် စမ်းရေအိုင်များ) နှင့် မည်သူမျှ မသိသော အချက် (စမ်းရေအိုင်မှ သွယ်ယူထားသော ရေတွင် အဆိပ်ဖြစ်ပိုးမွှားများ ရှိနေခြင်း) တို့ ပေါင်းစပ် ပါဝင်နေပေသည်။ ဤဖြစ်ရပ်ကို ဝေးနေစိတ်ချင်း ဆက်သွယ်မှု ဟုလည်းကောင်း၊ အမြင်ပေါက်ခြင်းဟုလည်းကောင်း ခေါ်နိုင်သကဲ့သို့ တိုက်ဆိုင်မှုတစ်ခုသာဟုလည်း ယူဆနိုင်၏။ သို့သော် သေမတ်ကမူ ဘော်ဘီဝိညာဉ်၏ ပြောပြချက်တို့ကို ကွယ်လွန်ပြီဖြစ်သော ဖခင်နှင့်ဒေါ်မတို့၏ ဝိညာဉ်များက ဝိညာဉ်ပူးကပ်သူမှတစ်ဆင့် မိမိအား အသိပေးခြင်း ဖြစ်နိုင်သည်ဟု ယုံကြည်ကြောင်း တွေ့ရ၏။

(ဂ) ဝိညာဉ်က ဆက်သွယ်ပြောဆိုခြင်း

စိတ်စွမ်းအင် သုတေသနအသင်းကြီးမှ ထင်ရှားသော အသင်းဝင်တစ်ဦး ကွယ်လွန်ပြီးနောက် အချိန်အနည်းငယ်ကြာလျှင် အိန္ဒိယ၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံ အသီးသီးတွင် ရှိနေကြသော ဝိညာဉ်ပူးကပ်သူများထံ ကွယ်လွန်သူ တို့က ပူးကပ် ဝင်ရောက်ပြီး စာရေးသားပြခြင်း၊

အမှာစကားပြောကြားခြင်းတို့ပြုလုပ်ကြောင်း အထောက်အထားများစွာရှိခဲ့၏။ တစ်ခါတစ်ရံ ဝိညာဉ် တစ်ခုတည်းကပင် နှစ်နေရာ၊ သုံးနေရာတို့၌ ပူးကပ်၍ အမှာစကားများ ပြောကြားခဲ့ကြောင်း ဇတ္တရ၏။ အခြို ဝေဖန်သူများကမူ ယင်းဖြစ်ရပ်တို့မှာ တိုက်ဆိုင်မှုကြောင့်လည်းကောင်း၊ အမြင်ပေါက်ခြင်း၊ ဝေးနေစိတ်ချင်း ဆက်သွယ်မှုတို့ကြောင့်လည်းကောင်း ဖြစ်နိုင်သည်ဟု ဆိုကြကုန်၏။

(ဃ) ဝိညာဉ်(လိပ်ပြာ)တို့၏တူညီမှု

လူသေပြီးသည့် နောက်တွင် ဝိညာဉ်များ ရှင်သန်လှုပ်ရှားမှုရှိနေသည်ဟူသောအချက်နှင့်ပတ်သက်၍လူမှုရေးပညာရှင် ဟတ် (၁၉၅၆) စုဆောင်း တင်ပြသော စာချင်းဇယားတို့မှာလည်း စိတ်ဝင်စားဖွယ်ကောင်း၏။ တွေ့မြင်ရသူတို့အား ထိုသူတို့ မသိသေးသည့် အကြောင်းရပ်များကို ဝိညာဉ်တို့က ပြောဆိုသွားကြောင်းကိုလည်း မကြာခဏ ကြားသိရ၏။ တစ်ခါတစ်ရံတွင် အခြားဝေးရပ်နေ သက်ရှိထင်ရှားပုဂ္ဂိုလ်များ၏ ဝိညာဉ်တို့ကိုလည်း တွေ့မြင်ရသည်ဟု ဆိုသူတို့က ဆိုကြပြန်၏။ (သို့သော် နောက်ပိုင်းတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား မေးမြန်း ကြည့်သည့်အခါ ထိုအချိန်က မိမိတို့၏ ဝိညာဉ်ကို မြင်သည်ဆိုသော ပုဂ္ဂိုလ်များ အကြောင်း စဉ်းစားတွေးတောနေခြင်း မရှိပါဟု ဖြေဆိုကြသည်။)

တစ်ခါတစ်ရံတွင် သေဆုံးသူ၏ ဝိညာဉ်ကို တွေ့ခဲ့ရသည်၊ စကားပြောဆိုခဲ့ရသည် ဧသော ပြောဆိုချက်များလည်း ရှိတတ်၏။ ဟတ်သည် ယင်းသို့သော ဖြစ်ရပ်ပေါင်း ၁၄၅ ခုကို စုဆောင်းတင်ပြခဲ့ရာ သတ်မှတ်စံငါးရပ်အပေါ် အခြေခံ၍ "မှန်ကန်ကောင်းမွန်သည်" ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။ ယင်းသတ်မှတ်စံ ငါးရပ်မှာ (က) သာမက၏ အသေးစိတ်အချက်အလက်များကို အတည်ပြုချက်မရမီ ရေးသားမှတ်တမ်းတင်ခြင်း၊ အသံဖမ်းစက်ဖြင့် ဖမ်းယူထားခြင်း၊ (ခ) နောက်ပိုင်းတွင် အတည်ပြုချက်ရယူခြင်း၊ (ဂ) အရည်အချင်းပြည့်ဝသူ အလေ့အကျင့်ရှိပြီးသူ သုတေသီများက စနစ်တကျ ရလဒ် ကောက်ယူခြင်း၊ (ဃ) သက်သေအထောက်အထားနှင့်ထွက်ဆိုချက်အပြည့်အစုံတို့ကို စနစ်တကျမှတ်တမ်းပြုစုထားခြင်း၊ (င) ဖြစ်ရပ်ဖြစ်ပေါ်ချိန်နှင့် အစီရင်ခံတင်ပြချိန်တို့အကြား ကြာရှည်ကွာဟမှုမရှိခြင်းတို့ဖြစ်၏။ ဖော်ပြပါဖြစ်ရပ် ၁၆၅ ခုတို့မှ ဝိညာဉ်နှင့် ပတ်သက်သည်ဟု ယူဆရသော အလင်းရောင်ဖြာခြင်း၊ စကားပြောရန်ကြိုးပမ်းခြင်း၊ လက်ဟန်ခြေဟန်ပြခြင်း စသည့် ခြင်းရာ လက္ခဏာ ၂၂ ခုကို ဟတ်က မှတ်တမ်းတင်ခဲ့၏။ အဆိုပါ ခြင်းရာ လက္ခဏာကိုသည် သေသူ၏ဝိညာဉ်နှင့် သက်ရှိထင်ရှား အဝေးရောက်ပုဂ္ဂိုလ်ကို၏ ဝိညာဉ်ဒြတ္တက်ပါ ထူးခြားစွာ အက်စပ်မှုရှိသော အချက်များဖြစ်သည်ဟု ဟတ်ကဆို၏။ သို့သော် တန်ပြန်တေးဆချက်တစ်ခုကား "ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ နောက်ခံတူညီမှုများကြောင့် ထိုပုဂ္ဂိုလ်တို့ တွေ့ရှိရသော ဝိညာဉ်တို့၏ သဘာဝမှာလည်း အချင်းချင်းတူညီသည့်အသွင်ဆောင်နေခြင်းဖြစ်သည်" ဟု ဖြစ်၏။

(c) လူဝင်စားခြင်း

လူဝင်စားနှင့် ပတ်သက်သည့် စနစ်တကျ ကောက်ယူစုဆောင်းထားသော သာဓက အမြောက်အပြားကို စတီဗင်ဆင် (၁၉၆၆) က စုဆောင်းတင်ပြခဲ့၏။ ကွယ်လွန်သွားပြီဖြစ်သော သူတို့၏ နေ့စဉ်ဖြစ်ပျက်နေသည့် အတွင်းကျကျ ပုဂ္ဂိုလ်ရေး အချက်အလက်များကို (အသက်အပိုင်းအခြားအရ လုံးဝ သိရှိရန် မဖြစ်နိုင်သော) သက်ရှိကလေးတစ်ဦးက တိတိကျကျ ပြောဆိုနိုင်ခြင်းသည် လူဝင်စားမှုတွင် ဒဏ်ရေးပါသော အထောက်အထားတစ်ရပ် ဖြစ်ခဲ့၏။ လူဝင်စား အမည်ခံသူတို့သည် ကွယ်လွန်သူတွင်ရှိခဲ့သည့် စွမ်းရည်ထူးနှင့်အထုံဝါသနာတို့ကို ပိုင်ဆိုင်ရုံမျှမက ကွယ်လွန်သူ၏ ဒဏ်လေ့အထနှင့် ကြိုက်နှစ်သက်မှုများအပြင် ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များပါ မေ့မေ့စဉ်းကပင် ပါရှိလာတတ်ကြောင်း တွေ့ရသည်ဆို၏။ ဤသို့သော တွေ့ရှိချက်များမှာ ဝိညာဉ်ဟောင်းတို့သည် ရုပ်ခန္ဓာဒဏ်သစ်တွင် ပြန်လည်ဝင်စားသည်ဟူသော တွေးဆချက်အတွက် အထောက်အကူသဖွယ် ဖြစ်နေ၏။ သို့သော် လူဝင်စားပြဿနာနှင့် ပတ်သက်၍ စနစ်ကျသည့် ဓမ္မဓိဋ္ဌာန်သိပ္ပံနည်းကျသုတေသနတို့စတင်သည်မှာ မကြာသေးဖြစ်ချာသက်သေ အထောက်အထားများကို ဥပဒေကြောင်းအရလည်းကောင်း၊ သိပ္ပံနည်းအရလည်းကောင်း အသေးစိတ်ဆန်ခါတင် ရွေးချယ်စိစစ်ခြင်း မပြုလုပ်နိုင်သေးပေ။ ထို့ကြောင့်လည်း လူဝင်စားကိစ္စများကို ဥပဒေရှုထောင့်၊ သိပ္ပံရှုထောင့်တို့မှ ကန့်ကွက်ခြင်း၊ ဆန့်ကျင်ခြင်းများ ရှိနေပေသေးသည်။ မည်သို့ပင်ဖြစ်စေ စတီဗင်ဆင်ကဲ့သို့ လူဝင်စားနှင့် ပတ်သက်သည့် အကြောက်အထားနှင့် သတင်းအချက်အလက်မှန်သမျှကို အလေးအနက်ထား၍စုဆောင်းပြီး သိပ္ပံနည်းကျ သုတေသနကို တစိုက်မက်မတ် ပြုလုပ်မည့်သူ ရှိနေခြင်းသည် အားဟက်ဖွယ်ဖြစ်၏။ လူဝင်စားဟူသည် ယုတ္တိမရှိ၊ သိပ္ပံနည်းအရ လုံးဝမဖြစ်နိုင်ဟု အလွယ်တကူ စိတ်လိုက်မာန်ပါ ပစ်ပယ်ခြင်းမပြုဘဲ ဝေဖန်ရေးရှုထောင့်မှ စနစ်တကျ စိစစ်လေ့လာခြင်းသည်သာ ပညာရှင်တို့ လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခု ဖြစ်ပေသည်။

တစ်ချိန်တစ်ခါက လူသိများ၍ ဉာက်ကောင်းသူဖြစ်ခဲ့သော လူဝင်စား ဖြစ်ရပ်တစ်ခုကို တင်ပြလိုပေသည်။

အင်္ဂလန်နိုင်ငံတွင် အပျော်တမ်း စိတ်ညှိသူ တစ်ဦးသည် သူ၏ စမ်းသပ်ခံတစ်ဦးအား စိတ်ညှိ၍ ယခင်ယခင် ဘဝ ဟောင်းများသို့ နောက်ကြောင်းပြန်သွားခိုင်းပြီး မှတ်မိသမျှ အသေးစိတ်ဖြစ်ရပ်များကို ပြောဆိုစေ၏။ စမ်းသပ်ခံကလည်း စိတ်ညှိဆရာပြောသည့်အတိုင်း လက်ခံလိုက်နာခဲ့ရာ လွန်ခဲ့သည့် မျိုးဆက် နှစ်ဆက် သုံးဆက်ကာလက မိမိသည် အိုင်ယာလန်ပြည်တွင် ဘရီဒီမာဖိဟူသောအမည်ဖြင့် သက်ရှိလူပ်ရှားခဲ့ကြောင်း ပြောဆို၏။ ထိုအချိန်က အိုင်ယာလန်ပြည် အခြေအနေကိုလည်း အသေးစိတ်ပြောပြနိုင်၏။ သို့သော် နောက်ပိုင်းတွင် စနစ်တကျ နှိုက်နှိုက် ချွတ် ချွတ် စုံစမ်း စစ် ဆေး လိုက် သော အ ခါ တွင် ကား စမ်းသပ်ခံ အမျိုးသမီးသည် ငယ်ရွယ်စဉ် ကလေးဘဝက အိုင်းရစ်အဘွားအိုကြီးတစ်ဦးနှင့်နှစ်ရှည်လများ အနေကြာခဲ့ကြောင်း သိရှိရသည့်အခါ စိတ်ဝင်စားနေသူ အားလုံး စိတ်ပျက်လက်ပျက်ဖြစ်သွားကြတော့၏။ သို့သော် စတီဗင်ဆင်၏ လေ့လာမှုများတွင်မူ ယခုကဲ့သို့ ကလေးဘဝ အတွေ့အကြုံများ၏ လွှမ်းမိုးမှုမှ အကင်းဝေးဆုံးဖြစ်အောင် အထူးသတိပြု စီမံဆောင်ရွက်ထားပေ၏။

ဝိညာဉ်ပူးကပ်သူများ၏ ဆောင်ရွက်စဉ်

ဝိညာဉ် ပူးကပ်သူအခွျှိသည် သာမန်အခြေအနေတွင် ဟောပြော ရေးသားခြင်း ပြုကြသော်လည်း တော်တော်များများမှာမူ တုန်တုန်ရီရီ၊ စိတ်လှုတ်လက်လှုတ် အခြေအနေမျိုးတွင် ပူးကပ် ပြောဆိုကြောင်း တွေ့ရ၏။ ဟောပြောရေးသားရာတွင်လည်း သေဆုံးသူ၏ ဝိညာဉ်ကိုယ်တိုင် ဝင်ရောက် ပူးကပ် ပြောဆိုခြင်းနှင့် အာရုပ်မှော်ဆရာကြီးများ၊ အိန္ဒိယ မဟာရာဇာများ၊ မင်းသမီးများ စသည်တို့က သက်ဆိုင်သူကိုယ်စား အခိုက်အတန့် ဝင်ရောက်ပြောဆိုခြင်းဖြစ်၏။ ယင်းသို့ ဆက်သွယ်ပြောဆိုသူများကို ၎င်းတို့ ပြောဆိုသည့် အသေးစိတ် အချက်အလက်များ မှန်ကန်မှုရှိမရှိနှင့် ပြောဆိုပုံခြင်းရာလက္ခဏာများ ပုံမှန် ဟုတ်မဟုတ်ပေါ် အခြေခံ၍ အကဲဖြတ်နိုင်၏။ သို့သော် ဝိညာဉ် ပူးကပ်သူနှင့် နှိုင်းယှဉ် အကဲခတ်ရန် ထိန်းချုပ်အုပ်စုကိုကား အသုံးပြုနိုင်စွမ်း မရှိပေ။ ဝိညာဉ် ပူးကပ်သူတို့၏ ပြောဆိုသည့်အချက်များ မှန်ကန်မှုမှာ ဝေးနေစိတ်ချင်း ဆက်သွယ်မှုပေါ်တွင် လည်းကောင်း အမြင်ပေါက်ခြင်းအပေါ်တွင်လည်းကောင်း တည်သည်ဟု ဆိုရမည်ဖြစ်၏။ သို့သော် ဝိညာဉ်ပူးကပ်သူတို့ကမူ လက်ရှိ ခန္ဓာကိုယ်မှ ခွဲခွာကာ ဝေးလံသော အရပ်များသို့ သွားရောက်တွေ့ဆုံ ကြည့်ရှုခဲ့ပြီးမှ ပြောဆိုခြင်းဖြစ်သည်ဟု ဆိုကြ၏။ တစ်ခါတစ်ရံတွင်မူ ဝိညာဉ်ပူးကပ်သူအခွျှိသည် အသုံးအဆောင်ပစ္စည်း တစ်ခုခုကိုကိုင်ကာ ထိုပစ္စည်း၏ လက်ရှိပိုင်ရှင် သို့မဟုတ် အတိတ်က ပိုင်ရှင်နှင့် ပတ်သက်သည့် သတင်း အကြောင်းအရာ သတင်းအချက်အလက်များကို ဖော်ထုတ်နိုင်ခဲ့သည်ဟု ဆိုခဲ့ကြ၏။

ရုပ်ပိုင်းဖြစ်ရပ်များ

ဝေးရပ်နေ တစ်စုံတစ်ယောက် ဘေးအန္တရာယ်နှင့် ကြုံသောအခါ သို့မဟုတ် ကွယ်လွန်သောအခါ နာရီရပ်သွားခြင်း၊ တည်ငြိမ်နေသောအရာဝတ္ထုတို့ လဲကျပြိုကွဲခြင်း စသည့် နိမိတ်ပြဖြစ်ရပ်များအကြောင်း မကြာမကြာကြား သိရ၏။ စိတ်လှုပ်ရှားမှု ပြင်းထန်ချိန်တွင် ရုပ်ပိုင်းဆိုင်ရာ အကျိုးသက် ရောက် မှု ပေါ် ထွက် တတ် ကြောင်း နှင့် ပတ်သက်၍ စိတ်ကုဆရာဝန် စီဂျီယွန်းက မိမိသည် ဆစ်ဂမန်ဖရွိုက်၏ ရုံးခန်းတွင် စိတ်လှုပ်ရှားလွန်းသောကြောင့် ကျယ်လောင်သောအသံများ ထွက်ပေါ်အောင် ပြုလုပ်ခဲ့၏။ ယင်းကဲ့သို့ အလိုအလျောက်ဖြစ်သည့် ကိစ္စရပ်များနှင့် ပတ်သက်၍မူ ယုံ မယုံမှာ သင့်အလိုအတိုင်းသာဖြစ်ပါစေတော့ဟု ဆိုရမည့် အခြေအနေတွင် ရှိပေသည်။ ပုဏ္ဏကတိုက်ခြင်းဟု မြန်မာလူမျိုး အများစု နားလည်နေသော ရုပ်ပိုင်းဖြစ်ရပ်တို့ အလိုအလျောက် လှုပ်ရှားအသက်ဝင်ခြင်းမျိုးကို ပိုလတာဂျိတ် (Polter geists) ဟုခေါ်၏။ တစ်နေရာတွင်စားပွဲ၊ ကုလားထိုင်၊ စာအုပ်များ လေထဲပျံဝဲနေခြင်း၊ အိမ်ခေါင်မိုးပေါ် ခဲများတဝုန်းဝုန်းကျခြင်း၊အခန်းထဲတွင် အသံတစ်ခုခု မြည်နေခြင်းစသည့် ရုပ်ပိုင်း ဖြစ်ရပ်များ အကြောင်း မကြာမကြာကြားသိရ၏။ ထို့အတူပင် အရာဝတ္ထုများကျလာခြင်း၊ ပစ္စည်းများ အလိုအလျောက် ကွဲပျက်ခြင်း၊ အရာဝတ္ထုများ ရွှေ့ရှား ပျံသွားခြင်း၊ တီးခေါက်သံပေါ် ထွက်ခြင်း၊ အပုပ်နံ့ ၊ အမွှေးနံ့ရခြင်း၊ ခုတင်များ၊ ခြင်ထောင်၊ မွေ့ရာများ ဝုန်းဒိုင်းကြဲ၍ ရွှေ့ရှားခြင်း စသောဖြစ်ရပ်တို့သည် ကလေးတစ်ဦး သို့မဟုတ် ပျိုဖော်ဝင်တစ်ဦးဦးနှင့်ဆက်စပ်၍ ဖြစ်ပေါ်တတ်ကြောင်း ကြားရဖူး၏။ အိမ်တစ်အိမ်တွင် ပုဂ္ဂိုလ်တစ်ဦးရှိစဉ် ယင်းသို့သော အနှောင့်အယှက်များဖြစ်ပေါ်ပါက ထိုသူ အပြင်သို့သွားသည့်အခါ အရာရာသည် မူလအတိုင်းဖြစ်၍ ထိုသူသွားရာ အခြားနေရာတွင် နှောင့်ယှက်မှု ဖြစ်ပေါ်ခြင်း စသည့် ဖြစ်ရပ်တို့လည်း ရှိသေး၏။ သို့သော် ယင်းဖြစ်ရပ်အတော်များများမှာ အခြေအမြစ် မခိုင်လုံဘဲ လိမ်ညာမှုသာဖြစ်သည်ဟု ဝေဖန်ကြ၏။ အခွျှိ ဖြစ်ရပ်တွင် မြေအောက်မှ ရေကြောပြောင်းသဖြင့် အိမ်ပေါ်တွင် လှုပ်ရှားမှုများ ဖြစ်ပေါ်ကြောင်း တွေ့ရ၏။ ယေဘုယျအားဖြင့်မူ ပုဏ္ဏကတိုက်သည်ဟု ပြောဆိုကြသော ဖြစ်ရပ် အတော်များများမှာ အသေအချာ မစစ်ဆေးဘဲ လက်ခံခဲ့သော

လိမ်ညာမှုမျှားသာ ဖြစ်ကြောင်းနှင့် အချို့သောလိုလျောက်ဖြစ်ရပ်မှာ ကျူးလွန်သူသို့မဟုတ် ယင်းဖြစ်ရပ်ကို ဖြစ်ပေါ်စေသူ၏ မသိစိတ်တွင်းမှ ရန်လိုစိတ်ကြောင့် ဖြစ်ကြောင်း တွေ့ရသည်ဟု အိုဝင်(၁၉၆၄)က ဆိုခဲ့၏။

စိတ်နယ်လွှန်ပညာ၏ အသုံးကျမှုများ

ဝိညာဉ်ပူးကပ်သူ (ဝါ) နတ်ဝင်သည် မျှားသည်ရဲတို့ကို လူဆိုးဖမ်းရာတွင် ကူညီခဲ့သည်ဟုလည်းကောင်း၊ ပျောက်ဆုံးနေသော ပစ္စည်းမျှားကို ရှာဖွေပေးခဲ့သည်ဟုလည်းကောင်း၊ မြေအောက်ရှိ ရေ၊ ရေနံနှင့် သယံဇာတ၊ ဓာတ် သတ္တုပစ္စည်း တို့ရှိရာကို ညွှန်ပြနိုင်သည်ဟုလည်းကောင်း ပြောဆိုရေးသားခဲ့ကြပေသည်။ သို့သော် ယင်းတို့ကို စနစ်တကျ ထိန်းချုပ်၍ သုတေသနပြုလုပ်ရန်ကား မလွယ်ကူလှပေ။ ဇဝံ၊ ဤသို့၊ သုတံ၊ ကြားလိုက်ရသည်ဟူသော အဆင့်တွင်သာရှိကြောင်း မှတ်တမ်းတင်ရပေတော့မည်။

၁၉၅၅ ခုနှစ်က ပြုလုပ်ခဲ့သည့် ရိုစ် (၁၉၅၅) ၏ စုံစမ်းလေ့လာမှုမျှားအရ စိတ်အခြေခံ ရောဂါဝေဒနာမျှားဟုလွဲမှားစွာ ကောက်ချက်ချခဲ့သည့် ရောဂါမျှားကို စိတ်စွမ်းအင်နှင့် ကုသနိုင်ကြောင်း ပြောဆိုခဲ့သော်လည်း တကယ်တမ်း စာရင်းအင်းနည်းဖြင့် စိစစ်ကြည့်သောအခါ အခြားရောဂါမျှားမှာကဲ့သို့ပင် အလိုလိုပျောက်ကင်းသည့်နှုန်းနှင့် မထူးလှကြောင်း တွေ့ရ၏။ ဒီဂျေဝက်စ်(၁၉၅၇)ကလည်း လော့ဒ် (Lourdes) ဘာသာရေးကုထုံးနှင့် ပတ်သက်၍ ယင်းကဲ့သို့ပင် တွေ့ရှိရကြောင်း တင်ပြခဲ့၏။

တေအက်(၁၉၆၂)က ထူးကဲအာရုံသိမှု သုတေသနကပေးသော ဗဟုသုတမျှားအနက် အကာကိုပစ်၍ အနှစ်ကို ယူပါက လွန်စွာအသုံးဝင်သောအချက်မျှားစွာ ရှိသည်ဟု ညွှန်ပြခဲ့၏။ တစ်ခုတည်းသော ပစ်မှတ်အတွက် ဖြစ်ပေါ်သော မှတ်မိမှုမျှားကို စုပေါင်းထားပါက ပစ်မှတ်နှင့် ပတ်သက်သည့် 'တိုက်မှု' ကို သိနိုင်သည်ဟုဆို၏။ အထူးသဖြင့် ပစ်မှတ်ထိသည့်အကြိမ်ပေါင်းနှင့် ပစ်မှတ်လွဲသည့် အကြိမ်ပေါင်းတို့၏အချို့ကိုလည်း ထည့်သွင်းတွက်ချက်ရန်လို၏။ သို့သော် လက်ရှိအခြေအနေတွင်မူ ပစ်မှတ်ထိခြင်း၊ ပစ်မှတ်လွဲခြင်းတို့နှင့် ဆက်နွယ်သည့် ကိန်းရှင်မျှားကို ဖော်ထုတ်ရေးတွင် အခက်အခဲမျှား ရှိနေကြောင်း တွေ့ရပေသည်။

စိတ်နယ်လွှန်ပညာ သီအိုရီမျှား

ယေဘုယျအားဖြင့်မူ ထူးကဲအာရုံသိမှုနှင့် ပတ်သက်၍သော် လည်းကောင်း၊ စိတ်စွမ်းအင်နှင့် ပတ်သက်၍သော်လည်းကောင်း စနစ်တကျ စစ်ဆေးနိုင်သည့် အငယ်စားသီအိုရီတို့ပင် မရှိသေးပေ။ သို့သော် စကော့ (၁၉၆၁) ၏ "စိတ်ဖြင့်သတင်းပို့ဆက်သွယ်နိုင်မှု" ပုံစံအချို့ တင်ပြချက်မှာမူ ခြွင်းချက်ဖြစ်၏။ ယင်းတင်ပြချက်အရသော် စိတ်စွမ်းအင်သည် ရုံဖန်ရုံခါသာ ပေါ်ပေါက်တတ်၍ ပေါ်ပေါက်သည့်အခါတွင်လည်း သတင်းအချက်အလက် အပြည့်အစုံပေးတတ်၏။ တစ်ချိန်လုံး စိတ်စွမ်းအင် ဖြစ်ပေါ်ပါကယင်းသည် ပစ်မှတ်ထိမှုကို ကိန်းသေတစ်ခုဖြင့်မြှောက်သော ရလဒ်အဖြစ် ပေါ်ထွက်တတ်၏။ စကော့သည် သူ၏ပုံစံမျှားကို သခ်ျာနည်းသုံးစွဲ၍ ရှင်းလင်းတင်ပြခဲ့ပြီး ယင်းတို့ကို စစ်ဆေးရန် စမ်းသပ်နည်းမျှားကိုလည်း ဖော်ပြခဲ့၏။ သူ၏ဖော်ပြချက်မျှားမှာ ရှင်းလင်း၍ ပြဿနာတို့မှာ အရေးပါသည် မှန်စေကာမူ စကော့၏ဆောင်းပါး ထုတ်ပေါ်ပြီးနောက် သုံးနှစ်ကျော်ကြာသည့်တိုင် ယင်းတို့ကို စမ်းသပ်မှုဖြင့် စစ်ဆေးရန် ထုတ်ပေါ်လာသူ မရှိကြောင်း တွေ့ရသည်ဖြစ်ရာ စိတ်နယ်လွှန်ပညာသည် ပြဿနာများကဆွဲငင်အားကောင်းသလောက် စမ်းသပ်သူ ဖမ်းမိချက်ကနည်းပါးကြောင်း သိသာထင်ရှားပေ၏။

စိတ်နယ်လွှန်ပညာ၏ အလွယ်ကူဆုံးသော သီအိုရီတစ်ခုကို ဂျီအာ ပရိုက် (၁၉၅၅) နှင့် ဟင်ဆယ် (၁၉၆၆) တို့က တင်ပြခဲ့၏။ သူတို့၏အဆိုအရမူ ကောင်းစွာထိန်းချုပ်ထားသော စမ်းသပ်မှုတို့မှ ထုတ်ပေါ်လာသည့် သာမန်ဖြစ်နိုင်ခြေထက် ပိုလွန်သည်ဟူသော တွေ့ရှိချက်တို့မှာ ထင်လုံးမျှားသာဖြစ်သည်။ စမ်းသပ်သူတို့သည် ရလဒ်ကို လိမ်ညာဖော်ပြခြင်းမပြုဟုဆိုပါက သူတို့သည် စိတ်ဝေဒနာတစ်ခုခုကြောင့် အမြင်အာရုံမှားကာ ရလဒ်မှားမျှားကို ဖော်ပြခဲ့ခြင်း ဖြစ်နိုင်ပေသည်ဟု ဝေဖန်ခဲ့၏။ ပရိုက် (၁၉၅၅) ကမူ အထက်ပါ ရလဒ်မျှား မှန်ကန်ကြောင်းကို ဂုဏ်သရေရှိပုဂ္ဂိုလ်တစ်ဦးက ထောက်ခံရန်လိုသည်ဟုဆို၏။ သို့သော် ပရိုက် ရွေးချယ်သော ဂုဏ်သရေရှိပုဂ္ဂိုလ်တစ်ဦးပေါ်ထွက်၍ ရလဒ်ကို ထောက်ခံစေကာမူ ထိုပုဂ္ဂိုလ်သည် လူညာ သို့မဟုတ် အရူးဖြစ်သည်ဟု ဝေဖန်သူ အသစ်တစ်ဦး ထွက်ပေါ်လာနိုင်သည်ကို ပရိုက် မသိပေဟု ဆိုသူတို့ကဆို၏။ ဟင်ဆယ်ကမူ ကွန်ပျူတာတစ်ခုတွင် ပစ်မှတ်တို့ကို ပရိုဂရမ်သွင်း၍ ရမှတ်တို့ကိုလည်း ကွန်ပျူတာနှင့်ပင် မှတ်တမ်းတင် စီစစ်သင့်သည်ဟု အကြံပေးခဲ့၏။ သို့သော် ကွန်ပျူတာသည်ပင် မှားယွင်းသောရလဒ်တို့ကို ပရိုဂရမ်သွင်းခဲ့ပါက လုံးဝအားထားနိုင်သည် မဟုတ်ကြောင်းကို ဟင်ဆယ် သတိပြုမိဟန်မတူပေ။ တစ်စုံတစ်ဦးသည် မရိုးမသား ပြုလုပ်သည်ဟူသော စွပ်စွဲချက်ကို သက်သေအမျှားဖြင့် ချေဖျက်ရန်ဖြစ်နိုင်၏။ သို့သော် သက်သေမျှားကိုယ်တိုင် မရိုးသားပါဟူသော စွပ်စွဲချက်ကိုမူ ချေဖျက်ရန် မလွယ်ကူလှပေ။

၁၈၇၂ ခုနှစ်က စိတ်စွမ်းအင် သုတေသနအသင်းကြီး ပထမဆုံးသောဥက္ကဋ္ဌဖြစ်သူ ဟင်နရီဆစ်ဂျ်ဝစ်က ဤကဲ့သို့ ရေးသားခဲ့၏။

"ကျွန်ုပ်တို့သည် စိတ်စွမ်းအင် သုတေသနနှင့် ပတ်သက်၍ ဓမ္မဓိဋ္ဌာန်အကျဆုံးဖြစ်အောင် လုပ်စရာမှန်သမျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ရာ ဝေဖန်သူတို့အဖို့ ဝေဖန်စရာမကျန်တော့သောကြောင့် "သုတေသီ ကလိမ်ကျသည်" ဟူသောနောက်ဆုံးအချက်ကို ကိုင်၍သာ ဝေဖန်ကြတော့သည်။ ကျွန်ုပ်တို့အနေဖြင့် ဝေဖန်ကန့်ကွက် သူအား သုတေသနရလဒ်တို့ကိုလက်ခံဖို့ အတင်းအကျပ် တိုက်တွန်းရန်သာ ရှိတော့သည်။ ထိုသို့မလုပ်ခဲ့ပါမူကား သုတေသီကို လူလိမ်လူညာဟု စွပ်စွဲရန်နှင့် လူမိုက်လူကန်း လူအန္ဓတို့၏ ထုံးတမ်းစဉ်လာ တွေဝေမောဟကြောင့် ဖြစ်ရသည်ဟု စွပ်စွဲရန်သာ ရှိတော့သည်" ယခုအခါတွင် ဆစ်ဒဝစ် ရေးခဲ့သည့်ကိန်းဖြင့် ကြုံကြိုက်နေပြီဖြစ်၏။

သို့သော် ယခုအချိန်အထိ မည်သည့်သီအိုရီတစ်ခုကိုမှ လက်မခံခဲ့ကြသေးပေ။ ယေဘုယျအားဖြင့်မူ စိတ်စွမ်းအင် သုတေသနရလဒ်တို့ကို လက်ခံသူများမှာ နှစ်မျိုးရှိကြ၏။ ယင်းတို့မှာ (က)အချိန် နေရာဆက်နွယ်မှုနှင့် ပတ်သက်၍ သခ်ၤာဆိုင်ရာ အယူအဆကို တောင်းဆိုသူများ (ပမာဏသုံးမျိုးသို့မဟုတ် လေးမျိုးဖြင့် အကွာအဝေးတွင် ရှိနေသော ပစ်မှတ်မျိုးကို အနီးတွင်ရှိသကဲ့သို့ ပြုလုပ်နိုင်သည်ဟူသော အယူအဆ)၊ (ခ) စိတ်ဖြစ်ရပ်များနှင့် ပတ်သက်သော ဥပဒေသများသည် ရုပ်ဖြစ်ရပ်များနှင့် ပတ်သက်သော ဥပဒေသများနှင့် ခြားနားခြင်းရှိသည်ဟူသော အယူအဆကို တောင်းဆိုသူများဟူ၍ ဖြစ်၏။

ကြိုတင်နိမိတ်မြင်ခြင်းနှင့်ပတ်သက်သော သီအိုရီတို့မှာ များလည်းများ၍ စုံလည်းစုံလှပေသည်။ သို့သော် ယင်းတို့ကို အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်၏။ ယင်းတို့မှာ (က) ယုံကြည်နိုင်ဖွယ် မရှိသော ဖြစ်ရပ်များနှင့် (ခ) နားလည်ရခက်သော ဖြစ်ရပ်များဟူ၍ ဖြစ်၏။ သို့သော် ယင်းသီအိုရီတို့ကို စမ်းသပ်စစ်ဆေးနိုင်သည့် ပုံစံမျိုးဖြင့် တင်ပြနိုင်ခြင်း မရှိခဲ့ပေ။

အကျဉ်းချုပ်မှတ်ချက်ချရပါမူ ကျပန်းဖြစ်၍ ဖုံးကွယ်ထားသော ပစ်မှတ်နှင့် တုံ့ပြန်မှုတို့၏ ဆက်နွယ်ပုံသည် ယေဘုယျ ဖြစ်နိုင်ခြေထက် ပိုလွန်းကြောင်း ထိန်းချုပ်သုတေသနတို့ဖြင့် ရှင်းလင်းခဲ့သည့် ထူးကဲအာရုံသိမှုအကြောင်းကို ရုပ်ပိုင်းသီအိုရီဖြင့် မရှင်းလင်းနိုင်ခဲ့ပေ။ ဝေးနေစိတ်ချင်း ဆက်သွယ်မှုနှင့် အမြင်ပေါက်ခြင်းတို့နှင့် ပတ်သက်၍မူ အထောက်အထား လုံလောက် ပြည့်စုံကောင်းမွန်ကြောင်း တွေ့ရ၏။ သို့သော် စိတ်စွမ်းအင်နှင့် ပတ်သက်သည့် အထောက်အထားတို့ကား ယခုလက်ရှိ အခြေအနေထက် ပိုမို ခိုင်ခံ့ ပြည့်စုံရန် လိုအပ်ပေသေးသည်။ ကြိုတင်နိမိတ်မြင်ခြင်းနှင့် ပတ်သက်သော အထောက်အထားတို့မှာလည်း အတော်အတန် ကောင်းမွန်ပါ၏။ သို့သော် သေပြီးနောက် ဝိညာဉ်ကျန်ရစ်သည်ဟူသောအချက်နှင့် ပတ်သက်သည့် အထောက်အထားတို့မှာမူ ပြတ်ပြတ်သားသားမရှိလှသေးပေဟု မှတ်ချက်ချရမည် ဖြစ်ပေသည်။


ဝက်စ်(၁၉၆၂)က်မူ သူ၏ "ယနေ့စိတ်စွမ်းအင် သုတေသန" ဟူသော ကျမ်းငယ်တွင် "ဆိုကရေတီး၊ ဟင်နရီဆစ်ဒဝစ်မှသည် အဲလဗတ် အိုင်စတိုင်းအထိ အရှည်ကိုမြော်မြင်တတ်သော တွေးခေါ်ရှင်ကြီးများသည် စိတ်စွမ်းအင်သုတေသန၏ အရေးပါပုံကို အသိအမှတ် ပြုခဲ့ကြ၏။ ခေတ်သစ် သိပ္ပံစမ်းသပ်နည်းကို သုံးစွဲ၍ စိတ်စွမ်းအင်ကို သုတေသနပြုမှုသည် မကြာသေးမီကမှ စတင်ခဲ့သည် ဖြစ်သော်လည်း ထူးခြားသောရလဒ်တို့ အတော်အတန် ပေါ်ထွက်ခဲ့ပေပြီ။ သို့သော် ဤကား အစမျှသာရှိသေး၏။ သုတေသနတို့သည် ပြဿနာဟောင်းများကို ဖြေရှင်းခြင်း ထက် ပြဿနာသစ်များကို ဖော်ထုတ်ခြင်းက ပိုလွန်နေပေသည်" ဟု မှတ်ချက်ရေးသားခဲ့၏။

စိတ်နယ်လွန်ပညာရပ်ကို အတိုချုံး၍ ရှင်းလင်းဝေဖန်ခဲ့သူ အင်းဂလစ်ရှ်နှင့် အင်းဂလစ်ရှ်တို့ကလည်း ဤသို့မှတ်ချက်ချခဲ့ကြ၏။ "စိတ်စွမ်းအင် ခေတ်ဦးပိုင်းက တက်ကြွခဲ့သော မျှော်လင့်ချက်များသည် ကြာကြာမခံခဲ့ပေ။ ထူးကဲအာရုံသိမှုရမှတ် မြင့်သည်ဟု ဆိုသူများမှာလည်း တစ်နေ့တခြား ရှားပါးလာကာ စနစ်တကျလေ့လာလေလေ နောက်ပိုင်းတွင် အခြေယိုင်သွားလေလေ ဖြစ်၏။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကမူ စိတ်နယ်လွန်ပညာ၏ နေရာအချို့တွင် သုတေသနအသစ်များ ပြုလုပ်လာကြ၏။ စိတ်ညှိခြင်း၊ လူဝင်စားဖြစ်ခြင်း၊ ဝိညာဉ်လွှဲခြင်း၊ ပုဏ္ဏကတိုက်ခြင်း၊ သူရဲခြောက်ခြင်း၊ ကိုယ်ပြောင်းစိတ်ခွာခြင်း၊ စိတ်တိုင်းတာခြင်း၊ စိတ်ဖြင့် ဓာတ်ပုံရိုက်ခြင်း စသည်တို့ ဖြစ်၏။ သို့သော် လက်ရှိအခြေအနေတွင်မူ စိတ်နယ်လွန်ပညာသည် စနစ်တကျ ရှင်းလင်းခြင်း မပြုနိုင်သေးသော ဝိဇ္ဇာဝိဒ်များနှင့် ပြည့်နှက်လျက် ရှိ၏။ တစ်ဖက်တွင် စိတ်စွမ်းအင်ကိုဖော်ပြသည့် ဖြစ်ရပ်သာဓကများ တစ်နေ့တခြား တိုးပွားလာသဖြင့် လျစ်လျူရှုရန် မတတ်သာသကဲ့သို့ တစ်ဖက်တွင်လည်း စမ်းသပ်ထိန်းချုပ်မှု ဒီဂရီနှင့် စနစ်တကျ သီအိုရီ တည်ဆောက်နိုင်မှု ဖြစ်နိုင်ခြေတို့မှာ တစ်နေ့တခြား လျော့ပါးသွားခဲ့ပေသတည်း"။

ဒေါက်တာ ကျော်စိန်

မျိုးရိုးဗီဇပညာ တိုးတက်မှု

ဇီဝသိပ္ပံ




ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ရှိ ကလာပ်စည်းမျဉ်းအတွင်း ခရိုမိုဆုမ်းတို့၌တည်ရှိသည့် မျိုးရိုးဗီဇတို့၏ မြေပုံကဒ်းချပ်ကို ရေးဆွဲနိုင်ကြလျှင် ခေတ်သစ်ဆေးပညာက အဆိုပါ မျိုးရိုးဗီဇတို့ကို လိုအပ်သလို ပြုပြင်ပြောင်းလဲပေးလိုက်ခြင်းဖြင့် မျိုးရိုးအရ မကောင်းသော၊ ညံ့ဖျင်းသောဗီဇတို့ကို ဖယ်ရှားနိုင်ပေမည်။ ထိုသို့ ပြုလုပ်နိုင်ခဲ့သော် မွေးဖွားလာမည့် သားသမီးကို အားကစားသမားကောင်းတစ်ဦး သို့မဟုတ် ပညာထူးချွန်သူတစ်ဦး သို့မဟုတ် ရုပ်ရည်ချောမောသော အနုပညာရှင်တစ်ဦး ဖြစ်လာအောင် ကြိုတင် ဖန်တီးနိုင်မည်။

ယင်းသည်ကား မျိုးရိုးဗီဇ ပညာရှင်များ မျှော်မှန်းကြိုးပမ်းနေကြသော ပန်းတိုင်ဖြစ်သည်။


ယခုအခါ သုတေသနလုပ်ငန်းတို့သည် လူသားတို့၏ ဇီဝဗေဒဆိုင်ရာ အခြေခံအကျဆုံးဖြစ်သော မျိုးရိုးဗီဇ အကြောင်းကို လေ့လာကြရန် ဦးလှည့်နေကြပြီဖြစ်သည်။ သိပ္ပံပညာရှင်တို့၏ အဆိုအရ သိပ္ပံခေတ်သစ် ၂၁ ရာစုတွင် ဆေးပညာတိုးတက်မှု အလှည့်အပြောင်းတစ်ရပ် ပေါ်ထွန်းမည်ဟု ဆိုနေကြပေပြီ။ ဤလမ်းစအတိုင်း ရှေ့ဆက်သွားကြလျှင် ရောဂါဖြစ်ပွားစေသော မွေးရာပါ မျိုးရိုးဗီဇကို တစ်ခုချင်း ဖယ်ရှားနိုင်သော ခေတ်သို့ ရောက်သွားနိုင်သည်ဟု ဆိုကြသည်။

ယင်းနှင့် ပတ်သက်၍ "လူသားတို့၏ ကျန်းမာရေး၊ သုတေသနစည်းကမ်းနှင့် လူတို့၏တန်ဖိုး" ဟူသော ခေါင်းစဉ်ဖြင့် ညီလာခံတစ်ရပ်ကို နယ်သာလန်နိုင်ငံ၌ ၁၉၇၇ ခုနှစ် ဇွန်လအတွင်းက နိုင်ငံတကာပညာရှင်တို့ ကျင်းပခဲ့ကြပြီးဖြစ်သည်။ တစ်ဖန် "လူသားတို့၏မျိုးရိုးကို လေ့လာခြင်းနှင့် သုတေသနစည်းကမ်း အတိမ်အနက်" ဟူသော ခေါင်းစဉ်ဖြင့် ညီလာခံတစ်ရပ်ကိုလည်း ထိပ်သီးညီလာခံ အကြို အဆင့်ဖြင့် အီတလီနိုင်ငံရောမမြို့၌ ၁၉၇၈ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည်။


အထက်ပါ စည်းဝေးပွဲများ၊ ဆွေးနွေးပွဲများအပြီးတွင် လူသားတို့၏မျိုးရိုးဗီဇ တည်နေပုံပြု မြေပုံကဒ်းချပ်များကို ရေးဆွဲရန် တာဝန်ရှိသူများက သဘောတူလိုက်ကြပြီဖြစ်သည်။ ဤစီမံကိန်းသည် ၁၉၆၀ ပြည့်လွန် နှစ်များ



နိုဗဲဆုရပညာရှင် ဝေါ်လတာဂီးလဗတ်နှင့် မျိုးဗီဇ စကားဝုက် ဖော်စက်



ဒီအင်အေအမျှင်ကို စတင်တွေ့ရှိသောနိုဗဲဆုရပညာရှင် ဂျိမ်းဝပ်ဆင်



လူသားတို့၏ မျိုးရိုးဗီဇကို ကွန်ပျူတာအက်ူအညီဖြင့် ရုပ်ပုံခွဲခြားရေးဆွဲခြင်းဖြင့် ရရှိလာမည့် ပုံကားချပ်

ခရိုမိုဆုမ်း ၂၃ တဲ့ အတိအကျ ပြန်ဖြစ်သည်။ ဤခရိုမိုဆုမ်းတို့တွင် ဗီဇအပိုင်းအစများ ပါရှိသည်။ အထက်တွင် ဖော်ပြထားသည့် ဗေဒလေးမျိုးက အနေအထားအမျိုးမျိုးရှိရာက အတွဲတစ်တွဲလျှင် လူသားတို့၏ ဗီဇတစ်ခုချင်း ဖြစ်ပေါ်ခြင်း ဖြစ်သည်။ လူသားတို့၏ ကလာပ်စည်း တွင်း၌ ဗီဇပေါင်း တစ်သိန်းကျော် ရှိသည်ဟု သိရသည်။ လူသားတို့၏ ကလာပ်စည်းတစ်ခုတွင် ရှိသော ဗီဇ အားလုံးကို လူသားတို့၏မျိုးရိုးဗီဇအစု (human genome)ဟု ခေါ်သည်။ ဤမျိုးရိုးဗီဇအစုသည် လူသားတို့၏ခန္ဓာကိုယ် တွင်း၌ သန်းပေါင်းများစွာသော ကလာပ်စည်း အားလုံး တွင် အတူတူပါရှိသည်။

အထက်ပါ ခရိုမိုဆုမ်းများတွင် ပါရှိသော ဗီဇတစ်ခုချင်းသည် မည်သည့်နေရာများတွင် တည်ရှိနေကြသနည်း ဆိုသည်ကို မြေပုံဆွဲ မှတ်သားရန် အရေးကြီးသည်။ ဤအဆင့်ကို ကျော်လွှားနိုင်ပြီဆိုပါက နောက်ဆက် ခရီးလှမ်းဖို့ လွယ်သွားမည်ဖြစ်သည်။ ယခုအခါ ပုံကြမ်းကို လှမ်းမြင်နေရပြီ ဖြစ်သည်။ ထို့ကြောင့် ယခုသိပ္ပံပညာရှင်များ ဆောင်ရွက်ရမည့် ကိစ္စမှာ နျူကလီယိုတိုက် အတွဲပေါင်း သန်း ၃၀၀၀ ခန့်အနက် မည်သည့် အတွဲသည် မည်သည့်နေရာတွင် တည်ရှိသည်ကို ရေးချမှတ်သား ပုံဆွဲထားရန် ဖြစ်သည်။

လူသားတို့၏ ကလာပ်စည်းတို့သည် တာဝန်အသီးသီးကို ယူနေကြသည်။ အချို့က အစာချေအင်ဇိုင်း ထုတ်လုပ်ရန်၊ အချို့က ဟိုမုန်းဓာတ် ထုတ်လုပ်ပေးရန်၊ အချို့က ကြွက်သား အရိုး အသည်း စသည်တို့ တည်ဆောက်ရာတွင် အုပ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်လျက် ရှိကြသည်။ သို့သော် ၎င်းတို့ထမ်းဆောင်နေကြသောတာဝန်ကို ၎င်းတို့ ကလာပ်စည်းတွင်ပါရှိသော ဒီအင်အေ၏ ညွှန်ကြားချက် အတိုင်း လုပ်ဆောင်ကြရသည်။ ဤဒီအင်အေကသာ သံစုံတီးဝိုင်းခေါင်းဆောင်ပမာ ဤပုဂ္ဂိုလ်သည် လူတော်ဖြစ်လာ မည်လော၊ ရုပ်လှလာမည်လော၊ လူဆိုးသူခိုးစိတ်ထား ပါလာမည်လော စသည်ဖြင့် သတ်မှတ်ပေး နေခြင်း ဖြစ်သည်။ ဤဒီအင်အေအကို မိဘမျိုးရိုးမှသာ လက်ခံရရှိခြင်းဖြစ်သည်။

မျိုးရိုးလိုက်ပြီး ဖြစ်ပေါ်သော ဗီဇကို အချို့တို့သည် ပတ်ဝန်းကျင် အခြေအနေအရ ပြုပြင်ပြောင်းလဲပေးသည် လည်းရှိ၏။ ထိုလူသားကိုမွေးဖွားသောနေရာ၊ ကြီးပြင်းရာ ဌာန၊ ရာသီဥတု၊ အစားအသောက်၊ ပညာရေး၊ အလုပ် အကိုင် စသည်တို့က လူသားတို့၏ မျိုးရိုးဗီဇကို မသိမသာ ပြောင်းလဲပေးသည်လည်းရှိ၏။

တစ်ခါတစ်ရံ မျိုးရိုးဗီဇတို့သည် ထိခိုက်ဒဏ်ရာရ ပျက်စီးခဲ့ရာက သာမန်မဟုတ်သော မျိုးရိုးဗီဇမျိုး ပါလာတတ်သေးသည်။ ဤသို့ အဖျက်အဆီးနှင့် ကြုံသည့်အခါ ဒဏ်ရာပြင်းထန်က သန္ဓေမှာ တည်မနေတော့ဘဲ ပျက်ကျသွားရ၏။ အချို့မှာမူ ကိုယ်အင်္ဂါ မပြည့်မစုံ စိတ်နေ စိတ်ထားချို့တဲ့ပြီး မွေးဖွားလာတတ်သည်။

မျိုးရိုးဗီဇဆိုသည်မှာ


သက်ရှိသတ္တဝါအားလုံး၏ ခန္ဓာကိုယ်ကို ဆဲလ်ဟုခေါ်သော ကလာပ်စည်းများဖြင့် တည်ဆောက်ထားကြသည်။ ဆဲလ်ကလာပ်စည်းတစ်ခုချင်းတွင် နျူကလိယခေါ် အဆံရှိသည်။ ယင်းနျူကလိယအတွင်း၌ ဒီအင်အေဟု အတို ကောက်ခေါ်သော ဒီအောက်ဆီရိုင်ဘို နျူကလီအစ် အက်ဆစ်ဟူသည့် အရေးကြီးဆုံး ဒြပ်ပေါင်းမော်လီကျူး ရှိ၏။ ဒီအင်အေကို နျူကလီယိုတိုက်ဟု ခေါ်သော ဒြပ်ပေါင်းပစ္စည်းဖြင့် တည်ဆောက်ထားသည်။ ယင်းဒြပ်ပေါင်းဗေ့ (base) လေးမျိုးတို့၏ အမည်များမှာ အဒါနင်း (A)၊ ဂွာနင်း (G)၊ စိုင်တိုဆင်း (C) နှင့် တိုင်မင်း (T) တို့ဖြစ်ကြသည်။ နျူကလိယိုတိုက်တို့သည် ကြောင်လိမ်လှေကားပုံသဏ္ဌာန် အချောင်းနှစ်ချောင်းဖြင့် လိမ်ထားသည့် အနေအထားတွင် ရှိနေကြသည်။ ဗေ့လေးမျိုး၏ တည်နေရာအနေအထား အပြောင်းအလဲ အမျိုးမျိုးပေါ်မူတည်၍ ပရိုတင်းများ ဖြစ်ပေါ်သည်။ ပရိုတင်းဓာတ်တစ်ခုစီသည် မျိုးရိုးဗီဇတစ်ခုစီ ဖြစ်သည်။


လူ၏သုက်ပိုးနှင့် သားဥတို့ ဖြစ်ပေါ်လာသောအခါ အဆိုပါ ဒီအင်အေသည် ခရိုမိုဆုမ်း ၂၃ တဲ့အဖြစ် ရှိနေကြရာမှ တစ်ခြမ်းစီ ကွဲသွားကြသည်။ (ခရိုမိုဆုမ်းတစ်ခုစီတွင် မျိုးရိုးဗီဇ ထောင်နှင့်ချီ၍ပါရှိသည်။) ခရိုမိုဆုမ်းအတွဲများသည် တစ်ခုနှင့်တစ်ခု မသိမသာ ကွဲပြားခြားနားမှု ရှိသွားကြသည်။ ကွဲသွားသော ကျားထီမှ ခရိုမိုဆုမ်းတစ်ခြမ်းနှင့် မထီမှ ခရိုမိုဆုမ်းတစ်ခြမ်းတို့ ပေါင်းစပ်သော သားဥတွင် မိခင်ထီမှ မျိုးရိုးတစ်ဝက်နှင့် ဖခင်ထီမှမျိုးရိုးတစ်ဝက်စီ ပါရှိကြသည်။


မိခင်၊ ဖခင် တစ်ယောက်တည်းမှ ဆင်းသက်လာသော သားဥချင်းတူပါလျက် သူတို့တွင်ပါရှိသော မျိုးရိုးဗီဇသည် မသိမသာ ကွာခြားမှုရှိကြသည်။ ခရိုမိုဆုမ်းတို့သည် အတွဲလိုက် ရှိကြရာမှ ကွဲကွာကြသည့်အချိန်တွင် သူတို့တွင် တဲ့လျက်ရှိကြသော ဗေ့တို့သည် အနေအထားအချို့ပြောင်းလဲ၍ ဟိုဘက်ကူး၊ သည်ဘက်ကူး ဖြစ်ကုန်ကြပြီး မျိုးရိုးဗီဇအချို့သာ သားဥ၊ သုက်ပိုးတွင် မူရင်းအတိုင်း လိုက်ပါခွင့် ရရှိကြသည်။


ဤအခြေခံသဘောတရားကို အခြေပြု၍ သုတေသန ပညာရှင်များက ကလာပ်စည်းများအတွင်းရှိ ဒီအင်အေ


ခရိုမိုဆုမ်းမြေပုံရေးဆွဲခြင်း

















ကွင် ရှိသောမျိုးရိုးဗီဇကို မြေပုံကားချပ်ရေးဆွဲလိုကြခြင်း ဖြစ်သည်။

ဤသို့ မြေပုံဆွဲရန် ဒီအင်အော ကြောင်လိမ်လှေကား အရှည်ကြီးကို အင်ဇိုင်းများဖြင့် အတိုလေးများဖြစ်အောင် အပိုင်းပိုင်း ဖြတ်တောက်ပစ်ကြမည်။ ဤသို့ အပြတ် အတောက်ကလေးများကို ရစ်လစ် သို့မဟုတ် အာအက်ဖ် အယ်လ်ပီ (RFLP) ဟု ခေါ်ကြသည်။ ဤရစ်လစ် အစတစ်ခုချင်းတွင် ပါရှိသည့် ဗေဒတို့၏ ဒေနေအထားကို လေ့လာကြပြီး ၎င်းတို့၏ တည်နေရာကို မှတ်သားကြရ လိမ့်မည်။ ရစ်လစ်များ မည်သည့်တစ်ခါတွင် တစ်ကြိမ် ပေါ်လာသည်ကို လေ့လာခြင်းဖြင့် သက်ဆိုင်ရာ ဒီအင် အော လေ့ကားရှည်ကြီးရှိ ခရိုမိုဆုမ်းပေါ်က တည်နေရာ အနေအထားကို ပြောနိုင်ကြလိမ့်မည်။

ရစ်လစ်ကိုကြည့်၍ ခြေရာကောက်ရာ၌ လူမျိုးစုကို လေ့လာထားဖို့လိုသည်။ ဆီးချိုဖြစ်သူများ အုပ်စုတွင် ရစ်လစ်တစ်မျိုးကို အမြဲတမ်းတွေ့ရပါက ဆီးချိုရောဂါသည် ဤရစ်လစ်မျိုးနှင့် ဆက်စပ်နေသည်။ ဒေါ်ဆုတ်ကင်ဆာ ရောဂါရှိသူများတွင် ယင်းသို့သော ရစ်လစ်မျိုး အမြဲတွေ့ရ ပါက ဤရစ်လစ်သည် ဒေါ်ဆုတ်ကင်ဆာရောဂါကို ဖြစ်စေ သည် စသည်ဖြင့် ပြောင်းပြန် ခြေရာကောက်ယူကြရခြင်း ဖြစ်သည်။


နောက်ဆုံးတွေ့ရှိချက်များ

ယခုအခါတွင် မျိုးရိုးဗီဇပညာရှင်များတို့က လူသား တို့ကို ဒုက္ခပေးလာသော ဗီဇအချို့၏ ခရိုမိုဆုမ်းပေါ်မှ တည်နေရာနှင့် တာဝန်ဝတ္တရားများကို သိရှိနေကြပြီဖြစ်၏။ ကံလေး မင်းမိကပင် ဤကလေးများ မည်သို့သော ချွတ်ယွင်းချက်မျိုး ပါလာလိမ့်မည်ကို ကြိုတင်ပြောနိုင် ကြပေပြီ။

ယခုနောက်ဆုံးလေ့လာချက်များဒေါ်ဆုတ်ကင်ဆာရောဂါ သည် မျိုးရိုးဗီဇနှင့် ဆက်သွယ်နေသည်။ မည်သို့သော ဗီဇမျိုးပါလာလျှင် မည်သည့်အရွယ်လောက်တွင် ဘယ်လို ကင်ဆာမျိုးကို ခံစားရလိမ့်မည် စသည်ဖြင့် ကြိုတင်ပြော ဆိုနိုင်ကြပါပြီ။ ဤနည်းအတိုင်း ဆက်လက် သုတေသနပြု ကြမည်ဆိုလျှင် ကင်ဆာရောဂါကို မျိုးရိုးဗီဇပညာဖြင့် အခြေပြု၍ ကာကွယ်ကုသနိုင်သည်များ လိုက်လာတော့မည် ဟု သိရသည်။ ထိုနည်းဟူစွာ ဆီးချိုရောဂါ၊ နှလုံးသွေး ကြောပိတ် ရောဂါနှင့် ကြွက်သားသေးသိမ်ပြီး လမ်း မလျှောက်နိုင်ခြင်း စသည့်ဝေဒနာများလည်း မျိုးရိုးဗီဇ နှင့် ဆက်သွယ်နေရာ ဤရောဂါများ အကြောင်းကိုလည်း ပို၍ပို၍ နားလည်သဘောပေါက်စေရန် ဗီဇလေ့လာသော နည်းဖြင့် သုတေသနပြုနေကြရာ အောင်မြင်မှု အဆက် အတန်ရနေပြီ ဖြစ်သည်။

ထို့ကြောင့် ရှေ့လာမည့်တစ်ခေတ်တွင် မျိုးရိုးဗီဇ လေ့လာနည်းပညာက ဆေးပညာကို တစ်ခေတ်ဆန်းသစ် စေတော့မည်ဟု သိရသည်။ ယခုခေတ်ဆေးပညာ အလို အရ လူနာတစ်ယောက်ကို လေ့လာလိုလျှင် လူကောင်း

မျိုးရိုးဗီဇပညာ တိုးတက်မှု



မျိုးဗီဇနည်းပညာ စမ်းသပ်ထုတ်လုပ်ခန်း

များနှင့် ယှဉ်ပြီး လေ့လာရသည်။ ယခုပေါ်လာမည့် ဆေးပညာတွင်မူ လူတစ်ယောက်ကို ရောဂါကာကွယ်ကုသ ရာ၌ သူ၏ မျိုးရိုးဗီဇအပေါ် အခြေတည်၍ လေ့လာ သုံးသပ် ကုသကြရမည် ဖြစ်သည်။

ယခုအခါ မျိုးရိုးဗီဇပညာသည် တစ်ရှိန်ထိုး တိုးတက် နေသည်နှင့်အညီ ဗီဇအသစ်များ၏ တည်နေရာများကို လည်း ရှာဖွေတွေ့ရှိလျက် ရှိသည်။ ဤသို့ ပညာရှင် အသီးသီးက တစ်နေရာဆီမှ အကဲ့ကဲ့အပြားပြား သုတေ သနပြုနေကြမည့်အစား လူသားအားလုံးအတွက် တိကျ သော မြေပုံဗီဇယားကို ညီညီညွတ်ညွတ် ရေးဆွဲထားနိုင် ကြမည်ဆိုလျှင် ပိုမိုအကျိုးရှိမည် ဖြစ်သည်။ ဤကဲ့သို့ အမျိုးပေါင်း တစ်သိန်းကျော်ကို မြေပုံဗီဇယားနှင့် တိတိ ကျကျ ရေးဆွဲနိုင်ရန်ကိစ္စမှာ နှစ်ပေါင်းအတော်ကြာအောင်

ကြိုးစား လုပ်ကိုင်ကြရမည့် လုပ်ငန်းဖြစ်၏။ သို့သော် ဤကိစ္စကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှိနေပြီဖြစ်သည်။ ဤကိစ္စ အမြန်ဆုံး အကောင်အထည်ပေါ် စေရန် အမေရိကန်နိုင်ငံအမျိုးသား သုတေသနကောင်စီမှ ၁၅ နှစ်အတွင်း အပြီးအပြတ် ဆောင်ရွက်ကြရန် သက်ဆိုင်သူများကို တာဝန်ပေးထားပြီဟု သိရသည်။ လုပ်ငန်းတစ်စိတ်တစ်ဒေသကို အမေရိကန်နိုင်ငံတွင် ပြုလုပ်ကြ၍ အချို့ကို ဂျပန်နှင့် ဥရောပ နိုင်ငံများတွင် ဆောင်ရွက်ကြမည် ဖြစ်သည်။

ဤလုပ်ငန်းမှ လက်တွေ့ ပေါ်ထွက်လာမည့် အကျိုးများက လူတစ်ယောက်တွင် ရောဂါလက္ခဏာ မဖြစ်ပေါ်မီ ကြိုတင်သိစေခြင်း၊ မျိုးရိုးဗီဇကို ပြုပြင်ပြောင်းလဲသော နည်းဖြင့် ဆေးကုသခြင်း စသည့် ကုထုံးကုနည်းအသစ်များ ပေါ်ထွန်းလာမည် ဖြစ်သည်။

ယခင်ကဆိုလျှင် ဒီအင်အေပညာဖြင့် ဘက်တီးရီးယားပိုးများနှင့် အခြားသတ္တဝါငယ်များဖြင့် လူသားတို့အကျိုးအတွက် ဆေးဝါးကိုထုတ်လုပ်စေခြင်း စသည်တို့ကိုဆောင်ရွက်နိုင်သည့် အဆင့်သာရှိသေးသည်။ မကြာမီ ဆီးချို ရောဂါသည်များ၊ သွေးတိုးရောဂါသည်များ စသည့်ရောဂါသည်တို့ကို ရောဂါ မဖြစ်သေးမီကပင် အလားအလာကို ကြိုတင်သိရှိခြင်း၊ ကြိုတင်သိရှိထားခြင်းကြောင့် ဗီဇအကောင်းကို အစားထိုးသည့်နည်းဖြင့် ကြိုတင်ကုသထားခြင်း စသည့် ကုထုံးသစ်များ ဆက်တိုက် လိုက်ပါလာတော့မည်ဖြစ်သည်။

ဗီဇကြောင့် ဖြစ်တတ်သော ရောဂါအသစ်များလည်း ရှာဖွေတွေ့လာသည်နှင့်အမျှ တစ်ချိန်ကျလျှင် ကလေးမွေးပြီးသည်နှင့် အဆိုပါ ကလေးသည် မည်သည့်အရွယ်တွင် မည်သည့်ရောဂါ ရလိမ့်မည်၊ အသက် ၃၅ နှစ်တွင် ဆီးချိုဝင်မည်၊ ၄၅ နှစ်တွင် သွေးတိုးလာမည် စသည်ဖြင့် တစ်သက်စာ ဗေဒင်ဟောကိန်း ကြိုတင်ယူကြသလို ယူနိုင်မည့် ခေတ်သစ်ကို ရောက်လာတော့မည် ဖြစ်သည်။ ဆက်လက်၍ မည်သည့်မျိုးရိုးကို မည်သည့်မျိုးရိုးအသစ်ဖြင့် အစားထိုးခြင်းဖြင့် ရောဂါမဖြစ်အောင် ကာကွယ်ပြီးပြီဟူသည့် စကားမျိုးများလည်း ပေါ်လာမည် ဖြစ်ပါသည်။

ခရိုမိုဆုံးတွင်းမှ ဗီဇများကို တစ်ခုချင်းခွဲထုတ်လေ့လာခြင်း

ပထမအဆင့်တွင် ဒီအင်အေအမျှင်ကို မျိုးရိုး ထောင်ပေါင်းများစွာရအောင် မိတ္တူပွားလိုက်သည်။ သူတို့ကို တစ်မျှင်စီဖြစ်သွားအောင် ခွဲလိုက်ပြီး အကူမြူခဲတစ်ဖြင့် အစတစ်ဘက်၌ တံဆိပ်းလိုက်သည်။

ရလာသော ဒီအင်အေတို့ကို ဖန်ပြွန်လေးခုထဲသို့ခွဲထည့်ပြီး ခတ်တူပစ္စည်း တစ်မျိုးထဲသို့ထည့်ကာ ဗေ့လေးမျိုးရှိသည့်အနက် တစ်မျိုးကို ဖျက်ဆီးပစ်မည်။ ဤတွင် ဒီအင်အေအမျှင်မှာ အပိုင်းပိုင်း ပြတ်သွားမည်။

ဖန်ပြွန်ထဲကျန်သော ဒီအင်အေအပိုင်းအစကို ဂျယ်လီပေါ်တင်၍ လျှပ်စစ်ခတ်ဖြင့် ဖြတ် သန်း စေခြင်းဖြင့် တိုသောအစများကအသွားမြန်မည်။ ရှည်သောအစများက ဖြေးသွားသည့်နှုန်း နှေးမည်။ ဤတွင် အဏုမြူဓာတ်ခြည် တံဖက်ထားရှိသဖြင့် ယင်းတို့ကို ဂျယ်လီပေါ် မြင်တွေ့ရမည်။ ကန့်လန့်စင်းများကိုကြည့်ခြင်းဖြင့် မူလဒီအင်အေပေါ်၌ ရှိနေခဲ့သော ဗေ့များ၏တည်နေရာကို အတိအကျ ပြောနိုင်မည်ဖြစ်၏။

မျိုးရိုးဗီဇကို ပြုပြင်ပြောင်းလဲနည်းဖြင့် ဆေးဝါးကုသခြင်း

ကျန်းမာသန်စွမ်းသော လူသားတစ်ယောက်မှ မျိုးရိုးဗီဇကိုယူပြီး အထူးမွေးထားသော ဗိုင်းရပ်ပိုး၏မျိုးရိုးထဲကို ထည့်သွင်းပေးမည်။ ဗိုင်းရပ်ကို လူနာထံမှ ထုတ်ထားသော ချွတ်ယွင်းချက်ရှိနေသည့် ရိုးတွင်းခြင်ဆီထဲမှာ မျိုးပွားစေမည်။ ချွတ်ယွင်းချက်ရှိနေသော ကလာပ်စည်းထဲသို့ ဗိုင်းရပ်ပိုးက ဒီအင်အေမျိုးစေ့အကောင်းကို ထည့်သွင်းပေးမည်။ ထိုနောက် ကောင်းမွန်သွားသော ရိုးတွင်းချဉ်ဆီ ကလာပ်စည်းအကောင်းများကို ယူပြီး လူမမာ ခန္ဓာကိုယ်တွင်းထဲသို့ ပြန်ထည့်ပေးမည်။ ထိုအခါ ကလာပ်စည်း အသစ်များသည် လူမမာ၏ ကိုယ်တွင်း၌ ပွားများလာခဲ့ရာ လူမမာ ပြန်လည် ကျန်းမာလာမည် ဖြစ်သည်။

နောက်ဆက်တွဲပေါ်လာနိုင်သည့် ပြဿနာများ

မျိုးရိုးဗီဇနည်းပညာ ထွန်းကားလာသည်နှင့်အမျှ ကိုယ်ကျင့်တရား၊ လူမှုရေး၊ တရားရေး၊ လောကအမြင် စသည့် ဘက်စုံက အငြင်းပွားစရာကိစ္စများ ပေါ်လာနိုင်သည်။

ယခုအခါ သန္ဓေတည်နေသောကလေးသည် ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားသိနိုင်ပေပြီ။ ထိုမှတစ်ဆင့်တက်၍ သန္ဓေသားသည် မည်သည့်ချွတ်ယွင်းချက် တစ်ခုခုနှင့် မွေးဖွားလာမည်ကိုပင် ခန့်မှန်းနိုင်ပေပြီ။ ထိုအခါကလေးကို ဖျက်ချသင့်၊ မသင့် ဟူသော ကိုယ်ကျင့်တရားဆိုင်ရာ ပြဿနာရှိလာတော့သည်။ စင်စစ်အားဖြင့်မွေးဖွားလာမည့် ကလေး၌ ပါလာနိုင်သောရောဂါနှင့် ချွတ်ယွင်းချက်ကို

မော်လီကျူးဇီဝဗေဒပညာဖြင့် တွက်ဆရာ၌ ရာနှုန်းပြည့် မှန်နိုဝ်မည်မဟုတ်ချေ။ ၉၀ ရာခိုင်နှုန်းသာ အများဆုံး မှန်နိုင်ခြေရှိသည်။ ဆေးပညာသည် နက်နဲဆန်းကြယ်လှ ပေရာ ရှုပ်ထွေးကာ အားပြိုင်နေသော အချက်မြောက် မြားစွာကို စဉ်းစား တွက်ဆရခြင်း ဖြစ်သည်။ နှိုက်နှိုက် နဲ့နဲ့ လေ့လာလေ့လေ စဉ်းစားထောက်ချင့်စရာ အချက် များပြားစွာ တွေ့ရလေ့လေဖြစ်သည်။ မျိုးရိုးတစ်ပိုင်းက အရပ်အမောင်းမြင့်မားထွားကျိုင်းမည်ဟု ပြနေစဉ်တွင်ပင် အနီးကပ်ထပ်လျက်ရှိသော မျိုးရိုးတစ်ခုက ကင်ဆာရောဂါ ဖြစ်လာနိုင်ကြောင်း ပြသနေသည့်သဘောမျိုးကို တွေ့ရ တတ်သည်။

ဆေးပညာသမိုင်းတွင် အလားတူပြဿနာမျိုး များစွာ ကို တွေ့ရဖူးသည်။ ဥပမာ– ၁၉၆၅ ခုနှစ်ခန့်က သိပ္ပံ ပညာရှင်တစ်စုက ခရိုမိုဆုမ်း XYY (ကျားခရိုမိုဆုမ်းအပို တစ်ခု) ပါသော လူသားတို့သည် ရာဇဝတ်မှုကျူးလွန်ရန် ဦးမလေး၊ လူသတ်ရသည်ကိုပင် ကျေနပ်မွေ့လျော်တတ် သည်ဟု တွေ့ရှိခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းရှိ အကျဉ်း ထောင် အများအပြားရှိ ရာဇဝတ်သားများကို လေ့လာ ကြည့်ရာ အများစု၌ XYY မျိုးရိုးရှိကြောင်း တွေ့ကြရ သည်။ ထိုအခါ လူမှုရေးသိပ္ပံပညာရှင်တို့က XYY မျိုးရိုးရှိ ကလေးကို မည်သို့ပြုပြင်ရမည်ကို စူးစမ်းကြသည်။ အချို့ မိဘများက ကိုယ်ဝန်ဆောင်ထားသော ကလေး၌ XYY မျိုးရိုးပါမပါ စစ်ဆေးမှုခံယူကြသည်။ ပါလျှင် ဖျက်ချ ပေးပါဟုပင် တောင်းဆိုသူက တောင်း ဆို ကြ သည်။ နောက်များမကြာမီတွင် လူကောင်းများ၌လည်း XYY မျိုးရိုးတွေ့ရကြောင်း ထောက်ပြနိုင်ခဲ့ကြပြန်သည်။ စင်စစ် အားဖြင့် XYY မျိုးရိုးရှိသူ လေးရာခိုင်နှုန်းသာ ရာဇဝတ် သား ဖြစ်လာကြ၍ ကျန်သူများမှာ စိတ်ထားကောင်းမွန် ကြသည်ဟု ဆိုပြန်သည်။

အခြားပြဿနာတစ်ရပ်မှာ အသက်အာမခံထားလျှင် အသက်အာမခံကုမ္ပဏီက မွေးရာပါ မျိုးရိုးပြ ကွန်ပျူတာ ကတ်ပြားကို တောင်းခံလာမည့်အရေးဖြစ်သည်။ မျိုးရိုး ညှံ၍ အသက်တိုနိုင်လျှင် ပရီမီယံကြေး ပိုပေးရတော့မည့် ကိန်းဖြစ်သည်။

မျိုးရိုးအခြေအနေကို ကြိုသိ၍ အစားအသောက် အနေအထိုင် ဆင်ခြင်နိုင်ခြင်းဖြင့် အကျိုးရှိနိုင်သကဲ့သို့၊ အသက် ၄၅ နှစ်ခန့်တွင် သည်းထန်သော ကင်ဆာရောဂါ ဖြင့် သေရမည်ဟု ကြိုသိထားလျှင် ကြိုးမိန့်ကျတရားခံ သဖွယ် ခံစားနေရတော့မည် ဖြစ်သည်။

လူကို လူလိုမမြင်ဘဲ ဓာတုဗေဒ အစိုင်အခဲများကဲ့သို့ မြင်လာကြမည့် အလားအလာလည်း ရှိသည်။ မျိုးရိုးညံ့ သော မိသားစုကို အိမ်ထောင်ရေး၌ လုံးဝမစဉ်းစားခြင်း မျိုးကဲ့သို့သော လူမှုဆက်ဆံရေး အလေ့အထများ ရှိလာ နိုင်သည်။ စင်စစ်အားဖြင့် မကောင်းဟုဆိုသောမျိုးရိုး၌ပင် အကောင်းနှောနေတတ်သည်။ ဥပမာ– အာဖရိကတိုက် သားများတွင် ပျံ့နှံ့နေသော တံစဉ်သွေးဆဲလ်နီရောဂါသည် မျိုးရိုးလိုက်၍ ဖြစ်တတ်သည်။ သို့သော် ယင်းမျိုးရိုးရှိသူ သည် သဘာဝအားဖြင့် ငှက်ဖျားရောဂါကို ကာကွယ်နိုင် စွမ်း ရှိနေပြန်သည်။ သို့ဖြစ်၍ မျိုးရိုး၌ တစ်စုံတစ်ခုသော ချွတ်ယွင်းချက်ရှိကာမျှဖြင့် လူမှုရေးနယ်ပယ်၌ ပစ်ပယ် ချိုးနှိမ်ခြင်းသည် မရှိသင့်သောအလေ့အထ ဖြစ်သည်။

အမေရိကန် ပြည်ထောင်စု၌ လူသားကို ပြိုင်မြင်း အကောင်းစားမွေးယူသကဲ့သို့ မွေးယူရန် ၁၉၀၀ ပြည့် လွန် နှစ်များအတွင်းက ကြံဆခဲ့ကြဖူးသည်။ လူမျိုးတကာထက် သာလွန်သော ဂျာမန်လူမျိုး ပေါ်ထွန်းအံ့ဟု ဆိုကာ အာဏာရှင် ဟစ်တလာလည်း ထိုသို့ ကြံဆ၍ လက်တွေ့ အကောင်အထည်ဖော်ဖူးသည်။ မအောင်မြင်ခဲ့ချေ။ ယခု အခါ ထိုသို့ "စူပါမင်း" လူစားမျိုး ဖန်တီးရေးထက် ရောဂါဘယ ကင်းစင်ရေးနှင့် မဖြစ်သင့်သော ချွတ်ယွင်း ချက်မျိုးကို တားဆီးနိုင်ရေးတို့ အတွက်သာ ရည်ရွယ်၍ မျိုးရိုးဗီဇနည်းပညာကို အသုံးချလာကြခြင်းဖြစ်သည်။

သို့ဖြစ်၍ ယင်းပညာဖြင့် လူသားတို့၏ အနာဂတ်ဘဝ တိုးတက် ကောင်းမွန်ရေးကိုသာ ဦးတည်မည်ဟု မျိုးရိုးဗီဇ နည်းပညာ သိပ္ပံအကြီးအကဲ ဂျိမ်းဝပ်ဆင်က ထပ်ဖန် တလဲလဲ ပြောဆိုခဲ့ခြင်းဖြစ်သည်။

သုတေသန စည်းကမ်းချက်များ


လောလောဆယ်အခြေအနေတွင် မျိုးရိုးဗီဇပညာရှင် တို့အား လူသားတို့၏ သဘောတူညီချက် မပါဘဲ သူ၏ မျိုးရိုးကို မလေ့လာရ။ လူတစ်ယောက်၏ မျိုးရိုးအရ သိရှိ လာသောအချက်များသည် သူ၏ကောင်းကျိုးအတွက်သာ ဖြစ်စေရမည်။ ဆိုးကျိုးအတွက် မဖြစ်စေရ။

မျိုးရိုးပညာဖြင့် လေ့လာ၍ရသော အဖြေများကို ဘေးလူ မည်သူမျှမသိရအောင် ထိန်းသိမ်းပေးရမည်။

မျိုးရိုးပညာဖြင့် ရောဂါကုသနိုင်ရေးကိုသာ ဦးတည်ရ မည်။ ပိုမိုဆိုးဝါးသော မျိုးရိုးတွေ့ ပေါ်ထွက်လာအောင် မပြုလုပ်ရ စသည်ဖြင့် သတ်မှတ်ချက်များဖြင့် သုတေသန လုပ်ငန်းကို ခွင့်ပြုထားရှိသည်။

ပညာဟူသည် စွမ်းပကားတစ်ရပ် ဖြစ်သည်။ ယင်း ပညာကိုပြဿနာပေါ်မည်စိုးရိမ်၍ ဟန့်တားထားရန်လည်း မသင့်ပါ။ ဟန့်တား၍လည်း ရမည်မထင်ပါ။ ကောင်းမွန် သော လမ်းကြောင်းပေါ် ရောက်စေရန်သာ ထိန်းကျောင်း ပေးကြရမည် ဖြစ်ပေသည်။

ဆရာဝန် တင်ရွှေ



အပူချိန်မြင့်နှင့် အပူချိန်နိမ့် လွန်ကဲလျှပ်ကူးသတ္တိ

အခဲအခြေ ရူပဗေဒ၏ အုတ်နှစ်ချပ်


အခဲအခြေရူပဗေဒ (condensed matter physics) အခြေခံအုတ်နှစ်ချပ်သည် လွန်ကဲလျှပ်ကူးသတ္တိ (Superconductivity) နှင့် အိပ်က်စ်ရောင်ခြည် လှိုင်းကွေခြင်းနှင့် ပုံဆောင်ခဲပညာ (X – ray diffraction and Crystallography) တို့ဖြစ်သည်။ အခဲအခြေ ရူပဗေဒတွင် ပထမဦးဆုံး နိုဗဲဆု ရသူမှာ ဒပ်ချ် ရူပဗေဒ ပညာရှင် ဒေါက်တာ ကာမာလင် အိုနစ် ဖြစ်ပြီး ဆုရသည့်နှစ်မှာ ၁၉၁၃ ခုနှစ် ဖြစ်သည်။ အိုနစ်သည် ပြဒါး၏ လွန်ကဲလျှပ်ကူးသတ္တိကို ၁၉၁၁ ခုနှစ် အပူချိန်နိမ့် ရူပဗေဒ (Low temperature physics) သုတေသန ပြုလုပ်စဉ်တွင် တွေ့ရှိသည်။ ပြဒါး၏ လျှပ်စစ်ခုခံမှာ အသွင်ပြောင်း အပူချိန် 4.2 K တွင် လုံးဝမရှိသည်ကို တွေ့ရ၍ ထိုအပူချိန်တွင် လျှပ်စီးသည် ခုခံမှု (စွမ်းအင်ပြုန်းတီးမှု) မရှိဘဲ ပြဒါးထဲတွင် စီးနေနိုင်မည် ဖြစ်သည်။ 4.2 K မှာ ရေခဲသည့် အပူချိန်အောက် –196° C ဖြစ်သည်။ ၁၉၁၂ ခုနှစ်တွင် အိပ်က်စ်ရောင်ခြည်လှိုင်းကွေခြင်းကို ဂျာမန် ရူပဗေဒပညာရှင် ဒေါက်တာ ဖွန်လောအီကလည်းကောင်း၊ ၁၉၁၃ ခုနှစ်တွင် ဗြိတိသျှ ရူပဗေဒ ပညာရှင် သားအဖနှစ်ဦးဖြစ်သော ဆာ ဝီလျံ ဟင်နရီဗရက်နှင့် ဆာ ဝီလျံလောရင့် ဗရက်တို့က အိပ်က်စ်ရောင်ခြည်လှိုင်းကွေဆင်နှင့် ပုံဆောင်ခဲဖွဲ့စည်းပုံကို အက်တမ်အဆင့်တွင် အသုံးပြု ဖော်ထုတ်နိုင်ခဲ့သည်။ လောအီသည် ၁၉၁၄ ခုနှစ်တွင် ရူပဗေဒ နိုဗဲဆုကိုလည်းကောင်း၊ ဗရက် သားအဖတို့သည် ၁၉၁၅ ခုနှစ်တွင် ရူပဗေဒ နိုဗဲဆုကိုလည်းကောင်း ရရှိကြလေသည်။ ရိုးရိုးဆား (Na Cl) သည် မော်လီကျူးမဟုတ်ဘဲ ဆိုဒီယမ် (အပေါင်း) အိုင်ယွန်နှင့် ကလိုရင်း (အမ) အိုင်ယွန်တို့ဖြင့်သာ ဖွဲ့တည်ထားကြောင်း ဖော်ပြနိုင်ခဲ့သည်။ အခဲအခြေ ရူပဗေဒ၌ အထူးခြားဆုံး တွေ့ရှိမှု တစ်ရပ်မှာ အသေးဆုံး အဖွဲ့အစည်းတွင် Na အိုင်ယွန် လေးလုံးနှင့် Cl အိုင်ယွန် လေးလုံး ပါရှိရမည် ဟူသောအချက်ဖြစ်သည်။ Na အိုင်ယွန်တစ်လုံးနှင့် Cl အိုင်ယွန် တစ်လုံး ပါ အဖွဲ့အစည်းကို သဘာဝတွင် မတွေ့ရှိနိုင်ခြင်းပင်ဖြစ်

သည်။ ပုံဆောင်ခဲပညာ၏ အရေးပါပုံကို အပူချိန်မြင့် (35 K–125 K) လွန်ကဲလျှပ်ကူးသတ္တိကို လေ့လာရာတွင် ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။

လျှပ်စစ်ခုခံမှုနှင့် လွန်ကဲလျှပ်ကူးသတ္တိ

သာမန် လျှပ်စစ်ပစ္စည်းများတွင် လျှပ်စစ်စီးသော အခါ လျှပ်စစ်ခုခံမှုကြောင့် လျှပ်စစ်စွမ်းအင်အချို့သည် အသုံးပြုရ၍မရသော အပူစွမ်းအင်အဖြစ် ပြောင်းလဲသွားတတ်သည်။ ဒြပ်သား သို့မဟုတ် နန်းကြိုးအတွင်းရှိ ဒြပ်သားအတွင်း၌ အီလက်ထရွန်ခေါ် အမ လျှပ်စစ် တစ်ယူနစ်ဆောင် အခြေခံအမှုန် ရွှေလျားမှု သို့မဟုတ် အပေါင်း လျှပ်စစ် တစ်ယူနစ်ဆောင် အပေါင်းတွင်း (hole or vacancy) ရွှေလျားမှုကြောင့် အီလက်ထရွန် သို့မဟုတ် အပေါင်းတွင်း လျှပ်စီး ဖြစ်ပေါ်သည်။ အီလက်ထရွန် (သို့မဟုတ် အပေါင်းတွင်း) ၏ ပုံမှန် ရွှေလျားမှုမှ လွှင့်စဉ်စေခြင်းဖြင့် လျှပ်စစ်ခုခံမှုကို ဖြစ်ပေါ်စေသည်။ အီလက်ထရွန်များကို လွှင့်စဉ်စေသောအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- အက်တမ် သို့မဟုတ် ငြမ်း၏ တုန်ခါမှု ကွန်တမ် သီအိုရီအရ ဖိုနွန်ခေါ် တုန်ခါမှု ကွန်တမ်များက အီလက်ထရွန်များကို လွှင့်စဉ်စေသည်။
- လျှပ်စစ်ပစ္စည်းများမှာ ပုံဆောင်ခဲ သဘာဝ (များသောအားဖြင့်) ဆောင်ကြ၍ အီလက်ထရွန်များကို ပုံဆောင်ခဲအတွင်းရှိ ပုံဆောင်ခဲ နယ်နိမိတ်များ (grain boundaries)၊ အနာအဆာများ (defects



ပုံ (၁) (က) လျှပ်ကာတွင် အီလက်ထရွန် (လျှပ်စီး) စီးနိုင်သော လျှပ်စီးတာခွင် (cb) နှင့် အပေါင်းတွင်း (လျှပ်စီး) စီးနိုင်သော ဝေ့လင့်တာခွင် (vb) တို့ကို စွမ်းအင်ကြားလပ် (bg) ကျယ်က ကြားခံထားသည်။


(ခ) လျှပ်ကူးခွှိတွင် စွမ်းအင်ကြားလပ်မှာ ကျဉ်း၏။ (1 eV) (တစ်အီလက်ထရွန်ဗို့ဝန်းကျင် ဆောင်သည်။)

(ဂ) လျှပ်ကူးတွင် စွမ်းအင်ကြားလပ် လုံးဝမရှိ၍ လွယ်ကူစွာ လျှပ်စစ်စီးနိုင်သည်။

(ဃ) လွန်ကဲ လျှပ်ကူးတွင် စွမ်းအင်ကြားလပ်မှာ သေးသေးလည်း အသွင်ပြောင်း အပူချိန်ထက်မြင့်သော အပူချိန်တို့တွင် မရှိတော့ဘဲ လျှပ်ကူးပစ္စည်းသဖွယ် ဖြစ်သွားသည်။

ပကတိအပူချိန် သုည (0 K) တွင် စွမ်းအင်ကြားလပ်အထက်၌ အီလက်ထရွန် တစ်လုံးမျှမရှိနိုင်ပေ။ လျှပ်ကာနှင့် လျှပ်ကူးခွှိတို့၏ စွမ်းအင်ကြားလပ်မှာ အပူချိန်နှင့် လုံးဝမပြောင်းဘဲ ပုံဆောင်ခဲငြမ်း၏ ကိန်းသေတန်ဖိုးဆောင် မတ္တာသာလျှင် ဖြစ်သည်။


ပုံ (၁) (c) စွမ်းအင်ကြားလပ်တန်ဖိုးမှာ အသွင်ပြောင်းအပူချိန်တန်ဖိုးအောက်ရှိ အပူချိန်တန်ဖိုးများပေါ်တွင် တည်ပြီပုံ။ အပူချိန် သုညတွင် အမြင့်ဆုံးတန်ဖိုးဆောင်၍ အသွင်ပြောင်း အပူချိန်ထက်မြင့်သော အပူချိန်၌ စွမ်းအင်တန်ဖိုးမရှိတော့ကြောင်း ဖော်ပြသည်။



or imperfections)၊ လွဲပြောင်းမှား (dislocation) နှင့် အစီအစဉ်မကျမှုမျှား (disorder) စသည်တို့က လွှင့်စဉ်စေသည်။


သဘာဝရှိ(လူတို့ပြင်ဆင်တီထွင်သည်မျှားပါဝင်သော) ပုံဆောင်ခဲမျှားကို လျှပ်ကာ၊ လျှပ်ကူးခွါ၊ လျှပ်ကူးနှင့် လွန်ကဲလျှပ်ကူးဟူ၍ သတ်မှတ်ထားသည်။ (ပုံ ၁—ရှ။) လျှပ်ကာပစ္စည်းမျှားတွင် စက္ကူ၊ စီရာမစ် (Ceramics) အခွါတို့ ပါဝင်သည်။ လျှပ်ကာပစ္စည်းမျှားတွင် လျှပ်စီးတာခွင် (conduction band) နှင့် ဗေလင့် တာခွင် (valence band) တို့ကြားရှိ စွမ်းအင် (တာခွင်) ကြားလပ် (band gap) မှာ အလွန်အမင်း ကျယ်၍ လျှပ်စီး လုံးဝမစီးနိုင်ခြင်း ဖြစ်သည်။ လျှပ်ကူးခွါတို့တွင် တာခွင်ကြားလပ်မှာကျဉ်း၍ လျှပ်ကူးခွါ ပုံဆောင်ခဲထက် အီလက်ထရွန်တစ်လုံး ပိုမျှားသော သို့မဟုတ် တစ်လုံး လျော့နည်းသော အက်တမ်မျှားကို အပင်းသွင်း (dope) ပြုလုပ်ခြင်းဖြင့် အီလက်ထရွန် လျှပ်စီး ဦးဆောင်သော (n–type) လျှပ်ကူးခွါကိုလည်းကောင်း၊ အပေါင်းတွင်း လျှပ်စီး ဦးဆောင်သော (p–type) လျှပ်ကူးခွါကို လည်းကောင်း ဖန်တီးနိုင်သည်။ တာခွင် အလယ်တွင် ရှိသော စွမ်းအင် အဆင့်ကို ဖာမီစွမ်းအင်အဆင့်ဟု ခေါ်သည်။

n– အမျိုးအစား လျှပ်ကူးခွါ၏ တာခွင်ကြားလပ် အတွင်း ဖာမီအဆင့်အထက်၌ အဖို "အပင်း" အိုင်ယွန် (dopant) မျှား လျှပ်စီးတာခွင်နားကပ်၍ ရှိနိုင်ပြီး p– အမျိုးအစား လျှပ်ကူးခွါ၏ တာခွင်ကြားလပ်အတွင်း ဖာမီအဆင့်၏အောက်တွင် အမ "အပင်း" အိုင်ယွန် (dopant) မျှား ဗေလင့်တာခွင်နားကပ်၍ ရှိနိုင်သည်။ "အပင်း" သွင်းခြင်း (doping) ဖြင့် လျှပ်စီးရယူမှုမှာ လျှပ်ကူးခွါ ရူပဗေဒတွင်သာ အသုံးပြုသည် မဟုတ်ဘဲ အပူချိန်မြင့် လွန်ကဲလျှပ်စီး ဖြစ်ပေါ်ရာတွင်လည်း "အပင်း" သွင်းခြင်း (doping) ကို တွင်ကျယ်စွာ ရူပဗေဒပညာရှင်မျှား အသုံးပြုရသည်။ လျှပ်ကူးပစ္စည်း တွင်မူကား တာခွင်ကြားလပ် လုံးဝမရှိ၍ လွယ်ကူစွာ လျှပ်စစ်စီးနိုင်သော်လည်း လျှပ်စစ်ခုခံမှုရှိ၍ လျှပ်စစ် စွမ်းအင်ပြုန်းတီးမှုရှိသည်။ အသွင်ပြောင်း အပူချိန်တစ်ခု ထက်နိမ့်သော အပူချိန်တွင် လွန်ကဲလျှပ်ကူးတွင် ဖာမီ ဆင့်ကို ဗဟိုပြုသော စွမ်းအင်ကြားလပ်ရှိပြီး လွန်ကဲ လျှပ်ကူးလျှပ်စီးကို ခုခံမှု လုံးဝမရှိဘဲ (စွမ်းအင်ပြုန်း တီးမှု မရှိစေဘဲ) စီးစေနိုင်မည် ဖြစ်သည်။ လွန်ကဲလျှပ် ကူးကို သံလိုက်စက်ကွင်းမြင့်အတွင်း၌ ထားသော် လွန်ကဲ လျှပ်ကူးသတ္တိသဘာဝကို ပျက်စီးသွားစေသည်။ လွန်ကဲ လျှပ်ကူးတွင် အီလက်ထရွန်စုံတွဲ၏ ရွေ့လျားမှုကြောင့်



ပုံ (၂) ဝဲဘက်လွန်ကဲ လျှပ်ကူး (S1) မှ လျှပ်ကာ (I) ကို ဖြတ်၍ ယာဘက်လွန်ကဲလျှပ်ကူး (S2) မှ လျှပ်စီး (A) စီးထွက်နိုင်ခြင်းမှာ ကွမ်တမ်လိုက်ခေါင်းတူးမှုကြောင့် ဖြစ်သည်။ ဤကိရိယာကို ဂျော့စဖာစင်ဆုံဆက်ဟု ခေါ်သည်။

လွန်ကဲလျှပ်စီး ဖြစ်ပေါ်စေသည်။ လွန်ကဲလျှပ်ကူး လိုက် ခေါင်းတူးခြင်းကို ၁၉၇၃ ခုနှစ် နိုဗဲဆုရှင်မျှားဖြစ်လာ သော ဗြိတိသျှလူမျိုး ရူပဗေဒပညာရှင် ဒေါက်တာ ဘရိုင် ဂျော့စဖာစင် နှင့် နော်ဝေးနိုင်ငံဖွား အမေရိကန် ရူပဗေဒပညာရှင် ဒေါက်တာ အိုင်ဗာ ဂီယာဗာ တို့က ၁၉၆၂ ခုနှစ် ဝန်းကျင်တွင် တွေ့ရှိခဲ့ကြသည်။ လွန်ကဲ လျှပ်ကူးနှစ်ခုကြားတွင် ညှပ်ထားသော လျှပ်ကာအတွင်း ကို လျှပ်စီးဖြတ်ပြီးစီးနိုင်ကြောင်းကို ယင်းပညာရှင်နှစ်ဦး က သီအိုရီအရ (ဂျော့စဖာစင်က) ဟောကိန်းထုတ်ပြီး စမ်းသပ်ခန်းတွင် လက်တွေ့ (ဂီယာဗာက) တွေ့ရှိ သက်သေ ပြနိုင်ခဲ့သည်။ ဂျော့စဖာစင်–ဆုံဆက် (Josephson junction) နှစ်ခုကို အသုံးပြုပြီး စကွစ်ဒ် (Squid = Superconducting quantum interference device) (ပုံ ၃—ရှ။) ကို တီထွင်နိုင်သည်။ စကွစ်ဒ်ကို ဘူမိရူပဗေဒပညာပိုင်းတွင် ကျောက်မျှား၏ သံလိုက်ဓာတ် လေ့လာရာ၌ လည်းကောင်း၊ ဓာတ်သတ္တုရှာဖွေရေး၊ ဆေးပညာသုတေသန၌ ဦးနှောက်နှင့် နှလုံး




ပုံ (၃) ဒီဇီစကွစ်ဒ်ကို ဂျော့စဖာစင်ဆုံဆက်နှစ်ခုဖြင့် ပြုလုပ်နိုင်သည်။ အေဇီစကွစ်ဒ်ကို ဆုံဆက်တစ်ခုဖြင့် ပြုလုပ်နိုင်သည်။

ရောဂါ လေ့လာရေးတွင် လည်းကောင်း၊ ကာကွယ်ရေး ကဏ္ဍတွင် ရေငုပ်သင်္ဘော ရှာဖွေရေးတွင် လည်းကောင်း၊ အပူချိန်နိမ့်တိုင်းတာမှု၊ ဗို့အားနိမ့်တိုင်းတာမှု၊ သံလိုက်မိုနိုပို (magnetic monopole) ရှာဖွေမှုစသည့် ရူပဗေဒ နယ်ပယ်များတွင်လည်းကောင်း နက္ခတ္တဗေဒနှင့် ဆက်သွယ်ရေးတွင် လျှပ်စစ်သံလိုက်လှိုင်းများ ဖမ်းယူမှု၊ ယင်းလှိုင်းများ၏ ဂုဏ်သတ္တိတိုင်းတာမှုတို့တွင် အသုံးပြုလျက်ရှိသည်။ လွန်ကဲလျှပ်ကူးသံလိုက်များကိုလည်း စွမ်းအင်မြင့် ရူပဗေဒ သုတေသနသုံး အရှိန်ပေးစက်များတွင် အသုံးပြုလျက်ရှိသည်။

အပူချိန်နိမ့် လွန်ကဲလျှပ်ကူးသတ္တိ


လွန်ကဲလျှပ်ကူးသတ္တိဆောင် ဝတ္ထုတို့သည် အသွင်ပြောင်းအပူချိန်တစ်ခုနှင့် ယင်းအပူချိန်ထက်နိမ့်သော အပူချိန်တွင် လျှပ်စစ်ခုခံမှုမရှိဘဲ နေမည်။ အကယ်၍ မူနှိုလက်ကောက်ပုံစံ ရှိမည်ဆိုလျှင် လျှပ်စီးမှုမှာ နှစ်နှင့်ချီ၍ ဆက်လက်စီးနေမည် ဖြစ်သည်။ သံလိုက်စက်ကွင်း၏ အားလမ်းကြောင်းများကိုလည်း ဖမ်းယူနိုင်မည်ဖြစ်သည်။ (ပုံ ၄—ရှ။)

ဘီစီအက်စ် သီအိုရီအရ ပုံဆောင်ခဲငြမ်း (ပဲရော့စကိုက်အပိုင်းကို ရှုပါ။) ပုံပျက်ခဲ့သော် ယင်းပုံပျက်မှုကြောင့် အီလက်ထရွန် နှစ်လုံးသည်တွဲ၍ ရွှေ့လျားနိုင်ကြောင်း ဖော်ပြနိုင်သည်။ များမကြာမီက ကွယ်လွန်သွားသူ အမေရိကန်ရူပဗေဒပညာရှင် ဖိုင်မင်း၏ပုံ (Feynman diagram) (ပုံ ၅—ရှ။) အရဖော်ပြရသော် ဖိုနွန်ခေါ်ငြမ်းတုန်ခါမှုကြောင့် ဖြစ်ပေါ်သော အမှုန်ကို အီလက်ထရွန်နှစ်လုံးက ဖလှယ်ကြ၍ အီလက်ထရွန်စုံတွဲ (Cooper pairs) များဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် အမဲရိုးတစ်ချောင်းကို လုနေသော ခွေးနှစ်ကောင်သည် ပူးတွဲနေသကဲ့သို့ပင်တည်း။ အမဲရိုးမှာ ဖိုနွန်အလား ဖြစ်ပြီး ခွေးနှစ်ကောင်မှာ အီလက်ထရွန်နှစ်လုံးကဲ့သို့ ပြုမူသည်။ ဘီစီအက်စ် သီအိုရီအရ လွန်ကဲလျှပ်ကူးများတွင် အလွန်ကျဉ်း(ငယ်) သော စွမ်းအင်ကြားလပ် (energy gap) ရှိသည်။ သို့ဆုတွင် လျှပ်ကူးချို့များရှိ စွမ်းအင်ကြားလပ်ကဲ့သို့ ငြမ်းပေါ်တွင် မတည်ဘဲ အီလက်ထရွန်၏စွမ်းအင် (ဖာမီစွမ်းအင်) ပေါ်သာတည်သည်။ အပူချိန် 100 K အထက် ပတ်ဝန်းကျင်အတွက် ဘီစီအက်စ် သီအိုရီကို အသုံးပြုရန် အခက်အခဲများ ရှိလေသည်။ ဘီစီအက်စ်




ပုံ (၄) ဖမ်းမိထားသော သံလိုက်အားလမ်းကြောင်းများနှင့် မူနှိုလက်ကောက်ပုံစံ လွန်ကဲလျှပ်ကူးပစ္စည်း

ပုံ (၅) ဘီစီအက်စ် သီအိုရီအရ အီလက်ထရွန်နှစ်လုံးတွဲနေပုံမှာ ဖိုနွန် (ငြမ်းတုန်ခါမှုကြောင့် ဖြစ်ပေါ်သော ကွမ်တမ်စွမ်းအင်ထုပ်) အမှုန်ပလှယ်မှုကြောင့် ဖြစ်သည်။



အပူချိန်မြင့်နှင့် အပူချိန်နိမ့် လွန်ကဲလျှပ်ကူးသတ္တိ



ပုံ (၆) (က) အလွယ်ဆုံး ပဲရော့စကိုက်၏ ပုံဆောင်ခဲတည်ဖွဲ့ပုံတွင် A (အကြီး) နှင့် B (အငယ်) တို့မှာ အဖိုဆောင်သတ္တုအိုင်းယွန်များဖြစ်ပြီး အကြီးသည် ကုဗငြမ်းဗဟိုတွင်ရှိပြီး ငြမ်း၏ထောင့်ရှစ်ထောင့်တွင် အငယ်က နေရာယူပြီး အမ အိုင်းယွန်သည် ငြမ်း၏အနား ၁၂ ခု၏ အလယ်အမှတ်များတွင် နေရာယူသည်။ ဒုတိယပုံမှာ သတ္တုအိုင်းယွန်အငယ်ကို အောက်စီဂျင်ခြံရံထားပုံကို octahedron ဖြင့် ဖော်ပြပြီး အောက်ပုံနှစ်ပုံမှာ ကွန်ပျူတာဖြင့် ဆွဲထားသော ပုံများဖြစ်သည်။



ပုံ (၆) (ခ) ပဲရော့စကိုက် လွန်ကဲလျှပ်ကူးမျှားကို စတင် တွေ့ရှိခဲ့သော ရူပဗေဒပညာရှင် ဒေါက်တာ ဂျော့ဗဒ်နော့စ်နှင့် ဒေါက်တာ အဲလစ်မြူလာ

သိအိုရီကို ၁၉၅၇ ခုနှစ်တွင် အမေရိကန် ရူပဗေဒပညာရှင် နှင့် ၁၉၇၂ ခုနှစ် ရူပဗေဒ နိုဗဲဆုရှင်များ ဖြစ်သော ဒေါက်တာ ဂျွန်ဘာဒင်၊ ဒေါက်တာ လီယွန်ကူးပါးနှင့် ဒေါက်တာ ရောဗတ်ရှရိဖားတို့က တီထွင်ခဲ့သည်။


အပူချိန်မြင့် လွန်ကဲလျှပ်ကူးသတ္တိ ပဲရော့စကိုက်များ

အပူချိန်မြင့် လွန်ကဲလျှပ်ကူး သတ္တိဆောင် ပုံဆောင်ခဲများမှာ ပဲရော့စ ကိုက် (perovskite) ခေါ် ပုံပျက်ငြမ်း သို့မဟုတ် အပြစ်အနာအဆာရှိသော ပုံဆောင်ခဲများပင် ဖြစ်သည်။ လွန်ကဲလျှပ်ကူးများကို အသုံးပြုရန် အခက်အခဲတစ်ခုမှာ အပူချိန်နိမ့်စေရန် လွန်ကဲလျှပ်ကူး ပစ္စည်းများကို ယခင်က ဟီလီယမ်အရည် (liquid helium) တွင် ထည့်ထားရသည်။ ဟီလီယမ်အရည်မှာ တစ်ဂါလန်ကို မြန်မာကျပ်ငွေ ၉၀၊ ၁၀၀ ခန့်ပေးရသည်။ အပူချိန်မြင့် လွန်ကဲလျှပ်ကူးများအတွက် အပူချိန် ၇၇ ဒီဂရီ ကေ (77° K)ရှိ နိုက်ထရိဂျင်အရည် (liquid nitrogen) ကို အသုံးပြုနိုင်သည်။ ယင်းအရည်မှာ တစ်ဂါလန်ကို မြန်မာငွေနှစ်ကျပ်ခန့်သာ ပေးရသည်။ ပိုမို ကောင်းမွန်သော အဆေးကြားခံလည်း ဖြစ်သည်။

ပဲရော့စကိုက်များမှာ စီရာမစ်ခေါ် သာမန်အားဖြင့် လျှပ်ကာပစ္စည်းများအဖြစ်သာ တွင်ကျယ်စွာ အသုံးပြုခဲ့သော ကြွေထည်ပစ္စည်းများဟု လူသိများခဲ့သည်။ အမှန်မှာ လျှပ်စစ်ဂုဏ်သတ္တိအားဖြင့် လျှပ်ကာ၊ တစ်ပိုင်းလျှပ်ကူးနှင့် အပူချိန်မြင့် လွန်ကဲလျှပ်ကူးအထိ အကျုံးဝင်သော ပုံဆောင်ခဲဖြစ်သည်ကိုကား အခဲအခြေ ရူပဗေဒပညာရှင် အချို့သာ သတိပြုမိကြသည်။ သဘာဝတွင် ပေါများလှသော ပုံဆောင်ခဲမျိုးဖြစ်သည်ကိုကား ဘူမိဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ ပညာရှင်အားလုံး သိခဲ့ကြပေသည်။ စက်မှုစီးပွားရေးနယ်ပယ်တွင် အသိအများဆုံး ပဲရော့စကိုက်မှာ ဗေရီယမ်တိုက်တင်းနိတ် (barium titanate, $BaTiO_3$) ပင်ဖြစ်သည်။ ယင်းပစ္စည်းကို ဗို့အားပြောင်းလဲမှုပြင်းထန်၍ ကွန်ပျူတာများ မပျက်စီးစေရန် အသုံးပြုသည်။ အီလက်ထရွန်းနစ် ပတ်လမ်းများတွင် လျှပ်သိုပစ္စည်းများအဖြစ် အသုံးပြုသည်။ အက်တမ်အဆင့်တွင် တည်ဖွဲ့ပုံကို အိပ်က်စ်ရောင်ခြည် လှိုင်းကွေဆင်ဖြင့် ဖော်ထုတ်နိုင်ပြီး မော်လီကျူးသင်္ကေတမှာ ABX_3 ဖြစ်သည်။ A နှင့် B တို့မှာ အဖိုဆောင်သတ္တု အိုင်ယွန် (cations) များဖြစ်ပြီး အကြီးသတ္တု အိုင်ယွန် A သည် ကုဗငြမ်း၏ ဗဟိုတွင်ရှိပြီး ငြမ်း၏ ထောင့်ရှစ်ထောင့်တွင် အငယ်သတ္တု အိုင်ယွန် B က နေရာယူသည်။ ကုဗငြမ်း၏ အနား ၁၂ ခု၏ အလယ်အမှတ်များတွင် အမအိုင်ယွန် X (ဥပမာ အောက်စီဂျင်) ၁၂ လုံးတို့က နေရာယူတတ်သည်။ (ပုံ ၆ က နှင့် ခ—ရှု။)


အပူနိမ့်ပိုင်းတွင် ပြဒါးနှင့် သတ္တုရော (niobium-germanium) များသည် လွန်ကဲလျှပ်ကူးသတ္တိကို အပူချိန် 4 K မှ 23 K အထိ ပြကြသည်။ (ပုံ ၇—ရှု။) လွန်ကဲလျှပ်ကူးသတ္တိကို ပေါ်လွင်စေရန် လျှပ်ကူး ဖြစ်သော ကြေးနီ(Cu)အတုက် ပုံ(ဂ) တွင် လျှပ်စစ်ခုခံမှု သည် အပူချိန်နှင့်လိုက်၍ပြောင်းပုံကို ပြထားသည်။ ကြေးနီကို အနေးခံလိုက်သောအခါ ငြမ်းတုန်ခါမှုများ လျော့နည်းသွား၍ လျှပ်စစ်ခုခံမှုလည်း ပုံ (ဂ) တွင် ပြထားသည့်အတိုင်း ကျဆင်းသွားသည်။ မင် ဂနင် (Cu- MnNi) သတ္တုရောမှု အတွက်မှု အက်တမ်များ၏ ပရမ်းပတာဖြစ်စဉ်ကြောင့် လျှပ်စစ်ခုခံမှုဖြစ်ပေါ်၍ အပူချိန်လျော့သော်လည်း ခုခံမှုတန်ဖိုး မပြောင်းလဲပေ။ နိုင်ရိုဘီယမ် – တိုက်တင်နီယမ် သတ္တုရောမှာမူ 9K ဝန်းကျင်တွင် ခုခံမှုလုံးဝ ပျောက်သွား၍ လွန်ကဲလျှပ်ကူးဖြစ်ကြောင်း သိသာလှပေသည်။ ၁၉၃၃ ခုနှစ်တွင် ဂျာမန်ရူပဗေဒပညာရှင် ဒေါက်တာ ဝါလသာ မိုက်စနာက သံလိုက်အား လမ်းကြောင်းများသည် အသွင်ပြောင်း အပူချိန်အောက်တွင် လွန်ကဲလျှပ်ကူးကို မဖြတ်နိုင်၍ သံလိုက်တုံးသည် လွန်ကဲလျှပ်ကူးပေါ် သို့ မကျရောက်နိုင်ဘဲ လေထဲတွင် ပျံနေနိုင်မည် ဖြစ်ကြောင်း ပြသခဲ့သည်။ (ပုံ ၉—ရှု။) ၁၉၈၆ ခုနှစ်တွင် ဆွစ်လူမျိုး ရူပဗေဒပညာရှင် ဒေါက်တာ အဲလစ်မြူလာနှင့် ဂျာမန် ရူပဗေဒပညာရှင် ဒေါက်တာ ဂျော့ဗဒ်နော့စ် (ပုံ ၆ က) တို့သည် သတ္တုအောက်ဆိုက်များ၏ လျှပ်စီးမှုသတ္တိကို လေ့လာနေစဉ် ဗေရီယမ်–လန်သနမ်– ကြေးနီအောက်ဆိုက် (barium- lanthanum-copper oxide)တွင် အပူချိန်မြင့် (35K) လွန်ကဲလျှပ်ကူးသတ္တိကို တွေ့ရှိရပြီး မကြာမီတွင် လန်သနမ် – စတရွန်တီယမ်– ကြေးနီအောက်ဆိုက် (La_{2-x} Srx CuO_4) ကို Sr ဖြင့် "အပင်း" သွင်းခြင်း (doping) နည်းဖြင့် အပူချိန် 35 K အထိ လွန်ကဲလျှပ်ကူးသတ္တိပြကြောင်း ကို တွေ့ရှိရပြန်၏။ (ပုံ ၁၀—ရှု။) ထိုတွေ့ရှိမှုများအတွက် မြူလာနှင့်ဗဒ်နော့စ်တို့အား ၁၉၈၇ ခုနှစ်အတွက် ရူပဗေဒ နိုဗဲဆုဖြင့် ချီးမြှင့်ခြင်းခံရသည်။ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်ပြည်ထောင်စု ဟူစတန်တက္ကသိုလ်မှ ရူပဗေဒပညာရှင် ဒေါက်တာ ပေါလ်ချူ ခေါင်းဆောင်သော ပညာရှင်များက ရစ်ကို (yibco, YBCO) ဟု အမည်တွင်သော ပဲရော့စကိုက် လွန်ကဲ လျှပ်ကူးတစ်မျိုးသည် အသွင်ပြောင်းအပူချိန် 93 K ရှိကြောင်း တွေ့ရသည်။ ယင်းလွန်ကဲ လျှပ်ကူးတွင် သတ္တုသုံးမျိုး (Y, Ba

အပူချိန်မြင့်နှင့် အပူချိန်နိမ့် လွန်ကဲလျှပ်ကူးသတ္တိ




ပုံ (၇) ပြဒါးကို ပထမဦးဆုံးလွန်ကဲလျှပ်ကူးအဖြစ် တွေ့ရှိသည်မှ အပူချိန်နိမ့် (4 K – 23 K) လွန်ကဲလျှပ်ကူးများကို ၁၉၇၀ ပြည့်လွန်နှစ်အတွင်း လေ့လာတွေ့ရှိပြီး ၁၉၈၆ ခုနှစ်တွင် တွေ့ရှိသော ပထမဦးဆုံး အပူချိန်မြင့် လန်သနမ်–ဗေရီယမ်–ကြေးနီဇာဂက်ဆိတ် လွန်ကဲလျှပ်ကူးနှင့် ဒုတိယနှင့်အပြဲ ၁၉၈၇ ခုနှစ်တွင်တွေ့ရှိသော 1–2–3 လွန်ကဲလျှပ်ကူးအပြင် ၁၉၈၈ ခုနှစ် တွင် တွေ့ရှိသော သာလီယမ် အခြေခံလွန်ကဲလျှပ်ကူးကို အသွင်ပြောင်းအပူချိန်များနှင့်အတူ ဖော်ပြထားသည်။


ပုံ (၈) အခန်းအပူချိန်တွင်ရှိမည့် လျှပ်စစ်ခုခံမှုနှင့် နိုင်းယှဉ်၍ လျှပ်စစ်ခုခံမှုများကို အပူချိန် (K) နှင့်ပြောင်းပုံ ပြထားသည်။ သတ္တုစေရာ (အပေါ်ဆုံးမျဉ်းဖြောင့်) အတွက် ခုခံမှုလုံးဝအပူချိန်နှင့် မပြောင်းဘဲ လျှပ်ကူး (C။) အတွက်မူ အပူချိန်လျော့လျှင် ခုခံမှုလည်းလိုက်၍ နည်းသွားကြောင်းကို အောက်ဆုံးမျဉ်းကွေးက ဖော်ပြသည်။ လွန်ကဲ လျှပ်ကူးအတွက်မှာမူ အသွင်ပြောင်းအပူချိန်တစ်ခု (8K)တွင် လျှပ်စစ်ခုခံမှုလုံးဝမရှိပုံကို ဖော်ပြထားသည်။




T_c ၁၂




ပုံ (၉) အပူချိန်မြင့် လွန်ကဲလျှပ်ကူးအပေါ်၌ သံလိုက်တုံးဝဲနေရခြင်းမှာ လွန်ကဲလျှပ်ကူးကို သံလိုက်အား လမ်းကြောင်းများ (နိုက်ထရိုဂျင်အရည်အပူချိန် 77K တွင်) မဖြတ်နိုင်သောကြောင့် ဖြစ်သည်။ ယင်းကဲ့သို့ အသွင်ပြောင်းအပူချိန်ထက်နိမ့်သော အပူချိန်များတွင် သံလိုက်အားလမ်းကြောင်းများကို လွန်ကဲလျှပ်ကူးက ပယ်ထားပုံကို ဒုတိယပုံက ဖော်ပြသည်။ တတိယပုံမှာ အသွင်ပြောင်းအပူချိန်ထက်မြင့်သည့် အပူချိန်တွင် သံလိုက်အား လမ်းကြောင်းထျှပ်ကူးပစ္စည်းကို ဖြတ်နေပုံကို ဖော်ပြသည်။ လျှပ်ကူးပစ္စည်းမှာ ယခင်က လွန်ကဲလျှပ်ကူး ပစ္စည်းပင် ဖြစ်သည်။





ပုံ (၁၀) "အပင်း" သွင်းခြင်းဖြင့် လျှပ်ကာဖြစ်သော ပဲရော့စကိုက် La_2CuO_4 တစ်ခုကို လွန်ကဲလျှပ်စီးသတ္တိ ရှိလာစေပုံကို ပြထားသည်။ အသွင်ပြောင်းအပူချိန် 28K လောက်တွင် $La_{2-x}Sr_xCuO_4$ လွန်ကဲလျှပ်ကူး ဖြစ်လာသည်။ (Tc = အသွင်ပြောင်းအပူချိန်) (X = "အပင်း" သွင်းသည့် Sr ပမာဏ)




ပုံ (၁၁) 1–2–3 လွန်ကဲလျှပ်ကူး၏ ပုံဆောင်ခဲဖွဲ့စည်းပုံကို အိပ် က်စ် ရောင် ခြည် လှိုင်းကွေခြင်းဖြင့် ပုံဖော်ထားပုံ။ ရစ်ကိုခေါ် $YBa_2Cu_3O_7$ လွန် က ဲ လျှပ် ကူး အ တွင်း ၌ ချို့ ယွင်းနေသော ပြင်ညီ (ပုံ၏ အပေါ် ဆုံးနှင့် အောက်ဆုံးတွင် တွေ့ရှိနိုင်သည်။) ကို အီလက် ထရွန်စုံတွဲများ ဖြတ်သန်းသွားပြီး လွန်ကဲ လျှပ်စီး ဖြစ်ပေါ် စေသည်။ ပုံ၏အလယ်တွင် တွေ့ရှိနိုင်သော ချိန်းကြိုး သဖွယ် သီထား သော အောက်စီဂျင်များ လျော့သွားလျှင် လွန်ကဲ လျှပ်ကူးသတ္တိ မဆောင်ကြောင်းကို တွေ့ရှိထားသည်။







ပုံ (၁၂) ပဲရော့ဝကိုက်အပူချိန်မြင့် လွန်ကဲလျှပ်ကူးကို ကုဗယူနစ်ဆဲလ်သုံးခုဖြင့် ပထမပုံတွင် ဖော်ပြထားပြီး ဒုတိယပုံမှာ $YBa_2Cu_3O_6$ အတွက်ဖြစ်ပြီး၊ တတိယပုံမှာ $YBa_2Cu_3O_7$ လွန်ကဲလျှပ်ကူး ဖြစ်သည်။ အကြီးဆုံးစက်လုံး သည် Ba ဖြစ်ပြီး၊ အလတ်သည် Y ဖြစ်သည်။ အငယ်ဆုံးသည် Cu ကို ကိုယ်စားပြုသည်။ အောက်စီဂျင်ကို Octahedron ထက်ဝက်များ၏ ထောင့်စွန်းတွင်တွေ့ရှိသည်ဟု ယူဆနိုင်သည်။



Cu) တို့မှာ 1 . 2 : 3 အချိုးဖြင့် ပါဝင်၍ 1- 2- 3 လွန်ကဲလျှပ်ကူးဟု ခေါ်တွင်သည်။ (ပုံ ၁၁—ရှု။) ယင်းပုံဆောင်ခဲတွင် ပါဝင်သော အောက်စီဂျင်အိုင်ယွန်မှာ လျှပ်စစ် −2 ဆောင်ပြီး Y နှင့် Ba တို့၏ လျှပ်စစ်မှာ +3 နှင့် +2 ဖြစ်သည်။ Cu အိုင်ယွန်၏ လျှပ်စစ်မှာ +1 (သို့) +2 (သို့) +3 ဖြစ်နိုင်၍ စုစုပေါင်းလျှပ်စစ်မှာ 10 မှ 16 အထိဖြစ်၏။ ထို့ကြောင့် မော်လီကျူးပုံသေနည်းမှာ $Y_1 Ba_2 Cu_3 O_{6.5}$ သို့မဟုတ် $Y_1 Ba_2 Cu_3 O_7$ ဖြစ်သည်။ (ပုံ ၁၂—ရှု။)

၁၉၈၈ ခုနှစ် မတ်လတွင် အမေရိကန် ပြည်ထောင်စု အိုင်ဘီအမ် (IBM) သုတေသနဌာနနှင့် အာကင်ဆတ် တက္ကသိုလ်မှ တစ်ချိန်တည်းလောက်ပင် သာလီယမ် အခြေပြုအောက်ဆိုက် Tl Ba Ca CuO ၏ ခုခံမှုမှာ အပူချိန် 125K တွင် သုည်ဖြစ်ကြောင်း တင်ပြကြသည်။

ပုံ (၁၃) မြားထူသည် အောက်စီဂျင် အိုင်ယွန်တစ်လုံးမှ နောက်တစ်လုံးသို့ ကြေးနီအိုင်ယွန်ကို ခုန်ကျော်ပြီး စပင်ကို ပြောင်းပြန်လှန်ပေးသော အီလက်ထရွန်စပင်ကို ကိုယ်စားပြုသည်။ စပင်ကြိုးသည် ခြယ်ထားသောအပိုင်းဖြစ်သည်။ အီလက်ထရွန်စုံတွဲဖြစ်ပေါ်စေရန် အီလက်ထရွန် နောက်တစ်လုံးက စပင် မျှားပုံမှန်ဖြစ်အောင် လိုက်လှန်ရင်းနှင့် ပထမ အီလက်ထရွန်နှင့် တွဲ၍သွေ့ရှားပြည်။

အပူချိန်မြင့် လွန်ကဲလျှပ်ကူးသီအိုရီနှင့် အသုံးချမှု

BCS သီအိုရီကို အသုံးပြု၍မရသော်လည်း အီလက်ထရွန်စုံတွဲ ဖြစ်ပေါ်မှုသာ လွန်ကဲလျှပ်စီး ရှိနိုင်မည် ဖြစ်သည်။ လတ်တလောသဘာဝကျသည်ဟု ယူဆနေသော သီအိုရီတစ်ခုမှာ စပင်ကြိုး (spin string) ဆိုသည့် သဘော တရားပေါ် တွင်တည်ရှိနေသည်။ အီလက်ထရွန်တွင် ရိုးရိုး ရွှေလျားမှုအပြင် စပင် (ပင်ကိုလည်ပတ်သည့် သဘော) အရွှေလည်းရှိ၍ စပင်သဘာဝကို မြားဖြင့်ပြလေ့ရှိသည်။ အထက်ကိုထောင်သောမြားနှင့် အောက်ကိုစိုက်သောမြား (ပုံ ၁၃—ရှု။) ရှိသည်။ ပုံဆောင်ခဲမျှားရှိ အက်တမ်တွင်လည်း အကျိုးဖြစ် စပင်ရှိသည်။ အီလက်ထရွန် တစ်လုံးသည် အောက်ဆီဂျင်မှနေပြီး ကြေးနီအက်တမ်ကို ကျော်၍ နောက်အောက်ဆီဂျင်ထံ ခုန်သည့်အခါ ကြေးနီ အက်တမ်၏ စပင်မျှားကို ပြောင်းပြန် လှန်ပြီး စပင် ကြိုးတန်းကို ဖြစ်ပေါ်စေသည်။ ဒုတိယအီလက်ထရွန်သည် ကြေးနီအက်တမ်မျှားကို ခုန်ကျော်ကာ နဂိုစပင်အခြေချရှိရန် ပြုဆောင်ပေးရသည်။ စပင် လှန်ပေးရသည့် လုပ်ငန်းဖြင့် အီလက်ထရွန်နှစ်ခု အမြဲ စုံတွဲတစ်ခုဖြစ်စေသည်ဟု ယူဆကြသည်။ ဤနည်းဖြင့်အီလက်ထရွန် စုံတွဲရွှေလျားမှုကို ဖြစ်ပေါ်စေပြီး လွန်ကဲလျှပ်စီးလည်း ဖြစ်ပေါ်စေသည်ဟု ယူဆကြသည်။ သီအိုရီကရှင်းမပြနိုင်သော အချက်အလက်များတွင် ကြေးနီ မပါသော လွန်ကဲလျှပ်ကူးများ

တွေ့ရှိမှုနှင့် နှစ်ဒိုင်မင်းရှင်း အလွှာကို ဦးစားမပေးဘဲ သုံးဒိုင်မင်းရှင်းပုံဆောင်ခဲ $Ba_{1-x}K_xBiO_3$ တွင် အပူချိန် 34K ၌ လျှပ်စစ် ခုခံမှု ကင်းသွားခြင်းကို တွေ့ရှိခြင်းပင် ဖြစ်သည်။

လွန်ကဲလျှပ်ကူး စက်မှုနည်းပညာ အသုံးဝင်ပုံများမှာ အပူချိန်နိမ့်ပိုင်းနှင့် နှိုင်းယှဉ်၍ကြည့်မည်ဆိုလျှင် (ဇယား ---ရှု။) ငွေကုန်ကြေးကျ သက်သာသည့်နှုန်းမှာ ခုနစ် ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းခန့် (အမေရိကန် ဒေါ်လာ အသုံးပြုခဲ့လျှင်) ရှိမည်ဖြစ်သည်။ လွန်ကဲလျှပ်ကူး စက်မှုနည်းပညာမသုံးဘဲ ရိုးရိုးစက်မှု အီလက်ထရွန်နစ် စသည့် နည်းပညာနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းလောက် သက်သာမည်ဟု ပညာရှင်များ ခန့်မှန်းကြပါသည်။ လက်တွေ့ အကောင်အထည် ဖော်ရန်ကား နှစ်အတော်ကြာဦးမည် ဖြစ်သည်။

အမေရိကန်ဒေါ်လာသုံးပြီး အပူချိန်မြင့်နှင့် အပူချိန်နိမ့် လွန်ကဲလျှပ်ကူး စက်မှုနည်းပညာ အသုံးပြုနိုင်ခဲ့သော် ငွေကုန်ကျမှု သက်သာမည့်ရာနှုန်း

အပူချိန်မြင့်လွန်ကဲလျှပ်ကူးသုံး လုပ်ငန်း	အပူချိန်နိမ့်လွန်ကဲလျှပ်ကူး စနစ်ထက် ငွေသက်သာသည့် ရာနှုန်း(အမေရိကန်ဒေါ်လာ သုံးထားသည်)	လွန်ကဲလျှပ်ကူးစက်မှုနည်းပညာ မသုံးဘဲ ရိုးရိုးစနစ်နှင့်နှိုင်းယှဉ်လျှင် ငွေသက်သာသည့် ရာနှုန်း
300 MW ဓာတ်အားပေးစက်	25	60
1000 MV – A ဗို့အားလျှပ်စစ်စီးမှုမြှင့်စက်	35	60
မိုတာ	10	20
သံလိုက်စွမ်းအင်သိုလှောင်စက် (5000 MW)	7	မရေရာ
10000 MV – A.230 KV ဆက်သွယ်ရေး	20	40
သံလိုက်ခွဲစက်	15	20
မြေလွှာရှုပ်သံလိုက်ရထား (MAGLEV)	10	ရထား၏ (ရွေ့လျားနှုန်း) အမြန် (နှုန်း)မှာ 250 mph ဖြစ်သည်။ လွန်ကဲ လျှပ်ကူး စနစ် တွင် ကည်ငြိမ်မှုရှိသည်။
ကွန်ပျူတာ	အပူချိန်နိမ့်ပိုင်း လွန်ကဲလျှပ်ကူးသုံး ကွန်ပျူတာ အောင်မြင်မှုမပြောင်းသေး၍ ရိုးရိုးကွန်ပျူတာထက် အဆတစ်ထောင်ပို၍ မြန်မည်ဟုသာ ပြောနိုင်သည်။	

ဒေါက်တာစိန်ထွန်း
(ရူပဗေဒပါမောက္ခ)



အာရှစာအုပ် ထုတ်ဝေရေး တိုးတက်စေရန် ယူနက်စကိုဆိုင်ရာ အာရှ ယဉ်ကျေးမှုရိပ်သာက ဖွင့်လှစ် ပို့ချသော သင်တန်းတစ်ရပ်



အာရှ၊ ပစိဖိတ် စာအုပ်ထုတ်ဝေရေး အစီအစဉ်အရ ထုတ်ဝေပြန့်ဝေသောစာအုပ်များ

အာရှစာအုပ်ထုတ်ဝေရေး

စာအုပ်ထုတ်ဝေရေး

အာရှတိုက်သည် စာရေးစက္ကူနှင့် ပုံနှိပ်လုပ်ငန်းတို့ အဦးအစဖြစ်ထွန်းရာဒေသဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ၁၉၁၃ ခုနှစ် စာပေနိုဗယ်ဆုရှင် ရာဘင်ဒရာနတ်သ် တဂိုးနှင့် ဂျပန်နိုင်ငံမှ ၁၉၆၈ ခုနှစ် စာပေနိုဗယ်ဆုရှင် ယာဆူနာရီကာဝါဘာတာတို့သည် အာရှတိုက်သား စာပေပညာရှင်များဖြစ်ကြသည်။ အီဂျစ်နိုင်ငံကိုအာရှတိုက်စာရင်းတွင်ထည့်သွင်းမည်ဆိုပါက ၁၉၁၈ ခုနှစ်အတွက် စာပေနိုဗယ်ဆုရသော အီဂျစ် အမျိုးသား စာရေးဆရာ နာဂွစ် မာဖုဇ်နှင့်ပါဆိုလျှင်သုံးဦး ရှိနေလေသည်။ စာပေ ယဉ်ကျေးမှု လုပ်ငန်းများနှင့် ဆက်နွယ်၍ပြောရလျှင် အာရှတိုက်သည် ဘာသာအယူဝါဒကြီးများ ထွန်းကားခဲ့ရာ ဒေသလည်းဖြစ်သည်။ ယခုသော် စက်မှုနည်းပညာအရပ်ရပ် ထွန်းကားသောခေတ်၌ စာပေယဉ်ကျေးမှုလုပ်ငန်းဖြစ်သော စာအုပ်ထုတ်ဝေဖြန့်ချိသည့်လုပ်ငန်းတွင် အာရှတိုက်သည် ခေတ်နှင့် ရင်ပေါင်တန်းရမည့် လိုအင် ထင်ရှားလာခဲ့သည်။

ယူနက်စကိုအဖွဲ့မှ ကောက်ယူထားသော စာရင်းများအရ ၁၉၇၄ ခုနှစ်တွင် တစ်ကမ္ဘာလုံး စာအုပ်ထုတ်ဝေမှု၏ ၂၂ ဒသမ ၇ ရာခိုင်နှုန်းကို အာရှတိုက်မှထုတ်ဝေခဲ့သည်ဟု သိရသည်။ ၁၉၅၅ ခုနှစ်က အာရှတိုက်၏ စာအုပ်ထုတ်ဝေမှုပမာဏမှာ တစ်ကမ္ဘာလုံး၏ ၁၅ ရာခိုင်နှုန်းမျှသာရှိခဲ့သည်။ နှစ်ပေါင်း ၃၀ ခန့်အတွင်း တစ်နည်းတစ်ဖုံ တိုးတက်လာခဲ့သည်ဟု ဆိုရမည်။ စာအုပ် အမျိုးအစားအားဖြင့် ယှဉ်ကြည့်ပါလျှင် ၁၉၅၅ ခုနှစ်က စာအုပ်အမျိုးပေါင်း ၅၅,၀၀၀ ထုတ်ဝေခဲ့၏။ ၁၉၇၄ ခုနှစ်တွင် စာအုပ်အမျိုးအမည်ပေါင်း ၁၈,၁၀၀ ထုတ်ဝေခဲ့သည်ဟု သိရသည်။

အာရှတိုက်၏ စာအုပ်ထုတ်ဝေမှု အခြေအနေကို ခေါင်းစဉ်အလိုက်ခွဲခြား၍ သုံးသပ်သော် သင့်ပါမည်။

အနုပညာနှင့်အသိပညာဖန်တီးမှု

စာတစ်အုပ်ထုတ်ဝေရာတွင် စာရေးဆရာ၏ စိတ်ကူးဉာဏ်ရည်နှင့် အယ်ဒီတာ၏ ကြီးကြပ်သုတ်သင်မှုတို့အပြင် စာအုပ်သရုပ်ဖော်သူ၊ ပုံနှိပ်သူ၊ ထုတ်လုပ်သူတို့၏လုပ်အားများလည်း ပါဝင်သည်။ ထိုလုပ်ငန်းကို ခြုံငုံကြီးကြပ်ရသူမှာ ထုတ်ဝေသူဖြစ်သည်။ ထုတ်ဝေသူသည် အဆုံးသတ် ရည်မှန်းသော စာဖတ်သူ သို့မဟုတ် ဤယဉ်ကျေးမှုဖတ်စရာပစ္စည်းကို စားသုံးသူဖြစ်သည့် စာဖတ်သူ၏လက်

သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်စေရန်အတွက် ထုတ်ဝေလိုက်သော စာအုပ်ကို စနစ်တကျ ကွပ်ကဲ၍ ဖြန့်ဖြူးရောင်းချရသူဖြစ်သည်။ အာရှနှင့်ပစိဖိတ်ဒေသ တိုင်းပြည်နိုင်ငံများ၌ ဤမျှ လုပ်ငန်းအဆင့် ရှုပ်ထွေးသော ကဏ္ဍအသီးသီးတို့ကို လက်ခံ ကျင့်သုံးနိုင်ခြင်း မရှိသေးသူသို့မဟုတ် သဘောပေါက်ခြင်းမရှိသေးသော လုပ်ငန်းရှင်အများအပြား ရှိနေသည်။ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် လက်လီရောင်းချခြင်းတို့ကို အလုပ်ဖြစ်ရုံမျှသာ ကွက်ကျော် ဆောင်ရွက်နေကြသူများလည်း ရှိသည်။ ထိုသို့ အကျဉ်းရုံးသောကြောင့် ပေါ်ထွက်လာသောစာအုပ်မှာလည်း အရည်အသွေး မပြည့်စုံလှသည်ကို တွေ့ရသည်။

အနုပညာနှင့်အသိပညာ ဖန်တီးမှုကိစ္စ၌ ထိုအနုပညာပစ္စည်းကို ဖန်တီးသူကလက်ခံနိုင်မည့် ထိုက်သင့်သော အခကြေးငွေပေး၍ အသုံးပြုရမည်ဟူသည့် မူပိုင်ခွင့်ကိစ္စကို ကျူးကျော်ခြင်း၊ မသိကျိုးကျွန်ပြုခြင်းတို့ရှိနေသေးသည်။ ထိုအခြေအနေမျိုး၌ အချို့သော စာရေးသူများသည် ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်းကို မကျွမ်းကျင်ပါဘဲနှင့် ကိုယ့်စာအုပ်ကို ကိုယ်တိုင်ထုတ်ဝေရန် စီစဉ်ရသော စခန်းသို့ ရောက်ရသည်များလည်း ရှိခဲ့သည်။

စာအုပ်တစ်အုပ်ဖြစ်ပေါ်ရေအောင် ဖန်တီးရာ၌ လုပ်ငန်းအဆင့်ဆင့်၏အရေးပါလာပုံကို အာရှဒေသ အတော်များများ၌ သဘောပေါက်လာကြသည်မှာ အားတက်ဖွယ်ဖြစ်သည်။ ယခုအခါ စာအုပ်ထုတ်ဝေရေး၏ အချို့လုပ်ငန်းများ၌ လုပ်ငန်းအဆင့်လိုက် ကျွမ်းကျင်အောင်ပြုလုပ်ထားကြသည့်အလျောက် စာအုပ် အရည်အသွေး၊ စာအရည်အသွေးတို့ သိသိသာသာ တိုးတက်လာသည်။ ဤလုပ်ငန်းတွင် ယူနက်စကိုကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တိုက်ရိုက်မြို့ရှိ အာရှယဉ်ကျေးမှုဗဟိုဌာနကဲ့သို့ ဒေသအလိုက် အဖွဲ့အစည်းများအပြင် နိုင်ငံအလိုက် ဖွဲ့စည်းထားသော အမျိုးသား စာအုပ်ဖွံ့ဖြိုးရေးကောင်စီများ၊ အမျိုးသား စာအုပ်ကြိုးကြပ်ရေးအဖွဲ့များ၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ဆိုနိုင်သည်။ အဆိုပါအဖွဲ့အစည်းများသည် နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများကို ကျင်းပပြုလုပ်ပေးလျက် စာရေးဆရာ၊ ပန်းချီဆရာ၊ ဘာသာပြန်သူနှင့် စာအုပ်ဒီဇိုင်းသရုပ်ဖော်သူတို့၏ အခက်အခဲ ပြဿနာနှင့် လက်ရှိအခြေအနေများကို သက်ဆိုင်ရာနိုင်ငံအစိုးရများသိရှိအောင် တင်ပြကြသည်။ ထိုပညာရှင်တို့၏ လုပ်ငန်းအရည်အသွေး တိုးတက်မှုအတွက် အုပ်ချုပ်စီမံရေးပိုင်းမှ အားပေး အားမြှောက် ပြုလုပ်ရန်လည်း တိုက်တွန်းလာကြသည်။ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ပညာသိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး (ယူနက်စကို)၏ စာအုပ်ဖွံ့ဖြိုးရေးအစီအစဉ်များသည်အာရှစာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ အပြောင်းအလဲများကို လက်မွန်မဆွ တွန်းအားပေးခဲ့သည်။

စာအုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိက အရေးပါသော မှတ်တိုင်ကြီးတစ်ခုမှာ ၁၉၇၂ ခုနှစ်တွင် လန်ဒန်မြို့၌ "ကမ္ဘာ့စာအုပ်ညီလာခံ" ဟူသော အစည်းအဝေးကြီးတစ်ရပ်ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံပေါင်း ၉၇ နိုင်ငံမှ စာအုပ်လုပ်ငန်း ကျွမ်းကျင်သူများ၊ စာအုပ်လုပ်ငန်းတွင် နိုင်ငံအလိုက် တာဝန်ရှိသူများ၊ ပညာပေးပိုင်ဆိုင်ရာပုဂ္ဂိုလ်များ၊ စာကြည့်တိုက်မှူးများနှင့် စာအုပ်လုပ်ငန်းနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်သည့် ပညာရှင်ပေါင်း ၄၀၀ ခန့် တက်ရောက်ကြပြီးလျှင် စာအုပ် ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် လုပ်ငန်းတွင် အားနည်းချက်များကို လေ့လာစိစစ် သုံးသပ်ခဲ့ကြသည်။ ထိုသို့ သုံးသပ်ရာ၌ အခြားသော ကိစ္စများအပြင် နိုင်ငံအလိုက် မူပိုင်ခွင့်ဥပဒေ ရေးဆွဲထားရှိရေးနှင့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့ စပ်ကြား စာအုပ်ထုတ်ဝေခွင့် သဘောတူ အလဲအပြောင်းပြုလုပ်မှု အဆင်ပြေရေးကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထိုညီလာခံ၌ပင် စာပေအနုပညာဖန်တီးသူတို့၏ပိုင်ခွင့်ကို လေးစားရမည့် ကျင့်ဝတ်ကို အသိအမှတ်ပြုကြလျက် မူပိုင်ခွင့်ရှိသည့် စာပေအနုပညာပစ္စည်းများကို ဖွံ့ဖြိုးတိုး

အာရှနိုင်ငံအသီးသီးမှ စာအုပ်ထုတ်ဝေရေးဆိုင်ရာတာဝန်ရှိသူထို့သည် ဂျပန်နိုင်ငံရှိ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို သွားရောက်လေ့ထာပြီးနောက် အချင်းချင်းညှိနှိုင်းဆွေးနွေးကြပုံ

တက်ပြီး နိုင်ငံများတွင် ထုတ်ဝေသောပစ္စည်းများဖြစ်ပါက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အဖိုးနည်းဝန်ပါလွှဲပြောင်း ထုတ်ဝေဝယ်ယူခွင့်ရရှိရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် တိုးတက်မှု အလွန်လျင်မြန်နေသော သိပ္ပံနှင့် နည်းပညာဆိုင်ရာ စာအုပ်များကိစ္စ၌ ထိုသို့ စီမံသင့်ကြောင်း အထူးပြု၍ ဆွေးနွေးခဲ့ကြသည်။

စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် အရေးပါသော အမျိုးသားစီးပွားရေးလုပ်ငန်းကြီးတစ်ရပ် ဖြစ်ကြောင်းကို နိုင်ငံအစိုးရများက အသိအမှတ်ပြုသင့်ကြောင်းနှင့် မိမိတို့ နိုင်ငံအလိုက် ထုတ်ဝေသောစာအုပ်များကို စာအုပ်ကုန်သွယ်မှုလုပ်ငန်းကျင့်ထုံးများနှင့်အညီဖြစ်စေလျက် အရေးပါသောလုပ်ငန်းကို လုပ်ကိုင်နေကြသူများအား ထိုက်သင့်သော အကျိုးခံစားခွင့်ရရှိရန်ကိုလည်း စီစဉ်ဖန်တီးပေးပို့တိုက်တွန်းခဲ့ကြသည်။ အမျိုးသားရေး လက္ခဏာကို ထိန်းသိမ်းစောင့်ရှောက်မှု၌ စာရေးဆရာနှင့် ထုတ်ဝေသူတို့၏ အရေးပါပုံကို သတိမူကြရန်လည်း နှိုးဆော်ခဲ့သည်။ ထို့ပြင်အာရှတိုက်တွင် အမျိုးသားလူနည်းစုများနှင့် မစွမ်းမသန်ဒုက္ခိတများ ဖတ်ရှုရန်အတွက် စာပေများဖန်တီးထုတ်လုပ်ပေးရန် လိုအပ်ချက်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဌေးကြေးအင်အား၊ ထုတ်လုပ်မှုနှင့် ကုန်ကြမ်းပစ္စည်း

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၌ စာအုပ်ထုတ်လုပ်မှုအဆင့်အတန်း တိုးတက်ရေးအတွက် အဆီးအတားပြဿနာကြီးတစ်ခုမှာ ဌေးကြေးမြုပ်နှံမှု အင်အားနှင့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် စက္ကူ၊ မင်တို့အပြင် ပုံနှိပ်စက်၊ စာအုပ်ချုပ်စက် စသော စက်ကိရိယာများ လုံလောက်ရေး ဖြစ်သည်။ အာရှနိုင်ငံအများအပြား၏ စာအုပ် ထုတ်ဝေရေးလုပ်ငန်း၌ ယေဘုယျအားဖြင့် အရင်းအနှီး အစုအပုံ မရှိတတ်ကြပါ။ သို့သော် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းသည် အရင်းအနှီး လိုအပ်သော လုပ်ငန်းဖြစ်သည်။ စာအုပ်တစ်အုပ်ကို ထုတ်လုပ်ရောင်းချမှု မပြီးပြတ်သေးသမျှ ထုတ်ဝေသူတို့အဖို့ စိုက်ထုတ် ကုန်ကျရသည့် အရင်းအနှီးမပေါ်နိုင်သောသဘာဝလည်းရှိသည်။ ထို့သို့ ဌေးမပေါ်နိုင်သေးသော်လည်း စိုက်ထုတ် ကုန်ကျရသည့် စရိတ်စကများကိုကား ထုတ်ဝေသူက စာအုပ်ဖြစ်သည့်အချိန်တွင် ကျခံထားပြီးသားဖြစ်ရတတ်သည်။ ကျခံခြင်းမပြုရသေးဘဲရှိတတ်သည့် စရိတ်စကတစ်မျိုးကား စာရေးဆရာသို့ စရန်ဌေပေးရေးကိစ္စပင်ဖြစ်သည်။ အာရှနှင့် ပစိဖိတ်ဒေသ တိုင်းပြည်နိုင်ငံများ၌ ထို့သို့ ကြိုတင်စရန်ပေးထားသော အလေ့အထ မကျယ်ပြန့်လှသည်မှာလည်း သဘောပေါက် နားလည်နိုင်စရာဖြစ်သည်။ ပုံနှိပ်ထုတ်ဝေသူတစ်ဦးသည် ဌေးကြေးကွပ်ကဲသုံးစွဲမှု၌ မကျွမ်းကျင်ပါက ရေရှည်ခရီးဆက်နိုင်စရာ အကြောင်းမရှိချေ။ အချို့ နိုင်ငံများတွင် ပုံနှိပ်ပြီးသော စာအုပ် အစုအဝေးကို အထောက် အခံပြု၍ ဌေးကြေးချေးယူနိုင်ရန် ဘဏ်တိုက်များနှင့် ဌေချေးငှာနများက လက်မခံကြပါ။ ပုံနှိပ်စက်နှင့် စက္ကူကုန်ကြမ်းပစ္စည်းများကိုသာ အာမခံအဖြစ် လက်ခံကြသည်။

အာရှတိုက် အချို့သော နိုင်ငံများ၌ ဌေးကြေးအရင်းအနှီး လည်ပတ်နိုင်ရေးအတွက် အချို့စာအုပ်များအတွက် အစိုးရပိုင်း၏ ကူညီပံ့ပိုးမှုများ ရှိသည်။ သာဓကအားဖြင့် ပြရလျှင် အိန္ဒိယနိုင်ငံ၌ ကျောင်းသုံးစာအုပ်များ ထုတ်ဝေရေးကိစ္စ၊ မလေးရှားနိုင်ငံ၌ အဆင့်မြင့်ပညာပိုင်းဆိုင်ရာ စာအုပ်များကို ရေးသားသူတို့အား စာပေရေးသားနိုင်ရန် ခွင့်ရက် ခံစားခွင့်ပြုခြင်းနှင့် စာမူခနှုန်းအတော်အတန်မြင့်မားစွာ ပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။ အချို့နိုင်ငံများတွင် နိုင်ငံအလိုက် အဖွဲ့အစည်းများနှင့် ဌာနများက ပုံနှိပ်တိုက်လုပ်ပြီး စာအုပ်များကို စာကြည့်တိုက်များ၊ ကျောင်းများနှင့် အဖွဲ့အစည်းများအတွက် စောင်ရေအများအပြား ဝယ်ယူအားပေးကြသည့် စနစ်လည်းရှိသည်။ သာဓကပြရလျှင် အင်ဒိုနီးရှားနိုင်ငံ၌ ပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုကိစ္စမျိုးအတွက် စာအုပ်တစ်မျိုးလျှင် အုပ်ရေ ၃၀၀ ခန့် ပင်တိုင် ဝယ်ယူလျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့သော အားပေးကူညီမှုများသည် ပုံနှိပ်ထုတ်ဝေမှုလုပ်ငန်းနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၌ အရေးပါစွာ အထောက်အကူပြုကြသည်ကိုလည်း တွေ့ရသည်။

အာရှ ထုတ်ဝေသူတို့အဖို့ ဌေးကြေးအရင်းအနှီး မပြည့်စုံသည့်အကြား၌ နိုင်ငံခြားငွေ သုံးစွဲနိုင်မှုအင်အား နည်းပါးခြင်းကြောင့် စာအုပ်ထုတ်ဝေရေးအတွက် လိုအပ်သည့် ခေတ်မီစက်ကိရိယာများ ရရှိရေးတွင် ကြီးမားသော အဆီးအတားများနှင့် ရင်ဆိုင်ကြရသည်။ အာရှ စာအုပ်ထုတ်ဝေရေး၌ အလုပ်သမားများ၏ လုပ်ခ လခသက်သာသည်။ အချို့နိုင်ငံများတွင် အလိုအလျောက် စာအုပ်ချုပ်စက်များကို သုံးစွဲလျှင် အလုပ်လက်မဲ့ အန္တရာယ်ကို စိုးရိမ်ရသောကြောင့် ထို့သို့ ပြောင်းလဲတပ်ဆင်သုံးစွဲခြင်း မပြုရန်ပင် အလုပ်သမားအဖွဲ့အစည်းများ၏ ခုခံဆန့်ကျင်မှုများလည်း ရှိသည်။ လုပ်ခသက်သာသော အလုပ်သမားများ၏ လက်ရာသည် နိုင်ငံခြားမှတင်သွင်းသော လက်ရာများနှင့်ယှဉ်လျှင် မသပ်ရပ်လှသောကြောင့် နိုင်ငံခြားမှ တင်သွင်းသော စာအုပ်များလောက် ပြည်တွင်းစာအုပ်များအား အဝယ်မလိုက်စေသော အကြောင်းတစ်ရပ် ရှိလာသည်ကိုလည်း လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

စာအုပ် ပုံနှိပ်ရန်အတွက် အမျိုးအစားကောင်းသော စက္ကူများ ရရှိရေးမှာ အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံ


မျှားတွင် အရေးတကြီး ပြဿနာဖြစ်သည်။ တစ်ခါတစ်ရံ၌ ပြည်တွင်းဖြစ်စက္ကူမျှားမှာ အမျိုးအစားညံ့ရုံမက ပြည်ပမှ တင်သွင်းသော စက္ကူမျှားထက်ပင် ဈေးကြီးနေတတ်သည်။ ပြည်တွင်းဖြစ် စက္ကူမျှားဖြင့် ထုတ်လုပ်သည့် စာအုပ်မျှားကို ဈေးကွက်ဖြန့် မရောင်းချနိုင်ရုံသာမက ထိုစာအုပ်မျိုးကို ဝယ်ယူနိုင်သူမှာလည်း မြို့ပြနေ လူတန်းစားမျှားသာ ဖြစ်နေပြန်သည်။ ဤအထဲတွင် ကျေးလက်တောရွာ နေသူတို့မှာ ဝယ်နိုင်အား မရှိသည့် အပြင် စာတတ်မြောက်မှုအချိုးအစား နည်းပါးနေသော ကြောင့် စာအုပ်တစ်အုပ်ကို ပုံနှိပ်လျှင် အုပ်ရေ ၁၀၀၀ မှ ၂၀၀၀ အတွင်းသာ ရောင်းချနိုင်ပြီး ထို့ထက် ကျယ်ပြန့်သော ဈေးကွက်ကို မရနိုင်ခြင်းကလည်း အခက်အခဲတစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံကဲ့သို့ လူဦးရေ အလွန်တရာ ထူထပ်များပြားသော နိုင်ငံကြီး၌ပင်လျှင် စာအုပ်တစ်မျိုးကို တစ်ကြိမ်ပုံနှိပ်လျှင် အုပ်ရေ ၁၀၀၀ မှ ၂၀၀၀ ထက် မပိုနိုင်ကြပေ။

စာအုပ်ဖြန့်ဖြူးရောင်းချခြင်း

စာအုပ်ဈေးကွက်ကို ကွန်ရက်ဖွင့်၍ မရောင်းချနိုင်သည့် အခက်အခဲနှင့် အားနည်းချက်မှာ အာရှတိုက်တွင် ရှိနေသည်။ မြို့ကြီးပြကြီးများ၌သာ စာအုပ်ဆိုင်များရှိပြီး မြို့ကြီးပြကြီးများ၌သာ ထုတ်ဝေသူတို့ အလုပ်စခန်း ဖွင့်ထားကြသည်။ နယ်သို့ရောက်သော စာအုပ် အရေအတွက်နည်းပါး၍ ကျေးလက်သို့ရောက်သော စာအုပ်မှာ ထို့ထက်ပို၍နည်းပါးသည်။ သို့ဖြစ်ရသည့် အဓိကအကြောင်းမှာ ကုန်းလမ်း၊ ရထားလမ်းနှင့် ရေကြောင်းခရီးလမ်းတို့ဖြင့် စာအုပ်များ တင်ပို့ဖြန့်ချိရသည့်စရိတ် ကြီးမားလွန်းနေသောကြောင့် ဖြစ်သည်။ နဂိုကပင် ကြီးမားနေသော စာအုပ်စာတမ်း ထုတ်လုပ်စရိတ်ပေါ်တွင် ဘူးလေးရာ ဖရုံဆင့်သကဲ့သို့ ဖြစ်နေတော့သည်။

အာရှစာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် စာအုပ်များကို လက်ကား ဝယ်ယူ၍ လက်လီသမားများသို့ ခွဲတမ်းချရောင်းချနိုင်သော လက်ကား ကုန်သည်ကြီးများလည်း ရှားပါးလျက်ရှိသည်။ လက်ကားကုန်သည်ကြီးများရှိလျှင် ထုတ်ဝေသူကို ငွေကြေးပုံပေးပြီး စာအုပ်တစ်မျိုးချင်းကို အပြတ်ဝယ်ယူနိုင်မည့် အခြေအနေရှိသည်။ ထိုသို့မရှိသောကြောင့် ပုံနှိပ်အုပ်ရေပမာဏ နည်းပါးခြင်းနှင့် စာတစ်အုပ်ချင်းအပေါ်တွင် ဈေးကြီးခြင်းတို့ကို မလွဲမသွေ ကြုံရလျက်ရှိသည်။ ကျေးလက်သို့ စာအုပ်အရောက်အပေါက်များမှုမှာ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးလုပ်ငန်းတွင်သာ ဖြစ်သည်။ အာရှတိုက်တွင် ကျောင်းသုံးစာအုပ်ဖြန့်ချိသူတို့မှာလည်း ရာသီအလိုက် အလုပ်လုပ်သော စာအုပ်ကုန်သည်များသာ ဖြစ်တတ်ကြသည်ကို တွေ့ရသည်။

အာရှစာအုပ်ဈေးကွက်၌ စာအုပ်အရောင်း မတွင်ကျယ်ရခြင်း၏ အခြားအကြောင်းတစ်ရပ်လည်း ရှိသေးသည်။ ယင်းမှာ ထုတ်ဝေသူက သူ၏စာအုပ်များကို လူအများ



အာရှနိုင်ငံအသီးသီးတွင် ယူနက်စကို၏ အကူအညီဖြင့် ကျမ်းကျင်သူ အစ္စများကိုဖိတ်ခေါ်၍ စာအုပ်ပုံနှိပ်ထုတ်ဝေရေးဆိုင်ရာနည်းပညာတိုးတက်ရေးအတွက်သင်တန်းများဖွင့်လှစ်ကြပုံ

သိအောင် လုပ်မပေးနိုင်ခြင်း ဖြစ်သည်။ ထုတ်ဝေသူသည် ကက်တလောက်စာအုပ်များနှင့် ကြော်ငြာအမျိုးမျိုးတို့ အတွက် ငွေကြေးသုံးစွဲရခြင်းကို "ဖြုန်းတီးထုထောက်သည်" ဟု သဘောထားကြခြင်းလည်း ရှိသည်။ အထက်ပါ အစီအစဉ်များ မရှိသည့်အပြင် စာအုပ်ဝေဖန်ရေးဆောင်းပါးစသည်တို့ကို အလွယ်တကူ ဖတ်ရှုနိုင်ခြင်း မရှိကြသောကြောင့် မည်သည့်စာအုပ်ထွက်နေသည်ကို စာပေဝါသနာရှင်တို့ မသိနိုင်ကြပြန်ပေ။ စာဖတ်ကျင့် ထက်သန်ထွန်းကားမှု နည်းပါးသော အာရှတိုင်းပြည် နိုင်ငံများတွင် စာအုပ်ဆိုင်သို့သွား၍ ကြိုက်ရာစာအုပ်ကို ဝယ်ယူတတ်ကြသော အလေ့အထလည်း ခေါင်းပါးလျက် ရှိသည်။

စာအုပ်များကို မြို့ပြမှ ကျေးလက်အထိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်မည့် နည်းလမ်းများကို အာရှနိုင်ငံအတော်များများ၌ ကြိုးပမ်းလုပ် ဆောင် နေ ကြ သည်။ ဓာတ်ဆီဆိုင်များနှင့် ကျေးလက်စျေးနှေများ၌ စာအုပ်များတင်၍ ရောင်းချခြင်း၊ တောမှမြို့သို့ ဟင်းသီးဟင်းရွက်တင် ကားများ အသွားအပြန် စာအုပ်များတင်ပေးခြင်း စသည့်နည်းများကို သုံးစွဲနေကြသည်။ သို့သော် ဤနည်းဖြင့် ပြဿနာဖြေရှင်းနိုင်မှုမှာ မသိသာလှသေးပေ။

ကျေးလက်သို့ စာအုပ်များ ရောက်ရှိရေးအတွက် ဖြေရှင်းနည်းတစ်ရပ်မှာ တိုင်းပြည်အတွင်းရှိ ထုတ်ဝေသူများ စုပေါင်း၍ သမဝါယမဖွဲ့စည်းကာ ဖြန့်ချိရောင်းချခြင်း ဖြစ်သည်ဟူသော အကြံပြုချက်တစ်ရပ် ရှိသည်။ ထိုနည်းကို ကိုရီးယားသမ္မတနိုင်ငံတွင် စမ်းသပ်အသုံးပြုလျက်ရှိရာ အောင်မြင်နေလေသည်။ ထိုနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေသူများ၏ အသင်းဟူ၍ ခိုင်ခိုင်မာမာရှိသည်။ သို့သော် အာရှတိုက်နိုင်ငံအများအပြား၌ ပုံနှိပ်ထုတ်ဝေသူ အဖွဲ့အစည်းများ ခိုင်ခိုင်မာမာ မရှိခြင်းနှင့် အဖွဲ့အစည်းဟူ၍ပင် ဖွဲ့စည်းမထားနိုင်ခြင်းတို့ကို တွေ့ရသည်။ အချို့ထုတ်ဝေသူများမှာ ကျိကဲ့သို့ သမဝါယမ စုပေါင်းဆောင်ရွက်မှုမျိုး၌ပါဝင်လိုခြင်းမရှိကြချေ။ အကြောင်းမှာ လျှော့နှုန်းနှင့်ရောင်းချပုံစနစ်တို့ကို ကိုယ့်လုပ်ကွက်နှင့်ကိုယ် လျှို့ဝှက်၍ လုပ်ကိုင်နေကြပုံကို လူသိမည်စိုးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် စာအုပ်လုပ်ငန်းနှင့် အသက်မွေးသူများ၏ အကျိုးကျေးဇူးကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ ပုံနှိပ်ထုတ်ဝေရေး အဖွဲ့အစည်းများကိုသော်လည်းကောင်း၊ တစ်ခုတည်းသော ခိုင်မာသည့် အဖွဲ့အစည်းကြီးမျိုးကိုသော်လည်းကောင်း ထူထောင် လုပ်ကိုင်ရန် လိုအပ်ချက်ရှိနေသည်။

အာရှနိုင်ငံများ၌ စာအုပ်အရောင်း မတွင်ကျယ်ရခြင်းမှာ စာအုပ်လက်လီရောင်းသမား တစ်ဦး၏ လုပ်ငန်းအရည်အသွေး ချို့တဲ့ခြင်းကြောင့်ဟုလည်း ဆိုနိုင်စရာ တစ်ချက်ရှိသည်။ စာအုပ်ဆိုင်ကလေးများကို ဖွင့်လှစ်ထား၌ စနစ်တကျ လုပ်ငန်းဆောင်ရွက်ကြခြင်း မရှိတတ်ချေ။ စာအုပ်အရောင်းသမားများကို အနိမ့်ဆုံးလုပ်ခ ပေးပြီး လုပ်ငန်းနှင့် အံဝင်ခွင်ကျမဖြစ်သောသူများကို အဖိုးနည်း ဝန်ပါ ခန့်ထားကြသည်များလည်း ရှိတတ်သည်။ မြို့ပြများ၌ နေရာထိုင်ခင်းစရိတ်နှင့် အထွေထွေ ကုန်ကျစရိတ်များ ကြီး မား လာ နေ သည်။ ထိုအချိန်တွင် စာအုပ်စျေးနှုန်း ကြီးမြင့်လာမှုကြောင့် စာအုပ် ဝယ်ယူနိုင်ကြသူများ နည်းပါးလာသည့် လက္ခဏာကိုလည်း တွေ့ရသည်။ ထို့ကြောင့် စာအုပ်ရောင်းရငွေ ရသင့်သလောက် မရဘဲ ရှိသည်။

စာအုပ်ကုန်သည်တို့သည် စာအုပ် ထုတ်ဝေသူကဲ့သို့ပင် ငွေကြေး ကြီးကြပ် စီမံခန့်ခွဲမှုနှင့် စာအုပ်မှာကြားမှု၊ မရောင်းရသော စာအုပ်များကို လက်ကျန်နည်းအောင် ဆောင်ရွက်မှု စသော လုပ်ငန်းများကို ဂရုစိုက်၍ ဆောင်ရွက်တတ်ရန် လိုအပ်ချက် ရှိနေသည်။ စာအုပ်ရောင်းချမှုအခြေအနေနှင့် စပ်လျဉ်း၍ မည်သည့်စာအုပ် မည်သို့ အနုတ်အသိမ်း အခြေအနေရှိကြောင်း အချိန်မှန်တင်ပြ နိုင်မှုများ စာအုပ်ကုန်သည်တို့ လောကတွင် နည်းပါးနေသေးသည်။ ထို့ကြောင့် ထုတ်ဝေသူတို့သည် စာအုပ်စျေးကွက်ကိုခန့်မှန်းရာ၌ အခါရာသီကို မှီ၍သာလျှင် အဆုံးအဖြတ်ကို ပြုလုပ်ကြရသည်။

စာအုပ် လက်လီရောင်းသူသည် စာအုပ်ကြော်ငြာရန် ကိစ္စကို ထုတ်ဝေသူ၏ အလုပ်သာ ဖြစ်သည်ဟု မြင်လေ့ရှိတတ်ကြသည်။ စာအုပ်များကို ဆိုင်တင်ခင်းကျင်းသော အခါ၌လည်း နေရာမယူစေရန် အနှောင့်လိုက် ထောင်၍ စီထားသောကြောင့် စာအုပ်ကို လူမြင်သူမြင် မဖြစ်နိုင်တော့ပေ။ စာဖတ်ကျင့် ထွန်းကားသည့် ဂျပန်နိုင်ငံကဲ့သို့ နိုင်ငံများတွင်သာ ထုတ်ဝေသူများက ကြော်ငြာအားလည်း ကောင်း၍ စာဖတ်သူများက လိုလိုချင်ချင် မေးမြန်းဝယ်ယူမှုလည်း ရှိတတ်ကြသဖြင့် ထိုသို့ ခင်းကျင်းသော အဆင်အပြင်မျိုးမှာ အလုပ်ဖြစ်တတ်သည်။

ကျမ်းကျင်မှု ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်နည်း

စာအုပ်လုပ်ငန်း၏ သီးခြားကျမ်းကျင်မှု လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ရန်အတွက် ဘက်စုံလေ့ကျင့်သင်ကြားပေးသော တိုင်းပြည်များ အာရှတိုက်တွင် နည်းပါးလှသည်။ ရှိပါလျှင်လည်း ပုံနှိပ်လုပ်ငန်းသင်တန်းနှင့် စာကြည့်တိုက်မှုးလုပ်ငန်းသင်တန်းတို့သာ များတတ်ကြသည်။ ပုံနှိပ်လုပ်ငန်းသင်တန်းကျောင်းများရှိပါလျှင်လည်း တက္ကသိုလ်အဆင့်မဟုတ်ဘဲ စက်မှုသင်တန်းကျောင်းအဆင့်သာ များသည်။ သင်ကြားပို့ချမှုတွင် စာမူမှ စာအုပ်

အဖြစ်သို့ လုပ်ငန်းအစအဆုံး သင်ကြားရမည့် အစား လုပ်ငန်းကို ခါးလယ်မှ ဖြတ်၍ ဖြတ်လမ်းနည်းဖြင့် သင်ကြားပေးမှုမျိုးကိုလည်း တွေ့ရသည်ဟု ဆိုသည်။ လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း၌ စာပေတည်းဖြတ်ခြင်း၊ စာအုပ်ဒီဇိုင်း သရုပ်ဖော်ခြင်း ကိစ္စများအတွက် အထူးသင်တန်းများ ပေးလာကြသည်။ သာဓကအားဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ဖိလစ်ပိုင်တက္ကသိုလ်၏ လူထုဆက်သွယ်ရေး သိပ္ပံတွင် တစ်လခွဲသင်တန်းများကို ၁၉၇၃ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သည်။ ထိုသင်တန်းတွင် ပုံနှိပ်ထုတ်ဝေရေး စီမံခန့်ခွဲမှု ဘာသာရပ်ကိုလည်း ထည့်သွင်းထားရာ အသုံးဝင်၍ အများနှစ်သက်ကြသည်ကို တွေ့ရသည်။ အိန္ဒိယ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၌ တက္ကသိုလ်အဆင့် ကျောင်းသားများအား ပုံနှိပ်ထုတ်ဝေမှု ကျွမ်းကျင်ရန် သင်တန်းများပေးနေကြသည်။ ဂျပန်နိုင်ငံ၌ ယူနက်စကို အဖွဲ့နှင့် ပူးတွဲဆောင်ရွက်သော အာရှယဉ်ကျေးမှု ရိပ်သာ ဌာနသည် ၁၉၇၀ ပြည့်နှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေမှု သင်တန်းများ ခေါ်ယူလေ့ကျင့်ပေးပြီး အာရှနှင့် ပစိဖိတ် ဒေသအတွင်းရှိ နိုင်ငံများသို့ စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပညာ ခရီးလှည့်လည်ပို့ချမှု အစီအစဉ်များ ပြုလုပ်ပေး လျက် ရှိသည်။ ထိုသင်တန်းများကြောင့် စာအုပ်လုပ်ငန်း တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး လိုအပ်ချက် ရှိကြောင်းကို နိုင်ငံအလိုက် သိသာသဘောပေါက်စေခဲ့သည်။ ယူနက်စကို အဖွဲ့ချုပ်ကမူ တက္ကသိုလ်များ၊ စက်မှုသိပ္ပံများ၌ ပုံနှိပ် ထုတ်ဝေရေးနှင့် စပ်လျဉ်းသော အမြဲတမ်းသင်တန်းများ ဖွင့်လှစ်ထားသင့်ကြောင်း အာရှနိုင်ငံများသို့ အားပေး တိုက်တွန်းလျက်ရှိသည်။

စာဖတ်ကျင့်ဖွံ့ဖြိုးရေး

အာရှတိုက်တွင် စာဖတ်ကျင့်အလေ့အထ အထူးတလည် ထွန်းကားသော တိုင်းပြည်နိုင်ငံဟူ၍ ဂျပန်နိုင်ငံသာ ရှိသေးသည်။ သို့သော် ကျောင်းသင်ရိုးညွှန်းတမ်းမှအပဖြစ်သော စာအုပ်များကို ဖတ်ရှုရေးမှာ လူတစ်ဦး ချင်း၏ ဘဝ တိုးတက်မှုနှင့် အသိပညာ ဖွံ့ဖြိုးမှုအတွက်မျှမက လူအဖွဲ့ အစည်း ညီညွတ်မျှတမှုအတွက်ပါ အရေးတကြီး လိုအပ် သည်။ အခြို့ကျောင်းများ၌ စာဖတ်ကျင့်ကို အထူးပြု၍ သင်ကြားပို့ချပေးလာကြသည်။ စာဖတ်ကျင့် ထွန်းကား ရေးအတွက် နည်းလမ်းများ ရှာကြံကြရာတွင် ကလေး စာပေများ ဖွံ့ဖြိုးရေးကိုလည်း အားထုတ် ဆောင်ရွက်နေ ကြသည်။ ငယ်စဉ်က စာဖတ်ကျင့်ရှိမှ တစ်သက်တာ စာဖတ်ကျင့် စွဲမြဲမည်ကို သဘော ပေါက်လာကြသည့် အလျောက် နိုင်ငံအလိုက် အမျိုးသား စာအုပ် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့အစည်းများက ထိုနည်းလမ်းကို ရည်သန်၍ လုပ်ကိုင်လာကြသည်။ စာကြည့်တိုက်များတွင် ကလေး စာကြည့်တိုက်ကဏ္ဍ ဖွင့်လှစ်ပေးလာကြသည်။ ကျောင်း များတွင် ကျောင်းအလိုက် အတန်းအလိုက် ပြင်ပစာအုပ် များ လှယ်လင့်တကူ ငှားရမ်း ဖတ်ရှုနိုင်ရေး အတွက် ဆောင်ရွက် ပေးလာကြသည်။ အာရှနိုင်ငံ အတော် များများတွင် တိုင်းပြည်အလိုက် စာအုပ်ရက်သတ္တပတ်၊ စာအုပ်လနှင့် စာအုပ်ပွဲတော်များဟူ၍ သတ်မှတ် ကျင်းပ ပေးခြင်းအားဖြင့် စာဖတ်သူနှင့် စာအုပ်တို့ကို ရင်းနှီး ကျွမ်းဝင်စေရန် များစွာ အထောက်အကူပြုနိုင်ကြောင်း တွေ့ရသည်။

"နိုင်ငံတကာ စာအုပ်နှစ်" ဟူ၍ ၁၉၇၂ ခုနှစ်တွင် ယူနက်စကိုအဖွဲ့က သတ်မှတ် ကျင်းပခဲ့သည်။ အာရှနိုင်ငံ အများ ပါဝင် ကျင်းပခဲ့ကြသည်။ ၁၉၇၂ ခုနှစ် လန်ဒန်မြို့တွင် စာအုပ်ညီလာခံ ကျင်းပသောအခါ "စာဖတ်သော လူအဖွဲ့အစည်း သို့" ဟူသော ဆောင်ပုဒ်ကို ချမှတ် လွှဲဆောင်ခဲ့ကြသည်။ ယခုအခါတွင် နိုင်ငံအများအပြား၌ စာဖတ်ကျင့် ထွန်းကားရေးအတွက် လူထုဆက်သွယ်ရေး နည်းလမ်းများမှတစ်ဆင့် ငွေကြေးအကူအညီ၊ နည်းပညာ အကူအညီတို့ကို ပေးလျက်ရှိလေသည်။

ကုန်သွယ်မှုနှင့် ဥပဒေစည်းကမ်းများကိစ္စ

အာရှနိုင်ငံအများအပြားတွင် စာအုပ်နှင့် သတင်း အချက်များ အပြန်အလှန် ကူးလူး ဆက်သွယ်နိုင်ရေး အတွက် ပြုလုပ်ထားသော နိုင်ငံတကာ သဘောတူညီချက် များကို လက်ခံကျင့်သုံးခြင်း မရှိကြ။ လက်ခံထားပါက လည်း တိတိကျကျ အကောင်အထည်ဖော်ခြင်း မရှိလှ သေးသည်ကို တွေ့ကြရသည်ဟု ဆိုသည်။ ပညာရေး၊ သိပ္ပံပညာ၊ ယဉ်ကျေးမှု၊ သောတအာရုံ ခံစားမှုနှင့် အမြင် အာရုံခံစားမှုဆိုင်ရာ ယဉ်ကျေးမှု ပစ္စည်းများကို ပြည်ပမှ တင်သွင်းရာ၌ အခွန်အတုတ် ကင်းရှင်းစွာဖြင့် တင်သွင်း ရေးကို မပြုလုပ်နိုင်ခြင်းကြောင့် စာအုပ် အပါအဝင် ယဉ်ကျေးမှုပစ္စည်းများကို သုံးစွဲသူတို့အဖို့ ထိထိ ရောက်ရောက် အကျိုးကျေးဇူး မခံစားကြရသေးချေ။ ထို့ပြင် ဒေသအလိုက် စာအုပ်စာတမ်းများ အပေါ် ရောင်းဝယ်ခွန်များကောက်ခံခြင်း၊ အားပေးအားမြှောက်မှု နည်းပါးခြင်းတို့သည် နိုင်ငံခြားမှ တင်သွင်းရသော အဆိုပါ ပစ္စည်းများမှာ လူအများစု လက်လှမ်းမမီသာအောင် တန်ဖိုးမြင့်မားနေသည်။ အထူးသဖြင့် ခေတ်မီကျောင်းသုံး စာအုပ်များ စာသင်သားများနှင့် အလှမ်းဝေးစေသလို ဖြစ်ရသည်။ အခြို့မှာ ခေတ်မမီတော့သော ကျောင်းသုံး စာအုပ်များကို လေ့လာနေကြရသည်လည်း ရှိ၏။ အခြို့ မှာကား ထိုခေတ်မမီသော စာအုပ်များကိုပင် တရားမဝင်

ခိုးယူရိုက်နှိပ်ထားသော မိတ္တူမျှားကို ဝယ်ယူဖတ်ရှု သုံးစွဲနေကြရသည်။

စာအုပ်မျှားကို မူပိုင်ခွင့်မရှိဘဲ တိတ်တဆိတ် ပုံနှိပ်ရောင်းချခြင်းကိစ္စမှာ နိုင်ငံအလိုက် မူပိုင်ခွင့် ဥပဒေမျှား မရှိသည်ကတစ်ကြောင်း၊ ရှိပါလျှင်လည်း ကြပ်မတ်မှု လျော့ပါးသည်ကတစ်ကြောင်း၊ အခြို့ အာဏာပိုင်မျှားက မသိကျိုးကျွန် ပြုနေတတ်ကြသည်ကတစ်ကြောင်း တို့ကြောင့် ထိုပြဿနာကို ဖြေရှင်းရေးမှာ မလွယ်သယောင် ရှိနေသည်။ အမှန်အားဖြင့် နိုင်ငံတကာ အပျံ့အနှံ့ဖြစ်သော မူပိုင်ခွင့် 'ယူနီဗာဆယ်မူ ကွန်ဗင်းရှင်း' နှင့် 'ဘန်းကွန်ဗင်းရှင်း' ဟူ၍ ရှိရာတွင် ထိုကွန်ဗင်းရှင်းနှစ်ခု စလုံးကိုပင်ဖြစ်စေ၊ ကွန်ဗင်းရှင်းတစ်ခုကိုဖြစ်စေ လက်မှတ်ရေးထိုးထားသော နိုင်ငံမျှားကပင် လိုက်နာကျင့်သုံးခြင်း မရှိကြသည့် အခြင်းအရာကိုလည်း တွေ့ရသည်။ အခြေခံသိပ္ပံ သုတေသနလုပ်ငန်းမျှားကို တွင်ကျယ်အောင် မလုပ်နိုင်ကြသောကြောင့် ခိုင်မာ၍ အားထားရသော သိပ္ပံမူရင်းစာအုပ်မျှား မထွက်ပေါ်နိုင်ကြပေ။ ထွက်ပေါ်ပါကလည်း တရားမဝင် ကူးယူပုံနှိပ်ကြသဖြင့် ကျမ်းပြုသူမျှား အကျိုးအမြတ်မရနိုင်။ ထိုသို့သော အခြေအနေမျှားတွင် ပညာရေး အဆင့်အတန်းကို မြှင့်တင်ရန် လိုအပ်သောကြောင့် မိတ္တူပွားခြင်းကို ပြည်တွင်း၌ လျစ်လျူရှုထားရခြင်းမျှားလည်း ရှိနေသည်။ ဤကိစ္စ၌ ဖွံ့ဖြိုးပြီးနိုင်ငံမျှားက စာအုပ်ထွက်လျှင်ထွက်ချင်း ဖွံ့ဖြိုးဆဲ နိုင်ငံမျှားအတွက် ကူးယူပုံနှိပ်ခွင့်ကို အခကြေးငွေ နည်းပါးစွာဖြင့် ခွင့်ပြုသင့်သည်ဟု ဆွေးနွေးအကြံပြုချက်မျှား ရှိသည်။ သို့သော် ဤကိစ္စမှာ တစ်ဦးချင်း ထုတ်ဝေသူနှင့် တစ်ဦးချင်း ကျမ်းပြုသူ၊ ရေးသားသူတို့၏ အခွင့်အရေးကို စွက်ဖက်ရာရောက်သောကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော အခက်အခဲမျိုးလည်းရှိကြောင်း သိရသည်။

စာအုပ်မျှား ထုတ်ဝေရာတွင် ပုံနှိပ်တိုက်နှင့် စာပေအမျိုးအစားကိုလိုက်၍ စိစစ်ခွင့်ပြုလျက် အခြေအနေမျှားကို အကြောင်းပြု၍ ထုတ်ဝေမှု အခက်အခဲမျှားလည်း ရှိတန်သရွေ့ရှိနေသည်။ အချို့မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အသုံးပြုသော ဘာသာစကားချင်း တူသော်ငြားလည်း စာအုပ်တစ်မျိုးတည်းကို ပူးတွဲပုံနှိပ်ဖြန့်ချိရန် မဖြစ်နိုင်သော အဆီးအတားမျှား ရှိနေကြပြန်သည်။ နိုင်ငံပြင်ပ၌ တိုင်းရင်းသားဘာသာဖြင့် ပုံနှိပ်သော စာမျှားကို ပြည်တွင်းသို့ တင်သွင်းခွင့် မပြုနိုင်သည့် အခြေအနေမျှားလည်း ရှိနေသည်။ စာအုပ် ပုံနှိပ် ထုတ်လုပ်မှုအတွက် လိုအပ်သည့် စက္ကူ၊ မင်နှင့် စက်ကိရိယာပစ္စည်းမျှား အပေါ်တွင် အခွန်အတုတ်မျှား သတ်မှတ် ထားခြင်း ကလည်း စာအုပ်လုပ်ငန်း ခေတ်မီရေးနှင့် နည်းပညာတိုးတက်ရေး၌ အဆီးအတားမျှား ရှိနေသည်။

အာရှနှင့် ပစိဖိတ်ဒေသ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ရင်ဆိုင်နေရသော အခက်အခဲမျှား ဖြေရှင်းတန်သရွေ့ ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စမျှားတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ယူနက်စကို ကဲ့သို့ အဖွဲ့အစည်းတို့က ဒေသရပ်ဝန်းမျှား အလိုက် အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်မျှားကို ချမှတ်ထားကြသည်။ ထိုလုပ်ငန်းမျှားထဲတွင် အဖွဲ့ဝင်နိုင်ငံမျှား၌ စာအုပ်လုပ်ငန်း ဖွံ့ဖြိုးရေးနှင့် စာဖတ်ကျင့် တိုးတက်ရေးအတွက် "အမျိုးသား စာအုပ်ကောင်စီ"မျှား ဖွဲ့စည်းဆောင်ရွက်နိုင်ရန် နမူနာစည်းမျဉ်းမျှားကို ပေးပို့ထားကြသည်။ နိုင်ငံ ၁၃ နိုင်ငံတို့၌ ထိုသို့သော အဖွဲ့အစည်းမျှား ရှိပြီး ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံမျှားသည် စာဖတ်ကျင့်နှင့် ကလေးစာပေဆိုင်ရာ လေ့လာ စစ်တမ်းထုတ်ချက်မျှားကို ပြုလုပ်၍ ကျေးလက်ဒေသ၌ပင် စာအုပ်စာတမ်းမျှား ထုတ်လုပ်နိုင်ရေးကို စမ်းသပ် လေ့လာလျက် ရှိကြသည်။ စာအုပ်လုပ်ငန်းနှင့် စပ်လျဉ်းသော သင်တန်းပေါင်း အတော်များများကို နှစ်စဉ် ခေါ်ယူပို့ချပေးလျက် ရှိသည်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အတွေ့အကြုံ သတင်း အချက်အလက် ဖလှယ်မှုအတွက် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းဆိုင်ရာ "စာအုပ်သတင်းလွှာ" မျှားကိုလည်း ထုတ်ဝေပေးနေကြသည်။ စာအုပ်ဖွံ့ဖြိုးမှု လုပ်ငန်း၏ မြင်ကွင်းမှာ ဖွံ့ဖြိုးတိုးတက်မှု ရှိတန်သလောက် ရှိလာသည်ကို တွေ့နေရသည်။ သို့သော် ညှိနှိုင်းဖြေရှင်းရမည့် အခက်အခဲမျှား လည်း ရှိတန်သလောက် ရှိနေသည်။ အားထုတ်ဆောင်ရွက်ရမည့် လုပ်ငန်းမျှားလည်း အမျှားအပြား ရှိနေသည်။

ဤတွင် စာရေးဆရာမျှား၊ အယ်ဒီတာမျှား၊ ထုတ်ဝေသူမျှား၊ စာအုပ်သရုပ်ဖော်သူမျှားနှင့် ဘာသာပြန်ဆိုသူမျှား၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကြလျက် စာပေယဉ်ကျေးမှု လွှတ်လပ်စွာ ကူးလူးဖလှယ်ရေးအတွက် ဆောင်ရွက်ကြသော လုပ်ငန်းမျှားလည်း အာရှတွင် တိုးတက်လာလျက် ရှိသည်။ တစ်ချိန်တည်းမှာပင် အမျိုးသား ပညာရေးစနစ်မျှား ရင့်ကျက်ခိုင်မာလာခြင်းနှင့် တိုင်းရင်းသားဘာသာစကား သုံးစွဲမှု ဖွံ့ဖြိုးလာခြင်းတို့ကို အကြောင်းပြု၍ ပုံနှိပ်ထုတ်ဝေမှု လုပ်ငန်းမျှား၏ အခြေခံအားပြုရန် နယ်ပယ်မျှား တိုးပွားလာကာ စာဖတ်ပရိသတ်ဦးရေလည်း မျှားပြားလာစရာ အကြောင်းရှိသည်။ ထိုသို့ဖြစ်လျှင် အာရှဒေသ၌ စာအုပ်လုပ်ငန်း မြင်ကွင်းမှာ ပိုမိုကြည်လင် သာယာလာစရာ အကြောင်းရှိမည် မလွဲ ဖြစ်တော့သည်။

မောင်ဆုရှင်

၁၉၀၉ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၀၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ ရေးသား ထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြ ထားပါသည်။



ဟန်ဂေရီကွန်မြူနစ်ပါတီခေါင်းဆောင် ယာန်ိစ်ကာဒါ

ကာဒါ, ယာန်ိစ် (ခရစ် ၁၉၁၂–၁၉၇၉)။ ။အာဏာရှင် စတာလင်ဝါဒကို တော်လှန်၍ ပြုပြင်ပြောင်းလဲရေးကို လိုလားသည့် အစိုးရထဲမှ ဆိုဗီယက်လိုလားသော အစိုးရထဲသို့ အာဏာလွှဲပြောင်းစေသည့် ၁၉၅၆ ခုနှစ် သမိုင်းဖြစ်ရပ်တွင် သော့ချက်အခန်းကဏ္ဍမှ ပါဝင်ခဲ့သူ ဟန်ဂေရီဝန်ကြီးချုပ် ယာန်ိစ် ကာဒါကို ၁၉၁၂ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ ကာပိုလီမြို့၌ မွေးဖွားသည်။

ကာဒါသည် ငယ်စဉ်က အလုပ်သင် စက်ပြင်ဆရာအဖြစ် အသက်မွေးနေရာမှ ၁၉၃၂ ခုနှစ်တွင် အလုပ်သမားကွန်မြူနစ်ပါတီသို့ ဝင်ရောက် လှုပ်ရှားခဲ့သည်။ ယင်းပါတီသည် ထိုစဉ်က တရားမဝင်ပါတီဖြစ်၍ ကာဒါသည် အကြိမ်ကြိမ် ဖမ်းဆီးချုပ်နှောင်ခံရသည်။ ၁၉၄၄ ခုနှစ် ဧပြီလတွင် နောက်ဆုံးအကြိမ် ဖမ်းဆီးခံခဲ့ရသည်။ ၁၉၄၂ ခုနှစ်ကပင် ပါတီဗဟိုကော်မတီဝင် ဖြစ်လာခဲ့သော ကာဒါသည် ၁၉၄၅ ခုနှစ်တွင် ပေါ်လစ်ဗျူရို အဖွဲ့ဝင်ဖြစ်လာသည်။ စစ်ကြီးပြီးဆုံးသောအခါ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဖြစ်လာသည်။ သို့ရာတွင် ၁၉၅၀ ပြည့်နှစ်တွင် စတာလင်ဝါဒီတို့နှင့် ပဋိပက္ခဖြစ်ခဲ့၍ ပါတီမှ ထုတ်ပယ်ခံရပြီး ထောင်သွင်း အကျဉ်းချခံရသည်။ လုပ်ဖော်ကိုင်ဖက် ရဲဘော်ဟောင်းများ၏ နှိပ်စက်ခြင်းကို ခံရသည်။

ကာဒါသည် ၁၉၅၄ ခုနှစ်တွင် ပြန်လည် သိက္ခာတင်ခြင်း ခံရသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာတော်လှန်ရေးကာလတွင် အင်မရေ နာဂီ၏ အစိုးရအဖွဲ့၌ ပါဝင်ခဲ့ပြီးမှ မရွေးမနှောင်းတွင် ယင်းတော်လှန်ရေးကို ဆန့်ကျင်ခဲ့သည်။ ထိုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံကို ဆိုဗီယက်တပ်များ သိမ်းပိုက်ခဲ့ပြီးနောက် ကာဒါသည် ဆိုဗီယက်တို့၏ ကမကထပြုမှုဖြင့် အစိုးရအဖွဲ့သစ်တစ်ရပ်ကို ဖွဲ့စည်းသည်။ အင်မရေ နာဂီ သေဒဏ်စီရင်ခံခဲ့ရပြီးနောက် ဝန်ကြီးချုပ်အဖြစ် ကာဒါက ၁၉၅၈ ခုနှစ်ထိ တာဝန်ယူခဲ့သည်။ တစ်ဖန် ၁၉၆၁ ခုနှစ်မှစ၍ ဝန်ကြီးချုပ်သက်တမ်း အဆက်ဆက်ကို ထမ်းဆောင်ခဲ့ပြန်သည်။ ကာဒါ၏ နိုင်ငံခြားရေးမူဝါဒများအရ ဆိုဗီယက်ကို ယိမ်းသော လမ်းကြောင်းကို လိုက်သည်။ ဟန်ဂေရီပြည်သူတို့၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်ရန် ကြိုးပမ်းသည်။ ပြည်တွင်း မူဝါဒများတွင် အထိုက်အလျောက် လွတ်လပ်ခွင့်ပေးရန် စီစဉ်သည်။

ကာဒါသည် ဟန်ဂေရီ ဆိုရှယ်လစ် အလုပ်သမားပါတီ၏ ပထမ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ နိုင်ငံရေးဦးဆောင်ကော်မတီ၏ အကြီးအမှူးအဖြစ် လည်းကောင်း ဆောင်ရွက်လာခဲ့သည်။ ကာဒါ၏ ဦးဆောင်မှု အောက်တွင်ရှိသော ဟန်ဂေရီနိုင်ငံသည် အရှေ့ဥရောပတွင် လွတ်လပ်မှုနှင့် ပွင့်လင်းမှု အရှိဆုံးနိုင်ငံဟု သတ်မှတ်ခံရသည်။ ၁၉၆၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး တောင်းဆိုမှုများ ပေါ်ပေါက်လာသောအခါ ကာဒါသည် လိုက်လျောရန် တွန့်ဆိုင်းနေခဲ့သည်။ ၁၉၈၇ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကျောင်းသားများက ဗူဒါပက်စ်မြို့၌ စီတန်းလှည့်လည်ကာ ဆိုဗီယက်တပ်များ ဟန်ဂေရီနိုင်ငံမှ ထွက်ခွာရေးနှင့် စာနယ်ဇင်း လွတ်လပ်ခွင့်ပေးရေးတို့ကို တောင်းဆိုခဲ့ကြသည်။ ၁၉၈၇ ခုနှစ် ဇွန်လတွင် ကာဒါသည် ဝန်ကြီးချုပ်ရာထူးကို ကာရိုလီ ဂရော့ဇ်အား အပ်နှင်း၍ ပါတီခေါင်းဆောင်ရာထူးကို ယူထားသည်။ ဂရော့ဇ်၏ အစိုးရအဖွဲ့က ပွင့်လင်းမှုကို တိုးမြှင့်ခဲ့ရာ ပါတီသစ် တစ်ဒါဇင်မျှ ပေါ်ထွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပြည်သူတစ်သောင်းကျော်က ဆန္ဒပြခဲ့ပြန်သည်။ ထိုအခါ အခြေခံဥပဒေကို ပြင်ဆင်မှမ်းမံကာ သမ္မတရာထူးကိုသတ်မှတ်ခဲ့ရာ ကာဒါသည် သမ္မတဖြစ်လာသည်။

ကာဒါသည် ၁၉၈၈ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ဂရော့ဇ်အား ပါတီခေါင်းဆောင်တာဝန်ကို လွှဲအပ်လိုက်သည်။ ထိုအချိန်မှစ၍ လွတ်လပ်စွာ ဆန္ဒပြခွင့်နှင့် ပါတီဖွဲ့စည်းခွင့်ပြုသည့် ဥပဒေ ပြဋ္ဌာန်းခြင်းဖြင့် ပါတီစုံစနစ်သို့ ဦးတည်လာခဲ့သည်။ ၁၉၈၉ ခုနှစ် မေလတွင် ကာဒါသည် သမ္မတရာထူးမှလည်း နုတ်ထွက်သွားခဲ့သည်။ ၁၉၅၆ ခုနှစ် အုံကြွမှု အရေးအခင်းတွင် တာဝန်မကင်းဟု ဆိုကာ ဟန်ပြတရားရုံးတစ်ရပ်ဖြင့် သေဒဏ်စီရင်ခြင်း ခံခဲ့ရသည့် ဝန်ကြီးချုပ် အင်မရေ နာဂီသည် ပြစ်မှုကင်းစင်ကြောင်းဖြင့် တရားလွှတ်တော်ချုပ်က ၁၉၈၉ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကို ကြေညာသည့်နေ့တွင် ပင် ယာန်ိစ် ကာဒါသည် ဗူဒါပက်စ်မြို့၌ ကွယ်လွန်သွားခဲ့သည်။

ကုမာရ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရေဦးမြို့၊ လေးထပ်ကြီး ပရိယတ္တိ စာသင်တိုက် (မြန်မာ ၁၂၇၂– ၁၃၅၁) ။ ။စစ်ကိုင်းတိုင်း ရေဦးမြို့ လေးထပ်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ကုမာရသည် ရေဦးဆရာတော် ဦးဒေဝိန္ဒမှအစ တိုက်အုပ် တိုက်ကြပ် ဆရာတော်များ ထံ၌လည်းကောင်း၊ မုံရွာ၊ အမရပူရ၊ မန္တလေး စသော မြို့ကြီးများရှိ ဆရာတော်ကြီးများထံတွင် လည်းကောင်း ပါဠိ၊ အဋ္ဌကထာ၊ နှေဝါ ညဝါ ကျမ်းစာများကို စွယ်စုံထွန်းပေါက် ပါရဂူမြောက်အောင် သင်ယူတော်မူခဲ့ပြီး တပည့်သံဃာများကို စာချတော်မူခဲ့ခြင်း၊ ထို့ပြင်တဝ ပဋ္ဌာန်းစာဝါကို နှစ်စဉ်မပျက် အသက်ထက်ဆုံး ပို့ချတော် မူခဲ့ခြင်း၊ ထိုသို့ပို့ချပေးခြင်းဖြင့် အစိုးရမမှာစရိယ၊ စေတိ ယင်္ကာမမှာစရိယ၊ သက္ကသီဟ မမှာစရိယ စသော အဆင့် မြင့်ဘွဲ့ရ တပည့်ပေါင်းများစွာ ထွန်းကားစေခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာ ဘာဏက၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စသည်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ခြင်းတို့ကြောင့် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိဋ္ဌင်တော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၇၈– စာ၊ ၁၂၃ — ရှု။)

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ကုမာရသည် ၁၃၅၁ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် ဘဝ နတ်ထံ ပြန်လွန်တော်မူသည်။

ကုမာရ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ် (မြန်မာ ၁၂၈၄ –)

။ ။ဆရာတော် ဘဒ္ဒန္တ ကုမာရကို မကွေးတိုင်း မင်းဘူးမြို့နယ် လေးအိမ်တန်းကျေးရွာ ခမည်းတော် ဦးထွန်းကြယ်၊ မယ်တော် ဒေါ်ပိုးမျှင်တို့က ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်တွင် ဖွားမြင်သည်။ မွေးချင်း ခုနစ်ယောက်တွင် စတုတ္ထမြောက် သားရတနာဖြစ်၍ အမည်မှာ မောင်ဌေး ဖြစ်သည်။

၁၃ နှစ်အရွယ် ၁၂၉၇ ခုနှစ် တပို့တွဲလ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကျွန်းကလေးကျောင်း ဆရာတော် အရှင်ဝေပုလ္လထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်ကုမာရ ဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၃၀၄ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၃၀ မိနစ်အချိန်တွင် မယ်တော်ခမည်းတော်



အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တကုမာရ

တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စကျုံမြို့ ဆင်ခေါင်းရွာ ကြို့ယွန်းကျောင်း ဆရာတော် အရှင်ရာဇိန္ဒထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်သည်။

ခြောက်နှစ်သား အရွယ်တွင် ကျွန်းကလေးကျောင်း ဆရာတော် အရှင်ဝေပုလ္လထံ အပ်နှံ၍ ဆရာတော်နှင့်တကွ စာချဆရာတော် အရှင်စန္ဒာဝရ၊ အရှင်ရေဝတတို့ထံ၌ သင်ပုန်းကြီးမှစ၍ ပရိတ်ကြီးအထိ သူငယ်သင်ရိုးတန်း ပညာရပ်များကို သင်ယူသည်။ ၁၂ နှစ်သားအရွယ်တွင် တေမိယဇာတ် အဋ္ဌကထာနိဿယကို အာဂုံကျက် သင်ယူရသည်။ ကစ္စည်းသဒ္ဒါကြီးကိုလည်း သင်ယူရသည်။

၁၃ နှစ်သားအရွယ်တွင် ရှင်သာမဏော ဖြစ်ပြီးနောက် မူလဆရာတော်များ ထံမှာပင် သုတ်စစ် ပုဒ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့ပြီး၍ ၁၆ နှစ်သား အရွယ်တွင် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက် သို့ ကြွရောက်ကာ ဆရာတော် အရှင်သူရိယမထေရ်ထံ၌ သဒ္ဒါ၊ သဂ္ဂိဟ်၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ ကခ်၊ အဘိဓမ္မာ ညဝါစသော ပိဋကတ် အခြေခံကျမ်းများကို သင်ယူသည်။

၁၃၀၀ ပြည့်နှစ် တပေါင်းလ၌ မကွေးမြို့ မဟာဝိသု တာရာမ တိုက်သစ်သို့ ကြွရောက်၍ မူလတိုက်တည် ဆရာတော် အရှင်နာရဒ၊ အရှင်ပဒုမ၊ အရှင်ဝါယမထေရ်နှင့် ဂဏဝါစက စာချဆရာတော် အရှင်ဝိသောဘဏ္ဍတို့ထံ၌ နိကာယ်ငါးရပ် ပိဋကတ်ကျမ်းဂန်တို့ကို သင်ယူသည်။ ၁၃၁၂ ခုနှစ်၌ မန္တလေးမြို့ ထီးလင်းတိုက်၊ မိုးတားတိုက်၊ တောင်သမန်တိုက်၊ မဟာဝေယံဘုံသာတိုက်တို့၌ သီတင်းသုံးလျက် အဘိဓမ္မာဂန္ထရဇဂုရု မစိုးရိမ်ဆရာတော်ဘုရား

ကြီး အရှင်သူရိယမဟာထေရ်၊ မဟာဝေယ်ဘုံသာတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏ၊ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒထေရ် စသော ဆရာတော်တို့ထံ၌ နည်းခံတော်မူသည်။

ဆရာတော်သည် ဝိနည်း စာမေးပွဲ ပထမငယ်တန်း၊ ပါဠို ပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီးတန်းမျှားကို အောင်မြင်၍ ၁၃၁၄ ခုနှစ် နယုန်လ၌ ကျင်းပသော စာချတန်း စာမေးပွဲကြီး၌ ကျမ်းရင်းသုံးကျမ်း ဂုဏ်ထူးဆောင် ခြောက်ကျမ်း ပေါင်း ကိုးကျမ်းလုံးကို နှစ်ချင်းပေါက် အောင်မြင်တော် မူသောကြောင့် "သာသနဓဇသိရိပဝရ မဓုရစရိယ သိရောမဏိ" ဘွဲ့တံဆိပ်တော်ကို ရရှိသည်။

၁၃၁၄ ခုနှစ်၌ မကွေးမြို့ မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးက ဂဏဝါစကစာချအဖြစ် ချီးမြှောက်ခြင်းကို ခံယူရသဖြင့် ထိုအချိန်မှစ၍ ယခုအချိန်အထိ မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်၌ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယဘန်း စာဝါမျှားနှင့် အခြားနိကာယ်ပါဠိတော် အဋ္ဌကထာ၊ ဋီကာကျမ်းမျှားကို သင်ကြား ပို့ချတော်မူသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမျှားက ကျောင်းတိုက်အုပ်ချုပ်မှုတာဝန် လွှဲသဖြင့် ကျောင်းတိုက်အုပ်ချုပ်မှု စာပေကျမ်းဂန် သင်ကြားမှုနှင့် အထွေထွေ ကိစ္စတာဝန်များကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ရာ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာအက္ကေါ် စသော ဘွဲ့တံဆိပ်ရတပည့်များ ထွန်းကား ပေါ်ပေါက်ခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌ ပါဠိဝိသောဓက၊ ဓမ္မသင်္ဂဏီပါဠိဘာဏက၊ သင်္ဂီတိကာရက အဖြစ်ဖြင့် ဆောင်ရွက်တော်မူသည်။ ပခုက္ကူဂဏဝါစက နိကာယကြီး၏ ဂဏာနုံ ဝိနာဃက၊ မြသလွန် စေတီယ ဘဏ္ဍာဂါရိကအဖွဲ့၏ သြဝါဒါစရိယ၊ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်၊ လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယ သီးခြားဝိနည်းဓိရ၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင်စသည်တို့ဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိင်္ဂါကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ကုမာရသည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ကုလသမဂ္ဂ။ ။ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၄၄ ကြိမ်မြောက် အထွေထွေ ညီလာခံကို ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့က နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် စတင်ဖွင့်လှစ် ကျင်းပရာ ၄၃ ကြိမ်မြောက်အထွေထွေညီလာခံ သဘာပတိ အာဂျင်တီးနားနိုင်ငံမှ မစ္စတာဒန်တီကာပျူတို့၏နေရာတွင် နိုင်ကျီးရီးယားနိုင်ငံမှ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် သံအမတ်ကြီး မစ္စတာဂျီးဇက် ဂါဘာအား ၄၄ ကြိမ်မြောက်အထွေထွေ ညီလာခံ သဘာပတိအဖြစ် ညီလာခံ အစည်းအဝေးမှ ရွေးချယ် တင်မြှောက်ခဲ့သည်။

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ

အတွင်းရေးမှူးချုပ်က ၁၉၈၉ ခုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ယင်း၏ အစီရင်ခံစာကို ညီလာခံကြီးသို့ တင်ပြခဲ့သည်။ ဤအစီရင်ခံစာတွင် အတွင်းရေးမှူးချုပ်က မျက်မှောက် ကမ္ဘာ့အခြေအနေကို သုံးသပ်တင်ပြရာ၌ ကမ္ဘာ့အခြေအနေသည် အငြင်းပွားမှုများ၊ ကိုယ်စားလှယ်ထား၍ တိုက်ခိုက်သောစစ်ပွဲများ၊ ဆက်ဆံရေး တင်းမာမှု နာတာရှည် ထောဂါများ ဖြစ်ပွားလျက် ရှိခဲ့ရာမှ ကမ္ဘာ့ အဓိကအုပ်စုကြီးနှစ်ခုက တည်ငြိမ်သော ငြိမ်းချမ်းရေး အတွက် အခြေခံများကို ဇဲ့ဖြင့် ရှာဖွေစ ပြုလာကြပြီဖြစ်ကြောင်း၊ များမကြာမီက ဖြေရှင်း၍မရနိုင်ဟုထင်ရသော ပြဿနာများကို ဖြေရှင်းရာ၌ ကုလသမဂ္ဂ၏ ပဓာနကျသော အခန်း ကဏ္ဍကို ထင်မြင် မှတ်သားလာကြရာ ၁၉၈၉ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာအရပ်ရပ်ရှိ မငြိမ်မသက်ဖြစ်နေသော ဒေသများ၌ ငြိမ်းချမ်းရေးရရှိရန် လုပ်ငန်းများတွင် နက်ရှိုင်းစွာ ပါဝင်လုပ်ကိုင်ခဲ့ရကြောင်း၊ နိုင်ငံတကာ ပြဿနာများအတွက် တာရှည်ခံသော ဖြေရှင်းနည်းများ ရရှိရန်အတွက်ဆိုလျှင် ၎င်းတို့ကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် အတိုင်း တစ်ဂမ္ဘာလုံးက လက်ခံထားသော အခြေခံမူများပေါ်တွင် အခြေပြုရမည်ဟူသော အချက်ကို အသိအမှတ်ပြုလာကြသဖြင့် ထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့ကြောင်းဖြင့် ဖော်ပြလိုက်သည်။

အထွေထွေ ဆွေးနွေးပွဲ

၄၄ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာပေါ် ၌ ဖြစ်ပွား ပေါ်ပေါက်လျက်ရှိသော နိုင်ငံရေး စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ နိုင်ငံတကာပြဿနာများနှင့် ပတ်သက်၍ ကြားနာသုံးသပ် ဆုံးဖြတ် ဆွေးနွေးရန် အစီအစဉ်များမှာ လွန်ခဲ့သည့် ၄၃ ကြိမ်မြောက် အထွေထွေ

ညီလာခံကထက် ၁၄ ခု ပို၍ အစီအစဉ်ပေါင်း ၁၅၅ ခု ပါဝင်ခဲ့ပေသည်။ ဤနိုင်ငံတကာရေးရာများနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ဝင် ၁၅၉ နိုင်ငံမှ နိုင်ငံ အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံခြားရေး ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များပါဝင်၍ မိမိတို့ သက်ဆိုင်ရာ နိုင်ငံများ၏မူဝါဒသဘောထားများကို ထုတ်ဖော်တင်ပြ ဆွေးနွေးကြသည့် အထွေထွေဆွေးနွေးပွဲ အစီအစဉ်ကို စက်တင်ဘာလ ၂၅ ရက်နေ့တွင်စတင်ကျင်းပရာ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။

၄၄ ကြိမ်မြောက်အထွေထွေညီလာခံသို့ ပြည်ထောင်စုမြန်မာနိုင်ငံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် အရွှေတောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဥာဏ်လင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီးလျှင် အောက်တိုဘာလ ၆ ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ပူးဟဲခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံးဂျော်က အထက်ဖော်ပြပါ အထွေထွေဆွေးနွေးပွဲအစီအစဉ်၌ ကမ္ဘာ့မျက်မှောက်ရေးရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ မျှော်လင့်ချက်နှင့် သဘောထား ရပ်တည်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး နှိမ်နင်းရေး ကြိုးပမ်းမှုများကိုလည်းကောင်း၊ ၁၉၈၈–၈၉ ခုနှစ် အတွင်း မြန်မာနိုင်ငံ၌ နိုင်ငံရေးနှင့် စီးပွားရေး အသွင်ပြောင်းလဲမှုများကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့သည်။

၄၄ ကြိမ်မြောက် အထွေထွေ ညီလာခံ၏ နောက်ဆက် အစည်းအဝေးများ

၄၄ ကြိမ်မြောက်. ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရပ်နားခဲ့စဉ် ယင်းညီလာခံ၌ ဆွေးနွေးရန် ကျန်ရှိသော သို့မဟုတ် မပြီးပြတ်သော အစီအစဉ် ခုနစ်ခုကို နောက်တွင် ဆက်လက်ကျင်းပမည့် အစည်းအဝေးများ၌ ဆွေးနွေးရန်ထားရှိပြီး နှစ်ခုကို ၄၄ ကြိမ်မြောက်ညီလာခံ၌ တင်ပြဆွေးနွေးရန် လွှဲပြောင်းပေးခဲ့သည်။

နိုင်ငံတကာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး – ၄၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ နောက်ဆက်အစည်းအဝေး တစ်ရပ်ကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၇ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေး ရှင်သန်ကြီးထွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထူး အလေး အနက် ထားသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ကုလသမဂ္ဂ အထူးညီလာခံ အစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့တွင် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်မှ ၂၇ ရက်နေ့အထိ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်ကို အထွေထွေ ညီလာခံ အစည်းအဝေးက ထောက်ခံမဲ ၁၂၃ မဲ၊ ကန့်ကွက်မဲ ၁ မဲ (အမေရိကန်) နှင့် ကြားနေမဲ မရှိဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုံးဖြတ်ချက်အရ ကျင်းပမည့် အထူးညီလာခံအစည်းအဝေးသည် ၁၉၉၀ ပြည့်လွန်နှစ်များဆိုင်ရာ စတုတ္ထ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ဆယ်စုနှစ်အတွင်း လုပ်ကိုင်ဖော်ဆောင်မည့် နိုင်ငံတကာ ဖွံ့ဖြိုးရေး မဟာဗျူဟာအသစ်တစ်ရပ်အတွက် လမ်းညွှန်ချက်များကို ချမှတ်ပေးပြီး နောက်ဆုံးတွင် စီးပွားရေးနယ်ပယ်၌ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ထွန်းရရှိနိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် စာတမ်းတစ်စောင်ကို ပြုစုထုတ်ပြန်ရန် ရည်မှန်းသည်။

ပါလက်စတိုင်း အရပ်သားများ ကိစ္စ – ထို့နောက် ၁၉၇၉ ခုနှစ် ဧပြီလတွင် အာရပ်အုပ်စုနိုင်ငံများ၏ မေတ္တာ ရပ်ခံချက်အရ ၄၃ ကြိမ်မြောက် အထွေထွေညီလာခံ၏ နောက်ဆက် စုံညီ အစည်းအဝေးတစ်ရပ်ကို ကျင်းပကာ အစ္စရေးတို့ သိမ်းပိုက်ထားသောနယ်မြေတွင် ပါလက်စတိုင်း အရပ်သားများနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော အခြေအနေကိုဆွေးနွေးပြီးလျှင် ဧပြီလ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၃/၂၃၃ ကို ထောက်ခံ ၁၂၉ မဲ၊ ကန့်ကွက် ၂ မဲ (အစ္စရေး၊ အမေရိကန်ပြည်ထောင်စု)၊ ကြားနေ တစ်မဲ ချမှတ်ကာ "လက်နက်မဲ့ ပါလက်စတိုင်း အရပ်သားများအား သတ်ဖြတ်ခြင်းနှင့် ထိခိုက် ဒဏ်ရာရစေခြင်း၊ အထူးသဖြင့် ပါလက်စတိုင်း အမျိုးသားတို့ နေထိုင်ရာ နာဟာလင်မြို့တွင် လက်နက်မဲ့အရပ်သားများ အပေါ် အစ္စရေးလက်နက်ကိုင်တပ်ဖွဲ့ဝင်များက နောက်ဆုံး ပြုမူလုပ်ဆောင်ခဲ့ခြင်းနှင့်ပတ်သက်၍အထွေထွေညီလာခံက ရှုတ်ချလိုက်သည်။ ထို့အပြင် အထွေထွေညီလာခံက ဂျုရူးဆလမ်မြို့အပါအဝင် အစ္စရေးတို့ သိမ်းပိုက်ထားသော ပါလက်စတိုင်းနယ်မြေရှိ ပါလက်စတိုင်း အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတကာ အစီအမံများကို အဆောတလျင် စဉ်းစားရန် လုံခြုံရေးကောင်စီအား မေတ္တာရပ်ခံလိုက်သည်။

လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

၁၉၈၉ ခုနှစ် အထွေထွေညီလာခံကြီးက ယခုနှစ်တွင် နှစ်နှစ်သက်တမ်းစေ့သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏

အမြဲတမ်း မဟုတ်သော အဖွဲ့ဝင်များဖြစ်ကြသည့် ဗရာဇီး နိုင်ငံ၊ ယူဂိုစလားဗီးယားနိုင်ငံ၊ အယ်ဂျီးရီးယားနိုင်ငံ၊ ဆီနီဂေါနိုင်ငံ၊ နီပေါနိုင်ငံများ၏ နေရာတွင် ကျူးဗား နိုင်ငံ၊ တောင်ယေမင်နိုင်ငံ၊ ရူမေးနီးယားနိုင်ငံ၊ ဇိုင်ယာ နိုင်ငံနှင့် အိုင်ဗရီကို့စ်နိုင်ငံများအား အမြဲတမ်း မဟုတ်သော လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအဖြစ် အစားထိုး ရွေးချယ်ခဲ့သည်။ ကနေဒါ၊ အီသီအိုးပီးယား၊ ကိုလုံးဗီးယား၊ မလေးရှားနှင့် ဖင်းလန်နိုင်ငံများသည် အမြဲတမ်း မဟုတ်သော နိုင်ငံများအဖြစ် ဆက်လက်ပါဝင် ဆောင်ရွက်သွားကြမည် ဖြစ်သည်။

နမီးဗီးယား လွတ်လပ်ရေးကိစ္စ – ဤကိစ္စနှင့် ပတ်သက်၍ အနောက်တောင်အာဖရိက သို့မဟုတ် နမီးဗီးယားဒေသကို ၁၉၁၅ ခုနှစ်မှ စတင်အုပ်ချုပ်ခဲ့သည့် တောင်အာဖရိကနိုင်ငံနှင့် အင်ဂိုလာနှင့် ကျူးဗား နိုင်ငံများအကြားတွင် သမိုင်းဝင် သုံးပွင့်ဆိုင် သဘောတူညီချက်ကို ၁၉၀၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြပြီးနောက် လုံခြုံရေးကောင်စီက ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၆၂၆ ဖြင့် ကုလသမဂ္ဂ၏ အင်ဂိုလာ စိစစ်လေ့လာရေးမစ်ရှင်အဖွဲ့ကို သက်တမ်း ၃၁ လ (၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက် မှ ၁၉၉၁ ခုနှစ် ဩဂုတ်လ အထိ) ထားရှိ၍ ဖွဲ့စည်း တည် ထောင် လိုက် သည်။ ထို့နောက် လုံခြုံရေးကောင်စီက ရွှေတွင် ဖော်ပြပါနိုင်ငံများအကြား ချုပ်ဆိုခဲ့သော သုံးပွင့်ဆိုင် သဘောတူစာချုပ်နှင့် ယင်း နိုင်ငံများအနက် နှစ် နိုင် ငံ ချင်း သီး ခြား ချုပ် ဆို သော သဘောတူစာချုပ်များကို ကြိုဆိုပြီး အလုံးစုံထောက်ခံကြောင်းဖော်ပြသော ဆုံးဖြတ်ချက်အမှတ် ၆၂၀ ကို ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင်ချမှတ်ခဲ့သည်။ ထို့နေ့မှာပင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၆၂၉ ကို ချမှတ်ပြီး ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ကို နမီးဗီးယားဒေသ လွတ်လပ်ရေးရရှိရေးလုပ်ငန်းစဉ် စတင်သည့်နေ့အဖြစ် သက်မှတ်လိုက်သည်။ (နမီးဗီးယား — ရှု။)

လစ်ဗျလေယာဉ်နှစ်စီး ပစ်ချခံရခြင်းကိစ္စ – ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အမေရိကန် ပြည် ထောင် စု လေတပ်မှ လေ ယာဉ် များ က လစ်ဗျ ကင်း ထောက် လေယာဉ်နှစ်စီးကို အပြည်ပြည်ဆိုင်ရာရေပြင်ပေါ်၌ ပစ်ချခဲ့သည်ဟူ၍ လစ်ဗျနိုင်ငံက ပြော ကြား ခဲ့ သည်။ ယင်း လေယာဉ်များကို မြေထဲပင်လယ်ပေါ်၌ ပစ်ချခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် သမ္မတအိမ်ဖြူတော်တို့က ထို့နေ့မှာပင် ဝန်ခံပြောဆိုပြီး လစ်ဗျစစ်လေယာဉ်များကရန်လိုသည့်အနေဖြင့် လက်နက်ဖြင့် တိုက်ခိုက်ရန်ချဉ်းကပ်လာသောကြောင့် မိမိကိုယ်မိမိ ကာကွယ်သည့်အနေဖြင့် ပစ်ခတ် ခဲ့ ရ ခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။ လစ်ဗျနိုင်ငံက အမေရိကန်၏လုပ်ရပ်နှင့်ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးရန် တိုင်ကြားတောင်းဆိုချက်အရ ဤကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဇန်နဝါရီလ ၅ ရက်နေ့တွင် ကြားနာဆွေးနွေးခဲ့သည်။ ထို့နောက် လစ်ဗျနိုင်ငံ၏ ကင်းထောက်လေယာဉ်နှစ်စီးအား အမေရိကန်စစ်တပ်ဖွဲ့များက ပစ်ချခဲ့ခြင်းကို ရှုတ်ချကြောင်းအဆိုမူကြမ်းတစ်ရပ်ကို ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မဲခဲ့ ဆုံးဖြတ်ခဲ့သည်။ ယင်း အဆိုမူကြမ်းတွင် လစ် ဗျ နိုင် ငံ ကမ်း လွန်ဒေသ၌ တင်းမာမှု လျော့ ပါး ရေး အ တွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် စစ်ရေးလှုပ်ရှားမှုများရပ်ဆိုင်းရန် လုံခြုံရေးကောင်စီက အမေရိကန်နိုင်ငံအား တောင်းဆိုမည့်အချက်တစ်ရပ်လည်း ပါဝင်သည်။ အဆိုပါမူကြမ်းကို မဲခဲ့ရာ၌ ထောက်ခံ ကိုးမဲ၊ ကန့်ကွက် လေးမဲနှင့် ကြားနေနှစ်မဲရရှိသော်လည်း အမြဲတမ်း အဖွဲ့ဝင်သုံးနိုင်ငံဖြစ်သည့် အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြသဖြင့် အဆိုမူကြမ်းမှာ အတည်မဖြစ်ခဲ့ပေ။ ကနေဒါနိုင်ငံကလည်း ဖော်ပြပါသုံးနိုင်ငံနှင့်အတူ ကန့်ကွက်မဲပေးခဲ့သည်။

ပါလက်စတိုင်းအရပ်သားများကိစ္စ – ဤကိစ္စနှင့်ပတ်သက်၍ အထက်တွင် ဖော်ပြခဲ့သော ၎၃ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဧပြီလ ၂၀ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အမှတ် ၎၃/၂၃၃ အရ လုံခြုံရေးကောင်စီက စဉ်းစားဆွေးနွေးပြီးလျှင် ဇွန်လ ၈ ရက်နေ့တွင် "သိမ်းပိုက် ထား သော နယ် မြေ၌ ပါလက်စတိုင်းပြည်သူများ၏လူ့အခွင့်အရေးများအား ချိုးဖောက်ကျူးလွန်သည့် အစွန်းရောက်ဒီရင်ဘက်မူဝါဒနှင့် အ ပြု အ မူ များ ကို ပြင်းထန်စွာရှုတ်ချကြောင်း" အ ဆို မူ ကြမ်း တစ် ရပ် ကို မဲခဲ့ဆုံးဖြတ်ရာ အဖွဲ့ဝင် ၁၄ နိုင်ငံတို့က ထောက်ခံမဲပေးကြသော်လည်း အမြဲတမ်း အဖွဲ့ဝင် အမေရိကန် နိုင်ငံက ကန့်ကွက်မဲပေးကာ ဗီတိုအာဏာ သုံးလိုက်သဖြင့် အဆိုမူကြမ်းမှာ အတည်မဖြစ်ခဲ့ပေ။

အီရန် – အီရတ် ပြဿနာ – ရှစ်နှစ် နီးပါးကြာမျှ စစ်ခင်းတိုက်ခိုက်ခဲ့ကြပြီးနောက် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြသော အီရန်နှင့် အီရတ် နှစ်နိုင်ငံတို့ အနေဖြင့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၅၉၈ (၁၉၈၇) အရ အပြီးသတ် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ရရှိရေးသို့ ဦးတည်သည့် ဆွေးနွေးပဲ့မှများကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလတွင် နယူးယောက်မြို့၌ ကျင်း ပ ခဲ့ သည်။ ထိုအတောအတွင်း နှစ်နိုင်ငံ စစ်ပွဲဖြစ်ပွားရာ မိုင် ပေါင်း ၇၃၀ ရှည်လျားသော စစ် မျက် နှာ တစ် လျှောက် တွင် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ ဖြန့်ချထားခဲ့

သော ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့၏ သက်တမ်းကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ထောက်ခံတင်ပြချက်အရ ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ တိုးမြှင့်ထားရှိရန် လုံခြုံရေးကောင်စီက ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တညီတညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့သည်။

အာဖဂန်စတန်ပြဿနာ – ပါကစ္စတန်နိုင်ငံသည် အာဖဂန် သူပုန်များအား ဆောက်ခံအားပေးကာ အာဖဂန်စတန် ဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်ကို ချိုးဖောက်လျက် ရှိသည်ဟူ၍လည်းကောင်း၊ "မကြာမီက ပါကစ္စတန်နိုင်ငံသည် ကျူးကျော်မှုများနှင့် အာဖဂန်စတန်နိုင်ငံ၏ ပြည်တွင်းရေးများတွင် အထင်အရှားနှင့် မထင်မရှားဝင်ရောက်စွက်ဖက်မှုများကို ထူးကဲစွာတိုးတက်ပြုလုပ်လာကြောင်း" ဟူ၍လည်းကောင်း အာဖဂန်စတန်နိုင်ငံ၏ တိုင်ကြားချက်ကို လုံခြုံရေးကောင်စီက စဉ်းစားခဲ့သည်။ ဤ ကိစ္စနှင့် ပတ်သက်၍ ဧပြီလ ၁၁ ရက်မှ ဧပြီလ ၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်သော ဆွေးနွေး ပြောဆိုမှုများတွင် နိုင်ငံပေါင်း ၄၃ နိုင်ငံတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။ သို့သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ အဆိုမူကြမ်းတစ်စောင်မျှ တင်သွင်းခြင်းမပြုဘဲ လုံခြုံရေးကောင်စီ အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်သည်။

လက်ဗန္ဓနအခြေအနေ – လက်ဗန္ဓန နိုင်ငံ၌ ၁၉၇၉ ခုနှစ် မတ်လမှစ၍ ပြည်တွင်းလက်နက်ကိုင်ဆန့်ကျင်ဘက်အုပ်စုများအချင်းချင်း ဘေရွတ်မြို့တွင်းမြို့ပြင် အရပ်ဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှုများ ကြီးထွားပြင်းထန်လာခဲ့ရာ ဩဂုတ်လဒုတိယပတ်တွင် လုံခြုံရေးကောင်စီက လက်ဗန္ဓန်နိုင်ငံတွင် အပစ်အခတ်များ ချက်ချင်းရပ်စဲရေးအတွက် မေတ္တာရပ်ခံပြီး လျှင် အာရပ်အဖွဲ့ချုပ် ငြိမ်းချမ်းရေးကော်မတီ၏ ငြိမ်းချမ်းရေးအတွက်ထပ်မံကြိုးပမ်းမှုများကို ထောက်ခံကြောင်း ပြောကြားလိုက်သည်။ ထို့နောက် လက်ဗန္ဓန်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းအားလုံးအနေဖြင့် လက်ဗန္ဓန်နိုင်ငံ မြေပြင်ရေပြင် တို့၌ အမြောက် လက်နက်ကြီးများဖြင့် တိုက်ခိုက်မှု အပါအဝင် တိုက်ခိုက်မှုအားလုံးကို ချက်ချင်းရပ်ဆိုင်းပြီး အပစ်အခတ်ရပ်စဲမှုကို အပြည့်အဝ အလျင်အမြန် လိုက်နာကြပါရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီက ဩဂုတ်လတတိယအပတ်တွင် ချမှတ်ခဲ့သည်။ (လက်ဗန္ဓန်နိုင်ငံ — ရှု။)

အမေရိကတိုက်အလယ်ပိုင်းအခြေအနေ – ဤဒေသတွင် ဖြစ်ပွားပေါ်ပေါက်လျက်ရှိသော အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဇွန်လ ၂၆ ရက်နေ့တွင် အစီရင်ခံစာတစ်စောင်ကို ထုတ်ဝေ ဖြန့်ချိခဲ့သည်။ လုံခြုံရေးကောင်စီသို့ တင်ပြသော ယင်းအစီရင်ခံစာတွင် အမေရိကတိုက်အလယ်ပိုင်းဒေသသို့ ကုလသမဂ္ဂ အကဲခတ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရေး စီမံချက်များကို ဆိုင်းငံ့ထားကြောင်း၊ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကောစတာဒေဆော ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့သည့်အချိန်မှစ၍ ဤဒေသတွင် နိုင်ငံရေး ရာသီဥတုမှာ ဆုတ်ယုတ်ကျဆင်းလာခဲ့ပြီး အချို့ကိစ္စမျာ်း၌ အကြမ်းဖက်မှုမျာ်း ပြန်လည် ပေါ်ပေါက်လာခဲ့ကြောင်း၊ နောက်တစ်ကြိမ် အမေရိကအလယ်ပိုင်းဒေသဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့် နေ့ရက်များနှင့် ပတ်သက်၍ သဘောတူညီချက် မရရှိသေးကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့သည်။

၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အယ်ဆာဗေး ဒိုး နိုင် ငံ ကော စ တာ ဒေ ဆော မြို့ တွင် အမေရိကအလယ်ပိုင်းဒေသဝင် နိုင်ငံများ၏ သမ္မတများက ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြသည်။ အမေရိကအလယ်ပိုင်းဒေသသို့ စေလွှတ်ရန် အဆိုပြုထားသည့် ကုလသမဂ္ဂ အကဲခတ်အဖွဲ့မှာ ယင်းဒေသတွင်ရှိနေသော ပုံမှန်မဟုတ်သည့်ပုံကျတပ်ဖွဲ့များနှင့်သောင်းကျန်းသူများအား ကူညီထောက်ပံ့ခြင်းများ ရပ်ဆိုင်းခြင်းရှိ မရှိ စိစစ်လေ့လာရန်နှင့် အခြားနိုင်ငံများအား တိုက်ခိုက်ရန်အတွက် ဖြစ်စေ သို့မဟုတ် အခြေအနေ ပျက်ပြားစေရန်အတွက် ဖြစ်စေ နိုင်ငံတစ်နိုင်ငံ၏နယ်မြေကို အသုံးပြုခြင်းများရှိမရှိ လေ့လာစိစစ်ရန်အတွက်ဖြစ်သည်။ အမေရိကအလယ်ပိုင်းဒေသနိုင်ငံများနှင့် ယင်းတို့၏ပြည်သူများ၏ ပြဿနာများကို ဖြေ ရှင်း ရန် နည်း လမ်း များ သည် ယင်းနိုင်ငံများ၏ ခေါင်းဆောင်များလက်မှတ်ရေးထိုးခဲ့ကြသော စာရွက်စာတမ်းများတွင် တည်ရှိပါသည်ဟူ၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကပြောကြားခဲ့သည်။ ထို့နောက် လုံခြုံရေးကောင်စီက အမေရိကအလယ်ပိုင်းဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေး တပ်ဖွဲ့ထားရှိရန် ဆုံးဖြတ်ချက်တစ်ရပ်ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် တညီတညွတ်တည်း အတည်ပြု ချမှတ်လိုက်သည်။ ယင်းတပ်ဖွဲ့မှာ အဖွဲ့ဝင် ၆၂၅ ဦးပါဝင်၍ ယင်းဒေသသို့ ခြောက်လတာ စေလွှတ်ထားရှိရန်ဖြစ်သည်။

ကမ်ပူးချားပြဿနာဖြေရှင်းရေး – ဤကိစ္စနှင့် ပတ်သက်၍ ၁၉၇၉ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ ပါရီမြို့၌ကျင်းပခဲ့သော နိုင်ငံတကာညီလာခံ၌ အချို့သော အခြေခံကျသည့် နိုင်ငံရေး ပြဿနာများကြောင့် တပေါင်းတစည်းတည်း ဖြေရှင်းရေး နည်းလမ်းတစ်ရပ်အတွက် သဘောတူညီချက် မရရှိနိုင်ခဲ့သော်လည်း ကမ်ပူးချားနိုင်ငံသို့ အချက်အလက်ရှာဖွေရေး အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် ညီလာခံနောက်ဆုံးနေ့တွင် သဘောတူညီခဲ့ကြသည်။

ဓာတုလက်နက်များ ပိတ်ပင်ရေး

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၁၉၂၅ ခုနှစ် ဂျီနီဗာစာချုပ်ဝင် နိုင်ငံများနှင့် အခြားစိတ်ဝင်စားသော နိုင်ငံပေါင်း ၁၄၉ နိုင်ငံ ပါဝင်တက်ရောက်သည့် ဓာတုဗေဒလက်နက်များဆိုင်ရာ နိုင်ငံတကာညီလာခံကို ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ယင်းညီလာခံက ဓာတုလက်နက်အသုံးပြုမှုကို ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းလက်နက်များလုံးဝပိတ်ပင်ရေးအတွက် ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသော ဆွေးနွေးညှိနှိုင်းမှုများကို အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်း ကြေညာခဲ့သည်။ ထို့အပြင် ဓာတုလက်နက်များ အသုံးပြုမှုကို တားမြစ်ပိတ်ပင်သည့် ၁၉၂၅ ခုနှစ် ဂျီနီဗာစာချုပ်ကို ထပ်မံအတည်ပြုခဲ့သည်။

အထက်ပါအပြည်ပြည်ဆိုင်ရာညီလာခံပြီးဆုံးပြီးနောက် များမကြာမီတွင် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးညီလာခံ၏ ဓာတုဗေဒလက်နက်များဆိုင်ရာကော်မတီသည် ယင်း၏ဆွေးနွေးပဲ့များကို လေးလကြာမျှရပ်နားထားရာမှ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဂျီနီဗာမြို့၌ ပြန်လည်စတင်ကျင်းပပြီး ဤကိစ္စနှင့်ပတ်သက်၍ သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် နည်းပညာရေးရာကို အလေးအနက်ထား၍ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

လက်နက်ဖျက်သိမ်းရေးညီလာခံ

နိုင်ငံ ၄၀ ပါဝင်သောလက်နက်ဖျက်သိမ်းရေးညီလာခံ၏ ၁၉၈၉ ခုနှစ်အတွက် ပထမပိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဂျီနီဗာမြို့၌ စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ ပေးပို့သည့် သဝဏ်လွှာတစ်စောင်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဒေကွေလျားက ဓာတုလက်နက်များ ပိတ်ပင်ရေးအတွက် ယင်းညီလာခံ၏ စေ့စပ်ညှိနှိုင်းမှုများကို ပိုမိုလျင်မြန်သောအရှိန်အဟုန်ဖြင့် တိုးတက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်သည်။

ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း၌ အထက်ပါညီလာခံက ဓာတုဗေဒနှင့် ရေဒါနည်းပညာလက်နက်များ တားမြစ်ပိတ်ပင်ရေးလုပ်ငန်း၊ အာကာသတွင် လက်နက်ပြိုင်ဆိုင်မှု ပိတ်ပင်တားဆီးရေးလုပ်ငန်း၊ ဘက်စုံလက်နက်ဖျက်သိမ်းရေးအစီအစဉ်လုပ်ငန်း၊ အဏုမြူလက်နက်မဲ့နိုင်ငံများအပေါ် အဏုမြူလက်နက် အသုံးမပြုရေး၊ သို့မဟုတ် အသုံးပြုရန်ခြိမ်းခြောက်ခြင်းမပြုရေးအတွက် အပြည်ပြည်ဆိုင်ရာအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရေးအတွက် လုပ်ငန်းကော်မတီငါးဖွဲ့ကို ပြန်လည်ဖွဲ့စည်းတည်ထားခဲ့သည်။ သို့သော် အဏုမြူလက်နက် စမ်းသပ်မှုပိတ်ပင်ရေး၊ အဏုမြူလက်နက်များ

နော်ဝေးနိုင်ငံမှ ဒုတိယ ဗိုလ်မှူးကြီးတစ်ဦး ခေါင်းဆောင်သည့် ကုလသမဂ္ဂ အာချက်အလက်ရှာဖွေရေးအဖွဲ့တစ်ဖွဲ့သည် ဩဂုတ်လ ဂ ရက်နေ့မှစ၍ ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည်။ စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများ အမျာ်းစု ပါဝင်သည့် အဆိုပါ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သည် ကမ်ပူးချားနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးနှင့် ယင်းနိုင်ငံမှ ဗီယက်နမ်တပ်ဖွဲ့များ အပြီးအပိုင် ရုပ်သိမ်းမှုကို အကဲခတ်ကြီးကြပ်မည့် နိုင်ငံတကာအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးအတွက် အလားအလာများကို ကမ်ပူးချားနိုင်ငံအတွင်း၌ ခုနစ်ရက်ကြာမျှ သွားရောက် လေ့လာပြီးနောက် ကမ်ပူးချားနိုင်ငံမြို့တော် ဖနွမ်းပင်မြို့မှ ဗန်ကောက်မြို့သို့ ဩဂုတ်လ ၁၄ ရက်နေ့တွင် ရောက်ရှိလာခဲ့သည်။ ယင်းအဖွဲ့သည် ထိုင်းနိုင်ငံဘက်မှနေ၍ ကမ်ပူးချားနိုင်ငံရှိ ခုခံရေး အုပ်စုများထိန်းချုပ်ထားသည့် နယ်မြေများကို သုံးရက်ကြာသွားရောက်လေ့လာသည်။

လေကြောင်းအကြမ်းဖက်မှုကာကွယ်ရေး – ၁၉၆၉ ခုနှစ်မှစ၍ နိုင်ငံတကာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ သဘောတူစာချုပ် ခြောက်ခုကို ပြုစုချုပ်ဆိုခဲ့ကြပြီးဖြစ်သည်။ ယင်းစာချုပ်များသည် အခြို့သောကိစ္စများတွင် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ယုတ်လျော့သွားစေနိုင်ခဲ့သည်။ သို့သော်လည်း ၁၉၈၈ ခုနှစ်ဒီဇင်ဘာလအတွင်းက ဗြိတိန်နိုင်ငံစကော့တလန်ပြည် ကောင်းကင်ယံ၌ပျံသန်းနေစဉ် အမေရိကန်လေကြောင်းပိုင် လေယာဉ်တစ်စီးပေါ်၌ ဗုံးပေါက်ကဲ့မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်းပျံသန်းမှုအဖွဲ့ကြီး (အိုင်စီအေအို)က ပေါက်ကဲ့တတ်သော ဗုံးများအား ထောက်လှမ်းရှာဖွေရေးနည်းလမ်းများနှင့် လုံခြုံရေးကိရိယာများနှင့် ပတ်သက်၍ သုတေသနပြုမှုများကို ပိုမိုလျင်မြန်စွာ ပြုလုပ်ကြရန် ယင်း၏ အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းနှိုးဆော်ခဲ့သည်။ ၁၉၈၉ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီး လေကြောင်း အကြမ်းဖက် တိုက်ခိုက်မှုများကို ဖယ်ရှားရှင်းလင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ထပ်ဆင့်တိုက်တွန်းခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် ပေါက်ကဲ့စေတတ်သော ပလတ်စတစ်ပစ္စည်းများကို ထောက်လှမ်းဖော်ထုတ်ရာ၌ နိုင်ငံတကာ လက်ခံသည့် နည်းစနစ်ဖြင့် စုံစမ်းထောက်လှမ်းရေးကိရိယာ ထုတ် လုပ် ရေး အ တွက် ကူညီကြရန် နိုင်ငံအားလုံးအား တိုက်တွန်းပြောကြားပြီးလျှင် လေကြောင်းလုံခြုံရေးကိစ္စရပ်များတွင်ဥပဒေနှင့်မညီသော ဆန့်ကျင်စွက်ဖက်သည့် လုပ်ရပ်မှန်သမျှကို ပြစ်တင်ရှုတ်ချလိုက်သည်။

အပြိုင်အဆိုင်ထုတ်လုပ်မှုရပ်ဆိုင်းရေးနှင့် အဏုမြူလက်နက်များ ဖျက်သိမ်းရေးနှင့် အဏုမြူစစ်ဖြစ်ပွားမှု တားဆီးကာကွယ်ရေး စသော အစည်းအဝေး အစီအစဉ်များကို ဖော်ဆောင်လုပ်ကိုင်ရေးနှင့် ပတ်သက်၍မူ ညီလာခံတွင် သဘောတူညီမှု မရရှိနိုင်ခဲ့ပေ။ ဓာတုလက်နက်များ တားမြစ်ပိတ်ပင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသည် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ အစည်းအဝေး ကျင်းပပြီးလျှင် ဓာတုလက်နက်များ တိုးတက်ကောင်းမွန်အောင် ပြုလုပ်မှု၊ ထုတ်လုပ်မှုနှင့် သိုလှောင် ထားရှိမှုများကို တားမြစ်ပိတ်ပင်ရေးနှင့် ယင်းလက်နက်များ ဖျက်သိမ်းရေးအတွက် သဘောတူစာချုပ်မူကြမ်းတစ်စောင်ကို ဆက်လက်ရေးဆွဲပြုစုခဲ့သည်။ ဤ "ပုံသွင်းဆဲစာမူ" နှင့်ပတ်သက်၍ အဖိုးတန်သော တိုးတက်မှုမျိုး ရရှိခဲ့သည်ဟု ယင်းလုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌက ထုတ်ဖော် ပြောကြားခဲ့သည်။

ဓာတုလက်နက်များဆိုင်ရာ လုပ်ငန်းကော်မတီ၏ တိုးတက်မှုအစီရင်ခံစာကို ကြားနာပြီးနောက် လက်နက်ဖျက်သိမ်းရေးညီလာခံ၏ ပထမပိုင်းအစည်းအဝေးသည်ပြီးလ ၂၇ ရက်နေ့တွင်ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်း အစည်းအဝေးကို ဂျီနီဗာမြို့၌ ဇွန်လ ၁၃ ရက်နေ့တွင် ဖွင့်လှစ်ကျင်းပခဲ့သည်။ ဒုတိယပိုင်းအစည်းအဝေးစတင်သည့် အချိန်တွင် ယင်းညီလာခံဥက္ကဋ္ဌက ဤနောက်ပိုင်းအစည်းအဝေးသည် အရှေ့နှင့်အနောက်ပိုင်းနိုင်ငံများ အထူးသဖြင့် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများ စပ်ကြား၌ တိုးတက်ကောင်းမွန်လာသော ဆက်ဆံရေးများမှ အကျိုးဖြစ်ထွန်းခဲ့စားရဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း ပြောကြားသည်။ ဤဒုတိယပိုင်း အစည်းအဝေးသည် သြဂုတ်လတွင် ကျင်းပပြီးဆုံးမည်ဖြစ်သည်။

၄၄ ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက်များ

တောင်အာဖရိကပြဿနာ – တောင်အာဖရိကနိုင်ငံအား လူမျိုးနှင့် အသားအရောင်ခဲ့ခြားရေးမူဝါဒစွန့်လွှတ်စေရန် ဖိအားပေး အရေးယူပိတ်ဆို့မှု ပြုလုပ်ရေး ဆုံးဖြတ်ချက်များကို ၄၄ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် အများစုက ထောက်ခံအတည်ပြုခဲ့သည်။ အသားအရောင် ခဲ့ခြားမှုစနစ်သည် လူသားထုတစ်ရပ်လုံးအပေါ်တွင် ကျူးလွန်သော ပြစ်မှုတစ်ရပ် ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအားခြိမ်းခြောက်မှုတစ်ရပ်လည်း ဖြစ်ကြောင်း ဖော်ပြသည့် ဆုံးဖြတ်ချက်ကို ညီလာခံက ထောက်ခံ ၁၁၈ မဲ၊ ကန့်ကွက် ၁၁ မဲ၊ ပျက်ကွက် ၂၂ မဲဖြင့် အတည်ပြုခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် အာဖရိကနိုင်ငံအား ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းပါ ပြဋ္ဌာန်းချက်များအရ အလုံးစုံအကျုံးဝင်သော အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန်အတွက် ချက်ချင်းဆောင်ရွက်ရေးကိစ္စကို လုံခြုံရေးကောင်စီက သုံးသပ် စဉ်းစားရန် တိုက်တွန်းလိုက်သည်။ ထိုမှတစ်ပါးအချို့သောနိုင်ငံများက တောင်အာဖရိကနိုင်ငံနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှု ပြုခြင်းအတွက် စိတ်မချမ်းမြေ့ဖြစ်ရကြောင်း ဖော်ပြသည့် ဆုံးဖြတ် ချက် ကို လည်း အ ထွေ ထွေညီလာခံက ထောက်ခံ ၁၀၆ မဲ၊ ကန့်ကွက် ၁၇ မဲ၊ ပျက်ကွက် ၂၆ မဲ ဖြင့် အတည်ပြုခဲ့သည်။ (တောင်အာဖရိကနိုင်ငံ — ရှု။)

ကမ်ပူးချားပဋိပက္ခ – ကမ်ပူးချားနိုင်ငံတွင် နိုင်ငံတကာကြီးကြပ်မှုဖြင့် ရွေးကောက်ပဲ့ကျင်းပရေးအတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို ၄၄ ကြိမ်မြောက် အထွေထွေညီလာခံက အတည်ပြုချမှတ်ပြီး မင်းသားကြီးသီဟာနု ခေါင်းဆောင်သည့် အသွင် ကူးပြောင်းရေးကာလ အစိုးရအဖွဲ့တွင် ဖန္ဒမ်းပင်အစိုးရအား တိုက်ခိုက်လျက်ရှိသည့် ပြောက်ကျားအုပ်စုသုံးစုတွင် ပါဝင်သည့် ခမာနီအုပ်စုအနေဖြင့်လည်း တစ်စိတ်တစ်ဒေသ ပါဝင်သင့်ကြောင်း၊ သို့ရာတွင် ယင်းအုပ်စုအနေဖြင့် အများ၏ ပြစ်တင်ရွတ်ချမှုခံရသည့် မူဝါဒနှင့် အတိတ်ကာလ လုပ်ရပ်မျိုးကို ပြန်လည်ကျင့်သုံးခြင်းကိုမူ ခွင့်ပြုမည်မဟုတ်ကြောင်း ဖော်ပြလိုက်သည်။

အာဖဂန်စတန်ပြဿနာ – လွန် ခဲ့ သည့် ၁၀ လ က ဂျီ နီ ဗာ မြို့ ၌ ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်အား လုံးရုပ်သိမ်းခြင်း ကိစ္စသည် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုက ယင်းနေရက်ကို နောက်ဆုံးထား၍ ရုပ်သိမ်း ပေးခဲ့ခြင်းကို ကြိုဆိုကြောင်း ဖော်ပြပါရှိသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ၄၄ ကြိမ်မြောက် အထွေထွေညီလာခံက နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် အာဖဂန်စတန်နိုင်ငံ၌ တိုက်ခိုက်မှုများ အဆုံးသတ်ကြရန်နှင့် ကျယ်ပြန့်သော အခြေခံဖြင့် အစိုးရဖွဲ့စည်းရေးအတွက် စေ့စပ်ဆွေးနွေးခြင်းဖြင့် နိုင်ငံရေးဖြေရှင်းချက်တစ်ရပ်ရရှိရန် ကြိုးပမ်းသင့်သည်ဟု အထွေထွေ ညီလာခံက ပြောကြားတောင်းဆိုလိုက်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး – မူးယစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ကော်မရှင်အဖွဲ့သည် ၎င်း၏ ၃၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ ၆ ရက်မှ ဖေဖော်ဝါရီလ ၁၇ ရက်နေ့အထိ ဗီယင်နာမြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဗီယင်နာမြို့ ညီလာခံ၌ တညီတညွတ်တည်း အတည်ပြုပြီး ယခုအထိ နိုင်ငံပေါင်း ၆၀ ကျော် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သော ကုလ

သမဂ္ဂ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးဝတ္ထု ပစ္စည်းများ ဥပဒေမဲ့ သယ်ယူပို့ဆောင် ရောင်းဝယ်မှု တိုက်ဖျက်နှိမ်နင်းရေး သဘောတူစာချုပ်ကို လိုက်နာကျင့် သုံးသည့်နိုင်ငံများအား ကုလသမဂ္ဂအဖွဲ့ကြီးက မည်သို့ ကူညီနိုင်သည်ကို အထူးလေ့လာဆွေးနွေးပြီးလျှင် ယင်း တိုက်ဖျက်နှိမ်နင်းမှုကို ပိုမိုကျယ်ပြန့်စေရန် ရည်ရွယ်ချက် ဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ငါးရက်ကြာ အထူးအစည်း အဝေးတစ်ရပ် ကျင်းပရန် တောင်းဆိုလိုက်သည်။

ထို့နောက် ၄၄ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက ကုလသမဂ္ဂအဖွဲ့ဝင် ၁၅၉ နိုင်ငံ အနက် ၁၂၃ နိုင်ငံတို့က ကမကထပြု တင်သွင်းသည့် အဆိုပြုချက်တစ်ရပ်အရ နိုင်ငံတကာ မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေးတစ်ရပ်ကို ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီ လ ၂၃ ရက်နေ့အထိ ကျင်းပရန် အများစုဆန္ဒဖြင့် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်သည်။ ဤအထူးအစည်း အဝေးတွင် မူးယစ်ဆေးဝါးများ တရားမဝင် ထုတ်လုပ် ရောင်းချမှုနှင့် ဖြန့်ချိမှုတို့အား နိုင်ငံတကာ အတိုင်း အတာဖြင့် တိုးတက်ပူးပေါင်း နှိမ်နင်းဆောင်ရွက်ရေးကိစ္စ များကို သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။

ပင်လယ်ပြင်ဥပဒေရေးရာ – စီးပွားရေးစနစ်သစ်တစ်ရပ် ကို ဖြစ်ထွန်းစေသည့် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလ သမဂ္ဂ ကွန်ဗင်းရှင်းစာချုပ်အရ ပင်လယ်ပြင်နှင့် ၎င်း၏ အရင်းအမြစ်များအား အသုံးချရေးနှင့် ပတ်သက်၍ ထိရောက်သည့် ထိန်းကွပ်မှု အသစ်တစ်ရပ် ရရှိရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ် ကို ၄၄ ကြိမ်မြောက် အထွေထွေ ညီလာခံက နိုဝင်ဘာ လ ၂၁ ရက်နေ့တွင် အတည်ပြု ချမှတ်ခဲ့သည်။ ယင်း ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုတစ်နိုင်ငံတည်း က ကန့်ကွက်ခဲ့သည်။

ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း စာချုပ် – ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ပတ်သက်၍ ၁၀ စုနှစ် တစ်နှစ်ကျော်မျှ စေ့စပ်ညှိနှိုင်းခဲ့ရ ပြီးနောက် ဖြစ်ထွန်းလာသည့် ပြဋ္ဌာန်းချက် ၅၄ ချက် ပါ ကွန်ဗင်းရှင်းစာချုပ်မူကြမ်းတစ်ခုကို ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၃၀ မှ မတ်လ ၃၀ ရက်နေ့အထိ ဂျီနီဗာမြို့၌ ကျင်းပခဲ့သော လူအခွင့်အရေးကော်မရှင် အဖွဲ့၏ ၄၅ ကြိမ်မြောက် အစည်းအဝေးက အတည်ပြု ခဲ့သည်။

ကုလသမဂ္ဂ နိုင်ငံတကာကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) သည် ကလေးသူငယ်များ အခွင့်အရေး ဆိုင်ရာကွန်ဗင်းရှင်းစာချုပ်ကို ၄၄ ကြိမ်မြောက် အထွေ ထွေညီလာခံက နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဆန္ဒမဲ ပေးကာ အတည်ပြုလိုက်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေဆယ်စုနှစ်သတ်မှတ်ခြင်း– ၁၉၉၀ ပြည့်လွန်နှစ်များအား အပြည်ပြည်ဆိုင်ရာဥပဒေဆယ်စုနှစ် အဖြစ် သတ်မှတ်ရန် ၄၄ ကြိမ်မြောက် အထွေထွေ ညီလာခံက ဆုံးဖြတ်ခဲ့သည်။ ဤဆယ်စုနှစ်ကို ကျင်းပ ရာ၌ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမူများကို ပိုမို လေးစားလိုက်နာရေး၊ အပြည်ပြည်ဆိုင်ရာ တရားရုံးကို ထိရောက်စွာအသုံးပြုရေးနှင့် ယင်းရုံး၏အဆုံးအဖြတ်များ ကို အပြည့်အဝလေးစားမှု အပါအဝင် နိုင်ငံများအချင်း ချင်း အငြင်းပွားမှုများအတွက် ငြိမ်းချမ်းစွာအဖြေရှာခြင်း ကို အားပေးဆောင်ရွက်ရေးဟူသော ရည်မှန်းချက်များ ကို အဓိကရည်မှန်းချက်များအဖြစ် ထားရှိရန် ညီလာခံက ဖော်ပြလိုက်သည်။

ကုလသမဂ္ဂ၏ဘဏ္ဍာရေးအခြေအနေ

၁၉၈၉ ခုနှစ်သို့ ကူးပြောင်းဝင်ရောက်လာစဉ် ကုလ သမဂ္ဂအဖွဲ့ကြီး၏ ဘတ်ဂျက်နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု ကုန်ကျစရိတ်များအတွက် ထည့်ဝင်ရန် ကြွေး ကျန်ငွေ သည် ဒေါ်လာ ၉၁၉ သန်းမျှ ရှိနေကြောင်း ကုလ သမဂ္ဂမှ ထုတ်ပြန်သော စာရင်းအင်းများက ဖော်ပြခဲ့ သည်။

၁၉၈၆ ခုနှစ်က စတင်ခဲ့သော အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးအစီအစဉ်ကို အများ အား ဖြင့် အကောင်အထည် ဖော်ခဲ့ပြီး ဖြစ်ကြောင်း၊ အတွင်းရေးမှူးရုံးချုပ်ရုံး၏ အင်အားမှာ ပိုမိုလျော့နည်း သွားသော်လည်း စွမ်းဆောင်ရည်မှာ ပိုမိုတိုးတက်လာ ခဲ့ကြောင်း၊ ၁၉၈၆ ခုနှစ်မှစ၍ ဝန်ထမ်းအင်အားကို လျော့ချခဲ့ရာ ယခုအခါ၌ သတ်မှတ်ချက် ၁၅ ရာခိုင်နှုန်း အနီးသို့ ချဉ်းကပ်လာပြီဖြစ်ကြောင်း၊ သို့သော်လည်း လုပ်ငန်းကိစ္စ အများအပြားတွင် အတွင်းရေးမှူးရုံး အနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ရွက်ဆောင်နိုင်စွမ်းမှာ အတော်ပင် အားခဲလုပ်ဆောင်နေ ရသော သဘောရှိနေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ အစည်းများအနက် အဖွဲ့အစည်းအနည်းငယ်ကသာ သူတို့ ၏အစည်းအဝေးများကို လျော့ချခဲ့ကြရာ ယင်းအစည်း အဝေးများ၏အရေအတွက်မှာ ၁၉၈၆ ခုနှစ် ပြုပြင်ရေး လုပ်ငန်းမစမီကနှင့် များစွာခြားနားခြင်း မရှိကြောင်း၊ လွန်ခဲ့သည့်နှစ် ၄၀ အတွင်း၌ ကုလသမဂ္ဂတွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းရပ် ၁၃ ခုသာရှိခဲ့ပြီး ၁၉၈၈–၈၉ ခုနှစ်အတွင်း၌ ယင်းလုပ်ငန်းရပ်မျိုး လေးခု အသစ်ထပ်မံတိုးပွားလာခဲ့သည့်အပြင် နောက်ထပ်လည်း

တိုးခဲ့ရဦးမည့်အစီအစဉ်များရှိနေရာ ကုလသမဂ္ဂအဖွဲ့ကြီး၏လူအင်အားနှင့် ငွေကြေးအင်အားတို့မှာ အစွမ်းကုန်ဆန့်ထုတ်သုံးစွဲရသည့်အတိုင်းအတာသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ပုံမှန်ဘတ်ဂျက်ရန်ပုံငွေသို့ ထည့်ဝင်ရန်ကြေးကျန်မှာ ဒေါ်လာ ၆၈၈ သန်းကျော်ရှိရာ ယခုနှစ်အတွက် ကြေးကျန်မှာ ဒေါ်လာ ၃၄၇ သန်းဖြစ်၍ လွန်ခဲ့သောနှစ်များအတွက် ကြေးကျန်မှာ ဒေါ်လာ ၃၄၁ သန်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ဆက်လက်၍ ရန်ပုံငွေချို့တဲ့လာသည့်အချိန်တွင် အစိုးရများက သူတို့အနေဖြင့် ပေးသင့်ပေးထိုက်သော ထည့်ဝင်ကြေးများကို အချိန်အတိုင်း မှန်မှန်ပေးသွင်းကြရန် အရေးကြီးလှပါကြောင်းဖြင့် အတွင်းရေးမှူးချုပ် ပဲရက် ဒေကွေးလျားက ၄၄ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အစီရင်ခံ တင်ပြလိုက်သည်။

အောက်တိုဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာအရမူ ၁၉၈၉ ခုနှစ် စက်တင်ဘာလကုန်အထိ ကြွေးကျန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ကျော်ရှိရာ ဒေါ်လာသန်း ၆၀၀ ကျော်မှာ ၁၉၈၉ ခုနှစ်နှင့် ယခင်နှစ်များအတွက် ကြွေးကျန်ဖြစ်၍ ဒေါ်လာ ၅၄၇ သန်းမှာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းစဉ်များအတွက်ဖြစ်ကြောင်း သိရှိရပေသည်။ ထိုအချိန်၌ပင် အထွေထွေညီလာခံ၏ ဘတ်ဂျက်ကော်မတီသို့ ထုတ်ဖော်ပြောကြားရာ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ၁၉၈၈ ခုနှစ်အတွက် ပေးသွင်းရမည့် ထည့်ဝင်ကြေးများကို အဖွဲ့ဝင် ၆၆ နိုင်ငံကသာ အပြေအကျေပေးသွင်းခဲ့ကြကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအဖို့ ငွေကြေးဒေါ်လာ ၆၈ သန်းသာရှိတော့ရာ ယခု အောက်တိုဘာလကုန်အထိသာ သုံးစွဲရန် လုံလောက်သဖြင့် အခြေအနေမှာ အလွန်စိုးရိမ်ဖွယ် ကောင်းကြောင်း ဖြင့် ထုတ်ဖော်ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၁၉၉၀–၁၉၉၁ ခုနှစ်အတွက် အသုံးစရိတ် ခန့်မှန်းခြေကို အမေရိကန်ဒေါ်လာ ၁၉၀၃ ဒသမ ၉ သန်းဖြင့် ၄၄ ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းခဲ့သည်။


ချောင်းဆုံမြို့နယ် မုဒွန်းရွာ ပိဋ္ဌကတ်တိုက်ကျောင်းတွင် သီတင်းသုံးတော်မူသော နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ ဆရာတော် ဘဒ္ဒန္တ ကောသလ္လသည် မုဒွန်းရွာ ကျောင်းဟောင်း ပထမဆရာတော် ဦးတေဇဝန္တ၊ ဒုတိယဆရာတော် ဦးသုဝဏ္ဏ၊ ဘီလူးကျွန်း ရာမကျောင်းတိုက်ဆရာတော် ဦးသီလဝန္တ တို့ထံ၌ လည်းကောင်း၊ ရန်ကုန်မြို့ ကျိုက္ကဆံ ရွှေကျင်နိကာယ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော်၊ ပဇ္ဇုန်တောင် တောင်လုံးပြန် တိုက်အုပ်ဆရာတော်၊ လယ်တီဦးရာဇိန္ဒ၊ လယ်တီ ဦးပဏ္ဍိတတို့ထံ၌လည်းကောင်း ပါဠိအဋ္ဌကထာ ဋီကာ ကျမ်းများကို ပါရဂူမြောက် သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် မုဒွန်းကျေးရွာ ကျောင်းဟောင်း၌ မူနဝရိယတ္တိစာသင်တိုက်နှင့် ပိဋ္ဌကတ်တိုက်ကျောင်း ပရိယတ္တိစာသင်တိုက်များ ဖွင့်လှစ်ပြီး စာသင်သား သံဃာတော်များကို စာပေပို့ချလျက် ကျမ်းပေါင်း ၂၀ ခန့်ကို ပြုစုခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါဠိပညာရေး အဖွဲ့ဥက္ကဋ္ဌ၊ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ နာယက၊ ပါဠိတက္ကသိုလ် ဗဟို အဖွဲ့ဝင်၊ ဆဋ္ဌမ သင်္ဂီတိကာရက ဩဝါဒါစရိယ၊ မွန် သံဃာ့ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မွန်သံဃာဓမ္မာစရိယအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဘီလူးကျွန်း နယ်လုံးဆိုင်ရာ ကျောင်းထိုင်ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ စသည်ဖြင့် သာသနာ့ အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူခြင်းတို့ကြောင့် ၁၃၁၂ ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၄၀ ပြည့်နှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀–စာ၊ ၉၀—ရှု။)

မုဒွန်းရွာ ပိဋ္ဌကတ်တိုက်ကျောင်းကြီး၏ ဦးစီးနာယက ပဓာနဖြစ်တော်မူသော နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကောသလ္လသည် ၁၃၅၁ ခုနှစ် နတ်တော်လဆုတ် ၄ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

တက္ကသိုလ်သက်ပန်

ကောသလ္လ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ်၊ ဗားကရာ ကျောင်းတိုက် သီရိဝေလာကျောင်း (မြန်မာ ၁၂၈၈–)။ ။ဆရာတော် ဘဒ္ဒန္တကောသလ္လကို မကွေးတိုင်း ကံမမြို့နယ် မင်းတည်းရွာ ခမည်းတော် ဦးဘိုးထိုက်၊ မယ်တော် ဒေါ်ငွေမြိုင်တို့မှ ၁၂၈၈ ခုနှစ် ကောသလ္လ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ မုဒွန်းရွာ၊ ပိဋ္ဌကတ်တိုက်ကျောင်း(မြန်မာ ၁၂၄၈–၁၃၅၁) ။ ။မွန်ပြည်နယ်



အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တကောသလ္လ

နတ်တော်လဆန်း ၉ ရက် တနလ်ာနေ့သည် ၆ နာရီတွင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာ ဖြစ်၍ အမည်မှာ မောင်ကျော်ဆောင်း ဖြစ်သည်။

၁၁ နှစ်အရွယ်တွင် ခမည်းတော်ဘက်မှ အဘိုးအဘွား တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မင်းတည်းကျောင်း ဆရာတော် ဦးနိသဘထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ၁၄ နှစ် အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မူလဥပဇ္ဈာယ်ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ (ဒုတိယ အကြိမ်) ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၀၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် မကွေးတိုင်း ကံမမြို့နယ် မင်းတည်းရွာ ဦးစံတင်၊ ဒေါ်ဖွားတင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကံမမြို့နယ် ငွေးမိကျေးရွာ တောရကျောင်း ဆရာတော်ကြီး ဦးကောသရကို ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သည်။

လေးနှစ်သားအရွယ်တွင် ကျွန်းတောကုန်းရွာ အဘိုး ဖြစ်သူ ဦးဘဟိန်း၏ စာသင်ကျောင်း၌ ပုတ္တောဝါဒ၊ ဖိုးသူတော်ဦးနု စသော ဆုံးမစာ၊ ဗေဒင်ပညာ စသည်ကို သုံးနှစ်ခန့် သင်ယူခဲ့သည်။ မင်းတည်းရွာကျောင်း ဦးနိသဘထံ၌ မင်္ဂလသုတ်၊ ရတနာ ရွှေချိုင့်၊ အတွင်း အောင်မြင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး၊ သဒ္ဒါ၊ သင်္ဂြိဟ် စသော ပိဋကတ် အခြေခံကျမ်းများကို သင်ယူခဲ့သည်။

၁၂ နှစ်သား အရွယ်တွင် စတုတ္ထတန်း အောင်၍ ကျောက်စောင်းရွာ ပြည်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒထံ၌ ရူပသိဒ္ဓိ၊ ဓာတု၊ သုတ္တနိဒ္ဒေသ စသော အဖွင့်ကျမ်းများနှင့် တကွ သဒ္ဒါကြီးကို လေးကြိမ် လေးခေါက်သင်ယူခဲ့သည်။ ထို့ပြင်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ကြည့်ရှုပို့ချနိုင်သည့်အထိ သင်ယူခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဓမ္မမေဒနီတိုက်ခဲ့ အာစိဏ္ဏာဏမဆရာတော်ဘဒ္ဒန္တအာစိဏ္ဏထံ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသော ကျမ်းများကို သင်ယူခဲ့သည်။ လယ်ဝန် ကျောင်းတိုက် ဆရာတော် ဦးအဂ္ဂဝံသထံ၌ ပါရာဇိကဏ်ပါဠိ အဋ္ဌကထာ ကိုလည်းကောင်း၊ သုဓမ္မဝတီကျောင်းဆရာတော် ဦးနာဂသေနထံ၌ အဋ္ဌသာလိနီ၊ သီလက္ခန်အဋ္ဌကထာတို့ကိုလည်းကောင်း သင်ယူခဲ့သည်။ ထို့နောက် သက်ကြီးတက္ကသိုလ်၌လည်း သင်ယူခဲ့သည်။

ဆရာတော်သည် အစိုးရငယ်လတ် ကြီးတန်းများကို အောင်မြင်ခဲ့သည်။ ပထမကြီးတန်း၌ တနင်္သာရီတိုင်းလုံး အမှတ် အများဆုံး ရသဖြင့် “ တနင်္သာရီတိုင်း ပထမကျော်” အနေဖြင့် သထုံမြို့၌ သီးခြားပူဇော်ခြင်းကို ခံရသည်။ ထို့ပြင် သထုံမြို့လုံးဆိုင်ရာ ဓမ္မမေဒနီစာမေးပွဲ၊ အာစိဏ္ဏာဏမစာမေးပွဲဂန္ဆဝါစကတန်းအထိ လေးဆင့်လုံး၌ ပထမ၊ သုဝဏ္ဏဘူမိ ပိဋကတ္တယပါရဂူ စာမေးပွဲ ပထမဆင့်၌ ပထမ၊ သုသမာစာရစာမေးပွဲ ပထမဆင့်၌ ပထမ အောင်မြင်၍ သီးခြား ပူဇော်ခံရသည်။ ၁၉၀၇ ခုနှစ်တွင် ဘီအေတန်းကို ဒဿနိက အဓိကဖြင့် အောင်မြင်သည်။

၁၃၂၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်တွင် သီရိဝံလာ ကျောင်းကို စတင်တည်ထောင်၍ တပည့်များ လက်ခံကာ စာပေကျမ်းဂန်များကို ပို့ချခဲ့သည်။ ၁၃၄၂ ခုနှစ်တွင် စာသင်တိုက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပြီး လက်ထောက် စာချုဘုန်းကြီးများနှင့်အတူ ကျောင်းတိုက်အုပ်ချုပ်မှု စာပေကျမ်းဂန် ပို့ချသင်ကြားမှုနှင့် အထွေထွေကိစ္စ သာသနာ့တာဝန်များကို တမ်းဆောင်တော်မူသည်။

ဆရာတော်သည် ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့၊ မြသိန်းတန်ဓမ္မာရုံ ဘိလပ်ပြန်ဘုရားကြီး ဂေါပကအဖွဲ့၊ သဲပုံစေတီတော်ဂေါပကအဖွဲ့၊ ဆူးလေစေတီတော်ဂေါပကအဖွဲ့၊ ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ ဂေါပကအဖွဲ့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်တိုင်း) ဥပဒ္ဒာကအဖွဲ့တို့၏ ဩဝါဒါစရိယ ဖြစ်တော်မူသည့် အပြင် ပရိယတ္တိ သာသနာ့နုဂ္ဂဟအသင်း (ကြည့်မြင်တိုင်) ၏ ဩဝါဒါစရိယ၊ စေတီယင်္ဂဏ ပရိယတ္တိအသင်း ဩဝါဒါစရိယ၊ ဗားကရာတိုက် အုပ်ချုပ်ရေးနာယကအဖွဲ့ ဥက္ကဋ္ဌ အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်သည်။

ထို့ပြင် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး၌ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် (ပထမအကြိမ်)၊ နိုင်ငံတော်

ဗဟို သံဃာ့ဝန်ဆောင် (ဒုတိယ အကြိမ်)၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ကျူး ကျော် ကျောင်း များ စီစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဂိုဏ်းပေါင်းစုံ ဝါဆို သံဃာစီစစ်ရေးအဖွဲ့ အတွင်းရေးမှူး၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အုပ်ချုပ်မှုစည်းမျဉ်းဥပဒေရေးဆွဲရေး ကော်မတီ အဖွဲဝင်၊ (ဒဂုံ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ဆိပ်ကမ်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို့) မြို့နယ် သံဃ နာယကအဖွဲ့များ ဖွဲ့စည်းရေးကော်မတီ အတွင်းရေးမှူးနှင့် ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း အုပ်ချုပ်ရေး နာယက စသော သာသနာ့တာဝန်တို့ကို ထမ်းဆောင်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက် တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရာဝဟ မဟာထေ ရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမံစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ကောသလ္လသည် ၁၃၅၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲက ဆက်ကပ် လှူ ဒါန်း သော အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ကို ရရှိတော်မူသည်။

ကိုလုံးဗီးယားနိုင်ငံ။ ။ လူဦးရေ ၃၂ သန်းရှိသော ကိုလုံးဗီးယားနိုင်ငံတွင် ပြောက်ကျားသူပုန်များ၊ လက်မခံ တပ်ဖွဲ့များ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများ၊ သာမန်ရာဇဝတ်ကောင်များနှင့် အရန်စစ်တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများကြောင့် ၁၉၇၇ ခုနှစ်တွင်လူသတ်မှု ၁၁,၀၀၀ ခန့် ဖြစ်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဇန်နဝါရီလမှ အောက်တို ဘာလထိ ကာလအတွင်း နိုင်ငံရေး ရည်ရွယ် ချက် နှင့် အကြမ်းဖက်သတ်ဖြတ်ခံရသူပေါင်း ၃,၄၁၃ ဦး ရှိခဲ့သည်။ ပြောက်ကျားများ၏လက်ချက်ကြောင့် သေဆုံးသူ ၂၆၂ ဦး ရှိခဲ့သည်။ ပြည့်တန်ဆာများ၊ သူတောင်းစားများနှင့် လေလွင့် ကလေးသူငယ်များကို ရှင်းလင်းသောစစ်ဆင်ရေး ကြောင့် ၁၅၀ ခန့် သေဆုံးခဲ့သည်။

ထို့ပြင် မူးယစ်ဆေးဝါးအန္တရာယ်လည်း ကိုလုံးဗီးယား နိုင်ငံတွင် ကြီးမားလျက်ရှိသည်။ အစိုးရ လေ့လာချက် တစ်ရပ်အရ ကိုလုံးဗီးယားနိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲသူ ၁၀ ရာခိုင်နှုန်းမျှရှိပြီး အသက် ၁၂ နှစ်နှင့် အောက် အပိုင်းအခြားရှိ လူငယ် ငါးရာခိုင်နှုန်းခန့်သည် စမ်းသပ် သုံးစွဲကြည့်ဖူးကြသည်ဟု ဆိုသည်။ ၁၃ နှစ်မှ ၁၅ နှစ် အရွယ်ထိ လူငယ်ဦးရေ၏ ၂၀ ဒသမ ၈ ရာခိုင်နှုန်းသည် လည်းကောင်း၊ ၁၆ နှစ်မှ ၁၈ နှစ်အရွယ်ထိ လူငယ်ဦးရေ ၎၇ ဒသမ ၁ ရာခိုင်နှုန်း၊ ၁၉ နှစ်မှ ၂၁ နှစ် အရွယ်ထိ လူငယ်ဦးရေ ၅၉ ဒသမ ၅ ရာခိုင်နှုန်းသည် စမ်းသပ်သုံးစွဲခဲ့ကြသည်ဟု ဆိုသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးကိုဏ်းများကို အစိုးရတပ်ဖွဲ့ ဝင်များက နှိမ်နင်းနေရသည်။ အမေရိကန်ပြည်ထောင်စုသို့ ရောက်သော ကိုကင်းမူးယစ်ဆေးဝါး၏ ၈၀ ရာခိုင်နှုန်းကို တင်ပို့သည်ဟု ယူဆရသည့် မက်ဒရင်းကာတယ် ဂိုဏ်းကြီး သည် အဆိုးရွားဆုံးဖြစ်သည်။ ၁၉၈၉ ခုနှစ် သြဂုတ်လ ၁၈ ရက်နေ့က ဗိုဂိုတာမြို့တော်၏ အရှေ့ဘက် ဆိုချာမြို့၌ ပရိသတ် ၁၀,၀၀၀ ရှေ့မှောက်တွင် မိန့်ခွန်းပြောမည့် လစ်ဗရယ်ပါတီ သမ္မတလောင်း အထက်လွှတ်တော်အမတ် လူဝီ ကာလို့စ် ဂါလန် အသတ်ခံရသည့်အမှုတွင် ယင်းမူးယစ် ဆေးဝါးဂိုဏ်းက ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ကြေညာ ခဲ့သည်။ ထိုအခါ ကိုလုံးဗီးယား သမ္မတအဖြစ် လေးနှစ် သက်တမ်းအတွက် ၁၉၈၆ ခုနှစ် သြဂုတ်လ ၇ ရက်နေ့မှ စ၍ တာဝန်ထမ်းဆောင်လျက်ရှိသော ဗာဂျီလီယို ဘာကို ဗားဂတ်က အရေးပေါ်အခြေအနေ ဥပဒေအရ အပ်နှင်း ထားသည့် အာဏာများကို ကျင့်သုံးလျက် မသက်ဘ ဖွယ်ရာ မူးယစ်ဆေးဝါးဂိုဏ်း ခေါင်းဆောင်များကို အမေ ရိကန် ပြည်ထောင်စုသို့ ပေးပို့ရန် ပြန်လည်ဆုံးဖြတ်သည်။ ယင်းသို့ ပေးပို့ရေးအတွက် နှစ်နိုင်ငံကြားတွင် သဘောတူညီ ချက် ရှိထားပြီးဖြစ်သော်လည်း ကိုလုံးဗီးယား တရားရုံးချုပ် က ၁၉၈၈ ခုနှစ် မေလတွင် ရှုပ်သိမ်းထားခဲ့ခြင်းဖြစ်ရာ သမ္မတက ယင်းသဘောတူညီချက်ကို ပြန်လည်ပြဋ္ဌာန်းခြင်း ဖြစ်သည်။ မက်ဒရင်းဂိုဏ်းနှင့် ကာလီကိုကင်းကာတယ် ဂိုဏ်းတို့က အမေရိကန်ပြည်ထောင်စုသို့ မူးယစ်ဆေးဝါး တရားခံတစ်ဦးပို့တိုင်း တရားသူကြီး ၁၀ ဦးကို သတ်မည် ဟု ခြိမ်းခြောက်ခဲ့သည်။ ကိုလုံးဗီးယား မူးယစ်ဆေးဝါး ဂိုဏ်းတို့သည် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း တရားရေးဝန်ကြီး တစ်ဦးကို လုပ်ကြံ ခဲ့ပြီး ခြိမ်းခြောက်မှုများ ကြောင့် နုတ်ထွက်ထားပြီးသော ဝန်ကြီးတစ်ဦးကိုလည်း ဒဏ်ရာ ရရှိစေခဲ့သည်။ ၁၉၈၁ ခုနှစ် နောက်ပိုင်းတွင် တရားသူကြီး ၅၀ ခန့်ကိုလည်း သတ်ဖြတ်ခဲ့သည်။

သမ္မတဘာကိုက အရေးယူမည့်အစီအစဉ်များကြည်သည့် ၁၉၈၉ ခုနှစ် သြဂုတ်လ ၁၉ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကာလအတွင်း ကိုလုံးဗီးယားနိုင်ငံ၌ ဗိုဂိုတာမြို့တော်နှင့် မက်ဒရင်းမြို့တို့ အပါအဝင် အဓိက မြို့ကြီးများတွင် ဗုံး ၁၁၄ လုံး ပေါက်ကွဲခဲ့ရာ လူ ၁၀ ဦး သေဆုံးပြီး ၁၄၀ ဒဏ်ရာရရှိခဲ့သည်။ မူးယစ်ဆေးဝါးဂိုဏ်း များကို နှိမ်နင်းရန် အမေရိကန် ပြည်ထောင်စုက ကိုလုံး ဗီးယားနိုင်ငံအား လက်နက်ကိရိယာနှင့် စစ်သင်တန်း အထောက်အပံ့များ ပါဝင်သည့် အရေးပေါ် အကူအညီ



ကိုလုံးဗီးယားနိုင်ငံတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကိုကင်းထုတ်လုပ်ရေးစခန်းများကို မီးရှို့ ဖျက်ဆီးနေပုံ

ဒေါ်လာ ၆၅ သန်းဖိုးကို ပေးအပ်ခဲ့သည်။ အဓိက မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်များ ဖြစ်ကြသော ဂွန်ဇာလို ရိဒရီဂွက်ဇ် ဂါချာနှင့် ပက်ဇလို အက်စကိုဘာ ဂါဗီရီယာတို့ကို ဖမ်းမိလျှင် သို့မဟုတ် ဖမ်းမိစေရန် သတင်းပေးလျှင် ဒေါ်လာသန်း ၂,၅၀,၀၀၀ ချီးမြှင့်မည်ဟု အစိုးရက စက်တင်ဘာလ ပထမပတ်တွင် ကြေညာခဲ့သည်။

မူးယစ်ဆေးဝါးကို ဆန့်ကျင်ရေးသားသော အယ်အက် စပက်တေဒါ သတင်းစာတိုက်သည် ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဗုံးခွဲ တိုက်ခိုက်ခံခဲ့ရ၍ လူ ၈၀ ဒဏ်ရာရခဲ့ပြီး ဒေါ်လာ ၂ ဒသမ ၅ သန်းဖိုး ပျက်စီးခဲ့ရသည်။ သက်တမ်း ၁၀၂ နှစ်ရှိပြီဖြစ်သော ယင်းသတင်းစာ၏ ဝန်ထမ်းနှစ်ဦးလည်း အောက်တိုဘာလ ၁၀ ရက်နေ့တွင် အသတ်ခံရသည်။ ယင်းသတင်းစာ ထုတ်ဝေသူ ဂိုလာမိုကာနိုမာမူ ၁၉၇၆ ခုနှစ်ကပင် မူးယစ်ဆေးဝါး ဂိုဏ်းဝင်တို့ လုပ်ကြံ၍ သေဆုံးခဲ့ရပြီးဖြစ်သည်။ တစ်ဖန် ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် မက်ဒရင်းမြို့၌ ကရိုနစ္စတာ ဒီမိုကရာတီကာမဂ္ဂဇင်း၏ စာနယ်ဇင်းသမားနှစ်ဦး သတ်ဖြတ်ခံရပြန်သည်။ မူးယစ်ဆေးဝါးဂိုဏ်းတို့က ထုတ်ဝေမှု ရပ်ဆိုင်းရန် ခြိမ်းခြောက်ထားခြင်းကို အန်တု၍ အယ်အက်စပက်တေဒါသတင်းစာသည် အောက်တိုဘာလ ၁၄ ရက်နေ့တွင်ပြန်လည်ထုတ်ရှိလာရာ မကွဆီကိုမြို့တော်ရှိ အမေရိကတိုက်နိုင်ငံပေါင်းစုံ သတင်းစာ အသင်းချုပ်က ချီးကျူးထောက်ခံခဲ့သည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကိုလုံးဗီးယားနိုင်ငံ ဘူကာရာမန်ဂါမြို့ရှိ ဗင်ဂတ်ဒီးယား လစ်ဗရယ် သတင်းစာတိုက် ဗုံးခွဲ တိုက်ခိုက်ခံရပြန်သည်။ လူလေးဦး သေဆုံးပြီး ဒေါ်လာ ၅,၀၀,၀၀၀ ဖိုး ပျက်စီးဆုံးရှုံးသည်။

ကိုလုံးဗီးယား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ်လ နောက်ဆုံးပတ်တွင်ပင် ကိုကင်း ရောင်းဝယ် ဖောက်ကားသူနှင့် မူးယစ်ဆေးဝါးကိုဏ်းများ၏ လက်မခ္ခံ လူသတ်သမားများဟု မသက်ဝင်ဖွယ်ရှိသူများကို တစ် နိုင် ငံ လုံး တွင် ရှင်းလင်းခဲ့ရာ သမ္မတလောင်း ဂါလန်ကို လုပ်ကြံသူများဟု ယူဆရသူ လူငါးဦး အပါအဝင် စုစုပေါင်း ၁၀,၀၅၂ ဦးကို ဖမ်းဆီးခဲ့သည်။ ကိုကင်း ခြောက်တန်၊ လေယာဉ် ၆၂ စီး၊ ရဟတ်ယာဉ် ၁၀ စင်း၊ ရွက်လွှေ ၃၀ နှင့် ကားနှင့် လက်နက် ရာပေါင်းများစွာတို့ကို သိမ်းဆည်းရမိသည်။ နောက်ပိုင်းတွင် လူ အ များ စု ကို လွှတ် ပေး ခဲ့ သည်။ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဗိုဂိုတာဥ် ရှင်းလင်းပြန်ရာ လူ ၂၀၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့ထိ

ကာလအတွင်း မူးယစ်ဆေးဝါးတရားခံ ငါးဦးကို အမေရိကန် ပြည်ထောင်စုသို့ ပို့ပေးခဲ့သည်။ ပဉ္စမမြောက် ပို့ခဲ့သော တရားခံသည် မက်ဒရင်းကိုဏ်း၏ စတုတ္ထခေါင်းဆောင် ဟိုစေး ရာဖယ် အောဂယ်လို ဖြစ်သည်။ အောဂယ်လိုကို ထိုသို့ပို့ခဲ့ခြင်းကို တုံ့ပြန်သောအားဖြင့် နိုဝင်ဘာလ ၂ရက်နေ့တွင် ကိုလုံးဗီးယားနိုင်ငံ၏ ဝါရင့်ကွန်ဂရက်အမတ် လူဝီဖရန်စစ္စကို မာဒရိဖိုရိုရိုကို မူးယစ်ဆေးဝါးကိုဏ်းက လုပ်ကြံခဲ့သည်။

ထိုသို့ မူးယစ်ဆေးဝါးကိုဏ်းများ သောင်းကျန်းနေစဉ် သတင်းကောင်းတစ်ရပ်ရှိခဲ့သည်။ ကိုလုံးဗီးယားနိုင်ငံတွင် အထင်ရှားဆုံး ပြောက်ကျားအုပ်စုတစ်စုဖြစ်သည့် အမ်–၁၉ သည် ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည်ဆိုသော သတင်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် စတင်ထူထောင်ခဲ့သော ယင်းအုပ်စုသည် ကိုလုံးဗီးယားနိုင်ငံ၌ လှုပ်ရှားနေကြသော အဓိကလက်ဝဲအုပ်စု ခြောက်ဖွဲ့တွင် တစ်ဖွဲ့အပါအဝင်ဖြစ်သည်။ ၁၉၇၅ ခုနှစ်က ဗိုဂိုတာမြို့တော်ရှိ တရားလွှတ်တော်ကို စီးနင်းတိုက်ခိုက်၍ လူ ၁၀၀ ခန့် သေဆုံးခဲ့သည့် အဖွဲ့ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၆–စာ၊ ၂၇၀ — ရှု။)

ကိုလက်စထရောအဆီဓာတ်။ ။ ကိုလက်စထရောအဆီဓာတ်သည် လူ၏သွေးထဲတွင် အမြဲရှိနေသော ဓာတ်တစ်ခုဖြစ်၍ ခန္ဓာကိုယ်ကလာပ်စည်းများ၏ အကာအမြေးဖြစ်ပေါ်ရာတွင်လည်းကောင်း၊ အသက်ရှင်ရန် အတွက် အရေးကြီးသော စတီးရွိုက် ဟိုမုန်းများနှင့် သည်းခြေဓာတ်များဖြစ်ပေါ်ရာတွင်လည်းကောင်း မရှိမဖြစ် လိုအပ်သည်။ ယောကျ်ား မိန်းမ သဘာဝမှန်ကန်ရေးနှင့် ဦးနှောက်နှင့်အာရုံကြောများ ကောင်းမွန်စွာ အလုပ်လုပ်ရေးအတွက်လည်း အလွန် အရေးပါသည်။ သို့ဖြစ်၍ ကိုလက်စထရော အဆီဓာတ်သည် ခန္ဓာကိုယ်အတွက် အသားဓာတ်၊ ဗီတာမင်ဓာတ်နှင့် အမိုင်နိုအက်စစ်များကဲ့သို့ပင် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်တစ်ခုပင် ဖြစ်သည်။

သို့ရာတွင် ကိုလက်စထရောအဆီဓာတ်သည် သွေးထဲ၌ အလွန်အမင်း များလာပါက သွေးကြောနံရံများတွင် အစိုင်အခဲအဖြစ် အနည်ထိုင်ပြီး ယင်းတို့သည် သွေးကြောများကို ကျဉ်းစေခြင်းဖြင့် ခန္ဓာကိုယ်၏ သွေးဖြန့်ဝေမှုကို ဒုက္ခပေးတော့သည်။ အထူးသဖြင့် နှလုံးသွေးကြောများတွင် အနည်ထိုင်သွားသော အဆီပြားများသည် နှလုံးအတွက် လိုအပ်သောသွေးကို လုံလောက်စွာမပေးနိုင်သဖြင့် နှလုံးနာခြင်း၊ ရင်ဘတ်နာရောဂါရခြင်း၊ နှလုံးကြွက်သားပုပ်ခြင်း (Myocardial Infarction) နှင့် ရုတ်တရက် သေဆုံးခြင်းတို့ကို ဖြစ်စေနိုင်လေသည်။ ဆိုးဝါးသည်မှာ သွေးကြောနံရံများတွင် အနည်ထိုင်၍ တွယ်ကပ်နေသော ကိုလက်စထရော အဆီပြင်များသည် မည်သည့်အခါမျှ သွေးထဲတွင် ပြန်လည်ပျော်ဝင်၍ အပြင်သို့ သူအလိုလို ပြန်မထွက်သွားနိုင်ခြင်း ဖြစ်သည်။

စင်စစ် ကိုလက်စထရော အဆီဓာတ် များပြားသဖြင့် နှလုံး သွေးကြောကျဉ်း ရောဂါဖြင့် သေဆုံးသူများမှာ အလွန်တရာပင် များပြားသည်။ သို့ဖြစ်ရာ လူအသေအပျောက်နှုန်း လျော့နည်းအောင်လုပ်ရာတွင် နှလုံးရောဂါ ကာကွယ်ကုသခြင်းသည် အဓိကအခန်းက ပါဝင်နေလေသည်။

ဤသို့ ကိုလက်စထရော အဆီဓာတ်နှင့် နှလုံးသွေးကြောကျဉ်းရောဂါသည် ဆက်စပ်နေကြောင်းကို ၁၉၀၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဤဘက် ပိုင်း၌ ကိုလက်စထရောအဆီဓာတ်များလျှင် နှလုံးရောဂါ ဖြစ်ပွားမှု မြင့်မားလာကြောင်းနှင့် ကိုလက်စထရောအဆီဓာတ်ကို လျော့စားသူများတွင် နှလုံးရောဂါ ဖြစ်ပွားမှု လျော့နည်းလာကြောင်းကို ဖင်းလန်၊ အမေရိကန်၊ နော်ဝေးနှင့် ဂျပန်နိုင်ငံများမှ သိပ္ပံနည်းကျ လေ့လာမှုများက အတိအကျ ဖော်ထုတ်ပြသနိုင်ခဲ့သည်။

စင်စစ် လူသွေးထဲတွင်ရှိသော ကိုလက်စထရောအဆီဓာတ်သည် တစ်မျိုးတည်းမဟုတ်ဘဲ လေးမျိုးပင်ရှိသည်။

(၁) သိပ်သည်းမှု နည်းသော အဆီအသားဓာတ် (LDL)
(၂) သိပ်သည်းမှု အလွန်နည်းသော အဆီအသားဓာတ် (VLDL)
(၃) အလယ်အလတ် သိပ်သည်းမှုရှိသော အဆီအသားဓာတ် (IDL) နှင့်
(၄) သိပ်သည်းမှုမြင့် အဆီအသားဓာတ် (HDL) ဟူ၍ ဖြစ်သည်။

နှလုံးရောဂါကို ဖြစ်စေသော ကိုလက်စထရော အဆီဓာတ်သည် သိပ်သည်းမှု နည်းသော အဆီအသားဓာတ် (LDL) ဖြစ်သည်။ သိပ်သည်းမှု မြင့်မားသော အဆီအသားဓာတ် (HDL) သည် နှလုံးသွေးကြောကျဉ်းရောဂါကို မဖြစ်ပွားစေရုံမျှမက ယင်းရောဂါကို ကာကွယ်၍ပေးသည်ဟုပင် ယူဆကြသည်။

သို့ဖြစ်၍ ကိုလက်စထရောအဆီဓာတ်ကို ရှောင်ရှား၌ သို့မဟုတ်ယင်းအဆီဓာတ်ပါသောအစားအသောက်များကို လျော့စားရာ၌ သိပ်သည်းမှုနည်းသော အဆီအသားဓာတ် (LDL) များပြားသော အစာများကိုကား ရှောင်ကြဉ်ရန်လို၍ သိပ်သည်းမှုများသော အဆီအသားဓာတ်

ပါသော အဆီများကို ရှောင်ကြဉ်ရန် မလိုဟု အဓိပ္ပာယ် ပေါက်လေသည်။

တစ်နည်းဆိုသော် သိပ်သည်းမှုနည်းသော အဆီ အသားဓာတ် (LDL) များပြားသော အစားအသောက် နှင့်အဆီများမှာ ကြက်ဥအနှစ်၊ နွားနို့၊ ထောပတ်နှင့် တိရစ္ဆာန်အဆီများ၊ ဥပမာ – ဝက်ဆီ စသည်တို့ ဖြစ်သည်။ ယင်းတို့ကိုရှောင်ရန် သို့မဟုတ် လျှော့စားရန် ဖြစ်သည်။ သိပ်သည်းမှုမြင့်မားသော အဆီအသားဓာတ် (HDL)များပြားသော အစားအသောက်နှင့် အဆီများ မှာ ဟင်းသီးဟင်းရွက်နှင့် ငါး၊ ကြက်ဥအကာနှင့် အသီး အနှံဆီများ၊ ဥာမာ–နှမ်းဆီ၊ ပဲဆီနှင့် သံလွင်ဆီစသည်တို့ ဖြစ်သည်။

အဆီ သို့မဟုတ် ဆီများကိုသုံးစွဲရာ၌ ရိုးရိုးအပူချိန်တွင် ခဲနေတတ်သော အဆီများကို ပြည့်ဝဆီများဟု ခေါ်၍ ယင်းတို့သည် နှလုံးရောဂါကို ဖြစ်စေသော အဆီများ ဖြစ်သည်ဟု သိရသည်။ ယင်းတို့မှာ ထောပတ် နှင့် အမဲ ဆီ၊ ဝက်ဆီ စသော တိရစ္ဆာန်အဆီများ ဖြစ်သည်။ အချို့သောအဆီများမှာမူ ရိုးရိုးအပူချိန်၌ အရည်အဖြစ် ရှိနေပြီး ယင်းတို့သည် နှလုံးရောဂါ မဖြစ်စေနိုင်ကြောင်း သိရသည်။ ယင်းတို့မှာ မြေပဲဆီနှင့် သံလွင်ဆီ စသော အသီးအနှံစေ့အဆီများဖြစ်၍ မပြည့်ဝအဆီဟုခေါ်သည်။ တတိယအဆီအမျိုးအစားမှာ ပို၍မပြည့်ဝသောအဆီများ ဖြစ်၍ ယင်းတို့သည် နှလုံးသွေးကြောကျဉ်း ရောဂါကို မဖြစ်ပွားအောင်၊ တစ်နည်းဆိုသော် လျော့ပါးအောင် ပြုလုပ်နိုင်ကြသည်ဟု ယုံကြည်ကြသည်။ ယင်းတို့မှာ ငါးအဆီနှင့်ပဲပုပ်စေ့ဆီ စသည်တို့ ဖြစ်သည်။ ဤသည်မှာ ဂျပန်နိုင်ငံ၌ လေ့လာတွေ့ရှိချက်အရ ငါးအဆီနှင့်ပဲပုပ်စေ့ကို အစားများသောသူများသည် နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်ပွားမှုနှုန်းထား လျော့နည်းနေကြောင်း တွေ့ရှိ ရသောကြောင့် ဖြစ်သည်။

ကိုလက်စထရော အဆီဓာတ် လျော့ပါး အောင် ဆောင်ရွက်ခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါကို မဖြစ် ပွားအောင် ကာကွယ်နိုင်သည်၊ သို့မဟုတ် ဖြစ်ပွားမှုနှုန်း ထား လျော့ပါးအောင် ဆောင်ရွက်နိုင်သည်ဟု ဆိုသော် လည်း နှလုံးသွေးကြောကျဉ်း ရောဂါကို ဖြစ်စေသော အကြောင်းများမှာ ကိုလက်စထရောဓာတ် များပြားခြင်း တစ်ခုတည်းသာ မဟုတ်ပေ။ အခြားသော အကြောင်း များသည်လည်း ဤနှလုံးရောဂါကို ဖြစ်ပွားစေနိုင်သည်။ ယင်းတို့မှာ –

(၁) ယောကျ်ားဖြစ်ခြင်း၊
(၂) မိသားစုတွင် ဤရောဂါမျိုးဖြစ်ပွားမှု ရှိခြင်း၊ အထူးသဖြင့် မိဘ သို့မဟုတ် မောင်နှမ တစ်ဦးဦးတွင် အသက် ၅၅ နှစ် မကျော်မီ၌ ရင်ဘတ်နာ နှလုံးရောဂါရခြင်း။
(၃) စီးကရက်သောက်ခြင်း၊ အထူးသဖြင့် တစ်နေ့ လျှင် စီးကရက် ၁၀ လိပ်ထက်ပို၍သောက်ခြင်း၊
(၄) သွေးတိုးရောဂါရှိခြင်း၊
(၅) သိပ်သည်းမှု နည်းသော အဆီအသားဓာတ် (LDL)သွေးတွင်းပမာဏ များလွန်းခြင်း၊
(၆) ဆီးချိုရောဂါရခြင်း၊
(၇) ဦးနှောက်သွေးကြောရောဂါ သို့မဟုတ် ခြေလက် သွေးကြောရောဂါတစ်ခုခု ဖြစ်နေခြင်း၊
(၈) ကိုယ်အလေးချိန်များလွန်းခြင်း (၀၊) အဝလွန် ခြင်းတို့ ဖြစ်ကြသည်။

အထက်ပါ အကြောင်းအရာများအနက် နှစ်ချက် သို့မဟုတ် သုံးချက်ရှိလျှင် နှလုံးသွေးကြောကျဉ်း ရောဂါ ဖြစ်နိုင်သည်ဟု သိရသည်။ သို့ဖြစ်၍ ယင်းသို့သော သူများသည် မိမိတို့၏ သွေးတွင်း ကိုလက်စထရော အဆီ ဓာတ် ပမာဏကို အနည်းဆုံး ငါးနှစ်တစ်ခါ စစ်ဆေးသင့် သည်ဟု သိရသည်။ ဆေးပညာရှင်များက အောက်ပါ အတိုင်း အဆင့်သတ်မှတ်ကြသည်။

(၁) ရှိသင့်သော ကိုလက်စထရောဓာတ် ၂၀၀ မိလီ ဂရမ် ရာနှုန်းထက်နည်းသော ပမာဏ။
(၂) ဂရေးစိုက်သင့်သော ကိုလက်စထရော ပမာဏမှာ ၂၀၀နှင့် ၄၀၀ မိလီဂရမ်ကြားသွေးတွင်းပမာဏ။
(၃) ကိုလက်စထရော အဆီဓာတ် လျှော့ချသင့်သူ များမှာ သွေးတွင်းပမာဏ ၂၄၀ မိလီဂရမ် ရာနှုန်းထက် များသူများ။

ယင်းသို့ ကိုလက်စထရော အဆီဓာတ်ကို လျှော့ချ၌ အဆီများသော အစားအသောက်များကို ရှောင်ခြင်းနှင့် ခန္ဓာကိုယ် အလေးချိန် အချိုးကျအောင် လျှော့ချခြင်း သည် အဓိကဖြစ်သည်။ ဤနည်းဖြင့် ဆောင်ရွက်ရာ၌ အနည်းဆုံး ခြောက်လမျှ ဆက်တိုက်ဆောင်ရွက်ရမည်ဟု သိရသည်။

အစားအသောက်နှင့် ကိုယ်လက် လှုပ်ရှားမှုများဖြင့် ကိုလက်စထရောအဆီဓာတ် သွေးတွင်းပမာဏ မကျပါက လိုအပ်လျှင် ကိုလက်စထရော လျှော့စေသော ဆေးများကို ဆရာဝန်နှင့် တိုင်ပင်၍ စားသုံးနိုင်သည်ဟု သိရသည်။ ကိုလက်စထရောအဆီဓာတ် ကျစေသော ဆေးများမှာ Lovastatin, Gemfibrozil, Probucol, Clofibrate and Cholestyramine စသည်တို့ ဖြစ်ကြသည်။ သို့ရာ တွင် ဆရာဝန်များအနေဖြင့် ဝယ်ယူသုံးနိုင်သော သို့မဟုတ် အဓိက သုံးစွဲနေသော ကိုလက်စထရော အဆီဓာတ်လျှော့ ပါးစေသည့်ဆေးမှာ Atromid–S (Clofibrate) နှင့်

ကိုလက်စထရောအဆိခတ်

Mevacor (Lovastatin) တို့ဖြစ်သည်။ မည်သည့်အခါတွင် မည်သို့သုံးစွဲရမည်ဆိုသည်ကို ဆရာဝန်များသာလျှင် ဆုံးဖြတ်နိုင်သည်။


ကမ္ဘာ့လူသားများစွာကို သေဆုံးစေသောရောဂါများကို ရှာဖွေကုသ ကာကွယ်ကြရာ၌ ယခု ကိုလက်စထရောအဆိခတ်နှင့်နှလုံးသွေးကြောကျဉ်းရောဂါတို့ ဆက်စပ်နေကြောင်း သိပ္ပံနည်းကျ တိတိကျကျသိရခြင်းနှင့် ကိုလက်စထရောခတ် လျော့ပါးအောင် ဆောင်ရွက်ခြင်းဖြင့် ဤနှလုံးရောဂါဖြစ်ပွားမှုနှုန်းလျော့နည်းစေခြင်း၊ သို့ဖြင့် နှလုံးရောဂါကြောင့်သေဆုံးမှု နည်းပါးစေခြင်းကို သိပ္ပံပညာရှင်တို့ ဖော်ထုတ် တွေ့ရှိလာခြင်းသည် လူသားအားလုံးအတွက် အကျိုးရှိသော တွေ့ရှိချက်ပင်ဖြစ်သည်။ သို့ဖြစ်၍ ကိုလက်စထရောအဆိခတ်နှင့် ပတ်သက်သော သုတေသနပညာရှင်များမှာ ကမ္ဘာ့အမြင့်ဆုံး ဆေးပညာနှင့် ဓာတုဗေဒနိုဗယ်ဆုများကို ချီးမြှင့်ခြင်း ခံရသည်။ ယခုထိ ၁၃ ဆု ချီးမြှင့်ခြင်း ခံရပြီး ဖြစ်သည်။ ယင်းတို့အနက် ပထမဦးဆုံး နိုဗယ်ဆုကို ၁၉၂၇ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ ပါမောက္ခဝိလန်း ချီးမြှင့်ခံရ၍ ယခု နောက်ဆုံး ကိုလက်စထရောကြောင့် နိုဗယ်ဆု ချီးမြှင့်ခံရသူများမှာ ၁၉၈၅ ခုနှစ်က ဒေါက်တာဘရောင်းနှင့် ဒေါက်တာဂိုးလ်စတိုင်းတို့ ဖြစ်သည်။

ကိုလက်စထရောနှင့် ပတ်သက်သော သမိုင်းမှတ်တိုင်များ

ခန္ဓာကိုယ်ထဲတွင် ကိုလက်စထရော ထုတ်လုပ်သော ကလာစ်စည်းများမှာ အနည်းဆုံး အင်ဇိုင်း (Enzyme) ဓာတ်ပြုပစ္စည်းအမျိုးပေါင်း ၃၀ ခန့်ကိုသုံး၍ အဆင့်ဆင့် ထုတ်လုပ်ကြရသည်။ ကိုလက်စထရောကို စတင်ဖော်ထုတ် တွေ့ရှိချိန်မှစပြီး ယင်း၏ အစွမ်းသတ္တိများကြောင့် ဆေးနှင့် သိပ္ပံလောကအသီးသီးမှ သိပ္ပံပညာရှင်များ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ သို့ဖြင့် ကိုလက်စထရောနှင့် ပတ်သက်သော လေ့လာစူးစမ်းသုတေသနပြုမှုများ၊ တွေ့ရှိမှုများမှာ ယနေ့အထိ ဆုံးခန်းတိုင်မရောက်သေးပါ။ အောက်ပါ ခုနှစ်များတွင် ကိုလက်စထရောနှင့် ပတ်သက်သည့် အရေးကြီးသော တွေ့ရှိချက်များကို မှတ်တမ်းတင်ထားသည်။

၁၇၀၉ – ပဲရစ်မြို့မှ ဓာတ်ခဲ့ပညာရှင် တစ်ဦးဖြစ်သူ အေအက်ဖ် ဖိုးကရိုင်းဆိုသူက သည်းခြေကျောက်များမှ အပြူရောင်ရှိသော အဆီဓာတ်တစ်မျိုးကို ခွဲခြားထုတ်ယူနိုင်ကြောင်း ကြေညာခဲ့သည်။

၁၈၁၆– ပြင်သစ် ဓာတ်ခဲ့ပညာရှင် အမ် အီး ရှက်ဗ်ရူးလ်က အေအက်ဖ်ဖိုးကရိုင်း ခွဲခြားထုတ်ယူခဲ့သော အဆီဓာတ်ကို ကိုလက်စထရင်း (Cholesterine) ဟု အမည်ပေးခဲ့သည်။



ကိုလက်စထရော အဆီခဲများကြောင့် နှလုံးရောဂါ ဖြစ်နိုင်သည်။

၁၈၅၃ – ပြင်သစ် ဓာတ်ခဲ့ပညာရှင် အမ် ဘာတ်သီလော့က ကိုလက်စထရင်းကို ကိုလက်စထရောဟု ပြောင်း၍အမည်ပေးခဲ့သည်။ ယင်းဓာတ်ငွေ့တွင် အရက်ပြန်ဓာတ်ပါသောကြောင့် သိသာနိုင်ရန် အမည်ပြောင်းပေးခြင်း ဖြစ်သည်။

၁၉၀၄– သွေးလွှတ်ကြောနံရံ ထူထဲခြင်း (Atherosclerosis)ကို ဂျာမနီနိုင်ငံမှ ရောဂါဗေဒပညာရှင် အော်ဖ် မာဂျင်က ဖော်ပြခဲ့သည်။

၁၉၀၈ – ရုရှား စူးစမ်းလေ့လာသူများက သွေးလွှတ်ကြောနံရံ ထူထဲခြင်းနှင့် ကိုလက်စထရော များသော အစားအသောက်တို့ ဆက်စပ်မှုကို စတင် လေ့လာကြသည်။ သူတို့၏ အရေးပါသော တွေ့ရှိချက်နှစ်ခုမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၉၀၈ ခုနှစ်တွင် အေအိုင် အစ်ဂ်နာတော့ဗ်စကီးသည် နို့နှင့်ကြက်ဥအနှစ်များစားသော ယုန်များတွင် သွေးလွှတ်ကြောနံရံများ ထူလာသည်ကို ပြသခဲ့သည်။

၁၉၁၃ ခုနှစ်တွင် အန် အန်နစ်ခ်ျကောင်းနှင့် အက်စ် ရှာလ်တိုးက ယုန်များကို ကျွေးသော အစာထဲတွင် ကိုလက်စထရောဓာတ်သန့်သန့်ကို ရောထည့်က သွေးလွှတ်ကြော နံရံများ ထူလာသည်ကို ပြသခဲ့သည်။

၁၉၂၇ – ကိုလက်စထရော၏ တည်ဆောက်ပုံနှင့် ပတ်သက်သော သုတေသနပြုမှုအတွက် ဓာတုဗေဒဆိုင်ရာ နိုဗယ်ဆုကို ဂျာမနီနိုင်ငံမှ အိပ်ခ်ျ အို ဝီးလန်းအား ချီးမြှင့်ခဲ့သည်။ ယင်းအချိန်မှစ၍ ကိုလက်စထရော၏ တည်ဆောက်မှုနှင့်

ယင်း၏ ဇီဝဖြစ်ပျက်ပုံနည်းလမ်းများနှင့်ပတ်သက်၍ ပြုလုပ်သော သုတေသနများအပေါ် နိုဗဲဆု ၁၃ ဆု ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ ဓာတုဗေဒဆိုင်ရာ အခြား နိုဗဲဆုများကို အောက်ပါနှစ်များတွင် ကိုလက်စထရော တည်ဆောက်မှု သုတေသနအတွက် ချီးမြှင့်ခဲ့သည်။

၁၉၂၈ – အေ အိုး အာရ် ဝင်းဒေါ့စ် (ဂျာမနီ)
၁၉၃၉ – အယ်လ် ရူဇီးကား (ဆွစ်ဇာလန်)
၁၉၄၇ – အာရ် ရော်ဘင်ဆန် (ယူကေ)
၁၉၅၀ – အိုး ပီ အိပ်ချ် ဒိုင်းစ် (ဂျာမနီ)

၁၉၂၉ – ပြင်သစ် သုတေသနပညာရှင် အမ် အမ် အေ မက်ခ်ျချီဘိုအော့ဖ် သည် သွေးတွင်း ကိုလက်စထရောပါသော အဆိစာတ်များကို တွေ့ရှိခဲ့သည်။ ဤအဆိစာတ်များနှင့်ပတ်သက်၍ ၁၉၅၀ ပြည့်နှစ်များနှင့် ၁၉၆၀ ပြည့်နှစ်များတွင် ဂျေအယ်လ်အွန်စလေ၊ ဂျေဒဗလျူဂေါ့ဖ်မင်းနှင့် ဒီအက်စ်ဖရက်ဒရစ်ဆင်တို့ ဦးဆောင်သော အမေရိကန် သုတေသန ပညာရှင်များက သွေးတွင်းအဆိစာတ်များကို အကြမ်းအား ဖြင့် အမျိုးအစား လေးမျိုး ခွဲခြားနိုင်ကြောင်း ဖော်ထုတ်ခဲ့ကြသည်။

၁၉၅၆ – မဉ့်ရှပ်ပ်နှင့် ဒုမ်း ကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် ကိုလက်စထရော ထုတ်လုပ်မှုတွင် အရေးကြီးသောအဆင့်တစ်ဆင့်၌ပါဝင်သော မီဗာလိုနစ်အက်ဆစ်ကို စတင်တွေ့ရှိသည်။ ဤသို့ဖြင့် ဆက်လက်သုတေသနပြုကြရာ ကိုလက်စထရော ဖြစ်ပေါ်ပုံကို ပိုမို နားလည်လာကြပြီး မီဗာလိုနစ်အက်ဆစ် ဖြစ်ပေါ်ရာတွင် အိပ် ချ် အမ် ဂျီ–ကို အေ ရီဒတ်တေ့စ် (H MG-Co A Reductase) လိုကြောင်းကို သိရှိလာကြသည်။

၁၉၆၄ – ကိုလက်စထရော ဖြစ်ပေါ် ထုတ်လုပ်မှုလမ်းကြောင်းကို သုတေသနပြုခြင်းအတွက် ဆေးပညာဆိုင်ရာ နိုဗဲဆုကို ကေ ဘလော့ချ် (ယူအက်စ်အေ) နှင့် အက်ဖ် လိုင်နင်(ဂျာမနီ)တို့အား ချီးမြှင့်ခဲ့သည်။

၁၉၆၅ – ကိုလက်စထရော ထုတ်လုပ်မှုကို အသေးစိတ်ပြုပြင် ဖန်တီးနိုင်မှုအတွက် ဓာတုဗေဒဆိုင်ရာ နိုဗဲဆုကို အာရ်ဘီဝုဒ်ဝေါ့ဒ် (ယူအက်စ်အေ)အား ချီးမြှင့်ခဲ့သည်။

၁၉၆၉ – ကိုလက်စထရော၏ တည်ဆောက်ပုံနှင့်ပတ်သက်သော သုတေသနအတွက် ဓာတုဗေဒဆိုင်ရာ နိုဗဲဆုကို ဒီ အိပ်ချ် အာရ် ဘာတန် (ယူကေ)နှင့် အိုး ဟတ်စ်ဆယ်လ် (နော်ဝေးနိုင်ငံ) တို့အား ချီးမြှင့်ခဲ့သည်။

၁၉၇၁ – ဗီ ဒဗလျူ ရော့ဒ်ဝဲလ်နှင့် သူ၏ သုတေသနအဖွဲ့သည် ဓာတ်ပြုပစ္စည်း အိပ်ချ် အမ် ဂျီ–ကို အေရီဒတ်တေ့စ် အရေးကြီးပုံကို ပြသခဲ့သည်။ ယင်းဓာတ်ပြုပစ္စည်းသည် ကိုလက်စထရော ထုတ်လုပ်မှုတွင် အဓိက သော့ချက်ဖြစ်ကြောင်း ပြသနိုင်ခြင်းဖြင့် ယင်းသည် နှလုံးရောဂါ ကုသရာတွင် အသုံးပြုနိုင် မပြုနိုင် သုတေသနများ ဆက်လက်ပြုလုပ်ရန်လိုကြောင်း ဖော်ပြခဲ့သည်။

၁၉၇၂ – သွေးတွင်း ကိုလက်စထရောဓာတ်ကို လျှော့ချခြင်းဖြင့် နှလုံးရောဂါ ဖြစ်ပွားမှုအန္တရာယ် ပိုနည်းစေနိုင်သည်ဟူသောအဆိုကို စတင် တင်ပြခဲ့သည်။ ၁၂ နှစ်ကြာ လေ့လာတွေ့ရှိချက်များအရ ပြည့်ဝအဆီနှင့် ကိုလက်စထရောနည်းသော အစားအသောက်များ လျှော့စားပြီး မပြည့်ဝသော အဆီများကို တိုးချဲ့စားသုံးခြင်းဖြင့် နှလုံးသွေး ကြော ကျဉ်း ခြင်း ကြောင့် ဖြစ် သော နှလုံးရောဂါကြောင့် သေဆုံးမှုမှာ ယောကျ်ားများတွင် ၅၃ ရာနှုန်း လျော့ကျသွားပြီး မိန်းမများတွင် ၃၄ ရာနှုန်း လျော့ကျသွားသည်ဟု ထုတ်ပြန်ခဲ့သည်။ သို့သော် ယင်း စမ်းသပ်လေ့လာသူများတွင် ပါဝင်ခဲ့သူဦးရေမှာ အလွန် နည်းသဖြင့် အတိအကျဖြစ်နိုင်သည်ဟု မယူဆနိုင်ခဲ့ပါ။

၁၉၇၃ – တက်ဆက်စ်တက္ကသိုလ်မှ ဒေါက်တာ မိုက်ကယ် အက်စ် ဘရောင်းနှင့် ဒေါက်တာ ဂျိုးဇက် အယ်လ် ဂိုးလ်စတိုင်း တို့က သိပ်သည်းမှု နည်းသော အဆီဓာတ်ကို လက်ခံနိုင်စွမ်းရှိသော လက်ခံများ (L D L Receptors) ကို တွေ့ရှိ ဖော်ထုတ်နိုင်ခဲ့သည်။ ဤလက်ခံများရှိသော ကလာပ်စည်းများသည် သွေးထဲတွင်ရှိသော ကိုလက်စထရောဓာတ်ကို ဖယ်ရှားပေးကြသည်။ သို့ဖြင့် သွေးတွင်း ကို လက် စ ထ ရော ဓာတ် များ လွန်း နေ သော ရော ဂါ (Hypercholestrolaemia) ကို ထိရောက်စွာကုသရေး၏ အဓိကသော့ချက်ကို တွေ့ရှိလာကြသည်။

၁၉၇၅ – ဓာတုဗေဒဆိုင်ရာ နိုဗဲဆုကို ဩစတြေးလျနိုင်ငံမှ ဂျေ ဒဗလျူ ကော်န်ဖို့ အား ချီးမြှင့်ခဲ့သည်။ ကိုလက်စထရော၏ တည်ဆောက်ပုံနှင့် ပတ်သက်၍ ပိုမို ရှင်းလင်းစေနိုင်သောကြောင့် ဖြစ်သည်။

၁၉၇၆ – အေအင်ဒို ခေါင်းဆောင်သော ဂျပန်သုတေသနပညာရှင်များသည် ဓာတ်ပြုပစ္စည်း အိပ်ချ်အမ်ဂျီကို အေရီဒတ်တေ့စ်ကို ဆန့်ကျင် တားဆီးနိုင်သောဓာတ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းဓာတ်ကို ကွန်ပက်တင်ဟု ခေါ်တွင်ပြီး မှိုတစ်မျိုးမှ ထုတ်လုပ်ရရှိခြင်းဖြစ်သည်။

၁၉၇၈ – အမေရိကန်နိုင်ငံရှိ မဉ့်ရှပ်ပ်နှင့် ဒုမ်း သုတေသနဓာတ်ခွဲခန်းမှ အေ ဒဗလျူ အယ်လ်ဘတ်စ်နှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များသည် အိပ်ချ် အမ် ဂျီ ကို အေ ရီဒတ်တေ့စ် ဓာတ်ပြုအင်ဇိုင်းကို ဆန့်ကျင်တားဆီးနိုင်သော နောက်ဓာတ်တစ်မျိုးကို ထပ်မံတွေ့ရှိလာကြသည်။ ယင်းဓာတ်ကို တွေ့စဉ် မီဗိုနိုလင်းဟု ခေါ်တွင်ပြီး နောင်တွင် လိုဗာစတက်တင်ဟု အမည်ပေးကြသည်။ ယင်းဓာတ်ကို မြေကြီးမှိုမှ ၁၉၇၀ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ယူနိုင်ခဲ့ပြီး ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် ယင်းဓာတ်၏ တည်

ဆောက်ပုံကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ကနဦး လေ့လာစမ်းသပ်မှုများအရ တွေ့ရှိသော ဓာတ်ပေါင်းအသစ်သည် ယခင်တွေ့ရှိခဲ့သော ကွန်ပက်တင်ထက် နှစ်ဆ၊ သုံးဆ ပို၍ အားကောင်းသည်ကို တွေ့ရှိရသည်။ သို့ဖြင့် ယင်းကို တိရစ္ဆာန်များတွင် စတင်စမ်းသပ် အသုံးပြုကြသည်။

၁၉၇၀ – မိနီဆိုတာတက္ကသိုလ် ဆေးပညာသင်ကျောင်းမှ အေကီးစ်သည် နိုင်ငံပေါင်း ခုနစ်နိုင်ငံ (ဖင်းလန်၊ ဂရိ၊ အီတလီ၊ ဂျပန်၊ နယ်သာလန်၊ ယူအက်စ်နှင့် ယူဂိုစလပ်ဗီးယား)မှ လူပေါင်း ၁၂,၇၆၃ ယောက်၏ သွေးတွင်း ကိုလက်စထရောဓာတ်ကို ဆယ်နှစ်တာ လေ့လာခဲ့ပြီးနောက် သူ၏တွေ့ရှိချက်များကို ထုတ်ပြန်သည်။ သူ၏ တွေ့ရှိချက်အရဆိုလျှင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံရှိ လူများ၏ သွေးတွင်း ကိုလက်စထရောဓာတ် ပမာဏမှာ တူညီမှု မရှိသော်လည်း သွေးတွင်း ကိုလက်စထရောဓာတ် ပမာဏ မြင့်မားမှုနှင့် သွေးကြောကျဉ်း နှလုံးရောဂါ ဖြစ်ပွားမှုတို့မှာ ဆက်စပ်မှုရှိသည်ဟု ဆိုသည်။

သွေးတွင်းကိုလက်စထရော သိပ်မမြင့်သော ဂျပန်နိုင်ငံနှင့် ယူဂိုဆလပ်ဗီးယားနိုင်ငံ ကျေးလက်ရှိ ယောကျ်ားများသည် ၁၀ နှစ်အတွင်း နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုမှာ လူ ၁၀၀၀ တွင် ငါးယောက်ထက်နည်းသည်ဟု ဆိုပါသည်။ သွေးတွင်း ကိုလက်စထရောဓာတ် ပမာဏ မြင့်မားနေသော ဖင်းလန် နိုင်ငံရှိ ယောကျ်ားကြီးများမှာ နှလုံးသွေးကြောကျဉ်း ရောဂါကြောင့် သေဆုံးရမှုမှာ ၁၄ ဆ ပို၍မြင့်မားကြောင်းကို တွေ့ရှိခဲ့သည်ဟုလည်း ထုတ်ပြန်ဖော်ပြသည်။

အမေရိကန်နိုင်ငံမှ ပညာရှင်များကလည်း ၂၄ နှစ်ကြာ လေ့လာတွေ့ရှိချက်များအရ သွေးတွင်း ကိုလက်စထရောဓာတ် မြင့်မားခြင်းသည် သွေးကြောကျဉ်းနှလုံးရောဂါ ဖြစ်စေနိုင်သော အဓိကအကြောင်း ဖြစ်သည်ဟု ဆိုသည်။ ဆေးလိပ်သောက်သူများ သွေးတိုးရောဂါ ဖြစ်တတ်သည့် အတိုင်းပင် ဖြစ်သည်ဟု ဆိုသည်။ သူတို့၏ လေ့လာတွေ့ရှိချက်အရ သိပ်သည်းမှု မြင့်မားသော ကိုလက်စထရောများလျှင် သွေးကြောကျဉ်း နှလုံးရောဂါ ဖြစ်ပွားမှု လျော့နည်းပြီး သိပ်သည်းမှုနည်းသော ကိုလက်စထရောဓာတ် မြင့်မားနေမှုကသာ သွေးလွှတ်ကြောနံရံများကို ထူစေ၊ ကျဉ်းစေရာတွင် အဓိက ပါဝင်သည်ဟူ၍ပင် ဖြစ်သည်။

၁၉၇၁ – အော့စလို နှလုံးရောဂါစမ်းသပ်မှု အဖွဲ့ကလည်း ငါးနှစ်တာ လေ့လာစမ်းသပ်မှုများမှ တွေ့ရှိချက်များကို ထုတ်ပြန်ခဲ့သည်။ သူတို့ကပြည့်ဝအဆီနှင့် ကိုလက်စထရောဓာတ်နည်းသော အစားအစာများကို စားပြီး ဆေးလိပ်လုံးဝဖြတ်လိုက်လျှင် သွေးကြောကျဉ်း နှလုံးရောဂါဖြစ်ပွားမှု အန္တရာယ်မှ သိသိသာသာ ကျသွားကြောင်း ပြသခဲ့သည်။ ယင်းကုသမှုကြောင့် နှလုံးခုန်ရပ်၍ သေဆုံးခြင်းနှင့် ရင်ဘတ်နာခြင်းမှာ ကုသမှု မခံယူသူများထက် ၄၇ ရာနှုန်း လျော့ကျသွားသည်ဟု ဆိုသည်။ သို့သော် အဆီဓာတ်နှင့် နှလုံးရောဂါ ဆက်စပ်မှုကိုမူ အပြည့်အဝ သက်သေ မပြနိုင်ခဲ့ပါ။ အကြောင်းမူ ကိုလက်စထရောဓာတ်လျော့၍ နှလုံးရောဂါ သက်သာခြင်းနှင့် ဆေးလိပ်ဖြတ်ခြင်းကြောင့် နှလုံးရောဂါ သက်သာခြင်းကို သေသေချာချာ ခွဲခြားပြသနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။

၁၉၇၄ – အမေရိကန်ပြည်ထောင်စု သွေးကြောကျဉ်းနှလုံးရောဂါ ကာကွယ်ရေးနှင့် အဆီဓာတ်လေ့လာရေးအဖွဲ့က "အဆီဓာတ်နှင့် နှလုံးရောဂါဆက်စပ်မှု" အဆိုကို ထောက်ခံသည့် ပထမဦးဆုံးသော တွေ့ရှိချက်ကို ထုတ်ပြန်ခဲ့သည်။ သူတို့၏စမ်းသပ်မှုတွင် ယောကျ်ားပေါင်း ၄၀၀၀ ပါဝင်ပြီး သူတို့ကို သွေးတွင်း ကိုလက်စထရောဓာတ်ကို လျော့နည်းစေသည့် ကိုလက်စထရာမင်း (Cholestyramine) ဆေးကို သုံးစေခြင်းဖြင့် သွေးကြောကျဉ်း နှလုံးရောဂါကြောင့် ရင်ဘတ်နာခြင်း ၁၉ ရာခိုင်နှုန်း လျော့ကျသွားသည်ကို တွေ့ရှိရသည်။ သို့ဖြင့် ကိုလက်စထရောဓာတ်နည်းသော အစားအသောက်စားခြင်း တစ်ခုတည်းကလည်း သွေးတွင်း ကိုလက်စထရောဓာတ်ကို ကျစေနိုင်သည်ဟု ယူဆနိုင်သည်။

၁၉၇၅ – သွေးတွင်း ကိုလက်စထရောဓာတ်ကို လျော့နည်းစေခြင်းဖြင့် နှလုံးရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ အခြေခံမူများကို ချမှတ်နိုင်ရန် သဘောတူညီမှုများ ရနိုင်ရန် အမေရိကန်ပြည်ထောင်စု၌ ညီလာခံတစ်ခုကို ကျင်းပခဲ့သည်။ ယင်းညီလာခံကို အမျိုးသား ကျန်းမာရေးတက္ကသိုလ် (NIH) က ကမကထပြု၍ ကျင်းပခဲ့သည်။

ဆေးပညာဆိုင်ရာ နိုဗယ်ဆုကို ဒေါက်တာ ဘရောင်းနှင့် ဒေါက်တာဂိုးလ်စတိုင်းအား ချီးမြှင့်ခဲ့သည်။ သိပ်သည်းမှုနည်းသော အဆီဓာတ်လက်ခံများနှင့် ပတ်သက်သော သူတို့၏ သုတေသနပြုချက်၊ တွေ့ရှိချက်များအတွက် ဖြစ်သည်။ (စွယ်စုံနှစ်ချုပ်၁၉၇၆ – စာ၊ ၂၀၃ — ရှု။)

၁၉၇၆ – ဥရောပဆိုင်ရာ သွေးကြောကျဉ်းမှု လေ့လာရေးအဖွဲ့က သွေးကြောကျဉ်း နှလုံးရောဂါ ကာကွယ်ရေးအတွက် နည်းဗျူဟာကို ထုတ်ပြန် ကြေညာခဲ့သည်။ ယင်းတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ နှလုံးနှင့် သွေးကြောဆိုင်ရာ ကျွမ်းကျင်သူ ပါရဂူများက ပါဝင်ရေး သားထောက်ခံထားပြီး သွေးတွင်း ကိုလက်စထရောဓာတ် မြင့်မားခြင်းကို ကာကွယ်ရန်၊ စောစောသိနိုင်ရန်နှင့် ကုသရန်ကို အလေးထား ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

သူတို့၏ မူဝါဒများသည် ၁၉၇၅ ခုနှစ် အမေရိကန် ပြည်ထောင်စု အမျိုးသား ကျန်းမာရေး တက္ကသိုလ်များက ချမှတ်ထုတ်ပြန်သော မူဝါဒများနှင့် အတော်များများ တူညီသည်။

၁၉၇၃ ဇွန် – ကာလီဖိုးနီးယားတက္ကသိုလ် ဆေးပညာသင် ကျောင်းမှ ဒေါက်တာ ဒီ ဘလက်ကင်ဟွန်းနှင့် သူ၏အဖွဲ့က သွေးတွင်း ကိုလက်စထရောခတ် ပမာဏကို သိသိသာသာ လျော့ချလိုက်လျှင် သွေးလွှတ်ကြောနံရံများ ထူထဲကျဉ်း မြောင်းခြင်းမှ တဖြည်းဖြည်း နှေးကွေးသွားကြောင်းကို ဖော်ပြခဲ့သည်။ နှလုံးသွေးလွှတ်ကြောများကို ခတ် မှန် ရိုက်ကြည့်သော နည်းများ သုံးခြင်းဖြင့် ယင်းသို့ တွေ့ရှိ ဖော်ထုတ်နိုင်ခဲ့သည်။

၁၉၇၇ စက်တင်ဘာ – လိုဗာစတက်တင်ကို အမေရိကန် ပြည်ထောင်စု အစားအသောက်နှင့် ဆေးထိန်းချုပ်မှု အဖွဲ့ (USFDA) က ကိုလက်စထရောခတ် လျော့စေသော ဆေးအဖြစ် အခြား ကိုလက်စထရော နည်းသော အစားအသောက်များနှင့် ဆေးဝါးကုသမှုများနှင့် တွဲသုံးနိုင်သည်ဟု ခွင့်ပြုခဲ့သည်။

၁၉၇၇ အောက်တိုဘာ – အမျိုးသား ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များက အမေရိကန် ပြည်ထောင်စုတွင် သွေးဘွင်းကို လက်စထရော မြင့်မားနေသော လူကြီးများ အား သမားတော်များက မည်သို့ ကုသသင့်သည်ဟူသော လမ်းညွှန် အသေးစိတ်များကို ပထမဦးဆုံး ထုတ်ပြန် သည်။

၁၉၇၈ နိုဝင်ဘာ – ဟောင်ကောင်ရှိ ဆေးနှင့်ကျန်းမာရေး ဆိုင်ရာဌာနက လိုဗာစတက်တင်ကို မှတ်ပုံတင် ထုတ်လုပ် အသုံးပြုရန် ထောက်ခံခဲ့သည်။

၁၉၇၉ မတ် – မဲ့ာက်ရှပ်နှင့်ဒုမ်းမှ ထုတ်လုပ်သော လိုဗာ စတက်တင်ကို မက်ဗာကော အမည်ဖြင့် ဟောင်ကောင် တွင် ဝယ်ယူအသုံးပြုနိုင်ပြီ ဖြစ်သည်။ ယင်းသည် အရှေ့ ဖျားဒေသတွင် ပထမဦးဆုံး ထုတ်လုပ်သော အိပ်ချိ အမ်ဂျီ–ကို အေရီဒတ်တော့စ်အင်ဇိုင်းကို တားဆီးဟန့်တားနိုင် သည့်ဓာတ် (ဝါ) ဆေးပင်ဖြစ်သည်။

ကင်ဆာရောဂါ ကာကွယ်ကုသခြင်း။ ။ကင်ဆာ ရောဂါသည် လူကို သေစေသော အဓိက အကြောင်း တစ်ခု ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌ ကင်ဆာ ကြောင့် သေဆုံးမှုများသည် နှစ်စဉ် ငါးရာခိုင်နှုန်းခန့် တက်နေသည်ဟု သိရပြီး ကော့ဂက်စတင်းရီဆာ့ တက္ကသိုလ် ဆေးကျောင်းမှ ဒေါက်တာအက်ပ်စတိန်း၏ အလိုရမှု ကင်ဆာရောဂါ ဖြစ်ပွားနှုန်းသည် ၁၉၀၀ ပြည့်နှစ်မှစ၍ သုံးဆမျှမြင့်တက်ခဲ့ကြောင်း၊ ဤသို့ဖြစ်သည်မှာ လူတို့၏

သက်တမ်း ပိုရှည်လာမှုနှင့် ပတ်ဝန်းကျင်၏ ညစ်ညမ်း မှုများ တိုးလာ၍ ဖြစ်ကြောင်း ထုတ်ဖော် ပြောကြား သည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကလည်း ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်း တိုးတက်လာသည်မှာ ပတ်ဝန်းကျင်ကြောင့် ၇၅ ရာခိုင်နှုန်း ဖြစ်ရသည်ဟု ကြေညာသည်။ ဤအကြောင်းများထဲတွင် အစားကျွေး ခြင်း၊ ဆေးလိပ် သောက်ခြင်း၊ အရက်သောက်လွန်ခြင်း၊ နေရောင်ခြည် ခံရလွန်းခြင်း၊ စက်ရုံအလုပ်ရုံမှ အဆိပ်ငွေ့ များ ရှူရှိုက်ရခြင်း၊ ကင်ဆာဖြစ်စေသော ပလတ်စတစ် စသည့် အရာဝတ္ထုများဖြင့် ပြုလုပ်ထားသည့် လူအသုံး အဆောင်များကို သုံးစွဲကြခြင်းတို့ ပါဝင်သည်။

စင်စစ်ကင်ဆာရောဂါသည် ပတ်ဝန်းကျင်ကြောင့်သာ မက မျိုးရိုးဗီဇ၊ မွေးရာပါ ကလာပ်စည်း ပျက်စီးမှု၊ ဗိုင်းရတ်ပိုးများနှင့် အကျုံးမှုရောင်ခြည်၊ အကျုံးမှုရောင်ခြည် ကြွ မစ္စည်းများကြောင့်လည်း ဖြစ်ရသည်။

ကင်ဆာရောဂါသည် ကျားမ မဟူ၊ အသက်ကြီးငယ် မရွေး၊ လူမျိုးဘာသာမရွေးဖြစ်နိုင်ရာ စာရင်းကောက်ယူမှု အတိအကျရှိသော အမေရိကန်ပြည်ထောင်စု၌ ကိုယ်အင်္ဂါ အစိတ် အပိုင်း အလိုက် ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်။


(က) ယောကျ်ားများ၌ ကင်ဆာဖြစ်ပွားမှု ရာခိုင်နှုန်း

– အဆုတ်ကင်ဆာ	၃၃
– အစာအိမ်လမ်းကြောင်းကင်ဆာ	၁၅
– အူမနှင့် မစင်အိမ်ကင်ဆာ	၁၂
– ပရောစတိတ်ကင်ဆာ	၁၀
– လူကီးမီးယားနှင့် လင့်အကျိတ်ကင်ဆာ	၉
– ဆီးလမ်းကြောင်းကင်ဆာ	၅
– ပါးစပ်ကင်ဆာ	၃
– အရေပြားကင်ဆာ	၁
– အခြားကင်ဆာများ	၁

(ခ) မိန်းမများ၌ ကင်ဆာဖြစ်ပွားမှု ရာခိုင်နှုန်း

– ရင်သားကင်ဆာ	၂၀
– အူမနှင့် မစင်အိမ်ကင်ဆာ	၁၅
– အစာအိမ်လမ်းကြောင်းကင်ဆာ	၁၄
– အဆုတ်ကင်ဆာ	၁၁
– လူကီးမီးယားနှင့် ပင့်အကျိတ်ကင်ဆာ	၉
– သားအိမ်ကင်ဆာ	၇
– မမျိုးညအင်္ဂါကင်ဆာ	၆
– ဆီးလမ်းကြောင်းကင်ဆာ	၃
– အရေပြားကင်ဆာ	၁

ကင်ဆာရောဂါကာကွယ်ကုသခြင်း



ကင်ဆာအကျိတ်ကို ''အံဖွယ်ကျည်ဆန်'' ကဲ့သို့ ပစ်ခွင်းခြေဖျက်နိုင်သော မျိုးတူကိုယ်ပွားပစ္စည်းသုံးကိရိယာ

– ပါးစပ်ကင်ဆာ ၁
– အခြားကင်ဆာများ ၁၃

အမေရိကန် ကင်ဆာရောဂါအသင်းကြီးကမူ ကင်ဆာရောဂါ မဖြစ်ပွားရန်အတွက် အနေအထိုင် အစားအသောက် ဆင်ခြင်ရန် လိုအပ်သကဲ့သို့ ကင်ဆာရောဂါဖြစ်ပွား မဖြစ်ပွား စောစီးစွာ သိရန်နှင့် ဖြစ်ပွားပါက လိုအပ်သလို ချက်ချင်း ကုသမှုခံယူခြင်းဖြင့် အသက်ရှည်စွာ ဆက်နေထိုင်နိုင်ရန် အောက်ပါအတိုင်း ကင်ဆာရောဂါရှိ မရှိ စမ်းသပ်စစ်ဆေးခံကြရန် အကြံပေးသည်။

(၁) သားအိမ်ခေါင်းကင်ဆာ ရှိမရှိပက် စမ်းသပ်ချက် (Pap Test) ကို သုံးနှစ်တစ်ခါနှင့် စိုးရိမ်ရသူများ၌ တစ်နှစ်တစ်ခါ။

(၂) ရင်သားကင်ဆာရှိ မရှိ ဓာတ်မှန်ရိုက်ခြင်း (Baseline Mammogram)ကို တစ်နှစ် တစ်ခါ သို့မဟုတ် သံသယရှိတိုင်း။

(၃) မိန်းမများခန္ဓာကိုယ်အောက်ပိုင်း ဆေးစစ်ခံခြင်းကို တစ်နှစ်တစ်ခါ။

(၄) စအိုနှင့်မစင်အိမ်စစ်ဆေးခြင်းကို သုံးနှစ်တစ်ခါ။ အသက် ၄၀ ကျော်သူများ၌ တစ်နှစ်တစ်ခါ။

(၅) အသည်းကင်ဆာနှင့် အဆုတ်ကင်ဆာရှိ မရှိကို သံသယဖြစ်ဖွယ်ရှိသူများ၌ လိုအပ်သလို စမ်းသပ်ရန်။ (ဥပမာအားဖြင့် အဘည်းကြပ် ရောဂါရှသူများ၌ အသည်းကင်ဆာ ဖြစ်နေ မဖြစ်နေနှင့် အဆုတ်မှ သလိပ်ထွက်သူ၊ သွေးအန်သူနှင့် ဆေးလိပ်သောက်လွန်းသူများ၌ အဆုတ်ကင်ဆာ ရှိမရှိသိရန် သလိပ်ကို စမ်းသပ်ခြင်း။)

အမျိုးသမီးများနှင့် သားမြတ်ကင်ဆာ

သားမြတ်ကင်ဆာ ဖြစ်လွယ်ဖြစ်နိုင်သော အမျိုးသမီးများအဖို့ ရောဂါပျိုးချိန်တွင် သိရှိနိုင်ရန် အောက်ပါအချက်အလက်များကို မှတ်သားသင့်သည်။

အသက်အရွယ်အားဖြင့် ၂၅ နှစ် ကျော်လျှင် အမျိုးသမီးများသည် မိမိတွင် သားမြတ်ကင်ဆာရှိ မရှိ သတိချပ်သင့်ပေသည်။ သားမြတ်ကင်ဆာ ဖြစ်သူများအနက် ၈၀ ရာခိုင်နှုန်းသည် အသက် ၄၀ ကျော် အမျိုးသမီးများတွင် ဖြစ်ပေသည်။

မျိုးရိုးတွင် သားမြတ်ကင်ဆာ ဖြစ်သူရှိခဲ့လျှင်၊ အထူးသဖြင့် မိခင် သို့မဟုတ် ညီအစ်မများတွင် သားမြတ်ကင်ဆာဖြစ်ခဲ့လျှင် ထိုအမျိုးသမီးအဖို့ သားမြတ်ကင်ဆာပိုဖြစ်တတ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ဖြစ်ရာ သားမြတ်ကင်ဆာကို ဆောလျှင်စွာ သိရှိနိုင်ရန်အတွက် အမျိုးသမီးများသည် မိမိတို့၏သားမြတ်ကို တစ်လတစ်ခါ၊ ရာသီလာပြီး တစ်ပတ်အကြာတွင် မူမှန်မဟုတ်သော အလုံးများ ထူထပ်လာခြင်းများ ရှိမရှိ လက်ချောင်းများဖြင့် ဖိ၍ ကိုင်တွယ်စမ်းသပ်ကြည့်ရပေမည်။ သွေးဆုံးပြီးသော အမျိုးသမီးများ အတွက် တစ်လတွင် ရက်တစ်ရက် သတ်မှတ်ပြီး ထိုရက်ရောက်တိုင်း တစ်လတစ်ခါ စမ်းသပ်ကြရမည်ဖြစ်သည်။

ဆရာဝန်များအနေနှင့်လည်း အမျိုးသမီးလူနာများကို ကုသရာတွင် သားမြတ် စမ်းသပ်ခြင်းကို ချန်လှပ်မထားသင့်ပေ။ ဤသို့ စမ်းသပ်ရာတွင် တွေ့ရှိသော ဒေလုံးနှင့် ပတ်သက်၍ ဆက်လက်ပြီး အလုံး၏သဘာဝကို သိရှိရသည်အထိ ပြုလုပ်ပေးရပေမည်။

အတိကျဆုံးနှင့် အထိရောက်ဆုံး စမ်းသပ်နည်းတစ်ခုမှာ သားမြတ်ဓာတ်မှန်ရိုက်ခြင်းပင် ဖြစ်သည်။ ဤနည်းဖြင့် အလုံး မပေါ်သေးသော ကင်ဆာနှင့် သေးငယ်သော သားမြတ်ကင်ဆာတို့ကိုပင်လျှင် တွေ့ရှိ သိမြင်နိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် လက်ဖြင့်စမ်းသပ်ခြင်းနှင့် သားမြတ် ဓာတ်မှန်ရိုက်ခြင်းဟူသော စမ်းသပ်ချက်နှစ်ခု ပေါင်းစပ် ဆောင်ရွက်လျှင် ပို၍ထိရောက်ကြောင်း သိရှိရသည်။ သို့သော် သားမြတ် ဓာတ်မှန်ရိုက်ခြင်းဖြင့် အလုံး မတွေ့သော်လည်း ဆေးပညာရှင်များအနေနှင့် ဆေးပညာအမြင်အားဖြင့် သားမြတ်ကင်ဆာဟု ယူဆရသော လက္ခဏာများကို တွေ့ရှိပါက ခွဲစိတ်ဖြတ်ထုတ်ရမည်ပင်ဖြစ်သည်။

သို့ဖြစ်၍ သားမြတ်ဓာတ်မှန်ရိုက်ခြင်းကို အသက် ၃၅ နှစ်ကျော်သော အမျိုးသမီးတိုင်း စတင် ရိုက်ထားသင့်လေသည်။ ထို့နောက် နှစ်နှစ် သို့မဟုတ် နှစ်နှစ်တစ်ခါ ဆက်လက်ရိုက်ရန် လိုအပ်ပေသည်။ သားမြတ်ကင်ဆာ မျိုးရိုးရှိသော အမျိုးသမီးများအတွက်မူ ၃၅ နှစ်ထက် စောလျှင် သားမြတ် ဓာတ်မှန်ရိုက်ပေးရန် လိုပေလိမ့်မည်။

တိုးတက်သော အနောက်နိုင်ငံများတွင် ဓာတ်မှန်ရိုက်သောနည်းအပြင် အခြားဆန်းသစ်လှသော နည်းများဖြင့် နေသော သားမြတ်ကင်ဆာ ရှာဖွေခြင်းကို ဆောင်ရွက်နေပြီ ဖြစ် သော် လည်း လက် တွေ့ အား ဖြင့်မူ သားမြတ် ဓာတ်မှန်ရိုက်သောနည်းသည် အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိရလေသည်။ ယင်းအခြားသောနည်းတို့မှာ အမျိုးမျိုးရှိရာ အနီအောက်ရောင်ခြည်သုံး အပူချိန် ပုံတင်နည်း (Infrared thermography)၊ အရည် ခရစ် စတယ် သုံး အပူချိန်ပုံတင်နည်း (Liquid crystal thermography) ကွန်ပျူတာသုံး အပူချိန်ပုံတင်နည်း (Computerized thermography)၊ မိုက်ကရိုလှိုင်းပုံဖော်နည်း (Microwave imaging) စသည်တို့ဖြစ်သည်။

၁၉၇၉ ခုနှစ်ဦးပိုင်းတွင် ဩစတြေးလျနိုင်ငံ မဲလဘုန်း တက္ကသိုလ်ရှိ ကင်ဆာနှင့် အစားထိုးကုသခြင်း သုတေသန ဗဟိုဌာနက သိပ္ပံဆေးပညာရှင်များ၏ တွေ့ရှိချက်အရ သားမြတ်ကင်ဆာဟု ယူဆရသော အမျိုးသမီးများကို သွေးစစ်ကြည့်ရာတွင် ကင်ဆာရောဂါတွင် တက်လေ့ရှိသော သွေးရည်ကြည်ထဲရှိ သားမြတ်ပင်ဋိပစ္စည်း (Mammary serum antigen) သည် ၇၆ ရာနှုန်းသော အမျိုးသမီးများတွင် တက်နေကြောင်း တွေ့ရှိရသည်။ ယင်း ၇၆ ရာနှုန်းသော အမျိုးသမီးများသည် နောင်တွင် သားမြတ်ကင်ဆာ ဖြစ်လာကြလေသည်။ ထိုသားမြတ်ကင်ဆာဟု ယူဆရသော အမျိုးသမီးများကိုပင် သားမြတ် ဓာတ်မှန်ရိုက်ကြည့်ရာ ၅၄ ရာနှုန်းသာ ကင်ဆာလက္ခဏာ တွေ့ရှိရသည်။ သို့ဖြစ်၍ သွေးစစ်သောနည်းနှင့် သားမြတ်ဓာတ်မှန်ရိုက်ခြင်းကို ပြိုင်တူတစ်ပြိုင်နက်ပြုလုပ်ပါက ၈၉ ရာနှုန်းသော သားမြတ်ကင်ဆာတို့ကို ဆောလျင်စွာ ရှာဖွေတွေ့နိုင်သည်ဟုဆိုသည်။ တစ်ဖန် သွေးစစ်ခြင်းသည် သားမြတ် ဓာတ်မှန်ရိုက်ခြင်းဖြင့် မတွေ့ရှိနိုင်သော ကင်ဆာကိုပင် တွေ့ရှိနိုင်သည်ဟု သိရသည်။

သားမြတ်ကင်ဆာသည် ဆောလျင်စွာသိရလျှင် ကုသမှု ခံယူနိုင်သည့်ပြင် ပျောက်ကင်းနိုင်သည့်အတွက် အမျိုးသမီးမျာအနေနှင့် ရင်သားစမ်းသပ်ခြင်း၏ အရေးကြီးပုံကို သတိချပ်သင့်ပေသည်။ ဆရာဝန်များအနေနှင့်လည်း အမျိုးသမီးလူနာများကို စမ်းသပ်ပေးရုံမက မိမိဘာသာ စမ်း သပ် သင့် ကြောင်း ပညာ ပေး သင့် လှ ပေ သည်။ သားမြတ်ဓာတ်မှန်ကိရိယာရှိသောဌာနများတွင် သားမြတ်ကင်ဆာဖြစ်လွယ်သော အမျိုးသမီးများကို ဓာတ်မှန်ရိုက်ပေးသင့်ပေသည်။ ဤသို့ ဆန်ခါတင် ရွေးချယ်ပေးလိုက်ခြင်းအားဖြင့် ကုသနိုင်သော သူများကို ကုသပေးနိုင်သောကြောင့် အသက်ဘေးမှကင်းဝေးအောင် ဆောင်ရွက်ပေးနိုင်ပေလိမ့်မည်။

သို့ဖြစ်၍ သားမြတ်ကင်ဆာ၏ ရှေ့ပြေးလက္ခဏာများကို အမျိုးသမီးတိုင်း သိရှိသင့်ပေသည်။ ထိုလက္ခဏာတို့မှာ

(၁) သားမြတ်ထဲတွင် အလုံးများ စမ်းသပ်မိခြင်း၊
(၂) သားမြတ် ပုံပန်း သဏ္ဌာန် ယခင်နှင့် မတူ ပြောင်းလဲခြင်း၊
(၃) သားမြတ် သို့မဟုတ် နို့သီးခေါင်းတစ်ဖက်မှာ မူရင်းနေရာထက် ပို၍မြင့်တက်နေခြင်း၊
(၄) နို့သီးခေါင်း သားမြတ်အတွင်းသို့ ချိုင့်ဝင်ခြင်း သို့မဟုတ် နိမ့်ဆင်းသွားခြင်း၊
(၅) သားမြတ်အရေပြား ချိုင့်ဝင်ခြင်း၊
(၆) နို့သီးခေါင်းပတ်လည် အနီကွက်ထွက်ခြင်း၊
(၇) နို့သီးခေါင်းမှ သွေး သို့မဟုတ် အရည်တစ်မျိုးမျိုးထွက်ခြင်း၊
(၈) ကျိုင်း (ချိုင်းကြား) တွင် ရောင်ရမ်းနေသော သို့မဟုတ် ကြီးနေသောအကျိတ် စမ်းမိခြင်း၊
(၉) သားမြတ် အရေပြားပေါ်တွင် ကုသ၍ မပျောက်ကင်းနိုင်သော အနာစိုရှိခြင်းတို့ ဖြစ်သည်။



ရင်သားကင်ဆာကို အချိန်မီကုသနိုင်ရန် ဆေးစစ်ပို့လိုသည်။

အမျိုးသမီးများနှင့် သားအိမ်ခေါင်းကင်ဆာ

သားအိမ်ခေါင်း (သားအိမ်လည်တံ) ကင် ဆာ သည် အမျိုးသမီးများအတွက် သားမြှတ်ကင်ဆာပြီးလျှင် ဒုတိယ အကြောက်ရဆုံး ကင်ဆာဖြစ်သည်။ ယခုအခါ ပက်ပင်နီကူလောင်း စမ်းသပ်ချက် ပေါ်လာပြီးနောက် သားအိမ်ခေါင်း ကင်ဆာရောဂါဖြစ်ပွားမည့် ကမ္ဘာ့အမျိုးသမီးများအတွက် မျှော်လင့်ချက်ရောင်ခြည် ထွန်းတောက်ခဲ့လေပြီ။

ပက်ပင်နီကူလောင်း စမ်းသပ်ချက်ကို စတင်ရှာဖွေတွေ့ရှိသူမှာ ဒေါက်တာ ဂျော့ အင်န် ပက်ပင်နီ ကူလောင်း ဖြစ်ပြီး သူသည် ဤစမ်းသပ်နည်းကို ၁၉၂၀ ပြည့်နှစ်ကပင် စတင် တီထွင်ခဲ့ခြင်း ဖြစ်သည်။ ဤစမ်းသပ်မှုသည် လွယ်ကူ၍ နာကျင်မှုကင်းပြီး သားအိမ်ခေါင်း ကင်ဆာကို အစောဆုံး သိရှိနိုင်သည့်နည်း ဖြစ်သည်။ ဤနည်းတွေ့ရှိပြီးသည်နှင့် တစ်ပြိုင်နက် ကုသမှုကိုခံယူလျှင် သားအိမ်ခေါင်းကင်ဆာရောဂါသည် လုံးဝ ပျောက်ကင်းသွားနိုင်သည်ကို တွေ့ရသည်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်နေသည်ကို အခြားနည်းဖြင့် လုံးဝစမ်းသပ်၍မရမီကပင် ပက်ပင်နီကူလောင်းနည်းဖြင့် ကြိုတင်၍ သိနိုင်ပေသည်။ ပက် စမ်းသပ်နည်းသည် သားအိမ်ခေါင်းအဝန့်ဝ် မိန်းမကိုယ် အရင်းပိုင်းတွင်ရှိသော ကလာပ်စည်းများကို ခြစ်ယူ၍ ကလာပ်စည်းများ၏ ပြောင်းလဲချက်များကို အဏုကြည့်မှန်ဘီလူးဖြင့် လေ့လာခြင်းပင်ဖြစ်သည်။ သားအိမ်ခေါင်းဝရှိကလာပ်စည်းများကို လေ့လာပြီး တွေ့ရှိချက်ကို အဆင့်ငါးဆင့်ဖြင့်ခွဲ၍ တင်ပြကြသည်။ ပထမဆင့်နှင့် ဒုတိယအဆင့်သည် ကလာပ်စည်းများ ပြောင်းလဲမှု မရှိ၍ ရောဂါ မတွေ့ရှိရသော သာမန်အဆင့်ဖြစ်သည်။ တတိယဆင့်တွင် ကလာပ်စည်းတို့၏ ပြောင်းလဲမှုများ စတင်ဖြစ်ပေါ်နေပြီကို တွေ့ရသည်။ စတုတ္ထဆင့်တွင် သားအိမ်ခေါင်း ကလာပ်စည်းများသည် ကင်ဆာ ကလာပ်စည်းများအဖြစ် ပြောင်းလဲနေပြီကို တွေ့ရ၍ ပဉ္စမဆင့်တွင် သားအိမ်ခေါင်း၏ အခြားနေရာများသို့ပါ ကင်ဆာရောဂါ ပျံ့နှံ့နေပြီကို တွေ့ရသည်။

ကမ္ဘာ့ မြို့ကြီးပြကြီးများတွင် နေထိုင်သော အမျိုးသမီးတိုင်းလိုပင် သားအိမ်ခေါင်းကင်ဆာရှိ မရှိ ဖြစ်စကနဦးကပင် သိနိုင်သော ပက်စမ်းသပ်ချက်ကို သိရှိနားလည်နေကြပြီဖြစ်သည်။ အမေရိကန်ပြည် အမျိုးသမီးလောကတွင် ပက်စမ်းသပ်နည်းကို အသုံးပြုပြီး သားအိမ်ခေါင်းကင်ဆာရောဂါကို နဂိုကပင် ရှာဖွေ တွေ့ရှိနိုင်ခဲ့ကြ၍ ကုသမှုခံယူခဲ့ကြသဖြင့် ထိုရောဂါ ဖြစ်ပွားနှုန်းသည် ပြီးခဲ့သောနှစ်ပေါင်း ၄၀ အတွင်း ၇၀ ရာနှုန်း ကျဆင်းခဲ့သည်ကို တွေ့ရလေသည်။ အခြို့သော ကျွမ်းကျင်သူများက သားအိမ်ခေါင်းကင်ဆာဖြစ်သူများ၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းကိုမူ ပက်ပင်နီကူလောင်း စမ်းသပ်ချက်ဖြင့် မတွေ့ရှိရဟု ခန့်မှန်း ပြောဆိုခဲ့ကြသော်လည်း ယနေ့လက်တွေ့ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာသည်ကိုအခြေခံ၍ ပက်စမ်းသပ်နည်းကို အသုံးပြုသင့်ကြပေသည်။

ပက်ပင်နီကူလောင်း စမ်းသပ်ခြင်းနည်းဖြင့် သားအိမ်

ခေါင်းကင်ဆာရောဂါကို နှစ်ဦးကာလကပင် ကြိုတင်သိရှိ၍ ကုသမှု ခံယူနိုင်မည်ဖြစ်သော်လည်း ဤစမ်းသပ်မှုကို ပြုလုပ်ရန် တန်ပိုးကြိုးခြင်း၊ အချိန်ပေးရခြင်းတို့ကြောင့် အမျိုးသမီးတိုင်း ပြုလုပ်ရန် မလွယ်ကူပေ။ ထို့အတွက် အမျိုးသမီးများသည် သုံးနှစ်တစ်ကြိမ် စမ်းသပ်စစ်ဆေးခံသင့်သည်ဟု အမေရိကန်ပြည် ကင်ဆာအဖွဲ့က တင်ပြခဲ့သည်။ အမေရိကန်နိုင်ငံ မေရိုးဆေးရုံကြီးမှ ဒေါက်တာ ဂျော့မာလ်ကေစီယင်ကမူ ရောဂါဖြစ်လွယ်သော အုပ်စုတွင် ပါဝင်သော အမျိုးသမီးများတွင်မူ ပက်ပင်နီကူလောင်း စမ်းသပ်ချက်ဖြင့် သားအိမ်ခေါင်းကင်ဆာရှိ မရှိ စစ်ဆေးခြင်းကို တစ်နှစ်တစ်ခါ ပြုလုပ်သင့်သည်ဟု အကြံပြုပြောဆိုခဲ့သည်။

ရောဂါဖြစ်လွယ်သော အုပ်စုတွင် အသက်ငယ်ငယ်နှင့် စောစီးစွာ အိမ်ထောင်ပြုသော အမျိုးသမီးများ၊ လိင်ဆက်ဆံမှုများသော အမျိုးသမီးများနှင့် သားသမီးဦးရေများသော အမျိုးသမီးများ ပါဝင်သည်။ သားအိမ်ခေါင်းကင်ဆာကို လိင်အင်္ဂါကြွက်နှိုက်သည့်သော လိင်ဆက်ဆံရာမှ ကူးစက်တတ်သော ရောဂါ၊ ကာလသားရောဂါ အခံရှိသူ အမျိုးသမီးများတွင်လည်း ပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရသည်။

အမျိုးသမီးများသည် ပက်စမ်းသပ်နည်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါရှိ မရှိ သိရှိကြပြီးနောက် ရောဂါရှိသူများသည် ကင်ဆာဖြစ်နေသော သားအိမ်ခေါင်း အပိုင်းကို ကတောင့်ပုံသဏ္ဌာန် ဖြတ်ထုတ်နည်း (Standard Cone Biopsy Procedure)၊ သားအိမ်ဖြတ်ထုတ်နည်း (Simple hysterectomy)၊ အအေးဓာတ်ပေး၍ ကုသနည်း (Cryo-surgery or freezing)၊ မီးရှို့၍ ကုသနည်း (Cautery or burning)၊ လေဆာရောင်ခြည်ပေး၍ ကုသနည်း၊ သားအိမ်တစ်ခုလုံးနှင့် ပတ်ဝန်းကျင်ရှိ သက်ဆိုင်ရာ အကျိတ်များပါ ဖြတ်ထုတ်နည်း (Radical hysterectomy)၊ ဓာတ်ရောင်ခြည်ပေး၍ ကုသနည်း (Radiation) တို့အနက် သင့်လျော်ရာနည်းဖြင့် ကုသမှုခံယူနိုင်ပြီ ဖြစ်သည်။

ဒေါက်တာကိုင် ဆိုသူက သားအိမ်ခေါင်း ကင်ဆာနှင့် ပတ်သက်၍ ရောဂါ၏ရှေ့ပြေး ခန့်မှန်းချက်ကို ဤသို့ဆိုခဲ့သည်။ သားအိမ်ခေါင်းကင်ဆာ ဝေဒနာရှင်၏ ပက်ပင်နီကူလောင်း စမ်းသပ်ချက်သည် ဒုတိယဆင့်ဟု သတ်မှတ်ခဲ့လျှင် ၇၉ ရာခိုင်နှုန်းသည် ကုသမှုခံယူ၍ ပျောက်ကင်းနိုင်ပြီး တတိယအဆင့် ဝေဒနာရှင်များ၏ ၄၇ ရာခိုင်နှုန်းသည် ကုသမှုခံယူ၍ ပျောက်ကင်းနိုင်ကြသည်။ အကယ်၍ ပက်စမ်းသပ်ချက်သည် အဆင့်လွန်နေပါက ကုသမှုခံယူ၍ ပျောက်ကင်းနိုင်သူ ဝေဒနာရှင်မှာ ၁၆ ရာနှုန်းသာ ရှိမည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။ သားအိမ်ခေါင်းကင်ဆာရောဂါကို အစောဆုံးအချိန်၌ သိရှိ၍ ကုသမှုခံယူခဲ့သည်ရှိသော် ရာနှုန်းပြည့် အသက်ရှင်လိမ့်မည်ဟုလည်း ဆိုသည်။

အမျိုးသားများနှင့် ဆီးအိမ်အောက်အကျိတ်ကင်ဆာ

အမျိုးသားများတွင် သစ်ကြားသီးအရွယ်ခန့် ဆီးအိမ်အောက်အကျိတ် (၀၀) ဆီးကျိတ်သည် ဆီးအိမ်၏အဝဆီးလမ်းကြောင်းကို ဝိုင်းလျက် တည်ရှိသည်။ ဆီးကျိတ်သည် အမျိုးသားများ၏ အရန်လိင်အင်္ဂါ ပစ္စည်းတစ်ခုဖြစ်ပြီး ၎င်း၏တာဝန်မှာ သုက်ပိုးများအတွက် အာဟာရသုက်ရည်ကို ထုတ်ပေးရန် ဖြစ်သည်။

ဤဆီးကျိတ်သည် အကြောင်းရပ်မျိုးစုံကြောင့် ကြီးလာနိုင်သည်။ ထိုဆီးကျိတ်သည် ဆီးလမ်းကြောင်းကို ပတ်လည် ဝန်းရံလျက် ရှိသောကြောင့် ဆီးသွားလာမှုအခက်အခဲ ဖြစ်စေနိုင်သည်။ ဆီးကျိတ်သည် ရောဂါပိုးမွှားကြောင့် ရောင်ကိုင်းပြီး ကြီးနိုင်သကဲ့သို့ ရေကြည်တည်ခြင်းကြောင့်လည်း ကြီးလာနိုင်သည်။ မသိနိုင်သေးသော အကြောင်းများကြောင့် ကြီးနိုင်သေးသည်။ အဆိုးဆုံးကား ကင်ဆာရောဂါကြောင့် ကြီးရခြင်းပင် ဖြစ်သည်။ ထိုသို့သော အကြောင်းတစ်ခုခုကြောင့် ကြီးလာရသော ဆီးကျိတ်သည် ဆီးလမ်းကြောင်းအား ကျဉ်းစေပြီး ဆီးသွားရာတွင် နှောင့်နှေးရုံမက တစ်ခါတစ်ရံ လုံးဝသွားမရအောင် ဒုက္ခပေး တားဆီးနိုင်သည်။

ကင်ဆာရောဂါကြောင့် ဆီးကျိတ် ကြီးလာလျှင် နာခြင်း၊ သွေယိုစီးခြင်း စသော လူသားများ သတိချပ်မိမည့် လက္ခဏာများ အများအားဖြင့် မရှိဟု ဆိုသည်။ သို့ဖြစ်၍ ၉၅ ရာနှုန်းသောသူတို့မှာ ထိုသို့သော လက္ခဏာများ ခံစားရသောအခါ ကုသရန် နောက်ကျနေတတ်ပေသည်။ ထိုအချိန်တွင် ကင်ဆာသည် ဆီးကျိတ်တွင်သာ မတည်တော့ဘဲ ခန္ဓာကိုယ် အနှံ့အပြား ပျံ့နှံ့သော အဆင့်သို့ ရောက်နေပြီဖြစ်သည်ဟု သိရသည်။

ဆီးကျိတ်ကင်ဆာကြောင့် သေဆုံးမှုနှုန်းကို လေ့လာသောအခါ အသက် ၅၀ ကျော် အမျိုးသားဦးရေ ၂၀ ရာနှုန်းခန့်ရှိပြီး အသက် ၇၀ ကျော်တွင် အမျိုးသားဦးရေ ၅၁ ရာနှုန်းခန့် ရှိသည်ဟု ဆို၏။ သို့သော် အမျိုးမျိုးသော ကင်ဆာအနက် ဆီးကျိတ်ကင်ဆာသည် ဆေးလျှင်စွာ သိရှိနိုင်ပြီး ကုသလျှင် အောင်မြင်နိုင်သော ကင်ဆာမျိုး ဖြစ်သဖြင့် အမျိုးသားများသည် မိမိ၏ ဆီးကျိတ်အား ကင်ဆာဖြစ် မဖြစ် ဂရုတစိုက် အချိန်မှန် စစ်ဆေးကြလျှင် ဤရောဂါကြောင့် နာကျင်စွာ ခံစားရခြင်း ဝေဒနာနှင့် သေဆုံးရခြင်း ဒုက္ခမှ ကင်းဝေးနိုင်လိမ့်မည် ဖြစ်သည်။

သို့ဖြစ်၍ ဆီးကျိတ်ကင်ဆာ၏ဘေးမှ ကြိုသိနိုင်ရန်လို

ပေသည်။ ဆီးကျိတ်ကင်ဆာအများအပြားသည်လက္ခဏာ၊ ဝေဒနာခံစားချက်မရှိသဖြင့် ကုသရန်မရတော့သည့်အခြေအနေမှသိကြရသည်ဟုဆိုသော်ငြားလည်း ကင်ဆာရောဂါရှိ မရှိ စမ်းသပ်သောနည်းမှာမူ လွယ်ကူလှပေသည်။ ယင်းမှာ အစာဟောင်းစွန့်အိမ် (ဝါ) မစင်စွန့်အိမ်မှ တစ်ဆင့် စမ်းသပ်သောနည်းဖြစ်သည်။ ဆီးကျိတ်နှင့် မစင်အိမ်သည် ရှေ့နောက်ဆိုသလိုတည်ရှိလေသည်။ ၉၀ ရာနှုန်းသော ဆီးကျိတ်ကင်ဆာတို့သည် ဆီးကျိတ်၏နောက်ပိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိရာ မစင်အိမ်ဘက်မှ လက်ညှိုးဖြင့် စမ်းသပ်လျှင် ရွေးစေ့ သို့မဟုတ် ကြွယ်သီး အရွယ်အစားခန့် အမာလုံးလေးကို စမ်းသပ်မိနိုင်လေသည်။

ယင်းကဲ့သို့ အမာလုံးလေး စမ်းသပ်မိလျှင် ကင်ဆာဟုတ်မဟုတ် သေချာနိုင်ရန် အသားစ နမူနာ (Biopsy) ယူ၍ အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေး ကြည့်ရမည်ဖြစ်သည်။ ကင်ဆာဖြစ်သည်ဟု သေချာလျှင် နောက်တစ်ဆင့်မှာ ပျံ့နှံ့သောအဆင့်သို့ ရောက်ရှိ မရှိ စစ်ဆေးရန်ဖြစ်သည်။ ဤတွင် ခန္ဓာကိုယ်၏ ကင်ဆာပြန့်လေ့ပြန့်ထရှိသော အရိုးများကို (အထူးသဖြင့် ကျောရိုးဆစ်များ) ဓာတ်မှန်ရိုက်ကြည့်ခြင်းနှင့် သွေးရည်ကြည်ရှိ အက်ဆစ်ဖော့စ်ဖာတေ့စ် (Serum acid Phosphatase) စမ်းသပ်ကြည့်ခြင်းပင်ဖြစ်သည်။ ပုံမှန်အနေအထားတွင် ဤဓာတ် (acid phosphatase enzyme) သည် ဆီးကျိတ်အတွင်းသာလျှင် ရှိတတ်သဖြင့် သွေးစစ်ကြည့်သောအခါ အဆမတန်များကြောင်းတွေ့ရှိရပါက ကင်ဆာသည် ဆီးကျိတ်တွင်သာမက ခန္ဓာကိုယ်၏ အခြားနေရာအနှံ့အပြားရောက်ရှိနေပြီဖြစ်သည်ဟု ယူဆကြသည်။

အကယ်၍ ဆီးကျိတ်ကင်ဆာသည် ဆီးကျိတ်တွင်သာကိန်းအောင်းဆဲဖြစ်လျှင် ခွဲစိတ်၍ ဆီးကျိတ်ကို ထုတ်ပစ်ခြင်းသည် တစ်ခုတည်းသော အောင်မြင်စွာကုသပေးသည့်နည်းဖြစ်သည်။

ပျံ့နှံ့သောအဆင့်သို့ ရောက်ရှိနေပြီဖြစ်သော ဆီးကျိတ်ကင်ဆာအတွက်မူ ဝှံးစေ့ထုတ်ခြင်း၊ မိန်းမဟိုမုန်းများသောက်သုံးစေခြင်းဖြင့် ရောဂါကို သက်သာစေသည်။ ကင်ဆာကြောင့် ကြီးနေသော ဆီးကျိတ်ပင် ရောဂါရှင်တော်တော်များများတွင် ကျုံ့ဝင်သွားကြသည်ကို တွေ့ရှိရသည်။ ဤနည်းဖြင့် ကုသသူများအနက် ၅၀ ရာနှုန်းသည် ငါးနှစ်နှင့်အထက် အသက်ရှင်ကြသည်ဟုဆိုသည်။

နောက်တစ်နည်းမှာဓာတ်ကင်သောနည်း (Radiation) ဖြစ်သည်။ ဓာတ်ကင်ပေးခြင်းအားဖြင့်လည်း အနာသက်သာမှုမှာ သိသိသာသာပင်ဖြစ်သည်။ အချို့ဆရာဝန်များသည် ဟော်မုန်းနည်းနှင့် ဓာတ်ကင်သောနည်း နှစ်ခုပေါင်းစပ်၍ ကုသပေးရာ ၁၀ ဦးတွင် ခုနစ်ဦးခန့်သည် ခွဲစိတ်ခြင်းဖြင့် ကုသရန်မတတ်သာသောအဆင့်သို့ ရောက်ခဲ့သော်လည်း ငါးနှစ်ခန့် အသက်ရှင်နိုင်သည်ဟုဆိုသည်။ အချို့သော ဆီးကျိတ်ကင်ဆာများကိုမူ ခွဲစိတ်ထုတ်ပြီးနောက် ဓာတ်ကင်ပေးသောနည်းကို ဆက်လက် အသုံးပြုသည်ကိုလည်း တွေ့ကြသည်။

အသည်းကင်ဆာ

အသည်းကင်ဆာ ရောဂါသည် ခေတ်မီ ရောဂါရှာဖွေနည်းများ မပေါ်ခင်ကာလက ရောဂါလွန်မှ သိရသည့်အတွက် ထိုရောဂါဖြစ်ပွားသူ ဝေဒနာရှင်များ၏ အသက်အန္တရာယ်ကို အချိန်မီ မတားဆီးနိုင်ခဲ့ကြပေ။ ယခုအခါလူတို့၏ သွေးထဲတွင် အာလ်ဖာ ဖီတိုပရိုတင်း (Alpha Fetoprotein) ခေါ် ဓာတ်တစ်မျိုးကိုတွေ့ရှိလျှင် ထိုသူတွင် အသည်းကင်ဆာရောဂါ စတင် ဖြစ်ပေါ်နေပြီဟု ရောဂါသတ်မှတ်နိုင်ပြီဖြစ်သည်။ ဤစမ်းသပ်နည်းသည် ယခုအခါ ၌ တန်ဖိုးကြီးသည့်ပြင် စမ်းသပ်နိုင်သော နေရာဒေသများလည်း နည်းပါးသေးသည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း ရောဂါမရှာဖွေနိုင်စေကာမူ အသည်းရောဂါ အခြေခံရှိသူများ အထူးသဖြင့် အသည်းကင်ဆာ၏ အခြေခံရောဂါဖြစ်သော ဘီအမျိုးအစား အသားဝါအသည်းရောင်ရောဂါနှင့် အသည်းခြောက် ရောဂါ (ဝါ) အသည်းကြပ် ရောဂါရှိသူများအနေဖြင့် မိမိတို့၏ သွေးထဲတွင် အာလ်ဖာဖီတိုပရိုတင်း ရှိမရှိ ရှာဖွေစမ်းသပ်ခံသင့်ပေသည်။

အသည်းရောဂါအခြေခံရှိသူ လူနာများ၏ သွေးထဲတွင် ယင်း အာလ်ဖာဖီတိုပရိုတင်း ရှိမရှိကို ခြောက်လတစ်ခါ ရှာဖွေသင့်သည်ဟု ဆေးပညာ ပါရဂူများက အဆိုပြုကြသည်။ လူနာ၏သွေးထဲတွင် အာလ်ဖာဖီတိုပရိုတင်းဓာတ်တွေ့ပြီးလျှင် ယင်းလူနာများကို အသံလွှင့်လိုင်းများ အသုံးပြုသော တယ်လီဗီးရှင်းဓာတ်မှန်ရိုက်ကူးခြင်းကို ဆက်လက်ပြုလုပ်သင့်ပေသည်။ တစ်ကြိမ် ဤဓာတ်မှန်မျိုးရိုက်ပြီးဖြစ်၍ ရောဂါ မတွေ့ရသေးသော်လည်း နောက်တစ်ကြိမ် ထပ်မံ၍ ရိုက်သင့်ပေသည်။ ဤသို့ နှစ်ကြိမ်မျှ ရိုက်ပါက အသည်းတွင်းရှိ ကင်ဆာအကျိတ်၏ အရွယ်အစားနှင့် မည်သည့်နေရာတွင်ရှိသည်ကို စောစီးစွာ သိရှိနိုင်သည်။

အသည်းထဲတွင် ကင်ဆာအကျိတ်ရှိသည်ကို သိရှိပြီးနောက် ကုသမှုခံယူရန်အတွက် အခြားသော အင်္ဂါအစိတ်အပိုင်းများသို့ ကင်ဆာရောဂါ ပျံ့နှံ့မှု ရှိမရှိကို စစ်ဆေးကြည့်ရန်လိုသည်။ အထူးသဖြင့် အသည်းကင်ဆာသည် သွေးမှတစ်ဆင့် အဆုတ်သို့ ရောက်နိုင်ဆုံးဖြစ်သည့်အတွက် အသည်းကင်ဆာရောဂါ ရှိသူများသည် အဆုတ်တွင်ပါ ကင်ဆာရောဂါရောက်နေခြင်း ရှိမရှိ အဆုတ်ကို ဓာတ်မှန်ရိုက်၍ ကြည့်ခံရသည်။

ကင်ဆာရောဂါသည် အသည်းအတွင်း၌သာ ရှိနေခဲ့၍ အရွယ်အစား ပမာဏ သေးငယ်ခဲ့လျှင် ထိုနေရာကို ဖြတ်ထုတ်ပစ်ခြင်းဖြင့် ခဲ့စိတ်ကုသမှု ခံယူနိုင်သည်။ ခဲ့စိတ်ကုသရာတွင် အသည်းကင်ဆာကျိတ်သည် အသည်း၏ဘယ်ဘက်ခြမ်းတွင် သီးခြားတည်ရှိခဲ့သော် ခဲ့စိတ်ရန် လွယ်ကူပြီး အသည်း၏ ညာဘက်ခြမ်းတွင် ရှိခဲ့သော် အထူးသဖြင့် သွေးကြောမကြီးများ အနီး၌ ရှိနေသော် ခဲ့ထုတ်ပစ်ရန် ခက်ခဲသည်။ ခဲ့ထုတ်ရန် ခက်ခဲသော် အသည်း၏ အစိတ်အပိုင်းတွင် ကင်ဆာအကျိတ်တွေ့ရသည့် ဝေဒနာရှင်များတွင် အခြားသော အင်္ဂါအစိတ်အပိုင်းများသို့ ကင်ဆာရောဂါပျံနှံမှု မရှိပါက အသည်းအစားထိုး ကုသနည်းကို အသုံးပြုနိုင်သည်။ (ဆေးပညာတိုးတက်မှုများဆောင်းပါး — ရှု။)

အဆုတ်ကင်ဆာရောဂါ

အဆုတ်ကင်ဆာရောဂါ၏ လက္ခဏာမပေါ်မီ သို့မဟုတ် အဆုတ်အတွင်း၌ ကင်ဆာရောဂါရှိမရှိ ဓာတ်မှန်ရိုက်ကြည့်၍ မတွေ့ရမီ နှစ်နှစ်ခန့်ကြိုတင်၍ အဆုတ်ကင်ဆာရောဂါရှိမရှိကို ရှာဖွေသိရှိနိုင်မည့် နည်းသစ်တစ်ခု ယခုအခါ ပေါ်ပေါက်နေပြီ ဖြစ်သည်။

အဆုတ်ကင်ဆာ ရောဂါသည် အသေအပျောက်များသောရောဂါတစ်ခုဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အဆုတ်ကင်ဆာရောဂါဖြစ်ပွားသူ အများစုသည် အဆုတ်ကင်ဆာရောဂါရှိမှန်း သိသည့်အချိန်တွင် ထိုကင်ဆာသည် ခန္ဓာကိုယ်၏ အခြားသော အစိတ်အပိုင်းများသို့ ပျံနှံနေပြီး ဖြစ်နေသောကြောင့် ကုမရ၍ပင် ဖြစ်သည်။

ယခုအခါ ထိုကဲ့သို့သော အသိနောက်ကျရသည့် အဆုတ်ကင်ဆာဝေဒနာကို စောစီးစွာ သိရှိနိုင်ရန် စမ်းသပ်ချက် အသစ် ပေါ်ပေါက်နေပြီ ဖြစ်သည်။ ဤစမ်းသပ်ချက်ကို အမေရိကန်ပြည်ရှိ ဂျွန်ဟော့ပကင်း ဆေးတက္ကသိုလ်နှင့် အမျိုးသားကင်ဆာသိပ္ပံတို့တွင် ဆေးပညာရှင်များက စတင် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်း စမ်းသပ်မှုသည် ကြွက်၏ ခုခံကလာပ်စည်းများမှထုတ်လုပ်သော မိုနိုကလိုနဲလ် ပဋိပစ္စည်းနှစ်မျိုးကို အသုံးပြု၍ လူသားတို့၏ အဆုတ်ကင်ဆာ ကလာပ်စည်းများကိုရှာဖွေသည့်နည်းပင် ဖြစ်သည်။ ဤပဋိပစ္စည်းများကိုအသုံးပြု၍ ရှာဖွေနိုင်သော ပရိုတင်းဓာတ်သည် လူသားတို့၏ ကလာပ်စည်းများပေါ်တွင် နုသောအဆင့်တွင်သာရှိ၍ ကလာပ်စည်းများ ကြီးထွားလာသောအခါ မတွေ့ရတော့ပေ။ ကင်ဆာဖြစ်သော ကလာပ်စည်းများတွင်မူ ဤပရိုတင်းဓာတ်များကို ပြန်လည် ထုတ်လုပ်နေသည်ကို တွေ့မြင်ရသည်။

၁၉၇၀ ပြည့်နှစ်ကပင် ယခုလက်ရှိ လေ့လာချက်များအရ အဆုတ်ကင်ဆာဖြစ်မည့်လက္ခဏာရှိသူများ၏ သလိပ်ကိုစမ်းသပ်ခဲ့ရာ ဝေဒနာရှင် ၂၂ ယောက်အနက် အယောက် ၂၀ တွင် ကင်ဆာ က လာပ် စည်း များ ၏ မျက်နှာပြင်ရှိ ပရိုတင်းဓာတ်ကို ရှာဖွေ တွေ့ရှိခဲ့ကြောင်း သိရသည်။ ဤစမ်းသပ်နည်းသစ်သည် အ ဆုတ် ကင် ဆာ ရော ဂါ ကို အစောဆုံးသိနိုင်သော စမ်းသပ်နည်းသစ်ဖြစ်သည့်အတွက် နောင်နှစ်များ မကြာမီမှာပင် မြန်မာနိုင်ငံတွင်လည်း စမ်းသပ်ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ကမ္ဘာ့စားနပ်ရိက္ခာအခြေအနေ။ ။ ၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့စိုက်ပျိုးရေးနှင့် သီးနှံထုတ်လုပ်မှု၏ ယေဘုယျအခြေအနေမှာ မိုးခေါင်မှု၊ အပူလှိုင်းကျမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု၊ ပိုးမွှားဖျက်ဆီးမှု စသောသဘာဝဘေးဆိုးအန္တရာယ်များ မကင်းရှင်းသော်လည်း လွန်ခဲ့သည့် ၁၉၇၈ ခုနှစ်ကလောက် ပြင်းထန်ခြင်းမရှိ၍ သီးနှံထွက်ရှိမှု ပြန်လည်ဦးမော့လာသည်ကို သုံးသပ်တွေ့ရှိရပေသည်။

ကမ္ဘာ့သီးနှံ ထွက်ရှိမှုသည် ယခင်နှစ်ကထက် သိသိသာသာ တိုးတက် မြင့်မားသော်လည်း ၁၉၇၉–၈၀ ပြည့်နှစ်တွင် စားသုံးမှုအတွက် လုံလောက်မည် မဟုတ်ကြောင်း၊ သီးနှံသိုလှောင်မှုပမာဏသည် သုံးနှစ်ဆက်တိုက် လျော့နည်းကျဆင်းလာခဲ့ရာ ဂျုံသီးနှံ ထွက်ရှိမှုမှာ စိုးရိမ်မကင်းဖွယ်အဆင့်များအထိ ကျဆင်းသွားရန်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်းလုံး စားနပ်ရိက္ခာ လုံခြုံမှုကို ဖြစ်စေခဲ့သည့် လွန်ခဲ့သောနှစ်များက အမြောက်အများ ကျန်ရှိခဲ့သော လက်ကျန် သိုလှောင်ရိက္ခာများသည် ယခုအခါ ကုန်ခမ်းသွားပြီဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးအတွက် ရရှိသော ရိက္ခာကူညီထောက်ပံ့မှုများမှာ နှစ်နှစ်ဆက်တိုက် ကျဆင်းလာခြင်းမှာ စိုးရိမ်စရာအကြောင်းတစ်ရပ်ပင်ဖြစ်ကြောင်း ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့(အက်ဖ်အေအို) က ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဖော်တင်ပြခဲ့သည်။

လွန်ခဲ့သည့် ၁၉၇၈ ခုနှစ်တွင် ကမ္ဘာ့သီးနှံထွက်ရှိမှုသည် များစွာကျဆင်းခဲ့ပြီးတန်ချိန် ၁,၇၅၇သန်းမျှသာရှိခဲ့သည်။ (၎င်းကို ၁၉၇၆ ခုနှစ်က ထွက်ရှိခဲ့သော ပမာဏဖြစ်သည့် တန်ချိန် ၁,၈၆၂ ဒသမ ၉ သန်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။) ၁၉၇၉ ခုနှစ်တွင် ထွက်ရှိရန် အက်ဖ်အေအိုက မျှော်မှန်းသည့် သီးနှံပမာဏတန်ချိန် ၁,၈၆၀ သန်းသည် ၁၉၇၈ ခုနှစ်ထွက်ရှိမှုထက် တန်ချိန် ၁၀၃ သန်း သို့မဟုတ် ၆ ရာခိုင်နှုန်း ပိုမိုများပြားစေကာမူ ၁၉၇၆ ခုနှစ်စံချိန်ကို မမီသေးချေ။

သီးနှံမျိုး စိုက်ပျိုးထွက်ရှိမှု အခြေအနေ

၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့သီးနှံထွက်ရှိမှုသည် တန်ချိန် သန်း ၁,၇၆၀ ရှိမည်ဟု အက်ဖ်အေအိုက အောက်တိုဘာလတွင် ခန့်မှန်းခြင်းမှာ ဤနှစ်အတွက် ကမ္ဘာ့သီးနှံမျိုးအားလုံးလိုလိုကို ရိတ်သိမ်းပြီးသော သို့မဟုတ် ရိတ်သိမ်းလုဆဲဆဲအချိန်တွင် ဖြစ်သည်။ ယင်းခန့်မှန်းခြေအနက် ကမ္ဘာ့ဂျုံသီးနှံထွက်ရှိမှုသည် လွန်ခဲ့သည့်နှစ်က ထွက်ရှိမှုထက် တန်ချိန် သန်း ၃၀ ပို၍ တန်ချိန် ၅၃၉ သန်းထွက်မည်ဟု ခန့်မှန်းသည် (နိုင်ငံတကာ ဂျုံကောင်စီကမူ ၁၉၇၉–၈၀ ခုနှစ် ဂျုံထွက်ရှိမှုကို တန်ချိန် သန်း ၅၃၀ ရှိမည်ဟု နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ခန့်မှန်းဖော်ပြသည်)။ ဤသို့ခန့်မှန်းခြင်းမှာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ ဂျုံသီးနှံရိတ်သိမ်းရရှိမှုများ အထူးကောင်းမွန်ပြီး လွန်ခဲ့သည့် နှစ်တွင် မိုးခေါင်မှု ကြုံတွေ့ခံရသော အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၌ ထုတ်လုပ်မှုများ ပြန်လည်တိုးတက်လာခြင်းကြောင့် ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စု၌လည်း ထွက်ရှိမှု အနည်းငယ်တိုးတက်လာခဲ့သည်။ ဥရောပဘုံစျေးနိုင်ငံများနှင့် အာဂျင်တီးနားနိုင်ငံတို့တွင်လည်း ထုတ်လုပ်မှုတိုးတက်လာမည့် အလားအလာများရှိသည်။

ကမ္ဘာ့အစေ့ကြီးသီးနှံ သို့မဟုတ် သီးနှံကြမ်းများထွက်ရှိမှုနှင့်ပတ်သက်၍မူ စုစုပေါင်းပမာဏသည် ၁၉၇၈ ခုနှစ်ကထက် တန်ချိန် သန်း ၇၀ ပိုမိုပြီး တန်ချိန်သန်း ၈၂၀ ထွက်ရှိမည်ဟု အက်ဖ်အေအိုက မှန်းဆသည်။ ဤသည်မှာ အမေရိကန်နိုင်ငံတွင် ယင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာခြင်းကြောင့်ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင်လည်း ယင်းသီးနှံရိတ်သိမ်းရရှိမှု တိုးတက်လာမည်ဟု မျှော်လင့်ထားသည်။ သို့သော် ဥရောပ ဘုံစျေးနိုင်ငံများ၊ တူရကီနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံများတွင်မူ ၁၉၇၈ ခုနှစ်ကထက် လျော့နည်းရန် ရှိသည်။

၁၉၇၉ ခုနှစ်တွင် စံချိန်တင် ထွက်ရှိမည်ဟု ခန့်မှန်းရသောသီးနှံမှာ ဆန်စပါးသီးနှံဖြစ်သည်။ ယင်းသီးနှံသည် ၁၉၇၈ ခုနှစ်က ထွက်ရှိသည့် ခန့်မှန်းခြေတန်ချိန် ၄၉၀ ဒသမ ၂ သန်းထက် နှစ်ရာခိုင်နှုန်းတိုး၍ တန်ချိန်သန်း ၅၀၀ ထွက်ရှိမည်ဟု အက်ဖ်အေအိုက ခန့်မှန်းဖော်ပြသည်။ ဤသည်မှာ အာရှတိုက်ရှိ ဆန်စပါးအဓိကထုတ်လုပ်သောနိုင်ငံများတွင် ထုတ်လုပ်မှု အခြေအနေများ ကောင်းမွန်နေခြင်းနှင့် အခြားဒေသများ၌လည်း ထွက်ရှိမှု သာလွန်ကောင်းမွန်မည်ဟု မျှော်လင့်ရခြင်းကြောင့် ဖြစ်သည်။

အာရှဒေသသီးနှံထုတ်လုပ်မှု– ၁၉၇၉ ခုနှစ်တွင် ဤဒေသမှ ယခင်နှစ်ကထက် တန်ချိန် ၁၀ သန်း (နှစ်ရာခိုင်နှုန်း) ပို၍ ဆန်စပါးတန်ချိန် ၄၅၇ သန်း ရိတ်သိမ်းရရှိမည်ဟု အက်ဖ်အေအိုက မျှော်မှန်းသည်။ ဂျုံသီးနှံ ထွက်ရှိမှုကိုမူ ယခင်နှစ်ကထက် ငါးရာခိုင်နှုန်းတိုး၍ တန်ချိန် ၁၉၆ သန်း ထွက်ရှိမည်ဟုခန့်မှန်းပြီး သီးနှံကြမ်းများ ထုတ်လုပ်မှုမှာမူ ယခင်နှစ်က ထုတ်လုပ်မှုအောက် လေးရာခိုင်နှုန်းခန့်လျော့ကျ၍ တန်ချိန် ၁၆၈ သန်းခန့် ထွက်ရှိမည်ဟု တွက်ဆသည်။

ဤတွင် တရုတ်ပြည်၏ ကောက်စေ့ဆန်စပါးအထွက်ကို ယခင်နှစ်ကထက် တန်တစ်သန်းခန့်ပို၍ တန်ချိန် ၄၈ သန်း ထွက်ရှိရန် ခန့်မှန်းသည်။ သီးနှံကြမ်း ထွက်ရှိမှုတွင် ပဟလံကျန်၊ ကျိလင်နှင့် ရှန်တုန်မြောက်ပိုင်းစသော အရေးကြီးသော စိုက်ပျိုးရေး ဒေသအချို့၌ မိုးခေါင်မှုကြောင့် သီးနှံများထိခိုက်ခြင်းခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်တွင် တရုတ်ပြည်၏ လယ်ယာသီးနှံ (သီးနှံသုံးမျိုး) ထွက်ရှိမှုသည် တန်ချိန် ၃၉၄ သန်း ရှိခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် တန်ချိန် သန်း ၄၀၀ ထွက်ရှိမည်ဟု ခန့်မှန်းကြောင်း တရုတ် ဒုတိယဝန်ကြီးချုပ် တီအန်ချီယွန်က ပြောဆိုသည်ဟု နိုဝင်ဘာလ ၂၈ ရက်နေ့ထုတ် တရုတ်သတင်းစာများက ဖော်ပြခဲ့သည်။

ကမ္ဘာပေါ်တွင် တရုတ်ပြည်၏နောက်တွင် ဒုတိယဆန်စပါးအများဆုံး ထုတ်လုပ်သည့် အိန္ဒိယနိုင်ငံက လွန်ခဲ့သည့်နှစ်တွင်ထွက်ရှိသည့် ဆန်စပါးပမာဏထက် သုံးရာခိုင်နှုန်းတိုးမြှင့်၍ ၁၉၇၉ ခုနှစ်တွင် တန်ချိန် ၁၀၈ ဒသမ ၇ သန်း ထုတ်လုပ်ရရှိရန် ရည်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း သုံးရာခိုင်နှုန်းတိုး၍ ဆန်စပါးတန်ချိန် ၄၈ သန်းခန့် ထွက်ရှိရန်ရှိသည်။ ယခုအခါ၌ ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့သူ ထိုင်းနိုင်ငံကလည်း ၁၉၇၈ ခုနှစ် ဆန်စပါးထွက်ရှိမှု တန်ချိန် ၁၇ ဒသမ ၆ သန်း ထက်ပို၍ တန်ချိန် ၁၈ သန်းခန့် ထုတ်လုပ်နိုင်မည်ဟု အစိုးရ၏ပဏာမခန့်မှန်းချက်များကဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနေဖြင့်မူ ရာသီဥတု အထူးပူပြင်းခြောက်သွေ့မှုကြောင့် ဆန်စပါးအထွက် ရည်မှန်းချက် တန်ချိန် ဂ ဒသမ ၃ သန်း (ကြိတ်ဆန် ညီမျှခြင်း) ကို ရနိုင်မည် မဟုတ်ဟု အက်ဖ်အေအိုက ထင်မြင်ယူဆသည်။ မြန်မာနိုင်ငံ၏ ၁၉၇၉ ခုနှစ် ဆန်စပါးထုတ်လုပ်မှုနှင့် ပတ်သက်၍မူကား ရာသီဥတုပုံမှန်ကောင်းမွန်၍ အထွက်တိုးပြီး တန်ချိန် ၁၃ ဒသမ ဂ သန်း ရှိမည်ဟု ခန့်မှန်းသည်။

မြောက်အမေရိကဒေသ သီးနှံထုတ်လုပ်မှု – ၁၉၇၉ ခုနှစ် ကမ္ဘာ့ဂျုံသီးနှံ ထွက်ရှိမှုသည် တန်ချိန် ၅၃၉ သန်းရှိမည်ဟု အက်ဖ်အေအိုက ခန့်မှန်းရာ၌ ကမ္ဘာပေါ်တွင် ယင်းသီးနှံ အများဆုံး တင်ပို့ရောင်းချသည့် အမေရိကန်နိုင်ငံက တန်ချိန် ၅၆ ဒသမ ၂ သန်း ထုတ်လုပ်မည်ဟု ဩဂုတ်လ ၁၂ ရက်နေ့ထုတ် အစိုးရခန့်မှန်းချက်များတွင် ဖော်ပြသည်။ ယင်းပမာဏသည် မိုးခေါင်မှုဒဏ် ပြင်းထန်စွာခံစားခဲ့ရသည့် ၁၉၇၈ ခုနှစ်က ဂျုံသီးနှံထွက်ရှိမှုပမာဏ

ထက် ၁၃ ရာခိုင်နှုန်း ပိုမိုသည်။ အမေရိကန်နိုင်ငံ၌ ဂျုံစိုက်ပျိုးသည့် ဧရိယာသည် ၁၉၇၉ ခုနှစ်တွင် ဟက်တာ ၂၅ ဒသမ ၄ သန်း (ဧက ၆၂ သန်းကျော်) မှ ၁၉၉၀ ပြည့်နှစ်တွင် ဟက်တာ ၂၈ ဒသမ ၂ သန်း (ဧက ၆၉ သန်းကျော်) အထိ တိုးတက်မည်ဟုဆိုသည်။ ကနေဒါနိုင်ငံ၏ ဂျုံစပါး ရိတ်သိမ်းရရှိမှုမှာလည်း ယမန် နှစ် က ထက် တန်ချိန် ဂ သန်းခန့်ပို၍ တန်ချိန် ၂၄ သန်း ထွက်ရှိမည်ဟု အစိုးရက ခန့်မှန်းဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံ၏ ယခုနှစ်သီးနှံကြွမ်းထုတ်လုပ်မှုမှာ ပြောင်းတန်ချိန် ၁၈၆ သန်းနှင့် နှံစားပြောင်းတန်ချိန် ၁၇ သန်းအပါအဝင် စုစုပေါင်းတန်ချိန် ၂၁၇ သန်းခန့်ရှိ၍ ကနေဒါနိုင်ငံမှ သီးနှံကြွမ်းတန်ချိန် ၁၇ သန်း ထုတ်လုပ်ဖွယ်ရှိသည်။

အမေရိကအလယ်ပိုင်း ကာရစ်ဗီယံနှင့် တောင်အမေရိက ဒေသ သီးနှံထုတ်လုပ်မှု – အမေရိက အ လယ် ပိုင်း နှင့် ကာရစ်ဗီယံဒေသ၏ စုစုပေါင်း သီးနှံ ရိတ်သိမ်းရရှိမှုသည် လွန်ခဲ့သည့်နှစ်က ကျဆင်းခဲ့သည်။ ယခုနှစ် စုစုပေါင်း အထွက်မှာ လွန်ခဲ့သည့်နှစ်ကထွက်ရှိမှုအောက် ၂ ရာခိုင်နှုန်း ကျဆင်းဦးမည်ဟု အက်ဖ်အေအို၏ ကနဦး ခန့်မှန်းချက်များက ဖော်ပြသည်။ ဤဒေသ၌ သီးနှံကြွမ်း အများဆုံး ထုတ်လုပ်သည့် မက္ကဆီကိုနိုင်ငံ၏ နှံစားပြောင်းထုတ်လုပ်မှုမှာ သိသိသာသာ လျော့နည်းသွားခဲ့သည်။ ထို့အတူ နီကရာဂွာ၊ ဟွန်ဒူရပ်နှင့် ဟေတီနိုင်ငံတို့၏ နှံစားပြောင်း သီးနှံကြွမ်းနှင့် ပြောင်းသီးနှံများ အသီးသီး ထုတ်လုပ်မှုတို့မှာလည်း ကျဆင်းမည့်လက္ခဏာများရှိသည်။ ဤသုံးနိုင်ငံ၏ ဆန်စပါးသီးနှံအလှူးအလှောများမှာလည်း အားနည်းလျက်ရှိသည်။ ဒိုမီနီကန်ပြည်ထောင်စုနိုင်ငံအနေဖြင့်လည်း ဆန်စပါးထုတ်လုပ်ရန် ရည်မှန်းချက်တန်ချိန် ၄,၉၀,၀၀၀ ကို ပြည့်မီနိုင်မည်မဟုတ်ပေ။ ဂွာတီမာလာ၊ ကျူးဗား နှင့် အယ်ဆာဗေဒိုနိုင်ငံများ၌သာ ဆန်စပါးထုတ်လုပ်မှု အခြေအနေများ ကောင်းမွန်လျက် ရှိသည်။ ဤ ဒေ သ နှင့် တစ်ဆက်တည်းဖြစ်သော တောင်အမေရိကတိုက်၏ ၁၉၇၉ ခုနှစ် ဂျုံသီးနှံထုတ်လုပ်မှုမှာ ပျမ်းမျှအထွက်ပမာဏထက် ပိုမိုကာ တန်ချိန် ၁၀ သန်းအထိ ထွက်ရှိမည်ဟုမျှော်လင့်ရသည်။ အာဂျင်တီးနားနိုင်ငံတွင် ဂျုံစပါးကို ဟက်တာ ၅ ဒသမ ၅ သန်း (ဧက ၁၃ သန်းခွဲ) ခန့် စိုက်ပျိုးခဲ့ရာ ယင်းသီးနှံ တန်ချိန် ၁၀ သန်း အထိ ထွက်ရှိနိုင်သည်။ ဗဟုဇီး၊ ချီလီနှင့် ပီရူးနိုင်ငံများ၌လည်း သီးနှံကြွမ်း ထွက်ရှိမှု အလားအလာများ ကောင်းမွန်လျက်ရှိသည်။ သို့သော် ကနဦးခန့်မှန်းချက်များအရ တောင်အမေရိက ဒေသ၏ ဆန်စပါးထွက်ရှိမှုမှာ ၁၉၇၀ ခုနှစ်က ထွက်ရှိမှုအောက် ဧလျော့နည်းမည်ဟု ဆိုသည်။

ဥရောပဒေသ သီးနှံထုတ်လုပ်မှု– ဤဒေသတွင် အနောက် ဥရောပဒေသပိုင်းရှိ ဥရောပ ဘုံစျေးနှိုင်ငံများ၏ ဂျုံသီးနှံထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ငါး ရာ ခိုင် နှုန်း ခန့် တိုးတက်၍ တန်ချိန် ၇၉ သန်း ထွက်ရှိမည်ဟု မျှော်မှန်းရပြီး ယင်းဒေသပိုင်းတစ်ခုလုံးအနေဖြင့် တန်ချိန် ဂဂ ဒသမ ၅ သန်းထွက်မည့် အလားအလာ ရှိသည်။ ဆန်စပါး ထုတ်လုပ်မှုဘက်တွင်မူ စပိန်နိုင်ငံတွင်မူ မိုးခေါင်မှု တာရှည်သဖြင့် ယင်းသီးနှံများ ထိခိုက်ခြင်းခံခဲ့ရသည်။ အီတလီနိုင်ငံ၌မူ ယခင်နှစ်ကထက် ၁၃ ရာခိုင်နှုန်း တိုး၍ ဆန်စပါးတန်ချိန် ၁ ဒသမ ၂၅ သန်း ထွက်မည်ဟု အစိုးရခန့်မှန်းချက်များက ဆိုသည်။ အရှေ့ဥရောပ ဒေသပိုင်းတွင် ဇွန်လနှင့် ဇူလိုင်လများက ရာသီဥတုပူပြင်းခြောက်သွေ့သဖြင့် ဂျုံနှင့် ဘာလီသီးနှံများ ဆုံးရှုံးခဲ့ရသည့် ယူရဲလ်တောင်တန်း အရှေ့ဘက် နယ်မြေများမှတစ်ပါး ဆိုဗီယက်ပြည်ထောင်စု တစ်ဝန်းလုံးတွင် စက်တင်ဘာလ အလယ်ပိုင်း၌ ဟက်တာ ၁၀၅ သန်း (ဧက ၂၅၉ သန်းကျော်) တွင် သီးနှံနှင့်ပဲများ ရိတ်သိမ်းခဲ့သည်။ ယင်းစိုက်ပျိုးမြေ ဧရိယာသည် လွန်ခဲ့သည့်နှစ်က ဟက်တာ ၉၇ သန်း (ဧက ၂၃၉ သန်းကျော်)သာ ရှိခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် ပဲများ မပါ သီးနှံများ ချည်းသက်သက် စုစုပေါင်းတန်ချိန် ၁၉၅ သန်း ထုတ်လုပ်မည်ဟု အက်ဖ်အေအို်က ခန့်မှန်းသည်။ လွန်ခဲ့သည့်နှစ်က သီးနှံအထွက်ကျဆင်း၍ တန်ချိန် ၁၀၆ သန်းသာ ထွက်ရှိခဲ့သည်ဟု အစိုးရ ခန့်မှန်းချက်များက ဖော်ပြသည်။

အိုးရှင်းနီးယားဒေသ သီးနှံ ထုတ်လုပ်မှု – ဤဒေသတွင် ဩစတြေးလျနိုင်ငံ၏ ဂျုံသီးနှံ ထုတ်လုပ်မှုသည် ၁၉၇၈ ခုနှစ်က ထွက်ရှိမှုပမာဏနီးပါး တန်ချိန် ၁၄ ဒသမ ၄ သန်း ရှိမည်ဟု အက်ဖ်အေအို်က ခန့်မှန်းသည်။ သီးနှံကြွမ်းများ ထုတ်လုပ်မှုမှာမူ စုစုပေါင်း တန်ချိန် ၅ ဒသမ ၆ သန်း ရှိမည်ဟူ၍လည်းကောင်း၊ ဆန်စပါးအထွက်မှာ တန်ချိန် ၇,၀၅,၀၀၀ ရှိမည်ဟူ၍လည်းကောင်း အစိုးရ ခန့်မှန်းချက်များက ဖော်ပြသည်။ ဤနိုင်ငံ၏ ၁၉၉၀ ပြည့်နှစ် ဆန်စပါးထုတ်လုပ်မှုသည် ယခုထက် တိုးမြှင့်၍ တန်ချိန် ၇,၁၁,၀၀၀ အထိရှိနိုင်သည်ဟု တရားဝင် ခန့်မှန်းချက်များက ဆိုသည်။

အာဖရိကဒေသသီးနှံထုတ်လုပ်မှု– မြောက်အာဖရိကဒေသ ပိုင်းတွင် ၁၉၇၉ ခုနှစ်အတွက် သီးနှံမျိုး စုစုပေါင်း ထွက်ရှိမှုသည် ၁၉၇၈ ခုနှစ်ကထက် အနည်းငယ် ပိုမိုများပြားရန် ရှိသည်။ အယ်ဂျီးရီးယားနှင့် တျူးနစ်ဇီးယားနိုင်ငံတို့တွင် ဂျုံနှင့်ဘာလီသီးနှံ ရိတ်သိမ်းရရှိမှုများ လျော့နည်းကျဆင်းသော်လည်း အီဂျစ်နှင့် မော်ရိုကိုနိုင်ငံများတွင် ယင်းသီးနှံများ ကောင်းမွန်သည်ဟု ဆိုသည်။ အီဂျစ်နိုင်ငံသည် ၁၉၇၉ ခုနှစ်တွင် ဆန်စပါး တန်ချိန် ၂ ဒသမ ၅ သန်း

ထုတ်လုပ်နိုင်မည်ဟု အကဲဖြတ်အောအိုက ခန့်မှန်းသည်။ အနောက်အာဖရိက ဒေသပိုင်းတွင်လည်း ဂင်နီ ပင်လယ်ကွေ့တစ်ဝိုက်ရှိ နိုင်ငံများ အားလုံးဟုတ် သီးနှံကြွမ်းများ ထွက်ရှိမှု ကောင်းမွန်မည့် အလားအလာများ ရှိသည်။ ဆာဟဲလ်ဒေသနိုင်ငံများအနက် နိုင်ဂျာနှင့် ကိပ်ဗာဒီတို့မှ တစ်ပါး ကျန်နိုင်ငံ အားလုံးတွင် အခြေအနေ အရပ်ရပ် ကောင်းမွန်သည်။ အိုင်ဗရီကို့စ်၊ နိုင်ဂျီးရီးယားနှင့် ဆီနီဂေါနိုင်ငံတို့အပါအဝင် ဆန်ကို အဓိကစားသုံးသော နိုင်ငံများ၌ ဆန်စပါးသီးနှံအခြေအနေများမှာ အများအားဖြင့် ကောင်းမွန်သည်။ အာဖရိက အလယ်ဒေသပိုင်း၌လည်း ဆန်စပါးနှင့် သီးနှံကြမ်းစိုက်ပျိုးထုတ်လုပ်မှုအလားအလာများ ကောင်းမွန်လျက်ရှိသည်။ အရှေ့အာဖရိကဒေသပိုင်းတွင်မူ အီသီအိုးပီးယားနှင့် ဆူဒန်နိုင်ငံများမှ တစ်ပါး အခြားနိုင်ငံများတွင် သီးနှံထွက်ရှိမှုများမှာ ပုံမှန်ခန့်ရှိသည်။ အီသီအိုးပီးယား နိုင်ငံတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုနှင့် မိုးရွာသွန်းမှုကာလ တိုတောင်းသဖြင့် အီရစ်ထရီးယားနှင့် တိုင်ဂရေးဒေသများတွင် သီးနှံပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ တောင်အာဖရိကဒေသပိုင်းတွင် တောင်အာဖရိကနိုင်ငံ၏ ဂျုံသီးနှံ ထုတ်လုပ်မှုမှာ သာမန်ထက် ကောင်းမွန်၍ တန်ချိန် ၃ ဒသမ ၁ သန်း ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်း ထားသည်။ ဇမ်ဘီးယားနှင့် ဇင်ဗာဗွေနိုင်ငံများ၌လည်း ကောင်းမွန်သော သီးနှံ အခြေအနေများရှိ၍ မာဒါဂတ်စကာနိုင်ငံအနေဖြင့် ဆန်စပါးကို လွန်ခဲ့သည့်နှစ်ကထက် ခုနစ် ရာခိုင်နှုန်း တိုး၍ တန်ချိန် ၂ ဒသမ ၃ သန်း ထုတ်လုပ်မည်ဟု အကဲဖြတ်အောအို ခန့်မှန်းချက်များက ဖော်ပြသည်။

အဖျက်ဘေးရန် အန္တရာယ် ကျရောက်မှုများ

ကျိုင်းကောင်၊ နှံကောင်နှင့် ပိုးမွှားတိရစ္ဆာန်တို့၏ ဘေးရန်များ – ကျိုင်းကောင်နှင့် နှံကောင်များ၏ ဖျက်ဆီးမှု ဘေးဒဏ်ကို အာဖရိကတိုက်တွင် အထူးသဖြင့် တွေ့ရှိရပေသည်။ အောက်တိုဘာလတွင် အက်ဖ်အေအို၏ သတင်းထုတ်ပြန်ချက်များအရ နှံကောင်များနှင့် နှံကောင်နှင့် ကျိုင်းကောင် နှစ်မျိုးပေါင်း ကျရောက်မှုများသည် အနောက်အာဖရိကဒေသပိုင်းရှိ သီးနှံများကို ပြင်းထန်စွာ ခြိမ်းခြောက်လျက်ရှိကြောင်း သိရှိရသည်။ မော်ရိတေးနီးယားနိုင်ငံတွင် စိုက်ပျိုးရေးရေယာ ဟက်တာ ၂ ဒသမ ၃၅ သန်း (ကေ ၅ ဒသမ ဂ သန်းကျော်)နှင့် ဘူကီနာဖာဆိုနိုင်ငံတွင် ရေယာဟက်တာ ၁ သန်း(ကေ ၂ ဒသမ ၄၇၁ သန်း) တို့တွင် အများဆုံး ကျရောက်လျက်ရှိသည့်အပြင် နိုင်ဂျာနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းနှင့် ဆူဒန်နိုင်ငံတို့တွင်လည်း မြောက်မြားစွာ ကျရောက်လျက် ရှိခဲ့သည်။ ချဒ်နိုင်ငံတွင် အင်ဂျာမီးနား တောင်ဘက် ဒေသများတွင် နယ်ကူး ရွှေပြောင်း သွားလာသော ကျိုင်းကောင်များ ကျရောက်လျက်ရှိခဲ့သည်။ ဤနိုင်ငံများအပြင် မာလီနိုင်ငံ၌လည်း ဩဂုတ်လ နောက်ပိုင်းနှင့် စက်တင်ဘာလ လဦးပိုင်းတို့တွင် သီးနှံပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ကမ္ဘရွန်းနိုင်ငံတွင် မိုးဦးကျမှစ၍ သီးနှံဟက်တာ ၃၀,၀၀၀ ကို ကျိုင်းကောင်များ ဖျက်ဆီးသည်။

တရုတ်နိုင်ငံတွင် သစ်ပင်များ၌ ကျရောက်တတ်သည့် ရောဂါများနှင့် ပိုးမွှားများ၏ ဖျက်ဆီးမှုကြောင့် နှစ်စဉ် သီးနှံတန်ချိန် ၁၅ သန်းခန့် ဆုံးရှုံးနေရသည်ဟု တရုတ်နိုင်ငံလယ်ယာ စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီမှ ဇီဝဗေဒဆိုင်ရာ ထိန်းချုပ်ရေးရုံး အကြီးအကဲ ကျင်ကျောင်က ပြောကြားခဲ့သည်။ တရုတ်ပြည်ဧတောင်ပိုင်း ကွေ့ကျိုပြည်နယ်တွင် လယ်ယာ စိုက်ခင်း ကေ သုံးသန်း နီးပါး၌ ပိုးမွှားများ ကျရောက်လျက်ရှိပြီး ယင်းပိုးမွှားများတွင် နှံကောင်၊ ကျိုင်းကောင်နှင့် ပိုးဖလံများ ပါဝင်သည်ဟု ဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌မူ ကြွက်များ ကိုက်ဖြတ် ဖျက်ဆီးမှုကြောင့် စုစုပေါင်း သီးနှံထုတ်လုပ်မှု (ဆန်စပါးနှင့် ဂျုံ တန်ချိန် ၁၉ သန်းခန့်)၏ ၂ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သော ဆန်စပါးနှင့် ဂျုံတန်ချိန် ၄,၈၀,၀၀၀ မျှ နှစ်စဉ် ပျက်စီးဆုံးရှုံးလျက် ရှိကြောင်း "ဒိုင်နစ် ဘင်္ဂလား" အမည်ရှိ သတင်းစာက ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဖော်ပြခဲ့ပေသည်။

သဘာဝ ဘေးအန္တရာယ်များ ကျရောက်မှု – ဤနှစ်တွင် မိုးခေါင်ရေရှားမှု၊ပူပြင်းခြောက်သွေ့မှု၊မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု စသော ဘေးအန္တရာယ်များသည် အခွျေ့သော ဒေသများ၌ အဝေတာ်ပင်ကြီးမားသော ဖျက်ဆီးမှု အင်အားဖြင့် ကျရောက်ခဲ့သည်။ နိုင်ငံပေါင်း ၁၆ နိုင်ငံ ထက်မနည်းတွင် ဤဘေးအန္တရာယ်များကို ကြုံတွေ့ခဲ့ရပေရာ အများဆုံးနှင့် အပြင်းထန်ဆုံး ခံစားခဲ့ရသော နေရာများမှာ ဖိလစ်ပိုင်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ကာရစ်ဗီယံ ဒေသတို့တွင် ဖြစ်သည်။ (သဘာဝဘေးဒဏ် --ရှု။)

စားနပ် ရိက္ခာ ရှားပါး ပြတ်လပ် ငတ်မွတ် ခေါင်းပါးမှု ပြဿနာများ – ဤပြဿနာများအနက်အဆိုးဝါးဆုံးအခြေအနေများသည် ဆူဒန်နိုင်ငံနှင့် အီသီအိုးပီးယားနိုင်ငံတို့၌ ဖြစ်ပေါ်ခဲ့သည်ဟုဆိုရပေမည်။ ပြည်တွင်းစစ်၊ မိုးခေါင်မှုနှင့် သီးနှံများမဖြစ်ထွန်းမှု စသည်တို့ကြောင့် ဆူဒန်နိုင်ငံတွင် ပြည်သူသန်းပေါင်းများစွာတို့မှာ ငတ်မွတ်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ လူပေါင်း တစ်သိန်းခန့်၏ အသက်ရှင်ရေးမှာ မရေရာတော့ဟု တပ်အပ်ပြောနိုင်ကြောင်း၊ မိုးမကျမီ ဆူဒန်တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် စားနပ်

ရိက္ခာများ ကြိုတင်ပေးပို့ချထားနိုင်ပါမှ ထိုလူတစ်သိန်းမှာ အသက်ရှင်ဖို့ရှိကြောင်း ယူနီဆက်ညွှန်ကြားရေးမှူး ဂျိမ်းစ် ပီဂရန့်က ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ အကုန်ပိုင်းတွင် ပြောကြားခဲ့သည်။ ထိုဒေသများအတွက် မိုးရာသီမတိုင်မီ စားနပ်ရိက္ခာတန်ချိန် ဂဝ,ဝဝဝ ခန့် စုဆောင်းသိုလှောင်ထားရမည်ဟု ဆူဒန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကလည်း ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြောကြားပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်အဖွဲ့က လူပေါင်း ငါးသောင်းကျော်အတွက် စားနပ်ရိက္ခာတန်ချိန် တစ်သိန်းကျော် ပေးပို့ရန်ဆောင်ရွက်ခဲ့ရာ ဇွန်လ ၂၀ ရက်နေ့အထိ တန်ချိန် ခြောက်သောင်းခန့်သာ ပေးပို့နိုင်သေးကြောင်း သိရှိခဲ့ရသည်။ (၁၉၇၈ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလအကြားတွင် ဆူဒန်တောင်ပိုင်း အာဝီးမြို့ဒေသတွင်းတစ်မတ်သေဆုံးသူ ဂဝဝဝ ထက်မနည်းရှိသည်ဟု ကယ်ဆယ်ရေး အရာရှိများက ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ပထမပိုင်းတွင် ဖော်ပြခဲ့ကြသည်။)

အီသီအိုးပီးယားနိုင်ငံ၌လည်း အလားတူ ကြီးမားပြင်းထန်သော ပြဿနာဖြစ်ပေါ်ခဲ့ရာ ယင်းနိုင်ငံမြောက်ပိုင်းရှိ အီရစ်ထရီးယားနှင့် တိုက်ဂရေးပြည်နယ်များတွင် မိုးခေါင်မှုကြောင့် လယ်ယာသီးနှံများ အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရပြီး ရိက္ခာအကျပ်အတည်း ကြုံနေရသဖြင့် အငတ်ဘေးကိုကာကွယ်ရန် ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ်အဖွဲ့အား စားနပ်ရိက္ခာတန်ချိန် ၂,၄၂,ဝဝဝ အရေးပေါ်ကူညီထောက်ပံ့ရန် မေတ္တာရပ်ခံထားကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) ကိုယ်စားလှယ် အင်ဂိုလို အာဘရွတ်က အောက်တိုဘာလ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထိုပြည်နယ်များတွင် လူဦးရေ တစ်သန်းခုနစ်သိန်းမျှ ငတ်မွတ်မှုဘေးနှင့် ကြုံတွေ့နေပေရာ ၁၉၉၀ ပြည့်နှစ်တွင် ဤဒေသများ၌ လူပေါင်း လေးသန်းအတွက် အရေးပေါ် စားနပ်ရိက္ခာ အကူအညီလိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် အဖွဲ့က နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

အခြားနိုင်ငံများ၌လည်း စားနပ်ရိက္ခာအကျပ်အတည်းများဖြစ်ပေါ်ခဲ့ရာ ယူဂန္ဒာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် လူပေါင်း ၇,၅၀,ဝဝဝ မှာ အငတ်ဘေးနှင့်ရင်ဆိုင်နေရသဖြင့် လိုအပ်သော အစားအစာများကို ကုလသမဂ္ဂမှ ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ယင်းနိုင်ငံ အစိုးရ ကယ်ဆယ်ရေးနှင့် လူမှုပြန်လည်တည်ဆောက်ရေးဝန်ကြီးဌာနတို့တာက မေလအကုန်ပိုင်းတွင် ပြောကြားခဲ့သည်။ ဇမ်ဘီးယားနိုင်ငံ၌လည်း ဇွန်လ ပထမပိုင်းတွင် အင်းဆက်ပိုးများကကောက်ပဲသီးနှံများအား ဖျက်ဆီးမှုကြောင့် အရေးပေါ် စားနပ်ရိက္ခာများ ကူညီထောက်ပံ့ရန် ကုလသမဂ္ဂအား မေတ္တာရပ်ခံထားကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရှစ်က ပြောကြားခဲ့သည်။ အလားတူ အရေးပေါ်အခြေအနေများသည် မိုဇမ်းဗစ်နှင့် တျူနစ်ဇီးယားနိုင်ငံတို့၌လည်း ဖြစ်ပွားပေါ် ပေါက်ခဲ့သည်။

ကုလသမဂ္ဂသည် ကမ္ဘာတစ်ဝန်းရှိ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခသည်များအတွက်လည်း အရေးပေါ် စားနပ်ရိက္ခာများ ပေးပို့ထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ခဲ့ရသည်။ အာဖရိကတိုက်တွင် မိုဇမ်းဗစ်၊ မော်ရီတေးနီးယား၊ ဆီနီဂေါနှင့် တန်ဇားနီးယားနိုင်ငံများရှိ မိုးခေါင်မှုဒဏ်ခံစားရသူများနှင့် ဒုက္ခသည်များအတွက် ဒေါ်လာရှစ်သန်းဖိုးခန့် စားနပ်ရိက္ခာများ ထောက်ပံ့မည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့က ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ထို့နောက် ယင်းအဖွဲ့က ဖိလစ်ပိုင်၊ အန်ဂိုလာ၊ အယ်လဂျီးရီးယား၊ တျူနစ်ဇီးယားနှင့် တန်ဇားနီးယားနိုင်ငံတို့သို့ အရေးပေါ်စားနပ်ရိက္ခာ ဒေါ်လာ လေးသန်းကျော်ဖိုး ပေးရန် နိုဝင်ဘာလ ဂ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ဥရောပအရှေ့ပိုင်းရှိ ပိုလန်နိုင်ငံ၌လည်း စားနပ်ရိက္ခာလိုအပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ဥရောပဘုံစျေးအဖွဲ့က ဂျူတန်ချိန် ၅,ဝဝ,ဝဝ၅ နှင့် တိရစ္ဆာန်အစာအစာ တန်ချိန် ၃,ဝဝ,ဝဝဝ အပါအဝင် ဒေါ်လာ ၁၃၅ သန်းဖိုး အရေးပေါ် စားနပ်ရိက္ခာများ ထောက်ပံ့ရန် ဇူလိုင်လအကုန်ပိုင်းတွင် ခွင့်ပြုချက်ပေးလိုက်သည်။ ပိုလန်နိုင်ငံသည် ၁၉၇၉ ခုနှစ် နိုဝင်ဘာလမတိုင်မီ စားနပ်ရိက္ခာနှင့် ချေးငွေအထောက်အပံ့များ အရေးပေါ် လိုအပ်နေကြောင်း၊ လာမည့်နှစ်လအတွင်း မိမိတို့ အသက်ရှင် နေထိုင်ရေးအတွက် ယင်းအကူအညီများ လိုအပ်ခြင်း ဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ် တာနေအုမာဇိုဗီယက်ဗ်စကီးက အောက်တိုဘာလ ဒုတိယပတ်တွင် ရောမမြို့၌ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့သိုလှောင်ရိက္ခာအခြေအနေ

သိုလှောင်ထားရှိသော ကမ္ဘာ့သီးနှံပမာဏသည် ၁၉၇၉–၉၀ ပြည့်နှစ်တွင် တတိယနှစ်မြောက် ဆက်တိုက်ကျဆင်းမည်ဖြစ်ကြောင်း အက်ဖ်အေအို၏ အောက်တိုဘာလခန့်မှန်းခြေများအရ ယင်းသိုလှောင်သီးနှံများသည် တန်ချိန် ၂၉၃ သန်းအထိကျဆင်းရန်ရှိသည်။ ၎င်းမှာစာရင်းဖွင့်လက်ကျန် အောက် တန်ချိန် ၁၃ သန်းမျှ ယုတ်လျော့လျက်ရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်းလုံး သိုလှောင်ရိက္ခာပမာဏသည် ကမ္ဘာ့ရိက္ခာလုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရန် အနည်းဆုံးလိုအပ်သည်ဟု အက်ဖ်အေအိုက ထင်မြင်ယူဆသည့် ၁၇– ၁၈ ရာခိုင်နှုန်းအောက်ဘွင် ရှိမည်ဖြစ်သည်။

ဤတွင် အဓိက တင်ပို့ရောင်းချသော နိုင်ငံများ၏ လက်တွင်းရှိ ကျုံသီးနှံပမာဏသည် ၁၉၇၀ ပြည့်လွန်နှစ်များ၏အစောပိုင်းအချိန်မှစ၍ အနိမ့်ဆုံးအဆင့်သို့ကျဆင်းသွားမည်ဟု ဆိုသည်။ ဤအခြေအနေနှင့်အတူ တစ်ဘက်တွင် ၁၉၇၉– ၉၀ ပြည့်နှစ်အတွင်း စားနပ်ရိက္ခာကူညီထောက်ပံ့မှုများ ထပ်မံလျော့နည်းကျဆင်းမည့် အလားအလာများသည် ဝင်ငွေနည်းပါးပြီး ရိက္ခာခဲ့ရှိတဲ့မှုရှိသော နိုင်ငံများအထူးသဖြင့် စားနပ်ရိက္ခာ ဝယ်ယူတင်သွင်းရသော နိုင်ငံများအတွက် စိုးရိမ်ဖွယ် အကျိုးဆက်များ ရှိလာနိုင်ရာ ကမ္ဘာ့သီးနှံထုတ်လုပ်မှုကို အနည်းဆုံးတန်ခိုန်သန်း ၈၀ မျှ တိုးတက်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဤကဲ့သို့ တိုးမြှင့်ရေးအတွက် ဖြစ်နိုင်ခြေရှိသော်လည်း ၎င်းမှာ ရာသီဥတုနှင့် သီးနှံအမြောက်အမြား ထုတ်လုပ်သော နိုင်ငံများ၏ မူဝါဒများပေါ်တွင် တည်မှီနေမည်ဖြစ်ကြောင်း အက်ဖ်အေအိုက သုံးသပ်တင်ပြခဲ့သည်။

ကမ္ဘာ့စားသုံးသီးနှံများ တိုးမြှင့်ထုတ်လုပ်ရေး

ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်ခါနီတွင် ကမ္ဘာပေါ် ၌ လူဦးရေသန်း ၁၀၀၀ ထပ်မံတိုးပွားလာမည်ဟု ခန့်မှန်းထားရာ ယင်းတိုးပွားလာမည့် လူဦးရေအတွက် စားနပ်ရိက္ခာထုတ်လုပ်မှုကို ၄၀ ရာခိုင်နှုန်း တိုးမြှင့်ရမည်ဖြစ်ကြောင်း အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအက်ဒပ်ဆာ အူးမားက ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက် "ကမ္ဘာ့စားနပ်ရိက္ခာနေ့" တွင် ထုတ်ပြန်သောသဝဏ်လွှာတွင် တိုက်တွန်းပြောကြားလိုက်သည်။ ယခုအခါ၌ ဒေသတိုင်းလိုလိုတွင် မြေယာယိုယွင်းပျက်စီးမှုဖြစ်ပွားလျက်ရှိရာ ရေတိုက်စားမှု တစ်ခုတည်းကြောင့်ပင်လျှင် နှစ်စဉ် မြေဆီလွှာဆုံးရှုံးမှုတန်ခိုန် သန်းပေါင်း ၂၅,၀၀၀ ခန့်ရှိနေသည်။ မြေယာဟက်တာသန်း ၃,၅၀၀ ခန့် (ဧက ၈,၆၄၉ သန်းခန့်) သည် သဲကန္တာရအဖြစ်သို့ ပြောင်းလဲလျက်ရှိသည်။ တစ်နှစ်လျှင် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်လျက်ရှိသည့် မြေယာဟက်တာငါးသန်း (ဧက ၁၂ သန်း ၃ သိန်းကျော်) မျှဆုံးရှုံးလျက်ရှိပြီး ယင်းဆုံးရှုံးမှုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးဖြစ်နေသည်။

အက်ဒပ် ဆာ အူးမားက ကမ္ဘာ့သဘာဝ သယံဇာတ အရင်းအမြစ်များအား ပြုစုထိန်းသိမ်း စောင့်ရှောက်ရေးတွင် တစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ နိုင်ငံတကာအတိုင်းအတာဖြင့်သော်လည်းကောင်း ပိုမိုတိုးတက်တာဝန်ယူဆောင်ရွက်ကြရန် နှိုးဆော်ပြီးလျှင် အနှစ်ချုပ်အားဖြင့် မြေဆီညီဇာကို မပျက်စီးစေဘဲ စားနပ်ရိက္ခာကို ပိုမိုစိုက်ပျိုးကြရန် တိုက်တွန်းပြောကြားသည်။

တက္ကသိုလ် သက်ပန် ကမ္ဘာ့လူဦးရေ။ ။ကုလသမဂ္ဂက ၁၉၈၈ ခုနှစ်တွင် ထုတ်ပြန်သော အနီးစပ်ဆုံး ခန့်မှန်းချက်အရ ယင်းနှစ်လယ်တွင် ကမ္ဘာ့လူဦးရေ ၅,၁၁၁ ဒသမ ၉ သန်းရှိသည်။ နှစ်စဉ်လူဦးရေ ၈၈ သန်း (၁ ဒသမ ၇၃ ရာခိုင်နှုန်း) တိုးလျက်ရှိသည်။ တရုတ်နိုင်ငံ၏ လူဦးရေသည် ၁,၁၀၄ သန်း ရှိ၍အိန္ဒိယနိုင်ငံ၏လူဦးရေသည် ၈၁၈ ဒသမ ၈ သန်း ရှိသည်။ ယင်းနှစ်နိုင်ငံပေါင်း လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၃၈ ရာခိုင်နှုန်း ဖြစ်သည်။

တရုတ်နိုင်ငံတွင် မိသားစုစီမံကိန်းအရ လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ကလေးမွေးဖွားမှု သန်း ၁၀၀ ထိ လျော့ချနိုင်ခဲ့၍ ယုံမှ သန်း ထောင်ပေါင်း ၁၀၀၀ ကို ချဲ့တာနိုင်ခဲ့သည်ဟု ၁၉၈၉ ခုနှစ် ဧပြီလတွင်တရုတ်နိုင်ငံက သတင်းထုတ်ပြန်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း (၁၉၅၉ ခုနှစ်နှင့် ၁၉၆၁ ခုနှစ်မှအပ) လူဦးရေတိုးတက်မှုနှုန်းသည် ၂၀ ထောင်ခိုင်နှုန်းနှင့် ၃၅ ထောင်ခိုင်နှုန်းကြားရှိခဲ့သော်လည်း ၁၉၇၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိ ကာလအတွင်း ၁၁ ထောင်ခိုင်နှုန်းနှင့် ၁၄ ထောင်ခိုင်နှုန်းအတွင်း ရှိနေရန် ထိန်းချုပ်နိုင်ခဲ့သည်ဟု ဆိုသည်။ ကလေးမွေးဖွားရန် အလားအလာအကောင်းဆုံး အသက်အရွယ် (၂၀ မှ ၂၉ နှစ်အတွင်း) ရှိသည့် တရုတ်အမျိုးသမီးဦးရေသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ကာလအတွင်း သန်း ၁၀၀ ခန့် ရှိမည်ဖြစ်သည်။ ကမ္ဘာ့ကလေးမွေးဖွားနှုန်းသည် အမျိုးသမီး တစ်ဦးလျှင် ၃ ဒသမ ၆ ဦးနှုန်းရှိသည်။ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် မွေးဖွားနှုန်းသည် အမျိုးသမီးတစ်ဦးလျှင် ၄ ဒသမ ၁ ဦးနှုန်း ရှိသည်။ တရုတ်နိုင်ငံတွင် အမျိုးသမီးတစ်ဦးလျှင် ၂ ဒသမ ၄ ဦးနှုန်းရှိသည်။ တရုတ်နိုင်ငံ ကျေးလက်ဒေသတွင် ဝင်ငွေမြင့်မားလာခဲ့ရာ တရုတ်အစိုးရက ၁၉၈၀ ပြည့်နှစ်မှစ၍ ချမှတ်ခဲ့သော လင်မယားတစ်စုံတွဲလျှင် ကလေးတစ်ဦးနှုန်းသာ မွေးဖွားရေးမူဝါဒကို ချမ်းသာလာသော လယ်သမားမိသားစုများက ဆန့်ကျင်ခဲ့ကြသည်။ ထို့ကြောင့် ၂၀ ရာစု ကုန်ဆုံးချိန်၌ မူလက ထိန်းချုပ်ရန် ရည်ရွယ်ထားသည့် လူဦးရေသန်း ၁,၂၀၀ ကို ကျော်လွန်ကာ သန်း ၁,၂၈၀ ရှိမည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယနိုင်ငံတွင် နှစ်စဉ် လူဦးရေ တိုးတက်မှုနှုန်းသည် ၂၁ ထောင်ခိုင်နှုန်းရှိနေ၍ ယင်းနှုန်းကို လျော့မချနိုင်ခဲ့လျှင် ၂,၀၃၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ လူဦးရေကို ကျော်သွားနိုင်ဖွယ် ရှိသည်ဟု အိန္ဒိယနိုင်ငံ စီမံကိန်းကော်မရှင်က ၁၉၈၉ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကြေညာသည်။ အိန္ဒိယနိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် အမျိုးသမီးတစ်ဦးလျှင် ၄ ဒသမ ၅ ဦးနှုန်းနှင့် အထက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ လူဦးရေ သိပ်သည်းမှုနှုန်းသည် တစ်စတုရန်း ကီလိုမီတာလျှင် ၂၅၆ ယောက်နှုန်း (တစ်စတုရန်းမိုင်လျှင် ၆၆၀ နှုန်း) ရှိ၍

တရုတ်နိုင်ငံထက် နှစ်ဆကျော်မျှ ပိုမိုများပြားသည်။ တရုတ်နိုင်ငံတွင် တစ်စတုရန်းကီလိုမီတာလျှင် ၁၂၀ နှုန်း (တစ်စတုရန်းမိုင်လျှင် ၃၁၀ နှုန်း) ရှိသည်။

အာရှဖွံ့ဖြိုးမှုဘဏ်က ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော စာတမ်းတစ်စောင် အရ ၂၀ ရာစုနှစ်ကုန်ဆုံးချိန်တွင် ကမ္ဘာ့အကြီးမားဆုံးမြို့ ၂၅ မြို့အနက် ၁၂ မြို့သည် ဖွံ့ဖြိုးဆဲ အာရှနိုင်ငံများတွင် တည်ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယင်းမြို့ ၁၂ မြို့တွင် ထိုအချိန်၌ လူဦးရေ ၁၆ ဒသမ ၅ သန်းရှိမည့် ကာလကတ္တားမြို့ (အိန္ဒိယနိုင်ငံ)၊ ၁၆ သန်းရှိမည့် ဘုံဘေမြို့ (အိန္ဒိယနိုင်ငံ)၊ ၁၄ ဒသမ ၃ သန်းရှိမည့် ရှန်ဟဲမြို့ (တရုတ်နိုင်ငံ) တို့ ပါဝင်မည်ဟု ဆိုသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း နောက်ထပ်တိုးလာမည့်မြို့ပြလူဦးရေနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံတွင် ၉၀ သန်း၊ တရုတ်နိုင်ငံတွင် ၇၃ သန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂၅ သန်းနှင့် ထိုင်းနိုင်ငံတွင် ခုနစ်သန်း အသီးသီးတိုးလာဖွယ် ရှိသည်ဟု ခန့်မှန်းထားသည်။

အာရှဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်ရှည်ရန် မျှော်လင့်နိုင်မှုသည် ၁၉၉၀ ပြည့်နှစ်တွင် ပျမ်းမျှအားဖြင့် ၆၄ နှစ် ရှိရာမှ ၂၀ ရာစုနှစ်ကုန်ဆုံးချိန်တွင် ၆၆ နှစ်သို့ မြင့်တက်နိုင်ဖွယ်ရာ ရှိသည်ဟု ဆိုသည်။ လက်ရှိခန့်မှန်းချက်အရ အသက်ရှည်ရန် မျှော်လင့်နိုင်မှုသည် သြစတြေးလျှနှင့် ပြင်သစ်နိုင်ငံတို့၌ ၇၈ နှစ်၊ စပိန်၊ ဆွစ်ဇာလန်၊ ဒတ်ချ်၊ နော်ဝေး၊ ဆွီဒင်နှင့် အိုက်စလန်နိုင်ငံတို့၌ ၇၇ နှစ်၊ အမေရိကန် ပြည်ထောင်စု၌ ၇၆ နှစ် အသီးသီး ရှိကြသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက ထုတ်ပြန်သောစာတမ်း အရ ၁၉၇၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ ကာလအတွင်း အာဖရိက၌ မွေးဖွားသော ကလေးငယ်၏ အသက်ရှည်ရန် မျှော်လင့်နိုင်မှုသည် ၅၁ ဒသမ ၉ နှစ်ဖြစ်ပြီး ဥရောပ၊ မြောက်အမေရိကနှင့် ဂျပန်နိုင်ငံတို့တွင် ၇၅ နှစ် ကျော်သည်။

ကမ္ဘာပေါ်တွင် မွေးဖွားစ ကလေးသူငယ် ၁၀၀၀ အနက် အခါမလယ်မီ သေဆုံးရသူဦးရေသည် ၇၁ ဦးရှိသည်။ ယင်းအသက်အပိုင်းအခြားတွင် သေဆုံးမှုနှုန်းကို လေ့လာကြည့်လျှင် အာဖရိကတိုက်၌ အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရသည်။ အာဖရိကတိုက်တွင် မွေးဖွားစ ကလေးသူငယ် ၁၀၀၀ အနက် အခါမလယ်မီ ၁၀၁ ဦး သေဆုံးသည်။ ဥရောပတိုက်တွင် ၁၀ ဦးသာ သေဆုံး၍ အနိမ့်ဆုံးနှုန်းပင် ဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက်ဇ် ဒေကွေးလျားက ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အို ဦးရေ တိုးပွားလာကြောင်း သိရှိရသည်။ ၁၉၅၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ထိ ကာလအတွင်း အသက် ၆၀ ကျော် လူဦးရေသည် သန်း ၂၀၀ မှ သန်း ၁,၂၀၀ ထိ ခြောက်ဆမျှ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။ ယင်းသန်း ၁,၂၀၀ တွင် တတိယကမ္ဘာတွင် နေထိုင်သူ ၇၁ ရာခိုင်နှုန်း ပါဝင်မည်ဟု ဆိုသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၈,၄၇၀ ခန့် ရှိမည်ဟု မျှော်လင့်ရသည်။ ၁၉၅၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အိုဦးရေသည် ကမ္ဘာ့လူဦးရေ၏ ရှစ်ရာခိုင်နှုန်းသာရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းထိ ရှိလာမည်ဟု တွက်ဆသည်။

၁၉၈၉ ခုနှစ်အတွက် ကုလသမဂ္ဂ လူဦးရေစိမ်းကိန်းဆုကို အင်ဒိုနီးရှားနိုင်ငံနှင့် တိုဂိုနိုင်ငံတို့ ရရှိကြသည်။ ယင်းဆုအတွက် ဆုလက်မှတ်၊ ရွှေတံဆိပ်နှင့် ငွေသား ဒေါ်လာ ၁၂,၅၀၀ ကို အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူဟာတိုနှင့် တိုဂိုနိုင်ငံ ကျန်းမာရေးဝန်ကြီး အေဆာအဂ္ဂဘေထရာ တို့အား ၁၉၈၉ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က ချီးမြှင့်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား မိသားစုစိမ်းကိန်းအဖွဲ့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်း မွေးဖွားမှုနှုန်းနှင့် ကလေးသူငယ်သေဆုံးမှုနှုန်းတို့ကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်ဟုဆိုသည်။ လွန်ခဲ့သောနှစ် ၂၀ က အင်ဒိုနီးရှားနိုင်ငံ၏လူဦးရေသည် သန်း ၁၂၀ ခန့်ရှိပြီး နှစ်စဉ် လူဦးရေတိုးတက်မှုနှုန်းသည် ၂၃ ထောင်ခိုင်နှုန်းရှိသည်။ ယခုအခါ လူဦးရေ ၁၇၀ သန်းရှိ၍ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စုနှင့် အမေရိကန် ပြည်ထောင်စုတို့ ပြီးလျှင် ပဉ္စမမြောက် လူဦးရေ အများဆုံးနိုင်ငံ ဖြစ်လာသည်။ လူဦးရေတိုးတက်မှုနှုန်းကို နောင်ဆယ်စုနှစ်အတွင်း ၁၉ ထောင်ခိုင်နှုန်းသို့ လျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

ကမ္ဘာ့အသိပညာပိုင်ဆိုင်မှုအဖွဲ့ (ဒဗလျူအိုင်ပီအို)

။ ။ယနေ့ကမ္ဘာတွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်တို့ စိတ်ကူး ကွန်မြူးကြဲစည်ဖန်တီးသည့် နှလုံးရည် လက်ရာများ အတွက် အကျိုးခံစားခွင့်များကို ကုလသမဂ္ဂ အဖွဲ့ကြီး၏ အရိပ်အောက်မှ စောင့်ရှောက်ကာကွယ်ပေးနေသော အဖွဲ့အစည်းသည် ဒဗလျူအိုင်ပီအို ခေါ် ကမ္ဘာ့အသိပညာပိုင်ဆိုင်မှုအဖွဲ့ (World Intellectual Property Organization WIPO) ပင် ဖြစ်သည်။

နောက်ခံသမိုင်း

ဒဗလျူအိုင်ပီအိုသည် ၁၉၆၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် လက်မှတ်ရေးထိုးသော ကမ္ဘာ့အသိပညာပိုင်ဆိုင်မှုအဖွဲ့အား ဖွဲ့စည်းတည်ထောင်သည့် ကွန်ဗင်းရှင်းစာချုပ် အရ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် ၁၈၇၃ ခုနှစ် မတ်လ ၂၀ ရက် နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ချုပ်ဆိုခဲ့ကြသော စက်မှုလုပ်ငန်းဆိုင်ရာ ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းစာချုပ်နှင့် ၁၈၈၆ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့၌ ချုပ်ဆိုသော စာပေနှင့် အနုပညာလက်ရာများ ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းစာချုပ်တို့တွင် ဒဗလျူအိုင်ပီအို မြစ်ဖျားခံခဲ့သည်။ ဤစာချုပ်နှစ်ရပ်လုံးတွင် အပြည်ပြည်ဆိုင်ရာဗျူရိုသို့မဟုတ် အတွင်းရေးမှူးရုံး ဖွဲ့စည်းတည်ထောင်ရန်ပြဋ္ဌာန်းချက်များပါရှိသည်။ ယင်းအတွင်းရေးမှူးရုံးများကို ၁၈၉၃ ခုနှစ်တွင် ပေါင်းစည်းခဲ့ကြရာ ထိုရုံးသည် အမည်အမျိုးမျိုးဖြင့်တည်ရှိခဲ့ပြီး နောက်ဆုံးတွင် "နိုင်ငံတကာ အသိပညာပိုင်ဆိုင်မှုဆိုင်ရာ စုပေါင်းဗျူရို" (United International Bureau for the Protection of Intellectual Property) ဟူသောအမည်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ အတိုကောက် အားဖြင့် ဘီအိုင်အာရ်ပီအိုင် (BIRPI) ဟူ၍ခေါ်ဝေါ်ခဲ့ကြသည်။

ဒဗလျူအိုင်ပီအိုသည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အဖွဲ့ကြီး၏ အထူးအေဂျင်စီတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့သည်။

ကုလသမဂ္ဂ၏ အထူးအေဂျင်စီတစ်ခုအဖြစ် ဒဗလျူအိုင်ပီအို၏ အဆင့်အတန်းမှာ ယင်းအဖွဲ့နှင့် ကုလသမဂ္ဂတို့ ချုပ်ဆိုသော စာချုပ်အပိုဒ် ၁ အရ တည်ရှိသည်။ ယင်းစာချုပ်အပိုဒ် ၁ အရ ဒဗလျူအိုင်ပီအို၏ တာဝန်သည် ကုလသမဂ္ဂနှင့် ယင်း၏အဖွဲ့အစည်းများအပြင် ကုလသမဂ္ဂ ယန္တရားတွင် ပါဝင်သော အခြား အေဂျင်စီများ၏ စွမ်းဆောင်နိုင်မှု ဘောင်အတွင်း၌ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တီထွင်ဖန်တီးမှု အသိဉာဏ်ပညာဖြင့်ပြုလုပ်သော လုပ်ကိုင် ဆောင်ရွက်မှုများ တိုးတက် ဖြစ်ထွန်း စေရန် လည်းကောင်း၊ စက်မှုလုပ်ငန်းဆိုင်ရာ အသိပညာပစ္စည်းများနှင့်သက်ဆိုင်သည့်နည်းပညာရပ်များကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့လွှဲပြောင်းပေးရာ၌ ချောမောပြေပြစ်စေရန် ကူညီဆောင်ရွက်ပေးရန်လည်းကောင်း ယင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစာတမ်းနှင့် ယင်းအဖွဲ့ကစီမံခန့်ခွဲသော သဘောတူစာချုပ်များနှင့်အညီ သင့်လျော်သလိုလုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

အသိပညာပစ္စည်းဟူသည် အဘယ်နည်း

ဒဗလျူအိုင်ပီအိုက အသိပညာပစ္စည်း ဆိုသည်မှာ စက်မှုလုပ်ငန်း၊ သိပ္ပံနယ်ပယ်နှင့် စာပေ သို့မဟုတ် အနုပညာနယ်ပယ်တို့၌ အသိဉာဏ်ပညာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများမှ ဖြစ်ပေါ်သက်ရောက်လာသော ဥပဒေအရ ပိုင်ခွင့်များဖြစ်သည်ဟု ဖွင့်ဆိုသည်။

ထို့ကြောင့် အသိပညာပစ္စည်းများကို ကာကွယ်စောင့်ရှောက်မှုပေးသော လုပ်ငန်းတွင် ယင်းပစ္စည်းများကို အဓိကအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားထားသည်။ တစ်မျိုးမှာ တီထွင်မှုများ၊ ကုန်အမှတ်တံဆိပ်များ၊ ဒီဇိုင်းပုံစံများနှင့် သက်ဆိုင်သည့် စက်မှုလုပ်ငန်းဆိုင်ရာ ပစ္စည်းဖြစ်၍ အခြားတစ်မျိုးမှာ စာပေ၊ ဂီတ၊ အနုပညာ၊ ဓာတ်ပုံ၊ ရုပ်ရှင်တို့နှင့်သက်ဆိုင်သည့် မူပိုင်ခွင့်ဖြစ်သည်။

ရည်ရွယ်ချက်နှင့်လုပ်ငန်းများ

ဒဗလျူအိုင်ပီအိုက အသိပညာ ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရာ၌ အောက်ပါရည်ရွယ်ချက်များကို မူတည် လုပ်ဆောင်လျက်ရှိပေသည်။

(က) နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ဆီလျော်သင့်မြတ်သော နေရာများတွင် အခြားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်မှုဖြင့်လည်းကောင်း ကမ္ဘာအရပ်ရပ်ရှိ အသိပညာဆိုင်ရာ ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးကို မြှင့်တင်ရန်၊

(ခ) ကုန်အမှတ်တံဆိပ်များ ကိစ္စ၊ စက်မှုလက်မှုဆိုင်ရာ ဒီဇိုင်းပုံစံများကိစ္စ၊ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို အမျိုးအစားခွဲခြားသတ်မှတ်ရေးကိစ္စ၊ မူရင်းအမည် အခေါ်အဝေါ်များကို ကာကွယ် စောင့်ရှောက်ရေးကိစ္စ၊ စာပေနှင့် အနုပညာလုပ်ငန်းရပ်များကို ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ ကပြဖြေဖျော်သူများအား ကာကွယ် စောင့်ရှောက်ရေးကိစ္စ၊ ဓာတ် စက် ဓာတ် ပြား ထုတ်လုပ်သူများကို ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ အသံလွှင့်ဌာနများကို ကာကွယ်စောင့်ရှောက်ရေးကိစ္စ အစရှိသည်တို့နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် အမျိုးမျိုးကို အတည်ပြုရာတွင် နိုင်ငံအချင်းချင်း အုပ်ချုပ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု မလွဲမသွေရှိအောင် ဆောင်ရွက်ရန်တို့ ဖြစ်ပေသည်။

ဒဗလျူအိုင်ပီအိုသည် ကမ္ဘာအရပ်ရပ်ရှိ အသိပညာဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စာချုပ်အသစ်များ ချုပ်ဆိုရေးကိုလည်းကောင်း၊ တစ်နိုင်ငံချင်းအလိုက် ဥပဒေပြုစုမှု

လုပ်ငန်း ပြေပြစ်စေရေးကိုလည်းကောင်း အားပေးဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများအနေဖြင့် မိမိတို့၏ စက်မှုပစ္စည်းများနှင့် မူပိုင်ခွင့်စနစ်များကို ခေတ်မီအောင် လုပ်ဆောင်နေရပေရာ မိမိတို့၏စက်မှုထုထောင်ရေးကို မြှင့်တင်နိုင်ရန် အလို့ငှာ ဒဗလျူအိုင်ပီအိုထဲမှ ဥပဒေရေးရာအကူအညီနှင့် ကျွမ်းကျင်မှု အကူအညီများကို ရယူလျက်ရှိသည်။

ဒဗလျူအိုင်ပီအိုသည် ဖွံ့ဖြိုးစနိုင်ငံများအား သက်ဆိုင်ရာနိုင်ငံအလိုက် အသုံးချနိုင်မည့် စံပြဥပဒေများကို စီစဉ်ရေးဆဲ့ပေးခြင်း၊ ယင်းနိုင်ငံသားများအတွက် ပညာသင်ဆုများချီးမြှင့်ခြင်း၊ ယင်းတို့၏ပြဿနာများနှင့် ပတ်သက်သည့် နှီးနှောဖလှယ်ပဲ့များကို စီစဉ်ပေးခြင်း၊ ကျွမ်းကျင်သူ ပါရဂူများနှင့် ဌေးကြေးအကူအညီများပေးခြင်း၊ အဓိကအားဖြင့် မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ဘောင်အတွင်း သိပ္ပံပညာဆိုင်ရာ စာချုပ်စာတမ်းများ ပြုလုပ်ရေးနှင့် ပတ်သက်၍သော်လည်းကောင်း၊ စက်မှုသိပ္ပံအတတ်ပညာ လွှဲပြောင်းပေးရန်နှင့် ပတ်သက်၍သော်လည်းကောင်း ယင်းနိုင်ငံများ၏ လိုအပ်မှုအချို့ကို ရရှိအောင် ကြိုးပမ်းအားထုတ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

ဒဗလျူအိုင်ပီအိုအနေဖြင့် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင် ကိစ္စအတွက် လည်းကောင်း၊ အပ္ပံဝင်အချင်းချင်း အခြားသော အုပ်ချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် လည်းကောင်း သတင်းအချက်အလက်များကို စုဆောင်း၍ဖြန့်ဖြူးပြီး ဝန်ဆောင်မှုလုပ်ငန်းများကို ထား၍ လုပ်ဆောင်ပေးသည်။

သမဂ္ဂအဖွဲ့များ

မြန်မာနိုင်ငံတွင် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ မူပိုင်ခွင့်အက်ဥပဒေနှင့် ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံတိုထွင်မှု မူပိုင်ခွင့်အက်ဥပဒေများ ရှိသည့်နည်းတူ အခြားကမ္ဘာ့နိုင်ငံများ၌လည်း အသိပညာပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေများ ရှိပေသည်။ သို့သော် ယင်းဥပဒေများသည် သက်ဆိုင်ရာနယ်မြေပိုင်နက် အကန့်အသတ် အတွင်း၌သာ အာဏာတည်သည်။ တစ်နည်းဆိုသော် ယင်းဥပဒေများ၏ အကျိုးခံစားခွင့်များကို သက်ဆိုင်ရာနိုင်ငံ၏ သို့မဟုတ် ယင်းနိုင်ငံ၏ဥပဒေအရ ခွင့်ပြုသောနိုင်ငံများ၏ စီရင်ပိုင်ခွင့်အတွင်း၌သာ ခံစားရရှိနိုင်သည်။ သို့ဖြစ်စေကာမူ နှလုံးရည် လက်ရာများသည် နယ်နိမိတ်များကို ဖြတ်ကျော်ကာ တစ်ပါးနိုင်ငံများသို့ လွယ်ကူစွာ ရောက်ရှိသွားတတ်ကြသည်။ ထို့ကြောင့် အသိပညာပိုင်ခွင့်များနှင့် ပတ်သက်၍ အစိုးရများက ဒေသခံတူစာချုပ်များ ချုပ်ဆိုခဲ့ကြသည်။ ဤစာချုပ်များအရ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံက အခြားစာချုပ်ဝင်နိုင်ငံများ၏ နိုင်ငံသားများအား မိမိနိုင်ငံ၏ နိုင်ငံသားများကိုပေးသော ကာကွယ်စောင့်ရှောက်မှုနှင့် တူညီသည့် ကာကွယ် စောင့်ရှောက်မှုပေးရန် သဘောတူညီကြသည်။ ဤသို့ ဆောင်ရွက်ကြရာ၌ သဘောတူစာချုပ်တစ်ရပ်တွင် လက်မှတ်ရေးထိုးပါဝင်ကြသောနိုင်ငံများကို "သမဂ္ဂအဖွဲ့" ဟု ခေါ်တွင်ခဲ့ကြသည့်အပြင် ယင်းသမဂ္ဂအဖွဲ့များကိုလည်း သက်ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရာ နေရာကို အစဲ့ပြု၍ ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ သာဓက အားဖြင့် ၁၈၇၃ ခုနှစ်တွင် ပါရီမြို့၌ လက်မှတ်ရေးထိုးခဲ့သော စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်း စာချုပ်ဝင် နိုင်ငံများကို ပါရီသမဂ္ဂအဖွဲ့ဟူ၍ လည်းကောင်း၊ ၁၈၈၆ ခုနှစ်တွင် ဘန်းမြို့၌ လက်မှတ်ရေးထိုးခဲ့သော စာပေနှင့်အနုပညာလက်ရာများ ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းစာချုပ်ဝင် နိုင်ငံများကို ဘန်းသမဂ္ဂအဖွဲ့ဟူ၍ လည်းကောင်း ခေါ်ဆိုခဲ့ကြသည်။

ဤသို့ အသိပညာပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံအများ သဘောတူ ချုပ်ဆိုခဲ့ကြသော သဘောတူစာချုပ်များအရ ဖြစ်ပေါ်လာသော သမဂ္ဂအဖွဲ့များကို ဒဗလျူအိုင်ပီအိုက စီမံအုပ်ချုပ်သည်။ အသိပညာပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတကာ သဘောတူစာချုပ်များတွင် ရှေးအကျဆုံးမှာ ၁၈၇၃ ခုနှစ် ပါရီကွန်ဗင်းရှင်းစာချုပ်ဖြစ်၍ နောက်ဆုံး သဘောတူစာချုပ်မှာ ၁၉၇၈ ခုနှစ် ဂျီနီဗာစာချုပ်ဖြစ်သည်။

ယခုအချိန်၌ အသိပညာပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအတွက် တည်ရှိသော နိုင်ငံတကာ သဘောတူစာချုပ်များမှာ စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်းပိုင်းတွင် စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း ကာကွယ်ရေးအတွက် ပါရီကွန်ဗင်းရှင်းစာချုပ်၊ အမှတ်အသားများအား အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်ရေးနှင့်ပတ်သက်သည့် မဒရစ်သဘောတူညီချက်၊ စက်မှုဒီဇိုင်းပုံစံများအား အပြည်ပြည်ဆိုင်ရာ အပ်နှင်းထားရှိမှုနှင့် စပ်လျဉ်းသည့် ဟေ့(ဂ်) သဘောတူညီချက်၊ အမှတ်အသားများ မှတ်ပုံတင်ရေးအတွက် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းနှင့်ပတ်သက်သည့် နိုက်(စ်)သဘောတူညီချက်၊ မူလနိုင်ငံနေရာအမည်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် ယင်းအမည်များကို အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်ရေးနှင့် ပတ်သက်သည့် လစ္စဗွန်းသဘောတူညီချက်၊ စက်မှုဒီဇိုင်းပုံစံများအတွက် အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားမှုတစ်ရပ် ချမှတ်ထားရှိသည့် လိုကာနို သဘောတူညီ

ချက်၊ တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ် (ပီစီတီ)၊ အပြည်ပြည်ဆိုင်ရာတီထွင်မှုများ အမျိုးအစား ခွဲခြားမှု သဘောတူညီချက် (အိုင်ပီစီ)၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ရေးစာချုပ် (တီအာရ်တီ)၊ အမှတ်အသားများ တွင်ပါရှိသော ရုပ်ပုံများအား အပြည်ပြည်ဆိုင်ရာ အမျိုးအစား ခွဲခြားမှုတစ်ရပ် ချမှတ်သည့် ဗီယင်နာ သဘောတူညီချက်၊ ခဲစာလုံးပုံစံများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ယင်းတို့အား အပြည်ပြည်ဆိုင်ရာ အပ်နှံထားရှိမှုနှင့် စပ်လျဉ်းသည့် ဗီယင်နာသဘောတူညီချက်၊ တီထွင်မှုမူပိုင်ခွင့် ကိစ္စရပ်များ ဆောင်ရွက်ရန်အလို့ငှာ အကျုံးဝင်ပစ္စည်းများ (microorganisms) အပ်နှံထားရှိခြင်းအတွက် အပြည်ပြည်ဆိုင်ရာ အာသီအမှတ်ပြုရေးနှင့် ပတ်သက်သည့် ဗူဒါပက်စာချုပ်၊ သိပ္ပံပညာ ရှာဖွေတွေ့ရှိမှုများအတွက် အပြည်ပြည်ဆိုင်ရာ မှတ်တမ်းတင်ရေးနှင့် ပတ်သက်သည့် ဂျီနီဗာသဘောတူညီချက်တို့ ရှိကြသည်။

ထို့အပြင် စာပေမူပိုင်ခွင့်နှင့် နီးနွှယ်ဆက်စပ်ရာ မူပိုင်ခွင့်များအပိုင်းတွင် စာပေနှင့် အနုပညာ လက်ရာများကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ဘန်းကွန်ဗင်းရှင်းစာချုပ်၊ ဖျော်ဖြေကပြသူများ၊ ဓာတ်ပြားထုတ်လုပ်သူများနှင့် အသံလွှင့်ဌာနများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရောမကွန်ဗင်းရှင်းစာချုပ်၊ ဓာတ်ပြားထုတ်လုပ်သူများအား ယင်းတို့၏ ဓာတ်ပြားများကို ခွင့်ပြုချက်မရှိဘဲ မိတ္တူကူးယူ ထုတ်လုပ်ခြင်းမှ ကာကွယ်ရေးဆိုင်ရာ ဂျီနီဗာကွန်ဗင်းရှင်း စာချုပ်၊ ဂြိုဟ်တုမှ ထုတ်လွှင့်သည့် အစီအစဉ် ဖော်ပြပါရှိရာ အချက်ပေးချက်များ ဖြန့်ချိရေးနှင့် ပတ်သက်သည့် ဗရပ်ဆဲလ် ကွန်ဗင်းရှင်းစာချုပ်တို့ ရှိကြသည်။

အထက်ပါ သဘောတူစာချုပ်များအနက် အချို့သော စာချုပ်များတွင် အစိုးရများအတွက် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဗဟိုမှဆောင်ရွက်ပေးရန် ပြဋ္ဌာန်းချက်များ ပါရှိသည်။ ဥပမာအားဖြင့် ကုန်ပစ္စည်းအမှတ်တံဆိပ်များသို့မဟုတ် စက်မှုဒီဇိုင်းပုံစံများအား အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်ရေးလုပ်ငန်း ဖြစ်သည်။ အချို့သော သဘောတူစာချုပ်များက အမျိုးအစား ခွဲခြားရေး စနစ်များ၊ ယင်းစနစ်အား တိုးတက်ကောင်းမွန်အောင်ပြုလုပ်၍ ခေတ်အချိန်အခါနှင့် လိုက်လျောညီထွေရှိအောင် ထားရှိသည့် လုပ်ငန်းနည်းစဉ်များကို ချမှတ်ပေးသည်။ ဤစာချုပ်များကို ပြန်လည်သုံးသပ် ပြင်ဆင်ရေးနှင့် စာချုပ်အသစ်များ ချုပ်ဆိုရေးတို့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့ကို အမြဲတမ်း လိုအပ်လျက် ရှိသည့်အလျောက် အထူးဖွဲ့စည်းထားသော အတွင်းရေးမှူးရုံးဌာနတစ်ခုက ကူညီပံ့ပိုးပေးရန် လိုအပ်ပေရာ ဤကိစ္စအတွက် ဒဗလျူအိုင်ပီအိုက အခြေခံအဖွဲ့အစည်းကို ထားရှိပြီး ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးသည်။

ဒဗလျူအိုင်ပီအို၏ ဖွဲ့စည်းပုံ

ဒဗလျူအိုင်ပီအိုက စီမံခန့်ခွဲသည့် သမဂ္ဂအဖွဲ့များအနက် သမဂ္ဂအဖွဲ့ကိုးဖွဲ့တွင် ကိုယ်ပိုင်နှိုင်ငံတကာ ညီလာခံအဖွဲ့အစည်းများရှိ၍ ကိုယ်ပိုင်လုပ်ငန်း အစီအစဉ်များနှင့် ရသုံးငွေစာရင်းများကို ပြုလုပ်ချမှတ်ကြသည်။

ယင်းအဖွဲ့အစည်းများအပြင် ဒဗလျူအိုင်ပီအိုတွင် အဖွဲ့ဝင် နိုင်ငံအားလုံး ပါဝင်သော မျက်နှာစုံညီ အစည်းအဝေး တစ်ခုရှိသည်။ တစ်ဖန် ပါရီသမဂ္ဂအဖွဲ့ သို့မဟုတ် ဘန်းသမဂ္ဂအဖွဲ့တို့၌လည်းပါဝင်သော အဖွဲ့ဝင်များအားလုံး တက်ရောက်သည့် အထွေထွေညီလာခံတစ်ခုရှိသည်။ ထို့ပြင် ညှိနှိုင်းရေးကော်မတီတစ်ခုလည်း ရှိသေးသည်။ ဒဗလျူအိုင်ပီအိုနှင့် ဒဗလျူအိုင်ပီအိုက စီမံခန့်ခွဲသော သမဂ္ဂအဖွဲ့များ၏ အုပ်ချုပ်ရေး အဖွဲ့အစည်းများသည် ပူးတွဲအစည်းအဝေးများ ကျင်းပပြုလုပ်လေ့ရှိပြီး ယင်းတို့၏ လုပ်ငန်း အစီအစဉ်များနှင့် ရသုံးငွေစာရင်းများ အတည်ပြုချမှတ်ခြင်းနှင့် ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီတို့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ဒဗလျူအိုင်ပီအို၏ မူဝါဒနှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ခြင်း ပြုလုပ်ကြသည်။

ဒဗလျူအိုင်ပီအို၏ အပြည်ပြည်ဆိုင်ရာ ဗျူရိုသည် ယင်းအဖွဲ့၏ အတွင်းရေးမှူးရုံးဖြစ်၍ ရုံးတည်ရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ဌာနချုပ်တွင် ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်ကာ နိုင်ငံ ၅၀ မှ ဝန်ထမ်းအင်အား ၂၇၀ ဖြင့် ဒဗလျူအိုင်ပီအို၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ယင်းဗျူရိုသည် အခြား လုပ်ငန်းတာဝန်များ အပြင် အသိပညာပစ္စည်း ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရယူစုစည်းပြီး "စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း" နှင့် "စာပေမူပိုင်ခွင့်" ဟူသော အမည်များဖြင့် စာစောင်နှစ်ခုကို လစဉ် ထုတ်ဝေလျက်ရှိသည်။ ယင်းဗျူရိုတွင် ဒဗလျူအိုင်ပီအိုက စီမံခန့်ခွဲသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို ထိန်းသိမ်းထားသည်။ ယင်းဗျူရိုသည် နိုင်ငံတကာမှ ကုန်အမှတ်တံဆိပ်နှင့် စက်မှုဒီဇိုင်းပုံစံများကို မှတ်ပုံတင်ရာဌာနလည်း ဖြစ်သည်။ ၁၉၇၀ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၁၉၇၂ ခုနှစ် ဇွန်လ ၁ ရက်နေ့ထိကာလအတွင်း နိုင်ငံတကာမှ တီထွင်မှု မူပိုင်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားချက် ၁၀,၀၀၀ ကျော်ကို လက်ခံဆောင်ရွက်ပေးခဲ့သည်။ ၁၇၉၃ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်အသစ်

လဲလှယ်ခြင်းကိစ္စပေါင်း ၄,၉၇,၀၀၀ ကို ဆောင်ရွက်ခဲ့ရပြီး ၁၉၂၀ ခုနှစ် မှ ၁၉၀၂ ခုနှစ်များအတွင်း အပြည်ပြည်မှ အပ်နှင်းသော စက်မှုဒီဇိုင်းပုံစံ ၇၀,၀၀၀ ကျော်ကို မှတ်ပုံတင်၍ ထိန်းသိမ်းထားရှိခဲ့သည်။

ဒဗလျူအိုင်ပီအို၏ လှုပ်ရှားမှုများ

ဒဗလျူအိုင်ပီအိုအနေဖြင့် လုပ်ငန်းအစီအစဉ်အရ လုပ်ဆောင်သော မူဝါဒလုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်မှုနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများကို လုပ်ဆောင်သည်။ ဤလုပ်ငန်းများသည် အသိပညာပစ္စည်းကို ကမ္ဘာတွင် ပိုမိုတိုးတက် လေးစားရေး၊ ဤသို့အားဖြင့် တီထွင် လုပ်ဆောင်မှုများ တိုးပွားကာ စက်မှုနှင့် ယဉ်ကျေးမှုများ တိုးတက် ထွန်းကားရေးနှင့် နည်းပညာများ လွှဲပြောင်းခြင်းနှင့် စာပေ အနုပညာ လက်ရာများ ဖြန့်ဖြူးခြင်းကိစ္စများ ပိုမိုလွယ်ကူချောမွေ့ရေး စသော ဒဗလျူအိုင်ပီအို၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဒဗလျူအိုင်ပီအိုသည် မူဝါဒရေးရာ လုပ်ငန်းအဖြစ် တိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို စီမံလုပ်ဆောင်သည့်အပြင် တည်ဆဲ သဘောဘူစာချုပ်များကို လက်ခံပါဝင်မှု တိုးတက်ရေးကိစ္စ၊ အချိန်အခါ အခြေအနေနှင့် လျော်ညီစေခြင်းငှာ ပြင်ဆင်ရန် လိုအပ်သော သဘောတူစာချုပ်များကို ပြင်ဆင်ခြင်းကိစ္စ၊ သဘောတူစာချုပ် အသစ်များ ချုပ်ဆိုရေးကိစ္စ၊ အသိပညာပစ္စည်းများအား စီမံခန့်ခွဲရေးတွင် အပြည်ပြည်တို့မှ လက်တွေ့ ပူးပေါင်း ဆောင်ရွက်မှု ရရှိရေး ကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။

သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ မျက်မှောက်ခေတ်တွင် ကမ္ဘာ့ပြည်သူအသိပညာရှင်၊ အတတ်ပညာရှင်တို့၏ စိတ်ကူးကြံစည်မှုတို့မှ ဖြစ်ထွန်းလာသော အသိပညာပစ္စည်းအမျိုးမျိုးအတွက် ကာကွယ်စောင့်ရှောက်မှုများ ရရှိရန် စီမံဆောင်ရွက်လျက် ရှိကြသည်။ သာဓကအားဖြင့် သစ်ပင်မျိုးသစ် အမျိုးမျိုးအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းစာချုပ်တစ်ရပ်ကို ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပါရီမြို့၌ ချုပ်ဆိုပြီး ယင်းစာချုပ်ကို ၁၉၇၂ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်တို့တွင် ဂျီနီဗာမြို့၌ ပြင်ဆင်ခဲ့ကြသည်။ ၁၉၈၂ ခုနှစ် နိုဝင်ဘာလတွင် စာချုပ်ဝင်နိုင်ငံ ၁၇ နိုင်ငံရှိသည့် ဤစာချုပ်တွင် သစ်ပင်မျိုးသစ် တီထွင်သူများအတွက် အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု စနစ်တစ်ရပ်ကို ချမှတ်ပေးထားသည်။ ၁၈၇၃ ခုနှစ် တွင် ချုပ်ဆိုခဲ့ပြီး ၁၉၀၂ ခုနှစ်တွင် အဖွဲ့ဝင် ၉၁ နိုင်ငံရှိသည့် ပါရီကွန်ဗင်းရှင်းစာချုပ်ဆိုလျှင်လည်း ၁၉၀၀၊ ၁၉၁၁၊ ၁၉၂၅၊ ၁၉၃၄၊ ၁၉၅၈ ခုနှစ် တို့တွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုနည်းတူ ၁၈၈၆ ခုနှစ်တွင် ချုပ်ဆိုခဲ့ပြီး ၁၉၀၂ ခုနှစ်တွင် အဖွဲ့ဝင် ၇၄ နိုင်ငံရှိသည့် ဘန်းကွန်ဗင်းရှင်းစာချုပ်၌လည်း ၁၉၀၈၊ ၁၉၂၈၊ ၁၉၄၈၊ ၁၉၆၈၊ ၁၉၇၁ ခုနှစ်များတွင် ပြင်ဆင်ချက်များ ပြုလုပ်ခဲ့ကြသည်။ ပါရီကွန်ဗင်းရှင်းစာချုပ်ကို နောက်တစ်ကြိမ် ပြန်လည်သုံးသပ်ပြင်ဆင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ မျက်နှာစုံညီညွှန်ကြားဆွေးနွေးပွဲများကို ၁၉၇၁၊ ၁၉၇၄ နှင့် ၁၉၇၅ ခုနှစ်များတွင် ကျင်းပပြုလုပ်လျက် ရှိခဲ့ကြသည်။ ယင်းဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ ပါရီစာချုပ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးနှင့် တီထွင်သူများ၏ ထောက်ခံချက် လက်မှတ်များအတွက် အသိအမှတ်ပြုချက် အပြည့်အဝရရှိရန်အလို့ငှာပြဋ္ဌာန်းချက်အသစ်များ ထပ်မံဖြည့်တင်းရေးတို့ပင်ဖြစ်သည်။

ဒဗလျူအိုင်ပီအိုက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် "တိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်း ဆောင်ရွက်ရေး" အစီအစဉ်အရ ဆောင်ရွက်နေသော လုပ်ငန်းများတွင် ကျွမ်းကျင်သူများ လေ့ကျင့်ပေးခြင်း၊ အစိုးရ အဖွဲ့များအတွက် ဥပဒေများ ရေးဆဲ့ပေးခြင်း၊ သို့မဟုတ် ဥပဒေများ ခေတ်မီအောင် ပြုလုပ်ပေးခြင်း၊ တီထွင်မှုများနှင့် နည်းပညာ လွှဲပြောင်းပေးမှုများကို တိုးတက်ဖြစ်ပေါ်အောင် အားပေးခြင်း စသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ ၁၉၇၃ ခုနှစ်တွင် ဒဗလျူအိုင်ပီအိုက စက်မှုလုပ်ငန်းပစ္စည်းနှင့် စာပေပမ္မပိုင်ခွင့်ရေးရာတို့တွင် လေ့ကျင့်မှုပေးရေးအစီအစဉ်အရ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၇၅ နိုင်ငံမှ နိုင်ငံသားများအတွက် ပညာသင်ဆု ၂၁၀ ပေးကမ်းခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အာရှတိုက်ရှိ ကိုလံဗို၊ ဒါကာ၊ အစ္စလာမာဗတ်၊ ကရာချီ၊ ဂျကာတာ၊ ဟန်နွိုင်း၊ ပီကင်း၊ စင်ကာပူ၊ ကွာလာလမ်ပူ အစရှိသော မြို့တော်များ အပါအဝင် ကမ္ဘာ့မြို့တော်အများအပြားဌာနေ လေ့ကျင့်ရေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့သည်။ ထို့အပြင် ဒဗလျူအိုင်ပီအိုက တီထွင်သူများအတွက် ဆုတံဆိပ်များကိုလည်း ချီးမြှင့်ခဲ့ရာ ၁၉၇၃ ခုနှစ်တွင် ဗူလဂေးရီးယားနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဆိုဗီယက် ပြည်ထောင်စုနိုင်ငံများ၌ ကျင်းပခဲ့သော ပြပွဲ သို့မဟုတ် ပြိုင်ပွဲများတွင်လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ဗူလဂေးရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကိုရီးယား

သမ္မတနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စု နိုင်ငံများ၌ ကျင်းပခဲ့သော ပြပွဲ သို့မဟုတ် ပြိုင်ပွဲများ တွင်လည်းကောင်း ဆုများနှင့် တံဆိပ်များကို ချီးမြှင့် ပေးအပ်ခဲ့သည်။

ပါရီစာချုပ် နှစ်တစ်ရာပြည့်

၁၈၇၃ ခုနှစ်တွင် ချုပ်ဆိုခဲ့သော စက်မှုလုပ်ငန်းဆိုင်ရာ ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ပါရီ ကွန်ဗင်းရှင်း စာချုပ်၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနား တစ်ရပ်ကို ပြင်သစ်နိုင်ငံနှင့် စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း ကာကွယ်စောင့်ရှောက်ရေး နိုင်ငံတကာ အသင်းတို့က ၁၉၇၃ နှစ် မေလတွင် ပါရီမြို့တော်၌ စီစဉ်ကျင်းပခဲ့ကြ သည့်အပြင် စက်တင်ဘာလ တွင် ဂျီနီဗာမြို့၌လည်း အစည်း အဝေးငယ်ခုကို ဆင်ယင်ကျင်းပခဲ့ကြသည်။ ယင်းအထိမ်း အမှတ်များပွဲတွင် ကမ္ဘာ့ အသိပညာ ပိုင်ဆိုင်မှုအဖွဲ့ (ဒဗလျူအိုင်ပီအို) က ပါဝင်ဆင်နွှဲခဲ့သည်။

တက္ကသိုလ်သက်ပန်

ကျော်မြင့်၊ ဦး (ခရစ် ၁၈၉၈ – ၁၉၈၈)။ ။ဗဟို တရားရုံး ရှေနေကြီး ဦးကျော်မြင့်ကို ဟသံတ ခရိုင် ဇလွန်မြို့ဘွင် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော ကျက်သရေ ဆောင် ရွှေစလွယ် ကေ အက်စ် အမ်နှင့် အေ တီ အမ် ဘွဲ့ရ အမ အရေးပိုင် ဦးဖိန်း၊ အမိ ဒေါ်မိမိတို့က ၁၈၉၈ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။

ကိုယ်ထူးကိုယ်ချွန် ပညာသင်ခဲ့၍ လန်ဒန်သို့ ဝတ်လုံ ပညာသင်ယူရန် မသွားမီ ရန်ကုန်မြို့၌ စာရေးလုပ်ခဲ့ဖူး သည်။ အလုပ်ရှင် အမေရိကန်နှင့် စကားများ၍ အလုပ် ထွက်ခဲ့သည်။ ၁၉၁၄ ခုနှစ် ဇွန်လတွင် ရန်ကုန်တက္ကသိုလ် သို့ တက်ရောက်ခဲ့ပြီး ထိုနှစ် ဇူလိုင်လတွင် ကျောင်းအုပ် ကြီး ဒေါက်တာဟန်းတားနှင့် မ ပြေ မ လည် ဖြစ် သ ဖြင့် ကျောင်းမှ တစ်နှစ်ထုတ်ပယ်ခြင်းခံရသည်။ တစ်နှစ်ကုန် သော် ကျောင်းကိုပြန်မဝင်ဘဲ အင်္ဂလိပ်စစ်တပ်နှင့် အိန္ဒိယ နိုင်ငံသို့ ပါသွားခဲ့သည်။

ထို့နောက် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ရောက်ရှိခဲ့သည်။ ဦးကျော်မြင့်သည် ၁၉၂၀ ပြည့်နှစ်တွင် လန်ဒန် မစ်ဒဲလ် တင်းပဲသို့ တက်ရောက်၍ Barrister at Law ဘွဲ့ကိုရရှိ ခဲ့သည်။

မြန်မာပြည်သို့ပြန်ရောက်သည့် ၁၉၂၂ ခုနှစ် ဇန်နဝါရီ လမှစ၍ ရှေနေလိုက်သည်။ နိုင်ငံရေးနယ်တွင် လှုပ်ရှား သည်။ ဒေါက်တာဘမော်၊ ရမ်းဗြဲဦးမောင်မောင်တို့နှင့်မော်၊ မြင့်၊ ဗြဲအဖွဲ့ ထူထောင်ခဲ့သေးသည်။ ၁၉၂၂ ခုနှစ် မတ်လ တွင် ရန်ကုန်မြို့ရှိ ဟိုက်ကုတ် တရားရုံးတွင် ဗဟိုတရားရုံး



ဥပဒေပါမောက္ခ ဦးကျော်မြင့်

ရှေနေအဖြစ် ဆောင်ရွက်ခွင့်ရသည်။ ထို့နောက် စမော်ကော် ရုံးတွင် ဒုတိယတရားသူကြီးအဖြစ် တစ်ဆင့်မြင့်ရာထူးကို ၁၉၂၅ ခုနှစ်နှင့် ၁၉၂၈ – ၂၉ ခုနှစ်တွင် တာဝန်ထမ်း ဆောင်သည်။ ထို့နောက် အိန္ဒိယ ဥပဒေပြုလွှတ်တော်အဖွဲ့ ဝင်အဖြစ် ရွေးချယ်ခံရသည်။ မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်ခြင်းမပြုမီ ဒေလီတွင် စည်းဝေးသော ဗဟိုဥပဒေပြု လွှတ်တော်၌ မြန်မာအမတ်အဖြစ် တက်ရောက်၍ ဒေါမာန် ပါပါ ဟောပြော ဆွေးနွေးလေ့ ရှိခဲ့သည်။ အမျိုးသား လွှတ် မြောက် ရေး သ မိုင်း တွင် မော် ကွန်း တင် ရစ် သည့် ဒုတိယကျောင်းသားသပိတ်နှင့် တ တိ ယ ကျောင်း သား သပိတ်တို့တွင် ဦးကျော်မြင့်သည် မြန်မာဂုဏ်သရေရှိ လူကြီးအဖြစ် ကူညီယိုင်းပင်းခဲ့သည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၄ ခုနှစ်ထိ ရန်ကုန်မြူနီစီပါယ်လူကြီးအဖြစ် ဆောင် ရွက်ခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်ထိ နိုင်ငံရေး ကို လိုက်စားခဲ့ခြင်းဖြစ်သည်။ စစ်အတွင်းတွင် ရှေနေဘဝ နှင့် နေခဲ့သည်။

ဦးကျော်မြင့်သည် စစ်ပြီးနောက် ၁၉၄၆ ခုနှစ် နိုဝင် ဘာလတွင် ဗဟိုဥပဒေရုံး၌ တရားဝန်ကြီးအဖြစ် ခန့်အပ်ခံရ သည်။ လွှတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် မတ်၊ ဧပြီလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသည့် ပထမအကြိမ် အာရှဆက်သွယ်ရေး ကွန်ဖရင့်သို့ မြန်မာ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အဖြစ် တက်ရောက်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် တရားဝန်ကြီးအလုပ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ရှေနေလုပ်ငန်းများကို ပြန်လည်လုပ် ရင်း စာပေ ရေးသား ဟောပြောလေ့ရှိသည်။ ထို့ပြင် ရန်ကုန် တက္ကသိုလ်တွင် ဥပဒေပညာ မဟာ ဌာနမှူးနှင့် ပါမောက္ခအဖြစ် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အထိ လုပ် ကိုင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရအံ့ဆဲဆဲ ၁၉၄၇ ခုနှစ် သြဂုတ်လ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံ ဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကို စစ်ဆေးစီရင်ရန် အထူးခုံရုံး ဥပဒေကို ထုတ်ပြန်ရာ ခုံရုံးတွင် နာယကအဖြစ် ဦးကျော်မြင့်ကို တာဝန် ပေး အပ် ခဲ့ သည်။ အထူး ခုံရုံးကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ထုတ်ပြန်၍ ဖွဲ့စည်း ခဲ့သည်။

၁၉၅၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကဦးကျော်မြင့်အား ဥပဒေပါရဂူ ဂုဏ်ထူးဆောင်ဘွဲ့ကိုပေးအပ်သည်။ ဦးကျော်မြင့်သည် ဒေါ်လှကြည်နှင့် လက်ထပ်ခဲ့သည်။ သားသမီး ခုနစ်ယောက် ထွန်းကားခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းခေတ်နှောင်းတွင် ထင်ရှားလာ ကွယ်လွန်သူ အိုင်စီအက်စ် ဦးတင်ထွတ်သည် ဦးကျော်မြင့်၏ အစ်ကိုဖြစ်သည်။ တရားဝန်ကြီးချုပ် ဦးမြင့်သိန်း(အငြိမ်းစား)နှင့် ရန်ကုန်တက္ကသိုလ် ဒုတိယအဓိပတိ ဒေါက်တာ ထင်အောင် (အငြိမ်းစား) (ကွယ်လွန်)တို့သည် ဦးကျော်မြင့်၏ ညီများဖြစ်ကြသည်။ ဒေါ်မြမူ(အမ်အေ) (ကွယ်လွန်)၊ ဒေါ်ခင်စောမူ(ဘီအေ) နှင့် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဌာနမှူး ဒေါ်တင်စောမူ (အမ်အေ) (ကွယ်လွန်)တို့သည် ဦးကျော်မြင့်၏ညီမများဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ် အငြိမ်းစား ဥပဒေမဟာဌာနမှူးနှင့် ဝတ်လုံတော်ရရှေနေကြီး ဦးကျော်မြင့်သည် ၁၉၈၈ ခုနှစ် မေလ ၁၁ ရက်နေ့က ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ကျောက်မျက်ရတနာပြပွဲ (၁၉၇၉)။ ။မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ကျင်းပခဲ့ရာ ၁၉၇၉ ခုနှစ် မတ်လ ၆ ရက်နေ့မှ ၁၄ ရက်နေ့အထိ အင်းလျားကန်ဟိုတယ်၌ ကျင်းပခဲ့သော ကျောက်မျက် ရတနာ ပြပွဲသည် ၂၆ ကြိမ်မြောက် ပြပွဲ ဖြစ်သည်။


၂၆ ကြိမ်မြောက် ကျောက်မျက် ရတနာ ပြပွဲ ဗဟို ကော်မတီ နာယက၊ စွမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင် မောင် ခင် က ကျောက် မျက် ရ တ နာ ပြပွဲ အကြို ခင်းကျင်းပြသမှုကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် စစ်ဆေးကြည့်ရှုခဲ့သည်။

၂၆ ကြိမ်မြောက် ကျောက်မျက် ရတနာ ပြပွဲသို့ တက်ရောက်လာကြသော ရ တ နာ ကုန် သည် များ သည် မတ်လ ၆ ရက်နှင့် ၇ ရက်နေ့များတွင် ကျောက်မျက် ရထနာများကို လေ့လာ ကြည့်ရှုကြသည်။ ထို့နောက် မတ်လ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျောက်စိမ်းများကိုလည်းကောင်း၊ မတ်လ ၁၂ ရက်နေ့တွင် ကျောက်မျက်များကိုလည်းကောင်း၊ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် ပုလဲများကိုလည်းကောင်း ဈေးပြိုင် စနစ်ဖြင့် ရောင်းချခဲ့သည်။

၂၆ ကြိမ်မြောက် ကျောက်မျက် ရတနာ ပြပွဲတွင် မြန်မာ ကျပ်ငွေ ၁,၁၇,၇၅,၈၁၂ ကျပ်၊ အမေရိကန် ဒေါ်လာ ၁၈,၃၅,၂၂၅ ဒေါ်လာ အခြေခံဈေး တန်ဖိုးရှိ ကျောက်မျက် အတွဲပေါင်း ၂၄၃ တွဲ၊ မြန်မာကျပ်ငွေ ၅,၆၅,၁၆,၄၁၃ ကျပ် အမေရိကန်ဒေါ်လာ ၈၀,၄၂,၀၀၀ ဒေါ်လာ အခြေခံတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၃၅၅ တွဲ၊ မြန်မာကျပ်ငွေ ၃,၄၅,၃၀,၁၂၈ ကျပ်၊ အမေရိကန် ဒေါ်လာ ၅၃,၈၁,၇၁၀ ဒေါ်လာတန်ဖိုးရှိ ပုလဲအတွဲပေါင်း ၃၂၂ တွဲ၊ စုစုပေါင်း မြန်မာကျပ်ငွေ ၉,၇၉,၁၀,၁၅၃ ကျပ်၊ အမေရိကန်ဒေါ်လာ ၁,၅၂,၅၉,၈၃၅ ဒေါ်လာ အခြေခံဈေးတန်ဖိုးရှိ မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်း[illegible]ပုလဲရတနာ အတွဲပေါင်း ၉၂၀ ကို ဈေးပြိုင်စနစ်ဖြင့် [illegible]ရောင်းချခဲ့သည်။

အထက်ပါ ကျောက်မျက်ရတနာများအပြင် မြန်မာ့ကျပ်ငွေ ၁,၃၉,၀၅,၇၉၈ ကျပ်၊ အမေရိကန်ဒေါ်လာ ၂၁,၆၇,၂၉၅ ဒေါ်လာ တန်ဖိုးရှိ အသင့်ဝတ်ဆင်နိုင်သော ရတနာပေါင်း ၃,၀၈၀ ကိုလည်းကောင်း၊ မြန်မာကျပ်ငွေ ၂၂,၅၅,၆၇၉ ကျပ်၊ အမေရိကန်ဒေါ်လာ ၃,၂၁,၅၆၀ ဒေါ်လာတန်ဖိုးရှိသော ကျောက်စိမ်းရုပ်တု ၂၂,၈၅၅ ခုကိုလည်းကောင်း ခင်းကျင်းပြသ ရောင်းချခဲ့သည်။

၂၆ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲဦး နိုင်ငံ ၁၄ နိုင်ငံမှ ရတနာ ကုန်သည်ပေါင်း ၃၃၆ ဦး (မတ်လ ၁၂ ရက်နေ့အထိ) တက်ရောက်ခဲ့ကြသည်။ ကျောက်စိမ်းများကို မတ်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ မြန်မာငွေကျပ် ၃,၄၉,၆၈,၀၀၀ ကျော်အမေရိကန်ဒေါ်လာ ၅၄,၀၉,၃၆၉ ဒေါ်လာခန့်တန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၁၈၄ တွဲ ရောင်းချရသည်။ မတ်လ ၁၂ ရက်တွင် ကျောက်မျက်များကို ရောင်းချခဲ့ရာ မြန်မာငွေကျပ် ၅၆,၅၇,၀၇၁ ကျပ်ခန့်၊ အမေရိကန်ဒေါ်လာ ၈,၇၅,၀၀၀ ကျော်တန်ဖိုးရှိ ကျောက်မျက် အတွဲပေါင်း ၁၆၃ တွဲ ရောင်းချခဲ့ရသည်။ မတ်လ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ပုလဲအတွဲပေါင်း ၂၁၆ တွဲကို ရောင်းချခဲ့ရာ မြန်မာငွေကျပ် ၃,၀၆,၉၆,၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၄၇,၄၈,၄၄၁ ဒေါ်လာခန့် ရရှိခဲ့သည်။ ၂၆ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ကျောက်မျက်နှင့် ပုလဲ ရောင်းရငွေသည် ရတနာပြပွဲတစ်လျှောက် နှစ်စဉ် ရောင်းရငွေများထက် ကျော်လွန်ခဲ့လေရာ ကျောက်မျက်



၂၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ဓကျောက်စိမ်းရုပ်တုများ

နှင့် ပုလဲရောင်းရင်ဆေ စံချိန်တင်သောနှစ် ဖြစ်သည်။ ကျောက်စိမ်းရုပ်တုနှင့် အသင့်ဝတ်နိုင်သောရတနာများ၏ ရောင်းရင်ဆေမှာ မြန်မာငွေကျပ် ၁၅,၉၇,၆၇၀ ကျပ်၊ အမေရိကန်ဒေါ်လာ ၂,၄၇,၃၀၁ ဒေါ်လာဖြစ်သည်။

၁၉၇၅ ခုနှစ်က ကျင်းပခဲ့သော ၂၂ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၌ မြန်မာ့ကျောက်မျက်ရတနာများ ရောင်းရင်ဆေသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၃ သန်းဖြစ်၍ ကျောက်မျက်ရတနာ ပြပွဲသက်တမ်း တစ်လျှောက် အမြင့်ဆုံးရောင်းရင်ဆေဖြစ်ခဲ့သော်လည်း ယခု ၂၆ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ရောင်းရင်ဆေသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၀ သန်းဖြစ်သဖြင့် ကျောက်မျက်ရတနာပြပွဲများတွင် အရောင်းစံချိန်အမြင့်ဆုံး ဖြစ်ခဲ့သည်။

မတ်လ ၁၁ ရက်နေ့တွင် ၂၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လျက်ရှိကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ရတနာ ကုန်သည်များအား ၂၆ ကြိမ်မြောက် မြန်မာ့ ကျောက်မျက် ရတနာ ပြပွဲ ဗဟို ကော်မတီက ညစာစားပွဲဖြင့် တည့်ခင်းကျွေးခဲ့သည်။

ညစာစားပွဲတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ခင်၊ ၂၆ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီ ဥက္ကဋ္ဌ ဦးသောင်းနှင့် ပြပွဲ ဗဟိုကော်မတီဝင်များက ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲစတင်ချိန်မှ ၂၆ ကြိမ်မြောက် ကျောက်မျက် ရတနာ ပြပွဲအထိ ဆက်တိုက်တက်ရောက်ခဲ့သော ရတနာကုန်သည်နှစ်ဦးအား လည်းကောင်း၊ ၂၀ ကြိမ်မြောက် ဆက်တိုက်တက်ရောက်ခဲ့သည့် ရတနာကုန်သည် သုံးဦးအား လည်းကောင်း၊ ၁၅ ကြိမ်မြောက် ဆက်တိုက်တက်ရောက်ခဲ့သည့် ရတနာကုန်သည် သုံးဦးအား လည်းကောင်း၊ ၁၀ ကြိမ် ဆက်ထိုက်တက်ရောက်ခဲ့သည့် ရတနာကုန်သည် သုံးဦးအား လည်းကောင်း၊ ယခုနှစ်ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း အများဆုံးဝယ်သည့် ကုမ္ပဏီအား လည်းကောင်း လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်သည်။ မတ်လ ၁၂ ရက်နှင့် ၁၄ ရက်နေ့များတွင်လည်း ကျောက်မျက်ရတနာနှင့် ပုလဲ အများဆုံး ဝယ်ယူသည့် ရတနာကုမ္ပဏီ အသီးသီးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

၂၆ ကြိမ်မြောက် ကျောက်မျက် ရတနာ ပြပွဲ၏ ထူးခြားချက်မှာ ကျောက်မျက်ရတနာပြပွဲ တက်ရောက်လာသည့် ရတနာကုန်သည်ကြီးများအား သတင်းစာဆရာများနှင့် တွေ့ဆုံပေးပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲအပေါ် ထင်မြင်ချက်နှင့် အကြံဉာဏ်များ တောင်းခံကာ သတင်းစာမှတစ်ဆင့် ပြည်သူလူထုအား အသိပေးခြင်းပင် ဖြစ်သည်။

၂၆ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံတမန်များနှင့်၎င်းတို့၏မိသားစုများသွားရောက်ကြည့်ရှုကြပြီး လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုများကို ဝယ်ယူကြရာ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တု

စုစုပေါင်းတန်ဖိုးငွေ ကျပ် ၁,၅၂,၀၆၄ ဒသမ ၄၃၊ အမေရိကန် ဒေါ်လာ ၂၃,၅၂၃ ဒေါ်လာဖိုး ရောင်းချခဲ့ရသည်။

၂၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တု ရောင်းချရငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ ၇,၂၉,၂၀,၉၁၁ ဒသမ ဝ၉ ကျပ်၊ အမေရိကန်ဒေါ်လာ ၁,၁၂,၇၀,၂၀၉ ဒေါ်လာ ဖြစ်ပေရာ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတစ်လျှောက် အရောင်းစံချိန်အမြင့်ဆုံးပြပွဲတစ်ခု ဖြစ်ခဲ့ပေသည်။

ကွန်ပျူတာ။ ။ ၁၉၇၈ ခုနှစ်အတွင်း ကွန်ပျူတာထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများက အမျိုးအစားပိုမိုကောင်းမွန်သည့် ဒက်စ်ခ်တော့ပ် စွမ်းအင်မြင့် ကွန်ပျူတာများ (desktop supercomputers) နှင့် စွမ်းအင်မြင့် အသေးစား ကွန်ပျူတာများ (super minicomputers) အပြိုင်အဆိုင် ထုတ်လုပ်လျက်ရှိရာ ကွန်ပျူတာအမျိုးအစား တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုသည် သိသိသာသာ မရှိလှချေ။ ယင်းကွန်ပျူတာများသည် အသေးစားစွမ်းအင်မြင့် ကွန်ပျူတာများ (minisupercomputers) ထက် စွမ်းရည်ပိုကောင်းကာ လုပ်ငန်းဌာနများအနေဖြင့် ကိုယ်ရေးသီးသန့်သုံး ကွန်ပျူတာ အပျော့ထည်ပစ္စည်း (personal computer software) ကို အသုံးပြုနိုင်ကြပြီဖြစ်သည်။ အက်ပဲလ် ကွန်ပျူတာ (Apple Computer) ကုမ္ပဏီ အကြီးအကဲဟောင်း ဖြစ်သည့် စတီဗင် ဂျော့ဘ်စ်သည် အခြေခံအားဖြင့် တက္ကသိုလ်ကျောင်းသားများသုံးရန် ရည်ရွယ်လျက် နီအိတ်က်စ်တီ ကွန်ပျူတာစနစ် (NeXT Computer System)ကိုတီထွင်ကာ စတင်အသုံးပြုခဲ့သည်။ ယင်းကွန်ပျူတာမှာ မိုတိုရိုလာ ၆၈၀၃၀ ပရိုဆက်ဆာ (Motorola 68030 processor) ကို အခြေခံ၍ ကိုင်တွယ် အသုံးပြုပုံ နည်းစနစ်မှာ ယူနစ်က်စ် စက်အမျိုးအစား၏မူကွဲ (Variation of Unix) အဖြစ် ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် ကွန်ပျူတာအတွင်းသို့ မူရင်းစာသားများ၊ ဓာတ်ပုံမှတ်တမ်း ပုံရိပ်များနှင့် အခြားအသေးစိတ် အချက်အလက်များ ထည့်သွင်းထုတ်ယူလေ့လာစက်မှ နည်းပညာသစ်ကို အသုံးပြုထားသည်။


ကိုယ်ရေးသီးသန့်သုံး ကွန်ပျူတာ၏ ဦးနှောက်မှာ ဆီလီကွန် ချစ် သို့မဟုတ် မိုက်ခရိုပရိုဆက်ဆာ (silicon chip or microprocessor) ပင် ဖြစ်သည်။ ၎င်းမှာ လက်မထိပ်အရွယ်ထက် ပိုမကြီးချေ။ လွန်ခဲ့သောနှစ်များအတွင်း မိုက်ခရိုပရိုဆက်ဆာများ၏စွမ်းရည်မှာ ပို၍ထက်မြက်လာကြသည့်အလျောက် ၎င်းတို့သည် အသေးစားကွန်ပျူတာများနှင့် အဓိကပင်မ ကွန်ပျူတာကြီးများ (mainframe computers) ၏ လုပ်ဆောင်ချက်အဆင့်ဆင့်တွင် အဓိက အစိတ်အပိုင်းအဖြစ် ပါဝင်ရတော့မည့် အခြေအနေသို့ ရောက်ရှိလာသည်။

အင်တယ်လ်ကော်ပိုရေးရှင်း (Intel Corporation) သည် ဂဝ၂ဂ၆ နှင့် ဂဝ၃ဂ၆ အမျိုးအစားချစ်များ တီထွင်ထုတ်လုပ်ကာ မိုက်ခရိုပရိုဆက်ဆာ စျေးကွက်ကို လွှမ်းမိုးထားနိုင်ခဲ့သည်။ ယင်းပစ္စည်းများသည် အင်တယ်လ်ကော်ပိုရေးရှင်းကထုတ်လုပ်ခဲ့သည့် အိုင်ဘီအမ်ပီစီ (IBM PC - personal computer) နှင့် အိုင်ဘီအမ် ပီအက်စ် / ၂ အမှတ်စဉ် (IBM PS/ 2 series) နှင့် ယင်း၏ များပြားလှသော အခြားဆင့်ပွားပစ္စည်းများအနက် အဓိကအချက်အချာကျသည့် ပစ္စည်းများဖြစ်ကြသည်။ အင်တယ်ကော်ပိုရေးရှင်း၏ မျိုးနွယ်သစ်ချစ်ဖြစ်သည့် ဂဝ၄ဂ၆ အမျိုးအစား ချစ်များကို ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းတွင် စတင် အသုံးပြုနိုင်မည်ဟု မျှော်လင့်ထားသည်။ ယင်းပစ္စည်းတွင် ထရန်စစ်စတာ တစ်သန်းပါရှိပြီး အချို့သော အဓိကပင်မ ကွန်ပျူတာကြီးများ၏ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသကဲ့သို့ ကိန်းဂဏန်းအရေအတွက် အမြောက်အမြားကို နိုင်နိုင်နင်းနင်း တွက်ချက်နိုင်သည့် စွမ်းရည်မျိုးရှိသည်။ သို့ဖြစ်ရာ ကိုယ်ရေးသီးသန့်သုံး အဓိကပင်မ ကွန်ပျူတာကြီးများခေတ်သို့ တက်လှမ်း ရောက်ရှိလာတော့သည်။

ဤကဲ့သို့ အံ့မခန်းဖြစ်သည့် ပစ္စည်းများကို တီထွင်ထုတ်လုပ်နေသည့်ကြားမှ အာရ်အိုင်အက်စ်စီ (ညွှန်ကြားချက်များလျှော့ချပြုပြင်ထားသည့် ကွန်ပျူတာ) (RISC reduced instruction set computer) စက်မှုနည်းပညာဖြင့် အစွမ်းပိုထက်သော ကွန်ပျူတာများကို ပြုလုပ်နိုင်သည်ဟု ဆိုကြပြန်သည်။ ယင်း အာရ်အိုင်အက်စ်စီ ကွန်ပျူတာအမျိုးအစား စက်မှုနည်းပညာကို ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းတွင် အိုင်ဘီအမ်က တီထွင်စမ်းသပ်ခဲ့ခြင်းဖြစ်ရာ ယခုအခါ ယင်းနည်းပညာကို အသုံးချနေကြပြီဖြစ်သည်။

ယေဘုယျလုပ်ငန်းဆောင်တာများအတွက် ရည်ရွယ်၍ ပြုလုပ်ထားသည့် မိုက်ခရိုပရိုဆက်ဆာများသည် အဆင့်ဆင့် တိုးတက်ပြောင်းလဲကာ စွမ်းရည် ပိုထက်လာသည့် အလျောက် ပို၍လည်း ရှုပ်ထွေးလာသည်။ ယနေ့ခေတ် တီထွင်ထုတ်လုပ်လျက်ရှိသည့် ကွန်ပျူတာဦးနှောက်ဖြစ်သည့် ချစ်များတွင် ညွှန်ကြားချက် အမြောက်အမြားပါရှိသော်လည်း ယင်းတို့ကို အသုံးပြုခဲလှသည်။ သို့ဖြစ်ရာ ချစ်များမှ ယင်းညွှန်ကြားချက်များကို ဖယ်ရှားကာ ၎င်းတို့ကို အပျော့ထည်ပစ္စည်း (Software) တွင် ထည့်သွင်းပေးလိုက်ခြင်းဖြင့် စရိတ်စကပိုမိုသက်သာကာ စွမ်းဆောင်နိုင်မှု အမြန်နှုန်းမြင့်မားသည့် အကျိုးကျေးဇူးကို ရရှိစေ

ကွန်ပျူတာ



ပြစ်မှုကျူးလွန်သော တရားခံကို ဖော်ထုတ်နိုင်ရန် ကွန်ပျူတာကို အသုံးပြု၍ စိစစ်နေပုံ

အထက်ပါ ကွန်ပျူတာစက်များဖြင့် ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များတွင် အိမ်တွင်းမှု ဗဟိုရ ကိစ္စအဝဝကို ထိန်းသိမ်းလုပ်ဆောင်စေနိုင်သည့် အစီအစဉ်များ ပါဝင်ပေသည်။ ထိုမျှသာမက ယင်းစနစ်တွင် ပြန်လည်သိရှိလိုသော အချက်အလက်များကို အစဖော်ပေးနိုင်ခြင်းနှင့် ကွန်ပျူတာအတွင်းထည့်သွင်းသော လုပ်ဆောင်ချက်များနှင့်ကွန်ပျူတာမှ ပြန်လည်ဖော်ထုတ်ပေးသည့် လုပ်ဆောင်ချက်များကို ထိန်းချုပ်နိုင်ခြင်းဖြင့် အသုံးပြုသူနှင့် ကွန်ပျူတာတို့အကြား အပြန်အလှန် ဆက်သွယ်လုပ်ကိုင်နိုင်သည်။ ကိုယ်ရေးသီးသန့်သုံးကွန်ပျူတာများ၌ တွင်ကျယ်စွာ အသုံးပြုနေသည့်နည်းစနစ်မှာ ဒီအိုအက်စ်ဟုခေါ်သည့် ခေတ်ပြောင်းချပ်ကဲ့သို့ အဝိုင်းအပြားချပ်ဖြင့် ထိန်းချုပ်လုပ်ကိုင်သည့် နည်းစနစ် (Disk Operating System) ပင်ဖြစ်သည်။ ယင်းစနစ်ကို အိုင်ဘီအမ်ပီစီ (IBMPC)၊ ပီအက်စ်/၂ (PS/2) ကွန်ပျူတာများနှင့် ယင်းတို့၏ဆင့်ပွားပစ္စည်းများတွင် အသုံးပြုကြသည်။

သည်။ ယင်းမှာ အာရ်အိုင်အက်စ်စီ (ညွှန်ကြားချက်များလျှော့ချပြုပြင်ထားသည့် ကွန်ပျူတာ) ၏ အခြေခံသဘောတရားပင်ဖြစ်သည်။ အာရ်အိုင်အက်စ်စီ ကွန်ပျူတာချစ်များအတွင်း ဆားကစ်များ တည်ဆောက်ရာတွင် လုပ်ဆောင်ချက်အနည်းငယ်သာ ထည့်သွင်းတည်ဆောက်ထားပြီး ညွှန်ကြားချက်များကို လုပ်ဆောင်ရာတွင်လည်း စင်းလုံးချောနီးပါးဖြစ်အောင် ပြုလုပ်ထားသည်။ မိုတိုရိုလာနှင့် အင်တဲလ်တို့သည် ၁၉၇၀ ခုနှစ်တွင် အာရ်အိုင်အက်စ်စီ ကွန်ပျူတာချစ်များ တီထွင် ထုတ်လုပ်သည့် ကုမ္ပဏီများတွင် အပါအဝင်ဖြစ်သည်။ ပစ္စည်းများ အပြိုင်အဆိုင် ထုတ်လုပ်မှုမြင့်မားလာသည်နှင့်အမျှ ရောင်းဈေးချင်းလည်း ယှဉ်ပြိုင်တိုက်ခိုက်လာကြသည်။ အယ်အက်စ်အိုင်လော့ ချစ်ကုမ္ပဏီက ၎င်းတို့ထုတ်လုပ်သည့် စပတ်ချစ် (sparc chip) တစ်ခုကို ၇၉ ဒေါ်လာဖြင့် ရောင်းချရာ အချို့ကုမ္ပဏီများ ရောင်းချသည့် ဒေါ်လာ ၆၀၀ ဈေးဖြင့် နှိုင်းစာလျှင်အဆမတန် ဈေးကျသွားခဲ့သည်။

ထို့ပြင် ၁၉၇၈ ခုနှစ်တွင် အိုင်ဘီအမ်နှင့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီတို့ ပူးပေါင်း၍ ကွန်ပျူတာ ကိုင်တွယ် အသုံးပြုပုံနည်းစနစ်သစ်ဖြစ်သည့် အိုအက်စ်/၂ (OS/2) စနစ်ကို တီထွင် ထုတ်လုပ်လိုက်ကြပြန်သည်။ ယင်းစနစ်မှာ အိုင်ဘီအမ်နှင့် ပီအက်စ်/၂ ကွန်ပျူတာများတွင် သုံးရန်ဖြစ်သည်။ ယင်းစနစ်သုံး ကွန်ပျူတာများကို အသုံးပြုပါက အချက်အလက်ပေါင်း များစွာကို တစ်ခဏချင်း ပြန်လည်၍အစဖော်ပေးနိုင်ခြင်းနှင့် အသုံးပြုသူအနေဖြင့် အခြားလုပ်ကိုင်ဆောင်ရွက်လိုသည့် အစီအစဉ်များကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်စေခြင်းတို့ ဖြစ်သည်။

၁၉၇၉ ခုနှစ်တွင်လည်း အမျိုးအစားနှင့် စွမ်းရည်ပိုမို ကောင်းမွန်သော ကွန်ပျူတာများကို အပြိုင်အဆိုင်တီထွင် ထုတ်လုပ်ကြသည်။ ယင်းနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ မတ်ဆူရှိတာ လျှပ်စစ်ကုမ္ပဏီက တစ်စက္ကန့်လျှင် လုပ်ဆောင်ချက် သန်းပေါင်း ၂,၆၀၀ လုပ်ကိုင်နိုင်စွမ်းရှိမည့် ပြိုင်ဆက် ပရိုဆက်ဆာ (Parallel Processor) ကို တီထွင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ကြေညာသည်။ ယင်းကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သည့် ADENA (alternating direction edition nexus array) ကွန်ပျူတာ အမျိုးအစားသစ်တွင်အဆင့်ဆင့်လုပ်ဆောင်သည့် အဲလီမင့် (Processing element) စုစုပေါင်း ၂၅၆ ခု တပ်ဆင်ထားသဖြင့် တစ်စက္ကန့်လျှင် လုပ်ဆောင်ချက် သန်းပေါင်း ၂,၆၀၀ လုပ်ကိုင်နိုင်စွမ်း ရှိခြင်းပင်ဖြစ်သည်။

ပြိုင်ဆက်ပရိုဆက်ဆာစနစ်၏ သဘောမှာ မြောက်မြားစွာ ရှိသည့် ကိန်းဂဏန်း အချက်အလက်များထဲမှ ပြဿနာရပ်များကို ခွဲခြမ်း စိတ်ဖြာခြင်း အားဖြင့်လည်းကောင်း၊ တစ်ခါတစ်ရံတွင် သီးခြားစီရှိသည့် ပရိုဆက်ဆာများကို တစ်ပြိုင်နက် လုပ်ဆောင်စေခြင်း အားဖြင့်လည်းကောင်း အလုပ်စွမ်းရည်ကို တိုးမြှင့်ကာ အလွန်မြန်ဆန်စွာ လုပ်ဆောင်နိုင်စေသည့် နည်းလမ်းပင်ဖြစ်သည်။ သမားရိုးကျကွန်ပျူတာများ၏ လုပ်ဆောင်မှု အစီအစဉ်မှာ ပြဿနာတစ်ရပ် ဖြေရှင်းရန်အတွက် ပရိုဆက်ဆာတစ်ခုကိုသာ အသုံးပြုခြင်းဖြစ်သည်။

၁၉၇၉ ခုနှစ် ဧပြီလတွင် ဂျပန်နိုင်ငံ အင်အီး စီ ကော်ပိုရေးရှင်းက ကမ္ဘာ့အမြန်ဆုံး စွမ်းအင်မြင့် ကွန်ပျူတာကိုတီထွင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ကြေညာသည်။ ယင်းကွန်ပျူတာစက်မှာ တစ်စက္ကန့်လျှင် လုပ်ဆောင်ချက် သန်းပေါင်း ၂၀,၀၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု ဆိုသည်။ အက်စ်အိုက်စ်–အိုက်စ် အမှတ်စဉ် (SX–X series) ဟု အမည်ပေးထားသည့် အဆိုပါ ကွန်ပျူတာစက်မှာ အမေရိကန်လုပ် ကွန်ပျူတာစက်များထက် ပိုမိုမြန်ဆန်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ သို့မဟုတ် စက်တင်ဘာလလောက်တွင် ရောင်းချနိုင်လိမ့်မည်ဟု သိရသည်။ ယင်းအချိန်လောက်တွင် အမေရိကန်နိုင်ငံရှိ စွမ်းအင်မြင့် ကွန်ပျူတာများ ထုတ်လုပ်သည့် ကရေးသုတေသနလုပ်ငန်းဌာနမှ ကရေး–၃ (Cray 3) အမျိုးအစား စွမ်းအင်မြင့် ကွန်ပျူတာများကို ထုတ်လုပ်ရောင်းချမည့် အချိန်ဖြစ်သည်။ သို့ရာတွင် ကရေး – ၃ အမျိုးအစားမှာ ဂျပန်လုပ် အက်စ်အိုက်စ်–အိုက်စ် အမျိုးအစားနှင့် နှိုင်းယှဉ်ပါက တစ်စက္ကန့်လျှင် လုပ်ဆောင်ချက် သန်းပေါင်း ၁၆,၀၀၀ အထိသာ လုပ်ကိုင်နိုင်စွမ်း ရှိမည်ဖြစ်သည်။

ဂျပန်နိုင်ငံကို ယှဉ်ပြိုင်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု၊ အိုရီဂွန်ပြည်နယ် ဘီယာဘာတန်မြို့ရှိ အင်ကျူဘီလုပ်ငန်းဌာန (Ncube Inc.)မှ တစ်စက္ကန့်လျှင် လုပ်ဆောင်ချက်ပေါင်း ၂၇,၀၀၀ လုပ်ဆောင်နိုင်သည့် ကွန်ပျူတာစက်ကို တီထွင်ပြသလိုက်သည်။ ဤသို့ဖြင့် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် စွမ်းအင်မြင့် ကွန်ပျူတာစွမ်းရည်ကြီးကို လွှမ်းမိုးနိုင်ရန် စွမ်းရည်သာလွန်ကောင်းမွန်သည့် ကွန်ပျူတာများကို အပြိုင်အဆိုင် ထုတ်လုပ်လျက်ရှိကြသည်။

ဤကဲ့သို့ ကွန်ပျူတာအသစ်အဆန်းများ ပေါ်ပေါက်လာသည်နှင့်အမျှ လူအများ ကွန်ပျူတာအပေါ် မှီခိုအားထား၍ လုပ်ကိုင် ဆောင် ရွက် နေ ကြ သည် ဖြစ် ရာ ကွန်ပျူတာအတွင်းထည့်သွင်းမှတ်သားထားသည့် အချက်အလက် ကိန်းဂဏန်းများ ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်းနှင့် ကလိမ်ကျခံရခြင်းဘေးတို့မှ ကာကွယ်ရန်အတွက်လည်း လိုအပ်လျက်ရှိပေသည်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်သမ္မတ ရော်နယ်ရေဂင်သည် ၁၉၇၇ ခုနှစ် ကွန်ပျူတာ လုံခြုံရေးဆိုင်ရာ အက်ဥပဒေကို လက်မှတ်ရေးထိုးကာ အတည်ပြု ပြဋ္ဌာန်း ခဲ့သည်။ ယင်းဥပဒေအရ စံနှုန်းသတ်မှတ်ရေးဆိုင်ရာ အမျိုးသားဗျူရိုအနေဖြင့် အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အစိုးရဘက်သုံး ကွန်ပျူတာနှင့် ဆက်သွယ်ရေးစနစ်များ အားလုံးအတွက် လုံခြုံရေးအဆင့်အတန်းနှင့်လမ်းညွှန်ချက်များကို သုတေသနပြုကာ ဖော်ထုတ်ပေးရန်ဖြစ်သည်။

လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူ အတော်များများမှာ တာဝန်နှင့်မသက်ဆိုင်သည့် ပြင်ပ ပုဂ္ဂိုလ်များအနေဖြင့် အစိုးရဘက်သုံး ကွန်ပျူတာများမှ အချက်အလက်များကို လွယ်လွယ်ကူကူ ရယူနိုင်စွမ်းရှိသည်ကို အထိတ်တလန့်ဖြစ်ကြရသည့် ဖြစ်ရပ်တစ်ခုမှာ ၁၉၇၇ ခုနှစ် ဧပြီလတွင် အနောက်ဂျာမနီနိုင်ငံသားတစ်ဦးသည် နိုင်ငံတကာတယ်လီဖုန်းလိုင်းကို အသုံးပြုလျက် ကမ္ဘာတစ်ဝန်းရှိ

အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဌာနနှင့် အခြားစစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများက ပိုင်ဆိုင်သည့် ကွန်ပျူတာ အလုံးပေါင်း ၃၀ မှ အချက်အလက်များကို ရယူသွားနိုင်ခြင်းပင် ဖြစ်သည်။

ယင်းပြဿနာကို တိုက်ဖျက်ရန် စက်မှုနည်းပညာများအကူအညီဖြင့် စီမံ ဆောင်ရွက်လျက်ရှိရာ ကွန်ပျူတာအတွင်းရှိ အခြေခံအချက်အလက်များ ရယူသွားနိုင်မည့် အန္တရာယ်ကို ထိန်းချုပ်သည့် အပျော့ထည့် ပစ္စည်းများမှသည် အချက်အလက်များကို လျှို့ဝှက်ထည့်သွင်းထားနိုင်သည့် သို့မဟုတ် တယ်လီဖုန်းလိုင်းတစ်ခုမှ ကြားဖြတ်ခိုးယူနားထောင်ခြင်းကို ချေဖျက်ပစ်နိုင်မည့် အမာထည် ပစ္စည်းများအထိ ပါဝင်ပေသည်။

ကွန်ပျူတာခေတ်တွင်လုပ်ငန်းများစွာကို ကွန်ပျူတာဖြင့် လုပ်ကိုင်လျက်ရှိကြရာ ကွန်ပျူတာနှင့် တွဲထားသည့် ဗီဒီယိုမှန်သားမျက်နှာပြင်ကို ကြည့်ရှု၍ လုပ်ကိုင်ရသောကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်သည်ဟု ဆိုသည်။ ၁၉၈၈ ခုနှစ်တွင် စမ်းသပ်ပြုလုပ်ခဲ့သည့် ယင်းပြဿနာနှင့်ဆိုင်သည့် သုတေသန လုပ်ဆောင်ချက် နှစ်ခုက ကွန်ပျူတာနှင့် တွဲဖက်ထားသည့် ဗီဒီယိုမှန်သားမျက်နှာပြင်ကို အချိန်ကြာမြင့်စွာ ကြည့်ရှုရပါက လူ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည် ဟူသည့် အထောက်အထားကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။

စမ်းသပ်လေ့လာမှု တစ်ခုတွင် လေးနှစ်ကျော်ကြာမျှ တစ်နေ့လျှင် ပျမ်းမျှ ခြောက်နာရီကြာ ဗီဒီယိုမှန်သားမျက်နှာပြင်ကို ကြည့်ရှု၍ အလုပ်လုပ်ရသူများသည် ဝတ္ထုပစ္စည်းများ အထူးသဖြင့် အနီးအနားရှိ ဝတ္ထုပစ္စည်းများကိုကြည့်ရှုရာတွင် အခက်အခဲ ဖြစ်စေသည်ဟု ဆိုသည်။ သို့ရာတွင် အဆိုပါ အလုပ်လုပ်ပြီးနောက် မည်မျှကြာကြာ ဤကဲ့သို့ ဖြစ်နေမည်ဆိုသည့်အချက်ကို အခိုင်အမာမပြောနိုင်ခဲ့ချေ။

ဒုတိယ စမ်းသပ် လေ့လာမှု တစ်ခုတွင် ရက်သတ္တပတ်လျှင် နာရီ ၂၀ ကျော်ကြာမျှ ဗီဒီယိုမှန်သားမျက်နှာပြင်ကို ကြည့်ရှု၍ အလုပ်လုပ်ရသည့် ကိုယ်ဝန်သုံးလရှိ အမျိုးသမီးများသည် ယင်းအလုပ်မျိုး မလုပ်ရသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများထက် ကိုယ်ဝန်ပျက်ကျမှု နှစ်ဆပိုများသည်ဟုဆိုသည်။ သို့ရာတွင် ဤသို့ဖြစ်ရခြင်းမှာ ဗီဒီယိုမှန်သားမျက်နှာပြင်ကို ကြည့်ရှုလုပ်ကိုင်ရခြင်းကြောင့်သာမက အခြားသော လုပ်ငန်းခွင်အခြေအနေများကြောင့်လည်း ဖြစ်နိုင်သည်ဆိုသည့် အချက်ကိုမူ အတိအကျ ကောက်ချက်မချနိုင်သေးပေ။ အချို့က ဤသို့ဖြစ်ရခြင်းမှာ ဗီဒီယိုမှန်သားမျက်နှာပြင်မှ အဆင့်နိမ့် လျှပ်စစ်သံလိုက်စက်ကွင်း ဖြာထွက်မှုကြောင့် ဖြစ်သည်ဟု သံသယရှိကြသည်။ နိုင်ငံတကာ သုတေသန အဖွဲ့ကလည်း ဗီဒီယိုမှန်သား မျက်နှာပြင်မှ လွှတ်ထုတ်သည့် လျှပ်စစ်သံလိုက်စက်ကွင်း ဖြာထွက်မှုမျိုးကြောင့် ကြက်သားကောင်ပေါက်ကလေးများတွင် ပုံမှန် မဟုတ်သည့် အခြေအနေ သိသိသာသာ ဖြစ်ပေါ်စေသည်ဟု အစီရင်ခံ တင်ပြခဲ့သည်။

အချိန်ကြာမြင့်စွာ ယင်းအလုပ်မျိုး လုပ်ကိုင်ရသည့် အလုပ်သမားများအနေဖြင့် မကြာခဏ အလုပ်နှင့်လုပ်ကိုင်ရန်နှင့် နှစ်စဉ်မျက်စိအစစ်အဆေးခံယူရန် သမားတော်ကြီးများက ညွှန်ကြားထားသည်။ အချို့ဒေသများတွင် ကုမ္ပဏီများအနေဖြင့် ယင်းအလုပ်မျိုး လုပ်ကိုင်ရသည့် အလုပ်သမားများအတွက် မျက်စိစစ်ဆေးခြင်းနှင့် မှန်ဘီလူးများ တပ်ဆင်အသုံးပြုရေးအတွက် အကုန်အကျခံကာ ဆောင်ရွက်ပေးရမည့်ဥပဒေကိုပြဋ္ဌာန်းထားသည်။

ကွန်ပျူတာခေတ်တွင် ကြုံတွေ့လာရသော အခြားပြဿနာတစ်ရပ်မှာ ကွန်ပျူတာဗိုင်းရတ်ပင် ဖြစ်သည်။ သက်ရှိလူသားများ၏ ခန္ဓာကိုယ်အစိတ်အပိုင်း အနှံ့အပြားတွင် ဇီဝဗိုင်းရတ်ပိုးများ ဖိစီး နှိပ်စက်စာတ်ကြသကဲ့သို့ ကွန်ပျူတာများတွင်လည်း အိုလက်ထရွန်းနစ် ပစ္စည်းဆိုင်ရာ ဗိုင်းရတ်များ ဝင်ရောက်ပျံနှံကာ ဖျက်ဆီးတတ်သည်။ ယင်းဗိုင်းရတ်မှာ အလွန်သေးငယ်လှသည့် သက်ရှိပိုးမွှားများဖြစ်သည့် အဏုဇီဝချုပ်များမဟုတ်ကြဘဲ ကွန်ပျူတာ အသုံးပြုမှုဆိုင်ရာ လျှို့ဝှက်အမှတ်အသားများကို ရည်ညွှန်းခြင်းဖြစ်သည်။ လူသားများကို ကူးစက်ရောဂါ ရစေနိုင်သည့် ဗိုင်းရတ်ပိုးများ အရေးပါလှသကဲ့သို့ ကွန်ပျူတာများတွင် ဝင်ရောက်ကူးစက်ပျံနှံစေနိုင်သည့် ကွန်ပျူတာဗိုင်းရတ်သည်လည်း အရေးကြီးပေသည်။

ပထမဦးစွာ ကွန်ပျူတာဗိုင်းရတ်သည် ထပ်တူပုံတူပြုကာ ပုံမှားရိုက်၍ ကွန်ပျူတာအတွင်း ဝင်ရောက်ပြီး ကွန်ပျူတာအတွင်းထည့်သွင်းထားသည့်အစီအစဉ်တစ်ခုမှ အခြားတစ်ခုသို့ ပျံနှံကူးစက်သွားသည်။ ဒုတိယအဆင့်တွင် ကွန်ပျူတာအတွင်း လပေါင်းများစွာ သို့မဟုတ်ထို့ထက် ရှည်ကြာစွာ ငြိမ်ငြိမ်ကလေး ကုပ်နေရာမှ ရုတ်တရက် ထကာ တိုက်ခိုက်ဖျက်ဆီးတော့သည်။ တတိယအဆင့်တွင်မူ မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ပင် ကွန်ပျူတာစနစ်တစ်ခုလုံးအား ဖျက်ဆီးပစ်နိုင်စွမ်း ရှိလာသည်။

ကွန်ပျူတာဗိုင်းရတ် အမျိုးအစားများစွာ ရှိသည့်အနက် ပင်ရင်းလက်သည်မှာ ကွန်ပျူတာအတွင်းသို့ လျှို့ဝှက်အမှတ်အသားဖြင့် အစီအစဉ်ထည့်သွင်းရသူများ၏ မသမာမှု၊ ကလိမ်ကျမှုကြောင့် ဖြစ်သည်။ သူတို့၏ လက်ချက်ကြောင့် ကွန်ပျူတာဗိုင်းရတ် ပြန့်ပွားကူးစက်ရခြင်းဖြစ်သည်။

လုပ်ဆောင်ပုံမှာ ထည့်သွင်းပြီးသား အစီအစဉ်တစ်ခုတွင် နောက်ထပ်လျှို့ဝှက်အမှတ်အသားဖြင့် အစီအစဉ်မှားတစ်ခုကို အစီအစဉ်ထည့်သွင်းရသူများက တိတ်တဆိတ်ပူးတွဲ၍ ကွန်ပျူတာအတွင်းသို့ ထည့်သွင်းလိုက်သည်။ ထို့နောက် ယင်းအစီအစဉ်မှားကို ကွန်ပျူတာ ဗဟို ထိန်းချုပ်နေရာမှနေ၍ အခြားကွန်ပျူတာ စက်များသို့ ပျံ့နှံ့ရောက်ရှိသွားစေသည်။ ယင်းအသစ်ထည့်သွင်းလိုက်သည့် အစီအစဉ်မှားများ ကွန်ပျူတာအတွင်း ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် ကွန် ပျူ တာ ဗိုင်း ရတ် များ ပေါက်ပွားများပြားလာကာ ချိန်ကိုက်ထားသည့်အချိန်၌ ထကြွလှုပ်ရှားလာပြီး ကွန်ပျူတာစက်များ၏လုပ်ဆောင်မှုကို ကမောက်ကမ ဖြစ်စေတော့သည်။

အချို့ကွန်ပျူတာ ဗိုင်းရတ်များမှာ အန္တရာယ် မရှိလှသော်လည်း ကွန်ပျူတာဗိုင်းရတ် အတော်များများမှာမူ ကိန်းဂဏန်း အချက်အလက်များနှင့် အစီအစဉ်များကို ကပြောင်းကပြန် ဖြစ်သွားစေရန်လည်းကောင်း၊ ကွန်ပျူတာ ထိန်းချုပ်စနစ် ပျက်စီးသွားစေရန် လည်းကောင်း ရည်ရွယ်လုပ်ဆောင်သည်ကို တွေ့ရသည်။

ဤသို့ ကွန်ပျူတာ အဖျက်ဆီးခံရသဖြင့် အနာတရ ဖြစ်ရသည့်အထဲ တစ်ဆင့်တက်၍ ရန်စသည့်အလား ကွန်ပျူတာဗီဒီယို မှန်သားမျက်နှာပြင်ပေါ်တွင် "ကိုင်းမှတ်ပလား၊ ခုတော့ ဘာများ တတ်နိုင်သေးသလဲ" အဓိပ္ပာယ်ရသည့် နောက်ဆုံး နှုတ်ခွန်းဆက် စကားလေးပေါ်လာကာ ကွန်ပျူတာဗိုင်းရတ်က မခံချင်အောင် ကလိလိုက်သေးသည်။

ယင်းကွန်ပျူတာဗိုင်းရတ်မှာ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက စတင်ပေါ်ပေါက်ခဲ့သော်ငြားလည်း ယင်းဗိုင်းရတ် အန္တရာယ်နှင့်ပတ်သက်၍မူ မကြာခင်က လှုပ်လှုပ်ရွရွ အထိတ်တလန့်ဖြစ်ကာ ပျံ့နှံ့သွားတော့သည်။ ဤသို့ဖြစ်ရခြင်းမှာ ကွန်ပျူတာ အသုံးပြုသူများအနေဖြင့် ယင်းကွန်ပျူတာဗိုင်းရတ် ကူးစက်ဖျက်ဆီးခြင်းခံရသည့်ဦးရေများလာခြင်းနှင့် ယင်းအန္တရာယ်နှင့်ပတ်သက်၍ ကြိမ်ဖန်များစွာ လူသိရှင်ကြား ထုတ်ဖော်ပြောကြားလာခြင်းတို့ကြောင့်ဖြစ်သည်။

ဖြစ်ရပ်တစ်ခုတွင် အလုပ်ဖြုတ်ခံလိုက်ရသည့် အလုပ်သမားတစ်ဦးသည် သူအလုပ်လုပ်ခဲ့သည့် ကုမ္ပဏီပိုင် ကွန်ပျူတာအတွင်းသို့ ကွန်ပျူတာဗိုင်းရတ် ထည့်သွင်းလိုက်ရာ ကွန်ပျူတာအတွင်း မှတ်သားထားသည့် ကုမ္ပဏီ၏ အရောင်းကော်မရှင် မှတ်တမ်းအားလုံးကို တစ်လလျှင် တစ်ကြိမ်ကျ ဖျက်ဆီးပစ်တော့သည်။ ကုမ္ပဏီအနေဖြင့် မှတ် တမ်း ပေါင်း ၁,၆၀,၀၀၀ ဆုံး ရှုံး ခံလိုက်ရသည်။ အခြားဖြစ်ရပ်တစ်ခုမှာ အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ ပုဂ္ဂလိက ကွန်ပျူတာကုမ္ပဏီကို နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်လျက် ကိုယ်ရေးသီးသန့်သုံး ကွန်ပျူတာများနှင့် အမေရိကန်ပြည်ထောင်စု အမျိုးသား လေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး အဖွဲ့နှင့် အခြားအစိုးရလုပ်ငန်းဌာနများက အသုံးပြုလျက်ရှိသည့် ကိန်းဂဏန်း အချက်အလက်များ တွက်ချက်ဖော်ပြပေးသည့် ကွန်ပျူတာစက်များအတွင်းသို့ စကိုးဗိုင်းရတ် (Scores Virus) ကိုထည့်သွင်းခဲ့ရာလုပ်ငန်းဆိုင်ရာ မှတ်တမ်းမှတ်ရာများ ပျက်စီးစေသဖြင့် စီမံကိန်းလုပ်ငန်းများ ဖင့်နှဲကြန့်ကြာခဲ့ရသည်။

အီလက်ထရွန်းနစ် စက်မှုပညာဆိုင်ရာ လုပ်ငန်းများတွင် လုံခြုံရေး ထိန်းချုပ်မှုများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်သော်လည်း ကွန်ပျူတာဗိုင်းရတ် အန္တရာယ်ကို ခုခံ ကာကွယ်ရန်မှာ ခက်ခဲလှပေသည်။ သို့ရာတွင် အနာသိလျှင် ဆေးရှိသကဲ့သို့ပင် ကွန်ပျူတာဗိုင်းရတ်အန္တရာယ်ကို တားဆီးနိုင်မည့် ကာကွယ်ဆေးရှိနေပြီဖြစ်သည်။ ယင်းကာကွယ်ဆေးမှာ အခြားမဟုတ် ဘဲ ကွန်ပျူတာအတွင်းသို့ တန်ပြန်အစီအစဉ် ထည့်သွင်းထားခြင်းဖြင့် ကာကွယ်ရန် ဖြစ်သည်။ ယင်းကဲ့သို့ ထည့်သွင်းထားပါက ကွန်ပျူတာ ထိန်းချုပ်စနစ် အတွင်းတွင်လျှို့ဝှက်ခိုအောင်းနေမည့် ကွန်ပျူတာဗိုင်းရတ်များကို ထောက်လှမ်းဖော်ထုတ်နိုင်ရုံမျှမက ကူး စက် ပြန့် ပွား မည့် အန္တရာယ်မှလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

ခင်ဇော်၊ ဦး (K) (ခရစ် ၁၉၀၅ – ၁၉၇၉) ။ ။ စာအုပ်စာပေများကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရေးသားခဲ့သော စာရေးဆရာတစ်ဦးသာမက မြန်မာ့ဂီတ သုတေသနပညာရှင် တစ်ဦးလည်းဖြစ်သော ဦးခင်ဇော်ကို ၁၉၀၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် ကြွေပင်ကောက်မြို့၌ အဖ ဦးသင်၊ အမိ ဒေါ်ဖွားမြစ်တို့က မွေးဖွားသည်။

ငယ်စဉ်က ကြွေပင်ကောက်နှင့် အခြားမြို့များရှိ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းများ၌ ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်းမှ အသက် ၁၆ နှစ် အရွယ်တွင် ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ဆယ် တန်း စာ မေး ပွဲ ၌ အင်္ဂလိပ် ဘာသာတွင် အဆင့်အတန်းမြင့်စွာ အောင်မြင်သဖြင့် တက္ကသိုလ်သို့ တိုက်ရိုက် ဝင်ရောက်နိုင်ခွင့် ရရှိသည်။ တက္ကသိုလ်ကျောင်းသားဘဝမှာပင် အနုပညာကိုလိုက်စားခဲ့သည်။ ဆရာ ဦးဘဉာဏ်ထံတွင် ပန်းချီပညာသင်သည်။ ကျောင်းသားတစ်ယောက် ဖြစ်သောကြောင့် အချိန်နှင့်



မြန်မာ့စာပေနှင့် ဂီတသုတေသနပညာရှင် ဦးခင်ဇော်

ပြန်ချက်များနှင့် မောင်ခွေးဖို စာအုပ်တစ်အုပ်ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်။

ဦးခင်ဇော်သည် မြန်မာ့သီချင်းကြီးများကို မူမှန်စွာ ဓာတ်ပြားများ သွင်းယူရေးအတွက် မြန်မာနိုင်ငံ သုတေသန အသင်းကြီးကို တိုက်တွန်း၍ အကောင်အထည် ဖော်ခဲ့သူဖြစ်သည်။ ဆရာကြီး ဒီးဒုတ်ဦးဘချို (အာဇာနည် ခေါင်းဆောင်ကြီး) အား သီချင်းကြီးများနှင့် ဂီတ ပညာရှင်ကြီးများကို ရွေးချယ်ပေးပါရန် ပန်ကြားနိုင်ခဲ့ပြီး အစိုးရ အထောက်အပံ့ဖြင့် ဓာတ်ပြားပေါင်း ၂၂ ချပ် သွင်းယူနိုင်ခဲ့သည်။ ထိုဓာတ်ပြား ၂၂ ချပ်သည် မူမှန်သည့် မြန်မာသီချင်းကြီးများဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်းကြီး၏ နှစ်ပတ်လည်အစည်းအဝေးကြီး၌ ဦးခင်ဇော်သည် မီးထိုးဆလိုက် ဓာတ်ပုံများ၊ အဆိုအတီးများဖြင့် မြန်မာ့ဂီတအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခဲ့ရာ မြန်မာနှင့် နိုင်ငံခြားသား ပရိသတ်များက နှစ်ထောင်းအားရ ရှိကြ၍ ထိုဟောပြောချက်တစ်ခုတည်းသာ ပါဝင်သော မြန်မာနိုင်ငံ သုတေသနအသင်း အထူးထုတ် ဂျာနယ် အတွဲ ၃၀၊ အမှတ် ၃ ကို စာတစ်စောင်တစ်ဖွဲ့ အဖြစ် သီးခြားထုတ်ဝေခဲ့သည်။

ဦးခင်ဇော်အား နိုင်ငံတော်က စရိတ်ကျခံ၍ မြန်မာ့ ရိုးရာဓလေ့ တေးသီချင်းများ စုဆောင်းရန် လေးလမျှ ခရီးထွက်စေခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ထိုစုဆောင်းရရှိခဲ့သော တေးသီချင်းများသည် ပုံနှိပ်ရန် အဆင့်သို့ ရောက်ရှိ၍နေသော်လည်း ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း တက္ကသိုလ် စာကြည့်တိုက်ကြီး ပျက်စီးသဖြင့် ထိုရိုးရာ ဓလေ့ သီချင်းသကေ်တများနှင့် စာမူများဆုံးရှုံးခဲ့ရသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းတွင် ဦးခင်ဇော်သည် ဗြိတိသျှစစ်တပ်၌ အမှုထမ်းနေရစဉ် အိန္ဒိယနိုင်ငံ All India Radio အသံလွှင့်ဌာနသို့ ၁၉၄၂ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ မြန်မာပိုင်းအစီအစဉ်ကို ကြီးကြပ်ရန် တာဝန် ပေးခြင်းခံရသည်။ ထို့နောက် ၁၉၄၄ ခုနှစ်မှ ၁၉၄၆ ခုနှစ် အထိ BBC အသံလွှင့်ဌာနသို့ ရောက်ရှိ၍ အသံလွှင့် လုပ်ငန်းကို လေ့လာခဲ့ရသည်။

၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံ အသံလွှင့်ဌာန၏ ညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ အောင်ဆန်း–အက်တလီစာချုပ်နှင့် ပတ်သက်၍ ဗိုလ်ချုပ် အောင်ဆန်းအမှူးပြုသော ကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့သို့ သွားရောက်နေစဉ်အချိန်အတွင်း ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် ပေးအပ်သော ညွှန်ကြားချက်များအရ ဦးခင်ဇော်သည် အသံလွှင့်ဌာနမှနေ၍ ဗိုလ်ချုပ်တို့၏ လုပ်ငန်းအောင်မြင်ရေးအတွက် ကူပံ့သော အသံလွှင့်အစီ

အစဉ်များကို အရှိန်အဟုန်ပြင်းစွာ စိစဉ် ထုတ်လွှင့်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ် ဧပြီလတွင် ဦး ခင် ဇော် သည် မြန်မာ့အသံ ညွှန်ကြားရေးဝန်အဖြစ်မှ အငြိမ်းစား ယူသည်။ ထိုနှစ် ဒီဇင်ဘာလတွင် တော်လှန်ရေးအစိုးရက ယဉ်ကျေးမှုဝန်ကြီးဌာနဌ ထိုအချိန်ကရှိသော မြန်မာ ယဉ်ကျေးမှုကောင်စီတွင် အထူး အကြံပေးပုဂ္ဂိုလ် (ဂီတ) အဖြစ် ခန့်အပ်သည်။ ထိုတာဝန်ကို ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့သည်။

ဦးခင်ဇော်သည် K ကလောင်အမည်ဖြင့် စာအုပ် စာပေများကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာနှင့် ရေးသား ခဲ့ရာ အချို့မှာ လူထု ဦးလှ ရေးသားသော စာအုပ်ကို ဘာသာပြန်ဆိုထားသည့် စာအုပ်ဖြစ်သော Folk Tales of Burma နှင့် Burmese Culture (General and Particular) စသော စာအုပ်များဖြစ်သည်။ ထို့ပြင် Guardian မဂ္ဂဇင်း၊ Working People's Daily, Open Mind နှင့် Forward စာစောင်များတွင်လည်း ဆောင်းပါး၊ ဝတ္ထု၊ ကဗျာနှင့် ဘာသာပြန်ဆောင်းပါးများ ရေးသား ခဲ့သည်။

K ကလောင်အဖြစ် စာရေးဆရာကြီးနှင့် ဂီတအထူး အကြံပေးပညာရှင် ဦးခင်ဇော်သည် ၁၉၇၉ ခုနှစ် မေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်တွင် ဇနီး ဒေါ်သန်းနှစ် (မြန်မာ့အသံ အငြိမ်းစား ထုတ်လွှင့်ရေး မှူး) နှင့် သား တစ်ယောက်၊ သမီး တစ်ယောက် ကျန်ရစ်သည်။ ဦးခင်ဇော်၏ ရုပ်ကလာပ်ကို ၎င်း၏ဆန္ဒအရ မိသားစုက ဆေးတက္ကသိုလ် (၁) သို့ လှူဒါန်းခဲ့သည်။

ချက်ကိုစလိုဗက်ကီးယားနိုင်ငံ။ ။ ၁၉၇၈ ခုနှစ် ရောက်သည့်တိုင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ အစိုးရသည် အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲမှု မလုပ်နိုင်ဟု ထပ်ဖန်တလဲလဲ ကြေညာခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉–စာ၊ ၁၃၉—ရှု။) ထိုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က ပြည်သူ ၁၀,၀၀၀ ကျော်သည် ပရာဟာ နွေဦး အရေး အခင်း(၁၉၆၈ ခုနှစ်) အထိမ်းအမှတ် ချီတက်ပွဲဖြင့် ပထမ ဆုံး အုံကြွခဲ့ကြသည်။ ထိုချီတက်ပွဲ၌ အလက်ဇန္ဒား ဒျုဗျက်၏ အမည်ကို ကြွေးကြော်ခဲ့ကြသည်။ ဒျုဗျက်က ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန် စီစဉ်ခဲ့ရာ ဆိုဗီယက် တပ်များက နိုင်ငံအတွင်း ဝင်ရောက်၍ ပရာဟာ နွေဦး အရေးအခင်းကို ချေမှုန်းခဲ့ခြင်း ဖြစ်သည်။ ၁၉၆၉ ခုနှစ် ဧပြီလတွင် ဒျုဗျက် သည် ချက် ကို စ လို ဗက် ပါ တီ ခေါင်းဆောင် အဖြစ်မှ ဖယ်ရှားခံရပြီး ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပါတီ ဗဟိုကော်မတီဝင် အဖြစ်မှလည်း ထုတ်ပယ် ခံရသည်။ ထိုနှစ် တစ်နှစ်လုံးပင် ဒျုဗျက်ကို ထောက်ခံသူများ ပါတီမှ သန့်စင်ခံရသည်။ ထိုစဉ်မှစ၍ ဒျုဗျက်ကို မူမှ သွေဖည်သူ၊ စွေ့စပ်ရေးလမ်းကို လိုက်သူ၊ သူရဲဘောကြောင်သူ ဟူ၍ ပါတီအာဘော် ရှဒဲ ပရာဝို သတင်းစာက အစဉ်တစိုက် ဝေဖန်တိုက်ခိုက်လာခဲ့သည်။ ၁၉၇၈ ခုနှစ် အောက်တိုဘာလနှင့် ၁၉၇၉ ခုနှစ် ဇန်နဝါရီလတို့တွင်လည်း အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရာ ဒျုဗျက်ကို ထောက်ခံကြေး ကြော်မှုများ ရှိခဲ့သည်။ ဒျုဗျက်၏ ၁၉၆၈ ခုနှစ် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် ဆိုဗီယက် ခေါင်းဆောင် မိခါယီး ဂေါ်ဘာချော့၏ မျက်မှောက်ကာလ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့် ဆင်တူသည်ဟု ယူဆကြသည်။

ဒျုဗျက် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း အရှေ့ အုပ်စု၌ ဒျုဗျက်နှင့် ပထမဆုံး ပြုလုပ်သော တွေ့ဆို ဆွေးနွေးခန်းတစ်ရပ်ကို ဟန်ဂေရီရုပ်မြင်သံကြားက ၁၉၇၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည်။ ပရာဟာ နွေဦးအရေးအခင်းကို ဆိုဗီယက်တို့ အင်အားသုံး၍ ဖြိုခဲ့ခဲ့စဉ် ထိုအချိန်က ပိုလန်နှင့် ဟန်ဂေရီနိုင်ငံ ခေါင်း ဆောင်တို့ ဟန့်တားပေးခြင်း မရှိခဲ့သည်ကို ယင်းဆွေးနွေး ခန်း၌ ဒျုဗျက်က ပြောကြားပြီး ယင်းအရေးအခင်းကို မှန်ကန်စွာ ပြန်လည်သုံးသပ်ရန် တောင်းဆိုခဲ့သည်။ ထို အရေးအခင်းကို ဖြိုခဲ့ခဲ့စဉ်က ရုမေးနီးယားနိုင်ငံမှ အပ ဝါဆောစာချုပ် အဖွဲဝင် နိုင်ငံအားလုံး ပါဝင်ပတ်သက်ခဲ့ ကြသည်။ ပိုလန် ပါလီမန်သည်လည်းကောင်း၊ ဟန်ဂေရီ ကွန်မြူနစ်ပါတီနှင့် အစိုးရသည်လည်းကောင်း ၁၉၇၉ ခုနှစ် သြဂုတ်လဆန်းပိုင်းတွင် ယင်းသို့ စွက်ဖက်ဖြိုခွဲခဲ့မှုကို ရှုတ်ချ ခဲ့ကြသည်။ ထိုလ ၂၁ ရက်နေ့တွင် ချက်ကိုစလိုဗက် ပြည်သူတို့သည် ပရာဟာနွေဦးအရေးအခင်းအထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခဲ့ပြန်ရာ လွတ် လပ် ရေး အဓွန့်ရှည်ပါစေ၊ ဟန်ဂေရီနိုင်ငံ အဓွန့်ရှည်ပါစေ၊ ပိုလန် နိုင်ငံ အဓွန့်ရှည်ပါစေဟူ၍ ကြွေးကြော်ခဲ့ကြသည်။ (ပိုလန် နိုင်ငံ—ရှု။) (ဟန်ဂေရီနိုင်ငံ—ရှု။) ယင်းအခမ်းအနား များကို လုံခြုံရေးတပ်ဖွဲဝင်များက ဖြိုခဲ့ခဲ့သည်။ ယင်း ဆန္ဒပြပွဲများ၌ ပြဇာတ်စာရေးဆရာ ဗက်ကလပ် ဟာဗဲ၊ ပဋိညာဉ် ၇၇ လူအခွင့်အရေး လှုပ်ရှားမှုအဖွဲ၏ ပြောရေး ဆိုခွင့်ရှိသူ အမျိုးသမီးခေါင်းဆောင် ဒါနာ နင်ကိုဗာ၊ အဓိက မြေအောက်သတင်းစာ လီဒိုဗဲ နိုဗီနီ၏ အယ်ဒီတာ ရူးဒေါ့ ဇီမန်း စသည့် ခေါင်းဆောင်များ ထင်ရှားလာပြီး ဒျုဗျက်လည်း ဘရာတစ်လာဗာမြို့၌ လူထုရွေးမောက်သို့ ထွက်လာခဲ့သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့မှစ၍ ဆန္ဒ ပြပွဲများ ပိုမိုကျယ်ပြန့်လာခဲ့ရာ ထိုနေ့က ဝင်ဆီကလပ် ရင်ပြင်၌ စုရုံးကြသော ပရိသတ်သည် နှစ်သိန်းခန့်ရှိ၍




ချက်ကိုစလိုဗက်ကီးယားနိုင်ငံတွင် ၂၁ နှစ်ကြာမှ ပြည်သူ့ရွေးမှောက်သို့ ပြန်ရောက်လာသော အလက်ဇန္ဒား ဒျုချက်

နှစ်ပေါင်း ၂၀ အတွင်း အကြီးမားဆုံးသော လူထုပရိသတ် ကြီးဖြစ်သည်။ ကွန်မြူနစ်ပါတီ ကျဆုံးပါစေအထိ ကြွေး ကြော်လာခဲ့ကြသည်။ နောက်တစ်နေ့တွင် လူအင်အား ငါးသိန်းထိ တိုးတက်များပြားလာခဲ့သည်။

ပါတီခေါင်းဆောင် ယာကက်ရှ်နှင့် အခြား ပေါ်လစ် ဗျူရိုအဖွဲဝင် ၁၃ ဦးတို့သည် နိုဝင်ဘာလ ၂၅ ရက်နေ့ တွင် နုတ်ထွက်ခဲ့ကြသည်။ ယာကက်ရှ်၏ နေရာတွင် ကာရဲ အူးရဘာနက် (၄၈ နှစ်)ကို အစားထိုး ရွေးချယ်ခန့်အပ် သည်။ ၁၉၆၈ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စု ဦးဆောင်သော ဝါဆောတပ်ဖွဲဝင်များ ကျူးကျော်ဝင် ရောက်ခဲ့စဉ်က အူးရဘာနက်သည် အရေးပါသော အခန်း ကဏ္ဍမှ ပါဝင်ခဲ့ခြင်း မရှိချေ။

ပြုပြင်ပြောင်းလဲရေးဝါဒီ ဝန်ကြီးချုပ် လာဒီဆလပ် အဒမ်မက်သည် ဆန္ဒပြပွဲများအတွင်း ထင်ရှားသော စီဗစ် ဗိုရမ်အဖွဲနှင့် မဟာမိတ်ပြုခဲ့သည့် သတင်းများ ထွက်ပေါ် လာခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း လူဘိုမီယာ စထရောဂါး ကလည်း ၁၉၆၈ ခုနှစ် အရေးအခင်းဖြစ်ပြီးစက ထုတ်ပယ် သန့်စင်ခံရသော ထိပ်တန်းခေါင်းဆောင်များအား အတိုက် အခံ လှုပ်ရှားမှုတွင် ပါဝင်ကြရန် နှိုးဆော်ခဲ့သည်။ ထိုစဉ်က ထုတ်ပယ်ခံရသော ပါတီဝင် လေးသိန်းခန့်သည် အလက်ဇန္ဒား ဒျုချက်ကို ထောက်ခံခဲ့ကြသည်။ ကွန်မြူ နစ်ပါတီ၏ သတင်းစာတစ်စောင် ဖြစ်ခဲ့သော စဗိုဗော့ဒနီ စလိုဗို(လွတ်လပ်သော စကား) အမည်ရှိ သတင်းစာတွင် ဆန္ဒပြ လှုပ်ရှားမှု သတင်းများကို အကျယ်တဝင့် ဖော်ပြ ခဲ့သည်။

ဗက်ကလပ် ဟာဗဲ ခေါင်းဆောင်သော စီဗစ်ဖိုရမ် ကိုယ်စားလှယ်အဖွဲနှင့် ဝန်ကြီးချုပ် အဒမ်မက်တို့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ သည်။ အစိုးရအဖွဲ နုတ်ထွက်လွှာတင်သွင်းရန် တောင်း ဆိုချက်မှအပ အတိုက်အခံတို့အား လိုက်လျောသည်ဟု ဆိုသည်။ နောက်တစ်နေ့တွင် အမျိုးသားလှုတ်တော် အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ရာ ချက်ကိုစလိုဗက်ကီး



ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၏ ကွန်မြူနစ်မဟုတ်သော သမ္မတအဖြစ် ပထမဆုံး တင်မြောက်ခံရသည့် ဟာဗဲကို ပြည်သူကြားဌာ ဖွတ်ရပုံ

ယား ပြည်သူတို့သည် အစည်းအဝေးကျင်းပပုံကို တအံ့တသြ ကြည့်မြင်လိုက်ရသည်။ အကြောင်းမှာ ကွန်မြူနစ် ပါတီကသာ နိုင်ငံကို ဦးဆောင်ရမည်ဆိုသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄ ကို ပယ်ဖျက်ရန်အဆိုကို ထောက်ခံမဲ ၃၀၉ မဲ၊ ကန့်ကွက်မဲ မရှိဖြင့် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုအချိန်တွင် အစိုးရက ဆောင်ရွက်ပေးပြီးသော ကိစ္စများမှာ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှု ကဏ္ဍကို ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်များကို ဖျက်သိမ်းခြင်း၊ ကွန်မြူနစ် မဟုတ်သော ဝန်ကြီးများ ပါဝင်သည့် အစိုးရအဖွဲ့သစ် ဖွဲ့စည်းပေးမည်ဟု ကတိပြုခြင်း၊ ၁၉၆၈ ခုနှစ်က ဆိုဗီယက် ကျူးကျော်သည့် ဖြစ်ရပ်သည် မှားယွင်းသည်ဟု ဝန်ခံခြင်း၊ မဲ့ဂ်စ်–လီနင် အတွေးအခေါ်ကို မသင်မနေရ ပြဋ္ဌာန်း ထားမှုကို ဖျက်သိမ်းခြင်း၊ 'သံကန့်လန့်ကာ'ကို ဖယ်ရှား၍ ခရီးသွားခွင့် တားမြစ် ကန့် သတ် ချက် များ ကို ဖျက်သိမ်းခြင်း၊ သတင်းစာ၊ စာအုပ်စာတမ်း၊ ရုပ်ရှင်နှင့် ပြဇာတ် အနုပညာများကို တင်းကျပ်စွာ စိစစ်နေခြင်းကို လျော့ချပေးခြင်း တို့ ဖြစ်ကြသည်။ အတိုက်အခံ ဆန္ဒပြသူများက သမ္မတ ဂုစတပ် ဟူဆက် နုတ်ထွက်ပေးရန်၊ သတင်းစာနှင့် စာပေ ရေးသားမှု လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ စည်းရုံးခွင့် တို့ကို အာမခံသော ဥပဒေများ ပြဋ္ဌာန်းပေးရန်၊ လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပပေးရန်၊ပါတီ၏ ခါး ပိုက် ဆောင် တပ် ဖြစ် သော ပြည်သူစစ်တပ်ဖွဲ့များကို ဖျက်သိမ်းပေးရန်၊ နိုင်ငံရေး အကျဉ်းသားအားလုံးကို လွှတ်ပေးရန်၊ စီးပွားရေးတွင် စျေးကွက်ဦးစားပေးသော တံခါးဖွင့် မူဝါဒကို ကျင့်သုံးရန်တို့ကို ဆက်လက်တောင်းဆိုကြသည်။ နိုဝင်ဘာလကုန်တွင် သမ္မတ ဂုစတပ် ဟူဆက်လည်း နုတ်ထွက်သွားသည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကွန်မြူနစ်ပါတီနှင့် အံတိုက်အခံ စီဗစ်ဖိုရမ် အဖွဲ့တို့သည် သမ္မတသစ် ရွေးချယ်တင်မြှောက်ရန် သဘောတူညီခဲ့ကြပြီး ဆက်လက်၍ လုပ်ထုံးလုပ်နည်းများကို ညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ဗက်ကလပ် ဟာဗဲကို သမ္မတအဖြစ် လည်းကောင်း၊ ဒျူချက်ကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် လည်းကောင်း ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့သည်။

ဗက်ကလပ် ဟာဗဲသည် အငြင်းကားယာဉ်မောင်း လုပ်ရင်း စာပေနယ်သို့ ဝင်ခဲ့သူဖြစ်သည်။ ၁၉၆၃ ခုနှစ်က ပထမဆုံး ရေးသားထုတ်ဝေသော ပန်းဥယျာဉ် ဧည့်ခံပွဲ အမည်ရှိ ပြဇာတ်သည် အထူးထင်ရှားသည်။ ၁၉၆၈ ခုနှစ် ဇူလိုတွင်မူ ဒုတိယ ပြဇာတ်လက်ရာ ဖြစ်သော မှုတ်တမ်းလွှာကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ပြည်သူဇာတ်ရုံ၌ စင်တင်ကပြရာ ဟာဗဲကိုယ်တိုင် သွားရောက်ကြည့်ရှုခဲ့သည်။ ထို့နောက် လေးလ အကြာ

တွင် ဆိုဗီယက်ပြည်ထောင်စု တပ်နီတော် ကျူးကျော်ဝင်ရောက်သည်။ ဆိုဗီယက်ပြည်ထောင်စု၏ ထောက်ခံမှုကို ရသော အစိုးရအဖွဲ့သစ်သည် ဟာဗဲ၏ အရေးအသားများကို စိစစ် ဖြတ်တောက်ပိတ်ပင်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၌ လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ပဋိညာဉ် ၇၇ အမည်ရှိ အတိုက်အခံအဖွဲ့အစည်းကို ထူထောင်သူများထဲတွင် ဟာဗဲလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ စီဗစ်ဖို့ရမ်ကို ဦးဆောင်ဖွဲ့စည်းရာ၌လည်း ပါဝင်ခဲ့သည်။ အစိုးရ ဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်အောင် လှုံ့ဆော်မှုဖြင့် အကျယ်ချုပ်ရှစ်လ ချထားခံရလေရာ လေးလမျှကျခံပြီးနောက် ၁၉၈၉ ခုနှစ် မေလကမှ လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဂရိနိုင်ငံ။ ။ဂရိနိုင်ငံတွင် နိုင်ငံရေးပါတီကြီး၊ ပါတီငယ်များ အမျိုးမျိုးကွဲပြားနေသော်လည်း အဓိကအားဖြင့် လက်ဝဲအုပ်စုနှင့် လက်ယာအုပ်စုတို့ အားပြိုင်နေခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဒေါက်တာ အင်ဒရီးယားစ် ပါပန်ဒရီယို ဦးဆောင်သော ပင် ဟယ်လင်းနစ် ဆိုရှယ်လစ်လှုပ်ရှားမှုပါတီ (ပါဆော့ခ်)သည် လက်ဝဲယိမ်းသည်။ လက်ယာအုပ်စုကို ကွန်ဆာဗေးတစ်အုပ်စုဟုလည်းခေါ်၍ တရားဝင်အမည်သည် ဒီမိုကရေစီသစ်ပါတီ ဖြစ်သည်။ ယင်းပါတီကို ၁၉၇၄ ခုနှစ်မှစ၍ ကွန်စတန်တီနို မစ်ဆော့တာကစ်က ဦးဆောင်လျက်ရှိသည်။ ဆိုဗီယက်ယိမ်းသော ဂရိ ကွန်မြူနစ်ပါတီ(ကေကေအီး)သည် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလက ပါဆော့ခ်ပါတီနှင့် မဟာမိတ် ပြုလုပ်လိုကြောင်း ကမ်းလှမ်းခဲ့သော်လည်း ပါဆော့ခ်ပါတီက လက်မခံခဲ့ချေ။

အထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို ၁၉၈၉ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပသည်။ ရွေးကောက်ပွဲမကျင်းပမီက ပါလီမန်၌ နေရာ ၃၀၀ ရှိသည့်အနက် ပါဆော့ခ်က ၁၅၄ နေရာဖြင့် အင်အားအများစုကို လွှမ်းမိုးထားနိုင်သည်။ ဒီမိုကရေစီသစ် ပါတီက ၁၁၁ နေရာ၊ ကွန်မြူနစ်ပါတီက ကိုးနေရာ၊ ဒီမိုကရေစီ ပြန်လည်ဆန်းသစ်ရေးပါတီက ရှစ်နေရာ၊ လက်ဝဲပါတီငယ် တစ်ခုက တစ်နေရာ၊ တစ်သီးပုဂ္ဂလက ၁၇ နေရာ အသီးသီးရရှိထားသည်။ ရွေးကောက်ပွဲ ကျင်းပသောအခါ ဒီမိုကရေစီသစ်ပါတီက ၁၄၅ နေရာထိ တိုးတက်ရရှိလာသော်လည်း နေရာအများစုကို မလွှမ်းမိုးနိုင်ခဲ့ချေ။ ပါဆော့ခ်ပါတီက ၁၂၅ နေရာ၊ ကွန်မြူနစ်မဟာမိတ်အဖွဲ့က ၂၀ နေရာ၊ ပါတီငယ်များက နှစ်နေရာ အသီးသီးရရှိသည်။

အသက် ၇၀ အရွယ်ရှိ ဝန်ကြီးချုပ် ပါပန်ဒရီယိုသည် အိုလင်းပစ် လေကြောင်းဌာနမှ အသက် ၃၄ နှစ်အရွယ် လေယာဉ်မယ် လီယာနီနှင့် လိင်မှုကိစ္စ ရှုပ်ထွေးမှုသတင်း ပေါ်ထွက်လာသည့် ပြဿနာကြောင့်လည်းကောင်း၊ ဂရိဘဏ်မှ ဒေါ်လာသန်း ၂၀၀ ကျော် အလွဲသုံးစားပြုမှုတွင် ပါဆော့ခ်ပါတီ ထိပ်တန်းခေါင်းဆောင်များ ပါဝင်ပတ်သက်ခြင်းကြောင့် လည်းကောင်း ပါဆော့ခ်ပါတီသည် သိက္ခာကျဆင်းလာပြီးနောက် ရွေးကောက်ပွဲတွင် အရေးနိမ့်ရခြင်းဖြစ်သည်။

ဒီမိုကရေစီသစ်ပါတီနှင့် လက်ဝဲမဟာမိတ်အဖွဲ့တို့သည် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ယာယီညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးအတွက် သဘောတူညီမှု ရရှိသည်။ ဆိုရှယ်လစ်အစိုးရကို ကိုင်လှုပ်ခဲ့သော ဒွေကြေးအရှုပ်တော်ပုံကို စုံစမ်း စစ်ဆေး၍ တရားဥပဒေအရ အရေးယူမည်ဟူသောအချက်ကို အခြေခံလျက် နှစ်ပါတီပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဇူလိုင်လ ၃ ရက်နေ့တွင် ဝန်ကြီးချုပ် ဇန်းနစ် ဇန်းနက်တကစ် ဦးဆောင်သော အဖွဲ့ဝင် ၂၂ ဦးပါ အစိုးရအဖွဲ့သည် ပါလီမန်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ အသက် ၆၂ နှစ်ရှိ ဇန်းနက်တကစ်သည် ရေတပ် အရာရှိဟောင်းနှင့် ပြည်သူ့လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဟောင်း ဖြစ်သည်။ ယင်းညွှန့်ပေါင်းအစိုးရတွင် ပါဝင်သော ဒီမိုကရေစီသစ်ပါတီနှင့် လက်ဝဲဝါဒီ မဟာမိတ်အဖွဲ့တို့သည် ဂရိပြည်တွင်းစစ်ကာလ (၁၉၄၆–၄၉)က စစ်ခင်းခဲ့ကြဖူးသော ပြိုင်ဘက်ဟောင်းများဖြစ်ကြသည်။

ဒေါ်လာသန်း ၂၀၀ ကျော် အလွဲသုံးစား လုပ်ထားသော ဂရိဘဏ် အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်သည်ဟု သက်ဝမကင်းခံရသည့် ဝန်ကြီးချုပ်ဟောင်း ပါပန်ဒရီယိုကို စုံစမ်းစစ်ဆေး အရေးယူရန် ဂရိပါလီမန်က ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ထောက်ခံမဲ ၁၇၁ မဲ၊ ကန့်ကွက်မဲ ၁၂၂ မဲဖြင့် ဆုံးဖြတ်ခဲ့သည်။ ပျက်ကွက်မဲနှင့် ဗလာမဲ ခုနစ်မဲရှိသည်။ ယင်းအရှုပ်တော်ပုံနှင့် စပ်လျဉ်း၍ ပါပန်ဒရီယို၏ ထိပ်တန်း ဝန်ကြီးဟောင်း လေးဦးကိုလည်း အဖွဲ့ဝင် ၁၂ ဦးပါ ကော်မတီက စုံစမ်းစစ်ဆေးရန် ကိုလည်း ယင်းဝန်ကြီးဟောင်းတစ်ဦးချင်းအလိုက် အမည်တင်သွင်း၍ မဲခွဲဆုံးဖြတ်ခဲ့သည်။

တယ်လီဖုန်း ကြားဖြတ် နားထောင်သည့် ပြစ်မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်ဟောင်း ပါပန်ဒရီယိုကို စစ်ဆေးရန်လည်း ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ပါလီမန်၌ ထောက်ခံမဲ ၁၇၀၊ ကန့်ကွက်မဲ ၁၁၉ မဲဖြင့် ဆုံးဖြတ်ခဲ့ပြန်သည်။ ပျက်ကွက်မဲနှင့်ဗလာမဲ ၁၁ မဲရှိသည်။ ပါပန်ဒရီယို၏ ဆိုရှယ်လစ်ဝါဒီ အစိုးရ ၁၉၈၁ ခုနှစ်တွင် အာဏာရလာချိန်မှစ၍ ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲ၌ အရေးနိမ့်သွားချိန်အထိ မိတ်ဆွေများ၏ တယ်လီဖုန်း



ဂရိနိုင်ငံ ပါဆော့ခ်ပါတီခေါင်းဆောင် ပါပန်ဒရီယို

အတွင်း စုစည်းစီစဉ်ထားသည့် လျှို့ဝှက်စာတွဲဖိုင် ၁၆ သန်းကို လူသိရှင်ကြား မီးရှို့ဖျက်ဆီးသောအခမ်းအနားတစ်ရပ်ကို ၁၉၇၉ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့တွင် အောသင်မြို့၌ကျင်းပသည်။ ကွန်ဆာဗေးတစ်နှင့် ကွန်မြူနစ်နှစ်ပါတီ ညှနှိုင်းအဖွဲ့၏ အမိန့်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဂရိနိုင်ငံရေး ပါတီများ အကြား ခါးသီးဖွယ်ရာ ခဲခြားမှုများကို အဆုံးသတ်စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယင်းအခမ်းအနားကို ချီးကျူးကြသည်။ ပြည်တွင်းစစ်ကာလ (၁၉၄၆–၁၉၄၉) အဆုံးသတ်၍ ငြိမ်းချမ်းမှုရရှိသည့် နှစ် ၄၀ မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ယင်းအခမ်းအနားကိုကျင်းပရန် ဆုံးဖြတ်ခဲ့သည်ဟုလည်းဆိုသည်။ လူသုံးသိန်းကျော်သေဆုံးခဲ့ရသော ယင်းစစ်ပွဲ၌ လက်ယာဝါဒီက အနိုင်ရခဲ့ပြီး ဂရိ ကွန်မြူနစ်ပါတီ (ကေကေအီး)သည် ၁၉၄၇ ခုနှစ်မှစ၍ လက်ယာစွန်းစစ်အာဏာရှင် အစိုးရ ပြုတ်ကျသည့် ၁၉၇၄ ခုနှစ်ထိ



ဒီမိုကရေစီသစ်ပါတီခေါင်းဆောင် မစ်ဆိုတာကစ်နှင့် ကွန်မြူနစ်ပါတီခေါင်းဆောင် ဖလိုရာကစ်

များကိုရော ပြိုင်ဖက်များ၏ တယ်လီဖုန်းများကိုပါ ကြားဖြတ် နားထောင်စေခဲ့သည်ဟု စွပ်စွဲထားသည်။ တယ်လီဖုန်း ကြားဖြတ်နားထောင်ခြင်းကို ခံခဲ့ကြရသူ ၂၀၀ ကျော် ရှိသည့်အနက် အချို၏ အမည်စာရင်းကို ပါလီမန်၌ တင်သွင်းခဲ့သည်။ ယင်းအမည်စာရင်းတွင် ကွန်မြူနစ် မဟာမိတ်အဖွဲ့ ခေါင်းဆောင် ဟယ်ရီလာအိုစ် ဖလိုရာကစ်၊ သမ္မတဟောင်း ကွန်စတန်တင် ကာရာမန်လစ်၊ ဆိုရှယ်လစ် အလုပ်သမားဝန်ကြီး ဂျော့ယင်နီမာတက်စ်နှင့် သတင်းစာဆရာ အများအပြား ပါဝင်သည်။

နိုင်ငံသားတစ်ဦးချင်း၏ နိုင်ငံရေး ယုံကြည်ချက်များကို ထောက်လှမ်းရေးအဖွဲ့က နှစ်ပေါင်း လေးဆယ်ကာလ ပိတ်ပင်ခံခဲ့ရသည်။ ၁၉၇၄ ခုနှစ်တွင်မှ တရားဝင်ရပ်တည်ခွင့်ရလာသော ကေကေအီးပါတီနှင့် ကွန်ဆာဗေးတစ်ဝါဒီ အတိုက်အခံ ဒီမိုကရေစီသစ်ပါတီတို့ အပါအဝင် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန် ဆိုရှယ်လစ်ဝါဒီအစိုးရက စာတွဲဖိုင်အသစ်များ ထပ်မံ ပြုစုစေခဲ့သည်ဟုဆိုသည်။ ယင်း စာတွဲဖိုင်များသည် သမိုင်း တန်ဖိုးကြီးမားလှ၍ မဖျက်ဆီးသင့်ဟု ဆိုရှယ်လစ် ဝါဒီတို့က ကန့်ကွက်ခဲ့သည်။ သမိုင်းတန်ဖိုးအရ ထိန်းသိမ်းထားရန် စာတွဲဖိုင် ၂၀၀၀ ကို သိမ်းဆည်းထားဆဲဖြစ်သည်ဟု အစိုးရ အာဏာပိုင်တို့က ကြေညာခဲ့သည်။

၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် အထွေထွေ

ရွေးကောက်ပွဲကျင်းပရာ ဒီမိုက ရေစီသစ်ပါတီက ၁၄၀ နေရာထိ တိုးတက်ရရှိသော်လည်း နေရာ ၃၀၀ ရှိ ပါလီမန်၌ အများစုရရှိရန် သုံးနေရာလိုအပ်သည်။ ပါဆောခ်ပါတီက ၁၂၀ နေရာထိ တိုး၍ရရှိသည်။ လက်ဝဲညွှန်ပေါင်းက ၂၁ နေရာ၊ တစ်သီးပုဂ္ဂလက သုံးနေရာ အသီးသီးရရှိသည်။ ထို့ကြောင့် အဓိကပါတီကြီးသုံးခုသည် ညွှန်ပေါင်းအစိုးရဖွဲ့စည်းရန် ကြိုးပမ်းကြသည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အဓိကပါတီကြီးသုံးခုစလုံး ပါဝင်သော ညွှန်ပေါင်းအစိုးရ ဖွဲ့စည်းရန် သဘောတူညီမှု ရရှိသည်။ ဗဟိုဘဏ် ဥက္ကဋ္ဌဟောင်း ဇီနိုဖွန် ဇိုလိုတက်စ်က ဝန်ကြီးချုပ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ရွေးကောက်ပွဲများကျင်းပချိန်အထိ တာဝန်ယူမည်ဖြစ်သည်။ အသက် ဂု နှစ်ရှိပြီဖြစ်သော ဇိုလိုတက်စ်သည် ၁၉၆၇ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ အုပ်စိုးခဲ့သော စစ်အစိုးရ ပြုတ်ကျကာစ၌ ဖွဲ့စည်းသည့် ၁၉၇၄ ခုနှစ် အမျိုးသား ညီညွတ်ရေး အစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ် ခေတ္တတာဝန်ယူခဲ့ဖူးသည်။ ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ၁၉၅၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်ထိ တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်ထိ တစ်ကြိမ် ဆောင်ရွက်ခဲ့ဖူးသည်။

ဂျပန်နိုင်ငံ။ ။ဂျပန်နိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်က ဒေါ်လာ ၂၀၀၀ ဖြင့် ရင်းနှီးခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် ကုမ္ပဏီ ၂၈ ခုကို ပေါင်းစပ်၍ ဒေါ်လာသန်း ၃,၂၆၀ ထိ ရင်းနှီး မြှုပ်နှံထားနိုင်သည့် ရီခရု ကုမ္ပဏီသည် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၆ ခုနှစ် အောက်တိုဘာလထိ ကာလအတွင်း စတော့ရှယ်ယာပေါင်း ၆,၈၇,၀၀၀ ကို အာဏာရ နိုင်ငံရေးသမား အသိုင်းအဝိုင်းအား ဈေးနှုန်းသက်သာစွာ ရောင်းချခဲ့သည်။ ထိုစဉ်က လူသိရှင်ကြား ရောင်းချခဲ့ခြင်း မဟုတ်ချေ။ စာနယ်ဇင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းကြီးဖြစ်သော ယင်းကုမ္ပဏီသည် ၁၉၈၇ ခုနှစ်တွင် အကျိုးအမြတ်ငွေ ဒေါ်လာ ၉၂ ဒသမ ၄ သန်း ရရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် ဒေါ်လာ ၁၂၁ ဒသမ ၄ သန်း ရရှိသည် အထိ ကြီးပွားလာခဲ့သည်။ ထိုအခါ ယင်းကုမ္ပဏီ၏ စတော့ ရှယ်ယာကို ရရှိထားသော အာဏာရ နိုင်ငံရေးသမားများက ပြန်လည်ရောင်းချခြင်းဖြင့် ကိုယ်ကျိုး ရှာနိုင်ခဲ့သည်ဟူသော သတင်းများထွက်ပေါ်လာခဲ့သည်။ ဥပမာအားဖြင့် ဝန်ကြီးချုပ်ဟောင်း နာကာဆိုနေ၏ လက်ထောက်များက ရှယ်ယာ ၂၉,၀၀၀ ကို ထိုနည်းဖြင့် ဝယ်ယူ ရောင်းချခဲ့ပြီး ၁၉၈၇ ခုနှစ် အောက်တိုဘာလတွင် နာကာဆိုနေကို ဆက်ခံသူ ဝန်ကြီးချုပ် တာကေရှိတာ၏ ဆွေမျိုး တစ်ဦးသည် ရှယ်ယာ ၁၂,၀၀၀ ကို ဝယ်ယူခဲ့သည်ဟု ဆိုသည်။ ဂျပန် ဒိုင်းယက် လှုတ်တော်က ထုတ်ပြန်သော ရှယ်ယာ ရယူသူ ၁၅၉ ဦး၏ စာရင်းတွင် ထိပ်ဆုံးက ပါဝင်ခဲ့သူ ဒုတိယ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မီယာဇာဝါ သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ရီခရုကော့စမော့ (ရီခရု ကုမ္ပဏီတွင် ပါဝင်သော ကုမ္ပဏီငယ်တစ်ခု) ၏ ရှယ်ယာ ၁၀,၀၀၀ကို ဝယ်ယူကာ အကျိုးအမြတ် ဒေါ်လာ ၁,၂၈,၂၀၀ ဖြင့် ရောင်းချခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။ မီယာဇာဝါက ၎င်းမသိဘဲ လက်ထောက်တစ်ဦးက လုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်ဟု ထွက်ဆိုခဲ့သည်။ ယင်း အရှုပ်တော်ပုံနှင့် ပတ်သက်၍ တရားရေးဝန်ကြီး ဟာဆီဂါဝါလည်း ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် နုတ်ထွက်ခဲ့ပြန်သည်။

ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးအဖြစ် နာကာဆိုနေ၏ လက်ထက်က ဆောင်ရွက်ခဲ့ဖူးသော တာကေအို ဖူဂျိနာမီ၏ လက်ထောက်တစ်ဦးဖြစ်သူ အီဂျိ တိုကူဒါသည် ရီခရုကုမ္ပဏီ၏ အဓိကလုပ်ငန်းကြီး သုံးခုတွင် အပါအဝင်ဖြစ်သည့် ဖတ်စ်ထ် ဖိုင်းနဲ့ဘ်စ် ကုမ္ပဏီထံမှ ချေးငွေယူ၍ ရီခရု ကော့စမော့ ကုမ္ပဏီထံမှ ရှယ်ယာ ၁၂,၀၀၀ ကို ရှယ်ယာတစ်ခုလျှင် ၁၉ ဒေါ်လာနှုန်းဖြင့် ဝယ်ယူခဲ့ပြီးမှ ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရီခရုကုမ္ပဏီ လူသိရှင်ကြား ဖြစ်လာသောအခါ ရှယ်ယာတစ်ခုလျှင် ဒေါ်လာ ၃၀ နှုန်းဖြင့် ရောင်းချခဲ့သည်ဟုဆိုသည်။ ဝန်ကြီးချုပ် တာကေရှိတာကလည်း ရီခရု ကုမ္ပဏီသည် ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ကာလအတွင်း ပါတီရန်ပုံငွေ ရှာဖွေ၍ ညှစ်ခံပွဲလက်မှတ် ယန်းသန်း ၁၃၀ (ဒေါ်လာ တစ်သန်း) ဖိုး ဝယ်ယူခြင်းဖြင့် လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ(အယ်ဒီပီ)အား ထောက်ခံခဲ့ကြောင်းဖြင့် ဝန်ကြီးချုပ်တာကေရှိတာက ဝန်ခံခဲ့သည်။ သို့ရာတွင် တံစို့ လက်ဆောင် လာဘ် လာဘ အဖြစ် အယ်ဒီပီကရယူခဲ့ခြင်း မဟုတ်ကြောင်းကိုလည်းပြောကြားခဲ့သည်။ နိုင်ငံခြားရေး ဝန်ကြီးဟောင်း ရှင်တာရို အာဘေးကလည်း ၎င်း၏ ဇနီးသည် ရီခရုကုမ္ပဏီထံမှ လစဉ်လှူဒါန်းငွေ ယန်း ၉ ဒသမ ၃ သန်း (ဒေါ်လာ ၇၀,၀၀၀) ကို လက်ခံ ရယူခဲ့ကြောင်းကို ဝန်ခံခဲ့သည်။ ယင်းနည်းလမ်းတို့သည် နိုင်ငံရေးအရ အလှူခံခြင်း မပြုလုပ်ရ ဟူသော တရားဥပဒေ တားမြစ်ချက်ကို လက်တစ်လုံးခြား လှည့်စားခြင်းဖြစ်သည်ဟူ၍ အတိုက်အခံတို့ကဝေဖန်ခဲ့ကြသည်။ ယင်းအရှုပ်တော်ပုံတစ်ရပ်လုံးကို ခြုံကြည့်လိုက်လျှင် ရီခရုကုမ္ပဏီကြီးထံမှ နိုင်ငံရေးသမားများနှင့် အစိုးရ ဌာနအသီးသီးမှ တာဝန်ရှိသူများက ယန်းငွေ သန်း ၅၀၀ (ဒေါ်လာ ၃ ဒသမ ဂ သန်း) ရယူခဲ့ခြင်းပင်ဖြစ်၍ ဝန်ကြီးချုပ် တာကေရှိတာ နုတ်ထွက်

ပေးရမည်ဟု ဂျပန် ဆိုရှယ်လစ်ပါတီ၊ သန့်ရှင်းသော အစိုးရပါတီ၊ ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီနှင့် ဆိုရှယ် ဒီမိုကရက်တစ် ဖက်ဒရေးရှင်း ပါတီတို့က လေးပါတီ ညွှန့်ပေါင်းဖွဲ့စည်း၍ တောင်းဆိုခဲ့ကြသည်။ ဒိုင်းယက် လွှတ်တော်တွင် ဘတ်ဂျက် အတည် မပြုနိုင်စေရန် အတိုက်အခံ အမတ်များက သပိတ် မှောက်ကြသည်။ ထိုအခါ တာကေရှိတာသည် ၁၉၇၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ပေးခဲ့သည်။

တာကေရှိတာ၏ ရာထူးကို ၁၉၇၉ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဆက်ခံခဲ့သော နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဆိုဆူကေ အူနိုသည်လည်း ဂေရှာမယ်တစ်ဦးနှင့် ငြိစွန်းခဲ့သည်ဟူသော သတင်းကြောင့် ပြည်သူတို့က အကြည်ညို ပျက်ခဲ့သည်။ အူနိုကို နာကာဆိုနေ၏ရုပ်သေးရုပ်ဖြစ်သည် ဟုယူဆကြသော ဝန်ကြီးချုပ်ဟောင်း တာကေအိုဖူကူဒါ နှင့် ဇင်ကိုဆူဇူကီးတို့၏ သဘောတူညီချက်မပါဘဲ အူနိုသည် ဝန်ကြီးချုပ် ရာထူးကို ရလာခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အူနိုသည် လွှတ်တော်အမတ် သက်တမ်း ၂၅ နှစ် ပြည့် အထိမ်းအမှတ် ပါတီရန်ပုံငွေ ညှစ်ခံပွဲ ကျင်းပရာ၌ ညှစ်ခံပွဲ လက်မှတ်ရောင်းရငွေမှ ဝင်ငွေ ယန်းသန်း ၁၀၀ (ဒေါ်လာ ၆,၈၀,၀၀၀) ရယူခဲ့ကြောင်း၊ ဂေရှာမယ်ကို လေးလကြာ ပေါင်းသင်းရာတွင် ယန်း ၃ သန်း (ဒေါ်လာ ၂၀,၀၀၀) ထောက်ပံ့ကြောင်း သတင်းများ၏ ရိုက်ခတ်မှု ဒဏ်ကို အူနို ခံခဲ့ရသည်။



ထိုစဉ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အထက်လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပရာ နေရာ ၂၅၂ နေရာ ရှိသည့်အနက် အယ်ဒီပီသည် ၁၀၉ နေရာသာ ရရှိသဖြင့် နေရာအများစုကို လွှမ်းမိုးနိုင်ခြင်း မရှိတော့သည့် အခြေ အနေသို့ ကျဆင်းသွားခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ၁၂၈ နေရာအတွက် ယှဉ်ပြိုင်ခြင်း ဖြစ်ရာ ယခင်က ၆၃ နေရာ ရထားခဲ့သော အယ်ဒီပီသည် ၄၃ နေရာသို့ ကျဆင်းသွားခြင်းကြောင့် ထိုသို့ အကျပ်အတည်းကြုံတွေ့ ရခြင်းဖြစ်သည်။ အဓိက အတိုက်အခံ ဂျပန် ဆိုရှယ်လစ် ပါတီ (ဂျေအက်စ်ပီ) သည် ယခင်က ၁၁ နေရာသာ ရထားခဲ့ရာမှ ၂၉ နေရာ ထိ တိုးတက် လာခဲ့သည်။ အယ်ဒီပီပါတီသည် ၃၄ နှစ်တာကာလအတွင်း ပထမဆုံး အကြိမ်အဖြစ် အဆိုးရွားဆုံးသော အရေးနိမ့်မှုနှင့် ကြုံရ ခြင်း ဖြစ်ရာ ဝန်ကြီးချုပ် အူနိုသည် တာဝန်မကင်း ကြောင်း ဝန်ခံကာ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့ တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။

အယ်ဒီပီသည် ပါတီ ဥက္ကဋ္ဌအသစ်ကို လွှတ်တော် အမတ် ၄၀၁ ဦးနှင့် ပရီဖက်ချာ ဒေသ ပါတီ ကိုယ်စား လှယ် ၄၇ ဦးတို့က လျှို့ဝှက်မဲဖြင့် ရွေးချယ်သည်။ ၁၇ နှစ်တာကာလအတွင်း ထိုစနစ်ကို ပထမဆုံး ကျင့်သုံး ခြင်းဖြစ်၍ ဒီမိုကရေစီ ပိုမို ထွန်းကားစေရန် ကြိုးပမ်း ခြင်း ဖြစ်သည်ဟုဆိုသည်။ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဝန်ကြီးဟောင်း ရိုရှီယို ဟာယာရှီ (၆၂ နှစ်)၊ သယ်ယူ ပို့ဆောင်ရေးဝန်ကြီးဟောင်း ရှင်တာရို အိရှီဟာရာ (၅၆ နှစ်) နှင့် ပညာရေးဝန်ကြီးအဖြစ် နှစ်ကြိမ် တာဝန် ထမ်းဆောင်ဖူးသူ တိုရှိကီ ကိုင်ဖူတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ အယ်ဒီပီပါတီအတွင်း အသေးငယ်ဆုံး အုပ်စုမှဖြစ်သည့် ကိုင်ဖူကို ရှင်ကာနေ မာရူး၏ အုပ်စုကလည်း ထောက်ခံ ခဲ့ရာ ဟာရာရှိက ထောက်ခံမဲ ၁၂၀၊ အိရှီဟာရာက ၄၈ မဲ အသီးသီးရကြပြီး ကိုင်ဖူက ထောက်ခံမဲ ၂၇၉ မဲဖြင့် ပါတီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် အထက်လွှတ်တော်၌ အယ်ဒီပီက ၁၀၉ နေရာ၊ ဂျေအက်စ်ပီက ၇၂ နေရာ အသီးသီး ရရှိ

အာဏာရအယ်ဒီပီပါတီ ပြည်သူတို့၏ထောက်ခံမှု ကျဆင်းလာ၍ ဂျပန်ဝန်ကြီးချုပ် ဆိုဆူကေအူနိုသည် တာဝန်ယူပြီး နှစ်လမပြည့်မီ ရာထူးမှ နုတ်ထွက်သွားရသည်။



ရိုခရူအရွယ်တော်ပုံနှင့်စပ်လျဉ်း၍ ဒိုင်းယက်လ်တော်တွင် စစ်ဆေးမေးမြန်းမှုကို ဖြန်လည်ရှင်းလင်း ဖြေကြားနေသော ဂျပန်ဝန်ကြီးချုပ် တာကေရှိတာ

ထားပြီး ယခင်က ကော်မရှင် လေးရပ်တွင်သာလျှင် ဥက္ကဋ္ဌရာထူးများကိုသာ ရရှိခဲ့သော ဂျေအက်စ်ပီသည် ကော်မရှင်ရှစ်ရပ်၏ ဥက္ကဋ္ဌရာထူးများကို ရရှိထားသည်။ ဝန်ကြီးချုပ်အသစ်ရွေးရန် အောက်လ့တ်တော်၌ မဲခဲ့ရာ ကိုင်ဖူက ၂၉၄ မဲ၊ ဂျေအက်စ်ပီ ပါတီခေါင်းဆောင် အမျိုးသမီး တာကာအို ဒိုအီက ၁၄၂ မဲရရှိသည်။ အထက်လ့တ်တော်တွင်မူ ပထမအကြိမ်၌ ဒိုအီက ၁၁၂ မဲ၊ ကိုင်ဖူက ၁၀၉ မဲ ရရှိကြပြီး ဒုတိယအကြိမ်၌ ဒိုအီက ၁၂၇ မဲ၊ ကိုင်ဖူက ၁၀၉ မဲ အသီးသီးရရှိကြသည်။ မည်သို့ပင်ဖြစ်စေ အောက်လ့တ်တော်၏ ဆုံးဖြတ်ချက်အတိုင်း ကိုင်ဖူသည် ဂျပန်နိုင်ငံ၏ ၎င် ဦးမြောက် ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဂျပန်နိုင်ငံ၏ ဓနအင်အားဖြစ်သော မြေယာ၊ စက်ရုံ၊ စတော့နှင့် အခြား ပစ္စည်းဥစ္စာတို့၏ စုစုပေါင်း တန်ဖိုးသည် ၁၉၈၇ ခုနှစ်တွင် ဒေါ်လာ ၄၃ ဒသမ ၇ ထရီလီယံ (တစ်ထရီလီယံ = တစ်နောက်တွင် သုည ၁၂ လုံး) ရှိ၍ အမေရိကန် ပြည်ထောင်စု၏ ဓနအင်အားကို ပထမဆုံး အကြိမ် ကျော်လွန်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ဂျပန်၏ ဓနအင်အား တန်ဖိုးသည် ၂၀ ဒသမ ၃ ထရီလီယံသာရှိခဲ့သည်။ ယင်းကိန်းဂဏန်းကို ဂျပန်စီးပွားရေး စီမံကိန်း အေဂျင်စီနှင့် အမေရိကန် ပြည်ထောင်စု အရန်ငွေ ဘုတ်အဖွဲ့တို့၏ ထုတ်ပြန်ချက်များမှ သိရှိရခြင်း ဖြစ်သည်။ ၁၉၈၉ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော စာရင်း ဇယားအရ ပင်လယ်ရပ်ခြား၌ ဂျပန်နိုင်ငံက မြုပ်နှံထားသော ငွေပင်ငွေရင်း ပမာဏသည် ဒေါ်လာ သန်း ၂,၄၀,၀၀၀ ဖြစ်သည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့က ဂျပန် ဆိုနီ ကုမ္ပဏီသည် ဟောလိဝုဒ် ရုပ်ရှင်လောက၏ အထင်ရှားဆုံး ကုမ္ပဏီတစ်ခု ဖြစ်သော ကိုလံဘီယာ ရုပ်ရှင် ဖျော်ဖြေရေးလုပ်ငန်းကို ဝယ်ယူခဲ့သည်။ ဆိုနီ အီလက်ထရွန်းနစ် လုပ်ငန်းသည် ငွေကြေး အကျပ်ဆိုက်နေသော ယင်းရုပ်ရှင်လုပ်ငန်းကို ကိုကာကိုလာ ကုမ္ပဏီထံမှ ဒေါ်လာ သန်းပေါင်း ၃,၄၀၀ ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက ဂျပန်နိုင်ငံအား ၎င်း၏ စီးပွားရေး ကဲကြမှာကို တဖြည်းဖြည်း ပုံအပ်နေခြင်းကို ညွှန်းဆိုသည့် ဖြစ်ရပ်ဟူ၍ လေ့လာသူများက သုံးသပ်ကြသည်။ မိုက်ကရိုချစ်များမှ စွမ်းရည်မြင့် ရုပ်ကြည်လင့် ရုပ်မြင်သံကြား (high-definition television) ထိ အရေးပါသော စက်မှုနည်းပညာများတွင်လည်း ဂျပန်က ရှေ့သို့ ကျော်တက်တော့မည်ဟု ယူဆကြသည်။ အဆင့်မြင့်တိုက်လေယာဉ် အက်ဖ်အက်စ် အိပ်က်စ်ကို ဂျပန်နိုင်ငံ ထုတ်လုပ်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ကူညီရန် သဘောတူထားပြီးဖြစ်

သည်။ အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချရသည့် ကုန်စည် တန်ဖိုးထက် ဂျပန်နိုင်ငံက အမေရိကန် ပြည်ထောင်စုသို့ တင်ပို့ ရောင်းချသည့် ကုန်စည်တန်ဖိုးက ဒေါ်လာ သန်း ၅၀,၀၀၀ ကျော်ကျော် သာလွန်လျက် ရှိသည်။ ၁၉၇၈ ခုနှစ် တစ်နှစ်တည်းတွင်ပင် အမေရိကန် ပြည်ထောင်စုရှိ မြေယာ၊ အဆောက်အအုံနှင့် သဘာဝ အရင်းအမြစ်များ အပါအဝင် မရှေ့ပြောင်းနိုင်သောပစ္စည်း ဒေါ်လာ သန်းပေါင်း ၁၆,၅၀၀ ကိုလည်းကောင်း၊ ကုမ္ပဏီ အမျိုးမျိုး၏ရှယ်ယာ ဒေါ်လာ သန်းပေါင်း ၁၃,၀၀၀ နီးပါးကိုလည်းကောင်း ဂျပန်နိုင်ငံက ဝယ်ယူထားပြီးဖြစ်သည်။

ဂျပန်ကေရာင် ဟီရိုဟီတို (၁၉၀၁ – ၁၉၇၉) သည် ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကွယ်လွန်သဖြင့် သားတော် အာကီဟီတို ထီးနန်း ဆက်ခံသောကြောင့် ရှိဝါခေတ် (ထွန်းလင်းသော ငြိမ်း ချမ်း ရေး ခေတ်) (၁၉၂၆ – ၁၉၈၉) ကုန်ဆုံးသွားသည်။ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသော စျာပန အခမ်းအနား သို့ ၁၆၃ နိုင်ငံမှ အကြီးအကဲများနှင့် ညွှန့်သည်တော် ၁၀,၀၀၀ တက်ရောက်ကြ၍ လုံခြုံရေး အတွက် ရဲ ၃၂,၀၀၀ ခန့်ထားရသည်။ ကုန်ကျသော စျာပန စရိတ်သည် ဒေါ်လာ ၇၄ သန်းဖြစ်သည်။ (ဟီရိုဟီတို – ရှု။)

ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ။ ။ ဟန်ဂေရီနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်တိုးတက်နေသည့်အလျောက် သြစတြီးယားနိုင်ငံနှင့် နယ်စပ်တစ်လျှောက်ရှိ မိုင် ၁၆၀ ရှည်သော သံဆူးကြိုးအကာအရံ၏ ထက်ဝက်နီးပါးကို ၁၉၈၉ ခုနှစ် မေလတွင် ဖျက်သိမ်းပေးခဲ့သောအခါ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (အရှေ့ဂျာမနီ)မှ ပြည်သူအများအပြားတို့ ဂျာမနီပြည်ထောင်စု သမ္မတနိုင်ငံ(အနောက်ဂျာမနီ)သို့ သြဂုတ်လဆန်းမှစ၍ ထွက်ပြေးလာသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ (ဟန်ဂေရီနိုင်ငံ — ရှု။) သြဂုတ်လ ၃၁ ရက်နေ့တွင် သြစတြီးယားနိုင်ငံက အရှေ့ဂျာမန်သားတို့အတွက် ပြည်ဝင်ခွင့်ဗီဇာ မလိုတော့ကြောင်း ကြေညာခဲ့သည်။ ထိုအချိန်တွင် အရှေ့ဂျာမန်နိုင်ငံသား ၆၀၀၀ ကျော်သည် ဟန်ဂေရီနိုင်ငံမှ တစ်ဆင့် အနောက်ဂျာမနီသို့ သွားရန် သြစတြီးယားနိုင်ငံကို တရားမဝင် ဖြတ်ကျော်သွားပြီး ဖြစ်သည်ဟု ဆိုသည်။ အရှေ့ဂျာမနီအစိုးရက နိုင်ငံသားများ ပြည်ပသို့ထွက်မသွားစေရန် ၁၉၆၁ ခုနှစ်က ဘာလင်တံတိုင်းကြီးကို တည်ဆောက်ခဲ့ပြီးနောက်ပိုင်းတွင် ထိုသို့


နိုင်ငံသားများ အစုလိုက်အပြုံလိုက် ထွက်ပြေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ထိုအချိန်တွင် အရှေ့ဂျာမနီရှိ ခရိုင် ၁၅ ခုအနက် ၁၁ ခု တွင် တရားဝင်အသိအမှတ်ပြုခံရစေရန် လျှောက်ထားပြီး ဖြစ်သည့် နယူးဖိုရမ် (နှိုင်းယှက်စ်ဖိုရွမ်)အမည်ရှိ အတိုက်အခံ အုပ်စုတစ်စုသို့ အာဏာရ ကွန်မြူနစ်ပါတီမှ ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ရှိသူတို့ ကူးပြောင်းသွားကြသည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် နယူးဖိုရမ်အဖွဲ့အစည်းအဝေးကျင်းပခဲ့ရသည်။ အစိုးရက နယူးဖိုရမ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မညီကြောင်း၊ အစိုးရကို ဆန့်ကျင်သော အဖွဲ့ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သဖြင့် ထိုသို့ အစည်းအဝေး ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ အစိုးရနှင့်တွေ့ဆုံဆွေးနွေးရန် တောင်းဆိုသည့် နယူးဖိုရမ်၏ပန်ကြားလွှာကို နိုင်ငံတစ်ဝန်းလုံးမှ အရှေ့ဂျာမန်နိုင်ငံသား ၄,၂၀၀ ကျော်က လက်မှတ်ထိုးထောက်ခံ၍ တင်ပြခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၊ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံတို့၌ လုပ်ဆောင်နေသော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုမျိုး အရှေ့ဂျာမနီ၌ မလိုအပ်ဟူ၍ အခိုင်အမာ ပယ်ချနေသော အစိုးရက နယူးဖိုရမ်၏ လှုပ်ရှားမှုများ ချက်ချင်း ရပ်ဆိုင်းပစ်ရန် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် တားမြစ်ခဲ့သည်။ ထိုနေ့တွင်ပင် လိုက်ပင်စ်မြို့၌ ဆန္ဒပြပွဲဖြစ်ပွားရာ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲရန်လည်းကောင်း၊ နယူးဖိုရမ်ကို လွှတ်လပ်သော အဖွဲ့အစည်းအဖြစ် တရားဝင် ခွင့်ပြုရန်လည်းကောင်း တောင်းဆိုခဲ့ကြသည်။ နောက်ထပ် အရှေ့ဂျာမန်နိုင်ငံသား ၆,၃၀၀ ခန့်သည်လည်း အောက်တိုဘာလ ၁ ရက်နေ့တွင် အနောက်ဂျာမနီသို့ အထူးမီးရထားများဖြင့် ထွက်သွားကြပြန်သည်။ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ပရာဟာမြို့နှင့် ပိုလန်နိုင်ငံ ဝါဆောမြို့တို့ရှိ အနောက်ဂျာမနီသံရုံးတို့၌ အရှေ့ဂျာမန် နိုင်ငံသားများ စုပြုံသောင်တင်နေခြင်းကို အဆုံးသတ်စေရန် အရှေ့ဂျာမနီ အစိုးရက ယင်း အထူး ရထား များကို စီစဉ်ပေးရခြင်း ဖြစ်သည်။ အောက်တိုဘာလ ၄ ရက်နေ့တွင် နောက်ထပ် ဖြစ်သည်။ အောက်တိုဘာလ ၅ ရက်နေ့တွင် နောက်ထပ် အရှေ့ဂျာမနီနိုင်ငံသား ၇,၆၀၀ ခန့်သည် "လွှတ်လပ်ရေး ရထားများ" ဟုခေါ်သော မီးရထားများဖြင့် အနောက်ဂျာမနီသို့ ရောက်သွားကြပြန်ရာ အရှေ့ဂျာမနီနိုင်ငံမှ ထွက်ခွာသွားသူပေါင်း ၅၀,၀၀၀ နီးပါးထိ များပြားလာခဲ့သည်။ အောက်တိုဘာလ ၉ ရက်နေ့တွင် လိုက်ပင်စ်မြို့၌ ဆန္ဒပြသူ ၇၀,၀၀၀ ထိရှိလာသည်။

ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် ဆိုရှယ်လစ်လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းလျက် တွေ့ကြုံရသည့် ပြဿနာ အသစ်များအတွက် အဖြေသစ်များ

ရှာဖွေနိုင်ရန် ဝန်ကြီးချုပ် ဝီလီ စတိုဖ် အပါအဝင် ဗျာမနီ ဆိုရှယ်လစ် ညီညွတ်ရေးပါတီ (အက်စ်အီးဒီ) ပေါ်လစ်ဗျူရိုအဖွဲ့ ဆွေးနွေးနေပြီဟု အရှေ့ဗျာမနီ သတင်းစဉ် (အေဒီအင်)က အောက်တိုဘာလ ၆ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ အောက်တိုဘာလ ၇ ရက်နေ့တွင် လိုက်ပဇ်မြို့၌ ဆန္ဒပြပွဲများ ဖြစ်ပေါ်ပြန်သည်။ အလုပ်သမားပြည်သူစစ်အဖွဲ့ဟု ခေါ်သည့် အင်အား ငါးသိန်းခန့်ရှိပြည်သူစစ်အဖွဲ့က ဆန္ဒပြပွဲများကို ဖြိုခွဲမည်ဟု ကြေညာသည်။ အောက်တိုဘာလ ဂ ရက်နေ့တွင် အရှေ့ဘာလင်မြို့၌ ဆန္ဒပြပွဲ ဖြစ်ပွားပြန်သည်။ နောက်ပိုင်းတွင် ဒရက်စဒင်မြို့နှင့် ဟာလဲမြို့တို့သို့ ပျံ့နှံ့သွားခဲ့သည်။ ဆန္ဒပြပွဲများအတွင်း လူ ၁၁ ဦးကို ဖမ်းဆီးရမိထား၍ ခုံရုံးတင်မည်ဟု အောက်တိုဘာလ ၁၃ ရက်နေ့တွင် အေဒီအင်သတင်းစဉ်က ကြေညာသည်။ အတိုက်အခံအုပ်စုများနှင့် တွေ့ဆုံဆွေးနွေးရေးကို အရှေ့ဗျာမနီ ခေါင်းဆောင် အဲရစ် ဟွန်နက်ကာက ထိုနေ့တွင်ပင် ပယ်ချသည်။ ထိုအုပ်စုများသည် "ဆိုရှယ်လစ်စနစ်၏ ရန်သူများဖြစ်သည်"ဟု ကွန်မြူနစ်ပါတီ အာဘော် သတင်းစာက တိုက်ခိုက် ရေးသားခဲ့သည်။ ထိုအချိန်တွင် အင်အား ၁၅,၀၀၀ ရှိနေပြီဖြစ်သော နယူးဖိုရမ်အဖွဲ့ကို အဓိကထား၍ တိုက်ခိုက်ရေးသားသည်။ ထို အတောအတွင်း အရှေ့ဗျာမနီနိုင်ငံ တောင်ပိုင်းရှိ သေးငယ်သော ပလောယင်မြို့လေးဌာနပင် လူ ၁၀,၀၀၀ ထိပါဝင်သော ဆန္ဒပြပွဲဖြစ်ပွားလာသည်အထိ ပြုပြင်ပြောင်းလဲရေး တောင်းဆို ဆန္ဒပြပွဲများ ကျယ်ပြန့်လာသည်။ အရှေ့ဗျာမနီနိုင်ငံ သမိုင်းတွင် အင်အား အကြီးမားဆုံးသော ဆန္ဒပြပွဲများ ဖြစ်ပွားနေစဉ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုင်ငံ၏ ဦးဆောင်ပါတီဖြစ်သော အက်စ်အီးဒီ၏ အထွေထွေအတွင်းရေးမှူး အဲရစ် ဟွန်နက်ကာသည် ရာထူးမှ နုတ်ထွက်သွားရတော့သည်။ အက်စ်အီးဒီ ဗဟိုကော်မတီက အထွေထွေ အတွင်းရေးမှူးသစ်အဖြစ် အဲဂွန် ခရင့်ဇ်ကို ရွေးချယ်တင်မြှောက်သည်။

အက်စ်အီးဒီ ပါတီခေါင်းဆောင်ပိုင်းက "ကာလကြာမြင့်စွာ ကျင့်သုံးလာသော လျှို့ဝှက်ထိမ်ချန်မှု" သည် ဆုံးခန်းတိုင်သွားပြီဟု အောက်တိုဘာလ ၂၀ ရက်နေ့တွင် အေဒီအင် သတင်းစာက ကြေညာသည်။ ၁၉၅၃ ခုနှစ် နောက်ပိုင်းတွင် အဆိုးရွားဆုံးသော နိုင်ငံရေး အကျပ်အတည်းကို ကျော်လွှားနိုင်ရန် အများပြည်သူတို့ ဆန္ဒဖော်ထုတ် တင်ပြ ဆွေးနွေးခွင့်နှင့် ခရီးသွားခွင့်တို့နှင့် စပ်လျဉ်း၍ ချုပ်ချယ်မှုများ လျော့ပေးမည်၊ ဆိုင်များတွင် စားသုံးကုန်များ ပိုမို ဖြန့်ဖြူး ရောင်းချပေးမည်ဟု အောက်တိုဘာလ ၂၀ ရက်နေ့တွင် အက်စ်အီးဒီ ပါတီက ကြေညာသည်။ နိုင်ငံ၏လူဦးရေ ၁၆ ဒသမ ၆ သန်းအနက်



ဗျာမန်ဒီမိုကရက်တစ် သမ္မတ နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်မည်ဟု ကတိပြုသည့် အဲဂွန်ခရင့်ဇ်နှင့် မိုဒရို

၁,၂၀,၀၀၀ တို့ ၁၉၇၉ ခုနှစ်အတွင်း နိုင်ငံမှ ထွက်သွားခဲ့ခြင်း၏ အဓိကအကြောင်းရင်းများကို ရှာဖွေ၍ ပြုပြင်သွားခြင်းဖြင့် ပြည်သူတို့၏ ယုံကြည်မှု ပြန်လည်ရရှိရန် ကြိုးပမ်းခြင်း ဖြစ်သည်။ ပြည်ပသို့ ထွက်ခွာသွားသူတို့ အနက် ၆၀,၀၀၀ ခန့်သည် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင် နေကြသော အရှေ့အုပ်စုဝင် နိုင်ငံများဖြစ်သည့် ပိုလန်နှင့် ဟန်ဂေရီနိုင်ငံတို့မှတစ်ဆင့် ထွက်သွားခြင်းဖြစ်၍ ထိုသူတို့ကို ဟွန်နက်ကာ မပြုတ်ကျမီက သစ္စာဖောက်များဟု ခေါ်ဝေါ်ခဲ့သော်လည်း ခရင့်ဇ်၏ လက်ထက်တွင် ထိုသူတို့ ပြန်လာလျှင် ကြိုဆိုမည်ဟု ကြေညာခဲ့သည်။ ခရင့်ဇ်အား ကတိအတိုင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တောင်းဆိုသော ဆန္ဒပြပွဲများ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထပ်မံဖြစ်ပွားသည်။

အရှေ့ဘာလင်မြို့ရှိ အရှေ့ဗျာမနီနိုင်ငံ၏ လွှတ်တော်ရွေးမော်ကွန်း ဆန္ဒပြသူများကို ဒေသပါတီ အကြီးအကဲများက အောက်တိုဘာလ ၂၂ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသည်။ အောက်တိုဘာလ ၇ ရက်နေ့နှင့် ၈ ရက်တို့က ဆန္ဒပြပွဲများအတွင်း ရဲက အကြမ်းဖက် နှိမ်နင်းခဲ့မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပေးရန် အပါအဝင် တောင်းဆို

ချက်များကို ဆွေးနွေးခဲ့ကြောင်းဖြင့် အေဒီအင် သတင်းစဉ်က ပွင့်လင်းစွာသတင်းထုတ်ပြန်သည်။ နောက်ပိုင်းတွင် ပြုပြင် ပြောင်းလဲမှုများကို တောင်းဆိုသော ဆန္ဒပြပွဲများ ပိုမို ကြီးထွားလာပြန်သည်။

လွှတ်တော်၌ ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် နေ့တွင် နိုင်ငံတော်အကြီးအကဲအဖြစ် ပါတီခေါင်းဆောင် အဲဂွန် ခရင့်ဇ်ကိုပင် ရွေးချယ်တင်မြှောက်ရာ လွှတ်တော် ကိုယ်စားလှယ် ၅၁ ဦးက သဘောမတူဟု ကြေညာသည့် ဖြစ်ရပ် မမျှော်လင့်ဘဲ ပေါ်ပေါက်သည်။ ထိုသို့ နိုင်ငံအကြီးအကဲ ခန့်ထားရန် ပါတီ၏ လျာထားချက်ကို လွှတ်တော် ကိုယ်စားလှယ်တို့က ဆန့်ကျင်ခြင်းမျိုးသည် ၁၉၄၉ ခုနှစ်က နိုင်ငံကို ထူထောင်ခဲ့ပြီး နောက်ပိုင်းတွင် ပထမဆုံး ပေါ်ပေါက်ခြင်း ဖြစ်သည်။ လိုက်ပင်စ်မြို့နှင့် အခြား မြို့ကြီး လေးမြို့၌ ဆန္ဒပြပွဲများ ပိုမို ကျယ်ပြန့်လာသည်။ အဲဂွန်ခရင့်ဇ်ကို ဆန့်ကျင် ကြေးကြော်လာကြသည်။ ၁၉၅၃ ခုနှစ် ဇွန်လက အလုပ်သမားအရေးအခင်းတစ်ရပ်ကို နှိမ်နင်းခဲ့ပြီး နောက်ပိုင်းတွင် အဆိုးရွားဆုံးသော လူထုအုံကြွမှု ဖြစ်သည်။ အောက်တိုဘာလ ၂၅ ရက်နေ့တွင် နယူးဖိုရမ်အဖွဲ့၌ လက်မှတ်ရေးထိုး ထောက်ခံပါဝင်သူပေါင်း ၂၆,၀၀၀ ကျော် ရှိလာသည်။

အရှေ့ဘာလင်မြို့၏ အက်စ်အီးဒီပါတီ ခေါင်းဆောင်နှင့် ပါတီ၏နိုင်ငံရေး ဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) အဖွဲ့ဝင် ဂွအင်ထာ ရှာဘိုးစကီးသည် နယူးဖိုရမ်အဖွဲ့ကို ဦးဆောင်ဖွဲ့စည်းရာ၌ ပါဝင်သူ သိပ္ပံပညာရှင်နှစ်ဦးဖြစ်သော ယင်းစ် ရိုက်ရှ်နှင့် ဆီဘက်စတီယင် ဖလုဘိုင်လ်တို့နှင့် အောက်တိုဘာလ ၂၆ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးသည်။ အခြားမြို့များတွင်လည်း ဒေသခံ ပါတီ ခေါင်းဆောင်များနှင့် ဆန္ဒပြ လူထုခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြသည်။ အက်စ်အီးဒီပါတီ ခေါင်းဆောင်ပိုင်းသည် အောက်တိုဘာလ ၂၇ ရက်နေ့တွင် လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်သည်။ အနောက်ဂျာမနီသို့ တရားမဝင်ထွက်ခွာသွားသူများ၊ ထွက်ခွာရန် ကြိုးပမ်းနေကြသူများ၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို တောင်းဆိုလျက် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သူများကို လွှတ်ငြိမ်းခွင့်ပေးခြင်းဖြစ်သည်။

ထို့ပြင် အရှေ့ဂျာမနီ၏ တရားဝင် အလုပ်သမား အစည်းအရုံးအဖွဲ့၏ ခေါင်းဆောင် ဟာရီ တစ်ရ်ှ သည် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် နုတ်ထွက်သွားခဲ့သည်။ ယင်းအစည်းအရုံးသည် အလုပ်သမား တို့၏ အကျိုးစီးပွားကို ပစ်ပယ်ထားခဲ့သည်ဟူ၍ အလုပ်သမားများ၏ ဝေဖန်ရှုတ်ချမှုများ အရှိန်မြင့်လာစဉ် တစ်ရ်ှ နုတ်ထွက်သွားခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်တွင် ဆန္ဒပြသူများ တောင်းဆိုချက်များ၌ စိစစ်ဖြတ်တောက်ခြင်း ကင်း၍ လွတ်လပ်သောအနုပညာ ဖန်တီးခွင့်နှင့် ဖျော်ဖြေခွင့်ပေးရန်၊ စက်မှုကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ပိုမိုထိရောက်စွာ ကာကွယ်ပေးရန်ဟူသော အချက်များ ပါဝင်လာခဲ့ပြီ ဖြစ်သည်။

အက်စ်အီးဒီပါတီ ပေါ်လစ်ဗျူရိုသည် စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမည့် အစီအစဉ်များနှင့် ပါတီခေါင်းဆောင်ပိုင်း အသစ်ပြင်ဆင် ခန့်ထားသည့် အစီအစဉ်များကို နိုဝင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ထိုအချိန်တွင် မြို့ကြီးအားလုံး၌ နေ့စဉ်ပင် ဆန္ဒပြပွဲများ ပေါ်ပေါက်ကာ လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပရေးကိုပါ တောင်းဆိုလာပြီ ဖြစ်သည်။ နိုဝင်ဘာလ ၅ ရက်နေ့တွင် လိုက်ပင်စ်မြို့ ပါတီအကြီးအကဲ ဟွန်စ်ထ် ရှူးမန်း နုတ်ထွက်သွားခဲ့သည်။ အသက် ၇၅ နှစ်အရွယ်ရှိ ဝန်ကြီးချုပ် ဝီလီ စတို့ဖ် ခေါင်းဆောင်၍ ဝန်ကြီး ၄၀ ခန့်ပါဝင်သည့် အစိုးရအဖွဲ့ တစ်ဖွဲ့လုံးသည် နိုဝင်ဘာလ ၇ ရက်နေ့တွင် နုတ်ထွက်သွားကြသည်။ နိုဝင်ဘာလ ၉ ရက်နေ့တွင် အက်စ်အီးဒီပါတီ ခေါင်းဆောင် အဲဂွန်ခရင့်ဇ်က 'စျေးကွက် ဦးစား ပေးသော ဆိုရှယ်လစ်စီမံကိန်းစီးပွားရေး' ဖြင့် ပို့ကုန်များကို တိုးမြှင့်၍ ပြုပြင်ပြောင်းလဲမည်ဟုလည်းကောင်း၊ ဗျူရိုကရေစီ ကြိုးနီစနစ်ကို ဖျက်သိမ်းမည်ဟု လည်းကောင်း ကတိပြုသည်။ ယင်းပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ အထောက်အပံ့များကိုလည်း ဖျက်သိမ်းမည်ဟုဆိုသည်။ စာနယ်ဇင်းများ၊ အခကြေးငွေနှင့် သယ်ယူပို့ဆောင်ရေး အထောက်အပံ့များသည် ၁၉၈၈ ခုနှစ် ဘတ်ဂျက် ဒေါ်လာ သန်းပေါင်း ၁,၃၅,၀၀၀ ၏ ငါးပုံ ၀စ်ပုံ ကျော်ကျော် ရှိခဲ့သည်။

အရှေ့ဂျာမနီအစိုးရသည် အနောက်ဂျာမနီနှင့် နယ်စပ်တစ်လျှောက်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ အရှေ့ဘာလင်မြို့ တစ်မြို့တည်းပင် နယ်စပ်ဖြတ်သန်းရန် နေရာကိုးနေရာကို ဖွင့်လှစ်ပေးခဲ့သည်။ ထိုနေ့မှစ၍ သုံးရက်အတွင်းတွင် အနောက်ဂျာမနီသို့ သွားရောက်လည်ပတ်လိုသူ ၃ ဒသမ ၄ သန်းကို ဗီဇာထုတ်ပေးခဲ့သည်။ အနောက်ဂျာမနီသို့သွားသည့် ကားများသည် ကီလိုမီတာ ၄၀ ထိရှည်လျားစွာ တန်းစီလျက် နယ်စပ်ကို ဖြတ်ကျော်ခဲ့ကြသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အရှေ့ဘာလင် မြို့တော်ဝန်နှင့် တွေ့ဆုံခဲ့ကြသည်။ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အနောက်ဂျာမနီသမ္မတ ရစ်ချတ် ဖွန် ဗိုက်ဆက်ကာသည် အရှေ့ဂျာမနီသို့ဝင်ကာ တစ်ချိန်က 'သေမင်း

လမ်းကြား' ဟု အမည်ကျော်သော နယ်မြေအတွင်းတွင် အရှေ့ကျောမနီ အဆင့်မြင့် တပ်မတော်အရာရှိတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ အရှေ့ကျောမနီအစိုးရသည် နယ်စပ်ကို ဖွင့်ပေးရာတွင် မိတာ ၂၀ အထိသာကျယ်သော 'သေမင်းလမ်းကြား'မှ ထွက်သွားမည့်သူများကို ပစ်ခတ်ခြင်းမပြုရန် အမိန့်ပေးခဲ့ခြင်းကြောင့် 'သေမင်းလမ်းကြား' သည် အရှေ့နှင့်အနောက်ကိုခြားထားသော 'သံကန့်လန့်ကာ'၏ အစိတ်အပိုင်းတစ်ရပ်ဟု မဆိုနိုင်တော့ချေ။

ထိုအချိန်တွင် နိုဝင်ဘာလ ၁၂ ရက်နေ့က ကျင်းပသော လွတ်တော်အစည်းအဝေး၌ ပြုပြင်ပြောင်းလဲရေးဝါဒီ ဟန့်စ် မိုဒရိုကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်၍ အစိုးရအဖွဲ့သစ် ဖွဲ့စည်းစေခဲ့သည်။ မိုဒရိုသည် ကြိုးနီစနစ် အဟန့်အတားများကို ဖျက်သိမ်းရန် အစိုးရအဖွဲ့သစ်တွင် ယခင်ကကဲ့သို့ ဝန်ကြီး ၄၄ ဦးထိ မခန့်အပ်တော့ဘဲ ၂၀ ဦးနှင့် ဖွဲ့စည်းသည်။ ကွန်မြူနစ်ပါတီ မဟုတ်သော အခြားပါတီငယ် လေးဖွဲ့နှင့် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းခြင်း ဖြစ်သည်။ အတိုက်အခံ နယူးဖိုရမ်(နွဲ့ငြိုင်းယက်စ်ဖိုရွမ်) အဖွဲ့က ပြုပြင်ပြောင်းလဲရေးဝါဒီကို ဝန်ကြီးချုပ် ခန့်အပ်ရုံနှင့် မလုံလောက်ဘဲ အတိုက်အခံတို့နှင့် လက်တွဲကာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဖို့ လိုကြောင်းဖြင့် ကြေညာခဲ့သည်။နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စုသမ္မတ မိခါယီး ဂေါ်ဘာချော့က ကျောမန် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ဖြစ်ပေါ် တိုးတက်နေသော ပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုကြောင်း ကြေညာခဲ့သည်။

အနုပညာနယ်ပယ်၌ ပြုပြင်ပြောင်းလဲရေး၊ လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပရေးနှင့် အက်စ်အီးဒီပါတီက လွှမ်းမိုးထားခြင်းကို အဆုံးသတ်ရေး၊ လွတ်လပ်စွာ ပြောဆိုတင်ပြခွင့်ပေးရေး စသည်တို့ကို တောင်းဆိုသော ဆန္ဒပြပွဲများ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဖြစ်ပွားခဲ့ပြန်သည်။ လိုက်ပင်္ဘာမြို့၌ ဖြစ်ပွားသော ဆန္ဒပြပွဲ၌ ကျောမနီနှစ်နိုင်ငံ ပေါင်းစည်းရေးကိုပါ ကြွေးကြော်လာခဲ့သည်။ အနောက်ကျောမနီနိုင်ငံနှင့် ပေါင်းစည်းရေး အယူအဆကို အက်စ်အီးဒီပါတီခေါင်းဆောင် အဲဂွန် ခရင့်ဇ်က ပယ်ချခဲ့သည်။ အရှေ့ကျောမနီ ခေါင်းဆောင်ဟောင်းများကို စုံစမ်းစစ်ဆေး အရေးယူသင့်ကြောင်းဖြင့် ခရင့်ဇ်က နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မော်စကိုနယူးစ် သတင်းစာနှင့် တွေ့ဆုံဆွေးနွေးခန်း၌ ပြောကြားခဲ့သည်။ အထူးသဖြင့် ပါတီစည်းကမ်း ထိန်းသိမ်းရေးကို တာဝန်ယူသော ဗဟိုထိန်းသိမ်းရေး ကော်မရှင်က ပါတီ ခေါင်းဆောင်ဟောင်း အဲရစ် ဟွန်နက်ကာ၏ အာဏာ အလွဲသုံးစားပြုမှုကို စုံစမ်းစစ်ဆေးမည်ဟု ဆိုသည်။ စီးပွားရေးမူဝင်းစဲ့ချက်ဖြင့် ပေါ်လစ်ဗျူရိုမှ နိုဝင်ဘာလ အတွင်းတွင် ထုတ်ပယ်ခံရသည့် ဂွန်ထာ မစ်တပ်ကို ဦးစွာ စုံစမ်းစစ်ဆေး အရေးယူသည်။

ယောသိတာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ယောသိတာရာမ ကျောင်းတိုက် (မြန်မာ ၁၂၆၉–)။ ။

ဆရာတော် ဘဒ္ဒန္တ ယောသိတာ ဘိဝံသကို တနင်္သာရီတိုင်း ထားဝယ် အခြေခံဒေသ၊ လောင်းလုံမြို့နယ် ညင်းမော်ရွာတွင် ခမည်းတော် ဦးဘိုးရန်၊ မယ်တော် ဒေါ်စောခြုံတို့မှ ၁၂၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဖွားမြင်သည်။ မွေးချင်းခြောက်ဦးအနက် တတိယမြောက် သားရတနာ ဖြစ်ပြီး မောင်လှဟုအမည်တွင်သည်။

၁၂ နှစ်အရွယ်တွင် အနောက် သဗျာကျောင်း ဆရာတော် ဦးအာလောကထံ၌ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်ကုသလ ဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ် သို့ရောက်သည်။ သထုံမြို့ ဓမ္မမေဒနီတိုက်သို့ ရောက်သော အခါ တိုက်အုပ်ဆရာတော်က ရှင်ယောသိတ ဟု ဘွဲ့အမည် ပြောင်းပေးသည်။

အသက် ၂၀ အရွယ် ၁၂၈၈ ခုနှစ် တန်ဆောင်မုန်းလပြည့် သောကြာနေ့ နံနက် ၉ နာရီတွင် သထုံမြို့ တရုတ်တန်း ဒေါ်စောရင်၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဓမ္မမေဒနီ ခဏ္ဍသိမ်၌ မေဒနီတိုက်ဆရာတော် ဦးသူရိယကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သည်။ ၁၂၈၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့ နံနက် ၉ နာရီတွင် လောင်းလုံမြို့နယ် ညင်းမော်ရွာ ဥဒကုက္ခေပသိမ်၌ (အဘိုးရင်း) ဦးဘိုးရုံနှင့် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဒုတိယအကြိမ် ရဟန်းအဖြစ်ကို ခံယူသည်။

အသက် ခုနှစ်နှစ်အရွယ်တွင် ညင်းမော်ရွာ မူလတန်းကျောင်း၌ တတိယတန်း၊ ၁၁ နှစ်အရွယ်တွင် အနောက် သဗျာကျောင်းဆရာတော် ဦးအာလောကထံ၌ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ ၁၂ နှစ်အရွယ်တွင် ကစ္စည်း သဒ္ဒါကြီး စသည်ကို သင်ယူသည်။ ၁၄ နှစ်အရွယ်တွင် သထုံမြို့ ဝါးတောကျောင်းတိုက်၌ စာချဆရာတော် ဦးပဏ္ဍိတ၊ ဦးကုမာရတို့တိတ်၌သဒ္ဒါ၊ သင်္ဂြိဟ်တို့ကိုသင်ယူသည်။ ၁၅ နှစ်အရွယ်တွင် ဓမ္မမေဒနီတိုက် ဆရာတော် ဘဒ္ဒန္တသူရိယ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့ထံ၌ နေ့ဝါ၊ ညဝါများကို သင်ယူသည်။ ထို့ပြင် မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် (အဘိဓဇမဟာရဋ္ဌဂုရု)၊ ချမ်းသာကြီးတိုက်



အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တ ယောသိတာဘိဝံသ

ထနောင်တိုင်ဆရာတော် ဘဒ္ဒန္တလက္ခဏ၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလတို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများကို ရဟန်းသိက္ခာ သုံးဝါ ရအထိ သင်ယူခဲ့သည်။

ရှင်သာမဏေအဖြစ်ဖြင့် အစိုးရ ပထမပြန်စာမေးပွဲ အကြီးတန်း၊ ဝံသာနုအမျိုးသားပရိယတ္တိစာမေးပွဲ အကြီးတန်း၊ သထုံမြို့ သုဝဏ္ဏဘုမ္မိ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ ပထမဆင့်၊ မဟာဝေယျာ ကရဏီကတန်းတို့ကို အောင်မြင်တော်မူသည်။ ရဟန်းဖြစ်စ (ဝါမရှိ) သက္ကသီဟပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ စာသင်တန်းကို တစ် စွဲပြီး ရဟန်း သုံးဝါ အရတွင် ယင်းစာချတန်းကို ဒုတိယစွဲ၍ အောင်မြင်သည်။ ဝံသာနု အမျိုးသား ပရိယတ္တိစာမေးပွဲ ပထမကျော်တန်းကို ပထမ စွဲ၍အောင်သည်။ ရဟန်းသိက္ခာ ခြောက်ဝါ အရတွင် သထုံမြို့ သုဝဏ္ဏဘုမ္မိ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ သတ္တမဆင့်ကို အာဒိဘူတ ပထမဆုံးအဖြစ် အောင်မြင်၍ "ပိဋ္ဌကတ္တယပါရဂူ" ဘွဲ့ ရရှိသည်။

ရဟန်း သုံးဝါအရတွင် ဓမ္မမေဒနီတိုက် ဓမ္မလင်္ကာရကျောင်း၌ ကျောင်းဘုန်းကြီးအဖြစ်နေထိုင်လျက် နှစ်ဝါ၊ ညဝါများကို လေးနှစ်တာအထိ ပို့ချခဲ့သည်။ ရဟန်း ခုနစ်ဝါအရတွင် လယ်ဝန် ဦးအုန်းဖေကျောင်း (ယခု လယ်ဝန်ကျောင်းတိုက်)ကို တည်ထောင်ကာ စာသင်သား ၇၀ ကျော်ကိုစာပေပို့ချပေးသည်။ စာပေပို့ချမှုပြောင်မြောက်သဖြင့် ၁၃၀၀ ပြည့်နှစ်တွင် ပထမကြိုးတန်း၌ တစ်နှစ်တည်း ငါးပါးအထိ အောင်မြင်သည်။

ရဟန်းသိက္ခာ ၁၂ ဝါအရ ၁၃၀၁ ခုနှစ် ကဆုန်လမှစ၍ ထားဝယ်မြို့ ယောသိတာရာမကျောင်းတိုက်ကို စတင်တည်ထောင်ကာ စာချတန်းဆိုင်ရာ ပါဠို၊ အဋ္ဌကထာကျမ်းများနှင့်တကွ ဂုဏ်ထူးတန်းဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ပို့ချသဖြင့် ဝိနယပါဠို ပါရဂူဘွဲ့ရရှစ်ပါးနှင့် မြန်မာ ဂုဏ်ထူးတန်းအောင် ၁၆ ပါး၊ ပထမကျော်တန်းအောင် ၁၀ ပါးအထိ ပေါ်ထွန်းခဲ့သည်။

ဆရာတော်သည်စာပေပို့ချရင်း ဂန္ဆကရဏနိဿယသစ်၊ တာဝတိံသာဒီဝိနိစ္ဆယ၊ အင်းဇောင်းတိုက်ကျောင်းအန္တိမဝတ္ထုဖြင့် စုပ်စုံမှုဝိနိစ္ဆယ၊ သဗျာတောရကျောင်း အန္တိမဝတ္ထုဖြင့် စုပ်စုံမှုဝိနိစ္ဆယ၊ လူသေလူဖြစ်ဝါဒါနုဝါဒဝိနိစ္ဆယ၊ (ထေရဝါဒ စွယ်စုံကျမ်း)၊ ဝိနယ ပါဠိပါရဂူ ကျမ်းများကိုလည်း ရေးသားခဲ့သည်။

ဆရာတော်သည် ထားဝယ်မြို့ ပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပါဠိတက္ကသိုလ်ကိုယ်စားလှယ်နှင့် ပါဠိတက္ကသိုလ် အမှုဆောင်အဖွဲ့ဝင်၊ ထားဝယ်မြို့ ဗရိယတို်သာသနာ့နုဂ္ဂဟအသင်းကြီး၏ နာယက၊ ကျောင်းသားလူငယ်များအတွက် ဂိဟိစာရိတ္တစာမေးပွဲပခုန နာယကအဖြစ်ဆောင်ရွက်သည်။ ဆဋ္ဌသင်္ဂါယနာ ပါဠို ပဋိဝိသောဓက၊ မှော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး၌ ဦးစီးဆရာတော်၊ ကမ္ဘာအေးဂိုဏ်းပေါင်းစုံ အစည်းအဝေး၌ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) သဘာပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ထားဝယ်မြို့ လောကမာရဇိန်ရွှေတောင်စားဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ထားဝယ်မြို့ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ဆဲဖြစ်သည်။

ဆရာတော်သည် စာပေ ပို့ချရာတွင် တပည့်များ နားလည်သည်အထိ စိတ်ရှည်စွာရှင်းလင်းပို့ချတတ်သည်။ သထုံမြို့ လယ်ဝန်ကျောင်းတိုက်နှင့် ထားဝယ်မြို့ ယောသိတာရာမ ကျောင်းတိုက်ကို နှစ်ပေါင်း ၅၀ ကျော်မျ အုပ်ချုပ်ရာတွင် စာသင်သားတို့အား ကိုယ်တိုင်ဆေးကုသပေးခြင်း၊ ရရှိသည့် လာဘ်လာဘ ပစ္စည်းများကို ခွဲဝေလှူဒါန်းခြင်း၊ မှန်ကန် တိကျစွာ တရား ဆုံးဖြတ်ခြင်း ဂုဏ်ထူး ဝိသေသများနှင့် ပြည့်စုံသည်။

ဆရာတော်သည် ရဟန်း သိက္ခာ နှစ်ဝါ အရတွင် မန္တလေးသက္ကသီဟစာချတန်းစာမေးပွဲကို အောင်တော်မူ

သဖြင့် ဃောသိတာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့၊ ကိုးဝါအရတွင် သထုံမြို့ သုဝဏ္ဏာဘူမို့ ပရိယတ္တိအသင်း စာမေးပွဲ ခုနစ်တန်းလုံးကို အောင်တော်မူသဖြင့် ပိဋကတ္တယပါရဂူဘွဲ့၊ သိက္ခာတော် ၅၅ ဝါအရတွင် နိုင်ငံတော်အစိုးရက လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တို့ကို ရရှိတော်မူသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ သာသနာအကျိုးကို သမ္မာဆန္ဒ ထက်သန်သောလှုံ့လဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ လဒ္ဓလဉ္ဆနဂုဏ်၊ ရတည္ဟမဟာနာယကဂုဏ်၊ ဂန္ထန္ဓရဗဟုသစ္စဂုဏ်၊ လောက ဗဟုပကာရဂန္ထရစနာဂုဏ် စသည်တို့နှင့် ကုံလုံပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ဃောသိတာဘိဝံသသည် ၁၃၅၀ ပြည့် နှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဦးဝန်ပ ပီပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

စပါယ်ရှယ်၊ ဦး (ရွှေတံဆိပ်ဆုရှင် လူရွှင်တော်ကြီး) (ခရစ် ၁၉၂၂–၁၉၈၈)။ ။ဟာသဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုရ နာမည်ကျော် လူရွှင်တော်ကြီး ဦးစပါယ်ရှယ်ကို ဟင်္သာတခရိုင် နတ်မော်တိုက် ပန်းတင်ကျေးရွာ၌ အဖ ဦးပု၊ အမိ ဒေါ်ဖုန်းတို့က ၁၉၂၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းနှစ်ယောက်တွင် အငယ်ဖြစ်၍ ငယ်နာမည်မှာ မောင်ထွားဖြစ်သည်။

ငယ်စဉ်က ရွာရှိ ဘုန်းကြီးကျောင်း၌ ကိုရင်ဘဝဖြင့် ပရိယတ္တိ စာပေများကို သင်ကြားရာ နိုင်ငံတော် ဝိနည်းစာပြန်ပွဲတွင် မူလတန်းမှ ဝိသေသအကျော်တန်းအထိ အောင်မြင်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် လူထွက်ပြီး ဝါသနာအလျောက် ဟင်္သာတမြို့ ဆိုင်းဆရာကြီး ဦးသစ်ကလေးထံတွင် ဆိုင်းနောက်ထပညာကို သင်ကြားခဲ့သည်။ ထို့နောက် ဆိုင်းအဖွဲ့မှ အငြိမ့်အဖွဲများသို့ ကူးပြောင်းပြီး အငြိမ့်လူရွှင်တော်ပညာကို အင်္ဂပူ ဆရာတင်နှင့် လူရွှင်တော်ကြီး ဦးဓာတ်စံထံတွင် သင်ကြားခဲ့ပြန်သည်။ ထိုသို့ ပညာသင်ကြားရင်း အငြိမ့်အဖွဲများတွင် ပါဝင်ကပြခဲ့ရာ တဖြည်းဖြည်း နာမည်ရလာသည်။ ထိုစဉ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် ခရီးလှည့်လည်ရင်း ဟင်္သာတနယ်သို့ ရောက်ရှိလာခဲ့သည်။ နယ်သူနယ်သားများက ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော မျိုးချစ်ခေါင်းဆောင်များအား အငြိမ့်ဖြင့် ချည့်ခံဖျော်ဖြေရာ ဦးစပါယ်ရှယ်ဖြစ်လာမည့် မောင်ဖိုးထွားသည် သူ၏ ဟာသပညာဖြင့် ပါဝင်ကပြ ဖျော်ဖြေခဲ့သည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းမှာ ၎င်း၏ ဟာသပညာကြောင့် တဟားဟားပွဲကျပြီး စပါယ်ရှယ်ကောင်းတဲ့လူဟု ချီးကျူးပြောဆိုခဲ့ရာ ထိုအချိန်မှစ၍ အငြိမ့်လူရွှင်တော် စပါယ်ရှယ်ဟု အမည်တွင်လာခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၆ ခုနှစ်တွင် ယဉ်ကျေးမှု ဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး အလင်္ကာကျော်စွာ ဆရာကြီးဦးဟန်ပ ဦးဆောင်သော နိုင်ငံတော်ဆိုင်းအဖွဲ့၌ ဆိုင်းနောက်ထအဖြစ်လုပ်ကိုင်ခဲ့သည်။ ထို့အပြင် ယဉ်ကျေးမှုကဇာတ်အဖွဲ့ နှစ်ပါးသွား လူရွှင်တော်၊ အငြိမ့် လူရွှင်တော် စသည်ဖြင့်လည်း ပါဝင်ကပြခဲ့သည်။ ထိုဒချိန်က လူရွှင်တော်ကြီး ဦးရွှေဒင်္ဂါးနှင့် အတူ တွဲဖက် ကပြခဲ့ရသည်။ ထိုသို့ကပြခဲ့ရာ ၁၉၅၈ ခုနှစ်တွင် ထိုစဉ်က သမ္မတကြီးဖြစ်သူ မန်းဝင်းမောင်က ဦးစပါယ်ရှယ်အား ဟာသဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုနှင့် အခြား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။ ဦးစပါယ်ရှယ်သည် ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်များကို နားလည်တတ်ကျွမ်းသည့်အလျောက် ဆိုင်းအဖွဲ့၊ အငြိမ့်အဖွဲများတွင်သာမက ဇာတ်ကြီးများတွင်ပါ ပါဝင်ကပြခဲ့သူတစ်ဦး ဖြစ်သည်။ ထို့အပြင် ဓာတ်ပြားခေတ်တွင် ဦးစပါယ်ရှယ်သည် မင်းသားကြီး ဦးစိန်အောင်မင်းနှင့် တွဲဖက်၍ ဇာတ်ထုပ်များစွာကို ဓာတ်ပြားသွင်းခဲ့သည်။

တော်လှန်ရေးအစိုးရ လက်ထက်တွင် ဦးစပါယ်ရှယ်သည် တပည့်ဖြစ်သူ ဦးရွှေမျှားနှင့်တွဲ၍ နိုင်ငံတော်အငြိမ့်ပွဲများ၌ ပါဝင်ကပြခဲ့သည်။ နေကြီးရက်ကြီး အထိမ်းအမှတ် ချည့်ခံပွဲများ၊ နိုင်ငံတော်နှင့် စပ်ဆိုင်သော အိမ်တော်ချည့်ခံပွဲများ စသည့် မင်းစိုးရာဇာ ချည့်ခံပွဲများတွင် ခေတ်စနစ်အခြေအနေများကို အံဝင်ခွင်ကျ ပြက်လုံးထုတ်နိုင်သောကြောင့် မင်းပရိသတ်များ၏ သဘောကျနှစ်ခြိုက်ခြင်းကို ခံရသည်။

ဦးစပါယ်ရှယ်၏ ရုပ်ရည်မှာ လူရွှင်တော်ရုပ်မပေါက်၊ တည်တည်ခန့်ခန့် ဖြစ်သော်လည်း တည်တည်ခန့်ခန့်



ဟာသပညာရှင် ဦးစပါယ်ရှယ်

မျက်နှာထား နှင့်ပင် ပရိသတ် ပဲ့ကျအောင် ပြက်လုံးထုတ်နိုင်သူဖြစ်သည်။ ထို့ပြင် စာပေပရိယတ္တိ တတ်ကျွမ်းခဲ့သူဖြစ်၍ စာစကားပေစကားများကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုသုံးနှုန်းလျက် ပြက်လုံးထုတ်နိုင်သူဖြစ်သည်။ ဟာသသုတ ဖြစ်စေသောစကားများကို နားထောင်ချင့်စဖွယ် နဘေကာရန်များဖြင့် အတည်ပေါက်ပြောရင်း ပရိသတ်အာရုံစိုက်လာချိန်တွင် အရှုန်းဖောက်၍ ပရိသတ်များ ရုတ်တရက် ပဲ့ကျအောင် ဟာသပညာစွမ်း ပြနိုင်သူဖြစ်သည်။

နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ ၁၉၇၃ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ ယဉ်ကျေးမှု အကအဖွဲ့ စေလွှတ်ရာ၌ ဦးစပါယ်ရှယ် လိုက်ပါသွားခဲ့ရသည်။ ယဉ်ကျေးမှုအကအဖွဲ့ မလေးရှားနိုင်ငံတွင် ဖျော်ဖြေကပြရာ ဦးစပါယ်ရှယ်သည် စကား မပါသော အမူအရာပြက်လုံးများကို ဦးရွှေဒင်္ဂါးနှင့် တွဲဖက်၍ ပဲ့ကျအောင် ပြက်လုံးထုတ်နိုင်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၆၃ ခုနှစ်တွင် မြန်မာ့ရုပ်စုံသဘင်များ၌ ရုပ်သေးပို့ဆိုင်းများ တီးမှုတ်ပုံအကြောင်းကို လက်တွေ့ တီးမှုတ်၍ အသံသွင်း မှတ်တမ်းတင်ရာတွင် ဦးစပါယ်ရှယ်သည် အလင်္ကာကျော်စွာ ဆိုင်းဆရာကြီး ဦးဟန်ပနှင့် တွဲဖက်၍ ဆိုင်းနောက်ထအဖြစ် ပါဝင် အသံသွင်းခဲ့ရသည်။ အဆိုပါ မှတ်တမ်းတင် အသံသွင်းပုံများကို မော်ကွန်းရုပ်ရှင်ကလည်း မှတ်တမ်းတင် ရုပ်ရှင် ရိုက်ကူးခဲ့သည်။ ထို့ပြင် မြန်မာ့ဇာတ်သဘင်များတွင် ဇာတ်ပို့ဆိုင်း တီးမှုတ်ပုံအကြောင်းကိုလည်း အလင်္ကာကျော်စွာဆိုင်းဆရာကြီး ဦးဘမောင်နှင့် တွဲဖက်၍ ဆိုင်းနောက်ထအဖြစ် ပါဝင်အသံသွင်းခဲ့သည်။

ကက်ဆက်ဇာတ်လမ်းများ ခေတ်စားချိန်တွင်လည်း ဦးစပါယ်ရှယ်သည် ဂီတစာဆိုမောင်ကြေးမုံ၊ အဆိုကျော် ဒေါ်မာမာအေး၊ ဒေါ်တင်တင်မြ စသူတို့နှင့် တွဲဖက်၍ ဇာတ်နိပါတ်ဆိုင်ရာ ကက်ဆက်ခွေဇာတ်လမ်းများ၌ ပါဝင် အသံသွင်းခဲ့သည်။ ဦးစပါယ်ရှယ်သည် ဇာတ်သဘင် အနုပညာလောကတွင် ကိုယ်တိုင်ပါဝင် ကပြရုံသာမက လူရွှင်တော်ပညာကို လူငယ်များအား သင်ကြားပြသ၍ လူငယ် လူရွှင်တော်များ မွေးထုတ်ပေးခဲ့သည်။

ဟာသဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုရ လူရွှင်တော်ကြီး ဦးစပါယ်ရှယ်သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကျင်ဆိုင်နှင့် သားသမီးများ ကျန်ရစ်သည်။

စိုး၊ သခင် (ခရစ် ၁၉၀၆ – ၁၉၇၉)။ ။ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ သခင်စိုးကို မွန်ပြည်နယ် မုဒုန်၊ ကျောက်တန်းရွာ၌ အဖ ဦးစံဒွန်း၊ အမိ ဒေါ်နှင်းအောင်တို့က ၁၉၀၆ ခုနှစ်တွင် မွေးဖွားသည်။ ညီအစ်ကို မောင်နှမများထဲတွင် အငယ်ဆုံးသား ဖြစ်သည်။

ကျောက်တန်းရွာ ဘုန်းတော်ကြီးကျောင်း၌ စတင် ပညာသင်ကြားသည်။ ထို့နောက် မော်လမြိုင်မြို့ မောင်ငံရပ် အမျိုးသားကျောင်း၌ ဆက်လက် ပညာသင်ကြားခဲ့သည်။ တစ်ဖန် ရှင်မဟာဗုဒ္ဓဃောသ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားသည်။

ထို့နောက် အစ်ကိုကြီးဦး ကျေးရင် ရှိရာ သန်လျင် (ဘီအိုစီ) ကုမ္ပဏီတွင် အလုပ်လုပ်ရန် မော်လမြိုင်မြို့မှ ထွက်ခဲ့သည်။ သန်လျင် ဘီအိုစီ၌ လက်ထောက် ဓာတ်ခဲစမ်းသပ်အဖြစ် လုပ်ကိုင်သည်။



နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ သခင်စိုး

သခင်စိုးသည် ကျန်းမာရေး လိုက်စားသူတစ်ဦးဖြစ်ရာ သန်လျင်တွင်အလုပ်လုပ်နေစဉ်ရေကူးခြင်း၊သန်လျင်မှ ၁၅ မိုင်အကွာ သပြေကန်ရွာသို့ အသွားအပြန်လမ်းလျှောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ဂီတအနုပညာ ဝါသနာပါသူတစ်ဦး ဖြစ်ပေရာ စန္ဒရားဆရာ ဘလှ၊ ဆရာနွဲ့ကြီး၊ ဘာဂျာဆွဲ အငြိမ့်ဆရာ စိုးကြီး စသူတို့ထံတွင် တယောထိုးခြင်းစသော ဂီတသုခုမကို လေ့လာသင်ကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဘီအိုစီတွင် အလုပ်လုပ်နေစဉ် ကာလတစ်လျှောက် ကားလ်မတ်စ်၏ နိုင်ငံရေးကျမ်းကြီးများကို စူးစူးစိုက်စိုက် လေ့လာဖတ်ရှုခဲ့သည်။ ထိုစဉ်နယ်ခဲ့ချဲ့ အင်္ဂလိပ်အစိုးရကို ကောဗ်လှန် ပုန်ကန်နေသော လယ်သမားခေါင်းဆောင်ကြီး ဆရာစံအား ၁၉၃၁ ခုနှစ်တွင် နယ်ခဲ့ချဲ့အင်္ဂလိပ်အစိုးရက ရုံးတင် ကြိုးပေး ကွပ်မျက်လိုက်သည်ကို ကြားသိခဲ့ရသောအခါ အင်္ဂလိပ် နယ်ခဲ့ချဲ့ အစိုးရအား တော်လှန်ရေးစိတ်ဓာတ်များ ပြင်းထန်လာ

ခဲ့သည်။ ထို့ကြောင့် ဝါသနာထုံလှသော ဂီတကိုစွန့်ကာ နိုင်ငံရေးထဲသို့ ခြေစုံပစ်ဝင်ခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့ အစိုးရ၏ ဖိနှိပ် ချုပ်ချယ်မှုများကို ပြောဟော လှုံ့ဆော် နေသော တို့ဗမာ အစည်းအရုံးသို့ သခင် တစ်ဦးအဖြစ် စတင် ဝင်ရောက်ခဲ့ပြီး သခင်သိန်းမောင်ကြီး၊ သခင်ဘသောင်း စသော တို့ဗမာအစည်းအရုံး ခေါင်းဆောင်များ၏ လမ်းညွှန်မှုများဖြင့် အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးဖြစ်သော ရေနံမြေ အလုပ်သမားများ၏ သပိတ်တိုက်ပွဲ ဆင် နွှဲ ရန် အ တွက် သခင်စိုးသည် ရေနံမြေ သပိတ် ခေါင်းဆောင် များနှင့် ပူးပေါင်း ဆောင်ရွက်လှုပ်ရှားခဲ့သည်။ ရေနံမြေသပိတ်တပ်ကြီး ရေနံမြေမှရန်ကုန်သို့ ချီတက်စဉ် မကွေးတွင် နယ်ချဲ့ ဆန့်ကျင်ရေး တရားဟောပြောသဖြင့် သခင်စိုးသည် အခြားသခင်များနှင့်အတူ ထောင်ချခံခဲ့ရသည်။

ထိုအချိန်တွင် ဒေါက်တာဘမော်အစိုးရ ပြုတ်ကျပြီး ဦးပုအစိုးရ တက်လာခဲ့ရာ သခင်စိုးကို ထောင်ဒဏ်သုံးလ အစား နှစ်လနှင့် လွှတ်လိုက်သည်။ သခင်စိုးသည် ဂျပန်ခေတ်တွင် ဖက်ဆစ်ရန်ကို တွန်းလှန်တိုက်ဖျက်ရန်အတွက် သဘောတရားရေး၊ လက်နက်ကိုင် တိုက်ခိုက်ရေး တို့ဖြင့် စည်းရုံး လှုံ့ဆော်ခဲ့သူတစ်ဦးဖြစ်သည်။ ထို့နောက် ၁၉၄၄ ခုနှစ်အတွင်းတွင် ဖက်ဆစ် တိုက်ဖျက်ရေး ပြည်သူလွှတ်မြောက်ရေး (ဖ တ ပ လ) အ ဖွဲ့ကြီး ကို ဖွဲ့စည်း ရာ ဗိုလ်ချုပ် အောင်ဆန်းက စစ်ရေး ခေါင်းဆောင်ဖြစ်ခဲ့ပြီး သခင်စိုးသည် နိုင် ငံ ရေး ခေါင်း ဆောင် တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီ အစည်းအဝေးကို ကျင်းပရာတွင် သခင်စိုးက သခင်သန်းထွန်းနှင့် သခင်သိန်းဖေ (ဦးသိန်းဖေမြင့်) တို့ နှစ်ဦးကို ပေါ်လစ်ဗျူရိုအဖြစ်မှ နုတ်ထွက်ပေးရန် တောင်းဆိုသည်။ သခင် သန်းထွန်းနှင့် သခင်သိန်းဖေတို့ နုတ်ထွက်ပေးပြီးနောက် သခင်စိုးနှင့် ကျန်လူများ ဆက်လက် သဘောထားကွဲလွဲကြပြီး သခင်စိုးသည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်၍ ကွန်မြူနစ်ပါတီတစ်ရပ်ကို သီးခြား ထူထောင်ခဲ့ရာ ကွန်မြူနစ်ပါတီ ဗမာပြည် (C.P.B) ဟု လည်းကောင်း၊ အလံနီပါတီဟု လည်းကောင်း ခေါ်သည်။ သခင်စိုး၏ ကွန်မြူနစ်ပါတီဗမာပြည် ခေါ် အလံနီပါတီကို ၁၉၄၆ ခုနှစ် ဇူလိုင်လတွင် အစိုးရက မတရားအသင်းအဖြစ် ကြေညာခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီတွင် သခင်စိုး၏ အလံနီ ကွန်မြူနစ်ပါတီသည် တောခိုခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် တော်လှန်ရေးအစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ရန် ဖိတ်ခေါ်သောအခါ သခင်စိုးသည် အလံနီကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးအဖြစ်တော်လှန်ရေးအစိုးရနှင့် လာရောက် တွေ့ဆုံ ဆွေးနွေးခဲ့သော်လည်း ဆွေးနွေးပွဲမှာ မအောင်မြင်ခဲ့ချေ။

၁၉၇၀ ပြည့်နှစ်တွင် တော်လှန်ရေးအစိုးရ၏ထိန်းသိမ်းခြင်းခံခဲ့ရပြီး နိုင်ငံတော် ပုန် ကန် မှု ဖြင့် သခင်စိုးအား နိုင်ငံတော် အစိုးရက တ ရား စွဲ ဆို ခဲ့ သည်။ ထိုအမှုဖြင့် သခင်စိုးသည် သေဒဏ်ချမှတ်ခံရသည်။ သို့သော် ၁၉၇၄ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်း အတည်ပြုခြင်း အထိမ်းအမှတ်အဖြစ် သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလဲကျခံခဲ့ရသည်။

ထို့နောက် ၁၉၈၀ ပြည့်နှစ် တွင် ပ ထ မ အ ကြိမ် ဂုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပ နိုင်ခဲ့သောကြောင့် ၁၉၈၀ ပြည့်နှစ် မေလ ၂၈ ရက် နေ့တွင် နိုင်ငံတော်ကောင်စီက လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ ကို ထုတ်ပြန်လိုက်သဖြင့် သခင်စိုး သည် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်မှ လွှတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့သည်။ သခင်စိုးသည် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ၁၉၈၁ ခုနှစ်တွင် ရရှိခဲ့သည်။ သခင်စိုး သည် မကွယ်လွန်မီ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် မှတ်ပုံတင်ခဲ့သော ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

သခင်စိုးသည် အင်္ဂလိပ်ခေတ်ကတည်းက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ စာအုပ်စာပေများကို ရေးသားခဲ့သူဖြစ်သည်။ အလုပ်သမားလောက၊ ဗမာ့တော်လှန်မှု၊ ကျွန်မချစ်လင် စသော စာအုပ်များသည် သခင်စိုး ရေးသားခဲ့သော စာအုပ်များ ဖြစ်သည်။ ထို့ပြင် ဗူလဂေး ရိုးယားပြည်သား ဂျော့ ဒီ မစ်ထရော့၏ အလုပ်သမား လူတန်းစား၏ ဖက်ဆစ်ဝါဒဆန့်ကျင်ရေး စာအုပ်ကိုလည်း ဘာသာပြန်ခဲ့သည်။ ထို့ပြင် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ထောင်ထဲတွင် ရှိနေစဉ်အတွင်း အကျပ်အတည်းမှ လွှတ်မြောက်ရာ တစ်ခုတည်းသော လမ်းသို့၊ ကမ္ဘာ့စီးပွားရေး ပြဿနာများကို ဖြေရှင်းပြခြင်း၊ အမိနိုင်ငံတော်အတွက် တိုးတက် မှန်ကန်သော လမ်းများကို ရှာဖွေခြင်း စသည့် စာအုပ်များ ရေးသားခဲ့သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ သခင်စိုးသည် ၁၉၇၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

စင်တင်မြန်မာပြဇာတ်များ (၁၉၇၉)။ ။ပြဇာတ်ဟူသည် ပြလိုသည့်အဖြစ်အပျက် တစ်စုံတစ်ရာကို ပွဲကြည့်ပရိသတ်စိတ်တွင် ထင်ရှားပေါ်လွင်လာစေရန် လူကိုယ်

တိုင် စင်ပေါ်တက် သရုပ်ဆောင်ပြသရသည့် အနုပညာတစ်ရပ်ဖြစ်သည်။ ပြဇာတ်သည် ဇာတ်သဘင်နှင့် ရုပ်ရှင်များနည်းတူ ပရိသတ်၏စိတ်အာရုံကို သိမ်းကျုံးဆွဲဆောင်နိုင်စွမ်းရှိ၍ အသိပညာနှင့် မှတ်သားစရာအဖြာဖြာကို ပေးရာ၌ ထိရောက်သည်။ ထို့ကြောင့် တိုးတက်သောနိုင်ငံကြီးများတွင် ပြဇာတ်ရုံကြီးများကို တသီးတသန့် တည်ဆောက်ပြီး ပြဇာတ်များ ကပြလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် ရှေးမင်းများ လက်ထက်ကပင် ပြဇာတ်များ ထွန်းကားခဲ့သည်။ ရှေးခေတ်က ဗုဒ္ဓဝင် အကြောင်းရပ်များနှင့် နိပါတ်ဇာတ်များကို ရပ်ရွာဘုရားပွဲများတွင် ခင်းကျင်းပြသလေ့ရှိကြသကဲ့သို့ နန်းတွင်းတွင်လည်း ပြဇာတ်စာပေကိုအခြေခံ၍ ပြဇာတ်များကို ကပြခဲ့ကြသည်။ ထိုသို့ ကပြခဲ့ကြသော ပြဇာတ်များအနက် ညောင်ရမ်းခေတ် ဟံသာဝတီပါမင်းတရားကြီးလက်ထက် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်သည် ရှေးအကျဆုံးဟု ဆိုကြသည်။ မဏိကက်ပြဇာတ်သည် ပထမဆုံး ပေါ်ပေါက်ခဲ့သော ပြဇာတ်ဟု ဆိုသော်လည်း အဆင့်အတန်းမြင့်သောကြောင့် ထို့ထက်ရှေးကျသော ပြဇာတ်များ ရှိကောင်းရှိမည်ဟု ဆိုကြပြန်သည်။

ရှေးခေတ်က ရာမဇာတ်၊ အိနောင်နန်းတွင်းဇာတ်ကြီးများကို ညစဉ်ညတိုင်း ကပြရာ ရက်ပေါင်း ၄၀ ကျော်ကြာသည်။ မဏိကက်၊ သခ်ပတ္တ၊ ကေသာသီရိ၊ သမုဒ္ဒဃောသပြဇာတ်များကို ခုနစ်ရက်ကြာ ကပြရသည်။ သို့သော် ဘကြီးတော်ဘုရားလက်ထက်တွင် ဦးကြင်ဥက တစ်ညနှင့်အပြီးကပြနိုင်သော ဒေဝကုမ္ဘဏ်၊ ဝက်နွာ၊ ပါပဟိန် စသည့် ပြဇာတ်များကို တီထွင်ရေးသားတင်ဆက်ခဲ့သည်။ ထို့နောက် မင်းတုန်းမင်းလက်ထက်တွင် ဦးပုညက ပဒုမပြဇာတ်၊ ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်၊ ကောသလပြဇာတ် စသော ညတွင်းပြီး ပြဇာတ်များ ရေးသား တင်ဆက်ခဲ့ပြန်သည်။

ထို့နောက် စင်တင်ပြဇာတ်ခေတ်သည် ဒုတိယကမ္ဘာ စစ်ကြီးမဖြစ်မီနှင့် စစ်ကြီးအတွင်း စတင်ခဲ့သည်။ ၁၉၃၂ ခုနှစ်ခန့်တွင် ဂျူဗလီဟောဒ်၌ တက္ကသိုလ်ကျောင်းရန်ပုံငွေအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ပါဝင်သော မနောဟရီပြဇာတ်ကို စင်တင်ခဲ့သည်။ ထို့နောက်တွင်လည်း အိတ်ဆယ်စီယာရုံ (ဝဇီရာရုံ)တွင် ကျောင်းရန်ပုံငွေပြဇာတ်များကို တင်ဆက်ကပြခဲ့သည်။

၁၉၄၃ ခုနှစ် ဝန်းကျင်ကာလ၌ ရန်ကုန်မြို့တွင် ကန်တော်မိတ်ရုံ၊ လွင်လွင်ရုံ၊ မြို့ဝိုင်ရုံ၊ နေသူရိန်ရုံ စသည့် ပြဇာတ်ရုံများကို တည်ဆောက်ခဲ့ကြပြီး ဦးစွာသိုက်သမိုင်း ဒဏ္ဍာရီများကို ပြဇာတ်အသွင် စင်တင်၍ သုံးနာရီအပြီး ကပြခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ခေတ်သစ်ပြဇာတ်များကိုစင်တင်ကပြလာကြသည်။ ကန်တော်မိတ်ရုံတွင် စိန်ဂျန်းသောင်းတင်၊ မေန္ဒဲတို့ပါဝင်သော ဒဂုန်ဆရာတင်၏ စိတ်ပြဇာတ်၊ ဘချစ်၊ မေကျင် (ဂုဏ်မေကျင်)နှင့် ဆရာသုခတို့ ပါဝင်သော ဆရာသုခ၏ ဂုဏ်ပြဇာတ် (ထိုပြဇာတ်ဖြင့် မင်းသမီးမေကျင်သည် ဂုဏ်မေကျင်ဟူ၍ နာမည်ကျော်သွားသည်။)၊ လွင်လွင်ရုံတွင် ဒါရိုက်တာဆရာခန့်၏ ဤစစ်ကြီးမှာပြဇာတ် (မြို့ဝိုင်ရုံတွင် ထိုပြဇာတ်ကို ဒုတိယအကြိမ် တင်ဆက်ခဲ့သေးသည်။)၊ ကျော်အေး၊ မေမေဝင်းတို့ ပါဝင်သော ဒဂုန်ဆရာတင်၏ တစ်ဝါတွင်းပြဇာတ်၊ အပျိုပါပဲပြဇာတ်၊ လူပျိုပါပဲပြဇာတ်များကို ဆက်တိုက်တင်ဆက် ကပြခဲ့ကြသည်။ မြို့ဝိုင်ရုံတွင်လည်း ဒါရိုက်တာ ဆရာမြင့်၏ ရတနာသိုက် ပြဇာတ်၊ ဆရာသုခ၏ သြော်မိန်းမနှင့် သြော်ယောကျ်ား ပြဇာတ်များကိုတင်ဆက်ခဲ့သေးသည်။ ကန်တော်မိတ်ရုံတွင် ဆရာမောင်ထင်၏ ဘာအရေးကြီးဆုံးလဲ တစ်ခန်းရပ်အပြောပြဇာတ်ကို ဒဂုန်ဆရာတင်၏ ရဲလေးဖော်ပြဇာတ်နှင့်တွဲ၍ စင်တင်ခဲ့သေးသည်။ ထို့ပြင် ဆရာဦးဥာဏ၏ ဗမာသစ်ပြဇာတ်ကိုလည်း တင်ဆက်ခဲ့သည်။ နေသူရိန်ရုံတွင်လည်း ရန်ကုန်ဘဆွေ၏ စစ်ပြန်ပြဇာတ်နှင့် ချစ်ရန်ကြိုင် ပြဇာတ်တို့ကို စင်တင်ခဲ့သေးသည်။ ထို့နောက် ဆရာဦးချင်းစိန် (ရွှေညာမောင်)က ဒါရိုက်တာလည်းလုပ်၊မင်းသားလည်းလုပ်၍ တိုးကြောင်ကြီး ရွာသူ ရွာသားများ ပါဝင်သော ချစ်ရိုးအမှန်ပြဇာတ်ကို လွင်လွင်ရုံ၌ တင်ဆက်ကပြခဲ့သေးသည်။

စစ်ပြီးခေတ်တွင် ကာဌေးရုံ (ကေသွယ်ရုံ)၌ ဒါရိုက်တာ ဦးချင်းစိန်၏ ရွှေညာမောင်၊ ကျော်အေး၊ မေရီမြင့်၊ မေန္ဒဲ၊ သန်းန္ဒဲနှင့် ဖိုးပါလေးတို့ ပါဝင်သော ချစ်ကိုကို ပြဇာတ်ကို ကပြခဲ့သည်။ ထို့နောက် ထိုအချိန်က ပန်းဆိုးတန်းရှိ ဇိမ်ရုံတွင် ဒဂုန်ဆရာတင်က ရွှေနှင်းဆီပြဇာတ်ကို တင်ဆက်ခဲ့ပြန်သည်။ ထိုရုံ၌ပင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ကလည်း သဘင်ရှူး ဟူသော ပြဇာတ်တစ်ထုပ် တင်ဆက်ခဲ့သေးသည်။ ဤသို့ဖြင့် စစ်ကြိုခေတ်မှစ၍ ပြဇာတ်များကို စင်တင်ကပြခဲ့ကြရာ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အတွင်း ရန်ကုန်မြို့ပန်းဆိုးတန်းရှိ ဝင်းဝင်းရုံသည် ပြဇာတ်များ စုဝေးရာအချက်အချာဖြစ်ခဲ့ပြီး ပြဇာတ်ခေတ် အထွတ်အထိပ်ရောက်ခဲ့သည်။

သို့ရာတွင် ၁၉၅၄ ခုနှစ်ခန့်လောက်မှစ၍ ပြဇာတ်လုပ်ငန်း၌ အခက်အခဲအမျိုးမျိုးနှင့် ကြုံခဲ့ရပြီး စင်တင်ပြဇာတ်ခေတ်သည် တဖြည်းဖြည်း မှေးမှိန်သွားခဲ့သည်။ ဂျပန်ခေတ်က ဒါရိုက်တာဆရာခန့် စီစဉ်တင်ဆက်ခဲ့သော ဗမာ့သွေးခဲပြဇာတ်ကို ၁၉၆၃ ခုနှစ်တွင် လေဟာပြင်



ယောကျ်မရှိသေအသက်ရှည်ပြဇာတ်၏ ဇာတ်ဝင်ခန်းတစ်ခန်း

ဇာတ်ရုံ၌ ရုပ်ရှင်မင်းသား ဝင်းဦးနှင့် ရုပ်ရှင်မင်းသမီး သင်းသင်းလဲတို့ ခေါင်းဆောင်ပါဝင်စေလျက် ပြန်လည် တင်ဆက်ခဲ့ဖူးသေးသည်။ ထို့ပြင် ၁၉၆၇ ခုနှစ်တွင် ရခိုင် လေဘေးရန်ပုံငွေအဖြစ် ငယ်ကျွမ်းဆွေပြဇာတ်ကို ရုပ်ရှင် မင်းသား ဝင်းဦးနှင့်အတူ ခင်သန်းနု၊ အေးအေးသင်း၊ ဒေစီကျော်ဝင်း စသည်ဖြင့် မင်းသမီးအမျိုးမျိုးပြောင်း၍ သုဝဏ္ဏမြို့ဇာတ်ရုံနှင့် မော်လမြိုင်၊ မန္တလေးမြို့ကြီးများ တွင် တင်ဆက်ခဲ့ဖူးသည်။ သည့်နောက်ပိုင်းကာလများ တွင်မူ စင်တင်ပြဇာတ်ဟူ၍ တသီးတသန့် မတွေ့ရ သလောက်ဖြစ်ပြီး ပြဇာတ်များကို ဇာတ်ကြီးများ၏ ရှေ့ပိုင်းအစ်အစဉ်တွင်သာ ကပြလျက် ရှိသည်ကို တွေ့ကြ ရသည်။

သို့သော် ၁၉၇၉ ခုနှစ်တွင် ဘိုကလေးတင့်အောင်၊ ဂီတလှုလင်ဓမောင်ကိုကို စသော သမ္ဘာရင့် ပြဇာတ်ဆရာ များသည် ပြဇာတ်တစ်ခေတ် ပြန်လည်ဆန်းသစ်စေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ မှစ၍ ပြဇာတ်များကို စင်တင်ကပြနိုင်ခဲ့ကြသည်။

ရုပ်ရှင်မင်းသားဝင်းဦး ဇာတ်ညွှန်းရေး၍ ဂီတလှုလင် မောင်ကိုကို စီစဉ်တင်ဆက်သော ဂုဏ်တုဂုဏ်ပြိုင် ပြဇာတ် ကို ဝဇီရာရုံ၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်ကပြ ခဲ့သည်။ ဂုဏ်တုဂုဏ်ပြိုင်တွင် အကယ်ဒမီ ထွန်းထွန်းနိုင်၊ အကယ်ဒမီ ခိုင်ခင်ဦး၊ မန္တလေးသိန်းဇော်၊ တခိုင်လုံးရွှေ အေးအေးမြင့်တို့ ခေါင်းဆောင်လျက် ဇာတ်ဆောင် အမျှားအပြား ပါဝင်သည်။ ဂုဏ်တုဂုဏ်ပြိုင်သည် ရာထူး ဂုဏ်၊ ဓနဂုဏ်၊ ပစ္စည်းဂုဏ်များကို မပြိုင်ကြဘဲ မေတ္တာ၊ စေတနာ အဘယ်မျှထားနိုင်သည်ကိုသာပြိုင်သင့်ကြောင်း ဟာသနှောရှေ့ ရည်ရွယ်တင်ဆက်သော ပြဇာတ်ဖြစ်သည်။ ဂုဏ်တုဂုဏ်ပြိုင်သည် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၎ပြီလ ၉ ရက်နေ့ထိ ပွဲစဉ်ပေါင်း ၀၂ ပွဲ ကပြခဲ့ရပြီး ပွဲစဉ်တိုင်း ရုံလုံသည်ထိ အောင်မြင်ခဲ့သည်။ ထိုမျှမက မန္တလေးမြို့ မစိုးရိမ်ရုံကြီးတွင်လည်း ကပြခဲ့ရသည်။ ဂုဏ်တုဂုဏ်ပြိုင်ကို ဗီဒီယိုလည်း ရိုက်ကူး ထုတ်လုပ်ခဲ့ရ သည်။ ဂုဏ်တုဂုဏ်ပြိုင် ပြဇာတ်သည် ဝင်းဝင်းရုံ ပြဇာတ် ခေတ်ကို စံချိန်ချိုးလိုက်သော ပြဇာတ်ဟု ပြဇာတ် လောကမှ ရွှေမိနောက်မိ အနုပညာရှင်ကြီးများက ဆိုကြ သည်။

ဝဇီရာရုံတွင် ဒုတိယမြောက် စင်တင်သောပြဇာတ်မှာ ယောကျ်မရှိသေအသက်ရှည်ပြဇာတ်ဖြစ်သည်။ ဒါရိုက်တာ မင်းနိုင်က တင်ဆက်၍ မောင်သန်းဝင်း၊ ထွန်းထွန်းဝင်း၊ စန္ဒရားခင်နုနုစသော ခေတ်သစ်အနုပညာရှင်များသာမက ဦးတင်ညွှန့်၊ ဒိုင်ဗင်တင်လှ၊ ဗိုလ်မြဒင် မခင်ကြည် စသော ခေတ်ဟောင်းမင်းသား မင်းသမီးကြီးများကိုလည်း ပွဲထုတ် ထားသည်။ မိဘကို ရှိသေသကဲ့သို့ ယောကျ်မကိုလည်း ရှိသေရန် ဟာသစွက်၍ တေးဂီတမြိုင်မြိုင်နှင့် တင်ဆက် သောပြဇာတ်ဖြစ်သည်။ ဆက်တင်အခမ်းအနားကို အထူး တလည် ပြင်ဆင်၍ ရာဇဝင်အခန်းများကိုပါ ထည့်သွင်း

ကာ ဇာတ်ဝင်ခန်းများများ ဇာတ် ဆောင် အင် အား များများနှင့် တင်ဆက်ထားသည်။ ယောကျွမရှိသေ အသက်ရှည်ကို ဧပြီလ ၂၀ ရက်မှ ဇွန်လ ၁၆ ရက်နေ့ထိ တင်ဆက်ခဲ့ရာတွင် ဧပြီလ ၂၅ ရက်နေ့ နံနက် ၉ နာရီ၌ ကြိုတင်လက်မှတ်များ ရောင်းချသောအခါ ၁၀ နာရီတွင် လက်မှတ်အားလုံး ကုန်သွားသည်အထိ ပရိသတ်အားပေး ခဲ့သော ပြဇာတ်ဖြစ်သည်။

တတိယမြောက်စင်တင်ပြဇာတ်မှာ အမေ့ချွေးမ လှလှ ကလေးဖြစ်သည်။ ဘိုကလေးတင့်အောင်၏ မူရင်းဇာတ် ကျေရိုးကို မောင်နန်းလုက ဇာတ်ညွှန်းရေးပြီး အကယ် ဒမီ ညွှန်ဝင်း ဒါရိုက်တာလုပ် တင်ဆက်သောပြဇာတ်ဖြစ် သည်။ ညွှန်ဝင်း၊ ဆန်းဝင်း၊ ဇော်ဦး၊ တင့်တင့်ထွန်း စသော ရုပ်ရှင်သဘင်အနုပညာရှင်များ ခေါင်းဆောင် လျက် သရုပ်ဆောင်အင်အား ၄၀ ခန့် ပါဝင်ကပြသော ပြဇာတ်ဖြစ်သည်။ အမေ့ချွေးမလှလှကလေးသည် ဟာသ ဇာတ်လမ်းဆိုသော်လည်း ဟာသသက်သက်မဟုတ် ပညာ ပေးဇာတ်လမ်းဖြစ်သည်။ လူဘဝတွင် တန်ဖိုးရှိရှိနေသင့်ပုံ၊ ကျရောက်နေသည့်အနေအထားကို မိမိနှင့် ထိုက်တန်၍ဟု ခံယူသင့်ပုံ၊ လိုချင်တပ်မက်မှု အားကြီးလျှင် ကိုယ့်ဒုက္ခ ကိုယ်ရှာသကဲ့သို့ဖြစ်တတ်ပုံကို ပညာပေးတင်ပြထားသည်။ အမေ့ချွေးမ လှလှကလေးကို ပရိသတ် တွေ့ရခဲ့သော ဆက်တင်အခမ်းအနားများဖြင့်ပြင်ဆင်ထားသည်။ အတတ် ပညာပိုင်းဆိုင်ရာ တီထွင်ချက်များဖြစ်သော ရေအောက် ခန်း၊ ပင်လယ်လှိုင်းစီးခန်းများလည်း ထည့်သွင်းထား သည်။ အမေ့ချွေးမလှလှကလေးကို ဇွန်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၁၄ ရက်နေ့အထိ ဝဇီရာရုံ၌တင်ဆက် ခဲ့သည်။

ဝဇီရာရုံ၌ ဆက်လက် တင်ဆက်သော ချစ်လိုက်ရတာ တုန်လှုိသည် စတုတ္ထမြောက် စင်တင်ပြဇာတ် ဖြစ်သည်။ စိန်လွင်လေး၏ဝတ္ထုကို ဒဂုန်တင်ဝင်းက ဇာတ်ညွှန်းရေး၍ ၎င်းကိုယ်ကိုင် ဒါရိုက်တာလုပ်တင်ဆက်သော ပြဇာတ်ဖြစ် သည်။ အကယ်ဒမီနေအောင်နှင့် အကယ်ဒမီခင်သန်းနုတို့ ခေါင်းဆောင်လျက် ဘိုမြင့်ရှိန် ၊ လှလှမိုး၊ နန်းကလျာလှိုင်၊ နန်းဦး (တို့ခေတ်) တို့အပြင် သန်းန္ဓာလေး၊ အေးကို၊ သော်တာ၊ လေးမောင်၊ တက်တူ၊ ချွန်စက် စသောရုပ်ရှင် သဘင် အနုပညာစုံ ပါဝင်ကပြကြသည်။ တေးဂီတဟာသ ဇာတ်မြူးဖြစ်သည်။ ယောကျ်ားမုန်းသော တက္ကသိုလ် ကထိက ဆရာမအပျိုကြီးတစ်ဦး၊ မိန်းမမုန်းသော ပါဠိ ကထိကဆရာလူပျိုကြီးတစ်ဦး။ ၎င်းတို့နှစ်ဦးတက္ကသိုလ်တွင် တွေ့ကြ၊ ဆုံကြ၊ ဘုဘောက်ကျပြီး ညားသွားကြသော အခါ ချစ်လိုက်ရတာတုန်လှုိဖြစ်သွားပုံကို အဆွယ်အပွား ဇာတ်ကွက်ကလေးများညှပ်၍ ဟာသရှင်ရှင် တေးဂီတ

လွှင်လွှင် တင်ဆက်သော ပြဇာတ်ဖြစ်သည်။ ချစ်လိုက်ရ တာတုန်လှုိပြဇာတ်ကို အောက်တိုဘာလ ၁၃ ရက်နေ့မှ ဒီဇင်ဘာလလယ်ခန့်ထိ တင်ဆက်ကပြခဲ့သည်။

ဝဇီရာပြဇာတ်ဟူ၍ အမည်တပ်လျက် ရန်ကုန်မြို့ ဝဇီရာ ရုံတွင် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ဖော်ပြခဲ့ပြီးသော ပြဇာတ်လေးထုပ် စင်တင်ကပြခဲ့သည်။ ယင်းသို့ကပြရာတွင် ဝဇီရာပြဇာတ်သင်တန်းမှ သင်တန်းသား များကို ထည့်သွင်းအသုံးပြုခဲ့ပြီး ပြဇာတ် အနုပညာရှင်များ တိုးပွားလာရေးကို ဦးတည်နိုင်ခဲ့သည်။ ထို့ပြင် စိတ်ပျော်ရွှင်စေ၊ ငွေကိုရ၍ ဒါနလည်းဖြစ်၊ အား လုံးချစ် ဆိုသည့် ၎င်းတို့၏ ဆောင်ပုဒ်အတိုင်း ဝဇီရာ ပြဇာတ်အနုပညာရှင်များသည် ပြဇာတ်တစ်ထုပ် ကပြပြီး တိုင်း သက်ကြီးအနုပညာရှင်ကြီးများကို ကန်တော့ခဲ့ကြ သည်။ ပြဇာတ်အနုပညာရှင်များသည် မြန်မာ့ယဉ်ကျေး မှု၏ အင်္ဂါတစ်ရပ်ဖြစ်သော စင်တင်မြန်မာပြဇာတ်များကို ဝဇီရာရုံတွင် ဆက်လက် ကပြလျက်ရှိကြပေသည်။

ဦးအုန်းလွင်

စန္ဒရုံသီ၊ ဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရောဝတီတိုင်း၊ ဓနုဖြူမြို့၊ သဒ္ဓမ္မ ဇောတိကာရာမ (ပါဠိတက္ကသိုလ်) တောင်ပေါ်ကျောင်းတိုက် (မြန်မာ ၁၂၆၂ – ၁၃၅၀)။ ။ဆရာတော် ဘဒ္ဒန္တ စန္ဒရုံသီကို ရောဝတီတိုင်း ဓနုဖြူမြို့ သာပေါင်းရပ် ၁၅ ရပ်ကွက် ကုန်သည်ကြီး ဦးဘိုးဘ၊ ဒေါ်ဖွားသက်တို့မှ ၁၂၆၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် အင်္ဂါ နေ့တွင် ဖွားမြင်သည်။ မွေးချင်းခြောက်ယောက်တွင် ဒုတိယမြောက် သားရတနာဖြစ်သည်။

၁၄ နှစ်သားအရွယ် ၁၂၇၆ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သဒ္ဓမ္မဇောတိကာရာမ တောင် ပေါ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောသလ္လာ လင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရှင်စန္ဒရုံသီ ဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၂၀၂ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့တွင် ဓနုဖြူမြို့ လှေကြီးပိုင်းရပ် မြေပိုင်ရှင် ကျောင်းဒါယကာ ဦးဘိုးသိုက်၊ ဒေါ်ငွေသင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော် ဘဒ္ဒန္တ ကောသလ္လာ လင်္ကာရကို ဥပဇ္ဈာယ် ပြု၍ ယင်းကျောင်းတိုက် မဟာဝိဇယကာရီ သိမ်တော် ကြီး၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ခုနစ် နှစ်သား အရွယ်မှ ၁၃ နှစ် သား အရွယ်ထိ ကြံခင်းစုရပ် ဆရာမြို့ကျောင်း၌ သင်ပုန်းကြီး၊ မင်္ဂလ



အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တ စန္ဒရံသီ

သုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ ပရိတ်ကြီး၊ ဂဏန်းဘခ်ျာနှင့် အခြေခံ ဗေဒင်ပညာတို့ကို သင်ယူခဲ့သည်။ ထို့နောက် သဒ္ဓမ္မဇောတိကာရာမ တောင်ပေါ်ကျောင်းတိုက်တွင် အရှင်သာဂရဗုဒ္ဓိ၊ အရှင်နရိန္ဒ၊ အရှင်ကောသလ္လာလင်္ကာရ၊ အရှင်ဂုဏဝံသ၊ ဗန္ဓုလ ဆရာတော်တို့ထံ၌ သဒ္ဒါ၊ သင်္ဂြိဟ်၊ ပုဒ်စစ်ဖသော ပိဋကတ် အခြေခံကျမ်းများကို သင်ယူခဲ့သည်။

ထို့နောက် မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်တွင် သီတင်းသုံး၍ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်၊ ထနောင်တိုင် ဆရာတော် ဦးလက္ခဏ စသော ဆရာတော်များထံ၌ လည်းကောင်း၊ တောင်ပြင်ထီးလင်းတိုက်တွင် သီတင်းသုံး၍ သဒ္ဒါအကျော် ကဗျာနံဆရာတော်၊ ဘုရားကြီးတိုက် ဟံသာဝတီဆရာတော် ဦးဇာနဒ္ဓာသဘာ၊ တောင်မြို့ မင်္ဂလာရာမ ဆရာတော်တို့ထံ၌ သုံးနှစ်တိုင်တိုင် နေ့ဝါ၊ ညဝါကျမ်းများကို သင်ယူခဲ့သည်။ သဒ္ဓမ္မ ဇောတိကာ ရာမကျောင်းတိုက်တွင် နေထိုင်စဉ် ဥပဇ္ဈာယ်ဆရာတော်၊ ဗန္ဓုလဆရာတော်နှင့် ဆရာတော် ဦးဝရသီဟာ (သက္ကတ ပဏ္ဍိတ်) စသော ဆရာတော်များထံ၌ ပိဋကတ်သုံးပုံ ကျမ်းစာများအပြင် သက္ကတ၊ ဟိန္ဒီ စသော ဘာသာန္တရကျမ်းစာများကိုပါ သင်ယူခဲ့သည်။ ရန်ကုန်မြို့ အရှင် အာဒိစ္စဝံသ ကျောင်းတိုက်တွင် စွယ်စုံတတ်ကျမ်းသော ဆရာတော်များထံ၌ မာဂဓစာပေများအပြင် အင်္ဂလိပ်စာပေများကိုပါ သင်ယူခဲ့သည်။

ဆရာတော်သည် ဟသ်ာတမြို့နှင့် ဓနုဖြူမြို့တို့၌ တစ်လှည့်စီ ကျင်းပသော ဗဟုဿုတ ဝိနယ စာပြန်ပွဲတွင် အတန်း အသီးသီးကို လည်းကောင်း၊ အစိုးရ ပထမပြန်စာမေးပွဲ၌ အကြီးတန်းအထိလည်းကောင်း အောင်မြင်ခဲ့သည်။ တိုစဉ်က စာချတန်းမရှိသေးသဖြင့် ပထမကြီးတန်းသည် အဆင့်အမြင့်ဆုံးဖြစ်သည်။

၁၂၉၁ ခုနှစ်တွင် ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ ကျောင်းတိုက်သို့ပြန်ကြွပြီး စာပေပို့ချခြင်း၊ ဗန္ဓုလ ဆရာတော်ကြီး၏ ကိုယ်စား စာသင်သားများကို လက်ခံနေရာချထားပြီး ဆွမ်းစားကျောင်း တာဝန် ယူသည်။ ၁၃၀၀ ပြည့်နှစ်တွင် တိုက်ကြပ်ဆရာတော်၊ ၁၃၁၂ ခုနှစ်တွင် တိုက်ဒုပ် ဆရာတော်၊ ထိုနှစ်မှာပင် သဒ္ဓမ္မဇောတိကာရာမ ကျောင်းတိုက်ကြီး၏ ပဉ္စမမြောက်ဆရာတော် အဖြစ် တင်မြှောက်ခြင်းခံရသည်။

ထိုအချိန်မှစ၍ တိုက်ဒုပ် ဆရာတော်၊ တိုက်ကြပ် ဆရာတော်များနှင့်အတူ စာသင်သား ၁၃၀ ခန့်တို့အား စာပေ ကျမ်းဂန်များကို သင်ကြားပို့ချသည်။ ၁၃၁၅ ခုနှစ်တွင် ပါဠိတကွသိုလ် စာသင်တိုက်ကြီးအဖြစ် တည်ထောင်သည်။ စာပေကျမ်းဂန်များ ပို့ချရင်း သဒ္ဓတ္ထ ပကာသနီ ကျမ်းကို ပြုစုခဲ့သည်။ စာသင်သားများအား ပါဠိဘာသာနှင့် အဟောအပြော တော်ရေးအတွက် ပါဠိဇောတကအသင်း တည်ထောင်၍ ဥပုသ်နေ့တိုင်း ပါဠိဟောပြောပွဲ ကျင်းပပေးခြင်း၊ အရေးအသားထူးချွန်ရေးအတွက် လက်ရေး မဂ္ဂဇင်းထုတ်၍ ဘာသာရေး သာသနာရေးဆောင်းပါးနှင့် ကဗျာများ ရေးသားစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌ သင်္ဂီတိကာရက ပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဓနုဖြူမြို့ ကျိုက်သလွန်ဗုန်းစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ သြဝါဒါစရိယ၊ ဓနုဖြူမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဓမ္မဝိနယ စာမေးပွဲ၏ သြဝါဒါစရိယ၊ မဟာဒ္ဓါရနိကာယ ဓနုဖြူမြို့နယ်(သာသနပါလ) စာမေးပွဲ၏ သြဝါဒါစရိယ၊ ၁၃၁၄ ခုနှစ်၌ မဟာဒ္ဓါရ နိကာယ ဓနုဖြူမြို့နယ် အနုနာယက၊ ၁၃၁၉ ခုနှစ်၌ မဟာဒ္ဓါရ နိကာယ ဒုတိယသာသနာပိုင်၊ ၁၃၄၉ ခုနှစ်၌ ဓမ္မာနုဓမ္မ မဟာဒ္ဓါရနိကာယ သာသနာပိုင်၊ နိုင်ငံတော် သြဝါဒါစရိယ စသော သာသနာ့ တာဝန်များကို ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် သက်တော် ၆၂ နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်၊ ၁၃၁၉ ခုနှစ်တွင် မဟာဒ္ဓါရ နိကာယ ဂိုဏ်းကြီးကဆက်ကပ်သော ဘဒ္ဒန္တစန္ဒရံသီ သဒ္ဓမ္မသိရိန္ဒ ဒုတိယ မဟာနာယက ဘွဲ့တံဆိပ်၊ ၁၃၄၉ ခုနှစ်တွင် ပိဋကတ္တယဆေက ဂဏာဓိပတိ မဟာနာယက ဂုရု သာသနာပိုင်ဘွဲ့ကို ရရှိတော်မူသည်။

ဤသို့လျှင် သာသနာတော်၏ အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ လဒ္ဓလဉ္ဆန ဂုဏ်၊ ရတည္ဟ မဟာနာယကဂုဏ်၊ ဂန္ဆန္တရ ဗဟုသစ္စ ဂုဏ်၊ လောကဗဟုပကာရ ဂန္ထရစနာဂုဏ် စသည်တို့နှင့် ကုံလုံပြည့်ဝသော ဆရာတော် ဘဒ္ဒန္တ စန္ဒရံသီသည်

၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ဆရာတော်သည် ၁၃၅၀ ပြည့်နှစ် တပေါင်းလဆန်း ၁၁ ရက် (၁၃–၃–၁၉) သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဆူမိုနပန်း

ဆူမိုနပန်း။ ။ ဆူမို (Sumo) ခေါ် နပန်းသတ် အားကစားနည်းသည် ဂျပန်လူမျိုးတို့၏ ရိုးရာအားကစား နည်းတစ်ခုဖြစ်သည်။ ယင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ လောက်ကတည်းကပင် စတင်ခဲ့သည်။ ရှေးက ဆူမိုကစားနည်းမှာ အလွန်ကြမ်းတမ်းပြီး လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ ခန့်လောက်တွင်မှ နည်းစနစ်များဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆူမိုကစားနည်းသည် အင်္ဂါဗလာ နပန်းသမားနှစ်ဦး က ၄ ဒသမ ၅ မီတာ အချင်းရှိသော စည်းဝိုင်းအတွင်း တွင် ယှဉ်ပြိုင် နပန်းသတ်ရခြင်းဖြစ်သည်။ နပန်းသမား နှစ်ဦး၏ခါးတွင် 'မာဝါရှိ' (Mawashi) ခေါ် ခါးဝတ်မှလွဲ၍ မည်သည့်အဝတ်အစားမျှ ဝတ်မထားချေ။ ယှဉ်ပြိုင်ကြသည့် နပန်းသမားနှစ်ဦးက တစ်ဦး၏ မာဝါရှိခါးဝတ်ကို အမီအရ ဆုပ်ကိုင်နိုင်ခြင်းသည် ဆူမိုနပန်းသတ်ပွဲ၏ အဓိက နည်းနိဿယဖြစ်သည်။

ဆူမိုနပန်းသတ်ပွဲများကို ဂျပန်နိုင်ငံတွင် နှစ်စဉ်အခမ်း အနားများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။ ပြိုင်ပွဲကျင်းပပုံမှာ ပထမဦးစွာ 'ယိုဘိဒါရှိ' (Yobidashi) ခေါ် ဒိုင်လူကြီးက နပန်းသတ်သမားများ ကွင်းထဲသို့မဝင်လာခင် ယှဉ်ပြိုင်ကြမည့် နပန်းသမားများ၏အမည်ကို ဖော်ထုတ် ကြေညာပေးသည်။ ထို့နောက် နပန်းသမားများက 'ရှိကို' (Shiko) ခေါ် ဟန်ရေးပြရန် ဝင်လာကြပြီး တစ်ဦးကိုတစ်ဦး ဦးညွတ် အရိုအသေ ပေးကြသည်။ လက်ခုပ်တီး၍ နတ်များကို ပင့်ကြသည်။ ကွယ်ဝှက်ထားသော လက်နက်များ မရှိကြောင်းကို ခြေတစ်ဖက်စီမြှောက်ပြရသည်။ မိမိကိုယ်ကိုပါးလုပ်ကျင်း၍ သန့်စင်အောင်လုပ်ပြရသည်။ ပတ်ဝန်းကျင်ကို သန့်ရှင်း စေခြင်းငှာ ဆားလက်တစ်ဆုပ်ဆုပ်၍ ပက်ဖြန်းကြသည်။ မကောင်းဆိုးဝါးများကို မြေကြီးထဲသို့ ခြေဖဝါးဖြင့် နင်းမြုပ်ဟန်ပြုရသည့်အပြင် အကြောအခြင် အညောင်း အညာပြေရန် ဒူးကွေးခြင်းများ ပြုကြသည်။

စည်းဝိုင်းသည် မြေမျက်နှာပြင်ထက် အနည်းငယ် မြင့်ထားသည်။ အခင်းမှာ အောက်ခံကောက်ရိုးပေါ်တွင် သဲများဖြန့်ခင်းထားခြင်း ဖြစ်သည်။

နပန်းသတ်ရာတွင် တာဝန်ယူရသည့် ဒိုင်လူကြီးကို "ဂျိုဂျိ" (Gyoji) ဟုခေါ်သည်။ နပန်းသတ်ပွဲစတင်သည်နှင့် နပန်းသမားများသည် 'ရှိကီရီ' (Shikiri) ခေါ် စည်းဝိုင်းအလယ်တွင်ကုန်း၍ တစ်ဦးကိုတစ်ဦး မျက်နှာချင်းဆိုင်ကာ လက်သီးဆုပ်ကို အောက်မြေ သဲပြင်ပေါ်သို့ ထောက်ထားရသည်။ ဤလှုပ်ရှားမှုကို ဒိုင်လူကြီးက ပွဲစရန် အချက်မပြမချင်း အကြိမ်အနည်းငယ်မျှ လုပ်ပြရသည်။

ယင်းနောက် ဒိုင်လူကြီးက ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်သည်နှင့် တစ်ဦးနှင့်တစ်ဦး တွန်းထိုးရိုက်ပုတ်ခြင်း၊ ခြေနှင့်ခတ်ခြင်း၊ ခြေလိမ်ခြင်း၊ ခါးဝတ်ကိုဆုပ်ကိုင်၍ တစ်ဘက်လူကို ကွင်းပြင်ဘက်သို့ လွှင့်ပစ်ခြင်းတို့ကို ကြိုးပမ်းရသည်။ ပွဲတစ်ပွဲ၏ အနိုင်အရှုံးဆိုသည်မှာ မိမိ၏ ပြိုင်ဘက်ကို စည်းဝိုင်းထဲမှ အပြင်ရောက်သွားအောင် ပြုလုပ်နိုင်ခြင်း သို့မဟုတ် ပြိုင်ဘက်၏ခန္ဓာကိုယ်ကို မြေပြင် နှင့်ထိအောင် ပြုလုပ်နိုင်ခြင်းပင် ဖြစ်သည်။

အေဒီ ၇၃၀ တွင် ဂျပန်ကေရာင် ဘုရင်မင်းမြတ်က ဆူမိုနပန်းသမားများကို စုစည်း၍ ပထမဦးဆုံးပြိုင်ပွဲကို ကျင်းပပေးခဲ့သည်။ ထိုအချိန်မှစ၍ အမျိုးသားရိုးရာ အားကစားနည်းအဖြစ် နှစ်စဉ် ဇူလိုင်လဆန်း ၇ ရက်နေ့တွင် ကေရာင်ဘုရင်မင်းမြတ်၏ နန်းတော်ဝင်းအတွင်း၌ ကျင်းပစမြဲဖြစ်သည်။

'အီတို' (Edo) ခေတ် (၁၆၀၇ – ၁၈၆၇) တွင် ကြေးတမ်းစား ဆူမိုနပန်းသမားများ ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်ကာလ၌ ဆူမိုနပန်းသတ်ပြိုင်ပွဲကျင်းပ၍ ရန်ပုံငွေများ ရှာဖွေခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲများကို 'ကန်ဂျင်ဇူမို' (Kamjinzumo) ဟု ခေါ်ဝေါ်ကြသည်။ ဤသို့ဖြင့် ကြေးတမ်းစား ဆူမိုသက်တမ်းသည် နှစ် ၃၀၀ ကြာမြင့်ခဲ့ပြီးနောက် မေဂျီခေတ်၊ ခေတ်သစ်ဂျပန်နိုင်ငံ စတင်ပေါ်ထွန်းလာသည်နှင့်အတူ ကြေးတမ်းစား ဆူမိုကစားပွဲများလည်း ပိုမိုထွန်းကား ကျယ်ပြန့်လာခဲ့သည်မှာ ယခုတိုင်အောင်ပင် ဖြစ်သည်။

ပြိုင်ပွဲမတိုင်ခင်နှင့် ပြိုင်ပွဲအပြီး နပန်းသမား ဝတ်ဆင်ရသော အဝတ်အစားများမှာ ခါးဆစ်ပိုင်းမှနေ၍ ခြေသလုံးအထိ ဖုံးလွှမ်းသောအဝတ်စကို ခန္ဓာကိုယ် အရှေ့ပိုင်းတွင် ဖုံးအုပ်ပတ်ချည်ထားကြရသည်။ အဝတ်စ၏အနံ့မှာ နှစ်ပေခန့်သာရှိပြီး ယင်းကို ပိုး၊ ဖဲ၊ ကတ္တီပါ များဖြင့် ချုပ်လုပ်ထားသည်။ အဝတ်စတွင် ပန်းဖွားများလည်း သီချုပ်ထားသည်။ နပန်းသမားများ ဆင်ယင်သော ပန်းဖွားများကိုလည်း လေးမျိုးခွဲခြားထားသည်။ မိုးတွင်း တွင်အစိမ်းရောင်၊ နွေတွင်အနီရောင်၊ ဆောင်းဦးရာသီတွင် အဖြူရောင်နှင့် ဆောင်းရာသီတွင် အနက်ရောင်ဖြစ်သည်။

နပန်းသမားများသည် ဝပြီး အရပ်အမောင်း ရှည်ရသည်။ ယင်းတို့၏ ခန္ဓာကိုယ် အလေးချိန်သည် အနည်းဆုံး ၁၅၄ ပေါင် ရှိရသည်။ ရှေးခေတ် ဆာမူရိုင်း သူရဲကောင်း၏ ထုံးစံအတိုင်း ဆံပင်ကိုလည်း အရှည်ထားရသည်။

ကျပန်နိုင်ငံတွင် ၁၉၃၀ ပြည့်လွန်နှစ်များ၌ ဖူတာရာမာဆိုသူ ဆူမိုနပန်းသမားသည် ပြိုင်ဘက် နပန်း သမားမြောက်များစွာကို ရှုံးပွဲမရှိ ယှဉ်ပြိုင် အောင်နိုင်ခဲ့ပြီး ယခုအချိန်အထိ ဆူမိုနပန်းသတ်ပွဲပေါင်း ၆၉ ပွဲမျှ ယှဉ်ပြိုင်အနိုင်ရခဲ့သည့် သူစံချိန်ကို မည်သူမျှမချိုးနိုင်သေးပေ။ ထို့ပြင် သူသည် ဆူမိုနပန်းပြိုင်ပွဲကို လူထု စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ခဲ့သူလည်း ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် နိုင်ငံခြား ထိပ်တန်း ဆူမိုနပန်း သမားတစ်ဦး ပါဝင်ယှဉ်ပြိုင်ခြင်းမှစတင်၍ ဆူမိုနပန်းပြိုင်ပွဲ သမိုင်းသစ်ကို စတင်ခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ ကျပန် ဆူမိုနပန်းသမားများကို အောင်ပွဲခံသွားသော နိုင်ငံခြား သားမှာ ဟာဝိုင်ယီကျွန်းမှ ကျပန်နွယ်ဖွား အမေရိကန် နိုင်ငံသားဖြစ်သူ ဂျက်ဆီ တာကာမီယာမာ ဖြစ်သည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းလုံးက ဆူမိုနပန်းကို ပိုမို စိတ်ဝင်စားလာကြသည်။ ၁၉၈၉ ခုနှစ်တွင် ကျပန်နိုင်ငံ စီးပွားရေး လုပ်ငန်းများက အမေရိကန်ပြည်ထောင်စု စီးပွားရေး လုပ်ငန်းများထံမှ စီးတီးကော့ဂျာနယ်ချုပ် (ဒေါ်လာသန်း ၆၇၀)၊ အင်တာကွန်တီနင်တယ်ဟိုတယ် လုပ်ငန်း (ဒေါ်လာသန်း ၂,၂၀၀)၊ ဖိုင်းယားစတုန်း

၁၉၈၉ ခုနှစ်တွင် အထင်ရှားဆုံး ဆူမိုနပန်းသမား ကိုနီရှိကီ



တိုင်ယာနှင့် ရော်ဘာကုမ္ပဏီ (ဒေါ်လာသန်း ၂,၆၀၀)၊ စီဘီအက်စ်ဓာတ်ပြား (ဒေါ်လာသန်း ၂၀၀၀)၊ ကိုလံဘီယာရုပ်ရှင်လုပ်ငန်း (ဒေါ်လာသန်း ၃,၄၀၀) စသည့် မြေယာလုပ်ငန်း၊ အဆောက်အအုံနှင့် ရှယ်ယာအသီးသီးကို ဝယ်ယူပိုင်ဆိုင်ထားသည့် သတင်းမျှားထွက်ပေါ်လာသဖြင့် အမေရိကန်နိုင်ငံသားတို့ စိတ်မချမ်းမသာဖြစ်နေစဉ် ကျပန်နိုင်ငံမြေပေါ်တွင် ဆူမို နပန်းချန်ပီယံဆုကို ဆွတ်ခူးပိုင်ဆိုင်နိုင်သည့် အမေရိကန် နိုင်ငံသားတစ်ဦး ပေါ်ထွန်းခဲ့သည်။ ဆာမိုအာကျွန်းတွင် မွေးဖွားပြီး ဟာဝိုင်ယီကျွန်းတွင် နေထိုင်သူ ဆာလေဗာအတီဆာနို (ကျပန်အမည် ကိုနီရှိကီ) ဖြစ်သည်။ ယခင်က ပေါင်ချိန် ၅၅၀ ရှိပြီး နေ့စဉ် ကယ်လိုရီ ၁၀,၀၀၀ စားနေရာမှ ၅၀၀၀ သို့ လျော့စားသဖြင့် ၁၉၈၉ ခုနှစ်တွင် ၄၈၈ ပေါင်သို့ ချခဲ့သည်။ ဆူမိုနပန်း ပရိသတ်က အသားပုံးကြီး ဟု ချစ်စနိုး ခေါ်ဝေါ်ကြသည်။

ဆော့ပဝစ်, ဆာ သောမတ် (ခရစ် ၁၈၈၈–၁၉၈၉) ။ ။အင်္ဂလိပ်လူမျိုး လေကြောင်းပုံ့သန်းမှူဆိုင်ရာအင်ကျင်နီယာဖြစ်သည့် လေယာဉ်ဒီဇိုင်းပုံစံထုတ်တည်ဆောက်သူနှင့် ရွက်လွှေအားကစားသမားဖြစ်သူ ဆာသောမတ် ဆော့ပဝစ်ကို ၁၈၈၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် လန်ဒန်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က အင်ကျင်နီယာသိပ္ပံ အလွတ်ပညာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အားကစားတွင် ထူးချွန်သူတစ်ဦးဖြစ်ရာ အထူးသဖြင့် ရွက်လွှေ၊ သေနတ်ပစ်နှင့် ငါးမျှားခြင်းတို့တွင် ဝါသနာထုံသည်။

ဆာ သောမတ် ဆော့ပဝစ်သည် ၁၉၁၀ ပြည့်နှစ်တွင် တစ်ယောက်စီးလေယာဉ် အသေးစားတစ်စင်းကို ဝယ်ကာ စမ်းသပ်မောင်းနှင် ပျံသန်းခြင်းဖြင့် လေယာဉ်မောင်း အတတ်ကို ကိုယ်တိုင်သင်ကြား တတ်မြောက်ခဲ့သူ ဖြစ်သည်။ ဤသည်မှအစပြု၍ လေကြောင်းပျံသန်းမှုတွင် အထူးခုံမင်လာခဲ့သည်။

ယင်း ၁၉၁၀ ပြည့်နှစ်တွင်ပင် ၁၇၇ မိုင် ပျံသန်းရသည့် ဗြိတိန်နိုင်ငံမှ ဥရောပတိုက်ခရီးစဉ်တွင် ခရီးအကွာအဝေး အမျိုးသားစံချိန်နှင့် ခံနိုင်ရည်စွမ်းရည် စံချိန်တင်ကာ အရှည်ကြာဆုံး ပျံသန်းနိုင်မှုအတွက် ဒီဖောရက်စ်ဆုကို ဆွတ်ခူး ရရှိသဖြင့် စတာလင်ပေါင် ၄၀၀၀ ချီးမြှင့်ခံရသည်။ ယင်းရရှိသောဆုငွေဖြင့် ၁၉၁၂ ခုနှစ်တွင် ဆော့ပဝစ်လေယာဉ်ကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ထိုနှစ်တွင်ပင် ဘလာရီယို အတောင်တစ်ထပ်လေယာဉ်ကို ပျံသန်းပြနိုင်သည့်အတွက် ဒါဘီလေကြောင်းပျံသန်းမှုဆုကို ရရှိခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ရေပြင်တွင် ဆင်းနိုင်တက်နိုင်



လေယာဉ်ဒီဇိုင်းပညာရှင် ဆာသောမတ်ဆော့ပဝစ်

သည့်လေယာဉ်ကို ပုံစံထုတ် တည်ဆောက်ခဲ့ခြင်း အတွက် ရှနိုက်ဒါဆုကို ရခဲ့ပြန်သည်။

ပထမကမ္ဘာစစ် အတွင်းတွင် ဆော့ပဝစ် လေယာဉ် ကုမ္ပဏီမှ စစ်လေယာဉ် အများအပြား ထုတ်လုပ်ခဲ့ရာ ပတ်ပ်၊ ကဲမ်မယ်၊ ၁၌ စထရက်တာနှင့် အတောင်သုံး ထပ်လေယာဉ် အမျိုးအစားများ ပါဝင်သည်။ ယင်းတို့ အနက် ၁၉၁၇ ခုနှစ်တွင် ပထမဆုံး ထုတ်လုပ်ခဲ့သည့် ဆော့ပဝစ်ကဲမ်မယ် အမျိုးအစား လေယာဉ်များကြောင့် ယင်း ကုမ္ပဏီမှာ လူသိများကာ ထင်ရှားလာသည်။ ပထမကမ္ဘာစစ်တွင် အဆိုပါ ဆော့ပဝစ်ကဲမ်မယ် တိုက် လေယာဉ်များကို အသုံးပြုခြင်းဖြင့် မဟာမိတ်တို့သည် မိမိတို့ဘက်မှ ပစ်ချခံရသော လေယာဉ် အရေအတွက်ထက် သာလွန်အောင် ရန်သူလေယာဉ်များစွာကို ချေမှုန်းတိုက် ခိုက်နိုင်သည့် အလျောက် အနောက်ဘက်စစ်မျက်နှာ ဝေဟင်ကို လွှမ်းမိုးထားနိုင်ခဲ့သည်။

တစ်ဖန် ဒုတိယကမ္ဘာစစ်တွင်လည်း ဆော့ပဝစ်တီထွင် ထုတ်လုပ်ခဲ့သည့် ဟော့ကာဟာရီကိန်းတိုက်လေယာဉ်များ ကြောင့်ပင် ဗြိတိသျှတို့၏စစ်အောင်နိုင်ရေးကို အထောက် အကူဖြစ်စေခဲ့သည်။

ဆာ သောမတ် ဆော့ပဝစ်သည် ၁၉၂၅ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိ ဗြိတိသျှလေယာဉ်တည်ဆောက်သူများအသင်း၏ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ၁၉၃၅ ခုနှစ်မှ ၁၉၆၃ ခုနှစ် အထိ ဟော့ကာဆစ်ဒယ်လီအုပ်စု လီမိတက်၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ယင်းလီမိတက်ကို စတင် တည်ထောင်သူဖြစ်၍ ရာသက်ပန် သဘာပတိဖြစ်လာပြီး ၁၉၇၀ ခုနှစ်တိုင်အောင် ယင်းလီမိတက်၏ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဧတော်ဝင်လေကြောင်း ပံ့သန်းမှုဆိုင်ရာ အဖွဲ့၏ ဂုဏ်ထူးဆောင် အဖွဲ့ဝင်လည်း ဖြစ်သည်။

ဆော့ပဝစ်သည် ရွက်လှေအားကစားသမား တစ်ဦး လည်းဖြစ်သည့်အလျောက် ရွက်လှေပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်ခဲ့သည်။ အင်ဒီးယား (၁၉၃၄) နှင့် အင်ဒီးယား–၂ (၁၉၃၇) အမည်ရှိ ရွက်လှေများဖြင့် အမေရိကဖလား ပြိုင်ပွဲများတွင် ဗြိတိန်နိုင်ငံကိုကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင် ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ချေ။

ဆာ သောမတ် ဆော့ပဝစ်သည် ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အင်္ဂလန်တောင်ပိုင်း၌ ကွယ်လွန်သည်။

ဆန်းထွန်း၊ ဦး (ဆန်းထွန်း – မန်းတက္ကသိုလ်)

(ခရစ် ၁၉၁၅ – ၁၉၀၉)။ ။ဆန်းထွန်း–မန်းတက္ကသိုလ် ကလောင်အမည်ဖြင့် စာအုပ်စာပေ များစွာ ရေးသားခဲ့သော မြန်မာစာအဖွဲ့ဝင် စာရေးဆရာကြီး ဦးဆန်းထွန်းကို ရောဝတီတိုင်း ဟသ်ာတမြို့နယ် သန္ဓသနော့ရှာအနီးရှိ ကျုံကဒူးရွာ၌ ၁၉၁၅ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အဖ ဦးဘိုးထွန်း၊ အမိဒေါ်မြခင်တို့က မွေးဖွားသည်။ မွေးချင်း လေးယောက်တွင် အကြီးဆုံးဖြစ်ပြီး ငယ်မည်မောင်ပုလေး ဖြစ်သည်။

သန္ဓသနော့ရှာ မူလတန်းကျောင်း၌ ပညာ စတင် သင်ကြားခဲ့ရာ သတ္တမတန်းအရောက်တွင် ဘုန်းတော်ကြီး ကျောင်းသို့ပြောင်း၍ သဒ္ဒါ၊ သင်္ဂိုဟ်စသော လောကုတ္တရာ စာပေများကို သင်ကြားခဲ့သည်။ ထို့နောက် ၁၉၂၀ ခုနှစ်တွင် အင်္ဂလိပ်ပြည်ရှိ ရှေဘုံသာကျောင်း၌ ပဉ္စင်းခံရာ ဘွဲ့မည် ရှင်ဥာဏိဿရ ဖြစ်လာသည်။ ထို့နောက် ပထမပြန် ဆရာတော် ရှင်တေဇောသာရ (ဆရာကြီးဒဂုန်ဦးထွန်းမြင့် ကွယ်လွန်) ထံတွင် လောကုတ္တရာစာပေများကို ဆက်လက် သင်ကြား၍ ပထမပြန် စာမေးပွဲများ ဖြေဆိုခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ပထမကြီးတန်းကို အောင်ခဲ့သည်။ ထိုအချိန်မှာပင် ကြီးပွားရေးမဂ္ဂဇင်း၌ ကဗျာများ စာများစတင်ရေးသားခဲ့သည်။ စတင်ရေးသားခဲ့သော စာမှာ သေချိန်တန်သေ ဖြစ်သည်။

၁၉၃၇ ခုနှစ်တွင် မန္တလေးသို့ ရောက်ရှိခဲ့ပြီး အကျော် အမော်ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ဟံသာဝတီဆရာတော်၊ ခင်မကန်တိုက်သူဌေးဆရာတော်၊ ဘုရား ကြီးတိုက်ဆရာတော် ဦးဥေးယျ၊ ရွှေရေးဆောင်တိုက်နှင့် မိုးကောင်းတိုက် စာချဆရာတော် ဦးပညာတို့ထံ ပါဠိ ဘာသာနှင့် ဗုဒ္ဓဘာသာ စာပေများကို ဆက်လက် သင်ကြားဆည်းပူးခဲ့သည်။ တစ်ဖက်မှလည်း မြန်မာစာပေ ပို့ကဗျာများကို လေ့လာလိုက်စားခဲ့သည်။ ဦးဆန်းထွန်း သည် သန်လျင် ဘီအိုစီ ဓာတုဗေဒဆရာကြီး ဦးမောင် မောင်ထံတွင်လည်း အင်္ဂလိပ်စာ သင်ခဲ့သေးသည်။ ထို့ပြင်

ဂျပန်ခေတ်တွင် ဦးသောမဒတ္တ (မြန်မာစာအဖွဲဝင် စာရေးဆရာကြီးဦးသော်ဇင်)ထံ၌လည်း ဟိန္ဒီ၊ဘင်္ဂါလီနှင့် သင်္ကတဘာသာတို့ကို လေ့လာဆည်းပူးခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ရွှေပြည်တော်သတင်းစာ၌ အရှင် ဥာဏိဿရ (ကာဝိယဝါစီ) အမည်ဖြင့် ကဗျာမျှားကို အပတ်စဉ် ရေးသားခဲ့သည်။ ထိုအချိန်တွင် ရန်ကုန်မြို့မင်္ဂလာရာမတိုက်၌ စာချဘုန်းကြီးအဖြစ်ဆောင်ရွက်လျက်ရှိပြီး စာချရင်း တစ်ဖက်မှ အရှင်အာဒိစ္စဝံသ (ဦးအောင်မြတ်ထွတ်) ထံတွင် နိကာယ်၄ဦးရပ်၊ ပိဋကတ်သုံးပုံကို လေ့လာသင်ယူခဲ့ပြန်သည်။

ဦးဆန်းထွန်းသည် ၁၉၄၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိသွားပြီး စန္ဒိနီကေတန်တက္ကသိုလ်၌ နှစ်နှစ်ပညာသင်သည်။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ၁၉၅၁ ခုနှစ်တွင် လူဝတ်လဲသည်။ လူထုဂျာနယ်၌ အယ်ဒီတာအဖြစ် နှစ်နှစ်ခန့် လုပ်ကိုင်သည်။ ထိုဂျာနယ်တွင် နိုင်ငံရေးဆိုင်ရာ ဆောင်းပါးမျှားလည်း ရေးသားခဲ့သည်။


ဦးဆန်းထွန်းသည် ၁၉၅၁ ခုနှစ်တွင် ဒေါ်မမကြီးနှင့် လက်ထပ်ခဲ့သည်။ ထို့နောက် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ် စတင် အမှုထမ်းသည်။ ထိုအချိန်တွင် ဆန်းထွန်း (မန်းတက္ကသိုလ်) ကလောင်အမည်နှင့် မဂ္ဂဇင်း၊ ဂျာနယ်မျှားတွင် ကဗျာ၊ ဆောင်းပါးမျှားကို ရေးသားသည်။ ၁၉၅၇ ခုနှစ်တွင် ဦးဆန်းထွန်းသည် မြန်မာစာလက်ထောက်ကထိကဖြစ်လာခဲ့ပြီး ၁၉၇၅ ခုနှစ်တွင်မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာနလက်ထောက်ကထိကအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ထို့နောက် ၁၉၈၃ ခုနှစ်တွင် မြန်မာစာအဖွဲတွင် အချိန်ပြည့် မြန်မာစာအဖွဲဝင်ဖြစ်ခဲ့ပြီး ထိုတာဝန်ကို ကွယ်လွန်ချိန်ထိ ထမ်းဆောင်ခဲ့သည်။

ဦးဆန်းထွန်း၏ ပထမဆုံး လုံးချင်းစာအုပ်မှာ နွားနှင့် စပါးဖြစ်ပြီး ၁၉၄၇ ခုနှစ်တွင် ရဟန်းဘွဲ့ဖြင့် ရေးသားထုတ်ဝေခဲ့သည်။ ဦးဆန်းထွန်းသည် ရာဟုလာသံကိစ္စည်း၏ ပေဘဝါဆေဂင်္ဂါစာအုပ်မှ ဝတ္ထု ၁၈ ပုဒ်ကို ဘာသာပြန်၍ ပေဘဝါမှ ဂင်္ဂါသို့အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သေးသည်။ ထို့ပြင် ဗုဒ္ဓအမြင် ဟူသော ဘာသာပြန်စာအုပ်ကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ တစ်ဖန် ၁၉၆၇ ခုနှစ်ထုတ် မဂ္ဂဇင်းမျှား၌ ၎င်းရေးသားခဲ့သော စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးမျှားကို စုပေါင်းကာ စာပေဘဏ် အမည်ရှိ စာအုပ်ကို လည်းကောင်း၊ ၁၉၆၈ ခုနှစ် အတွင်း ရွှေသို့ဂျာနယ်မျှားတွင် ရေးသားခဲ့သော ဝတ္ထုတိုမျှားမှ အချို့ကို ထုတ်နုတ်စုပေါင်း၍ ရွှေသို့ဟူသော လုံးချင်းစာအုပ်ကို လည်းကောင်း ထုတ်ဝေခဲ့သည်။


ဦးဆန်းထွန်းသည် အင်္ဂလိပ်၊ ပါဠိ၊ သင်္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီ ဘာသာမျှားကို တတ်ကျွမ်းသူဖြစ်သည်။ ဦးဆန်းထွန်းသည် လက်ရှိထုတ်ဝေလျက်ရှိသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ၃၀ ခန့်တွင် ဆောင်းပါးအပုဒ်ပေါင်းမျှားစွာ လစဉ် ရေးသားခဲ့သည်။ ထို့ပြင် လုံမလေးမဂ္ဂဇင်းတွင် သူဘဝ သူအကြောင်း ကဏ္ဍဖွင့်၍ ပင်ကိုရေးအထူးပြုတို့ကို လစဉ်အခန်းဆက်ရေးသားခဲ့ရာ ကွယ်လွန်ချိန်ထိဖြစ်သည်။ ထို့ပြင် လုပ်သားပြည်သူနှေ့စဉ်သတင်းစာတွင် တနင်္ဂနွေနေ့တိုင်းပါရှိသော ယဉ်ကျေးမှုအနုပညာကဏ္ဍ၌ မြန်မာစာပေဆိုင်ရာ ဆောင်းပါးမျှားကို ကွယ်လွန်ချိန်ထိ ရေးသားခဲ့သည်။

မြန်မာစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးမျှားကို အမျှားဆုံးရေးသားခဲ့သော စာရေးဆရာကြီးဦးဆန်းထွန်းသည် ၁၉၈၉ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မမကြီးနှင့် သားသမီး ကိုးယောက်၊ မြေး လေးယောက် ကျန်ရစ်သည်။

စာရေးဆရာကြီး ဦးဆန်းထွန်း



ဇဝန၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကချင်ပြည်နယ် ရွှေကူမြို့၊ မြို့မ ပရိယတ္တိစာသင်တိုက် (မြန်မာ ၁၂၇၃–)။ ။ ဆရာတော် ဘဒ္ဒန္တ ဇဝနကို စစ်ကိုင်းတိုင်း ကသာမြို့နယ် မိုးတား ကျေးရွာ ခမည်းတော် ဦးထွန်းပြည့်၊ မယ်တော် ဒေါ်တုတ်တို့မှ ၁၂၇၃ ခုနှစ် ကဆုန်လဆန်း ၁၅ ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်အနက် ဒုတိယမြောက် ဖြစ်၍ အမည်မှာ မောင်စံရီဖြစ်သည်။



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ၄၀၆

၁၂၀၇ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်နေ့တွင် မိုးတားရွာ သရက်ပင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၂၀၉ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မိုးတားရွာ မန်ကျည်းပင်ကျောင်း ခဏ္ဍသိမ်၌ မိုးတားဂိုဏ်းချုပ် သရက်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကာရက သံဃာ ၃၆ ပါးတို့ဖြင့် ဦးထွန်းအို၊ ဒေါ်စိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သည်။

၁၄ နှစ်သား အရွယ်တွင် မိုးတားကျေးရွာ အလယ်တန်းကျောင်း၌ ခုနစ်တန်းအထိ သင်ယူခဲ့သည်။ ရှင်သာမဏေအဖြစ်ဖြင့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထေရ်ထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ရူပသိဒ္ဓိ၊ အဘိဓာန်၊ ပုဒ်စစ်၊ သုတ်စစ်၊ ဝိနည်း စသော ပိဋကတ် အခြေခံကျမ်းကိုလည်းကောင်း၊ ရဟန်းအဖြစ်ဖြင့် ၁၂၉၂ ခုနှစ်တွင် ခင်မကန်တိုက် မိုးတား ဆရာတော် ဘဒ္ဒန္တ သုဘာသိတ၊ စာချဆရာတော် ဘဒ္ဒန္တ နေမိန္ဒ၊ သူဌေးကျောင်းဆရာတော်၊ ဆင်တဲ တိုက်အုပ် ဆရာတော်၊ ချမ်းသာကြီး မြောက် တိုက် ဆရာတော်၊ တောင်သမန်တိုက် ဆရာတော်တို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများကိုလည်းကောင်း၊ လယ်တီဦးကောဝိဒထံ၌ အလင်္ကာနှင့် ပါဠိဘာသာ ရေးနည်း ပြောနည်းကိုလည်းကောင်း သင်ယူခဲ့သည်။


ဆရာတော်သည် ၁၃၀၉ ခုနှစ်တွင် ဆရာရင်းဖြစ်သော ကသာခရိုင် မိုးတားကျေးရွာ သရက်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ၏ ခေါ်ယူ တာဝန်ပေးချက်အရ ပရိယတ္တိစာသင်တိုက် တည်ထောင်၍ စာသင်သား ၅၀ ကျော်တို့အား နေ့ဝါ၊ ညဝါများကို ပို့ချခဲ့သည်။ ၁၃၁၃ ခုနှစ်တွင် ရွှေကူမြို့မမှ ဒါယကာ ဒါယိကာမများ၏ ပင့်ဖိတ်လျှောက်ထားချက်အရ ရွှေကူမြို့သို့ ကြွရောက်ပြီး မြို့မ ပရိယတ္တိ စာသင်တိုက်၌ ကျောင်းထိုင်အဖြစ်ဖြင့် အုပ်ချုပ်ကာ ပရိယတ္တိ စာပေများကို ပို့ချသည်။

ယင်းသို့ ပို့ချသင်ကြားတော်မူသဖြင့် အစိုးရ ပထမပြန် စာမေးပွဲ၊ ဝိနယ သဒ္ဓမ္မပါလ ပရိယတ္တိစာမေးပွဲ၊ အဘိဓမ္မာ ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် နှစ်စဉ်နှစ်တိုင်း အောင်မြင်သော တပည့်များ ထွန်းကားခဲ့သည်။ ဘဒ္ဒန္တ သီလဝံသ (ဓမ္မာစရိယ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘဒ္ဒန္တ ဝိလာသ (ဓမ္မာစရိယ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘဒ္ဒန္တ ဣန္ဒဝံသ (ဓမ္မာစရိယ) ရွှေကူမြို့နယ် ဝိနည်းဓိုရ်၊ ရေလဲကျေးရွာ ပရိယတ္တိ စာသင်တိုက်နှင့် ဘဒ္ဒန္တ နာဂိန္ဒ (ဓမ္မာစရိယ) တို့မှာ မြို့မ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ၄၀၆ထံမှ ထွန်းကားပေါ်ပေါက်ခဲ့သော ထင်ရှားသည့် တပည့်ကြီးများ ဖြစ်သည်။

ဆရာတော်သည် ရွှေကူမြို့နယ် ဝိနည်းဓိုရ်၊ မော်ဘီ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၌ ကချင်ပြည်နယ် ကိုယ်စားလှယ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ဖြစ်မြောက်ရေး ၆၆ ပါး အဖွဲဝင်၊ မူလ သံဃာ့ဝန်ဆောင် (ပထမအကြိမ်)၊ နိုင်ငံတော် သံဃ မဟာနာယက အဖွဲဝင် (ဒုတိယအကြိမ်)၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲကြီး၏ ဒုတိယဥက္ကဋ္ဌ တာဝန်ယူ၍ သာသနာ့ကိစ္စ အဝဝကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်သည် ကြီးမြတ်သူတို့အား ရိုသေစွာ ဆက်ဆံခြင်း၊ ငယ်ရွယ်သူတို့အား ချီးသာစွာ ဆုံးမနိုင်ခြင်း စသော ဂုဏ်တို့ကြောင့် ဘာသာခြားများ၏ ကြည်ညိုမှုကိုပင်ခံရသည်။ ထို့ပြင် မြို့မစာသင်တိုက်နှင့် တွဲဖက်၍ တည်ထောင်ထား သော မြို့မ သာသနာ့ရိပ်သာတွင် ယောဂီအပေါင်းတို့အား တရားပြသခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

ဤသို့ သာသနာ့ အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာ ကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ၄၀၆သည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ကို ရရှိတော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဇောတိပါလ

ဇောတိပါလ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက် (မြန်မာ ၁၂၀၃–) ။ ။ဆရာတော် ဘဒ္ဒန္တ ဇောတိပါလကို ပဲခူးတိုင်း ကဝ မြို့ နိဗ္ဗာန်ရွာ ခမည်းတော် ဦးဘိုးသုံ၊ မယ်တော် ဒေါ်အုန်းပွင့်တို့မှ ၁၂၀၃ ခုနှစ် နယုန်လဆန်း ၂ ရက် အင်္ဂါနေ့ နံနက် ဂ နာရီတွင် ဖွားမြင်သည်။ မွေးချင်း ကိုးယောက်တွင် ပဉ္စမမြောက် သားရတနာဖြစ်သည်။ အမည်မှာ မောင်ကြာခိုင် ဖြစ်သည်။

၁၂၉၄ ခုနှစ် ကဆုန်လဆန်း ၃ ရက် တနလ်္ဂာနေ့ ၂ နာရီတွင် မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကဝမြို့ နိဗ္ဗာန်ရွာကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်ဇောတိပါလ ဟူသော ဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၀၂ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် ကြာသပတေးနေ့ နံနက် ဂ နာရီတွင် မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါယမကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက် သီလဝိသောဓနီ မဂ်လာသိမ်တော်၌ ကာရက သံဃာ ၂၀ဖြင့် မြင့်မြတ်သောရဟန်း အဖြစ်သို့ရောက်သည်။

အတန်းကျောင်း၌ လေးတန်းအထိသင်ကြားပြီးနောက် ကဝမြို့ နိဗ္ဗာန်ရွာကျောင်း အရှင် သုမန၊ ကြခတ်ဝိုင်း ကျောင်း အရှင် သုဇာတတို့ထံ၌ ဂဏန်းသခ်ျာနှင့် ဗေဒင် ပညာတို့ကို သင်ယူသည်။ ထို့နောက် ပဲခူး၊ ပြွန်တန်ဆာ၊ ရန်ကုန်၊ ညောင်တုန်း၊ မန္တလေး၊ စစ်ကိုင်း စသော မြို့ကြီးများသို့ ကြွရောက်၍ ပရိယတ္တိစာပေများကို သင်ယူသည်။ ဂျပန်ခေတ်၌ ညောင်တုန်းမြို့ ရွှေဟင်္သာတောရဆရာတော် ဘုရားကြီး ဦးဝါယမ၊ စာချုနာယကဆရာတော် ဘဒ္ဒန္တသံကိစ္စ၊ ဘဒ္ဒန္တဝိမလ (အဘိဓဇမဟာရဋ္ဌဂုရု)၊ဘဒ္ဒန္တဉာဏဝံသတို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို သင်ယူသည်။ ထို့ပြင် မန္တလေးမြို့ တောင်ပြင်မြင်းဝန်တိုက် ပတ္တမြားဆရာတော် ဦးဥက္ကံသ၊ ဒက္ခိဏာရုမ ဘုရားကြီး တိုက်ဆရာတော် ဦးကြေယ်၊ ဆရာတော် ဦးနာရဒ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဦးပဏ္ဍဝ စသော ဆရာတော်ကြီးများထံ၌ ဆက်လက်သင်ကြားတော်မူခဲ့သည်။ ဆရာတော်သည် နိုင်ငံတော်အစိုးရ ပါဠိတက္ကသိုလ် စာချုတန်းကို ဂုဏ်ထူးများနှင့်တကွအောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့နှင့် သာသနဓဇ သီရိပဝရဓမ္မာစရိယဘွဲ့၊ ပဲခူးမြို့ ဝိနယာဓိကစာမေးပွဲတွင် ဝိနည်းငါးကျမ်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အောင်မြင်သဖြင့် ဝိနယာဓိက ပရိယတ္တိသိရိပဝရဓမ္မာစရိယ ဘွဲ့များကို ရရှိသည်။

ဆရာတော်သည် ၁၃၁၂ ခုနှစ် ရဟန်းသိက္ခာဆယ်ဝါအရွတ်တွင် ကြခတ်ဝိုင်းကျောင်းတိုက်ကြီးကို အပ်နှံခြင်းခံရသည်။ ထိုအချိန်မှစ၍ ပရိယတ္တိစာပေများကို ၃၈ နှစ် တိုင်တိုင် ပို့ချခဲ့ရာ ဝါဆိုသံဃာ ရှစ်ပါး ရှိရာမှ ယခုအခါ သံဃာတော် ၆၀၀ ကျော်အထိ တိုးတက်လျက်ရှိသည်။ စာချသက် ၃၈ နှစ်အနက် ၁၉၇၉ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ အနီးကပ် ၁၀ နှစ်အတွင်း ဆရာတော်၏ ကျောင်းတိုက်မှ အစိုးရ ပါဠိပထမပြန်စာမေးပွဲ စာချတန်းတွင် ၁၂၁ ပါး၊ ပထမကြီးတန်းတွင် ၂၇၉ ပါး၊ ပထမလတ်တန်းတွင် ၄၀၀ ပါး၊ ပထမငယ်တန်းတွင် ၄၈၉ ပါးနှင့် မူလတန်းတွင် ၂၁၆ ပါး ပေါ်ထွက်ခဲ့သည်။

ထို့ပြင် ၁၃၅၀ ပြည့်နှစ် တစ်နှစ်တည်း၌ပင် အစိုးရပထမပြန်၊ သက္ကသိဟ၊ စေတီယင်္ဂ၊ သုသမာစာရ၊ သုဝဏ္ဏဘူမိ၊ ဝိနယာဓိက၊ ဝိနယတံခွန်၊ ပဲခူး သာမဏေကျော်၊ ရန်ကုန်သာမဏေကျော်၊ မန္တလေးသာမဏေကျော်၊ သာသနမူလ စသော စာမေးပွဲစုံ၊ အတန်းစုံအောင်မြင်ကြသော ပုဂ္ဂိုလ်များမှာ ၄၂၂ ပါးဖြစ်သည်။

စာပေပို့ချရင်း ရေးသားသော ကျမ်းများမှာ မဟာဝဂ္ဂါဒိ ဂန္ထသတ္ထက ပါဠိပါရဂူကျမ်း၊ ပလ္လင်္ကာ ဒီကပိုယာကပိုယ ဝိနိစ္ဆယကျမ်း၊ ပရိပုဏ္ဏာ ဝိသတိဝဿဝိနိစ္ဆယကျမ်း၊ သီမာသမ္ဗေတိကမ္မဝိနိစ္ဆယကျမ်း၊ ပဲခူးမြို့ မဟာစေတီတော်သမိုင်း၊ အရည်ဝါသီ ရွှေကျင်နိကာယသမိုင်း၊ ဦးသီလဗိမာန်တော်သမိုင်း၊ ပဲခူးရာဇဝင်နှင့် ဗုဒ္ဓဝင်အကျဉ်းချုပ်၊ ဘုန်းတော်ကြီး ဦးသီလထေရပွတ်တို၊ သာသနဝံသ သတ္တမ ဝိဘာဝနီ၊ ကျိုက်ပွန်ဘုရား အတ္ထုပ္ပတ္တိ ဝိဘာဝနီ၊

ကျိုက်ပေါစေတီ အတ္ထုပ္ပတ္တိ ဝိဘာဝနီ၊ ကျိုက်သလွန်လျှောင်းတော်မူ ဝိဘာဝနီ၊ အရိယ အဂ္ဂက္ခဏ ဝိဘာဝနီ၊ ဘာဝနာရသဝိဘာဝနီ(ပ/ဒု)၊ အမတရသဝိဘာဝနီ(ပ/ဒု) ပါဠိ နယ ပဥ္စာ ဗျာကရဏ ဝိဘာဝနီတို့ ဖြစ်သည်။ ၃ဂ နှစ်အတွင်း စာသင်သံဃာများစွာရှိသော ပဲခူးမြို့ သာသနာ့ လင်းရောင်ခြည် ကျောင်းတိုက်၊ တောင်စွန်းမြို့ စမ်းအေးမြိုင်ကျောင်းတိုက် စသော ပရိယတ္တိသာသနာပြုကျောင်းတိုက်ခဲ့ ၁၂ တိုက်လည်း တိုးပွားခဲ့သည်။ ၁၂၃၃ ခုနှစ်မှစ၍ ကျင်းပခဲ့သော ငါးမြို့နယ် ဝိနည်းစာပြန်ပွဲကြီးကို ယခု ၁၁ဂ ကြိမ်မြောက်အထိ ခုနှစ်ရက် စာပြန်၊ ခုနှစ်ည တရားပွဲလုပ်၍ အရှိန်အဟုန်မပျက် ကျင်းပခဲ့သည်။ ၁၂၂၆ ခုနှစ်မှစ၍ ကျင်းပခဲ့သော ငါးမြို့နယ် သံဃာ့ပဝါရဏာပွဲကြီးကိုလည်း ယခု ၁၂၅ ကြိမ်မြောက်အထိ တစ်နှစ်မှမပျက်ဘဲ ကျင်းပခဲ့သည်။ သာသနာတော်အတွက် ဆရာတော်၏ ထူးခြားသော ဆောင်ရွက်ချက်များကြောင့် ကောဒသမ အကြိမ် ရွှေကျင်နိကာယ ပြည်လုံးကျတ် သံဃာ့ အစည်းအဝေးကြီးက ပေးအပ်သော "ရွှေကျင်နိကာယ သံဃဘာရ နိတ္ထာရက သာသနာပြုဆရာတော်" ဟူသောဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် ပဲခူးမြို့ ရွှေသာလျှောင်းဂေါပကအဖွဲ့၊ ရွှေမောဓော ဂေါပကအဖွဲ့၊ မဟာစေတီတော်ဘုရားဂေါပကအဖွဲ့၊ ကိုးဆူဓာတ်ပေါင်းဘုရား ဂေါပကအဖွဲ့၊ သွန်းတော်မူဘုရားကြီး ဂေါပကအဖွဲ့၊ ဝိနယတံခွန် ပရိယတ္တိစာမေးပွဲအဖွဲ့၊ ဝိနယာဓိက ပရိယတ္တိ စာမေးပွဲအဖွဲ့၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲအဖွဲ့၊ ငါးမြို့နယ် ရွှေကျင်ဝိနည်းစာပြန်ပွဲအဖွဲ့၊ မိုးကုတ် ပရိယတ္တိလုပ်ငန်းစဉ်အဖွဲ့၊ ငါး မြို့နယ်ရွှေကျင် ပဝါရဏာအဖွဲ့နှင့် သထုံမြို့သုဝဏ္ဏဘုမ္မပရိယတ္တိသာသနဟိတအသင်း၊ အဖွဲ့အသင်း ၁၂ ခု တို့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ အမှတ်(၁) နိုင်ငံတော်သီးခြားဝိနည်းဓိရ်၊ မွန်ပြည်နယ် ကရင်ပြည်နယ် ဆိုင်ရာ (ဒုတိယနှစ်) ရွှေကျင်ဂိုဏ်းဖွဲ့စည်းရေး တာဝန်ခံ၊ ရွှေကျင်နိကာယဂိုဏ်းလုံး ဗဟိုသံဃာ့ဝန်ဆောင်၊ ဂိုဏ်းလုံး ဗဟိုဝိနည်းဓိရ်၊ ဂိုဏ်းလုံးသာသနာပြုနယ်လှည့်ဓမ္မကထိက၊ ငါးမြို့နယ် ဂိနည်းစာပြန်ပွဲဂိုဏ်းဝန်ဆောင်၊ ရွှေကျင်နိကာရ ဂိုဏ်းထောက်၊ ရွှေကျင်နိကာယ သံဃာ့ ကိုယ်စားလှယ်၊ ပါဠို ပထမပြန်စာမေးပွဲ ပညာရေး စီမံကိန်း ပြင်ဆင်ဖြည့်စွက်ရန် ၁၃ ပါး အကြံပေးအဖွဲ့၌ သဘာပတိ၊ မဟာစေတီတော်ဘုရား ပြန်လည် တည်ဆောက်ရေးအဖွဲ့ နာယက စသော သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်

တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ဇောတိပါလသည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။


ဉာဏဝရာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ အရှေတောင်မြို့နယ်၊ညောင်ကန်ကျောင်းတိုက် အောင်မြေရတနာကျောင်း (မြန်မာ ၁၂၇၅–)။ ။ဆရာတော်ဘဒ္ဒန္တ ဉာဏဝရာကို မန္တလေးတိုင်း တောင်သာမြို့နယ် လက်သဲကျင်ရွာ ခမည်းတော် ဦးချစ်မောင်၊ မယ်တော် ဒေါ်မြတင်တို့မှ ၁၂၇၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်အနက် ဒုတိယ မြောက်သားရတနာဖြစ်၍ အမည်မှာ မောင်စံရွှေဖြစ်သည်။

၁၂ နှစ်သားအရွယ်တွင် အဘိုးအဘွားဖြစ်သူ ကျောင်းဒါယကာ ဦးဖေ၃၊ ကျောင်းအမ ဒေါ်စိုးနှင့် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် လက်သဲကျင်ဝေဌယန္တာတိုက်ဆရာတော် ဦးပဏ္ဍဝကို ဥပဇ္ဈာယ်ပြု၍ ရှင်ဉာဏဝရ ဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၂၉၅ ခုနှစ် တပို့တွဲလဆန်း ၁၅ ရက် နံနက် ၁၀ နာရီတွင် မလှိုင်မြို့နယ် ပန်းအိုင်မင်္ဂလာရာမတိုက် လေးမြို့နယ် ဂိုဏ်းချုပ်ဆရာတော် ဦးဝါသဝကို ဥပဇ္ဈာယ်ပြု၍ လက်သဲကျင်ရွာ အနောက်ကျောင်း ခဏ္ဍသိမ်၌ အဘိုးအဘွား မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်။ အဘိုးအဘွားတို့ကပင် ၁၂၉၆ ခုနှစ် ကဆုန်လတွင် တစ်ကြိမ်၊ ဝါဆိုလတွင် တစ်ကြိမ် သိမ်ထပ်မင်္ဂလာပြုလုပ်သည်။

လက်သဲကျင်ရွာ ဆရာကြီးဦးဖိုးတုတ်ကျောင်းမှ စတုတ္ထတန်း အောင်ပြီး သာမဏေဘဝတွင် ပန်းအိုင်မင်္ဂလာရာမတိုက် ဆရာတော်များထံတွင် သဒ္ဒါ၊ သင်္ဂြိဟ်၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက် စသောကျမ်းများကို သင်ယူ၍ တောင်သာမြို့ ဆယ်တွင်းချောင် ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ အဂ္ဂမဟာပဏ္ဍိတထံတွင် ရူပသိဒ္ဓိစာကိုယ်ဋီကာနှင့် သဒ္ဒနီတိ ပဒမာလာ၊ ဓာတုမာလာ၊ သုတ္တမာလာ ကျမ်းများကို သင်ယူသည်။

ထို့နောက် မန္တလေးမြို့ ညောင်ကန်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဣန္ဒာဝုဓထံတွင် ကခ်၂၊ သခ်ၤပဝဏ္ဏနာ၊ အဋ္ဌသာလိနီ၊ ဘဒ္ဒန္တကေဝလထံတွင် ဘေဒစိန္တာ



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဥာဏဝရာဘိဝံသ

ကစ္စာယနသာရ၊ ဂန္ထာဘရဏ၊ ဝစ္ဆဝါစက၊ ရွှေရေးဆောင်တိုက် ဘဒ္ဒန္တ ပဏ္ဍဝံသထံတွင် သဒ္ဒါကြီး၊ အဋ္ဌသာလိနီ၊ မူလဋီကာ၊ အာသေဝကာရာမတိုက် ဘဒ္ဒန္တတေဇနိယ အဂ္ဂမဟာပဏ္ဍိတထံတွင် ဆန်း၊ အလင်္ကာ၊ ကစ္စာယနသာရ၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဘဒ္ဒန္တ နာရဒါဘိဝံသထံတွင် သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ၊ ပါရာဇိက ကဏ္ဍပါဠိ အဋ္ဌကထာ၊ ဥာဿကောက် နေတ္တိဟာရကောက်ကျမ်းများ၊ ဘဒ္ဒန္တဉာန္ဒာဝသဘ ထံတွင် ရူပသိဒ္ဓိစာကိုယ်ဋီကာ၊ ဝိသုဒ္ဓိမဂ်ကျမ်း၊ အမရပူရမြို့ မဂ်လာတိုက် ဘဒ္ဒန္တ ဓမ္မသာမိထံတွင် မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း၊ လယ်တီဘဒ္ဒန္တကောဝိဒထံတွင်ကဗျာစာပေများကို သင်ယူခဲ့သည်။

သာမဏေဘဝဖြင့် တောင်သာမြို့ လယ်တီ ပရိယတ္တိသံခိပ် စာမေးပွဲကိုးပိုင်း၊ ပထမငယ်၊ ပထမလတ်စာမေးပွဲ၊ သာစည်မြို့ဥက္ကင်းပသော သဒ္ဒါ၊ သဂ်ီဟ၊ ဓာတုကထာ၊ ယမိုက်၊ ပုဒ်စစ်၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ အလင်္ကာ၊ ဆန်း၊ အဘိဓာန် အာဂုံပြန်စာမေးပွဲများကို အောင်မြင်သည်။ ရဟန်းဖြစ်ပြီးနောက် ပထမကြိမ်တန်း၊ ဂျပန်ခေတ် ဝိနည်းငါးကျမ်း တို့ကို အောင်မြင်သည့်အပြင် မန္တလေးမြို့ သကျသီဟ ပရိယတ္တိသာသနဟိတ အသင်းကြီးက ဆက်ကပ်လှူဒါန်းသော ဘဒ္ဒန္တဉာဏဝရာဘိဝံသ ဓမ္မာစရိယ မူလစာချုပ်သော ဘွဲ့ကိုလည်းရရှိခဲ့သည်။

ဆရာတော်သည် လွတ်လပ်ရေးရပြီးစ အချိန်မှစ၍ သဒ္ဒါ၊ သဂ်ီဟ၊ ဇာတ်အဋ္ဌကထာ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ဝိနည်း၊ အလင်္ကာ၊ သီလက္ခန္ဓဝဂ္ဂပါဠိ၊ အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ တို့ကို ညောင်ကန်ကျောင်းတိုက် အလယ်တိုက် အပေါ်ထပ်တွင် စာသင်သံဃာ ၁၅၀ ကျော်တို့အား တစ်နေ့လျှင်နှစ်ကြိမ် ယနေ့တိုင် ပို့ချလျက်ရှိပြီး ဆုတောင်းခန်းပျို့ မဟာဋီကာ၊ တွင်းကြီးနိယံ အဖြေသစ်၊ အလင်္ကာအကောက်နိယံ၊ သီလက္ခန္ဓဝဂ္ဂဂဏ္ဌိသစ်တို့ကို ရေးသားသည်။

ဆရာတော်သည် ညောင်ကန်ကျောင်းတိုက် ပါဠိတက္ကသိုလ်ကျောင်းအုပ်၊ ပါဠိတက္ကသိုလ်ဗဟိုကိုယ်စားလှယ် ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးတာဝန်ခံ၊ ခုံဝိနည်းဓိုရ်၊ သဒ္ဒနီတိပဒ၊ ဓာတု၊ သုတ္တမာလာနိဿယ ပဋ္ဌိဝိသောဓက၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မန္တလေးတောင်တော် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စသည်ဖြင့် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။


ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ဥာဏဝရာဘိဝံသသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဩဇာတိုးပွားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။

တေဇောဘာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးတိုင်း ပေါင်းတည်မြို့၊ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း (မြန်မာ ၁၂၀၄–) ။

။ ဆရာတော် ဘဒ္ဒန္တ တေဇောဘာသာဘိဝံသကို ပဲခူးတိုင်း ပေါင်းတည်မြို့ တောင်ကုန်းရွာ ခမည်းတော် ဦးစာဖြူ၊ မယ်တော် ဒေါ်ပန်းမြတို့မှ ၁၂၀၄ ခုနှစ် နတ်တော်လဆန်း ၇ ရက် နံနက် ၁ နာရီတွင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာဖြစ်သည်။

၁၃၀၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၂ ရက် အင်္ဂါနေ့တွင် ပေါင်းတည်မြို့ အင်းကြီးတောင်ကျောင်း (ဦးရီး) ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်တေဇောဘာသဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်သည်။

၁၃၀၄ ခုနှစ် နှောင်းတန်ခူး လဆန်း ၅ ရက် သောကြာနေ့ နံနက် ၈ နာရီ ၁၉ မိနစ် ၁၅ စက္ကန့် ၁၂



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ

ဖဝါး ၁ ဖိလာအချိန်တွင် ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း အဂ္ဂမဟာပဏ္ဍိတ ကိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပုညာဘိဓဇကို ဥပဇ္ဈာယ်ပြုတော်မူလျက် ပေါင်းတည်မြို့ အရွှေလမ်း စိန်ရွှေရတနာကုန်သည် (ရွှေ) ဦးသိမ်း – ဒေါ်ဒေါ်ကြိုင်၊ ညီ မောင်ညိမ်း၊ သား ဒေါက်တာ ဝင်းမောင်၊ သမီး ဒေါက်တာ အေးမိခင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ၁၀ နှစ်သားအရွယ်တွင် စတုတ္ထတန်း၊ ၁၃ နှစ်သားအရွယ်တွင် သတ္တမတန်းအောင်မြင်ပြီးသောအခါ ပေါင်းတည်မြို့ အင်းကြီးတောင်ကျောင်း (ဦးရိုး)ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသထံတော်၌ ပရိယတ္တိစာပေများကိုသင်ကြားခဲ့သည်။ ထို့နောက် ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း (အဂ္ဂမဟာပဏ္ဍိတ) ကိုဏ်းချုပ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပုညာဘိဓဇ၊ ဓမ္မာစရိယ စာချဆရာတော်များဖြစ်သော ဘဒ္ဒန္တဝိလာသ၊ ဘဒ္ဒန္တရေဝတ၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသတို့ထံ၌လည်းကောင်း၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ပဓာနနာယက၊ ပါဠိတက္ကသိုလ် ပထမဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ တေဇနိယ၊ ဓမ္မာစရိယစာချ ဘဒ္ဒန္တ သုမင်္ဂလတို့ထံ၌လည်းကောင်း၊ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် သာသနဇောတိကာရုံကျောင်း ဘဒ္ဒန္တ နာရဒါဘိဝံသထံ၌လည်းကောင်း ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

ဆရာတော်သည် ၁၃၀၈ ခုနှစ်မှ ၁၃၁၀ ပြည့်နှစ်ထိ အစိုးရစာမေးပွဲ ငယ် လတ် ကြီး တန်းများကို လည်းကောင်း၊ ၁၃၁၁ ခုနှစ်တွင် စေတီယင်္ကာ ပရိယတ္တိစာသင်တန်း၊ ၁၃၁၃ ခုနှစ်တွင် စေတီယင်္ကာ ပရိယတ္တိမမ္မာစရိယစာချတန်းနှင့် ၁၃၁၄ ခုနှစ်တွင် အစိုးရမမ္မာစရိယ စာချတန်းတို့ကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။ ထို့နောက် ၁၃၁၈ ခုနှစ် စေတီယင်္ကာ ပရိယတ္တိအသင်းကြီးမှ ဆက်ကပ်လှူဒါန်းသော အဘိသိရိပဝရသာသနာလင်္ကာရ ဒီဃနိကာယဓရဘွဲ့တော်ကို ရရှိသည့်အပြင် တိပိဋကဓရစာမေးပွဲကြီး၏ ဝိသိဋ္ဌဒီဃဘာဏကဘွဲ့တော်နှင့် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်များကို ရရှိခဲ့သည်။

၁၃၂၂ ခုနှစ်တွင် ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိကာရုံကျောင်း ပဓာနနာယက ဆရာတော်အဖြစ် ကြီးမှူးအုပ်ချုပ်တော်မူလျက် စာသင်သားတပည့်များအား ပိဋကတ်ဆိုင်ရာ ကျမ်းစာများကို အားသွန်ခွန်စိုက်ပို့ချတော်မူရင်း ပေါင်းတည်မြို့ မြတ်စွယ်တော်အတ္ထုပ္ပတ္တိသမိုင်းသစ်၊ ဓမ္မ စကြာပါဠိတော်နိဿယ ပရာဘဝသုတ်ပါဠိတော်နိဿယ၊ ကစ္စာယနနိယ်၊ မာတိကာ၊ ဓာတုကထာနိယ်၊ ကထိန ဒါနာဒိ ပဉ္စဗျာကရဏစာစောင် ကျမ်းများကို ပြုစုသည်။

ဆရာတော်သည် ပေါင်းတည်မြို့ သက္ကမုနိ မိုးကောင်းဘုရားကြီးနှင့် မြတ်စွယ်တော်ဂေါပကအဖွဲ့ကြီး၏ သြဝါဒိစရိယ၊ ရွှေကျောင်းကြီးတိုက်၏ တာဝန်ခံ အကျိုးတော်ဆောင်၊ ပေါင်းတည်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာဂိုဏ်းကြီး၏ အကျိုးဆောင်ချုပ်၊ မှော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ ပြည်ခရိုင်ကိုယ်စားလှယ်၊ ပြည်အခြေခံဒေသသံဃသမ္မုတိသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တံဖက် အကျိုးတော်ဆောင် စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာဃေရ၊ ပရိယတ္တိဝိသာရဒ လင်္ကာပေသလ၊ သိက္ခာကာမ စသောဂုဏ်တို့နှင့် ကုံလုံ ပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ တေဇောဘာသာဘိဝံသသည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို အလှူခံရရှိတော်မူသည်။

တောင်အာဖရိကနိုင်ငံ။ ။ တောင်အာဖရိကနိုင်ငံဌ ၁၉၀၄ ခုနှစ် စက်တင်ဘာလမှစ၍ လူမည်းမြို့နယ်များ အုံကြွမူဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် ပုလိပ်နှင့် ရုန်းရင်းဆန်ခတ်ဖြစ်၍လည်းကောင်း၊ ပြိုင်ဘက် လူမည်းအုပ်စုအချင်းချင်း တိုက်ခိုက်၍လည်းကောင်း သေဆုံးသူဦးရေ ၃,၅၀၀ ကျော်ပြီဟု ၁၉၀၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်သော တောင်အာဖရိက ပြုပြင်ရေး လမ်းညွှန်စိမံကိန်းအဖွဲ၏ အစီရင်ခံစာ၌ ဖော်ပြသည်။ ၁၉၀၆ ခုနှစ် ဇွန်လတွင် အစိုးရက နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အမိန့်ကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် သေဆုံးသူဦးရေ ပိုမိုများပြားလာသည်ဟု ဆိုသည်။ ၁၉၀၆ ခုနှစ် ဇွန်လမှ ၁၉၀၇ ခုနှစ် ဇွန်လထိ ကာလအတွင်း ၇၃၁ ဦး သေဆုံးခဲ့ပြီး ၁၉၀၇ ခုနှစ် ဇွန်လမှ ၁၉၀၈ ခုနှစ် ဇွန်လထိကာလအတွင်း ၉၃၀ ဦး သေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။ ဇူလူးအင်ကာသာ လှုပ်ရှားမှုအဖွဲ့နှင့် ညီညွတ်သော ဒီမိုကရက်တစ်တပ်ဦးအမည်ရှိ အသားအရောင် ခဲ့ခြားရေး ဝါဒ ဆန့်ကျင်မှု ညှိနှိုင်းအဖွဲ့တို့ နက်တဲပြည်နယ်၌ သြဇာအာဏာ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည့် လွန်ခဲ့သော နှစ်နှစ်တာ ကာလအတွင်း လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ခြင်းကိုလည်း ယင်းအစီရင်ခံစာပါ ကိန်းဂဏန်းများတွင် ထည့်သွင်းဖော်ပြသည်။

တောင်အာဖရိကနိုင်ငံတွင် သက်တမ်းသုံးနှစ်ကြာခဲ့ပြီဖြစ်သော အရေးပေါ် အခြေအနေအမိန့်ကို နောက်ထပ် ၁၂ လ တိုးမြှင့်ပြဋ္ဌာန်းကြောင်းဖြင့် ၁၉၀၉ ခုနှစ် ဇွန်လတွင် သမ္မတ ပီ ဒဗလျူ ဘိုသာက ကြေညာသည်။ လူနည်းစု လူဖြူအစိုးရကို ဆန့်ကျင်သည့် အုံကြွမှုများကို ယင်းအမိန့်ဖြင့် ဖိုခဲ့ခဲ့သည်။ နိုင်ငံရေးအဖွဲ့အစည်း ၃၂ ဖွဲ့ကို ပိတ်ပင်ခဲ့သည်။ အစိုးရနှင့် သဘောထားကွဲလွဲသူ ၅၀၀ ကျော်ကို အကျယ်ချုပ် ချထားခဲ့သည်။ လူမည်း ဆန္ဒပြပွဲများကို သတင်းယူမည့် သတင်းထောက်များအား ယင်းအမိန့်ဖြင့် ဟန့်တားခဲ့သည်။ တရားစစ်ဆေးမှု မရှိဘဲ လူ ၃၀,၀၀၀ ထိ ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးချုပ်နှောင်မှုသည် ၁၉၀၆ ခုနှစ်တွင် အများဆုံးဖြစ်သည်။ ၁၉၀၀ ခုနှစ် ဇွန်လ နောက်ပိုင်းတွင်ပင် လူ ၂,၃၀၀ ထက်မနည်းကို ဖမ်းဆီးချုပ်နှောင်ခဲ့သည်ဟု ဆိုသည်။

တောင်အာဖရိကနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးအတွက် အားယူနေသည့် ၁၉၀၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များ အတွင်းအစောင်တံခံ ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် နိုင်ငံရေးအကျဉ်းသား ၂၁ ဦးမှအပ ကျန်အကျဉ်းသားများကို ပြန်လွှတ်ပေးခဲ့သည်။

ထို့ပြင် ၁၉၅၀ ပြည့်နှစ်က အုပ်စုနယ်မြေကန့်သတ်ခြင်းဆိုင်ရာ ဥပဒေအရ လူမျိုးနှင့် အသားအရောင်အလိုက် သီးခြားစီ နေထိုင်ရန် ချမှတ်ခဲ့သည့် တောင်အာဖရိက အစိုးရသည် ၁၉၈၉ ခုနှစ် မတ်လ ၃ ရက်နေ့တွင် လူမျိုးစုံ ရောနှောနယ်မြေများ ဝန်းရံတည်ထောင်ခွင့်ပြုသည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းသို့သော နယ်မြေများ စုစည်းတည်ထောင်ခွင့်ကို အဆုံးအဖြတ်ပြုနိုင်မည့် အဖွဲ့ဝင်ရှစ်ဦးပါ ဘုတ်အဖွဲ့ကို ဖွဲ့စည်းပေးသည်။ ယင်းဘုတ်အဖွဲ့တွင် လူမည်းတစ်ဦး ပါရှိသည်။ အဆိုပါ ဥပဒေသစ်အရ လူမျိုးပေါင်းစုံသည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ပထမဆုံးအနေဖြင့် တစ်နယ်မြေတည်းတွင် ဥပဒေနှင့်အညီ အတူယှဉ်တွဲနေထိုင်ခွင့် ရရှိလာပေသည်။

လူဖြူအစိုးရကို ဖြုတ်ချရန် ကြံစည်မှုဖြင့် ထောင်ဒဏ်တစ်သက် ချမှတ်ခံရ၍ ၂၆ နှစ်တိုင် အကျဉ်းကျခံနေဆဲဖြစ်သော အာဖရိက အမျိုးသားကွန်ဂရက် (အေ အင် စီ) ခေါင်းဆောင် နယ်လဆင် မန်ဒဲလားကို ၁၉၆၉ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ဆမွတ ပီ ဒဗလျူ ဘိုသာက တွေ့ဆုံဆွေးနွေးသည့် ဖြစ်ရပ်သည် အလွန်ပင် ထူးခြားသည်။ ကိတ်တောင်းမြို့ရှိ သမ္မတရုံးခန်း၌ ၄၅ မိနစ်တာမျှ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးတိုက်ပွဲကို စွန့်လွှတ်ပါမည်ဟု ကတိပေးလျှင် အကျဉ်းထောင်မှလွှတ်ပေးမည်ဟု သမ္မတက ကမ်းလှမ်းခဲ့သည်။ မန်ဒဲလားက ယင်းကမ်းလှမ်းချက်ကို ပယ်ချခဲ့သည်။

တောင်အာဖရိကနိုင်ငံ သမ္မတ ပီ ဒဗလျူ ဘိုသာသည် ၁၉၆၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အာဏာရ အမျိုးသားပါတီ၏ ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သည်။ ၁၉၄၈ ခုနှစ်မှစ၍ တောင်အာဖရိကနိုင်ငံကို အုပ်စိုးလာခဲ့သော ယင်းပါတီ၏ အဖွဲ့ဝင်များသည် ရှေးရိုးဝါဒီ ပညာရေးဝန်ကြီး အက်ဖ် ဒဗလျူ ဒီကလပ်ကို ပါတီခေါင်းဆောင်သစ်အဖြစ် ရွေးချယ်တင်မြှောက်သည်။

အာဏာရ အမျိုးသားပါတီသည် လူဖြူလွှတ်တော်၌ ၁၇၈ နေရာရှိသည့်အနက် ၁၃၃ နေရာကို ရရှိထားသည်။ ကွန်ဆာဗေးတစ် ပါတီက ၂၃ နေရာ၊ ဒီမိုကရက် ပါတီက နေရာ ၂၀ အသီးသီးရရှိထားသည်။ ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပြီးသော ပီ ဒဗလျူ ဘိုသာအား သမ္မတအဖြစ်မှလည်း နုတ်ထွက်ရန် အမျိုးသားပါတီ အမတ် ၁၃၃ ဦး အနက် အများစုက တောင်းဆိုခဲ့သည်။ ထို့ကြောင့် ဘိုသာသည် ရာထူးမှ နုတ်ထွက်ပေးလိုက်ရာ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ပါတီခေါင်းဆောင်သစ် အက်ဖ် ဒဗလျူ ဒီကလပ်ကပင် သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ (၁၉၇၉)

။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လည်းကောင်း၊ နိုင်ငံတကာ၌ လည်းကောင်း သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေအနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် ပုဂ္ဂိုလ်များ ရှိကြသည်။

မြန်မာ

ရဟန်းတော်များ

– ကုမာရ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၉ နှစ်)
စစ်ကိုင်းတိုင်း၊ ရေဦးမြို့ လေးထပ်ကြီး ပရိယတ္တိ စာသင်တိုက်၏ ပမာနနာယက၊
(၁၃၅၁ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက် ပျံလွန်တော်မူသည်။)

– ကောသလ္လ၊ ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု (သက်တော် ၁၀၄ နှစ်)
နိုင်ငံတော် သြဝါဒါစရိယ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊
(၁၃၅၁ ခုနှစ် နတ်တော်လဆုတ် ၄ ရက် ပျံလွန်တော်မူသည်။)

– စန္ဒရုံသီ၊ ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု (သက်တော် ၈၉ နှစ်)
နိုင်ငံတော် သြဝါဒါစရိယ၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမတိုက်ကြီး၏ ပဓာနနာယက၊
(၁၃၅၀ ပြည့်နှစ် တပေါင်းလဆန်း ၁၁ ရက် ပျံလွန်တော်မူသည်။)

– ဇောတယ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၁၀၄ နှစ်)
ကောဒသမမြောက် ရွှေကျင်သာသနာပိုင်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊
(၁၃၅၁ ခုနှစ် နတ်တော်လဆန်း ၅ ရက် ပျံလွန်တော်မူသည်။)

– ဉာဏုတ္တရာဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၉၁ နှစ်)
နိုင်ငံတော် သြဝါဒါစရိယ၊ ပန်းတောင်းမြို့ သဒ္ဓမ္မဝံသ ပေါင်းတည်ကျောင်းတိုက် ဦးစီးမဟာနာယက၊
(၁၃၅၁ ခုနှစ် တော်သလင်းလဆန်း ၁ ရက် ပျံလွန်တော်မူသည်။)

– နရဒါဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၆ နှစ်)
နိုင်ငံတော် သြဝါဒါစရိယ၊ မန္တလေး မစိုးရိမ်ကျောင်းတိုက် ဆဋ္ဌမမြောက် မဟာနာယက၊
(၁၃၅၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက် ပျံလွန်တော်မူသည်။)

– နန္ဒဝံသ၊ ဘဒ္ဒန္တ (သက်တော် ၉၇ နှစ်)
နိုင်ငံတော် သြဝါဒါစရိယ၊ ဝေါမြို့ ကန်ဦးကျောင်းတိုက် ပဓာနနာယက၊
(၁၃၅၀ ပြည့်နှစ် တပေါင်းလဆုတ် ၁၂ ရက် ပျံလွန်တော်မူသည်။)

– သုန္ဒရာဘိဝံသ၊ ဘဒ္ဒန္တ၊ ဓမ္မာစရိယ ပါဠိပါရဂူ (သက်တော် ၇၁ နှစ်)
နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊ စမ်းချောင်း ဝေဠုဝန်ကျောင်းတိုက် မဟာနာယက၊
(၁၃၅၁ ခုနှစ် ဝါခေါင်လဆန်း ၉ ရက် ပျံလွန်တော်မူသည်။)

– အရှင်အာနန္ဒာ (The Most Rev. Friedrich V. Lustig) (သက်တော် ၇၇ နှစ်)
လိုင်းလက် ကဗျာစာဆို သရဖူဘွဲ့ရ ဆရာတော်၊
(၁၃၅၀ ပြည့်နှစ် တပေါင်းလဆုတ် ၁၄ ရက် ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

– ကျော်မြင့်၊ ဒေါက်တာ (အသက် ၉၁ နှစ်)
LL.D အငြိမ်းစား ဥပဒေမဟာဌာနမှူး (ရန်ကုန် တက္ကသိုလ်)။
(၁၁-၅-၈၈ ကွယ်လွန်သည်။)

– ခင်ဇော်၊ ဦး (K) (အသက် ၈၄ နှစ်)
အငြိမ်းစားညွှန်ကြားရေးဝန် (မြန်မာ့အသံ)၊ အထူးအကြံပေးပုဂ္ဂိုလ် (ဂီတ)။
(၇-၅-၈၉ ကွယ်လွန်သည်။)

– စပါယ်ရှယ်၊ ဦး (အသက် ၆၇ နှစ်)
နိုင်ငံတော် လူရွှင်တော်ကြီး (ယဉ်ကျေးမှုဝန်ကြီးဌာန)
(၂၅-၁၂-၈၈ ကွယ်လွန်သည်။)

– စိုး၊ သခင် (အသက် ၈၃ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ၊ တို့ဗမာအစည်းအရုံးဝင်။
(၄-၅-၈၉ ကွယ်လွန်သည်။)

– စိန်ကုလား၊ ဦး (အသက် ၆၄ နှစ်)
ဆိုဗီယက်ပြန် မြန်မာ့ဆိုင်းပညာရှင်။
(၁၈-၂-၈၉ ကွယ်လွန်သည်။)

– စိန်ကြိုင်၊ ဦး (အသက် ၇၀ နှစ်)

စိန်မဟာသဘင် ဇာတ်မင်းသားကြီး။
(၂၁-၉-၀၉ ကွယ်လွန်သည်။)

– ဆန်းထွန်း၊ ဦး (အသက် ၇၅ နှစ်)
စာရေးဆရာကြီး ဆန်းထွန်း(မန်းတက္ကသိုလ်)၊ မြန်မာစာအဖွဲ့ဝင်။
(၂၀-၆-၀၉ ကွယ်လွန်သည်။)

– ထွန်းမြင့်ထွန်း၊ ဦး (အသက် ၆၂ နှစ်)
မော်ကွန်းဝင် (တတိယဆင့်)နှင့် အကယ်ဒမီဆုရှင် ရုပ်ရှင်ဒါရိုက်တာ။
(၁၁-၂-၀၉ ကွယ်လွန်သည်။)

– ဒဂုန်နတ်ရှင် (ဦးမောင်မောင်ကြီး) (အသက် ၉၃ နှစ်)
အမျိုးသား စာပေဆုရ စာရေးဆရာကြီး။
(၁၂-၃-၀၉ ကွယ်လွန်သည်။)

– မူဝံ (ဦးသန်းတင့်) (အသက် ၀၂ နှစ်)
စာရေးဆရာကြီးနှင့် မြန်မာ့အလင်းနှင့် ပြည်ထောင်စုသတင်းစာ အယ်ဒီတာချုပ်ဟောင်း။
(၁၀-၆-၀၉ ကွယ်လွန်သည်။)

– ဘိုးသွယ်၊ ဦး (အသက် ၉၅ နှစ်)
ဝဏ္ဏကျော်ထင်ဘွဲ့ရ၊ ပညာတန်ဆောင် အယ်ဒီတာချုပ်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်။
(၂-၃-၀၉ ကွယ်လွန်သည်။)

– ဘုန်းမြင့်၊ ဗိုလ် (အသက် ၇၀ နှစ်)
ရဲဘော်သုံးကျိပ်ဝင်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)။
(၂၀-၇-၀၉ ကွယ်လွန်သည်။)

– မောင်မောင်၊ ဦး (လန်ဒန်အတ်) (အသက် ၉၃ နှစ်)
မြန်မာ့ရုပ်ရှင် ဖခင်ကြီး၊ နာယက မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်။
(၁၉-၅-၀၉ ကွယ်လွန်သည်။)

– ရန်နိုင်၊ ဗိုလ် (အသက် ၇၁ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ၊ ရဲဘော်သုံးကျိပ်ဝင်။
(၂၀-၁-၀၉ ကွယ်လွန်သည်။)

– ဝတင်၊ သခင် (အသက် ၈၁ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ၊ တို့ဗမာအစည်းအရုံးဝင်။
(၅-၇-၀၉ ကွယ်လွန်သည်။)

– ဝင်းမောင်၊ ဦး (မန်းဝင်းမောင်) (အသက် ၇၄ နှစ်)
နိုင်ငံတော်သမ္မတ (အငြိမ်းစား)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ။
(၄-၇-၀၉ ကွယ်လွန်သည်။)

– သခင်ပြန့် (အသက် ၇၇ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)ရ၊ ကချင်ပြည်နယ်ဝန်ကြီးဟောင်း။
(၂၇-၁-၀၉ ကွယ်လွန်ဘည်။)

– သာခင်၊ ဦး (အသက် ၇၈ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ၊ ဆရာစံအရေးတော်ပုံရဲဘော်ဟောင်း။
(၂၈-၄-၀၉ ကွယ်လွန်သည်။)

– အောင်ကြည်၊ ဒေါ် (အသက် ၉၄ နှစ်)
ဝဏ္ဏကျော်ထင်ဘွဲ့ရ ဂီတမိခင်ကြီး။
(၁၇-၂-၀၉ ကွယ်လွန်သည်။)

– အုန်းခင်၊ ဦး (မိုးကြိုး) (အသက် ၀၆ နှစ်)
ဗမာ့ခေတ်နှင့် မိုးကြိုးသတင်းစာတိုက် အယ်ဒီတာချုပ်နှင့် စာရေးဆရာကြီး။
(၂၅-၁-၀၉ ကွယ်လွန်သည်။)

နိုင်ငံတကာ

ကာဒါ, ယာဇိန်စ် (၇၇ နှစ်)
ဟန်ဂေရီ ဆိုရှယ်လစ် အလုပ်သမားပါတီ အထွေထွေအတွင်းရေးမှူးအဖြစ် ၁၉၅၆ ခုနှစ်မှ ၁၉၀၈ ခုနှစ် အထိ ဆောင်ရွက်ခဲ့သူ။

ခိုမေနီ, အယာတိုလာ ရူဟိုလာ (၀၆ နှစ်)
အီရန်တွင် အစွလာမွစ်တော်လှန်ရေးဆင်နွှဲသော ရှိယိုက် မူဆလင် ဘာသာရေးနှင့် နိုင်ငံရေးခေါင်းဆောင်ဖြစ်၍ ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လက်နက်ကိုင်တပ်ဖွဲ့များကို ကွပ်ကဲပိုင်ခွင့်၊ ဥပဒေပြုကောင်စီ ထိပ်သီးခေါင်းဆောင်များကို ရွေးချယ်ပိုင်ခွင့်၊ သမ္မတကိုပင် ရာထူးမှ ဖယ်ရှားနိုင်ခွင့် စသည့် အာဏာအရပ်ရပ်ကို အပ်နှင်းခံရသည့် ဘာသာရေး အထွတ်အထိပ် ခေါင်းဆောင်ကြီး။

ချင်ပိုတာ (၀၅ နှစ်)
တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုန်း (၁၈၉၃–၁၉၇၆) ကို နှစ်ပေါင်း ၃၀ ကြာမျှ အကြံဉာဏ်ပေးခဲ့သော ရဲဘော်ရဲဘက်၊ မော်ကိုဆန့်ကျင်သော အာဏာလွှန်ဆဲ့ပဲ့တစ်ရပ်တွင် ကာကွယ်ရေးဝန်ကြီး လင်ပြောင်ကို ထောက်ခံခဲ့သည်ဟူသော စွဲချက်ဖြင့် ၁၉၇၀ ပြည့်နှစ်တွင် ထောင်သွင်း အကျဉ်းချခံရသည်အထိ ယဉ်ကျေးမှုတော်လှန် ရေးကို ကြိုးကိုင်သူအဖြစ် ထင်ရှားခဲ့သူ၊ ယဉ်ကျေးမှုတော်လှန်ရေး၏ အစွန်းရောက်ခေါင်းဆောင်များဖြစ်သော လေးဦးဂိုဏ်းနှင့်အတူ ၁၉၀၀ ပြည့်နှစ်တွင် ခုံရုံးတင်ခံရပြီး ထောင်ဒဏ် ၁၇ နှစ် ကျခံခဲ့ရသူ။

ဂရိမီကို, အန်ဒရေ (၇၉ နှစ်)
ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၁ နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ် ဂူလိုင်လမှစ၍ ၁၉၀၀ ခုနှစ် စက်တင်ဘာလအထိ သမ္မတအဖြစ် ဆောင်ရွက်ခဲ့သူ။

စကော့ , ဆာ ပီတာ (၇၉ နှစ်)
အန္တာတိကတိုက် စူးစမ်းရှာဖွေမှုတွင် ထင်ရှားသော ရေထုဗေဒ ဖော်လကွန် စကော့၏သား။ တောရိုင်း တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအတွက် ရွှေဆောင် ရွှေရွက်ပြု၍ ၁၉၆၁ ခုနှစ်တွင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ရန်ပုံငွေအဖွဲ့ကို စတင်ထူထောင်ခဲ့သူ။ ၂၀ ရာစုနှစ် အတွင်း ဘက်စုံထူးချွန်သော ဗြိတိသျှလူမျိုး ပညာရှင် စာရင်းဝင်၍ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးပညာ ရှင်၊ တောရိုင်းတိရစ္ဆာန်ဘဝ လေ့လာခြင်း (၁၉၇၀) စာအုပ် အပါအဝင် စာအုပ် ၁၇ အုပ်ကို ပြုစုခဲ့သည့် စာရေးဆရာ။ စာအုပ် ၂၀ တွင် သရုပ်ဖော်ပုံ ရေးဆွဲခဲ့ပြီး အထူးသဖြင့် တောရိုင်းတိရစ္ဆာန်ဘဝကို ခြယ်မှုန်းခဲ့သည့် ပန်းချီဆရာ၊ ငှက်လေ့လာရေး ပညာရှင်။ ဗြိတိသျှ အသံလွှင့် ကော်ပိုရေးရှင်း (ဘီဘီစီ) အတွက် သဘာဝဝန်းကျင်ဆိုင်ရာ သတင်း ဆောင်း ပါး များ ကို နှစ်ရှည်လများ တင်ဆက်ခဲ့သူ၊ ၁၉၃၆ ခုနှစ် အိုလင်းပစ် အားကစားပွဲတော် ရွက်လှေပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရသူ စသည်ဖြင့် နယ်ပယ်အသီးသီးတွင် ထူးချွန်အောင်မြင်ကာ ၁၉၇၃ ခုနှစ်တွင် ဆာဘွဲ့ဖြင့် သူကောင်းပြုခံရသူ။

စတုန်း , အာဗင် (၈၆ နှစ်)
ပန်းချီပညာရှင် ဗင်းဆင့်ဗန်ဂိုး (၁၈၅၃–၁၈၉၀) ၏ ဘဝကို အခြေခံသော ဘဝရမွက်၊ ပန်းချီ ပန်းပု၊ ဗိသုကာပညာရှင် မိုက်ကယ်အိန်ဂျလို (၁၄၇၅–၁၅၆၄) ၏ ဘဝကို အခြေခံသော ဝေဒနာနှင့်ပီတိ စသည့် သမိုင်း နောက်ခံဝတ္ထုများဖြင့် ထင်ရှားသည့် အမေရိကန် စာရေး ဆရာ၊ ယင်းဝတ္ထုတို့သည် အုပ်ရေ သန်း ၃၀ ထိ ရောင်းချရပြီး အ တ္ထု ပ တ္တိ ဝတ္ထုစာပေ အမျိုးအစား ကို စတင်တီထွင်လမ်းခင်းရေးသားခဲ့သူဟု ဆိုစမှတ်ပြုခံရသူ။

ဆာခါးရော့ , အင်ဒရေ ဒမီထရီယေဗစ်ချ် (၆၈ နှစ်)
၁၉၇၅ ခုနှစ်က ငြိမ်းချမ်းရေးဆိုင်ရာနိဗ္ဗဲဆု ချီးမြှင့်ခံရသူ။ ဆို ဗီ ယက် ပြည် ထောင် စု တွင် ၁၉၇၀ ပြည့်နှစ်မှစ၍ လူ့အခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းလှုပ်ရှားခဲ့သော ကြောင့် ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဂုဏ်ထူး ဆောင်ဘွဲ့များကို ရွှပ်သိမ်းခံခဲ့ရပြီးနောက် နယ်နှင်ဒဏ် ခံခဲ့ရသူ။ ဆိုဗီယက်ခေါင်းဆောင် မီခေးယီး ဂေါ် ဘာချော့ ၏ ပယ်ရက်စထရိုင်ကာ လမ်းစဉ်အရ ၁၉၈၉ ခုနှစ် ဩဂုတ်လ ၂၁ နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံခဲ့ရသူ။

ဆီမီနွန် , ကျော့ (၈၆ နှစ်)
ဗဲလ်ဂျီယမ် စာရေးဆရာ။ အမည်ရင်းဖြင့်လည်းကောင်း၊ ကလောင်အမည် ၁၇ မျိုးဖြင့်လည်းကောင်း လုံးချင်း ဝတ္ထုရှည်နှင့် ဝတ္ထုလုတ် ၄၀၀ ခန့် (ဥာဏ်ရည်အား ကိုး သော စုံထောက်မေဂရက်ကို ပင်တိုင်ဇာတ်ကောင်အဖြစ် ထားသော ဝတ္ထု ၇၃ ပုဒ်၊ အခြားဝတ္ထု ၁၁၇ ပုဒ်၊ အခြားစာပေ ၁၀၆ အုပ်) ကို ရေးသားခဲ့၍ လုံးချင်းဝတ္ထုတစ်ပုဒ်ကို ၂၅ နာရီနှင့် အပြီးရေးနိုင်သည် ဟု ကြွားနိုင်သည်ထိ နှစ်ဆယ်ရာစုနှစ်အတွင်း ရေးအား အကောင်းဆုံး စာရင်းဝင် စာရေးဆရာ။ ယူနက်စကို၏ အစီရင်ခံစာအရ ၃၉ နိုင်ငံတွင် ဝတ္ထုအုပ်ရေ သန်း ၆၀၀ ကို ကက်တလန်၊ အိုက်စလန်၊ အက်စပါရင်တိုတို့ အပါအဝင် ဘာသာစကား ၅၇ မျိုးဖြင့် ထုတ်ဝေ ခဲ့ရသော စာရေးဆရာ။ ၎င်း၏ ဘာသာပြန်ဝတ္ထုတို့ကို ကမ္ဘာတစ်ဝန်းတွင် သုံးရက်၊ လေးရက်လျှင် တစ်အုပ်နှုန်း ထုတ်ဝေနေသည်အထိ လျှမ်းလျှမ်းတောက် အောင်မြင်နေ စဉ်က မာ့က်စ်၊ လီနင် နှင့် ဘာသာရေးကျမ်းဆရာတို့၏ စာအုပ်များပြီးလျှင် အရေအတွက်အများဆုံးနှင့်အကျယ် ပြန့်ဆုံး ပုံနှိပ်ထုတ်ဝေခံရသော စာအုပ်များကို ပြုစုခဲ့သူ။

ဆီရန်ကီဗစ် , ဂျိုးဇက် (၇၇ နှစ်)
ပိုလန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၄၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း ၁၆ လသာခြားလျက် သက်တမ်းနှစ်ဆက် ဆောင်ရွက်ခဲ့သူ။ ၁၉၇၀ ပြည့်နှစ်တွင် စားသောက်ကုန် စျေးနှုန်းများ မြင့်တက်မှုကို အကြောင်းပြု၍ သွေးစွန်း သော အလုပ်သမား အရေးအခင်းများ ပေါ်ပေါက်ကာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်ရပြီး ၁၉၇၂ ခုနှစ်ထိ အဆောင်အယောင် ရာထူးဖြစ်သော သမ္မတနေရာတွင် ဆောင်ရွက်ခဲ့သူ။

ဆော့ပဝစ် , ဆာ သောမတ် (၁၀၁ နှစ်)
လေကြောင်းပညာ ရွှေဆောင်များ မျိုးနွယ်ဆက်တွင် နောက်ဆုံးကျန်သူ။ ဗြိတိသျှလေကြောင်းပို့ဆောင်ရေး၏ ရွှေတန်းမျက်နှာစာ၌ ရာစုနှစ် ထက်ဝက်ခန့် အကျိုးပြု တာဝန် ထမ်းရွက်ခဲ့ပြီး ဗြိတိန်နိုင်ငံ၏ အထက်မြက်ဆုံး တိုက်လေယာဉ်များကို ဦးဆောင်ထုတ်လုပ်ခဲ့သူ။

ဇန်ကာနာတာ , ဟယ်ရဲ ဒဗလျူ (၇၀ နှစ်)
ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့ထံမှ သိမ်းပိုက်ရရှိ သော ဂျာမန် ဗို့–၂ ဒုံးပျံကို အမေရိကန် ကော်ပိုရယ် ဒုံးပျံနှင့် ပေါင်းစပ်ခြင်းဖြင့် ထိုစဉ်က စံချိန်သစ်ဖြစ်သည့် မိုင် ၂၅၀ အကွာအဝေးထိ ပစ်ခတ်နိုင်သည့် ဒုံးကျည်ကို ၁၉၅၂ ခုနှစ်တွင် တီထွင်ခဲ့သူ။

ဒါလီ , ဆာဗေဒို (၈၄ နှစ်)
စပိန်လူမျိုး ဆာရီယယ်လစ် (သရုပ်လွှန်ဝါဒီ) ပန်းချီ ဆရာ။

ဒီဂရပ်ဖ် , ယန် (၈၆ နှစ်)
နှင်းပန်းပင်အရိုင်းကို ယဉ်အောင်ဖန်တီး၍ ပန်းဥယျာဉ် တွင်း၌ စိုက်ပျိုးစေနိုင်ခဲ့သည့် ဥယျာဉ်စိုက်ခင်းပညာရှင်။

ဒူမောရီယား, ဒက်ဖနီ (၈၁ နှစ်)
အချစ်အလွမ်းနှင့် သဘာဝလွန် အကြောင်းအရာများကို ရောမွှေ၍ ဖန်တီးသော ဝတ္ထုလက်ရာများကြောင့် ၂၀ ရာစုနှစ်အတွင်း အကျော်ကြားဆုံးစာရေးဆရာစာရင်းဝင် အင်္ဂလိပ်စာရေးဆရာမ။

ဒေးဗစ်, ဘက်တီ (၈၁ နှစ်)
ရုပ်ရှင်ကား ၁၀၁ ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် နှစ်ထပ်ကွမ်း အော်စကာအကယ်ဒမီဆုရှင် အမေရိကန် ရုပ်ရှင်မင်းသမီး။

ပက်ဒါဆင်, ချားလ်စ် (၈၅ နှစ်)
မော်လီကျူးအတု ဖန်တီးသော သုတေသန လုပ်ငန်းအတွက် ၁၉၈၃ ခုနှစ်တွင် ဓာတုဗေဒပညာဆိုင်ရာ နိုဗယ်ဆု ရရှိခဲ့သည့် ကိုရီးယားဖွား အမေရိကန်နိုင်ငံသား ဓာတုဗေဒပညာရှင်။

ပဏ်ချင်လာမာ (၅၀ နှစ်)
ပဏ္ဍိတချင်ပို (မဟာပညာကျော်) ဟူသော သင်္ကတ–တိဗက် ဘွဲ့မည်၏ အတိုကောက် ပဏ်ချင်ကို ခံယူခဲ့သည့် တိဗက်ပြည်၏ ဒုတိယထိပ်တန်းဘာသာရေးခေါင်းဆောင်၊ ၁၉၅၉ ခုနှစ်တွင် တရုတ်အစိုးရကို ဆန့်ကျင်သော ပုန်ကန်မှု ပေါ်ပေါက်သော အခါ တိဗက် ဘာသာရေး ခေါင်းဆောင် ဒလိုင်းလားမား (နိုဗယ်ဆု—ရှု။) ပြည်ပသို့ ထွက်ပြေးသောအခါ တိဗက်၌ ချန်နေရစ်ခဲ့ပြီး တရုတ်နိုင်ငံ အမျိုးသားပြည်သူကွန်ဂရက် (တရုတ်ပါလီမန်)၏ ဒုတိယ ဥက္ကဋ္ဌအထိ ဆောင်ရွက်ခဲ့သော်လည်း ဒလိုင်းလားမားကို နိုင်ငံ၏သစ္စာဖောက်ဟု မစွပ်စွဲနိုင်ဟု ငြင်းဆိုခဲ့သူ။

ဖရန့်ဂျိုးဇက် (ဒုတိယမြောက်) (၈၃ နှစ်)
၆၂ စတုရန်းမိုင်သာ ကျယ်ဝန်းသော လိချိစတင်းစတိုင်းနိုင်ငံကို မင်းကရောင်အုပ်စိုးသည့် နှစ်ပေါင်း ၂၇၀ ကာလ အတွင်း ၁၂ ဆက်မြောက်မင်း အဖြစ် ၅၁ နှစ်ကြာ အုပ်စိုးခဲ့သူ။ ထိုသို့အုပ်စိုးစဉ် နိုင်ငံကို ဖွံ့ဖြိုးမှုနိမ့်ကျသော ကျေးလက်လူအဖွဲ့အစည်းအဖြစ်မှ အဆင့်မြင့် စက်မှုနိုင်ငံ အဖြစ်သို့ တိုးတက်စေကာ နိုင်ငံရှိ ပြည်သူ ၂၇,၀၀၀ အတွက် တစ်ဦးချင်းဝင်ငွေကို ကမ္ဘာပေါ်၌ အမြင့်ဆုံး စာရင်းဝင်အောင် စွမ်းဆောင်ပေးသူ။ ၁၉၁၄ ခုနှစ်က ပထမကမ္ဘာစစ် ပေါက်ကွဲဖြစ်ပေါ်လာစေရာတွင် လတ်တလောအကြောင်းတရားဖြစ်သော သမိုင်းဖြစ်ရပ်၌ လုပ်ကြံခံခဲ့ရသူ ဩစတြီးယား မင်းသားကြီး ဖရန့်ဖာဒီနန်၏ တူတော်စပ်သူ။

ဗာဗေဒရာ, တီမိုစီ (၅၅ နှစ်)
ဖီဂျီနိုင်ငံတွင် ဒေသခံ ကျွန်းသားဦးရေထက် သာလွန်များပြားသော အိန္ဒိယလူမျိုးတို့ လွှမ်းမိုးသည့် လေဘာပါတီ၏ခေါင်းဆောင်ဖြစ်၍ ၁၉၈၇ ခုနှစ်တွင်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံခဲ့ရပြီးနောက် တစ်လအကြာတွင် စစ်တပ်၏ အာဏာသိမ်းယူ ဖြုတ်ချခံရသူ။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၂၂၃—ရှု။)

ဘရိစ်ဆက်, မာတင် (၆၃ နှစ်)
အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိခေတ်ပြိုင်သမိုင်းသိပ္ပံတွင် ညွှန်ကြားရေးမှူးအဖြစ် ၁၇ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော သမိုင်းပညာရှင်နှင့် နာဇီပြစ်မှုမျှားဆိုင်ရာ ပါရဂူ။ အစုလိုက်အပြုံလိုက် ညှဉ်းဆဲသတ်ဖြတ်အံ့ဟူ၍ ကြိုတင်စီမံကိန်းဖြင့် နာဇီအကျဉ်းထောင်ယန္တရားကို ထူထောင်ခဲ့ခြင်းမဟုတ်မူဘဲ နာဇီအာဏာရှင်စနစ်၏ သဘာဝအရ ယင်းယန္တရားသည် တရွေ့ရွေ့အသွင်ပြောင်းလဲ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်ဟု မှတ်ချက်ချခဲ့သူ။

ဘာလင်, အာဗင် (၁၀၁ နှစ်)
တေးသီချင်း ၁၀၀၀ ကျော် သီကုံးခဲ့သော ကမ္ဘာကျော် အမေရိကန်ဂီတပညာရှင်။

ဘောလ်, လူစီ (၇၇ နှစ်)
ကမ္ဘာ့ရုပ်မြင်သံကြား ဟာသဇာတ်လမ်း ထိပ်ခေါင်တင်မင်းသမီးအဖြစ် သတ်မှတ်ခံရသူ။ လက်မလည်အောင် အလုပ်ရှုပ်၍ ရယ်စရာအဖုံဖုံကြုံနေရသော အိမ်ရှင်မ လူစီအဖြစ် လှုပ်ရှားသည့် "လူစီကိုချစ်သည်" ဇာတ်ကားဖြင့် ထင်ရှားသူ။ အမေရိကန်နိုင်ငံ သမ္မတ၏ လုတ်လပ်ရေးကုဏ်ထူးဆောင်တံဆိပ် (အရပ်သားတို့အတွက် အမြင့်ဆုံးဆု)ကို ကွယ်လွန်ပြီးမှ ချီးမြှင့်ခံရသူ။

ဘက်စကက်, ဆင်မြူယယ် (၈၃ နှစ်)
၁၉၆၉ ခုနှစ်က စာပေဆိုင်ရာ နိုဗယ်ဆုဆွတ်ခူး ရရှိခဲ့သော အိုင်းရစ်လူမျိုး ပြဇာတ်ရေးဆရာ။

မားကို့စ်, ဖာဒီနန် (၇၂ နှစ်)
ဖိလစ်ပိုင်နိုင်ငံသမ္မတဟောင်း။

မေဘော့, ဘာဒီ (၁၁၂ နှစ်)
ဂင်းနိစ်ကမ္ဘာ့စံချိန်မှတ်တမ်းအရ ကမ္ဘာပေါ်၌ အသက်အရှည်ဆုံး ပုဂ္ဂိုလ်ဖြစ်သည့် အမေရိကန်နိုင်ငံသူ။

မတ်ဆုရှီတာ, ကိုနိုဆူကေ (၉၅ နှစ်)
ဂယ်စဉ်က မိဘမဲ့တစ်ကောင်ကြွက်ဖြစ်၍ စက်ဘီးဆိုင်တစ်ဆိုင်၌ ခြိုင့်စွာ အလုပ်လုပ်နေခဲ့ရာမှ လျှပ်စစ်မီးသီးခေါင်း ဒီဇိုင်းတီထွင်နိုင်မြှီး နောင်တွင်ကမ္ဘာကျော် မတ်ဆုရှီတာ အီလက်ထရစ်ကုမ္ပဏီကို ထူထောင်ခဲ့သည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်ကြီး။ ဂျပန်သိပ္ပံနှင့် နည်းပညာဖောင်ဒေးရှင်းကို ထူထောင်နိုင်ရန် ဒေါ်လာ ၁၀၉ သန်း လှူဒါန်းခဲ့သော စေတနာရှင်။ (ကွယ်လွန်သော အခါ အမွေပစ္စည်းတန်ဖိုး ဒေါ်လာ သန်းပေါင်း ၁,၇၅၀ ထားရစ်ခဲ့သည်။)

ရော်ဘင်ဆင်, ရှူးဂါးရေး (၆၇ နှစ်)
ကမ္ဘာ့ဝယ်လတာဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်း။

ရပ်စ်ခ်, ဟောင်းဝါ့ဒ် (၈၈ နှစ်)
အမေရိကန်ပြည်ထောင်စု၌ ကိုယ်ခန္ဓာမသန်မစွမ်းသူများ၏ဘဝကို ပြန်လည်ထူထောင်ပေးရေးအတွက် ရှေ့ဆောင်ရှေ့ရှက်ပြုခဲ့သူ။ ရပ်စ်ခ်သိပ္ပံကို ထူထောင်၍ မသန်မစွမ်းလူနာထောင်ပေါင်းများစွာအား ပညာဆည်းပူးနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန် ကူညီ ထောက်ပံ့ ဆောင်ရွက်ပေးခဲ့သူ။

ရှော့ကလီ, ဝီလျံ (၇၉ နှစ်)
ထရန်စစ္စတာတီထွင်ရာ၌ ပါဝင်ခဲ့၍ ၁၉၅၆ ခုနှစ်က ရူပဗေဒဆိုင်ရာ နိုဗယ်ဆု ချီးမြှင့်ခံရသူ။

လိုရင့်, ကွန်းရက် (၈၅ နှစ်)
နိုဗယ်ဆုရ သြစတြီးယား သတ္တဗေဒ ပညာရှင်။ တိရစ္ဆာန်အမူအရာနှင့် စပ်လျဉ်း၍ သုတေသနစာတမ်းများ ပြုစုခဲ့သော လူမှုဆက်ဆံရေးစိတ်ပညာရှင်။

ဝါရင်, ရောဗတ်ပင် (၈၄ နှစ်)
ပလစ်ဇာဆုကို ဝတ္ထုအတွက်သာမက ကဗျာအတွက်ပါ ဆွတ်ခူးဖူးသည့် တစ်ဦးတည်းသော အမေရိကန် စာရေးဆရာ။ လူဝီဇီယားနား ပြည်နယ် အုပ်ချုပ်ရေးမှူး ဟွေလောင်း၏ အဖြစ်သနစ်ကို အခြေခံ၍ ၁၉၄၆ ခုနှစ်က ရေးသားခဲ့သော ဘုရင်မင်းကြီး၏ လူအားလုံး အမည်ရှိ ဝတ္ထုသည် အကယ်ဒမီဆုရရုပ်ရှင်ကား ဖြစ်လာသည်အထိ အောင်မြင်ခဲ့ခြင်းကြောင့်လည်း ထင်ရှားသူ။

ဟာမာနီ, ဒိုင်အိုရီ (၇၃ နှစ်)
ဆာဟဲဒေသရှိ ကုန်းပိတ်နိုင်ငံဖြစ်သော နိုင်ဂျာနိုင်ငံတွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိသည့် ၁၉၆၀ ပြည့်နှစ်မှစ၍ ဒုတိယဗိုလ်မှူးကြီး ဆေနီ ကောင့်ရွေး၏ စစ်တပ်က အာဏာသိမ်းယူဖြုတ်ချခံရသည့် ၁၉၇၄ ခုနှစ် အထိ သမ္မတအဖြစ် ဆောင်ရွက်ခဲ့သူ။ ၁၀ နှစ်ကြာမျှ ထောင်သွင်း အကျဉ်းချခံရပြီးနောက်တစ်ဖန် အကျယ်ချုပ်ချထားခံနေခဲ့ရာမှ ကောင့်ရွေး သေဆုံးပြီးကာမှ ၁၉၇၇ ခုနှစ်တွင် လွတ်မြောက်လာခဲ့သူ။ (စွယ်စုံနှစ်ချုပ် ၁၉၆၈ – စာ၊ ၁၉၂—-ရှ။)

ဟီရိုဟီတို (ဂျပန်ကေရာင်) (၈၇ နှစ်)
ဂျပန်နိုင်ငံသမိုင်းတွင် ၁၉၂၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အုပ်စိုးခဲ့သည့် ကာလကို ငြိမ်းချမ်းရေးထွန်းလင်းသည့် ခေတ် (ရှိုဝါခေတ်) ဟု ခေါ်တွင်မည်ဖြစ်၍ နောင်တွင် ရှိုဝါကေရာင်ဟု တွင်ရစ်မည့် ဂျပန်ဘုရင်။

ဟုယိုပန် (၇၃ နှစ်)
တရုတ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးအဖြစ် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၇ ခုနှစ်အထိ ဆောင်ရွက်ခဲ့သူ။ 'ဘူဇွာလစ်ဗရယ်ဝါဒ' ပျံ့နှံ့ရန် အားပေးခဲ့သည်ဟူသော စွဲချက်တင်ခံရ၍ ရာထူးမှနုတ်ထွက်ခဲ့ရသူ။ (စွယ်စုံနှစ်ချုပ် ၁၉၈၃ – စာ၊ ၂၉၃—ရှ။) (စွယ်စုံနှစ်ချုပ် ၁၉၈၈ – စာ၊ ၁၈၂—ရှ။)

ဟိုရိုဝစ်, ဗလာဒီမာ (၈၆ နှစ်)
ရုရှားနိုင်ငံဖွား အမေရိကန်သား ကမ္ဘာကျော် စန္ဒရားပညာရှင်။

ဟုမ်းစ်, သောမတ် (၇၀ နှစ်)
ဟုမ်းစ်–ရာဟဲစိတ်ဖိစီးမှုစကေးကို ရစ်ချတ်ရာဟဲနှင့် အတူတွဲ၍ဖန်တီးခဲ့သည့် စိတ်ရောဂါကုဆရာဝန်။ ဘဝတစ်ဆစ် ချိုးဖြစ်ရပ်များအလိုက် စိတ်ဖိစီးမှုအခြေအနေကို စကေး ၁၁ မှ ၁၀၀ ထိဆစ်ပိုင်းကာ ဇနီး ခင်ပွန်းသေသောအခါ ၁၀၀၊ ကွာရှင်းပြတ်စဲသောအခါ ၇၃၊ လက်ထပ်ထိမ်းမြားသောအခါ ၅၀၊ အလုပ်ခွင်မှအငြိမ်းစားယူသောအခါ ၄၅၊ ကိုယ်ဝန်ဆောင်သောအခါ ၄၀ စသည်ဖြင့် စိတ်ဖိစီးမှု ရှိတတ်ကြောင်း တိုင်းတာပိုင်းခြားပြခဲ့သူ။

ဟွတ်ခ်, ဆစ်ဒနီ (၈၇ နှစ်)
အမေရိကန်ဒဿနပညာရှင် ဒျူဝိ၏ လက်တွေ့ပခာနဝါဒကို ရှင်းလင်းတင်ပြရာ၌ ထင်ရှားသူ။ ကွန်မြူနစ်ဝါဒကို ခါးသီးသူဖြစ်သော်လည်း ကွန်မြူနစ်ဝါဒီဟူသမျှကို တွေ့ရာသခ်ျင်းခေးမဆိုင်း နှိပ်ကွပ်လိုသော မက္ကာသီဝါဒကိုလည်း ဝေဖန်ရွတ်ချခဲ့သောကြောင့် အစွန်းရောက်ဝါဒဟူသမျှကို ဆန့်ကျင်သူအဖြစ်ထင်ရှားသည့် အတွေးအခေါ်ပညာရှင်။

အဟိဂျို, အာမာဒို (၆၅ နှစ်)
ကမ္ဘာ့ရွန်းနိုင်ငံတွင် ပြင်သစ်နိုင်ငံမှ လွတ်လပ်ရေးရသည့် ၁၉၆၀ ပြည့်နှစ်မှစ၍ ၂၂ နှစ်ကြာမျှ သမ္မတအဖြစ်အုပ်စိုးခဲ့သူ။

အော်လီဗီယေ, လော့ (လောရင့်) (၈၂ နှစ်)
ဗြိတိန်လူမျိုး ရုပ်ရှင်နှင့် ပြဇာတ်ပညာရှင်။

အက်ဖလက်, မီရှယ် (၇၉ နှစ်)
အာရပ်ဘာသာဆိုရှယ်လစ်ပါတီကို အာရပ်အမျိုးသားရေးနိုင်ငံရေးတွင် ဘာသာရေးကို ခုတုံးမလုပ်ရေး နှင့် ဆိုရှယ်လစ်ဝါဒ ထူထောင်ရေး ဟူသော မူတို့ဖြင့် ၁၉၄၂ ခုနှစ်တွင် ဒမတ်စကတ်မြို့၌ ထူထောင်ခဲ့သူ။ အာရပ်ကမ္ဘာတစ်ရပ်လုံး ညီညွတ်စေအံ့ဟု စိတ်ကူးယဉ်ခဲ့သူ။

အင်ဒရူးစ်, ဆာ ခရစ္စတိုဖာ (၉၂ နှစ်)
တုပ်ကွေးရောဂါ ဗိုင်းရတ်ပိုးကို စတင်တွေ့ရှိသောအဖွဲ့၌ ပါဝင်ခဲ့သည့် ထင်ရှားသော ဗိုင်းရတ်ဗေဒပါရဂူ။ တိရစ္ဆာန်များ၏ ကျူးမာအကျိတ်များအတွင်း ဗိုင်းရတ်၏ လုပ်ငန်းဆောင်ရွက်ပုံကို လေ့လာခဲ့ရာ အမေရိကန် ပြည်ထောင်စုအမျိုးသား ဆေးသုတေသနသိပ္ပံဓာတ်ခွဲခန်း



စာရေးဆရာကြီး ဒဂုန်နတ်ရှင်

၌ ဝီလဆင်စမစ်နှင့် ဆာပက်ထရစ်လေ့ဒလောတို့နှင့်အတူ ၁၉၃၃ ခုနှစ်တွင် မြေပါကတိုးဖြူများ၏ ကိုယ်တွင်းသို့ တုပ်ကွေးပိုင်းရတ်ကို အောင်မြင်စွာ ထိုးသွင်းလေ့လာ ကြည့်နိုင်ခဲ့သူ။

အိုင်ဘာရူနီ, ဒိုလရစ် (၉၃ နှစ်)
စပိန် ကွန်မြူနစ်ပါတီကို ထူထောင်သူ အမျိုးသမီး ခေါင်းဆောင်။ ၁၉၃၆ – ၃၉ ပြည်တွင်းစစ်ကာလအတွင်း ဗိုလ်ချုပ်ကြီး ဖရန်စစ္စကို ဖရန်ကို (၁၈၉၂ – ၁၉၇၅) ဦးဆောင်သော အမျိုးသားဝါဒီတို့ ပုန်ကန်သည်ကို အပြင်းအထန်ဆန့်ကျင်ခဲ့၍ 'ဒေါသပန်းပွင့်'ဟု ကင်ပွန်း တပ်ခံရသည်ထိ နိုင်ငံတကာ၌ ထင်ရှားခဲ့သူ။ 'သူတို့ မဖြတ်နိုင်စေရ' (နိုပါဆာရန်)ဟူသောစကားစုကို သုံးနှုန်း ခဲ့ရာ ယင်းစကားစုသည် သစ္စာခံ ရီပတ် ဗလစ် ကန် တပ်မတော်၏ကြေးကြော်သံဖြစ်ခဲ့သည်အထိ စကားပြော ကောင်းသည့် စပိန် ဖက်ဆစ်ဆန့်ကျင်ရေး သူရဲကောင်း အမျိုးသမီး။ ဖရန်ကိုတပ်မျာ်း၏လက်တွင်းသို့ မက်ဒရစ် မြို့သက်ဆင်းသောအခါ စပိန်နိုင်ငံမှထွက်ခွာကာဆိုဗီယက် ပြည်ထောင်စု မော်စကိုမြို့၌ ၃၈ နှစ်ကြာ နေထိုင်ခဲ့ပြီးမှ စပိန်ကွန်မြူနစ်ပါတီ တရားဝင်ဖွဲ့စည်း လှုပ်ရှားခွင့်ရသော ၁၉၇၇ ခုနှစ်တွင် အမိနိုင်ငံသို့ ပြန်လာခဲ့သူ။

အင်ဒရီမာနီ, အာမက်အဗ္ဒုလ္လာ (၇၀ နှစ်)
ကိုမိုရို စ်ကျွန်း အစ္စလာမ်စ်သမ္မတနိုင်ငံတွင် ၁၉၇၈ ခုနှစ်မှ စ၍ နိုင်ငံအကြီးအကဲအဖြစ် ဆောင်ရွက်နေစဉ် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့က မာရိုနီမြို့ရှိ သမ္မတ နန်းတော်၌ သူပုန်တပ်ဖွဲ့တို့ စီးနင်းတိုက်ခိုက်၍ ကွယ်လွန် ခဲ့သူ။

ဒဂုန်နတ်ရှင် (ခရစ် ၁၈၉၈ – ၁၉၈၉)။ ။အမျိုးသား စာပေဆုရ စာရေးဆရာကြီး ဒဂုန်နတ်ရှင်ကို ၁၈၉၈ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မန္တလေးမြို့ အနောက်ပြင် အောင်နန်းရိပ်သာရပ် ယွန်းတန်းလမ်း၌ အဖ ဦးရှိန်၊ အမိ ဒေါ်ခင်အို တို့က မွေးဖွားခဲ့သည်။ အမည်ရင်း ဦးမောင်မောင်ကြီး ဖြစ်သည်။

ဒဂုန်နတ်ရှင်သည် ၁၉၀၄ ခုနှစ် ခြောက်နှစ်သား အရွယ်၌ မန္တလေးသက္ကသီဟဘုရားမြောက်ဘက် ဆရာငုံ၏ ကျောင်းတွင် စတင်ပညာသင်ကြားသည်။ ထိုကျောင်း၌ သင်ပုန်းကြီးကုန်အောင် သင်ခဲ့ရသည်။ ထို့နောက် ပုဏ္ဏား ဆရာကြီး ဦးတုတ်၏ကျောင်းတွင် ဆက်လက် ပညာသင် ကြားသည်။ ထိုသို့ ပညာသင်ကြားနေစဉ် မန္တလေးမြို့၌ ပလိပ်ရောဂါကျရောက်လာသဖြင့် မိသားစုသည် မုံရွာမြို့သို့ ပြောင်းရွှေ့ခဲ့ကြသည်။ သို့သော် မုံရွာမြို့သို့ရောက်ပြီး မကြာမီပင် ဖခင်ကြီးမှာ ပလိပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ သည်။ ထိုစဉ်ကဆရာကြီး၏အသက်မှာ ခုနစ်နှစ်အရွယ်သာ ရှိသေးသည်။

မန္တလေးမြို့၌ ပလိပ်ရောဂါ ကင်းစင်သွားသောအခါ ဒဂုန်နတ်ရှင်တို့မိသားစုသည် မန္တလေးသို့ ပြန်ခဲ့ကြသည်။ ၁၉၀၇ ခုနှစ်တွင် ဒဂုန်နတ်ရှင်သည် ဘီတီအင်ခေါ် ဗုဒ္ဓ သာသနာ့နုဂ္ဂဟ အင်္ဂလိပ်ကျောင်းတွင် ကျောင်းပြန်တက် သည်။ ၁၉၁၃ ခုနှစ်တွင် နောင်အခါ မြန်မာ့နိုင်ငံရေး ခေါင်းဆောင် ဖေပု ရှိန် အဖွဲ့ဝင် မြန်မာ့ကိုယ်စားလှယ်ကြီး ဖြစ်လာသူ ဆရာဦးထွန်းရှိန် ဆရာကြီးအဖြစ် တာဝန်ထမ်း ဆောင်သော အထက်တန်းကျောင်းသို့ တက်ရောက်ပညာ သင်ကြားသည်။ ၁၉၁၄ ခုနှစ်တွင် ဒဂုန်နတ်ရှင်နှင့် ညီငယ်နှစ်ဦးကို မိခင်က စစ်ကိုင်းတောင်ရိုးရှိ ဓူဝံချောင်း တွင် ရှင်ပြုပေးသည်။ ညီငယ်များ လူဝတ်လဲသွားကြသော် လည်း ဆရာကြီးမှာ သာမဏေဘဝ၌ နေရစ်ပြီး သဒ္ဒါ၊ သင်္ဂြိဟ်များကို လေ့လာသင်ကြားသည်။ သာသနာ၌ ပျော်မွေ့သော်လည်း မိခင်ကြီး၏အလုပ်တွင် ဝိုင်းဝန်းကူညီ ရန် လူထွက်လိုက်သည်။

ဒဂုန်နတ်ရှင်သည် ၁၆ နှစ်သားအရွယ်တွင် "ဥဏှ် ကျယ် အုန်းဖေ" ခေါ် ဝတ္ထုကို စတင် ရေးသားသည်။ သို့သော် ထိုဝတ္ထုမှာ မည်သည့် မဂ္ဂဇင်းတိုက်ကိုမျှ မပို့ လိုက်ရဘဲ ပျောက်ကွယ်သွား သည်။ ၁၉၁၅ ခုနှစ်တွင် စာပေကိုစတင်လိုက်စားပြီး ဝတ္ထု၊ ကဗျာများကို စတင် ရေးသားခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် မေမြို့ အစိုးရကြေးနန်း အင်ဂျင်နီယာရုံး မင်းကြီး ဆာဂျိမ်း လက်အောက်တွင် စာရေးလုပ်ခဲ့သည်။ ထို့နောက် ကြေးနန်းရုံးမှ အလုပ် ထွက်ကာ ရန်ကုန်မြို့သို့ ထွက်ခဲ့သည်။

ရန်ကုန်မြို့တွင် မြန်မာစာပေလိုက်စားသော မိတ်ဆွေ များနှင့် ပေါင်းသင်းမိပြီး မြန်မာစာပေကို အထူးလေ့လာ လိုက်စားသည်။ ထို့နောက် မော်ဒန်ဘားမားတိုင်းသတင်း

စာတွင် လက်ထောက်အယ်ဒီတာအဖြစ် နှစ်လကျော် ဝင်ရောက်လုပ်ကိုင်သည်။ ထိုအချိန်က မြန်မာတစ်နိုင်ငံလုံးတွင် မြန်မာလူမျိုးတိုင်းသည် မျိုးချစ်စိတ် ထက်သန်စွာဖြင့် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ" ဟူသော ရည်မှန်းချက်ကြီးလေးခုကို တိုးတက်ပြုစုစောင့်ရှောက်မည်ဟု အဓိဋ္ဌာန်ပြုကြချိန်ဖြစ်ရာ မျိုးချစ်စိတ်ထက်သန်သော ဒဂုန်နတ်ရှင်သည်လည်း ပျဉ်းမနားမြို့ အမျိုးသားအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာကြီးအဖြစ် အမှုထမ်းခဲ့သည်။ ပျဉ်းမနားမြို့ဌာနေစဉ် ဝံသာနုအသင်းအဖွဲ့များကို စည်းရုံးပေးခြင်း၊ ဟောပြောပွဲများ စီစဉ်ခြင်း၊ကိုယ်တိုင်ဟောပြောခြင်း စသည့် အမျိုးသားရေးလုပ်ငန်းကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ရင်း သူရိယမဂ္ဂဇင်း၊ ပညာအလင်းမဂ္ဂဇင်း၊ မြန်မာ့အလင်း မဂ္ဂဇင်း၊ လောကသာရ မဂ္ဂဇင်းနှင့် ဒဂုန်မဂ္ဂဇင်းတို့တွင် ဝတ္ထုများ၊ ကဗျာများ စတင်ရေးသားခဲ့သည်။ ဝတ္ထုကို "မန်းကြည်" အမည်ဖြင့်လည်းကောင်း၊ ကဗျာကို ပျဉ်းမနား ဦးမောင်မောင်ကြီး အမည်ဖြင့် လည်းကောင်း ရေးသားခဲ့သည်။ ဒဂုန်မဂ္ဂဇင်း မန်နေဂျာက ဆရာကြီး၏ ကဗျာများကို ထူးထူးခြားခြား နှစ်သက်သဖြင့် ဝတ္ထုရေးခြင်းထက် ကဗျာရေးခြင်းကို အားပေးသည်။ ဒဂုန်နတ်ရှင် ဟူသော ကလောင်အမည်ကိုလည်း မန်နေဂျာက သူသဘောနှင့်သူ ပေးခဲ့ခြင်းဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ဒဂုန်နတ်ရှင် ကလောင်အမည်ကို စတင်သုံးသည်။ ထို့နောက် မန္တလေးသို့ ခေတ္တပြန်ပြီး မိခင်၏ဆန္ဒအရ ဒေါ်ခင်ရီနှင့် လက်ထပ်သည်။ ၁၉၂၈ ခုနှစ်တွင် အမျိုးသားကျောင်းအုပ်အဖြစ်မှ ထွက်ခဲ့သည်။ မကြာမီ မိခင်ကြီးမှာလည်း မီးယပ်သွေးဆုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ကျောင်းဆရာအလုပ်မှ ထွက်ပြီးနောက် ဒဂုန်နတ်ရှင်သည် နေရေးထိုင်ရေး စားရေးအတွက် ဝတ္ထုများရေးကာ ရပ်တည်သည်။ ဒဂုန်မဂ္ဂဇင်းသို့ ဝတ္ထုများ လစဉ်ရေးသားပေးပို့သည်။ဒဂုန်မဂ္ဂဇင်းက နှစ်သက်သဖြင့်လစဉ်ဖော်ပြပေးသည်။ ထိုအတွက် စာမူခအဖြစ် တစ်လလျှင် ဒဂုန်မဂ္ဂဇင်းစာအုပ်ရေ ၅၀ ရသည်။ ယင်းတို့ကို စာအုပ်ဆိုင်များသို့တစ်ဆင့် ဖောက်သည်ပေးရာ ၃၇ ကျပ်ခဲ့ရသည်။ ထို့ပြင် ဆရာကြီးသည် ဒဂုန်မဂ္ဂဇင်းကို ထုတ်ဝေသော မြန်မာအဆွေကုမ္ပဏီက ရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကား အခ္ခါအတွက်လည်း သီချင်းများ ရေးသားပေးပို့သည်။ ဒဂုန်မဂ္ဂဇင်း မန်နေဂျာက နှစ်သက်သဖြင့် အသုံးပြုသည်။

ထိုစဉ် ရန်ကုန်မြို့ရှိ မြန်မာအဆွေကုမ္ပဏီ သူဌေးဦးဘညွှန့်၏ ဖိတ်ခေါ်ချက်အရ ၁၉၂၉ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ ယင်းသို့ ဖိတ်ခေါ်ခံရခြင်းမှာ မြန်မာအဆွေကုမ္ပဏီမှ ရိုက်ကူးသော "သီတဂူ" ဇာတ်ကားနှင့် "ဖိုးဝန်းတောင်" ဇာတ်ကားများအတွက် ဒဂုန်နတ်ရှင်က ဇာတ်ဝင်သီချင်းများ ရေးပေးဖူးခြင်းကြောင့်ပင် ဖြစ်သည်။ ထိုအချိန်တွင် ၎င်း၏ အသက်မှာ ၃၁ နှစ် အရွယ်သာရှိသေးသည်။ ထိုအချိန်ကဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ်မှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးဖြစ်သည်။ ဒဂုန်နတ်ရှင်သည် လယ်တီပဏ္ဍိတဦးမောင်ကြီးလက်အောက်တွင် လက်ထောက်အယ်ဒီတာအဖြစ် ထမ်းဆောင်ရသည်။ တစ်ဖန် မြန်မာအဆွေကုမ္ပဏီက ဗဟိုသိပ္ပံမဂ္ဂဇင်းကို ထုတ်ဝေရာ ဒဂုန်နတ်ရှင်ကို အယ်ဒီတာချုပ်အဖြစ် တာဝန်ပေးလေသည်။ သူဌေးဦးဘညွှန့်က ဒဂုန်နတ်ရှင်အား ရုပ်ရှင်လုပ်ငန်းတွင်လည်း ကူညီလုပ်ကိုင်ရန် ပြောသဖြင့် ရုပ်ရှင်ဘက်သို့ ရောက်ရှိခဲ့သည်။ "မင်းကတော်" ဇာတ်ကားအတွက် ပထမဆုံးဇာတ်ညွှန်းရေးပေးခဲ့ရုံမက ကူညီရိုက်ကူးပေးခဲ့ရသည်။ ၁၉၃၁ ခုနှစ်တွင် ရုံတင်ပြရာ အောင်မြင်သည်။ ထို့နောက် "သားတော်မောင်" ဇာတ်ကားကို ဇာတ်ညွှန်းရေးခဲ့သည်။

ထိုစဉ် ဇနီးသည်၌ သားယောကျ်ားကလေး ဖွားမြင်သည်။ ထိုသားကို အကြောင်းပြုပြီး မြန်မာအဆွေသူဌေးကတော်၏ မောင်တော်သူ ဇာတ်လိုက်မင်းသား မောင်မောင်ကလေး၏ တိုက်တွန်းချက်အရ လူငယ်လူရွယ်များ အိမ်ထောင်ရေးကို နားလည်စေရန် "အိမ်ထောင်ဦးရှုဖွယ်" ကျမ်းကိုရေးသားခဲ့သည်။ ဦးမောင်မောင်ကြီး အမည်ရင်းနှင့်ပင် ရေးသားသည်။ အိမ်ထောင်ဦးရှုဖွယ်ကျမ်းကို မြန်မာအဆွေစာအုပ်ဌာနက ၁၉၃၁ ခုနှစ်တွင် ထုတ်ဝေသည်။ ၁၉၃၂ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထို့နောက် ဒဂုန်နတ်ရှင်သည် "ကျောင်းတော်ပြန်" ဇာတ်ကားကို ဇာတ်ညွှန်းရေးသည်။ နန်းတွင်းရာဇဝင်ဇာတ်ကား ဖြစ်သည်။ ထိုဇာတ်ကားတွင် ဒဂုန်နတ်ရှင် ကိုယ်တိုင် မင်းသမီး၏ဖခင် အမတ်ကြီးအဖြစ် ပါဝင် သဂျုပ်ဆောင်ခဲ့သည်။

ထိုစဉ် ဒါရိုက်တာဦးတုတ်ကြီး၏ အဆွယ်ကောင်းမှုကြောင့်ဒဂုန်နတ်ရှင်သည် ဦးတုတ်ကြီးနှင့်အတူပထမဦးဆုံး မြန်မာအသံထွက်ကား "ငွေပေးလို့မရ" ဇာတ်ကားကို အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သွားရောက် ရိုက်ကူးခဲ့သည်။ ဇာတ်ညွှန်းမှာ ဒဂုန်နတ်ရှင်၏ ဇာတ်ညွှန်းပင် ဖြစ်သည်။ ထိုဇာတ်ကားကို ရန်ကုန်မြို့ ကုလားသူဌေး နာဇာဖိုက ထုတ်လုပ်သည်။ ထိုဇာတ်ကား အောင်မြင်သဖြင့် ဒုတိယဇာတ်ကား "လောကစကြာ" ကို ထပ်ရိုက်သည်။ ဒုတိယဇာတ်ကားရိုက်ပြီး တတိယဇာတ်ကားကိုရိုက်ရန် စီစဉ်နေစဉ် အဖွဲ့သားများ သဘောကွဲလွဲခြင်း၊ ရုပ်ရှင်ပိုင်ရှင်

ကုလားသူဌေးက လစာငွေ မှန်ကန်စွာ မပို့ခြင်းတို့ကြောင့် ရုပ်ရှင်အဖွဲ့သားအချို့နှင့်အတူ ၁၉၃၂ ခုနှစ် ဇွန်လကုန် လောက်တွင် ဘုံဘေမြို့မှ ရန်ကုန်သို့ ပြန်ခဲ့သည်။

၁၉၃၃ ခုနှစ်တွင် ဒဂုန်နတ်ရှင်သည် ဒဂုန်မဂ္ဂဇင်း တိုက်မှ အလုပ်ထွက်လိုက်သည်။ အလုပ်ထွက်ပြီးခြောက်လ ခန့်အထိ ဇနီးမောင်နှံသည် လုပ်ငန်းကိုင်ငန်း မစနိုင်သဖြင့် စုဆောင်းထားသော ငွေကလေးများကုန်ကာ ဆင်းရဲချို့တဲ့စွာ နေကြရသည်။ ထို့နောက် "မခင်ရီ စာအုပ်ကိုယ်စားလှယ်" ဟူသော ဆိုင်းဘုတ်တင်ကာ စာအုပ်ကော်မရှင်စား လုပ်ငန်းတစ်ခုကို တည်ထောင်လိုက်ကြသည်။ ဒေါ်ခင်ရီအား ထိုလုပ်ငန်းကိုလုပ်စေပြီး ဒဂုန်နတ်ရှင်သည် စာမျက်နှာများကို မနားတမ်း ရေးသည်။ ဝတ္ထု၊ ဆောင်းပါးများကို ဒဂုန်နတ်ရှင် အမည်ဖြင့် စာနယ်ဇင်းများတွင် မပြတ် ရေးသားသည်။ တစ်ဖက်ကလည်း လုံးချင်းစာအုပ်များ ရေးသားပြုစု၍ ကိုယ်တိုင် ထုတ်ဝေသည်။ ထိုစဉ် 'အိမ်ထောင်ဦးရှုဖွယ်ကျမ်း' ကို ဖြည့်စွက် ရေးသားပြီး "သူရသတ္တိ" အမည်ဖြင့် ကျမ်းသစ်တစ်စောင် ထပ်မံ ရေးသားကာ ထုတ်ဝေခဲ့ရာ အောင်မြင်ခဲ့သည်။ စာပေရောင်းရင်းများ၏ အကူအညီဖြင့် "တက္ကသိုလ်သိပ္ပံ" မဂ္ဂဇင်းကို ကိုယ်တိုင် အယ်ဒီတာလုပ်၍ ကိုယ်တိုင် ထုတ်ဝေခဲ့သည်။ မဂ္ဂဇင်းကို တစ်ဖက်မှ ထုတ်ဝေရင်း တစ်ဖက်မှလည်း ကျမ်းစာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းတို့မှာ "အချစ်ဂဏ္ဍီ"၊ "ယောကျ်ား"၊ "လူသွေး"၊ "ဓာတ်ချုပ်ရောဂါကုထုံးကျမ်း" စာအုပ်များ ဖြစ်ကြသည်။

၁၉၃၆ ခုနှစ်တွင် ပညာရေး ဝန်ကြီးချုပ်ဖြစ်သူ ဒေါက်တာဘမော်က "မောရိယ နွေစဉ်သတင်းစာ" ကို စတင်ထုတ်ဝေရာ ဒဂုန်နတ်ရှင်အား အယ်ဒီတာချုပ်အဖြစ် ခန့်အပ်သည်။ သတင်းစာလုပ်ငန်းတွင် ပျော်ရွှင်သော်လည်း နိုင်ငံရေးသမားများ ခိုင်းသမျှကိုသာ ရေးသားနေရသဖြင့် နောက်ဆုံး အလုပ်မှ နုတ်ထွက်လိုက်သည်။ ထို့နောက် ခေတ်သုံး ဆေးပညာပေးဖြစ်သည့် "ဆရာဝန် ဒိုင်ယာရီ" စာအုပ်ကို အတွဲ ၁ မှ အတွဲ ၁၀ ထိ ရေးသား ပြုစုခဲ့သည်။ အတွဲ ၁ နှင့် ၂ တို့ကိုသာ ၁၉၃၇ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့သည်။

ဂျပန်ခေတ်တွင် စာရေးဆရာများသည် မြန်မာနိုင်ငံ စာရေးဆရာအသင်းကို တည်ထောင်ဖွဲ့စည်းသော အခါ ဥက္ကဋ္ဌအဖြစ် ဦးသိမ်းမောင် (သံတော်ဆင့်ဦးသိမ်းမောင်)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒဂုန်နတ်ရှင်တို့ကို တာဝန်ယူ ဆောင်ရွက်သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌအဖြစ် နှစ်ကြိမ်ဆောင်ရွက်သည်။ သတင်းစုံဂျာနယ်တွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် လေးနှစ်ခန့် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဗုဒ္ဓသာသနာနှင့် ကမ္ဘာ့ဆက်ဆံရေး အဖွဲ့ကြီးတွင် အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် The Student World အမည်ရှိ အင်္ဂလိပ်သတင်းစာကို ကိုယ်တိုင် အယ်ဒီတာလုပ်၍ ကိုယ်တိုင်ကုပ်ကဲထုတ်ဝေသည်။ ထို့ပြင် တစ်ပတ်တစ်ကြိမ် ထုတ် "ကျောင်းသားလောက" စာစောင်ကိုလည်း မြန်မာဘာသာဖြင့် ထုတ်ဝေသည်။ အမြတ်အစွန်းအတွက် မရည်ရွယ်ဘဲ ကျောင်းသားလူငယ်များ၏ ဗုဒ္ဓအဆုံးအမနှင့် ဗုဒ္ဓယဉ်ကျေးမှုကို နားလည်သိရှိရေးနှင့် ပညာဥာဏ် တိုးပွားရေးအတွက် ရည်ရွယ်ထုတ်ဝေခြင်း ဖြစ်သည်။ စီးပွားဖြစ် ရည်မှန်းထားသော အလုပ် မဟုတ်၍ မကြာမီ ထိုစာစောင်မှာ ရပ်စဲသွားသည်။

၁၉၅၅ ခုနှစ်တွင် ဒဂုန်နတ်ရှင်သည် "မြန်မာ စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ" စာအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် ၁၉၅၅ ခုနှစ် စာပေဗိမာန်မှ ခြီးမြှင့်သော သုတပဒေသာစာပေဆုကို ရရှိခဲ့သည်။

ဒဂုန်နတ်ရှင်သည် အသက် ၆၀ ကျော် အရွယ်လောက်မှစ၍ အခြားစာပေများ လေ့လာမှုကို တစ်ဝက်ကျော် လျှော့ခဲ့သည်။ ဝိပဿနာဆိုင်ရာ ကျမ်းစာအုပ်များကို ပို၍ လေ့လာလိုက်စားခဲ့သည်။ အသက် ၇၀ နီးလာချိန်တွင် ယခင်က လုပ်လက်စဖြစ်သော လက်တွေ့ဝိပဿနာလုပ်ငန်းကို နေ့စဉ်ကြိုးပမ်း လုပ်ဆောင်သည်။ စိတ်ပါဝင်စားသူ ပါရမီရှိသူများအား အဘိဓမ္မာ တရားတော်နှင့် ဝိပဿနာ လုပ်ငန်းစဉ်ကို သင်တန်းဖွင့်၍ သင်ကြားပို့ချသည်။ ထို့ပြင် "မေတ္တာတရား" နှင့် ပတ်သက်၍ မဂ္ဂဇင်းများတွင် စာများရေးသားသည်။

မဂ္ဂဇင်းများတွင် စာပေဆောင်းပါးများကို ရေးသား ပြုစုရင်း "အကြံသစ်"၊ "အာဇာနည်"၊ "ပါနောက်၏ ရုပ်ကြီးစင်" စသည့် စာအုပ်များကိုလည်း ရေးသားခဲ့သည်။ မြန်မာစာဟောင်း ပေဟောင်းနှင့် ကဗျာလင်္ကာများကို လူငယ်များ လေ့လာနိုင်ရန် "စာပေဝတ်ဆံ" အမည်ဖြင့် စာအုပ်ရှစ်အုပ်ကို ရေးသားခဲ့သည်။ နောက်ပိုင်း ရေးသားပြုစုသော စာအုပ်များကို စာပေဗိမာန်မှ အစဉ်တစိုက် ထုတ်ဝေပေးခဲ့သည်။ "မြန်မာ့ရိုးရာ ကဗျာ"၊ "မြန်မာ့လုပ်ငန်းဆယ်ပွင့်ပန်း" နှင့် "သုတကြွေးမုံ အတွဲ--၁" စာအုပ်များကို ဆက်လက် ထုတ်ဝေခဲ့သည်။ ထို့နောက် "ဒဂုန်နတ်ရှင်၏ ဘဝခရီးစဉ်" ဟူသော ကိုယ်ရေး အတ္ထုပ္ပတ္တိကို ရေးသားကာ ၁၉၇၄ ခုနှစ်တွင် စာပေဗိမာန်မှပင် ထုတ်ဝေခဲ့သည်။

ဒဂုန်နတ်ရှင်၏ ရေးသားထုတ်ဝေပြီးသော လုံးချင်း

စာအုပ်အချို့မှာ အိမ် ထောင် ဦး ရှု ဖွယ်၊ အ ချစ် ဂဏ္ဍီ၊ လောကနီဗွာန်၊ ယောကျ်ား၊ သူရသတ္တိ၊ ဆရာဝန်ဒိုင်ယာရီ (အတွဲ ၁၊ ၂၊ ၃)၊ ခြသေ့စိတ်၊ လူသေး၊ ဓာတ်ချုပ် ထောဂါကုထုံးကျမ်း၊ နွားနို့လုပ်ငန်း (နို့ဆီ ထောပတ်ချက်နည်း)၊ စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ (စာပေဗိမာန်ဆုရ)၊ အကြံသစ်၊ အာဇာနည်၊ ပါနောက်၏ရုပ်ကြီးစင်၊ စာပေဝတ်ဆံ (အတွဲ ၁ မှ ဂ အထိ)၊ မြန်မာ့ရိုးရာကွမ်းဓလေ့၊ မြန်မာ့လုပ်ငန်း ဆယ်ပွင့်ပန်း၊ သုတကြေးမုံ (ဘတွဲ–၁)၊ ရတနာပုံနိဒါန်း၊ မြန်မာ့ရိုးရာ ကိန်းဂဏန်းသင်္ချာ (အမျိုးသားစာပေဆုရ)၊ ဘာသာရေး အမွေအနှစ်များ၊ စာပေအမွေအနှစ် စသည့်စာအုပ်များဖြစ်ပေသည်။

စာရေးဆရာကြီး ဒဂုန်နတ်ရှင် သည် ၁၉၀၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဒါလီ, ဆာဗေဒို (ခရစ် ၁၉၀၄–၁၉၀၉)။ ။သရုပ်လွန် ဝါဒ (ဆာရီယယ်လစ်ဇင်)ကိုကိုင်စွဲသောထင်ရှားသည့်စပိန်ပန်းချီ ပန်းပုအနုပညာရှင် ဆာဗေဒို ဒါလီကို ၁၉၀၄ ခုနှစ် မေလ ၁၁ ရက်နေ့တွင် စပိန်နိုင်ငံ ဖစ်ဂွါရပ်မြို့၌ မွေးဖွားသည်။ ဒါလီသည် ပက်ဗလို ပီကာဆို (၁၈၈၁–၁၉၇၃) နှင့်အပြိုင် ကျော်ကြားခဲ့ရာ ပန်းချီဆရာအဖြစ် လူသိများသည့်နည်းတူ ဖယောင်းတင် နှုတ်ခမ်းမွေးနှင့် လူထူးလူဆန်းကြီးအဖြစ်လည်း အာရုံစူးစိုက်ခံရသူ ဖြစ်သည်။

ဒါလီသည် ငယ်စဉ်ကပင် အရွယ်နှင့် မလိုက်အောင် ပန်းချီပညာ၌ ထူးချွန်ခဲ့သည်ဟု ဆိုသည်။ မက်ဒရစ်မြို့နှင့် ဘာစီလိုနာမြို့တို့တွင် ပန်း ချီ ပ ညာ ဖြင့် လှည့်လည်၍ အသက်မွေးခဲ့သည်။ ၁၉ ရာစုနှစ်က ထင်ရှားသော ရိုမန်တစ်နှင့် အကယ်ဒမီပန်းချီကျော်တို့၏ ရေးဟန်များ၊ ၂၀ ရာစုနှစ်တွင်ထင်ရှားသည့် အီတလီပန်းချီကျော် ဂီအော်ဂီယို ဒီ ချီရီကို (၁၈၈၈–၁၉၇၈)ကဲ့သို့သော တက္ကိကဝါဒီ ပန်းချီပညာရှင်တို့၏ ရေးဟန်များ အပါအဝင် ပန်းချီရေးဟန်အမျိုးမျိုးနှင့် သီအိုရီအဖုံဖုံကို လေ့လာ၍ ရောမွှေကာ ကိုယ်ပိုင်ဟန်ရရှိရန် အားထုတ်ခဲ့သည်။

ဒါလီသည် ၁၉၂၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလတွင် ရင့်ကျက်သော ကိုယ်ပိုင်ဟန်ကို ထူထောင်နိုင်ခဲ့သည်။ စိတ်ခွဲပညာရှင် ဆစ်ဂမွန် ဖရိုက် (၁၈၅၆–၁၉၃၉) ရေးသားတင်ပြသော နက်နဲဆန်းကြယ်သည့် မသိစိတ်အကြောင်းကို နှစ်ခြိုက်စွာ ဖတ်ရှုလေ့လာခြင်းကြောင့်လည်းကောင်း၊ "သာလွန်သော သရုပ်မှန်မှု"ကို ဖန်တီးအံ့ဟု ကြွေးကြော်နေသော ပါရီသရုပ်လွန်ဝါဒီအုပ်စုနှင့် ဆက်သွယ်မိခြင်းကြောင့်လည်းကောင်း ဒါလီ၏ ကိုယ်ပိုင်ဟန်



ကမ္ဘာကျော် ပန်းချီပန်းပု ပညာရှင် ဆာဗေဒို ဒါလီ

သည် ပိုမို၍ ရင့်ကျက်လာသည်ဟု ဆိုသည်။ ဒါလီသည် ၁၉၂၉ ခုနှစ်ဝန်းကျင်တွင် ပါရီမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး သရုပ်မှန်ဝါဒီအုပ်စုနှင့် ကျူဗစ်(ကုဗဝါဒီ)အသိုင်းအဝိုင်းတို့တွင် ပန်းချီပညာကို ဆက်လက်ဆည်းပူးနေစဉ် သရုပ်လွန်ဝါဒီအုပ်စုနှင့် ကျွမ်းဝင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ "အိပ်မက်ကို လက်ဖြင့် တစ်သဝေမတိမ်း ဘူအောင်ကူးယူထားသော ဓာတ်ပုံများ" ဖြစ်အောင် ပန်းချီကားများကို ရေးဆွဲခဲ့သည်ဟူ၍ ဆာဗေဒို ဒါလီ၏ လျှို့ဝှက်သော ဘဝအမည်ရှိ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ဒါလီက ရေးသားခဲ့သည်။ ထိုရေးဟန်ဖြင့် ဖန်တီးသော ပန်းချီကားများအနက် မှတ်ဉာဏ်၏ မလျှော့သောဇွဲ(၁၉၃၁)၊ ထွန်းလင်းရောင်ဝါ ပျော်စရာ (၁၉၂၉)၊ အလိုရမ်မက်၏ ခိုနားရာ (၁၉၂၉)၊ စက်ဆုပ်ဖွယ်ရာ သတ္တဝါတို့၏ တိတ်ဆိတ်မှုများ (၁၉၃၇) တို့သည် အထင်ရှားဆုံးလက်ရာများ ဖြစ်သည်။

ဒါလီရေးဆွဲသော ပန်းချီကားများတွင် မီးလောင်နေသော သစ်ကုလားအုတ်များ၊ ပျော့အိ၍ တွဲလျားကျနေသော နာရီများ၊ ပြင်သစ်စာရေးဆရာနှင့် အတွေးအခေါ်ရှင် ဗော်လတဲ (၁၆၉၄–၁၇၇၈) ကို အမှတ်မထင်ဖုံးကွယ်နေသည့် ကျန်စေးခင်း၊ ကုလသမဂ္ဂ အဆောက်အအုံအတွင်းသို့ ဝင်ခွင့်ရရန် တံခါးခေါက်နေသော ယေရှုခရစ်တော် စသည့် နိမိတ်ပုံအမျိုးမျိုးကို တွေ့ရှိရသည်။ ယင်းနိမိတ်ပုံများကို ဟန်ချီညီညီ ဖွဲ့စည်းမှုနှင့် သန္ဓရသ ပေါ်လွင်အောင် ဖန်တီးမှုတို့ဖြင့် ဂန္ထဝင်မြောက် ရေးဆွဲခြင်း ဖြစ်သည်။ ဒါလီသည် ဇာတ်ရုံကြီးများ၏ အခင်းအကျင်းများကိုလည်းကောင်း၊ ဖက် ရှင် ပစ္စည်း ဆိုင်ခန်းများ၏ အတွင်းဒီဇိုင်းများကိုလည်းကောင်း စီမံပေးလေ့ ရှိသည်။ ၁၉၅၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ ကာလအတွင်း ဘာသာရေး အယူအဆများနှင့် အကြောင်းရပ်များကို

အခြေခံသော ပန်းချီကားများကို ရေးဆွဲခဲ့ရာ စိန့်ဂျွန်းကို လက်ဝါးကပ်တိုင်တင်ခြင်း (၁၉၅၁) နှင့် နောက်ဆုံးညစာ (၁၉၅၅)တို့သည် အထင်ရှားဆုံး ဖြစ်သည်။ ထို့ပြင် ဒါလီသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကို တမ်းတသော ပန်းချီကားများကို ရေးဆွဲခဲ့ရာ တူးနား ငါးများခြင်း (၁၉၆၀)အမည်ရှိပန်းချီကားသည်အထင်ရှားဆုံးဖြစ်သည်။ ဒါလီသည် ဇနီးသည် ဂါလာကို အလွန်မြတ်နိုးသဖြင့် ဇနီးသည်၏အကြောင်းကို ဗဟိုပြုသည့် ပန်းချီကား အများအပြားကိုရေးဆွဲခဲ့သည့်အနက်ဂါလာစီဒါလာဆိုက်အောက်စီရိုင်ဘို နျူကလီအစ်အက်ဆစ် (Galacidalacideoxyribonucleicacid) (၁၉၆၃)အမည်ရှိ ပန်းချီကားသည် အထင်ရှားဆုံးဖြစ်သည်။

ဒါလီသည် ဗွေဆော်ဦး ပန်းပုလက်ရာကောင်း တစ်ခု အဖြစ် ဒန်တီ၏ ကိုယ်တစ်ပိုင်းကြေးရုပ်တုကို ၁၉၆၅ ခုနှစ်တွင် ထုလုပ်ခဲ့သည်။

ဒါလီ၏ လက်ရာများသည် လူငယ်များကို ဖျက်ဆီးသော သရုပ်ပျက် အနုပညာဖြစ်သည်ဟု ဖက်ဆစ်ဝါဒီနှင့် စတာလင်ဝါဒီတို့က ရှုတ်ချလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ ဒါလီသည် တစ်ဟုန်တိုး ကျော်ကြားခဲ့သည်။ အသက် ၄၅ နှစ်အရွယ်သာ ရှိသေးသော ဇနီးသည် ဂါလာသည် ၁၉၆၅ ခုနှစ်တွင် ကွယ်လွန်သောအခါ စိတ်ထိခိုက် သွားခဲ့သည်။ ထို့နောက် ၁၉၆၄ ခုနှစ်တွင် ဒါလီသည် မီးလောင်ခံရပြီးနောက် လက်တွန်းလှည်းနှင့် သွားလာလှုပ်ရှားရသော ဒုက္ခိတဘဝသို့ ရောက်ခဲ့သည်။

အမေရိကန် ပန်းချီ ပန်းပု ပညာရှင် အင်ဒီ ဝါးဟိုး (၁၉၃၁–၁၉၈၇) (စွယ်စုံနှစ်ချုပ်၁၉၈၈–စာ၊ ၂၇၉––ရှု။) ကဲ့သို့သော ပေါ့ပန်းချီ ပညာရှင်များ၏ ခေတ်အထိ ဩဇာညောင်းသည့် သရုပ်လွှန်ဝါဒီ ပန်းချီ ပညာရှင်ကြီး ဆာဗေဒို ဒါလီသည် ၁၉၈၉ ခုနှစ် ဇွန်နဝါရီလ ၂၂ ရက်နေ့တွင် ကွယ်လွန်သည်။

ဒူမောရီးယား, ဒက်ဖနီ (ခရစ် ၁၉၁၇–၁၉၈၉)။ ။ မြန်မာ စာဖတ် ပရိသတ်နှင့် ကျွမ်းဝင်သော အင်္ဂလိပ် စာရေးဆရာမ ဒက်ဖနီ ဒူမောရီးယားကို ၁၉၀၇ ခုနှစ် မေလ ၁၃ ရက်နေ့တွင် လန်ဒန်မြို့၌ မွေးဖွားသည်။ ထရီဘီ အမည်ရှိဝတ္ထုနှင့် ပီတာ အစ်ဘက်ဆန် အမည်ရှိ ဝတ္ထုတို့ကို ရေးသားသည့် ပန်းချီပညာရှင်နှင့် စာရေးဆရာ ဂျေ့ ဒူမောရီးယား၏ မြေးဖြစ်သည်။ ထင်ရှားသော ရုပ်ရှင်အနုပညာရှင် ဂျရဲဒူမောရီးယား၏ သမီးဖြစ်သည်။ ငယ်စဉ်က အိမ်၌ပင် ပညာဆည်းပူးခဲ့ရသည်။ အသက် ၁၈ နှစ်အရွယ်တွင် ပါရီမြို့၌ ခြောက်လသာသာမျှ နေခဲ့ဖူးသည်။ အင်္ဂလိပ် စာပေနှင့် ပြင်သစ်စာပေတို့ကို နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာ ပြီးလျှင် ဆယ်ကျော်သက် အရွယ်ကတည်းကပင် ကဗျာများ စပ်ဆို၍ ဝတ္ထုတိုများ ရေးသားခဲ့သည်။

ဒက်ဖနီ ဒူမောရီးယားငယ်စဉ်က ရေးသားသောစာပေလက်ရာများတွင် ကက်သရင်း မင်းစဖီး (၁၈၈၈–၁၉၂၃) နှင့် ဂေး ဒီ မိုပါဆွန်း (၁၈၅၀–၁၈၉၃) တို့၏ ဩဇာများလွှမ်းနေသည်ကို တွေ့ရသည်။ ခေတ်ပြိုင်စာပေများထက် ဂျိန်း အော်စတင် (၁၇၇၅ – ၁၈၁၇)၊ ရောဗတ်လူဝီ စတီဗင်ဆင် (၁၈၅၀ – ၁၈၉၄) စသော ခေတ်နှောင်းစာဆိုများ၏ လက်ရာများကို ပိုမိုအလေးထား ဖတ်ရှုသည်။ ကျေးလက်ကို မြတ်နိုးသည်။ မြို့ပြဝန်းကျင်ကို မနှစ်သက်ချေ။ ပွဲလမ်းသဘင်နှင့် ပကာသန အဆောင်အယောင်များကို ရှောင်သည်။ မည်သည့်နိုင်ငံရေးပါတီကိုမျှ စိတ်မဝင်စားချေ။ လောကလှုံဘုံ၌ ကြုံနေကြရသော ဒုက္ခပေါင်းစုံ၏ အရင်းအမြစ်သည် လူသား၏ တစ်ကိုယ်ကောင်းဆန်မှုဖြစ်သည်ဟု အခိုင်အမာ ယုံကြည်သည်။ အသက်ရှင်လျက် ရှိကြကုန်သော အမျိုးသား၊ အမျိုးသမီးတိုင်းက အတ္တအကျိုးစီးပွားနှင့် တစ်ကိုယ်တော် အောင်မြင်မှုအတွက်ကိုသာ ဦးတည်ကြဆောင်လုပ်ကိုင်နေကြခြင်းကို မရပ်ဆိုင်းကြလျှင် ကမ္ဘာ့ငြိမ်းချမ်းသာယာရေးကို အဓွန့်ရှည်စွာ မဆောင်ကြဉ်းနိုင်ဟု ခံယူသည်။ အခြားလူသားများကို တားမြစ်ချုပ်ချယ်ခြယ်လှယ်ခြင်းနှင့် သြဝါဒပေးလမ်းညွှန်နေခြင်းတို့ မပြုမှသာ တစ်ပါးသူလည်း စိတ်ချမ်းသာ၊ ကိုယ်တိုင်လည်း စိတ်ချမ်းသာ၍ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်မည်ဟု ယူဆသည်။

ဒက်ဖနီ ဒူမောရီးယားသည် ၁၉၃၂ ခုနှစ်တွင် ဒုတိယ ဗိုလ်မှူးကြီး ဖရက်ဒရစ် အာသာ မွန်တေဂူဘရောင်းနင်းနှင့် အိမ်ထောင်ပြုသည်။ သမီး နှစ်ယောက်နှင့် သား တစ်ယောက် ထွန်းကားသည်။ ငြိမ်းချမ်းသော ခေတ်ကာလတွင် ဟမ်းရှိုင်းယားနယ်ရှိ ကျေးလက်စံအိမ်လေး၌ နေထိုင်ခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တွင် ဗိုလ်မှူးကြီး ဘရောင်းနင်းသည် ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံရလေရာ ထိုစဉ်က ဗြိတိသျှ အင်ပါယာ၏ တပ်များတွင် ယင်းရာထူးကို ရရှိသူများအနက် အသက်အငယ်ဆုံးပင် ဖြစ်သည်။

ဒက်ဖနီ ဒူမောရီးယားသည် ချစ်တတ် သော စိတ် (၁၉၃၁)၊ ငယ်စဉ်ဘဝ ပြန်မရပြီ (၁၉၃၂)၊ ဂျူးလိယပ်စ်၏ တိုးတက်မှု (၁၉၃၃)၊ ဂျမေကာအင်း (၁၉၃၆)၊ ရီဗက်ကာ (၁၉၃၈)၊ ရှင်ဘုရင်၏သေနာပတိ (၁၉၄၆)၊ စက်တင်ဘာဒီလျိုင်း (၁၉၄၈)၊ ကပ်ပါးများ (၁၉၄၉)၊ ပန်းသီးပင် (၁၉၅၂)၊ မေရီအန်း (၁၉၅၄)၊ ခုတုံး (၁၉၅၇)၊ ကမ်းစပ်ကအိမ် (၁၉၆၉)၊ ပြန်လည်ဆုံတွေ့ခြင်းနှင့် အခြားဝတ္ထုတိုများ၊ ရီဗက်ကာမှတ်စုနှင့် အခြား

ကိုယ်တော့ဖြစ်ရပ်များ (၁၉၀၁) စသည့် စာပေလက်ရာ အများအပြားကို ပြုစုခဲ့သည်။ ဂျရဲ၏ရုပ်ပုံလွှာ (၁၉၃၄) အမည်ရှိစာအုပ်တွင်ဖခင်၏ဘဝအတွေ့ပြုတို့ကိုလည်းကောင်း၊ ဒူမောရီးယားဆွေမျိုးစု (၁၉၃၇) အမည်ရှိ စာအုပ်တွင် လွန်ခဲ့သော ဆွေမျိုးဆက် သုံးဆက်၏ အကြောင်းကိုလည်းကောင်း နှစ်သက်ဖွယ်ဖြစ်အောင် ပြုစုထားရာ စာပေအရည်အသွေးလည်း ပြည့်ဝ၊ သမိုင်းတန်ဖိုးလည်း ရှိလှသည်။ ကြောင်လိမ်လှေကား – ဖရန်စစ်ဘောကွန်၏ အတက်အကျဘဝခရီး (၁၉၇၆) အမည်ရှိ အတွေ့ပြုတို့ စာအုပ်သည်လည်း အထူးထင်ရှားသည်။ ပွားများလှုံ့လ (၁၉၇၇) အမည်ရှိ စာအုပ်မှာမူ ကိုယ်ရေးအတွေ့ပြုတို့ စာပေလက်ရာဖြစ်သည်။

ဒက်ဖနီ ဒူမောရီးယား၏ ဝတ္ထုများအနက် အထင်ရှားဆုံးမှာ ရီဗက်ကာဖြစ်သည်။ ယင်းဝတ္ထုထုတ်ဝေကာစကလည်း စာဖတ်ပရိသတ်အများဆုံး ဝတ္ထုစာရင်းဝင်ဖြစ်ခဲ့သည်။ ရုပ်ရှင်ရိုက်ကူးတင်ဆက်သောအခါတွင်လည်း အထူးအောင်မြင်သည်။ ယင်းဝတ္ထု၏ အကြောင်းအရာပိုင်းတွင် စာရေးဆရာမ အဲလစ်ဇဗက် (မြို့စားကတော် ရပ်ဆဲလ်) ရေးသားသည့် ဗီဆုဝတ္ထုက အတော်အတန် လွှမ်းနေသည်ဟု ဆိုသည်။ ရီဗက်ကာဝဝတ္ထုကို စာရေးဆရာ တင့်တယ်က မြန်မာစာဖတ်ပရိသတ်အတွက် စန္ဒာမဂ္ဂဇင်းတွင် အခန်းဆက် ထည့်သွင်း ဖော်ပြခဲ့ဖူးသည်။ ဝတ္ထုမဆုံးမီ ဆရာတင့်တယ် မကျန်းမမာဖြစ်လာသဖြင့် ရပ်တန့်ထားခဲ့ရသည်။ ထို့နောက် ကွယ်လွန်သွားသဖြင့် ဆက်မရေးနိုင်ခဲ့ပေ။ ၁၉၇၂ ခုနှစ်တွင် စာရေးဆရာ အထောက်တော်လှအောင်က ရီဘက်ကာ ဟူသောအမည် ဖြင့်ပင် ပြန်ဆို၍ လုံးချင်းစာအုပ်ထုတ်ဝေခဲ့သည်။ စာရေးဆရာ မောင်သိန်းဆိုင်သည် ဂျမေကာ အင်း ကို မှီး၍ ခင်ပပမြိုင် (၁၉၆၄) ဝတ္ထုကိုလည်းကောင်း၊ ရီဗက်ကာကို မှီး၍ တနွေနွေ တချိန်ချိန် တနေရာရာ (၁၉၆၆) ဝတ္ထုကိုလည်းကောင်း ရေးသားခဲ့ဖူးသည်။ စာရေးဆရာမ ကလျာ (ဝိဇ္ဇာ/သိပ္ပံ) လည်း ဒက်ဖနီ ဒူမောရီးယား ဝတ္ထုအချို့ကို မှီငြမ်းပူးသည်။ စာရေးဆရာ ဗန်းမော်တင်အောင် ရေးသားသော ချစ်အဏ္ဏဝါဘွေ (၁၉၆၂) ဝတ္ထု၏ အမှာစာတွင် အကိုးအကားယူသော စာအုပ်များကို ဖော်ပြရာ၌ ရီဗက်ကာဝဝတ္ထုလည်း ပါဝင်သည်။ မေတ္တာဘွဲ့နှင့် လျှို့ဝှက်ဆန်းကြယ် အကြောင်းအရာကို ရောမွှေထား၍ ဒက်ဖနီ ဒူမောရီးယား၏ ဝတ္ထုများကို ပရိသတ် အကြိုက်တွေ့ကြသည်ဟု ဆိုသည်။

အပေါ်ယံ ရွှေမှုန်ကြဲသည့် ပကာသနဝန်းကျင်ကို မနှစ်မြို့သော စာရေးဆရာမ ဒက်ဖနီ ဒူမောရီးယားသည် မိမိ၏ စျာပနအခမ်းအနားကို ပန်းများ၊ အလှအပအဆင်တန်ဆာများဖြင့် ခင်းကျင်းသော အခမ်းအနားမျိုး မပြုလုပ်ရန် နှင့် အရင်းနှီးဆုံးဆွေမျိုးနှင့် မိတ်သင်္ဂဟ အနည်းငယ်သာ တက်ရောက်စေရန် မှာကြား ခဲ့ပြီး နောက် အင်္ဂလန် အနောက်တောင်ပိုင်း ကွန်ဝေနယ်ရှိ ပါးအမည်ရှိရွာလေး၌ ၁၉၈၉ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကွယ်လွန်သည်။

ဓူဝံ (စာရေးဆရာ) (ခရစ် ၁၉၀၈–၁၉၈၉) ။ ။ ဓူဝံ ကလောင်အမည်ခံ စာရေးဆရာနှင့် သတင်းစာဆရာကြီး ဦးသန်းတင့်ကို မြေထဲ (အောင်လံ) မြို့၌ အဖ ဦးခက်၊ အမိ ဒေါ်မမကြီးတို့က ၁၉၀၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင်မွေးဖွားသည်။ မွေးချင်းကိုးယောက်အနက် ဆင္ဌမမြောက်သားဖြစ်သည်။

တောင်ငူမြို့ စိန်လွှစ် အထက်တန်းကျောင်း၊ မော်လမြိုင်မြို့ ရှင်မဟာ ဗုဒ္ဓဃောသ ကျောင်း နှင့် အင်းစိန်မြို့ အစိုးရ အထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ကို ရရှိခဲ့သည်။

ဓူဝံသည် ၁၉၃၀ ပြည့်နှစ်တွင် မြန်မာ့အလင်းသတင်းစာတိုက်၏ နယ်လှည့် သတင်းထောက်အဖြစ် ဆောင်ရွက်၍ သတင်းစာလောကသို့ စတင် ဝင်ရောက် သည်။ ၁၉၃၁ ခုနှစ်တွင် မြန်မာ့အလင်း သတင်းစာ၏ နယ်လှည့်ခရာတ်ပုံ သတင်းထောက်၊ ထို့နောက်တွင် ရန်ကုန်သတင်းထောက်၊ ဘာသာပြန် အယ်ဒီတာ၊ တာဝန်ခံ အယ်ဒီတာနှင့် ထိုမှ တစ်ဆင့် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ်အဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၃၃ ခုနှစ်မှစ၍ ဓူဝံကလောင်အမည်ခံယူကာ ဒဂုန်မဂ္ဂဇင်းတွင် စာစတင်ရေးသားခဲ့သည်။ နောက်ပိုင်းတွင် လေပွေ၊ နှင်းဆီ၊ ချိန်ခွင်၊ မျက်လုံး၊ ဒေဝါ စသည့် ကလောင်အမည်ခံများဖြင့်လည်း ရေးသားခဲ့သည်။

ဓူဝံသည် နိုင်ငံဝန်ထမ်းဘဝဖြင့် ပြန်ကြားရေးဌာန၊ နယ်လှည့်လူမှုဆက်ဆံရေးအရာရှိမှစ၍ ရုပ်ရှင်နှင့် ပြဇာတ်ဌာနတွင် ဒုတိယညွှန်ကြားရေးဝန်၊ ထိုမှ ညွှန်ကြားရေးဝန် တာဝန်များအထိ ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ညွှန်ကြားရေးဝန်ရာထူးမှ နုတ်ထွက်ခဲ့ပြီး သတင်းစာဆရာ စာရေးဆရာဘဝတွင် ကျင်လည်ခဲ့သည်။

ဓူဝံ ကလောင်အမည်ဖြင့် ဝတ္ထုတို ဝတ္ထုရှည်များကို မြန်မာ့အလင်း သတင်းစာနှင့် မြန်မာ့အလင်း မဂ္ဂဇင်းတို့တွင် ရေး သားခဲ့ သည် သာ မ က လုံးချင်းဝတ္ထု စုစုပေါင်း ၁၀၀ ကျော်မျှကိုလည်း ရေးသား ထုတ်ဝေခဲ့သည်။ ဓူဝံ ကလောင်အမည်အပြင် ရန်ကုန်သတင်းစာနှင့် ဗမာ့ခေတ် သတင်းစာတို့၌ ၁၉၅၃ ခုနှစ်ခန့်မှစ၍ လေပွေ ကလောင်



စာရေးဆရာကြီး ဓူဝံ

အမည်ဖြင့် ပင်တိုင်ဆောင်းပါးများ ရေးသားခဲ့ရာ လေပွေကလောင်အမည်သည်လည်း လူသိများသော ကလောင်အမည်ဖြစ်ခဲ့သည်။

၁၉၄၆–၄၇ ခုနှစ်တွင် တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်၍ အရွှေတိုင်းမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ပြည်ထောင်စုသတင်းစာတိုက်ကို တည်ထောင်ပြီး အယ်ဒီတာချုပ်တာဝန်ကို ယူခဲ့သည်။ ပြည်ထောင်စုသတင်းစာတွင် ဓူဝံ ကလောင်အမည်ဖြင့် အခန်းဆက် ဝတ္ထုများရေးသားရာ စာရေးဆရာဓူဝံဟူ၍ တစ်ရှိန်ထိုး နာမည်ကြီးလာခဲ့သည်။

ဓူဝံသည် ၁၉၅၇ ခုနှစ်တွင် "ဂွမ်းပုံ" ဝတ္ထု ရှည် ဖြင့် စာပေဗိမာန်ဆုရရှိခဲ့သည်။ သည့်နောက်ပိုင်းတွင် စာရေးကျွမ်းခဲ့သော်လည်း ၁၉၆၁ ခုနှစ်နှစ်မှအစပြု၍ ငွေတာရီ၊ မြဝတီ၊ သွေးသောက်၊ စစ်ပြန်၊ စန္ဒာ၊ ပေဖူးလွှာ မဂ္ဂဇင်းများနှင့် စံပယ်ဦး စာစောင်များတွင် ဝတ္ထုတိုများ နှင့် ဆောင်းပါးများစွာကို ကွယ်လွှန်ချိန်မတိုင်မီအထိ အဆက်မပြတ် ရေးသားလာခဲ့သည်။ ၁၉၆၉ ခုနှစ် ဇူလိုင်လထုတ် စစ်ပြန် မဂ္ဂဇင်းတွင် ပါရှိသော ဗိုလ်ချုပ် အောင်ဆန်း အကြောင်း ဆောင်းပါးမှာ ဓူဝံ၏ နောက်ဆုံးလက်ရာဖြစ်သည်။

ဓူဝံကလောင်အမည်ဖြင့် စာပေနှင့်သတင်းစာလောကတွင် ထင်ရှားခဲ့သော စာရေးဆရာ သတင်းစာဆရာကြီး ဦးသန်းတင့်သည် ၁၉၆၉ ခုနှစ် ဇွန်လ ၁၀ ရက် နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်လှကြည်သည် ၁၉၇၀ ခုနှစ်ကတည်းက ကွယ်လွန်ခဲ့သည်ဖြစ်ရာ ၎င်း ကွယ်လွန်ချိန်တွင် သားသမီးသုံးယောက် ကျန်ရစ်သည်။

နမီးဗီးယားဒေသ။ ။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် နမီးဗီးယားဒေသကို လွတ်လပ်ရေးပေးရန် နှင့် ကုလသမဂ္ဂကကြီးမှူး၍ ရွေးကောက်ပွဲများကျင်းပပေးရန် ဆုံးဖြတ်ချက်အမှတ် ၄၃၅ ကို ၁၉၇၈ ခုနှစ်တွင် ချမှတ်ခဲ့သည်။ အာဖရိကအနောက်တောင်ပိုင်းဟု ၁၉၆၈ ခုနှစ်မတိုင်မီက ခေါ်တွင်ခဲ့သည့် နမီးဗီးယား ဒေသတွင် ဆုံးဖြတ်ချက်အမှတ် ၄၃၅ အရ နှစ်စဉ် ဘတ်ဂျက်ငွေ ဒေါ်လာသန်း ၆၅၀ ဖြင့် အင်အား ၉၀၀၀ ရှိ ကုလသမဂ္ဂ တပ်ဖွဲ့များကို ထားရှိရန် မလိုအပ်တော့ဟုဆိုကာ ကုလသမဂ္ဂ ကြားကာလ ထောက်ကူရေးအဖွဲ့ (ယူအင်တီအေဂျီ) ကို လျှော့ချနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အခြား လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲဝင်နိုင်ငံတို့က ကြိုးစားလာကြသည်။ ဂျာမန်ကိုလိုနီနယ်မြေဟောင်းဖြစ်သောနမီးဗီးယားကို အုပ်စိုးနေသည့် တောင်အာဖရိကနိုင်ငံ၊ အိမ်နီးချင်းအန်ဂိုလာနိုင်ငံ၊ အန်ဂိုလာနိုင်ငံ၌ တပ်များ ချထား၍ အစိုးရကို ထောက်ကူပံ့ပိုးနေသော ကျူးဗားနိုင်ငံတို့သည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလက သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြ၍ နမီးဗီးယား ပြဿနာ အခြေအနေ တိုးတက်ကောင်းမွန်လာသည်။ ယင်းစာချုပ်အရ ကျူးဗားတပ်များသည် အန်ဂိုလာနိုင်ငံမှ ဆုတ်ခွာရမည် ဖြစ်သည်။ ထိုသို့သော အခြေအနေများ ပေါ်ပေါက်နေချိန်၌ နမီးဗီးယား လွတ်လပ်ရေးအစီအစဉ်ကို ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့၌ အခြေခံ၍ ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ၁၉၉၀ ပြည့်နှစ်မှစ၍ အုပ်ချုပ်လာခဲ့သည့် တောင်အာဖရိကနိုင်ငံသည် နမီးဗီးယားဒေသအား လွတ်လပ်ရေးပေးရန် စီစဉ်ဆောင်ရွက်ပေးရသည်။ နမီးဗီးယားကို အုပ်ချုပ်ပိုင်ခွင့်မရှိကြောင်းဖြင့် ကုလသမဂ္ဂက ၁၉၆၆ ခုနှစ်ဘွင် ဆုံးဖြတ်ခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်ကြာမှ တောင်အာဖရိကနိုင်ငံက ထိုသို့စီစဉ်ဆောင်ရွက်ရန် သဘောတူခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် နမီးဗီးယားအား လွတ်လပ်ရေး ပေးနိုင်ရန် ဒေါ်လာ ၄၁၆ သန်းအကုန်အကျခံရမည်ဟု ကုလသမဂ္ဂက ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကြေညာသည်။



နမိုးဗိုးယားနိုင်ငံ၏ လွတ်လပ်ရေးအတွက်ကြိုးပမ်းရင်း ပြည်ပသို့ရောက်ရှိနေခဲ့ရာမှ ၂၃ နှစ်ကြာမှပြန်လာခွင့်ရခဲ့သော ဆွာပို့ခေါင်းဆောင် ဆမ်နုကျိုမာ အိမ်မြေပြင်ကို နမ်းရှုံ့ နှုတ်ဆက်နေပုံ

အာဖရိကလူမည်း ရွှေတန်းနိုင်ငံများနှင့် ဘက်မလိုက်နိုင်ငံများက နမိုးဗိုးယားသို့ ကုလသမဂ္ဂတပ်ဖွဲ့အင်အား ၇,၅၀၀ ပို့ပေးရန် တောင်းဆိုခဲ့ကြရာ ကုလသမဂ္ဂသည် ဘဏ္ဍာရေးအခြေအနေအရ တပ်ဖွဲ့ဝင် ၄,၆၅၀၊ အရန်အင်အား ၂,၀၅၀ ပါဝင်သော ကြားကာလ ထောက်ကူရေးအဖွဲ့ (ယူအင်တီအေဂျီ)ကို ပို့ပေးခဲ့သည်။

နမိုးဗိုးယား၌ တောင်အာဖရိကအစိုးရ ကြီးမှူးဖွဲ့စည်းပေးထားသော ကြားဖြတ်အစိုးရသည် တောင်အာဖရိက အုပ်ချုပ်ရေးမှူးတစ်ဦးအား ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အာဏာလွှဲပြောင်းပေးခဲ့သည်။ နမိုးဗိုးယားအား လွတ်လပ်ရေးပေးရန် လုပ်ငန်းအစပျိုးခြင်းဖြစ်သည်။ လွတ်လပ်ရေးအတွက် ၂၃ နှစ်ကြာမျှ ပြောက်ကျားစစ်ဆင်နွှဲနေသည့် ဆမ်နုကျိုမာ ခေါင်းဆောင်သော အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို) သည် ၁၉၇၅ ခုနှစ်က ဖွဲ့စည်းခဲ့သော ယင်းနမိုးဗိုးယားကြားဖြတ်အစိုးရအဖွဲ့၌ မပါဝင်ခဲ့ချေ။

၁၉၀၉ ခုနှစ် ဧပြီလပထမပတ်အတွင်း တောင်အာဖရိက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆွာပို ပြောက်ကျားတို့တိုက်ပွဲများဖြစ်ပွားရာ တောင်အာဖရိကတပ်ဖွဲ့ဝင် ၂၀ ဦးနှင့် ပြောက်ကျား ၂၀၉ ဦး သေဆုံးသည်။ ထို့ကြောင့် ယင်းတိုက်ပွဲများရပ်စဲရေးအတွက် ဧပြီလ ဂ ရက်နေ့တွင် တောင်အာဖရိက၊ အန်ဂိုလာနှင့် ကျူးဗား နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့မှ လေ့လာသူများနှင့်အတူ နမိုးဗိုးယားအုပ်ချုပ်ရေးအချက်အချာ ဝင်းဟုတ်ခ်မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ ရှစ်ရက်ကြာအပစ်အခတ် ရပ်စဲထားပြီး ဆွာပိုပြောက်ကျား ၁,၉၀၀ ခန့်ကို အန်ဂိုလာနိုင်ငံအတွင်း မိုင် ၉၀ ဝန်းကျင်ရှိ စခန်းများသို့ ပြန်လည်ဆုတ်ခွာစေရန် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးရသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များသည် မေလ ၂ ရက်နေ့တွင် နမိုးဗိုးယားသို့ အင်အားအပြည့်ရောက်ရှိသည်။

ကုလသမဂ္ဂ ဒုကွဲသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်အိပ်ချ်စီအာ)၏ ခန့်မှန်းချက်အရ အန်ဂိုလာနှင့် ဇမ္ဗီးယားနိုင်ငံတို့မှ ဌာနေ နမိုးဗိုးယားသို့ပြန်လိုသူဒုကွဲသည် ၄၁,၀၀၀ ရှိသည်ဟု ဆိုသည်။ ၁၉၀၉ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှစ၍ နမိုးဗိုးယားဒုကွဲသည်များ ဌာနေသို့ပြန်နိုင်စေရန် ယူအင်အိပ်ချ်စီအာက စီစဉ်ပေးသည်။

နမိုးဗိုးယားတွင် ရွေးကောက်ပွဲများကို ၁၉၀၉ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပရာ မဲပေးခွင့်ရှိသူ ၇,၀၁,၀၀၀ ရှိသည့်အနက် ၈၇ ရာခိုင်နှုန်းက မဲပေးခဲ့ကြသည်။ တောင်အာဖရိက အုပ်စိုးမှုကို ပြောက်ကျားနည်းဖြင့် ၂၃ နှစ်ကြာတော်လှန်လာခဲ့သော အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို) က အမျိုးသားလွှတ်တော်တွင် ၇၂ နေရာရှိသည့်အနက် ထောက်ခံမဲ ၅၇ ရာခိုင်နှုန်းဖြင့် ၄၁ နေရာ အနိုင်ရရှိသည်။ ဒီမိုကရက်တစ်တန်းဟော မဟာမိတ်ပါတီ (ဒီတီအေ) က ထောက်ခံမဲ ၂၉ ရာခိုင်နှုန်းဖြင့် ၂၁ နေရာ အနိုင်ရရှိသည်။ ကျန်

နေရာများကို ပါတီငယ် ငါးပါတီက ရရှိသည်။ ဆွာပို ခေါင်းဆောင်များသည် မာ့က်စ် ဝါဒီများအဖြစ် လူသိ များ၍ နမီးဗီးယား ကိုလိုနီ အစိုးရထံ အမှုထမ်းခဲ့သော ရဲများ၊ နိုင်ငံရေးသမားများ၊ ဝန်ထမ်းများကို "ပြန်လည် ပညာပေးရေးစခန်းများ" သို့ ပို့မည်ဟု တစ်ချိန်က ခြိမ်း ခြောက် ခဲ့ သော် လည်း နောက်ပိုင်းတွင် ပြန်လည် သင့်မြတ်ရေးကို ကြေးကြော်လာခဲ့ကြသူများ ဖြစ်သည်။ အဓိက အတိုက်အခံဖြစ်လာမည့် ဒီ တီ အေ ပါတီသည် ပဂ္ဂလိက စီးပွားရေးလုပ်ငန်းကိုအားပေးမည့် ပျော့ပျောင်း သော မူဝါဒရှိသော လူမျိုး အသွေး အရောင်စုံ ပါဝင်သည့် ပါတီဖြစ်သည်။ ဆွာပိုသည် အပြတ်အသတ် အနိုင်ရရှိမည်ဟု ထင် ကြေး ပေး ခံ နေရစဉ် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာတစ်ရပ်၌ ဆွာပိုစခန်းများ တွင် ဖမ်းဆီး နှိပ်စက် ခံခဲ့ရသူများအနက် ၃၁၅ ဦး ပျောက်ဆုံး၍ ၁၀၀ ခန့် သေဆုံးသည်ဟု ဖော်ပြထားသည့် သတင်း ထွက် ပေါ် လာ ခဲ့ပြီး နောက် လူကြိုက်နည်းကာ မျော်မှန်းသလောက် နေ ရာ မ ရ ရှိခဲ့ခြင်း ဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

နမီးဗီးယား၌ နောက်ဆုံးကျန်ရစ်သည့် တောင်အာဖ ရိက လုံခြုံရေးတပ်ဖွဲ့ဝင် ၁,၅၀၀ သည် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အပြီးသတ် ရုပ်သိမ်းသည်။ ရွေးချယ်တင် မြှောက်ပြီးသော လွှတ်တော်သည် နိုဝင်ဘာလ ၂၁ ရက် နေ့တွင် တင်တန်ပါလပ် အဆောက်အအုံ၌ ၁၉၁၀ ပြည့်နှစ် နောက်ပိုင်းပထမဆုံးအကြိမ်အဖြစ် စုဝေးကြသည်။ ယင်း အစိုးရရုံး အဆောက်အအုံကို ဂျာမန် ကိုလိုနီ အုပ်စိုးသူ များက ၁၉၁၀ ပြည့်နှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းလွှတ်တော်က နမီးဗီးယားဖွဲ့စည်းပုံ အခြေခံ ဥပဒေ သစ်ကို ရေးဆွဲပြီးလျှင် ၁၉၉၀ ပြည့်နှစ်တွင် လွတ်လပ် သော နိုင်ငံဖြစ်လာတော့မည် ဖြစ်သည်။

နယူးဇီလန်နိုင်ငံ။ ။ နယူးဇီလန်နိုင်ငံ၏ ကြွေးမြို ဝန်ထုပ်ဝန်ပိုးပိနေသော စီးပွားရေးကို ပြုပြင်ပြောင်းလဲပေး မည်ဟူသော ကတိစကားများဖြင့် ၁၉၀၄ ခုနှစ်တွင် ဝန်ကြီးချုပ် ဒေးဗစ် လန်ဂီ ခေါင်းဆောင်သော လေဘာ ပါတီသည် အာဏာရရှိလာခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး ရော်ဂျာ ဒေါက်ဂလပ်စ်သည် အောက်ခြေသိမ်းပြောင်းလဲ မှုများကို ပြုလုပ်သည်။ နယူးဇီလန်ဒေါ်လာကို တန်ဖိုး လျှော့ချ၍ နှုန်းရှင်ဖြင့် ထားသည်။ လယ်ယာထုတ်လုပ်မှု နှင့် ပို့ကုန်ဆိုင်ရာ အထောက်အပံ့များကို ဖျက်သိမ်းသည်။ သွင်းကုန် အကောက်ခွန်များကို လျှော့ချသည်။ တရားဝင် စီးပွားရေးအဖွဲ့အစည်းများ၏ အခွန်ငွေကို ဖြတ်တောက် လျှော့ချသည်။ ကင်းလွတ်ကုန် အချို့မှအပ ပြည်တွင်း ထုတ်ကုန် ပစ္စည်းများ၏ ရောင်းဈေးနှင့် အကောက်ခွန် ဆောင်ပြီး သွင်းကုန်တန်ဖိုးအပေါ် အခွန်စည်းကြပ်သည်။ ငွေကြေး အရှုံးပေါ် နေသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း များကို ပဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ်သို့ ပြောင်းလဲပစ် သည်။ "ရော်ဂျာနောမစ်" ဟု အမည်ပေးခံရသော ဒေါက် ဂလပ်စ်၏စီးပွားရေးမူဝါဒများကြောင့် စီးပွားရေး နာလန်

နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဒေးဗစ်လန်ဂီနှင့် ဝန်ကြီးချုပ်သစ် ဂျော့ဖရီ ပါးလမား



ထူစပြူလာသော်လည်း လယ်သမားများနှင့် ကုမ္ပဏီအကယ်စားများ လုပ်ခင်းကိုင်ခင်း ပျက်စီးကုန်သည်။ နောက်ပိုင်းတွင် ဝန်ကြီးချုပ်လန်ဂီနှင့် ဝန်ကြီးဒေါက်ဂလပ်စ် တို့သဘောထားကွဲလွဲသည်။ ဝန်ကြီးချုပ်က ဒေါက်ဂလပ်စ်ကို ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ရာထူးမှ ထုတ်ပယ်ခဲ့သည်။

ဒေါက်ဂလပ်စ်သည် လေဘာပါတီ၏ ခေါင်းဆောင်နေရာကို ရရှိရန် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ ၁၉၇၉ ခုနှစ် ဇွန်လတွင် တစ်ကြိမ် ကြိုးပမ်းခဲ့ရာ မအောင်မြင်ခဲ့ချေ။ လေဘာပါတီခေါင်းဆောင် ဝန်ကြီးချုပ် လန်ဂီသည်လည်း ၁၉၇၈ ခုနှစ် ဇူလိုင်လမှစ၍ နှလုံးသွေးကြော ကျယ်သည့် ဝေဒနာကြောင့် မကျန်းမာချေ။ လေဘာပါတီသည် ၁၉၇၉ ခုနှစ် မေလက လူထုထောက်ခံမှု ၃၁ ရာခိုင်နှုန်းသာ ရရှိနေရာမှ ဇွန်လတွင် ၄၃ ရာခိုင်နှုန်းထိ တက်လာသည်ဟု လူထုဆန္ဒသဘောထား ကောက်ခံလေ့လာရေး မှတ်တမ်းများကဆိုသည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလတွင် လေဘာပါတီ အနိုင်ရရှိရန် ဒေါက်ဂလပ်စ်၏ စီးပွားရေးရာ အကြံဉာဏ်အားကို လိုအပ်ကြောင်းကို လေဘာပါတီ ခေါင်းဆောင်ပိုင်းက နားလည်သည်။ စီးပွားရေးကို တည်ငြိမ်စေရန် ထိန်းထားနိုင်သည်ဟု ဆိုသော်လည်း အတိုးနှုန်းများက ၂၀ ရာခိုင်နှုန်းထိ မြင့်တက်နေခြင်း၊ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ၇ ဒသမ ၄ ရာခိုင်နှုန်းထိ ရှိနေ၍ စစ်ပြီးခေတ်တွင် မြင့်မားသော အခြေအနေဟု ဆိုနိုင်ခြင်းတို့ကြောင့် စီးပွားရေးကို ဆက်လက်တိုးတက်အောင်လုပ်ဖို့ လိုနေပေသေးသည်။ ထို့ကြောင့် ၁၉၇၉ ခုနှစ် ဇူလိုင်လတွင် ဒေါက်ဂလပ်စ်ကို အစိုးရအဖွဲ့၌ ပြန်လည်တာဝန်ပေးရန် လေဘာမါတီက ဆုံးဖြတ်သည်။

ဝန်ကြီးချုပ် ဒေးဗစ် လန်ဂီသည် ၁၉၇၉ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်လိုက်သည်။ ကျန်းမာရေး ချွတ်ယွင်းမှုကို အကြောင်းပြ၍ နုတ်ထွက်ခြင်းဖြစ်သည်။ ဒုတိယဝန်ကြီးချုပ် ဂျေဖရီ ပါးလမား က ဆက်ခံသည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင် ပါးလမားသည် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ပြီး ဒေးဗစ် လန်ဂီကို ရွှေနေချုပ်တာဝန် အပ်နှင်းသည်။ ရော်ဂျာဒေါက်ဂလပ်စ်ကို ရဲတပ်ဖွဲ့ရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်သည်။ ထို့ပြင် ဒေါက်ဂလပ်စ်အား စာရင်းစစ်ဌာန ကွပ်ကဲရေးနှင့် ရွှေးကောက်ပွဲ မဟာဗျူဟာချမှတ်ရေးကဲ့သို့သော အထူးစီမံကိန်းများကို လမ်းညွှန်ရေးတာဝန်များကိုပါ အပ်နှင်းသည်။ ဝန်ကြီးချုပ် ပါးလမားသည် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနနှင့် လုံခြုံရေးနှင့် ထောက်လှမ်းရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကိုပါ တာဝန်ယူသည်။ ဒုတိယဝန်ကြီးချုပ်အဖြစ် ကျန်းမာရေး ဝန်ကြီး ဟယ်လင် ကလပ်စ်ကို ခန့်အပ်သည်။

နိုဗဲဆု။ ။ဆွီဒင်လူမျိုး အဲလဖရက် နိုဗဲ (၁၈၃၃–၁၈၉၆) ထားရစ်ခဲ့သော ကရောင်း ၃၃ သန်းဖြင့် မတည်ခဲ့သည့် နိုဗဲဖောင်ဒေးရှင်းက ချီးမြှင့်သောဆု ဖြစ်သည်။ ငြိမ်းချမ်းရေး၊ စာပေ၊ စီးပွားရေး၊ ဆေးပညာ၊ ဓာတုဗေဒနှင့် ရူပဗေဒ နယ်ပယ်တို့အတွက် ချီးမြှင့်သည်။ ၁၉၈၈ ခုနှစ်က နိုဗဲဆုအဖြစ် ကရောင်း ၂ ဒသမ ၅ သန်း (ဒေါ်လာ ၄,၂၀,၀၀၀) ချီးမြှင့်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ကရောင်းသုံးသန်း (ဒေါ်လာ ၄,၅၅,၀၀၀) ချီးမြှင့်သည်။

ငြိမ်းချမ်းရေး – ၁၉၈၉ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိုဗဲဆုကို တိဗက်နိုင်ငံ၏ ၁၄ ဆက်မြောက် ဒလိုင်းလားမား တင်ဇင်းဂျီအတ်တဆိုက ဆုတ်ခွဲးရရှိသည်။ တိဗက်နိုင်ငံ၏ ဘာသာရေးနှင့်နိုင်ငံရေးခေါင်းဆောင်ဒလိုင်းလားမားသည် တိဗက်နိုင်ငံလွတ်မြောက်ရေးအတွက် အကြမ်းမဖက်သောနည်းဖြင့် ကြိုးပမ်းဆောင်ရွက်သဖြင့် ဤဆုကို အပ်နှင်းချီးမြှင့်ရခြင်း ဖြစ်သည်ဟု နော်ဝေးနိုင်ငံ နိုဗဲဆုရွေးချယ်ရေး ကော်မတီက ထုတ်ပြန်ကြေညာသည်။


လွန်ခဲ့သည့် ဆယ်စုနှစ်မှ စ၍ ဒလိုင်းလားမားသည် တိဗက်–တရုတ် ဆက်ဆံမှု တိုးတက် ကောင်းမွန်လာရေးအတွက် တရုတ်နိုင်ငံနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပဲ့မျှားကျင်းပနိုင်ရန် တိဗက်သို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ပေးခဲ့သည်။ ဒလိုင်းလားမားသည် တိဗက်အား လုံးဝလွတ်လပ်မှုပေးရေးအဆိုကို အစဉ်တစိုက်ကိုင်စွဲတောင်းဆိုလာခဲ့ရာမှ လွန်ခဲ့သောနှစ်ကမူ တိဗက်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများအပေါ် တရုတ်နိုင်ငံက ဆက်လက်ကွပ်ကဲထိန်းချုပ်ရေးကို မိမိသဘောတူပါကြောင်း ပြောဆိုချက်ကြောင့် တရုတ်နိုင်ငံအဖို့ အံ့အားသင့်ဖွယ်ဖြစ်ခဲ့ရသည်။

ဒလိုင်းလားမားသည် လူသားအချင်းချင်း တစ်ဦးအပေါ် တစ်ဦး မေတ္တာတရား ပွားများကြရန်နှင့် ရောင့်ရဲသည်းခံကြရန် လည်းကောင်း၊ အမုန်းတရား ဟူသည် အကျိုးမဲ့ အချည်းနှီးသာ ဖြစ်ပြီး လူသားအားလုံး၏ ပျော်ရွှင်ချမ်းမြေ့မှုကိုပင် ဖျက်ဆီးတတ်ကြောင်းကိုလည်း ကောင်း အမြဲတစေ ပြောဟောဆုံးမလေ့ရှိသည်။

မိမိရရှိသောဆုငွေကို အငတ်ဘေး ကြုံတွေ့နေကြရသော လူသားများအား ပေးကမ်းစွန့်ကြဲရာတွင် လည်းကောင်း၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်



စာပေဆိုင်ရာ နိုဗဲဆုရှင် ကယ်မီလို ဂျိုဆေစဲလာ



အိုင်ယွန်ဖမ်းချုပ်နည်းကို တီထွင်၍ ရုပဗေဒဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးသည့် ဗော့ဂန်းပေါလ်

နေသော ဌာနတစ်ခုခုသို့ ထောက်ပံ့ကူညီရာတွင် လည်းကောင်း၊ သို့တည်းမဟုတ် အနာဂတ်လူသားမျိုးနွယ် ဆက်တို့အတွက် မေတ္တာကရုဏာတရားများ လက်ဆင့်ကမ်း ဖြန့်ဝေပေးမည့် ပညာပေး အဖွဲ့အစည်း တစ်ခုခုသို့ပုံပို့လှူဒါန်းရာတွင်လည်းကောင်း အသုံးပြုရန် ရည်ရွယ်ထား ပါသည်ဟု ဒလိုင်းလားမားက မိန့်ဆိုသည်။

စာပေ – စပိန်နိုင်ငံမှစာရေးဆရာ ကယ်မိလိုဂျိုဆေစဲလာ (၇၃ နှစ်) သည် ၁၉၇၉ ခုနှစ်အတွက် စာပေဆိုင်ရာ နိဗ္ဗဲဆု ကို ဆွတ်ခူးရရှိသည်။ စဲလာကို ၁၉၁၆ ခုနှစ် မေလ ၁၁ ရက်နေ့တွင် အိုင်ရိယာဖလေဗီယာမြို့၌ မွေးဖွားသည်။ ဖခင်သည် စပိန်လူမျိုးဖြစ်ပြီး မိခင်သည် အင်္ဂလိပ်လူမျိုး ဖြစ်သည်။ စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လူလားမြောက်ခဲ့ သည်။ စဲလာ တက္ကသိုလ်၌ ဆေးပညာ ဆည်းပူးနေဆဲ ၁၉၃၆ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွား၍ စဲလာသည် အမျိုးသားရေးဝါဒီ ဗိုလ်ချုပ်ကြီး ဖရန်စစ္စကို ဖရန်ကို (၁၈၉၂–၁၉၇၅)၏ ဘက်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ စစ်အတွင်း၌ ဒဏ်ရာ ပြင်းထန်စွာ ရခဲ့သော်လည်း စစ်အောင်မြင်မှု၏အကျိုးရလဒ်ကို မခံစားခဲ့ရချေ။ ၁၉၃၉ ခုနှစ်တွင် စစ်ပြီးသောအခါ မက်ဒရစ်မြို့၌ ဥပဒေပညာ ဆည်းပူးရင်း စာပေရေးသားနေခဲ့သည်။

စဲလာ ၁၉၄၂ ခုနှစ်တွင် ရေးသားထုတ်ဝေသော ပက်စကျူးဒူရတီမိသားစုအမည်ရှိဝတ္ထုက စာဖတ်ပရိသတ်၏ စိတ်အာရုံကို ထိခိုက်စွဲငြိစေခဲ့သည်။ လက်စားချေမှု၊ သွေးထွက်သံယိုမှုတို့နှင့် ပြွမ်းတီးနေသော စပိန်ကျေးလက် ဒေသကို ဇာတ်အိမ်ပြုကာ စီရင်ချက်ချမည့် အချိန်ကို စိုးထိတ် ငံ့လင့်နေရသည့် လူသတ်သမား တစ်ဦး၏ ဘဝ ဇာတ်ကြောင်းဖြင့် ဇာတ်လမ်းဆင်ထားသည်။ ယင်းဝတ္ထု ကို ၁၀၀ ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရသည်။ ဘာသာစကား ၂၃ မျိုးဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ဆာဗင်တီး ဆာဗေဒရာ (၁၅၄၇–၁၆၁၆) ရေးသော ဒွန်ကွစ်ဆက် (ပထမပိုင်း ၁၆၀၅၊ ဒုတိယပိုင်း ၁၆၁၅)ဝတ္ထုပေါ်ထွန်းခဲ့ ပြီးနောက်ပိုင်းတွင် စပိန်နိုင်ငံ၌ ဖတ်ရှုမှု အကျယ်ပြန့်ဆုံး သော ဝတ္ထုဖြစ်သည်ဟု ဆို၁ဉ်ပညာ တံခွန်အသင်းက မှတ် ချက် ချသည်။

၁၉၅၁ ခုနှစ်တွင် ပျားအုံအမည်ရှိ ဝတ္ထုကြီးထွက်လာ သည်။ ဖရန်ကိုအစိုးရက ဖြန့်ချိခွင့်မပေးဘဲ လုံးဝပိတ်ပင် တားဆီးခံခဲ့ရသော ဤဝတ္ထုကြီးတွင် ညစ်ပတ်စုတ်ပြတ် နေသော ဆင်းရဲသား အောက်တန်းလွှာ မက်ဒရစ်မြို့သူ မြို့သား ၁၆၀ ခန့်၏ ဘဝအနိဋ္ဌာရုံများကို အသေးစိတ် ခြယ်မှုန်းထားသည်။ ပြည်တွင်းစစ်ဖြစ်ပြီးနောက် လေးနှစ် အကြာတွင် မက်ဒရစ်မြို့သူမြို့သားတို့ ရုန်းကန်နေရသည့် သုံးရက်တာကာလ ဘဝတစ်စိတ်တစ်ဒေသကို နောက်ခံ ထား၍ ရေးသံားထားခြင်း ဖြစ်သည်။ အာဏာပိုင်တို့ အပေါ် စဲလာက ထိကပါးရိကပါးနှင့် ပမာမခန့် ရေးသား ခဲ့ရာ စပိန်ပြည်တွင်းစစ်တွင် အာဏာရှင်ဖရန်ကို၏ဘက်က ပါဝင်တိုက်ခိုက်ခဲ့ခြင်းကြောင့် စဲလာအား မျက်မုန်းကျိုး နေသော စပိန်လူမျိုးများ၏ ကြည်ညိုလေးစားမှုကို စဲလာ ပြန်လည်ရယူနိုင်ရန် ယင်းအရေးအသားတို့က အထောက် အကူပြုခဲ့သည်။ နောက်များမကြာမီတွင် သူ၏ လွတ်လပ် သော အတွေးအခေါ်များကြောင့် အများ၏ အာရုံစူးစိုက် မှုကို တိုးရရှိခဲ့သည်။ ဖရန်ကိုကွယ်လွန်ပြီးနောက် ၁၉၇၇ ခုနှစ်တွင် စပိန်ဘုရင် ယွန်ကာလို့စ်က စဲလာကို ပထမဆုံး ပေါ်ထွန်းလာသော ပါလီမန်၌ အထက်လွှတ်တော်အမတ် အဖြစ် ခန့်အပ်ခဲ့ရာ စဲလာသည် စပိန်နိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေ (၁၉၇၈) ရေးသားရာ၌ ပါဝင်ကူညီခဲ့သည်။

စဲလာသည် ခရီးသွားစာပေ၊ ဝတ္ထုတိုစာပေနှင့် ကဗျာ စာပေတို့အပါအဝင်စာအုပ် ၇၀ ရေးသားခဲ့ရာလုံးချင်းဝတ္ထု ၁၀ အုပ်ပါဝင်သည်။ စဲလာ၏ လက်ရွေးစင်ဝတ္ထုကြီးများ တွင် ပုဉ်အန်ပေါက်ကွဲချက်များ၊ စိတ်ကူးယဉ် သရုပ်လွှန် ဖော်ကျူးချက်များ ယှက်လိမ်ပါဝင်နေကြပြီး ဆာဗင်တီး ခေတ်မှ ၁၉၁၂ ခုနှစ်စာပေနိဗ္ဗဲဆုရှင် ဂါဘရီယယ် ဂါစီယာ မားကက်၏ ခေတ်ကာလတိုင် လက်ဆင့်ကမ်းသယ်ဆောင် လာခဲ့သော ရိုးရာထုံးဓလေ့ အမွေအနှစ်များ စိမ့်ဝင်ထုံမွှမ်း နေသည်ဆို၏။ (စွယ်စုံနှစ်ချုပ် ၁၉၇၃ – စာ၊ ၂၀၉ – ရှု။) ကျေးလက်ဒေသ ကက်စတီးလ်နယ်ကိုဖြတ်၍ ၁၉၄၈ ခုနှစ် က ခြေလျင်ခရီးနှင်ခဲ့စဉ် ရေးသားခဲ့သော နေ့စဉ်မှတ်တမ်း မှ ကောက်နုတ်ချက်ဖြစ်သည့် အယ်ကာရီယာသို့ ခရီး ဘစ်ထောက် အမည်ရှိ စာအုပ်သည်လည်းကောင်း၊ စပိန် နိုင်ငံသမိုင်းတွင် ဘာသာရေး၏ အခန်းကဏ္ဍကို စာတမ်း ငယ်အဖြစ်ရေးသားထားသည့် ရဟူဒီ၊ မိုးအား နှင့်ခရစ်ယာန် အမည်ရှိ စာအုပ်သည်လည်းကောင်း ဝတ္ထုမဟုတ်သော စာပေလက်ရာများအနက် အထင်ရှားဆုံးဖြစ်သည်။

စဲလာသည် ၁၉၅၇ ခုနှစ်မှစ၍ စပိန်အနုစာပေပညာ တံခွန်အသင်းတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိ သည်။ စပိန် နန်းလျာမင်းသား အက်ကျူ ရီယတ်စ်ကို ဂုဏ်ပြုဖွဲ့စည်းထားသော ဖောင်ဒေးရှင်းအဖွဲ့က ချီးမြှင့်သည့် စာပေဆုကို ၁၉၈၇ ခုနှစ်က ဆွတ်ခူးရရှိခဲ့သည်။

စပိန်ကဗျာစာဆို ဗီဆင်တီ အလက်ဇန္ဒရီးအား ၁၉၇၇ ခုနှစ်တွင် စာပေနိဗ္ဗဲဆု ချီးမြှင့်ခဲ့ပြီးနောက်ပိုင်းတွင် စဲလာ သည် နိဗ္ဗဲဆုကို ပထမဦးဆုံး ဆွတ်ခူးသော စပိန်လူမျိုး ဖြစ်သည်။

စီးပွားရေး – နော်ဝေးနိုင်ငံ အော့စလိုတက္ကသိုလ်မှ အငြိမ်း စား ဂုဏ်ထူးဆောင် ပါမောက္ခ ထရစ်ဂဗီ ဟာဗဲလမို (၇၇ နှစ်) အား ၁၉၈၉ ခုနှစ်အတွက် စီးပွားရေးပညာ

ဆိုင်ရာ နိုဗဲဆုကို အပ်နှင်းသည်။ ၁၉၄၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းကာလက စီးပွားရေးအတိုင်းအတာ ပညာရပ်ကို အခြေတည် အုတ်မြစ် ချ ပေး ခဲ့ သော ယင်း၏ လုပ်ဆောင်မှုများကြောင့် နိုဗဲဆုကို ချီးမြှင့်ရခြင်းဖြစ်သည်ဆို၏။ စီးပွားရေး အတိုင်းအတာ ပညာရပ်ဟူသည်ကား စီးပွားရေးဘဝတစ်ခု သက်ဝင်လှုပ်ရှားပုံကို သခ်ၤာပညာဆိုင်ရာ မူပုံများအသုံးပြု၍ လေ့လာသော ပညာရပ်ဖြစ်သည်။ ဟားဗဲလမိုသည် စီးပွားရေးဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးသော ဒုတိယမြောက် နော်ဝေးလူမျိုးဖြစ်သည်။ စီးပွားရေးဆိုင်ရာ နိုဗဲဆုကို ပထမဆုံးချီးမြှင့်သော ၁၉၆၉ ခုနှစ်က ဆွတ်ခူးခဲ့သူ ရဂ္ဂနာဖရစ်ရှ်၏ သုတေသန လက်ထောက်အဖြစ် ဟားဗဲလမို ဆောင်ရွက်ခဲ့ဖူးသည်။

တစ်သက်တာတစ်ခါ ရတောင့်ရခဲလှသည့် ဤနိုဗဲဆုမျိုးကို ရရှိသူတိုင်းလိုလိုက ကျေးဇူးတင် ဝမ်းသာစွာဖြင့် တုံ့ပြန်စမြဲဖြစ်သော်လည်း ဟားဗဲလမိုကမူ ဤသို့ ဆုပေးသည့် အလေ့အထမျိုးကို မိမိမကြိုက်ကြောင်း တုံးတိတိ ပြတ်တင်ဝေဖန်ခဲ့သည်။

ဟားဗဲလမို၏ အဓိကဖော်ထုတ်တင်ပြချက်မှာ 'ဝင်ငွေနှင့် ထွက်ငွေကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များအကြား နှီးနှဲယှဉ်ဆက်စပ်နေမှုသည် ယခင်က ပညာရှင်များတွေးဆထားကြသည်ထက် ပို၍ နက်နဲ ရှုပ်ထွေးသည်။ အကြောင်းမူ ယင်းတို့သည် တစ်ခုနှင့် တစ်ခု အကြားလည်းကောင်း၊ အခြားကြွင်းကျန်ရစ်သော စီးပွားရေးဘဝကြီးနှင့်လည်းကောင်း အပြန်အလှန်အားဖြင့် အကျိုးသက်ရောက်မှုရှိနေကြ၍ ဖြစ်သည်'ဟူ၍ဖြစ်၏။ စီးပွားရေးပညာရှင်တစ်ဦးသည် ခေတ်မီစာရင်းအင်း နည်းနာနိဿယများကို အသုံးမပြုဘဲ စားသုံးမှုပေါ်တွင် စည်းကြပ်ကောက်ခံမည့် အခွန်နှုန်းထားအပြောင်းအလဲ၏ ရလဒ်ကို တွက်ချက်တိုင်းတာနိုင်စွမ်း မရှိကြောင်းကို ဥပမာအဖြစ် ဟားဗဲလမိုက ထောက်ပြခဲ့သည်။

၁၉၈၀ ပြည့်နှစ်က ဤစီးပွားရေးအတိုင်းအတာပညာဖြင့်ပင် စီးပွားရေးပညာဆိုင်ရာ နိုဗဲဆုရရှိခဲ့သူ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ လောရင့် ကလိန်းနှင့် အခြားစီးပွားရေးအတိုင်းအတာ ပညာရှင်များအပေါ် ဟားဗဲလမို၏ဩဇာအထူးသက်ဝင် စူးရောက်ခဲ့ပေသည်။ မျက် မှောက် ခေတ်နိုင်ငံတကာ စာနယ်ဇင်းနယ်ပယ်၌ စီးပွားရေးကို စိစစ်ဝေဖန်သည့် စာပေတို့သည် ဟားဗဲလမို၏ စီးပွားရေးအတိုင်းအတာသိအိုရီများကို အခြေခံသည်ကို တွေ့ရသည်။

နိုဗဲဆုရှင် ဟားဗဲလမိုကို ၁၉၁၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် နော်ဝေးနိုင်ငံ စကက်စမိုမြို့၌ မွေးဖွားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အမေရိကန် ပြည် ထောင်စု သို့သွား၍ ရှီကာဂိုတက္ကသိုလ်၌ ပါမောက္ခအဖြစ် ဆောင်ရွက်သည်။ နော်ဝေးနိုင်ငံ ကုန်သွယ်ရေးကော်မရှင်အတွက်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် နော်ဝေးနိုင်ငံသို့ပြန်လာပြီး ၁၉၄၈ ခုနှစ်မှစ၍ အောဲ့စလို တက္ကသိုလ်၌ တာဝန်ထမ်းဆောင်ခဲ့သည်။

ဆေးပညာ – ဆေးပညာဆိုင်ရာ နိုဗဲဆုကို ဆန်ဖရန်စစ္စကိုမြို့ ကာလီဖိုးနီးယားတက္ကသိုလ်မှ အဏုဇီဝဗေဒ ပညာရှင် ဂျေ မိုက်ကယ် ဘီးရှော့ပ် (၅၃ နှစ်) နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဟယ်ရဲ အီး ဗားမော့စ် (၄၉ နှစ်) တို့က ဆွတ်ခူးရရှိသည်။ ကင်ဆာရောဂါ နှိမ်နင်းကုသရေးအတွက် ရှာဖွေသုတေသနပြုခဲ့ကြသဖြင့် ဤဆုကို ပေးအပ် ချီးမြှင့်ခြင်း ဖြစ်သည်။

၁၉၇၅ ခုနှစ်ဝန်းကျင်မှအစပြု၍ ဘီးရှော့ပ်နှင့် ဗားမော့စ်တို့သည် အွန်ကိုဂျင်း ခေါ် ကင်ဆာရောဂါ ဖြစ်ပွားစေသော မျိုးရိုးဗီဇကလေးများကို သုတေသနပြု လေ့လာခဲ့ကြသည်။ ကင်ဆာမျိုးဗီဇကလေးများသည် ဆဲလ်တစ်ခု၏ လုပ်ငန်းသဘာဝနှင့် ဆက်စပ်မှု မရှိဘဲ သီးခြားဖြစ်တည်ကြသည်ဟူ၍ ရှေးမဆွက သုတေသန ပညာရှင်အများ လက်ခံထားခဲ့ကြသည်။ ဘီးရှော့ပ်နှင့် ဗားမော့စ်တို့သည် ကြက်ပေါက်စလေးများတွင်တွေ့ရသော ကင်ဆာ ဖြစ်ပွားစေသည့် ဗိုင်းရတ်များကို အထပ်ထပ် လေ့လာကြသည်။ ထိုအခါ အွန်ကိုဂျင်းများသည် ဆဲလ်များ ဖြစ်ထွန်းကြီးထွားရေးအတွက် အဓိကကျသော ပုံမှန်မျိုးဗီဇကလေးများသာဖြစ်ကြောင်း တွေ့ရှိကြရသည်။ ယင်းတို့သည် ဆေးလိပ်မီးခိုးနှင့် ဖြာထွက်ရောင်ခြည်တို့ကဲ့သို့ ကင်ဆာဖြစ် ဝတ္ထုများကြောင့် သာမန် မျိုးဗီဇ အဖြစ်မှ တိမ်းစောင်းချော်ကာ ဖောက်ပြန်သွားကြရခြင်းဖြစ်သည်ဆို၏။

ဤသို့အားဖြင့် ဘီးရှော့ပ်နှင့်ဗားမော့စ်တို့သည် ကင်ဆာဖြစ်ပွားစေသည့် အကြောင်းရင်း ဖြစ်သော မျိုးဗီဇ ချွတ်ချော်ပျက်စီးမှုဖြစ်ရပ်ကို ဖော်ထုတ်နိုင်ခဲ့ကြပေသည်။ ထို့စဉ်မှစ၍ ဘီးရှော့ပ်နှင့် ဗားမော့စ်တို့နှစ်ဦးသည် သိုးကာသီကာ ကွဲပြားခြားနားသော ကင်ဆာရောဂါဖြစ်ပွားစေသည့် မျိုးဗီဇ ၄၀ ကျော်ကို ခွဲခြားဖော်ထုတ်ပေးနိုင်ခဲ့သည်။ ဤလေ့လာတွေ့ရှိချက်များက ကင်ဆာရောဂါရှာဖွေရာတွင်လည်းကောင်း၊ ကင်ဆာဖြစ်ပွားမှုအခြေအနေကို ကြိုတင်ခန့်မှန်းရာတွင်လည်းကောင်း ဆရာဝန်များအား အထောက်အကူများစွာ ပေးနိုင်မည်ဖြစ်ပေသည်။

ဓာတုဗေဒ – ယေးလ် တက္ကသိုလ်မှ ကနေဒါ နိုင်ငံဖွား ဆစ်ဒနီ အော့တမန် (၅၀ နှစ်) နှင့် ကိုလိုရာဒိုတက္ကသိုလ်မှ သောမတ်စ် ဆက်ခ် (၄၁ နှစ်) တို့သည် ၁၉၈၉ ခုနှစ်အတွက် ဓာတုဗေဒဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးရရှိကြသည်။

သက်ရှိဆဲလ်များသည် အလုပ်တာဝန်ကို တိတိကျကျ

ခွဲဝေယူကြသည် ဟူ၍လည်း ကောင်း၊ နျူကလီအစ်အက်ဆစ်များ၊ မျိုးရိုးဗီဇ သတင်း သိုလှောင်ရုံများအဖြစ် တာဝန်ထမ်းဆောင်သော ဒီအင်န်အေနှင့် အာရ်အင်န်အေ၊ အင်ဇိုင်းဟုခေါ်သော အခြို့ပရိုတိန်းများက အလုပ်တာဝန်အားလုံးကို လုပ်ဆောင်ကြသည် ဟူ၍လည်းကောင်း ဇီဝဗေဒ ကျောင်းသူကျောင်းသားများအား အစဉ်အဆက် သင်ကြားပေးလေ့ရှိခဲ့သည်။

သို့သော် လွန်ခဲ့သော ၁၀ နှစ်မှ စတင်လုပ်ဆောင်ခဲ့သော အော့တမန်နှင့် ဆက်ချိတ်မှု၏ သုတေသနလုပ်ငန်းကဖော်ပြပါ သင်ရိုးများကို ပြောင်းလဲပစ်လိုက်ပေသည်။ ယင်းတို့နှစ်ဦးသည် ဘက်တီးရီးယားတစ်မျိုးနှင့် ရေနေပရိုတိုဇွာတစ်မျိုးတို့ဖြင့် တသီးတခြားစီ စမ်းသပ်သုတေသနပြုခဲ့ကြရာ အာရ်အင်န်အေသည် ဓာတ်ပြုခြင်းကို အဆတစ်သန်း သို့မဟုတ် ထို့ထက် ပို၍မြန်ဆန်စေပြီး သက်ရှင်သန်ရေးအတွက် အချက်အချာဖြစ်သော မော်လီကျူးတစ်ခုဖြစ်သည့် အင်ဇိုင်းကဲ့သို့ပင် ပြုမူနိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့ကြသည်။ ဥပမာအားဖြင့် အပင်များသည် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို သကြား ဓာတ် နှင့် ကစီဓာတ်အဖြစ်သို့ ပြုပြင်ပြောင်းလဲရာတွင် အင်ဇိုင်းများအပေါ် မှီခိုနေကြရပေသည်။ ကစီဓာတ်ကို လူခန္ဓာကိုယ်၏ ပင်မစွမ်းအင်ဖြစ်သော ဂလူးကို့စ်အဖြစ်သို့ ပြောင်းလဲစေရာတွင်လည်း လူ၏တံတွေးတွင် ပါဝင်သော အင်ဇိုင်းတစ်မျိုးက အကူအညီပေးသည်။ အာရ်အင်န်အေ အင်ဇိုင်းများကို မဖော်ထုတ်နိုင်သေးမီ အချိန်ထိ အင်ဇိုင်းအားလုံးကို ပရိုတိန်းများဟု အထင်ရောက်ခဲ့ကြသည်။

အပင်၊ တိရစ္ဆာန်နှင့် ဘက်တီးရီးယားတို့၏ မျိုးရိုးဗီဇကို အဓိကအားဖြင့် သယ်ဆောင်ပေးသော ဒီအင်န်အေကဲ့သို့ပင် အာရ်အင်န်အေသည်လည်း မျိုးရိုးဗီဇကို သယ်ဆောင်ပေးနိုင်သည်သာမက ဓာတ်ကူပစ္စည်းတစ်ခုအဖြစ်လည်း တာဝန်ထမ်းဆောင်နိုင်သဖြင့် ယင်းသည် သက်ရှိတို့၏ မူလအစ အဓိက မော်လီကျူး ဖြစ်ဖွယ်ရှိကြောင်း ဆက်ချိက လေ့လာဖော်ထုတ်ပေးခဲ့သည်။

ရူပဗေဒ – ၁၉၀၉ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာနိဗ္ဗာန်ဆုကို ဟားဗတ်တက္ကသိုလ်မှ ရူပဗေဒပညာရှင် နော်မန် ရမ်စီး (၇၄ နှစ်) အားလည်းကောင်း၊ ဆီတဲလ်ပြည်နယ် ဝါရှင်တန်တက္ကသိုလ်မှ ဟန်းစ် ဒဲမဲ့ (၆၇ နှစ်) နှင့် အနောက်ဂျာမနီနိုင်ငံ ဘွန်းတက္ကသိုလ်မှ ဗော့ဂန်းပေါလ် (၇၆ နှစ်) တို့အားလည်းကောင်း ပူးတွဲပေးအပ် ချီးမြှင့်လိုက်သည်။

ရမ်စီးသည် ဆုငွေထက်ဝက်ကို ရရှိမည်ဖြစ်ပြီး ကျန်ထက်ဝက်ကို ဒဲမဲ့နှင့် ပေါလ်တို့က ခွဲဝေယူကြရမည်ဖြစ်သည်။

ရမ်စီးသည် အက်တမ်များ၏အနုစိတ်လှုပ်ရှားမှုကလေးများကို တိုင်းတာဖော်ထုတ်ပေးသည့် နည်းစနစ်တစ်ခုလေ့လာဖော်ထုတ်နိုင်ခဲ့သဖြင့် ဤဆုကို ပေးအပ်ချီးမြှင့်ရခြင်းဖြစ်သည်ဆို၏။ ရမ်စီး၏ သီးခြား ခေါက်တုံ့ပြုစက်ကွင်းနည်းစနစ်သည် အဖိုးတန် သိပ္ပံပစ္စည်းတစ်ခုဖြစ်လာသည်သာမက ခေတ်သစ် အက်တမ်နာရီများအတွက် အခြေခံအုတ်မြစ်ကို ချပေးလိုက်ခြင်းလည်းမည်ပေ၏။

ရှေးခေတ် တိုင်ကပ် ချိန်သီး နာရီကြီးများအလား သံလိုက်စက်ကွင်းတစ်ခုအတွင်း ရွေ့လျားနေသော ဆီဆီယမ်အက်တမ်နျူကလိယများ၏ လှုံ့ခြင်းသည် တစ်စက္ကန့်လျှင် ၉၁,၉၂,၆၃၁.၁၀သမ ၇၇၀ ကြိမ်ရှိသည်။ ယင်းကို အချိန်တိုင်းတာရာ၌ အသုံးပြုနိုင်သည်။

အက်တမ်နာရီများသည် ကမ္ဘာ့အတိကျဆုံးသော အချိန်ပြကိရိယာများဖြစ်ကြရာ ရေကြောင်းသွားလာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းစနစ်များတွင် အလေးထားရှိသုံးစွဲနေကြသည်။ ကမ္ဘာ့တိုက်ကြီးများ ရွှေ့လျားမှုကို တိုက်ရိုက်တိုင်းတာရာ၌လည်းကောင်း၊ နက္ခတ္တဗေဒဆိုင်ရာ သုတေသန လုပ်ငန်းရပ်များတွင်လည်းကောင်း၊ အချိန်ကာလ နှေးကွေးလာမှုကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ဆွဲငင်အား အခြေအနေကို စမ်းသပ်တိုင်းတာရာတွင်လည်းကောင်း ဤအက်တမ်နာရီများကို အသုံးပြုနေကြပေပြီ။ (နှစ်ပေါင်း ၁၀,၀၀၀ တွင် တစ်စက္ကန့်နှုန်းဖြင့် ယင်းသို့ နှေးကွေးလာနေသည်ဆို၏။)

အခြားရူပဗေဒပညာရှင်နှစ်ဦးဖြစ်ကြသည့် ဒဲမဲ့နှင့်ပေါလ်တို့နှစ်ဦးကိုမူ အိုင်ယွန်များဟု ခေါ်ဝေါ်နေကြသော လျှပ်ဝင်အက်တမ်များနှင့် တစ်ပင်တိုင် အီလက်ထရွန်များဖမ်းချုပ်နည်းကို တီထွင်နိုင်ခဲ့ကြခြင်းအတွက်ဆုချီးမြှင့်ခြင်းဖြစ်ပေသည်။ ပေါလ်သည် အလွန်ခေတ်မီတိုးတက်သော အိုင်ယွန်ထောင်ချောက်ကို တီထွင်ခဲ့ခြင်းကြောင့် လူသိများသည်။ ဒဲမဲ့ကမူ တစ်ပင်တိုင်အိုင်ယွန်ကို သုတေသနပြုလေ့လာရာကွင် အဆိုပါ ကိရိယာကို အသုံးပြုခဲ့သူဖြစ်၏။ ဖမ်းချုပ်ထားသော တစ်ပင်တိုင်အိုင်ယွန်ကို လေဆာရောင်ခြည် ပေးလိုက်သောအခါ ယင်းအိုင်ယွန်သည် ကြယ်ပြာလေးတစ်လုံးကဲ့သို့ လင်းလက် တောက်ပလာသည်ဟု ဒဲမဲ့က ထုတ်ဖော်ပြောဆိုသည်။ ဒဲမဲ့သည် အခြားစမ်းသပ်မှု များစွာကိုလည်း အောင်အောင်မြင်မြင် စမ်းသပ်လုပ်ဆောင်ခဲ့သည်။

နက်ပကျွန်းကြိုဟ်သုတေသန။ ။ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာ အပါအဝင်ဖြစ်သည့် နေအဖွဲ့အစည်းအတွင်းတွင် နေကိုလှည့်ပတ် သွားလာလျက်ရှိသည့် ကြိုဟ်များကို နေမှ အနီးအဝေး ကွာဟမှုအလိုက် ဖော်ပြရပါက နေနှင့်အနီး

ဆုံးတွင် ဗုဒ္ဓဟူးကြိုဟ်၊ ထို့နောက် ၎င်း၏နောက်တွင် သေကြာကြိုဟ်၊ ကမ္ဘာကြိုဟ်၊ အင်္ဂါကြိုဟ်၊ ကြာသပတေးကြိုဟ်၊ စနေကြိုဟ်၊ ယူရေးနပ်စ်ကြိုဟ်၊ နက်ပကျွန်းကြိုဟ်နှင့် ပလူတိုကြိုဟ်တို့ အသီးသီးရှိကြသည်။ ယူရေးနပ်စ်ကြိုဟ်နှင့် နက်ပကျွန်းကြိုဟ်တို့ကို အားကောင်းသည့် နက္ခတ်တာရာကြည့် မှန်ပြောင်းများဖြင့် ကမ္ဘာမြေပြင်မှတွေ့မြင်နိုင်သည်။ ပလူတိုကြိုဟ်မှာမူ အလွန်အလှမ်းကွာဝေးကာ အရွယ်အစားသေးသဖြင့် ကြီးမားလှသည့် အဝေးကြည့်မှန်ပြောင်းကြီးများဖြင့် ကြည့်ရှုမှသာလျှင် တွေ့မြင်နိုင်လေသည်။ ဗုဒ္ဓဟူးကြိုဟ်နှင့် သေကြာကြိုဟ်တို့မှာ ကမ္ဘာမြေနှင့်စာလျှင် နေနှင့်ပို၍ နီးကပ်လျက်ရှိရာ ၎င်းကြိုဟ်များ နေကို လှည့်ပတ်သွားလာနေပုံကို ကမ္ဘာမှတွေ့မြင် လေ့လာနိုင်ပေသည်။ ၎င်းကြိုဟ်များသည် စက်ဝိုင်း ပုံသဏ္ဌာန်ရှိသည့် လမ်းကြောင်းအတွင်းတွင် နေကို တစ်ပြိုင်နက် လှည့်ပတ်လျက်ရှိကြသည်။ ဤသို့လှည့်ပတ်နေစဉ် ကမ္ဘာနှင့်နေအကြား ရောက်သွားသောအခါတွင်ဖြစ်စေ၊ နေ၏အလွန်သို့ ရောက်သွားသောအခါတွင်ဖြစ်စေ ၎င်းကြိုဟ်များကို မတွေ့မြင်နိုင်တော့ပါ။ ကြိုဟ်ကြီးကိုးလုံးစလုံးတွင် ကိုယ်ပိုင်အလင်းရောင်မရှိကြဘဲ ကြိုဟ်များက နေရောင်ခြည် ကျရောက်ပြီး အလင်းပြန်မှုကြောင့်သာ အရောင်တောက်ပနေကြခြင်းဖြစ်သည်။

နေနှင့် အနီးဆုံးကြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးကြိုဟ်သည် ကြိုဟ်ကြီးကိုးလုံးအနက် ဒုတိယအငယ်ဆုံး ကြိုဟ်ဖြစ်သည်။ အချင်းမိုင် ၃,၁၀၀ ရှိ၍ ပျမ်းမျှအကွာအဝေးအားဖြင့် နေမှမိုင်ပေါင်း ၃၆ သန်း ကွာဝေးသည်။ တစ်စက္ကန့်လျှင် မိုင် ၃၀ အမြန်နှုန်းဖြင့် နေကိုလှည့်ပတ်လျက်ရှိရာ တစ်ပတ်ပတ်မိရန် ၈၈ ရက်ကြာသည်။ မိမိ၏ဝင်ရိုးပေါ်တွင်လည်း လည်လျက်ရှိရာ တစ်ပတ်ပြည့်ရန် ၅၉ ရက်နီးပါးကြာသည်။ မာရီနာ–၁၀ အာကာသယာဉ်သည် ၁၉၇၄ ခုနှစ်နှင့် ၁၉၇၅ ခုနှစ်များတွင် ဗုဒ္ဓဟူးကြိုဟ်ကို သုံးကြိမ်ဖြတ်၍ ပျံသန်းပြီး အကွာအဝေးအသီးသီးမှ ကြိုဟ်၏မျက်နှာပြင်ကို ဓာတ်ပုံရိုက်ကူးယူခဲ့သည်။ လမျက်နှာပြင်ကဲ့သို့ ချိုင့်ဝှမ်းများရှိသည့် ဗုဒ္ဓဟူးကြိုဟ်တွင် လေထုမရှိဘဲ နေ့အခါ အလွန်ပူ၍ ညအခါ အလွန်အေးသည်။

ကမ္ဘာထက် အနည်းငယ်သာငယ်သည့် သေကြာကြိုဟ်သည် နေနှင့် ပျမ်းမျှအကွာအဝေး မိုင်ပေါင်း ၆၇ သန်းမှ နေကိုလှည့်ပတ်လျက်ရှိရာ တစ်ပတ်ပတ်မိရန် ၂၂၅ ရက်ကြာသည်။ ၁၉၆၂ ခုနှစ်တွင် မာရီနာ–၂ အာကာသယာဉ်သည် သေကြာကြိုဟ်ကိုဖြတ်၍ ပျံသန်းပြီး ၁၉၆၇ ခုနှစ်တွင် ဆိုဗီယက်မှ ဗီနာရာ–၄ နှင့် အမေရိကန်မှ မာရီနာ–၅ အာကာသယာဉ်တို့ ကြိုဟ်ပေါ်သို့ ဆင်းသက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင်လည်း မာရီနာ–၁၀ က ကြိုဟ်ကိုဖြတ်၍ပျံသန်းပြီး ၁၉၇၈ ခုနှစ်တွင် ပိုင်အိုးနီးယား အာကာသယာဉ်နှစ်စီး ကြိုဟ်ပေါ်သို့ ဆင်းသက်ခဲ့ပြန်သည်။

အင်္ဂါကြိုဟ်သည်အချင်း ၄,၂၂၂ မိုင်ရှိသည်။ နေနှင့် ပျမ်းမျှအကွာအဝေး မိုင်ပေါင်း ၁၄၁ သန်းကွာလှမ်း၍ နေကိုတစ်ပတ်ပတ်မိရန် ၁၀၇ ရက်ကြာသည်။ အင်္ဂါကြိုဟ်တွင် ကြိုဟ်ရံလနှစ်စင်း တွေ့ရှိရသည်။ ဗိုက်ကင်း အာကာသယာဉ်များက အင်္ဂါကြိုဟ်ပေါ်၌ သက်ရှိသတ္တဝါများ ရှိနိုင်မည့် လက္ခဏာကို စူးစမ်း ထောက်လှမ်းခဲ့ကြသော်လည်း မတွေ့ရှိခဲ့ရချေ။


ကြာသပတေးကြိုဟ်သည် ကြိုဟ်ကြီးကိုးလုံးအနက် အကြီးဆုံးကြိုဟ်ဖြစ်သည်။ အချင်းမိုင်ပေါင်း ၈၈,၀၀၀ ရှိသည်။ နေနှင့်ပျမ်းမျှအကွာအဝေး ၄၈၀ သန်းမိုင် ကွာလှမ်း၍ နေကို တစ်ပတ်ပတ်မိရန် ၁၂ နှစ် ကြာသည်။ ကြိုဟ်ရံလ ၁၆ စင်းရှိသည်။ ပိုင်အိုးနီးယား အာကာသယာဉ်နှစ်စင်းက ယင်းကြိုဟ်ပေါ်တွင်ရှိ အနီရောင်အစက်ပြောက်ကြီးကို ဓာတ်ပုံရိုက်ကူးယူခဲ့သည်။ ဗွိုင်ယေဂျာ–၁ နှင့် ၂ ယာဉ်များကလည်း ၎င်းကြိုဟ်ကိုဖြတ်၍ ပျံသန်းကာ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

စနေကြိုဟ်သည် အချင်း ၇၄,၅၆၀ မိုင်ရှိသည်။ နေနှင့်ပျမ်းမျှအကွာအဝေး မိုင်ပေါင်း ၈၈၆ သန်း ကွာလှမ်းသည်။ နေကိုတစ်ပတ်ပတ်မိရန် ၂၉၁ သမ၅ နှစ်ကြာသည်။ ကြိုဟ်ရံလ ၂၀ နှင့် အထက်တွင်ရှိသည်။ ၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ပိုင်အိုးနီးယား–၁၁ အာကာသယာဉ်က စနေကြိုဟ်ကိုဖြတ်၍ ပျံသန်းခဲ့ပြီး ဗွိုင်ယေဂျာ–၁ နှင့် ၂ ယာဉ်များကလည်း စူးစမ်းလေ့လာမှုများပြုလုပ်ကာ ဓာတ်ပုံများ ရိုက်ကူးရယူခဲ့ပြီးဖြစ်သည်။

ယူရေးနပ်စ်ကြိုဟ်သည် အချင်း ၃၂,၅၆၀ မိုင်ရှိသည်။ နေနှင့်ပျမ်းမျှအကွာအဝေး မိုင်ပေါင်း ၁,၇၀၃ သန်းကွာဝေးသည်။ နေကိုတစ်ပတ်ပတ်မိရန် ၈၄ နှစ်ကြာသည်။ ၁၉၈၆ ခုနှစ်တွင် ဗွိုင်ယေဂျာ–၂ အာကာသယာဉ်သည် ယူရေးနပ်စ်ကြိုဟ်နှင့် အနီးကပ်ပျံသန်း၍ လေ့လာမှုများ ပြုလုပ်ခဲ့သည်။

ကြိုဟ်ကြီးကိုးလုံးအနက် အငယ်ဆုံးကြိုဟ်သည် ပလူတိုကြိုဟ်ဖြစ်သည်။ အချင်း ၁,၉၀၀ မိုင်ရှိသည်။ နေနှင့် ပျမ်းမျှအကွာအဝေး မိုင်ပေါင်း ၃,၆၆၆ သန်း ကွာဝေးပြီး နေကိုတစ်ပတ်ပတ်မိရန် ၂၄၈ နှစ်ကြာသည်။ ကြိုဟ်ရံလတစ်စင်းသာရှိသည်ဟု သိထားသည်။ ပလူတိုကြိုဟ်နှင့်ပတ်သက်၍ ယခုအချိန်အထိ အာကာသယာဉ်များ စေလွှတ်ကာ စူးစမ်းလေ့လာမှုများ မပြုလုပ်ရသေးချေ။

နက်ပကျွန်းကြိုဟ်ကိုမူ လွန်ခဲ့သည့် ၁၁၄ နှစ်ခန့်က



နက်ပကျွန်းကြိုဟ်၏တောင်ဘက်ရှိ တိမ်တိုက်များအတွင်းတွင် တွေ့ရသော မုန်တိုင်းများ၏ ဇာစ်မြစ်

တေရိခဲခြင်းဖြစ်ရာ နေအဖွဲအစည်းအတွင်းတင် စတုတ္ထ တွေ့ရှိခဲ့ခြင်းဖြစ်ရာ နေအဖွဲအစည်းအတွင်းတွင် စတုတ္ထ မြောက် အကြီးဆုံးကြိုဟ်ဖြစ်သည်။ အလွန်အား ကောင်း သည့် အဝေးကြည့် မှန်ပြောင်းကြီးများဖြင့် မြေပြင်မှ ကြည့်ရှုမည်ဆိုပါက နက်ပကျွန်းကြိုဟ်ကို တွေ့မြင်နိုင်မည် ဖြစ်သည်။ အချင်းမိုင် ၃၁,၀၀၀ ရှိသည်။ နေနှင့်ပျမ်းမျ အကွာအဝေးမိုင်ပေါင်း သန်း ၂,၀၀၀ ကွာဝေးပြီး နေကို တစ်ပတ်ပတ်မိရန် ၁၆၄ နှစ်ကြာသည်။ စင်စစ် ၁၉ ရာစု နှစ် သိပ္ပံပညာရှင်များက နက်ပကျွန်းကြိုဟ်ကို မမြင်တွေ့ ရပါဘဲလျက် ဇကေန်ရှိကြောင်း ကောက် ချက် ချ ခဲ့ ခြင်း ဖြစ်သည်။ နက်ပကျွန်းကြိုဟ်၏ အမြှောကြိုဟ် ဖြစ် သည့် ယူရေးနပ်စ်ကြိုဟ် ပတ်လမ်းတွင် တလဲ့တချော် ဖြစ်နေမှု များကို သတိပြုလေ့လာမိရာက ယူရေးနပ်စ်ကြိုဟ်ပေါ် သို့ ဆဲ့နေသည့် အရာဝတ္ထုတစ်စုံတစ်ခု ပြင်ပတွင်ရှိရမည်ဟု ခန့်မှန်းတွက်ဆခဲ့ခြင်း ဖြစ်သည်။

နက်ပကျွန်းကြိုဟ်ကို လေ့လာရန် ဗိုင်ယေဂျာ – ၂ အာကာသယာဉ်ကို ၁၉၇၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ တွင် တန်တန်ဆန်တော ဒုံးပျံဖြင့် အမေရိကန်ပြည်ထောင် စု ကာနေဗာရယ်အင်ူမှ ပစ်လွှတ်ခဲ့သည်။ ယင်းအာကာသ ယာဉ်ကို အမေရိကန် အမျိုးသား လေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့က ပိုင်ဆိုင်ပြီး ဂျက်တွန်း အားပေးစနစ် လေ့လာရေးဌာနက ပြုလုပ် ခဲ့ ခြင်း ဖြစ် သည်။ ယာဉ်၏အလေးချိန်မှာ ၁,၇၁၉ ပေါင်ရှိသည်။ ယင်းအာကာသယာဉ်၏ အဓိကတာဝန်မှာ ကြာသ ပတေးကြိုဟ်၊ စနေကြိုဟ်၊ ယူရေးနပ်စ်ကြိုဟ်နှင့် နက်ပကျွန်း ကြိုဟ်များကို ဓာတ်ပုံရိုက်ကူးပြီး မြေပြင်သို့ပြန်လည်ပေးပို့ ရန်ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ကြာသပတေးကြိုဟ်၊ ၁၉၈၁ ခုနှစ်တွင် စနေကြိုဟ်နှင့် ၁၉၈၆ ခုနှစ်တွင် ယူရေး နပ်စ်ကြိုဟ်တို့ကို စူးစမ်းလေ့လာခဲ့ပြီး ဖြစ်သည်။ ဗိုင်ယေ ဂျာ – ၂ ကိုလွှတ်တင်ပြီး နှစ်ပတ်အကြာ ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဗိုင်ယေဂျာ – ၁ ကိုပစ်လွှတ် ခဲ့သည်။ ဗိုင်ယေဂျာ – ၁ သည် ၁၉၈၁ ခုနှစ်တွင် စနေ ကြိုဟ်ကိုဖြတ်၍ ပံ့သန်းလေ့လာမှုများ ပြုလုပ်ပြီးနောက် နေအဖွဲ့အစည်း ကြိုဟ်ပတ်လမ်းအတွင်းမှထွက်ကာ နို့နှစ် ရောင် နဂါးငွေတန်း လမ်းကြောင်းအတွင်းသို့ ဦးတည် ပံ့သန်းနေခဲ့သည်။ ဗိုင်ယေဂျာ – ၁ နှင့် ၂ အာကာသ ယာဉ် စူးစမ်းလေ့လာရေး ခရီးစဉ်အတွက် ယခုအထိ ကုန်ကျငွေပေါင်း အမေရိကန်ဒေါ်လာ ဂဖ၅ သန်းရှိသွား ပြီ ဖြစ်သည်။

ဗိုင်ယေဂျာ – ၂ သည် စတင်ပစ်လွှတ်သည်မှ ၁၂ နှစ် တာကာလအကြာ ၁၉၈၉ ခုနှစ်တွင် နက်ပကျွန်းကြိုဟ်ကို အနီးကပ်ဖြတ်ပျံ၍ စူးစမ်းလေ့လာ သုတေသနပြုလုပ်မည် ဖြစ်ရာ နက်ပကျွန်းကြိုဟ်နှင့် ပတ်သက်၍ သိရှိလာရမည့် အချက်အလက်များကို အာကာသ စူးစမ်းလေ့လာရေး ဆိုင်ရာ သိပ္ပံ ပညာရှင်များက အထူး စိတ်ဝင်တစား မျော်လင့်စောင့်စားခဲ့ကြသည်။ ဗိုင်ယေဂျာ– ၂ ကလည်း ယင်းတောင့်တချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်ဟု ဆိုရ ပေမည်။

နက်ပကျွန်းကြိုဟ်သို့ ဦးတည်ကာ ပံ့သန်းလျက်ရှိသည့် ဗိုင်ယေဂျာ – ၂ သည် ၁၉၈၉ ခုနှစ် သြဂုတ်လဆန်းပိုင်း တွင် နက်ပကျွန်းကြိုဟ်ဝန်းကျင်၌ ကြိုဟ်ရံလ သုံးစင်းကို ထပ်မံတွေ့ရှိခဲ့သည်။ ယခုတွေ့ရှိရသော လအသစ်သုံးစင်း မှာ မိုင်ပေါင်း ၂၁ သန်းအကွာမှ ထောက်လှမ်းတွေ့ရှိရ ခြင်းဖြစ်ရာ ၁၉၈၉ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့တွင် နက်ပကျွန်းကြိုဟ်နှင့် မိုင်ပေါင်း ၃၀၀၀ (၄,၈၂၈ ကီလို မီတာ)အကွာအဝေးအတွင်းမှ အနီးကပ်ပံ့သန်းသည့်အခါ တွင် နောက်ထပ် ကြိုဟ်ရံလ အသစ်များ ထပ်မံတွေ့ရှိနိုင် သည်ဟု သြဂုတ်လ ၂ ရက်နေ့တွင် အာကာသ သုတေ သန သိပ္ပံပညာရှင်များက အတည်ပြုပြောကြားခဲ့သည်။ ၁၉၈၉ ခုနှစ် နွေရာသီကာလအတွင်း တွေ့ရှိခဲ့ပြီး တွေ့ရှိမှု အစီအစဉ်အရ1989 N1, 1989 N2, 1989 N3 နှင့် 1989 N4 ဟူ၍ အမည်ပေးထားသည့် ကြိုဟ်ရံလ လေးစင်းမှာ နက်ပ ကျွန်းကြိုဟ်အနီးတွင် လှည့်ပတ်လျက်ရှိကြပြီး ယင်းနေရာ သည် နက်ပကျွန်းကြိုဟ်၏ 'လိပ်ခုံးသဏ္ဌာန် စက်ဝိုင်းပြတ်' ဟုခေါ်ဆိုရမည့် တစ်ပိုင်းတစ်စ ကြိုဟ်ခါးပတ်ကွင်းများ တည်ရှိသည့် နေရာဖြစ်သည်။ အမေရိကန် အမျိုးသား

လေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့မှ ပြောကြားချက်အရ ယခုအထိ ဗို့ငယျာ–၃ က နက်ပကျွန်းကြိုဟ်တွင် တွေ့ရှိပြီးသော ကြိုဟ်ရံလများမှာ စုစုပေါင်းခြောက်စင်းရှိသွားပြီ ဖြစ်သည်။ မြေပြင်မှ လေ့လာတွေ့ရှိခဲ့ပြီးဖြစ်သည့် ထရိုင်တန်နှင့် နီရှေဒ်လများနှင့် ဆိုပါက နက်ပကျွန်းကြိုဟ်တွင် ကြိုဟ်ရံလစုစုပေါင်း ရှစ်စင်းရှိသည်။


စနေကြိုဟ်ရှိ လများ၏ဆွဲအားက ယင်းကြိုဟ်၏ ကြိုဟ်ခါးပတ် လမ်းကြောင်းများကို ဦးဆောင်၍ ထိန်းချုပ်လမ်းညွှန် ထားသကဲ့သို့ နက်ပကျွန်းကြိုဟ်ရှိ လများ၏ဆွဲအားသည်လည်း လိပ်ခုံးသဏ္ဌာန် စက်ဝိုင်းပြတ်များကို အတန်းလိုက် အစီအစဉ်တကျ တည်ရှိနေစေရန် လမ်းညွှန်ထိန်းချုပ်ရာတွင် အရေးပါလှသည်ဟု ဆိုသည်။

ဆက်လက် ပံ့သန်းလျက် ရှိသည့် ဗို့ငယျာ–၂ အာကာသယာဉ်သည် ဩဂုတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာမြေပြင်မှ မိုင် သန်းပေါင်း ၂၇,၂၀ အကွာနှင့် နက်ပကျွန်းကြိုဟ်မှ မိုင်ပေါင်း ၁၂ ဒသမ ၂ သန်း အကွာသို့ ရောက်ရှိသည်။ တစ်နာရီလျှင် ၄၂,၁၉၆ မိုင် အမြန်နှုန်းဖြင့် ပံ့သန်းနေခြင်း ဖြစ်သည်။ ဗို့ငယျာ–၂ က နက်ပကျွန်းကြိုဟ်ကို ဝန်းရံနေသည့် တစ်ပိုင်းတစ်စ ကြိုဟ်ခါးပတ်ကွင်းနှစ်ခု၏ အစအနများကိုလည်း တွေ့ရှိခဲ့ပြန်သည်။ ၎င်းတို့သည် စနေကြိုဟ်နှင့် ယူရေးနပ်စ်ကြိုဟ်တို့ကို ဝန်းရံနေသည့် အပတ်ပြည့် ကြိုဟ်ခါးပတ်ကွင်းများနှင့် လုံးဝ မတူချေ။

နက်ပကျွန်းကြိုဟ်ကို ဝန်းရံနေသည့် အဆိုပါ ကြိုဟ်ခါးပတ်ကွင်းနှစ်ခုမှာ လိပ်ခုံးသဏ္ဌာန်ရှိ တစ်ပိုင်းတစ်စ စက်ဝိုင်းပြတ်များ ဖြစ်ကြသည်။ ကွင်းတစ်ခုမှာ နက်ပကျွန်းကြိုဟ် အီကွေတာဒေသရှိ လမ်းကြောင်း၏ ရှစ်ပုံတစ်ပုံအထိ ကျယ်ပြန့်ပြီး အခြားကွင်းတစ်ခုမှာ ၃၆ ပုံ တစ်ပုံ ရှိသည်။ အရှည်အားဖြင့်ဆိုပါက ပထမကွင်းမှာ မိုင် ၃၀,၀၀၀ (၄၈,၂၇၀ ကီလိုမီတာ) အရှည်ရှိ၍ ဒုတိယကွင်းမှာ မိုင် ၆၀၀၀ (၉,၆၅၅ ကီလိုမီတာ)ရှည်လျားသည်။

အဆိုပါ ကြိုဟ်ခါးပတ်ကွင်းများတွင် နက်ပကျွန်းကြိုဟ်၏ ကြိုဟ်ရံလများနှင့် ဆက်နွယ်နေသည့် အစအနများ၊ သို့မဟုတ် ထိတို့က်ခြင်းများကြောင့် ကြေမွလွင့်စဉ် ပဲ့ကျသွားသော ကြိုဟ်ရံလများ၏ အကြွင်းအကျန် အစိတ်အပိုင်းများ ပါရှိကြသည်ဟု ဗို့ငယျာ–၂ အာကာသယာဉ် စူးစမ်းလေ့လာရေးဆိုင်ရာ သိပ္ပံပညာရှင်များက ဆိုကြသည်။ သို့ရာတွင် ယင်းအပိုင်းအစများကို အမှန်များ၊ ကျောက်တုံးကျောက်ခဲများ၊ ကျောက်စရစ်ခဲများဖြင့် ဖွဲ့စည်းထားသည်၊ သို့တည်းမဟုတ် အဓိက အခြေခံအားဖြင့် ကျောက်သား သို့မဟုတ် ရေခဲဖြင့် ပါဝင်ဖွဲ့စည်းထားသည်ဆိုသည့်အချက်ကိုမူ အတိအကျမသိရသေးချေ။

ဗို့ငယျာ ၂ အာကာသယာဉ်နှင့် ဆက်သွယ်လျက်ရှိသော အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီနာမြို့ရှိ အခြေစိုက်စခန်း



JPJ

ထိုမျှသာမက ဗိုင်ယေဂျာ–၂ က တွေ့ရှိခဲ့သော တစ်ပိုင်းတစ်စ ကြိုဟ်ခါးပတ်ကွင်းနှစ်ခုမှာ သိပ္ပံပညာရှင်များမြေပြင်မှရှေးဦးမဆွကပင် ထောက်လှမ်းလေ့လာခဲ့ကြသည့် သုံးခုမှ ခြောက်ခုအထိ အရေအတွက်ရှိသော လိပ်ခုံးသဏ္ဌာန် ကြိုဟ်ခါးပတ်ကွင်းများထဲမှပင် ဖြစ်သည်ဆိုသည့် အချက်ကိုလည်း အသေအချာ မပြောနိုင်ချေ။

အပတ်ပြည့် ကြိုဟ်ခါးပတ်ကွင်းများ၏ ဖွဲ့စည်းမှုကိုလည်း ယခုတိုင် အဖြေရှာ၍ မရသေးချေ။ သို့ရာတွင် ယင်းကြိုဟ်ခါးပတ်ကွင်းများတွင် ပါဝင် ဖွဲ့စည်းနေသည့် ပစ္စည်းမှာ အမှန်တကယ် ရှိနေမည်ဖြစ်ပြီး ပစ္စည်းပမာဏ အနည်းငယ်မျှသာ ပါဝင်ကောင်း ပါဝင်မည်ဟု ခန့်မှန်းရသည်။ ကြာသပတေးကြိုဟ်၊ စနေကြိုဟ်၊ ယူရေးနပ်စ်ကြိုဟ် နှင့် နက်ပကျွန်းကြိုဟ်များတွင် တွေ့ရှိရသော ကြိုဟ်ခါးပတ်ကွင်းများမှာ တစ်ခုနှင့်တစ်ခု သိသိသာသာ ကွဲပြားခြားနားလျက် ရှိကြသည်။ ယင်းကွဲပြားနေသော အချက်များကို စုပေါင်း၍ အဖြေရှာမည် ဆိုပါက နေအဖွဲ့အစည်း၏ သမိုင်းကြောင်းကို ပိုမိုသိရှိလာမည်ဖြစ်သည်။ စင်စစ် နှစ်ပေါင်း ၄,၅၀၀ ကြာမြင့်ခဲ့ပြီဖြစ်သော နေအဖွဲ့အစည်း၏ သမိုင်းကြောင်းသည်လည်း လူသမိုင်းကြောင်းကဲ့သို့ပင် အရေးပါလှပေသည်။

ဗိုင်ယေဂျာ–၂ သည် နက်ပကျွန်းကြိုဟ်နှင့် ပို၍နီးကပ်လာသည်နှင့်အမျှ နက်ပကျွန်းကြိုဟ်အကြောင်း ပို၍သိလာရပြန်သည်။ ဩဂုတ်လလယ်ပိုင်းလောက်တွင် ဗိုင်ယေဂျာ–၂ မှ နောက်ထပ် စူးစမ်းတွေ့ရှိရချက်မှာ နက်ပကျွန်းကြိုဟ်မှ ပြင်းထန်သည့် ရေဒီယိုရောင်ခြည် ဖြာထွက်မှုပင် ဖြစ်သည်။ ယင်းမှာနက်ပကျွန်းကြိုဟ်တွင် သံလိုက်စက်ကွင်းတည်ရှိနေသည်ဆိုသည့်အချက်ကို ညွှန်ပြနေခြင်း ဖြစ်သည်ဟု အမေရိကန် အာကာသ သိပ္ပံပညာရှင်များက ပြောကြားကြသည်။

၁၉၇၉ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် မြေပြင်စခန်းမှ အာကာသသိပ္ပံပညာရှင်များက မိုင်သန်းပေါင်း ၃၀၀၀ အကွာတွင် ရောက်ရှိနေသည့် ဗိုင်ယေဂျာ–၂ ယာဉ်သို့ နောက်ဆုံးညွှန်ကြားချက်များကို ၎င်းအာကာသယာဉ် နက်ပကျွန်းကြိုဟ်၏ သံလိုက်စက်ကွင်းအတွင်းသို့ မရောက်မီ နာရီပိုင်းအလိုတွင် ပေးပို့ခဲ့သည်။ ယင်းနေ့ညပိုင်းတွင် ဗိုင်ယေဂျာ–၂ သည် နက်ပကျွန်းကြိုဟ်အီကွေတာဒေသ ကြိုဟ်ခါးပတ်ကွင်းအပိုင်းအစများ ရှိသည့် နေရာကိုဖြတ်သန်းပြီး နက်ပကျွန်းကြိုဟ် မြောက်ဝင်ရိုးစွန်းပေါ်မှ နက်ပကျွန်းကြိုဟ်နှင့် အနီးကပ်ဖြတ်၍ ပျံသန်းခဲ့သည်။

ဩဂုတ်လ ၂၄ ရက်နေ့တွင် နက်ပကျွန်းကြိုဟ်နှင့် အနီးကပ် ပျံသန်းသည့်အခါတွင် သံလိုက်စက်ကွင်းနှင့် ဆက်စပ်နေသည့် အခြေခံအကြောင်းခြင်းရာများကို ကျယ်ကျယ်ပြန့်ပြန့် စူးစမ်းလေ့လာနိုင်ခဲ့သည်။ ကြိုဟ်များတွင်ရှိသံလိုက်စက်ကွင်းဆိုသည်မှာ ယင်းကြိုဟ်၏ ပတ်လည်တွင်ဝန်းရံရစ်ခွေနေသည့် သံလိုက်စက်ကွင်းလမ်းကြောင်းများပင် ဖြစ်သည်။ ဤသို့ သံလိုက်စက်ကွင်း ဖြစ်ရခြင်းမှာ ကြိုဟ်၏ ဗဟိုချက်မတွင် အရည်ရွှေလျားမှုမှ ဖြစ်ပေါ်လာသည့် စွမ်းအင်ကြောင့်ဟု ယူဆရသည်။ ကျွန်ုပ်တို့ကမ္ဘာ အပါအဝင် အင်္ဂါကြိုဟ်၊ ကြာသပတေးကြိုဟ်၊ စနေကြိုဟ်နှင့် ယူရေးနပ်စ်ကြိုဟ်များတွင်လည်း သံလိုက်စက်ကွင်းများ ရှိကြသည်။ ယင်းနေ့တွင် မူလအစီအစဉ်အတိုင်း နက်ပကျွန်းကြိုဟ်နှင့် အနီးကပ် ပျံသန်းမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ အသံထက်မြန်သည့် နေလေကို အန်တုလျက် နက်ပကျွန်းကြိုဟ်၏ သံလိုက်စက်ကွင်းအတွင်းဖြတ်၍ ပျံသန်းခဲ့သည်။ ထို့နောက် နက်ပကျွန်းကြိုဟ်ရှိ တိမ်ထိပ်ဖျားများ၏ အထက် မိုင် ၃၀၀၀ အကွာမှ ပျံသန်းကာ နက်ပကျွန်းကြိုဟ်ကို အနီးကပ် စူးစမ်း လေ့လာမှုများ ပြုလုပ်ပြီး မြေပြင်သို့ သတင်းအချက်အလက်များ ပြန်လည်ပေးပို့ခဲ့သည်။ သံလိုက်စက်ကွင်းကိုဖြတ်၍ ပျံသန်းခဲ့ရာ လမ်းကြောင်းတွင် ဖုန်မှုန့်တိမ်တောင်များနှင့် ထိတိုက်ခြင်း ခံခဲ့ရသေးသည်။ သို့သော် ယာဉ်တွင် ပျက်စီးမှုမရှိဟု သိပ္ပံပညာရှင်များက ယူဆထားသည်။

ဗိုင်ယေဂျာ–၂ ယာဉ်မှ မြေပြင်သို့ သတင်းအချက်အလက်များကို အလင်းရောင်၏ အမြန်နှုန်းဖြစ်သည့် တစ်စက္ကန့်လျှင် ၁,၆၆,၀၀၀ မိုင် အသွားနှုန်းဖြင့် ပြန်လည်ပေးပို့လျက်ရှိရာ မိုင်ပေါင်းသန်း ၂,၀၀၀ အကွာအဝေးရှိသည့် ကမ္ဘာသို့ရောက်ရန် လေးနာရီ ခြောက်မိနစ်ကြာသည်။ သို့ဖြစ်ရာ အကယ်၍ အာကာသယာဉ်တွင် တစ်စုံတစ်ခုဖြစ်ပါက မြေပြင်စခန်းမှ မည်ကဲ့သို့မျှ လုပ်ဆောင်နိုင်မည်မဟုတ်ချေ။ မြေပြင်သို့ ပြန်လည်ပေးပို့သော သတင်းအချက်အလက်များကို ဂျက်တွန်းအားပေး စနစ်လေ့လာရေးဌာနရှိ အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့မှ သိပ္ပံပညာရှင်များက ကွန်ပျူတာစက်ဖြင့် လက်ခံရယူခြင်း ဖြစ်သည်။

နက်ပကျွန်း ကြိုဟ်၏ ဓာတ်ပုံများကို သေချာစွာ လေ့လာဆန်းစစ်ပြီးအဖြေထုတ်လျက်ရှိရာ နက်ပကျွန်းကြိုဟ်အကြောင်း သိကောင်းစရာများမှာ ပို၍ စိတ်ဝင်စားစရာကောင်းလာသည်။ နက်ပကျွန်းကြိုဟ်တွင် ထင်ရှားသိသာသည့် ရာသီဥတု ပုံစံများရှိလေရာ ယင်းမှာ ကြာသပတေးကြိုဟ်၊ စနေကြိုဟ်တို့နှင့် တူညီ၍ အိမ်နီးချင်းကြိုဟ်ဖြစ်သည့် ယူရေးနပ်စ်ကြိုဟ်နှင့် ခြားနားသည်။ နက်ပကျွန်းကြိုဟ်၊ ကြာသပတေးကြိုဟ်နှင့် စနေကြိုဟ်တို့သည် နေမှ အပူစွမ်းအင်ကို လက်ခံရယူသည်ထက် မိမိကိုယ်တိုင် အပူစွမ်းအင်

ထုတ်လုပ်သည်က ပိုများသည်။ ယူရေးနပ်စ်ဂြိုဟ်မှာ အပူစွမ်းအင်ထုတ်ခြင်းမရှိချေ။ နက်ပကျွန်းဂြိုဟ်၏ထူးခြားချက်တစ်ခုမှာ ဂြိုဟ်၏ အရောင်ဖြစ်သည့် ပြာလဲ့လဲ့ အရောင်ပင်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ မီသိန်းဖုံးအုပ်ထားသည့် အလွှာကို နေရောင်ခြည်ဖြတ်သန်းကျရောက်သောကြောင့် ဖြစ်သည်ဟု ယူဆရသည်။

နက်ပကျွန်းဂြိုဟ်တွင်တွေ့ရှိရသော မုန်တိုင်းဖြစ်ပေါ်ရာလက်သည် ဖြစ်ဟန်ရှိသည့် အလွန်ကြီးမားသည့် အမည်းရောင် အစက်အပြောက်ကြီးမှာ ကြာသပတေးဂြိုဟ်တွင်ရှိအလွန်ကြီးမားသည့် အနီရောင် အစက်အပြောက်ကြီးနှင့် ဆင်တူလှသည်။ ယင်းအမည်းရောင် အစက်အပြောက်ကြီးမှာ နက်ပကျွန်းဂြိုဟ်၏ တောင်ဘက် အခြမ်းတွင် တွေ့ရှိရခြင်းဖြစ်သည်။ ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးကိုပင် ဝါးမျိုပစ်နိုင်လောက်အောင် ကြီးမားသည်။ အမည်းရောင် အစက်အပြောက်ကြီးကို ရွှေလျားစေသည့် လေထုသည် ထိပ်ပိုင်းအလွှာ၌ ပိုမိုကျစ်လျစ် စုစည်းသွားကာ ယင်းအမည်းရောင် အစက်အပြောက်ကြီး၏ ပုံသဏ္ဌာန်သည်လည်း ပြောင်းလဲ၍ နေလျက်ရှိသည်။

နက်ပကျွန်းဂြိုဟ်အနေဖြင့် မုန်တိုင်းများ ဖြစ်ပေါ်စေနိုင်သည့် စွမ်းအင်များကို မည်သည့်နေရာမှရသည်ဆိုသည့် အချက်မှာမူ အသိရခက်သည့် ပဟေဠိတစ်ခု ဖြစ်နေပေသည်။ ကျွန်ုပ်တို့၏ကမ္ဘာတွင် စွမ်းအင်ကို နေရောင်ခြည်မှ ရရှိသော်လည်း နက်ပကျွန်းဂြိုဟ်မှာမူ နေရောင်ခြည်စွမ်းအင်ကို အပုံတစ်ထောင်ပုံ တစ်ပုံမျှသာ လက်ခံရရှိသည်ဖြစ်ရာ နက်ပကျွန်းဂြိုဟ်၏ စွမ်းအင်မှာ ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်များကဲ့သို့ အတွင်းအပူအင်ဂျင်စက်မှ ရရှိခြင်းဖြစ်နိုင်သည်။ အတွင်းအပူ အင်ဂျင်စက်ဆိုသည်မှာ မည်သည့်အရာမျိုး ဖြစ်သနည်း။ ယင်းကိုသိရှိရန်လိုသည်။

နက္ခတ္တဗေဒပညာရှင်များ လေ့လာ သိရှိပြီးသမျှအရ ဆိုပါမူ နက်ပကျွန်းဂြိုဟ်ဖွဲ့စည်းတည်ဆောက်ပုံမှာ လွှန်စွာရှင်းလင်း လွယ်ကူလှသည်။ ယူရေးနပ်စ် ဂြိုဟ်ကဲ့သို့ပင် နက်ပကျွန်းဂြိုဟ်တွင် ကန့်လန့်ဖြတ်အကျယ် မိုင် ၁၀,၀၀၀ ခန့်ရှိသည့် ကျောက်ဆောင်ထူထပ်ရာဒေသရှိ၍ ယင်းကို အလွန်ကြီးမားသည့် ရှုံ့ညွှန့်ရှုံ့ပျော့အလုံးကြီး တစ်ခုဖြင့် ထုပ်ပိုးထားသည်။ ဤကဲ့သို့ ထုပ်ပိုးရစ်ပတ်ထားသည့် တစ်ဝက်တစ်ပျက်ခဲနေသည့် အပေါ်ဖုံးအလွှာထူကြီးတွင် ရေနှင့်မီသိန်းအရည်များ ဖွဲ့စည်းပါဝင်လျက်ရှိသည်။ ယင်း၏ဝန်းကျင်တစ်ခုလုံးတွင် မီသိန်းနှင့် အီသိန်း အနည်းငယ် ပါဝင်ကာ ဟိုက်ဒြိုကျင်နှင့် ဟီလီယမ်တို့ ပေါင်းစပ်ဖွဲ့စည်းထားသော လေထုက လွှမ်းခြုံထားသည်။ မီသိန်းသည် နက်ပကျွန်းဂြိုဟ်၏ ဗဟိုချက်မဟ္ဒ မြင့်မားသော အပူချိန်နှင့် ပြင်းထန်သောဖိအားအောက်တွင် ကာဗွန်နှင့် ဟိုက်ဒြိုကျင်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းသွား နိုင် သည် ဟု နက္ခတ္တဗေဒပညာရှင်များက တွက်ဆထားကြသည်။ ဤသို့ပြောင်းလဲဖွဲ့စည်းသွားသော ကာဗွန်သည် စိန် ပုံဆောင်ခဲပုံစံများ ဖြစ်သွားကြပြန်သည်။ ဤတွက်ဆချက်အတိုင်းသာဖြစ်မည်ဆိုပါက နက်ပကျွန်းဂြိုဟ်၏ အပူစွမ်းအင်သည် စကြဝဠာအတွင်းရှိ တန်ဖိုးအကြီးမားဆုံးအတွင်းအင်ဂျင်စက်မှ ရရှိသည်ဟု ဆိုရပေမည်။ ယင်းစက်မှာ အခြားမဟုတ်ဘဲ နက်ပကျွန်းဂြိုဟ်၏ ဗဟိုချက်မအတွင်းသို့ သိပ်သည်းထူထပ်သည့် အရာဝတ္ထုပစ္စည်းများ လှုပ်ရှားကျရောက်လာရာမှ စွမ်းအင်ရရှိလာကာ ယင်းစွမ်းအင်ဖြင့် စိန်အပေါ်ယံလွှာဖုံးအုပ်ထားသည့် ဒိုင်နမိုဟု တင်စားခေါ်ဝေါ်ရမည့် အလွှာထူကြီးကို လည်ပတ်စေခြင်းဖြင့် အပူစွမ်းအင်ကို ရရှိခြင်းဖြစ်သည်။

ဩဂုတ်လ ၂၅ ရက်နေ့တွင် ဗွိုင်ယေဂျာ – ၂ သည် နက်ပကျွန်းဂြိုဟ်၏ ရေခဲပြင်များဖြင့် ဖုံးလွှမ်းလျက်ရှိသော မြောက်ဝင်ရိုးစွန်းဒေသ တိမ်ထိပ်ဖျားများ၏ အထက်မိုင် ၃,၀၄၀ အကွာသို့ ဝင်ရောက်၍ ပျံသန်းခဲ့သည်။ ယင်းသို့ပျံသန်းပြီး ငါးနာရီအကြာတွင် နက်ပကျွန်းဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရုံလ ဖြစ်သည့် ထရိုင်တန်လနှင့် အနီးကပ်ဆုံးချဉ်းကပ်ပျံသန်းကာ လပေါ်ရှိရေခဲမီးတောင်ပေါက်များ၊ ကျောက်ဆောင်ကျောက်ကမ်းပါးကြီးများ၊ ပြတ်ချွေလွှာများနှင့် ရေခဲမြစ်ကဲ့သို့သော လမျက်နှာပြင်အနေအထားများကို ဓာတ်ပုံရိုက်ကူးယူခဲ့သည်။ ယာဉ်၏ အမြန်နှုန်းမှာလည်း နက်ပကျွန်းဂြိုဟ်၏ ဆွဲအားကြောင့် အရှိန်ရလာကာ တစ်နာရီလျှင် ၆၁,၁၄၀ မိုင် အမြန်နှုန်းအထိ ပျံသန်းနိုင်ခဲ့သည်။

ထရိုင်တန်လနှင့် ပတ်သက်၍ လေ့လာသိရှိရသော သတင်းအချက်အလက်များသည် သိပ္ပံပညာရှင်များအဖို့ နက်ပကျွန်းဂြိုဟ်ထက်ပင်ပို၍ စိတ်လှုပ်ရှားစရာ၊ သိချင်စရာ ကောင်းနေပေတော့သည်။ ဓာတ်ပုံ သတင်းအချက်အလက်များအရ ထရိုင်တန်လမျက်နှာပြင်ပေါ်တွင် အနိမ့်အမြင့် မညီညာသည့် လှိုင်းတွန့်ထနေသော မျက်နှာပြင်များဖြင့် ပြည့်နှက်နေရုံမျှမက လမျက်နှာပြင်တစ်ခုလုံး လိုလိုတွင် ပြတ်ချွေလွှာ ဖွဲ့စည်းမှု အမျိုးမျိုးရှိနေသည့် ပုံသဏ္ဌာန်ကို ဆောင်နေသည်။ ယင်းအချက်များအရ ထရိုင်တန်လပေါ်တွင် တစ်ချိန်က ငလျင်များ လှုပ်ခဲ့သည်ဟု ယူဆနိုင်သည်။ ထရိုင်တန်လကို ဓာတ်ပုံများရိုက်ယူခဲ့ရာတွင် အပြာရောင်နှင့် ပန်းရောင်ပါရှိသည့် ပုံရိပ်များကိုတွေ့ရှိရသည်။

စောစောပိုင်းက မြေပြင်သို့ပြန်လည်ပေးပို့သောဓာတ်ပုံများအရ နက်ပကျွန်းဂြိုဟ်၏ အကြီးဆုံး ဂြိုဟ်ရုံလဖြစ်

သည့် ထရိုင်တန်လပေါ်တွင် အပြောရောင်အနားသတ် အကွပ်များကို လေ့လာတွေ့ရှိရသည်။ ယင်းမှာ ဗိုင်ယေဂျာ–၂ ယာဉ်၏ အာကာသ စူးစမ်းလေ့လာရေး ခရီးစဉ် ၁၂ နှစ်တာ ကာလအတွင်း ဤကဲ့သို့သော အပြောရောင်လေထုလွှာကို ပထမဆုံးအကြိမ် တွေ့ရှိရခြင်း ဖြစ်သည်။ မီသိန်း သို့မဟုတ် နိုက်ထရိုဂျင်ဓာတ်ငွေ့ မော်လီကျူးများကြောင့် ဤသို့ဖြစ်ရသည်ဟု ယူဆရသည်။ မီသိန်း သို့မဟုတ် နိုက်ထရိုဂျင်ဓာတ်ငွေ့ မော်လီကျူးများသည် အလင်းရောင်ကို ဖြစ်ပေါ်စေရုံမျှမက အနားသတ် အကွပ်များကိုလည်း ပြာလဲ့လဲ့အသွေးအရောင်ဖြစ်စေရန် ဖန်တီးနိုင်စွမ်းရှိသည်။ အကယ်၍ ထရိုင်တန်လပေါ်တွင် မတ်တတ်ရပ်လျက် ကောင်းကင်တစ်ခွင်ကို ကြည့်ရှုလိုက်ပါက ကောင်းကင်ပြင်တစ်ခုလုံးသည် မည်းမည်းမှောင်လျက် ရှိကောင်းရှိနေမည်ဖြစ်ပြီး မိုးကုပ်စက်ဝိုင်းစွန်းနားလောက်တွင် အပြာရောင်များ တောက်ပနေကောင်း နေပေလိမ့်မည်။

နောက်ပိုင်းရရှိသော ဓာတ်ပုံများအရ ထရိုင်တန်လပေါ်တွင် ရေခဲမီးတောင် ဖြစ်ပေါ်မှုဆိုင်ရာ အထောက်အထား များကိုလည်း ကောင်း၊ မိုင်ရာပေါင်းများစွာ အကျယ်ရှိသည့် ရေခဲနှင်းခြောက်နေသော ရေကန်ကြီးများ၏ ကြမ်းပြင်ကဲ့သို့သော ညီညာချောမွတ်နေသည့် မျက်နှာပြင် အနေအထားများကိုလည်းကောင်း တွေ့ရှိရပြန်သည်။ ထရိုင်တန်လသည် နေအဖွဲ့အစည်းအတွင်းတွင် အအေးဆုံး အရာဝတ္ထုဖြစ်ကြောင်း၊ လမျက်နှာပြင်တွင်ရှိ အပူချိန်မှာ – ၄၀၀ ဒီဂရီဖာရင်ဟိုက် (–၂၄၀ ဒီဂရီ စင်တီဂရိတ်) ရှိကြောင်း၊ မျက်နှာပြင်မှာ ထူးခြားစွာ တောက်ပြောင်နေသည်ဖြစ်ရာ အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်ကို စူးစမ်း လေ့လာရဦးမည် ဖြစ်ကြောင်း၊ အခြားဂြိုဟ်များနှင့် လများမှာကဲ့သို့ ထရိုင်တန်လတွင် မည်းမှောင်သည့်အရာဆို၍ ဘာမျှမရှိကြောင်း၊ ထရိုင်တန်လ၏ ပုံရိပ်များတွင် မည်းမှောင်သည်ဟု ထင်နေရသည့် အရာများမှာလည်း တောက်ပြောင်မှု လျော့နည်းနေခြင်းမျှသာဖြစ်ကြောင်းဖြင့် ဗိုင်ယေဂျာ–၂ မှ ပေးပို့သော သတင်းအချက်အလက်များကို ခွဲခြမ်း စိတ်ဖြာအပြီးတွင် အာကာသ သိပ္ပံပညာရှင်များက ထပ်မံ အတည်ပြုပြောကြားကြပြန်သည်။

ထရိုင်တန်လသည် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာ၏ လလောက်အရွယ်အစားရှိ၍ အခြားသောဂြိုဟ်ရံလများနှင့် မတူတစ်မူထူးခြားကာ လမ်းကြောင်းအတွင်း နောက်ပြန်လှည့်ပတ်သွားလာလျက်ရှိသည်။ ဤအချက်ကို နက္ခတ္တဗေဒပညာရှင်များက ထရိုင်တန်လမှာ နက်ပက္ခန်းဂြိုဟ်၏ ဂြိုဟ်ဆွဲအားဖြင့် ဖမ်းယူဆွဲငင်ခြင်း ခံရသည့် ကြီးမား သည့် ဂြိုဟ်သိမ် ဂြိုဟ်မှား တစ်ခုသာ ဖြစ်သည်ဟု ယူဆကြသည်။ ဤကဲ့သို့သော ဂြိုဟ်ဆွဲအားသည် ဂြိုဟ်ရံလများ၏ လမ်းကြောင်းများကို တိမ်းစောင်းစေကာ အနှောင့်အယှက် အဟန့်အတား ဖြစ်စေမည်သာ ဖြစ်သည်။ နေအဖွဲ့အစည်းအတွင်းတွင် နောက်ပြန်သွားသည်ဆိုသည်မှာ နာရီလက်တံအတိုင်း သွားခြင်းဖြစ်သည်။ ထရိုင်တန်လ၏ အချင်းသည် ကမ္ဘာတွင်ရှိသော လ၏ အချင်းထက် မိုင် ၄၀၀ လျော့နည်းသည်။ ၎င်း လ မျက်နှာပြင်၏ အရောင်မှာ အိုကွေတာဒေသ အနီးနှင့် အပေါ်ဘက်တွင် ပန်းနုရောင်နှင့် အပြာရောင် အစက်အပြောက်များဖြင့် ရစ်ခွေဝန်းရံနေသည်ကို တွေ့ရသည်။ အပြာရောင်မှာ မီသိန်း ရေခဲပုံဆောင်ခဲများပေါ် သို့ နေရောင်ခြည် ကျရောက် ဖြာထွက်မှုကြောင့် ဖြစ်သည်ဟု ယူဆရသည်။ ထရိုင်တန်လ၏ အထူးခြားဆုံးအချက်မှာ လပေါ် ၌ လေထုလွှာနှင့် သံလိုက်စက်ကွင်း ရှိခြင်းပင် ဖြစ်သည်။ နောက်ထပ် ထူးခြားချက်တစ်ခုမှာ နေကို မလှည့်ပတ်ခြင်း ဖြစ်သည်။ ဗိုင်ယေဂျာ – ၂ အနေဖြင့် နောက်ထပ်လအသစ်များ ရှာဖွေတွေ့ရှိဦးမည်ဖြစ်ရာ ထရိုင်တန်လ၏ မူလဇာစ်မြစ်ကို သိရှိရန်သဲလွန်စများ ရရှိလာမည် ဖြစ်သည်။

ဗိုင်ယေဂျာ –၂ က ရှာဖွေတွေ့ရှိခဲ့သည့် နက်ပက္ခန်းဂြိုဟ်၏ ဂြိုဟ်ရံလခြောက်စင်းအနက် 1989 N1 ဟု အမည်ပေးထားသည့်လသည် ကန့်လန့်ဖြတ်အကျယ် ၂၅ မိုင်မှ ၄၀၀ မိုင်ကြားတွင်ရှိသည်။ ၎င်း၏ပုံမှန်လမ်းကြောင်းတွင်သာ လှည့်ပတ်လျက်ရှိသည်။ ၎င်းသည် အခြားသော ဂြိုဟ်ရံလများကဲ့သို့ပင် မိမိနှင့် သက်ဆိုင်ရာ ဂြိုဟ်၏ အီကွေတာဒေသပေါ်တွင် ဂြိုဟ်လည်ပတ်သည့် အရပ်ညွှန်းအတိုင်း လှည့်ပတ်သွားလာလျက် ရှိကြသည်။ ယင်းအချက်မှာ အဆိုပါလသည် နက်ပက္ခန်းဂြိုဟ်နှင့် အတူ တစ်ပြိုင်နက် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။ သို့မဟုတ် နက်ပက္ခန်းဂြိုဟ်ဖြစ်ပေါ်ပြီးနောက် မကြာမီတွင် ဖြစ်ပေါ်ခဲ့သည်ဟု ယူဆရမည့်သဘောဖြစ်သည်။ နောက်ဆုံးတွေ့ရှိခဲ့သည့် 1989 N6 ဟု အမည်ပေးထားသည့်လမှာ အချင်းမိုင် ၃၀ မျှသာ ရှိသည်ဟု သိရသည်။

နက်ပက္ခန်းဂြိုဟ်နှင့် အနီးကပ်ပံ့သန်း၍ လေ့လာစူးစမ်းမှုများပြု လုပ်အပြီး နိဝင်ဘာလလောက်တွင် ဗိုင်ယေဂျာ – ၂ မှ မြေပြင်သို့ ပြန်လည်ပေးပို့ပြီး အချက်အလက်များမှာ ကုဋေငါးသောင်းခန့် ရှိနေမည်ဖြစ်ရာ ဗြိတိသျှ စွယ်စုံကျမ်းစာအုပ် အတွဲပေါင်း ၆၀၀၀ ခန့်မျှအထိ ရေးသားဖော်ပြရမည့် အရေအတွက်ဖြစ်သည်ဟုဆိုသည်။ နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များအား လေ့လာစူးစမ်းမှုများကို ၁၉၆၂ ခုနှစ်က သောကြာ



နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီအသင်းခေတ်ပုံပြိုင်ပွဲ

ဆုရ ဦးချစ်ဝိန်၏ လက်ရာ

ကြိုဟ်ကို အနီးကပ်ဖြတ်၍ ပံ့သန်းမှုဖြင့် စတင်ခဲ့ရာ ယခုအချိန်အထိ ပလူတိုကြိုဟ်မှလွဲလျှင် ကျန်ကြိုဟ်များအားလုံးကို အမေရိကန် အာကာသ စူးစမ်းလေ့လာရေးယာဉ်များက အနီးကပ် ပံ့သန်းခြင်းနှင့် ကြိုဟ်ပေါ်သို့ ဆင်းသက်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ အနာဂတ် မျိုးနွယ်သစ်များ၏ခေတ်တွင် အာကာသစူးစမ်းလေ့လာမှုများမှာ ပိုမိုနက်ရှိုင်း ကျယ်ဝန်းလာမည်ဖြစ်သည်။

ဗွိုင်ယေဂျာ–၂ သည် နက်ပကျွန်းကြိုဟ်နှင့် အနီးကပ်ပံ့သန်း၍ လေ့လာမှုများ ပြုလုပ်အပြီးတွင် နေလေငြိမ် သက် ရာ ဒေ သ နှင့် အာကာသ ဟင်း လင်း ပြင် လမ်းကြောင်းစတင်ရာ နေရာသို့ ဦးတည်ပံ့သန်းနေမည် ဖြစ်သည်။ ယင်းနေရာသို့ရောက်ရန် နှစ်ပေါင်း ၂၃ နှစ်ကြာ ပံ့သန်းရမည်ဟု ခန့်မှန်းထားသည်။ အကယ်၍ ပံ့သန်းမှုတွင် အဖုအထစ်မရှိဘဲ အဆင်ပြေချောမွေ့မည်ဆိုပါက ဗွိုင်ယေဂျာ–၂ ယာဉ်တွင်ရှိသော လောင်စာများ ကုန် ခန်း မသွားမီနှင့် ယာဉ်တွင်တပ်ဆင်ထားသည့် စက်ပစ္စည်းကိရိယာများ အလုပ်လုပ်မှု ရပ်ဆိုင်းမသွားမီ အဆိုပါနေရာသို့ ၂၀၁၂ ခုနှစ်တွင် ရောက်ရှိသွားမည် ဖြစ်သည်။ ထို့နောက် အာကာသ ဟင်းလင်းပြင်ထဲသို့ ဝင်ရောက်၍ နှစ်သန်းထောင်ပေါင်းများစွာ ဆက်လက် လွှင့်မျောနေဦးမည်ဖြစ်ရာ နှစ်ပေါင်း ၆,၅၀၀ အကြာတွင် ဘားနဒ် ကြယ်တာရာအနီးသို့ ချဉ်းကပ်သွားမည် ဖြစ်ပြီး ၂,၉၆,၀၃၆ နှစ်အကြာ၌ ကမ္ဘာက တွေ့မြင်နေရသည့် အလင်းဆုံးကြယ် ဖြစ်သည့် ဆာရီးယပ်စ် ကြယ်တာရာကို ဖြတ်၍ ပံ့သန်းမည်ဖြစ်သည်။

ဗွိုင်ယေဂျာ–၂ ၏ နက်ပကျွန်းကြိုဟ်အနီးကပ်ပံ့သန်း လေ့လာမှုများအပြီး အာကာသဟင်းလင်းပြင်ရှိရာ လမ်းကြောင်းသို့ ဆက်လက်ဦးတည် ထွက်ခွာတော့မည့်အချိန်တွင် မြေပြင်စခန်းမှ အာကာသသိပ္ပံပညာရှင်များက ဗွိုင်ယေဂျာယာဉ်အား နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် 'ခဲ့ခွာကြဦးစို့ ဗွိုင်ယေဂျာ....' ဟု ပြောကြားလိုစိတ်မရှိကြဘဲ 'ရွေ့ဆက်ပံ့ပါ ဗွိုင်ယေဂျာ၊ နှုတ်မဆက်တော့ပါ'.... ဟု နှုတ်ခွန်းဆက်လိုသည့်ဆန္ဒများဖြင့်သာ ပြည့်လျှမ်းနေခဲ့ကြသည်။ စင်စစ် ဗွိုင်ယေဂျာ–၂ သည် အပြောကျယ်လှသည့် အာ ကာ သ ဟင်း လင်း ပြင် ထဲ ၌ နှစ်သန်းထောင်ပေါင်းများစွာ မရပ်မနား ဆက်လက်ပံ့သန်းနေဦးမည်သာ ဖြစ်ပေတော့သည်။

ဦးခင်မောင်လေး

နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်း ခေတ်ပုံ ပြိုင်ပွဲ။ ။ နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီ မဂ္ဂင်းက ကြီးမှူး၍ ကြက်ခြေနီနှင့် လခြမ်းနီ အသင်း လှုပ်ရှားမှု ၁၂၅ နှစ်မြောက် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၉ ခုနှစ်တွင် ခေတ်ပုံပြိုင်ပွဲ ကျင်းပခဲ့သည်။ လူသားတို့ကို စောင့်ရှောက်ရေး နှင့် အသက်အန္တရာယ် ကာကွယ် တားဆီးကာကွယ်ရေးတို့ အတွက် ယင်းအသင်း၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အနှစ်ချုပ် မှတ်တမ်းတင်နိုင်သည့် အပျော်တမ်းနှင့် ကြေးစား ခေတ်ပုံဆရာများ တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ယင်းခေတ်ပုံပြိုင်ပွဲတွင် ဂရင်းပရီဆုကို မြန်မာနိုင်ငံမှ ခေတ်ပုံဆရာ ဦးချစ်ဝိန်က ဆွတ်ခူးရရှိသည်။ မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် နွားလှည်းကို အရေးပေါ် လူနာတင်ယာဉ်အဖြစ် အသုံးပြုလျက် ကြက်ခြေနီ လူငယ် မောင်မယ်တို့က အရေးပေါ် လူနာ ပို့ဆောင်ကူညီပုံကို ခြယ်မှုန်းထားသည်။ ဦးချစ်ဝိန်သည် အသက် ၁၅ နှစ် အရွယ်မှ စ၍ ခေတ်ပုံပညာကို လိုက်စားလာခဲ့သည်။ လက်ဦးဆရာသည် ဦးချစ်မင်းနှင့် ဦးဟိန်တို့ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ခေတ်ပုံဆရာကြီးများ ဖြစ်ကြသော ဒါးတန်း ဦးသန်း၊ ဦးမြသန်းနှင့် ဦးတင်မောင်အေးတို့ထံ နည်းနာခံခဲ့သည်။ ဦးချစ်ဝိန်သည် မြန်မာနိုင်ငံ ခေတ်ပုံအသင်းက ကြီးမှူး၍ ဂဲဗတ် ကုမ္ပဏီမှ ဗဲလဂျီယမ် နိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲတွင် နှစ်သိမ့်ဆု နှစ်ဆုကို လည်းကောင်း၊ မြန်မာ အမေရိက ကြီးမှူး၍ စင်ကာပူ နိုင်ငံ၌ကျင်းပသည့် ပြိုင်ပွဲတွင် နှစ်သိမ့်ဆု နှစ်ဆုကို လည်းကောင်း၊ သြစတြီးယားနိုင်ငံ ခေတ်ပုံပြပွဲ (၁၉၆၄) တွင် ပြသခွင့် ဆုကိုလည်းကောင်း၊ ယူနက်စကို ပြကွဒိန်ဆု (၁၉၇၉) ကိုလည်းကောင်း၊ အာရှ ယဉ်ကျေးမှု ရိပ်သာ (အေစီစီယူ) ၏ 'အာရှအမျိုးသမီး' ခေတ်ပုံပြိုင်ပွဲဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးဖူးသည်။ ၁၉၇၉ ခုနှစ် တစ်နှစ်တည်းတွင် မာဇဒါကုမ္ပဏီ ခေတ်ပုံပြိုင်ပွဲ၏ ပထမ ဒေါ်လာ ၃၀၀၀ ဆုကိုလည်း ဆွတ်ခူးခဲ့သေးသည်။ ဦးချစ်ဝိန်သည် နိုင်ငံတကာ ခေတ်ပုံဆုများကိုသာမက ပြည်တွင်းနှစ်ပတ်လည် ခေတ်ပုံပြိုင်ပွဲ အသီးသီးတွင် ၄၂ ဆုခန့်ကိုလည်း ဆွတ်ခူးခဲ့သူ ဖြစ်သည်။

နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း၏ ၁၉၀၉ ခုနှစ် ခေတ်ပုံပြိုင်ပွဲတွင် အကောင်းဆုံး ဆုငါးဆုကိုလည်း ချီးမြှင့်ခဲ့ရာ ပေါ်တူဂယ်နိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ တရုတ်နိုင်ငံ၊ အမေရိကန် ပြည်ထောင်စု တို့မှ ခေတ်ပုံဆရာလေးဦး၏ ခေတ်ပုံများကိုလည်းကောင်း မြန်မာနိုင်ငံမှ ကိုကိုကြီး၏ 'ရေပြင်ကို ဖြတ်ကျော်နေသော ကြက်ခြေနီ ရှေးဦးသူနာပြု တပ်ဖွဲ့ဝင်များ' အမည်ရှိ ခေတ်ပုံကိုလည်းကောင်း ရွေးချယ်ခဲ့သည်။

နိုင်ငံရေးပါတီများ။ ။မြန်မာနိုင်ငံတွင် ၂၆ နှစ်တာ ကာလပတ်လုံး တစ်ပါတီစနစ်ကိုသာ ကျင့်သုံး၍ ယခု ပါတီစုံစနစ်ကို ကျင့်သုံးရန် ဖြစ်လာသည့်အခါ နိုင်ငံရေး ပါတီများ ပွဲစည်းလှုပ်ရှားရာတွင် စနစ်တကျ စည်းရုံး လှုပ်ရှားနိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်းဥပဒေကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ တွင် ပြဋ္ဌာန်းပေးခဲ့သည်။ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ—၎။)

ယင်းသို့ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင် ခြင်းဥပဒေအရ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲ ကျင်းပရေးကော်မရှင်တွင် နောက်ဆုံး သတ်မှတ်ရက် ဖြစ်သည့် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ မှတ်ပုံတင်ခဲ့ကြသည့် နိုင်ငံရေးပါတီအသီးသီးမှာ အောက် ပါအတိုင်းဖြစ်သည်။

(သက်ဆိုင်ရာပါတီများနှင့် ယှဉ်တွဲ ပေါ်ပြထားသော ရက်စွဲများမှာ ယင်းပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် အားလုံး၏ တညီတညွတ်တည်း ဆန္ဒသဘောထားအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်လိုက်သည့်နေ့ဖြစ်သည်။)

၁။ ဒီမိုကရေစီပါတီ
Democracy Party.

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
National League for Democracy.

၃။ ပြည်သူ့ဒီမိုကရေစီပါတီ
People's Democratic Party.

၄။ ပြည်သူ့လူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)
People Youth Federation (Burma).

၅။ မြန်မာနိုင်ငံလုံးဆိုင်ရာ မဟာမိတ် လူငယ် များ အစည်းအရုံး
All Burma United Youths Organization.

၆။ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
Unity And Development Party.

၇။ ဖက် ဆစ် ဆန့် ကျင် ရေး ပြည် သူ လွတ် လပ် ရေး အဖွဲ့ချုပ်
Anti-Fascist People's Freedom League.

၈။ အမျိုးသားပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီ တပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)
Democratic Front for National Reconstruction (Union of Burma).

၉။ မြန်မာပြည်ဒီမိုကရက်တစ်ပါတီ (၃-၁၃-၈၉)
Burma Democratic Party.

၁၀။ ဒီမိုကရက်တစ် တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသား ဟောင်းများအဖွဲ့
Graduates and Old Students Democratic Association.

၁၁။ မြန်မာနိုင်ငံညီညွတ်ရေးဒီမိုကရက်တစ်ပါတီ
Burma United Democratic Party.

၁၂။ အမျိုးသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ
National Peace And Democracy Party.

၁၃။ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်
Union Karen League.

၁၄။ ပြည်ထောင်စုငြိမ်းချမ်းရေး ဒီမိုကရေစီပါတီ
United Peace Democratic Party.
(၅-၁-၉၀)

၁၅။ ဒီမိုကရေစီထွန်းကားရေးအဖွဲ့ (၁၁-၁၂-၈၉)
Democracy Development Organization.

၁၆။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်
Arakan League For Democracy.

၁၇။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
National Unity Party.

၁၈။ လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ
Democratic Party for New Society.

၁၉။ ပြည်သူ့ရဲဘော်အဖွဲ့ချုပ် (ဗမာနိုင်ငံ)
People's Volunteer Organization (Burma).

၂၀။ ဒီမိုကရေစီတိုးတက်ရေးမဟာမိတ်ပါတီ
Democratic Progress Allied Party.
(၂၃-၁၁-၈၉)

၂၁။ ကချင်ပြည်နယ် အမျိုးသားဒီမိုကရက်တစ်ပါတီ
The Kachin State National Democratic Party.

၂၂။ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်
The League For Human Rights & Peace.
(၈-၁-၉၀)

၂၃။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသား လူငယ်များ အဖွဲ့ချုပ်
All Burma National Youths League.

၂၄။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့
Mon National Democratic Front.

၂၅။ ပြည်ချစ်လူငယ်များအစည်းအရုံး
Patriotic Youth Organization.

၂၆။ မြန်မာပြည်တိုးတက်ရေးလူငယ်အဖွဲ့ချုပ်
Youth Union For Burma's Progress.
(၄-၁၂-၈၉)

၂၇။ မြန်မာနိုင်ငံ ဒီမိုကရက်တစ် ပြည်သူ့အင်အား အဖွဲ့ချုပ်
All Burma Democratic People's Power Organization.

၂၈။ အမျိုးသားတိုးတက်ရေး လူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ)
National Progressive Youth of Burma.

၂၉။ ပြည်သူ့လွတ်လပ်မှုနှင့် တိုးတက်မှုရှိရေး ဒီမို ကရက်တစ်ပါတီ
People's Democratic Party for Stability of Freedom & Development.

၃၀။ ဇိုမီးအမျိုးသားကွန်ဂရက်
Zomi National Congress.

၃၁။ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်
Chin National League For Democracy.

၃၂။ ပြည်သူတိုးတက်ရေးနှင့် လွတ်မြောက်ရေး ဒီမို ကရေစီတပ်ဦး (၂၁–၁၂–၈၉)
People's Progressive and Freedom Democracy Front.

၃၃။ ဒီမိုကရက်တစ်လေဘာပါတီ (မြန်မာပြည်)
Democratic Labour Party (Burma).

၃၄။ ရှေ့ဆောင်အမျိုးသား ဒီမိုကရေစီပါတီ
Forward National Democracy Party. (၂–၁–၉၀)

၃၅။ ပြည်ထောင်စု မြန်မာနိုင်ငံ ဖ–ဆ–ပ–လ ဗဟို အဖွဲ့ချုပ်
Union of Burma (Main) A.F.P.F.L(Hq:)

၃၆။ ရှမ်းပြည် တိုင်းရင်းသား လူမျိုးစုများ ဒီမိုကရေစီ အဖွဲ့ချုပ်
Democratic League for the National Races of the Shan State.

၃၇။ အမျိုးသားညီညွတ်ရေးကွန်ဂရက်
United National Congress.

၃၈။ ဒီမိုကရက်တစ် လူ့အခွင့်အရေးပါတီ
Democratic Human Rights Party.

၃၉။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအဖွဲ့ (၇–၃–၈၉)
Democracy and Human Rights Organization. (D-H-O)

၄၀။ ပြည်ထောင်စုမြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် စီးပွား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (၂၉–၁၂–၈၉)
The Peace and Economic Development Party of Union of Burma.

၄၁။ စစ်မှန်သော ဒီမိုကရေစီစနစ်အဖွဲ့ (စ–ဒ–စ) အဖွဲ့ချုပ် (၂၃–၂–၈၉)
Real Democracy System Party.

၄၂။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့
Patriotic Old Comrades League.

၄၃။ ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့ (မြန်မာနိုင်ငံ)
Federal Development Organization (Burma). (၂၂–၁၂–၈၉)

၄၄။ ပြည်သူ့ကျောင်းသားဒီမိုကရက်တစ်ပါတီ
People's Student Democratic Party. (၁၁–၁၂–၈၉)

၄၅။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
Shan Nationalities League for Democracy.

၄၆။ တိုးတက်သော ဒီမိုကရက်တစ်လူငယ်များအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (၂၀–၁၂–၈၉)
Progressive Democratic Youth League(Burma).

၄၇။ လစ်ဘရယ်ဒီမိုကရေစီပါတီ (၆–၇–၈၉)
Liberal Democracy Party.

၄၈။ မျိုးချစ်ဒီမိုကရက်တစ် လူငယ်တပ်ပေါင်းစု (မြန်မာနိုင်ငံ)
The Patriotic Democratic Youth Front(Burma)

၄၉။ ဗမာ့မျိုးချစ်လူငယ်အစည်းအရုံး
Association of Burmese Patriotic Youth.

၅၀။ ဒီမိုကရက်တစ် လူငယ်များအဖွဲ့ (မွန်ပြည်နယ်)
Democratic Youth Organization (Mon State). (၁၀–၁–၉၀)

၅၁။ ပြည်သူ့သွေးစည်းညီညွတ်ရေးနှင့် လှုပ်ရှားမှုပါတီ
People's Solidarity and Action Party. (၂–၁–၉၀)

၅၂။ နာဂတောင်တန်းဒေသ တိုးတက်ရေးပါတီ
Naga Hills Regional Progressive Party.

၅၃။ ဒီမိုကရေစီသမ္မတနိုင်ငံ တည်တံ့ရေးတပ်ဦး
Democratic Republican Front (Burma). (၂၃–၁–၉၀)

၅၄။ ပြည်ထောင်စု လူငယ်ကျောင်းသားများပေါင်းစည်း ညီညွတ်ရေးအဖွဲ့ (၄–၁၂–၈၉)
Youth and Student Union Association.

၅၅။ တောင်သူလယ်သမား စည်းလုံးညီညွတ်ရေး အဖွဲ့
Peasant's Unity Organization.

၅၆။ လူငယ်စည်းလုံးညီညွတ်ရေးအဖွဲ့
Youth Unity Organization.

၅၇။ အလုပ်သမားစည်းလုံးညီညွတ်ရေးအဖွဲ့
Workers' Unity Organization.

၅၈။ ရခိုင်ပြည်ညီညွတ်ရေးနှင့် ဒီမိုကရေစီအဖွဲ့
Rakhine Unity and Democracy Association.

၅၉။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသားများတိုးတက်ရေး ဒီမိုကရေစီပါတီ
All Burma National Progressive Democracy Party.

၆၀။ လူမျိုးပေါင်းစုံချစ်ကြည်ရေးအသင်း (ပြည်ထောင်စု မြန်မာနိုင်ငံ)
Society for International Friendship (Union of Burma).

၆၁။ လူငယ်ညီညွတ်ရေး တပ်ပေါင်းစု (ပြည်ထောင်စု မြန်မာနိုင်ငံ)
Youths' Solidarity Front (Union of Burma).

၆၂။ နေ့ရှင်နယ်ပါတီ (၃၀–၈–၈၉)
National Party.

၆၃။ ကယားပြည်နယ် လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ်
Kayah State All Nationalities League for Democracy (K.N.L.D).

၆၄။ ရခိုင်ပြည်သူညီညွတ်ရေးအဖွဲ့ (၂၈–၁၂–၈၉)
Arakan People's United Organization.

၆၅။ ရှမ်းအမျိုးသား ဖွံ့ဖြိုးရေး ဒီမိုကရေစီ အဖွဲ့ချုပ် (ပြည်ထောင်စုမြန်မာနိုင်ငံ)
Shan National Development Democratic Party (Union of Burma).

၆၆။ ဒီမိုကရေစီ မြတ်နိုးသော ပြည်သူများ အဖွဲ့ချုပ် (ဒ–မ–ပ–ဖ)
Democratic People's League (D.P.L).

၆၇။ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ (၁၁–၁၂–၈၉)
Party for Unity and Peace.

၆၈။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းသာယာရေးအဖွဲ့ (ပြည်ထောင်စု မြန်မာနိုင်ငံ)
Organization of Peace and Welfare for Democracy. (Union of Burma)

၆၉။ ပြည်ထောင်စုလူငယ်ပါတီ (၂-၁-၉၀)
Union Youth Party.

၇၀။ ကျောင်းသားများဒီမိုကရေစီအရေးတော်ပုံပါတီ
Students Revolutionary Party for Democracy (S.R.P.D).

၇၁။ လွတ်လပ်သောဒီမိုကရက်တစ်ပြည်ထောင်စုပါတီ
Independent Democratic Union Party.
(၁၁-၁၂-၈၉)

၇၂။ မြန်မာအမျိုးသမီး တိုးတက်ရေးသမဂ္ဂ (ဗဟို ဌာနချုပ်)
Union for the Improvement of Burmese Women. (Central Headquarters)

၇၃။ ရှမ်းပြည်မြောက်ပိုင်း လူငယ်များ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (၁၄-၁၂-၈၉)
Northern Shan State Youth Unity and Development Organization.

၇၄။ ကချင်ပြည်နယ် အမျိုးသားဒီမိုကရေစီ ကွန်ဂရက်
The Kachin State National Congress for Democracy (K.N.C.D).

၇၅။ လူငယ်ဒီမိုကရက်တစ်ပါတီ (၂၁-၇-၈၉)
Democratic Party for Youth Society.

၇၆။ ပြည်သူစွမ်းအားပါတီ (ပ-သ-စ-အ)
People Power Party (P.P.P).

၇၇။ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးပါတီ (ပ-တ-ခ)
Union Stability Party (U.S.P).

၇၈။ ရခိုင် တိုင်းရင်းသား ညီညွတ်ရေး အဖွဲ့ချုပ် (ရ-တ-ည)
The Arakan National Unity Organization. (A.N.U.O)

၇၉။ ဒီမိုကရေစီယုံကြည်သူများပေါင်းစည်းရေးအဖွဲ့ချုပ်
Faithful Democratic Federation. (F.D.F)

၈၀။ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီ
Shan State Democratic Party.
(၁၄-၁၂-၈၉)

၈၁။ အမျိုးသားအကျိုးဆောင်အဖွဲ့
National Promotion Forum.

၈၂။ လွတ်လပ်သောပြည်သူပါတီ (၂-၁-၉၀)
Liberal People's Party.

၈၃။ နိုင်ငံသစ်ဒီမိုကရေစီအဖွဲ့ချုပ် (၂-၁-၉၀)
League for New State Democracy.

၈၄။ ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ်
Karen State National Organization.

၈၅။ ပြည်ထောင်စုပအိုဝ်အမျိုးသားအဖွဲ့ချုပ်
Union Paoh National Organization.

၈၆။ အမျိုးသားငြိမ်းချမ်းရေးပါတီ
National Peace Party. (N.P.P.)

၈၇။ မျိုးချစ်ငြိမ်းချမ်းရေးအဖွဲ့ချုပ် (၄-၁၂-၈၉)
Patriotic League for Peace.

၈၈။ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ
National Democratic Party for Human Rights.

၈၉။ လွတ်လပ်သောမြန်မာနိုင်ငံပြည်သူများအဖွဲ့ချုပ်
Free People League of Burma.

၉၀။ တောင်တန်းသားများဒီမိုကရက်တစ်ပါတီ
Highlanders' Democratic Party.

၉၁။ ရခိုင်အမျိုးသားများ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့ (၅-၁-၉၀)
Arakanese Peace & Human Rights Party.

၉၂။ ကချင်တက္ကသိုလ်ကျောင်းသားများဦးဆောင်သော ကချင်လူငယ်အဖွဲ့
Union of Kachin Youth Led by Kachin University Students (U.K.Y).

၉၃။ လူမျိုးစုပေါင်းစည်းဖွံ့ဖြိုးတိုးတက်ရေးပါတီ
Federal Republic Development Party.

၉၄။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့
People's Peace Organization of Union of Burma.

၉၅။ မြန်မာပြည်အကျိုးပြုပါတီ
Party for National Development.

၉၆။ ရခိုင်လူမျိုးစုများဒီမိုကရေစီပါတီ
Arakan Nationalities Democracy Party.

၉၇။ အမျိုးသားနိုင်ငံရေးကျောင်းသားလူငယ်အဖွဲ့
Organization of Students and Youth for National Politics.
(၁၁-၁၂-၈၉)

၉၈။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး မူလ အဲဖွဲ့ချုပ် (ဖ-ဆ-ပ-လ မူလအဖွဲ့ချုပ်)
Anti-Fascist People's Freedom League (Original). (Hq).

၉၉။ မြန်မာနိုင်ငံသတင်းထောက်များအသင်း
Burma Reporters' Association.

၁၀၀။ မြန်မာပြည်သစ်ပါတီ
New Burma Party.

၁၀၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ညီညွတ်သော လူမျိုးစုများအဖွဲ့ချုပ် (၂၂-၁၂-၈၉)
The Union of All Burma United Nationalities.

၁၀၂။ ဒီမိုကရက်တစ် လူငယ်ညီညွတ်ရေးအဖွဲ့ချုပ်
United Democratic Youth League.
(၂၀-၁၂-၈၉)

၁၀၃။ အမျိုးသား ငြိမ်းချမ်းသာယာရေးပါတီ (မ-င-သ-ပ)
National Peace and Comfort Party.

၁၀၄။ ဒီမိုကရေစီသစ်ပါတီ (၁၀-၃-၈၉)
New Democracy Party.

၁၀၅။ လူမှုစနစ်ဆိုင်ရာအတွေးအခေါ်သစ်များ ထွန်းကားရေးပါတီ (၂၉-၆-၇၉)
New Ideology Improvement Party for Social System.

၁၀၆။ ပြည်သူတိုးတက်ရေးပါတီ
People's Progressive Party.
(ပုဒ်မ-၆ အရ ၁၉-၉-၇၉ မှစ၍ပယ်ဖျက်)

၁၀၇။ ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရက်တစ်အဖွဲ့ချုပ်
Union of Burma Democratic League.
(၂၆-၇-၇၉)

၁၀၈။ ပြည်သူဆန္ဒစိုးမိုးရေးအဖွဲ့ချုပ်
Rule of People's Democracy League.

၁၀၉။ အမြဲစိမ်းလူငယ်များအဖွဲ့
Ever Green Young Men Association.
(ပုဒ်မ-၆ အရ ၁၉-၉-၇၉ မှစ၍ ပယ်ဖျက်)

၁၁၀။ ပြည်ထောင်စုဒီမိုကရက်တစ်ကွန်ဂရက်
Union Democratic Congress.
(၂-၁-၉၀)

၁၁၁။ မိခင်ဒီမိုကရေစီအဖွဲ့ချုပ်. (၁၁-၁၂-၇၉)
League for Mother Democracy.

၁၁၂။ တောင်သူလယ်သမားသမဂ္ဂများအဖွဲ့ချုပ်
(ပြည်ထောင်စုမြန်မာနိုင်ငံ)
League of Peasant's Unions (L.P.U).

၁၁၃။ ဒီမိုကရေစီပြန်လည်ထူထောင်ရေးအဖွဲ့
Democracy Reformation League (D-R-L).
(၂၉-၁၂-၇၉)

၁၁၄။ အလုပ်သမား ညီညွတ်ရေး သမဂ္ဂများအဖွဲ့ချုပ်
(ပြည်ထောင်စုမြန်မာနိုင်ငံ)
United Trade Union Congress (Union of Burma).

၁၁၅။ ပြည်သူဒီမိုကရေစီရှင်သန်ရေးအဖွဲ့ချုပ်
League for the Vitality of People's Democracy.
(၁၁-၁၂-၇၉)

၁၁၆။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ် (၂၄-၅-၇၉)
National Solidarity League, Union of Burma.

၁၁၇။ မေယုဖွံ့ဖြိုးတိုးတက်ရေး ကျောင်းသားလူငယ်များအဖွဲ့ချုပ် (အာရ်ကာန်)
Students and Youth League for Mayyu Development (Arakan).

၁၁၈။ ရခိုင်လူမျိုးစုများညီညွတ်ရေး ဒီမိုကရက်တစ်ပါတီ
Rakhine Races United Democratic Party (R-R-U-D-P).

၁၁၉။ တရားမျှတမှုပါတီ (၂၃--၁-၉၀)
The Justice Party.

၁၂၀။ အမျိုးသားကြံခိုင်ရေးနှင့် ငြိမ်းချမ်းရေးပါတီ
National Fitness and Peace Party.
(၂၀-၁၂-၇၉)

၁၂၁။ အမျိုးသားသမ္မာသမ္မတအဖွဲ့ချုပ်
National Republican Federation (N-R-F).

၁၂၂။ ပြည်ထောင်စုမြန်မာနိုင်ငံညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ် (ပ-ည-ဒ-ဖ)
Union of Burma Unity Democracy League (B-U-D-L).

၁၂၃။ စစ်မှန်သော အမျိုးသားဒီမိုကရက်တစ်လူငယ်အဖွဲ့
Genuine National Democratic Youth Organization.

၁၂၄။ ရီပတ်ဗလစ်ကင်ပါတီ (၂၉-၁၂-၇၉)
Republican Party.

၁၂၅။ ဒီမိုကရေစီညီညွတ်ရေးတပ်ဦး (၃-၄-၇၉)
United Democratic Front.

၁၂၆။ တောင်သူလယ်သမားပါတီ (ဗမာပြည်)
Peasant Party (Burma).

၁၂၇။ အလုပ်သမားပါတီ (ဗမာပြည်)
Labour Party (Burma).

၁၂၈။ ရှမ်းပြည်နယ်လုံးဆိုင်ရာ လူငယ်ကျောင်းသားများငြိမ်းချမ်းရေးအဖွဲ့ချုပ် (၁၆-၁-၉၀)
League for Peace of All Shan State Youth & Students.

၁၂၉။ ဘဝသစ်ပါတီ (၇-၁၂-၇၉)
The New Life Party.

၁၃၀။ အမျိုးသား နိုင်ငံရေးတပ်ပေါင်းစု (မ-န-တ)
National Politics Front (N-P-F).
(ပုဒ်မ-၆ အရ ၁၉-၉-၇၉ မှစ၍ပယ်ဖျက်)

၁၃၁။ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားမျှတရေးလှုပ်ရှားမှုပါတီ (ပ-ဖ-တ-လ)
Union Progress & Justice Action Party (U-P-J-A-P).

၁၃၂။ တောင်သူလယ်သမား၊ ကဒူး၊ ကနန်းနှင့် ရှမ်းအမျိုးသားသွေးစည်းညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ် (ဗန်းမော်မြို့)
The Farmer, Gadu, Ganan and Shan National Unity Democratic Headquarters (Ban Mauk Myo).

၁၃၃။ တအာင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
Ta-ang (Palaung) Nationl League for Democracy.

၁၃၄။ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
Shan State Kokang Democratic Party.

၁၃၅။ လမ်းညွှန်ဒီမိုကရေစီပါတီ (၂၁-၁၂-၇၉)
Guidance Democracy Party (G-D-P).

၁၃၆။ ညီညွတ်ရေးအင်အားစုအဖွဲ့ (၁၀-၁--၉၀)
United Force Party.

၁၃၇။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
Kokang Democracy and Unity Party.

၁၃၀။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူလွတ်လပ်ရေး မူလ လူငယ်အဖွဲ့ချုပ် (မြန်မာနိုင်ငံ) (၁၂-၁၂-၇၉)
Youth Organization of Anti-Fascist People's Freedom League (Original) (Burma) (H Q).

၁၃၉။ ဒီမိုကရေစီလှုပ်ရှားမှုပါတီ မြန်မာပြည်
Democratic Action Party of Burma (D.A.P.).
(၅-၁-၉၀)

၁၄၀။ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ် မျိုး အ စည်း အ ရုံး (ဌာနချုပ်) (ဗ လ စ) (၈-၁-၉၀)
All Burma Youth League (Hqrs) A. B. Y. L.

၁၄၁။ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီ/ငြိမ်း)
League for Democracy & Peace (L. D. P).

၁၄၂။ ပြည်ထောင်စုလူမျိုးစုများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Union National League (Burma).

၁၄၃။ အမျိုးသားဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် သွေးစည်း ညီညွတ်ရေးပါတီ (မ ဒ ငြ သ ည) (၂၉-၁၂-၇၉)
National Democratic Peace and Solidarity Party (N D P S P).

၁၄၄။ တောင်သူလယ်သမားနှင့် အ လုပ် သ မား ဖွံ့ဖြိုး တိုးတက်ရေး ဒီမိုကရေစီအဖွဲ့ချုပ် (လ-အ-ဖ-ဒ)
Peasants and Workers Development Democracy League (P. W. D. D. L).

၁၄၅။ ပြည်သူ့တရားမျှတရေးပါတီ (မြန်မာပြည်)
People's Justice Party (Burma).
(၂၆-၁၂-၇၉)

၁၄၆။ ဒီမိုကရေစီ ခေတ်သစ်တည်ဆောက်ရေး တောင်သူ လယ်သမား အလုပ်သမားအဖွဲ့ချုပ် (ပြည်ထောင်စု မြန်မာနိုင်ငံ) (၃၁-၃-၇၉)
Peasants & Workers' League for Democratic New Construction (Union of Burma).

၁၄၇။ သွေးသစ်လူငယ်မျိုးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
League of New Generations (Union of Burma).

၁၄၈။ မြန်မာပြည် လွတ်လပ်မှု ထွန်းကားရေးအဖွဲ့ချုပ် (မ-လ-ထ) (၂၇-၄-၀၉)
Burma's League for Liberal Evolution.

၁၄၉။ ရက္ခိုင်ကျောင်းသား လူငယ်မျိုးအဖွဲ့ချုပ်
League for Arakan Students and Youths.
(၉-၈-၀၉)

၁၅၀။ ဒီမိုကရေစီတည်ဆောက်ရေး ပြည်သူတပ်ဦး
People's Front for Democracy Construction.
(၂၁-၁၂-၀၉)

၁၅၁။ တောင်သူလယ်သမား တိုးတက်ဖွံ့ဖြိုးရေးပါတီ
Peasauts' Development Party (P. D. P).

၁၅၂။ ရှမ်းပြည်နယ် ကချင်အမျိုးသား ဒီမိုကရက်တစ် ပါတီ
Shan State Kachin Democratic Party.

၁၅၃။ ကချင်အမျိုးသားလုံးဆိုင်ရာ ကွန်ဂရက်
Kachin National Congress (K. N. C).

၁၅၄။ ပြည်ချစ်ဒီမိုကရေစီပါတီ (ပ-ဒ-ပ)
Patriotic Democracy Party (P. D. P).
(၂၆-၁၂-၀၉)

၁၅၅။ တိုးတက်သော မြန်မာပြည်သစ်ပါတီ
Progressive New Burma Party (P.N.B.P).

၁၅၆။ ပြည်ထောင်စု၏ စစ်မှန်သော ဒီမိုကရေစီပါတီ (မြန်မာနိုင်ငံ) (၁၀-၁-၉၀)
Union's Genuine Democracy Party (Burma).

၁၅၇။ ဒီမိုကရေစီပါတီစုံ ညီညွတ်ရေး ညွှန်ပေါင်းအဖွဲ့ချုပ်
Coalition League for Democratic Multi-Party Unity.
(၂၆-၁၂-၀၉)

၁၅၈။ ပြည်ထောင်စု ဓနုအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်
Union Danu League for Democracy.

၁၅၉။ ပအိုဝ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
Pa-O National Development Association.
(၁၆-၁-၉၀)

၁၆၀။ မဟာမိတ် ဒီမိုကရေစီဌာနချုပ် (၂၃-၃-၀၉)
League for Democracy Alliance.

၁၆၁။ တိုင်းရင်းသားလူမျိုးစု ဘဝသစ်ထူထောင်ရေးပါတီ (ဌာနချုပ်)
National Ethnic Reformation Party (Headquarters).

၁၆၂။ ပြည်သူ့ရှေ့ဆောင်ပါတီ (ပ ရ ပ)
People's Pioneer Party (P. P. P).

၁၆၃။ ကမန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်
Kamans National League for Democracy.

၁၆၄။ ကူကီးချင်းအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (က-မ-စ-ပ)
Kuki Chin National Unity Party (K. C. N. U. P).

၁၆၅။ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေးဒီမိုကရေစီ အဖွဲ့
Democratic Organization for Kayan National Unity (D. O. K. N. U).

၁၆၆။ မရမပြည်သူပါတီ (မ-ပ-ပ)
Mara People's Party (M. P. P).

၁၆၇။ ပြည်ထောင်စုအမျိုးသားများ ဒီမိုကရေစီပါတီ
Union Nationals Democracy Party- UNDP.

၁၆၈။ ဒီမိုကရက်တစ် ပြည်သူများနှင့် ဝန်ထမ်းဟောင်း များအဖွဲ့ချုပ် (ဒ-ပ-ထ-ခ) (၅-၆-၀၉)
Democratic People and Retired Personnel Organization (D. P. R. P. O).

နိုင်ငံရေးပါတီများ

၁၆၉။ မြန်မာ့ပြည်လူအများကောင်းစားရေးပါတီ (ဆင်ပြူကျွန်းမြို့) (၂-၁-၉၀)
Burma People's Welfare Party (Sinbyu-gyun).

၁၇၀။ မြို့ (ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့ (မ-ခ-မ-ည-ဖ)
Mro or Khami National Solidarity Organization (M.K.N.S.O).

၁၇၁။ အလုပ်သမား အစည်းအရုံးများ အဖွဲ့ချုပ် (ဗမာနိုင်ငံ) တီ ယူ စီ ဘီ (၁၂-၁၂-၇၉)
Trade Union Congress (Burma).

၁၇၂။ ဗမာ နိုင် ငံ လုံး ဆိုင် ရာ တောင် သူ လယ် သ မား အစည်းအရုံး ဌာနချုပ် (ဗ-တ-လ-စ)
All Burma Peasant Organization.
(၁၂-၁၂-၇၉)

၁၇၃။ ပြည်သူ့အင်အား ဒီမိုကရက်တစ် လူငယ်အဖွဲ့ချုပ်
People's Potential Democratic Youth League.
(၂၄-၈-၇၉)

၁၇၄။ စစ်မှန် ပွင့်လင်းမြင် တရားမျှတသော ဒီမိုကရက်တစ် ပါတီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (၁၁-၈-၇၉)
Real, Open, Just Democratic Party (Union of Burma).

၁၇၅။ ဒီမိုကရေစီ လူမှုဝန်းကျင်သစ် တည်ဆောက်ရေး ပါတီ (ရောဝတီတိုင်း-ပုသိမ်မြို့) (၂၀-၁၂-၇၉)
Democracy New Building Social Milieu Party (Bassein - Irrawaddy Division).

၁၇၆။ အားမာန်သစ် ဒီမိုကရက်တစ် မဟာမိတ်ပါတီ
New Strength Democratic Allied Party.
(၄-၇-၇၉)

၁၇၇။ တောင်ပိုင်းချင်း ဒီမိုကရေစီပါတီ (တ-ခ-ဒ-ပ)
Southern Chin Democracy Party (S C D P).

၁၇၈။ လူငယ်ကျောင်းသားများ ဒီမိုကရေစီအင်အားစု
Youth and Students Democracy Forces.
(၁၁-၁၂-၇၉)

၁၇၉။ အမျိုးသားပါတီ (အ-မ-ပ)
Amyothar Party (A . P).

၁၈၀။ မျိုးချစ် ပြည်သူ့ပါလီမန် ပါတီ
Patriotic People's Parlimentary Party.

၁၈၁။ အမျိုးသား ဒီမိုကရေစီ တရားမျှတရေး အဖွဲ့ချုပ် (မ-ဒ-တ-ဖ) (၃၀-၈-၇၉)
National League for Democracy Justice.
(N . L . D · J).

၁၈၂။ ဗမာနိုင်ငံလုံးဆိုင်ရာ လွတ်လပ်သော အမျိုးသမီး အစည်းအရုံး (ဗ-လ-မ-စ) (၁၂-၁၂-၇၉)
All Burma Liberated Women's Organization.

၁၈၃။ ပြည်ထောင်စုမြန်မာနိုင်ငံ ဖ-ဆ-ပ-လ ဗဟို လူငယ် အဖွဲ့ချုပ်
(Main) A . F . P . F . L Youth (Hqs).

၁၈၄။ အရှို့ ချင်း အမျိုးသား ဖွံ့ဖြိုးရေး အဖွဲ့ချုပ် (အ-မ-ဖ-ခ)
Asho-Chin National Development League (A . N . D . L).

၁၈၅။ မျိုးဆက်သစ်အားမာန် လူငယ်တပ်ဦး (မြန်မာနိုင်ငံတော်)
The Might of New Generation Youth Front (Burma).

၁၈၆။ ဘက်မလိုက် ပြည်သူ ဒီမိုကရေစီပါတီ (ဘ-ပ-ဒ-ပ)
Non - Aligned People's Democracy Party.

၁၈၇။ "ဝ" အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ
Wa National Development Party.

၁၈၈။ မိခင် ဗမာပြည် အဖွဲ့

၁၈၉။ လီဆူ အမျိုးသား သွေးစည်း ခိုင်မာရေး အဖွဲ့ (လ-မ-သ-ဖ)
Lisu National Solidarity (L . S . N).

၁၉၀။ အမျိုးသား စီးပွား ကုန်သွယ်ရေး အဖွဲ့ချုပ် (စ-ပ-က-သ) (၁၂-၁၂-၇၉)
National Economic League for Trade.

၁၉၁။ ကရင်အမျိုးသား ဒီမိုကရေစီ ကွန်ဂရက် (က-ဒ-တ)
Karan National Congress for Democracy (K . N . C . D).

၁၉၂။ အမျိုးသား တိုးတက်ရေး ဆိုရှယ်လစ် အဖွဲ့ချုပ်
The National Progressive Socialist League (N . P . S . L).

၁၉၃။ ရင့်ကျက်သော ဒီမိုကရက်တစ်ပါတီ (၅-၁၂-၇၉)
Matured Democratic Party (M . D . P .)

၁၉၄။ အင်းအမျိုးသားအဖွဲ့ချုပ်
Inn - Tha National Organization.

၁၉၅။ ရခိုင်အမျိုးသား လူမှုဘဝ မြှင့်တင်ရေးအဖွဲ့
The Rakhine National Humanitarian Development Organization.

၁၉၆။ တိုင်းရင်းနွယ်ဖွား ပူးပေါင်းရေး ပါတီ
Indigenous Race Collaboration Party.

၁၉၇။ ပြည်သူ ပါတီ (၁၁-၁၂-၇၉)
People's Party.

၁၉၈။ ပြည်ထောင်စုပါတီ (ပ-ထ-ပ)
Union Party (U . P).
(၁၄-၁၂-၇၉)

၁၉၉။ ဖဒရယ် ဒီမိုကရက်တစ်ပါတီ (ဖ-ဒ-ပ)
Federal Democratic Party (F . D . P).
(၂-၁-၉၀)

၂၀၀။ ပြည်ထောင်စု ပြည်သူ့ဘဝနှင့် ဒီမိုကရေစီပါတီ
Union People's Future and Democracy Party.

၂၀၁။ ပြည်ထောင်စုဒီမိုကရေစီ ပါတီများအဖွဲ့ချုပ်
United League for Democratic Parties.

၂၀၂။ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဆိုရှယ်လစ်ဆန့်ကျင်ရေး၊ အာဏာရှင်ဆန့်ကျင်ရေး၊ လွတ်လပ်သော ဒီမိုကရေစီအဖွဲ့ချုပ်
Anti - Communist, Anti - Socialist, Anti Totalitarian Free Democracy League.

၂၀၃။ ရွေးရိုးစဉ်လာ ပြည်မြန်မာအဖွဲ့ (၂၂–၁၂–၇၉)
Conservative Party Burma.

၂၀၄။ အမျိုးသားနိုင်ငံရေးအမျိုးသမီးအင်အားစု
National Politics Women Force (N.P.W.F). (၂၀–၁၂–၇၉)

၂၀၅။ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးအင်အားစု
National Economic Development Force (N.E.D.F). (၂၀–၁၂–၇၉)

၂၀၆။ အမျိုးသားနိုင်ငံရေးလယ်သမားအင်အားစု
National Politics Peasant Force (V.P.P.F). (၂၀–၁၂–၇၉)

၂၀၇။ အမျိုးသားနိုင်ငံရေးအလုပ်သမားအင်အားစု
National Politics Labour Force (N.P.L.F). (၂၀–၁၂–၇၉)

၂၀၈။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (လူငယ်)
National Politics Front (Yonth).

၂၀၉။ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
Lahu National Development Party (L.N.D.P).

၂၁၀။ အမျိုးသားရေး ဒီမိုကရေစီတည်ဆောက်မှု ပါတီ ဌာနချုပ် (မ–ဒ–တ–ပ)
National Democracy Establishment Party (Central) N.D.E.P.

၂၁၁။ မျိုးချစ်တိုင်းရင်းဆေးပညာရှင်များအဖွဲ့ချုပ်
Patriotic Indigenous Physicians League.

၂၁၂။ ဝံသာနုစိတ်ဓာတ် ပြန်လည်ထွန်းကားရေး ပါတီ (ဝ–ပ–ပ) (၁၁–၁၂–၇၉)
Esprit de corps Restoration Party (E.R.P).

၂၁၃။ ပြည်သူ့သတင်းထောက်များအသင်း(မြန်မာနိုင်ငံ)
Peoples' Reporters Association (Burma) (P.R.A).

၂၁၄။ အမျိုးသားဒီမိုကရေစီပါတီ
Party for National Democracy.

၂၁၅။ အမျိုးသား သွေးစည်းညီညွတ်ရေး တပ်ပေါင်းစု (မ–ည–တ) (၂၂–၁၂–၇၉)
National Solidarity Front (N.S.F).

၂၁၆။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
United Nationalities League for Democracy.

၂၁၇။ ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီတပ်ပေါင်းစု
Union of Burma Democratic Front.

၂၁၈။ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (ဒ–မ–ဖ)
League of Democratic Allies (L.D.A).

၂၁၉။ ရခိုင်ပြည်သူဒီမိုကရေစီတပ်ပေါင်းစု
Arakan People's Democratic Front.

၂၂၁။ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်လူငယ်များအဖွဲ့ (အ–န–ဒ–လ) (၈–၁၂–၇၉)
Organization of Democratic Youth for National Politics (O.D.Y.N.P).

၂၂၁။ ပြည်သူ့တောင်သူလယ်သမားသမဂ္ဂ (ပြည်ထောင်စုမြန်မာနိုင်ငံ)
People's Peasants (Union of Bnrma).

၂၂၂။ ဝံသာနုလူငယ်ပါတီ
Patriotic Youth Party.

၂၂၃။ ပြည်ထောင်စုသားများပါတီ
The Party of the Nationalities.

၂၂၄။ မျိုးချစ်လက်ရုံးပါတီ
Patriotic Force Party.

၂၂၅။ ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ
Chin National Unity Party. (၂၀–၇–၇၉)

၂၂၆။ ဒီမိုကရေစီရှင်သန်ကြီးထွားရေးသမဂ္ဂ (ဒ–ရ–သ)
Union for Revival and Development of Democracy (U.R.D.D). (၂၅–၁–၉၀)

၂၂၇။ အမျိုးသားညီညွတ်ရေးနှင့်လူငယ်သစ်ပါတီ
National Unity and New Youth Party (N.U.N.P). (၂၀–၁၂–၇၉)

၂၂၀။ သွေးစည်းခိုင်မာရေးတပ်ပေါင်းစု (၂–၁–၉၀)
Unification and Reinforcement Front (U.R.F).

၂၂၉။ ပြည်သူ့အရေးတော်ပုံပါတီ (၁၄–၁၂–၇၉)
People's Revolution Party (P.R.P).

၂၃၀။ ပြည်ထောင်စုမြန်မာနိုင်ငံ တောင်သူလယ်သမားဗဟိုအဖွဲ့ချုပ်
Union of Burma (Main) Peasant Onganization (Hqrs).

၂၃၁။ ပြည်ထောင်စုမြန်မာနိုင်ငံ အလုပ်သမား ဗဟိုအဖွဲ့ချုပ်
Union of Burma (Main) Labour Organization (Hqrs).

၂၃၂။ ချင်းအမျိုးသားလူငယ်အဖွဲ့ချုပ်
Chin National Youngmen Organization.

၂၃၃။ နဂါးနီပါတီ (ဗမာပြည်) (၁၂–၁၂–၇၉)
Congress 'D' Party (Burma).

၂၃၄။ အမျိုးသားရေးပကတိလမ်းစဉ်ဦးဆောင် အင်အားစုအဖွဲ့ချုပ်
Leading Strength of National Realism Centre.

၂၃၅။ ဒီမိုကရေစီမြတ်နိုးသော ပြည်သူများ မဟာမိတ်အဖွဲ့ကြီး (ဒ–မ–မ–ဖ)
Democratic Allies' League (D.A.L).

၂၃၆။ ပြည်ထောင်စု ဒီမိုကရေစီ ညီညွတ်ရေးအဖွဲ့ (ပ–ဒ–ည–ဖ) (၂၀–၇–၇၉)
Union Democracy Unity Organization (U.D.U.O).

နျူကလီးယားဖျူးရှင်းသုတေသန။ ။၁၉၂၀ ပြည့်နှစ် လောက်တွင် အင်္ဂလိပ် နက္ခတ္တ ရူပဗေဒပညာရှင် ဆာ အာသာ အက်ဒင်တန်သည် ကြယ်များမှထွက်လာသော (အလင်းအပါအဝင်) ရောင်ခြည်များ၊ ဖြာထွက်မှုများမှာ နျူကလီးယားဖျူးရှင်းခေါ် အလွန်ပေါ့ပါးသော အက်တမ်ဝတ်ဆံ (နျူကလိုင်) များ ပေါင်းစပ်ပြီး ပိုမိုလေးလံသော နျူကလိုင်များ (အက်တမ်များ) ဖြစ်စေသော နျူကလီးယား ဖြစ်စဉ်ကြောင့် ဖြစ်သည်ဟု ဟောကိန်းထုတ်ခဲ့သည်။ နေ သို့မဟုတ် ကြယ်များ၏ဗဟိုတွင် နျူကလီးယားဖျူးရှင်း (ပေါင်းစည်းမှု) ဖြစ်ပေါ်ရန်အတွက် အပူချိန်မှာ (ကယ်လဗင်) ကုဋေတစ်ဆယ်ခန့် (10^7 K) ရှိရမည်ဖြစ်သည်။ နျူကလီးယားစွမ်းအင်ကိုလက်တွေ့ထုတ်လုပ်နေကြသည်မှာ နျူကလီးယားဖစ်ရှင်း (Fission) ခေါ် နျူကလိုင်များ နှစ်ပိုင်းကွဲထွက်ခြင်းမှ ထွက်ပေါ်လာသော စွမ်းအင်ဖြစ်စဉ်ကို အခြေခံသည်။ နျူကလီးယားဓာတ်ပေါင်းဖိုများမှ ပတ်ဝန်းကျင် ညစ်ညမ်းစေသည့်ပစ္စည်းများ၊ ရေဒီယိုဓာတ်သတ္တိကြွနေသေးသော စွန့်ပစ်ပစ္စည်းများ၏ ပြဿနာများနှင့် မတော်တဆထိခိုက်နစ်နာစေနိုင်သော ဘေးများ (နျူကလီးယား အန္တရာယ်) ကို ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် လိုအပ်သော နျူကလီးယား လောင်စာနှင့် ဓာတ်ပေါင်းဖိုကိုတည်ဆောက်ထိန်းသိမ်းအသုံးပြုရန်လိုအပ်သော စရိတ်မှာ မသေးငယ်လှကြောင်းကိုလည်း သိရှိကြသည်။ ထို့ကြောင့်ပင်လယ်ရေ (ဒယူတီရီယမ်အောက်ဆိုက်) ကို အသုံးပြုပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖစ်ရှင်းဖြစ်စဉ်လောက် မဖြစ်ပေါ်စေသော ဖျူးရှင်းဖြစ်စဉ်ကို နှစ် ၄၀ ကျော်ခန့်မှစ၍ ရူပဗေဒပညာရှင်များ သုတေသန ပြုခဲ့ကြသည်။ သုတေသနပြုရာ၌ အပူချိန်အလွန်မြင့်သည်ကို ဖန်တီးရခြင်းမှာလည်း လက်ဝင်လှသည်။ အပူချိန်ရသောအခါ၌လည်း ပလာစမာအခြေ (Plasma) ရှိ ဒြပ်သားများကို ထိန်းကွပ်ရသည့် အခက်အခဲမှာလည်း ကြီးမားလှ၍ ပလာစမာရူပဗေဒ၏တိုးတက်မှုမှာ နှေးကွေးလှသည်။

၁၉၇၉ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရှိ သတင်းစာအများစုတွင် အပူချိန်နိမ့် ဖျူးရှင်းကို အမေရိကန်နှင့်အင်္ဂလိပ်ဓာတုဗေဒပညာရှင် ဒေါက်တာ စတင်လီပွန့်စ်နှင့် ဒေါက်တာ မာတင် ဖလိုက်ရှမင်းတို့က ဖော်ထုတ်လိုက်ကြောင်းပါရှိရာ ဟိုးလေးတကျော့်ဖြစ်သွားသည်။ (ပုံ ၁—ရှု။) ပွန့်စ်နှင့် ဖလိုက်ရှမင်းတို့သည် သုတေသနဂျာနယ်က လက်ခံဖော်ပြသည့် လုပ်ရိုးလုပ်စဉ် အတိုင်းမစောင့်ဘဲ နှစ်ပတ်စောပြီး သတင်းစာဆရာများကိုခေါ်၍ ရှင်းလင်းပွဲပြုလုပ်ကာ အပူချိန်နိမ့် ဖျူးရှင်းအကြောင်း တင်ပြလိုက်ကြခြင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံထုတ် သုတေသနလုပ်ငန်းများကို ဦးဦးဖျားဖျား ပုံမှန်ဖော်ပြလေ့ရှိသော သုတေသနဂျာနယ် (Nature) က



ဓာတုဗေဒ ပညာရှင် ဒေါက်တာ စတင်လီ ပွန့်စ်နှင့် ဒေါက်တာ မာတင် ဖလိုက်ရှမင်း



ရူပဗေဒပညာရှင် ဒေါက်တာစတီဗင် ဂျုံးစ်

ပွန့်စ်တို့၏ သုတေသန လုပ်ငန်းမှာ မပြည့် စုံသေး၍ ထည့်သွင်းပေးရန်ငြင်းဆန်လိုက်သည်။ပွန့်စ်နှင့်ဖလိုက်ရှမင်းတို့၏ ယူတာတက္ကသိုလ်နှင့် သိပ်အလှမ်း မဝေးလှသော ဘရစ်ဂမ် ယန်း တက္ကသိုလ်မှ ဖျူးရှင်း ရူပဗေဒတွင် နာမည်ရပြီးသူ ရူပဗေဒပညာရှင် ဒေါက်တာ စတီဗင် ဂျုံးစ်ကလည်း အပူချိန်နိမ့်ပိုင်းတွင် ဖျူးရှင်း ဖြစ်စဉ်ကို တွေ့ရှိပြီးကြောင်း မတ်လ ၂၄ ရက်နေ့တွင် Nature သိုပေးပို့၍ မကြာမီတွင် ထည့်သွင်းပေးခဲ့သည်။ (ပုံ ၂—ရှု။)

ဂျုံးစ်၊ ပွန့်စ်နှင့် ဖလိုက်ရှမင်းတို့၏လုပ်ငန်းမှာ ဖန်ပြွန်အတွင်း၌ ဖျူးရှင်း (Test – Tube Fusion) ဟု သမုတ်ကြသော်လည်း သုတေသန စနစ်နှင့် ကိုင်တွယ်ပုံမှာမူ ကွာခြားလေသည်။ ပွန့်စ်နှင့် ဖလိုက်ရှမင်းတို့ ပြုလုပ်သော ဖျူးရှင်းသုတေသနသက်တမ်းမှာ တစ်နှစ်ခန့်သာ ရှိသော်လည်း ဂျုံးစ်အုပ်စုမှာမူ ၁၉၇၀ ပတ်ဝန်းကျင်မှ ပြုလုပ်ခဲ့သော သုတေသနဖြစ်သည်။ အဓိကကွာဟချက်မှာ ဓာတုဗေဒပညာရှင်များက ကလိုရီမက်ထရီ (Calorimetry) အပူတိုင်းခြင်းစနစ်ကို အားထားပုံရပြီး ရူပဗေဒပညာရှင်များမှာ နျူထရွန် တိုင်းတာခြင်းနှင့်ဆိုင်သော နျူကလီထွေနစ် (Nucleonics) ကို ပို၍အလေးထားပုံရသည်။ ဂျုံးစ်၏ အဓိကကိရိယာမှာ နှစ်နှစ်တာ အချိန်ယူ၍ တည်ဆောက်ရသော နျူထရွန်တိုင်းတာမှု ကိရိယာပင်ဖြစ်သည်။ ဂျုံးစ်၏ အဓိကတွေ့ရှိချက်မှာလည်း ဒယူတီရီယမ် ခေါ် ပရိုတွန်ပါရှိသော ဟိုက်ဒရိုဂျင် အိုင်ဆိုတုပ်တစ်မျိုးမှ ဝတ်ဆံများ ပေါင်းစည်းခြင်းဖြင့် ထုတ် ပေါ် လာသော နျူထရွန်၏စွမ်းအင်မှာ မျှော်လင့်ထားသည့်(2.45 MeV) တန်ဖိုး ဆောင်ခြင်းကို ဖော်ပြနိုင်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် နျူထရွန် ထုတ်လွှတ်နှုန်း (emission) နှေးကွေးလှ၍ ကောဇ်စမစ်ရောင်ခြည် (cosmic rays)နှင့် အခြားပတ်ဝန်းကျင် ရေဒီယိုသတ္တိကြွမှုတို့မှ ဖြစ်ပေါ် လာလေသလားဟု သံသယဖြစ်စရာ ရှိခဲ့သည်။ သို့ရာတွင် လော အယ်လာမိုစ် သုတေသနဗိမာန်မှ ဂျုံးစ်စနစ်ဖြင့် ဖြစ်ပေါ်သော ဖျူးရှင်းမှ နျူထရွန် ထုတ်လွှတ်မှုမှာ တစ်စက္ကန့်တွင် တစ်သိန်းခန့်ရှိကြောင်းကို များမကြာမီက သက်သေပြနိုင်သည်။ အပူချိန်နိမ့်ဖျူးရှင်း ဖြစ်ပေါ်သည်မှာ ခိုင်လုံသွားပြီးဖြစ်သော်လည်း ဖန်ပြွန်တွင်း ဖျူးရှင်းမှ ရရှိနိုင်သော စွမ်းအင်မှာ အသုံးပြုနိုင်ရန်အတွက် မမျှော်လင့်နိုင်သေးပေ။

အပူတိုင်းစနစ်ဖျူးရှင်း (Calorimetry based fusion)

ပွန့်စ်နှင့်ဖလိုက်ရှမင်းတို့သည် ပလက်ဒီယမ် (palladium)ဓာတ်မတိုင်ကို အသုံးပြုပြီး ဂျုံးစ်မှာ တိုင်တေနီယမ် (titanium) ဓာတ်မတိုင်ကိုအသုံးပြုသည်။

ပလက်တီနမ်နန်းကြိုးခွေကို ဓာတ်ဖိုတိုင်အဖြစ် အသုံးပြုပြီး ဖန်ပြွန်အတွင်း၌ ဒယူတီရီယမ်အောက်ဆိုက် (Heavy water D_2O)ကို ထည့်သွင်းထားသည်။ လျှပ်စီးဖြတ်သန်းသောအခါ ဒယူတီရီယမ်အောက်ဆိုက်မှာ ဒယူတီရီယမ်နှင့် အောက်ဆီဂျင်အဖြစ် ပြောင်းလဲပြီး ဓာတ်မတိုင်သို့ ဒယူတီရီယမ်အိုင်ယွန်များ ဦး တည် ချဉ်း ကပ် ပြီး ပလက်ဒီယမ် ပုံဆောင်ခဲဥမ်းအတွင်း၌ ပြည့်နှက်သည်အထိ နေထုယူကြသည်။ သိပ်သိပ်သည်းသည်းနေထုယူမှုကြောင့် နျူကလိုင်များ ပေါင်းစည်း (fuse)မိပြီး ဟီလီယံ – ၃ (Helium 3) နျူထရွန် (n) နှင့်အတူ စွမ်းအင်ထုတ်လွှတ်သည်။ နျူကလီးယားဖျူးရှင်း (အပူချိန်နိမ့်) အတွက် တုံ့ပြန်မှုမှာ –

$$d + d \longrightarrow {}^3He + n + 3.3\ MeV$$

သို့မဟုတ်

$$d + d \longrightarrow t + p + 4.2\ MeV$$

(t = ထရစ်တီယမ်နျူကလိုင်၊ p = ပရိုတွန်) ဖြစ်သည်။ ဓာတုဗေဒပညာရှင်နှစ်ဦးက 2.45 MeV နျူထရွန်များကို 2.2 MeV ဂမ္မာရောင်ခြည်တွေ့ရှိမှုက သက်သေခံသည်ဟု ဆိုသော်လည်း ရရှိသော ဂမ္မာရောင်ခြည် မျဉ်းကွေးမှာ ပံ့သဏ္ဌာန်များနေသည်ဟု ဝေဖန်ခံရသည်။

ပွန့်စ်နှင့်ဖလိုက်ရှမင်းတို့၏ အဓိကတွေ့ရှိချက်နှင့် နာမည်ကြီးသွားရသည့်အချက်မှာကား နာရီ ၁၂၀ ကျော် အပူစွမ်းအင်ထုတ်လုပ်မှုကို တွေ့ရှိချက်ပင်ဖြစ်သည်။ ပလက်ဒီယမ်သတ္တု၏ယူနစ်ထုထည်အတွက် ၁၀ ဝပ်(10 W/cm^3) ထုတ်ပြီး ပေးသွင်းသော စွမ်းအင်ထက် လေးဆမျှပို၍ ထုတ်ကြောင်းကို တွေ့ရှိသည်။ သို့ရာတွင် အခြားဓာတုဗေဒနှင့်ရူပဗေဒပညာရှင်များက ဤမျှလောက် စွမ်းအင်ထုတ်ကြောင်းကို သက်သေပြ၍မရဘဲ ရှိနေသေးသည်။ ပွန့်စ်နှင့် ဖလိုက်ရှမင်းတို့ကလည်း မိမိတို့၏ နည်းစနစ်ကို ဖွင့်ဟရေးသားထားခြင်း မပြုလုပ်သေးချေ။

ဂျုံးစ် – ရဖဲလ်စကီ၏ အပူချိန်နိမ့် (အအေး)ဖျူးရှင်း

၁၉၇၁ ခုနှစ်မှစ၍ ဒေါက်တာ စတီဗင် ဂျုံးစ်နှင့် ဒေါက်တာရိုဟန် ရဖဲလ်စကီတို့က အအေးဖျူးရှင်းသုတေသနပြုခဲ့ကြသည်။ ပုံမှန် ဟိုက်ဒရိုဂျင်အက်တမ်အတွင်း၌ ရှိသော အီလက်ထရွန်ကို အီလက်ထရွန်ထက်အဆ ၂၀၀ ခန့်ပို၍ ဒြပ်ထုကြီးသော အလေးစား အီလက်ထရွန်တစ်မျိုးဟု ယူဆနိုင်သော မျူယွန်(muon)နှင့် အစား ထိုးလိုက်လျှင် ဟိုက်ဒရိုဂျင် နျူကလိုင်များ အဆပေါင်း ၂၀၀ နီးကပ်သွားပြီး ဖျူးရှင်း(ပေါင်းစည်းမှု) ဖြစ်ပေါ်စေသည်။ သို့ရာတွင် စွမ်းအင်ထုတ်လွှတ်မှုမှာ ပြောပလောက်အောင်မရှိခဲ့ပေ။ စတီဗင် ဂျုံးစ်၏ ဖန်ပြွန်အတွင်း

နျူကလီးယားဖျူးရှင်းသုတေသန

ဖျူးရှင်း စမ်းသပ်ချက်မှာလည်း စွမ်းအင်လုံလောက်စွာ ထုတ်မလာ၍ လက်တွေ့အသုံးချနိုင်မည့် ဖျူးရှင်း တုံ့ပြန်မှု စနစ်တစ်ခုအနေနှင့် လက်ခံနိုင်ရန် ခဲယဉ်းပေသည်။ သို့ရာတွင် အအေးဖျူးရှင်း တုံ့ပြန်မှု ဖြစ်ပေါ်သည်ကား သေချာသည်ဟုဆိုနိုင်သော အထောက်အထားကို နျူကလီးယား အီလက်ထရွန်နစ် ကျမ်းကျင်သူ စတီဗင် ဂျုံးစ်နှင့်အဖွဲ့က သိပ္ပံပညာရှင်အများစု လက်ခံနိုင်လောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ နျူကလီးယားဖျူးရှင်း၏ အဓိကလက္ခဏာဖြစ်သော နျူထရွန်များ ထုတ်သည်ကို စွမ်းအင်လိုအပ်ချက်နှင့်တကွ စမ်း သပ် ဖော် ထုတ် နိုင် ခဲ့သည်။

လက်တွေ့ကျကျ စွမ်းအင်ထုတ်လုပ်မှု အတွက်ကား သံလိုက်စက်ကွင်းနှင့် ပလာစမာကိုထိန်းကွပ်ပြီး စမ်းသပ်လေ့လာသည့် အပူချိန်မြင့် ဖျူးရှင်းစနစ်ကိုသာ ငွေကုန်ကြေးကျခံ၍ ပြုလုပ်ရမည်ဖြစ်သည်။ ပလာစမာများကို ထိန်းကွပ်ရန် သံ လိုက် စက် ကွင်း နှင့် မော်တော်ကား တာယာပုံစံ စမ်းသပ်ဖျူးရှင်း ဓာတ်ပေါင်းဖို တစ်ခုမှာ ဂျွက် (Joint European Torus)ဖြစ်ပြီး ပလာစမာလျှပ်စီး 3 MA (3×10^6 A) ရရှိပြီးဖြစ်သည်။ ရူပဗေဒပညာရှင်များ ဦးစားပေးလေ့လာနေသော ပလာစမာထိန်းကွပ်မှုစနစ်များတွင် မှန်သဖွယ်ကွပ်ထိန်းမှုစနစ် (mirror confinement)နှင့် တာယာပုံစံ သံလိုက်စက်ကွင်း (toroidal magnetic field confinement)ကွပ်ထိန်းမှုစနစ်မှာ အထင်ရှားဆုံးဖြစ်ပေသည်။ လူသားများအတွက် သန့်ရှင်း၍ အန္တရာယ်ကင်းသော စွမ်း အင် ကို အလွယ်တကူရရှိရန်နည်းလမ်းမှာ ဖန်ပြန်တွင်းမှ ဖျူးရှင်းစနစ်ပင်ဖြစ်သော်လည်း သဘာဝက လက်ခံမည့်နည်းလမ်းဟုတ်မဟုတ်ကိုကား နှစ်ပေါင်းများစွာပင် သုတေသနပြုလုပ်ရပေလိမ့်မည်ဟု ပညာရှင်များ ထင်မှတ်ကြသည်။

ဒေါက်တာစိန်ထွန်း
ရူပဗေဒပါမောက္ခ

ပညိန္ဒြာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒြာ ဘိဝံသ

ကိုးနှစ်သားအရွယ် ၁၂၉၁ ခုနှစ် တပေါင်းလတွင် မြန်အောင်မြို့နယ် ကွင်းကြီးကျေးရွာ ဒေါ်သစ်၏ ပစ္စယာနုဂ္ဂဟဖြင့် ကွင်းကြီးကျောင်း ဆရာတော် ဦးမုနိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ရှင်ပညိန္ဒဟူသောဘွဲ့ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၃၀၁ ခုနှစ် တပေါင်းလဆုတ် ဂရက်နေ့တွင် ရန်ကုန်မြို့ ယောက်လမ်းအမှတ် ၆၈ နေ ကျောင်းအမကြီး ဒေါ်ဖွားအို၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မန္တလေးမြို့ ညောင်ကန်တိုက်ကျောင်း ဆရာတော်ဘဒ္ဒန္တ ဣန္ဒသာမိ ဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကွင်းကြီးကျောင်းဆရာတော် ဘုရားကြီးနှင့် စာချဆရာတော် ဦးစန္ဒာဝရတို့ထံ၌ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး စသည်ကို သင်ယူခဲ့ပြီး ရှင်သာမဏော ဖြစ်သောအခါ သဒ္ဒါ၊ သဒ္ဒိဟ်၊ ပုဒ်စစ် စသည်တို့ကို သင်ယူခဲ့သည်။ ၁၂ နှစ်အရွယ် ၁၂၉၄ ခုနှစ်တွင် ရန်ကုန်မြို့ ဗဟန်းရပ် မဟာအောင်မြေဘုံစံကျောင်းသို့ ရောက်၍ တိုက်အုပ်ဆရာတော် ဦးကောဏ္ဍညာဘိဝံသ၊ စာချဆရာတော် ဦးစက္ကိန္ဒ၊ ဦးဇဝန၊ ဦးအဂ္ဂဝံသတို့ထံ၌လည်းကောင်း၊ မူလပဋ္ဌာန်းဆရာတော် ဦးနာရဒ၊ မစိုးရိမ် ဆရာတော် ဘဒ္ဒန္တသူရိယ စသော ဆရာတော်တို့ထံ၌လည်းကောင်း ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ နေ့ဝါ၊ ညဝါများကို သင်ယူခဲ့သည်။

ပညိန္ဒြာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ မဟာအောင်မြေ ဘုံစံကျောင်းတိုက် (မြန်မာ ၁၂၀၂–)။ ။ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒြာဘိဝံသကို ရောဝတီတိုင်း မြန်အောင်မြို့နယ် ရှမ်းကွင်းကျေးရွာ ခမည်းတော် ဦးဘိုးဆင့်၊ မယ်တော် ဒေါ်စုတို့မှ ၁၂၀၂ ခုနှစ် နယုန်လဆန်း ၁၁ ရက် ကြာသပတေးနေ့ နံနက် ၄ နာရီတွင် ဖွားမြင်သည်။ တစ်ဦးတည်းသော သားရတနာဖြစ်၍ မောင်မြမောင်ဟု အမည်တွင်သည်။

ဆရာတော်သည် အစိုးရ ပါဠိပထမပြန်စာမေးပွဲ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ ကိုးကျမ်းတို့ကို လည်းကောင်း၊ ရန်ကုန်မြို့ စေတီယင်္ကာ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ အသင်းကြီး၏ သီးခြားစာသင်တန်းကို နံပါတ်တစ်ဖြင့်လည်းကောင်း၊ ၎င်းသီးခြားစာချတန်းကို စေတီယင်္ကာ ပရိယတ္တိ ဓမ္မာစရိယ (ဝဠံသကာ) ဂုဏ်ထူးဖြင့်လည်းကောင်း၊ တံတားမြို့ သုဓမ္မာဝိနည်း စာမေးပွဲ အကျော်တန်းကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် သက်တော် ၂၇ နှစ်မှစ၍ မဟာအောင်မြေ ဘုံစံကျောင်းတိုက်ကြီး၌ စာချပုဂ္ဂိုလ်၊ ထို့နောက် တိုက်အုပ်စာချအဖြစ် ဆောင်ရွက်တော်မူပြီး ၁၃၁၇ ခုနှစ် သက်တော် ၃၅ နှစ်သို့ ရောက်သောအခါ မဟာအောင်မြေဘုံစံကျောင်းတိုက်ကြီး၏ ပဓာနနာယက အဖြစ်သို့ တင်မြှောက်ခြင်းခံရသည်။

ထိုအချိန်မှစ၍ ပရိယတ္တိ စာပေကျမ်းဂန်များ ကို အစဉ်မပြတ်ပို့ချလျက် ကျောင်းတိုက်ကြီးနှင့် သာသနာတော်မြတ်ကြီး၏ အကျိုးကို အားထုတ်တော်မူခဲ့ရာ ပါဠိတကွသိုလ်ကျောင်းတိုက်ကြီး အဖြစ်သို့ ရောက်အောင် တည်ထောင် ဖွင့်လှစ်နိုင်ခဲ့သည်။ တပည့်များအား စာပေကျမ်းဂန်များကို ပို့ချရင်း မဟာအောင်မြေဘုံစံ ဋီကာကျော် အလင်းပြကျမ်းကို ပြုစုခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂီတိကာရက၊ ဆဋ္ဌသင်္ဂီတိပဋ္ဌိဝိသောဓက၊ ပါဠိတကွသိုလ် ကျောင်းအုပ်၊ ပါဠိတကွသိုလ် ဗဟိုကိုယ်စားလှယ်၊ နိုင်ငံတော်အစိုးရ တောင်တန်းသာသနာပြု ဗဟိုအမှုဆောင်၊ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးဆောင်အဖွဲ့ဝင်၊ ပထမအကြိမ် ရပ်ကွက်မြို့နယ် သံဃနာယက ရွေးချယ်ရေးအဖွဲ့ အကျိုးဆောင် (လေးမြို့နယ်)၊ သီးခြားဝိနည်းဓိုရ် အမှတ် (၄) အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တကွသိုလ် စီမံချက် ရေးဆွဲရေး အဖွဲ့ဝင်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တကွသိုလ် ဆရာလောင်း မွန်းမံသင်တန်း ကြီးကြပ်ရေး အဖွဲ့ဝင်၊ တောင်တန်းသာသနာပြု ဥပဒေစည်းကမ်း ရေးဆွဲရေး အဖွဲ့ဝင်၊ တောင်တန်းသာသနာပြုဆိုင်ရာ လက်စွဲ ရေးဆွဲရေး အဖွဲ့ဝင်၊ ဝါဆိုသံဃာစာရင်း ကောက်ယူရေးဆိုင်ရာ ပြဿနာ ဖြေရှင်းရေး အဖွဲ့ဝင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒိစရိယအဖွဲ့၏ အကျိုးဆောင်၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း နာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝိနည်းဓိုရ် အမှတ် (၁၁)၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒိစရိယ၊ စေတီယင်္ကာ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ အသင်းကြီး၏ နာယက၊ ရှင်သာမဏေ စာပြန်ပွဲ ကျင်းပရေးအဖွဲ့၏ ဩဝါဒိစရိယ၊ ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူး ကျင်းပရေးအဖွဲ့၏ ဩဝါဒိစရိယ၊ လှည်းကူးမြို့နယ် ကျိုက်ဒေးဝိ စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒိစရိယ အဖြစ်ဖြင့် သာသနာတော် တည်တံ့ပြန့်ပွားရေး လုပ်ငန်းတို့ကို ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲဖြစ်သည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာဃောရ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိင်္ဂီကာမစသည့်ဂုဏ်တို့နှင့် ကုလုပဿဉ်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ပညိန္ဒြာ ဘိဝံသသည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ပိုလန်နိုင်ငံ။ ။ ပိုလန် နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည် ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့တို့တွင် အစည်းအဝေး ကျင်းပပြီးနောက် ကြေညာစာတမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။ သွေးစည်းခိုင်မာရေး အလုပ်သမားသမဂ္ဂအား ဖွဲ့စည်း လှုပ်ရှားခွင့် ပိတ်ပင်ထားခြင်းကို ရုပ်သိမ်းပေးရန် ရည်ရွယ်ကြောင်းဖြင့် ယင်းစာတမ်း၌ ဖော်ပြထားသည်။ အလုပ်သမားသမဂ္ဂများ ဆိုင်ရာ ဥပဒေ (၁၉၈၅) ပုဒ်မ ၆၀ တွင် အလုပ်သမား သမဂ္ဂအသစ်များ ဖွဲ့စည်းခြင်းကို ကန့်သတ်ထားရာ ယင်း အချက်ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ်က ငွေကြေးဖောင်းပွမှု ၇၄ ရာခိုင်နှုန်း၊ ပြည်ပကြွေးမြီဒေါ်လာ သန်းပေါင်း ၃၇,၀၀၀ ရှိနေသည့် ပိုလန်နိုင်ငံအဖို့ စီးပွားရေး အကျပ်အတည်းကို ကျော်လွှားနိုင်ရန် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ လိုအပ်နေချိန်ဖြစ်သည်။ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့ထိ ကွန်မြူနစ် အာဏာပိုင်များသည် ပိတ်ပင်ထားသော သွေးစည်းခိုင်မာရေး အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။ စစ်ရေးအသုံးစရိတ်ကို ၂၀ ရာခိုင်နှုန်းလျှော့ချရန် သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂ၏ တောင်းဆိုချက်ကို အာဏာပိုင်တို့က ပယ်ချခဲ့သည်။ အရှေ့အနောက် တင်းမာမှု လျော့ပါးရေး လမ်းကြောင်းနှင့်အညီ စစ်ရေးအသုံးစရိတ်ကို လေးရာခိုင်နှုန်း လျှော့ချမည်ဟုသာ ကြေညာခဲ့သည်။ သွေးစည်းခိုင်မာရေးအလုပ်သမားသမဂ္ဂကို ပြန်လည်အသိအမှတ်ပြုရေး၊ အောက်လွှတ်တော်တွင် အတိုက်အခံတို့နေရာ ၃၅ ရာခိုင်နှုန်းထိ ရရှိနိုင်မည့် ရွေးကောက်ပွဲစနစ်တစ်ရပ်ကို ချမှတ်ရေးတို့အတွက် သဘောတူညီမှု ရရှိသည်။ ပါလီမန် အောက်လွှတ်တော် (ဆေယင်) နေရာ ၄၆၀ အတွက်



ပိုလန်နိုင်ငံဖြူပြင်ပြောင်းလဲရေးအတွက် ဦးဆောင်လှုပ်ရှားခဲ့ကြသော လက်ဗာလက်ဇာ (ဝဲ) နှင့် တာဒေအုဇ် မာဇိုဗီယက်စကီး (အလယ်)

လွတ်လပ်သော ရွေးကောက်ပွဲမျှား ကျင်းပရန်၊ ဒီမိုကရေစီအရ အပြည့်အဝ လွတ်လပ်စွာရွေးချယ်တင်မြှောက်သော အထက်လွတ်တော် ဖွဲ့စည်းရန်၊ လွတ်တော်နှစ်ရပ်ပေါင်း၍ နိုင်ငံတော် သမ္မတကို ရွေးချယ် တင်မြှောက်ရန်တို့ကို သဘောတူညီမှု ရရှိသည်။

ပိုလန်ပါလီမန်သည် အောက်ခြေသိမ်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို စတင်ဆောင်ရွက်ရန် ဧပြီလ ၇ ရက်နေ့တွင် ဥပဒေများပြဋ္ဌာန်းသည်။ ကွန်မြူနစ်တို့က ၁၉၈၁ ခုနှစ်တွင် စစ်ဥပဒေ မာရှယ်လောပြဋ္ဌာန်း၍ နှိပ်ကွပ်ခဲ့သည့် သွေးစည်းခိုင်မာရေးအလုပ်သမားသမဂ္ဂသည် ၁၉၈၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကွန်မြူနစ်ကမ္ဘာ၌ ပထမဦးဆုံးသော လွတ်လပ်သည့် အလုပ်သမားသမဂ္ဂ ဖြစ်လာသည်။

ပိုလန်နိုင်ငံ နိုင်ငံတော် ကောင်စီသည် ပါလီမန်ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ၁၉၈၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင်ကြေညာသည်။ အောက်လွှတ်တော် ရွေးကောက်ပွဲများကို "ထိပ်တိုက် ရင်မဆိုင်ရေးနည်း" ဟု ခေါ်သောပါတီကိုယ်စားလှယ်လောင်းအချင်းချင်းယှဉ်ပြိုင်မှု မရှိသည့်နည်းဖြင့် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ နေရာ ၁၀၀ ရှိသော အထက်လွှတ်တော်တွင်မူ ကွန်မြူနစ်တို့နှင့် အတိုက်အခံတို့ ဒီမိုကရေစီနည်းအရ လွှတ်လပ်စွာ ယှဉ်ပြိုင်နိုင်သည်ဟု ပြဋ္ဌာန်းသည်။ အောက်လွှတ်တော် နေရာ ၄၆၀ အတွက် ခဲ့ဝေရာတွင် ကွန်မြူနစ်တို့က ၁၅၇ နေရာ (၃၄ ဒသမ ၁ ရာခိုင်နှုန်း)၊ လယ်သမားပါတီက ၆၇ နေရာ (၁၄ ဒသမ ၆ ရာခိုင်နှုန်း)၊ ဒီမိုကရက်တို့က ၂၄ နေရာ (၅ ဒသမ ၂ ရာခိုင်နှုန်း)၊ ခရစ်ယာန်အုပ်စုက ၁၆ နေရာ (၃ ဒသမ ၅ ရာခိုင်နှုန်း)၊ ပါတီဝင်မဟုတ်သူနှင့် အတိုက်အခံကိုယ်စားလှယ်များက ၁၆၁ နေရာ (၃၅ ရာခိုင်နှုန်း) အသီးသီးရရှိသည်။ ကျန် ၃၅ နေရာ (၇ ဒသမ ၆ ရာခိုင်နှုန်း)သည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်ယာရူဇယ်စကီးနှင့် ထိပ်တန်းကွန်မြူနစ် ခေါင်းဆောင်များကဲ့သို့သော အစိုးရ ရွေးချယ်ခံ ပုဂ္ဂိုလ်များအတွက် ဖြစ်သည်။

သွေးစည်းခိုင်မာရေး အလုပ်သမားသမဂ္ဂသည် ပထမဦးဆုံးသော ရုပ်သံလှှင့်မှုကို ၁၉၈၉ ခုနှစ် မေလ ၁၁ ရက်နေ့ည ၁၀ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်သည်။ ဧပြီလ ၅ ရက်နေ့က ရရှိခဲ့သော သဘောတူညီချက်များအရ သွေးစည်းခိုင်မာရေး သမဂ္ဂအား လူထု ဆက်သွယ်ရေးနယ်ပယ်၌ အကန့်အသတ်နှင့် ခွင့်ပြုခြင်းဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်က ဘေလတစ်ကမ်းခြေအုံကြွမှု၌အသတ်ခံရသော အလုပ်သမားများကို ဂုဏ်ပြုစိုက်ထူထားသည့် ဂဒန်မြို့ရှိ ကျောက်တိုင်၌ သမဂ္ဂခေါင်းဆောင် ဗာလက်ဇာ လွှမ်းသူ

ပန်းခွေချနေပုံကိုလည်းကောင်း၊ ၁၉၇၀ ပြည့်နှစ် ပေါက်ဖွားခဲ့ရာ ဂဒန့်သဘော်ဘကျင်း၌ ၁၉၇၉ ခုနှစ် ဧပြီလ ၂၉ ရက်နေ့က ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် သမဂ္ဂ၏ အထက်လွှတ်တော် ကိုယ်စားလှယ်လောင်းများကို ဗာလက်ဇာ နှုတ်ဆက်နေပုံတို့ကို ယင်းအစီအစဉ်၌ ထည့်သွင်းထုတ်လွှင့်ခဲ့သည်။

ပါလီမန်သည် ကွန်မြူနစ်တို့ ၁၉၄၄ ခုနှစ်က စတင် အာဏာရခဲ့ပြီးနောက်ပိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် ရိုမန်ကက်သလစ် ခရစ်ယာန်ကျောင်းတော်အား တရားဝင် အဆင့် ပြဋ္ဌာန်းပေးသည့် ဥပဒေတစ်ရပ်ကို ၁၉၈၉ ခုနှစ် မေလ ၁၇ ရက်နေ့တွင် အတည်ပြုသည်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း သိမ်းယူခံရသည့် ကျောင်းတော်ပိုင်ပစ္စည်းများကို ယင်းဥပဒေအရ ပြန်လည်ရရှိသည်။ တနင်္ဂနွေနေ့တိုင်း အသံလွှင့် တရားဟောခွင့်၊ စာသင်ကျောင်းဖွင့်ခွင့်၊ ဘုရားရှိခိုးကျောင်း တည်ဆောက်ခွင့်စသည့် အခွင့်အရေးများလည်း ပြန်လည်ရရှိသည်။

ပုလန်နိုင်ငံ အထွေထွေ ရွေးကောက်ပွဲများကို ၁၉၈၉ ခုနှစ် ဇွန်လ ၄ ရက်နေ့က ကျင်းပခဲ့သည်။ တစ်ချိန်က ဗာလက်ဇာကို ထောင်သွင်း အကျဉ်းချထားခဲ့ဖူးသည့် ပြည်ထဲရေးဝန်ကြီး ချက်စလောကစ်ချက်က ဇွန်လ ၀ ရက်နေ့တွင် သွေးစည်းခိုင်မာရေး အလုပ်သမားသမဂ္ဂ၏ ရွေးကောက်ပွဲ အောင်နိုင်မှုအတွက် ဝမ်းမြောက်ကြောင်း ဖြင့် ဗာလက်ဇာအား နှုတ်ခွန်းဆက်ခဲ့သည်။ ပြုပြင် ပြောင်းလဲမှုများကို လုပ်ဆောင်ပေး ခဲ့သော ကွန်မြူနစ် ထိပ်ပိုင်း ခေါင်းဆောင် ၃၃ ဦးသည် ရွေး ကောက် ပွဲ၌ အရေးနိမ့်ခဲ့ရာ ဝန်ကြီးချုပ် မီချက်စလော ရာကောစကီး လည်း ပါဝင်သည်။ ထောက်ခံမဲ ငါး ဆယ် ရာ ခိုင် နှုန်း မပြည့်မီ၍ အရေးနိမ့်ခြင်း ဖြစ်သည်။ သွေးစည်းခိုင်မာရေး အလုပ်သမားသမဂ္ဂသည် အောက် လွှတ် တော် အ တွက် သတ်မှတ်သော ၁၆၁ နေရာစလုံးတွင် ရွေးချယ်တင်မြှောက်ခံရသည်။ အထက်လွှတ်တော်နေရာ ၁၀၀ တွင် ၉၉ နေရာကို ရရှိခဲ့သည်။

ပိုလန်အောက်လွှတ်တော်သည် ဩဂုတ်လ ၂ ရက်နေ့တွင် ဝန်ကြီးချုပ်သစ်အဖြစ် ကစ်ချက်ကို ထောက်ခံ ၂၃၇ မဲ၊ ကန့်ကွက် ၁၇၃ မဲ၊ ကြားနေ ၁၀ မဲဖြင့် ရွေးချယ် တင်မြှောက်သည်။ ရာကော စကီး၏ အစိုးရအဖွဲ့ဟောင်းကို စုံစမ်းစစ်ဆေးအရေးယူရန်ကိုလည်း ထောက်ခံ ၂၀၆ မဲ၊ ကန့်ကွက် ၁၆၉ မဲ၊ ကြားနေ ၃၁ မဲဖြင့် ဆုံးဖြတ်ခဲ့သည်။

ပိုလန်ပါလီမန်သည် ၁၉၈၀ ပြည့်လွန်နှစ်များ အတွင်းက ပိုလန်ရဲတပ်ဖွဲ့က နိုင်ငံရေးအရသတ်ဖြတ်မှု ၁၀၀ နီးပါးကို ပြုလုပ်ခဲ့သည်ဆိုသော သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂ၏ တိုင်ကြားလွှာကို စုံစမ်းစစ်ဆေးရန် ၁၉၈၉ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၈၁ ခုနှစ် နောက်ပိုင်းတွင် တရားခွင်၌ ရဲကိုစွပ်စွဲသော နိုင်ငံရေး လူသတ်မှုမျှားအနက် တစ်မှုသာအပြစ်ရှိကြောင်း စီရင်ခဲ့ပူးသည်။ ယင်း အမှုမှာ သွေးစည်းခိုင်မာရေး အလုပ်သမား သမဂ္ဂကို လိုလားသော ကက်သလစ်ဘုန်းတော်ကြီး ဂျာဆီ ပိုပီလူဂျကို ၁၉၈၄ ခုနှစ်က သတ်ဖြတ်သည့်အမှုဖြစ်သည်။

ဝန်ကြီးချုပ်သစ်ကစ်ချက်သည် အစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် ကြိုးပမ်းနေစဉ် ကွန်မြူနစ်တို့နှင့် ညှိနှိုင်းအစိုးရ မဖွဲ့နိုင်ကြောင်းဖြင့် ဗာလက်ဇာက ဩဂုတ်လ ၇ ရက်တွင် ကြေညာလိုက်သည်။ ထို့ကြောင့် သီတင်းနှစ်ပတ်ကြာသည့်တိုင် ကစ်ချက်သည် အစိုးရသစ် မဖွဲ့နိုင်ဘဲ ရှိသည်။ ထို့ကြောင့် ဩဂုတ်လ ၁၇ ရက်နေ့တွင် ကစ်ချက်သည် ရာထူးမှ နုတ်ထွက်လိုက်ရသည်။

သွေး စည်း ခိုင် မာ ရေး အ လုပ် သ မား သမဂ္ဂအဖွဲ့ဝင် စာနယ်ဇင်းသမား တာဒေအုဇ် မာဇိုဗီယက်စကီးကို ပိုလန် အောက် လွှတ် တော် က ဩဂုတ် လ ၂၄ ရက် နေ့ တွင် ထောက်ခံ ၃၇၀ မဲ၊ ကန့်ကွက်လေးမဲ၊ ကြားနေ ၄၁ မဲ ဖြင့် ရွေးချယ်တင်မြှောက်သည်။ ထို့ကြောင့် မာဇိုဗီယက်စကီးသည် အရှေ့အုပ်စုနိုင်ငံများတွင် ကွန်မြူနစ်မဟုတ်သူ များထဲမှ ဝန်ကြီးချုပ်အဖြစ် ပထမဆုံးတင်မြှောက်ခံရသူ ဖြစ်သည်။

ငွေကြေး ၇၄ ရာခိုင်နှုန်း၊ ပြည်ပကြွေးမြီ ဒေါ်လာ သန်းပေါင်း ၃၇,၀၀၀ ရှိ၍ စီးပွားရေးကျပ်တည်းနေစဉ် စစ်ရေးအသုံးစရိတ်က ဒေါ်လာသန်းပေါင်း ၁,၉၀၀ ခန့် ကုန်ကျခံနေသဖြင့် ပိုလန်ပြည်သူများ စားနပ်ရိက္ခာ ပြတ်လပ်သည်ထိ အခက်ကြုံနေရသည့် အခြေအနေကို ကျော်လွှားနိုင်ရန် မာဇိုဗီယက်စကီး၏ အစိုးရအဖွဲ့သည် ဆက်လက်ကြိုးပမ်းသွားရဦးမည် ဖြစ်သည်။

ပက်ဒါဆင့်,ချားလ်စ်ဂျန် (ခရစ် ၁၉၀၄ – ၁၉၇၉) ။ ။ ဓာတုဗေဒဆိုင်ရာ နိုဗယ်ဆုရှင် ချားလ်စ် ဂျန် ပက်ဒါဆင်ကို ၁၉၀၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ကိုရီးယားနိုင်ငံ ပူဆန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၂၀ ပြည့်လွန်နှစ်များအတွင်းတွင် အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းခဲ့ပြီး အိုဟိုင်းယိုးပြည်နယ် ဒေတန်တက္ကသိုလ်၌ ဓာတု အင်ဂျင်နီယာပညာကို လေ့လာဆည်းပူးခဲ့သည်။ ယင်း တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသောအခါ မက်ဆာချူးဆက်စက်မှုနည်းပညာတက္ကသိုလ်(အမ်အိုင်တီ) ၌ ဘွဲ့လွန်အောင်မြင်သည်ထိ သင်ယူခဲ့ပြန်သည်။ ဩဂဲနစ်ဓာတုဗေဒ အထူးပြုလျက် မဟာဘွဲ့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ပါရဂူဘွဲ့ကို မမျော်မှန်းတော့ဘဲ အီး၊ အိုင်ဒူးပွန့်ဒီနီမိုးကုမ္ပဏီ၌ ဓာတု

ဗေဒ သုတေသနပညာရှင်အဖြစ်စတင်အသက်မွေးခဲ့သည်။ ယင်းကုမ္ပဏီ၌ အငြိမ်းစားယူသည့် ၁၉၆၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ပက်ဒါဆင်သည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းတွင် သြဂဲနစ် ဒြပ်ပေါင်းအုပ်စုတစ်ခုကို အတုဖန်တီးခဲ့သည်။ ယင်းဒြပ်ပေါင်းများ ဖွဲ့တည်ပုံကို ကရောင်းအီသာ(crown ethers) ဟု ပက်ဒါဆင်က အမည်ပေးခဲ့သည်။ အောက်စီဂျင် အက်တမ်များ စီရရီခြားလျက်ရှိသော ကာဗွန် အက်တမ်များ သင့်တင့်လျောက်ပတ်စွာ စုဝေးဖွဲ့တည်နေသော သြဂဲနစ်ဒြပ်ပေါင်းဖြစ်သည်။ သက်ရှိဇီဝရုပ်ထဲ၌ပင် ယင်းကရောင်းအီသာတို့သည် တွေ့သမျှမော်လီကျူးတို့နှင့် ဓာတ်ပြု၍ သက်ဝင်လှုပ်ရှားနိုင်စွမ်း ရှိကြကုန်၏။ ယင်း တီထွင်မှုကြောင့် မော်လီကျူးများကို ဓာတ်ခွဲခန်း၌ ဖန်တီးနိုင်သည့် အဆင့်သို့ တက်လှမ်းနိုင်လာသည်။ ယခု အခါ ရေဒီယိုသတ္တိကြွစထရွန်တီယမ်ဖြစ်စေ၊ ခဲဆိပ်ဖြစ်စေ သင့်ရောက်၍ မကျန်းမာသောသူများအား ယင်းနည်း ပညာ၏အကူအညီဖြင့် ကုသပေးနိုင်ပြီဖြစ်သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၈–စာ၊ ၂၀၆—ရှု။)

ဆေးပညာနှင့် စက်မှုပညာနယ်ပယ်တို့တွင် ဓာတ်ပြု အကူပစ္စည်းများကို အသုံးချခြင်းဖြင့် တိုးတက်မှုအရပ်ရပ် ထွန်းကားလာစေရန် အကျိုးပြုနိုင်စွမ်းရှိသော ဓာတုဗေဒ ပညာရှင် ချားလ်စ် ဂျန် ပက်ဒါဆင်သည် ဒေါ်နယ် ဂျေ ခရမ်နှင့် ယွန်းမာရီလင်းတို့နှင့်အတူ ၁၉၈၇ ခုနှစ်က နိုဗဲ ဆု ချီးမြှင့်ခံခဲ့ရသည်။

နိုဗဲဆုရှင် ချားလ်စ်ဂျန် ပက်ဒါဆင်သည် အမေရိကန် ပြည်ထောင်စု နယူးဂျာစီပြည်နယ် ဆာလမ်မြို့၌ ၁၉၀၉ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့က သွေးကင်ဆာ နှင့် ပါကင်ဆန်ရောဂါတို့ဖြင့် ကွယ်လွန်သည်။

ပြည်သူလွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများ။

။ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်သည် ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲအတွက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (မူကြမ်း) ကို ပြုစုပြီး ၁-၃-၁၉ နေ့စွဲပါ ကြေညာချက်အမှတ် ၂၄၂ ဖြင့် ပြည်သူများနှင့် နိုင်ငံရေးပါတီ အဖွဲ့စည်းများထံမှ အကြံဉာဏ်များကို တောင်းခံခဲ့သည်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ (မူကြမ်း) ကို ရှင်းလင်းချက်များနှင့် အတူ ထုတ်ပြန်ကြေညာပြီး အကြံပြုချက်များ၊ ထင်မြင်ချက် များကို ၃၁-၃-၁၉ နေ့နောက်ဆုံးထားပြီး ပေးပို့ကြရန် မေတ္တာရပ်ခံခဲ့သည်။

ပြည်သူများနှင့် နိုင်ငံရေးပါတီများက ပေးပို့သော အကြံဉာဏ်များကို ရယူပြီးနောက် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ" ကို ဥပဒေအမှတ် ၁၄/၁၉ အဖြစ် ၁၉၁၉ ခုနှစ် မေလ ၃၁ ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၁ တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းချက်အရ "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ"ကို ကော်မရှင်က ၁၉၁၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၌ အခန်းပေါင်း ၁၅ ခန်း၊ ပုဒ်မပေါင်း ၈၂ ခု ပါဝင်သည်။

အခန်း (၁) သည် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက် ဖြစ်သည်။ အခန်း (၂) သည် လွှတ်တော်ဖွဲ့စည်းခြင်း ဖြစ်သည်။ လွှတ်တော်ကို ယင်းဥပဒေနှင့်အညီ ရွေး ကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ အခန်း (၃) သည် မဲဆန္ဒနယ်များ သတ်မှတ်ခြင်း ဖြစ်သည်။ လွှတ်တော် ကိုယ်စားလှယ်များ မဲဆန္ဒနယ်ကို နောက် ဆက်တွဲဇယားဖြင့် ဖော်ပြထားရာ နောက်ဆက်တွဲဇယား အရ မဲဆန္ဒနယ်ပေါင်း ၄၁၉ နယ်ဖြစ်သည်။ ပုဒ်မ ၄ အရ အစိုးရအဖွဲ့က မြို့နယ်တစ်မြို့နယ်အဖြစ် အသစ် ဖွဲ့စည်းလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် ကို နောက်ဆက်တွဲဇယားပါ အရေအတွက်ထက် ကျော် လွန်စေရာမူ ကော်မရှင်က သင့်လျော်သလို သတ်မှတ် ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၄) သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ဆန္ဒ မဲပေးခွင့် မရှိသူများကို ဖော်ပြထားသည်။ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် တစ်ဆယ့်ရှစ်နှစ်ပြည့် ပြီး ယင်းဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများသည် ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသည်။ သာသနာ့ ဝန်ထမ်းများ၊ စိတ်ပေါ့သွပ်နေသူများ၊ ပြစ်မှုတစ်ခုခုကြောင့် ထောင်ဒဏ် ကျခံနေရသူများနှင့် နိုင်ငံခြားသားများသည် ဆန္ဒမဲ ပေးပိုင်ခွင့် မရှိပေ။

အခန်း (၅) တွင် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် ရှိသူများ၊ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိသူများနှင့်

လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်နိုင်ခွင့်မရှိသည့်အချက်များကို ပြဋ္ဌာန်းထားသည်။ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသည့် နိုင်ငံသားများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်လိုသူသည် အမည်စာရင်း တင်သွင်းလွှာ တင်သွင်းချိန်တွင် အသက်နှစ်ဆယ့်တစ်နှစ် ပြည့်ရမည်။ မိဘနှစ်ပါး၏ နိုင်ငံသားအခြေအနေကို ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) တွင် အသေးစိတ် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၉ တွင် တစ်သီးပုဂ္ဂလအဖြစ်လည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုထားသည်။ ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် မရှိသူများကို ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသည်။ ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင်များ၊ သောင်းကျန်းသူ အဖွဲ့အစည်းဝင်များ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည့် ပုဂ္ဂိုလ်များ အစရှိသည်ဖြင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) မှ (ဌ) အထိ ဖော်ပြထားသည်။ ဤနိုင်ငံသားများနှင့် နိုင်ငံသားပြုခွင့်ရသူများသည် ဆန္ဒမဲ ပေးနိုင်ကြသော်လည်း ရွေးကောက်ပွဲတွင်မူ ဝင်ရောက် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် မရှိချေ။ နိုင်ငံခြားအစိုးရနှင့် မည်ကဲ့သို့သော အခြေအနေ အထိ အဆက် အသွယ် ရှိသူများ သည် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိဟူသည်ကို ပုဒ်မ ၁၀၊ ပုဒ်ခွဲ (ဇ) တွင် အသေးစိတ်ဖော်ပြထားသည်။ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက် တင်မြှောက် ခံရပြီးသော်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်နိုင်ခွင့် မရှိစေရမည့် အကြောင်းများကို ပုဒ်မ ၁၁၊ ပုဒ်ခွဲ (က) မှ (စျ) အထိ ဖော်ပြထားသည်။

အခန်း (၆) တွင် မဲစာရင်း ပြုစုခြင်းများကို တွေ့ရသည်။ မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းကို ကော်မရှင်က ပြုစုရမည်။ ယင်းတာဝန်ကို ကော်မရှင်သည် ကော်မရှင် အဖွဲ့ခွဲများကို တာဝန်ပေး ဆောင်ရွက်စေနိုင်သည်။ ယင်းအခန်းတွင် မဲစာရင်းထည့်သွင်း ဖော်ပြရမည့်သူများ၊ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော်လည်း မဲစာရင်းတွင် ထည့်သွင်းပေးရမည့်သူများကို ဖော်ပြထားသည်။ မဲစာရင်းကြေညာခြင်း၊ ကြည့်ရှုခြင်း၊ ကန့်ကွက်ခြင်းများလည်း ပါဝင်သည်။ မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင် နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းပေးရန်လည်း ပြဋ္ဌာန်းထားသည်။

အခန်း (၇) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်းတို့ကို ပြဋ္ဌာန်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ဝင်ရောက် ယှဉ်ပြိုင်လိုသူတစ်ဦးသည် သက်ဆိုင်ရာ မြို့နယ်စု ကော်မရှင်အဖွဲ့ခွဲသို့ အမည်စာရင်း တင်သွင်းရမည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် တစ်ပြိုင်တည်း မဲဆန္ဒနယ် တစ်နယ်ထက်ပို၍ အမည်စာရင်း တင်သွင်းခွင့် မရှိချေ။ ကိုယ်စားလှယ်လောင်း၏ အမည်စာရင်း တင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိမရှိ၊ လက်ခံရန် သင့်မသင့်ကို မြို့နယ်စု ကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး အမည်စာရင်း တင်သွင်းသူအား ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် သို့မဟုတ် ရွေးကောက် တင်မြှောက် ခံပိုင်ခွင့် မရှိသူအဖြစ် ကြေညာသည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ ယင်းအမိန့်ကို မကျေနပ်လျှင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့် အတိုင်း အယူခံခွင့်ရှိသည်။ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင် အဖွဲ့ခွဲ၏ ယင်းဆုံးဖြတ်ချက်သည် ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ကော်မရှင်က မိမိ၏သဘောအလျောက် သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းခေါ်ကြည့်ရှု၍ ဆုံးဖြတ်သည့် ကိစ္စရပ်များမှတစ်ပါး အပြီးအပြတ်ဖြစ်သည်။

လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးကိုဖြစ်စေ မိမိ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ခန့်ထားခံရမည့်သူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

အခန်း (၈) တွင် ဆန္ဒမဲပေးခြင်းကို ပြဋ္ဌာန်းထားသည်။ ကော်မရှင်သည် ရွေးကောက်ပွဲကို ဖြစ်နိုင်သရွေ့ တစ်ပြိုင်နက် တစ်နေ့တည်း ကျင်းပရမည်။ လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးကောက် တင်မြှောက်ရမည်။ မဲရုံများကို ကြီးကြပ်ရန်အတွက် ဝန်ထမ်းများထဲမှ သင့်လျော်သူများကို မဲရုံမှူးများအဖြစ် ခန့်ရမည်။ မဲရုံအဖွဲ့များကိုမူ ဖြစ်နိုင်သရွေ့ ဝန်ထမ်းများနှင့် ဒေသခံ အများ ပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသော နိုင်ငံသား၊ ဤနိုင်ငံသား၊ နိုင်ငံသားပြုခွင့် ရသူများဖြင့် ဖွဲ့စည်း တာဝန်ပေးရမည် ဖြစ်သည်။ ပုဒ်မ ၃၄ (က) အရ မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်

လောင်းတစ်ဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ကျင်းပခြင်း မပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်း ကော်မရှင်က ကြေညာရမည်ဖြစ်သည်။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရမည်။ အခန်း (ဂ) တွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲပေးခြင်း၊ နိုင်ငံပြင်ပ ရောက်ရှိနေသော မဲဆန္ဒရှင်များ မဲဆန္ဒပေးခြင်းကိစ္စများကိုလည်း ပြဋ္ဌာန်းထားသည်။

အခန်း (၉) တွင် ဆန္ဒမဲရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်းကို ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင် ပြီးပြတ်ခြင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သော မဲရုံအဖွဲဝင်ကဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲဝင်များ၊ အများပြည်သူများ၊ မဲရုံကိုယ်စားလှယ်များ ရှေမှောက်၌ ရေတွက်ရမည် ဖြစ်သည်။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ရှိခဲ့လျှင် ကိုယ်စားလှယ်လောင်းအသီးသီးရရှိသောဆန္ဒမဲအရေအတွက်ကို ကြေညာရမည်။ ဆန္ဒမဲအများဆုံးရရှိသူကို ရွေးကောက် တင်မြှောက်ခံရသူအဖြစ် ကော်မရှင်က သတ်မှတ် ကြေညာနိုင်ရန်လည်းကောင်း၊ ဆန္ဒမဲ အရေအတွက် တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေးအတွက် လည်းကောင်း မြို့နယ်စု ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည် ဖြစ်သည်။ ကော်မရှင်သည် မြို့နယ်စုကော်မရှင်အဖွဲ့ခွဲက ပေးပို့သည့် စာရင်းများအရ ရွေးကောက် တင်မြှောက်ခံရသူကို ကြေညာရမည်။ အများဆုံးရရှိသော ဆန္ဒမဲအရေအတွက် တူညီနေသဖြင့် ရွေးကောက်ပွဲထပ်မံကျင်းပပေးရန်ဖြစ်လျှင် ထိုဆန္ဒမဲ တူညီနေသူများသာလျှင် ယှဉ်ပြိုင် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် ရှိလေသည်။

အခန်း (၁၀) တွင် ကော်မရှင်၏ လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ ယင်းအခန်းတွင် ရွေးကောက်ပွဲဥပဒေအန္တရာယ်တစ်ခုခုကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သော မဲဆန္ဒနယ်များ၊ လုံခြုံမှု အခြေအနေမရှိသော မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲကို ရွှေဆိုင်းနိုင်ခွင့်၊ မဲဆန္ဒနယ်တစ်နယ်တွင် အချို့ဒေသ၌ ရွေးကောက်ပွဲ ကျင်းပနိုင်ပြီး အချို့ဒေသ၌ ရွေးကောက်ပွဲ မကျင်းပနိုင်လျှင် ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေ မရှိသော ဒေသများ၌ ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရန်သော်လည်းကောင်း၊ မဲရုံများကို လုံခြုံမှုရှိသော ဒေသသို့ ပြောင်းရွှေ့ ကျင်းပရန်သော်လည်းကောင်း ဆုံးဖြတ်နိုင်ခွင့်များ ခွင့်ပြုထားသည်။ မဲဆန္ဒနယ်တစ်နယ်၌ အချို့ဒေသတွင် ရွေးကောက်ပွဲကျင်းပနိုင်ပြီး အချို့ဒေသတွင် ရွေးကောက်ပွဲ ကျင်းပနိုင်သည့် အခြေအနေ မရှိသဖြင့် ရွှေဆိုင်းရသည့် အခြေအနေ၌ မဲစာရင်းအရ မဲဆန္ဒရှင် အားလုံး၏ငါးဆယ့်တစ်ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် ထပ်မြောက်သော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်ကြောင်းလည်း ခွင့်ပြုထားသည်။ ပုဒ်မ ၄၅ တွင် ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်သည် မိမိသဘောအလျောက် သက်ဆိုင်ရာ အမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းခေါ်ကြည့်ရှု၍ လိုအပ်သလိုအဆုံးအဖြတ်ချမှတ်နိုင်ကြောင်းနှင့် ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည် ဖြစ်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။

အခန်း (၁၁) တွင် ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် ကုန်ကျစရိတ်များကို ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် သက်ဆိုင်ရာ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ထိန်းသိမ်းထားရှိရမည်။ ယင်းကုန်ကျစရိတ်များစာရင်းကို သက်ဆိုင်ရာ မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်အများဆုံးနှုန်းထား၊ လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက် အခကြေးငွေဖြင့် ဆောင်ရွက်သူဦးရေတို့သည် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အတိုင်းဖြစ်သည်။

အခန်း(၁၂)တွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲများတွင် ပုဂ္ဂိုလ်တစ်ဦး၏ ဆန္ဒမဲ ပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို မကျင့်သုံးစေရန် ပြုမူသည့် အပြုအမူများ၊ လာဘ်ပေး လာဘ်ယူမှုများ၊ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန် လာဘ်ပေးခြင်း၊ လာဘ်ယူခြင်းများ၊ ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထားသော စာရွက်စာတမ်းများကို ဖတ်မရအောင်ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ထည့်ခွင့်ရှိသောဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ထည့်ခြင်း၊ မဲဆန္ဒနယ် တစ်နယ်ထက်ပို၍ သော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်း၊ မဲဆန္ဒနယ်တစ်နယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊ သူတစ်ပါးဟန်ဆောင်၍ ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း၊ ဆန္ဒမဲပေးခြင်း၊ အတုပြုလုပ်ထားသော ဆန္ဒမဲ လက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်ခြင်း၊ ဆန္ဒမဲပေးသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက်တစ်ရာ

အကွာအတွင်း၌ ဖြစ်စေ မဲဆွယ်ခြင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးအား မဲပေးရန်၊ မဲမပေးရန်၊ ရွေးကောက်ပွဲ၌ မဲပေးရန်၊ မဲမပေးရန် တိုက်တွန်း သွေးဆောင်ခြင်းတို့ မပြုလုပ်ရန် တားမြစ်ထားသည်။ ယင်း တားမြစ်ချက်များအတွက် ပြစ်ဒဏ်များလည်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၅၄ တွင် ကော်မရှင်အဖွဲ့ခဲ့အဆင့်ဆင့်အပါအဝင် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်သော ပုဂ္ဂိုလ်များ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ဤပုဒ်မအရ တရားစွဲဆိုလိုလျှင် ကော်မရှင် သို့မဟုတ် ကော်မရှင် မရှိတော့လျှင် အစိုးရက အခွင့်အာဏာ လွှဲအပ်ထားသည့် ပုဂ္ဂိုလ်၏ ခွင့်ပြုမိန့်ရှိမှသာ တရားစွဲရမည်။

ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ တစ်ဦးဦးက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ်အတွက် တာဝန်ယူဆောင်ရွက်ရသော ကော်မရှင်အဖွဲ့ခဲ့ သို့မဟုတ် မဲရုံအဖွဲ့တစ်ခုခုတွင် ပါဝင်သော အဖွဲဝင်တစ်ဦးဦးကဖြစ်စေ ရွေးကောက်ပွဲ မကျင်းပမီ သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်သော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသောနေ့မှ ၁၅ ရက် အတွင်းသော်လည်းကောင်း သက်ဆိုင်ရာ မြို့နယ်တရားရုံးသို့ လျှောက်ထားစွဲဆိုနိုင်သည်။

အခန်း (၁၃) တွင် တရားမဲ့ပြုကျင့်မှုများကို ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၆၂၊ ပုဒ်မခွဲ (က) မှ (ဌ) အထိ တရားမဲ့ပြုကျင့်မှုများကို အသေးစိတ် ပြဋ္ဌာန်းထားသည်။ ယင်းတို့တွင် လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ သူတစ်ပါး ဟန်ဆောင်ခြင်း၊ မဟုတ်မမှန် ပြောဆို ကြေညာ၊ ဝန်ခံလက်မှတ် ရေးထိုးခြင်း၊ မဲဆန္ဒနယ် တစ်နယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊ တစ်ချိန်တည်းကျင်းပသော ရွေးကောက်ပွဲတွင် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၌ ဆန္ဒမဲပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်မညီဘဲ ငွေကိုမတရားအကုန်ခံခြင်း သို့မဟုတ် မတရားအကုန်ခံရန် သဘောတူညီခြင်း၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်ငွေများကို ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် နုတ်ထွက်ရန်အတွက် လာဘ်ပေးလာဘ်ယူခြင်း အစရှိသည့်တို့အပြင် ကုန်ကျစရိတ် စာရင်းများ တင်သွင်းရန် ပျက်ကွက်ခြင်း၊ စာရွက်စာတမ်းများ ရိုက်နှိပ်ဖြန့်ချိခြင်း၊ ဝန်ထမ်းတစ်ဦးဦးထံမှ အကူအညီရယူခြင်း၊ ဘာသာရေး အထိမ်းအမှတ်ကို အသုံးပြုခြင်း၊ လူမျိုးကို ဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာကိုဖြစ်စေ အကြောင်းပြု၍ မဲပေးရန်၊ မဲမပေးရန် စည်းရုံးသွေးဆောင်ခြင်းများ အပါအဝင် အသေးစိတ် ပြဋ္ဌာန်းထားသည်။

အခန်း (၁၄) တွင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးခြင်းကိစ္စရပ်များ ပြဋ္ဌာန်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ရွေးကောက်ပွဲ ကန့်ကွက်လွှာကို မည်သည့် လွှတ်တော် ကိုယ်စားလှယ် လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၄၅ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ နှစ်သက်ရာအကြောင်းပြ၍ တင်သွင်း လျှောက်ထားနိုင်သည်။ လျှောက်ထားသူသည် မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်နိုင်သည်။ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက် ခံရသူဖြစ်သည်ဟု ကြေညာစေရန်လည်း တောင်းဆိုနိုင်သည်။ အစိုးရအဖွဲ့သည် ယင်း ကန့်ကွက်လွှာများကို စစ်ဆေးရန် အဖွဲဝင်သုံးဦးပါဝင်သော ခုံအဖွဲ့များကို ဥပဒေပညာရှင်များ၊ သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည် ဖြစ်သည်။ ကန့်ကွက်လွှာများကို စိစစ်ကြားနာနေစဉ် ခုံအဖွဲ့သည် ရွေနေချုပ်ကို ဖိတ်ကြား၍ ဥပဒေ အကြံဉာဏ်များ တောင်းခံနိုင်သည်။ ရွေနေချုပ်သည် ကိုယ်တိုင် မလာရောက်နိုင်ပါက ဥပဒေဝန်ထမ်းအဆင့် (၁) ထက် မနိမ့်သည့် ပုဂ္ဂိုလ်အား စေလွှတ်ဆောင်ရွက်စေနိုင်သည်။ ခုံအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်များအရ လွှတ်တော် ကိုယ်စားလှယ်

စစ်ဆေးနိုင်သည်။ အမှုသည် ကိုယ်တိုင်ဖြစ်စေ၊ အမှုသည် ကိုယ်စား ဆောင်ရွက်ရန် ခန့်ထားသောရွေနေ သို့မဟုတ် ကိုယ်စားလှယ်ဖြစ်စေ ရွေးကောက်ပွဲခုံအဖွဲ့သို့ လာရောက် ဆောင်ရွက်နိုင်သည်။

အခန်း(၁၅)တွင် အထွေထွေကိစ္စရပ်များကို ပြဋ္ဌာန်းထားသည်။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ လိုအပ်သော အကူအညီများကို အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်သည်။ တရားဝင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့် အညီ မိမိတာဝန်ကို သဘောရိုးဖြင့် ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ယင်းတို့၏ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့၊ ခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက် များအတွက် တရားမကြောင်းအရ ဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မခံထိုက်စေရပေ။ ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။ ဤဥပဒေဖြင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ (၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ်—၈) နှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ (၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော် နည်းဥပဒေ အမှတ် – ၆) တို့ကို ရုပ်သိမ်းထားသည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများ

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ၁၉၈၉ ခုနှစ် ဇွန်လ ၃၁ ရက်နေ့တွင် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် နည်းဥပဒေများအမှတ် ၁/၈၉ အဖြစ် ပြဋ္ဌာန်းခဲ့သည်။

ယင်းနည်းဥပဒေတွင် အခန်း (၁၅) ခန်း ပါဝင်ပြီး နည်းဥပဒေ ၁၀၆ ခု ပါဝင်သည်။

ပူလဂေးရီးယားနိုင်ငံ။ ။ ပူလဂေးရီးယားနိုင်ငံတွင် ၁၉၄၆ ခုနှစ်က ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ပဒေသရာဇ်စနစ်ကို ချုပ်ငြိမ်းစေခဲ့၍ ဒုတိယမြောက် ဆိုမီယွန်မင်းသည် နှန်းစွန့်ခဲ့ရသည်။ သမ္မတနိုင်ငံ ဖြစ်လာပြီးနောက် အဂ္ဂရာရီယန် ပါတီသည် နှိပ်ကွပ်ခံရသည်။ ကွန်မြူနစ် ခေါင်းဆောင် ဂျော်ဂျီဒီမီထရော့၏ အမိန့်အရ အဂ္ဂရာရီယန်ခေါင်းဆောင် နီကိုလာ ပက်ကော့ကို သေဒဏ်စီရင်သည်။ ဆိုရှယ် ဒီမိုကရက်ပါတီဝင်အချို့က ကွန်မြူနစ်ပါတီနှင့်ပေါင်း၍ အချို့သည် စွဲချက်အမျိုးမျိုးနှင့် ပြစ်ဒဏ်စီရင်ခံရသည်။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် ဇူလိုင်လမှစ၍ ပူလဂေးရီးယားနိုင်ငံတွင် အတိုက်အခံပါတီများ ဖွဲ့စည်းလှုပ်ရှားခွင့် ရပ်စဲခဲ့သည်။ ၁၉၇၁ ခုနှစ် မေလတွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့သောအခါ ကွန်မြူနစ်ပါတီ ပထမအတွင်းရေးမှူး တိုဒေါ် ဇီးကော့က တစ်ပါတီစနစ်ဖြင့် အုပ်စိုးလာခဲ့တော့သည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် လူအခွင့်အရေးဆိုင်ရာ လှုပ်ရှား တက်ကြွသူ ၅၀ ခန့်က နှစ်ပေါင်း ၄၀ အတွင်း ရဲတပ်ဖွဲ့၏ စွက်ဖက်မှုမပါသော အစည်းအဝေးတစ်ရပ်ကို ပထမဆုံးကျင်းပခဲ့သည်။ နောက်တစ်နေ့တွင် ဆိုဖီယာမြို့တော်ရှိ ရုပ်ရှင်ရုံတစ်ရုံ၌ ပူလဂေးရီးယားပြည်သူ ၁၀၀၀ ကျော်က အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြန်သည်။ ထိုအချိန်မှစ၍ ဆန္ဒပြပွဲများ ပိုမိုကြီးထွားလာသည်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တိုဒေါ် ဇီးကော့သည် ပါတီခေါင်းဆောင်အဖြစ်မှ လည်းကောင်း၊ နိုင်ငံတော် အကြီးအကဲ အဖြစ်မှလည်းကောင်း နုတ်ထွက်သည်။ အရှေ့ဂျာမနီ ခေါင်းဆောင် အဲရစ် ဟွန်နက်ကာလည်း ထိုသို့ လူထု၏ ဆန္ဒကျင့်မှုကို ခံရပြီးနောက် အောက်တိုဘာလ ၁၈ ရက်နေ့က နုတ်ထွက်သွားပြီး ဖြစ်သည်။

အလယ်အလတ်ဝါဒီ ပီတာမလာဒီနော့က တိုဒေါ် ဇီးကော့၏ နေရာကို ဆက်ခံသည်။ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ကို အသစ်ပြင်ဆင်ဖွဲ့စည်းရာ ဇီးကော့၏လက်ထက်က ပါတီမှထုတ်ပယ်ခံထားရသော အလက်ဇန္ဒား လီလော့ ပါဝင်လာသည်။ ထိုအချိန်တွင် ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွား၍ ပြိုပြင်ပြောင်းလဲမှုများ ပိုမိုပြုလုပ်ရန် ထပ်မံ တောင်းဆိုကြသည်။ ကွန်မြူနစ်ပါတီက အာဏာကို လက်ဝါးကြီးအုပ်ထားခြင်း အဆုံးသတ်မည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ကို ၁၉၈၉ ခုနှစ် ကုန်ဆုံးချိန်တွင် ပြဋ္ဌာန်းပေးမည်ဟု မလာဒီနော့က ကြေညာသည်။ ထို့နောက် ပါတီစုံရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလတွင် ကျင်းပပေးမည်ဟု ကြေညာသည်။ အာဏာရ ကွန်မြူနစ်ပါတီနှင့် အတိုက်အခံ အုပ်စုတို့သည် နိုင်ငံ၏ ရွေရေးအတွက် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းကြသည်။



ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးကို ကျင်းပနေပုံ

ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၇၉)။ ။ ၁၉၇၉ ခုနှစ် အတွင်း သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရန် အကျဉ်းချုပ်ဖော်ပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း၌ ရဟန်းတော်ပေါင်း ၁,၃၅,၃၂၅ ပါး၊ သာမဏေပေါင်း ၁,၆၄,၀၇၇ ပါးနှင့် သာသနာ့ဓယ်ဝင် သီလရှင်ပေါင်း ၂၂,၀၉၆ ပါး သီတင်းသုံးနေထိုင်လျက် ရှိသည်။

ဓမ္မ အဓမ္မ စိစစ် ဆုံးဖြတ်ခြင်း

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၀) က မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုနယ်မြေ ရတနာသီရိ ရပ်ကွက် ရွှေဝါမြိုင်ကျောင်း ဆရာတော် ဦးကေသရ၏ မိမိသီတင်းသုံးရာကျောင်း၌ မိမိရပ်ကွက်အတွင်းရှိ တစ်စိတ် တစ်ဒေသသံဃာများကို နယ်သိမ်းယူပြီး သိမ်သမုတ်ခဲ့ခြင်း ကိစ္စနှင့်ပတ်သက်၍ ရွှေဝါမြိုင်ကျောင်းအတွင်းရှိ နယ်သိမ်း သိမ်သည် သီမာသမ္မတ္တိ အင်္ဂါများနှင့် မပြည့်စုံသဖြင့် ဝိပတ္တိသိမ်ပျက် ဖြစ်သည်။ ရွှေဝါမြိုင်ကျောင်းအတွင်းရှိ သိမ်၌ ရဟန်းသိက္ခာတင်ခဲ့ပြီးသော အမျိုးကောင်းသား များသည် တခြားစိတ်ချရသောသိမ်၌ ရဟန်းသိက္ခာထပ်၍ တင်သင့်ကြသည်။ ထိုသိမ်ကိုလည်း အများ သံသယ ကင်းအောင် ထပ်မံ သမုတ်သင့်သည်ဟု ၁၉၇၉ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ် ချက်အရ စုဒိတက ဆရာတော် ဦးကေသရသည် ထိုနေ့တွင်ပင် မိမိ၏နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒ များကို စွန့်လွှတ်ပါကြောင်း နိုင်ငံတော် သံဃမဟာ နာယက ဆရာတော်ကြီးများ ရှေ့မှောက်၌ ဝန်ခံကတိ လက်မှတ်ရေးထိုးခဲ့သည်။

ညွှန်ကြားလွှာများ ထုတ်ပြန်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် စေတီအသစ် ဘည်ခြင်း၊ စေတီဟောင်း ပြုပြင်ခြင်း၊ ကျောင်းသစ်များ ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ညွှန်ကြားလွှာ အမှတ် (၇၇)ကို ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန် ခဲ့သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုနယ်မြေ ရတနာ သီရိရပ်ကွက် ရွှေဝါမြိုင်ကျောင်းဆရာတော် ဦးကေသရ၏ နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒနှင့် ပတ်သက်၍ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၀)၏ ဆုံးဖြတ်ချက်နှင့်အညီ ယင်းသိမ်သမုတ်မှုဆိုင်ရာ အယူဝါဒ ကို ကျင့်သုံးခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်းစသည် တို့ကို မပြုလုပ်ကြရန်နှင့် အဆိုပါ နယ်သိမ်း သိမ်သမုတ်မှု နှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်း၊ တိတ်ခွေ၊ အထိမ်း အမှတ်၊ အသင်းအဖွဲ့များနှင့် ယင်းဝါဒအရ သမုတ်ထား သည့်သိမ်များကို ဖျက်ဆီးရန်၊ သက်ဆိုင်ရာ မြို့နယ်သံဃ

နာယကအဖွဲ့ ရွှေမှော်က်၌ မိမိမြို့နယ်အတွင်းရှိ ရွှေဝါမြို့ငြိ ကျောင်းဆရာတော် ဦးကေသရ၏ နယ်သိမ်း သိမ်သမုတ်မှု ဆိုင်ရာ အယူဝါဒ၌ သက်ဝင်ယုံကြည်ကြသော ပုဂ္ဂိုလ်များကို ဝန်ခံကတိပြု လက်မှတ် ရေးထိုးစေရန်အတွက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့က ညွှန်ကြားလွှာ အမှတ် (၇၀) ကို ၁၉၀၉ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန် ညွှန်ကြားခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဝိနည်းဓမ္မကံ အဓိကရဏ် မူခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင် ဖြည့်စွက်ချက်)နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ပါဝင်သော နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော် အယူခံ ဝိနည်းဓမ္မကံ အဓိကရဏ် မူခင်းများကို စစ်ဆေးဆုံးဖြတ်ခဲ့သည်။ တစ်နှစ်အတွင်း နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့ကိုးဖွဲ့တို့က နိုင်ငံတော်အယူခံဝိနည်းဓမ္မကံမူခင်း ပေါင်း ၃၉ မှုကို စစ်ဆေး ဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ရွေးချယ် လျာထားမှု ခြောက်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော မူခင်း သုံးမှု၊ ပြိုးငြိမ်းပြီးနှင့် အယူခံပြီးဆုံးသွားသော မူခင်းများကို အတည်ပြုမှု ၁၆ မှု၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (၄၇) ပါး စုံညီအစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူမှု ၂၅ မှု၊ အထွေထွေ ဝိနိစ္ဆယ ဆောင်ရွက်မှု ၁၂၄ မှုတို့ကိုလည်း ဖြေရှင်း ဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓဘာသာ စာမူများ စိစစ်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာ စာမူပေါင်း ၂၃၁ မူ အနက် ၇၄ မူကို ထုတ်ဝေခွင့်ပြုခဲ့၍ စာမူ သုံးမူ ထုတ်ဝေခွင့် မပြုဘဲ စာမူ ၇၀ မူကို ဖြုတ်ပယ် ပြင်ဆင်စေ၍ ခွင့်ပြုခဲ့သည်။ စာမူ ၆၇ မူကို ပြင်ဆင်၍ လည်းကောင်း၊ စာမူ နှစ်မူကို ဖြုတ်ပယ်၍လည်းကောင်း ခွင့်ပြုခဲ့သည်။ စာမူ ခုနစ်မူကို ပြန်လည် ပြင်ဆင် ရေးသား တင်ပြစေရန် ညွှန်ကြားခဲ့သည်။

စာမေးပွဲများ ကျင်းပခြင်း

၁၉၀၉ ခုနှစ် လေးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အာဂုံပြန် ၄၂ ပါး၊ ရေးဖြေ ၆၃ ပါး ဝင်ရောက်ဖြေဆိုရာ အာဂုံပြန် ၂၄ ပါး၊ ရေးဖြေ ရှစ်ပါး၊ စုစုပေါင်း ၃၂ ပါး အောင်မြင်ခဲ့သည်။ ဓမ္မာစရိယစာမေးပွဲ ကို စာဖြေဌာန ၁၉ ဌာနခွဲ၍ ကျင်းပခဲ့ရာ ၃,၁၉၇ ပါး ဝင်ရောက် ဖြေဆိုကြ၍ သုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ ၄၈ ပါး၊ နှစ်ကျမ်းအောင် ၅၁ ပါး၊ တစ်ကျမ်းအောင် ၄၆ ပါး၊ ပါဠိ ဂုဏ်ထူးအောင် တစ်ပါး၊ စုစုပေါင်း ၁၄၆ ပါး အောင်မြင်ခဲ့သည်။ ပထမပြန် စာမေးပွဲကို စာဖြေဌာန ၁၈၂ ဌာနတို့၌ ကျင်းပခဲ့ရာ ၂၀,၁၄၂ ပါး ဝင်ရောက်ဖြေဆိုကြပြီး ၇,၀၅၇ ပါး အောင်မြင်သည်။ အခြေပြု မူလတန်း စာမေးပွဲကို စာဖြေဌာန ၂၀၀ ၌ ကျင်းပခဲ့ရာ ၁၁,၃၇၇ ပါး ဝင်ရောက် ဖြေဆိုကြ၍ ၅,၀၃၅ ပါး အောင်မြင်ခဲ့သည်။

လူနှင့်သီလရှင်များအတွက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို စာဖြေဌာန ၁၂၂ ဌာနတို့၌ ကျင်းပခဲ့ရာ ဝင်ရောက် ဖြေဆိုသူပေါင်း ၆၉,၁၄၁ ရှိ၍ ၆,၇၉၆ ဦး အောင်မြင်ခဲ့သည်။

မြို့နယ်များအလိုက် မြို့နယ် သံဃနာယကအဖွဲ့များက ကျောင်းသားလူငယ်များကို နွေရာသီ ကျောင်းပိတ်ရက်များတွင် အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ကြ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို စာဖြေဌာန ၂၃၆ ဌာနတို့၌ ကျင်းပပေးခဲ့ရာ ဖြေဆိုသူပေါင်း ၉၄,၄၃၅ ရှိ၍ ၇၆,၅၀၅ ဦး အောင်မြင်ခဲ့သည်။

ဘာလင်, အာဗင် (ခရစ် ၁၈၈၈ – ၁၉၀၉) ။ ။ အမေရိကန်ပြည်ထောင်စု၏ ပြည်သူ့အချစ်တော် ဂီတစာဆို ရှင်တစ် ဦးဖြစ် သည့် အာဗင် ဘာလင် (မူလအမည် အစ္စရေး ဘာလိုင်း) ကို ၁၈၈၈ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စု ဆိုက်ဗီးရီးယား ပြည်နယ် တဲမ်မန်မြို့တွင် ဂျူးလူမျိုး မိသားစုမှ မွေးဖွားခဲ့သည်။

၁၈၉၃ ခုနှစ်တွင် အစ္စရေး ဘာလိုင်းတို့မိသားစု ရုရှားပြည်ကို စွန့်ခွာ၍ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ပြောင်းရွှေ့နေထိုင်စဉ်က အစ္စရေး ဘာလိုင်းသည် လေးနှစ်သားအရွယ်မျှသာရှိသေးရာ ယင်းအချိန်မှာ အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေး အထိမ်းအမှတ်ဖြစ်သည့် လွတ်လပ်ရေးရုပ်ထုကြီး စိုက်ထူအပြီး နှစ်အနည်းငယ်အကြာတွင် ဖြစ်သည်။

အစ္စရေးဘာလိုင်းသည် နယူးယောက်မြို့ မန်ဟက်တန် အောက်ပိုင်း အရှေဘက်အခြမ်း ချယ်ရီလမ်းတွင် မိသားစုနှင့်အတူ နေထိုင်ရင်း မထင်မရှားဘဝဖြင့် ကျင်လည် ကျက်စားခဲ့ရာမှ နောက်ဆုံးတွင် ထင်ပေါ်သဖြင့် စင်တော်ကောက်ခံရကာ ဂီတအနုပညာနယ်ပယ်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားလာခဲ့သူတစ်ဦးဖြစ်သည်။



ဂီတစာဆို
အာဗင် ဘာလင်

ဖခင်သေဆုံးသည့်အချိန်တွင် အသက် ရှစ်နှစ်အရွယ်ရှိ အစ္စရေးဘာလိုင်းသည် နယူးယောက်မြို့တွင် တစ်လမ်းဝင် တစ်လမ်းထွက်ကာ အလုပ်ရှာခဲ့ရသည်။ နားထောင်မည့်သူ ရှိသည့် မည်သည့်နေရာတွင်မဆို သီချင်းဆိုပြကာ ရသမျှ သဒ္ဓါကြေးငွေဖြင့် အသက်မွေးခဲ့ရသည်။ ထို့ပြင် နယူး ယောက်မြို့ တရုတ်တန်းရပ်ကွက်များနှင့် ဘိုဝါရီရှိ အဆို အကနှင့် ဖျော်ဖြေသောစားသောက်ဆိုင်များတွင် သီချင်း လည်းဆို၊ စားပွဲလည်းထိုးရသည့် 'စားပွဲထိုး အဆိုတော်' အလုပ်ကိုလုပ်ကိုင်ခဲ့သည်။

ယင်းနေရာတွင် အလုပ်လုပ်နေရင်း ဂီတသံသာ တေးကဗျာတို့ကို စတင်ရေးဖွဲ့နေပြီဖြစ်ရာ သူ၏ပထမဆုံး လက်ရာဖြစ်သည့် 'ထွန်းလင်းတောက်ပသည့်အိတလီပြည်မှ မာရီ' အမည်ရှိတေးသီချင်းကို စပ်ဆိုခဲ့သည်။ ယင်းသီချင်း ကို ၁၉၀၇ ခုနှစ်တွင် ထုတ်ဝေဖြန့်ချိလိုက်သည့် အခါ ပုံနှိပ်အမှားအယွင်းကြောင့် သူ၏အမည်သည် အိုင် ဘာ လင် ဖြစ်သွားရရှာသည်။ နောက်ပိုင်းတွင် အိုင် ဘာလင် ဟုခေါ်သည်ထက် အသံနေအသံထား ပို၍ခေါ်ကောင်း သည့် အာဗင် ဘာလင် အမည်ဖြင့် သူကိုယ်သူခေါ်ရင်း က ယင်းအမည်တွင်သွားတော့သည်။

အာဗင် ဘာလင်သည် ၁၉၀၉ ခုနှစ်တွင် တင်ပင် အယ်လီတေးဂီတ ထုတ်လုပ်ဖြန့်ချိရေးတွင် တစ်ပတ်လျှင် ၂၅ ဒေါ်လာဖြင့် လုပ်ကိုင်ခဲ့သည်။ ထို့နောက် နှစ်နှစ် အကြာ ၁၉၁၉ ခုနှစ်တွင် အာဗင် ဘာလင် သည် 'အလက်ဇန္ဒား၏ မြူးကြွဆို ကချို တေးလှအဖွဲ့' အမည်ရှိ သီချင်းကို ရေးဖွဲ့ကာ အမေရိကန် ဂီတသမိုင်းကြောင်း လမ်းသစ်ကို တစ်စခန်းထွင်ခဲ့သည်။ ယင်းသီချင်းကြောင့် အာဗင် ဘာလင်သည် တစ်ဟုန်ထိုး ကျော်ကြားသွားပြီး မြူးမြူးကြွကြွသီဆိုကပြရသည့် တေးသံသာတို့၏ အဓိပတိ ဟုပင် ခေါ်ဝေါ်သမုတ်ခြင်းခံရသည်။

အာဗင် ဘာလင်သည် တေးသီချင်းများသာမက အလွန်ငြိမ့်ညောင်း သာယာလှသည့် တူရိယာတီးလုံးသံစဉ် များ ရေးဖွဲ့ရာတွင်လည်း သူမတူအောင် ထူးချွန်လှပေ သည်။ ၁၉၄၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု လက်နက်ကိုင်တပ်ပေါင်းစု၏ ဒုတိယအကြိမ်မြောက် ဂီတ ဖျော်ဖြေပွဲတွင် 'တပ်မတော်ဆိုတာဒါပါပဲ' အမည်ရှိ မြူးကြွ ပျော်ရွှင်ဖွယ်တီးလုံးဆန်းကို တင်ဆက်ခဲ့ရာ ပရိသတ် အထူး နှစ်ခြိုက်ခဲ့ပြီး ကြည်းတပ်မတော် အရေးပေါ်ကယ်ဆယ်ရေး အတွက် ဒေါ်လာ ခုနစ်သန်း ရရှိခဲ့သည်။ ယင်းသို့ စုမ်းဆောင်နိုင်မှုအတွက် ၁၉၄၅ ခုနှစ်တွင် ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့်ခံရသည်။ ထို့ပြင် 'အမေရိကတိုက်ကို ဘုရား သခင် စောင့်ရှောက်ပါစေ' တေးသီချင်း ရေးဖွဲ့မှုအတွက် အထူးရွှေတံဆိပ်ဆုနှင့် ၁၉၇၇ ခုနှစ်တွင် အမေရိကန်ပြည် ထောင်စု လွတ်လပ်ရေး ဆုတံဆိပ်ကိုလည်း ရရှိခဲ့သည်။

တေးသီချင်းများ၊ သံစုံတီးလုံးများနှင့် ရုပ်ရှင်ဇာတ်ဝင် တေးများ အမြောက်အမြားရေးဖွဲ့စပ်ဆိုခဲ့ရာ 'အလက်ဇန္ဒား၏ မြူးကြွဆိုကချိုတေးလှအဖွဲ့'၊ 'နံနက်ခင်းထရမှာ မုန်း လိုက်ပါဘိ'၊ 'အစဉ်သဖြင့်'၊ 'အမှတ်တရ'၊ 'လကမ္ဘာကို အရောက်လှမ်းမယ်'၊ 'ကောင်းကင်ပြာပြာ'၊ 'တစ်ကိုယ် တည်း'၊ 'လူတိုင်းလုပ်နေကြတာပဲ'၊ 'ဘာလုပ်ရမှာလဲ'၊ 'အမေ ရိကတိုက်ကို ဘုရားသခင် စောင့်ရှောက်ပါစေ'၊ 'ရှရှားသား ချော့တေး'၊ 'လှပတဲ့မိန်းကလေးဆိုတာသာယာငြိမ့်ညောင်း တဲ့ ချိုတေးသံစဉ်တွေလိုပါပဲ'၊ 'အဖြူရောင် ခရစ္စမတ်'၊ 'သီဆိုတီးမှုတ်ကခုန်ရသည်ထက် နှစ်ခြိုက်စရာကောင်းတဲ့ အလုပ်မရှိတော့ပြီ' အစရှိသည့်သီချင်းများသည် အာဗင် ဘာလင်၏ ကမ္ဘာကျော် တေးသီချင်းများ ဖြစ်ကြသည်။

သံစုံဂီတတီးလုံးများအဖြစ် 'တပ်မတော်ဆိုတာဒါပါပဲ'၊ 'အန်နီမင်းသေနတ်ကိုရသွားပြီ'၊ 'မစ္စလစ်ဘာတီ'၊ 'မစ္စတာ ပရဲဇီးဒင့်' နှင့် 'ကျွန်မကိုမဒမ်လို့ခေါ်ပါ' တို့ကိုရေးဖွဲ့သီကုံး ခဲ့ပြီး 'တော့ပ်ဟက်' (၁၉၃၅)၊ 'ဖော်လိုးသည်ဖလိ(တ်)' (၁၉၃၆)၊ 'အွန်သည်အဲဗ်ဗင်းနယူး' (၁၉၃၇)၊ 'အလက် ဇန္ဒားရက်ဂ်ထိုင်းမ်ဘဲင်း' (၁၉၃၈)၊ 'ဆီကဲင်း ဖစ်ဒယ်' (၁၉၃၉)၊ 'ဟာလီးဒေးအင်နှ်' (၁၉၄၂) ရုပ်ရှင်ဇာတ်ဝင်တေးသွားများကိုလည်း ရေးသားခဲ့သည်။

ဤကဲ့သို့ ဂီတအနုပညာနယ်တွင် ထင်ရှားကျော်ကြား ခဲ့သည့် ပြည်သူ့အချစ်တော်အနုပညာရှင် အာဗင် ဘာလင် သည် ၁၉၀၉ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကွယ်လွန်ခဲ့ သည်။

ဘိုးသွယ်၊ ဦး (ခရစ် ၁၈၉၅ – ၁၉၀၉)။ ။ပညာ တန်ဆောင် အယ်ဒီတာချုပ်နှင့် စာရေးဆရာကြီး ဦးဘိုးသွယ်ကို ၁၈၉၅ ခုနှစ် မက်လ ၁ ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့၌ အဖ ဦးပန်းဦး၊ အမိ ဒေါ်ဆိုင်း တို့မှ မွေးဖွားသည်။

၁၉၀၀ ပြည့်နှစ် ကျိုက်ထိုမြို့ အလယ်တန်းကျောင်း တွင် စတင်ပညာသင်ကြားပြီး အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ သတ္တမတန်းကို အောင်မြင်ခဲ့သည်။ ၁၉၁၂ ခုနှစ် မော်လမြိုင် အစိုးရ ဟိုက်စကူးအထက်တန်းကျောင်း နှင့် ဆရာအတတ်သင် နော်မန်ကျောင်းတွင် ဆက်လက် ပညာဆည်းပူး၍ ၁၉၁၆ ခုနှစ်တွင် မော်လမြိုင် အင်္ဂလိပ်– မြန်မာ နှစ်ဘာသာ အလယ်တန်းဆရာဖြစ် စာမေးပွဲ အောင်မြင်ပြီး ၁၉၁၈ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို အောင်မြင်သည်။ ၁၉၃၅ ခုနှစ်တွင် ဘီအီးဒီအောင်သည်။

၁၉၃၆ ခုနှစ်မှစ၍ ပညာရေးဌာနတွင် စတင် အမှု ထမ်းသည်။ ၁၉၅၂ ခုနှစ်တွင် အငြိမ်းစားယူသည်။

၁၉၅၂ ခုနှစ် ဧပြီလမှစ၍ ပညာတန်ဆောင် မဂ္ဂဇင်း တိုက်တွင် စာတည်းအဖြစ် ဝင်ရောက် အမှုထမ်းသည်။ ထိုအခါမှစ၍ ပညာရေးဆိုင်ရာ ဆောင်းပါးများ ရေးခဲ့ သည်။ ၎င်း မဂ္ဂဇင်းမှာပင် အယ်ဒီတာချုပ်အဖြစ် ဆက်လက်အမှုထမ်းပြီး ၁၉၇၃ ခုနှစ်တွင် အနားယူသည်။ ပညာတန်ဆောင် မဂ္ဂဇင်းတိုက် အုပ်ချုပ်ရေး အဖွဲ့ဝင် တစ်ဦးအဖြစ် ဆောင်ရွက်သည်။

ဦးဘိုးသွယ်သည် ၁၉၇၉ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။



စာရေးဆရာကြီး ဦးဘိုးသွယ်

ဘုန်းမြင့်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၂၀–၁၉၇၉)။ ။လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့်ကို ပဲခူးတိုင်း သာယာဝတီခရိုင် လက်ပံတန်း မြို့အပိုင် ကွမ်းခြံရွာ၌ ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက် နေ့တွင် အဖ ဦးဘ၊ အမိ ဒေါ်ရွှေခဲတို့က မွေးဖွားသည်။ တစ် ဦး တည်း သော သား ဖြစ်သည်။ အမည်ရင်း မောင်တင်အေး ဖြစ်သော်လည်း ရဲဘော်သုံးကျိပ်ဝင်အမည် ဗိုလ်ဘုန်းမြင့်သည်သာ အမည်ရင်းကဲ့သို့ တွင်သည်။



ဗိုလ်ဘုန်းမြင့် (ရဲဘော်သုံးကျိပ်)

ငယ်စဉ်က လက်ပံတန်းမြို့ ၂ လမ်း ဆရာကြီး ဦးစိန်၏ မြန်မာဘာသာ အထက်တန်းကျောင်း၌ စတင် ပညာသင်သည်။ ထိုကျောင်းမှ မြန်မာဘာသာ ကိုးတန်း အောင်ပြီးနောက် မင်းလှမြို့ ခေတ်မီနော်မန်ကျောင်းတွင် အလယ်တန်းဆရာဖြစ်သင်တန်း တက်ရောက်ခဲ့သည်။ ၁၃၄၁ ခုနှစ်တွင် မြန်မာဘာသာ အလယ်တန်းဆရာဖြစ် သင်တန်းကို ထူးချွန်စွာအောင်သဖြင့် ရွှေတံဆိပ်ချီးမြှင့် ခံရသည်။

ဗိုလ်ဘုန်းမြင့်သည် ကျောင်းသားဘဝ အသက် ၁၄၊ ၁၅ နှစ်အရွယ်တွင် ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံနှင့် ကြုံခဲ့ရပြီး အင်္ဂလိပ်နယ်ချဲ့တို့၏ တောင်သူလယ်သမားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်မှု များကို မျက်ဝါးထင်ထင် မြင်ခဲ့ရရာမှ မျိုးချစ်စိတ်ဓာတ် ရင့်သန်လာခဲ့သည်။ ထို့နောက် ၁၉၃၈ ခုနှစ် ကျောင်း သားသပိတ် ပေါ်ပေါက်လာသောအခါ ဗိုလ်ဘုန်းမြင့်သည် လက်ပံတန်းမြို့နယ် သပိတ်မှောက် ကျောင်းသားများ အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ သပိတ်မှောက် ကျောင်းသားများ၏ အမှုဆောင်အဖွဲ့ဝင် တစ်ဦးအဖြစ်ဖြင့် တို့ဗမာအစည်းအရုံးမှ သခင်ခေါင်း

ဆောင်များဖြစ်ကြသော သခင်သိန်းမောင်၊ သခင်ခင်၊ သခင်ထွန်းဆိုင် စသူတို့နှင့် မကြာခဏ တွေ့ဆုံခဲ့ရပြီး ကျောင်း သား ထု အ တွင်း နယ် ချဲ့ ဆန့် ကျင် ရေး ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဗိုလ်ဘုန်းမြင့်သည် ၁၉၄၀ ပြည့်နှစ်တွင် လက်ပံတန်းမြို့မှ မင်းလှမြို့ နော်မန်ကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားသည်။ မင်းလှမြို့နယ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ထိုစဉ် သခင်ထွန်းအုံ၊ သခင်အေးမြင့်တို့နှင့်တွဲမိပြီး နယ် ချဲ့ ဖြိ တိ သျ အား လက်နက်ကိုင်ပုန်ကန်ရေးအတွက် သံမဏိတပ် ဖွဲ့စည်းရေးနှင့် လေ့ကျင့်ရေးကို ကြိုးစားလုပ်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးဒီရေအထွတ်အထိပ်သို့ရောက်ချိန် ၁၉၄၁ ခုနှစ်တွင် ၎င်း၏ နိုင်ငံရေးလက်ဦးဆရာ မင်းလှမြို့သား သခင်လင်း၏ အစီအမံဖြင့် ရန်ကုန်မြို့တွင် သခင်မြနှင့် တွေ့ဆုံခဲ့ရပြီး စစ်ပညာသင်ရန် ဗိုလ်မင်းခေါင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်လင်းယုန်တို့နှင့်အတူ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ထို နောက် ဗ မာ့ လွတ် လပ် ရေး တပ်မတော် နှင့်အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဗိုလ်ဘုန်းမြင့်သည် လက်ပံတန်းမြို့နေ ရွှေနေ ဦးသန့်၊ ဒေါ်ခင်ကြီးတို့၏သမီး ဒေါ်ခင်ညွှန့်နှင့် အိမ်ထောင်ပြုခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကာလတွင် ဗိုလ်ဘုန်းမြင့်သည် မင်းလှ လေယာဉ်ကွင်းကို ရဲဘော် သုံးယောက်တည်းနှင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ဂျပန်ခုနစ်ဦးသေ၍ ခဲယမ်းမီးကျောက် အမြောက်အမြားကို ဖျက်ဆီးပစ်နိုင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး ပြီးသောအခါ ဗိုလ်ဘုန်းမြင့်သည် ၁၀၃ တပ်ရင်းသို့ တပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့အမှုထမ်းရသည်။

ဗိုလ်ဘုန်းမြင့်သည် ၁၉၅၁–၅၂ ခုနှစ် ရွေးကောက်ပွဲတွင် မင်းလှအနောက်ပိုင်း အုတ်ဖိုမြို့နယ် ပါလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ တစ်ချိန်တည်းမှာပင် ဗမာပြည် အလုပ်သမား လယ်သမားပါတီ သာယာဝတီခရိုင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

သန့်ရှင်း တည်မြဲ ဟူ၍ ဖဆပလ နှစ်ခြမ်းကွဲသော ကာလတွင် သန့်ရှင်းအစိုးရလက်ထက်၌ ဗိုလ်မင်းခေါင်၏ စီစဉ်ပေးမှုကြောင့် ရောဝတီ ဌာနတွင် အထူး စုံစမ်းစစ်ဆေးရေးတာဝန်ကို ရှစ်လခန့် ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ဗိုလ်ဘုန်းမြင့်သည် ၁၉၆၄ ခုနှစ်တွင် ဆ.စ.တ.က အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တော်လှန်ရေးအစိုးရက ခန့်ထားသဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထို့နောက် ၁၉၆၆ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ထိဖြစ်သည်။

ဗိုလ်ဘုန်းမြင့်သည် ၁၉၈၀ ပြည့်နှစ်တွင် ဇာတိဖြစ်သော လက်ပံတန်းမြို့သို့ ပြန်လည်နေထိုင်ခဲ့ပြီး ရပ်ရေးရွာရေး၊ လူမှုရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ သာ သ နာ တော် ပြန့် ပွား ရေး အ တွက် လက်ပံတန်းမြို့ မဟာဇေယျဘုန်းတော်ကြီးကျောင်းတိုက်ကို စာသင်တိုက်အဖြစ် ထောက်ရှိရန် ဆောင်ရွက်ကြိုးပမ်းခဲ့သည်။

ဗိုလ်ဘုန်းမြင့်သည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နိုင်ငံတော်က ချီးမြှင့်သော လွတ်လပ်ရေးမောဂ်ကွန်းဝင် (ပထမဆင့်) ကို ရရှိခဲ့သည်။ ထို့ပြင် ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော်က ဗိုလ်ဘုန်းမြင့်အား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်အပ်နှင်းခဲ့သည်။

လွတ် လပ် ရေး မော်ကွန်း ဝင် (ပထမဆင့်) နှင့် နိုင် ငံ့ ဂုဏ် ရည် ဘွဲ့ (ပထမဆင့်) ရ ဗိုလ်ဘုန်းမြင့်သည် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် လက်ပံတန်းမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ညွှန့်နှင့် သားသမီးခုနစ်ယောက် ကျန်ရစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာ ကွယ် ရေး (မြန်မာနိုင်ငံ) (၁၉၈၉)။ ။ မူးယစ် ဆေးဝါး တရားမဝင်သုံးစွဲမှုသည် သုံးစွဲသူကိုဒုက္ခပေး၏။ သုံးစွဲသူ၏ မိသားစု ဆွေမျိုးတစ်စုလုံးကို စိတ်ဆင်းရဲမှု ဖြစ်စေ၏။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များရှိ ပြည် သူ လူ ထု ကို အနှောင့်အယှက် ဖြစ်စေ၏။ ပြည်နယ်နှင့် တိုင်းများကို ပြဿနာများစွာ ပေါ်စေ၏။ နိုင်ငံအဝန်း တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေ၏။ ထို့ကြောင့်ပင် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းပင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို တစ်နိုင်ငံချင်းသော် လည်းကောင်း၊ နိုင်ငံများ ပူးပေါင်းလက်တွဲ၍သော်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့အစည်းများနှင့် ဆက် သွယ် ၍ လည်း ကောင်း နည်းမျိုးစုံဖြင့် ဟန့်တားကာကွယ်လျက်ရှိနေကြပေသည်။

တပ်မတော် အပါအဝင် အခြား မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေးဆိုင်ရာ အဖွဲ့များ၏ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ရှိခဲ့ပေသည်။ မြေပြင်နှင့် ဝေဟင်တို့မှ ဖျက်ဆီးနိုင်ခဲ့သော ဘိန်းခင်းကေပါင်း

သည် ၂,၀၇,၁၃၂ ဒသမ ၅၈ ကေဖြစ်ပြီး ယင်းဘိန်းခင်းများမှ ဘိန်းဖြူပမာဏသည် ၉၁,၁၃၈ ဒသမ ၃၄ ကီလိုဂရမ် ထွက်ရှိနိုင်သည်။ မိုးဟိန်း စစ်ဆင်ရေး အဆင့်(၁)မှ (၁၂) ထိသိမ်းပိုက်ရရှိခဲ့သော ဘိန်းအမျိုးမျိုးတို့မှထွက်ရှိမည့် ဘိန်းဖြူ ပမာဏမှာ ၁၉၀ ဒသမ ၂၉ ကီလိုဂရမ် ရှိသည်။ အဆင့်ဆင့် သယ်ယူပို့ဆောင်သော ဘိန်းတန်းများကို ချေမှုန်းခြင်းနှင့် အခြားနည်းဖြင့် ဖမ်းဆီးသိမ်းပိုက်ရရှိသည့် ဘိန်းအမျိုးမျိုး၏ တွက်ချက်ရရှိသည့် ဘိန်းဖြူပမာဏသည် ၉,၀၇၃ ဒသမ ၇၅ ကီလိုဂရမ် ရှိသည်။

ထို့ကြောင့် ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ စစ်ဆင်ရေးများဖြင့် တိုက်ခိုက်သိမ်းပိုက်ခြင်း၊ ဘိန်းတန်းများကို ချေမှုန်းခြင်းနှင့် အခြားနည်းအမျိုးမျိုးဖြင့် ဖမ်းဆီးရမိသည့်ဘိန်းဖြူပမာဏ စုစုပေါင်းသည် ၁,၀၀,၄၀၂ ဒသမ ၃၈ ကီလိုဂရမ်ရှိ၍ အမေရိကန်နိုင်ငံ၏ လက်ရှိပေါက်ဈေးနှင့်တွက်ချက်ကြည့်ပါက အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၄၀၂ ဘီလီယံခန့်ရှိသည်ဟု ဆိုကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးတားဆီးကာကွယ်မှုလုပ်ငန်းများတွင် အမေရိကန်နိုင်ငံက အကူအညီပေးရေး ကမ်းလှမ်းမှု သဘောတူညီချက်အရ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ အမေရိကန် ဒေါ်လာ ၈,၆၇,၇၆,၅၀၀ ကူညီခဲ့သည်။ယင်းကူညီငွေများဖြင့်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ အရာရှိများနှင့် လေယာဉ်မူးများအား သင်တန်းများပို့ချခြင်း၊ လေယာဉ်နှင့်အပိုပစ္စည်းများ ဝယ်ယူခြင်း၊ ဆေးဝါး သစ် များ ဖြင့် ကုသမှု ရွှေပြေးစမ်းသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘိန်းခင်းများကို ဝေဟင်မှ လေယာဉ်ဖြင့် ဆေးဖျန်းခြင်း၊ ပေါင်းသတ်ဆေးများ ဝယ်ယူထုတ်လုပ်ခြင်း၊ ဆက်သွယ်ရေးကိစ္စများ ဆောင်ရွက်ခြင်းများ၌ အသုံးပြုခဲ့သည်။

လူသားအားလုံး လူညွှန့်တုံးစေသည့် မူးယစ်ဆေးဝါး အန္တရာယ်ကို မြန်မာနိုင်ငံသည် စွမ်းစွမ်းတမံ တိုက်ဖျက်ခဲ့ရာ ဘိန်းများကို ဝေ့ဟင်မှလေယာဉ်ဖြင့်ဆေးဖျန်းရာတွင် ကျဆုံးသော လေယာဉ်မူးတစ်ဦး အပါအဝင် မြေပြင်မှ ဖျက်ဆီးသော စစ်ဆင်ရေးများတွင် လည်းကောင်း၊ မိုးဟိန်းစစ်ဆင်ရေး အဆင့်ဆင့်တွင် လည်းကောင်း၊ သယ်ယူပို့ဆောင်သောဘိန်းတန်းများကို တိုက်ခိုက်ရာတွင် လည်းကောင်း စုစုပေါင်း တပ်မတော်သား ၁၀၉ ဦး အသက်စွန့်ခဲ့ရပြီး ၅၄၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၁၈–၉–၈၈ မှ ၁၈–၉–၈၉ ရက် အထိ တစ်နှစ်တာအတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များအရ ဘိန်းဖြူ ၂၀၆ ဒသမ ၀၉ ကီလိုဂရမ်နှင့် ဘိန်းစိမ်း ၁,၁၀၉ ဒသမ ၆၅ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်။ ကာလပေါက်ဈေးနှင့် တွက်ချက်ကြည့်ပါက အမေရိကန်ဒေါ်လာ ၁,၉၆,၆၂,၇၀၁ (ဒေါ်လာ ၁၉ သန်း) ကျော် တန်ဖိုးရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း၊ အစားထိုး စိုက်ပျိုးရေးလုပ်ငန်းနှင့် ပညာပေးရေးလုပ်ငန်းများကို ၁၉၇၄ ခုနှစ်ကပင် တိကျသော စီမံချက်များဖြင့် စနစ်တကျဆောင်ရွက်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ယခင် ဘိန်းအပါအဝင် မူးယစ်ဆေးဝါး အက်ဥပဒေများကိုလွှမ်းမိုးစေသည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေအရ ဘိန်းစိုက်ပျိုးခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တားမြစ်ခဲ့သည်။ မူးယစ်ဆေးဝါးပင်များ စိုက်ပျိုးခြင်းထက် အခြားဝင်ငွေရလွယ်သည့် သီးနှံများစိုက်ပျိုးစေရန် ပညာပေး လှုံ့ဆော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်သာမက တရားဥပဒေဖြင့် တားမြစ်မှုများကိုလည်း ဆောင်ရွက်ခဲ့သည်။

အသိဉာဏ်ပညာပေးလုပ်ငန်း အနေဖြင့်လည်း ကျောင်းများတွင် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးသင်ခန်းစာများ သင်ကြားပို့ချခြင်း၊ ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ခြင်း၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်ခြင်းတို့အပြင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို နားလည်သဘောပေါက်စေရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ အထူးအစီအစဉ်များ ထုတ်လွှင့်ပေးပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း အသိပညာပေး ဆောင်းပါးများ ဖော်ပြဖြန့်ဖြူးပေးခဲ့သည်။

၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့ထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးပညာပေးပြပွဲကို ကျင်းပခဲ့သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး ပညာပေးပြပွဲ။ ။ မူးယစ်ဆေးဝါး အန္တရာယ်ကို တိုင်းရင်းသားပြည်သူများ သိရှိနားလည်စေရန်နှင့် ဗဟုသုတကြွယ်ဝလာစေရန် ရည်ရွယ်ချက်ဖြင့် ကတ္တီပုံ ပါဝင်သည့်ပြပွဲကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၇မှ ဒီဇင်ဘာလ ၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ပြသခဲ့သည်။

ဤပြပွဲကို လူသားတို့၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဘဝတိုးတက်စေလိုမှု၊ ရရှိလာသော လူသားဘဝတွင် အဓိပ္ပာယ်ရှိရှိဖြင့် အကျိုးပြုလုပ်ငန်း ဆောင်ရွက်လိုစိတ် ပွားများလာစေမှု၊ မိမိနှင့် ပတ်ဝန်းကျင် နိုင်ငံအကျိုးစီးပွားကို

အသိနှင့်ယှဉ်သော အလုပ်ဖြင့် ဆောင်ကြဉ်းနိုင်စွမ်းရှိလာစေမှုဟူသော ဦးတည်ချက်များဖြင့် ပြဿနာတွင် ပြန်လည်ထူထောင်ရေးအဖွဲ့၊ ပြန်ကြားရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးအဖွဲ့၊ အစားထိုး စိုက်ပျိုးရေးအဖွဲ့၊ ပညာပေးရေးအဖွဲ့၊ ဆေးဝါးကုသရေး အဖွဲ့တို့က ကဏ္ဍအလိုက် ခင်းကျင်းပြသခဲ့သည်။

ပြန်လည်ထူထောင်ရေးအဖွဲ့ပြကွက်


မူးယစ်ဆေးစွဲဆုတွင် အတုခိုးမှားခြင်း၊ စမ်းသပ်ကြည့်ခြင်း၊ ဆေးလိပ်၊ အရက်၊ စိတ်ငြိမ်ဆေး စသည်တို့ သုံးစွဲရာမှ စတင်ပြီး ဘိန်းဖြူစွဲသည်အထိ ဖြစ်ကြရသည်။ ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းဟူသည်မှာ မူးယစ်ဆေးစွဲဆောရဂါ ကုသပြီးသူများအား လူမှုရေးအရ ပြန်လည်ထူထောင်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာပြန်လည်ထူထောင်ပေးခြင်းဖြစ်သည်။

လူမှုရေးအရ ပြန်လည်ထူထောင်ပေးရာတွင် တစ်ဦးချင်း လူမှုရေးပြဿနာနှင့် မိသားစုအတွင်း ရင်ဆိုင်ရသော ပြဿနာများကို ညှိနှိုင်း ဖြေရှင်းပေးခြင်းဖြစ်ပြီး အသက်မွေးဝမ်းကျောင်းဖြင့် ပြန်လည်ထူထောင်ခြင်းတွင် အလုပ်လက်မဲ့ ဖြစ်သူများနှင့် စီးပွားရေး ဆုံးရှုံးပျက်စီးနေသူများအတွက် မိမိတို့ဘဝ ပြန်လည် ရပ်တည်သွားနိုင်စေရန် အသက်မွေး ဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးခြင်း ဖြစ်သည်။

ပြန်လည်ထူထောင်ရေး ပြကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲခဲ့သည့် လူငယ်ကို လူမှုဝန်ထမ်း ပြန်လည်ထူထောင်ရေး လုပ်ငန်းမှ စတင်နှဝန်ထမ်းသမားတစ်ဦးက လက်တွဲခေါ်ပြီး ပြန်လည်ထူထောင်ရေး အသက်မွေးဝမ်းကျောင်း စခန်းသို့ လမ်းညွှန်နေပုံကို ရုပ်ကြွလုံးဖြင့် ဖော်ပြထားသည်။ ထို့ပြင် ပြန်လည်ထူထောင်ရေးစခန်းများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်စခန်းများ၊ အလုပ်ရုံများမှ မှတ်တမ်းဓာတ်ပုံများကို ပုံကြီးခွဲ ပြသခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့မှု စာရင်းဇယားများ၊ ဂရပ်ဖ်များ ပါဝင်သည်။

ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့၏ ပြကွက်များ

မူးယစ်ဆေးဝါး တားဆီးကာကွယ် နှိမ်နင်းရာတွင် လူထုဆက်သွယ်ရေး နည်းလမ်းအသွယ်သွယ်ဖြင့် ပညာပေး လှုံ့ဆော်မှုလည်း ပါဝင်သည်။ သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ပြကွက်တွင် နေ့စဉ်ထုတ် လုပ်သားပြည်သူ နေ့စဉ် သတင်းစာများမှ ပညာပေး သတင်းဓာတ်ပုံ ဆောင်းပါးများအပြင် ကာတွန်း၊ ရုပ်ပြ၊ ပန်းချီကားချပ်



မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးပြပွဲ၏ ပြကွက်တစ်ကွက်

များ၊ မူးယစ်မဂ္ဂဇင်း အသုရာစာစောင်တို့ကို ခင်းကျင်းပြသထားသည်။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်အဖွဲ့က ထုတ်ဝေလျက်ရှိသော ရွှေသွေးကျဉ်းနယ်၊ သုတပဒေသာစာစောင်၊ ပြည်သူလက်စွဲစာစဉ်ထုတ် စာအုပ်များ၊ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်တို့မှ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အထောက်အကူပြုဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်းတို့ကို နမူနာပုံကြီးခွဲ၍ မျက်နှာဖုံးဇာတ်လမ်းကို ပေါ့စတစ်ဖလင်ရိုက်၍ မီးထိုးခြင်းဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

ပြန်ကြားရေးနှင့် အသံလွှင့် အစီအစဉ်တွင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တိုင်းရင်းသားဘာသာ တို့ပြင့်

ဟောပြောချက်များ၊ ဇာတ်လမ်းများ၊ တေးသီချင်းများ၊ နိုင်ငံတကာသတင်းများကို သရုပ်ပေါ်အောင် ပြသထားသည်။ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ ရုပ်မြင်သံကြား လှုင့်ထုတ်ချက်များကို ပြသခြင်း၊ ပညာပေး တေးသီချင်းများ နားဆင်နိုင်ရန် စီစဉ်ထားရှိခြင်းနှင့် မူးယစ်ဆေးစွဲကုသမှု အဆင့်ဆင့် ဓာတ်ပုံများ၊ ပြန်လည် ထူထောင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ စစ်ဆင်ရေး သတင်းဓာတ်ပုံများ ပါရှိသည်။

ရုပ်ရှင်လုပ်ငန်းမှ မော်ကွန်းမှတ်တမ်းတင် သတင်းကားများပြသရာတွင် ငရဲပန်းစစ်ဆင်ရေးဖြင့် မြေပြင်တွင် ဘိန်းခင်းများ ဖျက်ဆီးနေပုံ၊ မိုးဟိန်း စစ်ဆင်ရေးအရ တပ်မတော်မှ သိမ်းပိုက်ရရှိသည့် ဘိန်းချက်ပစ္စည်းများနှင့် လက်နက်များ၊ တောင်ရန်ရှင်း စစ်ဆင်ရေးအရ ဝေဟင်မှ လေယာဉ်ဖြင့် ဘိန်းခင်းများကို ဆေးဖျန်းဖျက်ဆီးနေပုံတို့ ပါဝင်သည်။

မွေးမြူရေးအဖွဲ့ပြကွက်

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းတွင် မွေးမြူရေးအဖွဲ့၏ ရည်ရွယ်ချက်များဖြစ်သော ဘိန်းစိုက်ပျိုးရေးအစား မွေးမြူရေး လုပ်ငန်းဖြင့် ဝင်ငွေရရှိစေရန်၊ တောင်ပေါ်ဒေသ သွားလာရေးတွင် လားမျိုးအတွက် မြည်း၊ သိုးများ ဖြန့်ဖြူးပေးရန်နှင့် မွေးမြူရေးပညာ ဖြန့်ဖြူးပေးရန် ကြိုးပမ်းလျက်ရှိသည်။

မွေးမြူရေးအဖွဲ့၏ ပြကွက်တွင် ဟဲဟိုးဗဟို မွေးမြူရေးခြံနမူနာ ရုပ်ကြွရုပ်လုံးပုံ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အစီအစဉ်မှ ရရှိသော ပစ္စည်းများ၊ အစားထိုးမွေးမြူရေး တိရစ္ဆာန်များ၏ ဓာတ်ပုံများ၊ ခြံပုံစံ ငယ် နောက်ခံမြက်ခင်းပြင်နှင့် တောင်ကြောပုံစံ၊ လုပ်ငန်းစီမံချက်အရ နှစ်အလိုက် ဖြန့်ဝေပြီး တိရစ္ဆာန်များ စသည့် စာရင်းဇယားများ ခင်းကျင်း ပြသထားသည်။

ထို့ပြင် နေကြာ၊ နှမ်း၊ ပန်းနှမ်း စသည့် အစားထိုးသီးနှံများ စိုက်ပျိုးရာတွင် ပျားနှင့် ဝတ်မှုန်ကူးခြင်းဖြင့် အထွက်နှုန်း အရည်အသွေး၊ မျိုးကောင်းမျိုးသန့်ဇကာင်းမွန်စေပုံ၊ ပျားထွက်ပစ္စည်းများ ထုတ်လုပ်မှုဖြင့် တောင်သူများ ဝင်ငွေတိုးကာ ဘိန်းပယျောက်ရေးကို အထောက်အကူပြုကြောင်း အဝေးရှုခင်းနှင့် သီးနှံ၊ ပျားအုံနောက်ခံသရုပ်ဖော်ရုပ်ကြွများ၊ ပျားမွေးမြူရေး ပညာပေးဓာတ်ပုံများ၊ ပျားစခန်း အညွှန်းပြ ဓာတ်ပုံ၊ မြေပုံများ၊ ပျားထွက်ပစ္စည်းများကို ပြသထားသည်။

တားဆီးနှိမ်နင်းရေးအဖွဲ့ပြကွက်

ပြကွက်ငါးမျိုးဖြင့် တင်ပြထားသည့် ဘိန်းခင်းများ၊ ဆေးခြောက်ခင်းများအား စစ်ဆင်ရေး အဆင့်ဆင့်ဖြင့် ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မြေပုံများ၊ ဂရပ်ဖ်များ၊ စာရင်းဇယား၊ တပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် မိုးဟိန်း စစ်ဆင်ရေး(၁)မှ(၁၂)အထိ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ စာရင်းဇယားများ၊ တပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု စာရင်းဇယားများ၊ များပြားစွာဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါး ဓာတ်ခဲ့စမ်းသပ်ပုံ အဆင့်ဆင့် ပြသခြင်းနှင့် မူးယစ်ဆေးဝါးနမူနာများ၊ တရားမဝင် ဘိန်းချက်စခန်းများမှ သိမ်းဆည်းရမိသည့် ဘိန်းချက်ကိရိယာများ ခင်းကျင်းပြသထားသည်။

အစားထိုးစိုက်ပျိုးရေးအဖွဲ့ပြကွက်

အစားထိုး စိုက်ပျိုးရေးအဖွဲ့ ပြကွက်တွင် ဘိန်းစိုက်တောင်သူများအနေဖြင့် လူမျိုးကို အညွှန့်တုံးစေနိုင်သော ဘိန်းသီးနှံ စိုက်ပျိုးမည့်အစား ဘိန်းကဲ့သို့ ဝင်ငွေရရှိနိုင်သည့် စားသုံးသီးနှံများ စိုက်ပျိုးရေးကို ကြိုးပမ်းလျက်ရှိသည်။ ၁၉၇၆ ခုနှစ်မှ ယခုအချိန်ထိ ၁၄ နှစ်တာကာလအတွင်း ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေး ရန်ပုံငွေအဖွဲ့၏ အကူအညီဖြင့် စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိသည်။

ဤပြကွက်တွင် ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများတွင် ဘိန်းပင်၊ ဆေးခြောက်ပင်တို့၏ နမူနာများ၊ အစားထိုးစိုက်ပျိုးစခန်းများ၊ လှေကားထစ် စိုက်ပျိုးရေး မြေယာဖော်ထုတ်မှု မှတ်တမ်းဓာတ်ပုံများ၊ ဖြန့်ဝေပေးသည့် မျိုးစေ့၊ ပျိုးပင်၊ တောင်သူသုံးကိရိယာများ၊ ပညာပေးသင်တန်းပို့ချမှုများ၊ စိုက်ခင်းများကို ပြသထားသည်။

အစားထိုးသီးနှံများဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ သီးနှံများ စိုက်ပျိုးမှု အခြေအနေကို စာရင်းဇယားဖြင့်တွေ့နိုင်သည်။ အခမဲ့ ဖြန့်ဝေပေးသော ဓာတ်မြေဩဇာများ၊ တောင်သူသုံးပစ္စည်း ၁၈ မျိုးကို ခင်းကျင်းထားသည်။ ကော်ဖီ၊ ငရုတ်ကောင်း၊ စပါး၊ ဂျုံ၊ ပြောင်းဖူး၊ မြေပဲ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်းစာအုပ်များ၊ လက်ကမ်းစာစောင်များကိုပါ တွေ့ရသည်။

မူလက ဘိန်းစိုက်ပျိုးသည့် နေရာများတွင် ကွန်တို လှေကားထစ်မြေယာစုစုပေါင်း ၁၃,၇၆၆ ဧက ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဘိန်းဖျက်ခ တောင်သူများအနေဖြင့် နှစ်ချင်းသီးနှံ နှစ်ရှည်သီးနှံ စိုက်ပျိုးရေး ပညာပေးသင်တန်း ၃၅၉ ကြိမ်တွင် သင်တန်းသား ၁၈,၅၂၁ ဦးကို စည်းရုံး ပညာပေးနိုင်ခဲ့သည်။ တောင်သူများ အစားထိုးသီးနှံ စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးကိရိယာ၊ ပျိုးပင်၊ မျိုးစေ့များကို ဘိန်းစိုက်ကျေးရွာအုပ်စု

ပေါင်း ၁,၃၀၃ ရှိ တောင်သူ ၁၉,၆၅၆ ဦးကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

၁၉၇၄ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးအဖွဲ့မှ ကောက်ယူရရှိသည့် စာရင်းများအရ ဘိန်းဖျက်ကေ၂,၀၇,၄၆၆ ရှိရာ နှစ်ချင်း၊ နှစ်ရှည်သီးနှံများဖြင့် တောင်သူ ၁၃,၃၁၈ ဦးကို စည်းရုံး၍ အစားထိုးစိုက်ပျိုးခဲ့သည့် ဧရိယာဧက စုစုပေါင်း ၁,၆၅,၃၃၅ ရှိသည်။

ပညာရေးအဖွဲ့ပြကွက်

မူးယစ်ဆေးဝါးအန္တရာယ်ကို သိမြင် ရှောင် ကြဉ် ရေး၊ ဆေးဝါး အမျိုးမျိုး၏ ကောင်းကျိုး ဆိုးပြစ် ခွဲခြား နားလည်ရေး၊ မိဘ အုပ်ထိန်းသူများက နည်းလမ်းမှန်စွာ သွန်သင် ဆုံးမတတ်ရေး၊ လူငယ်များအား ကာယ ဉာဏ စာရိတ္တ ဖွံ့ဖြိုးမှုကို ရှေးရှုသွန်သင် ဆုံးမတတ်ရေးတို့ ပါဝင်သော ပညာရေးပြကွက်တွင် ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၏ စုပေါင်းဆောင်ရွက်မှု စွမ်းအားကို တွေ့ရသည်။

ရန်ကုန်တိုင်း ၃၉ မြို့နယ်ရှိ အလယ်တန်း အထက်တန်း ကျောင်းသူ ကျောင်းသားများ၏ ပြိုင်ပွဲများမှ ဆုရပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ပိုစကတ်၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာစသည်တို့ကို ရန်ကုန်မြို့နယ်စု (၁)၊ ရန်ကုန်မြို့နယ်စု (၂)၊ ဟံသာဝတီမြို့နယ်စု၊ အင်းစိန်မြို့နယ်စု အလိုက် ယှဉ်တွဲ ဖော်ပြထားသည်။

ပထမဆုရ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ပိုစကတ် စသည်တို့အပြင် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိဉာဏ်ပေးရေးအဖွဲ့ဝင်များ အမည်စာရင်းကိုပါ ပြသထားသည်။

တိတ္ထဝင်ဖန်တီးထားသောပစ္စည်းများကိုလည်း နောက်ခံပန်းချီများဖြင့် တင်ပြထားသည်။ ထို့ပြင် ကျောင်းသား လူငယ်များ နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေကြပုံကို ရုပ်မြင်သံကြား ရိုက်ကူးပြသခဲ့သည်။

ဆေးဝါးကုသရေးအဖွဲ့ပြကွက်

စုံစေတတ်သော ဆေးဝါးများတွင် အိပ်ဆေးနှင့် စိတ်ငြိမ်ဆေး၊ စိတ်ကြွစေသည့်ဆေး၊ ဆေးခြောက်၊ ဘိန်း အမျိုးအစား ဆေးဝါးတို့ပါဝင်ရာ ယင်းတို့၏ နုမူနာပစ္စည်းများကို ဤပြကွက်တွင် ပြသထားသည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေအရ ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဆေးဝါးစာရင်း၊ အမိန့် ကြော်ငြာစာများ၊ မူးယစ်ဆေး စုံစေတတ်သည့် အကြောင်းရင်းများ၊ဆေးစုံရောဂါခံစားရသူတို့၏ သဘာဝ၊ မူးယစ်ဆေးဝါးသုံးစွဲမှု၏ နောက်ဆက်တွဲ အန္တရာယ်များ၊ ပြန်လည် ပျိုးထောင်မှုတို့ကို ဓာတ်ပုံ ပန်းချီကားချပ်များဖြင့် ပြသထားသဖြင့် စိတ်ပိုင်းဘဝနှင့် ရုပ်ပိုင်းဘဝ၏ ဆိုးကျိုးများကို သဘောပေါက်စေနိုင်သည်။

မူးယစ်ဆေးစုံရောဂါ ကုသရေးနှင့် သုတေသနဌာနသည် စုံစေတတ်သော ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ အကြောင်းရင်းများကို ရှင်းလင်းညွှန်ပြထားပြီး မူးယစ်ဆေးစုံမှု ဖြစ်သူတစ်ဦးသည် မူးယစ်ဆေးမသုံးစွဲရပါက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများ ပြောင်းလဲတတ်ပုံ၊ မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်း ရောဂါ ဖြစ်ပွားသည် အထိ ဆိုးရွားပုံကို ရှင်းလင်းတင်ပြထားသည်။

မူလကိုယ်ခံစွမ်းအား လျော့ နည်း ကျဆင်းရောဂါ (အော့ဒ်စ်) (အေအိုင်ဒီအက်စ်)။ ။ မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါကို ၁၉၈၁ ခုနှစ် ဇွန်လတွင် အမေရိကန်ပြည်ထောင်စုရှိ ရောဂါနှိမ်နင်းရေးဌာန (စီဒီစီ) က ထူးဆန်းသော ရောဂါသစ်တစ်ခု ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ချုပ် (ဒဗလျူအိပ်ခ်ျအို) သည် ကမ္ဘာပေါ် ၌ ရောဂါကူးစက်ပျံနှံ့မှု အခြေအနေကို မှတ်တမ်းတင်၍ ယင်းရောဂါ ကာကွယ်တားဆီးကုသရေးအတွက်အဖွဲ့ဝင်နိုင်ငံများအား ကူညီခဲ့သည်။ ၁၉၈၉ ခုနှစ် အောက်တိုဘာလအထိ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၅၂ နိုင်ငံတွင် အော့ဒ်စ် ရောဂါသည်ပေါင်း ၁,၈၆,၈၀၃ ဦး ရှိကြောင်း မှတ်တမ်းဝင်သည်။ စက်တင်ဘာလထက် ၄,၃၄၀ ဦး တိုးလာခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ၃,၀၉၈ ဦး တိုးလာ၍ ၁,၀၇,၃၀၈ ဦးရှိသည်။ ဇင်ဗာမွေတွင် ၃၈၇ ဦး၊ ဂါနာနိုင်ငံတွင် ၁၂၇ ဦး ရှိကြောင်းဖြင့် စာရင်းအသစ် ထပ်မံရရှိခြင်းကြောင့် အာဖရိကတိုက်တစ်ခွင်လုံးတွင် ၃၂,၀၆၂ ဦး ရှိသည်။ ဥရောပတိုက်တွင် ၃၁၆ ဦး တိုးလာ၍ ၂၅,၉၀၅ ဦး ရှိနေပြီ ဖြစ်သည်။ စာရင်းထိမ်ချန်ထားသောနိုင်ငံများ၊ အချိန်မှန်မှန် မတင်ပြသော နိုင်ငံများလည်း ရှိ၍ ကမ္ဘာတစ်ဝန်းလုံးတွင် အော့ဒ်စ်ရောဂါသည်ပေါင်း ငါးသိန်းကျော် ရှိနိုင်သည်ဟု ဒဗလျူ အိပ်ခ်ျ အိုက ခန့်မှန်းထားသည်။ ယူဂန်းဒါးတွင် အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားမှု နှုန်းမှာ အမြင့်ဆုံး (လူဦးရေ တစ်သိန်းတွင် ၂၆ ဒသမ ၃ ရာနှုန်း သို့မဟုတ် ၆,၇၂၂ ဦး) ဖြစ်သည်ဟု တွေ့ရှိရသည်။ မြန်မာပြည်တွင် အေအိုင်ဒီအက်စ် ရောဂါရှင်ပေါင်း ၁၂၆ ဦး ရှိနေပြီး ဤရောဂါနှင့် ခြောက်ဦး သေဆုံးခဲ့ပြီဟု သိရသည်။

ရောဂါဖြစ်စေသော ဗိုင်းရတ်ပိုး

၁၉၇၃ ခုနှစ် နွေဦးပိုင်းတွင် အမေရိကန်နိုင်ငံ မေရီလန်း ပြည်နယ် ဘာသက်ဒါမြို့ရှိ ကင်ဆာရောဂါဆိုင်ရာ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ယင်းရောဂါပိုးအား Human T Cell Lymphotropic Virus Type III (H T L V-III) ဟု အမည်ပေး ကြေညာခဲ့သည်။ ၁၉၇၃ ခုနှစ် မေလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပါစတျာတက္ကသိုလ်မှ ဗိုင်းရတ်သိပ္ပံပညာရှင်များကအေအိုင်ဒီအက်စ် ရောဂါပိုးသည် ရထရို ဗိုင်းရတ်ပိုးတစ်မျိုးဖြစ်ကြောင်းနှင့် ယင်းရောဂါပိုးအား Lymphadenopathy Associated Virus (L A V) ဟု အမည်ပေးခဲ့ကြသည်။ သို့ဖြစ်၍ အမည်ပေးမှု အငြင်းပွားခြင်းကို ပယ်ဖျက် ဖြေရှင်းသည့် အနေနှင့် ၁၉၈၆ ခုနှစ် ဇူလိုင်လတွင် ဒဗလျူ အိပ်ချ် အို ကပင် Human Immunodeficency Virus (H I V) ဟု အမည်သစ် သတ်မှတ်ပေးခဲ့သည်။

ရောဂါကူးစက်ပုံ

ရောဂါပိုး ကူးစက်သော နည်းလမ်းများမှာ–

(၁) လိင်တူ၊ လိင်ကွဲ ရောဂါရှိသူနှင့် လိင်ဆက်ဆံခြင်း၊

(၂) ရောဂါပိုး ပါရှိသော သွေးမှတစ်ဆင့် ကူးစက်ခြင်း(ဤတွင် သွေးသွင်းခြင်းဖြင့်လည်းကောင်း၊ ယင်းသွေးနှင့် ထိတွေ့ထားသော ဆေးထိုးအပ်၊ ခဲ့စိတ်ကိရိယာများမှလည်းကောင်း၊ ရောဂါရှင်၏ ခန္ဓာကိုယ် အစိတ်အပိုင်း လှူဒါန်းရာမှလည်းကောင်း၊ သွေးမှပြုလုပ်ထားသော ပစ္စည်းများကို သွင်းမိ၍လည်းကောင်း ကူးစက်နိုင်သည်။)၊

(၃) ရောဂါရှိသော မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်းတို့ ဖြစ်သည်။

ရောဂါကူးစက်လွယ်သူများ

သို့ဖြစ်၍ ရောဂါအဖြစ်များသော အုပ်စုများမှာ–

(၁) လိင်တူ၊ လိင်ကွဲ၏ လိင်ဆက်ဆံရာတွင် တစ်ဦးထက်မက ဆက်ဆံသူများ၊ လိင်ဆက်ဆံရာတွင် ဝါသနာကြူးသူများ၊

(၂) ပြည့်တန်ဆာများ၊

(၃) မူးယစ်ဆေး သွေးကြောထဲသို့ ထိုးသွင်းသူများ၊

(၄) ရောဂါပိုးပါရှိသော သွေး (သို့) သွေးပစ္စည်း သွေးကြောထဲ အထိုးခံရသူများ၊

(၅) ရောဂါပိုးနှင့် ထိတွေ့ထားသော ဆေး ထိုးကိရိယာ၊ ခဲ့စိတ်ပစ္စည်းများဖြင့် ထိတွေ့သူများ

ဥပမာ – နားဖောက်ခြင်း၊ ဆေးမင်ကြောင် ထိုးခြင်း၊ ဓာတ်အပ် စိုက်ခြင်း၊ ခဲ့စိတ်ကုသမှု ခံယူခြင်း၊ အသားဆေး အကြောဆေး များစွာ အထိုးခံရခြင်းနှင့် ကျန်းမာရေး လုပ်သားများတွင် မတော်တဆ ဆေးထိုးအပ်၊ ခဲ့စိတ်ဓားတို့ဖြင့် ထိုးမိ၊ ခြစ်မိခြင်းကြောင့် ရောဂါကူးစက်ခြင်း ခံရသည်။

ရောဂါရှင်တို့၏ ကံကြမ္မာ

ရောဂါ ရရှိချိန်မှ အစပြု၍ ရောဂါ လက္ခဏာများ ထင်ရှားလာသည့်အချိန်အထိ ကာလမှာ ကလေးများအတွက် ၁၂ လမှ ကြာ၍ လူကြီးများအတွက် ၂၉ လဟု ယူဆကြသော်လည်း အစောဆုံး ခြောက်လနှင့် နောက်အကျဆုံး ငါးနှစ်အထိ တွေ့ရှိထားကြသည်။

သုတေသန ပြုချက်များအရ ရောဂါဝင်ရောက်သည့် လူနာများထဲမှ ၁၀ ရာနှုန်းသည် အေအိုင်ဒီအက်စ် ရောဂါ လက္ခဏာများ ပြင်းထန်စွာ ဖြစ်ပေါ်၍ အသက်ဆုံးရှုံးကြရပြီး ၂၅ ရာနှုန်းသည် အေအိုင်ဒီအက်စ် ရောဂါနှင့် နှီးနှယ်သော ရောဂါလက္ခဏာစုများ ဖြစ်ပေါ်ကြပြီး ကျန် ၆၅ ရာနှုန်းမှာ ရောဂါလက္ခဏာများ မပြဘဲ သွေးစစ်ကြည့်မှသာ ရောဂါပိုးကို တွေ့မြင်နိုင်ကြောင်း သိရှိရသည်။ အသက်အရွယ်အားဖြင့် ၉၀ ရာနှုန်းမှာ အသက် ၂၀ မှ ၅၀ ကို အတွင်းဖြစ်ကြောင်း တွေ့ရှိသည်။

ရောဂါနှင့် ဆက်စပ်နေသော လက္ခဏာဝေဒနာများ

ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် နှီးနှယ်သော ရောဂါလက္ခဏာစု အနေနှင့် တွေ့ရှိချက်များမှာ ကိုယ်အလေးချိန် သိသိသာသာ လျော့ဆင်းခြင်း၊ အားနည်းပြီး နုံးခွေခြင်း၊ ကိုယ်လက် မအီမသာဖြစ်၍ အစားအသောက် ပျက်ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ မကြာခဏ ဖျားခြင်း၊ ညဘက် ချွေးထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အကျိတ်ရောင်ခြင်း စသည်တို့ ဖြစ်သည်။ ထို့ပြင် အမြွေးပါးနှင့် အရေပြား ရောင်ရမ်းခြင်း၊ အနာဖြစ်ပေါ်ခြင်းနှင့် လျှာပေါ် အဖြူကွက်များ ထွက်ပေါ်ခြင်းလည်း တွေ့မြင်နိုင်သည်။

လောလောဆယ် ကုသနည်းများ

အနာသီ ဆေးရှိ ဟု ဆိုရိုးစကား ရှိသော်ငြားလည်း အေအိုင်ဒီအက်စ် ရောဂါအတွက်မူ အနာသီသော်လည်း အတိအကျ ရောဂါပျောက်စေသော ဆေးမရှိ၊ ကုထုံးမရှိသေးပေ။ ယခုအထိ စမ်းသပ် ကုသနေသော နည်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

အေအိုင်ဒီအက်စ် ရောဂါရှင်တို့အား အယ်လ်ဖာ–အင်တာဖရွန် ဟူသော ဆေးဖြင့် ကုသပေးခဲ့ရာ အတော်အသင့် သက်သာကြသော်လည်း လုံးဝ ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ပေ။ သက်သောင့် သက်သာ အနေအထား ရှိရုံလောက်သာ ဆောင်ရွက် ပေးနိုင်လေသည်။ သို့သော် ၉၀ ရာနှုန်းသော အေအိုင်ဒီအက်စ် ရောဂါရှင်များ ဖြစ်လေ့ဖြစ်ထရှိသော ကာပိုဆီ ဆာကိုးမားခေါ် အရေပြားကင်ဆာကိုမူ ၂၅ ရာခိုင်နှုန်းခန့် ပျောက်ကင်းစေနိုင်သည်ဟု ဆို၏။

နောက်တစ်မျိုးမှာ အင်တာလူကင်–၂ ဖြစ်သည်။ ဤဆေး၏ ဓာတ်သဘာဝမှာ ရောဂါပိုးများကို တိုက်ခိုက်နှိမ်နင်းနိုင်သော စွမ်းရည် ထက်မြက်စေသဖြင့် ထိရောက်စွာ အသုံးပြုနေကြသော်လည်း လုံးဝ ပျောက်ကင်းစေသော ဆေးတစ်လက် မဟုတ်ချေ။

ခေတ် စား နေ သော ဆေး တစ် လက် ဖြစ် သော အေဇက်တီမှာလည်း ရောဂါသက်သာစေသော ဆေးတစ်ခုသာ ဖြစ်နေချေ၏။

မကြာသေးမီ ကာလတွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကွန်ပေါင်းကြူ ဟူသောဆေးသည် သခွားပင်ကဲ့သို့ အပင်မှ ရရှိသည်ဟု ဆို၏။ ယင်းဆေးသည် အိပ်ချိအိုင် ဗို ဗိုင်းရတ်ပိုး ကပ် ရောက် နေသော ဆဲလ် များ ကို ဖျက်ဆီးနိုင်ကြောင်း တွေ့ရှိရသည်။ သို့သော် လူသားများ အသုံးပြုနိုင်ရန်အတွက်မူ လေ့လာသုတေသနပြုဆဲဖြစ်သည်။

အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ) က အေအိုင်ဒီအက်စ် ရောဂါရှင်များအတွက် အသုံးပြုရန် ခွင့်ပြု ထားသော ဆေးသစ်နှစ်လက်မှာ ယင်းရောဂါရှင်များ မကြာခဏ ခံစားရသော မျက်စိဝေဒနာအတွက် ဂလင်ဆီကလိုဗာနှင့် သွေးအားနည်း ဝေဒနာအတွက် အယ်ရီတြို ပို့ုင်တင် ဟူသော ဆေးတို့ဖြစ်သည်။

နောက်ဆုံး စွမ်း သပ် နေ သော ဆေး နှစ် မျိုး မှာ ဂျီအမ် စီအက်စ်အက်ဖ် ဟူသော ခုခံအားဖြည့် သွေးဖြူဥ တိုးပွားစေသောဆေးနှင့် စီဒီ–၄ ဟူသော အိပ်ချိအိုင်ဗီ ဗိုင်းရတ်ပိုး ၊အရေအတွက် ကျဆင်းစေသော ဆေးတို့ ဖြစ်ကြသည်။ သိပ္ပံပညာရှင်တို့သည် ယင်းဆေးနှစ်မျိုး အပေါ် အောင်မြင်မှု မျှော်လင့်ချက် များစွာ ထားထားသောဆေးဖြစ်သည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုတွင် လူသားများကို ကာကွယ်ဆေးနှစ်မျိုး စမ်းသပ် ထိုးပေးလျက်ရှိကြောင်း သိရှိရသည်။ သို့သော် ယင်းကဲ့သို့ ကာကွယ်ပေးခြင်းဖြင့် မည်မျှအောင်မြင်သည်ကိုမူ မဖော်ပြသေးပေ။

ထို့ကြောင့် ယခုထက်တိုင် အေအိုင်ဒီအက်စ် ရောဂါအတွက် ဒက်ထိ ပျောက်ကင်းစေနိုင်သောဆေးဟူ၍ မရှိသေးသဖြင့် ဤရောဂါဆိုး အတွက် ကုသခြင်းထက် ကာကွယ်ခြင်းသည် ပိုမိုအရေးကြီးကြောင်း သိရှိကြရပေမည်။

ရောဂါကာကွယ်နည်းများ

သို့ဖြစ်၍ ရောဂါတစ်ခုကို ကာကွယ်မည် ဆိုပါက လူတစ်ဦးချင်းအနေဖြင့် ထိုရောဂါ၏အကြောင်းကို သိရှိနားလည်စေရန် ပညာပေးရမည်။ ထို့ပြင် ရောဂါ၏ အန္တရာယ်ကိုလည်း သိရှိရပေမည်။ ဤရောဂါအတွက် အကောင်းဆုံးလက်နက်ဖြစ်သော ကာကွယ်ရေးလုပ်ငန်းအတွက် ရောဂါကူးစက်ပုံနှင့် ရောဂါ အကြောင်း အခြင်းရာများကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင် သံ ကြား၊ ဟောပြောပွဲ၊ ပိုစတာ၊ လက်ကမ်းစာစောင် စသဖြင့် နည်းပေါင်းစုံသုံး၍ ပြည်သူလူထု နားလည်သဘောပေါက်စေရန် ပညာပေးရမည် ဖြစ်သည်။

ထို့ပြင် ရောဂါဖြစ်လွယ်သော အုပ်စု(Risk Group) ဖြစ်သော လိင်တူ ဆက်ဆံသူများ၊ ပြည့်တန်ဆာများ၊ မူးယစ်ဆေး၊ အကြောဆေး ထိုးသူများ၊ မကြာခဏ သွေးသွင်းခြင်းခံရသူများ၊ ရောဂါရှိသောမိခင်မှ မွေးဖွားလာသော ကလေးများ၊ ရောဂါရှင်နှင့် အတူ နေထိုင်သူများကို E.L.I.S.A နည်းခေါ် Standard Antibody Test ဖြင့် သွေးကြည်ရည်ကို စစ်ဆေးကြည့်ခြင်းဖြင့် ရောဂါလက္ခဏာ အထင်အရှား မရှိသေးသော်လည်း ရောဂါရှိနေသောသူများကို ရှာဖွေနိုင်၍ ဆက်လက်မပြန့်ပွားမီ တားဆီးခြင်းဖြင့် ကာကွယ်နိုင်သေးသည်။

တစ်ကိုယ်ရေ ရောဂါကာကွယ်နည်း

မိမိနှင့် မိမိ၏ မိသားစုတွင် ရောဂါ မကူးစက်ရန် အတွက်မူ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ကြရပေမည်။

(၁) လိင်တူဆက်ဆံခြင်းကို ရှောင်ပါ၊
(၂) ရောဂါရှိသူများနှင့် အတူအိပ်၊ အတူစားခြင်း၊ သူတို့နှင့် ဆက်ဆံခြင်း မပြုပါနှင့်၊
(၃) မူးယစ်ဆေးဝါးများကို သူအပ်ကိုယ့်အပ် မရွေး ဘဲ လူပေါင်းစုံ မထိုးပါနှင့်၊
(၄) သွေးသွင်းခံရလျှင် လှူသောသွေးဌာန ရောဂါပိုးပါ မပါ စစ်ဆေးပြီး မပါသော သွေးကိုမှ လက်ခံပါ၊
(၅) ကြံ့ရာလူနှင့် လိင်ဆက်ဆံမှုမပြုပါနှင့်။ အပျော်အပါး မလိုက်စားပါနှင့်၊

(၆) မနေနိုင်၍ ဆက်ဆံမှုပြုလျှင် ကြက်ပေါင်အစွပ် (F.L) ကိုသုံးပါ။
(၇) နားဖောက်ခြင်း၊ လက်သွေးဖောက်ခြင်းများ ကိုလည်း သန့်စင်စွာ ပြုလုပ်ပါ။
(၈) ထို့အတူ ဆံပင်ညှပ်ဆိုင်၊ အလှ ပြင်ဆိုင်တို့မှ မုတ်ဆိတ်ရိတ်ခား၊ အမွေးရိတ် ခားတို့မှလည်း ရောဂါကူးနိုင်သည်ကို သတိပြုပါ။

ရုပ်ရှင်ဓာတ်ပုံပညာရှင်
လန်ဒန်အတ် ဦးမောင်မောင်

မောင်မောင်၊ ဦး (လန်ဒန်အတ်) (ခရစ် ၁၈၉၆–၁၉၈၉)။ ။ပထမဆုံး မြန်မာ ရုပ်ရှင်ကား ဖြစ်သော မေတ္တာနှင့် သူရာ ဇာတ်ကားကိုမြန်မာ့ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ် ဦးအုန်းမောင်နှင့် တွဲဖက်ကြိုးပမ်း ရိုက်ကူးခဲ့သော မြန်မာ့ရုပ်ရှင်လောက၏ ရွှေဆောင်လမ်းပြ တစ်ဦးဖြစ်သူ လန်ဒန်အတ်ဦးမောင်မောင်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ ခရစ်နှစ် ၁၈၉၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အဖ ဦးဘတင်၊ အမိ ဒေါ်အေးချိုတို့က မွေးဖွားသည်။

ရန်ကုန်မြို့ စိန်ပေါကျောင်းမှ ခုနစ်တန်းအောင်မြင်ပြီး ၁၉၀၈ ခုနှစ်တွင် ကျောင်းမှထွက်၍ ဘိလပ်၌ အထက်တန်းပညာရပ်များ ဆက်လက်သင်ကြားရန် ရည်ရွယ်ခဲ့သော်လည်း ပထမကမ္ဘာစစ်ဖြစ်လာသဖြင့် အစီအစဉ်ဖျက်ပြီး ဓာတ်ပုံပညာဘက်၌ စိတ်အားထက်သန်ရင်းစွဲ ရှိသောကြောင့် မိဘများက ငွေအရင်းထုတ်ပေးပြီး အစ်မဝမ်းကွဲ၏ ခင်ပွန်း ဦးအုန်းမောင်နှင့်အတူ ၁၉၁၄ ခုနှစ်တွင် လန်ဒန်အတ်ဓာတ်ပုံတိုက်ကို ဖွင့်လှစ်ခဲ့ကြသည်။ ဦးမောင်မောင်သည် လန်ဒန်အတ်ဓာတ်ပုံတိုက်မထောင်မီ ၁၉၁၁ ခုနှစ်ကတည်းက မြန်မာ့ရုပ်ရှင်ရိုက်ကူးနိုင်ရေးကို ကြိုးပမ်းလာခဲ့သည်။

ထို့နောက် ပထမဆုံး မြန်မာ့ရုပ်ရှင် ဇာတ်ကား ဖြစ်သော မေတ္တာနှင့်သူရာကို ကြိုးပမ်း ရိုက်ကူးနေစဉ် ၁၉၁၉ ခုနှစ်တွင် နယူးယောက်မြို့ ဖောက်စ်နယူးစ်ပါသီသတင်းဌာနမှ ကမ္ဘာ့သတင်းများကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင် ရိုက်ကူးသူ ဝီလျံဖောက်စ်ထံ လှမ်းဆက်သွယ်ပြီး နဂိုတစ်ပေတစ်ရာ (သတင်းကားများ) စမ်းပို့ရာ ၄၂ ပေကို လက်ခံပြီး အမေရိကန်ဒေါ်လာ ၁၀၀ ပေးပို့ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ထို့ကြောင့် အားတက်၍ မှတ်တမ်းတင် သတင်းကားပိုင်းများကို ဆက်လက်ရိုက်ကူးပေးပို့ခဲ့သည်။ ထို့ပြင် ဂလုပ် စိန်မာရီပိုင်ရှင် မစ္စတာ ဆစ်ဒွါးကလည်း တစ်ပေတစ်ကျပ်နှုန်းဖြင့် ဝယ်ယူကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဇွန်လ ၂ ရက်နေ့တွင် ပထမဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဦးထွန်းရှိန် ကွယ်လွန်သွားရာ ဦးမောင်မောင်သည် အမျိုးသား ခေါင်းဆောင်ကြီး၏ စျာပနသတင်းကားကို ရိုက်ကူးပြသရာ အထူးအောင်မြင်ခဲ့ပြန်သည်။ ထိုစျာပနသတင်းကားကို ထိုနှစ် စက်တင်ဘာလတွင် အမေရိကန်ဇာတ်ကားရှည် တစ်ကားနှင့် တွဲပြခဲ့သည်။ မရွေးမနှောင်းမှာပင် ပထမဆုံးမြန်မာ ရုပ်ရှင်ကား မေတ္တာနှင့်သူရာကိုလည်း ၁၉၂၀ ပြည့်နှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ စိန်မာဒီပဲရစ်ရုံတွင် ရုံတင်ပြခဲ့ရာ ပရိသတ်ဝက်ဝက်ကွဲသည်အထိ အောင်မြင်ခဲ့သည်။ လန်ဒန်အတ် ဦးမောင်မောင်သည် ၎င်းတည်ထောင်ထားသော ဘားမားဖလင်းမှ မေတ္တာနှင့်သူရာ၊ ကျေးတောသူမနု၊ ရွှေပေးလို့မရ၊ တိမ်တလုံး၊ စိတ်အာရုံ၊ ခင်ခင့်အမှားတော်ပုံ၊ တသက်လုံးဖုံးသမျှကုန်းကော့မှပေါ် ဇာတ်ကားခုနစ်ကား ထုတ်လုပ်ခဲ့ရာ ဇာတ်ကားအားလုံးပင် ၎င်းကိုယ်တိုင် ရိုက်ကူးခဲ့သည်။ ခင်ခင့်အမှားတော်ပုံတွင် မင်းသား ဒဂုဏ်ပ ဦးဘတင်အား နှစ်ကိုယ်ခွဲ စတင် ရိုက်ကူး ပြသနိုင်ခဲ့သည်။ ထို့ပြင် နယူးဘားမားဖလင် (မြန်မာအဆွေ) အတွက် တော်မြို့စုန်းက လှမ်းအောင်ဖန်နှင့် အနှိပ်သည် စသော ဇာတ်ကားများကိုလည်း ဦးမောင်မောင် ရိုက်ကူးပေးခဲ့သည်။

ထို့နောက် ၁၉၃၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ Imperial Talkie အတွက် အိန္ဒိယ ရုပ်ရှင်ဇာတ်ကား သုံးကားဖြစ်သော ဒါလ်ကူကီဒါယ်ဟန်၊ ကရီဗင်၊ ချန္ဒရာဂျစ် အသံထွက်ကားများကို ဦးမောင်မောင် ရိုက်ကူးပေးခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဒါရိုက်တာဦးဥာဏ၊ ဦးအောင်ဇံတို့နှင့်အတူ မြန်မာ့ရုပ်ရှင် ကြီးပွားရေးအသင်း တည်ထောင်ကြပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေးကို ဆောင်ရွက်ခဲ့သည်။ ဦးမောင်မောင်သည် လန်ဒန်အတ်၊ ဘားမားနေရှင်နယ်၊ ဇမ္ဗူမိတ်ဆွေ၊ ဟံသာ စသော ရုပ်ရှင်ကုမ္ပဏီများ တည်ထောင်ရာတွင်လည်း အစုစပ် ပါဝင်ခဲ့သည်။

ဂျပန်ခေတ်တွင် ဝါဒဖြန့်ချိရေးဌာန၌ တာဝန်ပေးအပ်ခံရပြီး ဂျပန်ရုပ်ရှင်ကားများကို စိစစ်ရွေးချယ်ကာ ပြသ

ပေးခဲ့ရသည်။ ၁၉၄၆ ခုနှစ် မတ်လ ဂ ရက်နေ့၌ ဥက္ကဋ္ဌ အောဝမ်း ဦးတင်နွယ် ဦးဆောင်သော ရုပ်ရှင်နှင့်ပြဇာတ် အမှုဆောင်အဖွဲ့တွင် အမှုဆောင်အဖြစ် အရွေးခံရပြီး ၁၉၄၇ ခုနှစ်တွင် မြန်မာ့ရုပ်ရှင် ငွေရတုသဘင်ကျင်းပရာ ငွေရတုသဘင်ကျင်းပရေး ကော်မတီဝင်အဖြစ်ထမ်းဆောင်ခဲ့သည်။ ထို ငွေ ရ တု သ ဘင် ကို မြန်မာ့အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာပြည် ဘုရင်ခံတို့ တက်ရောက်အားပေးခဲ့ကြသည်။

ဦးမောင်မောင်သည် သတင်းရုပ်ရှင် (INP) ထုတ်ဝေသည့် လုပ်ငန်းကို စာရေးဆရာ ဦးသန်းတင့် (မူဝံ)၊ ဒီဆူဇာဦးခင်ဇော် (ယခင်ရုပ်ရှင်မင်းသား ကိုခင်အောင်)၊ စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာဦးဥာဏ၊ မောင်ထင်တို့နှင့် အတူဆောင်ရွက်ခဲ့သည်။ The International Publicity လုပ်ငန်းကို စာရေးဆရာ ဦးဥာဏ၊ စာရေးဆရာကြီး ဦးသန်းတင့်(မူဝံ)၊ လေထီး ဦးထွန်းလင်းတို့နှင့် အတူ ဆောင်ရွက်ရင်း လုတ်လပ်ရေး ခေတ်ကြို ကာလတွင် ရုပ်ရှင်ဖြင့် တိုင်းပြည်လူထု သတင်းမှန်၊ အသိမှန်၊ အမြင်မှန် ရရှိစေရန် ကူညီဖြည့်ဆည်းပေးခဲ့ကြသည်။

၁၉၄၇ ခုနှစ် ကက်စ်ဘီစစ်အုပ်ချုပ်ရေးကာလ၌ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်ကြီးများ၏ တာဝန်ပေးချက်အရ စာရေးဆရာရုပ်ရှင်ဒါရိုက်တာ ဦးဥာဏ၊ သတင်းစာဆရာ စာရေးဆရာဦးသန်းတင့်(မူဝံ)တို့နှင့်အတူ ပြည်သူ့ဆက်ဆံရေးဌာနတွင် ဝင်ရောက် အမှုထမ်းသည်။ လုတ်လပ်ရေးရပြီးသည့် နောက်ပိုင်း ပြန်ကြားရေး ဝန်ကြီးဌာနလက်အောက်၌ နိုင်ငံတော်အစိုးရ ရုပ်ရှင်နှင့်ပြဇာတ်ဌာနပေါ် ပေါက်လာသောအခါတွင် စက်မှုဘက်ဆိုင်ရာ အင်ဂျင်နီယာအဖြစ်လည်းကောင်း၊ ရုပ်ရှင် ဓာတ်ပုံ အရာရှိချုပ်အဖြစ်လည်းကောင်း ရာထူး အမျိုးမျိုး ပြောင်းလဲ၍ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၁ ခုနှစ် မတ်လတွင် ဦးမောင်မောင်သည် နယူးဒေလီသို့ မြန်မာ့အားကစားအဖွဲနှင့်အတူလိုက်ပါ၍ ရုပ်ရှင်ရိုက်ကူးရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၃ ခုနှစ် မြန်မာ–အမေရိကန် အိုးစိအေ စီမံကိန်းအရ ဦးညီပု ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သော ရုပ်ပြဗဟုသုတ ပြန့်ပွားရေးအဖွဲ့တွင် ထုတ်လုပ်ရေး မန်နေဂျာအဖြစ် အမေရိကန် ရုပ်ရှင်ဓာတ်ပုံပညာရှင်များနှင့် တွဲဖက်ပြီး တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၅၅ ခုနှစ် မတ်လတွင် စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ရသည်။ လန်ဒန်အတ် ဦးမောင်မောင်သည် ၁၉၅၉ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးဝန် (သတင်းနှင့်ပြသ) ရာထူးဖြင့် နိုင်ငံဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဦးမောင်မောင်သည် လူငယ်များစာရိတ္တနှင့် ယဉ်ကျေးမှု မြှင့်တင်ရေး ပရဟိတလုပ်ငန်းအတွက် အသင်းတစ်သင်းတည်ထောင်၍ လူငယ်ပညာပေးရုပ်ရှင်ဇာတ်ကားတိုများ ရိုက်ကူးပြသရန် ဦးဘဟန်၊ အာရှဦးကျော့၊ဦးထင်ဖတ်၊ဦးထွန်းဖေ၊ဦးမောင်မောင်ပြေ၊ သတင်းစာဆရာ ဘားမင်းဦးဘချစ်တင်၊ ဗိုလ်မှူးအေးငွေ၊ ဦးတင်လတ် စသူတို့နှင့်အတူ ကြိုးပမ်းခဲ့ကြသေးသော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၆၉ ခုနှစ် ရုပ်ရှင် နှီးနှောဖလှယ်ပွဲတွင် ဦးမောင်မောင်သည် ဗဟို ဦးဆောင်ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့သည့်အပြင် ရုပ်ရှင်ပညာသင်တန်းအသီးသီးတွင် ရုပ်ရှင်ပညာများ ပို့ချပေးခဲ့သည်။

ဦးမောင်မောင်သည် လုတ်လပ်ရေး ကြိုးပမ်းနေချိန် ကာလဖြစ်သော ၁၉၃၅ ခုနှစ်ခန့် အင်္ဂလိပ် အုပ်စိုးချိန်၌ ဟံသာဓာတ်ကားကုမ္ပဏီအတွက် ဒို့လယ်သမား ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူး၍ တောင်သူလယ်သမားများ၏ ဘဝချို့ချစ်စိတ်ဓာတ်ကို အားပေး နှိုးဆွပေးခြင်းဖြင့် နိုင်ငံလုတ်လပ်ရေးအတွက် တစ်တပ်တစ်အားပါဝင်ခဲ့သည်။

ထို့ပြင် ဦးမောင်မောင်သည် လူမှုအဖွဲ့အစည်းများနှင့် သာသနာရေး ကိစ္စများတွင်လည်းပါဝင်ခဲ့ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ နာယကကြီး စသည်ဖြင့် သာသနာတော် စည်ပင်ပြန့်ပွားစေရန် အတွက် ဆောင်ရွက်လုပ်ကိုင်ပေးခဲ့သည်။

ဦးမောင်မောင်သည် ဆဋ္ဌသင်္ဂါယနာတင် အောင်မြင်မှု အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်က ချီးမြှင့်သော ဆုတံဆိပ်၊ ၁၉၆၀ ပြည့်နှစ်တွင် ရုပ်ရှင်ကောင်စီ စည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌကြီး ဦးချင်းစိန် ချီးမြှင့်သော မြန်မာ့ရုပ်ရှင် ဂုဏ်ထူးဆောင် စာချုန်တော်နှင့် ရွှေရင်ထိုးတံဆိပ်၊ ၁၉၆၆ ခုနှစ်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်များကို ရရှိခဲ့သူဖြစ်သည်။

ဦးမောင်မောင်သည် ၁၉၁၆ ခုနှစ်တွင် ဒေါ်လှခင်နှင့် အိမ်ထောင်ကျပြီး သားနှစ်ယောက် သမီးနှစ်ယောက် ထွန်းကားခဲ့၍ ၁၉၄၀ ပြည့်နှစ်၌ ဒေါ်လှခင် ကွယ်လွန်သွားသဖြင့် ၎င်း၏ညီမ ဒေါ်လှတင်ကို ၁၉၄၁ ခုနှစ်တွင် လက်ဆက်ခဲ့သည်။ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ဒေါ်လှတင် ကွယ်လွန်သွားသည်။ ၁၉၄၃ ခုနှစ်တွင် ဒေါ်လှတင် ကွယ်လွန်သွားသည်။ လန်ဒန်အတ်ဦးမောင်မောင်သည် ကွယ်လွန်ချိန် အသက် ၉၃ နှစ်အချိန်ထိ နောက်ထပ်အိမ်ထောင်မပြုခဲ့တော့ချေ။

မြန်မာ့ရုပ်ရှင် ဖခင်တစ် ဦး ဖြစ် သူ လန်ဒန်အတ် ဦးမောင်မောင်သည် ၁၉၈၉ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား သမီးများနှင့် မြေးများ ကျန်ရစ်ခဲ့သည်။

မြန်မာနိုင်ငံ စာပေ ဆုများ။ ။၁၉၇၇ ခု နှစ် နှင့် ၁၉၇၈ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် ၁၉၇၇ ခုနှစ် စာပေဗိမာန်စာမူဆု တစ်ပေါင်းတည်း ကျင်းပသော ဆုနှင့်းသဘင် အခမ်းအနားကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အမျိုးသားစာပေဆုအတွက် ဆုလက်မှတ်နှင့် အတူ ငွေသားကျပ် ၂၀,၀၀၀ ချီးမြှင့်ပြီး စာပေဗိမာန် စာမူ ပထမဆုအတွက် ဆုလက်မှတ်နှင့်ငွေ ကျပ် ၇၀၀၀၊ ဒုတိယ ဆုအတွက် ဆုလက်မှတ်နှင့် ငွေကျပ် ၆၀၀၀၊ တတိယ ဆုအတွက် ငွေကျပ် ၅၀၀၀ စီ ချီးမြှင့်သည်။

အမျိုးသားစာပေဆု ရွေးချယ်ရေး ကော်မတီသည် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဝါဒ ကိုးချက်နှင့် သတ်မှတ်ထားသည့် အမျိုးသားစာပေဆု စည်းကမ်းချက်များအတိုင်း ၁၉၇၇ ခုနှစ်နှင့် ၁၉၇၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များကို စိစစ် ရွေးချယ် ခဲ့သည်။

စိစစ်ဖတ်ရှုသော ဘာသာရပ်အလိုက် စာအုပ်များ	၁၉၇၇ ခုနှစ်	၁၉၇၈ ခုနှစ်
(၁) ဝတ္ထုရှည်	၃၂၂	၂၄၂
(၂) ဝတ္ထုတို ပေါင်းချုပ်	၁၂	၇
(၃) သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ)	၁၃	၁၂
(၄) သုတပဒေသာ (ဝိဇ္ဇာ)	၆	၂
(၅) စာပဒေသာ	၉	၃
(၆) မြန်မာယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	၃	၂
(၇) ကဗျာ	၇	၂
(၈) နိုင်ငံရေးစာပေ	၁	၁
(၉) ကလေးလူငယ်စာပေ....	၆	၅
(၁၀) ဘာသာပြန်	၂၀၁	၁၇၁
စုစုပေါင်း	၅၈၀	၄၄၇

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ဖော်ပြပါအတိုင်း ၁၉၇၇ ခုနှစ်အတွက် ထုတ်ဝေသော စာအုပ် ၅၈၀ နှင့် ၁၉၇၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ် ၄၄၇ အုပ်တို့အနက် ဆုစည်းကမ်းနှင့် ကိုက်ညီသော ဘာသာရပ်ခြောက်မျိုး၊ စာအုပ် ခြောက်အုပ်ကို ၁၉၇၇ ခုနှစ်အတွက်လည်းကောင်း၊ ဘာသာရပ်ခုနစ်မျိုး စာအုပ်ခုနစ်အုပ်ကို ၁၉၇၈ ခုနှစ်အတွက် လည်းကောင်း ရွေးချယ်စိစစ်၍ ဆုပေးနိုင်ခဲ့သည်။

၁၉၇၇ ခုနှစ်နှင့် ၁၉၇၈ ခုနှစ် နှစ်နှစ်စလုံးတွင် ဆုချီးမြှင့်ရန်ရွေးချယ်ခြင်း မပြုနိုင်သော ဘာသာရပ်များမှာ ပြဇာတ်စာပေ၊ ဘာသာပြန် (သုတစာဓပ)၊ လူငယ်စာပေနှင့် နိုင်ငံရေးစာပေတို့ ဖြစ်ကြသည်။ အထူးသဖြင့် ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် အမျိုးသားစာပေဆု ချီးမြှင့်နိုင်ခြင်း မရှိသည်မှာ နှစ်ပေါင်း ၂၀ ခန့်မျှ ကြာပြီဖြစ်သည်။

ယခုနှစ် ဆုနှင်းသဘင်က စတင်ပြီး အမျိုးသားစာပေဆု၏ ဆုငွေပမာဏကို ကျပ် ၁၀,၀၀၀ မှ ကျပ် ၂၀,၀၀၀ အထိ တိုးမြှင့်သတ်မှတ်၍ ချီးမြှင့်ခြင်းပြုသည်။

၁၉၇၇ ခုနှစ် စာပေဗိမာန်စာမူဆုများ

စာအုပ်အဖြစ် ထုတ်ဝေရန် အခက်အခဲရှိနေသည့် အဆင့်မီစာမူများကို စာအုပ်အဖြစ် ရောက်ရှိစေရန်နှင့် အရည်အသွေးရှိသည့် ကလောင်ရှင်များကို ချီးမြှောက်အားပေးရန် ဟူသော ရည်ရွယ်ချက် ထားရှိကာ စာပေဗိမာန် စာမူဆုပြိုင်ပွဲ ပြုလုပ်ပေးခြင်း ဖြစ်သည်။

စာပေဗိမာန် စာမူဆု ရွေးချယ် စိစစ်ရေး အဖွဲ့သည် စာပေဗိမာန် စာမူဆု ရွေးချယ် စိစစ်ရေး မူဝါဒနှင့် စည်းကမ်းချက်များနှင့် အညီ ဖတ်ရှုစိစစ်၍ ဆုပေါင်း ၂၃ ဆု ပေးခဲ့သည်။

စိစစ်ဖတ်ရှုသော ဘာသာရပ်အလိုက် စာမူများ	လက်ခံ ရရှိသည့် စာမူ	ရွေးချယ်ပြုစု အုပ်ဖြစ်
(၁) ဝတ္ထုရှည်	၂၆	၂
(၂) ဝတ္ထုတို ပေါင်းချုပ်	၄၃	၃
(၃) ပြဇာတ်စာပေ	၄	၁
(၄) စာပဒေသာ	၂၅	၂
(၅) ဘာသာပြန်စာပေ	၇	၁
(၆) ကလေးစာပေ	၁၃	၁
(၇) လူငယ်စာပေ	၁၇	၁
(၈) မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ	၉	၂
(၉) နိုင်ငံရေးစာပေ....	၁	၀
(၁၀) သုတပဒေသာ (ဝိဇ္ဇာ)ပညာရပ်	၁၃	၂
(၁၁) သုတပဒေသာ(သိပ္ပံ)နှင့် အသုံးချသိပ္ပံပညာရပ်	၂၁	၃
စုစုပေါင်း	၁၆၇	၂၃

၁၉၇၇ ခုနှစ် အမျိုးသားစာပေဆုရသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁။	ဝတ္ထုတိုပေါင်းချုပ်	စိန်လွန်တူးသမား၏အဖွင့်အပိတ် တံခါးနှင့် အခြားဝတ္ထုတိုများ	ကိုရိုးကွန့်
၂။	ကဗျာ	ရွှေးခေတ်ပုဂံ ကဗျာများနှင့် အခြားကဗျာများ	ဇော်ဂျီ
၃။	စာပဒေသာ	မီးတုတ် သခင်သိန်းမောင်ကြီး၏ ဘဝနှင့် နိုင်ငံရေးလှုပ်ရှားမှုများ	ခင်မောင်လတ်
၄။	ဘာသာပြန် (ရသစာပေ)	ကန္တာရခရီးသည်	ဘုန်းမြင့် (မန္တလေး)
၅။	ကလေးစာပေ	ကြက်တောင်စည်းနှင့် မစံပယ် ကလေးကဗျာများ	မြေလတ် မောင်မြင့်သူ
၆။	သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)	ရွှေးခေတ်မြန်မာ့သိပ္ပံကျမ်းများ	ဒေါက်တာမျိုးသန့်တင်

၁၉၇၈ ခုနှစ် အမျိုးသားစာပေဆုရသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁။	ဝတ္ထုရှည်	ခဲ့ထိုးရင် တဲထိုးရမယ်	တင်မော်(ဓာတု)
၂။	ဝတ္ထုတိုပေါင်းချုပ်	အဖေခေသူမဟုတ်နှင့် အခြားဝတ္ထုတိုများ	မောင်သုန်
၃။	ကဗျာ	ရိုးမအလှ ကဗျာများ	မောင်ယဉ်နွယ်
၄။	ဘာသာပြန်(ရသစာပေ)	ခန်းဆောင်နီအိပ်မက်	မြသန်းတင့်
၅။	ကလေးစာပေ	စံပယ်မွှေးမွှေး ကလေးဖို့	မောင်ယဉ်မှူး
၆။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ	မြန်မာ့ဇာတာ	တင်မမခိုင် (မန်းတက္ကသိုလ်)
၇။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	ငါးရှဉ့်ငါးဆယ် သိမှတ်ဖွယ်	ဦးအေးချို (မဟာဝိဇ္ဇာ)

၁၉၇၇ ခုနှစ် စာပေဗိမာန်စာမူဆုရသူများ

စဉ်	ဘာသာရပ်	ဆုအမျိုးအစား	စာမူအမည်	စာရေးသူ
၁။	ဝတ္ထုရှည်	ပထမဆု	အသည်းထဲကပုဂံ	လှိုင်ဝင်းဆွေ
၂။	ဝတ္ထုရှည်	ဒုတိယဆု	ကင်ဆာကို အနိုင်တုသူများ	ရင်မောင်
၃။	ဝတ္ထုရှည်	တတိယဆု	ဖြူသော်လည်းမဖြူ	တက္ကသိုလ် မောင်သုလှိုင်
၄။	ဝတ္ထုတိုပေါင်းချုပ်	ပထမဆု	ကိုပေသီးအုန်းပင်တက်နေသည်နှင့် အခြားဝတ္ထုတိုများ	မောင်ဥက္ကာ
၅။	ဝတ္ထုတိုပေါင်းချုပ်	ဒုတိယဆု	လိပ်ပြာလန်ပုံ	မောင်သုန်
၆။	ဝတ္ထုတိုပေါင်းချုပ်	တတိယဆု	ရင်ခွင်မဲ့ငှက်ငယ်တို့၏ တောင်ပံခတ်သံနှင့် အခြားဝတ္ထုတိုများ	မောင်ကျော် (မြန်မာစာ)
၇။	စာပဒေသာ	ပထမဆု	အလှပန်းချီ ဒဋ္ဌဝတီ	စိုးမြင့်ဝင်း
၈။	စာပဒေသာ	ဒုတိယဆု	ဘူမိခရီးသည်နှင့် ကန္ဒာရဝတီ	စိုးထွန်းဦး – ဘူမိ

မြန်မာနိုင်ငံစာပေဆုများ				မြန်မာ့အမည်များ
၉။	စာပဒေသာ	တတိယဆု	ဇော်ဝတီ၊ ရွှေလီ၊ မဲဇာရုပ်ပုံလွှာ	မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)
၁၀။	ကလေးစာပေ	ပထမဆု	လက်ရွေးစင် မြန်မာကလေး ပုံဝတ္ထု	တက္ကသိုလ် မောင်အောင်ဆွေ
၁၁။	ကလေးစာပေ	ဒုတိယဆု	မေတ္တာရိပ်မွန်	မင်းနွယ်သိန်း
၁၂။	ကလေးစာပေ	တတိယဆု	သန္တာ၊ တေဇ၊ ချောစု ကလေး ပုံဝတ္ထုများ	မောင်မောင်
၁၃။	လူငယ်စာပေ	ပထမဆု	စွမ်းအားရှင်ရွက်နုစိမ်းလေးများ	မောင်ခွန်နွယ် (အင်းလေး)
၁၄။	လူငယ်စာပေ	ဒုတိယဆု	အိပ်မက်မဟုတ်သော လောက သစ်နှင့် အခြားဝတ္ထုတိုများ	မင်းဗေဒါ(ပုဇ္ဈိဖြူ)
၁၅။	မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ	ပထမဆု	မြန်မာဓမ္မသတ်သမိုင်း	ဦးအောင်သန်းထွန်း
၁၆။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ	ဒုတိယဆု	ကိန္နရာကိန္နရီ	စိတြ
၁၇။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ	တတိယဆု	မြန်မာမှုနယ်မှ တိရစ္ဆာန်အလှများ	မောင်ယဉ်လှိုင်း (ပျဉ်းမမြို့)
၁၈။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	ပထမဆု	မြန်မာစကား၊ မြန်မာစာရုပ်ပုံလွှာ	မောင်ခင်မင်(ဓနုဖြူ)
၁၉။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	ဒုတိယဆု	မြန်မာ့စကား	ဦးအေးချို (မဟာဝိဇ္ဇာ)
၂၀။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	တတိယဆု	အကောက်တော်မှသည် အကောက်ခွန်သို့	တက္ကသိုလ် မောင်ငြိမ်းချမ်း အောင်ကျော်ဖြိုး
၂၁။	သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်)	ပထမဆု	အခြေခံ စိုက်ပျိုး မွေးမြူရေး ခြံလုပ်ငန်း စီမံခန့်ခွဲမှုပညာ	
၂၂။	သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်)	ဒုတိယဆု	ငှက်များ လေ့လာခြင်း	ဗိုလ်မှူးကြီးလှအောင် (အငြိမ်းစား)
၂၃။	သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်)	တတိယဆု	ဆီထွက်သီးနှံ နေကြာ	ကိုလေး–လှကျောက်

မြန်မာ့အမည်များ(၁၉၇၉)။ ။မြန်မာ့အမည်များကို အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဝေါ်သုံးနှုန်းရာတွင် မြန်မာအသံထွက်နှင့် ကိုက်ညီစေရန် စကားရပ်များ ပြောင်းလဲသတ်မှတ်သည့် ဥပဒေ ပုဒ်မ ၃ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၁၉၇၉ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြောင်းလဲ ခေါ်ဝေါ် သုံးနှုန်းရန် သတ်မှတ်ခဲ့သည်။ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ—၌။)

သို့ဖြစ်၍ လူမျိုးစုများ၊ ပြည်နယ်များ၊ တိုင်းများ၊ ပြည်နယ်မြို့တော်များ၊ တိုင်းမြို့တော်များ၊ မြစ်ကြီးများ၏ အမည်များ ပြောင်းလဲ သတ်မှတ်ထားသည့် အတိုင်း ပြင်ဆင်ခေါ်ဝေါ် သုံးနှုန်းရန်ဖြစ်သည်။

လူမျိုးစုများ၏အမည်များ

	မြန်မာ		အင်္ဂလိပ် အသံထွက်နှင့် အရေးအသား
(၁)	ကချင်	....	KACHIN
(၂)	ကယား	....	KAYAH
(၃)	ကရင်	....	KAYIN
(၄)	ချင်း	....	CHIN
(၅)	ဗမာ	....	BAMAR
(၆)	မွန်	....	MON
(၇)	ရခိုင်	....	RAKHINE
(၈)	ရှမ်း	....	SHAN

ပြည်နယ်များ၏ အမည်များ

	မြန်မာ		အင်္ဂလိပ်အသံထွက်နှင့် အရေးအသား
(၁)	ကချင်	....	KACHIN
(၂)	ကယား	....	KAYAH
(၃)	ကရင်	....	KAYIN
(၄)	ချင်း	....	CHIN
(၅)	မွန်	....	MON
(၆)	ရခိုင်	....	RAKHINE
(၇)	ရှမ်း	....	SHAN

တိုင်းများ၏ အမည်များ

	မြန်မာ		အင်္ဂလိပ်အသံထွက်နှင့် အရေးအသား
(၁)	စစ်ကိုင်း	....	SAGAING
(၂)	တနင်္သာရီ	....	TANINTHARYI
(၃)	ပဲခူး	....	BAGO
(၄)	မကွေး	....	MAGWAY
(၅)	မန္တလေး	....	MANDALAY
(၆)	ရန်ကုန်	....	YANGON
(၇)	ရော်ဝတီ	....	AYEYARWADY

ပြည်နယ် မြို့တော်များ၏ အမည်များ

ပြည်နယ်	မြန်မာ	အင်္ဂလိပ်အသံထွက်နှင့် အရေးအသား
(၁) ကချင်	မြစ်ကြီးနား	MYITKYINA
(၂) ကယား	လွိုင်ကော်	LOIKAW
(၃) ကရင်	ဘားအံ	HPA-AN
(၄) ချင်း	ဟားခါး	HAKHA
(၅) မွန်	မော်လမြိုင်	MAWLAMYINE
(၆) ရခိုင်	စစ်တွေ	SITTWE
(၇) ရှမ်း	တောင်ကြီး	TAUNGGYI

တိုင်း မြို့တော်များ၏ အမည်များ

တိုင်း	မြန်မာ	အင်္ဂလိပ်အသံထွက်နှင့် အရေးအသား
(၁) စစ်ကိုင်း	စစ်ကိုင်း	SAGAING
(၂) တနင်္သာရီ	ထားဝယ်	DAWEI
(၃) ပဲခူး	ပဲခူး	BAGO
(၄) မကွေး	မကွေး	MAGWAY
(၅) မန္တလေး	မန္တလေး	MANDALAY
(၆) ရန်ကုန်	ရန်ကုန်	YANGON
(၇) ရော်ဝတီ	ပုသိမ်	PATHEIN

မြစ်ကြီးများ၏ အမည်များ

	မြန်မာ		အင်္ဂလိပ်အသံထွက်နှင့် အရေးအသား
(၁)	ရော်ဝတီ	....	AYEYARWADY
(၂)	သံလွင်	....	THANLWIN
(၃)	စစ်တောင်း	....	SITTOUNG
(၄)	ချင်းတွင်း	....	CHINDWINN

ထို့ပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ် အတွင်း နိုင်ငံခြား အမည်ရှိသော လမ်းများကို ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှစ၍ အောက်ပါအတိုင်း မြန်မာအမည်သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။

အမှတ်စဉ်	လက်ရှိအမည်		ပြောင်းလဲသတ်မှတ်သည့်အမည်		မြို့နယ်
၁။	ကလာကာတန်းလမ်း	....	ဗိုလ်ဥတ္တမလမ်း	....	ကြည့်မြင်တိုင်
၂။	ချစ်တီးဘုရားလမ်း	....	ဗိုလ်စောဦးလမ်း	....	၎င်း
၃။	ဂျမားလမ်း	....	ဗိုလ်စောပုလမ်း	....	၎င်း
၄။	အာရန်ဒါလမ်း	....	ဗိုလ်ချိန်လမ်း	....	လှိုင်
၅။	ကာဝပ်ဂျီပတ်လမ်း	....	စောမဟာလမ်း	....	ဗဟန်း
၆။	ဂျမားလမ်း	....	ဗိုလ်ချိုလမ်း	....	၎င်း
၇။	စူနီရန်ပတ်လမ်း	....	သုခဝတီလမ်း	....	ရန်ကင်း

၈။	ဒီမိုကရေစီလမ်း	....	စောလှဘော်လမ်း	....	၎င်း
၉။	ဦးအုန်းခိုင်လမ်း	....	ဗိုလ်မင်းရောင်လမ်း	....	မဂ်လာတောင်ညွန့်
၁၀။	မောင်ခိုင်လမ်း	....	ဗိုလ်ရွှဲလမ်း	....	လသာ
၁၁။	မောင်ထော်လေးလမ်း	....	ဗိုလ်ဆွန်ပက်လမ်း	....	ပန်းဘဲတန်း
၁၂။	နတ်သျှင်နောင်လမ်း	....	ဗိုလ်ရာညွန့်လမ်း	....	ဒဂုံ
၁၃။	အောလမ်း	....	(က) လမ်း	...	ပုဇွန်တောင်
၁၄။	ဘီလမ်း	....	(ခ) လမ်း	....	၎င်း
၁၅။	စီလမ်း	....	(ဂ) လမ်း	....	၎င်း
၁၆။	အီးလမ်း	....	(ဃ) လမ်း	....	၎င်း
၁၇။	အက်(ဖ်)လမ်း	....	(စ) လမ်း	....	၎င်း
၁၈။	ဘာနပ်ရွှေသလမ်း	....	အဇ္ဈာဝလမ်း	....	ဆိပ်ကမ်း
၁၉။	ဘီပီအိုင်လမ်း	....	ဆေးဝါးစက်ရုံလမ်း	....	အင်းစိန်
၂၀။	ဘီပီအိုင်ရပ်ကွက်	....	ဗိုလ်ရန်ပြေရပ်ကွက်	....	ဒလ
၂၁။	လှိုင်ဘုံ ဘီအိုစီရပ်ကွက်	....	ဆမားဒူးဝါးရပ်ကွက်	....	ဆိပ်ကြီး/ခနောင်တို
၂၂။	ဂျမား (၁) ရပ်ကွက်	....	ဗိုလ်ချို (၁) ရပ်ကွက်	....	ဗဟန်း
၂၃။	ဂျမား (၂) ရပ်ကွက်	....	ဗိုလ်ချို (၂) ရပ်ကွက်	....	၎င်း
၂၄။	အင်စိန်ခြံရပ်ကွက်	....	ဆရာစံရပ်ကွက်	....	၎င်း
၂၅။	ဂုတ္တလစ် တောင်ရပ်ကွက်	....	ဆရာစံ တောင်ရပ်ကွက်	....	၎င်း
၂၆။	ဂုတ္တလစ် မြောက်/အရှေ့ရပ်ကွက်		ဆရာစံ မြောက်/အရှေ့ရပ်ကွက်		၎င်း
၂၇။	ဂုတ္တလစ် မြောက်ရပ်ကွက်	....	ဆရာစံ မြောက်/အနောက် ရပ်ကွက်)	....	၎င်း
၂၈။	ဆူပါပင် အရှေ့ရပ်ကွက်	....	စောရန်ပိုင် အရှေ့ရပ်ကွက်	.....	အလုံ
၂၉။	ဆူပါပင် အနောက်ရပ်ကွက်	....	စောရန်ပိုင်အနောက်ရပ်ကွက်	....	၎င်း
၃၀။	ဆူပါပင် တောင်ရပ်ကွက်	....	စောရန်ပိုင် တောင်ရပ်ကွက်	....	၎င်း
၃၁။	ဆူပါပင် မြောက်ရပ်ကွက်	....	စောရန်ပိုင် မြောက်ရပ်ကွက်	....	၎င်း
၃၂။	အီတာလျံရပ်ကွက်	....	ဗိုလ်ထွန်းဇံရပ်ကွက်	....	ဒေါပုံ
၃၃။	ဘော်ဂါရပ်ကွက်	....	ဘောဂရပ်ကွက်	....	ကြည့်မြင်တိုင်
၃၄။	ချင်းချောင်း ဟုမ်းလမ်းရပ်ကွက်		ပန်းလှိုင်ရပ်ကွက်	....	၎င်း
၃၅။	ဝိုက်တောရပ်ကွက်	....	သီတာရပ်ကွက်	....	၎င်း
၃၆။	ယောက်လမ်းရပ်ကွက်	....	ယောမင်းကြီးရပ်ကွက်	....	ဒဂုံ
၃၇။	အာရုံကန်ရပ်ကွက်	....	သဘော်ကျင်းရပ်ကွက်	....	ဒေါပုံ
၃၈။	ခြေလိမ်ရပ်ကွက်	....	ယမုံနာ (၁) ရပ်ကွက်	....	၎င်း
၃၉။	စက်ဆန်း နာနာဘိုင်ရပ်ကွက်	....	ယမုံနာ (၂) ရပ်ကွက်	....	၎င်း
၄၀။	မိုင်ဒါကွင်း	....	မြို့မကွင်း	....	ဒဂုံ
၄၁။	ရဲဒီးယားကွင်း	....	ရန်ကြီးအောင်ကွင်း	....	ဒလ
၄၂။	ကန်တော်မင် ပန်းခြံ	....	ကန်တော်မဂ်လာ ပန်းခြံ	....	ဒဂုံ
၄၃။	ဂျမားရိပ်သာ	....	ဗိုလ်ချိုရိပ်သာ (မြင်းခြံ)	....	ဗဟန်း
၄၄။	ကနေဒီကျွန်း	....	လွတ်လပ်ရေးကျွန်း	....	မဂ်လာတောင်ညွန့်

တစ်ဖန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နိုင်ငံခြားအမည်ရှိသော လမ်းများ၏အမည်ကို ၁၉၈၉ ခုနှစ် မတ်လ ၂၇ ရက်နေ့မှစ၍ တစ်ဖက်ပါအတိုင်း မြန်မာအမည်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

အမှတ်စဉ်	လက်ရှိအမည်		ပြောင်းလဲသတ်မှတ်သည့်အမည်		မြို့နယ်
၁။	ကရိုလမ်း	....	ဗိုလ်မြတ်ထွန်းလမ်း	....	ပုဇွန်တောင်
၂။	ကနေဒီလမ်း	....	ဦးအောင်မြတ်လမ်း	....	မင်္ဂလာတောင်ညွန့်
၃။	ကင်းကျေ့ အဲဗင်းနယူး	....	ကွမ်းခြံလမ်း	....	ဗဟန်း
၄။	ကင်းအက်ဒပ် အဲဗင်းနယူး	....	ဗိုလ်မင်းခေါင်လမ်း	....	မင်္ဂလာတောင်ညွန့်
၅။	လစ်တင်းလ် စစ်စတားလမ်း	....	ဒေါ်သိန်းတင်လမ်း	....	၎င်း
၆။	အီဗင်ဆင်လမ်း	....	မြယာကုန်းလမ်း	....	၎င်း
၇။	ကီလီလမ်း	....	ဝါးတန်းလမ်း	....	လမ်းမတော်
၈။	ဂွတ္တာလစ်လမ်း	....	ဆရာစံလမ်း	....	ဗဟန်း
၉။	ဂေါ်ဒွင်လမ်း	....	မြို့မကျောင်းလမ်း	....	ဒဂုံ
၁၀။	စင်ဂနယ်ပဂိုးဒါးလမ်း	....	အလံပြဘုရားလမ်း	....	၎င်း
၁၁။	ဘိုးလိန်းလမ်း	....	ဗညားဒလလမ်း	....	မင်္ဂလာတောင်ညွန့်
၁၂။	ဘောင်ဒရီလမ်း	....	ဓမ္မစေတီလမ်း	....	ဒဂုံ
၁၃။	မဂျစ်လမ်း	....	သမိန်ဗရမ်းလမ်း	....	တာမွေ
၁၄။	လင်းစဒေါင်းလမ်း	....	ရာဇမိရာဇ်လမ်း	....	ဗိုလ်တထောင်
၁၅။	သမိုင်းလင့်ခ်လမ်း	....	ကျိုက်ဝိုင်းဘုရားလမ်း	....	မရမ်းကုန်း
၁၆။	လွစ္စလမ်း	....	ဆိပ်ကမ်းသာလမ်း	....	ကျောက်တံတား
၁၇။	ဝိတိုရိယအဲဗင်းနယူး	....	ဂျိုးဖြူလမ်း	....	ဗဟန်း/ဒဂုံ
၁၈။	ဝင်ဆာလမ်း	....	ရှင်စောပုလမ်း	....	စမ်းချောင်း
၁၉။	ဘီဂင်ဒတ်လမ်း	....	အနော်ရထာလမ်း		ပုဇွန်တောင်
၂၀။	ဖရေဇာလမ်း	....			ကျောက်တံတား
၂၁။	ကဲနယ်လ်လမ်း	....			ပန်းဘဲတန်း
					လမ်းမတော်
၂၂။	စတော့ကိတ်လမ်း	....	သိမ်ဖြူလမ်း		ပုဇွန်တောင်
					ဗိုလ်တထောင်
၂၃။	ဂျူဒါအီစကယ်လမ်း	....			မင်္ဂလာတောင်ညွန့်
၂၄။	ကင်းဘဲလမ်း	....	ငါးထပ်ကြီးဘုရားလမ်း	....	ဗဟန်း
၂၅။	ကောလိပ်လမ်း	....	သခင်မြပန်းခြံ	....	အလုံ
၂၆။	ကွန်ဘိုကေးရှင်းလမ်း	....	ဘွဲ့နှင်းသဘင်လမ်း	....	ကမာရွတ်
၂၇။	ကော်ပိုရေးရှင်းလမ်း	....	စည်ပင်လမ်း	....	ကျောက်တံတား
၂၈။	ကူရှင်လမ်းနှင့် အနောက်လမ်း		အောင်ရတနာလမ်း	....	အလုံ
၂၉။	ချင်းချောင်းအဲဗင်းနယူးလမ်း....		ကမ္ဘာဇလမ်း	....	ဗဟန်း
၃၀။	ချန်စလာလမ်း	....	အဓိပတိလမ်း	....	ကမာရွတ်
၃၁။	စတီးဝပ်လမ်း	....	မော်ကွန်းတိုက်လမ်း	....	ဒဂုံ
၃၂။	ဆူပါပင်လမ်း	....	ဥဝါလမ်း	....	အလုံ
၃၃။	ဖူးကားလမ်း	....	စကားစိမ်းလမ်း	....	၎င်း
၃၄။	စီန်ဂျန်းလမ်း	....	မင်းရဲကျော်စွာလမ်း		လမ်းမတော်
၃၅။	မစ်ရှင်လမ်း	....			၎င်း
၃၆။	ဆင်းဒဝစ်လမ်း	....	နတ်သျှင်နောင်လမ်း	....	ဒဂုံ
၃၇။	ဆင်မဆင်လမ်း	....	ပန်တျာလမ်း	....	ဒဂုံ

၃၈။	တင့်လမ်း	....	သံတမန်လမ်း	....	၎င်း
၃၉။	ထရန်စပို့လမ်း	....	အာဇာနည်လမ်း	....	၎င်း
၄၀။	ဒူဘန်းလမ်း	....	မေလိခလမ်း	....	မရမ်းကုန်း
၄၁။	နယူးလင့်လမ်း	....	စကားဝါလမ်း	....	ဒဂုံ
၄၂။	ဖိုက် (ခ်) လမ်း	....	ရှမ်းလမ်း	....	အလုံ
၄၃။	ယောက်လမ်း	....	ဦးဘိုးလှိုင်လမ်း	....	ဒဂုံ
၄၄။	လင်ကတ်စတာလမ်း	....	နဝဒေးလမ်း	....	၎င်း
၄၅။	ရှပ်ဖရပ်ဇ်လမ်း	....	ဘဏ်လမ်း	....	ကျောက်တံတား
၄၆။	လီဒ်စလမ်း	....	ခရေပင်လမ်း	....	ဒဂုံ
၄၇။	လင့်(ခ်)လမ်း	....	ရွှေဂုံလမ်း	....	ဗဟန်း
၄၈။	လောင်းဝစ်လမ်း	....	အင်းယားမြို့ငယ်လမ်း	....	၎င်း
၄၉။	ဝင်ဒါမီယာလမ်း	....	သံလွင်လမ်း	....	ကမာရွတ်/ဒဂုံ
၅၀။	ဝင်ဒါမီယာအောက်လမ်း	....	ချင်းတွင်းလမ်း	....	ဒဂုံ
၅၁။	ဝင်ဒါမီယာကုတ်	....	ရွှေလီလမ်း	....	၎င်း
၅၂။	ဝင်ဒါမီယာဂါးဒင်း	....	ဥယျာဉ်လမ်း	....	၎င်း
၅၃။	ဝင်ဒါမီယာပတ်(ခ်)	....	ဇော်ဂျီလမ်း	....	၎င်း
၅၄။	ဝင်ဒါမီယာ ကရဲဆင့်လမ်း	....	ပန်းဝါလမ်း	....	၎င်း
၅၅။	ဟာမစ်တစ်လမ်း	....	သာသနာ့ရိပ်သာလမ်း	....	ဗဟန်း
၅၆။	ဟုမ်းလမ်း	....	ပန်းလှိုင်လမ်း	....	စမ်းချောင်း
၅၇။	အင်းနစ်လမ်း	....		....	ကြည့်မြင်တိုင်
၅၈။	ကလပ်လမ်း	....	၅၅ လမ်း	....	ဗိုလ်တထောင်
၅၉။	ကဲင့်လမ်း	....	စမုံလမ်း	....	ဒဂုံ
၆၀။	ကာလီမာလမ်း	....	မဟာဘောဂလမ်း	....	စမ်းချောင်း
၆၁။	ကရိစ် (ခ်) လမ်း	....	သီဂီလမ်း	....	သင်္ကန်းကျွန်း
၆၂။	ချန်းမာဖီလမ်း	....	နှင်းဆီလမ်း	....	အလုံ
၆၃။	ချပ် (ခ်) လမ်း	....	အိမ်တော်ဌာလမ်း	....	ဒဂုံ
၆၄။	ခရစ်ရှနာလမ်း	....	ရန်ကင်းလမ်း	....	စမ်းချောင်း
၆၅။	ချန်စပို့လမ်း	....	အောင်သီရိလမ်း	....	သင်္ကန်းကျွန်း
၆၆။	ဂုတ္တာလစ်ရိပ်သာလမ်း	....	သာယာဝတီလမ်း	....	ဗဟန်း
၆၇။	ဂုရုလမ်း	....	သုခမိန်လမ်း	....	စမ်းချောင်း
၆၈။	စတားရက်လမ်း	....	နွယ်သာကီလမ်း	....	အလုံ
၆၉။	စူပရာမန်းနီးလမ်း	....	ရတနာလမ်း	....	စမ်းချောင်း
၇၀။	စိန်ဗင်ဆင့်လမ်း	....	ဇောတိကလမ်း	....	ကမာရွတ်
၇၁။	စိန်အန်ထော်နီလမ်း	....	ဦးဖိုးကျားလမ်း	....	မင်္ဂလာတောင်ညွန့်
၇၂။	စိန်မိုက်ကယ်လမ်းကျယ်	....	မဏိမေခလာလမ်း	....	ကြည့်မြင်တိုင်
၇၃။	စိန်မိုက်ကယ် (၁) လမ်း	....	ရေတွင်းကုန်း (၁) လမ်း	....	၎င်း
၇၄။	စိန်မိုက်ကယ် (၂) လမ်း	....	ရေတွင်းကုန်း (၂) လမ်း	....	၎င်း
၇၅။	စူရတီပန်းခြံလမ်း	....	ပန်းခြံလမ်း	....	စမ်းချောင်း
၇၆။	ဆော်လမွန်လမ်း	....	ဥယျာဉ်လမ်း	....	သင်္ကန်းကျွန်း
၇၇။	ဇဖားရှားလမ်း	....	ဇီဝကလမ်း	....	ဒဂုံ

၇၈။	တင်းပယ်လ်လမ်း	....	ဝတ်ကျောင်းလမ်း	....	ဗိုလ်တထောင်
၇၉။	တင်းပယ်လ်လမ်း	....	ဘောဂလမ်း	....	သက်နှင်းကျွန်း
၈၀။	တာပင်တိုင်လမ်း	....	ယုဇနလမ်း	....	၎င်း
၈၁။	တာဝဲလိန်းလမ်း	....	ဗိုလ်ချုပ်ပြတိုက်လမ်း	....	ဗဟန်း
၈၂။	ဒပ်ဖရင်လမ်း		စန္ဒကူးလမ်း		ဗိုလ်တထောင်
၈၃။	ဒူဗလီလမ်း		မြေနီကုန်းစျေးလမ်း		စမ်းချောင်း
၈၄။	နော်မန်ကျောင်းလမ်း		နံ့သာလမ်း		အလုံ
၈၅။	နီကိုလ်းလမ်း		ငမိုးရိပ်လမ်း		မင်္ဂလာတောင်ညွန့်
၈၆။	နာသာလမ်း		မြဝတီလမ်း		စမ်းချောင်း
၈၇။	ပိုင်းလမ်း		သိန္နီလမ်း		ကြည့်မြင်တိုင်
၈၈။	ပန်ဒိယာလမ်း		သော်ကလမ်း		သက်နှင်းကျွန်း
၈၉။	ဖရေဇာလမ်း		တော်ဝင်လမ်း		ဒဂုံ
၉၀။	ဖွိုင်လမ်း		ရန်ပိုင်လမ်း		အလုံ
၉၁။	ဖော်ဆိုက်လမ်း		ကင်းဝန်မင်းကြီးလမ်း		ဒဂုံ
၉၂။	ဘင်တန်လမ်း		သီတာလမ်း		အလုံ/ကြည့်မြင်တိုင်
၉၃။	ဘလုတ်လမ်း		ဘန္ဒွာပင်လမ်း		ကြည့်မြင်တိုင်
၉၄။	ဘဒ်လမ်း		ပဒုမ္မာလမ်း		ဒဂုံ
၉၅။	ဘာတာဖီးလ်လမ်း		နှင်းဆီကုန်းလမ်း		သက်နှင်းကျွန်း
၉၆။	ဘတ်(စ်)လမ်း		မင်္ဂလာလမ်း		၎င်း
၉၇။	မတ္တရိကာလမ်း		သစ္စာလမ်း		မင်္ဂလာတောင်ညွန့်
၉၈။	မေရိုးလမ်း		မေယုလမ်း		ဗိုလ်တထောင်
၉၉။	မောင့်ပုလဲဆင့်လမ်း		ပုလဲလမ်း		ဗဟန်း
၁၀၀။	မော်ဂင်ဝတ်လမ်း		ဓမ္မာရုံလမ်း		စမ်းချောင်း
၁၀၁။	မူဆာကြီးလမ်း		အောင်တော်မူလမ်း		၎င်း
၁၀၂။	မာတင်အဲဗင်းနယူးလမ်း		ခပေါင်းလမ်း		ကမာရွတ်
၁၀၃။	မဟာမက်ပတေးလမ်း		စေတနာလမ်း		စမ်းချောင်း
၁၀၄။	မူလာအိစမန်လမ်း		ပဒေသာလမ်း		၎င်း
၁၀၅။	မဒရာစာလမ်း		ဗိုလ်မိုးလမ်း		၎င်း
၁၀၆။	မဟူရာဂျာလမ်း		မဟာမြိုင်လမ်း		သက်နှင်းကျွန်း
၁၀၇။	ယူနီယံလမ်း		ပြည်ထောင်စုလမ်း		စမ်းချောင်း
၁၀၈။	ယာဒ်လမ်း		သလွဲဝတီလမ်း		မရမ်းကုန်း
၁၀၉။	ရှောလမ်း		ခတ္တာလမ်း		စမ်းချောင်း
၁၁၀။	ရစ်ရှိလမ်း		သပြေညိုလမ်း		၎င်း
၁၁၁။	ရှိမူရန်လမ်း		အောင်မင်္ဂလာလမ်း		သက်နှင်းကျွန်း
၁၁၂။	ရန်းမင်းလမ်း		ယုဝလမ်း		၎င်း
၁၁၃။	ရဲဒီယာ အဲဗင်းနယူးလမ်း		ဝက်ပါလမ်းသွယ်		ဗဟန်း
၁၁၄။	လှိုက်လမ်း		ပင်းကျောင်းလမ်း		ဒဂုံ
၁၁၅။	လေဉ့်ပို့စ်လမ်း		စွယ်တော်လမ်း		၎င်း
၁၁၆။	လက်ချမီလမ်း		သုခလမ်း		စမ်းချောင်း
၁၁၇။	ဝိတိုရိယလမ်း		ရတနာလမ်း		သက်နှင်းကျွန်း
၁၁၈။	ဝီလျှံလမ်း		သီတာလေမ်း		၎င်း
၁၁၉။	သွန်မဆင် ပထမ ရိပ်သာလမ်း		ဗိုလ်တထောင်လမ်းသွယ်(၁)လမ်		ဗိုလ်တထောင်

၁၂၀။	သွန်မဆင် ဒုတိယ ရိပ်သာလမ်း	ဗိုလ်တထောင်လမ်းသွယ်(၂)လမ်း	၎င်း
၁၂၁။	သွန်မဆင် တတိယ ရိပ်သာလမ်း	ဗိုလ်တထောင်လမ်းသွယ်(၃)လမ်း	၎င်း
၁၂၂။	သွန်မဆင် စတုတ္ထ ရိပ်သာလမ်း	ဗိုလ်တထောင်လမ်းသွယ်(၄)လမ်း	၎င်း
၁၂၃။	ဟာဂျီ (အော) နှင့် (ဘီ) လမ်း	သရက်တော (၁) လမ်း	ကြည့်မြင်တိုင်
၁၂၄။	ဟာဂျီ (၂) လမ်း	သရက်တော (၂) လမ်း	၎င်း
၁၂၅။	ဟာဂျီ (၃) လမ်း	သရက်တော (၃) လမ်း	၎င်း
၁၂၆။	ဟာဂျီ (၄) လမ်း	သရက်တော (၄) လမ်း	၎င်း
၁၂၇။	ဟာဒင်လမ်း	အောင်သုခလမ်း	သင်္ကန်းကျွန်း
၁၂၈။	ဟာမစ်ရှင်လမ်း	ဟသ်ာလမ်း	၎င်း
၁၂၉။	ဟီဇယ်ဝတ်လမ်း	ရောမြို့လမ်း	ဗိုလ်တထောင်
၁၃၀။	အဒမ်(မ်)ဆင်လမ်း	၅၄ လမ်း	၎င်း
၁၃၁။	အဘူကေတဘာလမ်း	ကြိုးစက်ရုံလမ်း	သင်္ကန်းကျွန်း
၁၃၂။	အီဒင်လမ်း	ဗိုလ်တထောင် ဈေးလမ်း	ပုဇွန်တောင်
၁၃၃။	အဲရိုးလိန်းလမ်း	နောင်ရိုးလမ်း	မင်္ဂလာတောင်ညွန့်
၁၃၄။	အင်ဂလန်မင်လမ်း	သိရိမင်္ဂလာလမ်း	စမ်းချောင်း
၁၃၅။	အလဝါလမ်း	သော်တာလမ်း	၎င်း
၁၃၆။	အားနိုးလ်လမ်း	ပြည်တော်သာလမ်း	သင်္ကန်းကျွန်း
၁၃၇။	ဆရာမတ်ကြီးလမ်း	ဝေဘာဂီလမ်း	အလုံ
၁၃၈။	ကေလမ်း	ကရမက်လမ်း	ပုဇွန်တောင်
၁၃၉။	ကိုဟင်းလမ်း	သစ်ခွပန်းလမ်း	ကြည့်မြင်တိုင်
၁၄၀။	ကိတ်လမ်း	ကြာညိုလမ်း	ပုဇွန်တောင်
၁၄၁။	ကိုဟင်းလမ်း	ရွက်လှုလမ်း	မရမ်းကုန်း(ကြို့ကုန်း)
၁၄၂။	ချင်းချောင်း (၁) လမ်း	ဒေါန (၁) လမ်း	ကြည့်မြင်တိုင်
၁၄၃။	ချင်းချောင်း (၂) လမ်း	ဒေါန (၂) လမ်း	၎င်း
၁၄၄။	ချင်းချောင်း (၃) လမ်း	ဒေါန (၃) လမ်း	၎င်း
၁၄၅။	ချင်းချောင်း (၅) လမ်း	ဒေါန (၅) လမ်း	၎င်း
၁၄၆။	ကျေလမ်း	နှံသာဖြူလမ်း	ပုဇွန်တောင်
၁၄၇။	ကျိုင်းဇက်လမ်း	မြန်မာ့ဂုဏ်ရောင်လမ်း	တာမွေ
၁၄၈။	ဂရန်လမ်း	ကြာဖြူလမ်း	ဗိုလ်တထောင်
၁၄၉။	နစ်ကလပ်အဲဗင်းနယူး	နှင်းပန်းလမ်း	ကမာရွတ်
၁၅၀။	နေထရွန်လမ်း	နေကြာလမ်း	ပုဇွန်တောင်
၁၅၁။	ပို့ကော်မရှင်နာလမ်း	ရေဝန်လမ်း	၎င်း
၁၅၂။	ပိုင်းလမ်း ဖြတ်လမ်း (၁)	သိန္နီ ဖြတ်လမ်း (၁)	အလုံ
၁၅၃။	ပိုင်းလမ်း ဖြတ်လမ်း (၂)	သိန္နီ ဖြတ်လမ်း (၂)	၎င်း
၁၅၄။	ပိုင်းလမ်း ဖြတ်လမ်း (၃)	သိန္နီ ဖြတ်လမ်း (၃)	၎င်း
၁၅၅။	ပီတာလမ်း	ကြယ်ပြာလမ်း	ကမာရွတ်
၁၅၆။	ဖရင်ကလင်လမ်း	သင်္ဘောလမ်း	အလုံ
၁၅၇။	ဘော်ဂါတန်းလမ်း	ဘောဂလမ်း	ကြည့်မြင်တိုင်
၁၅၈။	ဘက်ထရီလမ်း	ဝရဇိန်လမ်း	ဗိုလ်တထောင်
၁၅၉။	လစ်ဖီလမ်း	မီးပြလမ်း	၎င်း
၁၆၀။	ဟိပ်လမ်း	စိန်ချယ်လမ်း	ပုဇွန်တောင်

၁၆၂။ အယ်လ်ဂျင်လမ်း ကောဇင်လမ်း ဗိုလ်တထောင်
၁၆၃။ အာဘီးယားလမ်း သီရိမင်္ဂလာလမ်း ကမာရွတ်
၁၆၄။ (က) ပတ်လိန်းလမ်း နတ်မောက်လမ်းသွယ် (၁) ဗဟန်း
(ခ) ပတ်အဲဗင်းနယူး နတ်မောက်လမ်းသွယ် (၂) ၎င်း
၁၆၅။ အေဒီလမ်း မေခလမ်း မရမ်းကုန်း

ရှုမေးနီးယားနိုင်ငံ။ ။ ၁၉၇၉ ခုနှစ်အတွင်းတွင် တစ်ပါတီစနစ် အုပ်စိုးသော အရှေ့အုပ်စုနိုင်ငံများ၌ သမိုင်းရေး တောင်းဆိုချက်အရ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ ပါလီမန်က လွတ်လပ်သော နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုရန် မဲခွဲဆုံးဖြတ်သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပိုလန်အစိုးရသည် တစ်ချိန်က မာရွယ်လောဖြင့် နှိပ်ကွပ်ဖူးသည့် သွေးစည်းခိုင်မာရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ ဧပြီလ ၅ ရက်နေ့တွင် သွေးစည်းခိုင်မာရေးအဖွဲ့ကို တရားဝင် အသိအမှတ်ပြု၍ လွတ်လပ်သောရွေးကောက်ပွဲများကျင်းပပေးရန် သဘောတူသည်။ မေလ ၂ ရက်နေ့တွင် ဩစတြီးယား–ဟန်ဂေရီ နယ်စပ်တစ်လျှောက်ရှိ သံဆူးကြိုး အရံအတားများကို ဟန်ဂေရီစစ်သားများက ဖျက်သိမ်းစပြုသည်။ မေလ ဂ ရက်နေ့တွင် ဟန်ဂေရီ ခေါင်းဆောင် ယာနိုစ် ကာဒါ ရာထူးမှနုတ်ထွက်သည်။ မေလ ၃၀ ရက်နေ့တွင် ၁၉၅၆ ခုနှစ် အုံကြွမှုအရေးအခင်းကာလက သေဒဏ်စီရင်ခံရသူ ပြုပြင်ပြောင်းလဲရေးဝါဒီ ဝန်ကြီးချုပ်ဟောင်း အင်မရေနာဂီကို ဟန်ဂေရီ ကွန်မြူနစ်ပါတီက ပြန်လည်သိက္ခာတင်သည်။ ဇွန်လ ၄ ရက်နေ့တွင် ပိုလန်ရွေးကောက်ပွဲများ၌ သွေးစည်းခိုင်မာရေးအဖွဲ့ အကြီးအကျယ် အနိုင်ရရှိသည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် မာဇိုဗီယက်စကီးသည် ပိုလန်နိုင်ငံ၌ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း ကွန်မြူနစ်မဟုတ်သော ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာသည်။ စက်တင်ဘာလ ၁၂ ရက်နေ့တွင် အသစ်ဖွဲ့စည်းသော အရှေ့ဂျာမနီ အတိုက်အခံအုပ်စု နယူးဖိုရမ်က ပထမဆုံးသော ဒီမိုကရေစီကြေညာစာတမ်းကို ထုတ်ပြန်သည်။ အောက်တိုဘာလ ၇ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ၏ အာဏာရပါတီသည် ကွန်မြူနစ်ဝါဒကို စွန့်လွှတ်သည်။ အောက်တိုဘာလ ၁၈ ရက်နေ့တွင် အရှေ့ဂျာမနီ ကွန်မြူနစ်ပါတီ ခေါင်းဆောင် အဲခရစ် ဟွန်နက်ကာ နုတ်ထွက်လိုက်ရသည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံသည် လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဗူလဂေးရီးယားနိုင်ငံကို ၃၄ နှစ်ကြာ အုပ်စိုးလာသူ ကွန်မြူနစ်ခေါင်းဆောင် တိုဒေါ်ဇီးကော့ နုတ်ထွက်သည်။ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၌ ၁၉၆၈ ခုနှစ် ပရာဟာ နွေဦးအရေးအခင်း၌ ပြုပြင်ပြောင်းလဲရေးဝါဒီအဖြစ် ထင်ရှား၍ ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခံထားရသော အလက်ဇန္ဒား ဒျုဗျက် ပြည်သူ၏ ရွေးမှောက်သို့ ရောက်ရှိလာသည်။ ကွန်မြူနစ်ပါတီခေါင်းဆောင် ဂုစတပ် ဟူဆက် နုတ်ထွက်သည်။

ဤသို့ဖြင့် အပြောင်းအလဲများနှင့် ပြည်သူဆန္ဒကို လိုက်လျောနေမှုများကို ရှုမေးနီးယားနိုင်ငံသမ္မတ နီကိုလိုင် ချောင်ရှက်စကူးက တိုက်ခိုက် ပြောကြားလေ့ ရှိခဲ့သည်။ ချောင်ရှက်စကူးတွင် လက်နက်ကောင်းများ အပြည့်အစုံ တပ်ဆင်ထားသော ဆီကျူရီတာတေ တပ်ဖွဲ့ရှိသည်။ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တီမိုဆိုရာမြို့ (လူဦးရေ ၃,၀၉,၀၀၀) ၌ ပထမဆုံး လူထုအုံကြွမှု စတင်ဖြစ်ပွားရာ ဆီကျူရီတာတေ တပ်ဖွဲ့ဝင်များက အင်အားသုံး၍ နှိပ်ကွပ်သည်။ ထိုအချိန်မှစ၍ တစ်နိုင်ငံလုံးတွင် ချောင်ရှက်စကူးကို ဆန့်ကျင်ဆန္ဒပြပွဲများ ပြင်းထန်လာသည်။ ထိုအခါ အတိုက်အခံ ပြုပြင်ပြောင်းလဲရေး ဝါဒီတို့၏ဘက်မှ ရှုမေးနီးယား တပ်မတော်က ရပ်တည်ခဲ့သည်။ ထို့ကြောင့် ချောင်ရှက်စကူးသည် သမ္မတ နန်းတော်မှ ထွက်ပြေးသည်။ ဆီကျူရီတာတေတပ်ဖွဲ့က တပ်မတော်ကို ဆန့်ကျင် တိုက်ခိုက်၍ လူ ၇၀၀ သေဆုံးသည်။ ထက်ဝက်ခန့်သည် တီမီဆိုရာမြို့၌ သေဆုံးခြင်းဖြစ်သည်။ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တပ်မတော်က တစ်နိုင်ငံလုံးကို ထိန်းချုပ်နိုင်သည်။

ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အာဏာရှင် ချောင်ရှက်စကူးနှင့် ဇနီးအယ်လီနာတို့ကို စစ်ခုံရုံးတင်စစ်ဆေး၍ သေဒဏ်စီရင်လိုက်ကြောင်းဖြင့် ရုပ်မြင်သံကြား၌ ပြသသည်။ ရွေ့နေရွေ့ရပ်ဖြင့် ပြန်လည်ထုချေတင်ပြခွင့်မရှိဘဲ တံခါးပိတ်ခုံရုံး၌ စီရင်ခြင်းကို နိုင်ငံတကာက ဝေဖန်ပြစ်တင်ခဲ့သည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အမျိုးသားကယ်ဆယ်ရေးတပ်ဦးကို ထောက်ခံသော ဆန္ဒပြပွဲများ ကျင်းပသည်။ ထိုအချိန်တွင်ပင် ဒီမိုကရက်တစ်ပါတီ၊ ဆိုရှယ် ဒီမိုကရက်တစ်ပါတီနှင့် ခရစ်ယာန်အမျိုးသား လယ်သမားများပါတီတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ အမျိုးသားကယ်ဆယ်ရေးတပ်ဦးသည် အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည်။ သမ္မတအဖြစ်


အီယွန် အီလီယက်စကူးကဉီးဆောင်၍ ဒုတိယသမ္မတသည် ဒူမီထရူ မာဇီလူ ဖြစ်သည်။ အီလီယက်စကူးသည် ယခင်က ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်ခဲ့ဖူးပြီး ချောင်ရှက်စကူးကိုဝေဖန်မိ၍ နိုင်ငံတော် စက်မှုပညာစာပေထုတ်ဝေရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူးအဖြစ် သို့ ရာထူးချခံခဲ့ရသူ ဖြစ်သည်။ ရဲတပ်ဖွဲ့၏ စောင့်ကြည့်ခြင်းကို ခံနေခဲ့ရသူဖြစ်သည်။ မာဇီလူသည် တရားဥပဒေပါရဂူတစ်ဦးဖြစ်ပြီး ချောင်ရှက်စကူးကို ဝေဖန်သည့် လူအခွင့်အရေးဆိုင်ရာ အစီရင်ခံစာ တစ်စောင်ကို ကုလသမဂ္ဂသို့တင်မိခဲ့၍ အကျယ်ချုပ်ချထားခံခဲ့ရသူ ဖြစ်သည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်အဖြစ် ပီတာရိုမန်က ဆောင်ရွက်သည်။ ကြားဖြတ်အစိုးရအဖြစ် တာဝန်ယူမည်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပေးမည်ဟု ကတိပြုထားသည်။

ရှုဟိုလာ ခိုမေနီ, အယာတိုလာ(ခရစ် ၁၉၀၀ – ၁၉၇၉)။ ။အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံကို ထူထောင်ခဲ့သူ အယာတိုလာ ရှုဟိုလာ ခိုမေနီကို ၁၉၀၀ ပြည့်နှစ် မေလ ၁၇ ရက်နေ့တွင် တီဟီရန်မြို့တော်၏ တောင်ဘက်မိုင် ၁၀၀ အကွာရှိ ခိုမိန်းရွာ၌ မွေးဖွားသည်။ ခိုမေနီ၏ ဘိုးဘွားများသည် ပါရှားနိုင်ငံ(ယခု အီရန်နိုင်ငံ)၏ အရှေ့မြောက်ပိုင်းက ခိုရာဆန် နယ်သားများ ဖြစ်ကြသည်။ အစ္စလာမ် ရှီအာဂိုဏ်း (ရှီယိုက်ဂိုဏ်း) ၏ ဆူဖီဝါဒီများ ဖြစ်ကြသည်။ခိုမေနီ၏အဘိုးဆေယစ်အာမက် မူဆာဗီသည် အိန္ဒိယနိုင်ငံတွင် နှစ်အတော်ကြာ နေခဲ့ဖူးသည်။ အိန္ဒိယနိုင်ငံမှ ပြန်လာသောအခါ ခိုမိန်းရွာ၌ အခြေစိုက်သည်။ အာမက် မူဆာဗီ၏သား မူစတာဖာ အာလ် မူဆာဗီသည် လယ်သမားဖြစ်သည်။ ရှုဟိုလာ ခိုမေနီသည် မူစတာဖာ အာလ် မူဆာဗီ၏သားသမီးခြောက်ယောက်အနက် အငယ်ဆုံး သားဖြစ်သည်။ မူလွာခေါ် အစ္စလာမ်ကျမ်းတတ် ပုဂ္ဂိုလ်လည်းဖြစ်သောမူစတာဖာသည် အငယ်ဆုံးသားအား ဖာရစီ ဘာသာစကားအရ ဘုရားသခင်၏ လက္ခဏာဟု အနက်ရှိသော "ရှုဟိုလာ" ဟုအမည်ပေးခဲ့သည်။

တစ်နေ့သ၌ မူစတာဖာသည် ရှီယိုက် ဂိုဏ်းဝင်တို့၏ အထွတ်အမြတ်ဖြစ်သော နဂျတ်ဖ်မြို့သို့သွားစဉ် အသတ်ခံရသည်။ မူစတာဖာသည် ရှားဘုရင်၏ လက်ပါးစေတို့ သတ်၍ သေရသည်ဟု လည်းကောင်း၊ လယ်မြေတွင်းသို့ ရေလုသွင်းရာမှ ရန်ငြိုးသိုထားသည့် မြေရှင်၏ အစေခံများ သတ်၍ သေရသည်ဟုလည်းကောင်း အမျိုးမျိုးယူဆခဲ့ကြသည်။

ရှုဟိုလာသည် ခိုမိန်းရွာရှိ ကိုရန်ကျမ်းစာသင်ကျောင်း

ရှုဟိုလာ ခိုမေနီ, အယာတိုလာ



အယာတိုလာ ရှုဟိုလာ ခိုမေနီ

နှင့် အရတ်မြို့ရှိ အဗ္ဗဒုကရစ်ဟေရီ၏ အစ္စလာမ်ကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ ကျမ်းတတ်ပုဂ္ဂိုလ် ဟေရီသည် ကွမ်မြို့သို့ပြောင်းပြီး မဒရတ်ဆတ်ဖိုင်ဇီယာ ဘာသာရေးတက္ကသိုလ်ကို တည်ထောင်သောအခါ ရှုဟိုလာလည်း ဆရာနှင့်အတူ လိုက်ပါသွားပြီး ပညာဆက်လက်ဆည်းပူးသည်။ ထိုအချိန်မှစ၍ ဘာသာရေးတာဝန်ဆောင်ပုဂ္ဂိုလ် ဖြစ်လာသည်။

မဒရတ်ဆတ်ဖိုင်ဇီယာတက္ကသိုလ် ထင်ရှားလာသည်နှင့် အမျှ ရှုဟိုလာလည်း ကျော်ကြားလာသည်။ မကြာမီ မွေးရပ်မြေကို အစွဲပြု၍ ခိုမေနီဟု အမည်တွင် ထပ်ဖြည့်သည်။ ခါဒီဂျက်အမည်ရှိ အမျိုးသမီးနှင့်အိမ်ထောင်ပြုရာ သားသမီးခြောက်ယောက် ထွန်းကားခဲ့သည်။ ကွမ်မြို့၌ ဘာသာရေး ကျမ်းစာ ပို့ချရင်း တပည့်ခေါင်းဆောင် မူလွာ ၁,၂၀၀ ကို စည်းရုံးမိသည်။ "လျှို့ဝှက်ချက်များကို တွေ့ရှိခြင်း" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေသည်။ အီရန်ဘုရင် ပထမ ပါလဗီရှားသည် မင်းဆိုးမင်းညစ်ဖြစ်ကြောင်းဖြင့် ယင်းစာအုပ်တွင် ဖွင့်ချရေးသားခဲ့သည်။

ရှုဟိုလာ ခိုမေနီသည် ၁၉၅၀ ပြည့်နှစ်တွင် အယာတိုလာဘွဲ့ခံယူသည်။ ထိုအချိန်တွင် ရှားဘုရင်က ရုံးများ၌ ကျမ်းကျိန်လျှင် ကိုရမ်ကျမ်းအစား ထာဝရဘုရားကျမ်းစာ Divine Book ကို ကိုင်၍ကျမ်းကျိန်ရန် အမိန့်ထုတ်ပြန်ခဲ့ရာ ရှုဟိုလာ ခိုမေနီတို့က ဆန့်ကျင် ဟောပြောခဲ့သည်။ နောက်ဆုံးတွင် ရှားဘုရင်က အလျှော့ပေးသည်။ ထို့ပြင် ရှားဘုရင်၏လယ်ယာမြေပြုပြင်ရေးစီမံကိန်းတွင် ဗလီဝတ်ကျောင်းပိုင်မြေကိုပါ သိမ်းနိုင်သည်ဆိုသော အပိုဒ်ပါရှိခဲ့ရာ ယင်းစီမံကိန်းကို အယာတိုလာ ရှုဟိုလာ ခိုမေနီအပါအဝင် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့က ကန့်ကွက်ခဲ့ကြသည်။ ထိုအခါ ရှားဘုရင်၏ ပုလိပ်တပ်ဖွဲ့များသည် ခိုမေနီတို့၏ဗလီကို ပစ်ခတ် နှိပ်ကွပ်ရာ မူလွာ ၁၀ ဦး သေဆုံးသည်။ ၁၉၆၃ ခုနှစ်တွင် ကျင်းပသော ရှားဘုရင်ဆန့်ကျင်ရေးတရားပွဲ၌ လူတစ်သိန်းကျော်တက်ရောက်သဖြင့် အယာတို

လာ ရှုဟိုလာ ခိုမေနီ၏ အမည်သည် လျှမ်းလျှမ်းတောက် ကျော်ကြားလာသည်။

ထိုအခါ ခိုမေနီသည် အကျယ်ချုပ် ချထားခံရသည်။ အကျယ်ချုပ်မှလွတ်သောအခါ အီရန်နိုင်ငံ၌ အမေရိကန် တပ်မျှားချထားမှုကို ကန့်ကွက်ဟောပြော၍ ဖမ်းဆီးခံရ ပြန်သည်။ ခြောက်လကြာသော် ထောင်မှလွတ်သည်။ မျှားမကြာမီ ဝန်ကြီးချုပ်က ခိုမေနီကိုခေါ်၍ အစိုးရကို မဆန့်ကျင်ရန် တိုက်တွန်းရာ စကားကတောက်ကဆဖြစ်ပြီး ခိုမေနီသည် ပါးရိုက်ခံခဲ့ရသည်။ ရက်သတ္တနှစ်ပတ်အကြာ တွင် ထိုဝန်ကြီးချုပ်ကို အစွလာမ်အယူသည်း ဂိုဏ်းဝင် လေးဦးက လုပ်ကြံခဲ့သည်။ အယာတိုလာ ရှုဟိုလာ ခိုမေနီ သည် မြင့်မြတ်၍ ဝန်ကြီးချုပ်သည် ခိုမေနီကို ပါးရိုက်ခဲ့မိ ခြင်းကြောင့် ဒီဌဓမ္မ ဆိုးကျိုး ခံစားရသည်ဟု ယူဆကာ ခိုမေနီကို ကိုးကွယ်သူ မျှားပြားလာသည်။

ရှားဘုရင်သည် ၁၉၆၄ ခုနှစ်တွင် ခိုမေနီကို တူရကီနိုင်ငံ သို့ ပြည်နှင်ဒဏ်ပေးသည်။ ခိုမေနီသည် တူရကီနိုင်ငံမှ အီရတ်နိုင်ငံရှိ နဂျတ်ဖ်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ရှားဘုရင် ဆန့်ကျင်ရေးတရားတိတ်ခွေမျှားကို အီရန်နိုင်ငံရှိ ဗလီဝတ်ကျောင်းမျှားမှ တစ်ဆင့် ပြည်သူမျှားထံဖြန့်ခွါကာ လှုံဆော်သည်။ အီရန်နိုင်ငံတွင် အစွလာမ် ဗလီမျှား အတွင်းသို့ စစ်တပ်နှင့် ရဲမျှားဝင်ခွင့်မရှိသောကြောင့် ဗလီ တိုင်းသည် ရှားဘုရင် ဆန့်ကျင်ရေး လှုံ့ဆော်စခန်းမျှား ဖြစ်လာသည်။ ထိုသို့ စည်းရုံးလှုံ့ဆော်နေစဉ် ခိုမေနီ၏ သားတစ်ဦးသည် ရှားဘုရင်၏ ဆာဗက်ခေါ် လျှို့ဝှက် ပုလိပ်တပ်ဖွဲ့၏ လက်ချက်ကြောင့် သေဆုံးသည်။

ရှားဘုရင်နှင့် ဆက်ဆံရေး တိုးတက်လာစဉ် အီရတ် နိုင်ငံအစိုးရက ခိုမေနီကိုနှင်ထုတ်ခဲ့ရာ ခိုမေနီသည် ကူဝိတ် နိုင်ငံမှတစ်ဆင့် ပြင်သစ်နိုင်ငံသို့ ထွက်ခွာ သွားရသည်။ ပါရီမြို့အနီး နူဖလာရှာတိုးရွာတွင် ခိုလှုံနေထိုင်သည်။ ထိုရွာတွင် ဘာနီဆာဒါ၊ ဂေါ့ဘဇာဒေး စသော နိုင်ငံရေး ခေါင်းဆောင်မျှားနှင့်အတူ ရှားဘုရင် တော်လှန်ရေးကို စီမံဆောင်ရွက်သည်။ ထိုအချိန်ကတည်းကပင် ခိုမေနီသည် ညဉ့်ယံ နှစ်နာရီတွင် အိပ်ရာမှထကာ သုံးနာရီကြာမျှ ဝတ်ပြုလေ့ရှိသည်။ နံနက်လင်းလျှင် ဧည့်သည်မျှားနှင့် တွေ့ဆုံဆွေးနွေးသည်။ ပေါင်မုန့်၊ ဒိန်ချဉ်၊ စပျစ်ခြောက် နှင့် သစ်သီးသာပါသော နံနက်စာကို ခြိုးခြံစွာ စားပြီး နေ့ ၁၁ နာရီတွင် ခေတ္တမှေးစက်သည်။ ကျန်အချိန်မျှား တွင် တော်လှန်ရေးအတွက် အာရုံစူးစိုက်၍ ဝါဒဖြန့်ခြို ရေးကို အားသွန်ဆောင်ရွက်သည်။ အီရန် ပြည်သူမျှား သည် အုံကြွကာ ရှားဘုရင်ကို ဆန့်ကျင် ဆန္ဒပြသည်။ ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရှားဘုရင်မိသား စုသည် တီဟီရန်မှ . လေယာဉ်ဖြင့် ထွက်ခွာသွားသည်။

အယာတိုလာ ရှုဟိုလာ ခိုမေနီသည် ဇန်နဝါရီလ ၁၆ ရက် နေ့တွင် တီဟီရန်သို့ ရောက်ရှိလာသည်။

ဖက်ဆစ်ခေါ် အစွလာမ္မစ်သမ္မတနိုင်ငံ လမ်းညွှန်ချုပ်ကို တော်လှန်သော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အဖြစ်သို့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင်ရေးဆွဲကာ အီရန် အစွလာမ္မစ် သမ္မတနိုင်ငံ ထူထောင်ခဲ့ခြင်း၊ တီဟီရန်မြို့ရှိ အမေရိကန် သံရုံးတွင် အမေရိကန် နိုင်ငံသား ၅၂ ဦးကို ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၄ ရက်မှ ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် နေ့ထိခားစာခံအဖြစ် ထိန်းသိမ်းထားခဲ့ခြင်း၊ အီရန်–အီရတ် စစ်ပွဲကို ရှစ်နှစ်ကြာဆင်နွှဲခဲ့ခြင်း၊ (စွယ်စုံနှစ်ချုပ် ၁၉၈၉– စာ၊ ၂၀—ရှု။) လက်ဗန္ဓနိုင်ငံတွင် ဟစ်ဇဗိုလာရှိယိုက် မူဆလင် ပြည်သူစစ်ကို ထောက်ခံအားပေးခြင်း စသည့် ဖြစ်ရပ်မှသည် ၁၉၇၉ ခုနှစ် မတ်လတွင် မာန်နတ်ဆိုး၏ လက်ံမျှားအမည်ရှိ စာအုပ်ကို ရေးသားခဲ့သော ဆော်လ မွန်ရပ်ရှဒီအား အစွလာမ်ဘာသာကို တိုက်ခိုက် ရေးသား သည်ဟု စွပ်စွဲကာ သေဒဏ်အမိန့်ချမှတ်ခဲ့ခြင်းအထိ ခိုမေ နီ၏ လုပ်ရပ်အသီးသီးကို နိုင်ငံတကာက အာရုံစူးစိုက်ခဲ့ ကြသည်။

ပုဂ္ဂိုလ်ရေး ကိုးကွယ်ဆည်းကပ်မှုကို ခံယူရရှိနေသော အယာတိုလာ ရှုဟိုလာ ခိုမေနီသည် ပုဂ္ဂိုလ်တစ်ဦးတည်း၏ သဘောဆန္ဒဖြင့် အုပ်ချုပ်ခြင်းမျိုး မဖြစ်စေဘဲ နှစ်ဦး၊ သုံးဦး တိုင်ပင်အုပ်ချုပ်ခြင်း ပြုသင့်သည်ဟု ညွှန်ကြားကာ ၁၉၇၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်စေခဲ့ သည်။ (အီရန်နိုင်ငံ—ရှ။) နိုင်ငံရေး ပြိုင်ဘက်မျှားကို လည်းကောင်း၊ ထာဇဝတ်မှု ကျူးလွန် သူမျှား ကို လည်းကောင်း နှိမ်နင်းရာတွင် လူ ၁၀,၀၀၀ ကျော်ကို ကွပ်မျက်စေခဲ့သည်ဟု အခြို့က ဝေဖန်ကြသည်။ မည်သို့ ပင်ဖြစ်စေ ရှိယိုက် မူဆလင်ဘာသာဝင် အမျှားအပြား တို့က ခိုမေနီကို တမန်တော်အဖြစ် ယုံကြည်ကာ အထွတ် အမြတ်ထားကြပြီး ခိုမေနီ၏ ပြောစကားကို ဗျာဒိတ်ပမာ ခံယူကြသည်။

ထိုသို့ ၁၉၇၀ ပြည့်လွန်နှစ်မျှားအတွင်း ကမ္ဘာ့သမိုင်း တွင် ထူးခြားထင်ရှားသော အီရန်နိုင်ငံ ဘာသာရေး ခေါင်းဆောင်ကြီး အယာတိုလာ ရှုဟိုလာ ခိုမေနီသည် ၁၉၈၉ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် တီဟီရန်မြို့၌ ကွယ်လွန်သည်။

ရန်နိုင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၁၈– ၁၉၇၉)။ ။ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင် အေ)၏ သူရဲကောင်းတံဆိပ် (ဒုတိယဆင့်)နှင့် နိုင်ငံ့ဂုဏ် ရည်(ပထမဆင့်)ရ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်ကို အောင်လံမြို့(မြေထဲမြို့)တွင် ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်



ဗိုလ်ရန်နိုင် (ရဲဘော်သုံးကျိပ်)

နေ၌ အဖ ဦးခန့်၊ အမိ ဒေါ်သန့်တို့က မွေးဖွားသည်။ အမည်ရင်း ဦးထွန်းရှိန်ဖြစ်သည်။

ဗိုလ်ရန်နိုင်သည် မူလတန်းနှင့် အလယ်တန်းပညာကို အောင်လံမြို့၌ စတင်သင်ကြားခဲ့ပြီး ၁၉၃၄ ခုနှစ်မှ ၁၉၃၇ ခုနှစ်ထိ ပြည်မြို့ အထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားသည်။ ထိုနောက် ၁၀ တန်း အောင်၍ ၁၉၃၇–၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာတန်း(က)တွင် ပညာ ဆက်လက် သင်ကြားသည်။ ၁၉၄၁ ခုနှစ်၌ ဝိဇ္ဇာတန်း(ခ)သို့အရောက် ပညာသင်ကြားမှု ပြတ်လပ်သွားခဲ့ပြီး ၁၉၄၆ ခုနှစ်တွင်မှ ရန်ကုန်တက္ကသိုလ် သို့ပြန်လည်တက်ရောက်ခဲ့ရာ ၁၉၄၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ဥပဒေပညာကို ဆက်လက်သင်ကြားခဲ့သေးသည်။

ဗိုလ်ရန်နိုင်သည် ၁၉၃၆–၃၇ ခုနှစ်အတွင်း ပြည်မြို့အထက်တန်းကျောင်း၌ပညာသင်ကြားစဉ်ကပင် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ခံရပြီး နယ်ချဲ့အစိုးရကို ဆန့်ကျင်၍ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်သို့ရောက်ရှိလာသောအခါ ၁၉၃၈–၃၉ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အမှုဆောင် တစ်ဦးအဖြစ် ရွေးချယ်ခံရသည်။ ဗိုလ်ရန်နိုင်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သံမဏိတပ်ကိုထူထောင်ပြီး ပထမဆုံး တပ်မှူးအဖြစ် ဆောင် ရွက် ခဲ့ သူ လည်း ဖြစ်သည်။ ထို့နောက် ၁၉၃၉–၄၀ ပြည့်နှစ်အတွင်း ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂတွင် လည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတွင်လည်းကောင်း ဗိုလ်ရန်နိုင်အား အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ကြ၍ တာဝန်နှစ်ရပ်စလုံးကို တစ်ချိန်တည်း ထမ်းဆောင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့၌ ကျင်းပသော အိန္ဒိယအမျိုးသား ကွန်ဂရက်သို့ မြန်မာနိုင်ငံ ကျောင်းသားများ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး အိန္ဒိယအမျိုးသား ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီမှအစ အိန္ဒိယခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ရသည်။

ထို့နောက် သခင်ထွန်းရှိန်အဖြစ် အမျိုးသား လွတ်မြောက်ရေးအတွက် လှုပ်ရှားနေစဉ် နောင်တွင် သမိုင်းမော်ကွန်းဝင် ရဲဘော်သုံးကျိပ်ဖြစ်လာမည့် မျိုးချစ်လူငယ်များ မြန်မာ့လွတ်လပ်ရေးအတွက် ကျပန်နိုင်ငံသို့ စစ်ပညာသင်ရန် အသုတ်လိုက် လျှို့ဝှက်စွာ သွားရောက်ခဲ့ကြရာ ဗိုလ်ရန်နိုင်သည် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပထမအသုတ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်လဈောင် တို့နှင့်အတူ လိုက်ပါသွားခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်း တွင် ရဲဘော်သုံးကျိပ်တို့ စစ်ပညာ သင်ကြားပြီး ဂျပန်နိုင်ငံမှအပြန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို စတင်ဖွဲ့စည်းလျက် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲ၍ ထိုးစစ်ဆင် ဝင်ရောက်ခဲ့ကြရာ ဗိုလ်ရန်နိုင်သည် တတိယစစ်ကြောင်း(ကော့သောင်း၊မြိတ်၊ မြစ်ဝကျွန်းပေါ်၊ ရန်ကုန်၊မြန်မာနိုင်ငံအလယ်ပိုင်း၊အထက်မြန်မာနိုင်ငံ)ကို ဦးစီးခေါင်းဆောင်ခဲ့ရသည်။ ဗိုလ်ရန်နိုင်သည် ၁၉၄၂ ခုနှစ် မတ်လတွင် ရွှေတောင် တိုက် ပွဲကို ဦးဆောင်တိုက်ခိုက်ခဲ့ရာ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)၏ သူရဲကောင်းတံဆိပ် (ဒုတိယဆင့်) ရရှိခဲ့သည်။ အဆိုပါ ရွှေတောင်တိုက်ပွဲသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် သမိုင်းတွင်တိုက်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) အဖြစ် ပြန်လည်ဖွဲ့စည်းသောအခါ ဗိုလ်ရန်နိုင်သည် တပ်ရင်း(၂) တပ်မှူးကြီးအဖြစ် တာဝန်ထမ်း ဆောင် ခဲ့ သည်။ ထို့နောက် ၁၉၄၃ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးနှင့် ဗမာ့ကာကွယ်ရေး တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ရေး အတွင်းဝန် (ဗိုလ်မှူး)အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ တစ်ဖန် ဂျပန်ခေတ် မြန်မာနိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၏ စစ်ရေးအတွင်းဝန် (ဒုဗိုလ်မှူးကြီး)အဖြစ် အမှုထမ်းဆောင်ခဲ့ရပြီး ၁၉၄၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်နှင့် ဒေါ်ခင်မမမော်တို့၏ သမီးကြီး ဒေါ်တင်စာမော်နှင့် အိမ်ထောင်ပြုခဲ့သည်။ ဗိုလ်ရန်နိုင်သည် ၁၉၄၃ ခုနှစ်မှ ၁၉၄၅ ခုနှစ် ဝန်းကျင် ကာလအတွင်း မင်္ဂလာဒုံစစ်တက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းဆောင်ခဲ့သေးသည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၁ ခုနှစ် ကာလအတွင်း ဖဆပလ အစိုးရက ဗိုလ် ရန် နိုင် အား ပုဒ်မ (၅) ဖြင့် ဖမ်းဆီး ထိန်းသိမ်းထားခဲ့ရာ ထောင်ထဲတွင် သုံးနှစ်ကြာခဲ့သည်။ ထိန်းသိမ်းထားရာမှ လွတ်ခဲ့ပြီးနောက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ် မေလတွင် မြန်မာနိုင်ငံပြည်ပသို့ ထွက်ခွာသွားပြီး ထိုင်း – မြန်မာနယ်စပ်တွင် ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်ဟူသောအဖွဲ့ကို ဖွဲ့စည်း၍ တောင်ပိုင်းတိုင်းစစ်ဦးစီးချုပ်အဖြစ်ဆောင်ရွက်ကာ တော်လှန်ရေးအစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ထိုကာလအတွင်းပါလီမန်ဒီမိုကရေစီအဖွဲ့၏ ခေါင်းဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ လွတ်ငြိမ်း ခွင့် ကြေညာချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထို့နောက် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။

ဗိုလ်ရန်နိုင်သည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Industry Research Institute ၏ လက်ထောက်မန်နေဂျာ မစ္စတာဟာရာ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုစဉ် ဂျပန်ဘဏ္ဍာရေး ဝန်ကြီး မစ္စတာ ကီချီမီယာဇာဝါ၊ ဂျပန် အောက်လွှတ်တော်အမတ် မစ္စတာ ယိုချီယိုဟာယာချီ တို့နှင့် လည်းကောင်း၊ Burma Economic Development Forum ခေါ် BEDF) ဥက္ကဋ္ဌတို့နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ ဂျပန်နိုင်ငံတွင် ရှိနေစဉ်အတွင်း ဗိုလ်ရန်နိုင်သည် သတင်းစာရှင်းလင်းပွဲတစ်ရပ်လည်း ပြုလုပ်ခဲ့သည်။

ဗိုလ်ရန်နိုင်သည် ၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီတောင်းဆိုမှု ဆန္ဒပြပွဲများတွင်လည်း ဦးဆောင်ပါဝင်ခဲ့သည်။

ဗိုလ်ရန်နိုင်သည် ၁၉၄၀ ပြည့်နှစ်တွင် ထွန်းရှိန် (ဗမာပြည်လုံးဆိုင်ရာ ကျောင်း သား များ သမဂ္ဂ အသင်းချုပ် အတွင်းရေးမှူး)ဟူသော အမည်ဖြင့် ကိုယ် တွေ့ အိန္ဒိယ အမည်ရှိ စာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ဖူးသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၏ သူရဲကောင်းတံဆိပ်(ဒုတိယဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ရ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်သည် ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်တင်စာမော်နှင့် သားသမီး ရှစ်ယောက် ကျန်ရစ်ခဲ့သည်။

ရုပ်ရှင်ထူးချွန်ဆု (နိုင်ငံခြား) ။ ။မြန်မာ့ ရုပ်ရှင်လောကကို ကျော်လွန်၍ နိုင်ငံခြား ရုပ်ရှင်လောကသို့ လှမ်းမျော်ကြည့်လိုက်ပါက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရုပ်ရှင်ထူးချွန်ဆု ပေးပွဲများမှာ အထူးစိတ်ဝင်စားစရာကောင်းလှသည်။ ၁၉၈၉ ခုနှစ်အတွင်း ကမ္ဘာအနှံ့ ကျင်းပခဲ့သည့် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များသည် အမျိုးစုံသလောက် ဆွတ်ခူးရရှိခဲ့သည့် ဆုများသည်လည်း အားကျ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

အမေရိကန်ရုပ်ရှင်ထူးချွန်ဆု (အော်စကာဆု)–အမေရိကန် ရုပ်ရှင်အနုပညာနှင့် အကယ်ဒမီအသင်းက ချီးမြှင့်သည့် အော်စကာဆုသည် နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲများအနက် လူအများ စိတ်အဝင်စားဆုံး ဆုပေးပွဲဟုဆိုနိုင်ပေသည်။ ၁၉၇၉ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ၅၁ ကြိမ်မြောက် အမေရိကန်ရုပ်ရှင် ထူးချွန်ဆု (အော်စကာဆု) ပေးပွဲတွင် ချီးမြှင့်ခဲ့သည့် ဆုများမှာလည်း ထူးခြားမှုရှိလှသည်။ ၁၉၇၉ ခုနှစ်အတွက် ရုပ်ရှင်ဇာတ်ကား ၂၇၀ အဆင့်မီ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အကယ်ဒမီဆုပေးရေး အဖွဲဝင် ၄,၆၀၀ ကျော်က မဲပေးကာ ရွေးချယ်ခဲ့ကြသည်။

ရိန်းမဲန်း ဇာတ်ကားသည် ဆုအတွက် ပဏာမလျာထားစဉ်ကပင် ထိပ်ဆုံးမှ ပြေးခဲ့သည့် ဇာတ်ကားဖြစ်သည်။ တကယ်တမ်း ဆုအဖြစ် ကြေညာသောအခါတွင်လည်း အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆု အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုနှင့် မူလဇာတ်ညွှန်းဆုတို့ကို ယူသွားနိုင်ခဲ့သည်။ အကောင်းဆုံးဇာတ်ကားဆု ရရှိသွားသည့် ရိန်းမဲန်း ဇာတ်ကားမှာ ဦးနှောက် ထိခိုက်မှုကြောင့် အတ္တအစဲအလမ်းကြီးသည့် ဝေဒနာခံစားနေရသည့် လူတစ်ယောက်အကြောင်းကို တစေ့တစောင်း တင်ပြထားသည့် ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားကြောင့်ပင် အတ္တအစဲအလမ်းကြီးမှု ဝေဒနာ၏သဘောကို ပရိသတ်အများ နားလည်သဘော ပေါက်သွားခဲ့သည်။ ဆေးပညာလောကၵပင်လျှင် ယင်းဝေဒနာ၏ ဇာစ်မြစ်ကို သုတေသနပြုကာ အဖြေရှာသည် အထိ ဖြစ်လာကြသည်။ ယင်းဝေဒနာမှာ စိတ်ရောဂါကြောင့်မဟုတ်ဘဲ ဦးနှောက်ထိခိုက်မှုကြောင့်သာ ဖြစ်ရခြင်း ဖြစ်သည်ဟု ဆေး ဘက် ဆိုင် ရာ သုတေသနပြုမှုက ထောက်ပြထားသည်။ ယင်းဇာတ်ကားကို စီစဉ်ရိုက်ကူးသူ ဒါရိုက်တာ ဘာရီ လီဗင်ဆင်က အကောင်းဆုံးဒါရိုက်တာ ဆုကိုလည်းကောင်း၊ သခင်္ဂမှတ်ဉာဏ်တွင် ထူးချွန်သော်လည်း လူမှုဆက်ဆံရေးဘဝတွင် အများနှင့် ဆက်ဆံပေါင်းသင်း၍ မရဖြစ်နေသည့် အတ္တအစဲကြီးပြီး ကျပ်မပြည့်သူအဖြစ် ယင်းဇာတ်ကားတွင် ပါဝင် သရုပ် ဆောင် သူ ဒတ်စတင် ဟော့ဖ်မန်းက အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကိုလည်းကောင်း၊ ရော်နယ် ဘက်စ်နှင့် ဘာရီ



ရိန်းမဲန်းဇာတ်ကားတွင် ဒတ်စတင်ဟော့ဖ်မန်း (ဝဲ) ၏ ထူးချွန်သော သရုပ်ဆောင်ကွက်တစ်ကွက်

မော်ရိုးတို့က မူလဇာတ်ညွှန်းဆုကို လည်းကောင်း အသီးသီး ဆွတ်ခူး ရရှိသည်။

အခြားရရှိသော ဆုများတွင် တရားခံ ဇာတ်ကား တွင် ပါဝင် သရုပ်ဆောင်မှအတွက် ဂျီဒီ ဖော့စတာက အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို လည်း ကောင်း၊ အာဂန်တို ခရီးသည် ဇာတ်ကားတွင် ပါဝင် သရုပ်ဆောင် သူ ဂီးနာ ဒေးဗစ် က အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကို လည်းကောင်း၊ ဝဲန်ဒါ ဟုခေါ်သော ငါးတစ်ကောင် ဇာတ်ကားတွင် ပါဝင် သရုပ်ဆောင် သူ ကီဗင် ကလိုင်း က အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကို လည်းကောင်း ရရှိကြသည်။

ကိန်းရုပ်ရှင်ပွဲတော်ဆု – ကိန်းရုပ်ရှင်ပွဲတော်မှာ လည်း ထင်ရှားသည့် ရုပ်ရှင် ထူးချွန်ဆုပေးပွဲ ဖြစ်သည်။ ပြင်သစ် နိုင်ငံ ကိန်းမြို့တွင် ကျင်းပခဲ့သည့် ၄၂ ကြိမ်မြောက် ကိန်း ရုပ်ရှင်ပွဲတော်တွင် အမေရိကန်နိုင်ငံမှ ရိုက်ကူးထုတ်လုပ် သော အချစ်ဇာတ်မြူး ဖြစ်သည့် လိင်မှုကိစ္စ၊ မုသား စကားများနှင့် ဗီဒီယိုတိတ်ခွေ ဇာတ်ကားက ပြိုင်ပွဲဝင် အား လုံး အ နက် အ ကောင်း ဆုံး ဆု ကို လည်းကောင်း၊ ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အမေ ရိကန် ရုပ်ရှင်မင်းသား ဂျိမ်းစ် စပက်ဒါက အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို လည်းကောင်း၊ အမေရိကန် ရုပ်ရှင်မင်းသမီး မာရိုင်း စထရိုက မှောင်ထဲကအော်သံ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မှအတွက်အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးရရှိကြသည်။

ဗြိတိသျှရုပ်ရှင် အော်စကာဆု – ဗြိတိသျှရုပ်ရှင်နှင့် ရုပ်မြင် သံကြားအနုပညာဆိုင်ရာ အကယ်ဒမီအဖွဲ့က ချီးမြှင့်သည့် ဗြိတိသျှ ရုပ်ရှင်အော်စကာဆုများအနက် အီတာလျံနွယ် ဖွား ဒါရိုက်တာ ဘာနာဒို ဘာတိုလယ်စီ စီစဉ်ရိုက်ကူး သည့် နောက်ဆုံးကေရာင် ဇာတ်ကားက အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ဆွတ်ခူးရရှိသည်။ ဇာတ်လမ်းမှာ တရုတ်ပြည်ကို နောက်ဆုံး အုပ်စိုးခဲ့သည့် ကေရာင်ဘုရင် ဖူးယီ၏ ဘဝမှ နောက်ဆုံးတွင် သာမန် ဥယျာဉ်မှူး ဘဝသို့ လျှောကျဆင်းသက်ကာ ဘဝနိဂုံးချုပ်သွားရပုံကို ခြယ်မှုန်းတင်ပြထားခြင်း ဖြစ်သည်။ အဆိုပါ ရုပ်ရှင်ဇာတ် ကားမှာ ၁၉၇၈ ခုနှစ်အတွင်း ချီးမြှင့်ခဲ့သည့် အမေရိကန် ရုပ်ရှင်ထူးချွန်ဆု (အော်စကာဆု) များတွင် အကောင်းဆုံး ဒါရိုက်တာဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုတို့ အပါအဝင် ဆုကိုးဆု ဆွတ်ခူးရရှိခဲ့သည့် ဇာတ်ကားလည်း ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉–စာ၊ ၂၅၃––ရှု။)

ယင်းအဖွဲ့ကချီးမြှင့်သော အခြားဆုများတွင် ပြင်သစ် နိုင်ငံကို ဂျာမန်နာဇီတို့ သိမ်းပိုက်စဉ်ကာလက ကလေး ဘဝအရွယ်၌ ဂျူးလူမျိုး ကလေးသူငယ် အပေါင်းအဖော် များနှင့် နေထိုင်ကျင်လည်ခဲ့ရပုံများကို တင်ပြထားသည့် အော ရေဗား လက် အင်ဖန့်စ် ဇာတ်ကားကို ရိုက်ကူးတင် ဆက်သူ လူးဝစ် မယ်လီအား အကောင်းဆုံးဒါရိုက်တာ ဆုကို ချီးမြှင့်လိုက်သည်။ ဝဲန်ဒါ ဟုခေါ်သော ငါး တစ်ကောင် အမည်ရှိ ဟာသဇာတ်မြူးဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မှအတွက် ဂျွန် ကလီးဆီက အကောင်း

ဆုံး အမျိုးသားသရုပ်ဆောင်ဆုကိုလည်းကောင်း၊ တဲ့ဖက် သရုပ်ဆောင် မိုက်ကယ် ပါးလင်း က အကောင်းဆုံး အမျိုးသား ဇာတ်ပို့ဆုကိုလည်းကောင်း ချီးမြှင့်ခြင်းခံရသည်။ ထို့ပြင် ယင်းအဖွဲ့က ချီးမြှင့်သည့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိသူမှာ ဂျူးဒစ်ချ်ဟန်း၏ အထီးကျန်ဝေဒနာ ဇာတ်ကားတွင် စိတ်လက်မချမ်းမသာဖြစ်နေရရှာသည့် တစ်ကိုယ်ရေတစ်ကာယ အပျိုကြီးအဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့သူ မက်ဂီစမစ်ပင်ဖြစ်သည်။

နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဆု – ၄၂ ကြိမ်မြောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဆွစ်ဇာလန်နိုင်ငံ လိုကာနိုမြို့တွင် ကျင်းပခဲ့ရာ ယင်းရုပ်ရှင်ပွဲတော်သို့ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ အနောက်ဂျာမန်၊ အီတလီ၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အခြားနိုင်ငံများက ရုပ်ရှင်ဇာတ်ကား ၁၈ ကား ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အဓိကဆုအဖြစ် ရွှေကျားသစ်ဆုကို ချီးမြှင့်ရာ တောင်ကိုရီးယားနိုင်ငံမှ ဒါရိုက်တာ ယောင်ကျန်ဘော စီစဉ်ရိုက်ကူးသည့် ဒါးမာဘယ်အတွက် အရွှောက်သို့ ဦးတည်ထွက် ဇာတ်ကားက ဆွတ်ခူးရရှိသွားပြီး အိန္ဒိယနိုင်ငံမှ ဒါရိုက်တာ ရှာဂျီအင် ကာရန် ရိုက်ကူးသည့် မွေးဖွားခြင်းဇာတ်ကားက ဒုတိယဆုကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံမှပင် ဒါရိုက်တာ အဘက်စ် ကီယာရိုစတာမီ ရိုက်ကူးသည့် သူငယ်ချင်းရဲ့ အိမ်ဘယ်မှာလဲ ဇာတ်ကားက တတိယဆုကိုလည်းကောင်း အသီးသီးရရှိကြသည်။

ဂျရူးဆလမ်း ရုပ်ရှင်ပွဲတော်ဆု – ခြောက်ကြိမ်မြောက် ဂျရူးဆလမ်း ရုပ်ရှင်ပွဲတော်ကို အစ္စရေးနိုင်ငံ ဂျရူးဆလမ်းမြို့တွင် ၁၀ ရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်သို့ နိုင်ငံပေါင်း ၄၀ မှ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၃၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အစ္စရေးတို့သိမ်းပိုက်ထားသည့် နယ်မြေများတွင် ၁၉ လကြာ အာရပ်အုံကြွမှုများ ရင်ဆိုင်ခဲ့ရပုံနှင့် အကြမ်းဖက်အုံကြွမှုများကြားတွင် မြေဇာပင် ဖြစ်နေရရှာသည့် အစ္စရေးမိသားစု တစ်စု၏ မျိုးနွယ်ဆက်သုံးဆက် အကြောင်းကို ပီပီပြင်ပြင် တင်ပြထားသည့် အစ္စရေးလူမျိုး နာမည်ကျော် ဒါရိုက်တာ အိုင်းဆက် ဇက်ပယ် ရီရွှန်ရွန် ရိုက်ကူးတင်ဆက်သည့် အစိမ်းရောင်လွင်ပြင်များ ဇာတ်ကားက ပထမဆုရရှိသွားရာ ဆုကြေးငွေဒေါ်လာ ၃၅,၀၀၀ ချီးမြှင့်ခံရသည်။ ယင်းဇာတ်ကား၏အဓိကအချက်မှာ တော်လှန်ရေးတစ်ရပ် လုပ်ဆောင်ရာတွင် အကြမ်းဖက် ဆူပူသည့် နည်းကိုသာ တစ်ခုတည်းသောနည်းလမ်းအဖြစ် စဲ့ကိုင် မှတ်ယူထားသူများအား ရွုတ်ချဝေဖန်ထားခြင်း ဖြစ်သည်။

ယင်းရုပ်ရှင်ပွဲတော်တွင် ဇာတ်လမ်းတို အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ပါလက်စတိုင်းလူမျိုး ဒါရိုက်တာ ရာရှစ် မရှရာဝီရိုက်ကူးသည့် ကွန်းခိုရိပ်သာ ဇာတ်ကားက ရရှိသွားပြီး ဆုကြေးငွေဒေါ်လာ ၁၀,၀၀၀ ချီးမြှင့်ခံရသည်။ ယင်းဇာတ်ကားရိုက်ကူးသူ မရှရာဝီသည် အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂါဇာကမ်းမြောင်ဒေသရှိ ရှာတီဒုက္ခသည်စခန်းမှ ဒုက္ခသည်တစ်ဦးဖြစ်ပြီး ရုပ်ရှင်လုပ်ငန်းဘက်သို့ အခြေမစိုက်မီက တဲလ်အဗစ်မြို့တွင် ပန်းကန်ဆေးသည့်အလုပ် လုပ်ခဲ့သူတစ်ဦး ဖြစ်သည်။ ကွန်းခိုရိပ်သာဇာတ်ကားမှာ ၎င်း၏ဒုတိယလက်ရာဖြစ်ပြီး တဲလ်အဗစ်မြို့မှ အလုပ်ကြမ်းသမားနှစ်ဦး၏ တစ်နေ့တာဘဝကို ခြယ်မှုန်းတင်ပြထားခြင်းဖြစ်သည်။ ဆုကြေးငွေ ဒေါ်လာ ၅၀၀၀ ချီးမြှင့်သည့် ဇာတ်လမ်းတို ရုပ်ရှင်ကား ဒုတိယဆုကို အစ္စရေးလူမျိုး ဒါရိုက်တာ ယိုဟာနန် ဝဲလ်လာက ရရှိသွားသည်။

ရှော့ကလိ, ဝိလျံဗရက်ဖို့ (၁၉၁၀ – ၁၉၇၉) ။ ။ ရူပဗေဒနိုဗယ်ဆုရ အမေရိကန်သိပ္ပံပညာရှင်ဖြစ်သည့် ဝိလျံဗရက်ဖို့ ရှော့ကလိကို ၁၉၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် လန်ဒန်မြို့၌ မွေးဖွားခဲ့သည်။ ဝိလျံဗရက်ဖို့ ရှော့ကလိသည် ကာလီဖိုးနီးယား စက်မှုတက္ကသိုလ်နှင့် မက်ဆာချူးဆက် စက်မှုတက္ကသိုလ်တို့တွင် စတင်ပညာသင်ကြားခဲ့သည်။

ရှော့ကလိသည် တက္ကသိုလ်ပညာ သင်ကြားပြီးနောက် သိပ္ပံပညာ နယ်ပယ်တွင် ကျင်လည် ကျက်စားခဲ့ရာ သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းတာဝန် အဝဝကို ထမ်းဆောင်ခဲ့သည်။ ၁၉၃၆–၄၂ ခုနှစ်တွင် ဘဲလ်တယ်လီဖုန်းလက်တွေ့စမ်းသပ်အလုပ်ရုံ၏ စက်မှုပညာရှင်အဖွဲ့တွင် ဝင်ရောက် လုပ်ကိုင်ခဲ့ရာ လက်တွေ့ စမ်းသပ်မှု အမျိုးမျိုး လုပ်ဆောင်ပြီး နောက်ဆုံးတွင် ထရန်စစ်စတာအဆုံကို တီထွင်နိုင်သည်အထိ အောင်မြင်ခဲ့သည်။

ရှော့ကလိသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၄ ခုနှစ်ထိ အမေရိကန်ပြည်ထောင်စု ရေတပ်တပ်ဖွဲ့ ရေငုပ်သင်္ဘော တိုက်ဖျက်မှု စစ်ဆင်ရေး အဖွဲ့တွင် သုတေသန ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်ခဲ့ပြီး စစ်ကြီးပြီးဆုံးသောအခါ ဘဲလ် တယ်လီဖုန်း လက်တွေ့စမ်းသပ်အလုပ်ရုံ ထရန်စစ်စတာ ရူပဗေဒပညာ သုတေသနအဖွဲ့၏ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြန်သည်။

ထို့ပြင် ၁၉၄၄–၄၅ ခုနှစ်တွင် ကာကွယ်ရေး ဌာနစစ်ဘက် အတွင်းရေးမှူးရုံး၏ ကျမ်းကျင်သူ အကြံပေးပုဂ္ဂိုလ်၊ ၁၉၄၅–၅၄ ခုနှစ်တွင် အခဲအခြေရူပဗေဒ သုတေသနလုပ်ငန်းအဖွဲ့၏ ညွှန်ကြားရေးမှူး၊ ၁၉၄၆ ခုနှစ်တွင် ပရင့်စတန်တက္ကသိုလ်၏ ဧည့်ကထိက၊ ၁၉၄၇–၄၉ ခုနှစ်



နိုဗဲဆုရ ရူပဗေဒပညာရှင် ဝိလ်ျဗရက်ဖို့ ရှော့ကလီ

တွင် ပူးပေါင်းသုတေသနနှင့် ဖွံ့ဖြိုးမှုအဖွဲ့ မူဝါဒချမှတ်ရေး ကောင်စီ၏ သိပ္ပံပညာဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ ၁၉၅၁–၆၃ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ကြည်းတပ်မတော် သိပ္ပံပညာအကြံပေး အကဲဖြတ်အဖွဲ့ဝင်၊ ၁၉၅၄–၅၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ပါဆာဒီနာမြို့ ကာလီဖိုးနီးယား စက်မှုတက္ကသိုလ်တွင် ရူပဗေဒ ဧည့်ပါမောက္ခနှင့် အမေရိကန်ပြည်ထောင်စုကာကွယ်ရေးဌာန၊ စစ်လက်နက် ပစ္စည်းများ ပြုလုပ်မှုစနစ် ချင့်တွက် အကဲဖြတ်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူး၊ ထို့နောက် ယင်းအဖွဲ့၏ ညွှန်ကြားရေးမှူး (သုတေသန) အစရှိသည့် များပြားလှသည့် လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်ခဲ့သည်။

ရှော့ကလီသည် ၁၉၅၅ ခုနှစ်တွင် ဘက်မန် ပစ္စည်းကိရိယာ ထုတ်လုပ်ရေး လုပ်ငန်းဌာနနှင့် ပူးပေါင်းလျက် ရှော့ကလီ တစ်ပိုင်းလျှပ်ကူးပစ္စည်း စမ်းသပ်ထုတ်လုပ်ရုံကို တည်ထောင်ပြီး ယင်းအလုပ်ရုံ၏ ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ တစ်ဖန် ၁၉၅၈ ခုနှစ်တွင် ကာလီဖိုးနီးယား ပြည်နယ် စတန်းဖို့တက္ကသိုလ်၌ ကထိကအဖြစ် လုပ်ကိုင်ခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ယင်း တက္ကသိုလ်၏ ပထမဦးဆုံး အင်ဂျင်နီယာ သိပ္ပံပညာ ပဋ္ဌန်နီယာတော်ဖ် ပါမောက္ခ ဖြစ်လာသည်။

ဤကဲ့သို့ တစ်ဖက်တွင် သိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းတာဝန်အသီးသီးကို အားကြိုးမာန်တက် ဆောင်ရွက်ရင်း အခြားတစ်ဘက်မှလည်း မိမိကျွမ်းကျင် တတ်မြောက်ထားသည့် ရူပဗေဒပညာကို အခြေခံလျက် ခေတ်ပေါ် သိပ္ပံပစ္စည်းများ တီထွင် ထုတ်လုပ်ခြင်း၊ သိပ္ပံ သုတေသနပြုလုပ်ခြင်းနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အယူအဆ နှင့် သီဝရီများ ဖော်ထုတ်ခြင်းတို့၌ အသုံးချလျက် ဆောင် ရွက်ခဲ့သည်။

ရှော့ကလီသည် ထရန်စစ်စတာအဆုံးနှင့် တစ်ပိုင်းလျှပ် ကူးပစ္စည်းများကို အောင်မြင်စွာ တီထွင် ထုတ်လုပ်နိုင်ခဲ့ သည်။ အခဲတို့၏စွမ်းအင်တာခွင်၊ ဖယ်ရိုသံလိုက် ဓာတ် နယ်ပယ်များ၊ သတ္တုတို့၏ ပလတ်စတစ် ဂုဏ်သတ္တိများ စသည်တို့နှင့် ပတ်သက်၍ သုတေသန ပြုလုပ်ခဲ့သည်။ ပုံဆောင်ခဲနယ်စပ်များသီဝရီ၊ သတ္တုစပ်တို့တွင် အစီအစဉ် ကျခြင်း မကျခြင်းသီဝရီ၊ တစ်ပိုင်းလျှပ်ကူးသီဝရီ၊ လျှပ်စစ် သံလိုက်သီဝရီနှင့် သိပ္ပံ အတွေးဆိုင်ရာ စိတ်ပိုင်း အသုံးချ နည်းသီဝရီတို့ကိုလည်း ဖော်ထုတ်ခဲ့သည်။

ထူးခြားချက်တစ်ရပ်မှာ ရှော့ကလီသည် ၁၉၆၀ ပြည့် နှစ်ဝန်းကျင်တွင် မျိုးရိုးပညာနှင့်ပတ်သက်၍ လူဖြူလူမျိုး များသည် ယေဘုယျအားဖြင့် လူမည်းလူမျိုးများထက် အသိဉာဏ် ထက်မြက်မှုတွင် သာလွန် သည်ဟု ဆိုကာ လူမျိုးစုဆိုင်ရာ မျိုးရိုးဗီဇသီဝရီကိုတင်ပြ ခဲ့သည်။ ထို့ပြင် ဉာဏ်စွမ်းရည် နိမ့်ကျသည့် လူများအားလည်းကောင်း၊ သို့မဟုတ် မျိုးရိုးအလိုက် ပါလာသည့် ရောဂါများအား လည်းကောင်း ယင်းကဲ့သို့ ဖြစ်နေမှုမှ မြို့သွားစေရန် တားဆီးလုပ်ဆောင်နိုင်သည်ဟု အဆိုပြုခဲ့သည်။

ဝိလ်ျရှော့ကလီသည် ရူပဗေဒ နိုဗဲဆုရှင်တစ်ဦးလည်း ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် ထရန်စစ်စတာ တီထွင်နိုင်မှု အတွက် ရူပဗေဒဆိုင်ရာနိုဗဲဆုကို အမေရိကန်ပြည်ထောင် စုမှ ဂျွန်ဘာဒင်း (၁၉၀၈–) နှင့် ဝေါလတာဟောက်ဇာ ဗရက်တိန်း (၁၉၀၂–၁၉၀၇) တို့နှင့်အတူ ပူးတွဲချီးမြှင့်ခံ ခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၈–စာ၊ ၂၂၇ — ရှ။)

စင်စစ် ထရန်စစ်စတာ တီထွင်နိုင်မှုသည် ထုထည်ပို၍ ကြီးကာ စွမ်းရည်မပြည့်ဝသည့် လေဟာမီး လုံး များ၏ နေရာတွင် ထရန်စစ်စတာကို ထိရောက်စွာ အစားထိုးနိုင် ခဲ့ပြီး ၎င်းတီထွင်မှုမှ ရှေသို့တက်လှမ်းကာ အီလက်ထရွန် နစ်နည်းပညာ တိုးတက် ထွန်းကားစေသည့် ခေတ်တစ် ခေတ်ကိုရှေဆောင်ရွေရွက်ပြုနိုင်ခဲ့သည်။

ရှော့ကလီသည် နိုဗဲဆု အပါအဝင် အခြား ဆုတံဆိပ် များဖြစ်သည့် ဂုဏ်ထူးဆောင် ဆုတံဆိပ် (၁၉၄၆)၊ ကွမ်းစတော့ခ်ဆု (အမျိုးသားပညာတံခွန်အဖွဲ့) (၁၉၆၃)၊ နာဆာအဖွဲ့၏ ကျေးဇူးတင်ဂုဏ်ပြုလွှာနှင့် နာဆာပြည်သူ ဝန်ထမ်းအဖွဲ့ စွမ်းဆောင်မှုဆု (၁၉၆၉)၊ ထရန်စစ်စတာ တီထွင်မှု ၂၅ နှစ်ပြည့်မြောက် အထိမ်းအမှတ်ရွှေတံဆိပ်ဆု (၁၉၇၂)၊ ထင်ရှားသည့် အမျိုးသားတီထွင်သူပုဂ္ဂိုလ်များ ဂုဏ်ထူးဆောင်အဖွဲ့ဝင် (၁၉၇၄) တို့ကို ချီးမြှင့်အပ်နှင်းခြင်း ခံခဲ့ရသည်။

ရှော့ကလီသည် သိပ္ပံရေးရာအဖြာဖြာ စာပေများကို ပြုစုခဲ့ရာ တစ်ပိုင်းလျှပ်ကူးပစ္စည်းများတွင်ရှိ အီလက်ထရွန် များနှင့် ကြွားလပ်ကွက်များ (၁၉၅၀)၊ စင်း လုံး ချော လုနီး ပုံဆောင်ခဲများ၏ ချွတ်ယွင်းချက်များ (၁၉၅၂)

နှင့် မက္ကင်းနစ် (တဲ့ဖက်ရေး) (၁၉၆၆) စာ အုပ် တို့ကို ရေးသားထုတ်ဝေခဲ့ပြီး သိပ္ပံဆောင်းပါး အမြောက်အမြား ရေးသားခဲ့သည်။

ဤကဲ့သို့ သိပ္ပံပညာနယ်ပယ်တွင် ထင်ရှားကျော်ကြား လှသည့် ရူပဗေဒနိဗ္ဗဲဆုရ အမေရိကန်သိပ္ပံပညာရှင် ဝိလ်ဘွ ရွှေ့ကလိသည် ၁၉၈၉ ခုနှစ် ဩဂုတ်လတွင် အမေရိကန် ပြည်ထောင်စု၌ ကွယ်လွန်ခဲ့သည်။

လစာနှုန်းသစ်၊ လုပ်ခနှုန်းသစ် ပြင်ဆင်ခြင်း။ ။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက် အစိုးရဝန်ထမ်းများ၏ လစာနှုန်းများနှင့် လုပ်ခများကို ၁၉၄၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပထမအကြိမ် ပြင်ဆင် ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ၂၄ နှစ် အတွင်းရရှိကြသော လစာနှုန်းထားများမှာ လွတ်လပ်ရေး မရမီ ၁၉၄၇ ခုနှစ် လစာကော်မရှင်က သတ်မှတ်ပေးခဲ့ သည့်နှုန်းများအတိုင်း ရှိခဲ့ရာမှ ၁၉၇၂ ခုနှစ် အောက်တို ဘာလ ၁ ရက်နေ့တွင်တစ်ကြိမ်၊ ၁၉၇၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင်တစ်ကြိမ်၊ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်တစ်ကြိမ်၊ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ တွင်တစ်ကြိမ် လစာနှုန်းများကို တိုးမြှင့် သတ်မှတ်ပေးခဲ့ သည်။

(၁၉၄၇ ခုနှစ် လစာနှုန်းနှင့် ပြင်ဆင်သတ်မှတ်ပေးခဲ့ သည့်လစာနှုန်းများကို အကျဉ်းချုပ်၍ (ဇယား–၁) တွင် နှိုင်းယှဉ်ဖော်ပြထားသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ ၂၆ နှစ်တာကာလအတွင်း ပြောင်းလဲခဲ့သည့်လစာ နှုန်းများကို တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ပြောင်းလဲမှုနှုန်း (GDP Deflator) အရ တွက်ချက်ရရှိသော ပုံမှန် ဈေးနှုန်းများဖြင့် (ဇယား–၂) တွင် ဖော်ပြထားသည်။)

(ဇယား–၂) ကို လေ့လာရာတွင် အနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏ ပျမ်းမျှလစာသည် ၁၉၆၂ ခုနှစ်တွင် ၈၉ ကျပ် ပြား ၅၀ ရရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် ရရှိသော လစာကို ပုံမှန်ဈေးနှုန်းဖြင့် တွက်ချက်ကြည့်သောအခါ ၅၁ ကျပ် ၀၃ ပြားသာရှိတော့သည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင်ရရှိသော လစာသည် ကိန်းဂဏန်းအားဖြင့် ကျပ် ၂၂၀ ဟုဆိုသော်လည်း ၁၉၆၂ ခုနှစ် ပုံမှန်ဈေးနှုန်းအရ ၅၁ ကျပ် ၀၃ ပြားသာ လစာရရှိသည်နှင့် တူနေသည်။

ထို့အတူ အရာရှိမဟုတ်သော ဝန်ထမ်းများ၏ ပျမ်းမျှ လစာမှာ ၁၉၆၂ ခုနှစ်တွင် ၂၃၂ ကျပ် ပြား ၅၀ ရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် (၁၉၆၂ ခုနှစ် ပုံမှန်ဈေးနှုန်းဖြင့် တွက် ချက်သောအခါ) ၉၈ ကျပ် ၄၇ ပြားသာ ရှိတော့သည်။ သို့ဖြစ်၍ လစာမှာ ကိန်းဂဏန်းသာ တိုးလာသော်လည်း တန်ဖိုးတိုးသည်မဟုတ်ပေ။ တစ်နည်းအားဖြင့် ကုန်ဈေး နှုန်းမျှားမြင့်တက်မှုကို လစာက ကျော်လွှားနိုင်ခြင်းမရှိဟု ဆိုရမည်။

(ဇယား–၂) တွင် ဖော်ပြထားသည့်အတိုင်း တစ်မျိုး သားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင် မှုတန်ဖိုး ပြောင်းလဲမှုနှုန်း (GDP Deflator) ဖြင့် တွက် ချက် ဖော် ပြ ခြင်း ထက် စား သုံး သူ ဈေး ဆ နှုန်း (Consumer Price Index) ဖြင့် တွက်ချက်ခြင်းက ပို၍ နီးစပ်စွာ ဖော်ပြနိုင်မည်ဖြစ်သည်။

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း နှစ်အလိုက် ပြောင်းလဲခဲ့သော လစာနှုန်းများကို အဆိုပါ စားသုံးသူ ဈေးဆနှုန်းအရ ပုံမှန်ဈေးနှုန်းများဖြင့် (ဇယား–၃) တွင် ဖော်ပြသည်။ နမူနာအားဖြင့် အနိမ့်ဆုံးဝန်ထမ်း၏ပျမ်းမျ လစာကိုသာ တွက်ချက်ဖော်ပြသည်။ (ဇယား–၃) ကို လေ့လာပါက ၁၉၆၂ ခုနှစ်က ပျမ်းမျလစာ ၈၉ ကျပ် ပြား ၅၀ ရရှိသော အနိမ့်ဆုံးဝန်ထမ်း၏ ၁၉၈၈ ခုနှစ် လစာသည် အရေအတွက်အားဖြင့် ၂၂၀ ကျပ် ဖြစ်သော်လည်း (၁၉၆၂ ခုနှစ် ပုံမှန်ဈေးနှုန်းဖြင့် ဆိုပါက) ၃၅ ကျပ် ၂၁ ပြားသာရှိတော့ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ အလုပ်သမားများနှင့် နိုင်ငံဝန်ထမ်းများ၏ လုပ်ခ၊ လစာများ၏ အမှန်တကယ်ဝယ်နိုင်အားမှာ တစ်စ တစ်စ ကျဆင်းလာကာ ဝန်ထမ်းအများစုမှာ စားဝတ် နေရေး ကျပ်တည်းလာသည်ကို တွေ့ရသည်။

သို့အတွက် အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအရ တိုထွင်ထားသော ရာထူးများ၌ တာဝန်ထမ်း ဆောင်နေကြသည့် ဝန်ထမ်းများ၏လစာနှုန်းထားများကို ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပြောင်းလဲ ပြင်ဆင် သတ်မှတ်သည်။

အစိုးရဝန်ထမ်းများအတွက် လက်ရှိ လစာနှုန်းများမှ လစာနှုန်းသစ် သို့ ကူးပြောင်းပုံကို (ဇယား–၄) ဖြင့် ဖော်ပြထားသည်။

အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ် သမားများ၏လုပ်ခကို အလုပ်ချိန်တစ်နေ့ရှစ်နာရီအတွက် လုပ်ခ ကျပ် ၁၅ ပေးရမည်ဟု သတ်မှတ်သည်။ နောင်တွင် နေ့စားလုပ်ခသည် ကျပ် ၁၅ ဟူ၍ တစ်မျိုးတည်းသာရှိ မည်ဖြစ်သည်။

အချိန်ပိုလုပ်ခကို လစာနှုန်း ကျပ် ၀၇၅–၂၅–၉၇၅ နှင့် ၎င်းအောက်အဆင့်လစာရဝန်ထမ်းများအား သာမန် လုပ်ခနှုန်း၏ ၁၀၀ ရာခိုင်နှုန်း (တစ်ဆ) ဖြင့် တွက်ချက် ခံစားခွင့်ပြုသည်။

ယခုပြင်ဆင်သတ်မှတ်သည့် လစာနှုန်းသစ်အရ လစာ ကို တိုးမြှင့်ထားသည့်အလျောက် ပင်စင်နှင့် လုပ်သက်ဆု

ငွေခံစားခွင့်ကိုလည်း တိုးမြှင့်လာမည် ဖြစ်၍ ဝန်ထမ်းများအငြိမ်းစားယူသည့်အချိန်၌ အကျုံးဝင် အကျိုးခံစားခွင့်ရှိစေရန် တည်ဆဲ ပင်စင်နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ စသည်တို့တွင် အငြိမ်းစား ဝန်ထမ်းတစ်ဦးအတွက် ပင်စင်ကို တစ်လလျှင် ကျပ် ၆၀၀ ထက် မပိုစေရန်နှင့် မိသားစုပင်စင်ကို တစ်လလျှင် ကျပ် ၃၀၀ ထက် မပိုစေရန် ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်သည်။

ယခုလက်ရှိအငြိမ်းစားများအား ပင်စင်တစ်မျိုးတည်း ကိုသာ ခံစားခွင့်ပြုရန်ဖြစ်၍ ပင်စင်အပေါ်တွင် ဆောင်း

ဇယား(၁)

စဉ်	အကြောင်းအရာ	၁၉၄၇ လစာ လစာနှုန်း	၁၉၇၂ ပြင်ဆင်သည့် လစာ	၁၉၇၆ ပြင်ဆင်သည့် လစာ	၁၉၈၁ ပြင်ဆင်သည့် လစာ	၁၉၈၈ ပြင်ဆင်သည့် လစာ
		(ကျပ်)	(ကျပ်)			
၁။	အနိမ့်ဆုံး ဝန်ထမ်း၏ ပျမ်းမျှလစာ	၈၉.၅၀	၁၀၅.၀၀	၁၄၅.၀၀	၁၇၅.၀၀	၂၂၀.၀၀
၂။	အမြင့်ဆုံး ဝန်ထမ်း၏ ပျမ်းမျှလစာ	၁၆၀၀.၀၀	၁၅၀၀.၁၀	၁၅၀၀.၀၀	၁၆၅၀.၀၀	၁၆၅၀.၀၀
၃။	အရာရှိ မဟုတ်သော ဝန်ထမ်းများ၏ ပျမ်းမျှလစာ	၂၃၂.၅၀	၂၅၈.၄၆	၂၈၅.၀၀	၃၃၇.၃၁	၃၃၇.၆၉

ဇယား (၂)

စဉ်	အကြောင်းအရာ	၁၉၆၂	၁၉၇၂	၁၉၇၆	၁၉၈၁	၁၉၈၈
၁။	(က) အနိမ့်ဆုံး ဝန်ထမ်း၏ ပျမ်းမျှလစာ	၈၉.၅၀	၁၀၅.၀၀	၁၄၅.၀၀	၁၇၅.၀၀	၂၂၀.၀၀
	(ခ) ထိုလစာကို ပုံမှန်စျေးနှုန်းဖြင့် တွက်ချက်ရရှိငွေ	၈၉.၅၀	၈၀.၅၁	၅၅.၃၇	၅၈.၂၆	၅၁.၀၃
၂။	(က) အမြင့်ဆုံး ဝန်ထမ်း၏ လစာ	၁၆၀၀.၀၀	၁၅၀၀.၀၀	၁၅၀၀.၀၀	၁၆၅၀.၀၀	၁၆၅၀.၀၁
	(ခ) ထိုလစာကို ပုံမှန်စျေးနှုန်းဖြင့် တွက်ချက်ရရှိငွေ	၁၆၀၀.၀၀	၁၁၅၀.၁၀	၅၂၂.၇၇	၅၄၉.၂၀	၄၈၁.၁၄
၃။	(က) အရာရှိမဟုတ်သူ ဝန်ထမ်းများ၏ ပျမ်းမျှလစာ	၂၃၂.၅၀	၂၅၈.၄၆	၂၈၅.၀၀	၃၃၇.၃၁	၃၃၇.၆၉
	(ခ) ထိုလစာကို ပုံမှန်စျေးနှုန်းများဖြင့် တွက်ချက်ရရှိငွေ	၂၃၂.၅၀	၁၉၈.၁၀	၁၀၈.၈၃	၁၁၂.၂၉	၉၈.၄၇

ပေးထားသည့် အပိုထောက်ပံ့ကြေးကို ပေါင်းထည့်ပြီး ပင်စင်တစ်ခုတည်းအဖြစ် သတ်မှတ်သည်။

၁၉၇၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံတော်က အကြောင်းတစ်စုံတစ်ရာကြောင့် အငြိမ်းစား ယူစေသည့် ကိစ္စများ၌သာလျှင် ပင်စင်နည်းဥပဒေအပိုဒ် ၂ (၁) ပါ ပြဋ္ဌာန်းချက်ကို လျော့ပေါ့၍ ပင်စင်အကျိုးခံစားခွင့်ပြုပြီး သတ်မှတ်ထားသော လုပ်သက် မပြည့်မီ မိမိဆန္ဒအရ အငြိမ်းစားယူမည့် ဝန်ထမ်းအား ပင်စင်ခံစားခွင့် မပြုဘဲ လုပ်သက်ဆုငွေကိုသာ ခွင့်ပြုသည်။

တပ်မတော်အတွက် သတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများအပြင် အငြိမ်းစားလစာနှင့် ဆုကြေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးကောင်စီသို့ တင်ပြ အတည်ပြုချက် ရယူ ဆောင်ရွက်ရန်ဖြစ်သည်။

ဇယား (၃)

စဉ်	အကြောင်းအရာ	၁၉၆၂	၁၉၇၂	၁၉၇၆	၁၉၈၁	၁၉၈၈
၁။	(က) အနိမ့်ဆုံး ဝန်ထမ်း၏ ပျမ်းမျှလစာ	၈၉.၅၀	၁၀၅.၀၀	၁၄၅.၀၀	၁၇၅.၀၀	၂၂၀.၀၀
	(ခ) ထိုလစာကို ပုံမှန်စျေးနှုန်းဖြင့် တွက်ချက်ရရှိငွေ	၈၉.၅၀	၇၀.၄၇	၃၈.၅၂	၄၆.၉၄	၃၅.၂၁


ဇယား (၄)

လက်ရှိလစာနှုန်းမှ လစာနှုန်းသစ်သို့ ကူးပြောင်းပုံ

အမှတ်စဉ်	လက်ရှိလစာနှုန်း	လစာနှုန်းသစ်
၁	၂	၃
၁	၁၀၀– ၂– ၁၁၀	၄၅၀–၂၅–၆၀၀
၂ ၃	၁၁၀– ၃– ၁၂၅ ၁၂၅– ၅– ၁၅၀	၆၂၅–၂၅–၇၂၅
၄ ၅ ၆	၁၃၀–၁၀– ၂၀၀ ၁၅၀–၁၀– ၂၂၀ ၁၆၀–၁၀– ၂၃၀	၇၅၀–၂၅–၉၂၅
၇ ၈ ၉	၁၈၅–၁၅– ၃၀၅ ၂၁၀–၁၅– ၃၃၀ ၂၄၀–၁၅– ၃၆၀	၁၀၀၀–၂၅–၁၂၅၀
၁၁ ၁၂ ၁၃	၃၀၀–၁၅– ၄၂၀ ၃၂၀–၁၅– ၄၄၀ ၃၄၀–၂၀– ၄၆၀	၁၄၀၀–၂၅–၁၆၀၀

အမှတ်စဉ်	လက်ရှိလစာနှုန်း	လစာနှုန်းသစ်
၁	၂	၃
၁၃	၄၀၀–၂၀– ၅၂၀	၁၂၅၀–၂၅–၁၄၀၀
၁၄ ၁၅	၄၅၀–၂၀– ၅၇၀ ၅၀၀–၂၀– ၆၂၀	၁၄၀၀–၃၀–၁၆၀၀
၁၆	၈၀၀–၄၀–၁၀၀၀	၁၄၀၀–၅၀–၁၇၀၀
၁၇	၁၀၀၀–၅၀–၁၂၀၀	၁၇၀၀
၁၈	၁၂၀၀	၁၈၀၀
၁၉	၁၄၀၀	၁၉၀၀
၂၀	၁၅၀၀	၂၀၀၀

မှတ်ချက်။ ။လစာနှုန်းသစ်အရနှစ်တိုးများကို ၂ နှစ်လျှင် တစ်ကြိမ် ခံစားခွင့်ပြုရန် ဖြစ်ပါသည်။



ဆေးပညာနိုဗဲဆုရှင် ကွန်းရက် လိုရင့်

လိုရင့်, ကွန်းရက် (ခရစ် ၁၉၀၃ – ၁၉၇၉) ။ ။ ခေတ်သစ် ဆက်ဆံရေး စိတ်ပညာ နယ်ပယ်၌ အထူး ထင်ရှားသည့် ဇီဝကမ္မဗေဒနှင့် ဆေးပညာဆိုင်ရာ နိုဗဲဆုရှင် ကွန်းရက်လိုရင့်ကို ၁၉၀၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မွေးဖွားသည်။ ငယ်စဉ်ကပင် လိုရင့်သည် တိရစ္ဆာန်များကို စိတ်ဝင်စားခဲ့သည်။ မိဘများကလည်း အားပေးသည့်အလျောက် တိရစ္ဆာန် အမျိုးမျိုး (အထူးသဖြင့် ငါး၊ မျောက်၊ ခွေး၊ ငှက်၊ ကြောင်၊ ယုန်)တို့ကို အိမ်၌မွေးထားသည်။ ကလေးဘဝတွင် လေ့လာရေးခရီးထွက်တိုင်း အပြန်တွင် တိရစ္ဆာန်များကို ယူဆောင်လာတတ်သည်။ အိမ်နှင့် မလှမ်းမကမ်း ရှိ ဋ္ဌန်းဘရွန်နာ တိရစ္ဆာန်ရုံမှ တိရစ္ဆာန်များကို ပြုစုစောင့်ရှောက်ပေးလေ့ရှိသည်။ လိုရင့်သည် လေ့လာတွေ့ရှိသော ငှက်တို့၏ အမူအရာများကို နေ့စဉ် မှတ်တမ်းပုံသဏ္ဌာန်ဖြင့် အသေးစိတ် မှတ်တမ်းတင်ထားခဲ့သည်။

လိုရင့်သည် စက္ကင်ဒရီအဆင့်ကျောင်းမှ ၁၉၂၂ ခုနှစ်တွင် အောင်လက်မှတ် ရရှိပြီးသောအခါ ဖခင်၏ဆန္ဒအတိုင်း ဆေးပညာ သင်ယူခဲ့သည်။ နယူးယောက်မြို့ ကိုလံဗီယာ တက္ကသိုလ်၌ ပညာသင်နေစဉ် စာသင်နှစ်တစ်နှစ် မပြည့်မီတွင်ပင် အိမ်ထောင်ပြုခဲ့သည်။

လိုရင့်သည် ဆေးပညာ ဆည်းပူးနေစဉ်တွင်လည်း တိရစ္ဆာန် အပြုအမူများကို အသေးစိတ် လေ့လာခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ လိုရင့်သည် အိမ်၌မွေးထားသော ကျီးတစ်ကောင်အမူအရာကို နေ့စဉ်မှတ်တမ်းအဖြစ် လေ့လာပြုစုထားပြီး ယင်းစာမူကို ငှက်ဗေဒဂျာနယ်၌ ၁၉၂၇ ခုနှစ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ လိုရင့်သည် ၁၉၂၇ ခုနှစ်တွင် ဗီယင်နာမြို့၌ ဆေးပညာဘွဲ့ကို ရရှိသည်။ ထို့နောက် နှိုင်းယှဉ်ခန္ဓာဗေဒပညာကို ဆက်လက်ဆည်းပူးရာ ၁၉၃၃ ခုနှစ်တွင် သတ္တဗေဒပါရဂူဘွဲ့ကိုဆွတ်ခူးရရှိသည်။

ဒေါက်တာလိုရင့်သည် ကျီး၊ ငန်း စသည့် ငှက်များအတွက် သီးသန့်နယ်မြေများကို ဖန်တီး၍ သုတေသနပြုနေခဲ့သည်။ လေ့လာတွေ့ရှိသမျှကို သုတေသနစာတမ်းများအဖြစ် ထုတ်ဝေဖြန့်ချိခဲ့ရာ နိုင်ငံတကာအဆင့်အထိ ထင်ရှားကျော်ကြားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဘဲပေါက်စနှင့် ငန်းပေါက်စလေးများကို လေ့လာ၍ စာတမ်း ပြုစုခဲ့သည်။ ဥမှပေါက်ခါစ ငန်းကလေးသည် အခြား မျိုးမတူသည့် သတ္တဝါတစ်ကောင်ကောင်ကို လိုင်စေ့ဆော်မှုအရ လည်းကောင်း၊ ဆက်ဆံရေးအရလည်းကောင်း တွယ်တာမှု ရှိရခြင်းမှာ ဥမှပေါက်စ အခြေပြောင်းကာလတွင် ယင်းမျိုးမတူသည့် သတ္တဝါနှင့် ပထမဆုံး စတင်တွေ့ရှိခြင်းကြောင့် ဖြစ်တတ်ကြောင်းကို လိုရင့်က ထောက်ပြခဲ့သည်။ ယင်းဖြစ်စဉ်ကို ပုံသွင်းခြင်း (imprinting) ဟု ခေါ်သည်။ ပုံသွင်းခြင်းဖြစ်စဉ်သည် ဘဝ၏ အစောဆုံးအပိုင်း အရေးပါသည့် အချိန်တစ်ချိန်တွင်ဖြစ်ပေါ်၍ အလွန်တိုတောင်းကြောင်း၊ ပုံသွင်းခြင်းဖြစ်ပြီးပါက ပြန်လည် ပြုပြင်ပြောင်းလဲရန် မလွယ်ကူကြောင်း၊ ဖော်ထုတ်ရမည့် တုံ့ပြန်မှုတစ်ခုခုကို ဖြစ်စေသောအရာသည် ယင်းတုံ့ပြန်မှုမဖွံ့ဖြိုးမီ ကာလကပင် ပုံသွင်းခြင်းကြောင့် ပေါ်ပေါက်နိုင်ကြောင်း(ပုံစံ – လိင်အပြုအမူဖြင့် တုံ့ပြန်စေရန် ပုံသွင်းထားပါက လိင်စေ့ဆော်မှု မဖွံ့ဖြိုးခင် ငယ်စဉ်ကပင် ယင်းအပြုအမူမျိုး ဖြစ်ပေါ်ခြင်း)၊ ပုံသွင်းခြင်းသည် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်အတွက်သာမဟုတ်ဘဲ ယင်းပုဂ္ဂိုလ်ကိုယ်စားပြုသော အမျိုးတစ်မျိုးလုံးအတွက်ဖြစ်ကြောင်း (ပုံစံ – ငန်းပေါက်စလေးများ သည် ပုံသွင်းမှုကြောင့် လိုရင့်၏ နောက်ကတကောက်ကောက် လိုက်သည်ဟု ဆိုရာ၌ လိုရင့်တစ်ဦးတည်းကိုသာ မဟုတ်ဘဲ အခြားသော လူသတ္တဝါများ နောက်သို့လည်း လိုက်တတ်ခြင်း) တို့ကို လိုရင့်က ရှင်းလင်းတင်ပြခဲ့သည်။

လိုရင့်သည် ၁၉၃၆ ခုနှစ်တွင် တိရစ္ဆာန်စိတ်ပညာဆိုင်ရာ ဂျာမန်အသင်းကြီးကို တည်ထောင်ခဲ့သည်။ နောက်တစ်နှစ်တွင် တိရစ္ဆာန်စိတ်ပညာ သတင်းလွှာ(ဆိုက်ရှရစ် ဗျူယာတီယာ ဆိုက်ကိုလိုဂျီ)ကို ထုတ်ဝေရာ တွဲဖက် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ယင်းစာစောင်သည် တိရစ္ဆာန်အမူအရာ သုတေသနပညာ နယ်ပယ်၌ အရေးပါလှသည်။ လိုရင့်သည် ၁၉၃၇ ခုနှစ်တွင် ဗီယင်နာတက္ကသိုလ်၌ နှိုင်းယှဉ် ခန္ဓာဗေဒနှင့် တိရစ္ဆာန်စိတ်ပညာ ပို့ချသော ကထိကအဖြစ် ခန့်အပ်ခံရသည်။ ထို့နောက် ကိုးနှစ်ဗဲမြို့ အာလဘာတုစ် တက္ကသိုလ်၌ အထွေထွေစိတ်ပညာဌာန ပါမောက္ခနှင့် ဌာနမှူးအဖြစ် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

လိုရင့်သည် ၁၉၄၂ ခုနှစ်မှ ၁၉၄၄ ခုနှစ်ထိ ကာလအတွင်း ဂျာမန်စစ်တပ်၌ ဆရာဝန်အဖြစ် အမှုထမ်းခဲ့ရ

သည်။ ရုရှားနိုင်ငံတွင် စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် ဩစတြီးယားနိုင်ငံသို့ပြန်လာပြီးလျှင် အာလဘာတုစ်ရှိ တိရစ္ဆာန်အပြုအမူ နှိုင်းယှဉ်သုတေသနဌာနကို ၁၉၅၁ ခုနှစ်ထိ ဦးဆောင် လမ်းညွှန်ပေးခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် မက်စ်ပလန့် သုတေသနဌာနဌ် တိရစ္ဆာန် အပြုအမူ နှိုင်းယှဉ်သုတေသနဌာနကို တည်ထောင်ပေးခဲ့သည်။ ထို့ပြင် အပြုအမူဆိုင်ရာ ဇီဝကမ္မဗေဒ သုတေသနဌာန၏ ညွှန်ကြားရေးမှူးအဖြစ် ၁၉၆၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည်။

လိုရင့် ငယ်ရွယ်စဉ်က လေ့လာတင်ပြချက်များသည် ဇာတိစိတ်အပြုအမူများ၏ သဘာဝနှင့် စပ်ဆိုင်ပေသည်။ အထူးသဖြင့် ယင်းအပြုအမူများ မည်သို့ ပေါ်ပေါက်လာသည်ကိုလည်းကောင်း၊ ယင်းအပြုအမူများအတွက် အာရုံစွမ်းအင် မည်သို့ရရှိသည်ကိုလည်းကောင်း လေ့လာတင်ပြခဲ့သည်။ တိရစ္ဆာန်တစ်ကောင်တွင် အပြုအမူသည် တစ်ပြိုင်တည်း လှုံ့ဆော်သော အခြေခံ အားပေးလှုံ့ဆော်ချက် နှစ်ချက်ဖြစ်စေ၊ ထို့ထက်ပို၍ဖြစ်စေ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာကောင်း ဖြစ်ပေါ်လာနိုင်သည်ဟု လိုရင့်က ထောက်ပြခဲ့သည်။ နယ်သာလန်နိုင်ငံမှ သုတေသနပညာရှင် နီကိုလပ်စ် တင်ဘာဂျင်နှင့် တွဲဖက် လေ့လာချက်အရ အပြုအမူ ပုံသဏ္ဌာန် အမျိုးမျိုးသည် တစ်ခုတည်းသော သက်ရောက်မှုအစဉ်နှင့် လိုက်လျောညီထွေ ဖြစ်ပေါ်သည်ဟုလည်း တင်ပြခဲ့သည်။

လိုရင့်၏ အယူအဆများသည် မျိုးစိတ်တစ်ခုအတွင်း အပြုအမူပုံစံများ ဆင့်ကဲဖွံ့ဖြိုး ဖြစ်ထွန်းပုံကို နားလည်နိုင်စေသည်။ အထူးသဖြင့် ပတ်ဝန်းကျင် အကြောင်းတရားများ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ မျိုးစိတ်အသီးသီးတို့ အသက်ရှင်နိုင်ရေးအတွက် အလိုက်သင့်နေတတ်သည့် အပြုအမူ၏ တန်ဖိုးကိုလည်းကောင်း ဥပမာ ထားရန်တင်ပြခဲ့သည်။ အသက်ရှင်သန်ရေးဒဿဂုဏ် အရေးပါသည့် ဆူးခြေးသော သတင်းအချက်အလက်များကို သိရှိနားလည်နိုင်ရန် ယင်းသတ္တဝါမျိုးစိတ်များကို မျိုးဗီဇအရပင် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

လိုရင့်၏ အယူအဆများသည် ဇီဝရုပ် တစ်ခုချင်း၏ ဘဝတွင် အပြုအမူပုံစံများ ဖွံ့ဖြိုး၍ရင့်ကျက်ခိုင်မာလာပုံကို မီးမောင်းထိုးပြနိုင်စွမ်း ရှိသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းတွင် လိုရင့်သည် လူသား၏ အပြုအမူကို ယင်း အယူအဆများဖြင့် လေ့လာတင်ပြခဲ့သည်။ ထိုသို့တင်ပြရာတွင် အကြမ်းဖက်လိုခြင်း (၁၉၆၆) အမည်ရှိ စာအုပ်သည် အထူးထင်ရှားသည်။ လူသားတို့ ပြုမူသည့် ရန်ဖြစ်ခြင်းနှင့် စစ်ပွဲဆင်နွှဲခြင်းတို့ကဲ့သို့သော အပြုအမူများသည် မွေးရာပါ အခြေခံဖြစ်ကြသည်။ သို့ရာတွင် လူသား၏ အခြေခံဇာတိ စိတ်လိုအင်များအတွက် သင့်တင့်လျောက်ပတ်သော နားလည်မှုနှင့် ပုံပိုးမှုတို့ဖြင့် ပတ်ဝန်းကျင်က ဖန်တီးပြုပြင်၍ ရနိုင်သည်ဟု လိုရင့်က အခိုင်အမာတင်ပြခဲ့သည်။ လူထက် အဆင့်နိမ့်သော တိရစ္ဆာန်များတွင် တိုက်ခိုက်ခြင်းသည် အသက်ရှင်ရေး အတွက် အပြုသဘော ဆောင်သော လုပ်ငန်းတာဝန် ဖြစ်သည်။ ယင်းသို့ တိုက်ခိုက်ရာတွင် ယှဉ်ပြိုင်ဘက်များကို အကဲ့ကဲ့အပြားပြား ဖြစ်စေခြင်းနှင့် နယ်မြေပိုင်နက်ကို ထိန်းသိမ်းခြင်းတို့ ပါဝင်သည်ဟု ဆိုသည်။ လူသားတွင်လည်း ထိုနည်းတူပင် စစ်မက်ကိုလိုလားသော သဘောထားများကို လူအဖွဲ့အစည်းအရ အသုံးဝင်သော အပြုအမူပုံစံများအဖြစ်သို့ ပြောင်းလဲ၍ တန်ဖိုးထားလိုကြသည်ဟု လိုရင့်က ထောက်ပြခဲ့သည်။

လိုရင့်သည် ယေးလ်တက္ကသိုလ်၊ အောက်စဖို့တက္ကသိုလ် စသည့် နိုင်ငံတကာတက္ကသိုလ်အသီးသီးမှ ဂုဏ်ထူးဆောင် ဘွဲ့ အများအပြားကို ရရှိသည်။ အူဘာ တိယာရစ်ရှက်စ် အွန် မင်ရှလစ်ရှက်စ် ဖယ်ရဟာလတင် (၁၉၆၅) (တိရစ္ဆာန်နှင့် လူသားအပြုအမူကို လေ့လာချက်များဟူသောအမည်ဖြင့် ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၇၁ ခုနှစ်တို့တွင် နှစ်တွဲခွဲ၍ ထုတ်ဝေခဲ့သည့် ကျမ်း) တွင် လိုရင့်၏ သုတေသနနည်းလမ်းများကို ဖော်ပြထားသည်။ ယဉ်ကျေးသော လူသား၏ အသက် ဆုံးပါးစေနိုင်သည့် အပြစ်ကြီး ရှစ်ရပ် (၁၉၇၄)၊ ကြေးမုံပြင်၏နောက်ဝယ် (၁၉၇၇) စသည့် စာအုပ်များသည်လည်း ထင်ရှားသည်။

လိုရင့်သည် တိရစ္ဆာန်အပြုအမူ သုတေသနပညာရှင်များဖြစ်ကြသော ကားလ် ဖွန် ဖရစ်ရှ်နှင့် နီကိုလပ်စ် တင်ဘာဂျင်တို့နှင့်အတူ ၁၉၇၃ ခုနှစ်တွင် ဇီဝကမ္မဗေဒနှင့် ဆေးပညာဆိုင်ရာ နိုဗယ်ဆုကို ပူးတွဲဆုတ်ခွဲးရရှိခဲ့သည်။

မြို့ပြလူအသိုင်းအဝိုင်းတွင် ဖြစ်ပွားတတ်သည့် အကြမ်းဖက်မှုများကိုနားလည်နိုင်စေရန်လည်းကောင်း၊ ကမ္ဘာစစ်တားဆီး ကာကွယ်ရေးကို ထိရောက်စေရန် လည်းကောင်း အကျိုးပြုနိုင်မည့် ခေတ်သစ် ဆက်ဆံရေး စိတ်ပညာ လေ့လာချက်များကို တင်ပြခဲ့သူ နိုဗယ်ဆုရှင် ဒေါက်တာ ကွန်းရက် လိုရင့်သည် ၁၉၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် နေ့တွင် ဩစတြီးယားနိုင်ငံ အာလတင်ဗဲ့မြို့၌ ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

လက်တင်အမေရိက။ ။လက်တင်အမေရိက ဒေသ တစ်ခွင်လုံးကို ခြုံ၍လေ့လာလျှင် တစ်ဦးချင်းဝင်ငွေသည် ၁၉၀၀ ခုနှစ်တွင် ကျဆင်းခဲ့ပြီး ၁၉၀၉ ခုနှစ်တွင်လည်း ဆက်လက်ကျဆင်းသည်ဟု အမေရိကတိုက်နိုင်ငံစုံဖွဲ့ဖြိုးရေးဘဏ်က ၁၉၀၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင်



အာဂျင်တီးနားသမ္မတသစ် ကာလို့စ် မေနမ်နှင့်ဇနီး အောင်ပွဲခံနေပုံ

ကြေညာသည်။ လက်တင်အမေရိက ၂၅ နိုင်ငံအနက် ၁၂ နိုင်ငံတွင် တစ်ဦးချင်းဝင်ငွေ ကျဆင်းခဲ့ရာ လူဦးရေ အများဆုံးနှင့် ကြွေးမြီအထူဆုံး ဗရာဇီးနိုင်ငံ၊ မက္ကဆီကို နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ ပါဝင်သည်။ ပနားမား နိုင်ငံတွင် ဝင်ငွေကျဆင်းမှုအများဆုံးဖြစ်၍ ၁၈ ဒသမ ဂ ရာခိုင်နှုန်းကျဆင်းသည်။ ၁၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသော နီကရာဂွာနိုင်ငံက ဒုတိယလိုက်သည်။ အမေရိကန် ပြည်ထောင်စုက ပနားမားနှင့်နီကရာဂွာနိုင်ငံတို့ကို စီးပွားရေး ပိတ်ဆို့မှု ပြုလုပ်ထားသည်။ ဗိုလ်စိမ်းယားနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေသည် ပြောင်းလဲမှု မရှိချေ။ ကျန် ၁၂

နိုင်ငံတွင် တစ်ဦးချင်းဝင်ငွေသည် ၅ ဒသမ ၆ ထုခိုင်နှုန်း တိုးခဲ့သည်။ ဒေသတစ်ခုလုံး၏ ဝင်ငွေတိုးတက်မှုသည် ၀ ဒသမ ၆ ထုခိုင်နှုန်းရှိသည်။ လူဦးရေတိုးနှုန်းက ပို၍ တစ်နှစ်လျှင် နှစ်ထုခိုင်နှုန်း တိုးလေရာ ပျမ်းမျှအားဖြင့် တစ်ဦးချင်းဝင်ငွေသည် ဒေသတစ်ခုလုံးအနေဖြင့် ၁ ဒသမ ၅ ထုခိုင်နှုန်းရှိသည်။ ထိုသို့ စီးပွားရေးအခြေအနေရှိသော လက်တင်အမေရိကဒေသတွင် အချို့နိုင်ငံများ၏ ပြည်တွင်းရေး၊ နိုင်ငံရေးအခြေအနေတို့သည် အထူးပင် စိတ်ဝင်စားဖွယ်ကောင်းသည်။

ချီလီနိုင်ငံ

ချီလီနိုင်ငံသမ္မတ ဗိုလ်ချုပ်ကြီး ဩဂတ်စတို ပီနိုဂျေး အုဂါတေးက ၁၉၇၇ ခုနှစ်ထိ ဆက်လက်အုပ်စိုးမည်ကို ပြည်သူတို့ သဘောတူ၊ မတူ ဆုံးဖြတ်နိုင်မည့် ဆန္ဒခံယူပွဲ တစ်ရပ်ကို ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့က ကျင်းပခဲ့ရာ သဘောမတူသည့်မဲက များခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉ – စာ၊ ၁၃၇ — ဍ။) ထိုဆုံးဖြတ်ချက်ကြောင့် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် သမ္မတရွေးကောက်ပွဲ ကျင်းပရန် လမ်းပွင့်သွားခဲ့သည်။

ချီလီနိုင်ငံသည် အိမ်နီးချင်းနိုင်ငံတို့နှင့် နှိုင်းစာလျှင် ၁၉၈၉ ခုနှစ်အတွင်း စီးပွားရေး အခြေအနေ တည်ငြိမ်နေသည်။ လူဦးရေ ၂၀ သန်းရှိသော ပီရူးနိုင်ငံတွင် အမျိုးသား ထုတ်လုပ်မှုတန်ဖိုး (ဂျီအင်ပီ)မြင့်တင်မှုနှုန်းသည် – ဂ ဒသမ ဂ ထုခိုင်နှုန်း၊ ငွေဖောင်းပွမှု ၁,၇၂၀ ထုခိုင်နှုန်း၊ ပြည်ပကြွေးမြီ ဒေါ်လာသန်း ၁၆,၀၀၀ ရှိသည်။ လူဦးရေ ၃၂ သန်းရှိသော အာဂျင်တီးနားနိုင်ငံတွင် ဂျီအင်ပီ မြင့်တက်နှုန်းက – ၁ ဒသမ ၆ ထုခိုင်နှုန်း၊ ငွေဖောင်းပွမှု ၃၀၅ ထုခိုင်နှုန်း၊ ပြည်ပကြွေးမြီ ဒေါ်လာသန်း ၅၇,၀၀၀ ရှိသည်။ ဗဟိုဒီးနိုင်ငံတွင် ဂျီအင်ပီ မြင့်တက်နှုန်းက ၃ ဒသမ ၇ ထုခိုင်နှုန်း၊ ငွေဖောင်းပွမှု ၉၃၄ ထုခိုင်နှုန်း၊ ပြည်ပကြွေးမြီ ဒေါ်လာသန်း ၁,၁၄,၀၀၀ ရှိသည်။ ချီလီနိုင်ငံတွင် ဂျီအင်ပီ မြင့်တက်နှုန်းက ခြောက် ထုခိုင်နှုန်းထိ ရှိသည်။ ငွေဖောင်းပွမှုက ၁၃ ထုခိုင်နှုန်းသာ ရှိသည်။ ပြည်ပကြွေးမြီက ဒေါ်လာသန်း ၁၈,၀၀၀ ရှိသည်။

ဗိုလ်ချုပ်ကြီးပီနိုဂျေး အာဏာသိမ်းယူပြီးနှစ်နှစ်အကြာ ၁၉၇၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်ထိ စီးပွားရေးတုံ့ဆိုင်းမှု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ ဗိုလ်ချုပ်ကြီးပီနိုဂျေး၏ ခြိုးခြံချွေတာရေး အစီအမံများကြောင့် အခြေအနေပိုမိုဆိုးရွားသည်။ ဂျီအင်ပီမြင့်တက်နှုန်းသည် – ၁၄ ထုခိုင်နှုန်းအထိထိုးကျခဲ့ပြီး အလုပ်လက်မဲ့သည် ၃၀ ထုခိုင်နှုန်းထိ တက်သွားသည်။ ခြိုးခြံချွေတာရေး အစီအမံအရ နိုင်ငံပိုင်လုပ်ငန်း ဝန်ထမ်းများကို အလုပ်ပြုတ်ပစ်ခြင်း၊ စက်မှုလုပ်ငန်းများသို့ ပေးသည့် အစိုးရ အထောက်အပံ့များကို ဖျက်သိမ်းခြင်း၊ ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်များ ဖြတ်တောက်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်။ စီးပွားရေးတည်ငြိမ်မှုသို့ ဦးတည်သောကာလသည် ၁၉၇၅ ခုနှစ်တွင် အစပျိုးသည်။ အမေရိကန်ပြည်ထောင်စု၌ ပညာဆည်းပူးခဲ့သော ဟာနန် ဗျူခါ (အသက် ၄၀ နှစ်) ဘဏ္ဍာရေးဝန်ကြီးဖြစ်လာသောအခါ ပို့ကုန်အဓိက စီးပွားရေးလမ်းကြောင်းသို့ ပြောင်းလဲပေးခဲ့ရာမှ တိုးတက်လာခြင်း ဖြစ်သည်။ တစ်ချိန်က ချီလီသည် ခိုင်မာသောငွေကြေး ဂ၀ ထုခိုင်နှုန်းကို ကြေးနီ ပို့ကုန်တစ်မျိုးတည်းမှသာ ရရှိသည်။ ၁၉၈၉ ခုနှစ်တွင် ပို့ကုန်မှ ဝင်ငွေ စုစုပေါင်းဒေါ်လာသန်း ၆,၈၀၀ ရှိသည့်အနက် ၄၀ ထုခိုင်နှုန်းသာလျှင် ကြေးနီပို့ကုန်မှ ဝင်ငွေဖြစ်သည်။ အခြားဝင်ငွေအများစုသည် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ ရွှေနှင့်ငွေ အပါအဝင် အခြားတွင်းထွက် သတ္တုလုပ်ငန်းနှင့် အထူးသဖြင့် ပင်လယ်ထွက် အစာအစာကို တင်ပို့သည့် အစာအာဟာရဆင့်တက် ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းတို့မှ ရရှိခြင်းဖြစ်သည်။ ၁၉၇၄ ခုနှစ်က ချီလီနိုင်ငံတွင် သစ်သီးဝလံစိုက်ပျိုးကေ ၁,၆၂,၀၀၀ သာရှိခဲ့ရာမှ ၁၉၈၉ ခုနှစ်တွင် ၎က ၃,၂၀,၀၀၀ ထိ တိုးတက်လာခဲ့၍ သစ်သီးဝလံပို့ကုန်မှ ဝင်ငွေဒေါ်လာသန်း ၇၅၀ ရရှိသည်။

စီးပွားရေး တိုးတက်လာလင့်ကစား ချီလီပြည်သူ အများအပြားက မခံစားကြရချေ။ ကုလသမဂ္ဂ စာရင်းဇယားများအရ သာမန် ချီလီပြည်သူတစ်ဦး၏ လူနေမှုအဆင့်အတန်းသည် ၁၉၈၀ ပြည့်နှစ်ကထက် ၁၉၈၇ ခုနှစ်တွင် ၂ ဒသမ ၅ ထုခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ပျမ်းမျှဝင်ငွေသည် တစ်လလျှင် ဒေါ်လာ ၁၃၀ သာရှိသည်။ ထုသီထွက် သစ်သီးဝလံ ခူးဆွတ်သူသည် တစ်နေ့လျှင် ၂ ဒသမ ဂ ဒေါ်လာသာရပေထု အမေရိကန်ပြည်ထောင်စု၌ စပျစ်သီးနှစ်ပေါင်း၏ တန်ဖိုးသာရှိ၍ အလွန်နိမ့်ကျသည်ဟု ဆိုသည်။ ချီလီပြည်သူ ၄၇ ထုခိုင်နှုန်းသည် အခြေခံစားဝတ်နေရေးကိုပင် ပြည့်မီစွာ ခံစားရခြင်းမရှိဟု ဆိုသည်။

၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပရာ ခရစ်ယာန် ဒီမိုကရက်တစ် ပါတီခေါင်းဆောင် ပက်ထရီရှို အာလ်ဝင်းက ထောက်ခံမဲ ၃၅,၇၇,၆၆၉ မဲ (၅၅ ဒသမ ၂ ထုခိုင်နှုန်း) ဖြင့် အနိုင်ရရှိသည်။ ပီနိုဂျေး၏ ဘဏ္ဍာရေးဝန်ကြီးဟော်ဂင်း ဟာနန် ဗျူခါက ၁၉,၀၁,၆၆၈ မဲ (၂၉ ဒသမ ၄ ထုခိုင်နှုန်း) အသီးသီး ရရှိသည်။ ထို့ကြောင့် အာလ်ဝင်းသည် ဗိုလ်ချုပ်ကြီးပီနိုဂျေးကို ဆက်ခံရတော့မည် ဖြစ်သည်။

ဗိုလ်ချုပ်ကြီးပီနိုရွေးက ကာကွယ်ရေးဦးစီးချုပ် တာဝန်ကို ဆက်လက်ထမ်းဆောင်မည်ဟု ကြေညာသည်။

ပနားမားနိုင်ငံ

ပနားမားနိုင်ငံတွင် သမ္မတတစ်ဦး၊ ဒုတိယသမ္မတနှစ်ဦး၊ ဥပဒေပြုအမတ် ၆၇ ဦးနှင့် ဒေသခံကိုယ်စားလှယ် ၅၁၀ တို့ကို ရွေးကောက်တင်မြှောက်မည့် ရွေးကောက်ပွဲများကို ၁၉၈၉ ခုနှစ် မေလ ၇ ရက်နေ့က ကျင်းပခဲ့သည်။ အမှန်တကယ် အာဏာရှိသူ ဗိုလ်ချုပ်ကြီး မင်းချုယဲ အန်တိုနီယို နိုရီယေးဂါး၏ ထောက်ခံမှုကိုရရှိသော သမ္မတလောင်း ကာလိုစ်ဒျူကေးက မိမိသည် ထောက်ခံမဲ ၅၀ ဒသမ ၉ ရာခိုင်နှုန်းရရှိပြီး အတိုက်အခံ သမ္မတလောင်း ဂွီလာမို အင်ဒါရာက ၄၄ ဒသမ ၇၃ ရာခိုင်နှုန်းရရှိကြောင်း ကြေညာသည်။ သို့သော် ဒီမိုကရက်တစ် အတိုက်အခံ မဟာမိတ်အဖွဲ့ (အေဒီအို) ၏ ကြေညာချက်အရ အတိုက်အခံက ၆၇ ရာခိုင်နှုန်း၊ အာဏာရအမျိုးသား လွှတ်မြောက်ရေးညွှန်ပေါင်းအဖွဲ့က ၂၃ ရာခိုင်နှုန်း ရရှိသည်ဟု ဆိုပြန်သည်။ ထိုသို့ အပြန်အလှန် ကြေညာကြပြီးနောက်မကြာမီ မဲစာရင်းများ ပျောက်ဆုံးကြောင်း သတင်းများထွက်ပေါ်သည်။ နိုင်ငံတကာလေ့လာသူများက ရွေးကောက်ပွဲများ၌ မသမာမှုများ ရှိကြောင်း ပြောကြားခြင်းကို ပနားမားအစိုးရက ရှုတ်ချပြီး အစိုးရသမ္မတလောင်းသည် ထောက်ခံမဲနှစ်ချိုးတစ်ချိုးနီးပါးဖြင့် အနိုင်ရရှိသည်ဟု မေလ ၉ ရက်နေ့တွင် ကြေညာသည်။

ပနားမားအစိုးရသည် မဲခိုးသည်ဟူ၍ အတိုက်အခံတို့က မေလ ၁၀ ရက်နေ့တွင် ဆန္ဒပြရာ ရဲက အင်အားသုံး၍ ဖြိုခွဲခဲ့သည်။ နိုရီယေးဂါးကို ထောက်ခံသည့် 'ဂုဏ်သိက္ခာတပ်ရင်းများ' အမည်ရှိ အရပ်သားလက်နက်ကိုင် အဖွဲ့ဝင်များက အတိုက်အခံ သမ္မတလောင်း အင်ဒါရာကို သံတုတ်များဖြင့် လိုက်လံရိုက်နှက်သည်။ ယင်းအဖွဲ့သည် အတိုက်အခံ ဆန္ဒပြပွဲများကို ဖြိုခွဲရာ၌ ပါဝင်လေ့ရှိသည်။ ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာ သမာဓိခုံရုံးက ရွေးကောက်ပွဲများကို ဖျက်သိမ်းကြောင်း ကြေညာသည်။

အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအေက်စ်) က ပနားမားနိုင်ငံ၏ နိုင်ငံရေး အကျပ်အတည်း ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ စေလွှတ်ရန် မေလ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ရွေးကောက်ပွဲ မသမာမှုအတွက် နိုရီယေးဂါးတွင် တာဝန်မကင်းဟုဆိုထားရာ အာဏာရပါတီက ယင်းဆုံးဖြတ်ချက်ကို ပယ်ချခဲ့သည်။ ပနားမားအစိုးရသည် ဇွန်လ ၅ ရက်နေ့ထိ လမ်းပေါ် ဆန္ဒပြခွင့် ပိတ်ပင်သောအမိန့်ကို ထုတ်ပြန်သည်။

အတိုက်အခံ ခေါင်းဆောင်များနှင့် အစိုးရ ကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးပွဲကို ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပသည်။ အိုအေအေက်စ် သံတမန်များက ကြီးကြပ်ပေးသည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် ယာယီသမ္မတ ဆိုလစ်ပါးလမား သက်တမ်းစေ့ရောက်သွားလျှင် မည်သူက အစိုးရဖွဲ့၍ အုပ်စိုးမည်ကို မဆုံးဖြတ်နိုင်ဘဲ ဆွေးနွေးပွဲ ပြီးဆုံးခဲ့သည်။ အိုအေအေက်စ် နိုင်ငံခြားရေးဝန်ကြီးတို့က ယာယီအစိုးရ ဖွဲ့စည်းရန်နှင့် ရွေးကောက်ပွဲအသစ်များ ကျင်းပသင့်ကြောင်း အဆိုပြုခဲ့သည်ကို အစိုးရ၊ စစ်တပ်နှင့် အစိုးရ၏ နိုင်ငံရေးပါတီတို့က သဘောတူသော်လည်း အတိုက်အခံတို့က ဆန့်ကျင်သည်။ နိုရီယေးဂါး မနုတ်ထွက်ကြောင်းကို အစိုးရက အခိုင်အမာ ပြောဆိုသည်။

ပနားမားနိုင်ငံတော်ကောင်စီက လက်ရှိအစိုးရအဖွဲ့ဝင် ဖရန်စစ္စကို ရိုဒရီဂွက်ဇ်ကို သမ္မတအဖြစ် လည်းကောင်း၊ အာဏာရပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သော ကာလို့စ် အိုဇီရက်စ် တိုင်ပါလော့ဒ်စ်ကို ဒုတိယ သမ္မတအဖြစ်လည်းကောင်း သြဂုတ်လ ၃၁ ရက်နေ့တွင် ရွေးချယ်သည်။

ကာကွယ်ရေးစစ်ဌာနချုပ် လုံခြုံရေးတာဝန်ယူသော အရာရှိကာတပ်ရင်း၏ တပ်ရင်းမှူး ဗိုလ်မှူး မို့ုက်ဆက် ဂီရာလဒီ ဗီဂါ ခေါင်းဆောင်၍ နိုရီယေးဂါးကို ဖြုတ်ချရန် ကြံစည်သည့်ဖြစ်ရပ်တစ်ခု အောက်တိုဘာလ ၃ ရက်နေ့တွင် ပေါ်ပေါက်သည်။ အာဏာသိမ်းရန် ကြံစည်သူတို့ အရေးနိမ့်သည်။ ၁၈ လတာ ကာလအတွင်း ဒုတိယအကြိမ် ပေါ်ပေါက်သော အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်သည်။ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပြည်သူ့အာဏာလွှတ်တော်အာဏာစက် နိုရီယေးဂါးအား 'မဟာညီနှိုင်းကွပ်ကဲသူဘွဲ့' ကို အပ်နှင်းကြေညာသည်။ ယင်းလွှတ်တော်၏ အကြီးအကဲအဖြစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် နိုရီယေးဂါးကို တင်မြှောက်လိုက်သည်။ **(အပိုင်း-၁၊ ဒီဇင်ဘာလ ဖြစ်ရပ်—ရှု။)**

အာဂျင်တီးနားနိုင်ငံ

အာဂျင်တီးနားနိုင်ငံတွင် ၁၉၇၆ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ စစ်တပ်က အုပ်ချုပ်ခဲ့သည့် ကာလအတွင်း တရားဥပဒေမဲ့နှိပ်ကွပ်ခဲ့သည်ဟူသော စွဲချက်များဖြင့် စစ်အရာရှိကြီးများကို လူအခွင့်အရေးဆိုင်ရာ ခုံရုံးတင် စီရင်မှုများကြောင့် တပ်တွင်း၌ မကျေနပ်သော လက်ယာဝါဒီများက သမ္မတ ပေါလ်အယ်ဖွန်ဆင်ကို ဆန့်ကျင်အုံကြွခဲ့ကြသည်။ ၂၁ လတာ ကာလအတွင်း ထိုသို့အုံကြွမှုမျိုး သုံးကြိမ် ပေါ် ပေါက်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈—စာ၊ ၂၇၀—ရှ။) ၁၉၈၉ ခုနှစ် ဇွန်နဝါရီလ ၂၃ ရက်နေ့တွင် ခြေမြန်တပ်ရင်း တစ်ခုကို လက်နက်ကိုင် လက်ဝဲ

ပြောက်ကျားတစ်စုက ၂၇ နာရီကြာ စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားသည်။ ၁၀ နှစ်တာ ကာလအတွင်း ပထမဆုံးသော လက်ဝဲပြောက်ကျားလှုပ်ရှားမှုဖြစ်သည်။ စစ်သား ခုနစ်ဦး၊ ရဲတစ်ဦးနှင့် ပြောက်ကျား ၂၀ ဦးသေဆုံးသည်။

အာဂျင်တီးနားနိုင်ငံ၌ လစဉ် ငွေဖောင်းပွမှုနှုန်းမှာ ၁၉၈၉ ခုနှစ် ဧပြီလတွင် ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။ နှစ်စဉ် ငွေဖောင်းပွမှုနှုန်းသည် ဖေဖော်ဝါရီလက ၃၀၃ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ မတ်လတွင် ၃၉၂ ဒသမ ဂ ရာခိုင်နှုန်းရှိရာမှ မတ်လတွင် ၃၉၂ ဒသမ ဂ ရာခိုင်နှုန်း ဖြစ်လာသည်။ အယ်ဖွန်ဆင်အစိုးရက အလွန်အကျဲ့ ငွေဖောင်းပွမှုကို ချေဖျက်ရန် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည့် ၁၉၈၉ ခုနှစ် ပထမသုံးလပတ် ကာလအတွင်း စားသောက်ကုန်နှင့် အိမ်သုံးကုန်တို့ ဈေးနှုန်း သုံးဆခန့်တက်သည်။ ထို့ကြောင့် မေလ ၂ ရက်နေ့တွင် အယ်ဖွန်ဆင်က စီးပွားရေး အကျပ်အတည်းကို ကျော်လွှားရန် ကြိုးပမ်းမှု အရေးနိမ့်ကြောင်း ဝန်ခံသည်။

အယ်ဖွန်ဆင်သည် သက်တမ်း ၁၃၆ နှစ်ရှိ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒုတိယအကြိမ် ပြန်လည်ရွေးချယ်ခံပိုင်ခွင့် မရှိခေါ့။ ထို့ကြောင့် သမ္မတသစ် ရွေးချယ်ရေးကိုယ်စားလှယ် ၆၀၀ ကို ၁၉၈၉ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ပြည်သူတို့က တင်မြောက်ကြသည့် ရွေးကောက်ပွဲ ကျင်းပနေချိန်တွင် ငွေ ဖောင်း ပွ နှုန်း နှင့် အတိုးနှုန်းတို့က မြင့်တက်၊ လုပ်ခငွေက ကျဆင်း၊ ဗဟိုဘဏ် အရန်ငွေက ခမ်းခြောက်နေသည့်ပြင် အမျိုးသားဘတ်ဂျက် လိုငွေက ကြီး မား လာ နေ ၍ စီးပွားရေးလုပ်ငန်းတို့ ပိတ်ထားရသည့်အခြေသို့ ဆိုက်နေပေသည်။

ရွေးကောက်ပွဲ၌ ပီရွန်ဝါဒီပါတီ၏ သမ္မတလောင်း ကာလို့စ်မေနမ်သည် အာဏာရ ရက်ဒီကယ်စီဗစ်ယူနီယန် ပါတီ သမ္မတ လောင်း အက် ဒွါ ဒို အင် ဂျ လော့ဇ် ကို အနိုင်ရရှိသည်။ မေနမ်က ထောက်ခံမဲ ၄၉ ဒသမ ၂ ရာခိုင်နှုန်း၊ အင်ဂျလော့ဇ်က ၃၆ ဒသမ ၉ ရာခိုင်နှုန်း အသီးသီး ရရှိသည်။ မေနမ်သည် သမ္မတ ရွေးချယ်ရေးကိုယ်စားလှယ် ၃၁၀ ရရှိ၍ လိုအပ်သည်ထက် ကိုးနေရာ ပိုမိုရရှိသည်။ လွန်ခဲ့သော ၃၄ နှစ်တာ ကာလအတွင်း ၂၅ နှစ်ခန့် ပိတ်ပင်ထားခံရသော အ လုပ် သ မား နှင့် ဆင်း ရဲ သား တို့ ၏ ပါတီဖြစ်သည့် ပီရွန်ဝါဒီပါတီက အာဏာရရှိလာပြန်ခြင်း ဖြစ်သည်။ ပီရွန်ဝါဒီပါတီသည် အောက်လွှတ်တော်အမတ် ၁၂၇ နေရာအနက် ၆၇ နေရာ ကိုလည်းကောင်း၊ အထက်လွှတ်တော် ၄၆ နေရာအနက် ၂၃ နေရာ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၂ နေရာအနက် ၁၇ နေရာကိုလည်းကောင်း လွှမ်းမိုးသည်။ ပီရွန်ဝါဒီပါတီသည် ၁၉၇၆ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် အ ဖြစ် လည်း ကောင်း၊ ၁၉၅၅ ခုနှစ် နောက် ပိုင်း တွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း အာဏာပြန်လည် ရရှိခြင်းဖြစ်သည်။ ယခင် အာဏာရရှိဖူးသော ပီရွန်ဝါဒီ အစိုးရအဖွဲ့ နှစ်ရပ်စလုံးသည် စစ်တပ်၏ အာဏာသိမ်းမှုကို ခံခဲ့ကြရခြင်းဖြစ်သည်။

ထို့ပြင် ၁၉၇၆ ခုနှစ် မတ်လက ဖြုတ်ချခံရသော ပီရွန်ဝါဒီအစိုးရ၏ ခေါင်းဆောင် အစွဘယ် ပီရွန်သည် အကျယ်ချုပ်ချထားခံခဲ့ရပြီး ထိုစဉ်က ကျေးလက်ဒေသ လာရီယိုဂျာပြည်နယ်၏ အုပ်ချုပ်ရေးမှူးဖြစ်သော မေနမ် သည်လည်း ထောင်ဒဏ် ငါးနှစ်နီးပါး ကျခံခဲ့ရသည်။ အာဂျင်တီးနားနိုင်ငံ၏ ၄၆ ယောက်မြောက် သမ္မတ ဖြစ်လာသည့် မေနမ်သည် အတိတ်က အကျဉ်းချထား ခံခဲ့ရသော်လည်း စစ်ဗိုလ်ချုပ်ကြီးများအား လူအခွင့် အရေးဆိုင်ရာ ခုံရုံးတင်၍ စီရင်ခြင်းမှ လွှတ်ငြိမ်းချမ်းသာခွင့် ပေးရန် စီစဉ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း လက်ဝဲပြောက်ကျားနှင့် နိုင်ငံရေးသဘောကွဲလွဲသူများကို နှိပ်ကွပ်သည့် "ညစ်ထေးသောစစ်" ကြောင့် လူပေါင်း ၃၀၀၀ ခန့် ပျောက်ဆုံးသွားခဲ့သည်ဟု စွပ်စွဲမှုများ ရှိသည်။ ယင်းဖြစ်ရပ်များနှင့်စပ်လျဉ်း၍ တာဝန်မကင်းသူများကို သင်ပုန်းချေရန် မေနမ်က စီစဉ်ခဲ့ခြင်းဖြစ်သည်။

သမ္မတသစ် မေနမ်သည် ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှသာ အာဏာလွှဲပြောင်းယူရန် ဖြစ်သော် လည်း စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာ၍ လူ ၁၅ ဦး သေဆုံးသော အဓိကရုဏ်းများဖြစ်ပွားကာ နိုင်ငံရေး မတည်ငြိမ်မှု ဖြစ်ပေါ်လာခြင်းကြောင့် ဇူလိုင်လ ဂ ရက် နေ့တွင်ပင် လွှဲယူလိုက်ရသည်။ ဇူလိုင်လ ၉ ရက်နေ့တွင် အာဂျင်တီးနားသုံးငွေ ဩစထရယ်ကို ၅၃ ဒသမ ၇ ရာခိုင်နှုန်း တန်ဖိုးချသည်။ ပေါင်မုန့်နှင့် အခြေခံစားသုံး ကုန်ပစ္စည်းများ ကုန်ဈေးနှုန်း ကျဆင်းစေရန် ကုန်သည် များနှင့် ညှိနှိုင်းသည်။ ဇူလိုင်လအတွင်းတွင် အလုပ်သမား အများစုအား အထူးထောက်ပံ့ငွေ ဂ၀၀၀ ဩစထရယ် (၁၃ ဒေါ်လာခန့်) ပေးသည်။ စီးပွားရေးလုပ်ငန်းရှင် များက ကုန် ဈေး နှုန်း ကို ရက်ပေါင်း ၉၀ အတွင်း မတက်ဘဲထားရန် သဘောတူသည်။ ဤသို့ဖြင့် အာဂျင် တီးနားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းကာ စီးပွားရေးအတော်အတန် တည်ငြိမ်လာသည်ဟု ဆိုသည်။

လက်ဗန္ဓန်နိုင်ငံ။ ။ လက်ဗန္ဓန်နိုင်ငံတွင် ၁၉၈၈ ခု နှစ်က ခရစ်ယာန်နှင့် မူဆလင်တပ်ဖွဲ့ဝင်များအကြား ပြည် တွင်းစစ်အရှိန်လျော့နည်းနေခဲ့ငြားလည်း လူပေါင်း ၁,၅၀၀ နီးပါးသည် အကြမ်းဖက်မှုဒဏ်ကြောင့် သေဆုံးခဲ့ကြသည်။ ၁၉၈၇ ခုနှစ်က ၁,၄၁၅ ဦး သေဆုံးခဲ့သည်ဟု ခန့်မှန်း

သည်။ ၁၉၇၈ ခုနှစ်တွင် ရှိယိုက်မူဆလင် လူအဖွဲ့အစည်းကို ထိန်းချုပ်နိုင်ရန် လက်ဗန္ဓနပြည်သူ့စစ် နှစ်ဖွဲ့အကြား စစ်မီးပွားချ လူ ၅၀၀ ထက်မနည်း သေခဲ့သည်။ အစ္စရေးစစ်တပ်နှင့် မဟာမိတ်လက်ဗန္ဓနတောင်ပိုင်းတပ် ပြည်သူ့စစ် (အက်စ်အယ်အေ) တို့၏ ထိုးစစ်ကြောင့် ၁၉၂ ဦး သေသည်။ ပါလက်စတိုင်းနှင့် လက်ဗန္ဓနပစ်မှတ်များကို အစ္စရေးက လေကြောင်းတိုက်ပွဲဆင်နွှဲ၍ ပြောက်ကျား ၅၀ အပါအဝင် လူ ၉၆ ဦးလည်း သေရသည်။ ပြောက်ကျားတို့နှင့် အစ္စရေးတို့ တိုက်ပွဲဖြစ်၍ အစ္စရေးစစ်သား ၁၆ ဦးနှင့် အက်စ်အယ်အေ ပြည်သူ့စစ် ၂၉ ဦး သေခဲ့သည်။ လက်ဗန္ဓနနိုင်ငံတွင် အထူးသဖြင့် မူဆလင်တို့၏ ဘေရွတ် အနောက်ပိုင်းတွင် ဆီဇီးယားနိုင်ငံ တပ်စွဲထားခြင်းကို ဆန့်ကျင်သူတို့က ဆီးရီးယားစစ်သား ၁၂ ဦးကို သတ်ခဲ့သည်။ ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၁၁၅ ဦး သေပြီး ချောင်းမြောင်းပစ်ခတ်မှုကြောင့် ပြင်သစ်တစ်ဦးနှင့် ဗဲလ ဂျီယမ်တစ်ဦးသေသည်။ ၁၉၇၅ ခုနှစ်မှစ၍ ဘေရွတ်မြို့ကို ပိုင်းခြားထားသော အစိမ်းရောင် မျဉ်းကြောင်း တိုက်ပွဲဇုန်နယ်မြေကိုကျော်၍ ခရစ်ယာန်နှင့် မူဆလင်တို့ စစ်ခင်းကြရာ လူ ၁၃ ဦးသေဆုံးသည်။ ၁၉၇၈ ခုနှစ် ဇွန်လတွင် ဆီးရီးယားထောက်ခံသော ပါလက်စတိုင်းပြောက်ကျားတို့က ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ယာဆာ အာရဖတ်၏ သစ္စာခံတပ်များကို ဒုက္ခသည်စခန်းနှစ်ခုမှ နှင်ထုတ်ရာ၌ ပါလက်စတိုင်းလူမျိုး ၁၁၂ ဦးထက်မနည်း သေဆုံးသည်။ ဆီဒုန်ဆိပ်ကမ်းမြို့၌ အာမဲနှင့် ပါလက်စတိုင်းတပ်ဖွဲ့တို့ ကြိုးကြား ကြိုးကြား ပဋိပက္ခဖြစ်ပွားရာ လူလေးဦးသေခဲ့ပြီး အိန်အယ်ဟီလဝေ ဒုက္ခသည်စခန်းတွင် ပါလက်စတိုင်းတို့ အာဏာလုပွဲဖြစ်ပွားရာ ခုနစ်ဦး သေဆုံးသည်။ ခရစ်ယာန်တို့၏ ဘေရွတ်မြို့အရှေ့ပိုင်းတွင် သမ္မတအာမင် ဂျမားယယ်ကို သစ္စာခံသူများနှင့် တင်းမာသော အယူအဆရှိသူ လက်ဗန္ဓန် ပြည်သူ့စစ်များ တိုက်ပွဲများဖြစ်ရာ ခုနစ်ဦး သေဆုံးသည်။

၁၉၇၉ ခုနှစ် ဇန်နဝါရီလ တစ်လလုံး ဟစ်ဇဗိုလာနှင့် အာမဲပြည်သူ့စစ်တို့ တိုက်ပွဲများဖြစ်ပွားသည်။ ဘုရား၏ပါတီဟု အနက်ရသော ဟစ်ဇဗိုလာသည် လက်ဗန္ဓနနိုင်ငံတွင် အီရန်နိုင်ငံပုံစံ အစ္စလာမ္မစ်နိုင်ငံကို ထူထောင်လိုသည်။ မျော်လင့်ချက်ဟု အနက်ရသော အာမဲသည် လက်ဗန္ဓနနိုင်ငံရေးစနစ်တွင် မူဆလင်တို့အတွက် နိုင်ငံရေးအာဏာ ပိုမိုရရေးကိုသာ တောင်းဆိုသည်။ တရားမဝင် စာရင်းအင်းအရ လက်ဗန္ဓနနိုင်ငံတွင် ယခုအခါ ခရစ်ယာန်က ၄၀ ရာခိုင်နှုန်း၊ မူဆလင်က ၆၀ ရာခိုင်နှုန်းရှိနေပါလျက် ၁၉၄၃ ခုနှစ်မှစ၍ စာပေအကွာရာမတင်ထားဘဲ တည်ရှိနေသည့် သဘောတူစာချုပ်အရ သမ္မတရာထူးကို ခရစ်ယာန်တို့အတွက် သတ်မှတ်ထားသည်ဟူ၍ ထောက်ပြဝေဖန်သည်။ ၁၉၇၂ ခုနှစ်တွင် ဝင်ရောက်လာသော အီရန်တော်လှန်ရေးအစောင့်တပ်များက ဟစ်ဇဗိုလာတပ်ဖွဲ့ဝင်များကို စစ်သင်တန်းပေးထား၍ အီရန်အစိုးရသည် ဟစ်ဇဗိုလာအား ငွေကြေး ထောက်ပံ့သည်ဟု ဆိုသည်။ အင်အား ၅၀၀၀ ခန့်ရှိသော ဟစ်ဇဗိုလာ တပ်ဖွဲ့ဝင်များသည် အသေခံရန်လည်း ဝန်မလေးဟု ဆိုသည်။ သို့ဖြစ်၍ အင်အား ၁၀,၀၀၀ ခန့်ရှိသော အာမဲပြည်သူ့စစ်ထက်ပို၍ စစ်ရေးကျွမ်းကျင်ပြီး စည်းကမ်းရှိသည်ဟု စစ်ရေး အကဲဖြတ်သူတို့က မှတ်ချက်ချသည်။ ဟစ်ဇဗိုလာသည် အီရန်ခေါင်းဆောင် အယာတိုလာ ခိုမေနီ၏ အမိန့်နှင့်အညီ အစ္စရေးနိုင်ငံမတည်ရှိသင့်ဟူသော အယူအဆကို ကိုင်စွဲ၍ လက်ဗန္ဓနနိုင်ငံတောင်ပိုင်းရှိ အစ္စရေးတပ်များနှင့် အက်စ်အယ်အေတပ်ဖွဲ့ဝင်များကို တိုက်ခိုက်လေ့ရှိသည်။ ထို့ပြင် အစ္စလာမ္မစ် စစ်သွေးကြွဝါဒ၊ အသေခံလျှင် ကမလွန်တွင် အာဇာနည်အဖြစ် သုဂတိလားမည်ဟူသော အယူအဆ၊ အနောက်တိုင်းနှင့် ရွေးရိုးစွဲ အာရပ်အစိုးရများကို ရန်လိုသောဝါဒနှင့် အစ္စရေးကို အမြစ်ဖြုတ်ရေးဝါဒတို့ကို ကိုင်စွဲသည်။ လက်ဗန္ဓနနိုင်ငံရှိ အမေရိကန်၊ ပြင်သစ်နှင့် အစ္စရေးပစ်မှတ်များကို အသေခံ ဗုံးခွဲတိုက်ခိုက်လေ့ရှိသော ဟစ်ဇဗိုလာသည် အနောက်နိုင်ငံသား ၁၇ ဦးကို ပြန်ပေးဆွဲထားခြင်း၏နောက်ကွယ်၌ ကြိုးကိုင်ထားသည်ဟု စွပ်စွဲခံရသည်။ အာမဲပြည်သူ့စစ်ကို ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက အီရန်နိုင်ငံဖွား ဘာသာရေး ခေါင်းဆောင် အိမန် မူဆာဆာဒါက ထူထောင်ခဲ့၍ ယင်းပြည်သူ့စစ်သည် အစ္စရေးတပ်တို့ လက်ဗန္ဓန်မှ ဆုတ်ခွာစေရန် ကြိုးပမ်းခဲ့သည်။ အစ္စရေးတို့၏ လေကြောင်းမှ တိုက်ပွဲဆင်မှုကို ဖိတ်ခေါ်ရာ ရောက်သည့် တိုက်ခိုက်မှုမျိုးကိုမူ အာမဲက ရှောင်ကြဉ်သည်။ လက်ဗန္ဓန်ရှိအဆင့်မြင့် ရှိယိုက်မူဆလင် ကောင်စီကို လေးစားသည်။ အီရတ်နိုင်ငံရှိ အယာတိုလာ အဗူကာဆင်၏အမိန့်ကို နာခံသည်။ ၁၉၇၅ ခုနှစ်က ထရန့်စ်ဝါးလ်ဒ် လေကြောင်းပိုင်လေယာဉ်မှူး အမေရိကန် ဓားစားခံ ၃၉ ဦးအား ဘေရွတ်မြို့၌ လွှတ်ပေးရန်ကူညီခဲ့ခြင်း အပါအဝင် နိုင်ငံခြားသား ဓားစာခံများ လွှတ်မြောက်ရေး ကိစ္စများတွင် အာမဲပြည်သူ့စစ် ပါဝင် ကူညီလေ့ရှိသည်။ ထိုသို့ အသင့်မတူသည့် ရှိယိုက်မူဆလင် ပြည်သူ့စစ်အဖွဲ့နှစ်ဖွဲ့တို့သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလမှစ၍ ၁၉၈၉ ခုနှစ် ဇန်နဝါရီလအထိ စစ်မက်ပြိုင်ကြရာ လူ ၅၀၀ ခန့် သေကြေခဲ့ရသည်။

လက်ဗန္ဓနနိုင်ငံတွင် ၁၉၈၈ ခုနှစ် စက်တင်ဘာလက သမ္မတ အာမင်ဂျမားယယ်ကို ဆက်ခံမည့်သူ ရွေးချယ်၍ မရခဲ့သဖြင့် သမ္မတ ဂျမားယယ်က ဗိုလ်ချုပ် မီရှယ်

အေယွန်အား စစ်အစိုးရအဖွဲ့ကို ဦးဆောင်စေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉– စာ၊ ၂၆၃—ဌ။) ရှမ်းယား ဂီးဂီး ဦးဆောင်၍ အင်အား ၁၂,၀၀၀ ရှိသော လက်ဗန္ဓနှင်တပ်ဖွဲ့ ပြည်သူ့စစ် (အယ်အက်ဖ်) သည် ဆိုးရိုးယား ထောက်ခံသော မူဆလင် အစိုးရအဖွဲ့ကို ဆန့်ကျင်ရန် အတွက် အေယွန်၏အစိုးရကို ထောက်ခံကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် အယ်အက်ဖ်နှင့် အင်အား ၂၀,၀၀၀ ရှိသော လက်ဗန္ဓနှင်တပ်မတော်တို့သည် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ တွင် စစ်ဖြစ်ပွားကြရာ ဂ၂ ဦးသေဆုံး၍ ၂၀၀ ခန့် ဒဏ်ရာ ရသည်။

ဗိုလ်ချုပ် အေယွန်သည် ဒရုဇ်မူဆလင် ဆလင် ဟိုစ် ဦးဆောင်သော မူဆလင်အစိုးရအဖွဲ့နှင့် စင်ပြိုင်ဖွဲ့ထား သော စစ်အစိုးရကို ဦးဆောင်ထားကာ လက်ဗန္ဓနှင်မှ ဆိုးရိုးယားတပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားမှ ငြိမ်းချမ်းရေး ရမည်ဟူသော မူကို ဆုပ်ကိုင်ထားသည်။ လက်ဗန္ဓနှင်၌ အင်အား ၂၅,၀၀၀ တပ်စွဲထားသော ဆိုးရိုးယားနိုင်ငံသည် ဆလင်ဟိုစ်၏ အစိုးရကိုထောက်ခံသည်။ အေယွန်ကို သစ္စာ ခံသော ခရစ်ယာန်တပ်ဖွဲ့ဝင်များနှင့် ဒရုဇ်မူဆလင်ပြည်သူ စစ်တို့သည် ၁၉၇၉ ခုနှစ် မတ်လ ၆ ရက်နေ့မှစ၍ စစ်ဖြစ် ပွားရာ တစ်လပြည့်မြောက်သောအခါ လူ ၁၄၀ သေဆုံး ၍ ၅၆၀ ကျော် ဒဏ်ရာရရှိသည်။ လက်ဗန္ဓန ပြည်တွင်းစစ် ကြီးသည် ၁၉၇၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် စတင် ဖြစ်ပွားခဲ့၍ ၁၄ နှစ် ပြည့်မြောက်ချိန်တွင် လူဦးရေ ၂ ဒသမ ၅ သန်းအနက် ၁,၃၀,၀၀၀ ထက်မနည်းသေဆုံးပြီး နှစ်သိန်းခန့် ဒဏ်ရာရရှိခဲ့ပြီဖြစ်သည်။

အာရပ်အဖွဲ့ချုပ်၏ ကြားဝင်ဖျန်ဖြေမှုကြောင့် ၁၉၈၉ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ခရစ်ယာန်တပ်ဖွဲ့ဝင်များနှင့် ဒရုဇ်တပ်များအကြား အပစ်အခတ် ရပ်စဲ နိုင်ခဲ့သည်။ ထိုအချိန်တွင် လူ ၃၆၀ ထက်မနည်း သေဆုံးခဲ့၍ ၁,၂၀၀ ကျော် ဒဏ်ရာရရှိကာ အဆောက်အအုံ ၃၀၀၀ ခန့်နှင့် ယာဉ်စီးရေ ၄၀၀၀ ဖျက်ဆီးခံရသည်။ အပျက်အစီး တန်ဖိုးဒေါ်လာ သန်းပေါင်း ၂၅၀ ခန့်ရှိသည်။ လက်ဗန္ဓန နိုင်ငံတွင် အာရပ် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်က ဆိုးရိုးယားတပ်များ၏ နေရာတွင် ဝင်ယူရေး အစီအစဉ်ကို ဆိုးရိုးယားနိုင်ငံက ပယ်ချခဲ့သည်။ ထိုအခါ ကက်ဆာဘ လန်ကာမြို့တွင် ကျင်းပသော အာရပ်အဖွဲ့ချုပ် ထိပ်သီး ညီလာခံသည် လက်ဗန္ဓန်ပြဿနာ စေ့စပ်ပြေငြိမ်းရေး ဆုံး ဖြတ်ချက်တစ်ရပ်ကို ၁၉၈၉ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်အရ အပစ်အခတ်ရပ်စဲ ခြင်းဖြစ်သည်။ သို့ရာတွင် မတ်လ ဂ ရက်နေ့တွင် ခရစ် ယာန်ပြည်သူစစ်နှင့် ဒရုဇ်ပြည်သူစစ်တို့ စစ်ခင်းကြပြန် သည်။ လက်ဗန္ဓန်နိုင်ငံ၏ပြဿနာကို ဖြေရှင်းရန် မိုရော့်ကို နိုင်ငံ၊ အယ်လဂျီးရီးယားနိုင်ငံနှင့် ဆအူးဒီအာရေဗျနိုင်ငံ တို့သည် ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။


ဗိုလ်ချုပ်အေယွန်၏ ကြားဖြတ်အစိုးရသည် အီရတ် နိုင်ငံမှ လက်နက်များ ရရှိသည်ဟု ဆိုသည်။ ဆလင် ဟိုစ်၏ မူဆလင်အစိုးရကို ထောက်ခံသော ဆိုးရိုးယား နိုင်ငံနှင့် ဗိုလ်ချုပ်အေယွန်၏ အစိုးရကို ထောက်ခံသော အီရတ်နိုင်ငံတို့တွင် ဘာသ်ပါတီတို့က အုပ်စိုးနေကြသော် လည်း အာရပ်ကမ္ဘာတွင် အချင်းချင်း အမုန်းဆုံးသော ပြိုင်ဘက်အုပ်စုများ ဖြစ်ကြသည်။ ပါးရှင်းပင်လယ်ကွေ့ စစ်ပွဲတွင် ဆိုးရိုးယားနိုင်ငံသည် အီရန်နိုင်ငံ၏ ဘက်က ရပ်တည်ခဲ့သည်။ ဇူလိုင်လကုန်ချိန်တွင် ဘေရွတ်မြို့တော်ရှိ လူဦးရေတစ်သန်းအနက် ၂,၅၀,၀၀၀ ခန့် ထွက်ပြေးကုန် သည်။ အာရပ်အဖွဲ့ချုပ်က ဆိုးရိုးယားနိုင်ငံသည် လက်ဗ န္ဓန်ပြည်တွင်းစစ်ကို အဆုံးသတ်မည့် ဆုံးဖြတ်ချက်များကို ဟန့်တားနေသည်ဟု စွပ်စွဲခဲ့သည်။

ခရစ်ယာန်တပ်ဖွဲ့ဝင်များနှင့် ဆိုးရိုးယားတပ်များသည် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က အခါမဲ့ ရွာ သော မိုးသည်းထန်နေသည့်ကြားက တိုက်ပွဲများ ဖြစ်ပွား သည်။ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဗိုလ်ချုပ် မိရှယ် အေယွန်သည် အာရပ်အဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးအစီအစဉ် ကို လက်ခံကြောင်း ကြေညာသည်။ ဆိုးရိုးယားနိုင်ငံကို လက်ဗန္ဓန်နိုင်ငံမှ မောင်းထုတ်မည်ဟု အေယွန်ကြေညာခဲ့ သည့် မတ်လမှစ၍ အာရပ်အဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးအစီ အစဉ်ကို လက်ခံသည့်အချိန်အထိ လူပေါင်း ဂ၃၀ ကျော် သေဆုံး၍ ၃,၄၀၀ ကျော် ဒဏ်ရာရခဲ့ပြီး ဖြစ်သည်။ ယင်းငြိမ်းချမ်းရေးအစီအစဉ်တွင် ဆိုးရိုးယားတပ်များဖယ် ထုတ်ရေးကို ဖော်ပြထားခြင်းမရှိချေ။ လက်ဗန္ဓန် ပါလီမန် အမတ်များသည် ပြည်ပရှိ ကြားနေအသိုင်းအဝိုင်းတစ်ရပ် တွင် တွေ့ဆုံရန် အကြံပြုထားသည်။ ထိုသို့ အကြံပြုချိန် တွင်ပင် မူဆလင်အမတ်တစ်ဦး လုပ်ကြံခံရသဖြင့် ၁၉၇၂ ခုနှစ်က ရွေးချယ်ခံရသူအမတ် ၉၉ ဦးအနက် ၇၃ ဦးသာ အသက်ရှင်ကျန်တော့သည်။ ၎င်းတို့အနက် ၆၂ ဦးသည် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆအူးဒီအာရေဗျနိုင်ငံ တာအစ်မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။ ထိုအချိန်တွင် လက်ဗန္ဓန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲ၍ ကျောင်းနှင့် ကောလိပ်အများစု ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ လက်ဗန္ဓန် အမတ် ၆၂ ဦးအနက် ၅၈ ဦးသည် အာရပ်အဖွဲ့ချုပ် ငြိမ်းချမ်းရေး အစီအစဉ်ကို အတည်ပြုခဲ့ရာ ရပ်တည်ချက် ပြောင်းလဲပြန်သော ဗိုလ်ချုပ်အေယွန်က ပါလီမန်ကို ဖျက်သိမ်းကြောင်းဖြင့် ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၄ ရက် နေ့တွင် ကြေညာခဲ့သည်။ ဗိုလ်ချုပ်အေယွန်သည် တရား ဝင်ဥပဒေနှင့် ညီညွတ်သော နိုင်ငံအကြီးအကဲမဟုတ်ဟု

ပါလီမန်အမတ်အများစုက ခံယူလာကြသည်။ ထို့ကြောင့် မာရွန်နိုက်ခရစ်ယာန်ဖြစ်သော ရေနီမူအာဝပ်ကို သမ္မတသစ်အဖြစ် ပါလီမန်အမတ်များက ထောက်ခံမဲ ၅၂ မဲဖြင့် ရွေးချယ်တင်မြှောက်သည်။ ဆွန်နီမူဆလင် ဝန်ကြီးချုပ် ဆလင်ဟို့စ်ကလည်း မူအာဝပ်ကို အသိအမှတ်ပြုသော အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ထုံးလုပ်နည်း နှင့်အညီ ရာထူးမှ နုတ်ထွက်ပေးခဲ့သည်။ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် လက်ဗန္ဓန်နိုင်ငံ လွတ်လပ်ရေးနေ့ ညှိခံပွဲမှ ပြန်လာသော သမ္မတ မူအာဝပ်သည် ပေါင် ၅၅၀ ရှိ ဗုံးတစ်လုံး ဖောက်ခွဲလုပ်ကြံခံရ၍ ကွယ်လွန်သည်။ ထိုအခါ လက်ဗန္ဓန် ပါလီမန်အမတ်များသည် ဘေရွတ်မြို့အပြင် ဘက်ရှိ ဟိုတယ်တစ်ခုတွင် စုဝေး၍ မာရွန်နိုက်ခရစ်ယာန် အမတ် အဲလီယက်စ် ဟာဆုဝီကို လက်ဗန္ဓန်နိုင်ငံ၏ ဒသမ မြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

ဝတင်၊ သခင် (ခရစ် ၁၉၀၉– ၁၉၇၉)။ ။ မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တစ်တပ်တစ်အား ပါဝင်ခဲ့သော နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ သခင်ဝတင်ကို ပဲခူးတိုင်း သဲကုန်းမြို့နယ် ဆင်မြီးဆွဲ၊ ၁၌ ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အဖ ဦးဘိုးဆင့်၊ အမိ ဒေါ်ဝန်ပိုတို့က မွေးဖွားသည်။

ဆင်မြီးဆွဲရွာမတွင် လေးတန်းအောင်မြင်ခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် ပြည်မြို့ အစိုးရအထက်တန်းကျောင်းတွင် ဆက်လက်၍ ၁၀ တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် ၁၉၃၃ ခုနှစ် အောက်တိုဘာလတွင် တို့ဗမာအစည်းအရုံးသို့ဝင်သည်။ ၁၉၃၅ ခုနှစ် ဧပြီလတွင် ရေနံချောင်းတွင် ကျင်းပပြုလုပ်သော ရေနံချောင်း၊ ပြည်လုံးကျွတ် တို့ဗမာအစည်းအရုံး ညီလာခံသို့ ပြည်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံသို့ ပုတီးကုန်း သခင်ပု၊ သခင်ညီ၊ သခင်ထွန်းခင် (ခေါ်) ဗိုလ်မြင့်ဆွေ (ရဲဘော်သုံးကျိပ်) တို့လည်း တက်ရောက်ခဲ့ကြသည်။ ၁၉၃၆ ခုနှစ် ဇွန်လတွင် မြင်းခြံတွင် ပြုလုပ်သော မြင်းခြံပြည်လုံးကျွတ် တို့ဗမာအစည်းအရုံးညီလာခံသို့ ပုတီးကုန်းသခင်ပု၊ သခင်ညီ၊ သခင်ထွန်းခင်၊ သခင်မကြီး ဒေါ်သိန်းတင်၊ သခင်မကြီး ဒေါ်ခင်ခင်တို့နှင့်အတူ ပြည်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြန်သည်။ ထို့နောက် ၁၉၃၇ ခုနှစ် မတ်လတွင် ပြည်မြို့တွင်ပြုလုပ်သော ပြည်လုံးကျွတ် ညီလာခံဖြစ်မြောက်ရေးအတွက် သခင်ညီနှင့်အတူ ဦးဆောင်ခဲ့သည်။ ထိုနှစ် စက်တင်ဘာလတွင် နယ်ချဲ့ဆန့်ကျင်ရေး တရားဟောပြောခဲ့သောကြောင့် ပြည်ခရိုင် ဝန် ဂရေစီ၏ရုံးတွင် တရားစွဲခံရသည်။ ဆောင်တစ်နှစ်



နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ သခင်ဝတင်

ချခံရသည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလမှ ၁၉၃၉ ခုနှစ် ဒီဇင်ဘာလအထိ အင်းစိန်ထောင်တွင် နေရသည်။ ၁၉၄၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပုတီးကုန်းမြို့၌ ပြုလုပ်သော ပြည်ခရိုင် တို့ဗမာအစည်းအရုံး ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ထို့ပြင် သခင်ထွန်းအုပ်၊ သခင်ဗစိန် ဦးဆောင်သော တို့ဗမာအစည်းအရုံးဌာနချုပ် အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုနှစ် မတ်လတွင် ဖျာပုံမြို့၌ပြုလုပ်သော ပြည်လုံးကျွတ် တို့ဗမာအစည်းအရုံး ညီလာခံသို့ တို့ဗမာအစည်းအရုံး ဌာနချုပ် စည်းရုံးရေးမှူး အဖြစ်လည်းကောင်း၊ ပြည်ခရိုင် တာဝန်ခံအဖြစ် လည်းကောင်း တက်ရောက်ခဲ့သည်။

၁၉၄၀ ပြည့်နှစ် မေလတွင် ဖျာပုံခရိုင် သလိပ်ကြီးရွာတွင် နယ်ချဲ့ဆန့်ကျင်ရေးတရားဟောမှုဖြင့် တရားစွဲခံရပြီး နယ်ချဲ့အစိုးရက ထောင်တစ်နှစ်ချသည်။ ၁၉၄၀ ပြည့်နှစ် မေလမှ ၁၉၄၁ ခုနှစ် မေလအထိ အင်းစိန်ထောင်၌ အချခံရသည်။ ထောင်မှူးဝင်လာသည်ကို မတ်တတ်မရပ်သဖြင့် တစ်နှစ်လုံးတိုက်ပိတ်ခံရသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်တွင် အဖမ်းခံရပြန်သည်။ ပြည်မြို့ထောင်တွင် ထောင်ချခံရသည်။ အရှေ့အာရှတိုက်တွင် ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန် စစ်ဖြစ်နေချိန် နယ်ချဲ့အစိုးရအား ပုန်ကန်ခြားနားမည့်သူများကို ဖမ်းခြင်းဖြစ်သည်။ ထို့နောက် သာယာဝတီထောင်၊ ပုသိမ်ထောင်၊ တောင်ငူထောင်၊ ဟသ်ာတထောင်၊ ပြည်ထောင်၊ ရန်ကုန်ထောင်ကြီးတို့မှ နိုင်ငံရေးအကျဉ်းသားများအားလုံးကို စုပေါင်း၍ ၁၉၄၂ ခုနှစ် မတ်လတွင် မန္တလေးထောင်သို့ပို့ရာ သခင်ဝတင်လည်း ပါသွားသည်။

၁၉၄၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် မန္တလေးထောင်မှ လွတ်သည်။ ရန်ကုန်သို့ ပြန်လာပြီး ဂျပန်ခေတ်တွင် သခင်နှစ်ခြိမ်းကွဲအုပ်စုနှင့် မျိုးချစ်အဖွဲ့၊ ဒေါက်တာဘမော်

အဖွဲ့ပေါင်း၍ တို့ဗမာဆင်းရဲသား အစည်းအရုံးဖွဲ့ရာတွင် သခင်ဝတင်သည် မြန်မာနိုင်ငံအောက်ပိုင်းတိုင်းကို တာဝန်ယူရသည်။

၁၉၄၃ ခုနှစ်တွင် ဂျပန်နိုင်ငံအစိုးရက ဖိတ်ကြားသော ညွှန်သည်တော် ၂၅ ယောက်တွင် အဖွဲ့ဝင်အဖြစ် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ဂျပန်နိုင်ငံတွင်နှစ်လ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်နှင့် ထိုင်း (ယိုးဒယား) တို့တွင် နှစ်လခန့် ကြာခဲ့သည်။

၁၉၄၄ ခုနှစ် ဂျပန်တော်လှန်ရေး အစပျိုးဒေသအခါ သခင်ဝတင်သည် မြေအောက်တော်လှန်ရေး လုပ်ခဲ့သည်။ ကရင်ဗမာချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးအတွက် မြစ်ဝကျွန်းပေါ်ဒေသများသို့ ၁၉၄၃၊ ၁၉၄၄ နှင့် ၁၉၄၅ ခုနှစ်များအတွင်း ခြောက်ကြိမ်သွားရောက်ခဲ့သည်။ ထို့နောက် မြစ်ဝကျွန်းပေါ် ဒေသများသို့ တစ်ကြိမ်၊ မြန်မာပြည်အလယ်ပိုင်းတိုင်းသို့ တစ်ကြိမ် စစ်သား စုဆောင်းရေး အရာရှိအဖြစ်သွားရောက်ခဲ့သည်။သခင်ဝတင်သည် ၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးကာလတွင် ရန်ကုန်တွင် တာဝန်ကျခဲ့သည်။

၁၉၄၅ ခုနှစ် ဖဆပလအဖွဲ့ချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ၊ သခင်သန်းထွန်းက အထွေထွေအတွင်းရေးမှူး၊ သခင်ဝတင်က အတွင်းရေးမှူး (စည်းရုံးရေး)၊ သခင်ချစ်က အတွင်းရေးမှူး (အုပ်ချုပ်ရေး) အဖြစ် အသီးသီးတာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် မြန်မာပြည် ဆိုရှယ်လစ်ပါတီကို တည်ထောင်ရာ သခင်ဝတင်သည် အမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၁၉၄၅ ခုနှစ် အမျိုးသားနွေဦ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုက်ကြီးမြို့တွင် မြန်မာနိုင်ငံလွတ်လပ်ရေး၊ နယ်ခွဲဆန့်ကျင်ရေးတရား ဟောခဲ့ပြီး ထိုနှစ်မှာပင် ဖဆပလအဖွဲ့၏ နေသူရိန် လူထုအင်အားပြအစည်းအဝေး၊ ရွှေတိဂုံအလယ်ပစ္စယံ လူထုအင်အားပြအစည်းအဝေးတို့တွင် ဦးဆောင် ပါဝင်ခဲ့သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ဖဆပလ၏ ပထမအကြိမ်ညီလာခံတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ် ဖေဖော်ဝါရီလတွင် ဆိုရှယ်လစ်ပါတီ၏ နှစ်ပတ်လည် ညီလာခံ ကျင်းပသော အခါတွင်လည်း အမှုဆောင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၄၆ ခုနှစ် ပုလိပ်သပိတ်ဖြစ်မြောက်ရန် ခေါင်းဆောင်အဖြစ် ဆောင်ရွက်စည်းရုံးခဲ့ပြီး ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ရွှေတိဂုံကုန်းတော်ပေါ်တွင် ပုလိပ်သပိတ်မှောက်ခဲ့သည်။ ၎င်းနေ့မှစ၍ လူထု ပုလိပ်၊ လူထုရဲဟု စတင်ခေါ်တွင်လာကြသည်။

သခင်ဝတင်သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံသို့ တက်ခဲ့ရသည်။ ဖဆပလအဖွဲ့လက်အောက်ရှိ အလုပ်သမား၊ လယ်သမား၊ စီးပွားကုန်သွယ်ရေး၊ လူငယ်အဖွဲ့အား လုံးကို ခေါင်းဆောင်၍ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ ထိုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ချင်းပြည်နယ်သို့ ချင်း ဗမာ စည်းရုံးရေး၊ ချစ်ကြည်ရေးအတွက် ချင်းပြည်နယ်တောင်ပိုင်း ညီလာခံ (ထီးလင်းမြို့တွင် ကျင်းပပြုလုပ်သည်။) သို့ ဒီးဒုတ်ဦးဘချို့နှင့်အတူ တက်ရောက်ခဲ့သည်။ သခင်ဝတင်သည် ဖဆပလ တိုင်းပြူပြည်ပြူ လှုတ်တော် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရေးအဖွဲ့တွင် ပါဝင်ခဲ့သူဖြစ်သည်။ ဖဆပလအစိုးရ အခြေခံဥပဒေ ရေးဆွဲရေး ၁၀၁ ဦးကော်မတီတွင်လည်း အဖွဲ့ဝင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသောအခါ ဗိုလ်ချုပ်ရန်ပုံငွေအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သူလည်း ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသောအခါ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနတွင် အုပ်ချုပ်ရေး အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလတွင် ပြန်ကြားရေးဌာနမှထွက်၍ ဖဆပလအဖွဲ့ချုပ် တွင် ဒုတိယအထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ရန်ကုန်ခရိုင်ဖဆပလဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည်။

ထို့နောက် ၁၉၅၁ ခုနှစ်တွင် ၁၉၅၁ ပြည်လုံးကျွတ်ရွေးကောက်ပွဲဖြစ်မြောက်ရေးအဖွဲ့တွင် ဦးဆောင်ပါဝင်ခဲ့သည်။ သို့သော် မိမိကိုယ်တိုင် ပါဝင်အရွေးမခံခဲ့ချေ။ သခင်ဝတင်သည် ၁၉၅၁ ပြည်လုံးကျွတ် ဒုတိယအကြိမ်ရွေးကောက်ပွဲ အပြီး မတ်လ ၂၂ ရက်တွင် နိုင်ငံရေးနယ်ပယ်မှ အနားယူခဲ့သည်။

သခင်ဝတင်သည် စာအုပ်စာပေများကိုလည်း ရေးသားခဲ့သူ ဖြစ်ရာ ရေးသားခဲ့သော စာအုပ်အချို့မှာ အတုနှင့်အစစ် (၁၉၄၆)၊ ဒို့ဘာဖြစ်နေကြသလဲ (၁၉၅၀)၊ လောကနှင့်လူသား (၁၉၇၄) စသောစာအုပ်များဖြစ်၍ သခင်ဝတင် ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ လူနှင့်တိရစ္ဆာန်အမည်ရှိ စာအုပ်ကို ပါရဂူကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ ၁၉၆၀– ၆၁ အတွင်း ထွန်းနွေစဉ်သတင်းစာ၌ ဗမာပြည် ကျေးငှက်မျာ၏ အတွေ့အကြုံအတွေးအခေါ်များ အမည်ဖြင့် ဆောင်းပါးများလည်း ရေးသားခဲ့သည်။

သခင်ဝတင်သည် လူမှုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းရန်ပုံငွေ၊ စကောလားရွှေအဖွဲ့ အဖွဲ့ဝင်လူကြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နာယက၊ ကလေးများရိပ်သာ အကြံပေး

ကော်မတီဝင်၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန၊ မဟာဝိဇ္ဇာကျမ်းပြူ နှုတ်ဖြေစာမေးပွဲ ပြင်ပစာစစ်မှူး စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။


သခင်ဝတင်သည် ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက အမိန့်အမှတ် ၅၁/၇၀ ဖြင့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်ခံရသည်။ နိုင်ငံဂုဏ်ရည် ချီးမြှင့်ငွေ၊ တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေတို့ကို ငွေစုဘဏ်၌ ပြန်လည်စုဆောင်းထားပြီး မိမိဇာတိသဲကုန်းမြို့နယ်ရှိ မူလတန်းကျောင်းကလေးများ၊ ရန်ကုန်ရှိ ချို့တဲ့သော မူလတန်းကျောင်း ကလေးများအတွက် စာအုပ်နှင့် စာရေးကိရိယာများနှစ်စဉ် ဝယ်ယူလှူဒါန်းခဲ့သည်။ ထို့ပြင် ထိုငွေကို ပြည်ခရိုင်အသင်း (ခေတ္တရာအသင်း)၊ သဲကုန်းမြို့နယ်အသင်းတို့၏ ပညာရေးရန်ပုံငွေအတွက်လည်း ထည့်ဝင်လှူဒါန်းခဲ့သည်။ မိမိအတွက် ထုတ်ယူသုံးစွဲခြင်းမပြုချေ။ နိုင်ငံဂုဏ်ရည်ဘွဲ့အဖြစ် ချီးမြှင့်သော ခံစားခွင့်ဖြစ်သည့် ရုပ်မြင်သံကြားစက် ဝယ်ယူခွင့်၊ မော်တော်ကား ဝယ်ယူခွင့်တို့ကိုလည်း မခံစားခဲ့ချေ။

သခင်ဝတင်သည် ဒေါ်ဒွန်းမေနှင့် အကြောင်းပါခဲ့ပြီး သားသမီးငါးယောက် ထွန်းကားခဲ့သည်။ ထို့နောက် ဒေါ်ဒွန်းမေ ဆုံးပါးသွားခဲ့ရာ ၁၉၄၈ ခုနှစ်တွင် ဒေါ်ခင်နန်းမြနှင့် အိမ်ထောင်ပြုပြီး သားသမီး လေးယောက် ထွန်းကားခဲ့သည်။

နိုင်ငံဂုဏ်ရည် (ပထမဆင့်) ရ၊ မြန်မာနိုင်ငံအကျိုးကို တစ်တပ်တစ်အား စွမ်းဆောင်သယ်ပိုးခဲ့သော သခင်ဝတင်သည် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်နန်းမြနှင့် သားသမီး မြေးများ ကျန်ရစ်ခဲ့သည်။

ဝိလာသာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ သာသနဝိပုလ ရွှေဂူစာသင်တိုက် (မြန်မာ ၁၂၀၇–) ။ ။ ဆရာတော် ဘဒ္ဒန္တ ဝိလာသာ ဘိဝံသကို ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ ခမည်းတော် မြန်မာဗိန္ဓော ဆေးဆရာကြီး ဦးလုံ၊ မယ်တော် ဒေါ်လှယဉ်တို့မှ ၁၂၀၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ မွေးချင်းငါးယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်၍ အမည်မှာ မောင်လှဖေ ဖြစ်သည်။

၁၂၉၉ ခုနှစ် ကဆုန်လဆန်း ဂ ရက်နေ့ အသက် ၁၂ နှစ် အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် နန်းသဲကျေးရွာ ပြင်သာကျောင်း



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝိလာသာဘိဝံသ

ဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ်ပြု၍ ရှင်ဝိလာသဟူသောဘွဲ့ဖြင့် ရှင်သာမဏေ အဖြစ်သို့ရောက်သည်။

၁၃၀၇ ခုနှစ် နယုန်လဆန်း ၁၂ ရက်နေ့တွင် ညောင်ရွှေမြို့နယ် ရွာသာတိုက်နယ် ရွာသစ်ကျေးရွာ ရွှေကျောင်း ဥဒကုက္ခေပသိမ်၌ ညောင်ရွှေမြို့နယ် အင်းလေးဒေသ သာလေးရွာ သာလေးတောင်ကျောင်း ဆရာတော် ဦးနေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ညောင်ရွှေမြို့ မြို့လယ်ရပ်ပွဲစားကြီးဦးဝိုင်း၊ ဒေါ်လှတင်နှင့် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်။

ဆရာတော်သည် ငယ်ဆရာဖြစ်သော နန်းသဲပြင်သာကျောင်း ဆရာတော် ဦးဥက္ကံသထံတော်၌ သင်ပုန်းကြီး၊ ပရိတ်ကြီး၊ ရှင်ကျင့်ဝတ်၊ လောကနီတိ၊ နမက္ကာရ၊ ရတနာရွှေချိုင့် အစရှိသည်တို့ကို လည်းကောင်း၊ ၎င်းကျောင်း စာချဘုန်းကြီး ဦးကုသလထံ၌ကစ္စည်းသဒ္ဒါကြီး၊ သင်္ဂြိဟ်စသော ပိဋကတ်အခြေခံများကိုလည်းကောင်း သင်ယူခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့ ရွှေဂူဆရာတော် ဦးအာစာရ၊ အင်းလေးဒေသ သာလေးတောင်ကျောင်း ဆရာတော် ဦးနေမိန္ဒာဘိဝံသနှင့် စာချဘုန်းကြီး ဦးဓမ္မပါလ တို့ထံ၌လည်း ကောင်း၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် ဆရာတော် ဦးကလျာဏ၊ ဝံသာနုရက္ခိတကျောင်း ဆရာတော် ဦးဝိမလ၊ သာသန ဇောတိကတိုက်ကျောင်းဆရာတော် ဦးဉာဏဝံသ၊ မင်းကျောင်းဆရာတော် ဦးပဏ္ဍိဝ၊ ဆရာတော် ဦးဣန္ဒဝံသနှင့် ဆရာ

တော် ဦးဣန္ဒာဝုဓဇာဇာ (ပထမကျော် ဓမ္မာစရိယ) တို့ထံတော်၌လည်းကောင်း၊ ညောင်ရွှေမြို့ကန်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံတော်၌ လည်းကောင်း၊ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် သာသနဇောတိကာရုံအုတ်ကျောင်း စာချဆရာတော် ဦးနာရဒါဘိဝံသ၊ စာချဘုန်းကြီး ဦးသာသနဝရာဘိဝံသ၊ တမွဝတီအုတ်ကျောင်း ဆရာတော် ဦးအရိယဝံသ၊ အမရပူရကျောင်း ဆရာတော် ဦးဥက္ကံသာဘိဝံသ၊ နယားကျောင်း ဆရာတော် ဦးမေဓိယာ ဘိဝံသ၊ ရွှေရေးဆောင်တိုက်သံကျောင်း ဆရာတော် ဦးပဏ္ဍဝန္ဒင့် ရန်ကုန်မြို့ ကုက္ကိုင်းဟာမစ်တစ်လမ်း ဓမ္မာရုံကျောင်းတိုက် စာချဘုန်းကြီး ဦးခေမာနန္ဒတို့ထံ၌ လည်းကောင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းတို့ကို သင်ယူခဲ့သည်။

ဆရာတော်သည် ညောင်ရွှေ ဝိနယာဒိနုဂ္ဂဟ အငယ်တန်း၊ ဒုတိယတန်း၊ အစိုးရ ငယ် လတ် ကြီးတန်း၊ ဓမ္မာစရိယ စာချတန်း၊ သက္ကသီဟ စာသင်တန်း၊ စာချတန်းတို့ကို အောင်တော်မူ၍ ဘဒ္ဒန္တ ဝိလာသာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိသည်။

ဆရာတော်သည် စာမေးပွဲများကို အောင်မြင်ပြီးနောက် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အခြေပြု ဓမ္မာစရိယအဖွဲ့တွင် ပါဝင်ကာ သာသနဇောတိကာရုံအုတ်ကျောင်း၌ ပရိယတ္တိစာပေများကို ပို့ချခဲ့သည်။ ၁၃၁၈ ခုနှစ် ဝါဆိုလမှစ၍ ညောင်ရွှေမြို့ ရွှေဂူကျောင်းကြီးကို သာသနဝိပုလ ရွှေဂူစာသင်တိုက်ဟု ကမ္ဘည်းတပ်၍ စာသင်တိုက် ဖွင့်လှစ်ပြီး အရှင်မဟိန္ဒ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) နှင့်အတူ တွဲဖက်၍ သံဃာတော်တို့အား နေ့ဝါညဝါ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ယနေ့တိုင် ပို့ချနေဆဲဖြစ်သည်။

ပြုစုခဲ့သောကျမ်းများမှာ ဝိလာသိနီ ဓမ္မဒေသနာ (လက်ရေးမူ)၊ သီရိမင်္ဂလာ ဓမ္မစကြာ ရှစ်လုံးဘွဲ့ကဗျာများ၊ သီရိဟေမာ အနုတ္တလက္ခဏာ ရှစ်လုံးဘွဲ့ ကဗျာများ၊ ဗုဒ္ဓရွှင်တော်မြတ် သိပ်ပံအမြင် (လက်ရေးမူ) ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာပြန်ပဲ့တော်ပြီးသိမိုင်း၊ အသံလွှင့်တရားတော်များ၊ ပါဠိဂါထာ၊ ပျိုကဗျာ၊ လင်္ကာ၊ ရတု ဩဘာစာ စသည်များနှင့် ရတနာမာရုံအောင် စေတီတော် ဂေါပကအဖွဲ့စည်းမျဉ်း၊ ဖောင်တော်ဦးမြတ်စွာဘုရား ဂေါပကအဖွဲ့စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များ စသည် တို့ဖြစ်သည်။

၁၃၁၈ ခုနှစ်မှ ၁၃၅၀ ပြည့်နှစ်အထိ ၃၂ နှစ်အတွင်း သာသနဝိပုလ ရွှေဂူစာသင်တိုက်မှ ဝါဆိုသံဃာပေါင်း ၃,၂၀၀ ပါး၊ ဝိနယာဒိနုဂ္ဂဟ စာမေးပွဲအောင် သံဃာ ၂,၁၄၄ ပါး၊ အစိုးရစာမေးပွဲ (ငယ် – လတ် – ကြီး နှင့် စာချတန်း) အောင် သံဃာပေါင်း ၂၇၅ ပါးနှင့် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲ၌ ဒီဃနိကာယဘာဏကအောင်တစ်ပါး ထွန်းကားခဲ့သည့်အပြင် စာသင်သားများစွာရှိသော ညောင်ရွှေမြို့ မြို့မလှိုင်ကြွစာသင်တိုက်စသည့် စာသင်တိုက်ကိုးတိုက် တိုးပွားခဲ့သည်။ ထို့ပြင် ကျောင်းခွဲ ၁၂ ကျောင်းလည်း တိုးပွားခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ပါဠိဝိသောဓက အဖွဲ့ဝင်၊ ဆဋ္ဌသင်္ဂါယနာသင်္ဂီတိကာရက၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟ စာမေးစာပြန်တော်ပုံကြီး၌ စာထောက်စာမ၊ ပုစ္ဆာကပုစ္ဆာစစ်၊ ယင်းအဖွဲ့ကြီး ထိန်းသိမ်း စောင့်ရှောက်ရေး သံဃနာယက၊ ဦးစီးအဖွဲ့ချုပ် ဗဟိုသံဃဝံဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ၊ ညောင်ရွှေမြို့နယ် မြို့မကိုဏ်း၏ ကိုဏ်းအုပ်၊ ညောင်ရွှေမြို့ ရတနာမာရုံအောင်စေတီတော် ဂေါပကအဖွဲ့ နာယက၊ အင်းလေးဒေသ နမ့်ဟူဖောင်တော်ဦး မြတ်စွာဘုရား ဂေါပကအဖွဲ့ သြဝါဒစရိယ၊ ကိုဏ်းပေါင်းစုံ သံဃဝံ အစည်းအဝေးကြီးဖြစ်မြောက်ရေး ၆၆ ပါးအဖွဲ့ဝင်၊ မူလသံဃဝံဝန်ဆောင်၊ သံဃသမ္မုတိရ သံဃဝံကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟို သံဃဝံဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် စသော သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးတာဝန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

ဤသို့လျှင် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပဋိကတ္တာယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိက္ခာကာမစသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ဝိလာသာ ဘိဝံသသည် ၁၃၅၀ ပြည့် နှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

ဝင်းမောင်၊ ဦး (မန်းဝင်းမောင်) (ခရစ် ၁၉၁၆–၁၉၇၉)။ ။လွတ်လပ်ရေး မော်ကွန်းဝင်(ဒုတိယဆင့်) နှင့် နိုင်ငံဂုဏ်ရည်(ပထမဆင့်) ရ အငြိမ်းစား နိုင်ငံတော်သမ္မတကြီး၊ အဂ္ဂမဟာသရေစည်သူနှင့် အဂ္ဂမဟာ သီရိသုဓမ္မ ဦးဝင်းမောင်ကို ပုသိမ်ခရိုင် ကျုံပျော် မြို့နယ်လှည်းဆိပ်ရွာ၌ ခရစ်နှစ် ၁၉၁၆ ခုနှစ် ဧပြီလ ၁၇ ရက် နေ့တွင် အဖ ပညာအုပ် ဦးရွှေရင်၊ အမိဒေါ်သာယာတို့က

မွေးဖွားသည်။ ဦးဝင်းမောင်သည် နိုင်ငံရေး လောကတွင် မန်းဝင်းမောင်ဟူ၍ လူသိများ ထင်ရှားခဲ့သည်။

ငယ်စဉ်က လှည်းဆိပ်ရွာ၌ ပညာသင်ပြီး ပုသိမ် မူနှိ ကရင် အထက်တန်းကျောင်းမှ ၁၉၃၃ ခုနှစ်တွင် ဆယ်တန်း အောင်သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ် ဂျပ်ဆင်ကောလိပ်မှ ဘီအေဘွဲ့ရသည်။

သန်လျင်မြို့ ဘီအိုစီကုမ္ပဏီ စာရင်းဌာနတွင် လည်းကောင်း၊ အတွင်းဝန်များရုံးတွင် လည်းကောင်း အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့၍ ၁၉၄၀ ပြည့်နှစ်တွင် စစ်ဘက်သို့ပြောင်းလွှဲကာ အရာခံဗိုလ် အဆင့်ဖြင့် အမှုထမ်းခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် မေမြို့ ဗိုလ်သင်တန်း တက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်များ အိန္ဒိယသို့ ဆုတ်ခွာရာ မျက်နှာဖြူ ဗိုလ်သင်တန်းကျောင်းအုပ်ကြီးက အိန္ဒိယသို့ လိုက်ပါလျှင် ထောက်လှမ်းရေးဘက်၌ ဗိုလ်အဆင့် ရာထူးပေးမည်ဟု ပြောခဲ့သော်လည်း မလိုက်ဘဲ မြန်မာနိုင်ငံတွင် နေရစ်ခဲ့သည်။

မန်းဝင်းမောင်သည် ၁၉၄၃–၄၄ ခုနှစ်မှစ၍ ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော အေအက်ဖ်အို (ဖတပလ) နှင့် ဆက်သွယ်ကာ မြစ်ဝကျွန်းပေါ် ကရင်တိုင်းရင်းသားများကို စည်းရုံး၍ ဖက်ဆစ်တော်လှန်ရေး လုပ်ငန်းများတွင် ပါဝင်ခဲ့သည်။ ၁၉၄၄ ခုနှစ်ကွင် တော်လှန်ရေး အတွက် ကသာ မြစ်ကြီးနားမှတစ်ဆင့် အိန္ဒိယသို့ ခက်ခဲပင်ပန်းစွာ သွားရောက်ခဲ့သည်။ ကာလကတ္တားမြို့နှင့် ကိုလံဘိုမြို့များ၌ စစ်ပညာသင်ယူပြီး ၁၉၄၅ ခုနှစ်တွင် တောင်ငူခရိုင်အတွင်း လေထီးဖြင့်ဆင်းခဲ့၍ ဖက်ဆစ်တော်လှန်ရေး၌ ကရင်ဗမာ ရဲခေါင်ပြောက်ကျားများအား ဦးဆောင်ခဲ့သည်။ စစ်အပြီးတွင် လှတ်လပ်ရေးတိုက်ပွဲ၌ ဖဆပလ အဖွဲ့နှင့်အတူ ပူးတွဲပါဝင်ခဲ့သည်။ မန်းဝင်းမောင်သည် နု–အက်တလီစာချုပ် ချုပ်ဆိုရာတွင်ရှေပြေးအဖွဲ့၌ ပါဝင်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ကရင်လူငယ်များ အစည်းအရုံး၌ မန်းဘခိုင်က ဥက္ကဋ္ဌ၊ မန်းဝင်းမောင်က ဒုတိယဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုလျက် တိုင်းရင်းသားဂျာနယ်ကို ထုတ်ဝေကာ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ အောင်ဆန်း–အက်တလီစာချုပ်ကို ကေအင်ယူကကန့်ကွက်နေသည့်အချိန်တွင် တိုင်းပြူပြည်ပြူ လှုတ်တော်ရွေးကောက်ပွဲကို ကရင်လူငယ်များ အစည်းအရုံးခေါင်းဆောင် မန်းဘခိုင်နှင့် မန်းဝင်းမောင်တို့ ဝင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ရွေးကောက်ပွဲတွင် ပုသိမ်မြောက်ပိုင်း မဲဆန္ဒနယ်မှ အရွေးခံရ၍ ဓာတ်သတ္တုဌာနဝန်ကြီး၊ ၁၉၄၉ ခုနှစ်တွင် ပို့ဆောင် ဆက် သွယ် ရေး ဝန် ကြီး ဌာ န ဝန်ကြီး၊



နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)ရ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင် (အငြိမ်းစား)

၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စု ကရင်အမျိုးသားအဖွဲ့ ဥက္ကဋ္ဌ၊ ၁၉၅၂ ခုနှစ်တွင် မအူပင်တောင်ပိုင်း မဲဆန္ဒနယ် အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ပို့ဆောင်ဆက်သွယ်ရေးဌာန ဝန်ကြီး၊ ၁၉၅၆ ခုနှစ်တွင် မအူပင်တောင်ပိုင်းမှတစ်ဖန် ပြန်လည် အရွေးခံရပြီး ပြည်တွင်းဆိပ်ကမ်းရေကြောင်း လေကြောင်းနှင့် ပင်လယ်ဆိပ်ကမ်းသွားလာရေးဌာနဝန်ကြီး စသည်ဖြင့် နိုင်ငံ့တာဝန်များကို အကြိမ်ကြိမ် ထမ်းဆောင်ခဲ့သည်။

၁၉၅၇ ခုနှစ်တွင် အဂ္ဂမဟာ သရေစည်သူနှင့် အဂ္ဂမဟာ သီရိသုဓမ္မဘွဲ့များ အပ်နှင်းခံခဲ့ရပြီး မန်းဝင်းမောင်သည် ထိုနှစ် မတ်လတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် အရွေးခံခဲ့ရသည်။ မန်းဝင်းမောင်သည် ဝန်ကြီးအဖြစ် ၁၀ နှစ်၊ နိုင်ငံတော် သမ္မတကြီးအဖြစ် ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တော်လှန်ရေးအစိုးရ လက်ထက်တွင် ၁၉၆၂ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ ငါးနှစ်ကြာ ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၆၈ ခုနှစ် နိုဝင်ဘာလ၌ တော်လှန်ရေးအစိုးရက ဖိတ်ကြားသော ပြည်တွင်းအကြံပေးအဖွဲ့၀င် ၃၃ ဦး၌ မန်းဝင်းမောင် ပါဝင်ခဲ့သည်။

မန်းဝင်းမောင်သည် ၁၉၇၂ ခုနှစ်တွင် ရန်ကုန်မြို့နေ ဦးစံလှ၊ ဒေါ်ဒေးတို့၏သမီး ဒေါ်မြမေနှင့် လက်ထပ်ခဲ့သည်။ သားသမီးခြောက်ယောက် ထွန်းကားခဲ့သည်။

မန်းဝင်းမောင်သည် ၁၉၈၈ ခုနှစ်မှ ၁၉၈၉ ခုနှစ် မကွယ်လွန်မီ အချိန်အထိ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်တပ်တစ်အား ပါဝင်ခဲ့ရုံမျှမက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရွေတန်းမှ စွမ်းဆောင်ခဲ့သော အငြိမ်းစား နိုင်ငံတော်သမ္မတ ဦးဝင်းမောင် (မန်းဝင်းမောင်) သည် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြမေနှင့် သားသမီးများ ကျန်ရစ်သည်။

ဝဏ္ဏသိရီ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ သန်လျင်မြို့၊ မင်းကျောင်း၊ ပထမပြန် စာသင်တိုက် (မြန်မာ ၁၂၇၂–)။ ။ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသိရိကို ပဲခူးတိုင်း ထန်းတောကြီးရွာ ခမည်းတော် ဦးဘိုးဦး၊ မယ်တော် ဒေါ်ငွေတင်တို့မှ ၁၂၇၂ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့ မွန်းတည့် ၁၂ နာရီတွင် ဖွားမြင်သည်။ မွေးချင်းနှစ်ယောက်အနက် အကြီးဖြစ်၍ ငယ်မည် မောင်ရွှေမိုင် ဖြစ်သည်။



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏသိရီ

ထန်းတောကြီးရွာ ဦးဘိုးမိုင်၊ ဒေါ်ငွေညွန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထန်းတောကြီးရွာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်ဝဏ္ဏ ဟူသောဘွဲ့ဖြင့် ရှင်သာမဏေဖြစ်သည်။ ဒုတိယအကြိမ်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ် မိခင်ကြီး ဒေါ်အေးလှနှင့် သား ဦးထွန်းမြင့်၊ ဦးရီရှိန်၊ ဇနီးဒေါ်ချစ်ပု တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပဲခူးမြို့ ဝိပဿနာကျောင်း ဆရာတော်ဦးဝရိန္ဒကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၁၃၀၁ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် အင်္ဂါနေ့ နံနက် ၉ နာရီ ၇ ဖဝါး ၁ ဗီလာအချိန်တွင် လှည်းကူးမြို့ နယ် ရှမ်းတဲကြီးအောက်ရွာ ဦးသန့်၊ ဒေါ်စိန်ညွန့်၊ သမီး မမြစိန်၊ မသန်း၊ သားမောင်သိန်းအောင်၊ မောင်နေအောင် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ညောင်ဦးမြို့ ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ငါးထပ်ကြီး ဘုရားကြီးတိုက်အနီးရှိ အဘယာဘိဇေယျမဟာသိမ်တော်ကြီး၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သည်။ ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ ဘိဝံသ မဟာထေရ်က အရှင်ဝဏ္ဏသိရီဟု ခေါ်တွင်စေသည်။

ဆရာတော်သည် ပဲခူးမြို့ ဝိပဿနာကျောင်း ဆရာတော် ဦးဝရိန္ဒထံ၌ သဒ္ဒါ၊ သင်္ဂဟစသော ပိဋကတ်အခြေခံကျမ်းစာများ၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညနှင့် စာချဆရာတော် ဦးဂန္ဓမာထဆံတွင် ပိဋကတ်စာပေများကို သင်ယူခဲ့သည်။ ၁၃၀၃ ခုနှစ်တွင် သန်လျင်မြို့နယ် လဟာရက်ကျေးရွာကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးကလျာဏ၊ စာချဆရာတော် ဦးတေဇောသာရ၊ အရှင်သာသနတို့ထံ၌ ပထမပြန် စာမေးပွဲဆိုင်ရာ စာပေများကို စနစ်တကျ သင်ယူခဲ့သည်။ ထို့ပြင် သန်လျင်မြို့ မင်းကျောင်းဆရာတော် ဦးခေမိန္ဒ၊စမ်းချောင်းအောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက် ဆရာတော် ဦးဥတ္တမ၊ ဗဟန်း ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးဓမ္မသေနနှင့် စာချဆရာတော်များထံ၌ ပါဠိတော်အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝါ ည ဝါကျမ်းစာများနှင့် လှည်းကူးမြို့ ကျူးချောင်းရွာ ဆရာတော်ဦးပဏ္ဍိတထံတွင် လက်ရိုးတွက်ပညာကို ဇာတာဖွဲ့နိုင်သည်အထိ သင်ယူခဲ့သည်။

ဆရာတော်သည် ပဲခူးမြို့ ဝိနယာဓိက ပထမဆင့်၊ လှည်းကူးမြို့ ဝိနယပထမလတ်တန်း၊ ၁၃၁၄ ခုနှစ် ပထမကြီးတန်း၊ ၁၃၁၈ ခုနှစ်တွင် ဓမ္မာစရိယစာချတန်းကို အောင်စဉ် အမှတ် တစ် ဖြင့် ထူးခြားစွာ အောင်၍ အဂ္ဂမဟာအကျော်ဘွဲ့ကို ရရှိသည်။

ဆရာတော်သည် ၁၃၁၃ ခုနှစ်မှစ၍ သန်လျင်မြို့ မင်းကျောင်းကို ပထမပြန်စာသင်တိုက်ကြီးအဖြစ် တည်ထောင်ဖွင့်လှစ်ကာ ၁၃၅၀ ပြည့်နှစ်အထိ ၃၈ နှစ်အတွင်း စာပေကျမ်းဂန်တို့ကို ပို့ချတော်မူသဖြင့် စာချတန်း ၁၇ ပါး၊ ပထမကြီးတန်း ၁၂၇ ပါး၊ ပထမလတ်တန်း ၂၇၆ ပါး၊ ပထမငယ်တန်း ၃၂၁ ပါး အောင်မြင်သည့်အပြင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အငယ်တန်း၌ (ပထမ) ဂုဏ်ထူးရ နှစ်ပါး၊ (ဒုတိယ)ဂုဏ်ထူးရ နှစ်ပါး၊ ပထမလတ်တန်း၌ (ပထမ) ဂုဏ်ထူးရ တစ်ပါး၊ (တတိယ) ဂုဏ်ထူးရလေးပါး၊ ပထမကြီးတန်း၌(ပထမ)ပထမကျော် ဂုဏ်ထူးရ သုံးပါး၊ (ဒုတိ

ယ) ဂုဏ်ထူးရ တစ်ပါး အားဖြင့် အထူးအောင် ၁၃ ပါး ပေါ်ထွန်းခဲ့သည်။

ဆရာတော်သည် ၁၃၁၆ ခုနှစ်မှ ၁၃၄၁ ခုနှစ်အထိ ၂၇ နှစ်တိုင် သန်လျင်စာဖြေဌာန ပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲဝင်၊ မော်ဘီမြို့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ သံဃာ့ကိုယ်စားလှယ်၊ရန်ကုန်တိုင်းခုနစ်မြို့နယ် သုဓမ္မာနိကာယ စာပြန်ပွဲကြီး၌ ၁၃၂၇ ခုနှစ်မှစ၍ ယနေ့အထိ အကျိုးတော်ဆောင်နှင့် ဆက်သွယ်ရေးတာဝန်ခံ၊ ကျိုက်ခေါက်စေတီ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး မူလသံဃဝန်ဆောင်၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း ရေးဆဲ့ရေးအဖွဲ့ဝယ်၌ အကျိုးဆောင်၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်နှင့် တွဲဖက်အကျိုးတော်ဆောင်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်နှင့် တွဲဖက် အကျိုးတော်ဆောင်(၁)အဖြစ် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းတို့ကို ကြိုးပမ်း ဆောင်ရွက်တော်မူလျက် ရှိသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆုရောဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိင်္ဂါကာမ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသိရီသည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ကို ရရှိတော်မူသည်။

သဘာဝဘေးဒဏ်။ ။၁၉၈၉ ခုနှစ် အတွင်း၌ ကမ္ဘာအရပ်ရပ်တွင် စံချိန်တင်လောက်အောင် ဆိုးရွားသော သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည်။ အချို့နိုင်ငံနှင့် ဒေသများ၌ ရေလွှမ်းမိုးပြီးနောက် မိုးခေါင်ခြင်းကဲ့သို့ လွှန်ကဲသော သဘာဝဖောက်ပြန်မှုဒဏ်ကို ခံစားခဲ့ကြရသည်။

ငလျင်– ဆိုဗီယက် ပြည်ထောင်စု အလယ် ပိုင်းရှိ တာဇစ်ကစ္စတန်ပြည်နယ်တွင် ဇန်နဝါရီလ ၂၃ ရက်နေ့၌ ပြင်းထန်သော မြေငလျင်လှုပ်သွားရာ ရုံးမြေဖြင့်ပြုလုပ်ထားသော အဆောက်အအုံငယ်များ ပြိုကျပျက်စီးသွားသည်။ မြေငလျင် ဗဟိုချက်မှာ မော်စကို မြို့တော်တောင်ဘက် ကီလိုမီတာ ၂,၉၀၀ နှင့် ပြည်နယ်မြို့တော်မှ အနောက်တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဂစ်ဆာခရိုင် ရှာရိရာရွာ ဖြစ်သည်။ ရွာအနီးရှိ တောင်ကုန်းတစ်ခုတွင် နှစ် ကီလိုမီတာမျှရှည်သော မြေပြိုမှုဖြစ်ပွားသည်။

နောက်ဆုံး တူးဖော်တွေ့ရှိချက်အရ လူ ၁၀၀၀ ကျော် သေဆုံးခဲ့သည်။ ရှာရိရာတစ်ရွာတည်း၌ပင် ရုံးနှင့် အပျက်အစီးများအောက်မှ အလောင်း ၁၀၀ ကျော် ရရှိခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုတွင် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့က ဖြစ်ပေါ်ခဲ့သော အာမေးနီးယားငလျင်ကြီးကြောင့် သေဆုံးသူဦးရေမှာ ၂၅,၀၀၀ ဖြစ်ကြောင်း သက်ဆိုင်ရာမှ ဇန်နဝါရီလအတွင်း၌ သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံတွင် လွန်ခဲ့သော ၁၃ နှစ်က ပေါ်ပေါက်ခဲ့သော ငလျင်ဘေးကြီးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများအား အိမ်ရာများ ထောက်ပံ့ချထားပေးခဲ့ရာ နောက်ဆုံးအသုတ်အဖြစ် မိသားစု ၅၀၀ အား အိမ်ရာသစ်များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဆင်ဝှာသတင်းဌာနက ကြေညာသည်။ ယင်းငလျင်ကြီးသည် ဤ ၂၀ ရာစုတွင် ကမ္ဘာပေါ်၌ အကြီးမားဆုံးနှင့် အဆိုးရွားဆုံးငလျင်ကြီး ဖြစ်ခဲ့သည်။ ၁၉၇၆ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် လူဦးရေတစ်သန်းရှိ တန်ရှန်မြို့တွင် ဖြစ်ပေါ်ခဲ့သော ငလျင်ကြီးသည် ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိပြီး လူ ၂,၄၂,၀၀၀ ကို သေကျေပျက်စီးစေခဲ့ပြီး ၁,၆၄,၀၀၀ ကို ထိခိုက်ဒဏ်ရာရရှိစေခဲ့ကာ မြို့၏ စုစုပေါင်းအဆောက်အအုံ ၉၅ ရာခိုင်နှုန်းကို ပျက်စီးစေခဲ့သည်။ အိမ်ရာသစ်များပြန်လည်တည်ဆောက်ရာတွင် ယွမ် သန်းငါးထောင် (အမေရိကန်ဒေါ်လာ သန်းပေါင်း ၁,၃၅၁) ခွင့်ပြုခဲ့သည်။

ဧပြီလ ၁၆ ရက်နေ့က တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိ မြေငလျင်လှုပ်ခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံး၍ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဤဒေသ၌ ဧပြီလ ၂၅ ရက်နေ့တွင် နောက်တစ်ကြိမ် လှုပ်ခဲ့ပြီး မေလ ၃ ရက်နေ့တွင် တတိယအကြိမ် ထပ်မံ လှုပ်ခဲ့ပြန်သည်။

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တော်တွင်လည်း ဧပြီလ ၂၅ ရက်နေ့ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၀ ရှိ မြေငလျင်တစ်ခု စက်တင်ဘာလက လူ ၁၀,၀၀၀ ကျော် သေဆုံးခဲ့သော ငလျင်ကြီးလှုပ်ခဲ့သည့်အချိန်နှင့် တစ်ထပ်တည်း ကျခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စ၊ ၂၄၃—ရှ။)


မေလ ၇ ရက်နေ့တွင်လည်း တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ ငလျင်တစ်ခု လှုပ်ခဲ့ပြန်ရာ လူသေဆုံးမှုရှိခဲ့ပြီး ၉၀ ကျော် ဒဏ်ရာရခဲ့သည်။

ဩဂုတ်လ ၁ ရက် နံနက် ၉ နာရီ ၁၇ မိနစ်တွင်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဖျားပိုင်း အီရီယန်ဂျယာဒေသ၌ လူပ်သွားခဲ့သော ငလျင်ကြောင့် လူ ၁၁၆ ယောက်သေဆုံး၍ ထာနှင့်ချီ ဒဏ်ရာရရှိသွားခဲ့သည်။ ငလျင်ဗဟိုချက်မှာ ဂျာကာတာမြို့တော်မှ အရှေ့ဘက် ၂,၁၀၀ မိုင်အကွာတွင် ဖြစ်ပြီး ပြင်းအား ရစ်ချ်တာစကေး ၆ ရှိခဲ့သည်။ ငလျင်ကြောင့် မြေပြိုခြင်းများ အကြီးအကျယ်ဖြစ်ပွားသဖြင့် ဘာလီယမ်မြစ် ပိတ်ဆို့သွားခဲ့ပြီး ရွှံနှင့်မြေသားတန်ပေါင်းများစွာသည် မြစ်ပေါ်၌ ပေ ၆၅၀ အမြင့်အထိ စုပုံမောက်တက်သွားခဲ့သည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တွင် ၁၉၀၉ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ည‌နေ ၅ နာရီ လေးမိနစ်တွင် လူပ်သွားခဲ့သော ငလျင်ကြီးသည် ပျက်စီးဆုံးရှုံးမှုများခဲ့သည်။ ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိသော ထို ငလျင်ကြီး ကြောင့် လူ ၁၀၀ ကျော်သေဆုံး၍ ၃၀၀၀ ကျော် ထိခိုက် ဒဏ်ရာရရှိကာ ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေ ဒေါ်လာသန်း ၁၀,၀၀၀ မျှရှိခဲ့သည်။ ငလျင် ဗဟိုချက်မှာ ဆန်ဖရန်စစ္စကိုမြို့မှ အရှေ့တောင်ဘက် ၃၇ မိုင်အကွာရှိ ဆန်တာခရုဇ်မြို့အနီးတွင် ဖြစ်သည်။

ဟာရီကိန်းမုန်တိုင်း ဟူးကိုးကြောင့် အမေရိကန်ပြည်ထောင်စုတွင် လူ ၂၇ ဦးသေဆုံး၍ လူ ၁,၅၀,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။



မိုးခေါင်မှု–ငင်ပာဗွေနိုင်ငံတွင် မိုးခေါင်မှုဒဏ်ကြောင့် ဇန်နဝါရီလလယ်တွင် နိုင်ငံသား နှစ်သိန်းနီးပါးသည် အငတ်ဘေးနှင့် ကြုံတွေ့ခဲ့ကြပြီး အရေးပေါ် အစားအစာထောက်ပံ့မှုများ လိုအပ်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ကြုံတွေ့ခဲ့ရသော မိုးခေါင်မှုသည် နိုင်ငံသမိုင်းတွင် အဆိုးဝါးဆုံးသော သဘာဝ ဘေးအန္တရာယ်ဖြစ်ခဲ့ပြီး စိုက်ပျိုးရေး၌ ဒေါ်လာ ၃၀ ဘီလီယံ (ကုဋေ ၃၀၀၀) ခန့်မျှ ဆုံးရှုံးခဲ့၍ အပူလှိုင်းဒဏ်ကြောင့် လူ ၁၀,၀၀၀ သေဆုံးခဲ့ရကြောင်း သုတေသန ပညာရှင်များက ၁၉၈၉ ခုနှစ် ဇန်နဝါရီလ အတွင်းက သတင်းထုတ်ပြန်ခဲ့သည်။ အမေရိကန်နိုင်ငံသမိုင်း၌ ဒုတိယ အဆိုးဝါးဆုံးဖြစ်ခဲ့သော ကပ်သင့်မှုမှာ ၁၉၀၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် တက္ကဆပ်ပြည်နယ် ဂါလ်ဗက် စ တန် မြို့တွင် တိုက်ခက်ခဲ့သော လူ ၆၀၀၀ သေဆုံးစေခဲ့သည့် ဟာရီကိန်းမုန်တိုင်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံတွင်လည်း ၁၉၈၈ ခုနှစ် ဩဂုတ်လမှစ၍ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလအထိ မိုးခေါင်ခဲ့ရာ ကမ္ဘာ့ ကောက်ပဲသီးနှံစေ့များ တိုးမြင့်မှုကြောင့် ယခုနှစ်အတွက် အားတက်သရော စိုက်ပျိုးခဲ့ကြသောလယ်သမားများ ဒုက္ခရောက်ကုန်ကြသည်။ အဓိက နှံစားသီးနှံများနှင့် ဆီထွက်သီးနှံတို့၏ အထွက်သည် အနည်းဆုံးတန်ချိန် ၃၅ သန်း ထွက်ရှိမည်ဟု ရည်ရွယ် ခန့်မှန်းထားရာမှ တန်ချိန် ၅ ဒသမ ၅ သန်းသို့လည်းကောင်း၊ ပဲနှင့်ပြောင်း အထွက်သည်လည်း တန်ချိန် ၁၉ သန်းဝန်းကျင် ရှိနိုင်ခဲ့ပါလျက် မိုးခေါင်မှုကြောင့် ၃ ဒသမ ၆ သန်းသို့ ကျဆင်းခဲ့ရသည်။

ဥရောပ တောင်ပိုင်းနိုင်ငံများနှင့် လက်တင်အမေရိကနိုင်ငံများဖြစ်ကြသော အာဂျင်တီးနား၊ ဥရုဂွေး၊ ပါရာဂွေး နိုင်ငံများတွင် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလအထိ မိုးရွာသွန်းမှုသည် အစဉ်အလာပုံမှန် ရွာသွန်းမှု၏ ၂၅ ရာခိုင်နှုန်းမျှသာရှိခဲ့သဖြင့် ရေအကြီးအကျယ် ရှားပါးပြတ်လပ်မှုနှင့် ကြုံကြိုက်ရသည်။ စပိန်နိုင်ငံ အနောက်မြောက်ပိုင်း၌ အချို့မြို့များတွင် သောက်ရေတွင်းများခမ်းခြောက်ကုန်ကြရာ ထရပ်ကားများဖြင့် သယ် ယူ ပို့ ပိုး ပေး ကြ ရသည်။ အိုဗီဒိုမြို့တွင် ၁၈၇၆ ခုနှစ်မှစ၍ ယခုအချိန်အထိ နှစ် ပေါင်း ၁၀၀ ကျော် အ တွင်း အ ဆိုး ဝါး ဆုံး သော မိုးခေါင်မှုဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့တော်တွင် မြစ်ရေနိမ့်ဆင်းသွားသောကြောင့် ရေအား လျှပ် စစ် စက် ရုံ များ အပြည့်အ၀ မ လည် ပတ် နိုင် သ ဖြင့် ဓာတ်အားပေးမှု လျှော့ချခဲ့ရသည်။ အမေရိကန် ပြည်ထောင်စု အရှေ့မြောက်ဘက် ကမ်းရိုးတန်းဒေသနှင့် ဖလော်ရီဒါပြည်နယ်

တောင် ပိုင်း တို့ တွင် လည်း ဖေဖော်ဝါရီလကုန်ပိုင်းအထိ မိုးခေါင်မှုကြုံကြရသည်။ အီတလီနိုင်ငံတွင် နှစ် ၅၀ ကျော် အတွင်း အဆိုးဝါးဆုံး မိုးခေါင်မှုကို ကျော်လွှားရန် ဆုတောင်းပဲ့များ ပြုလုပ်ကြရာ ပုပ် ရဟန်း မင်း ကြီး ဂျန်ပေါကိုယ်တိုင် ပါဝင်ခဲ့သည်။ စိန့်ပီတာ ဘုရားရှိခိုး ကျောင်းရင်ပြင်၌ ပြုလုပ်သောဆုတောင်းပဲ့သို့ ပုပ်ရဟန်း မင်းကြီး အပါအဝင် လူ ၂၅,၀၀၀ တက်ရောက်ခဲ့သည်။ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍမှ ဆုံးရှုံးမှုမှာ ဒေါ်လာ သန်းပေါင်း ၁,၅၀၀ မျှရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ၁၉၇၈ ခုနှစ်က ရေလွှမ်း မိုးမှုနှင့် ကြုံခဲ့ပြီးကာမှ ခြောက်လအကြာ ဧပြီလတွင် မိုးအကြီးအကျယ်ခေါင်ခြင်းနှင့် ကြုံတွေ့ရပြန်သဖြင့် စပါး၊ ဂျုံနှင့် အခြားသီးနှံ စိုက်ခင်းများ ပျက်စီးကုန်သည်။ ရာဂျာရှာဟီခရိုင် မြောက်ပိုင်းတွင် အပူချိန် ၁၁၀ ဒီဂရီ ဖာရင်ဟိုက်အထိပင် ရောက်ခဲ့သည်။

မိုးခေါင်မှုနှင့် ကြုံတွေ့နေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြောက်ပိုင်းတွင် အပူလှိုင်းဒဏ်ကြောင့် ငါးရက်အတွင်း လူ ၄၀ ကျော် သေဆုံးခဲ့ရာ ဤမြောက်ပိုင်း ဒေသရှိကျောင်းများအားလုံးကို ပိတ်ထားလိုက်ကြောင်း မေလ ၁၂ ရက်နေ့တွင် သက်ဆိုင်ရာက ကြေညာသည်။ မိုးခေါင်ရေရှားမှုဒဏ်၏ နောက်ဆက်တွဲအဖြစ် မသန့်ရှင်း သောရေကို သောက်မိသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၂၅,၀၀၀ သည် ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ကြပြီး အစိုးရက အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရသည်။ မေလ ၂၀ ရက်ကျော်မှ ရွာချခဲ့သောမိုးသည် မိုးခေါင်မှုကို အဆုံးသတ်စေခဲ့သော်လည်း လွန်စွာနောက်ကျသွားခဲ့သည်။ မိုးခေါင်မှုကို ကျော်လွှားရန် ဘင်္ဂလားဒေ့ရှ်သမ္မတ အာရှက် ဦးဆောင်၍ မူဆလင် ဘာသာဝင် ၇၅,၀၀၀ ကျော် ပါဝင်သော ဆုတောင်းပဲ့ကို ဧပြီလ ၂၆ ရက်နေ့က ဒါကာမြို့တော်တွင် ပြုလုပ်ခဲ့သည်။

ရက်သတ္တပတ်များစွာ ရေကြီးမှုများကြောင့် လူ ၁,၀၀၀ ခန့် သေဆုံးခဲ့ရသော တရုတ်နိုင်ငံ မြောက်ပိုင်းတွင် ဩဂုတ်လလယ်ပိုင်း၌ မိုးခေါင်မှုနှင့် ကြုံတွေ့ရပြန်ရာ စိုက်ပျိုးမြေကေ သန်းပေါင်းများစွာသည် ပျက်စီးမည့် ဘေးဆိုက်ခဲ့ကြသည်။ နိုင်ငံ၏ဒုတိယနှင့် တတိယအကြီး ဆုံးမြို့နှစ်မြို့ဖြစ်သော ပီကင်းနှင့် တီယန်ဂျင်းမြို့များတွင် မြစ်အချို ရေခန်းသွားကြသည်။ အနောက်တောင်ပိုင်း စီချမ်နှင့် ကွေကျိုပြည်နယ်များကွင်လည်း ရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့ကြရသည်။

မုန်တိုင်း–ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်းတွင် ဧပြီလ ၂၆ ရက်နေ့ညက တစ်နာရီမိုင် ၁၀၀ နှုန်းရှိ တော်နေးဒိုး လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ လူ ၁,၁၀၀ ကျော် သေဆုံး၍ထောင်ပေါင်းများစွာထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒါကာမြို့ မြောက်ဘက်မိုင် ၄၀ အကွာရှိ မုန်တိုင်းဒဏ်ကို အဆိုးဝါးဆုံးခံရသော မာနိကန်ဒေသ၌ပင် အလောင်း ၅၀၀ ကျော်တွေ့ရှိခဲ့ပြီး အခြို့ရွာသားများမှာ အခမဲ့ဝေပေးသော ဆန်များကို ထိုင်စောင့်နေရင်း ကုန်လျှောင်ရုံပိ၍ သေဆုံးခဲ့ကြခြင်းဖြစ်သည်။ သူတို့သည် မိုးခေါင်၍ သီးနှံပျက်စီးခဲ့ကြရသော လယ်သမားများဖြစ်သည်။

လေဆင်နှာမောင်းနှင့် လေပြင်းများ ပါဝင်သော မိုး သက် မုန် တိုင်း များ အမေရိကန် နိုင်ငံ တောင်ပိုင်း ပြည်နယ်များ၌ မေလ ၅ ရက်နေ့က တိုက်ခတ်သွားရာ လူ ၂၃ ဦးသေဆုံး၍ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ မေလ ၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ အရှေ့ပိုင်း၌ နှင်းမုန်တိုင်း ကျရောက်ခဲ့ပြန်ရာ နှစ် ၈၀ အတွင်း အဆိုးရွားဆုံးဖြစ်ခဲ့သည်။

ဘရန်ဒါအမည်ရှိ အပူပိုင်းဒေသ မုန်တိုင်းတစ်ခုသည် မေလ ၁၈ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခတ်သွားရာ လူလေးဦးသေဆုံးပြီး ၁၃ ဦး ပျောက်ဆုံးခဲ့သည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကို မေလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့များက ဖြတ် ကျော် သွား ခဲ့ သော စေစီလ် မုန်တိုင်းကြီးသည် ကုမ်နမ်ဒါနန်းပြည်နယ်ကို များစွာထိခိုက်ပျက်စီးစေခဲ့သည်။ အနည်းဆုံး လူ ၁၄၀ ကျော် သေဆုံး၍ ၆၀၀ ကျော် ပျောက်ဆုံးကာ ၁,၀၀,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ ယင်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ၄၆ နှစ်အတွင်း အဆိုးဝါးဆုံး အပူပိုင်းဒေသ မုန်တိုင်းဖြစ်သည်။

ဇွန်လ ၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်တို့ရှိ မြို့ငယ်နှစ်မြို့၌ လေဆင်နှာမောင်း တိုက်ခတ်သွားခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းကို ဖြတ်သန်းတိုက်ခတ်သွားသော ဂေါ်ဒွန် အမည်ရှိ တိုင်ဖွန်းမုန်တိုင်းကြီးကြောင့် အနည်းဆုံး လူ ၁၅ ဦး သေဆုံး၍ ရေလျှံခြင်း၊ မြေပြိုခြင်းတို့ကြောင့် လူ ၁,၆၄,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့သည်။ မုန်တိုင်းသည် တစ်နာရီ ၁၁၆ မိုင်နှုန်း တိုက် ခတ် ခဲ့ သည်။ ယင်း တိုင်ဖွန်းသည် ဟောင်ကောင်နှင့် တရုတ်နိုင်ငံတောင်ပိုင်း ကုမ်တောင်ပြည်နယ်ကို ဆက်လက် တိုက်ခတ်သွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းရှိ ရေလွှမ်းမိုးမှု ဒဏ်ခံနေရသော ဒေသများအပေါ် သို့ ဂျူဒီ အမည်ရှိ တိုင်ဖွန်းမုန်တိုင်းကြီးတစ်ခုသည် ဇူလိုင်လ ၂၈ ရက်မနေ့ညက ဖြတ်သန်းတိုက်ခတ်သွားခဲ့ရာ သစ်ပင်ကြီးများ အမြစ်ပါ ကျွတ်ထွက်ပြီး သဘော်ဝ ထောင်ပေါင်းများစွာ

ကုန်းပေါ်တင်၍ ပျက်စီးခဲ့သည်။ တစ်နာရီ ၇၀ မိုင်နှုန်း တိုက်ခတ်ခဲ့သော မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မိုးရေချိန် ခြောက်လက်မအထိ ရှိခဲ့သည်။ မုန်တိုင်းမကျရောက်မီ ထိုဒေသ၌ ငါးရက်ကြာ မိုးကြိုး၍ ရေလွှမ်းမိုးမှုရှိခဲ့ရာ လူ ၇၀ သေဆုံး၍ ၄၅ ဦးပျောက်ဆုံးခဲ့ပြီးဖြစ်သည်။ ရေကြီးမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖိုးခန့်ရှိသည်။ ဂျူဒိသည် ဂျပန်နိုင်ငံကိုဖြတ်၍ ဝင်ရောက်လာခဲ့ခြင်းဖြစ်ရာ ကျူးရှူးကျန်း ကာဂိုရှိုးမား ဒေသတွင် လူသုံးဦးသေဆုံးခဲ့သည်။

ဇူလိုင်လ ၁၃ ရက်နေ့ အာရဏ်တက်ချိန်၌ ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်းကိုဖြတ်၍ လေဆင်နှာမောင်းတစ်ခု ဝင်မွေ့သွားခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံး၍ အဆောက်အအုံများစွာ ပျက်စီးသွားခဲ့သည်။

တရုတ်နိုင်ငံ ကျိယန်စူပြည်နယ်ကိုဖြတ်၍ ဩဂုတ်လ ၁၄ ရက်နေ့ မွန်းလွဲပိုင်းက တစ်နာရီ ၈၉ မိုင်နှုန်းဖြင့် မိနစ် ၂၀ ကြာတိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် အိုးအိမ် ၃,၅၅၀ ပျက်စီး၍ သစ်ပင်ကြီးပေါင်း ၆၀,၀၀၀ အမြစ်ပြတ် ပြိုလဲခဲ့သည်။ လူနှစ်ဦးသေဆုံး၍ ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ ၆ ရက်နေ့တွင် ဒင်းအမည်ရှိ ဟာရီကိန်း မုန်တိုင်းကြီးသည် တစ်နာရီ မိုင် ၁၃၀ နှုန်းဖြင့် ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာခဲ့သည်။ လူအသေအပျောက် မရှိခဲ့သော်လည်း ကမ်းရိုးတန်းလမ်းမတစ်ခုပိတ်ဆို့၍ ကျွန်း၏ဒေသအနှံ့အပြား၌ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့သည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျေကျိယန်ပြည်နယ်ကို စက်တင်ဘာလ ၁၇ ရက်နေ့က ဗေရာအမည်ရှိ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ လူ ၁၆၂ ဦး သေဆုံး၍ ၆၉၂ ဦး ဒဏ်ရာရခဲ့ပြီး ၃၅၄ ဦး ပျောက်ဆုံးခဲ့သည်။ ယင်းမုန်တိုင်းသည် ၇၂ နှစ်တာ ကာလအတွင်း အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ခဲ့ပြီး ပျက်စီးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၅၀ ခန့်ရှိသည်။

ဟူးဂိုးအမည်ရှိ ဟာရီကိန်းမုန်တိုင်းကြီးသည် ကာရစ်ဘီယံပင်လယ်မှ အမေရိကန်ပြည်ထောင်စု အရှေ့တောင်ဘက် ကမ်းရိုးတန်းသို့ စက်တင်ဘာလလယ်ပိုင်းမှ စ၍ ခြောက်ရက်ကြာ တိုက်ခတ်ခဲ့ရာ တောင်ပိုင်းနှင့်မြောက်ပိုင်း ကာရိုလိုင်းနား ပြည်နယ်များ၊ ဗာဂျင်းကျွန်း စု၊ ပြင်သစ်ပိုင် ဂွါဒီလုပ်ကျွန်း၊ ပွာတိုရီကိုကျွန်း နိုင်ငံတို့တွင် အသေအပျောက် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။ အနည်းဆုံး လူ ၃၄ ဦးသေဆုံး၍ ရာပေါင်းများစွာထိခိုက်ဒဏ်ရာရခဲ့ပြီး ၅၀,၁၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ရေလွှမ်းမိုးမှု–အင်ဒိုနီးရှားနိုင်ငံ စူမာတြာ ပြည်နယ်တွင် ဇန်နဝါရီလလယ်ခန့်က ရေလွှမ်းမိုးမှုကြောင့် လူ ၁၃ ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးခဲ့သည်။

ဇိုင်ယာနိုင်ငံတွင် ဖေဖော်ဝါရီလ လယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူဦးရေ သုံးသန်းခန့် နေထိုင်သောမြို့တော် ကင်ရှာဆာတွင် အိမ်အချို့ ပြိုကျပျက်စီးခဲ့သည်။ မြို့တော်ရှိ နျူကလီးယား သုတေသနဌာန အဆောက်အအုံကိုပင် ပြိုကျပျက်စီးစေမည့်အခြေအနေနီးပါးအထိ ရောက်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မိုးသည်းထန်၍ မြစ်ရေလျှံတက်မှုကြောင့် ပီရူးနိုင်ငံ လီမာမြို့အရှေ့မြောက်ဘက် မိုင် ၄၅၀ အကွာ အင်ဒီးတောင်ခြေရင်းရှိ ရွာများ ပျက်စီးခဲ့ရသည်။ အနည်းဆုံး လူ ၃၀ ကျော် သေဆုံး၍ အတော်များများ ပျောက်ဆုံးခဲ့သည်။

ကုန်းတွင်းပိတ် အာဖရိက နိုင်ငံတစ်ခုဖြစ်သော မာလာဝီနိုင်ငံ တောင်ပိုင်းတွင် မတ်လ ၁၂ ရက်နေ့က မိုးသည်းထန်၍ ရေလွှမ်းမိုးခဲ့ရာ လူခြောက်ဦး သေဆုံး၍ လူဦးရေ ၁,၁၅,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ ယင်းသည် အနှစ် ၃၀ ကျော်အတွင်း အဆိုးဝါးဆုံးရေလွှမ်းမိုးမှုဖြစ်ခဲ့သည်။ ယင်းဒေသတွင် ရေမလွှမ်းမိုးမီမြေငလျင်လှုပ်၍ ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်ခဲ့သေးသည်။

ဆိုဗီယက်ပြည်ထောင်စု၏ တောင်ကုန်းထူထပ်သော ကျော်ဂျီယာပြည်နယ်တွင် ဧပြီလ တတိယပတ်က မြေပြို၍ ရေကြီးခဲ့ရာ လူ ၅၀ ကျော် သေဆုံးပြီး အိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့သည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သော ၁၉၇၈ ခုနှစ်အတွင်းက သဘာဝဘေးဒဏ် အမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စာရင်းအပြည့်အစုံကို ပြည်ထဲရေး ဝန်ကြီးရုံးက ဧပြီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ တစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ရေလျှံခြင်း၊ မိုးကြိုးခြင်း၊ ငလျင်နှင့်မုန်တိုင်းအမျိုးမျိုးကြောင့် လူ ၇,၃၀၀ သေဆုံးခဲ့ပြီး အမေရိကန်ဒေါ်လာ ကုဋေ ၂,၇၁၀ ဖိုးမျှ ဆုံးရှုံးခဲ့သည်။ တရုတ်နိုင်ငံသည် ဘီစီ ၂၀၆ မှ ခရစ်နှစ် ၁၉၇၈ ခုနှစ်အထိ နှစ်ပေါင်း ၂,၁၅၅ နှစ်အတွင်း ဆိုးရွားသော ရေကြီးမှုပေါင်း ၁,၀၉၂ ကြိမ် ကြုံခဲ့ရသည်။

သီရိလင်္ကာနိုင်ငံတွင် ဇွန်လ ပထမပတ် အတွင်းက ဖြစ်ပေါ်ခဲ့သော ရေလွှမ်းမိုးမှုကြောင့် လူ ၃၀၀ ကျော် သေဆုံး၍ ၁၀၀၀ ကျော်ဒဏ်ရာရရှိကာ လူနှစ်သိန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ယင်းရေလွှမ်းမိုးမှုသည် နှစ် ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်။ ဇွန်လ ၃ ရက်နေ့ညမှ ရွာချခဲ့သော မိုးသည် ၂၄ နာရီအတွင်း မိုးရေချိန် ၂၀ စင်တီမီတာ (ရှစ်လက်မ) အထိ ရှိခဲ့သည်။

ဟီရိုဟီတို၊ ကေရာင် (ခရစ် ၁၉၀၁ – ၁၉၇၉)။ ။ ကမ္ဘာ့သမိုင်းတွင် ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာ (၁၈၈၉ – ၁၉၄၅)၊ စတာလင် (၁၈၇၉ – ၁၉၅၃)၊ ချာချီ (၁၈၇၄ – ၁၉၆၅)၊ ချန်ကေရှိတ် (၁၈၈၇ – ၁၉၇၅) နှင့် ဖရန်ကလင် ရူးစဗဲ့ (၁၈၈၂ – ၁၉၄၅)တို့နှင့်အတူ ထင်ရှားခဲ့သည့် ဂျပန်ကေရာင် ဟီရိုဟီတိုကို ၁၉၀၁ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် တိုကျိုမြို့၌ မွေးဖွားသည်။ တာအိရို ကေရာင်နှင့် မင်းသမီး တယ်အိမယ်အိတို့က မွေးဖွားသော သားကြီး ဩရသဖြစ်သည်။ အသက်သုံးလအရွယ်တွင် ဟီရိုဟီတိုကို အထိန်းတော်တစ်ဦးထံ အပ်နှံသည်။ ထို အချိန်မှစ၍ ဟီရိုဟီတိုသည် ခမည်းတော်နှင့် မတွေ့ရ သလောက်ပင် အလှမ်းကွာခဲ့သည်။ မယ်တော်ကို တစ် ပတ်လျှင်တစ်ကြိမ်မျှသာ ကြိုတင်ချိန်းဆိုပြီးမှ တွေ့ခွင့်ရ သည်။ ၁၉၀၁ ခုနှစ် မေလ ၅ ရက်နေ့တွင် မိခို နိုမိယာ ဘွဲ့ အပ်နှင်းခြင်းခံရသည်။ ၁၉၀၈ ခုနှစ် ဧပြီလမှ ၁၉၁၄ ခုနှစ် မတ်လအထိ ဂါကူရှုယင် နန်းတွင်း မူလတန်း ကျောင်း၌ လည်းကောင်း၊ ၁၉၁၄ ခုနှစ် ဧပြီလမှ ၁၉၂၁ ခုနှစ် ဖေဖော်ဝါရီလထိ သီးသန့် နည်းပြ ဆရာများထံ၌ လည်းကောင်း ပညာဆည်းပူးသည်။ ငယ်စဉ်က စိတ်ဓာတ် ပိုင်းတွင် စည်းကမ်းရှိမှု၊ အမိန့်နာခံမှု၊ ဇွဲရှိမှုတို့ကို လေ့ကျင့်ခဲ့ရာ အပါးလ့ာဆုံး အဝတ်ကိုသာ ဝတ်ဆင်လျက် ရေခဲတမျှအေးသော ရေပန်းအောက်၌ ၁၅ မိနစ်ကြာမျှ မည်းမည်း မတ်တတ်ရပ်နေခြင်းမျိုးကိုပင် ပြုလုပ်ခဲ့ရ သည်။ ထိုသို့ လေ့ကျင့်ရန် လမ်းညွှန်သော ဗိုလ်ချုပ်ကြီး မာရဲဆူကဲ နိုဂီကို လေးစားအားကျခဲ့သည်။ ဗိုလ်ချုပ်ကြီး နိုဂီသည် ရှေးခေတ် ဆာမူရိုင်းစိတ်ဓာတ် ပြင်းပြ၍ ရုရှားဂျပန် စစ်ကာလက သူရဲကောင်း ဖြစ်ခဲ့ဖူးသည်။


ဟီရိုဟီတိုအား ၁၉၁၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် အိမ်ဈေးဥပရာဇာ မင်းသားအရာ အပ်နှင်းသည်။ ၁၉၂၁ ခုနှစ် စက်တင်ဘာလတွင် ဂန္ဓမာပလ္လင်နန်း၏ အထွတ် အထိပ် ဂုဏ်ထူးဆောင်စလွယ်ကို ချီးမြှင့်ခံရသည်။ ၁၉၂၁ ခုနှစ် မတ်လ ၃ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ဟီရိုဟီတိုသည် ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဗဲလ်ဂျီယမ် နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အီတလီနိုင်ငံတို့သို့ အလည် အပတ် သွားရောက်ခဲ့သည်။

ဖခမည်းတော် မကျန်းမာ၍ ဟီရိုဟီတိုသည် ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ယာယီဧကရာဇ် မင်းသားအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၂၃ ခုနှစ် စက်တင် ဘာလက တိုကျိုမြို့၏ သုံးပုံတစ်ပုံနှင့် ယိုကိုဟားမား တစ်မြို့လုံးနီးပါးကို ပျက်သုဉ်းစေကာ လူပေါင်း ၁,၄၀,၀၀၀ ကျော် သေဆုံးစေခဲ့သောမြေငလျင်ကို ကြုံခဲ့ရသော်လည်း ဟီရိုဟီတိုသည် ဘေးမသီခဲ့ချေ။ မကြာမီ လက်ယာဝါဒီ တို့၏အဆိုအရ လက်ဝဲဝါဒီတို့က စီစဉ်သည်ဟုဆိုသော လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုကို ကြုံရသော်လည်း ရန်မခခဲ့ချေ။ ဟီရိုဟီတိုမင်းသားသည် အသက် ၁၆ နှစ် သား အရွယ်တွင် ကြင်ဖက်လျာကို ရှာတွေ့ခဲ့သည်။ မင်းသားကြီး ကူနိယိုရှိ ကူနိ၏ သမီးတော် အကြီးဆုံး နာဂါကို ဖြစ်သည်။ သို့ရာတွင် စုလျားရစ်ပတ် ထိမ်းမြားသည့် ၁၉၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ထိ ခုနစ်နှစ် နီးပါးကာလအတွင်းချစ်သူနှင့် ကိုးကြိမ်သာတွေ့ခဲ့ရသည်ဟု ဆိုသည်။

ဖခမည်းတော်သည် ၁၉၂၆ ခုနှစ် ခရစ္စမတ်နေ့တွင် ကွယ်လွန်သွားရာ ဟီရိုဟီတိုသည် ဂန္ဓမာနန်းပလ္လင်၌ စံမြန်းသည့် ၁၂၄ ပါးမြောက်ကေရာင်ဖြစ်လာ၍ တာအိရို ခေတ်မှ ရှိဝါခေတ် (ထွန်းတောက်သော ငြိမ်းချမ်းရေး) သို့ ပြောင်းသည်။ ၁၉၂၈ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ ရောက်မှ ဘိသိက်ခံပွဲ ကျင်းပသည်။

ဂျပန်ကေရာင်ကို "ပူဇော်အပ်သည်၊ မပြစ်မှားအပ်" ဟုလည်းကောင်း၊ "ရှေးဟောင်း ရာဇဝံသထုံး ပုံပြင်အရ နေနတ်ဘုရားမှ တိုက်ရိုက်ဆင်းသက်လာသူ ဖြစ်သည်" ဟုလည်းကောင်း ၁၈၈၉ ခုနှစ် မေကျို ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့ရာတွင် လက်တွေ့ပိုင်း တွင်မူ ကေရာင်ခမျာ မှုးမတ် သေနာပတိတို့၏ ခုတုံးလုပ် ခြင်းကို ခံနေရပြီး ဥပဒေထုတ်ပြန်လိုသမျှကို လိုက်လျော၍ လက်မှတ်ထိုးပေးရုံ သက်သက်သာ အသုံးဝင်နေ ပေသည်။ ဒုတိယကမ္ဘာစစ် မီးတောက်လောင်အံ့ဆဲဆဲ အချိန်ကို လေ့လာကြည့်လျှင် သိနိုင်သည်။ ထိုအချိန်က နိုင်ငံရေးကို နယ်ပယ်ခွဲထွင်ရေး စစ်ဝါဒီများအုပ်စုက လှုပ်မိုးနေခဲ့သည်။ ထိုအုပ်စုက ကေရာင် အမည်ကို သုံးလျက် နန်းရင်းဝန်များကို ခန့်လိုက် ဖြုတ်လိုက်လုပ်နေ ခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီး ဟီဒဲကီ တိုဂျိုက နန်းရင်းဝန် ဖြစ်လာခဲ့ပြီး အာရှ စစ်အောင်နိုင်ရေး မဟာဗျူဟာကို တိုက်ရိုက်ကွပ်ကဲခဲ့ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ် အတွင်းတွင် ဂျပန်စစ်သည်များသည် ကာမိကာဇေ တိုက်ပွဲဝင်များအဖြစ် ကေရာင် ဟီရိုဟီတိုအတွက် အသက် ပေးရန် ဝန်မလေးဘဲ ရှိခဲ့ကြသည်။ သို့ရာတွင် ကေရာင် ဟီရိုဟီတို၏ အတွေး အမြင်များကိုမူ ဖက်ဆစ်ဝါဒီ ခေါင်းဆောင်ပိုင်းက ဖုံးကွယ်ထားခဲ့ကြသည်။ ၁၉၄၁ ခုနှစ်တွင် ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ရန် ထောက်ခံ ဆွေးနွေးကြသည့် မှုးမတ် သေနာပတိများကို ကေရာင် ဟီရိုဟီတိုက ဘိုးတော်ကေရာင်မေဂျီ စပ်ဆိုသော ကဗျာ တစ်ပုဒ်ကို ရွတ်ဆိုပြ၍ ဟန့်တားခဲ့ဖူးသည်။

"လောကတလွဲ၊ ပင်လယ်များသည်၊ သွေးသား ရင်းချာ၊ ဖြစ်နေပါလျက်၊ ခက်မာတို့နှင့်၊ အချင်းချင်းကို၊



ဂျပန်ကေရှင် ဟီရိုဟီတို

လှိုင်းပြင်းလေထန်၊ မဖန်သင့်” ဟု အနက်ရှိသော ကဗျာ ဖြစ်သည်။ သို့သော် ဂျပန်စစ်သည် ၂ဒသမ ၃ သန်းနှင့် အရပ်သားပြည်သူ ရှစ်သိန်းတို့ စစ်ဒဏ်သင့်၍ သေဆုံးခဲ့ကြရသည်။

ဟီရိုရှိမာနှင့် နာဂါဆာကီမြို့ကို အဏုမြူဗုံးဒဏ်သင့်ခဲ့ရပြီးနောက် ၁၉၄၅ ခုနှစ် သြဂုတ်လတွင် ဂျပန်ဖက်ဆစ်ဝါဒီ ဗိုလ်ချုပ်ကြီးများက ဇွတ်တိုးကာ စစ်ပွဲကို ဆက်လက် ဆင်နွှဲရန် လှုံဆော်စည်းရုံးနေစဉ် ကေရှင် ဟီရိုဟီတိုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ဘောင်ကိုကျော်၍ နိုင်ငံရေး နယ်ပယ်တွင်းသို့ ဝင်ရောက်စွက်ဖက်ရတော့သည်။ ဟီရိုဟီတိုကိုယ်တိုင် လက်နက်ချရန် ပန်ကြားချက်ကို ထုတ်ပြန်ခဲ့ပေသည်။ ရေဒီယိုက အသံလွှင့်သော ယင်းမိန့်ကြားချက်သည် သာမန် ဂျပန်ပြည်သူတို့အဖို့ နေနတ်နွယ် ကေရှင် (အာရုဟီတိုဂါမီ)၏ အသံကို ပထမဦးဆုံး နာကြားခွင့် ရစေခဲ့သည်။ ထို့နောက် ဟီရိုဟီတိုသည် နန်းရင်ပြင်မှဆင်းသက်၍ ဂျပန်ပြည်သိမ်း မဟာမိတ်တပ်ဖွဲ့ဦးစီးချုပ် အမေရိကန် ဗိုလ်ချုပ်ကြီး ဒေါက်ကလပ်စ်မက်အာသာ၏ ရှေ့မှောက်သို့ သွားကာ “ကျွန်ုပ်၏ အမည်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၍ ဤစစ်ခင်းခဲ့ရာတွင် ကျွန်ုပ်၏ ပြည်သူတို့ စစ်ရေးနှင့် နိုင်ငံရေးကိစ္စအဝဝကို ဆုံးဖြတ် ဆောင်ရွက်ခဲ့သမျှ အတွက် ကျွန်ုပ်တွင်သာ တာဝန်ရှိသည်”ဟု ကြေညာခဲ့သည်။

သို့ရာတွင် ကေရှင် ဟီရိုဟီတိုသည် ဖက်ဆစ်ဝါဒီ ဗိုလ်ချုပ်ကြီးများကဲ့သို့ ပြစ်ဒဏ်စီရင်မခံရဘဲ ထီးနန်းကို ဆက်လက်စိုးစံခွင့် ရခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ကေရှင် ဟီရိုဟီတိုက “ကေရှင်သည် ကောင်းကင်ဘုံမှ ဆင်းသက်လာသည် ဟူသော အယူအဆ၊ ဂျပန်လူမျိုးသည် အခြားလူမျိုးတို့ထက် မြင့်မြတ်သည်ဟူသော အယူအဆတို့သည် မှားယွင်းကြောင်း” ဖြင့် တရားဝင် ကြေညာခဲ့သည်။ ကေရှင် ပိုင်ဆိုင်သော ဒေါ်လာ သန်း ၂၅၀ တန်ဖိုးရှိ စည်းစိမ်အားလုံးနီးပါးကို နိုင်ငံတော်အား လှူအပ်ခဲ့သည်။ ထို့နောက် နှစ်စဉ် ဒိုင်းယက်လွှတ်တော်ကို ဖွင့်လှစ်ခြင်း၊ အစိုးရစာရွက်စာတမ်း ၁,၂၀၀ ခန့်ကို စုတ်တံဖြင့် လက်မှတ်ရေးထိုးပေးခြင်း စသည့်တာဝန်များကို မပျက်မကွက် ဆောင်ရွက်ပေးခဲ့သည်။

ဂျပန်နိုင်ငံကို ၆၂ နှစ်ကြာ အုပ်စိုးခဲ့သော ကေရှင် ဟီရိုဟီတိုသည် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှ အောက်တိုဘာလ ၁၄ ရက်နေ့အထိ ဒိန်းမတ်၊ ဗဲလ်ဂျီယမ်၊ ပြင်သစ်၊ ဗြိတိန်၊ နယ်သာလန်၊ ဆွစ်ဇာလန်နှင့် ဂျာမနီ ပြည်ထောင်စု သမ္မတနိုင်ငံတို့သို့ လည်းကောင်း၊ ၁၉၇၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၁၄ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စုသို့ လည်းကောင်း အလည်အပတ် သွားရောက်ခဲ့သည်။

ကေရှင် ဟီရိုဟီတိုသည် ရုက္ခဗေဒနှင့် ဇီဝဗေဒကို အထူးပြု လေ့လာခဲ့သည်။ အထူးသဖြင့် ဟိုက်ဒရိုဇွာ အကြောင်းကို လေ့လာ၍ စာအုပ်စာတမ်း ရှစ်အုပ်ကို ပြုစုခဲ့သည်။

ခရစ်မပေါ်မီ နှစ်ပေါင်း ၆၆၀ က နေနတ်ဘုရား အာမათေရာဆူး၏ အမျိုးအနွယ်တစ်ဦး စတင် တည်ထောင်ခဲ့သည်ဟု ရှေးထုံးပုံပြင်၌လာရှိသည့် ဂျပန်နိုင်ငံတွင် သမိုင်းအထောက်အထားအရ အေဒီ ၆ ရာစု၊ ၇ ရာစု ဝန်းကျင်မှစ၍ စိုးစံလာခဲ့သည့် ကေရှင်များအနက် နန်းသက်လည်း အရှည်ဆုံးဖြစ်သည့်အပြင် နိုင်ငံကို ကမ္ဘာ့ထိပ်တန်း နိုင်ငံအဖြစ်သို့ စတင်ရောက်ရှိစေသော ခေတ်တစ်ခေတ်ကို စိုးစံခဲ့သူ ကေရှင် ဟီရိုဟီတိုသည် ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကင်ဆာရောဂါဖြင့် တိုက္ကိုနန်းတော်၌ နတ်ရွာစံသည်။

ဟောကင်း, ဒေါက်တာစတီဖင် (လူကာစီရင်ပါမောက္ခ) (ခရစ် ၁၉၄၂–)။ ။ ယေဘုယျရိလေတီဗီတီ (၁၉၆၅–၁၉၇၀)၊ ဟောကင်း – ပင်းရို့စ်သီအိုရမ် ခေါ် ရူပဗေဒလွန် အမှတ်ထူး သီအိုရမ်များ (Hawking-Penrose Singularity Theorems)၊ တွင်းနက် ရူပဗေဒ (၁၉၇၀–၁၉၇၂)၊ တွင်းနက်သာမိုဒိုင်နမစ်ဖြစ်စဉ် (Black Hole Thermodynamics)၊ ဟောကင်းဖြာထွက်မှု (၁၉၇၃–၁၉၇၉) (Hawking radiation from black holes) နှင့် ကွမ်တမ်စကြဝဠာဗေဒ (၁၉၈၀–ယနေ့ထိ) (Quantum Cosmology) လုပ်ငန်းများတွင် ဦးဆောင်၍ သုတေသန



နိုဗဲဆုရ ရူပဗေဒပညာရှင် ဒေါက်တာ စတီဖင် ဟောကင်း

ပြုခဲ့သူ၊ ပြုနေဆဲလည်းဖြစ်သူ ဗြိတိသျှ ရူပဗေဒပညာရှင် ဒေါက်တာစတီဖင် ဟောကင်းကို ၁၉၄၂ ခုနှစ် ဇန်နဝါရီ လ ၈ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့မြို့တွင် မွေးဖွားခဲ့သည်။ ဖခင်သည် သမားတော်ကြီး (အက်ဖ်အာစီပီ) နှင့် ဇီဝဆေးပညာရှင်သုတေသီ (အမ်ဒီ) ဘွဲ့ရ ဒေါက်တာဖရင့် ဟောကင်းဖြစ်သည်။ ဟောကင်းနှင့် စင်ပြိုင်ထင်ရှားသော အောက်စဖို့တက္ကသိုလ်၏ ရောက်စဘောလ်ပါမောက္ခ (Rouse Ball Professor) ရူပဗေဒပညာရှင် ဒေါက်တာ ရောဂျာ ပင်းရို့စ်၏ ဖခင်သည်လည်း ထင်ရှားသောသမားတော်နှင့် ဆေးပညာဆိုင်ရာသုတေသီဖြစ်သည်။

ဟောကင်းသည် လန်ဒန်မြို့စိန့်ဩလဘန်စ်ကျောင်းတွင် တက္ကသိုလ်ဝင်တန်း (အောက်စဖို့ပညာရည်ချန်ဆု အဆင့်) သင်ကြားတတ်မြောက်ခဲ့ပြီး အောက်စဖို့တက္ကသိုလ်သို့ ၁၉၅၉ ခုနှစ်တွင် ရောက်ရှိလာသည်။ ရူပဗေဒ ဂုဏ်ထူးတန်းကို ၁၉၆၂ ခုနှစ်တွင် ပထမဆင့်ကာ အောင်မြင် ခဲ့သည်။ အထက်တန်းကျောင်းအဆင့်တွင်ပင် လူတော်တစ်ယောက် ဖြစ်ကြောင်း ဆရာများလည်း သိကြသည်။ မိမိကိုယ်မိမိ လည်းသိသည်။ ဆရာများ၏ ယူဆချက်မှာ ဟောကင်း သည် မိမိကိုယ်ကို အပေါင်းအဖော်များထက် သာလွန်သူ၊ ထူးခြားသူဟု မထင်ရှားစေရန် ဆင်ခြင်ပြီးနေခဲ့သည်၊ အစွမ်းကုန် မပြခဲ့ဟု ယူဆကြလေသည်။ ထိပ်ပိုင်းတွင် နေရာရယူရုံလောက်သာ အားထုတ်ခဲ့ပြီး ကစားခုန်စား၊ လေ့လော်၊ ဘောလုံးကန် စသည်တို့ဖြင့် ပျော်ပျော်ပါးပါး နေခဲ့သည်။ တက္ကသိုလ်ရောက်သည့်အခါ၌လည်း ထိုးထွင်းဉာဏ်၊ ပင်ကိုဉာဏ်ကိုသာ အားကိုးပြီး စာအုပ်လေ့လာကျက်မှတ်မှု (Book-work) ကို အားမကိုးခဲ့၍ ဂုဏ်ထူးတန်းတွင် ပထမတန်းပေးရန် ကွက်တိမဝင်ဘဲရှိရာ အခြားသူများထက် ယှဉ်မရအောင် ထူးချွန်သူလည်းဖြစ်၍ ဆရာများ အခက်ကြုံခဲ့ရသည်။ နှုတ်မေးစာမေးပွဲဖြင့် ပထမတန်း အဆင့်ဖြင့် ပေးရန် ဆုံးဖြတ်လိုက်ရလေသည်။ ဆရာများ အလွန် နှစ်သက်သော သူ၏ ဖြေဆို ချက် တစ် ခု မှာ "ကျွန်တော့်ကို ပထမတန်းနှင့် တန်သည်ဟု ဆုံးဖြတ်လျှင် ကိန်းဗရစ်တက္ကသိုလ်သို့သွားပြီး သီအိုရီ ရူပဗေဒအတွက် ဒေါက်တာဘွဲ့သုတေသနကို ပြုလုပ်မည်၊ သို့မဟုတ်လျှင် အော့စဖို့တက္ကသိုလ်တွင်သာဆက်ပြီး ဒေါက်တာဘွဲ့ ယူရမှာပဲ" ဟူ၍ဖြစ်သည်။


ဟောကင်းသည် ကိန်းဗရစ်တက္ကသိုလ်ကို ၁၉၆၂ ခုနှစ်မှ စ၍ ဒေါက်တာဘွဲ့ကျောင်းသားအဖြစ် စတင်ရောက်ရှိလာပြီး သီအိုရီရူပဗေဒဘာသာရပ်ကို အသုံးချသင်္ချာနှင့်သီအိုရီရူပဗေဒဌာနတွင် ဒေါက်တာဆီယာမာ၏ ကွပ်ကဲမှုဖြင့် သုတေသနပြုသည်။ ဒေါက်တာဆီယာမာမှာ ထိုစဉ်က လူကာစီရင် ပါမောက္ခဖြစ်သူ ဗြိတိသျှ ရူပဗေဒ ပညာရှင် ဒေါက်တာဒိရက်၏ကွပ်ကဲမှုဖြင့် ဒေါက်တာဘွဲ့ ရရှိခဲ့သူ ဖြစ်သည်။ ဒိရက်ကိုယ်တိုင် ကွမ်တမ်မကင်းနစ်ကို ၁၉၂၅–၂၆ ခုနှစ်တွင် ဂျာမန် ရူပဗေဒပညာရှင် ဒေါက်တာဗာရနာ ဟိုက်ဇင်ဗဲ့ရ်ဂ်၊ ဩစတြီးယား ရူပဗေဒပညာရှင် ဒေါက်တာ အာဝင်ရှရိုဒင်ဂါတို့နှင့် တစ်ချိန်တည်းလောက်တွင် တသီးတခြား ဖော်ထုတ်ခဲ့ပြီး ၁၉၅၀ မှ ၁၉၆၀ အတွင်း ယေဘုယျရီလေတီဗီတီကို ကွမ်တမ်စက်ကွင်းသီအိုရီပုံစံဖြင့် ဖော်ထုတ်ပေးခဲ့သည့်နောက် တိုးတက်မှုမှာ ပြောပလောက် အောင်မရှိခဲ့ပါ။ ထို့ကြောင့် ဟောကင်းကဲ့သို့ ဉာဏ်ပညာ ထက်မြက်သူအတွက် သုတေသန စတင်ပြုလုပ်ရန် ယေဘုယျ ရီလေတီဗီတီပညာပိုင်းတွင် ပုစ္ဆာများ မရှိသလောက် ဖြစ်နေသည်။ တစ်ဖန် ထိုအချိန်လောက်မှ စတင်၍ အေအယ်လ်အက်စ် (Atypical Amyotrophic Lateral Sclerosis) ခေါ် ဆေးပညာလောကမှ လက်မြောက် ထားရသော အာရုံကြောရောဂါတစ်ခုကို စတင်ခံစားရပြီး နှစ်နှစ်အတွင်း ကွယ်လွန်မည်ဟု ဟောကိန်း ထုတ်ခြင်း ခံရသည်။ ထို့ကြောင့် တစ်နှစ်ခန့် အခန်းတွင်းအောင်းပြီး စိတ်ဓာတ်ကျခဲ့သည်။ ထိုအချိန်လောက်တွင် ဒေါက်တာ ပင်းရို့စ်က ရူပဗေဒနိယာမတို့ မလိုက်နာသော အမှတ်ထူး များ ဖြပ်ဆွဲအားကြောင့် ကြယ်များပြိုပျက်ခြင်းဖြင့် ဖြစ်

ပေါ်လာနိုင်ကြောင်း တင်ပြသည်ကို ဟောကင်း ဖတ်လိုက်ရသည်။ ပင်းရို့စ်၏လုပ်ငန်းမှာ စကြဝဠာခေါ် အကြီးဆုံးသော ရူပဗေဒအဖွဲ့အစည်းနှင့် ထိုစဉ်က လုံးဝသက်ဆိုင်မှုမရှိသေးပေ။ ဟောကင်းက စကြဝဠာအစတွင် အမှတ်ထူးသို့မဟုတ် တွင်းနက်ကဲ့သို့ သိပ်သည်းခြင်း အနန္တတန်ဖိုးဆောင် အဖွဲ့အစည်းတစ်ခု ရှိရမည်ဟု ပို၍ ယေဘုယျကသော သီအိုရမ်သုံးခုကို တင်ပြပြီး ဒေါက်တာဘွဲ့ကျမ်းကို ၁၉၆၆ ခု နှစ်ဦးပိုင်းတွင် ပြီးစီးစေနိုင်ခဲ့သည်။ ထိုနှစ်ကုန်လောက်တွင် ကိန်းဗရစ်တက္ကသိုလ်၏ ထင်ရှားသော သုတေသနဆုဖြစ်သော အက်ဒမ်ဆုကို ဒေါက်တာပင်းရို့စ်နှင့်အတူ ရရှိခဲ့သည်။ အသက်အားဖြင့် ဆယ်နှစ်ခန့်ကြီးသောပင်းရို့စ်အပြင် ဟောကင်း၏ဘဝကို ပြောင်းပေးလိုက်သူ အခြားတစ်ဦးမှာ ၁၉၆၅ ခုနှစ်တွင် အိမ်သူသက်ထား အဖြစ် လက်ထပ်ယူခဲ့သူ ဂျိန်းဝိုင်းလ် ဆိုသူ ဘာသာဗေဒကျောင်းသူတစ်ဦး ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ရေးသားခဲ့ပြီး ၁၉၇၈ ခုနှစ်အတွက် အရောင်းရ အကောင်းဆုံးစာအုပ်ဖြစ်သော အချိန်၏သမိုင်းအကျဉ်း (A Brief History of Time: from Big Bang to Black Holes) ဟူသောစာအုပ်တွင် ဟောကင်းက ဖော်ပြထားသည်မှာ မိမိမှာအိမ်ထောင်ပြုလို၍ အလုပ်လုပ်ရန် လိုအပ်ကြောင်း၊ တက္ကသိုလ်တွင် အလုပ်ရရန် အတွက် ဒေါက်တာဘွဲ့လိုကြောင်း၊ ထို့ကြောင့် ဒေါက်တာဘွဲ့သုတေသနကို အာရုံစူးစိုက်ပြီး ပြန်လုပ်သည်နှင့်တစ်ပြိုက်နက် ရောဂါဖိစီးမှုမှာလည်း ရပ်တန့်သွားသလို ဖြစ်သွားကြောင်းကို ယင်းစာအုပ်၏ စာမျက်နှာ ၅၃ တွင် ဖော်ပြထားသည်။ ၁၉၆၇ ခုနှစ်လောက်မှစ၍ ဘီးတပ် ကုလားထိုင်ဖြင့်သာ သွားလာနိုင်ခဲ့သူ ဟောကင်း၏ အိမ်ထောင်စုတွင် လူစီ၊ ရောဗတ်နှင့် တင်မီဟူ၍ သားသမီး သုံးဦး ထွန်းကားပြီး အငယ်ဆုံး သားမှာ ၁၉၇၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မိသားစုဖြင့် ပျော်ရွှင်စွာနေတတ်သူ ဟောကင်းသည် မိမိဘဝကို လုံးဝအရှုံးမပေးဘဲ ယနေ့တိုင် ပုံမှန်မိသားစုများနေသည့်အလား တာဝန်ကိုယ်စီယူ၍နေထိုင်လျက်ရှိသည်။ ၁၉၇၅ ခုနှစ်တွင် အဆုတ်အအေးမိရာမှ ခွဲစိတ်ကုသခြင်းကို ခံခဲ့ရ၍ စကားလုံးဝပင် မပြောနိုင်တော့ပေ။ မိုက်ခရိုကွန်ပျူတာကို ဘီးတပ်ကုလားထိုင်တွင်တွဲ၍ တပ်ဆင်ထားပြီး အီလက်ထရွန်နစ် အံသံတုကိရိယာ (speech synthesizer) ဖြင့်သာ လုပ်ဖော်ကိုင်ဖက်များ၊ မိသားစုများဖြင့် ဆက်သွယ်နိုင်သည်။ မျက်နှာသစ်သည်မှ စားသောက်သည်အဆုံး သူနာပြုဆရာမတို့၏အနီးကပ်ပြုစုမှုကို နှစ်ပေါင်း ၂၀ ခံယူပြီး ရူပဗေဒပညာရှင်တစ်ဦး၏လုပ်ငန်းကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သူ ဟောကင်းသည် စကြဝဠာ၏ စတည်ပုံနှင့်အဆုံးသတ်မည့် ပုံတို့ကို ယေဘုယျရီလေတီဗီတီနှင့် ကွမ်တမ်မက္ကင်းနစ်ပညာတို့ကို အသုံးပြုလျက် ယနေ့တိုင် လေ့လာဆဲဖြစ်သည်။


ဟောကင်းနှင့် တွင်းနက်ရူပဗေဒ

အိုင်စတိုင်း၏ ယေဘုယျရီလေတီဗီတီကို ၂၀ ရာစုနှစ်ဘွင့် ခွဲထွင်လေ့လာရာတွင် အခြေခံအကျဆုံးတွေ့ရှိချက်များကို ဟောကင်း–ပင်းရို့စ်တို့၏ သီအိုရမ်လေးခုက ဖော်ပြထားသည်ကို ပညာရှင်များ ငြင်းစရာမရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ငန်း၏ အောင်မြင်မှုကြောင့် ပင်လျင် သီအိုရီရူပဗေဒပညာရှင်များက ယေဘုယျရီလေတီဗီတီကို ၁၉၇၀ ပတ်ပန်းကျင်တွင် မကြုံစဖူး စုပြုံ၍ အင်တိုက်အားတိုက် သုတေသနပြုလာကြသည်။ ယေဘုယျရီလေတီဗီတီမှာ ရူပဗေဒ၏မဏ္ဍိုင်ကြီးတစ်ခု ဖြစ်သော်လည်း ရူပဗေဒပညာရှင်အများစု၏ အာရုံကိုဆွဲဆောင်နိုင်သည်ကားမဟုတ်ခဲ့ပေ။ အိုင်စတိုင်း၊ အယ်ဒင်တန်၊ ဒီရက်၊ ဗွန်ဒီနှင့် လက်တစ်ဆုပ်စာ ရူပဗေဒပညာရှင်များသာ ယင်းသုတေသနနယ်ပယ်အတွင်း ကျင်လည်ခဲ့ကြသည်။ တစ်ဖန် ယင်းသီအိုရမ်လေးခုကို ဖော်ထုတ်ခဲ့သော ပညာရှင်တစ်ဦးဖြစ်သူ ဟောကင်းအား ၁၉၇၉ ခုနှစ်တွင် ဗြိတိသျှရူပဗေဒလောကတွင် အထင်ရှားဆုံး ကိန်းဗရစ်တက္ကသိုလ်၏ လူကာစီရင် ပါမောက္ခ (Lucasian Professor) အဖြစ်တင်မြှောက်ခဲ့ပြီး အခြားရူပဗေဒပညာရှင် ပင်းရို့စ်အား အော့စဖို့တက္ကသိုလ်၏ အထင်ရှားဆုံး ရောက်စဘောလ်ပါမောက္ခအဖြစ်တင်မြှောက်ခဲ့လေသည်။ လူကာစီရင် ပါမောက္ခ ရာထူးမှာ တစ်ချိန်က ဆာအိုင်းဇက်နယူတန်ရရှိခဲ့သော အထည်ဝါဆုံး ပါမောက္ခရာထူးတစ်ခု ဖြစ်ပေသည်။ အစကနဦးတွင် တွင်းနက်မှာ သိပ်သည်းခြင်းလွန်ကဲပြီး အလင်းကိုစုပ်ယူဖမ်းယူနိုင်သော အဖွဲ့အစည်းဖြစ်သည်။ ရူပဗေဒပညာရှင်များက တွင်းနက်သည် ကြယ်များ ဒြပ်ဆွဲပြိုပျက်ခြင်း (Gravitational Collapse) ကြောင့် ဖြစ်ပေါ်ခြင်းကို လက်ခံနိုင်ခဲ့ရာမှ တစ်ဆင့်တက်၍ စကြဝဠာ၏ စတင်ပေါက်ပွားလာသည်မှာလည်း အမှတ်ထူး သို့မဟုတ် တွင်းနက်တစ်ခုဖြစ်ရမည်ကို ရူပဗေဒပညာရှင်များ လက်ခံနိုင်သည်အထိ ထပ်ဆင့် တင်ပြနိုင်သူမှာ ဟောကင်းဖြစ်ပေသည်။ အမှတ်ထူး သို့မဟုတ် တွင်းနက်၏ အတွင်းနယ်ပယ်သည် ယနေ့လက်ခံထားသော ရူပဗေဒနိယာမများကို အသုံးချနိုင်သည့် နယ်ပယ်များ မဟုတ်ပါ။ ယင်း တွင်းနက်များမှ မည်သည်တို့မှ ထွက်လာနိုင်မည် မဟုတ်ဟုယူဆကြသည်။ ဒြပ်ဆွဲပြိုပျက်ခြင်းမှဖြစ်ပေါ်လာသော တွင်းနက်ကို သဘောပေါက်စေရန် ကြယ်တစ်လုံး ဇီဝိန်ချုပ်ပုံကို ဖော်ပြရမည်။ (ပုံ ၁—ရှု။)


ကြယ်အတွင်း၌ နျူကလီးယား တွန်းကန်အား နှင့် ဒြပ်ဆွဲအားတို့ အားပြိုင်ကြသည်။ နျူကလီးယား



ပုံ (၁) ဟောကင်း–ပင်းရို့စ်၏ တွင်းနက်ဖြစ်စဉ်




ပုံ (၂) တွင်းနက်၏ ပတ်ဝန်းကျင်တွင် အခြေခံအမှုန်နှင့် ဆန့်ကျင်ဘက်အမှုန်တို့သည် တိုတောင်းလှသော အချိန်တွင် ဗလာနယ်မှ စွမ်းအင်ကို ချေး၍ ဖြစ်ပေါ်လာပြီး ပြန်လည် ပေါင်းစပ်ကာ ဇီဝိန် ချုပ်ကြသည်ကို ဟိုက်ဇင်ဗဲ့ရ်ဂ်၏ မရေရာမှု နိယာမက လက်ခံထားသည်။ တွင်းနက်သည် အမှုန်တစ်ခုကို စုပ်ယူခြင်းဖြင့် ကျန်အမှုန်သည် တွင်းနက်မှ ထုတ်လွှတ်သကဲ့သို့ ဖြစ်သွားသည်။ တွင်းနက်အတွင်း လိုဏ်ခေါင်းတူး၍ ထွက်လာသောဖြာထွက်မှု သဘောဆောင်သွားသည်။




ပုံ (၃) (က) နှစ်ဘက်တိုင်း စာရွက်တွင် နယ်နိမိတ် ရှိသည်။

ပြောက်ဝင်ရိုးစွန်း (Big Bang)



တောင်ဝင်ရိုးစွန်း(Big Crunch)

ပုံ (၃) (ခ) သုံးဘက်တိုင်းစက်လုံးတွင် နယ်နိမိတ် မရှိသကဲ့သို့ ဟောကင်း၏ လေးဘက်တိုင်း ကွမ်တမ်စကြဝဠာတွင် နယ်နိမိတ် (အစ၊ အဆုံး)မရှိ၊ အမှတ်ထူးမျှားမရှိ။



(ဂ)

ပုံ (၃) (ဂ) ရီလေတီဗီတီ အကွာအဝေး
(အချိန် ဟင်းလင်းပြင်ပြား)

$s^2 = -t^2 + x^2 + y^2 + z^2$

t = အချိန်၊


x, y, z = ဟင်းလင်းပြင် ကိုဩဒိနိတ်

ယူကလစ်ဒီရန် လေးဘက်တိုင်း အကွာအဝေး (အချိန် ဟင်းလင်းပြင်ပြား)

$s^2 = u^2 + x^2 + y^2 + z^2$

$u = it$, i = ယူနစ် ကိန်းယောင်

$u^2 = -t^2$, $i^2 = -1$



(ဃ)

ပုံ (၃) (ဃ) u, x, y, z တို့သည် တစ်ခုကိုတစ်ခု နှစ်သက်သလို အစားထိုး၍ ရသည်။ ယေဘုယျ ရီလေတီဗီတီတွင် အချိန်ဟင်းလင်းပြင်ခုံးကို အသုံးပြု၍ ဟင်းလင်းပြင်ခုံးနှင့် အလင်းကတေ့တို့ အနေအထားကို ဤပုံကဲ့သို့ သုံးသပ်နိုင်သည်။

လောင်စာကုန်သောအခါ နေ၏ဒြပ်ထုထက် သုံးဆမျှ ကြီးသော ကြယ်တို့တွင် ဒြပ်ဆွဲပြိုပျက်ခြင်း ဖြစ်ပေါ်ပြီး ချင်းဝက် $r = 2m$ ရှိ တွင်းနက်ဖြစ်ပေါ်လာပြီး အမှတ် ထူးမှာ $(r = o)$ တွင်းနက်အတွင်း၌ ရှိမည်ဖြစ်သည်။ အလင်းကို ကွမ်တမ်မကင်းနစ် သဘောတရားအရ အမှုန် (ဖိုတွန်) အဖြစ်လည်းကောင်း၊ လှိုင်းအဖြစ်လည်းကောင်း ယူဆနိုင်သည်။ အလင်းဖိုတွန်သည် အမြန်ဆုံးအမှုန်ဖြစ်၍ တွင်းနက်အနီးတွင် ဖိုတွန်ဖြတ်သော် ဖမ်းယူခြင်းခံရမည် ဖြစ်ပြီး အမြန်ဆုံးအမှုန်ပင် လွတ်အောင် မပြေးနိုင်သောကြောင့် ကျန်အမှုန်များ၊ အာကာသယာဉ်မှူး အပါအဝင် လူများ၊ အာကာသယာဉ် အပါအဝင် ဝတ္ထုပစ္စည်းလည်း တွင်းနက်ပတ်ဝန်းကျင်သို့ ရောက်သော် စုပ်ယူခြင်း ခံရမည်သာ ဖြစ်ပေသည်။ ကမ္ဘာ့လေထုနှင့် ပတ်ဝန်းကျင်ကို ညစ်ထေးစေသော ဓာတ်ငွေ့များ၊ ရှူကလီးယားဓာတ်ပေါင်းဖိုမှ စွန့်ပစ်အရည်နှင့် ရှူကလီးယားဓာတ်သတ္တိကြွ ပစ္စည်းများကို စွန့်ပစ်နိုင်မည့် အမှိုက်တောင်းကြီးသဖွယ် တွင်းနက်ကိုအသုံးပြုနိုင်လိမ့်မည်လော ဟု အခွျိုပညာရှင်များက တွေးတောကြသည်။ ဥာဏ်ကျက်စားကြည့်ကြသည်။

ဟောကင်းနှင့် ကွမ်တမ်တွင်းနက်

၁၉၇၄ ခုနှစ်တွင် ဟောကင်းက ကြယ်အရွယ်အစားရှိ၊ တွင်းနက်များအပြင် အခြေခံအမှုန် ဥပမာ–အီလက်ထရွန် မြူယွန်နှင့် တောင် (tau) အရွယ်ရှိ ကွမ်တမ်တွင်းနက်များရှိနိုင်ကြောင်း၊ ယင်းမီနီတွင်းနက် (mini-black hole) သို့မဟုတ် စကြဝဠာ အစဦးလောက်တွင် ပေါ်ခဲ့သော တွင်းနက် (primordial black hole) များ အတွင်းမှ ဖြာထွက်မှုများ ရှိနိုင်ကြောင်းကို သက်သေပြနိုင်ခဲ့သည်။ ရှေးရိုးရူပဗေဒရွထောင့် သို့မဟုတ် ယေဘုယျ ရီလေတီဗီတီ အမြင်သက် သက် ဖြင့် သုံးသပ်လျှင် အမှတ်ထူးများ ရှိရမည်ဖြစ်၍ ဖြာထွက်မှု (ရောင်ခြည်ထုတ်လွှတ်မှု) မရှိနိုင်ပေ။ တစ်နည်းဆိုလျှင် ဖြာထွက်မှု၊ တားဆီးမှုကို ကျော်လွှန်နိုင်ရန် ဖြစ်တန်စွမ်း အလွန်နည်းမည် ဖြစ်သည်။ တွင်းနက်မှာ အခြေခံ အမှုန်ကဲ့သို့ သေးငယ်လှသော ကွမ်တမ်သဘောဆောင် အဖွဲ့အစည်းဖြစ်ခဲ့ပါမူ ဖြာထွက်မှု ရောင်ခြည်သည် တွင်းနက် အတွင်းမှ လိုဏ်ခေါင်းတူး (tunnelling)၍ ထွက်လာရန် ဖြစ်တန်စွမ်းအလွန်ကောင်း၍ တွင်းနက်မှ ဟောကင်းရောင်ခြည် ထွက်ပေါ်နိုင်ပေမည်။ (ပုံ ၂---ရှု။)

တွင်းနက်ကို သဘာဝတွင် ရှုမှတ်လေ့လာနိုင်ကြောင်း အထောက်အထားများရှိနေပြီ ဖြစ်သည်။ တွင်းနက်များကို ဂမ္ဘာရောင်ခြည် (စွမ်းအင်မြင့် လျှပ်စစ်သံလိုက်လှိုင်းလျှားတို့များ)အိပ်က်စ်ရောင်ခြည်များတစ်ဆင့်ခံ ထုတ်လုပ်မှုမှ တွေ့ရှိ လေ့လာနိုင်မည်။ ကျွန်ုပ်တို့၏ နဂါးငွေ့တန်း ဂလက်ဆီ၏ အလယ်ဗဟိုတွင် တွင်းနက်ကြီး တစ်ခုမှ ပတ်ဝန်းကျင် နက္ခတ္တဒြပ်သားများစုပ်ယူခြင်းဖြင့် စွမ်းအင်မြင့် ဂမ္ဘာဖိုတွန်နှင့် အိပ်က်စ်ရောင်ခြည်ဖိုတွန်များ ထုတ်လွှတ်နေသည်ဟု ယူဆကြသည်။ ဒေါက်တာဟောကင်း၏ သုတေသန လုပ်ငန်းကို အသိအမှတ်ပြုသည့် အနေဖြင့် အပြည်ပြည်ဆိုင်ရာ ပညာရှင် အကယ်ဒမီများမှ စိန်ယာဒေါက်တာအဆင့်ရှိ FRS ဘွဲ့ (အင်္ဂလန်နိုင်ငံ၏ တစ်ခုတည်းသော တော်ဝင်သိပ္ပံ အဖွဲ့အစည်းက ပေးသောဘွဲ့)၊ အမေရိကန် ပြည်ထောင်စုမှ အိုင်စတိုင်းဆု (၁၉၇၀)၊ Royal Charter ရရှိထားသော ဗြိတိသျှ ရူပဗေဒ အဖွဲ့အစည်း (Institute of Physics, London) မှ မက်ဆွဲဆု (၁၉၇၆) နှင့် ဒီရက်ဆု (၁၉၈၇)၊ ဗြိတိသျှ ဘုရင်မ၏ စီဘီအီး ဘွဲ့ (၁၉၈၂) နှင့် စီအိပ်ချ် (Companion of Honour) ဘွဲ့ (၁၉၈၉) စသည့် သိပ္ပံပညာနှင့် ဗြိတိန်နိုင်ငံ၏ အရေးပါဆုံးဘွဲ့များ၊ ဆုများဖြင့် ချီးမြှင့်ပြီးဖြစ်သည်။

ဟောကင်းနှင့် ကွမ်တမ်စကြဝဠာ

၁၉၈၁ ခုနှစ်မှစ၍ ကွမ်တမ်စကြဝဠာဗေဒ နယ်ပယ်ကို ဟောကင်းလေ့လာခဲ့ရာ စကြဝဠာပေါက်ဖွားလာစဉ် အစပိုင်းတွင် စွမ်းအင်အမြင့်မားဆုံး ဖြစ်စဉ်များအကြောင်း လေ့လာရင်း အချိန်နှင့် ပတ်သက်သည့် အသစ်အဆန်း အသိပညာကို တွေ့ရှိ အသုံးပြုပြီး စကြဝဠာတွင်အစ (Big Bang Singularity) နှင့် အဆုံး (Big Crunch Singularity) မရှိနိုင်ကြောင်းကို ဖော်ထုတ်နိုင်ခဲ့သည်။ အမှတ်ထူးနှင့်ပတ်သက်၍ အခက်အခဲမှာ ရူပဗေဒနိယာမများကို ချိုးဖောက်သော အဖွဲ့အစည်းအဖြစ် လက်ခံထားရသည့် အကြောင်းပင် ဖြစ်သည်။ အကြီးဆုံး ရူပဗေဒအဖွဲ့အစည်းဖြစ်သော စကြဝဠာတွင် အမှတ်ထူးမျှ၌ ရူပဗေဒနိယာမ (ဥပမာ – ကွမ်တမ်မကင်းနစ်နှင့် ယေဘုယျရီလေတီဗီတီ) တို့ကို အသုံးမပြုနိုင်ခြင်းမှာ သဘာဝမကျဟု ရူပဗေဒပညာရှင်တို့က ယူဆကြသည်။ အမှတ်ထူး၏အနီးတွင် အကယ်၍အသက်မသေဘဲ ခရီးသွားနိုင်သူ ရူပဗေဒပညာရှင်ရှိသည်ဖြစ်အံ့၊ ထိုရူပဗေဒ ပညာရှင်သည် မိမိမမွေးခင် အတိတ်ကာလသို့သွားပြီး မိမိ၏မိခင် (လောင်း)ကို မိမိ၏ဘွားအေ (လောင်း) မွေးမွေးချင်းအချိန်၌ သွားရောက်တွေ့ဆုံနိုင်မည်ဖြစ်သည်။ သီအိုရီရူပဗေဒနှင့် သခ်္ချာပညာတွင် ကိန်းယောင် (imaginary number)များကို သုံးလေ့ရှိသည်။ အမေရိကန်ရူပဗေဒပညာရှင် ဒေါက်တာရစ်ချတ် ဖိုင်းမန်း၏ ကွမ်တမ်စက်ကွင်း သီအိုရီပုံစံတွင် အချိန်ကို ကိန်းစစ်အဖြစ် မဟုတ်ဘဲ ကိန်းယောင်အဖြစ် အသုံးပြု

ရသည်။ အကယ်၍ယေဘုယျ ရီလေတီဗီတီကို ပိုင်းမန်းပုံစံ ကွမ်တမ်သီအိုရီဖြင့် ပေါင်းစပ်အသုံးပြုလိုက်လျှင် အချိန်မှာ ကိန်းယောင်အဖြစ် အသုံးပြုရမည်ဖြစ်သည်။ ထိုသို့ပြုလျှင် အချိန်နှင့် ဟင်းလင်းပြင် ကိုဩဒိနိတ်တို့မှာ ယူကလစ်ဂဲသြမေတြီပုံအတိုင်း ခွဲမရအောင် တစ်ခုနှင့်တခု တူသွားမည်ဖြစ်သည်။ ယေဘုယျ ရီလေတီဗီတီတွင် အချိန်နှင့် ဟင်းလင်းပြင်ခုံး (Curved spacetime) တို့မှာ သီးခြားစီ မရပ်တည်ဘဲ ပေါင်းစပ်ထားရုံသာရှိသည်။ အချိန် (t) နှင့် ဟင်းလင်းပြင်ခုံး ကိုဩဒိနိတ် (x, y, z) များ တူသည်ဟူ၍ ယူဆခြင်းမရှိပေ။ ကွမ်တမ်စကြဝဠာဗေဒအရ အမှတ်ထူးများကို ဖယ်ရှားနိုင်သည်။ စကြဝဠာတွင် နယ်နိမိတ် ကန့်သတ်မှု မရှိခြင်း (The boundary condition for the Universe is that it has no boundary at all) ကိုလည်း တွေ့ရှိရသည်။ စကြဝဠာမှာ လေးဘက်တိုင်း အဖွဲ့အစည်း ဖြစ်သည်။ အနီးစပ်ဆုံး ဥပမာဖြင့် ဖော်ပြရလျှင် (အချိန်ကို ကိန်းယောင်အဖြစ် ယူဆပြီး) သုံးဘက်တိုင်း ကျွန်ုပ်တို့၏ ကမ္ဘာတွင် မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့မှာ ဟောကင်းစကြဝဠာပုံစံ၏ အစနှင့် အဆုံးသဖွယ် သရုပ်ဆောင်နိုင်သည်။ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့တွင် စကြဝဠာ၏ အရွယ်အစားမှာ သုညတန်ဖိုးဆောင်နေသော်လည်း အမှတ်ထူးများ မဟုတ်ကြ၍ ရူပဗေဒ နိယာမများကို ချိုးဖောက်သော အဖွဲ့အစည်းများ မဖြစ်ကြတော့ပေ။ စာရွက်တစ်ရွက်တွင် နယ်နိမိတ် ရှိသည်။ စက်လုံးတစ်ခုတွင် နယ်နိမိတ်မရှိ၊ တစ်နည်းဆိုလျှင် ဟောကင်း၏ လေးဘက်တိုင်းစက်လုံးပုံစံ စကြဝဠာမှာ အဆုံးအစမရှိ၊ (ပုံ ၃—ရ။) နယ်နိမိတ်မရှိသည့် စကြဝဠာဖြစ်၍ စကြဝဠာကိုစပေးရန် ဖန်တီးရှင်ကိုလည်း မလိုသောစကြဝဠာပင် ဖြစ်သည်ဟု ၁၉၈၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော ပါမောက္ခဟောကင်း၏ စာအုပ် (A Brief History of Time) တွင် ရေးသားဖော်ပြထားသည်။ ကွမ်တမ်စကြဝဠာသုတေသနလုပ်ငန်းမှ လျှို့ဝှက်ဆန်းကြယ်လှသော မျော်လင့်မထားနိုင်သော စကြဝဠာနှင့် ပတ်သက်သော ဟောကိန်းများကို ဆက်လက်ပြီး ဟောကင်းကိုယ်တိုင် တွက်ချက်ဖော်ထုတ်ဆဲပင် ဖြစ်ပေသည်။

ဒေါက်တာစိန်ထွန်း
(ရူပဗေဒ ပါမောက္ခ)

ဟန်ဂေရီသမ္မတနိုင်ငံ။ ။ ဟန်ဂေရီနိုင်ငံ၌ ကာရိုလီဂရော့ဇ်က ၁၉၁၈ ခုနှစ် မေလတွင် ယာန္နီစ်ကာဒါကို ဆက်ခံ၍ ဟန်ဂေရီကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဖြစ်လာသည်။ ၁၉၇၅ ခုနှစ်က အမေရိကန်ပြည်ထောင်စု ဟားဗာ့ဒ်တက္ကသိုလ်၌ အနောက်တိုင်းစီးပွားရေးပညာကို ဆည်းပူးခဲ့သော · မီလော့စ် နီမက်က ၁၉၈၈ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ် ဖြစ်လာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၉—စာ၊ ၂၇၈—ရှ။)

ထိုအချိန်မှစ၍ ဟန်ဂေရီလွတ်တော်တွင် ပါတီစုံစနစ် ဖြစ်ထွန်းရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် လွတ်တော်သည် လွတ်လပ်စွာဆန္ဒပြခွင့်၊ အဖွဲ့အစည်းများဖွဲ့စည်းခွင့်နှင့် လွတ်လပ်သော နိုင်ငံရေးပါတီများကို ဖွဲ့စည်းလှုပ်ရှားခွင့်တို့ကို အာမခံသည့်ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ ကွန်မြူနစ်ပါတီ အာဏာရကတည်းက တစ်ခုတည်းသော တရားဝင်ပါတီအဖြစ် ရပ်တည်လာခဲ့ခြင်းကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။ အဖွဲ့အစည်းများဆိုင်ရာ ဥပဒေသစ်ကို လွတ်တော်ကိုယ်စားလှယ် ၃၈၇ ဦးအနက် ခြောက်ဦးကသာ ကန့်ကွက်မဲပေးခဲ့သည်။ ၂၄ ဦးက ကြားနေသည်။

ဟန်ဂေရီနိုင်ငံတွင် အင်အားအကြီးဆုံး ဖြစ်သည့် လွတ်လပ်သော နိုင်ငံရေး အဖွဲ့အစည်း ဖြစ်သည့် ဟန်ဂေရီ ဒီမိုကရက်တစ်ဖိုရမ်သည် မူဝါဒသစ်များနှင့် အခွင့်အရေးသစ်များကို ပြဋ္ဌာန်းပေးရန် ၁၉၈၉ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ ယင်းဖိုရမ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလတွင် စာရေးဆရာများနှင့် တတ်သိပညာရှင်များ အသိုင်းအဝိုင်းက ထူထောင်ခဲ့ခြင်း ဖြစ်သည်။ လွတ်တော်က ပါတီစုံစနစ် တည်ဆောက်မည့် ဥပဒေကို ပြဋ္ဌာန်းထားသော်လည်း အသစ်ဖွဲ့စည်းသော နိုင်ငံရေးပါတီများအဖို့ အာဏာရပါတီနှင့်မိတ်ဖက်ပြုမှသာ လျှင်မြန်စွာဖြစ်ထွန်းရပ်တည်နိုင်မည့်အခြေအနေ ကြုံတွေ့ရခြင်းကို ဒီမိုကရက်တစ်ဖိုရမ်က ထောက်ပြသည်။ ကာရိုလီ ဂရော့ဇ်ကလည်း 'ဆိုရှယ်လစ် အခြေခံပေါ်တွင်သာလျှင်' ပါတီသစ်များ ဖြစ်တည်စေရမည်ဟု ပြောကြားခဲ့သည်။

အာဏာရ ကွန်မြူနစ်ပါတီက နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမဆုံး စားပွဲဝိုင်း ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဟု ၁၉၈၉ ခုနှစ် ဧပြီလတွင် နိုင်ငံရေးပါတီများကို ဖိတ်ကြားခဲ့ရာ အဓိကအတိုက်အခံ အဖွဲ့အစည်းရှစ်ခုက သပိတ်မှောက်ခဲ့သည်။ အင်ဒရေဘက်စီ—ဇီလင့်စကီး ချစ်ကြည်ရေးအသင်း၊ ဟန်ဂေရီ ဒီမိုကရက်တစ်ဖိုရမ်ပါတီ၊ လွတ်လပ်သော အလုပ်သမား သမဂ္ဂများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဟန်ဂေရီပြည်သူပါတီ၊ ဟန်ဂေရီ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၊ လွတ်လပ်သော ဒီမိုကရေစီ ဝါဒီများအဖွဲ့ချုပ်၊ နယူးမာ့ချ်တပ်ဦးနှင့် ဟန်ဂေရီ လူငယ်အဖွဲ့အစည်းများ အမျိုးသားကောင်စီ



ဟန်ဂေရီနိုင်ငံတွင် ကွန်မြူနစ်ပါတီကိုဖျက်သိမ်းရန် ပါတီတွင်းဌ မဲခဲဆုံးဖြတ်စဉ်

တို့က သပိတ်မှောက်ခဲ့ကြသည်။ ကွန်မြူနစ်တို့ အာဏာသိမ်းယူသော ၁၉၄၈ ခုနှစ် မတိုင်မီကတည်းက တည်ရှိနေခဲ့ပြီး ၁၉၈၉ ခုနှစ်တွင်မှ ပြန်လည်ဖွဲ့စည်းလှုပ်ရှားရသော စမော်ဟိုလဒါပါတီ (လယ်သမားအကျိုးစီးပွားပါတီ) တွင်မူ စားပွဲဝိုင်းဆွေးနွေးပွဲတက်ရေး၊ မတက်ရေး အပေါ် ပါတီတွင်းသဘောထားကွဲလွဲမှု ပေါ် ပေါက်ခဲ့သည်။

ဟန်ဂေရီကွန်မြူနစ်ပါတီတွင် ပါတီစုံစနစ်ကို အကန့်အသတ်ဖြင့်သာ ဖြစ်ထွန်းစေရေးကို ရှေးရှုံးစွဲအမာခံဝါဒီတို့က လိုလားကြသည်။ ပါတီ၏ တွေးခေါ် မြော်မြင်ရေး သဘောတရားဆိုင်ရာ ပါတီအကြီးအကဲတစ်ဦးဖြစ်သည့် ယာနိုစ် ဘီရက်ဇ်လည်း ယင်းအုပ်စုတွင် ပါဝင်သည်။ ပြုပြင်ပြောင်းလဲရေးကို လိုလားသော တိုးတက်ရေးဝါဒီ ကွန်မြူနစ်ပါတီဝင်အများအပြားသည် ၁၉၈၉ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ပူဒါပက်မြို့တော်၏ အရှေ့တောင်ဘက် မိုင် ၅၀ အကွာရှိ ကက်ရှကေးမက်မြို့၌ စုဝေးပြီး နိုင်ငံရေးဆိုင်ရာ 'အလုပ်ရုံဆွေးနွေးပွဲ' တစ်ရပ်ကို ကျင်းပခဲ့ကြသည်။ လွတ်လပ်သော ဒီမိုကရေစီလူဘောင်ထူထောင်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ လွတ်လပ်စွာ သတင်းထုတ်ပြန်ခွင့်၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခွင့်တို့ အပါအဝင် တောင်းဆိုချက်အများအပြားကို ယင်းကွန်ဗင်းရှင်း၌ ဖော်ပြထားသည်။ ထိုသို့ လှုပ်ရှားနေသော ပါတီအတွင်း အတိုက်အခံများထဲတွင် ပြုပြင်ပြောင်းလဲရေးဝါဒီ အင်မရေပါဇေးက အထင်ရှားဆုံးဖြစ်သည်။ ထိုသို့ ဟန်ဂေရီ ကွန်မြူနစ်ပါတီအတွင်း အားပြိုင်မှု ပေါ် ပေါက်နေစဉ် ဒေဖောင်းပွမှုန်းသည် ၂၀ ရာခိုင်နှုန်းထိ မြင့်တင်လာပြီး လူနေမှုအဆင့်အတန်း ကျဆင်းလာခဲ့သည်။

ထို အတော အတွင်း ဇွန်လ ၁ ရက်နေ့ တွင် လွတ်တော်သည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် ပုဂ္ဂလိကတစ်ဦးချင်း မြေယာ အများအပြား ဝယ်ယူခွင့်တို့ကို ဆယ်စုနှစ်များစွာ ချုပ်ချယ်ထားခြင်းကို ရုပ်သိမ်းသည့် မြေယာနှင့် သမဝါယမဥပဒေများကို အတည်ပြုပြဋ္ဌာန်းသည်။ မေလ ၃၁ ရက်နေ့ကလည်း ဝန်ကြီးချုပ် ဟောင်း အင်မရေ နာဂီကို နိုင်ငံရေးအရ ပြန်လည် အသိအမှတ်ပြုခဲ့သည်။ နာဂီကို ဟန်ဂေရီနိုင်ငံ၌ ဆိုဗီယက်ဆန့်ကျင်ရေး အုံကြွမှုပေါ် ပေါက်ပြီးနောက် ၁၉၅၀ ခုနှစ်တွင် နိုင်ငံတော်ကိုဆန့်ကျင်မှု စွဲချက်ဖြင့် လျှို့ဝှက်တရားရုံးတစ်ရုံးက သေဒဏ်စီရင်ခဲ့ခြင်းဖြစ်သည်။ (ကာဒါ, ယာနိုစ် — ရှု။) ဟန်ဂေရီ ကွန်မြူနစ်ပါတီက နာဂီကို ပြုပြင်ပြောင်းလဲရေး၏ အမှတ်သင်္ကေတအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။ ဇွန်လ ၁ ရက်နေ့တွင် လွတ်တော်သည် နိုင်ငံတော်ပုန်ကန်မှု ပြစ်မှုများအတွက် သေဒဏ်ပေးခြင်းကို ဖျက်သိမ်းလိုက်သည်။ လွတ်တော်ကိုယ်စားလှယ် ၃၈၁ ဦးက ထိုသို့ ဖျက်သိမ်းခြင်းကို ထောက်ခံခဲ့ကြပြီး တစ်ဦးက

'လူထုတော်လှန်ရေး'အဖြစ်အသိအမှတ်ပြုခြင်း။

(၄) အရှေ့ဂျာမန်နိုင်ငံသားတို့ ပြည်ပသို့ ထွက်ပြေးနိုင်စေရန် နယ်နိမိတ် အတားအဆီးများ (သံကန့်လန့်ကာ) ကို ဖျက်သိမ်းပေးခဲ့ခြင်းတို့ဖြစ်သည်။ (ဂျာမန်ဒီမိုကရက်တစ်ပြည်သူသမ္မတနိုင်ငံ — ရှု။)

သို့ရာတွင် အတိုက်အခံတို့ တောင်းဆိုသည့် အတိုင်း အလုပ်သမားပြည်သူစစ်တပ်ဖွဲ့ကို လုံးဝ ဖျက်သိမ်းမည့် အစား အင်အား ၆၀,၀၀၀ မှ ၄၀,၀၀၀ သို့ လျှော့ချပေးခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ် ဇွန်လထက်နောက်မကျဘဲ ကျင်းပမည့် လွတ်လပ်သောရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီအားလုံး မဲဆွယ်စည်းရုံးရေးလုပ်ငန်းလုပ်ဆောင်နိုင်ရန် ဒေါ်လာ ၃၃ သန်းထောက်ပံ့မည့်အစီအစဉ်ကို ကြေညာခဲ့သည်။ ထိုသို့ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲများအတွက် ပြင်ဆင်နေသည့်ကာလအတွင်း ကွန်မြူနစ်ပါတီ ခေါင်းဆောင်အချို့သည် ၎င်းတို့ပိုင်ဆိုင်သည့် အပန်းဖြေ တည်းခိုရိပ်သာများ၊ ကားရုံများနှင့် အခြားအဆောက်အအုံ ပစ္စည်းအဝတ်ကို နွေစံထံတူးသောင်ဇင် ကုမ္ပဏီနှင့် အလက်ဂရို ကုမ္ပဏီတို့ကဲ့သို့သော ပုဂ္ဂလိကကုမ္ပဏီများအား လွှဲပြောင်း ရင်းနှီးနေကြသည်ဟု စွပ်စွဲမှုများပေါ်ပေါက်ခဲ့သည်။ ကွန်မြူနစ်တို့ ကိုယ်ကျိုးရှာခဲ့သည့် ဓနဥစ္စာကို ပါတီစုံ ဒီမိုကရေစီလွှတ်တော်သစ်က အရေးယူ ဆောင်ရွက်ခြင်း မပြုနိုင်မီ ရေရှည်အခွင့်ထူးခံစားနိုင်ရန် ကြိုတင်ကြံစည် လုပ်ဆောင်နေကြခြင်းဖြစ်သည်ဟု ဆိုသည်။ ဟန်ဂေရီကွန်မြူနစ်ပါတီ၏တရားဝင်ထုတ်ပြန်ချက်အရ ၁၉၈၉ ခုနှစ် စက်တင်ဘာလအထိ ပျမ်းမျှအားဖြင့် တစ်လလျှင် ပါတီဝင်အင်အား ၁၀,၀၀၀နှုန်း လျော့နည်းကျဆင်းလာ၍ အောက်တိုဘာလ ၁ ရက်နေ့တွင် အင်အား ၇,၂၀,၀၀၀ သာရှိတော့သည်ဟု သိရသည်။

ဟန်ဂေရီကွန်မြူနစ်ပါတီ ညီလာခံတစ်ရပ်ကို ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပရာ ကွန်မြူနစ်ပါတီကို ဖျက်သိမ်း၍ မာ့က်စ် – လီနင်ဝါဒ၏ အခြေခံမူများကို စွန့်လွှတ်ရန် ညီလာခံကိုယ်စားလှယ် ၁,၃၀၀ အနက် ၁၉၇ ဦးမှတစ်ပါး အားလုံးက ထောက်ခံဆန္ဒမဲပေးခဲ့ကြသည်။ ဟန်ဂေရီဆိုရှယ်လစ် အလုပ်သမားပါတီဟု ခေါ်ဝေါ်လာခဲ့သော ကွန်မြူနစ်ပါတီကို ဖျက်သိမ်း၍ ဒီမိုကရေစီ အခွင့်အရေးကို အာမခံသော ပါတီအဖြစ် ဟန်ဂေရီဆိုရှယ်လစ်ပါတီဟူသော အမည်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ယင်းပါတီသစ်၏ ဥက္ကဋ္ဌအဖြစ် ရက်ဇိုး အင်ယာစ်ကိုပင် ရွေးချယ်တင်မြှောက်သည်။

ဟန်ဂေရီလွှတ်တော်က ၁၉၈၉ ခုနှစ် အောက်တိုဘာ ကြားနေသည်။ ထိုသို့မဲမခွဲမီတွင် တရားရေးဝန်ကြီး ကာလမန် ကူလင်ဘာက နိုင်ငံရေးပြစ်မှု ကျူးလွန်ခြင်းအတွက် သေဒဏ်စီရင်သော 'ကြေကွဲဖွယ်ရာအစဉ်အလာ' ကို အဆုံးသတ်ကြရန် တိုက်တွန်းခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့က သေဒဏ်စီရင်ခံခဲ့ရသော အင်မရေ နာဂီကို ပြန်လည်ဂုဏ်ပြုသော စျာပန အခမ်းအနားတစ်ရပ်ကို ၁၉၈၉ ခုနှစ်ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပသည်။ နာဂီသည် ၁၉၅၆ ခုနှစ် လူထုအုံကြွမှုဖြစ်ပေါ်စဉ် ပါတီစုံစနစ် ကျင့်သုံးရေးနှင့် ဝါဆောစာချုပ်အဖွဲ့မှ ဟန်ဂေရီနိုင်ငံ နုတ်ထွက်ရေးကို စတင်ချမှတ်ခဲ့ရာမှ ဆိုဗီယက်တင့်ကားတပ်များက ဟန်ဂေရီနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ယင်းလူထုအုံကြွမှုကို 'တန်ပြန်တော်လှန်ရေး' အဖြစ် သတ်မှတ်၍နှိပ်ကွပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဟန်ဂေရီအစိုးရက နာဂီကို မျက်မှောက်ခေတ်ပြုပြင်ပြောင်းလဲရေးအယူအဆများကို မျိုးစေ့ချခဲ့သော နိုင်ငံရေး သုခမိန်အဖြစ် ဂုဏ်ပြုခဲ့ပြီးနောက် ယင်းစျာပန အခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းအခမ်းအနားကို အင်မရေ ပေါ်ဇင်ကေး အပါအဝင် လူထု နှစ်သိန်းခွဲတက်ရောက်ခဲ့သည်။ ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဂရော့ဇ် မတက်ရောက်ခဲ့ချေ။

ဟန်ဂေရီ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးတစ်ရပ်ကို ၁၉၈၉ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပရာ ကာရိုလီ ဂရော့ဇ်ကို သွယ်ဝိုက်ရည်ညွှန်းသော ဝေဖန် ဆွေးနွေးချက်များကို တင်ပြလာကြသည်။ ထို အစည်းအဝေးတွင် ၁၉၈၉ ခုနှစ် မေလက ယာန်ဇိစ်ကာဒါ နုတ်ထွက်သွား၍ လစ်လပ်နေခဲ့သော ပါတီဥက္ကဋ္ဌ နေရာတွင် ပြုပြင်ပြောင်းလဲရေးဝါဒီ ရက်ဇိုး အင်ယာစ် (၆၆ နှစ်) ကို ရွေးချယ်တင်မြှောက်သည်။ အင်ယာစ်သည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလိုလားသူများ လှုပ်မိုးသည့် ပါတီသဘာပတိအဖွဲ့၏ဥက္ကဋ္ဌအဖြစ် စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ရှေဆောင်ရွက်ပြုခဲ့သူ ဖြစ်သည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလကုန်ထိ ဟန်ဂေရီ ကွန်မြူနစ်ပါတီသည် ထူးခြားသော ဆောင်ရွက်ချက် လေးရပ်ကို လုပ်ဆောင်ခဲ့သည်။

(၁) စာနယ်ဇင်း စိစစ်ရေးကို ဖျက်သိမ်းပေးခြင်း။

(၂) သဘာဝ ထိန်းသိမ်းရေးအဖွဲ့များက ကန့်ကွက်ဆန္ဒပြနေခြင်းကို လိုက်လျောသည့် အနေဖြင့် ဒင်ဆျုမြစ်အတွင်း ရေကာတာတည်ဆောက်ရေး စီမံကိန်းကို ပယ်ဖျက်ခြင်း။

(၃) ၁၉၅၆ ခုနှစ်က 'လူထုအုံကြွမှု'ကို 'တန်ပြန်တော်လှန်ရေး' အဖြစ် ယူဆခြင်းကို စွန့်လွှတ်၍

လ ၁၉ ရက်နေ့က နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်း၍ တစ်ပါတီစနစ်ကို ချုပ်ငြိမ်းစေကာ အတိုက် အခံပါတီများကို တရားဝင် အသိအမှတ် ပြုလုပ်သည်။ ယင်းဥပဒေကို ထောက်ခံမဲ ၃၂၃ မဲ၊ ကန့်ကွက်မဲလေးမဲ၊ ကြားနေ ၁၅ မဲ ဖြင့် အတည်ပြုခြင်းဖြစ်သည်။ အလုပ်ရုံ၊ တပ်ဖွဲ့၊ ရုံးဌာနများတွင် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်းကို ပိတ်ပင်သည့်ဥပဒေကို ထောက်ခံမဲ ၂၇၉ မဲ၊ ကန့်ကွက်မဲ ၄၄ မဲ၊ ကြားနေ ၁၂ မဲဖြင့် အတည်ပြုသည်။ ထို့ပြင် ကွန်မြူနစ်ပါတီကို ကာကွယ်စောင့်ရှောက်ရန် ၁၉၅၆ ခုနှစ် လူထု အုံကြွမှုကာလနောက်ပိုင်းမှစ၍ ဖွဲ့စည်းထားခဲ့သော အလုပ်သမားပြည်သူ့စစ်အမည်ခံ လက်နက်ကိုင်တပ်ဖွဲ့များကို လွှတ်တော်က ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှစ၍ လုံးဝဖျက်သိမ်းပေးလိုက်သည်။ ထိုလုပ်ငန်းစဉ်သည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကြားကာလတွင် မလုပ်မဖြစ်သော လုပ်ငန်းစဉ် ဖြစ်သည်ဟု ဝန်ကြီးချုပ် နီမက်က ကြေညာခဲ့သည်။

၁၉၅၆ ခုနှစ် လူထုအုံကြွမှု အထိမ်းအမှတ်အဖြစ် ဟန်ဂေရီ ပြည်သူ ထောင်ပေါင်းများစွာတို့ ပထမဦးဆုံး သောနှစ်ပတ်လည်အခမ်းအနားကို ကျင်းပနေစဉ် ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် လွတ်လပ်သော ဟန်ဂေရီသမ္မတနိုင်ငံအဖြစ်ကြေညာလိုက်သည်။ ဟန်ဂေရီ နိုင်ငံ၏ ၁၉၄၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ စတာလင်ဝါဒဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို ဖြုတ်ပယ်ပစ်လိုက်ပြီး နောက် ယင်းအခြေခံဥပေဒအရ ဟန်ဂေရီ ဆိုရှယ်လစ် ပြည်သူသမ္မတနိုင်ငံဟု ခေါ် ဝေါ် သုံးနှုန်းခြင်း မပြု တော့ဘဲ ဟန်ဂေရီသမ္မတနိုင်ငံဟု သုံးနှုန်းခေါ် ဝေါ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဟွတ်ခ်, ဆစ်ဒနီ (ခရစ် ၁၉၀၂–၁၉၇၉)။ ။အမေရိကန် တတ်သိပညာရှင်လောကကို ၁၉၃၀ ပြည့်လွန်နှစ်များနှင့် ၁၉၄၀ ပြည့်လွန်နှစ်များအတွင်းက ကိုင်လှုပ်ခဲ့သော တွေးခေါ်မြော်မြင်မှု သဘောတရား ဆွေးနွေးပဲ့များ၌ အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး အမေရိကန် ပြည်ထောင်စုသမိုင်းတွင် မာ့က်စ်ဝါဒကို အကောင်းဆုံးနှင့် အစောဆုံး ဖွင့်ဆို ရှင်းလင်း ဝေဖန်သုံးသပ်ခဲ့သူ တစ်ဦး အဖြစ် သတ်မှတ်ခံရသည့် ဒဿနိကပေဒ ပါမောက္ခ ဆစ်ဒနီ ဟွတ်ခ်ကို ၁၉၀၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဘရွတ်ကလင်း ဆင်းရဲသား ရပ်ကွက်လေးများတွင် နေထိုင်ကြီးပြင်းခဲ့ရသည်။ ထိုစဉ်က ဆိုရှယ်လစ်ဝါဒကို နှစ်သက်ခဲ့သည်။ ပွင့်လင်းစွာ ပြောဆိုနေထိုင်တတ်သည့်အလျောက် အစွန်းရောက် အယူဝါဒ ပြင်းထန်သော ကျောင်းသား တစ်ဦးအဖြစ် သတ်မှတ်ခံရသည်။ ၁၉၁၉ ခုနှစ်တွင် ဘရွတ်ကလင်း အထက်တန်းကျောင်းမှ အခြေခံ အထက်တန်း ပညာအဆင့် အောင်မြင်သည်။

ထို့နောက် ဟွတ်ခ်သည် နယူးယောက်မြို့ ကောလိပ် ကျောင်း၌ ဒဿနိကပေဒဘာသာကို ဆည်းပူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ဘွဲ့ရရှိသည်။ ဒဿနိကပေဒ ထူးချန်မှု ဂုဏ်ပြုလက်မှတ်ကိုပါ ရရှိခဲ့ခြင်း ဖြစ်သည်။ ပထမ ကမ္ဘာစစ် ဖြစ်ပွားပြီးချိန်တွင် အမေရိကန်နိုင်ငံ၌ တော်လှန်သော မာ့က်စ်ဝါဒသည် ယုံကြည်သူအဖို့ အန္တရာယ် ကျရောက်နိုင်သောဝါဒ ဖြစ်နေသော်လည်း ဟွတ်ခ်က မာ့က်စ်ဝါဒီ ဖြစ်ကြောင်း ပြောင်ပြောင်တင်းတင်း ဝန်ခံသည်။ သို့ရာတွင် တရားသေ ယုံကြည်ကိုးကွယ်သူ မဟုတ်ကြောင်းကိုလည်း ပြောလေ့ရှိသည်။ ၁၉၂၃ ခုနှစ်တွင် နယူးယောက်မြို့၌ အခြေမံ အထက်တန်းပြဆရာအဖြစ် အသက်မွေးခဲ့သည်။ တစ်ဖက်ကလည်း ကိုလံဘီယာ တက္ကသိုလ်တွင် ဒဿနိကပေဒ ဘွဲ့လွန်တန်း၌ ဆက်လက် ပညာဆည်းပူးခဲ့သည်။ ထိုအချိန်တွင် အသုံးချမှု အဓိကဝါဒီ ဒဿနိကပေဒ ပညာရှင်နှင့် ပညာရေး လမ်းညွှန်သူ ဂျွန် ဒျူအီ (၁၈၅၉–၁၉၅၂) ၏ အတွေးအမြင်များကို ပထမဆုံးခံယူလေ့လာခွင့် ရရှိသည်။ နောက်ပိုင်းတွင် နှစ်ဦးသား ရင်းနှီးကျွမ်းဝင်လာကာ သုတေသနလုပ်ငန်း၌ နှစ်ပေါင်းများစွာ တွဲဖက်၍ လုပ်ဆောင်ခဲ့ကြသည်။ ဟွတ်ခ်သည် ကိုလံဘီယာ တက္ကသိုလ်မှ ၁၉၂၆ ခုနှစ်တွင်မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း ၁၉၂၇ ခုနှစ်တွင် ပါရဂူဘွဲ့ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ ဟွတ်ခ်၏ ပါရဂူဘွဲ့အတွက် ပြုစုသော လက်တွေ့ပဓာနဝါဒ၏ တက္ကိကပေဒ အမည်ရှိ ကျမ်းတွင် ဒျူအီ၏ အတွေးအခေါ်ကို ဖွင့်ဆို ရှင်းလင်း တင်ပြထားသည်။ ဟွတ်ခ် သက်တမ်းတစ်လျှောက် ရေးသား၊ တည်းဖြတ် ထုတ်ဝေခဲ့သော စာအုပ် ၃၀ ကျော်တွင် ယင်းကျမ်းသည် ပထမဆုံးလက်ရာဖြစ်သည်။

ဟွတ်ခ်သည် ၁၉၂၇ ခုနှစ်တွင် နယူးယောက်တက္ကသိုလ်၏ ဝါရှင်တန်နယ်မြေကောလိပ်၌ ဒဿနိကပေဒ နည်းပြဆရာ ဖြစ်လာသည်။ နောက်တစ်နှစ်တွင် ဂပ်ဂင်ဟိုင်း ဂုဏ်ထူးဆောင် သုတေသီဆု ချီးမြှင့်ခံရ၍ ဟောဂယ်ဝါဒ နောက်ပိုင်း ပေါ်ထွန်းလာသော အတွေးအခေါ်များကို ဘာလင်တက္ကသိုလ်နှင့် မြူးနစ်တက္ကသိုလ်တို့၌ နှစ်နှစ်ကြာ လေ့လာဆည်းပူးခဲ့သည်။ ထို့နောက် မော်စကိုမြို့ရှိ မာ့က်စ်အိန်ဂဲစ်တက္ကသိုလ်၌လည်း ဆက်လက် ဆည်းပူးခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် နယူးယောက်တက္ကသိုလ်၌ လက်ထောက် ပါမောက္ခအဆင့်သို့ တိုးမြှင့်ခန့်ထားခံရသည်။ နှစ်နှစ်ခန့် ကြာသော် တွဲဖက်ပါမောက္ခ ဖြစ်လာသည်။ ဟွတ်ခ်၏ ထူးချန်သော သင်ကြားပို့ချမှုနှင့် ထင်ရှားသော စာအုပ်



ဒဿနပညာရှင် ဆစ်ဒနီ ဟွတ်ခ်

စာတမ်း အမြောက်အမြား ပြုစုထုတ်ဝေနိုင်မှုတို့ကို အသိအမှတ်ပြုသောအားဖြင့် ဒဿနိကဓေဒဌာန၏ အကြီးအကဲအဖြစ် တာဝန်အပ်နှင်းခံရသည်။ ထိုအချိန်တွင် ဟွတ်ခ် ပြုစုသော "ကားလ် မာ့က်စ်ကို နားလည်ခြင်း – တော်လှန်သော ဖွင့်ဆိုရှင်းလင်းချက်" (၁၉၃၃)အမည်ရှိစာအုပ်သည် အထူးထင်ရှားလျက် ရှိသည်။ နောက်ပိုင်းတွင် "ဟေဂယ်မှမာ့က်စ်အထိ–ကားလ်မာ့က်စ်၏ သိစွမ်းဖွံ့ဖြိုးမှုလေ့လာချက်များ" (၁၉၃၆) ကို ဆက်လက်ပြုစုထုတ်ဝေသည်။ ယင်းစာအုပ်နှစ်အုပ်သည် အမေရိကန် တွေးခေါ်ပညာရှင်များ ပြုစုဖူးသမျှ မာ့က်စ်ဝါဒ အတွေးအခေါ်ဝေဖန်ရေး စာအုပ်များတွင် အကောင်းဆုံး စာအုပ်များအဖြစ် ယနေ့တိုင် သတ်မှတ်ခံရသည်။

မည်သို့ပင်ဖြစ်စေ ထိုအချိန်တွင် ဆစ်ဒနီ ဟွတ်ခ်၏ နိုင်ငံရေးအတွေးအမြင်သည် အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲခဲ့ပြီ ဖြစ်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းအထိ ဟွတ်ခ်သည် တော်လှန်သော ဆိုရှယ်လစ်ဝါဒဘက်က ပြင်းထန်စွာ ရပ်တည် ဆွေးနွေးလေ့ ရှိခဲ့ပြီး အမေရိကန် ကွန်မြူနစ်ပါတီသို့ မဝင်ခဲ့လင့်ကစား ၁၉၃၂ ခုနှစ် ရွေးကောက်ပွဲ၌ ယင်း ပါတီကို ထောက်ခံခဲ့ဖူးသည်။ သက်တမ်း တိုတောင်းလှသော အမေရိကန် အလုပ်သမား ပါတီကို ၁၉၃၄ ခုနှစ်တွင် ထူထောင်သော အခါ၌လည်း အကူအညီပေးခဲ့သည်။ ထိုအချိန်တွင် အမေရိကန် ပညာစာတတ် အများအပြားသည် အရင်းရှင်စနစ်အစား ကွန်မြူနစ်စနစ်ဖြင့် အစားထိုးရလျှင် နိုင်ငံကြီးပွား တိုးတက်နိုင်မည်ဟု ယုံကြည် နေကြပေသည်။ ဂျာမနီနိုင်ငံတွင် ဖက်ဆစ်ဝါဒ ခေါင်းထောင်လာ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသော အချိန်၊ စီးပွားရေး ကပ်ကြီး၏ ဒဏ်ကို ခါးဆီးခံနေကြရသောအချိန်တွင် ထိုသို့ ယုံကြည် နေကြခြင်း ဖြစ်သည်။

တော်လှန်သော ဆိုရှယ်လစ်ဝါဒကို ထက်သန်စွာ ယုံကြည်နေမှုသည် ၁၉၃၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလတွင် ဟွတ်ခ်၏ ရင်ထဲတွင် ခေါင်းပါးစပြုလာသည်။ စတာလင်ဝါဒ လွှမ်းမိုးနေသော ရုရှားနိုင်ငံတွင် ဆိုရှယ်လစ်ဝါဒ၏ အခြေခံမူများကို ရက်စက်စွာ ချေဖျက်နေပြီဟု ရှုမြင်စ ပြုလာသည်။ မော်စကိုမြို့၌ ၁၉၃၆ ခုနှစ်နှင့် ၁၉၃၇ ခုနှစ်တို့တွင် ဟန်ပြတရားခွင်များဖြင့် ဖိနှိပ်နေပုံကို ဖွင့်ချရန် စတင် ကြိုးပမ်းခဲ့သည်။ ဆိုဗီယက် နိုင်ငံရေး သုခမိန် လီယွန် ထရော့စကီး . (၁၈၇၉ – ၁၉၄၀) ကို အကာအကွယ်ပေးရေးကော်မတီတစ်ရပ် ဖွဲ့စည်းရာ၌ ပါဝင် ကူညီခဲ့သည်။ ထိုစဉ်က အမေရိကန် ပြည်ထောင်စုတွင် ဆိုဗီယက်ကို လိုလားသော အယူအဆများ အင်အား ကြီးမားနေဆဲဖြစ်သည့်အလျောက် ဟွတ်ခ်၏ရပ်တည်ချက် ကြောင့် ပြင်းထန်ခါးသီးသော နိုင်ငံရေး ဆွေးနွေးမှုများ ပေါ်ထွန်းစေခဲ့သည်။ လက်ဝဲ အသိုင်းအဝိုင်းတို့တွင် ဟွတ်ခ်ကို သစ္စာဖောက်အဖြစ် သဘောထားခဲ့ကြသည်။

ဟွတ်ခ်၏ ပြတ်သားခိုင်လုံသော ဆွေးနွေးတင်ပြချက်များကြောင့် အကြွင်းမဲ့ အာဏာရှင်ဝါဒ၏ အန္တရာယ်ကို ရှုမြင် နားလည်နိုင်ခဲ့ကြသည်ဟု ဆိုသည်။ ၁၉၃၉ ခုနှစ်တွင် ယဉ်ကျေးမှု လွတ်လပ်ရေး ကော်မတီကို ဟွတ်ခ်က ဖွဲ့စည်းခဲ့ရာ ယင်းကော်မတီသည် စတာလင်ဝါဒကို အမေရိကန် ပညာတတ်တို့ ကျယ်ပြန့်စွာ ကန့်ကွက်နိုင်ရန် ဗဟိုဆောင်ဦး စွမ်းဆောင်ခဲ့သော အဖွဲ့အစည်း ဖြစ်သည်။ ဟွတ်ခ်သည် သိပ္ပံပညာများနှင့် ဒဿနိကဓေဒဆိုင်ရာ ညီလာခံတစ်ရပ်ကို စည်းရုံးကျင်းပခဲ့သည်။ ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်တွင် သိပ္ပံနည်းကျ စုံစမ်း ဖော်ထုတ်ရေး နည်းလမ်းများကို အသုံးချခြင်းဖြင့် အာဏာရှင် သဓာဘာထားများကို တန်ပြန်ရန် ယင်းညီလာခံကြီးက နှီးဆော်ခဲ့သည်။ ထိုအချိန်မှစ၍ ဟွတ်ခ်သည် အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ကို နှိုင်းယှဉ်ရွေးချယ်ရေးထက် အကြွင်းမဲ့ အာဏာရှင်စနစ်နှင့် နိုင်ငံရေးဒီမိုကရေစီကို အခြေခံသော လွတ်လပ်သော လူဘောင် ထူထောင်ရေး စနစ်တို့ကို နှိုင်းယှဉ်ရွေးချယ်ရေးအတွက် ပိုမိုအလေးပေး၍ ဆွေးနွေးတင်ပြခဲ့သည်။

. ဟွတ်ခ်သည် ၁၉၃၉ ခုနှစ်တွင် နယူးယောက် တက္ကသိုလ်၌ အချိန်ပြည့်ပါမောက္ခဖြစ်လာသည်။ "ဂျွန်ဒျူ။ အိ – တတ်သိပညာ ရပ်ပုံလှာ" (၁၉၃၉)၊ "အကြောင်းယုတ္တိ၊ လူမှုပုံပြင်နှင့် ဒီမိုကရေစီ" (၁၉၄၀) အမည်ရှိ စာအုပ်များကို ရေးသားခဲ့သည်။ ဒုတိယ စာအုပ်ထဲတွင် ဟစ်တလာ (၁၈၈၉–၁၉၄၅)၊ မူဆိုလိနီ (၁၈၈၃–၁၉၄၅) နှင့် စတာလင် (၁၈၇၉–၁၉၅၃) တို့၏ ဝါဒဖြန့်ချက်များသည် ဒီမိုကရေစီကို ခြိမ်းခြောက်နေကြောင်းဖြင့် ဟွတ်ခ်က ကြိုတင် သတိပေး ရေးသားခဲ့သည်။ "သမိုင်း

သူရဲကောင်း ကန့်သတ်ချက်နှင့် ဖြစ်နိုင်ခြေကို လေ့လာခြင်း” (၁၉၄၃) အမည်ရှိ စာအုပ်ကိုလည်း ရေးသားခဲ့ရာ နိုကိုလပ် မာရေးဘတ္တလာ ဂုဏ်ထူးဆောင် ဒေတံဆိပ်ဆုရရှိခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတွင် ဆိုဗီယက်ပြည်ထောင်စုကို မဟာမိတ်အဆင့် သဘောမထားဘဲ စစ်မက်ယှဉ်တဲ့ တိုက်ဖော် တိုက်ဖက် အဖြစ်သာ သဘောထားသင့်ကြောင်း ဟွတ်ခ်က တင်ပြခဲ့သည်။ စစ်အေးတိုက်ပဲ့ပေါ်ထွန်းလာသောအခါ ဟွတ်ခ်သည် အမေရိကန် တတ်သိပညာရှင် အသိုင်းအဝိုင်းနှင့် ယဉ်ကျေးမှုနယ်ပယ်မှ ထင်ရှားသော ပုဂ္ဂိုလ်အများစုကို အမေရိကန်ယဉ်ကျေးမှုလွတ်လပ်ရေး ကော်မတီသို့ ဝင်ရောက်လာစေရန် စည်းရုံးခဲ့သည်။ စစ်အေးတိုက်ပဲ့ကို ထောက်ခံသော်လည်း အစွန်းရောက်သော မက္ကာသီဝါဒကိုမူ ဆန့်ကျင်ခဲ့သည်။ “ထိုးထွင်းဉာဏ်နှင့် ပဋိမမြောက် ပြင်ဆင်ချက်” (၁၉၅၇) စာအုပ်၌ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်သည် အပြစ်ရှိသူ ကွန်မြူနစ်တို့အဖို့ ခိုလှုံရာဖြစ်စေပြီး အပြစ်မဲ့သူများကိုမူ အကာအကွယ် မပေးနိုင်ကြောင်းဖြင့် ထောက်ပြဝေဖန်ခဲ့သည်။ “နိုင်ငံရေးအာဏာနှင့် ပဂ္ဂလိက လွတ်လပ်ခွင့်” (၁၉၅၉) အမည်ရှိ စာအုပ်တွင် အန္တိမ လက်နက်သည် ဟိုက်ဒရိုဂျင်ဗုံး မဟုတ်၊ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်နှင့် လွတ်လပ်ရေးအတွက် လိုအပ်လျှင် အသက်ပေးရန် ဝန်မလေးသော သံမဏိစိတ်ဓာတ်သည်သာ ပိုမို၍ စွမ်းပကား ကြီးမားသော လက်နက်ဖြစ်သည်ဟု ရေးသားခဲ့သည်။ “လွတ်လပ်ခွင့်၏ လေးနက်သော အမှန်တရားများ” (၁၉၆၂) အမည်ရှိ စာအုပ်တွင် ဟွတ်ခ်သည် လူအခွင့်အရေး ပြဿနာများကို လည်းကောင်း၊ အာဏာပိုင်တို့ကို ဒီမိုကရေစီ နည်းဖြင့် ဆင်နွှဲသော တော်လှန်ရေး၏ အားနည်းချက်များကို လည်းကောင်း နိုင်ငံရေး တွေးခေါ် မြော်မြင်မှု သဘောတရား ဆိုင်ရာ ပြဿနာများအဖြစ် တင်ပြ ဆွေးနွေးခဲ့သည်။

ဟွတ်ခ်သည် “ခြေလှမ်းကျဲခြင်း” အမည်ရှိ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ကိုလည်း ပြုစုခဲ့သည်။ ကိုယ်ရေးကိစ္စအကြောင်းအရာ မပါရှိလှဘဲ ညီလာခံများ၊ ကြေညာစာတမ်းများ၊ နိုင်ငံရေး ဆွေးနွေးချက်များကို အသေးစိတ်စုစည်း တင်ပြထားသည်။ ဟွတ်ခ်သည် သတင်းစာနှင့် မဂ္ဂဇင်းများတွင်လည်း ဆောင်းပါးနှင့် စာတမ်း ပုဒ်ရေ ၁၀၀၀ ကျော် ရေးသားခဲ့သည်။ ၁၉၅၈ ခုနှစ်က ဖို့ဒ် ဖောင်ဒေးရှင်း ခရီးသွား သုတေသီဆုကို အပ်နှင်းခံရ၍ အာရှတိုက်၏ အတွေးအခေါ်နှင့် ယဉ်ကျေးမှုကို လေ့လာခဲ့ရာ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ ရောက်ခဲ့ဖူးသည်။

ဟွတ်ခ်သည် မိန်းပြည်နယ်တက္ကသိုလ်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ ဥတာတက္ကသိုလ်၊ ဖလော်ရီဒါတက္ကသိုလ် စသည့် တက္ကသိုလ် အများအပြားမှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကိုလည်း ဆွတ်ခူး ရရှိခဲ့သည်။ လူသားများအား စာနာထောက်ထား ကူညီရေးဆိုင်ရာ အမျိုးသား ရန်ပုံငွေအဖွဲ့တွင်လည်း သောမတ်ဂျက်ဖာဆင် ဂုဏ်ထူးဆောင် ပညာရှင်အဖြစ် ခန့်အပ်ခံရသည်။ သမ္မတ၏ လွတ်လပ်ရေး ဂုဏ်ထူးဆောင် ဆုတံဆိပ်ကို ၁၉၆၅ ခုနှစ်တွင် ဆွတ်ခူးခဲ့သည်။ အမေရိကန် ဝိဇ္ဇာနှင့်သိပ္ပံ ပညာတံခွန်အသင်းတွင် အမှုဆောင်ဖြစ်သည်။

လက်တွေ့ပဓာနဝါဒကို ရှင်းလင်းတင်ပြခဲ့ပြီး ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သူ ဖြစ်သော်လည်း အထက်လွှတ်တော် အမတ် ဂျိုးဇက် မက္ကာသီ၏ ကွန်မြူနစ်နှိပ်ကွပ်မှု စစ်ဆင်ရေးအစီအမံသည် ပြည်သူလွှတ်လပ်မှု အခွင့်အရေး အစဉ်အလာကို ထိပါးသည်ဟု ဗေဒဆော်ဦးဝေဖန်ခဲ့သူ တွေးခေါ်ပညာရှင် ဆစ်ဒနီ ဟွတ်ခ်သည် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က အမေရိကန် ပြည်ထောင်စု စတန်းဖို့မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

အကြောက်လွန်ခြင်း။ ။မြေကိုမြင်လျှင်၊ အမြင့်သို့တက်လျှင်၊ တစ်ကိုယ်တည်းနေလျှင်၊ စက်လှေကားကိုစီးလျှင်၊ လေယာဉ်စီးလျှင် ကြောက်လန့်သူများကို တွေ့ရတတ်သည်။ လူစုလူဝေး၊ မျောင်မည်းခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ကို ကြောက်လန့်တတ်သူများလည်းရှိသည်။ အကြောက်လွန်ခြင်းဆိုသည်မှာ လူအများစုအား စိုးရွံ့ထိတ်လန့်မှု မဖြစ်စေသော ပစ္စည်းတစ်ခု၊ လှုပ်ရှားမှုတစ်ရပ်၊ အခြေအနေတစ်ရပ်စသည်တို့ကို ဝေဖန်ပိုင်းခြားမှု မရှိဘဲ သတိလက်လွတ် ထိတ်လန့်တုန်လှုပ် ချောက်ချားခြင်း ဖြစ်သည်။

ယင်းဝေဒနာသည် လူအနည်းငယ်မျှကိုသာ စွဲကပ်တတ်ပြီး ဆန်းကြယ်၍ ကုသမရနိုင်ဟု ဆယ်စုနှစ်ပေါင်းများစွာ ယူဆလာခဲ့ကြသည်။ သုတေသန ပညာရှင်တို့သည် ယင်းဝေဒနာ၏ ဇာစ်မြစ်နှင့် စပ်လျဉ်း၍ အငြင်းပွားနေကြဆဲဖြစ်သည်။ မျိုးဗီဇအရ ဖြစ်လွယ်ခြင်းလော၊ ပတ်ဝန်းကျင်ကြောင့်လော၊ နေထိုင်ကြီးပြင်းခဲ့ရသည့် ဘဝကြောင့်လော၊ ထိတ်လန့်စရာ ကြုံခဲ့ဖူး၍လော၊ စိတ်ဖိစီးခြင်းကြောင့်လော၊ ယင်းအကြောင်းတရားတို့ စုပေါင်းရိုက်ခတ်ခြင်းကြောင့်လောဟူ၍ တွေးဆနေကြဆဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာပေါ်၌ စိတ်ဝေဒနာအားလုံးတို့တွင် အတွေ့ရ အများဆုံး ဝေဒနာဖြစ်နေချေပြီ။ အမေရိကန်ပြည်ထောင်စုတွင် ယင်းဝေဒနာ စွဲကပ်သူ ၁၃ သန်းကျော်ရှိနေ၍ အရက်စွဲရောဂါပြီးလျှင် ဒုတိယအများဆုံး တွေ့ရ

သည့် စိတ်ကျန်းမာရေး ပြဿနာဖြစ်သည်။ ကုထုံးသစ်များကိုလည်း တွေ့ထားပြီးဖြစ်သည်။

အမျိုးအစားငါးမျိုး

အကြောက်လွန်ဝေဒနာများကို ခွဲခြားကြည့်လျှင် အဓိက အုပ်စုကြီးငါးမျိုးကို တွေ့ရသည်။ အတွေ့ရအများဆုံးမှာ သာမန် အကြောက်လွန်ခြင်းဖြစ်သည်။ အခြေအနေသို့မဟုတ် အတွေ့အကြုံတစ်မျိုး၊ နှစ်မျိုးကို ကြောက်ခြင်းဖြစ်သည်။ အမြင့်မတက်ရဲခြင်းနှင့် စက်လှေကားကို မစီးရဲခြင်း စသည်တို့ ဖြစ်သည်။ ဒုတိယ တစ်မျိုးဖြစ်သော လူမှုရေး အကြောက်လွန်ခြင်းသည် စိတ်ကျဉ်းကျပ်ခြင်း၊ ရှက်ရွံ့ခြင်းတို့ကြောင့် ထိတ်လန့်နေခြင်းဖြစ်သည်။ ပရိသတ်ရှေ့၌ စကားမပြောရဲခြင်းမျိုး ဖြစ်သည်။ အခွံကြလူအများရှေ့၌ မစားရဲကြခေါ်။ အခွံကမူ တစ်စုံတစ်ယောက်၏ ရှေ့မှောက်၌ လက်မှတ်မထိုးရဲခေါ်။ တိရစ္ဆာန်ကို အကြောက်လွန်ခြင်းကြောင့် များသောအားဖြင့် မြွေနှင့်ပင့်ကူတို့ကို လန့်ကြသည်။ အခွံကခွေး၊ ကြောင်နှင့် ငှက်ကိုပင် ကြောက်တတ်ကြသည်။ သွေးထွက်သံယိုဖြစ်ရပ်ကို အကြောက်လွန်ခြင်းတွင် သွေးမြင်လျှင်လန့်ခြင်း၊ နာမည်ကိုတွေးလျှင်လန့်ခြင်း၊ ဆေးကုသခံရမည့် အရေး၊ ခံတွင်းနှင့် သွားဆရာဝန်ထံ ပြသရမည့်အရေးကို ထိတ်လန့်ခြင်းတို့ပါ အကျုံးဝင်သည်။

ပဉ္စမမြောက် အမျိုးအစားမှာ အရွယ်ထွေးဆုံး အကြောက်လွန် ဝေဒနာပုံသဏ္ဌာန် ဖြစ်သည့် လေဟာကြောက်လွန်ခြင်း (Agoraphoria) ဖြစ်သည်။ အန္တရာယ်မရှိသော လူတစ်ဦး သို့မဟုတ် နေရာတစ်နေရာမှ ခွဲခွာ၍ သွားရမည်ကို စိုးရွံ့ခြင်းဖြစ်သည်။ ပလာဟင်းလင်းပြင်ကွက်လပ်ကြီးထဲတွင် ကြောက်လန့်နေတတ်သည်။ အခွံသည် နှစ်ပေါင်းများစွာ အိမ်တွင်းအောင်းနေတတ်သည်။ အခွံသည် ကျောင်းသို့ စတင်ပို့ခံရသည့် ပထမဆုံးနေ့က သူငယ်တန်းကလေးငယ်ပမာ ခင်ပွန်းသည်ကိုဖြစ်စေ၊ အားထားစရာပုဂ္ဂိုလ် တစ်ဦးဦးကိုဖြစ်စေ တွယ်ကပ်နေတတ်သည်။

အကြောက်လွန်ခြင်း အားလုံးတို့နှင့် ဆက်စပ်နေသော ဝေဒနာတစ်မျိုးမှာ ပိတ်လှောင် ကြောက်လွန်ခြင်း ဖြစ်သည်။ "……လျှင်ဒုက္ခပဲ"ဟု ကြိုတွေးကာ အင်အားနုံးချိ၍ အကြောက်လွန်ခြင်းဝေဒနာတစ်ခု ပေါ်လာခြင်းဖြစ်သည်။ "ဆရာဝန်၏အခန်းက ပဉ္စမထပ်မှာဆိုလျှင် ဒုက္ခပဲ၊ ဓာတ်လှေကားနှင့် တက်ရတော့မည်" "ဓာတ်လှေကား လမ်းမှာပျက်လျှင် ဒုက္ခပဲ" စသည်ဖြင့် မီးခိုးကြက်လျှောက် စဉ်းစားမိတတ်သည်။ ထိုအခါ အကြောက်လွန်ခြင်း ရောဂါလက္ခဏာစုတို့ ပေါ်လာတော့သည်။

လူမှုရေးအကြောက်လွန်ခြင်းမှအပ အခြားအကြောက်လွန် ဝေဒနာအားလုံးတို့သည် အမျိုးသားများထက် အမျိုးသမီးများတွင် ပိုမိုစွဲကပ်တတ်သည်။ အကြောက်လွန်ဝေဒနာတို့သည် အရွယ်မရွေး စွဲကပ်တတ်သော်လည်း အများစုသည် အသက် ၁၅ နှစ်မှ ၃၀ ထိ အပိုင်းအခြား၌ စတင်စွဲကပ်တတ်သည်။ တိရစ္ဆာန်အကြောက်လွန်ခြင်းမှာ မူ ကလေးဘဝကပင် စွဲကပ်တတ်သည့် သဘောရှိသည်။ ကုထုံးပညာရှင်တို့၏ လေ့လာတွေ့ရှိချက်အရ အကြောက်လွန်ရောဂါ စွဲကပ်သူတို့သည် အလွန်အကြူး စိတ်ကူးယဉ်တတ်ကြောင်း၊ ခြောက်ပြစ်ကင်း သဲလဲစင် အခြေအနေမျိုးကို မျော်မှန်းတတ်ကြောင်း၊ သာယာမှုကို မက်မောလွန်းကြောင်း၊ ဝေဖန်မှုကိုဆတ်ဆတ်ထိ မခံတတ်ကြောင်း၊ တစ်ဖက်သား၏ ခံစားချက်များကို အထအနကောက်ဟတ်ကြောင်းတို့ကို တွေ့ရှိရသည်။ အကြောက်လွန်ဝေဒနာရှိသူ အများအပြား၏ ဆွေမျိုးသားချင်းများထဲတွင် အကြောက်လွန်ဝေဒနာစွဲသူ၊ စိတ်ကျရောဂါစွဲသူတို့ ရှိကြောင်း တွေ့ရှိရသည်။

အကြောက်လွန် ဝေဒနာသည် ဆိုက်ကိုးစစ်ဆန်သော စိတ်ရောဂါမျိုးကား မဟုတ်ပါ။ ဘဝအမှန်နှင့် အဆက်ပြတ်ကာ ဆေးရုံတင်၍ ကုသခံရမည့် အဆင့်မျိုးမဟုတ်ပါ။ အကြောက်လွန်၍ ဝေဒနာစွဲလင့်က စား များသောအားဖြင့် မိသားစုအပေါ် ကောင်းမွန်သူများ၊ ဝန်ထမ်းကောင်းများနှင့် မိတ်ဆွေကောင်းများ ဖြစ်ကြသည်။ ထို့ကြောင့် အခွံ့ကုထုံးပညာရှင်တို့က "အရည်အသွေးပြည့်သူ"တို့၏ ဝေဒနာဟု ခေါ်တတ်ကြသည်။ အကြောက်လွန်စေသော အခြေအနေနှင့် မကြုံသောအချိန် သို့မဟုတ် ကြုံရမည်ဟု မတွေးမိသော အချိန်တွင် စိတ်အခြေအနေသည် ပုံမှန်အတိုင်းပင် စံမီလျက်ရှိသည်။ အကြောက်လွန်စေသော အခြေအနေနှင့် ကြုံသည့်အချိန်အတွင်း ယင်းအခြေအနေမှ လွတ်ရာလွတ်ကြောင်း ကြိုးပမ်းခိုက်မှ တစ်ပါး ဝေဒနာရှင်သည် ပုံမှန်အတိုင်းပင် ဖြစ်သည်။ အတွေ့ရများသော စရိုက်လက္ခဏာမှာ ယင်းအခြေအနေသို့ မသက်ဆင်းမိအောင် တတ်နိုင်သမျှ ရှောင်ခြင်းဖြစ်သည်။

အကြောက်လွန် ရောဂါသည်တို့သည် ယင်းဝေဒနာကြောင့် စိတ်ကျဉ်းကျပ်သည့်အခါ သူတို့ရှောင်လွှဲနိုင်ရေးအတွက် ဖုံးဖုံးဖိဖိပြောတတ်ကြသည်။ ဥပမာ – "စားသောက်ဆိုင် အတွင်းသို့ဝင်လျှင် ကြောက်စိတ်ဝင်ကာ မည်သူကိုမျှ စကားမပြောနိုင်တော့ဘဲ မှုန်းကျပ်လာမည်ဖြစ်၍ မဝင်လိုပါ"ဟု ရင်ထဲမှာရှိသည့်အတိုင်း မပြောနိုင်ဘဲ "ထိုစားသောက်ဆိုင်ကို မကြိုက်ပါ"ဟု ပြောတတ်သည်။ အကြောက်လွန်ဝေဒနာကြောင့် ရှက်စိတ်ဝင်နေသည့်ပြင် အကြောင်းသင့်အကျိုးသင့်ရှင်းပြ၍ရသော ဝေဒနာမဟုတ်

၍ အခြားသူများအားလည်း နားလည်အောင် ရှင်းပြနိုင်ခြင်းမရှိချေ။

ကုသခြင်း

ယနေ့ခေတ်တွင် အကြောက်လွန်ခြင်းသည် ကုသနိုင်သောဝေဒနာဖြစ်ကြောင်းသိရှိထားပေပြီ။ ၇၀ ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်းထိ အောင်မြင်စွာ ကုသနိုင်ပြီဖြစ်သည်။ ထိရောက်ဆုံးသော ကုထုံးသစ်နှစ်မျိုးရှိသည်။

ရင်ဆိုင်ထိတွေ့စေခြင်းကုထုံး – ယင်းကုထုံးတွင် အခြားသူများ၊ ကုထုံးပညာရှင်နှင့် အခြားလူနာများ၏ ပံ့ပိုးမှုဖြင့်အကျိုးဖြစ်ထွန်းစေသည်။ ပံ့ပိုးသူတို့သည် အကြောက်လွန်ခြင်း၏သဘာဝကို နားလည်နေဖို့လိုသည်။ တကယ့်ဘဝအခြေအနေ အရပ်ရပ်တွင် ဒကြောက်လွန်ခြင်းကို ထိန်းနိုင်မည့် သီးခြားနည်းလမ်းများကို သိထားဖို့လိုသည်။ အကြောက်လွန်ခြင်းကိုဖြစ်စေသော အတွေ့အကြုံများကို ရင်ဆိုင်ဝံ့သည့် အစွမ်းသတ္တိဖွံ့ဖြိုးလာစေရန် အကြောက်လွန်ဝေဒနာရှင်အချင်းချင်း ကူညီယိုင်းပင်းစေမည် ဖြစ်သည်။ ယင်းသို့ အုပ်စုလိုက် လုပ်ဆောင်စေသော ကုထုံးအဆင့်သည် များသောအားဖြင့် နှစ်လမှ ခြောက်လအထိ ကြာတတ်သည်။ ထို့နောက် လူနာသည် ကုထုံးပညာရှင်ဖြစ်စေ၊ အခြား ပံ့ပိုးကူညီသူဖြစ်စေ အတူလိုက်ပါလျက် တကယ့်ဘဝ အကြောက်လွန် အခြေအနေကို ရင်ဆိုင်ကြည့်စေရမည်။ ကြောက်စိတ်လျော့ပါးစေသော နည်းနာများကို လက်တွေ့အသုံးချလျက် ရင်ဆိုင်ကြည့်စေခြင်း ဖြစ်သည်။ ကြောက်စိတ် လျော့ပါးစေသော နည်းနာများ အနက် အထောက်အကူပြုဆုံးနည်း နှစ်နည်းမှာ ၁၀၀ မှ သုံးခုခြားစီ နောက်ပြန်ရေတွက်ခြင်းနည်းနှင့် အကြောက်လွန်စရာကြုံနေခိုက် သီချင်းတစ်ပုဒ်ကိုဖြစ်စေ၊ ကဗျာတစ်ပုဒ်ကို ဖြစ်စေ ပြန်လည်ရွတ်ဆို ကြည့်နေခြင်းနည်းတို့ ဖြစ်ကြသည်။ အခြားကြောက်စိတ် လျော့စေသောနည်းမှာ ရိုးရိုးစင်းစင်းဖြစ်သည်။ ကြောက်စိတ်ပျောက်ကွယ်သွားသည်အထိ စောင့်ဆိုင်း၍ အချိန်ကို ကုန်လွန်စေသောနည်းဖြစ်သည်။

ကြောက်စိတ်ဖြေ ဆေးဝါးသုံး ကုထုံး – အထူးသဖြင့် စိတ်ကျဝေဒနာကိုဖြေသော ဆေးဝါးများသုံးစွဲ၍ ကုသခြင်း ဖြစ်သည်။ အထူးသဖြင့် အိပ်ရာဝင်ချိန်တွင် ယင်းဆေးဝါးကို တစ်နေ့လျှင် တစ်ကြိမ်နှုန်းဖြင့် ခြောက်လမှ ၁၂ လထိစွဲ၍ စားသုံးစေခြင်း ဖြစ်သည်။ အကြောက်လွန်ဖွယ် အခြေအနေကို ကြုံရသည့်အခါ ယင်းဆေးဝါးအာနိသင်ကြောင့် ကြောက်စိတ်မရှိဘဲ ရင်ဆိုင်မိခြင်းဖြင့် 'ထင်သလောက် မဆိုးပါလား' ဟူသော အသိဝင်လာစေသည်။ ထိုသို့ကြုံပြီး လပေါင်းများစွာ ကြာသောအခါ လူနာ၏အာရုံကြောစနစ်တွင် ကုသပျောက်ကင်းပြီးသော လက္ခဏာမျိုးပေါ် လာမည် ဖြစ်သည်။ ကြောက်စိတ်ထပ်မံပေါ် ပေါက်ခြင်း မရှိတော့လျှင် ကြောက်စိတ်ဖြေဆေးဝါးသုံးစွဲမှုကို ရပ်ဆိုင်းနိုင်ပြီ ဖြစ်သည်။ ထပ်မံပေါ် ပေါက်လျှင် နောက်ထပ် စမ်းသပ်ကာလတစ်ရပ် သတ်မှတ်၍ ယင်းဆေးဝါးကို သုံးစွဲစေရဦးမည် ဖြစ်သည်။

များသောအားဖြင့် ရင်ဆိုင်တွေ့ထိတွေ့စေခြင်းကုထုံးက အကြောက်လွန်၍ နေ့စဉ်ဘဝကို ရှောင်လွဲသည့်အခြေအနေဆိုက်ရောက်နေသူများအတွက် အထိရောက်ဆုံးဖြစ်သည်။ ဆေးဝါးသုံးကုထုံးမှာမူ အကြောက်လွန်အခြေအနေ မကြုံရဘဲ အလိုလို တွေး၍ ကြောက်စိတ်ဝင်နေသူများအတွက် အထိရောက်ဆုံးဖြစ်သည်။ ထို့ပြင် အခြို့ အကြောက်လွန်သူတို့အား စိုးရိမ်စိတ် လျော့ပါးစေသော ဆေးဝါးပေး၍ ကုသနိုင်သည်။ သီးခြားအကြောက်လွန်ခြင်းအမျိုးအစားဖြစ်သော လူအများရှေ့မှောက် စကားပြောဟောရမည်ကို ကြောက်ခြင်းနှင့် လေယာဉ်စီးရမည်ကို ကြောက်ခြင်းတို့ကိုမူ နှလုံးခုန်နှုန်းဖွေးစေသော ဆေးဝါးဖြင့် သက်သာရာရစေနိုင်သည်။

သို့ဖြစ်၍ အကြောက်လွန်ခြင်း ဝေဒနာရှိသူတို့သည် ကျမ်းကျင်သော စိတ်ရောဂါကုဆရာဝန်တို့နှင့် တိုင်ပင်ဆွေးနွေး၍ ကုသမှုခံယူခြင်းဖြင့် လူမှုဆက်ဆံရေး နယ်ပယ်တွင် မျော်လင့်ချက်များ ရှင်သန်နိုင်ပြီ ဖြစ်သည်။

အရွေတောင်အာရှ အားကစားပြိုင်ပွဲ။ ။ ၁၉၅၉ ခုနှစ်မှ စတင်လျက် နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခဲ့သော အရွေတောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၇၇ ခုနှစ် ဧ ကြိမ်မြောက် ပြိုင်ပွဲမှ စတင်၍ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဘရူးနိုင်းနိုင်ငံသုံးနိုင်ငံတို့ကိုပါ အဖွဲဝင်နိုင်ငံအဖြစ် ဖြည့်စွက်လျက် အရွေတောင်အာရှ အားကစားပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ယခုအခါတွင် နှစ်ပေါင်း ၃၀ တိတိ ကြာမြင့်ခဲ့ပြီ ဖြစ်ပြီး ၁၅ ကြိမ်မြောက် အရွေတောင်အာရှအားကစားပြိုင်ပွဲကိုပင် ကျင်းပပြုလုပ်ပြီးစီးခဲ့ပြီ ဖြစ်သည်။

၁၅ ကြိမ်မြောက် အရွေတောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၃ ခုနှစ် ဩဂုတ်လ ၂၀ မှ ၃၁ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ယခုအကြိမ်ပြိုင်ပွဲသို့ အဖွဲဝင်နိုင်ငံ ၁၀ နိုင်ငံရှိသည့် အနက် မြန်မာ၊ ဘရူးနိုင်း၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့မှ နိုင်ငံလက်ရွေးစင် အားကစားသမားများပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျန်အဖွဲဝင်နိုင်ငံဖြစ်သော ကမ်ပူးချားနိုင်ငံ တစ်နိုင်ငံတည်းသာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမပြုနိုင်ခဲ့

သည်ကို တွေ့မြင်ခဲ့ရသည်။ သို့ဖြစ်ရာ ယခုအကြိမ် ပြိုင်ပွဲမှာ ကျင်းပပြီးစီးခဲ့သမျှသော ပြိုင်ပွဲများအနက်မှ ပြိုင်ပွဲဝင် နိုင်ငံ အများဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

၁၅ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၉၇၉ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်တွင် ကွာလာလမ်ပူမြို့၊ မာဒေးကား အားကစားကွင်းကြီးတွင် ကျင်းပ ပြုလုပ်ခဲ့ရာ ပရိသတ် တစ်သိန်းမျှ တက်ရောက်ခဲ့သည်။ ပြိုင်ပွဲကို မလေးရှားနိုင်ငံဘုရင် ဆူလ်တန် အာဇ်လန်ရှား ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ယခုအကြိမ်ပြိုင်ပွဲတွင် အားကစားအမျိုးအစားပေါင်း ၂၄ မျိုး ထည့်သွင်း ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် နိုင်ငံပေါင်း ကိုးနိုင်ငံတို့မှ အားကစားသမား အမျိုးသား ၁,၆၁၀ ဦး၊ အမျိုးသမီး ၇၅၂ ဦး စုစုပေါင်း အားကစားသမား ၂,၃၆၂ ဦးတို့ မိမိတို့နိုင်ငံအတွက် အစွမ်းကုန် ကြိုးပမ်း ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အားကစား အမျိုးအစားပေါင်း ၂၄ မျိုး ထည့်သွင်း ကျင်းပပြုလုပ်ခဲ့ရာ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ၊ စက်ဘီး ပြိုင်ပွဲများကို အီပို့မြို့တွင်လည်းကောင်း၊ ရွက်လှေပြိုင်ပွဲများကို လူမွတ် ကျွန်းတွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ကျန်အား ကစား ပြိုင်ပွဲများကို ကွာလာလမ်ပူမြို့ ဝန်းကျင်တွင် တည်ရှိသည့် အားကစားကွင်း၊ အားကစားရုံများ၊ ရေကူးကန်များ၊ အားကစား ခန်းမများတွင် ကျင်းပ ပြုလုပ်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် အင်ဒိုနီးရှားနိုင်ငံက ရွှေ ၁၀၂၊ ငွေ ၇၈၊ ကြေး ၇၀ စုစုပေါင်း ဆုတံဆိပ် ၂၅၀ ဖြင့် နိုင်ငံအလိုက် ဗိုလ်စွဲသွားခဲ့သည်။

ပြိုင်ပွဲကို ၁၉၇၉ ခုနှစ် သြဂုတ်လ ၂၀ မှ ၃၁ ရက်နေ့အထိ ၁၂ ရက်တိုင်တိုင် ကျင်းပ ပြုလုပ်ခဲ့ပြီး နောက် ပိတ်ပွဲအခမ်းအနားကို သြဂုတ်လ ၃၁ ရက် မွန်းလွဲပိုင်းတွင် မာဒေးကား အားကစားကွင်းကြီး၌ ဘောလုံး နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် ဆက်လက် ကျင်းပ ပြုလုပ်ခဲ့ရာ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မဟာသီယာ ဘင် မိုဟာမက် တက်ရောက်ပြီး ပြိုင်ပွဲကို ပိတ်ပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲပါ အားကစားနည်း ၂၄ မျိုးအနက် ဘောလုံး၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို (အမျိုးသား/အမျိုးသမီး)၊ ရေကူး၊ ဒိုင်ဗင် (အမျိုးသား/အမျိုးသမီး)၊ သေနတ်ပစ် (အမျိုးသား/အမျိုးသမီး)၊ ကြက်တောင် (အမျိုးသား)၊ ဘတ်စကက်ဘော (အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ စက်ဘီး (အမျိုးသား)၊ ရွက်လှေ၊ တိုက်ကွမ်းဒို (အမျိုးသား)၊ ကရာတေး (အမျိုးသား/အမျိုးသမီး) အားကစားနည်း ၁၅ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာအားကစားအဖွဲ့တွင် ကြီး ကြပ် အုပ် ချုပ် သူ၊ နည်းပြဆရာ၊ ဒိုင်လူကြီး၊ သတင်းပြန်ကြားရေးအဖွဲ့ စုစုပေါင်း ၄၇ ဦးနှင့် အမျိုးသားအားကစားသမား ၉၀ ဦး၊

နိုင်ငံအလိုက် ပါဝင်ယှဉ်ပြိုင်သော အင်အား

စဉ်	နိုင်ငံ	ပြိုင်ပွဲဝင်		စုစုပေါင်း
		ကျား	မ	
၁။	မြန်မာ	၉၀	၄၉	၁၃၉
၂။	ဘရူးနိုင်း	၁၀၃	၂၁	၁၂၄
၃။	အင်ဒိုနီးရှား	၃၁၅	၁၅၄	၄၆၉
၄။	လာအို	၂၀	၃	၂၃
၅။	မလေးရှား	၃၃၃	၁၅၀	၄၈၃
၆။	ဖိလစ်ပိုင်	၂၂၂	၁၀၁	၃၂၃
၇။	စင်ကာပူ	၂၄၇	၉၈	၃၄၅
၈။	ထိုင်း	၂၅၈	၁၄၈	၄၀၆
၉။	ဗီယက်နမ်	၂၂	၂၄	၄၆
	စုစုပေါင်း	၁,၆၁၀	၇၅၂	၂,၃၆၂

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

စဉ်	နိုင်ငံ	ရရှိသော ဆုတံဆိပ်			စုစုပေါင်း
		ရွှေ	ငွေ	ကြေး	
၁။	အင်ဒိုနီးရှား	၁၀၂	၇၈	၇၀	၂၅၀
၂။	မလေးရှား	၆၇	၅၈	၇၅	၂၀၀
၃။	ထိုင်း	၆၂	၆၃	၆၆	၁၉၁
၄။	စင်ကာပူ	၃၂	၃၈	၄၇	၁၁၇
၅။	ဖိလစ်ပိုင်	၂၆	၃၇	၆၄	၁၂၇
၆။	မြန်မာ	၁၀	၁၄	၂၀	၄၄
၇။	ဗီယက်နမ်	၃	၁၁	၅	၁၉
၈။	ဘရူးနိုင်း	၁	၂	၂၄	၂၇
၉။	လာအို	၀	၁	၀	၁

အမျိုးသမီးအားကစားသမား ၄၉ ဦး စုစုပေါင်း အဖွဲ့ဝင် ၁၈၆ ဦး ပါဝင်ခဲ့ကြသည်။ ပြိုင်ပွဲမှ ရွှေ ၁၀၊ ငွေ ၁၄၊ ကြေး ၂၀ စုစုပေါင်း ဆုတံဆိပ် ၄၄ ဆု ရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။

ဦးခင်မောင်လွင် (အား/ကာ)

အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်မစွမ်းသူများ အားကစားပြိုင်ပွဲ(ပဉ္စမအကြိမ်)။ ။ ကမ္ဘာ့အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံအသီးသီးမှ မသန်မစွမ်းသူများ အချင်းချင်း ချစ်ကြည်ရင်းနှီး ပူးပေါင်းမှု ရရှိစေရေး၊ စိတ်ပါဝင်စားမှုနှင့် ဆက်ဆံရေးမြှင့်တင်ပေးရေးနှင့် ကျန်ရှိသောအစိတ်အပိုင်းများအား ဆက်လက်ထိန်းသိမ်းထားပြီး ပိုမို တောင့်တင်းလာစေရေး စသော ရည်ရွယ်ချက်များဖြင့် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်မစွမ်းသူများ အားကစားပြိုင်ပွဲကို ၁၉၇၅ ခုနှစ်မှ စတင်လျက် ကျင်းပပေးခဲ့သည်။

ပထမအကြိမ်ပြိုင်ပွဲကို ၁၉၇၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ်ပြိုင်ပွဲကို ၁၉၇၇ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌လည်းကောင်း၊ တတိယအကြိမ် ပြိုင်ပွဲကို ၁၉၈၂ ခုနှစ်တွင် ဟောင်ကောင်နိုင်ငံ၌လည်းကောင်း၊ စတုတ္ထအကြိမ်ပြိုင်ပွဲကို ၁၉၈၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌လည်းကောင်း အသီးသီး ကျင်းပပေးခဲ့ပြီး ပဉ္စမအကြိမ်ပြိုင်ပွဲကို ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁၅ မှ ၂၀ ရက်နေ့အထိ ဂျပန်နိုင်ငံ ကိုဘီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ပဉ္စမအကြိမ်မြောက် အရှေ့ဖျားနှင့် တောင် ပစိဖိတ်ဒေသဆိုင်ရာ မသန်မစွမ်းသူများ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကိုဘီမြို့ ကမ္ဘာ့တက္ကသိုလ်ပေါင်းစုံ အထိမ်းအမှတ် အားကစားပြိုင်ကွင်းကြီးတွင် မွန်းလွဲ ၁၆း၃၀ နာရီမှ စတင်ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ ဂျပန်နိုင်ငံ အိမ်ရှေမင်းသား ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ခမ်းနားကြီးကျယ်စွာကျင်းပခဲ့ရာ ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ အမျိုးသား အားကစားသမား ၉၆၇ ဦး၊ အမျိုးသမီး အားကစားသမား ၂၃၆ ဦး စုစုပေါင်း အားကစားသမား ၁,၂၀၃ ဦး တက်ရောက်ဆင်နွှဲခဲ့ကြသည်။

ပြိုင်ပွဲကို ခြောက်ရက် တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ ပြေးခုန်ပစ်ပြိုင်ပွဲများကို ကမ္ဘာ့တက္ကသိုလ်ပေါင်းစုံ အထိမ်းအမှတ် အားကစားပြိုင်ကွင်းကြီးတွင် လည်းကောင်း၊ မြားပစ်၊ ဘောလုံး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်နှင့် အလေးမပြိုင်ပွဲများကို သုခကျေးရွာရှိ အားကစားကွင်း အားကစားရုံများတွင် လည်းကောင်း၊ ရေကူးနှင့် ဘတ်စကက်ဘောပြိုင်ပွဲများကို Port Island Hall ရှိ ရေကူးကန်နှင့် အားကစားရုံများတွင် လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ကမ္ဘာ့အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသ နိုင်ငံ ၄၁ နိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၃၁ နိုင်ငံတို့က ဆုတံဆိပ်များအသီးသီးရရှိခဲ့ကြသည်။ ပြိုင်ပွဲတွင် အမျိုးသားအားကစားသမား ၃၆ ဦး၊ အမျိုးသမီးအားကစားသမား ၂၀ ဦး စုစုပေါင်း အားကစားသမား ၅၆ ဦးဖြင့် ပြိုင်ပွဲသို့ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံက နိုင်ငံအလိုက် ပထမရရှိသွားခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား ၄၀၃ ဦး၊ အမျိုးသမီး ၁၀၆ ဦး စုစုပေါင်းအားကစားသမား ၅၀၉ ဦးဖြင့် ပြိုင်ပွဲဝင်အားကစားသမား အင်အားအတောင့်တင်းဆုံး အိမ်ရှင် ဂျပန်နိုင်ငံက ဒုတိယအဆင့်ရရှိခဲ့ကာ ပြိုင်ပွဲဝင်အားကစားသမား အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်းအားကစားသမား ၁၃၉ ဦး ပြိုင်ပွဲဝင်ဦးရေ ဒုတိယအများဆုံး ပါဝင်သော ဩစတြေးလျနိုင်ငံက တတိယရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အမျိုးသား ၁၅ ဦးတည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံက နိုင်ငံအလိုက် အဆင့် ၁၀ ရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြိုင်ပွဲသို့ ပြေးခုန်ပစ်နှင့် ရေကူးပြိုင်ပွဲများတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအတွက် အားကစားသမား ၁၃ ဦး၊ ရေကူးအားကစားပြိုင်ပွဲ ပွဲစဉ်များအတွက် အားကစားသမား နှစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့လက်ရွေးစင် အားကစားသမား ၁၅ ဦးစလုံး ဆုတံဆိပ်များ ဆွတ်ခူးရရှိနိုင်ခဲ့ကြပြီး ရွှေတံဆိပ် ရှစ်ဆု၊ ငွေတံဆိပ် ကိုးဆု၊ ကြေးတံဆိပ် ၁၀ ဆု စုစုပေါင်း ဆုတံဆိပ် ၂၇ ဆု ရရှိခဲ့ကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အားကစားသမား စိုးလွင် (အောက်ပိုင်း အကြောသေ) တစ်ဦးတည်း အနေဖြင့် ရေကူးပြိုင်ပွဲ ပွဲစဉ်များမှ နိုင်ငံတော်အတွက် ရွှေတံဆိပ် သုံးဆု ရရှိနိုင်ခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့ပြီး ဘရင်အေး (အောက်ပိုင်းအကြောသေ)သည် ပြေးခုန်ပစ်ပြိုင်ပွဲ အပစ်ပွဲစဉ်များတွင် ရွှေ နှစ်ဆု၊ ငွေ တစ်ဆုကို လည်းကောင်း၊ မြင့်သိန်း(ဒူးအထက်တစ်ဖက်ပြတ်)သည် ပြေးခုန်ပစ်တာတို့ ပြိုင်ပွဲ ပွဲစဉ်များတွင် ရွှေ နှစ်ဆုကို လည်းကောင်း၊ အောင်ကြီး (ဒူးအောက် နှစ်ဖက်ပြတ်)သည် ပြေးခုန်ပစ်

ပြိုင်ပွဲ အပစ်ပွဲစဉ်များတွင် ရွှေတစ်ဆု၊ ငွေနှစ်ဆုကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြလျက် ကျန် ပြိုင်ပွဲဝင်များအနေဖြင့်လည်း နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံဂုဏ်ကို ဆောင်နိုင်ခဲ့ကြသည်။

ပြိုင်ပွဲပိတ်ပွဲအခမ်းအနားကို ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် Kobe Port Island Hall ၌ ကျင်းပပြုလုပ်ခဲ့သည်။ ဆင္ဒမအကြိမ်မြောက် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်မစွမ်းသူများ အားကစားပြိုင်ပွဲကို နောင် လေးနှစ် အကြာ ၁၉၉၃ ခုနှစ်တွင် တရုတ်ပြည်သူသမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ မသန်မစွမ်းသူ အားကစားသမားများသည် နိုင်ငံတော်အတွက် ဆက်လက် ကြိုးပမ်း ပြင်ဆင်သွားကြဦးမည်သာ ဖြစ်သည်။


အာကာသသုတေသန။ ။၁၉၇၉ ခုနှစ်တွင်ဆိုဗီယက်ပြည်ထောင်စုသည် မိယာ (ငြိမ်းချမ်းရေး) အာကာသစခန်းယာဉ်ကို ပင်တိုင်ထား၍ အာကာသယာဉ်များကို လွှတ်တင်ကာ သုတေသနလုပ်ငန်း အမျိုးမျိုးကို ပြုလုပ်သကဲ့သို့ အမေရိကန်ပြည်ထောင်စုသည်လည်း အာကာသလွန်းပြန်ယာဉ်များကို အားထားလျက် သုတေသနလုပ်ငန်း အမျိုးမျိုးကို ပြုလုပ်ခဲ့သည့်ပြင် နက်ပကျွန်းဂြိုဟ်လေ့လာရေးခရီးစဉ်သည်လည်း ထူးခြားသောအောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့သည်။

မိယာအာကာသစခန်းယာဉ်

ပြင်သစ်အာသယာဉ်မှူး ခရီတီယန်သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့က ကမ္ဘာမှတက်လာခဲ့ပြီး မိယာအာကာသစခန်းယာဉ်ပေါ်တွင် စံချိန်သစ် ၁၂ လကြာမျှ နေထိုင်ခဲ့သော ဗလာဒီမာ တီးတော့နှင့် မူဆာ မင်နာရော့တို့နှင့်အတူ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာမြေပြင်ပေါ်သို့ ဆင်းသက်သည်။ ခရီတီယန်နှင့်အတူတက်လာသော အလက်ဇန္ဒားဗိုလကော့နှင့် ဆာဂေ ကရီကာလျောတို့သည် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့က တည်းက မိယာအာကာသစခန်းယာဉ်ပေါ်သို့ ရောက်ရှိနေသော ဆရာဝန် ဗလာရီပိုလျာကော့နှင့်အတူ ကျန်ရစ်သည်။ ဗူလဂေးရီးယား ပါရဂူများတီထွင်ထုတ်လုပ်သော ရိုဇင်ကိရိယာကို စစ်ဆေးပြုပြင်ခြင်း၊ ထိန်းညှိခြင်းတို့ကို ပြုလုပ်ကြသည်။ ကြယ်ဖွဲ့စည်းမှု လေ့လာနည်းများကို တိုးတက်စေရန် ရည်ရွယ်သည့် ပိုလာရိုက်ဇက်ဆီးယား အမည်ရှိ လက်တွေ့စမ်းသပ်ချက်တစ်ခုကို ပြုလုပ်ကြသည်။ ကမ္ဘာ့အနီးဝန်းကျင် အာကာသဟင်းလင်းပြင်ထဲရှိ စွမ်းအင်မြင့်အခြေခံလျှပ်စစ်မှုန်များရွေ့လျားမှုကိုမာရီယာအမည်ရှိ သံလိုက် စပက်ထရိုမီတာကိရိယာဖြင့် တိုင်းတာသည်။ မာဂျလန်တိမ်တိုက်ကြီးထဲရှိ စူပါနိုဗာကို လေ့လာသည့် ရွှန့်ဂျင်းအမည်ရှိ နိုင်ငံတကာ နက္ခတ္တဗေဒ သုတေသနအစီအစဉ်ကိုလည်း ဆောင်ရွက်ကြသည်။

ထိုအာကာသယာဉ်မှူးသုံးဦးသည် ကုန်တင်အာကာသယာဉ် ပရိုဂရက် – ၃၉ ပေါ်မှ ကုန်နှစ်တန်ကျော်ကို ၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် မိယာပေါ်သို့ချသည်။ ပရိုဂရက် – ၃၉ သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့က ကမ္ဘာမှ တက်လာပြီး ဂဗန်ယာဉ်ငယ်၏ဘေးဌိ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ချိတ်မိခဲ့ခြင်း ဖြစ်သည်။ အာကာသယာဉ်မှူးတို့သည် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဗီလာ တာရာစုရှိ ရွှန့်ဂျင်းပါလဆာကို လေ့လာသည်။ ကမ္ဘာ့အနီးဝန်းကျင်ရှိ အာကာသ ဟင်းလင်းပြင်ထဲရှိစွမ်းအင်မြင့်အခြေခံလျှပ်စစ်မှုန်များရွေ့လျားမှု၏ သဘောသဘာဝနှင့် ကမ္ဘာပေါ်ရှိ ငလျင်လှုပ်ရှားမှုတို့ အပြန်အလှန်ဆက်နွှယ်မှုကို လေ့လာသည်။ ထို့ပြင် ကမ္ဘာ့သယံဇာတနှင့်ပတ်ဝန်းကျင်ကို လေ့လာရန် ခရိုင်းမီးယား၊ ခရာစနိုဒါနှင့် စတာဗရိုပိုဒေသနှင့် ကက်စပီယန်ချိုင့်ဝှမ်းတို့ကို ထောက်လှမ်းသည့် ယင်းသုတေသန ပထမပိုင်းသည် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ပြီးစီးသည်။ ကူဘန် – ၀၉ အမည်ရှိ လက်တွေ့စူးစမ်းမှုအစီအစဉ်အရ ထွန်ယက်စိုက်ပျိုးသင့်သော မြေနှင့် စားကျက်များ၏ အခြေအနေကို ခန့်မှန်းခြင်း၊ တိုက်စားခံရဖွယ်ရှိသည့် လယ်ယာမြေများနှင့် ခေတ်မြေသြဇာအလွန်အကျူး ပြည့်ဝနေသော လယ်ယာမြေများကို ရှာဖွေခြင်း စသည့် လုပ်ငန်းများကို ပြုလုပ်သည်။ ဆောင်းသီးနှံများ၏ အခြေအနေကို လေ့လာသည်။ ဆေးပညာ သုတေသနကိုလည်း ပြုလုပ်သည်။ (electro-cardiographic check-up) နှင့် လူဇီဝယန္တရားရှိ အခြားစနစ်များကို ထိန်းချုပ်နိုင်သော လေ့ကျင့်ခန်းများကို ပြုလုပ်သည်။

မိယာအာကာသစခန်းယာဉ်သို့ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ရောက်ရှိသော ပရိုဂရက် – ၄၀ ကုန်တင် အာကာသယာဉ်သည် မတ်လ ၆ ရက်နေ့တွင် လုပ်ငန်းပြီးစီးသည်။ အာကာသယာဉ်မှူးတို့သည် ကမ္ဘာ့လေထု၏ ဖွဲ့စည်းပုံနှင့် အလင်းဆိုင်ရာ ထူးခြားသော အသွင် လက္ခဏာများကို စပက်တာ – ၂၅၆ အမည်ရှိ ကိရိယာဖြင့်လေ့လာသည်။ ရွှန့်ဂျင်းနက္ခတ္တဗေဒသုတေသနခန်းရှိ တယ်လီစကုပ်ကြီးများက လူသားတို့၏ ဂလက်ဆီဗဟိုချက်မဆီသို့ ချိန်ကာ အိပ်က်စ်ရောင်ခြည်ဓာတ်ပုံများ ရိုက်ယူသည်။ အာကာသယာဉ်မှူးများ၏ သွေးလှည့်ပတ်မှုအခြေအနေကို လေ့လာသည်။



အာကာသယာဉ် ဂယ်လီလီယို

အာကာသယာဉ်မှူး ဆရာဝန် ပိုလျာကော့သည် အာကာသယာဉ်ပျံသန်းစဉ်လှုဝ်ရုပ်၏လုပ်ငန်းဆောင်တာ ဆိုင်ရာ သတင်းအချက်အလက်ရရှိရန် ဧပြီလ ၁ ရက်နေ့တွင် မိခရော့၏ကိရိယာဖြင့် အာကာသ ယာဉ်မှူးတို့၏ သွေးကို လေ့လာသည်။ အာကာသ ယာဉ်မှူးတို့သည် တစ်ပိုင်း လျှပ်ကူးပစ္စည်း ထုတ်လုပ်ရေး နည်းပညာသစ်များကို စမ်းသပ်လေ့လာခဲ့သည်။ တိရစ္ဆာန် မွေးမြူကုသ ရေးအတွက် ပဋိဇီဝ ပစ္စည်းများ အတွက် အဆင့်မြင့် အခြေခံပစ္စည်းများနှင့် ဆေးဝါးသစ်များကို ထုတ်လုပ် နိုင်ခဲ့သည်။ ထိုသို့သုတေသနလုပ်ငန်း စုပြုံလုပ်ပြီးနောက် အာကာသယာဉ်မှူး ဗိုလကော့၊ ခရီကာလက်နှင့် ပိုလျာ ကော့တို့သည် ၁၉၇၉ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ကမ္ဘာ မြေပြင်ပေါ်သို့ ဆင်းသက်ကြသည်။ လူသား တင်ဆောင်လျက် ရက်ပေါင်း ဂဂဝ လှည့်ပတ်နေသော မီယာ အာကာသစခန်းယာဉ်ကို လူမပါဘဲ ထားခဲ့ပြီး ဆင်းသက်လာကြခြင်း ဖြစ်သည်။ ထိုရက်ပေါင်း ဂဂဝ အတွင်း မီယာပေါ်၌ ဆိုဗီယက် အာကာသယာဉ်မှူးများ သာမက ဆီးရီးယား၊ ဗူလဂေးရီးယား၊ အာဖဂန်စတန်နှင့် ပြင်သစ် အာကာသ ယာဉ်မှူးများလည်း သုတေသန လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

ဆိုယုဇ်တီအမ်–ဂ အာကာသယာဉ်သည် ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် မီယာနှင့်ချိတ်တွဲမိသည်။ မီယာ–ခဗန်–ပရိုဂရက်အမ်–ဆိုယုဇ်တီအမ်–ဂ ယာဉ်တွဲကြီးဖြစ်သွားသည်။ ဆိုယုဇ်တီအမ်–ဂ နှင့် လိုက်ပါလာသော အာကာသယာဉ်မှူး အလက်ဇန္ဒားဗစ်တိုရင်ကိုနှင့် အလက်ဇန္ဒား ဆီရီဘရော့တို့သည် ပရိုဂရက် အမ် အာကာသ ကူးတို့ယာဉ်ထဲရှိ ကုန်စည်ကို စစ်ဆေးသည်။ ဗခန်ယာဉ်ငယ်ရှိ အိပ်က်စ်ရောင်ခြည် တယ်လီစကုပ်ကို သုံး၍ ကမ္ဘာ့လေထုပြင်ပ နက္ခတ္တဗေဒသုတေသနအစီအစဉ် အရ စူးစမ်းလေ့လာမှုများ ပြုလုပ်သည်။ မိုက်ခရိုဆွဲအား အခြေအနေတွင် စွမ်းရည်မြင့် တစ်ပိုင်း လျှပ်ကူးပစ္စည်း များထုတ်လုပ်ရန် ဂယ်လာခေါ် ကိရိယာတစ်စုံဖြင့် စမ်းသပ် ပြင်ဆင်သည်။ ပါဆီးယပ်စ်တာရာစုရှိ အိပ်က်စ်ရောင်ခြည် ပါလဆာကို စူးစမ်းသည်။ ကိတ်–၁၄၀ ကင်မရာ၊ အမ်ကေ အော်စ် – အမ်နှင့် စပက်တာ – ၂၅၆ စပက်ထရိုမီတာ ကိရိယာများကို သုံး၍ ကမ္ဘာ့လေထုကိုတိုင်းတာ လေ့လာသည်။

ဗစ်တိုရင်ကိုနှင့် ဆီရီဘရော့တို့သည် နိုဝင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော ယူနက်စကို၏ "လူသားနှင့်ဇီဝဝန်းကျင်" အစီအစဉ်အရ လေ့လာမှုများပြုလုပ်သည်။ ဇီဝဝန်းကျင်ပြုပြင်ထိန်းသိမ်း ရေးအတွက် မြေဆီလွှာနှင့်သစ်ပင်ဝါးပင်တို့၏ ဂေဟဗေဒ အခြေအနေကို လေ့လာခြင်းဖြစ်သည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် လူသားတို့၏ ဂလက်ဆီ အလယ်ဗဟိုပိုင်းရှိ အိပ်က်စ်ရောင်ခြည်ပင်မများကို လေးကြိမ်လေ့လာသည်။ ရွှန်ဂျင်း နက္ခတ်လေ့လာခန်း၏ အကူအညီဖြင့် ဧလ့လာခြင်းဖြစ်သည်။ ဆိုဗီယက် – ကျူးဗားပူးပေါင်းစီစဉ်သော "အတ္တလန္တိတ် – ဂ၉" စီမံကိန်းအရ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ပုံများရိုက်ကူးခဲ့သည်။

ဖိုဘို့စ်အာကာသယာဉ်

ဆိုဗီယက်ပြည်တောင်စုသည် အင်္ဂါဂြိုဟ် သုတေသန လုပ်ငန်းအတွက် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဖိုဘို့စ်– ၁ အာကာသယာဉ်ကိုလည်းကောင်း၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ဖိုဘို့စ်– ၂ အာကာယာဉ်ကိုလည်းကောင်း အသီးသီးလွှတ်တင်ခဲ့သည်။ ဖိုဘို့စ်– ၁ သည် ကွန်ပျူတာ လမ်းညွှန်ချက် မှားယွင်း၍ ထိုနှစ် စက်တင်ဘာလတွင် ပျောက်ဆုံးသွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့သံလိုက် စက်ကွင်းနယ်ပယ်အတွင်း နေလေများဝင်ရောက်တိုက်ခတ်စဉ် ဖြစ်ပေါ်လာသော တုန်လှိုင်းအနိမ့်အမြင့်ကို ယင်း ယာဉ်နှစ်စင်းလုံးက တိုင်းတာလေ့လာခဲ့သည်။ ဖိုဘို့စ်– ၂ သည် ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အင်္ဂါဂြိုဟ်ပတ်လမ်းထဲသို့ ဝင်ရောက်သည်။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ရံ ဖိုဘို့စ်ကို တိုင်းတာ လေ့လာနိုင်မည့် ပတ်လမ်းသို့ကူးပြောင်းသည်။ ထိုလ ၂၁ ရက်နေ့တွင် ဖိုဘို့စ်ဂြိုဟ်ရံနှင့် ကီလိုမီတာ ဂဖဝ မှ ၁,၁၃၀

ထိအကွာအဝေးအတွင်းရောက်ရှိစဉ် ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို ပထမဆုံးပြုလုပ်သည်။ ဆိုဗီယက်ပြည်ထောင်စု၊ ဗူလဂေရီးယားနိုင်ငံနှင့်ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ ပူးပေါင်း၍ ထုတ်လုပ်သော ရုပ်မြင်သံကြားကိရိယာဖြင့် ရိုက်ကူးထုတ်လွှင့်ခြင်းဖြစ်သည်။ ဖိုဘို့စ်–၂ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကိုပတ်နေစဉ်တစ်ချိန်တည်းတွင်ပင် ဖိုဘို့စ်အရုဂြိုဟ်နှင့် ကီလိုမီတာ ၂၀၀ အကွာထိ အချိန်ကိုက် ချဉ်းကပ်သွားနိုင်မည့် အပြိုင်ပတ်လမ်း တစ်ခုသို့ မတ်လ ၂၁ ရက်နေ့တွင် ကူးပြောင်းသည်။ မတ်လ ၂၆ ရက်နေ့တွင် အင်္ဂါဂြိုဟ်ကို အနီအောက်ရောင်ခြည်ဓာတ်ပုံ များရိုက်ယူသည်။ မတ်လ ၂၇ ရက်နေ့တွင် ဖိုဘို့စ်–၂ နှင့် ကမ္ဘာမြေပြင်ရှိ ထိန်းချုပ်ရေးခန်းတို့ လေးနာရီကြာ အဆက်အသွယ် ပြတ်သွားခဲ့သည်။ ဧပြီလတွင် ဖိုဘို့စ်–၂ သည် လုံးဝပျောက်ဆုံးသွားခဲ့သည်။ သို့ဖြစ်၍ တစ်မိလီမီတာမျှသာရှိသော သေးမျှင်သည့် လေဆာရောင်ခြည်တန်းကို ဖိုဘို့စ်ဂြိုဟ်ရံ၏ မျက်နှာပြင်သို့ထုတ်လွှတ်၍ မြေသားစိုင်ကို အိုင်ယွန်ငွေစိုင်အဖြစ် ဖန်တီးကာ ယာဉ်ပေါ်ရှိ ကိရိယာက လေ့လာမည့် အစီအစဉ်ကို လည်းကောင်း၊ စူးစမ်းရေးယာဉ်ငယ်များကို ဖိုဘို့စ်ဂြိုဟ်ရံပေါ်သို့ ချ၍ လေ့လာမည့် အစီအစဉ်ကို လည်းကောင်း မလုပ်ရဘဲ ပျောက်ဆုံးသွားခြင်းဖြစ်သည်။

ဗိုင်ကေးကျာ–၂ အာကာသယာဉ်

အာကာသသုတေသနသမိုင်းတွင် မှတ်တိုင်သစ်တစ်ခုအဖြစ် စိုက်ထူသော ဖြစ်ရပ်တစ်ရပ်မှာ အမေရိကန်ပြည်ထောင်စုက ၁၉၇၇ ခုနှစ်ကတည်းက လွှတ်တင်ထားသည့် ဗိုင်ကေးကျာ–၂ အာကာသယာဉ်က နက်ပကျွန်းဂြိုဟ်ကို အနီးကပ် ပုံသန်း၍ စူးစမ်းလေ့လာနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ (နက်ပကျွန်းဂြိုဟ် သုတေသန — ၍။)

ဒစ္စကာဗရီ အာကာသလွှန်းပြန်ယာဉ်

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့ (နာဆာ) သည် ၁၉၈၉ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ဒစ္စကာဗရီအာကာသလွှန်းပြန်ယာဉ်ကို လွှတ်တင်သည်။ ၂၀ ကြိမ်မြောက် အာကာသလွှန်းပြန်ယာဉ် ခရီးစဉ်ဖြစ်သည်။ "အာကာသကြက်ပေါက်စ" တစ်ကောင်သည် မတ်လ ၂၄ ရက်နေ့တွင် ဥမ္မပေါက်သည်။ ၁ဒသမ ၅ အောင်စလေးသော ယင်းကြက်ထီးလေးကို ကင်တပ်ကီဟု အမည်ပေးသည်။ ကမ္ဘာပေါ်တွင် ထင်ရှားသည့် ကင်တပ်ကီ ကြက်ကြော်ဆိုင်လုပ်ငန်းက ယင်း စမ်းသပ်ချက်ကို ကမကထပြုသည်။ သုန္နေသား ဖွံ့ဖြိုးမှုတွင် အလေးချိန် ကင်းမဲ့မှု၏ အကျိုးသက်ရောက်မှုကို တိုင်းတာရန် ပရဂ္ဂ၊ တက္ကသိုလ် ကျောင်းသား ဂျန် ဗယ်လင်ဂါက ဒီဇိုင်းတီထွင်ပေးသည့် ဥဖောက်စက်ဖြင့် သယ်ဆောင် လာခဲ့ခြင်း ဖြစ်သည်။ အာကာသ လွှန်းပြန်ယာဉ်ပေါ်၌ အာကာသယာဉ်မှူး ၅ ဦးလိုက်ပါခဲ့သည်။ အာကာသလွှန်းပြန်ယာဉ်များပုံသန်းမှုကို ၁၉၈၃ ခုနှစ် ဇန်နဝါရီလနောက်ပိုင်းတွင် ရပ်ဆိုင်းထားခဲ့ရာမှ ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် ပြန်လည် ပြုလုပ်စဉ်က ဒစ္စကာဗရီ အာကာသယာဉ်က လွှတ်တင် ပေးခဲ့သည့် ဂြိုဟ်တုနှင့်တူသော အလေးချိန်ပေါင် ၅၀၀၀ ရှိ ဂြိုဟ်တုကို သယ်ဆောင်လွှတ်တင်ပေးခဲ့သည်။

အတ္တလန်တစ် အာကာသလွှန်းပြန်ယာဉ်

ထို့နောက် ၂၉ ကြိမ်မြောက် အာကာသလွှန်းပြန်ယာဉ် ခရီးစဉ်အဖြစ် အတ္တလန်တစ် အာကာသလွှန်းပြန်ယာဉ်ကို ၁၉၈၉ ခုနှစ်, မေလ ၅ ရက်နေ့တွင် လွှတ်တင်သည်။ ယင်း အာကာသလွှန်းပြန်ယာဉ်က မက်ဂျလန် အာကာသယာဉ်ကို ပစ်လွှတ်သည်။ သောကြာဂြိုဟ်ကိုသွားမည့်အာကာသယာဉ်ဖြစ်၍ ၁၁ နှစ်အတွင်း အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော ဂြိုဟ်လေ့လာရေးခရီးစဉ် ဖြစ်သည်။ အာကာသလွှန်းပြန်ယာဉ်မှပထမဆုံးပစ်လွှတ်သော ဂြိုဟ်သွားယာဉ်လည်း ဖြစ်သည်။ ကမ္ဘာမှ မိုင်တစ်သိန်းဝေးသော နေရာက တစ်နာရီလျှင် မိုင် ၉,၆၀၀ နှုန်းဖြင့် ခရီးနှင်သည်။ ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် သောကြာဂြိုဟ်သို့ရောက်ရန် မိုင် သန်း ၈၀၀ သွားမည့် ယာဉ် ဖြစ်သည်။ အတ္တလန်တစ် အာကာသလွှန်းပြန်ယာဉ်ပေါ်တွင် ခေါင်းဆောင် ဒေးဗစ် ဝေါ်လ်ကာ၊ ယာဉ်မှူး ရော်နယ် ဂရိတ်တို့နှင့်အတူ အာကာသခရီးစဉ် ကျွမ်းကျင်ပညာရှင်များဖြစ်ကြသော နော်မန် သာဂတ်၊ မေရီ ကလိဗ်နှင့် မတ်ခ် လီးတို့လိုက်ပါခဲ့သည်။ ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်ရာတွင် ကွန်ပျူတာချုပ်ယှင်း၍ နှောင့်နှေးခဲ့ရသည်။ ၁၉၇၃ ခုနှစ်က ကိုလံဗီယာ အာကာသလွှန်းပြန်ယာဉ်ပျံသန်းသည့်ခရီးစဉ်တွင်လည်း ကမ္ဘာ့လေထုသို့ ပြန်ဝင်ရာ၌ ကွန်ပျူတာနှစ်လုံး ပျက်ခဲ့ဖူးသည်။

အတ္တလန်တစ်အာကာသလွှန်းပြန်ယာဉ်ကို ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ထပ်မံလွှတ်တင်ခဲ့ပြန်သည်။ ကြာသပတေးဂြိုဟ်သို့နှေးအဖွဲ့အစည်းကိုဖြတ်၍ ခရီးနှင်မည့် ပေါင်ချိန် ၇၅၀ ရှိ ဂယ်လီလီယိုအာကာသယာဉ်ကို သယ်ဆောင်သွားသည်။ ကမ္ဘာမှ မိုင်တစ်သိန်းအကွာတွင် ကြာသပတေးဂြိုဟ် သို့ ခြောက်နှစ်ခရီးနှင်မည့် ဂယ်လီလီယို အာကာသယာဉ်ကို တင်ဆောင်ထားသည့် ဒုံးပျံကို အတ္တလန်တစ်က ပစ်လွှတ်ပေးခဲ့သည်။ ယင်းဒုံးပျံ

သည် ကမ္ဘာ၏လနှင့်သောကြာဂြိုဟ်တို့၏ ဘေးမှဖြတ်ကာ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့၏ကြားရှိ ဂြိုဟ်သိမ်ဂြိုဟ်မှုန် ရပ်ဝန်းကို ဖြတ်သန်းပြီးလျှင် ဂယ်လီလီယိုကို ကြာသပတေးဂြိုဟ်၏ မုန် တိုင်း ထန် သော လေထုထဲ၌ ချထားခဲ့မည်ဖြစ်သည်။

ကိုလံဗီယာအာကာသလွန်းပြန်ယာဉ်

အမေရိကန်ပြည်ထောင်စု၏ သက် တမ်း အ ရှည် ဆုံး အာကာသလွန်းပြန်ယာဉ်ဖြစ်သည့် ကိုလံဗီယာကို သုံးနှစ်ခဲ့ ကာလအတွင်း ပထမဆုံး ခရီးစဉ်အဖြစ် ၁၉၈၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် လွှတ်တင်သည်။ စစ်ရေးဆိုင်ရာ အာကာသယာဉ်မှူးငါးဦး လိုက်ပါသောကြောင့် ထောက် လှမ်းရေးဂြိုဟ်တုတစ်လုံး ပစ်လွှတ်ခဲ့သည်ဟု ယူဆရသည်။ ခေါင်းဆောင် ဘရူးစတား ရှော၊ ယာဉ်မှူး ရစ်ချတ် ရစ်ချတ်စ်တို့နှင့်အတူ ကျွမ်းကျင်ပညာရှင် ဒေးဗစ် လိစ်မာ၊ ဂျိမ်းစ် အာဒမ်ဆင်နှင့် မာ့ခ် ဘရောင်းတို့ လိုက်ပါခဲ့ သည်။ "ကြယ်တာရာစစ်ပွဲ" စီမံကိန်းအရ ဒုံးကျည် ကာကွယ်ရေးစနစ်ဆိုင်ရာ သုတေသန လုပ်ငန်းများကို လည်း ပြုလုပ်ခဲ့သည်ဟု ယူဆရသည်။

အာစိဏ္ဏ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာ ဒပွဏီချောင် (မြန်မာ ၁၂၇၅–) ။ ။ ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ လေးအိမ်စုရပ် ခမည်းတော် ဦးလော်ပေါ်၊ မယ်တော်ဒေါ်မြတို့မှ ၁၂၇၆ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် တနင်္ဂနွေနေ့ ည ၇ နာရီတွင် ဖွားမြင်သည်။ မွေးချင်းသုံးယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်၍ ငယ်မည်မှာ မောင် အောင်ငြိမ်း ဖြစ်သည်။

၁၃ နှစ်သားအရွယ် ၁၂၈၈ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်နေ့တွင် ပြွန်တန်ဆာမြို့ ပင်းတလဲကျောင်းဆရာတော် ဘဒ္ဒန္တဥာဏိန္ဒထံ၌ ဦးထွန်းကြည်၊ ဒေါ်တောတို့၏ ပစ္စယာ ဒါယကို ခံယူကာ ရှင်အာစိဏ္ဏ ဟူသောဘွဲ့အမည်ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၂၉၃ ခုနှစ် တန်ခူးလပြည့်နေ့တွင် ပြွန်တန်ဆာမြို့ ပင်းတလဲကျောင်း ခဏ္ဍသိမ်၌ ဘုန်းတော်ကြီး ဦးသီလ၏ အန္တေဝါသိက တပည့်ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ပြွန်တန် ဆာမြို့ တိုက်သူကြီး ဦးဖန်၊ ဒေါ်ဝင်းတို့၏ ပစ္စယာ နုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်သည်။

ကျောင်းသားအဖြစ်ဖြင့် ပြွန်တန်ဆာမြို့ ပင်းတလဲ ကျောင်း ဆရာတော်ထံ၌ ရတနာရွှေချိုင့်၊ ပရိတ်ကြီး



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ

စသည်ကို သင်ယူခဲ့ပြီး သာမဏေအဖြစ်ဖြင့် အုတ်တွင်းမြို့ ကန်ကလေးတောရ၊ ညောင်လေးပင်မြို့ တောရကြီးတိုက်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စသောစာသင်တိုက် များ၌ သဒ္ဒါ၊ သင်္ဂြိဟ်၊ ဒွေးမာတိကာစသော ပရိယတ္တိ စာပေများကို သင်ယူခဲ့သည်။ ရဟန်းအဖြစ်ဖြင့် မန္တလေး မြို့ ဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေရေးဆောင်ကျောင်းတိုက်၊အမရ ပူရမြို့ မဟ်လာတိုက်ဟောင်း စသော စာသင်တိုက်ကြီး များ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရကျမ်းစာ များကို သင်ယူခဲ့သည်။ အထူးသဖြင့် ထရံကာဆရာကြီး ဦးအုန်းညွန့်၏သားတော် ပစ္စယတ္ထဝေဒနီ ကျမ်းပြု ဆရာတော် ဦးဝိသုဒ္ဓိဝံသာဘိဆံတွင် ပဋ္ဌာနှင့်တွဲ၍ မောဂ္ဂလာန်သဒ္ဒါကျမ်း၊ သက္ကသီဟကျမ်းစာများ၊ အစိုးရ ဓမ္မာစရိယကျမ်းစာများ၊ သမ္မာ၊ ပဋ္ဌမကြိုဏ်စသော အဋ္ဌကထာကြီးများကို မူလဋီကာနှင့်တွဲ၍ ၁၁ နှစ်လုံး ဆိုဝါဖြင့် သင်ယူခဲ့သည်။

ဆရာတော်သည် တောင်ငူမြို့ အမျိုးသား စာမေးပွဲ ပထမကြိုးတန်း၊ အစိုးရအကြီးတန်းနှင့် ဓမ္မာစရိယစာမေး ပွဲ၌ ဂုဏ်ထူးကျမ်းများနှင့်တကွ ကျမ်းရင်းသုံးကျမ်းကို အောင်မြင်သဖြင့် သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်ကို ရရှိသည်။

ဆရာတော်သည် ၁၂ ဝါအရွတ်၌ စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပွဏီချောင်ကို စာသင်တိုက်အဖြစ် တည်ထောင် ကာ စာပေပရိယတ္တိများကို အားသွန်ခွန်စိုက် ပို့ချတော် မူသဖြင့် နိုင်ငံသမိုင်းတစ်လျှောက်တွင် ပထမဦး ဆုံး

ရှင်သာမဏေ ပထမကျော်၊ ရှင်သာမဏေ ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်၊ သ–စ–အ ဓမ္မာစရိယ၊ ဝဋ်ဆံသကာ စသောဘွဲ့များ ရရှိသည့် တပည့်အများအပြား ပေါ်ထွန်းစေခဲ့သည်။

ဆရာတော်သည် ပထမပြန် ကြီးကြပ်ရေး နာယကအဖွဲဝင်၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ ဩသာန သောဓေယျ၊ ခုံဝိနည်းဓိုရ်၊ ရွှေကျင်ဂိုဏ်းဝန်ဆောင်၊ ဂိုဏ်းဝိနည်းဓိုရ်၊ ဂိုဏ်းထောက်၊ စစ်ကိုင်းမြို့ သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ၊ ဗဟိုသံဃဝဉ်ဝန်ဆောင်၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ သဘာပတိ၊ နိုင်ငံတော် ဝိနည်းဓိုရ်၊ ဝါးချက်ရွာ ဇီဝိတဒါန သံဃဉာဆေးရုံကြီး၏ ဩဝါဒါစရိယ၊ မလွန်ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ စသည်ဖြင့် သာသနာ့အကျိုးကို ဆောင်ရွက်တော်မူသည်။

ထို့ပြင် မြစ်သားမြို့ မင်းကျောင်း စာသင်တိုက်၊ စစ်ကိုင်းမြို့ ရွာထောင်ကျောင်း၊ ကသာမြို့ ကုန်သာရွာကျောင်း၊ ရွှေကူမြို့နယ် ဆိပ်သာရွာကျောင်းတို့ကို တိုက်ခဲ့များအဖြစ် တည်ထောင်ဖွင့်လှစ်၍ ကြီးကြပ်တော်မူလျက် ရှိသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေဏ၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လင်္ကာပေသလ၊ သိင်္ဂါကာမစသောဂုဏ်တို့နှင့် ကုလုံပြည့်ဝသည့် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာသည် ၁၃၅၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်ကို ရရှိတော်မူသည်။

အာဆီမော့ဗ်, အိုင်းဇက် (ခရစ် ၁၉၂၀–)။ ။ကမ္ဘာ့စာပေလောကတွင် စာပေရေးအားအကောင်းဆုံး စာရင်းလည်းဝင်၍ ဘာသာရပ်လည်း အစုံလင်ဆုံး ပြုစုနိုင်သည့် စာရေးဆရာအဖြစ် ထင်ရှားသူ အိုင်းဇက် အာဆီမော့ဗ်ကို ၁၉၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့၏ အနောက်ဘက်မိုင် ၂၀၀ အကွာရှိ ပေထရိဗစ်ချိမြို့လေးဌ မွေးဖွားခဲ့သည်။ အသက်သုံးနှစ်အရွယ်တွင် ဖခင်က အမေရိကန် ပြည်ထောင်စုသို့ ပြောင်းရွှေ့လာ၍ အာဆီမော့ဗ်လည်း အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့သည်။ ဖခင်သည် ဘရွတ်ကလင်းမြို့၌ ချိုချဉ်စားဖွယ်ဆိုင်ဖွင့်၍ ကြီးပွားလာသည်။

အာဆီမော့ဗ်သည် ငယ်စဉ်ကပင် ဖခင်၏ဆိုင်၌တင်၍ ရောင်းလေ့ရှိသောမဂ္ဂဇင်းစာအုပ်များကို လျင်မြန်စွာဖတ်ရှုလေ့ရှိသည်။ ရှိသေစွာ ကိုင်တွယ် ဖတ်ရှုတတ်၍ မဂ္ဂဇင်းများသည် အသစ်အတိုင်းပင်ရှိသည်ဟု ဆိုသည်။ အသက် ခြောက်နှစ်အရွယ်ကပင် စာကြည့်တိုက်မှ စာအုပ်ငှားဖတ်လေ့ရှိသည်။ တစ်ခါငှားလျှင် နှစ်အုပ်သာ ငှားခွင့်ရှိ၍ စာဖတ်မြန်သူ အာဆီမော့ဗ်က ကြာကြာဖတ်နိုင်ရန် စာအုပ်အထူကြီးများကို ငှားလေ့ရှိသည်ဟု ဆိုသည်။ အသက် ၁၅ နှစ်အရွယ်တွင် ကိုလံဘီယာ တက္ကသိုလ်သို့ ဝင်၍ ၁၉၃၉ ခုနှစ်တွင် သိပ္ပံဘွဲ့ (ဘီအက်စ်) ကိုရသည်။ ဆေးတက္ကသိုလ်ဝင်ခွင့်မရခဲ့ချေ။ ဇီဝဓာတုဗေဒကိုအထူးပြုလေ့လာခဲ့ရာ ၁၉၄၁ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၄၈ ခုနှစ်တွင် ပါရဂူဘွဲ့ကိုလည်းကောင်း ရခဲ့သည်။

ဒေါက်တာ အာဆီမော့ဗ်သည် ၁၉၄၉ ခုနှစ်တွင် ဘော့စတွန်တက္ကသိုလ် လက်အောက်ရှိ ဆေးသိပ္ပံကျောင်းတွင် တဲ့ဖက်ပါမောက္ခအဖြစ် ဇီဝဓာတုဗေဒကို ပို့ချသည်။ ပထမဆုံး စာပေလက်ရာဖြစ်သော ကောင်းကင်ပေါ်က ကျောက်စရစ်ခဲ ဟူသော အနာဂတ်စိတ်ကူးယဉ်ဝတ္ထုကို ၁၉၅၀ ပြည့်တွင် ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တစ်အုပ်ကို ဖခင်အား ပေးခဲ့ရာ လွန်ခဲ့သော ဆယ်နှစ်ခန့်က ဆေးတက္ကသိုလ်ဝင်ခွင့်မရကောင်းလောဟု စိတ်ခုနေသော ဖခင်သည် စိတ်ပြေသွားခဲ့သည်ဟု ဆိုသည်။ အာဆီမော့ဗ်သည် အသက် ၁၆ နှစ်အရွယ်ကတည်းကပင် အံ့သြဖွယ် သိပ္ပံမဂ္ဂဇင်း စာတည်းမှူး ကမ်ဘဲလ်နှင့် ခင်မင်ရင်းနှီး၍ စာပေနယ်ထဲသို့ဝင်ရန် အားပေးမှု ရရှိခဲ့သည်။

ဒေါက်တာ အာဆီမော့ဗ်သည် အမြင့်တက်ရမည်ကို အကြောက်လွန်သူ ဖြစ်သည်။ ၁၉၄၅ ခုနှစ်က တပ်ထဲတွင် အမှုထမ်းခဲ့စဉ် စစ်ခုံရုံးတင်ခံရမည်စိုး၍ လိုက်ပါ စီးနင်းခဲ့သည့် တစ်ကြိမ်မှအပ လေယာဉ်ဖြင့် ခရီးမထွက်ဖူးချေ။

စာရေးဆရာ အိုင်းဇက် အာဆီမော့ဗ်



ပြည် ပ နိုင် ငံ များ သို့ မ ရောက် ဖူး ချေ။ ပြည် တွင်း လေကြောင်းခရီးကိုပင်လျှင် မစီးခဲ့ချေ။ နယူးယောက် မြို့တော်မှ မိုင် ၄၀၀ ထက်လွန်သော မည်သည့်တက္ကသိုလ် သို့မျှ မသွားခဲ့ချေ။ ဒေါက်တာ အာဆီမော့ဗ်သည် ထို အချက်ကြောင့်ပင် ဂုဏ်ထူး ဆောင် ဘွဲ့ ချီး မြှင့် သော အခမ်းအနားအခြို့ကို မတက်ရောက်နိုင်ခဲ့ချေ။ သို့တိုင် ဂုဏ်ထူးဆောင်ဘွဲ့ ၁၄ ခုရရှိခဲ့သည်။ ထိုသို့ ခရီးထွက်ခဲခြင်း သည်ပင် စာရေးသွက်ခြင်း၏ အကြောင်းတစ်ရပ်လည်း ဖြစ်ခဲ့သည်ဟု ဆိုသည်။ ၁၉၅၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း ၃၂ အုပ် ရေးသားခဲ့သည်။ ၁၉၆၀ ပြည့်လွန် ဆယ်စုနှစ် အတွင်း အုပ်ရေ ၇၀ ရေးသားခဲ့သည်။ ၁၉၇၀ ပြည့်လွန် ဆယ်စုနှစ်အတွင်း ၁၀၉ အုပ် ရေးသားခဲ့သည်။ ယခု ဆယ်ခုနှစ်အတွင်း ၁၉၂ အုပ် ရေးသားခဲ့၍ ၁၉၈၉ ခုနှစ် ကုန်ဆုံးချိန်တွင် ၄၀၃ အုပ် ရေးသားပြီးဖြစ်သည်။ ဂင်းနိစ် ကမ္ဘာ့စံချိန် မှတ်တမ်းစာအုပ်အရ အင်္ဂလိပ်လူမျိုး လျှို့ဝှက် သည်းဖို စာရေးဆရာ ဂျွန် ကရီဆီသည် အုပ်ရေ ၅၀၀ ကျော် စံချိန်တင် ရေးသားထားသည်ဟု ဆိုသော်လည်း အာဆီမော့ဗ်ကဲ့သို့ အကြောင်းရပ် စုံလင်စွာ ပြုစုနိုင်သူက မရှိသလောက်ရှားသည်။

အာဆီမော့ဗ်သည် မဂ္ဂဇင်းဆောင်းပါးပေါင်း ၁၀၀၀ ကျော်ကိုလည်း ရေးသားခဲ့သည်။ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ နက္ခတ္တဗေဒ၊ သခ်ၤာပညာ စသည့် သိပ္ပံဘာသာ ရပ်များအပြင် ရှိတ်စပီးယား (၁၅၆၄–၁၆၁၆)၊ မီလတန် (၁၆၀၈ – ၁၆၇၄)၊ ဘိုင်ရွန် (၁၇၈၈ – ၁၈၂၄) စသည့် ကဗျာဆရာကြီးများ၏ ကဗျာအဖွင့် ဝဏ္ဏနာ ကျမ်းများထိ ရေးသားသည်။ သမ္မာကျမ်းစာအဖွင့် ဋီကာကိုလည်း ရေးဖူးသည်။ သမိုင်းကျမ်းများမှအစ စုံထောက်မှုခင်းစုံ ဇာတ် လမ်း များ အ လယ်၊ ကလေး စာပေ အဆုံး ရေးဖူးသည်။ စာမျက်နှာ ၁,၅၀၀ ရှိ၍ နှစ်အုပ်တွဲ ထုတ်ဝေ ခဲ့ရသော ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကိုလည်း ပြုစုခဲ့သည်။ နောင်တွင် ရိုဘော့ခေါ် ယန္တရားလုပ်သားများ အသုံးပြု လာ မည် ကို ၁၉၃၉ ခုနှစ်ကပင် ဟောကိန်းထုတ်ခဲ့သည်။ အနာဂတ်သမိုင်းဖြစ်ထွန်းမှု လမ်းကြောင်းကို သခ်ၤာစိစစ် ပိုင်းခြား လေ့လာနည်းဖြင့် ဟောကိန်းထုတ်သော ပညာ ရှိသည်ဟု ဆိုကာ Psychohistory ဟူသော ဝေါဟာရကို စတင် သုံးစွဲခဲ့သူလည်း ဖြစ်သည်။ ကွန်ပျူတာ တော်လှန် ရေးခေတ် ပေါ် ပေါက်လာလိမ့်မည်ဟု ၁၉၅၀ ပြည့်နှစ်ကပင် ကြိုမြင်ခဲ့သူ ဖြစ်သည်။ မူလကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်း ရောဂါကို ချေဖျက် ကုသနိုင်ရန် နှစ်တစ်ရာ ကြာကောင်းကြာဦးမည်ဟု ခန့်မှန်းထားသူ ဖြစ်သည်။

အာဆီမော့ဗ်ဝ၉၀ပြည့်လွန်နှစ်များအတွင်းရေးခဲ့သော စာအုပ်များအနက်ထင်ရှားသောစာအုပ်များမှာ အစတုန်း

က (၁၉၇၁)၊ သိပ္ပံဝတ္ထုအကြောင်း (၁၉၇၁)၊ သောကြာ ဂြိုဟ် (၁၉၇၁)၊ နေစွမ်းအင်အကြောင်း သိကောင်းစရာ (၁၉၇၁)၊ မီးတောင်အကြောင်းသိကောင်းစရာ(၁၉၇၁)၊ ပြောင်းလဲခြင်း (၁၉၇၁)၊ စကြဝဠာအကြောင်း သိကောင်းစရာ (၁၉၇၂)၊ မျိုးဗီဇအကြောင်းသိကောင်း စရာ (၁၉၇၁)၊ မိုးသောက်ချိန်က ရိုဘော့များ (၁၉၇၃)၊ ကွန် ပျူ တာ အ ကြောင်း သိ ကောင်း စ ရာ (၁၉၇၄)၊ အာဆီမော့ဗ်၏ သိပ္ပံလမ်းညွှန်သစ် (၁၉၇၄)၊ ရိုဘော့ ယန္တရားလုပ်သားအကြောင်း သိကောင်းစရာ (၁၉၇၄)၊ ဟယ်လီကြယ်တံခွန်လမ်းညွှန် (၁၉၇၅)၊ ပေါက်ကွဲနေ သော နေ များ (၁၉၇၅)၊ က မ္ဘာ့ လေ ထု အ ကြောင်း သိကောင်းစရာ(၁၉၇၅)၊ ဒီအင်အေအကြောင်းသိကောင်း စရာ (၁၉၇၅)၊ အသိဉာဏ်၏ အန္တရာယ်များ (၁၉၇၆)၊ အလင်း၏အမြန်နှုန်းအကြောင်းသိကောင်းစရာ (၁၉၇၆)၊ အိုင်းဇက်အာဆီမော့ဗ်၏အကောင်းဆုံးသိပ္ပံဝတ္ထု(၁၉၇၆)၊ အိုင်းဇက်အာဆီမော့ဗ်၏ အကောင်းဆုံး လျှို့ဝှက်သည်းဖို ဝတ္ထုများ (၁၉၇၆)၊ လူသား၏ မျက်စိတဆုံး (၁၉၇၇)၊ သွေးအကြောင်း သိကောင်းစရာ (၁၉၇၇)၊ အတိတ် ပစ္စုပ္ပန်နှင့် အနာဂတ် (၁၉၇၇)၊ စာရေးသားခြင်းကိုမွေ့ လျော်နည်း (၁၉၇၇)၊ ဦးနှောက်အကြောင်း သိကောင်း စရာ(၁၉၇၇)၊ ကြယ်တံခွန်ကြောင့် ဒိုင်နိုဆောတို့ မျိုးတုံး သလော(၁၉၇၇)၊ အစပျိုးခြင်းများ (၁၉၇၇) စသည်တို့ ဖြစ်ကြသည်။

အာနန္ဒာ၊ အရှင် (ခရစ် ၁၉၁၂–၁၉၇၉)။ ။ လတ်ဗီး ယား ဗုဒ္ဓသာသနာပိုင်လည်းဖြစ်၍ မြန်မာမှုကဗျာများကို အင်္ဂလိပ်ဘာသာသို့ အများဆုံး ပြန်ဆိုထုတ်ဖော်ခဲ့သော စာ ဆို တော် တစ် ဦး လည်း ဖြစ် သည့် အရှင်အာနန္ဒာကို ၁၉၁၂ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ယခုအခါ ဆိုဗီယက် ပြည်ထောင်စုအတွင်းရှိ အက်စတိုးနီးယားပြည်နယ် နာဗာ မြို့၌ ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ ဖရီးဒရစ်ဗီလပ်စတစ် ဖြစ်သည်။

ဖခင်သည် ရတနာကုန်သည်အလုပ်နှင့် ရွှေပန်းထိမ် လုပ်ငန်းကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူဖြစ်သည်။ သူသည် စိန့် ပီ တာ ဗ ဘတ်မြို့ရှိ ဘုရင့်နန်းတော်သို့ နန်းအသုံးအဆောင် ရတနာအဆင်တန်ဆာများ ပြုလုပ် ဆက်သွင်းရသော ကားလ်ဖေဘာဂျေ အမည်ရှိ လုပ်ငန်း ကုမ္ပဏီကြီး တစ်ခုၭ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ရုရှ တော်လှန်ရေးကြီး ၁၉၁၇ ခုနှစ်၌ ပေါ် ပေါက်ခဲ့သောအခါ သူပိုင်သမျှ ပစ္စည်းဥစ္စာအားလုံး ဆုံးရှုံးခဲ့ရသည်။

အက်စတိုးနီးယားနိုင်ငံ လွတ်လပ်ရေးရလာသောအခါ ဖခင်သည် နာဗာမြို့တွင် ရွှေပန်းထိမ်ဆရာအဖြစ် ဆက်လုပ် ခဲ့ရာ အရှင်အာနန္ဒာသည် နာဗာစီးတီး ဂျင်းမနေးဇီးယမ်း



ကဗျာစာဆို အရှင်အာနန္ဒာ

ကျောင်း၌ ပညာသင်ကြားခဲ့သည်။ သူသည် ငယ်စဉ်က ပုံဆဲ့ပညာ၊ လက်တင်ဘာသာနှင့် စန္ဒရားအတီး အလွန်တော်သည်။ အသက်ငယ်ငယ်နှင့်ပင် နာဗာမြို့ဂီတကျောင်းသို့ ဝင်ခွင့်ရရှိခဲ့ပြီး ငယ်ငယ်နှင့် လွန်စွာထူးချွန်သူအဖြစ် ထင်ရှားခဲ့သည်။ ထိုကျောင်းမှ ၁၉၂၀ ခုနှစ်တွင် ဒီပလိုမာ လက်မှတ်ရရှိခဲ့သည်။

ထိုခေတ်ကာလသည် အသံတိတ် ရုပ်ရှင်ခေတ်ဖြစ်၍ နာဗာမြို့၏ အကောင်းဆုံး ရုပ်ရှင်ရုံတွင် နောက်ခံဂီတတီးပေးရသော စန္ဒရားဆရာအဖြစ် အလုပ်ရခဲ့သည်။ ထိုရရှိသော ဝင်ငွေဖြင့် ပညာရေးခရီး ဆက်နိုင်ခဲ့သည်။ တေးဂီတတီးခတ်ရာ၌ ကြိုတင်စီစဉ်ထားခြင်းမဟုတ်ဘဲ ပိတ်ကားပေါ်တွင် ပေါ်ပေါက်လာသောလှုပ်ရှားမှုကို စောင့်ကြည့်၍ အလွှမ်းအဆွဲ၊ အပျော်အရှင်၊ အကြည်အနှူးစသည့် လိုက်ဖက်မည့်တေးဂီတကို တီးပေးရခြင်းဖြစ်သည်။

ထိုနှစ်အပိုင်းအခြားသည် အရှင်အာနန္ဒာဖြစ်လာမည့် သူအား ကဗျာဥာဏ်ထက်သန်စေသော စိတ်ကူးစိတ်သန်းအတွေးအခေါ်များစွာ တိုးပွားစေခဲ့သည့် အချိန်ကာလဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် မက်ထရစ်စာမေးပွဲအောင်မြင်ခဲ့သည်။ ထိုနှစ်မှာပင် နောင် သူ၏ဆရာသခင်ဖြစ်လာမည့် လတ်ဗီးယားသာသနာပိုင် ဆရာတော်ကြီး ကာလစ်အေအမ်တင်နီဆင် (ဗာဂျင်ဒရာမန္တရာမိုတြ)နှင့် ဆုံဆည်းခဲ့ပြီး ယိုးဒယား (ထိုင်း) နိုင်ငံမှ မင်းသား အာဒိတျဒိဗျာအက်ဗာသည် အက်စတိုးနီးယားသို့ ဧည့်သည်ဘော်အဖြစ် လာရောက် လည်ပတ်ခြင်းနှင့်ပါ ကြုံခဲ့သည်။ မင်းသားက ဆရာတော်နှင့် အရှင်အာနန္ဒာအား ထိုင်းနိုင်ငံသို့ ကြွရောက်နေထိုင် သီတင်းသုံးရန် ပင့်ဖိတ်ခဲ့သည်။

အရှင်အာနန္ဒာသည် ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် လတ်ဗီးယားပြည်နယ် ရီဂါမြို့ရှိ အင်မန်တာကျောင်းတိုက်တွင် လူဝတ်ကြောင်မှ မြင့်မြတ်သောရဟန်းဘောင်သို့ ရောက်ရှိဝင်တော်မူခဲ့သည်။ ထို့နောက်ဆရာဖြစ်သူ သာသနာပိုင် ဆရာတော်ကြီးနှင့်အတူ ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ အရှင်အာနန္ဒာသည် ပါရီတက္ကသိုလ်တွင် သက္ကတ၊ တိဗက်နှင့် တရုတ်ဘာသာတို့ကို လေ့လာဆည်းပူးခဲ့သည်။

၁၉၃၁ ခုနှစ် ဒီဇင်ဘာလတွင် အရှင်အာနန္ဒာသည် ဆရာတော်ကြီးနှင့်အတူ ပြင်သစ် ပင်လယ်ကူးသင်္ဘောတစ်စီးဖြင့်စင်ကာပူနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဇြတိသျှသင်္ဘောတစ်စီးဖြင့် ခရီးဆက်ခဲ့သည်။

သံဃာတော်နှစ်ပါးသည် ထိုင်းဘုရင့်နန်းတော်အနီးရှိ ဝပ်ဖရာချက်တူဖွန် (Wat Phra Chetuphon) ကျောင်းတိုက်အပါအဝင် မင်းကောင်နှင့် မင်းညီမင်းသားများ ကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးနေထိုင်တော်မူခဲ့ကြသည်။

၁၉၃၅ ခုနှစ်နှင့် ၁၉၃၆ ခုနှစ်များတွင် အရှင်အာနန္ဒာသည် ဆရာတော်ကြီးနှင့်အတူ တရုတ်နိုင်ငံအနှံ့ ထင်ရှားသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်၍ သာသနာပြုခရီး တွင် ပါဝင်ခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံသို့ပြန်ကြွ၍ ဒုတိယကမ္ဘာစစ်အတွင်း ယင်းနိုင်ငံ၌ပင် သီတင်းသုံး နေထိုင်တော်မူခဲ့ကြသည်။

၁၉၄၉ ခုနှစ် စက်တင်ဘာလ ဂ ရက်နေ့တွင် ဆရာတော်ကြီးနှင့်အတူ အရှင်အာနန္ဒာသည် မြန်မာနိုင်ငံသို့ ကြွရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ် နိုဝင်ဘာလတွင် နိဗ္ဗာန်ဓာတ်တော်မြတ်ကို ဦးဆောင်ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ စတုတ္ထအကြိမ် ညီလာခံသို့ အက်စတိုးနီးယားနိုင်ငံကို ကိုယ်စားပြု၍ အရှင်အာနန္ဒာတက်ရောက်ခဲ့သည်။ ဆရာတော်ကြီးကလည်း လတ်ဗီးယားနိုင်ငံကို ကိုယ်စားပြု၍တက်ရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ် ဒီဇင်ဘာလတွင် ဆရာတော်နှစ်ပါးသည် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာ အထွတ်အမြတ် နေရာတော်များသို့ ဖူးမြော်ရောက်ရှိခဲ့ပြီး အေအိုင်အာမှ အသံလွှင့် ဟောကြားခဲ့သည်။ ၁၉၆၂ ခုနှစ် မေလ ၉ ရက်နေ့တွင် သက်တော် ၇၉ နှစ် အရွယ်ရှိ ဆရာတော်ကြီး ပျံလွန်တော်မူရာ အရှင်အာနန္ဒာသည် လတ်ဗီးယားသာသနာပိုင်ဖြစ်လာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ပန်ကြားချက်အရ ၁၉၅၂ ခုနှစ်တွင် နိုင်ငံတော်က ပုံနှိပ်ထုတ်ဝေခဲ့သော "ရှေးရိုးမြန်မာ ပန်တျာ" အမည်ရှိ ဂီတကျမ်းကို စန္ဒရားဖြင့် တီးခတ်နိုင်ရန် နိုင်ငံတကာသုံး ဂီတသင်္ကေတဖြင့် ရေးသားပြုစုပေးခဲ့သည်။ ၁၉၆၀ ခုနှစ် အောက်တို

ဘာလတွင် အမေရိကန် ပြည်ထောင်စုက ဂုဏ်ပြုချီးမြှင့်သော လိုင်းလက် ကဗျာစာဆို‌တော်ဘွဲ့ကို လက်ခံရရှိခဲ့သည်။

အရှင်အာနန္ဒာသည် လုပ်သားပြည်သူနှစ်ဦ (အင်္ဂလိပ်)၊ ဂါးဒီးယန်း အင်္ဂလိပ် သတင်းစာနှင့် ဂါးဒီးယန်း မဂ္ဂဇင်းတို့တွင် အင်္ဂလိပ်ကဗျာများကို အစဉ်တစိုက်ရေးသားခဲ့သည်။ ဆရာတော်၏ ကဗျာများသည် များသောအားဖြင့် မြန်မာနိုင်ငံ၏ ရေမြေ သဘာဝ အလှနှင့် ယဉ်ကျေးမှုကို ထင်ဟပ်ဖွဲ့ဆိုသောကဗျာများဖြစ်ကြသည်။ "Fluttering Leaves" "Winking Candles and Blazing Trails" နှင့် "Fifty Selected Poems" အမည်ရှိ အင်္ဂလိပ်ကဗျာစာအုပ် သုံးအုပ်ကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကိုယ်တိုင်ရေးဖွဲ့သော မူရင်းအင်္ဂလိပ်ကဗျာများအပြင် မြန်မာကဗျာကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးဖွဲ့ခြင်းများလည်း များစွာပြုလုပ်ခဲ့သည်။ ယင်းကဗျာများအနက် "ရွှေးခေတ် မြန်မာကဗျာများ"၊ "ခေတ်တစ်လျှောက် မြန်မာကဗျာများ" စသည်တို့ကို စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေနိုင်ခဲ့သည်။ ဆရာတော် အရှင် အာနန္ဒာသည် ၁၉၇၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

အီရန်နိုင်ငံ။ ။အီရန်အစ္စလာမ္မစ် သမ္မတနိုင်ငံသည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလက နိုင်ငံရေး ပါတီများဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခြင်းဖြင့် နိုင်ငံရေးလှုပ်လပ်ခွင့်ကို အလေးထားကြောင်း ပြသခဲ့သည်ဟု အီရန်ပြည်ထဲရေးဝန်ကြီး အလီ အက္ကဘာမိုတာရှီမီက ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ တရားဝင် အသိအမှတ်ပြုရန်လျှောက်ထားသော ပါတီ ၃၆ ခုရှိသည့် အနက် မဉ့်စ်ဝါဒီပါတီ တစ်ခုလည်းပါသည်ဟု ဆိုသည်။ ၁၉၇၁ ခုနှစ်က ကွန်မြူနစ်ဝါဒီ တူဒေးပါတီနှင့် အခြားကွန်မြူနစ်ဝါဒီပါတီများကိုလည်းကောင်း၊ အီရတ်နိုင်ငံနှင့် ရှစ်နှစ်တာစစ်ပွဲ ဆင်နွှဲနေစဉ်က ပျော့ပျောင်းသော အယူအဆရှိသော အုပ်စုများ လှုပ်ရှားမှုများကိုလည်းကောင်း ပိတ်ပင်ဟန့်တားခဲ့ပြီးနောက် ထိုသို့ ပြုပြင်ပြောင်းလဲရေး အစီအစဉ် စတင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အစ္စလာမ္မစ်တော်လှန်ရေး ၁၀ နှစ်မြောက် အခမ်းအနား၌ အီရန်ခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်ပေးခဲ့သည်။ နိုင်ငံရေးအကျဉ်းသား ၇၄၀ ကို လွှတ်ပေးကြောင်းဖြင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တီဟီရန် ရေဒီယိုက ကြေညာသည်။

အယာတိုလာခိုမေနီသည် ၎င်း၏အရိုက်အရာကိုဆက်ခံမည့်သူအဖြစ်မှ အယာတိုလာ ဟိုစိန်အလီ မွန်တာဇရီ နုတ်ထွက်သွားကြောင်းဖြင့် ၁၉၇၉ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကြေညာသည်။ မွန်တာဇရီသည် နိုင်ငံရေးခေါင်းဆောင် အရည်အချင်း မပြည့်စုံဟု ခိုမေနီက ပြောကြားခဲ့ပြီးနောက် နှစ်ပတ်အကြာတွင် ထိုသို့နုတ်ထွက်သွားရခြင်း ဖြစ်သည်။

အယာတိုလာ ခိုမေနီသည် ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးသပ်ပြင်ဆင်ရန် အဖွဲ့ဝင် ၂၀ ဦးပါဝင်သော ကော်မတီတစ်ရပ်ကို ၁၉၇၉ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ခန့်အပ်တာဝန်ပေးသည်။ ဧပြီလ ၁၆ ရက်နေ့တွင် ပါလီမန်အမတ် ၁၆၀ တို့က ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် ခိုမေနီထံ စာရေးအကြံပြုခဲ့ပြီးနောက် ထိုသို့ကော်မတီဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ခိုမေနီကို ဆက်ခံမည့်သူ ထပ်မံလျှောထားရန် တာဝန်ကိုလည်း ယင်းကော်မတီက ထမ်းဆောင်သည်။

အယာတိုလာ ခိုမေနီသည် ၁၉၇၉ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ (ရူဟိုလာ ခိုမေနီ, အယာတိုလာ—ရှု။) ခိုမေနီကို ဘာဟက်ရှတေဇာဟရာ သခင်္ဂျိုင်း၌ မြုပ်နှံသင်္ဂြိုဟ်သည်။ ၁၉၇၉ ခုနှစ်က အစ္စလာမ္မစ်တော်လှန်ရေးဖြင့် သက်တမ်းနှစ်ပေါင်း ၂,၅၀၀ ရှိ ပဒေသရာဇ်အုပ်စိုးမှုကို ဖြိုချခဲ့စဉ်က လက်တွဲခဲ့သော အီရန်နိုင်ငံသားများနှင့်လည်းကောင်း၊ အီရန် – အီရတ် စစ်ပွဲကို ရှစ်နှစ်ကြာဆင်နွှဲခဲ့စဉ်က ကျဆုံးခဲ့သောစစ်သည်များနှင့်လည်းကောင်း အတူယှဉ်လျက်မြုပ်နှံသည်။

သုခမိန်များလှတ်တော်က အသက် ၄၉ နှစ်အရွယ်ရှိ သမ္မတ အလီ ခါမေနီအား ခိုမေနီ၏ အရိုက်အရာကို ဆက်ခံရန် ဇွန်လ ၄ ရက်နေ့တွင် ရွေးချယ်သည်။ ၇၄ မဲအနက် ထောက်ခံမဲ ၆၀ ဖြင့် ရွေးချယ်ခြင်း ဖြစ်သည်။ ခါမေနီ သမ္မတအဖြစ် ဆောင်ရွက်သော ဒုတိယသက်တမ်းသည် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ကုန်ဆုံး၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောက်ထပ် ရွေးချယ်ခံပိုင်ခွင့် မရှိချေ။ ခါမေနီအား အီရန်နိုင်ငံ ခေါင်းဆောင်အဖြစ် ရွေးချယ်ခြင်းကို အတည်ပြုကြောင်းဖြင့် ဇွန်လ ၈ ရက်နေ့တွင် လှတ်တော်ဥက္ကဋ္ဌ ရပ်ဖ်ဆန်ဂျာနီက ကြေညာသည်။ ခါမေနီနှင့် ရပ်ဖ်ဆန်ဂျာနီတို့သည် လက်တွေ့ပဓာနဝါဒီများဖြစ်ကြသည်ဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်သည်။ အီရန်ပြည်သူများအား လူမှုဖူလုံရေး ရုပ်ဘဝပိုင်း ဖြည့်ဆည်းမပေးနိုင်လျှင် အစ္စလာမ္မစ် တော်လှန်ရေး မတည်တံ့နိုင်ဟု ခါမေနီက ဇူလိုင်လ ၁၄ ရက်နေ့တွင် အတိအလင်း ကြေညာသည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပရာ သမ္မတလောင်း ရပ်ဖ်ဆန်ဂျာနီသည် မဲပေးသူ ၁၆ ဒသမ ၄ သန်းရှိသည့်



အီရန်နိုင်ငံ ခေါင်းဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ၏ စျာပနအခမ်းအနားတွင် သမ္မတသစ် ရပ်ဖ်ဆန်ဂျာနီ ယူကြုံး မရဖြစ်ကာ ငိုကြွေးနေပုံ

အနက် ထောက်ခံမဲ ၉၄ ဒသမ ၅ ရာခိုင်နှုန်းနီးပါးရရှိသည်။ အသက် ၅၄ နှစ်ရှိပြီဖြစ်သော ရပ်ဖ်ဆန်ဂျာနီသည် ဩဂုတ်လ ၃ ရက်နေ့တွင် အီရန်နိုင်ငံ၏ စတုတ္ထမြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဝန်ကြီးချုပ် ရာထူးကိုဖျက်သိမ်း၍ သမ္မတအား စီမံခန့်ခွဲရေးအာဏာ တိုးမြှင့်အပ်နှင်းနိုင်ရန် ၁၉၈၉ ခုနှစ် ဇူလိုင်လက ပြည်သူ ဆန္ဒခံယူပွဲဖြင့် ပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေပြင်ဆင်ချက် များကို ရေးသားရာတွင် အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သူ ဟတ်ဆန် အီဗရာဟင် ဟာဘီဘီကို ပထမ ဒုတိယ သမ္မတအဖြစ် ခန့်အပ်တာဝန်ပေးသည်။ ဟာဘီဘီသည် ပြင်သစ်နိုင်ငံ၌ ပညာ ဆည်း ပူး ခဲ့ဖူးသည်။ ကွယ်လွန်သူ အီ ရန် ခေါင်း ဆောင် အယာတိုလာ ရူဟိုလာ ခိုမေနီ ပြင်သစ်နိုင်ငံ ပါရီမြို့ ဆင်ခြေဖုံး၌ ပြည်ပြေးဘဝ၏ နောက် ဆုံးနှစ်များဖြစ်သော ၁၉၇၈ ခုနှစ်နှင့် ၁၉၇၉ ခုနှစ်အတွင်း ကျင်လည်နေစဉ် ခိုမေနီကိုဝန်းရံနေသော အလယ်အလတ် ဝါဒီ ပညာတတ်များအုပ်စု၌ ဟာဘီဘီသည် တစ်ဦးအပါ အဝင်ဖြစ်ခဲ့သည်။ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလတွင် ခိုမေနီ အာဏာရရှိလာသောအခါ ဟာဘီဘီသည် တော်လှန်ရေး ကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဖြစ်ခဲ့သည်။ ၁၉၈၄ ခုနှစ် မှစ၍ တရားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

သမ္မတ ရပ်ဖ်ဆန်ဂျာနီသည် အီရန်တပ်မတော် ဦးစီး ချုပ်ရာထူးမှ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင်

နုတ်ထွက်ခဲ့သည်။ ပါးရှင်းပင်လယ်ကွေ့စပ်ပွဲအတွင်း အီရန် တပ်၏ ထိုးစစ်များ မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ် ဇွန်လတွင် အယာတိုလာ ခိုမေနီက ရပ်ဖ်ဆန်ဂျာနီကို တပ်မတော် ဦးစီးချုပ်အဖြစ် ခန့်ထားခဲ့ခြင်း ဖြစ်သည်။ စစ်ပွဲရှစ်နှစ်အထိကြာညောင်းနေခြင်းနှင့် အရေးနိမ့်မှုများကိုဆက်တိုက်ကြုံတွေ့နေခြင်းတို့ကြောင့်စိတ်ဓာတ်ပျက်ပြားနေသည့် အီရန်စစ်တပ်ကိုပြင်ဆင်ဖွဲ့စည်းရေးအတွက်အဓိကထား၍ ရပ်ဖ်ဆန်ဂျာနီ တာဝန်ယူ ဆောင်ရွက်ခဲ့ရသည်။ မကြာမီတွင် အီရန်နိုင်ငံက ၁၉၇၇ ခုနှစ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို လက်ခံလိုက်ခြင်းဖြင့် ၁၉၇၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ အပစ်အခတ် ရပ်စဲနိုင်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉–စာ၊ ၂၀—ရှ။)

အီရန်နိုင်ငံတွင် မူဝါဒချမှတ်ရေးကို အဓိကတာဝန်ယူရသော နိုင်ငံတော်အကျိုးဆောင်ကောင်စီ၏ အကြီးအကဲအဖြစ် ရပ်ဖ်ဆန်ဂျာနီကို ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရွေးချယ်တင်မြှောက်သည်။ ဥပဒေပြုရေးလုပ်ငန်း ချမှတ်ရေးအဖွဲ့ဖြစ်သော အယာတိုလာ ခိုမေနီက ယင်းကောင်စီကို ၁၉၈၈ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၁၉၈၉ ခုနှစ် ဇူလိုင်လက ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ချက်များအရ ယင်းကောင်စီ၏ အဆင့်အတန်းသည် တရားဝင်ဖြစ်ခဲ့သည်။ အီရန်နိုင်ငံခေါင်းဆောင်အား အကြံဉာဏ်ပေးခြင်း၊ အစွမ်းလာမှစ်စနစ်ကို ထိပါးသော အဓိက ပြဿနာများကို ဖြေရှင်း ဆုံးဖြတ်ခြင်း စသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ယင်းကောင်စီအား အပ်နှင်းသည်။ ယင်းကောင်စီက ပြဋ္ဌာန်းခဲ့သော မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာတင်းကျပ်သည့်ဥပဒေများအရ ၁၉၈၉ ခုနှစ် ပထမကိုးလပိုင်းတွင် လူ ၈၀၀ ကျော်ကို မူးယစ်ဆေးဝါးပြစ်မှုဖြင့် သေဒဏ်စီရင်ခဲ့သည်။ ယင်းကောင်စီတွင် အယာတိုလာ ခိုမေနီ၏ သားဖြစ်သူ အာမက်နှင့် ဝန်ကြီးချုပ်ဟောင်း မီယာ ဟိုစိန် မူဆာဗီတို့လည်း ပါဝင်သည်။ ယင်းကောင်စီတွင် အမြဲတမ်း ကောင်စီဝင်များအနက် မူဆာဗီမှတစ်ပါး ကျန်ကောင်စီဝင် အားလုံးသည် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များဖြစ်ကြသည်။

အော်လီဗီယေ, ဆာ လောရင့်ကား (ခရစ် ၁၉၀၇–၁၉၈၉)။ ။ကမ္ဘာပေါ်တွင် ရုပ်ရှင်နှင့်ပြဇာတ်ပရိသတ်၏ နှလုံးသားကို နှစ်ပေါင်း ၆၀ ကြာမျှ ညှိုစွဲမ်းနိုင်ခဲ့သော သရုပ်ဆောင် စီစဉ်ညွှန်ကြား သူ နှင့် ထုတ်လုပ် သူ ဆာ လောရင့် ကား အော်လီဗီယေကို အင်္ဂလန်နိုင်ငံ ဆာရေးနယ် ဒေါ့ကင်းမြို့၌ ၁၉၀၇ ခုနှစ် မေလ ၂၂ ရက်နေ့တွင် မွေးဖွားခဲ့သည်။



ရုပ်ရှင်ပြောတော်
အနုပညာရှင်
လောရင့် အော်လီဗီယေ

အော်လီဗီယေ အသက် ၁၀ နှစ်အရွယ်တွင် ကျောင်းကပဲ့၏ ဂျူလီယပ်ဆီဇာ ပြဇာတ်၌ သရုပ်ဆောင်ခဲ့စဉ် ထိုခေတ်က ထင်ရှားသောရုပ်ရှင်မင်းသမီး အယ်လင်အလီစီယာ တယ်ရီ (၁၈၄၈–၁၉၂၈) က ကြည့်ရှုခဲ့ပြီးနောက် နေ့စဉ်မှတ်တမ်းထဲ၌ "ဘရူးတပ်အဖြစ် သရုပ်ဆောင်သော ကျောင်းသားလေးသည် ထူးချွန်သောသရုပ်ဆောင်တစ်ဦး ဖြစ်ပေသည်" ဟု အော်လီဗီယေကို ချီးကျူးရေးသားခဲ့သည်။

အော်လီဗီယေ၏ ဖခင်သည် အင်္ဂလိကန် သာသနာ့ဝန်ထမ်းဖြစ်၍ ပြဇာတ်စာရေးဆရာ ဂျော့ ဘားနာ့ဒ်ရှော (၁၈၅၆–၁၉၅၀) ကို နတ်မိစ္ဆာဆိုး ဝင်စားခဲ့သူဖြစ်သည်ဟု တစ်ခါက ပြောကြားခဲ့သူဖြစ်သည်။ ဖခင်က အော်လီဗီယေကို ကြိမ်းမောင်းခြိမ်းခြောက် ဆက်ဆံတတ်ပြီး မိခင်က ယုယုယယ ဆက်ဆံတတ်သည်။ မိခင်သည် အော်လီဗီယေ ၁၂ နှစ်သားအရွယ်တွင် ကွယ်လွန်သွားခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဘာမင်ဂမ်ဇာတ်ရုံကြီး၌ ဝင်ရောက်ကပြခဲ့ရာမှ ၁၉၃၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းတွင် လန်ဒန်မြို့၏ ကျက်သရေဆောင် ဝိတိုရိယခေတ်ဟောင်း ဇာတ်ရုံ၌ အရည်အသွေးပြည့်ဝသော ဂန္ဓဝင်မြောက် သရုပ်ဆောင်အဖြစ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အော်လီဗီယေသည် ရုပ်ရှင်နယ်၌ အလွယ်တကူအောင်မြင် လာခဲ့ခြင်းမဟုတ်ချေ။ ၁၉၃၀ ပြည့်နှစ်တွင် ဟောလီဝုဒ်သို့ ခြေချသည်။ ထိုနှစ်တွင်ပင် ရုပ်ရှင်မင်းသမီး ကျီလ် အက်စမွန်နှင့် အိမ်ထောင်ပြုခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ခရစ္စတီးနားဘုရင်မ အမည်ရှိဇာတ်ကား၌ မင်းသမီး ဂရီတာ ဂါဘို၏ ခဲ့စ်သူအဖြစ် သရုပ်ဆောင်ခွင့်ရသည်။ အချစ်အလွမ်းအသားပေးသော ဂန္ဓဝင်မြောက်ဇာတ်ကားများကို တင်ဆက်ရာတွင် ထင်ရှားသည့် ဆာဂျွန်ဂီးလဂုတ်က ၁၉၃၅ ခုနှစ်တွင် အော်လီဗီယေကို ရိုမီယိုအဖြစ် သရုပ်ဆောင်စေခဲ့ရာ ရိုမီယိုနှင့် ဂျူလီယက်ဇာတ်ကားကို ဝေဖန်သူတို့က အော်လီဗီယေသည် အနုပညာအစွမ်းအစ ရှိပေသည်ဟု ချီးကျူးခဲ့ကြသည်။

လေထန်ကုန်း (၁၉၃၉) နှင့် ရီဗက်ကာ (၁၉၄၀) ဇာတ်ကားတို့သည် အော်လီဗီယေအတွက် ဆက်လက်၍ အောင်မြင်မှုလမ်း ခင်းပေးခဲ့သည်။ လေထန်ကုန်း၏ ဇာတ်ဝင်ခန်းကို လာရောက်ကြည့်ရှုသော ထုတ်လုပ်သူ ဆင်မြူယယ် ဂိုးဝင်း (၁၈၈၂–၁၉၇၄) က အော်လီဗီယေသည် ရုပ်ရှင်လောကဌ ရုပ်ရည်အကျည်းတန်ဆုံးမင်းသားဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်။ မည်သို့ပင်ဖြစ်စေ အော်လီဗီယေသည် အာဃာတကြီးမားလှသော ဂျစ်ပဆီအစေခံလေး ဟိကလစ်၏ ဘဝအကွေ့အကောက်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့၍ ကျော်ကြားစပြုလာခဲ့သည်။ အဲလဖရက် ဟစ်ချကော့ (၁၉၀၀–၁၉၈၀) (စုယ်စုံနှစ်ချုပ် ၁၉၈၁–စာ၊ ၂၇၁—ရှု။) စီစဉ်ရိုက်ကူးသည့် ရီဗက်ကာ ဇာတ်ကားတွင် ပို၍ အောင်မြင်လာသည်။

အော်လီဗီယေသည် ၁၉၄၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းတွင် ဆာ ရပ်ဖ် ရစ်ချတ်ဆန် (၁၉၀၂–၁၉၈၃) နှင့် အတူ တွဲဖက်၍ ဝိတိုရိယခေတ်ဟောင်း သဘင်အဖွဲ့ကို ဦးစီးလျက် လန်ဒန်မြို့နှင့် နယူးယောက်မြို့တို့၌ ပြဇာတ်ကပြခဲ့ရာ အထူးပင်အောင်မြင်သည်။

တစ်ညတည်းတွင်ပင် စရိုက်မတူသည့် ဇာတ်ကောင်အမျိုးမျိုးကို နိုင်နင်းစွာ သရုပ်ဆောင်နိုင်စွမ်းရှိသည်။ ရှိတ်စပီးယား (၁၅၆၄–၁၆၁၆) ၏ ပြဇာတ်ဖြစ်သော ဧတုတ္ထမြောက် ဟင်နရီမင်းကြီး ပြဇာတ်တွင် စကားထစ်အသော သူရဲကောင်း ဟော့စပါးအဖြစ် သရုပ်ဆောင်ပြီး ထိုညတွင်ပင် ဒုတိယပိုင်း၌ ဇရာထောင်းနေပြီဖြစ်သော တရားသူကြီး ရွဲလိုးအဖြစ် သရုပ်ဆောင်သည်။ ရစ်ချတ် ဘရင်စလီ ရှရီဒန် (၁၇၅၁–၁၈၁၆) ၏ ဝေဖန်သူပြဇာတ်ထဲက နှစ်လိုဖွယ်ရာ စကားဆိုတတ်သော မစ္စတာပတ်ဖ် အဖြစ် သရုပ်ဆောင်ပြီး ဂရိပြဇာတ်ဆရာ ဆိုဖိုကလိစ် (ခန့်မှန်း ၄၉၅–၄၀၆ ဘီစီ) ရေးသော အီဒီပက်စ်မင်းကြီး (Oedipus the King) (၄၃၀ ဘီစီ) ဇာတ်လမ်းကို ထိုညတွင်ပင် ဆက်ကသောအခါ ကြေကွဲဖွယ် စရိုက်ကို သရုပ်ဆောင်ခဲ့ပြန်သည်။ ဆစ်ဂမန်ဖရွိုက် (၁၅၅၆–၁၆၃၆) ၏ စိတ်ခဲ့ပညာ သီအိုရီများတွင် ထိုစဉ်က ဖော်ပြနေသည့် အီဒီပက်စ်၏ စရိုက်ကို ပေါ်လွင်အောင်သရုပ်ဆောင်ရာတွင် ဖခင်ကိုယ်တိုင် မိခင်နှင့်အိမ်ထောင်ပြုမိကြောင်းကို လွှမ်းမှသိရသည့်အခန်း၌ အော်လီဗီယေ၏ ယူကြုံးမရအော်လိုက်သောအသံများသည် စာဖွဲ့မပြနိုင်လောက်အောင် အသက်ဝင်မှုကြောင့် ပြဇာတ်သမိုင်းတွင် ကမ္ဘည်းတင်ရစ်သည့် အသံများဖြစ်ခဲ့သည်။

ထို့ပြင် ပဉ္စမမြောက်ဟင်နရီမင်းကြီးပြဇာတ်ကို ၁၉၄၄

ခုနှစ်တွင် ရုပ်ရှင်အဖြစ် စီစဉ်တင်ဆက်၍ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့ရာတွင် ပရိသတ်အကြိုက်တွေ့ခဲ့သည်။ ယင်း ဇာတ်ကားသည် အော်လီဗီယေဒါရိုက်တာအဖြစ် ဗေဒဆော်ဦး ရိုက်ကူးတင်ဆက်သော လက်ရာဖြစ်သည်။ ရှိတ်စပီးယား ပြဇာတ်ကိုပင် ရုပ်ရှင်အဖြစ် ဖန်တီးသော ဟင်းမလက် (၁၉၄၈) ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ကား အော်စကာအကယ်ဒမီဆုနှင့် အကောင်းဆုံးသရုပ်ဆောင် အော်စကာ အကယ်ဒမီဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။ ရှိတ်စပီးယား၏ ပြဇာတ်ဖြစ်သော တတိယမြောက်ရစ် ချတ် မင်း ကြီး (၁၉၅၅) ဇာတ် ကား သည် လည်း အထူးပင်အောင်မြင်သည်။

အင်္ဂလန်ပေါ်ကမီး (၁၉၃၇) တွင် တဲ့ဖက်သရုပ်ဆောင်ရာမှ ချစ်ကျမ်းဝင်ခဲ့သော မင်းသမီး ဗီဗီယန်လေး (၁၉၁၃–၁၉၆၇) နှင့် အိမ်ထောင်ပြုရန် အက်စမွန်နှင့် ကွာရှင်းသည်။ ဗီဗီယန်လေးနှင့် ၁၉၄၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်ထိ ဘဝကြင်ဖော်အဖြစ် လက်တဲ့သည်။ ရိုမီယိုနှင့် ဂျူလီယက်ပြဇာတ်ကို ဇနီးမောင်နှံ သရုပ်ဆောင်၍ အမေရိကန်ပြည်ထောင်စုတစ်ခွင်၌ လှည့်လည်ဖျော်ဖြေရာ ပရိသတ်က လက်မခံချေ။ ၁၉၅၁ ခုနှစ်တွင် ဘရော့ဝေးကဇာတ်ရုံသို့ ပြန်လာကာ အန်ထော်နီနှင့် ကလီယိုပါထရာပြဇာတ်၊ ဆီဇာနှင့်ကလီယိုပါထရာပြဇာတ်တို့တွင် အတူယှဉ်တွဲ၍ သရုပ်ဆောင် ကပြခဲ့သည်။ နောက်ပိုင်းတွင် ဗီဗီယန်လေးတွင် စိတ်ရောဂါစွဲကပ်ပြီးနောက် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြသည်။ အော်လီဗီယေသည် ၁၉၆၁ ခုနှစ်တွင် ရုပ်ရှင်မင်းသမီး ဂျုံး ပလိုးရိုက်နှင့် လက်ထပ်သည်။

အော်လီဗီယေသည် ၁၉၆၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ချီချက်စတာ ပဲ့တော်သဘင်အဖွဲ့နှင့် ဂရိတ်ဗြိတိန် အမျိုးသား သဘင်အဖွဲ့တို့ကို ဦးစီးခဲ့သည်။ လီယာမင်းကြီး ပြဇာတ်နှင့် မနေ့ကမွေးဖွားသည် ပြဇာတ်တို့သည်လည်း အထူးကျော်ကြားခဲ့သည်။ အော်လီဗီယေ သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကားများတွင် လူသတ်မှု ရောင်းရန်ရှိသည် (၁၉၃၀)၊ မိတ်ဆွေများနှင့် ချစ်သူများ (၁၉၃၁)၊ အနောက်ဘက်ခရီး (၁၉၃၂)၊ အပြည့်အဝ နားလည်မှု (၁၉၃၃)၊ ဥရောပပေါ်က တိမ်တိုက်များ (၁၉၃၉)၊ တူယှဉ်တွဲလျက် ၂၁ ရက် (၁၉၄၀)၊ ကျူးကျော်သူများ (၁၉၄၂)၊ မှော်သေတ္တာ (၁၉၅၂)၊ သူဖုန်းစား၏အောင်ပရာဇာတ် (၁၉၅၉)၊ နတ်မိစ္ဆာ၏တပည့်လက်သား (၁၉၅၉)၊ စပါးတကယ်စ် (၁၉၆၀)၊ ဖျော်ဖြေသူ (၁၉၆၀)၊ အောင်သယ်လို (၁၉၆၅)၊ တံငါသည်၏ဖိနပ် (၁၉၆၈)၊ အလိုမြတ်နိုးဖွယ်ရာစစ်ပါတကား (၁၉၆၅)၊ ယမမင်း၏ကကွက် (၁၉၇၀)၊ ဒေးဗစ် ကော့ပါးဖီး (၁၉၇၀)၊ မာရသွန်မဲန်း (၁၉၇၅)၊ ဗရာဒီးမှကလေးများ (၁၉၇၈)၊ ဒရက်ကူလာ (၁၉၇၈)၊ ဂျက်ဇ်အဆိုတော် (၁၉၈၀)၊ ဝဂ္ဂနာ (၁၉၈၂)၊ ငန်းရိုင်း–၂ (၁၉၈၄) တို့လည်း ထင်ရှားသည်။ ရုပ်မြင်သံကြား ဇာတ်လမ်းများအနက် လမင်းနှင့် ခြွေးပိုက်ဆံယား (၁၉၇၂)၊ ဗင်းနစ်ကုန်သည်ကြီး (၁၉၇၃)၊ ပြန်လာခဲ့ပါရှီဘာ (၁၉၇၇)၊ စနေ တနင်္ဂနွေ တနလ်း (၁၉၇၇)၊ လီယာမင်းကြီး (၁၉၈၃)၊ ပွန်ပီယေ၏နောက်ဆုံးနွေများ (၁၉၈၆) စသည်တို့သည် အထူးအောင်မြင်သည်။

ထို့ပြင် အော်လီဗီယေသည် သရုပ်ဆောင်မင်းသား၏ ဖွင့်ဟဝန်ခံချက်များ (၁၉၈၃) နှင့် သရုပ်ဆောင်ခြင်းအကြောင်း (၁၉၈၆) စာအုပ်တို့ကိုလည်း ပြုစုထုတ်ဝေခဲ့သည်။

အော်လီဗီယေသည် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၃ ခုနှစ်အတွင်း ဗြိတိသျှလေတပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ အော်လီဗီယေကို ပဉ္စမမြောက် ဂျေဉ့်ဘုရင်က သူကောင်းပြုကာ ဆာဘွဲ့အပ်နှင်းခဲ့ပြီးအဲလစ်ဇဗက်ဘုရင်မကြီးက လေဉ်ဘွဲ့ ချီးမြှင့် ခဲ့သည်။ အော်လီဗီယေကို အော့စဖို့တက္ကသိုလ်၊ လန်ဒန်တက္ကသိုလ်၊ မန်ချက်စတာတက္ကသိုလ်တို့က ၁၉၆၈ ခုနှစ်တွင်လည်းကောင်း၊ဆပ်ဆက်စ်တက္ကသိုလ်တို့က ၁၉၇၈ ခုနှစ်တွင်လည်းကောင်း ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ ချီးမြှင့်ခဲ့သည်။

အနောက်တိုင်း ရုပ်ရှင်နှင့်ပြဇာတ်လောကတွင် အောင်မြင် ထင်ရှားပြီး ရှိတ်စပီးယားပြဇာတ်များနှင့် စပ်လျဉ်း၍

အော်လီဗီယေက ဟိကလစ်အဖြစ် လည်းကောင်း၊ မာလေအိုဗရွန်က ကက်သရင်းအဖြစ်လည်းကောင်း မြေရိုင်းလွင်ပြင်၌ ပျော်မွေ့ကြသော ချစ်သူနှစ်ဦး၏ဘဝကို လေထန်ကုန်းဇာတ်ကား၌ သရုပ်ဆောင်ခဲ့သည်။



ပါရဂူမြောက် ကျွမ်းကျင်နှံ့စပ်သူအဖြစ် သတ်မှတ်ခံရသည့် ဆာ လောရင့် အော်လီဗီယေသည် ၁၉၀၉ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။



ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်

အောင်ကြည်၊ ဒေါ် (ဝဏ္ဏကျော်ထင်) (ခရစ် ၁၀၉၆–၁၉၀၉)။ ။ မြန်မာ့ ဂီတ လောက၌ ဂီတမိခင်ကြီးဟု ထင်ရှားသော ဂီတပညာရှင် ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်ကို တံတားဦးမြို့၌ အဖ ဦးဘစိ၊ အမိ ဒေါ်သင်းတို့က ၁၀၉၆ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ ငယ်မည် မစိန်ဥ ဖြစ်သည်။ ဖခင်ဖြစ်သူဦးဘစိမှာ သီပေါမင်းလက်ထက် စင်တော်မင်းသား (ရုပ်သေးမင်းသား) ဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်သင်းမှာလည်း သီပေါမင်းလက်ထက် စင်တော်ကလေး ဆိုင်းဆရာ ဦးထွန်းအောင်၏ သမီးဖြစ်သည်။ ထို့ကြောင့် ဒေါ်အောင်ကြည်သည် သဘင်မျိုးရိုး ဆိုင်းမျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။

ဒေါ်အောင်ကြည်သည် မဟာဂီတ သင်ရိုးများကို အဘိုးဖြစ်သူ ဆိုင်းဆရာကြီး ဦးထွန်းအောင်ထံတွင် ခုနစ်နှစ်သမီး အရွယ်မှစ၍ သင်ကြားခဲ့သူ ဖြစ်သည်။ ထို့ပြင် အကပညာကိုလည်း ခုနစ်နှစ်သမီး အရွယ်ကပင် သင်ကြားခဲ့ရာ ကိုးနှစ် ဆယ်နှစ်သမီး အရွယ်တွင် အရွယ်နှင့်မလိုက်အောင် ထူးချွန်စွာ ကပြနိုင်ခဲ့သည်။ ထို့ကြောင့် အဘိုးနှင့် ဖခင်တို့က ဇာတ်ပညာများကိုပါ သင်ကြားပေးခဲ့ရာ ၁၄ နှစ်သမီး အရွယ်တွင် ဦးလေးတော်သူ လူရွှင်တော်ကြီး ဦးချစ်စရာနှင့် ရှမ်းပဲ့ ဆရာတင်တို့ တည်ထောင်သော ဇာတ်အဖွဲ့၌ စတင်ပါဝင် ကပြနိုင်ခဲ့သည်။ ငယ်မည် မစိန်ဥ အစား မအောင်ကြည် ဟူသောအမည်ကို ထိုအချိန်မှစ၍ ရှမ်းပဲ့ ဆရာတင်က ပေးခဲ့ခြင်းဖြစ်သည်။ ရှမ်းပဲ့ဆရာတင် ဇာတ်တွင် နှစ်နှစ်ကျော် ကပြခဲ့ပြီးနောက် ဦးလေးဖြစ်သူ လူရွှင်တော် ဦးချစ်စရာ၏ အငြိမ့်အဖွဲတွင် ခေါင်းဆောင် မင်းသမီးအဖြစ် ကပြခဲ့ပြန်သည်။ တစ်ဖန် ဇာတ်လောကသို့ ပြန်လည် ကူးပြောင်း ကပြခဲ့ပြန်ရာ ဦးစိန်အုပ်၊ ဦးဘကန်း၊ ဦးဘလိုင်၊ ဦးကျော်ရိန် စသည့်နာမည်ကျော် ဇာတ်မင်းသားကြီးများနှင့် တွဲဖက်ကပြခဲ့ရသည်။ တစ်ဖန် အငြိမ့်လောကသို့ ကူးပြောင်းခဲ့ပြန်ရာ စန္ဒရား မမကြီး၏ အငြိမ့်အဖွဲတွင် ခေါင်းဆောင် အငြိမ့်မင်းသမီး မအောင်ကြည်အဖြစ် နာမည်ကျော်ခဲ့ပြန်သည်။ ဒေါ်အောင်ကြည်သည် ရာမဇာတ်ပညာကို သီတာဒေဝီ မင်းသမီးကြီး ဒေါ်မြနုထံတွင် သင်ကြားပြီး စကော့စေ့း ဝန်ထောက် ဦးထွန်းဖေ၏ စကော့စေ့း ရာမဇာတ်အဖွဲ၌ သီတာဒေဝီ မင်းသမီးအဖြစ် ပါဝင်ကပြခဲ့သေးသည်။

ဒေါ်အောင်ကြည်သည် မဟာဂီတသိချင်းကြီးများကို အဘိုးနှင့်ဖခင်ထံတွင် သင်ရိုးကျွတ်သည်အထိ သင်ကြားခဲ့ရုံသာမက ရုပ်သေးမင်းသားကြီး ဦးထွန်းအိုင်၊ ရုပ်သေးမင်းသမီး ဆရာမှန်း၊ ဘာဂျာဆရာလှား၊ ဒေဝဂ္ဂန္ဓာမောင်မောင်ကြီး၊ စောင်း မောင်မောင်လတ်၊ စန္ဒရား ဆရာမောင်လေး၊ ဆရာဘကြီး၊ ဆရာဘလေး စသည့် ဂီတပညာရှင်ကြီးများထံတွင် မဟာဂီတ သီချင်းကြီး၊ သီချင်းခန့်များကို သင်ကြားတတ်မြောက်ခဲ့ပေရာ သီဆိုမှု ဂီတပညာတွင်လည်း ထူးချွန်ခဲ့သူဖြစ်သည်။

ဒေါ်အောင်ကြည်သည် ရှာစားကြီး ဦးစိန်ဗေဒါဆိုင်း အဖွဲမှ နဲ့ဆရာ မြန်မာညွန့် ဦးချစ်မောင်နှင့် အိမ်ထောင်ကျခဲ့သည်။ ဦးချစ်မောင်မှာ ပတ္တလားကိုလည်း နိုင်နင်းစွာ တီးခတ်နိုင်သူဖြစ်ရာ ဒေါ်အောင်ကြည်သည် ဦးချစ်မောင်နှင့် တွဲဖက်၍ မဟာဂီတကို သင်ရိုးမပျက် တီထွင်ဆန်းသစ် တီးမှုတ်သီဆိုခဲ့သည်။

ဒေါ်အောင်ကြည်သည် နိုင်ငံတော်အစိုးရက ဖွဲ့စည်းသော သီချင်းကြီး ပန်တျာမူမှန် ပြုစုရေးအဖွဲ့၌ အဖွဲဝင်အဖြစ် ပါဝင်ခဲ့ရသည်။ မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သော အဆိုအက အနုသုခုမပညာ လုပ်ငန်းများ၌ စွမ်းစွမ်းတမံ ပါဝင် ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံတော် အစိုးရက ဒေါ်အောင်ကြည်အား ၁၉၅၉ ခုနှစ်တွင် ဝဏ္ဏကျော်ထင် ဘွဲ့ ချီးမြှင့်အပ်နှင်းခဲ့သည်။

ဂီတလောကတွင် ထင်ပေါ် ကျော်ကြားလျက်ရှိသော အဆို အက ဂီတပညာရှင်များမှာ အများအားဖြင့် ဒေါ်အောင်ကြည်ထံတွင် အခြေခံ ဂီတ ပညာများကို ဆည်းပူးခဲ့ကြသူများသာ ဖြစ်ကြသည်။ ဒေါ်အောင်ကြည်သည် မဟာဂီတ သီချင်းကြီးများကို ဆိုနည်းဆိုဟန်များသာမက တီးရိုးတီးကွက်များကိုပါ သင်ကြားပြသပေးနိုင်သူဖြစ်သည်။ အသက် ကြီးရင့်သည့် ၉၃ နှစ် အရွယ် ရောက်သည်အထိ သီချင်းကြီး စာသားများနှင့် တီးရိုးတီးကွက်များကို မေ့လျော့ခြင်း မရှိဘဲ တပည့်များအား သင်ကြားပြသနိုင်ခဲ့သူလည်း ဖြစ်သည်။ ထို့ပြင်

ဒေါ်အောင်ကြည်သည် မဟာဂီတစာအုပ်များ၌ မပါဝင်သော ရှားပါး သီချင်းကြီးများကို သီချင်းစာသားများ ရွတ်ဆိုပြလျက် ဖော်ထုတ်ပေးခဲ့သည်။

ဒေါ်အောင်ကြည်၏ အဆိုအက ဂီတပညာကို အသံသွင်းခြင်း၊ ရုပ်မြင်သံကြားရိုက်ကူးခြင်းဖြင့် သက်ဆိုင်ရာကမှတ် တမ်း တင် ထား ခဲ့ သည် ။ ဒေါ်အောင်ကြည်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ဂီတ အကြံပေး ပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ပြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာန ဂီတစီစစ်ရေးအဖွဲဝင်အဖြစ်လည်းကောင်း၊ မြန်မာ့အသံ သီချင်းကြီး စီစစ်ရေးအဖွဲဝင် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဂီတလောကတွင် ဂီတမိခင်ကြီးဟု ထင်ရှားသော ဝဏ္ဏကျော်ထင် ဒေါ်အောင်ကြည်သည် ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

အိန္ဒိယနိုင်ငံ။ ။ အိန္ဒိယနိုင်ငံသို့ အမြောက်လက်နက် ဒေါ်လာ သန်းပေါင်း ၁,၃၀၀ ဖိုး တင်သွင်းရန် စာချုပ်တစ်ရပ်ကို ၁၉၆၆ ခုနှစ် မတ်လက ဆို့ဒင်နိုင်ငံမှ အေဘီဘိုဖာကုမ္ပဏီ ချုပ်ဆိုခဲ့သည်။ တစ်နှစ်ခန့်ကြာသော် ထိုသို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာ၌ချေးမောပြေပြစ်စေရန် အိန္ဒိယနိုင်ငံရေးသမားများနှင့် ကာကွယ်ရေးဌာန အရာရှိများအား ထိုကုမ္ပဏီက တရားမဝင် ကော်မရှင်ကြေးပေးခဲ့ရကြောင်းဖြင့် ဆို့ဒင်အစိုးရ ရေဒီယိုက ကြေညာခဲ့သည်။ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီက မည်သည့် အိန္ဒိယနိုင်ငံသားမျှ ထိုကော်မရှင်ကြေးကို မရယူခဲ့ကြောင်းဖြင့် ငြင်းဆိုခဲ့သည်။ ဆို့ဒင်နိုင်ငံ အမျိုးသား စာရင်းစစ်ဗျူရိုက ၁၉၇၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ထိုလက်နက် အရောင်းအဝယ်ကိစ္စတွင် ယင်းသို့ ငွေကြေးပေးချေမှုမျိုး အမှန်တကယ်ရှိခဲ့သည်ဟု ဖော်ပြခဲ့သည်။ ထိုအခါ အိန္ဒိယနိုင်ငံအစိုးရက လက်နက်အရောင်းအဝယ် ကိုယ်စားလှယ်တို့အား မည်သည့်ကော်မရှင်ကြေးကိုမျှ မပေးရဟု ၁၉၇၅ ခုနှစ်တွင် တားမြစ်ခဲ့၍ ထိုသို့မတားမြစ်မီတွင် စာရင်းပိတ်ရှင်းလင်းပေးချေငွေအဖြစ် ပေးချေခဲ့သည့် ငွေကြေးသာဖြစ်ကြောင်း၊ ကော်မရှင်ကြေးမဟုတ်ကြောင်းဖြင့် ဘိုဖာကုမ္ပဏီနှင့် ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီတို့က ချေပခဲ့ကြသည်။

မဒရပ်မြို့တွင်အခြေစိုက်သော ဟိန္ဒူ အမည်ရှိ သတင်းစာက ၁၉၇၉ ခုနှစ်တွင် ဆို့ဒင်စာရင်းစစ်ဗျူရိုအစီရင်ခံစာပါ အစိတ်အပိုင်းအချို့ကို ဖော်ပြခဲ့သည်။ ဘိုဖာ ကုမ္ပဏီသည် တရားမဝင် ငွေကြေးများကို ပနားမားနိုင်ငံ မှတ်ပုံတင် စဗင်စကာ ကုမ္ပဏီသို့ ပေးသွင်းကြောင်း၊ ဗြိတိန်နိုင်ငံ မှတ်ပုံတင် အေအီးဝန်ဆောင်လုပ်ငန်းက ဘိုဖာနှင့်ပဋိညာဉ်စာချုပ် ရှိသည့်အတိုင်း ထိုငွေများကို လက်ခံကြောင်း၊ တစ်ဖန် ထိုမှတစ်ဆင့် ဆို့ဒင်နိုင်ငံ မှတ်ပုံတင် မိုရက်စကို အက်စ်အေ ကုမ္ပဏီသို့ လွှဲပြောင်းကြောင်း၊ ထိုသို့နည်းဖြင့် မိုရက်စကို အက်စ်အေသည် လက်နက် အရောင်းအဝယ် ကော်မရှင်ဒေါ်လာ သန်း ၁၀၀ ခန့်ကို ဘိုဖာ၏ဆန္ဒအတိုင်း ပေးချေခဲ့ကြောင်း၊ ထိုအချက်ကို ဆို့ဒင်ပါလီမန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ခြေရာမခံမီစေရန် မိုရက်စကို အက်စ်အေ ကုမ္ပဏီကို မှိုင်နေယာကို အက်စ်အေဟု အမည်ပြောင်းခဲ့ကြောင်းဖြင့် ယင်းအစီရင်ခံစာ၌ဖော်ပြထားသည်။ ဟိန္ဒူ သတင်းစာက အိန္ဒိယအစိုးရသည် မှိုင်နေယာကိုအက်စ်အေနှင့် ပူးပေါင်း ကြံစည်ခဲ့ကြောင်းဖြင့် ထောက်ပြခဲ့သည်။ ထိုအချိန်မှစ၍ အာဏာရ ကွန်ဂရက် (အိုင်) ပါတီသည် ပြည်သူ့သဘောဆန္ဒစစ်တမ်းများတွင် ထောက်ခံမှုကျဆင်းကြောင်း ထင်ရှားလာသည်။ ၁၉၇၄ ခုနှစ်မှစ၍ အဓိကပြည်နယ်အစိုးရ ငါးခုကို လက်လွှတ်ခဲ့ရသော ကွန်ဂရက် (အိုင်) ပါတီအဖို့ ပို၍အထိနာလာခဲ့သည်။ ဗစ်ရှဝါနတ် ပရာတက် ဆင်းနှင့် ၎င်း၏ ဂျနာတာဒါးလ် ပါတီက ဦးဆောင်၍ အတိုက်အခံခြောက်ပါတီ စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသား တပ်ဦးသည် ကွန်ဂရက် (အိုင်) ပါတီကို ပခုံးချင်း ယှဉ်နိုင်လာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၉ – စာ၊ ၃၀၄—ရှု။)

၁၉၇၄ ခုနှစ်အောက်တိုဘာလ ၃၁ ရက်နေ့က မစွက်အင်ဒီရာဂန္ဒီ လုပ်ကြံခံရပြီးနောက် နှစ်လ အကြာတွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ လွှတ်တော် (လော့ဆာဘား) အတွက် ၎၁၅ နေရာအထိ အပြတ်အသတ် အောင်ပွဲခံခဲ့ခြင်းဖြင့် အာဏာရရှိလာခဲ့သူ ရာဂျစ်ဂန္ဒီသည် ငါးနှစ်တာကာလအတွင်း အောင်မြင်မှုများနှင့် အရေးနိမ့်မှုများကို အောက်ပါအတိုင်းကြုံခဲ့ရသည်။

အောင်မြင်မှုများ

စီးပွားရေးတိုးတက်မှု – အိန္ဒိယနိုင်ငံတွင် စက်မှုဖွံ့ဖြိုးရေး ကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ခဲ့သည်။ စက်မှုနည်းပညာ တိုးတက်စေသည်။ ရပ်ဝေးဆက်သွယ်မှု တိုးတက်စေ၍ ကွန်ပျူတာများကို တွင်ကျယ်ထိရောက်စွာ အသုံးပြုနိုင်စေခဲ့သည်။ ထို့ကြောင့် ငါးနှစ်တာကာလအတွင်း နှစ်စဉ်စီးပွားရေး တိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်းထိ မြင့်မားခဲ့သည်။ စက်မှုကုန်ထုတ်လုပ်ငန်းကို နှစ်စဉ် ၁၁ ရာခိုင်နှုန်းနီးပါးထိ တိုးချဲ့နိုင်ခဲ့သည်။

ကာကွယ်ရေး – အိန္ဒိယတပ်မတော်ကိုအဆင့်မြင့်နည်းပညာသုံးစွဲသော ခေတ်မီတပ်မတော်အဖြစ်သို့ တက်လှမ်းစေခဲ့သည်။

လူမျိုးရေးအဓိကရုဏ်းများ – အိန္ဒိယ နိုင်ငံကို ပြိုကွဲစေလောက်သည့် ခွဲထွက်ရေးဝါဒီ အကြမ်းဖက်မှု အချို့ကို ဖြေရှင်းနိုင်ခဲ့သည်။ ပန်ဂျပ်ပြည်နယ်၌ အကြမ်းဖက်မှုများကို မဟန့်တားနိုင်ခဲ့ငြားလည်း အာသံနှင့် မီဇိုရမ်တို့ကဲ့သို့ အရှေ့မြောက်ပိုင်းပြည်နယ်များ၌လည်းကောင်း၊ အနောက်ဘင်္ဂလားရှိ ဂေါရခါးဒေသ၌လည်းကောင်း ခွဲထွက်ရေးအတွက် လက်နက်ကိုင် အုံကြွနေမှုကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်ခဲ့သည်။

အကျပ်အတည်းဖြေရှင်းမှု – ၁၉၇၇ ခုနှစ်က မိုးခေါင်ရေရှားမှုဒဏ်ကို လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်လေးဆယ်အတွင်း အဆိုးရွားဆုံးအဖြစ် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရစဉ်တွင်လည်းကောင်း၊ ၁၉၇၇ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရစဉ်ကလည်းကောင်း ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံခြားရေးမူဝါဒ – ဝန်ကြီးချုပ်ဂန္ဒီသည် နိုင်ငံတကာ၏ လေးစားမှုကိုရရှိသော နိုင်ငံရေးသုခမိန် ဖြစ်လာခဲ့သည်။ ပါကစ္စတန်နိုင်ငံနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ တို့နှင့် ဆက်ဆံရေး သိသိသာသာ တိုးတက်ရန် ဆောင်ရွက်နိုင်ခဲ့သည်။


အရေးနိမ့်မှုများ

ဆင်းရဲမှု – အိန္ဒိယနိုင်ငံ၏ လူဦးရေသည် သန်း ဂဂဝ ရှိနေ၍ လူဦးရေများပြားမှု၏ အကျိုးဆက်အဖြစ် လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် အလွန်အမင်း ဆင်းရဲနေဆဲဖြစ်သည်။ ပို၍ပို၍ ချမ်းသာလာနေသော လူလတ်တန်းစားများကဲ့သို့ နိုင်ငံ၏ စီးပွားရေး တိုးတက်မှု၏ အကျိုးစီးပွားကို ခံစားခွင့် မရရှိကြချေ။

ခြစားမှု – ဝန်ကြီးချုပ်ဂန္ဒီသည် ခြစားမှုကို တိုက်ဖျက်မည်ဟူသော ကတိဖြင့် အာဏာရလာခဲ့သော်လည်း အစိုးရအသိုင်းအဝိုင်းသည်ပင်လျှင် ဘိုဖာ လက်နက် အရောင်းအဝယ်အရှုပ်တော်ပုံမှ ဒေါ်လာသန်း ၅၀ ကျော်ထိလာဘ် စားခဲ့သည်ဆိုသောသတင်းကြောင့်အရှက်တကွဲကြုံရသည်။

လူမျိုးရေးအဓိကရုဏ်း – ဝန်ကြီးချုပ်ဂန္ဒီ အာဏာရလာချိန်မှစ၍ ဆစ်ခ်လူမျိုးတို့၏ အကြမ်းဖက်မှုအရှိန်မြင့်လာသည်။ ဟိန္ဒူလူများစုနှင့် မူဆလင် လူနည်းစုတို့ကြားတင်းမာမှုပိုမိုဆိုးရွားလာသည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလထိ ဟိန္ဒူ–မူဆလင် အဓိကရုဏ်းကြောင့် လူ ၄၀၀ ကျော်သေဆုံးသည်။ သီရိလင်္ကာနိုင်ငံနှင့်သဘောတူညီချက်အရ တမီလ်ခွဲထွက်ရေးဝါဒီတို့၏ ပုန်ကန်မှုကို ချေမှုန်းရန် အိန္ဒိယတပ်ဖွဲဝင် အင်အား ၅၀,၀၀၀ ကို သီရိလင်္ကာနိုင်ငံသို့စေလွှတ်ခဲ့ခြင်းသည်လည်း မအောင်မြင်ခဲ့ချေ။ အိန္ဒိယနိုင်ငံသား ၁,၁၀၀ သေဆုံးပြီး တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရသည့် အခြေအနေသို့ သက်ဆင်းခဲ့ရသည်။

အထွေထွေ ရွေးကောက်ပွဲ – အိန္ဒိယ နိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ကွန်ဂရက်(အိုင်)ပါတီကကျေးရွာနှင့် မြို့ကောင်စီတို့အား အာဏာပိုမို အပ်နှင်းမည်၊ အခြေခံ




အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်သစ် ဗစ်ဈဝါနတ် ပရာတက်ဆင်း

သက်သာချောင်ချိခွင့်များ ထောက်ပံ့၍ ကျေးလက်တွင် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်း ဖွံ့ဖြိုးစေမည်၊ အချိန်ပိုင်းအလုပ် ၄၅ သန်း ထုတ်ပေါ်လာရန် စီမံမည်၊ အမျိုးသမီးများ၏ လူမှုရေးနှင့် စီးပွားရေး အဆင့်အတန်း တိုးမြှင့်ရန် အထူးစီမံကိန်းကို ချမှတ် ဆောင်ရွက်မည် ရေဒီယိုနှင့်ရုပ်မြင်သံကြားကို နိုင်ငံပိုင်အဖြစ် ဆက်လက် ထားရှိသော်လည်း လွတ်လပ်စွာ ထုတ်လွှင့်ခွင့်ပေးမည် စသည့်ကတိများကိုကြေညာသည်။ အတိုက်အခံအမျိုးသား တပ်ဦးက ခြစားနေသော အစိုးရအာဏာပိုင် ယန္တရားကို ပြင်ဆင်၍ ဒေသန္တရကောင်စီများအား အာဏာပိုမိုအပ်နှင်းမည်၊ အမျိုးသားဘတ်ဂျက်၏ ၅၀ ရာခိုင်နှုန်းကို ကျေးလက်ဖွံ့ဖြိုးမှုအတွက် လျာထား၍ ဆင်းရဲသော လယ်သမား၏ ကြွေးမြီကို တစ်ဦးလျှင် ဒေါ်လာ ၆၀၀ အထိကျဆင်းရန် လျော်ပေးမည်၊ အလုပ်လုပ်ရန် အခွင့်အရေးကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာမခံချက်ပေးမည့်အပြင် လုပ်ငန်း ကျွမ်းကျင်၍ ပညာတတ်သောလူငယ်များအား အတိုးနှုန်း သက်သာစွာ ငွေထုတ် ချေးမည်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားကို လွတ်လပ်သော ကော်ပိုရေးရှင်းများ အဖြစ် ပြောင်းလဲထူထောင်မည် စသည့်ကတိများကို ကြေညာသည်။

ရွေးကောက်ပွဲတွင် ကွန်ဂရက်(အိုင်)သည် ၁၉၂ နေရာသာရသည်။ ရာဂျစ်ဂန္ဒီသည် မဟတ္တမဂန္ဒီ (၁၈၆၉–၁၉၄၈) ၏ မြေးတော်သူ ရာဂျမိုဟန်ဂန္ဒီကို မဲပေါင်း ၁,၉၇,၀၀၀ အသာဖြင့် အနိုင်ရရှိခဲ့သော်လည်း လက်ရှိအစိုးရ အဖွဲဝင် ဝန်ကြီး ၅၉ ဦးအနက် ၂၀ သည် ရွေးကောက်ပွဲ၌ အရေး နိမ့်ရသည်။ အမျိုးသား တပ်ဦးသည် ၁၄၅ နေရာတွင် အနိုင်ရရှိသည်။ ၅၂၅ နေရာ ရှိသော လွှတ်တော်တွင် ကွန်ဂရက် (အိုင်) ပါတီသည် နေရာအများစုရရန် ၇၁ နေရာလိုနေသည်။ ရာဂျစ်ဂန္ဒီသည် ၁၉၇၉ ခုနှစ်နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သည်။ ကွန်ဂရက်(အိုင်)ပါတီသည် ရာဂျစ်ဂန္ဒီကိုပင် ပါတီခေါင်း ဆောင်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ဗဟိုပိုဆင်း၏ အမျိုးသားတပ်ဦးသည် ကွန်မြူနစ်ပါတီများကို ညှိနှိုင်း ဖွဲ့ထားသော လက်ဝဲတပ်ဦး (၄၄ နေရာ)နှင့် လက်ယာ ဝါဒီ ဘာရာတီယဂျနတာ ပါတီ (၁၀ နေရာ) တို့၏ ထောက်ခံမှုဖြင့်အစိုးရဖွဲ့နိုင်ခဲ့သည်။ ဗဟိုပိုဆင်းကဝန်ကြီးချုပ် အဖြစ်ဦးဆောင်သော အစိုးရအဖွဲသစ်သည် ထောက်ခံမဲ ၂၀၃ မဲရရှိသည်။ အိန္ဒိယနိုင်ငံ လွှတ်လပ်ရေး ရပြီးနောက် ၄၂ နှစ်တာကာလအတွင်း အတိုက်အခံက အစိုးရဖွဲ့နိုင် သောဖြစ်ရပ်သည် ၁၉၇၇ ခုနှစ်က ပထမဆုံးအကြိမ်ပေါ် ပေါက်ခဲ့ဖူးသည်။ မိုရာဂျီဒေဆိုင်းက မစ္စက် အင်ဒီရာဂန္ဒီ အစိုးရကို အပြတ်အသတ် အနိုင်ယူခဲ့စဉ်က ဖြစ်သည်။

ရာဂျစ်ဂန္ဒီ၏မိခင် မစ္စက် အင်ဒီရာဂန္ဒီသည် ၂၉ လကြာမျှ အတိုက် အခံအဖြစ် နေခဲ့ရပြီးမှ ၁၉၆၀ ပြည့်နှစ်တွင် အာဏာပြန်လည်ရရှိခဲ့သည်။



သတင်းစာဆရာကြီး မိုးကြိုး ဦးအုန်းခင်

အုန်းခင်၊ ဦး(မိုးကြိုး) (ခရစ် ၁၉၀၃ – ၁၉၆၉)။ ။ သတင်းစာဆရာကြီး ဦးအုန်းခင်ကို ၁၉၀၃ ခုနှစ် စက်တင်ဘာလ ၂၀ နေ့တွင် ပန်းတနော်မြို့နယ် မင်းတစုရွာ၌ အဖ ဦးဖိုးလှိုင်၊ အမိ ဒေါ်စံပယ် တို့မှ မွေးဖွားသည်။

မအူပင်မြို့ အစိုးရ အထက်တန်းကျောင်းမှ ၁၉၂၀ ပြည့်နှစ် သပိတ်မှောက် ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ယင်းကျောင်းမှ ဆယ်တန်းကိုအောင်မြင်ခဲ့ရာ အစိုးရ စကောလားရှစ်ဆု ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ အထက်တန်းအထိ ပညာသင်ယူခဲ့သည်။

၁၉၃၀ ပြည့်နှစ် တို့ဗမာအစည်းအရုံးတွင် သခင်ဘသောင်း၊ သခင်လှဘော် တို့နှင့်အတူ တာဝန်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ကာယဗလ ဦးရှိန်၊ ဦးဇော်ဝိတ်တို့နှင့်အတူ ကျန်းမာရေးအတွက် ခြေလျင်လျှောက်ခြင်း ပြုလုပ်ကြရန် နှိုးဆော်ရာ၌ ပါဝင်ခဲ့၍ "ခြေလျင် ဦးအုန်းခင်"ဟု အမည် တွင်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် နဂါးနီ စာအုပ်တိုက်၌ မန်နေးဂျင်း ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် 'ဗမာ့ခေတ်' သတင်းစာကို စတင် တည်ထောင်ပြီး ၁၉၆၁ ခုနှစ်အထိ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ "ဗမာ့ခေတ် ဦးအုန်းခင်" ဟုလည်း လူသိများခဲ့သည်။

၁၉၆၁ ခုနှစ်ထုတ် 'မိုးကြိုး' သတင်းစာကို စတင် တည်ထောင်ပြီး ၁၉၆၄ ခုနှစ်အထိ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။

မိုးကြိုးဦးအုန်းခင်သည် ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

အကွဲရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၀)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှု လေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ကိုလွယ်လင့်တကူ အလျင်အမြန် ရှာဖွေလိုပါကလည်း အကွဲရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏ အမည်ကို ရှာဖွေဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကနေဒါနိုင်ငံ ၁၄၄၊ ၁၆၆။
ကရောင်းအီသာ ၂၅၃။
ကလေးဖွားသေနှုန်း ၁၇၀။
ကလေးသူငယ်များအခွင့်အရေး ဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ် ၁၄၈။
ကလိုရီမက်ထရီ ၂၄၈။
ကလိုရိုဖလူအိုရိုကာဗွန် (စီအက်ဖ်စီ) ၉၁၊ ၉၇။
ကဝဒါ, ယာန္နီစ် ၁၄၀၊ ၂၀၀။
ကုမာရ၊ ဆရာတော်ဘဒ္ဒန္တ (မကွေးမြို့) ၁၄၁။
ကုမာရ၊ ဆရာတော်ဘဒ္ဒန္တ (ရေဦးမြို့) ၁၄၁။
ကုလသမဂ္ဂ ၁၄၂။
ကုလသမဂ္ဂ နိုင်ငံတကာကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၁၄၈။
ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၁၃၃၊ ၃၂၇။
ကုလသမဂ္ဂလူဦးရေစီမံကိန်းဆု ၁၇၀။
ကောသလ္လ၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု (မုဒွန်း) ၁၄၉။
ကောသလ္လ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (စမ်းချောင်း) ၁၄၉။
ကိုနိုရှိကီ ၂၀၅။
ကိုရီးယားသမ္မတနိုင်ငံ ၃၀၇။
ကိုလံဗီယာ အာကာသ လွန်းပြန်ယာဉ် ၃၂၀။
ကိုလက်စထရာမင်း ၁၅၇။
ကိုလက်စထရောအဆိုခတ် ၃၉၊ ၄၇၊ ၁၅၃–၁၅၀။
ကိုလုံးဗီးယားနိုင်ငံ ၁၄၄၊ ၁၅၁။
ကင်ဆာရောဂါ ၄၃၊ ၄၅၊ ၁၅၀–၁၆၄။
ကိုင်ဖူ, တိုရှိကီ ၁၉၀။
ကစ်ချက်, ချက်စလော ၂၅၂။
ကန်ဂျင်္ဂမို ၂၀၄။
ကမ်ပူးချားနိုင်ငံ ၁၄၅။
ကမ္ဘာ့စာအုပ်ညီလာခံ ၁၃၃။
ကမ္ဘာ့စားနပ်ရိက္ခာ ၁၃၃၊ ၁၆၄–၁၆၉၊ ၃၀၆။
ကမ္ဘာ့မိုးလေဝသ ၂၉–၃၂။
ကမ္ဘာ့လူဦးရေ ၁၆၉။
ကမ္ဘာ့အသိပညာ ပိုင်ဆိုင်မှုအဖွဲ့ (ဒဗလျူအိုင်ပီအို) ၁၇၀–၁၇၅။
ကျူးဗားနိုင်ငံ ၁၄၄၊ ၁၆၆၊ ၂၂၅၊ ၃၂၇။
ကျော်မြင့်၊ ဦး ၁၇၅။
ကျောက်မျက်ရတနာပြပွဲ ၁၇၆။
ကျိုင်းကောင် ၁၆၇။
ကြာသပတေးဂြိုဟ် ၂၃၃။
ကွန်ပက်တင် ၁၅၆။
ကွန်ပျူတာ ၁၇၀–၁၈၂၊ ၃၂၇။
ကွမ်တမ်စက်ဝိဇ္ဇာဗေဒ ၃၁၀။

ခ

ခရိုမိုဆုမ်း ၁၁၃၊ ၁၁၅၊ ၁၁၉။
ခရင်စ်, အဲဂွန် ၁၉၃။
ခရမ်းလွန်ရောင်ခြည် ၃၀။
ခါမေနီ, အလီ ၃၃၃။
ခင်ဇော်၊ ဦး ၁၈၂။
ချီလီနိုင်ငံ ၁၆၆၊ ၂၉၄။
ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ၁၈၄–၁၈၇၊ ၁၉၂၊ ၂၀၀။
ချောင်ရှက်စကူး, နီကိုလိုင် ၂၀၀။

ဂ

ဂရိနိုင်ငံ ၁၈၇။
ဂရိမီကို, အန်ဒရေ ၂၁၅။
ဂါနာနိုင်ငံ ၂၆၆။
ဂီယာဗာ, အိုင်ဗာ ၁၂၃။
ဂေါ်ဘာချော့, မီခါယီး ၁၉၅။
ဂိုးလ်စတိုင်း၊ ဒေါက်တာ ၁၅၅။
ဂန္ဓဝင် မြန်မာ့ပန်းချီ ၆၄–၆၉။
ဂန္ဒီ, ဏာဂျစ် ၃၃၈။
ဂယ်လီလီယို အာကာသယာဉ် ၃၂၆။
ဂျပန်နိုင်ငံ ၁၅၃၊ ၁၇၀၊ ၁၈၉–၁၉၂၊ ၃၀၈၊ ၃၀၉၊ ၃၂၅။

အကွဲရာစဉ်အညွှန်း

ဒ

ဒဂုန်နတ်ရှင် ၂၁၉။
ဒယူတီရီယမ်အောက်ဆိုက် ၂၄၇။
ဒလိုင်းလားမား ၂၂၀–၂၃၀။
ဒါလီ, ဆာဗေဒို ၂၂၂။
ဒီကလပ်, အက်ဖ် ဒဗလျူ ၂၀၅၊ ၂၁၃။
ဒီဂရပ်ဖ်, ယန် ၂၁၆။
ဒီအင်အေ ၁၁၇။
ဒူမောရီးယား, ဒက်ဖနီ ၂၂၃။
ဒေးဗစ်, ဘက်တီ ၂၁၇။
ဒဲမဲ့, ဟန်းစ် ၂၃၂။
ဒိုမီနီကန်နိုင်ငံ ၁၆၆။
ဒေါက်ကလပ်စ်, ရော်ဂျာ ၂၂၇။
ဒစ္စကာဗရီအာကာသလွှန်းပြန်ယာဉ် ၃၂၀။
ဒျူချုက်, အလက်ဇန္ဒား ၁၀၄၊ ၁၀၅၊ ၂၀၀။

ဝ

ဓာတုလက်နက် ၁၄၆။
ဝူဝံ (စာရေးဆရာကြီး) ၂၂၄။

န

နမိးဗီးယားဒေသ ၁၄၄၊ ၂၁၆၊ ၂၂၅–၂၂၇။
နယူးဇီလန်နိုင်ငံ ၂၂၇။
နာကာဆိုနေ ၁၀၉။
နာဂို, အင်မရေ ၂၀၀။
နိမိတ်မြင်ခြင်း ၉၀၊ ၁၀၇။
နိကရာဂွာနိုင်ငံ ၁၆၆၊ ၂၉၃။
နိပေါနိုင်ငံ ၁၄၄။
နော်ဝေးနိုင်ငံ ၁၅၃။
နို့ဗဲဆု ၂၂၀–၂၃၂၊ ၂၅၂၊ ၂၉၂၊ ၂၀၇။
နိုဂီယေးဂါး, ဗိုလ်ချုပ်ကြီးမင်းချယ် ၂၉၅။
နက်ပကျန်းဂြိုဟ် ၂၃၂။
နင်ကိုဗာ, ဒါနာ ၁၀၄။
နိုင်ဂျာနိုင်ငံ ၁၆၇။
နိုင်ဂျီးရီးယားနိုင်ငံ ၁၆၇။
နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း ဓာတ်ပုံပြိုင်ပွဲ ၂၃၉။
နိုင်ငံတကာ အသိပညာပိုင်ဆိုင်မှု ဆိုင်ရာ စုပေါင်းဗျူရို (ဘီအိုင်အာပီအို) ၁၇၁။
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၅၁–၆၂၊ ၇၀–၈၄။
နိုင်ငံရေးပါတီများ ၂၄၀–၂၄၇။
ချူကလီးယား ဖျူးရှင်းသုတေသန ၂၄၇။
နှလုံးရောဂါ ၄၇၊ ၁၅၃၊ ၁၅၇။

ဒ

ဒဂန်၊ ဆရာတော်ဘဒ္ဒန္တ ၂၀၇။
ဒီးကော့, တိုဒေါ် ၂၂၇၊ ၂၀၀။
ဒေါတိပါလ၊ ဆရာတော်ဘဒ္ဒန္တ ၂၀၉။
ဒိုလိုတက်စ်, ဒီနိုပွန် ၁၀၀။
ဒင်ဗာပွေနိုင်ငံ ၁၆၇၊ ၂၆၆။
ဒိုင်ယာနိုင်ငံ ၁၄၄၊ ၃၀၀။
ဒန်ကာနာတာ, ဟယ်ရဲဒဗလျူ ၂၁၆။
ဒမ်မီးယားနိုင်ငံ ၁၆၇။

ဥ

ဥကဏ္ဍဝဏ္ဏာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၀။

တ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၆၅၊ ၁၆၇၊ ၁၆၉၊ ၃၀၅၊ ၃၀၇၊ ၃၀၈။
တာကေရှိတာ, နိုဘိုရူ ၁၀၉။
တိရစ္ဆာန်စိတ်ပညာ ၂၉၁။
တီးတော့, ဗလာဒီမာ ၃၂၆။
တူရကီနိုင်ငံ ၁၆၅။
တေဇောဘာသာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၁။
တိုဂိုနိုင်ငံ ၁၇၀။
တောင်အာဖရိကနိုင်ငံ ၁၄၄၊ ၁၄၇၊ ၁၆၇၊ ၂၁၃၊ ၂၂၅။
တန်ဇေးနီးယားနိုင်ငံ ၁၆၈။
တျူးနစ်ဇီးယားနိုင်ငံ ၁၆၆။
တွင်းနက်သာမိုဒိုင်နမစ်ဖြစ်စဉ် ၃၁၀။

ထ

ထရိုင်တန် ၂၃၄။
ထူးကဲအာရုံသိမှု (ထကအ) ၉၇၊ ၁၀၀၊ ၁၀၃။

ဓ

ဓာတုလက်နက် ၁၄၆။
ဓူဝံ (စာရေးဆရာကြီး) ၂၂၄။

န

နမိးဗီးယားဒေသ ၁၄၄၊ ၂၁၆၊ ၂၂၅–၂၂၇။
နယူးဇီလန်နိုင်ငံ ၂၂၇။
နာကာဆိုနေ ၁၀၉။
နာဂို, အင်မရေ ၂၀၀။
နိမိတ်မြင်ခြင်း ၉၀၊ ၁၀၇။
နိကရာဂွာနိုင်ငံ ၁၆၆၊ ၂၉၃။
နိပေါနိုင်ငံ ၁၄၄။
နော်ဝေးနိုင်ငံ ၁၅၃။
နို့ဗဲဆု ၂၂၀–၂၃၂၊ ၂၅၂၊ ၂၉၂၊ ၂၀၇။
နိုဂီယေးဂါး, ဗိုလ်ချုပ်ကြီးမင်းချယ် ၂၉၅။
နက်ပကျန်းဂြိုဟ် ၂၃၂။
နင်ကိုဗာ, ဒါနာ ၁၀၄။
နိုင်ဂျာနိုင်ငံ ၁၆၇။
နိုင်ဂျီးရီးယားနိုင်ငံ ၁၆၇။
နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း ဓာတ်ပုံပြိုင်ပွဲ ၂၃၉။
နိုင်ငံတကာ အသိပညာပိုင်ဆိုင်မှု ဆိုင်ရာ စုပေါင်းဗျူရို (ဘီအိုင်အာပီအို) ၁၇၁။
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ၅၁–၆၂၊ ၇၀–၈၄။
နိုင်ငံရေးပါတီများ ၂၄၀–၂၄၇။
ချူကလီးယား ဖျူးရှင်းသုတေသန ၂၄၇။
နှလုံးရောဂါ ၄၇၊ ၁၅၃၊ ၁၅၇။

ဂ

ဂလျင် ၃၀၅။

စ

စကားရပ်များပြောင်းလဲသတ်မှတ်ခြင်း ၇၉။
စကော့, ဆာပီတာ ၂၁၆။
စတုန်း, အာဗင် ၂၁၆။
စနေဂြိုဟ် ၂၃၃။
စပိန်နိုင်ငံ ၁၆၆၊ ၁၇၀၊ ၃၀၆။
စပါယ်ရှယ်၊ ဦး ၁၉၇။
စာပေနှင့် အနုပညာလက်ရာများ ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်း ၁၇၁။
စာပေဗိမာန်ဆု ၂၇၁။
စာအုပ်ထုတ်ဝေရေး ၁၃၂–၁၃၈။
စူပါနိုဗာ ၃၂၆။
စံလာ, ဂျီဆေ ၂၃၀။
စိုး၊ သခင် ၁၉၈။
စက်မှု လုပ်ငန်းဆိုင်ရာ ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းစာချုပ် ၁၇၁။
စင်တင်မြန်မာပြဇာတ်များ ၁၉၉–၂၀၂။
စိတ်စွမ်းအင် သုတေသနအသင်း ၉၈။
စိတ်နယ်လွှန်ပညာ ၉၆–၁၁၂။
စန္ဒရံသီ၊ ဆရာတော် ဘဒ္ဒန္တ ၂၀၂။

ဆ

ဆအူးဒီအာရေဗျ ၂၉၈။
ဆာခါးရော့, အင်ဒရေ ဒမီထရီယေဗစ်ချ် ၂၁၆။
ဆိန်ဂေါနိုင်ငံ ၁၄၄–၁၆၇။
ဆိမီနွန်, ဂျော့ ၂၁၆။
ဆိရန်ကီဗစ်, ဂျိုးဇက် ၂၁၆။
ဆီးရီးယားနိုင်ငံ ၂၉၈။
ဆူမိုနပန်း ၂၀၄။
ဆေးပညာတိုးတက်မှု ၃၉–၄၉၊ ၂၆၆။
ဆောပဝစ်, ဆာသောမတ် ၂၀၅၊ ၂၁၆။
ဆိုဗီယက်ပြည်ထောင်စု ၁၆၅၊ ၁၆၆၊ ၁၇၀၊ ၃၀၅၊ ၃၀၇၊ ၃၀၈၊ ၃၂၅၊ ၃၂၇၊ ၃၂၈။
ဆိုယွင်တီအမ်–ဂ ၃၂၇။
ဆက်ချ်, ဆာသောမတ် ၂၃၁။
ဆိုက်ကိုကိုင်နက်ဆစ် စိတ်စွမ်းအင် ၉၇ ၁၀၄။
ဆင်း, ဗွီပီ ၃၄၀။
ဆန် ၁၆၆။
ဆန်းထွန်း၊ ဦး ၂၀၆။
ဆွာပိုအဖွဲ့ ၂၂၆။

ဇ

ဇဝန၊ ဆရာတော်ဘဒ္ဒန္တ ၂၀၇။
ဇီးကော့, တိုဒေါ် ၂၂၇၊ ၂၀၀။
ဇောတိပါလ၊ ဆရာတော်ဘဒ္ဒန္တ ၂၀၉။
ဇိလိုတက်စ်, ဇီနိုပွန် ၁၀၀။
ဇင်ဗာပွေနိုင်ငံ ၁၆၇၊ ၂၆၆။
ဇိုင်ယာနိုင်ငံ ၁၄၄၊ ၃၀၀။
ဇန်ကာနာတာ, ဟယ်ရဲဒဗလျူ ၂၁၆။
ဇမ်ဘီးယားနိုင်ငံ ၁၆၇။

ည

ညာဏဝရာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၂၁၀။

ထ

ထရိုင်တန် ၂၃၄။
ထူးကဲအာရုံသိမှု (ထကအ) ၉၇၊ ၁၀၀၊ ၁၀၃။

ဆ

ဆအူးဒီအာရေဗျ ၂၉၈။
ဆာခါးရော့, အင်ဒရေ ဒမီထရီယေဗစ်ချ် ၂၁၆။
ဆိန်ဂေါနိုင်ငံ ၁၄၄–၁၆၇။
ဆိမီနွန်, ဂျော့ ၂၁၆။
ဆိရန်ကီဗစ်, ဂျိုးဇက် ၂၁၆။
ဆီးရီးယားနိုင်ငံ ၂၉၈။
ဆူမိုနပန်း ၂၀၄။
ဆေးပညာတိုးတက်မှု ၃၉–၄၉၊ ၂၆၆။

ဘ

ဘဒ္ဒန္တ ၁၉၅။

ဟ

ဟောသိတာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၉၅။

ဃ

ဃလျင် ၃၀၅။

ရ

ရဂုန်နတ်ရှင် ၂၁၉။
ရယူတီရီယမ်အောက်ဆိုက် ၂၄၇။
ရလိုင်းလားမား ၂၂၀–၂၃၀။
ရါလီ, ဆာဗေဒို ၂၂၂။
ရီကလပ်, အက်ဖ် ဒဗလျူ ၂၀၅၊ ၂၁၃။
ရီဂရပ်ဖ်, ယန် ၂၁၆။
ရီအင်အေ ၁၁၇။
ရူမောရီးယား, ဒက်ဖနီ ၂၂၃။
ရေးဗစ်, ဘက်တီ ၂၁၇။
ရဲမဲ့, ဟန်းစ် ၂၃၂။
ရိုမီနီကန်နိုင်ငံ ၁၆၆။
ရော်ကလပ်စ်, ရော်ဂျာ ၂၂၇။
ရစ္စကာဗရီအာကာသလွှန်းပြန်ယာဉ် ၃၂၀။
ရျူချုက်, အလက်ဇန္ဒား ၁၀၄၊ ၁၀၅၊ ၂၀၀။

လ

လခြမ်းနီအသင်း ဓာတ်ပုံပြိုင်ပွဲ ၂၃၉။
လာဗရော့ဗ်, ဆာဂေး ၁၀၀။
လာဗွန်, ချားလ်စ် ၂၀၀။
လာဗွန်, ဂျိုးဇက် ၂၀၀။
လာဗွန်, ဟင်နရီ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သတို့ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက် ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက် ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက် ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက် ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက် ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက် ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, ဂျူနီယာ ၂၀၀။
လာဗွန်, ဟင်နရီ ဒဗလျူ, သုံးဆက်မြောက်, သတို့, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက်, သုံးဆက်မြောက် ၂၀၀။

ပ

ပညိန္ဒာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၂၄၉။
ပနားမားနိုင်ငံ ၂၉၃၊ ၂၉၅။
ပလူတိုကြိုဟ် ၂၃၃။
ပါတိစုံဒီမိုကရေစီ အထွေထွေ
ရွေးကောက်ပွဲ ကျင်းပရေး
ကော်မရှင် ၇၀၊ ၂၄၀။
ပါပန်ဒရိယို ၁၀၇။
ပါဆာဂွေးနိုင်ငံ ၃၀၆။
ပါရီကွန်ဗင်းရှင်းစာချုပ် ၁၇၁၊ ၁၇၅။
ပါလက်စတိုင်းအရေးအခင်း ၁၄၃၊
၁၄၄၊ ၂၀၆။
ပီနိုရွေး, ဗိုလ်ချုပ်ကြီးသြဂတ်စတို ၂၉၄။
ပီရူးနိုင်ငံ ၁၆၆၊ ၂၉၄၊ ၃၀၈။
ပုထိုးသားများ ၆၅။
ပဲရော့စကိုက် ၁၂၆၊ ၁၂၈၊ ၁၂၉။
ပေါလ်, ဗော့ဂန်း ၂၃၂။
ပိုလန်နိုင်ငံ ၁၉၂၊ ၂၅၀–၂၅၂၊ ၂၈၀။
ပက်စမ်းသပ်ချက် ၁၅၉။
ပက်ဒါဆင်, ချားလ်စ်ဂျွန် ၂၁၇၊ ၂၅၂။
ပက်ပင်နီကူလောင်း, ကျော့အင်န် ၁၆၁။
ပင်လယ်ပြင်ဥပဒေဆိုင်ရာ
ကုလသမဂ္ဂကွန်ဗင်းရှင်း ၁၄၈။
ပင်းရို့စ်, ဒေါက်တာဇော်ဂျာ ၃၁၁။
ပဏ်ချင်လာမာ ၂၁၇။
ပုဏ္ဏကတိုက်ခြင်း ၁၁၀။
ပုံသွင်းခြင်း ၂၉၁။
ပြင်သစ်နိုင်ငံ ၁၄၄၊ ၂၀၂၊ ၂၀၅၊ ၂၀၆။
ပြိုင်ဆက်ပရိုဆက်ဆာ ၁၈၀။
ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ
ဥပဒေနှင့် နည်းဥပဒေများ ၂၅၃–၂၅၇။
ပွန်စ်, စတင်လီ ၂၄၇။

ဖ

ဖရန်ကို, ဖရန်စစ္စကို ၂၁၉၊ ၂၃၀။
ဖရန့်ဂျီးဇက် (ဒုတိယမြောက်) ၂၁၇။
ဖလိုက်ရှမင်း, မာတင် ၂၄၇။
ဖာမီစွမ်းအင် ၁၂၃။
ဖိလစ်ပိုင်နိုင်ငံ ၁၆၇၊ ၃၀၇။
ဖေ့စတာ, ဂျီဒီ ၂၀၅။
ဖိုဘို့စ် အာကာသယာဉ် ၃၂၇။
ဖိုးကရိုင်း ၁၅၅။
ဖင်းလန်နိုင်ငံ ၁၄၄၊ ၁၅၃။
ဖျူးရှင်း သုတေသန ၂၄၇။
ဖြန့်ဝေဥပဒေသ ၉၀။

ဗ

ဗထုဇီးနိုင်ငံ ၁၄၄၊ ၁၆၆၊ ၂၉၄။
ဗရက်, ဝီလျံလောရင့် ၁၂၁။
ဗရက်, ဝီလျံဟင်နရီ ၁၂၁။
ဗာဗေဒထု, တီမိုစီ ၂၁၇။
ဗာလက်ဇာ, လက် ၂၅၁။
ဗားမာ့စ်, ဟယ်ရဲအီး ၂၃၁။
ဗီယက်နမ်နိုင်ငံ ၃၀၇။
ဗူလဂေးရီးယားနိုင်ငံ ၂၅၇၊ ၂၈၀၊
၃၂၆၊ ၃၂၈။
ဗိုလစ်ဗီးယားနိုင်ငံ ၂၉၃။
ဗိုက်ဆက်ကာ, ရစ်ချတ်ဖွန် ၁၉၄။
ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တဲ့
ပြန့်ပွားရေး ၂၅၇–၂၅၉။
ဗြိတိန်နိုင်ငံ ၁၄၄။
ဗီဒီယိုမှန်သား ၁၈၁။
ဗီုင်ယေဂျာ–၂ အာကာသ
ယာဉ် ၂၃၄–၂၃၉၊ ၃၂၈။

ဘ

ဘရိုစ်ဆက်, မာတင် ၂၁၇။
ဘရောင်း၊ ဒေါက်တာ ၁၅၅။
ဘလေ့ချ်, ကေ ၁၅၆။
ဘာကိုဗားဂတ်, ဗာဂျီလီယို ၁၅၁။
ဘာတန်, အာရ် ၁၅၆။
ဘာလင်, အာဗင် ၂၁၇၊ ၂၅၉။
ဘီးရှား, မိုက်ကယ် ဂျေ ၂၃၁။
ဘူကီနာဖာဆိုနိုင်ငံ ၁၆၇။
ဘောလ်, လူစီ ၂၁၇။
ဘိုသာ, ပီ ဒဗလျူ ၂၀၅၊ ၂၁၃။
ဘိုးသွယ်၊ ဦး ၂၆၁။
ဘက်စကက်, ဆင်မြူယယ် ၂၁၇။
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၁၆၇၊ ၃၀၇။
ဘန်းကွန်ဗင်းရှင်း ၁၃၈၊ ၁၇၁။
ဘုန်းမြင့်၊ ဗိုလ်(ရဲဘော်သုံးကျိပ်) ၂၆၁။

မ

မလာဒီနော့, ပီတာ ၂၅၇။
မလေးရှားနိုင်ငံ ၁၄၄၊ ၃၂၃။
မာကျင်, အက်ဖ် ၁၅၅။
မာဇီလူ, ဒီမီထရူ ၂၀၁။
မာဇို ဗီယက်စကီး, တာဒေ အုင် ၂၅၂၊
၂၀၀။
မာလာဝီနိုင်ငံ ၃၀၈။
မိဗာလိုနစ်အက်ဆစ် ၁၅၆။
မိယာအာကာသစခန်းယာဉ် ၃၂၆။
မူလကိုယ်ခံစွမ်းအား လျော့နည်း
ကျဆင်းရောဂါ (အော့ဒ်စ်) ၇၄၊
၂၆၆–၂၆၉၊ ၃၃၁။
မူးယစ်ဆေးဝါးအန္တရာယ် တားဆီး
ကာကွယ်ရေး ၁၄၇၊ ၁၅၁၊
၂၆၂–၂၆၆။
မေနမ်, ကာလို့စ် ၂၉၆။
မေဘော့, ဘာဒီ ၂၁၇။
မော်ရိတေးနီးယားနိုင်ငံ ၁၆၇။
မော်ရော့ကိုနိုင်ငံ ၁၆၆၊ ၂၉၀။
မိုင်မ်းဗစ်နိုင်ငံ ၁၆၀။
မိုဒရို, ဟန်စ် ၁၉၅။
မက္ကဆီကိုနိုင်ငံ ၁၆၆၊ ၂၉၃၊ ၃၀၅။
မက်ချ်ချီဘိုအော့ဖ်, အမ်အမ်အေ ၁၅၆။
မင်နာရော့, မူဆာ ၃၂၆။
မောင်မောင်၊ ဦး(လန်ဒန်အတ်) ၂၆၃။
မတ်ဆူရှီတာ, ကိုနိုဆူကေ ၂၁၇။
မန်ဒဲလား, နယ်လဆင် ၂၀၅၊ ၂၁၃။
မန်းဝင်းမောင် ၃၀၂။
မျှူယွန် ၂၄၀။
မျိုးရိုးဗီဇပညာ ၁၁၃–၁၂၀။
မြန်မာနိုင်ငံစာပေဆုများ ၂၇၁။
မြန်မာ့ပန်းချီ ၆၄–၆၉။
မြန်မာ့အမည်များ ၂၇၃–၂၇၉။
မှန်လုံအိမ်အာနိသင် ၃၄။

ယ

ယာကော်ရှ်, မိလော့စ် ၁၀၅။
ယာရူဇယ်စကီး, ဗိုဆီယက် ၂၅၁။
ယူဂိုစလားဗီးယားနိုင်ငံ ၁၄၄။
ယူဂန်းဒါးနိုင်ငံ ၂၆၆။
ယူနီဗာဆယ်ကွန်ဗင်းရှင်း ၁၃၀။
ယူရေးနပ်စ်ကြိုဟ် ၂၃၃။

ရ

ရဖဲစကီ, ဒေါက်တာရိုဟန် ၂၄၀။
ရာကောစကီး, မိချက်စလော ၂၅၂။
ရူမေးနီးယားနိုင်ငံ ၁၄၄၊ ၂၀၀။
ရူဟိုလာခိုမေနီ, အယာတိုလာ ၂၀၁။
ရော်ဘင်ဆင်, ရှူးဂါးရေး ၂၁၀။
ရိုမန်, ပီတာ ၂၀၁။
ရန်နိုင်၊ ဗိုလ်(ရဲဘော်သုံးကျိပ်) ၂၀၂။
ရပ်စ်ခ်, ဟောင်းဝါ့ဒ် ၂၁၀။
ရပ်ဖ်ဆန်ဂျာနီ ၃၃၄။
ရပ်ရှဒီ, ဆော်လမွန် ၂၀၂။
ရုပ်ရှင်ထူးချွန်ဆု ၂၀၄။
ရဖဲစကီ, ဒေါက်တာရိုဟန် ၂၄၀။
ရာကောစကီး, မိချက်စလော ၂၅၂။
ရူမေးနီးယားနိုင်ငံ ၁၄၄၊ ၂၀၀။
ရူဟိုလာခိုမေနီ, အယာတိုလာ ၂၀၁။
ရော်ဘင်ဆင်, ရှူးဂါးရေး ၂၁၀။
ရိုမန်, ပီတာ ၂၀၁။
ရန်နိုင်၊ ဗိုလ်(ရဲဘော်သုံးကျိပ်) ၂၀၂။
ရပ်စ်ခ်, ဟောင်းဝါ့ဒ် ၂၁၀။
ရပ်ဖ်ဆန်ဂျာနီ ၃၃၄။
ရပ်ရှဒီ, ဆော်လမွန် ၂၀၂။
ရုပ်ရှင်ထူးချွန်ဆု ၂၀၄။

အကွက်စဉ်အညွှန်း

ရမ်ဇီး, နော်မန် ၂၃၂။
ရှဘိုးစကီး ၁၉၄။
ရှမိုက်ဒလာ, ဂါးထရှ ၉၆၊ ၉၈။
ရှောကလီ, ဝီလျံဗရက်ပို့ ၂၁၈၊ ၂၈၆။
ရှက်ပ်ဗဗရွယ် ၁၅၅။

လ

လစာနှုန်းသစ် ၂၈၈။
လူဝင်စားခြင်း ၁၀၉။
လူသဘာဝ သုတေသန
ဖောင်ပေးရှင်း ၁၀၀။
လေကြောင်းအကြမ်းဖက်မှု ၁၄၆။
လေဆာ ၄၅၊ ၄၇။
လောအို, ဖွန် ၁၂၁။
လိုဗာစတက်တင် ၁၅၆၊ ၁၅၈။
လိုရင့်, ကွန်းရက် ၂၁၈၊ ၂၉၁။
လက်တင်အမေရိက ၁၄၅၊ ၂၉၂–၂၉၆။
လက်နက်ဖျက်သိမ်းရေးညီလာခံ ၁၄၆။
လက်ဗနှုန်နိုင်ငံ ၁၄၅၊ ၂၉၆–၂၉၉။
လစ်ဗျနိုင်ငံ ၁၄၄။
လိုင်နင်, အက်ဖ် ၁၅၆။
လန်ဂီ, ဒေးဗစ် ၂၂၇။
လွန်ကဲလျှပ်ကူးသတ္တိ ၁၂၁–၁၃၁။
လျှပ်ကူးခွေ ၁၂၃။

ဝ

ဝတင်၊ သခင် ၂၉၉။
ဝါရင်, ဇောဗတ်ပင် ၂၁၈။
ဝိညာဉ်ဆက်ခြင်း ၁၀၇။
ဝိလာသာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ ၄၅၁။
ဝီလန်း၊ ပါမောက္ခ ၁၅၅။
ဝင်းမောင်၊ ဦး (အငြိမ်းစား
သမ္မတကြီး) ၄၅၂။
ဝဏ္ဏသီရိ၊ ဆရာတော် ဘဒ္ဒန္တ ၄၀၄။

သ

သဘာဝဘေးဒဏ် ၁၆၇၊ ၄၀၅။
သရုပ်လွှန်ဝါဒ (ဆာရီယယ်
လစ်ဇင်း) ၂၂၂။
သေမင်းလမ်းကြား ၁၉၄၊ ၁၉၅။
သံကန့်လန့်ကာ ၁၉၅။
သခ်ၤာသစ် ၈၅–၉၅။
သန္ဓေသား၏ဆဲလ်ကို အစားထိုး
ကုသခြင်း ၄၂၊ ၄၃။
သေးလွှတ်ကြောနံရံထူထဲခြင်း ၁၅၅။

ဟ

ဟဆုဝို, အဲလီယက်စ် ၂၉၉။
ဟာဗဲ, ဗက်ကလပ် ၁၈၄၊ ၁၈၅။
ဟာဘီဘီ, ဟတ်ဆန် အီဗဆုဟင် ၄၄၄။
ဟာမာနီ, ဒိုင်အိုဂို ၂၁၈။
ဟားဗဲလမို ၂၄၀။
ဟီရိုဟီတို၊ ကေဆုင် ၁၉၂၊ ၂၁၈၊ ၄၀၉။
ဟေတီနိုင်ငံ ၁၆၆။
ဟောကင်း, ဒေါက်တာစတီဖင် ၄၁၀။
ဟော့ဖ်မန်း, ဒတ်စတင် ၂၀၄။
ဟို့စ်, ဆလင် ၂၉၉။
ဟတ်စ်ဆယ်လ် ၁၅၆။
ဟန်ဂေရီနိုင်ငံ ၂၀၀၊ ၄၁၆။
ဟုမ်း, သောမတ် ၂၁၈။
ဟွတ်ခ်, ဆစ်ဒနီ ၂၁၈၊ ၄၁၉။
ဟွန်ဒူးရပ်နိုင်ငံ ၁၆၆။
ဟွန်နက်ကာ, အဲရစ် ၁၉၂၊ ၂၅၇၊ ၂၀၀။

အ

အကြောက်လွန်ခြင်း ၄၂၁–၄၂၃၊ ၄၄၀။
အင်္ဂန္တလိုဏ်ဂူ ၆၅။
အထွေထွေရွေးကောက်ပွဲ ကျင်းပရေး
ကော်မရှင် ၅၃၊ ၅၄။
အဒမ်မက် ၁၀၅။
အနာလစ်တစ်ဂျီသြမေတြီ ၉၄။
အပြည်ပြည်ဆိုင်ရာလေကြောင်း
ပံ့သန်းမှုအဖွဲ့ (အိုင်စီအေအို) ၁၄၆။
အမေရိကန်ပြည်ထောင်စု ၁၄၃၊ ၁၄၄၊
၁၅၃၊ ၁၆၆၊ ၁၉၁၊ ၂၀၅၊
၂၆၀၊ ၂၀၂၊ ၂၀၄၊ ၂၉၃၊ ၄၀၅၊ ၄၂၀။
အမျိုးသားစာပေဆု ၂၇၁။
အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၄၂၃။
အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသ
ဆိုင်ရာ မဿန်မစွမ်းသူမျာ
အားကစားပြိုင်ပွဲ ၄၂၅။
အလုပ်ခွဲဝေခြင်းပြဿနာ ၉၂။
အသိပညာပစ္စည်း ၁၇၁။
အသည်းအစားထိုးကုသခြင်း ၄၉။
အသည်းကြုပ်ရောဂါ ၁၅၉။
အဟိဂျို, အာမာဒို ၂၁၈။
အာကာသသုတေသန ၂၃၂၊ ၄၂၆–၄၂၉။
အာဂျင်တီးနားနိုင်ငံ ၁၆၅၊ ၁၆၆၊
၂၉၄၊ ၄၀၆။
အာစိယံ၊ ဆရာတော်ဘဒ္ဒန္တ ၄၂၉။
အာဆီမော့ဗ်, အိုင်းဇက် ၄၃၀။
အာနန္ဒာ၊ အရှင် ၄၃၁။
အာဖဂန်စတန်နိုင်ငံ ၁၄၅၊ ၁၄၇။
အာဖရိက ၁၆၆၊ ၂၆၆။
အာရပ်အဖွဲ့ချုပ် ၂၉၈။
အာရှစာအုပ်ထုတ်ဝေရေး ၁၃၂–၁၃၈။
အာလ်ဖာဖိတိုပရှိတင်း ၁၆၃။
အာလ်ဝင်း, ပက်ထရီရှို ၂၉၄။
အိဂျစ်နိုင်ငံ ၁၆၆။
အိတလီနိုင်ငံ ၁၆၆၊ ၄၀၇။
အိရန်နိုင်ငံ ၁၄၄၊ ၂၈၁၊
၂၉၈၊ ၄၂၃၊ ၄၂၄။
အိလိယက်စကူး, အိယွန် ၂၈၁။
အီသီအိုးပီးယားနိုင်ငံ ၁၄၄၊ ၁၆၇။
ဥပဒေ ၇၀–၈၄၊ ၂၅၃။
ဥရုဂွေးနိုင်ငံ ၄၀၆။
အူနို, ဆိုဆူကေ ၁၉၀။
အူးရဘာနက် ၁၈၅။
အေယွန်၊ ဗိုလ်ချုပ်ကြီး ၂၉၈။
ဩစတြီးယား ၂၈၀။
ဩစတြေးလျ ၁၆၆။
အော့တမန်, ဆစ်ဒနီ ၂၄၁။
အော်လိဗီယေ, ဆာလောရင့်ကား ၄၄၄။
အိုဇုန်းလွှာ ၂၉–၄၇။
အက်ဖလက်, မီရှယ် ၂၈၁။
အင်္ဂါကြိုဟ် ၄၂၇။
အင်ဇိုင်း ၁၅၅။
အင်ဒရီမာနီ, အာမက် အဗ္ဒုလ္လာ ၂၁၉။
အင်ဒရူးစ်, ဆာခရစ္စတိုဖာ ၂၈၁။
အင်ဒါရာ ၂၉၅။
အင်ဒိုနီးရှားနိုင်ငံ ၁၇၀၊ ၄၀၈။
အောင်ကြည်၊ ဒေါ်
(ဝဏ္ဏကျော်ထင်) ၄၄၇။
အိုင်ဗရီကိုစ်နိုင်ငံ ၁၄၄။
အိုင်ဘာရုန်, ဒိုလရစ် ၂၈၉။
အစွဓရေး ၁၄၄၊ ၂၈၆၊ ၂၉၇။
အတ္တလန်တစ်အာကာသ
လွှန်းပြန်ယာဉ် ၄၂၈။
အတ္တလန်တိတ်–ဂျ စီမံကိန်း ၄၂၇။
အန်ဂိုလာနိုင်ငံ ၁၄၄၊ ၂၂၅။
အိန္ဒိယနိုင်ငံ ၁၆၅၊ ၁၆၉၊ ၄၄၈။
အုန်းခင်၊ ဦး (မိုးကြိုး) ၄၄၀။
အယ်ဂျီးရီးယားနိုင်ငံ ၁၄၄၊ ၁၆၆၊ ၂၉၈။
အယ်ဆာဗေဒို ၁၆၆။
အယ်ဖွန်ဆင်, ပေါလ် ၂၉၅။